# ဆိုးကစ်ကြမ်း စခန်းဒေဝ တစ်ဘက်ကာ

## (သဝဏ္ဏာရှည်ပေါ်လာ)

## မဟာဗောဓိမြိုင်ဆရာတော်

ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ

သာသနာနှစ်ပေါင်း ၂၅၃၆ ကောဇာသက္ကရာဇ်နှစ် ၁၃၅၄





မဟာစမ္ပယါလ







**တောဝိရိပ်မှာ ဘိသိက်ခံမည့်**
**ဘုရားသားတော်၊ သမီးတော်များအတွက်**

သို့

........................

........................

........................

မှ

........................

........................

........................

မဟာဓမ္မပါလ

# ‌ေသတမ်းစာ

ငါမသေမီ သေမည်သာပ၊ ဖွေသီတရား ငါ့ရှိအားကို
စကားနှုတ်ထွက် လက်ဖြင့်လည်းရေး ခွဲဝေပေးခဲ့။
ပေးသည့်အားလုံး ယူမသုံးလည်း
တစ်လုံးတစ်စု တစ်ဝတ္ထုမျှ ကြောင်းခြင်းတကို
လောက,ဓမ္မ နှစ်ဌာနဖြင့် မျှတဖွေရှာ သင်လေ့လာသော်
ငါသွားရာလမ်း သင်မြင်စွမ်းလိမ့်
သင်မှန်းရာလည်း တန်းမတ်မဒို့ သင်ပင်ပို့လိမ့်
နှစ်ဘို့နှစ်ခင်း ရောင်ပြန်ဆင်း မလင်းဘယ်သို့ ရှိမည်နည်း။

ဝနဝါသီဥေယျာဓမ္မသာမိထေရ်

မဟာဓမ္မပါလ



၂၉၄.၃

မဟာဗောဓိမြိုင်ဆရာတော်

ဘဝကန္တာရသင်္ကေတကထာ/မဟာဗောဓိမြိုင်ဆရာတော်။ ရန်ကုန်။

ဒေယျချမ်းစာပေ၊ (ပ) အကြိမ်၊ ၂၀၁၂။

၄၁၃ - စာ၊ ၁၉ × ၂၆.၆၇ စင်တီ။

(၁) ဘဝကန္တာရသင်္ကေတကထာ

စာမူခွင့်ပြုချက်အမှတ်

၆၀၀၅၉၆၀၇၁၂

ပုံနှိပ်ခြင်း

ပထမအကြိမ် ၂၀၁၂ ခုနှစ်၊
စက်တင်ဘာလ

အုပ်ရေ

၃၀၀၀

မျက်နှာဖုံး

ဦးအောင်မြင့်

ကာလာခွဲ

အီးဂဲ

တန်ဖိုး

၁၀၀၀၀ ကျပ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးထွန်းအောင်
ထွန်းမိသားစု ပုံနှိပ်တိုက်
အမှတ်(ဂ၉)၊ ၃၂ လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးစိုးတင့်၊ ရွှေပြည်သာစာပေ၊
၆/၁၀ - ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်။

အမှတ် ၂၉၄၊၂
ရက်စွဲ ၂၀.၈.၁၅

ဖြန့်ချိရေး

ဒေယျချမ်းစာပေ - ၁

တိုက်(၂)၊အခန်း(၃)၊
မဟာဝိဇယစေတီတော်၊ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၃၀၂၅၂၅၃၊
၀၉-၄၄၈၀၁၉၇၃၉

ဒေယျချမ်းစာပေ - ၂

အမှတ်(၄၅)၊ဈေးတော်ရုံ၊
ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊
ဖုန်း- ၀၁-၃၇၃၅၁၁ လိုင်းခွဲ(၂၀၆)

ဒေယျချမ်းစာပေ - ၃

သာစည်ပွဲရုံ၊ကားကြီးဝင်းထိပ်၊မန္တလေးမြို့။
ဖုန်း- ၀၂-၈၀၆၀၁၊ ၀၉ ၂၀၀၇၅၇၅

မဟာဓမ္မပါလ

ကျိုက်လတ်မြို့နယ်၊ အရှေ့ဆင်ကူးကြီးချောင်းရွာအနီး ၁၃၄၀ပြည့်နှစ်၊ တန်ခူးလပြည့်ကျော်(၈)ရက်တွင်

မဟာဗောဓိမြိုင်ဆရာတော် အသစ်ပြုပြင်တည်ထားခဲ့သော

ပြည်လုံးချမ်းသာ ဖောင်တော်ဦးဘုရား



မဟာဇမ္ဗူပါလ



သာစည်မြို့နယ်၊ ရွှေကျောင်းကုန်းတောင်
၁၃၄၁-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင်
မဟာဗောဓိမြိုင်ဆရာတော် အသစ်ပြုပြင်တည်ထားခဲ့သော
လောကမုနိဘုရား

မဟာဓမ္မပါလ

# ကန့်ဘလူမြို့နယ်၊ နတ်တလူသာသနာပြုစခန်း
# ၁၃၆၀-ပြည့်နှစ်၊ တပေါင်းလပြည့်နေ့တွင်
# မဟာဗောဓိမြိုင်ဆရာတော် တည်ထားတော်မူခဲ့သော
# မင်းဘီသိက်ခံဘုရား



# အနန္တကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ



ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရား



ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား



ကျေးဇူးရှင် အဘိဝိမလဆရာတော်ဘုရား



ကျေးဇူးရှင် ရွှေတောင်ကုန်းဆရာတော်ဘုရား



ကျေးဇူးရှင် ဆရာတော်ကြီး ဦးဝါသဝ

မဟာဗုဒ္ဓပါလ



ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

မဟာဓမ္မပါလ

နမောတဿ ဗုဒ္ဓ ဝီရဿ၊

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

(ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ)

# ခရီးလမ်းကြမ်း စခန်းမွေ့ရာ တစ်သက်တာ

(ဘဝကန္တာရညွှန်ကြော်တတကာ)

ဒေယျမိစာပေ မှ စီစဉ်ထုတ်ဝေသည်၊

မဟာစမ္မပါလ

# မာတိကာ

**မဏောမ ဝန္နာ**

## နိဒါန်း


၁။ ဒဏ်သင့်သူတို့ အပြေးလွှားခိုင်းရာ လမ်းခရီး ၅
၂။ ဒဏ်သင့်ခံမှ မလွတ်သေးသော ငါ ၆
၃။ ကိုယ့်အကြောင်းကိုယ်ထည့် မည်သူ့မျက်နှာမှ ကြည့်ဖို့မလို ၇


## ပထမပိုင်း


၄။ ဘဝကန္တာရ သင်္ကေတကထာ ၉
၅။ အရိုးအိုးထမ်း၍ တန်းဝင်လာခြင်း ၉
၆။ လက်ရှိဘဝတွင်း ဝင်မိလာသောငါ ၁၀
၇။ နှစ်နှစ်သားဘဝမှ ခုနှစ်နှစ်သား ငါ့ဘဝ ၁၁
၈။ ဘဝနှင့်တဏှာစိတ် ၁၃
၉။ ဣန္ဒြိယသံဝရသီလနှင့်ပြည့်စုံသော ငါတို့ဆရာ ၁၅
၁၀။ တစ်နှစ်ဖြင့် ရှေ့တစ်လှမ်း တိုးခဲ့ရသော ငါ ၁၅
၁၁။ ဆရာ့လက်စွဲ ဖြစ်ခဲ့ရသော ငါ ၁၆
၁၂။ ဆရာချစ်သော ငါ ၁၇
၁၃။ ဆရာနှင့်ဝေးခဲ့ရသော ငါ ၁၉
၁၄။ အပျော်နှင့်တွဲနေသော ငါ့ဘဝ ၂၀
၁၅။ အပျော်သည် တဏှာ၏လက်စလက်န ၂၃
၁၆။ အစွဲကြီးလျက် သူရဲဘောနည်းသော ငါ ၂၄
၁၇။ ဒုတိယဆရာ့လက် တက်ခွင့်ရခြင်း ၂၆
၁၈။ တစ်နယ်လုံး ဝေဘူသံ လျှံတက်လာခြင်း ၂၈
၁၉။ တဏှာနုသယ၏ ဓမ္မာနုသယမျှသာ ၂၈
၂၀။ မအေ့ပါရမီ တစ်ချို့ဖြည့်ခဲ့ရဖူးခြင်း ၂၉
၂၁။ တစ်သက်တစ်ကိုယ်၏ အပျော်ဆုံးနေ့ ၃၁
၂၂။ ဝနတောသို့မသက် ကာမတောကို ထွက်ရခြင်း ၃၄

မဟာဓမ္မပါလ

## မာတိကာ - ၂


၂၃။ ဆရာတို့ အရိုပ်ကြည့်ခံရသော ငါ ၃၇

၂၄။ ဆရာတို့အကြား လမ်းထားလုကြခြင်း ၄၁

၂၅။ အကောင်ကြီး စည်းကျော် ၄၄

၂၆။ ဆရာဝေးတော့ သံချေးတက် ၄၉

၂၇။ မာနာနုသယ ခက်ပွားဆင့်လာခြင်း ၅၀

၂၈။ ဝိသဘာဂကြားမုစာ အနာမလွတ်တတ် ၅၄

၂၉။ တစ်ရွာမပြောင်း သူကောင်းမဖြစ် ၅၅

၃၀။ အပျော်လွန်သဖြင့် နယ်ကျွံသွားသော ငါ ၅၈

၃၁။ ရမ္မက်နှင့်အရက် တွဲဘက်မိသော ငါ ၆၀

၃၂။ လျှောက်နေကျလမ်းစ ဖဝါးအောက်က အပျောက်မခံလို ၆၂

၃၃။ အချစ်ရေးနှင့်အိမ်ထောင်ရေး အခြေဝေးသော ဂြိုဟ်သား ၆၃

၃၄။ ညဝါကိုင် ပိုင်နိုင်လှသော ဆရာတော် ၆၆

၃၅။ ဝေဘူအားကျ ဝေဘူနှင့် ပက်ပင်းတွေ့ တွေ့ရလေသောအခါ ၇၀

၃၆။ နှစ်ရွာတစ်ကျောင်း မထိုင်ကောင်း ၇၆

၃၇။ တာဝန်ခံသူမရှိ တာဝန်ကား မခံ ၇၅

၃၈။ ရှိသမျှမာန် ဆုတ်ခံ ခံ၍ ထွက်ဟန်ပြင်ဆင်လိုက်ခြင်း ၇၇

၃၉။ မိလ္လာကြုံးလျက် ဘဝကို ရှန်းနိုင်မလား ၇၉

၄၀။ လူတို့၏ သဒ္ဓါနှင့် ငါ့ဖြစ်ရပ်များ ၉၂

၄၁။ နှောင်းအတိတ်ကို အရိပ်ဖမ်း၍ ပုံဖော်ကြည့်လိုက်သောအခါ ၉၄


### ဒုတိယပိုင်း


၄၂။ ဘဝသစ်ကို မွေးဖွားသန့်စင်ခြင်း ၉၇

၄၃။ အထက်မွေး အောက်ကြီးဖြင့် ခရီးပြင်း နှင်ခဲ့ရသော ငါ ၁၀၆

၄၄။ လက်ကြောမတင်းသောအလုပ် ငါနှင့်တော်၏ ၁၀၇

၄၅။ မြို့သား၏မြို့ကား တောလမ်းကြား၏ တောဖွက်မတက်နိုင် ၁၁၁

၄၆။ စိတ္တငနော ရွာမှာပြန်ကု ၁၁၆

၄၇။ ကျွန်တော်နိုင်ငံရေးသမား ပဲလှော်ကြား ဆားဝင်မည် ၁၂၁

၄၈။ နူရာဝဲစွဲ လဲရာသူခိုးထောင်းခံရပြန်ပြီ ၁၂၆

၄၉။ တစ်ခွန်းပြောဖူး ကိုယ့်ကျေးဇူး ၁၂၈

၅၀။ မလင်းခင် ရှင်းသလောက်ပင် ရှုပ်မည် ၁၃၂

၅၁။ မကောင်းတိုက်သည် ကောင်းစရိုက်ဖော်ပေးခြင်းတစ်မျိုးသာ ၁၃၄

၅၂။ ထူးပေ ဆန်းပေသည် အရှုးတွေဖမ်းနေပြီ ၁၃၅

မဟာစမ္ပပါလ

## မာတိကာ - ၃


၅၃။ အမှုကြားမှ တရားနိုင်လေသူများ ၁၄၀
၅၄။ အရှုံးတကာ့ အရှုံးထဲ ဘုရားရှုံး အကောင်းဆုံးပဲ ၁၄၁
၅၅။ ဝေဘူကပေးသော စိတ်တန်ခိုး စိတ်သတ္တိ (သို့) ဝီရိယမှ ဝီရိယိဒ္ဓိ ၁၄၉
၅၆။ တစ်သက်ပန်ကိစ္စ ပေးလာသောသီလ ရုတ်တရက်လက်ခံ မှန်ပါ့မလား ၁၅၁
၅၇။ ဘုရားရှေ့တစ်ခါယူ နွားရှေ့လည်း တစ်ခါယူဦးမှ ၁၅၆
၅၈။ တောတောင်သည် သီလသွေး မွေးရာဌာန ၁၅၈
၅၉။ ထဘီတွေ ထွက်ကြ ထွက်ကြ ငါ့အမိန့်တော် ၁၆၃
၆၀။ ဖိနပ်ကပေးသော သောကကင်းဝေးနေနိုင်ရေးတရား ၁၆၅
၆၁။ ဆရာလေး ကယ်ပါ ကယ်ပါ ၁၇၄
၆၂။ ရာဇဝင်လက်ငုတ် ထုတ်ဖော်လာခြင်း ၁၇၈
၆၃။ ဗေဒင်နှင့်အိပ်မက် ရှေ့နောက်ပင် ချိတ်ဆက်လျက် ၁၇၉
၆၄။ နောက်ဆုံးဘိတ် အိတ်နှင့်လွယ် ၁၈၀
၆၅။ လော်ကယ်ရထားကြီးနှင့်ရသေ့နှစ်ပါး ကိုရင်ကြီးတစ်ပါး ၁၈၄
၆၆။ မင်္ဂလာပ်ထိုးရင်း အင်းကစား ၁၈၆
၆၇။ သွား, ရသေ့လေးပြုစု အထက်အမိန့် ၁၈၇
၆၈။ သည်တောင်ပေါ် မနေနှင့် သေလိမ့်မည် ၁၉၂
၆၉။ အမေနှင့်သား အားထားအားကိုး ၁၉၅
၇၀။ ဆုထူးပန်သား အမေ အားထားသည် ၁၉၈
၇၁။ ကေလာသတောင် နေရာရအောင် ဒူးမရမ်းနှင့်မောင် ထူးဆန်းသည့်တောင် ၁၉၉
၇၂။ ဒေါင်းချင်လျှင် ဖဲကို သည်အတိုင်းချိုး ၂၀၀
၇၃။ ရွှေချည်ငွေချည် မုန့်ဖက်ထုပ် တောမှရသေ့ မြို့ကိုသုတ် ၂၀၁
၇၄။ မတတ်သာလွန်းလို့ပါ သားရာ ၂၀၃
၇၅။ ကျောင်းသာပြောင်း အိမ်ဘက်ကား မစောင်းလေနှင့် ၂၀၅
၇၆။ ဝင့်ကြွေးငယ်တင် လွတ်သေးမယ်မောင်မထင်နဲ့ ၂၀၉
၇၇။ ကြီးကြီးသေးသေး (၃)ဆူဆို တာဝန်ကျေ ဝန်မလေးတော့ ၂၁၁
၇၈။ ဇာတ်သည်ပင်လျှင် နှစ်ဖွဲ့အပြိုင်အဆိုင် ၂၁၆
၇၉။ ဘုရားထုံးသုတ်မှ ကျောင်းထုံးသုတ်ဘဝသို့ ၂၁၇
၈၀။ ဝိဇ္ဇာအလုပ် ခေါင်းတစ်ပုတ် ၂၁၉
၈၁။ မျက်မှန်အငှားတပ် ကြားပြတ်တော့ မခံသာ ၂၂၀
၈၂။ ပေါ်-လာလှည့်၊ ပသိ-ရှုလှည့် ၂၂၁
၈၃။ မှန်ပြည်ခြေဆန့် မှန်ဝန်ကြီး ခန့်ရောလေသလား ၂၂၃

မဟာဓမ္မပါလ

## မာတိကာ - ၄


၇၄။ ပင်ပမ်းလှပြီ ငါ ကြွချီတော့အံ့ ၂၂၇
၇၅။ ရဟန်းတို့နေရာ သိမ်သည်သာ မှန်စွာ အဓိက ၂၂၉
၇၆။ ဗိုလ်လာလာတော့ ဘာလိုလို ၂၃၁
၇၇။ စည်းကမ်းတရား ရလိုဗြား သွားလေမဟာစည် ၂၃၄
၇၈။ ပဏ္ဍိ-ပညာရှိသည်၊ ဧဃျာ-သိရာ၏ ၂၃၇
၇၉။ တက်ကြွလွန်းတော့မောက် နိမ့်ကျလွန်းတော့ပောက် ၂၃၉
၈၀။ သုံးခွန်းသော စကားကိုသာ သုံးတော့ဗျာ့ ၂၄၀
၈၁။ နှစ်ပေါင်း(၃၀)တွင် သည်တစ်ယောက် ၂၄၂
၈၂။ ရတနာသိုက် နှိုက်၍မကုန် ၂၄၉
၈၃။ ပညတ်သွားရာ ဓာတ်သက်ပါ အာဏာတက်ကြွထုံး ၂၅၁
၈၄။ သာ၍နူးညံ့သောအတွေ့ကြား စိတ်ကျက်စားခွင့် ရသွားခြင်း ၂၅၆
၈၅။ အနန္တတို့၏ သတ္တိကို ဖယ်ရှားလိုက်လျှင် ငါကား ဗိုးသုညတည်း ၂၅၉
၈၆။ အရိယူပဝါဒအန္တရာယ်နှင့် ငါ ၂၆၀


### တတိယပိုင်း


၈၇။ ဝတ်ကြောင်ကို လွတ်အောင်ရှန်းမယ်ပ ထုံးနွယ်စ ဆံကိုပယ် ၂၆၇
၈၈။ ဥလ္လုပ္ပတုဆိုရုံမျှဖြင့် အမဲမှအဖြူ မဖြစ်နိုင် ၂၆၉
၈၉။ ဦးဇင်း တပည့်တော်မတို့ သွားတော့မယ် ၂၇၅
၁၀၀။ သရက်ပင်ရင်း ကျောင်းအဖြစ်နှလုံးသွင်း၍ ၂၇၇
၁၀၁။ ငှက်မသိတော့ ဆက်ရက်ချိုးထင် ၂၇၈
၁၀၂။ ရွှေကျောင်းကုန်းတောင် ဆရာတော် ၂၇၉
၁၀၃။ သည်တစ်ဇာတ် အပြတ်ကယ်ချိန်လို့ ၂၈၁
၁၀၄။ တစ်ရွာမပြောင်း သူကောင်းမဖြစ် ၂၈၃
၁၀၅။ ရှော့-စပြစ်သီး စား, ဝအောင် ၂၈၆
၁၀၆။ ချိုမယောင်နှင့်ချဉ်သော စပြစ်သီးမှည့်များ ၂၈၇
၁၀၇။ သက်န္တ ပြောင်းရွှေ့ခြင်းကား သကြံန် ၂၈၈
၁၀၈။ အို-နာ-သေ ဤသုံးဝ ပူမီးကြွဖြစ်အင်・・・ ၂၉၀
၁၀၉။ တရားရုံးနှင့်ငါကား ဖွားဘက်တော်ပေပဲလား ၂၉၀
၁၁၀။ သည်တရားရုံး ဘက်လိုက်သည် မတရား ၂၉၂
၁၁၁။ ကိုယ့်နယ်မဟုတ် ဝင်မရှုပ်နှင့် ထွက်တော့ ၂၉၃
၁၁၂။ သံထိုးသဖြင့် ဗိုက်နာဗိုက်အောင့်ရောဂါ စွဲကပ်လာခြင်း ၂၉၆
၁၁၃။ ယောက်ျားစိတ်မျိုးမှမတည် ထဘီသာဝတ်ထားပေရော့ ၂၉၇

မဟာစမ္ပပါလ

## မာတိကာ - ၅


၁၁၄။ နောက်ဆုတ်,ရှေ့တိုး တစ်မျိုးကောင်းအံ့ ၂၉၉

၁၁၅။ ဂါမာဝါသီ အရညဝါသီအကွဲ ဖြလေနံလေ အညှိမပြေ ၃၀၁

၁၁၆။ ရွှေပြည်ဝင်ကလပ်ဖျား ဇာတ်ပျက်မ အောက်ကသွား ၃၀၄

၁၁၇။ သွားချင်အုံးပုဂံ သွားချင်အုံးအဆန် ၃၀၅

၁၁၈။ ရေသည် အေးမြခြင်းကိုဆောင်လျက်က အန္တရာယ်ကိုပယ်ဖျက်၏ ၃၀၈

၁၁၉။ တောမှာကယုန်သူငယ် မြို့မှာကျ ဇိမ်မယ် ၃၁၀

၁၂၀။ တောထွက်များရေးကောင်းမရလေသော စစ်ကိုင်းတောင် ၃၁၀

၁၂၁။ အစစ်မိလျှင် ညွတ်ကိုင်းလာတတ်သဖြင့် စစ်ကိုင်း ၃၁၁

၁၂၂။ တစ်ခုလပ်မနှင့် မုဆိုးဖို ၃၁၄

၁၂၃။ ညောင်သည်က ညောင်သည်တာဝန်ကျေဖို့ ကျန်သေး၏ ၃၁၅

၁၂၄။ အရှင်ထွက်သည် အသေထွက်ထက် အလှအယက်များ၏ ၃၁၉

၁၂၅။ သုံးယောက်တွေ့မှ ဝိရောဓိ ဖြစ်၏တစ်ယောက်က ၃၂၁

၁၂၆။ ရန်ကုန်ပြန် နာမည်ခံ နာမည်ပေး ရွှေးဦးမှ သင့်လိမ့်မည် ၃၂၂

၁၂၇။ ဆယ်ဝါပြည့်မှ ကျောင်းထိုင်ရမည် ၃၂၃

၁၂၈။ လမ်း(၃၀) တစ်လမ်းလျှင် တစ်ကျောင်းကျ ဆောက်လုပ်ရန် ၃၂၅

၁၂၉။ မြေကိုစမ်း၍ခရမ်းပျိုး ပိုးထိုးလျှင်လက်မခံ ၃၂၇

၁၃၀။ အမည်မှည့် သီရိတဲ့ရွှေပြည် ၃၂၉

၁၃၁။ အဓိဋ္ဌာန် စိတ်အကြံပျက်ပါပေါ့ နိဗ္ဗာန်ဘက် မဆွဲသာ ၃၃၀

၁၃၂။ ဘုရားသည် အရိယာရွှေပြည် ၃၃၂

၁၃၃။ အရိယာရွှေပြည် ဘုရားဆည် ရေသည်ဘုရားနှန်း ၃၃၃

၁၃၄။ နှစ်ဆယ့်လေးဦးတို့ဖြင့် လေးဆယ့်ငါးရက်အပြီး ၃၃၃

၁၃၅။ မထားရွှေအိမ် မငြိမ်ဝါစ ဟာသနှောစွက်··· ၃၃၇

၁၃၆။ ပရိတ်သတ်နှင့်မတန်သောငါ ၃၃၉

၁၃၇။ လက်လုပ်တစ်တောင် မြတစ်တောင် ဘယ်တောင်သာလို့ကောင်းသနည်း ၃၃၉

၁၃၈။ ဘာသေမှာလဲ သေရွာ ဒေသနာထား၍လိုက်မည် ၃၄၀

၁၃၉။ ရှာန်ပုံ့ရဟန်းနာကြီးငါ ၃၄၁

၁၄၀။ ရဟန်းနာကြီး အစမ်းခံနေရခြင်း ၃၄၂

၁၄၁။ နေမင်းဒကာ ပလ္လင်အခင်း လာရှင်းဦး ၃၄၄

၁၄၂။ ဖယ်ခုံအစား တံခွန်တိုင်ကြွပါဘုရား ၃၄၅

၁၄၃။ သည်ကသွားလျှင်အနီးကလေး ဟောသည့်အတိုင်းလေး ၃၄၇

၁၄၄။ စိတ်ချချသာသွား မှားစရာမရှိ ၃၄၈

မဟာစမ္ဗူပါလ

## မာတိကာ - ၆


၁၄၅။ သူလည်းဝါမကျွတ်ခင်က ငါလည်းပဲဝါကျွတ်ခင်က ဘယ်သူ ဘယ်သူက ၃၅၀
၁၄၆။ အိမ်မက်များက အဆန်းတပြား ၃၅၁
၁၄၇။ လားဟူဘုရားပွင့်နေပြီ သွား ဆုတောင်းကြ ၃၅၂
၁၄၈။ ပြန်လည်သုံးသပ်ရမည့် ထိုနှစ်ပိုင်း ၃၅၄
၁၄၉။ ခွသမား ခွကြားထိုင်လျက်က ခွကြားဟာကိုင်လို့ခြင်း ၃၅၅
၁၅၀။ ပုကွကွ ပိန်ရှည်ရှည် မဖြစ်ပါစေလို ၃၅၇
၁၅၁။ ဆောင်လိုရာဆောင်၍ ရှောင်လိုရာရှောင်ရှားခဲ့ပါ ၃၅၈
၁၅၂။ စကားပလ္လင်ဖုံး ၃၆၀


### ပြတ်ကျန်နေခဲ့သော အပိုင်းအစများ


၁၅၃။ မဟာဗောဓိမြိုင် ၃၆၁
၁၅၄။ သူတို့မှာတော့အသာ ငါ့မှာတော့အနာ ၃၆၄
၁၅၅။ ဘုရားမဲ့ သူတို့လေးတွေ အားနွဲ့နေမလားပဲ ၃၆၅
၁၅၆။ ဇာတိသည်ဇစ်မြစ် ၃၆၆
၁၅၇။ ဘုရားဂုဏ်ပြပုံ ခြုံမဖုံးရန်ဆိုတော့ကာ ၃၆၈
၁၅၈။ တံခွန်စိုက်ပြီးလျှင် ပွဲသိမ်းမြဲ ၃၇၁
၁၅၉။ နယ်ကျော် အဆော်ခံရမည် သတိထား ၃၇၂
၁၆၀။ ပုံညာတောင် အဆောင်ကြားမှာ ၃၇၆
၁၆၁။ ရွှေဘုံထီးနှင့် အပုံကြီးကွာသည် ၃၈၀
၁၆၂။ ရဲဆရာတော် ရွာလာတရားဟောပေးရခြင်း ၃၈၇
၁၆၃။ အလောင်းတော် ခေါင်းတော်၍ ၃၈၈
၁၆၄။ မြွေပူရာ ကင်းဝင်မှောင့်သောအခါ ၃၉၃
၁၆၅။ မိုက်စတပ် ဝိုက်ပတ်ပတ်လိုက်သည် ၃၉၆
၁၆၆။ အမိဌာနက ဖိတ်မန့်လိုက်လေသလား ၃၉၉
၁၆၇။ ငွေလှျံချိန် ငြိမ်ခံမိလိုက်၍ ၄၀၁
၁၆၈။ နိကာ္ခမခတ်ထားသည့် နေကွမ္မ ၄၀၃
၁၆၉။ မဟာမြိုင်အတွင်းက ပဲ့စင်ပိုင်း အကျအနတစ်ခု ၄၀၇
၁၇၀။ ဤမှ ထိုအတွင်း မည်သူမျှမလာရ ၄၀၈
၁၇၁။ ဆင်ခွေကို ခြင်ရေဖြင့်ဖုံး၍ တုံးလုံးလှဲပေးလိုက်သောအခါ ၄၀၉
၁၇၂။ သံဃာဝင် မိပန်က ယဉ်ယဉ်ကျေးကျေး ၄၁၀


မာတိကာပြီး၏။

မဟာဗမ္မပါလ

## မော်ကွန်းမှတ်တမ်း

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကျမ်းစာ စာအုပ်ဖြစ်သည်အထိ ပုံနှိပ်ထုတ်ဝေရာ၌ အစမှအဆုံးတိုင် အသေးစိတ် တည်းဖြတ်လမ်းညွှန်ပေးတော်မူပါသော ဗောဓိရိပ်ငြိမ်တောရဆရာတော် အရှင်ဣန္ဒာစရိယ အရှင်သူမြတ်အားလည်းကောင်း၊

မှတ်တမ်းဓာတ်ပုံများ ပြည့်စုံခန့်ညားစွာ ထည့်သွင်းဖော်ပြနိုင်ရန်အတွက် ထက်သန်သော စေတနာ-မေတ္တာတို့ဖြင့် ပံ့ပိုးစုဆောင်း ကူညီပေးကြပါသော ရန်ကုန်-ပျဉ်းမနား-သာစည်-နတ်တလူ(သာပဟိကာ) သာသနာပြုအဖွဲ့များ အားလည်းကောင်း၊ မဟာဗောဓိမြိုင်ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ ရာဒေသရှိ ဒကာဒကာမများတို့အားလည်းကောင်း၊ ဦးမြင့်ဇော်(ဗောဓိရိပ်)၊ ဦးနေဝင်း(တိုင်းချစ်ဆွေပွဲရုံ)၊ ဦးဝင်းဆွေ (မဟာမြိုင်စာပေ)၊ ဆရာမောင်သွေးချွန်၊ ဦးမြင့်ဦး၊ ဗိုလ်မှူးကြည်စိုးဝင်း(ငြိမ်း)၊ ဦးအိုက်မွန်း(ပန်းကြာဖြူပုံနှိပ်တိုက်)၊ ဒေါ်လေး ကြည်(နတ်တလူတောရ)၊ ဒေါ်ရွှေဝါတို့အားလည်းကောင်း၊

အဖက်ဖက်မှ စွမ်းနိုင်သမျှ လူအား၊ငွေအား၊ အကြံဉာဏ်အားများဖြင့် သိုင်းဝိုင်းကာ ကူညီပံ့ပိုးပေးကြသည့် ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့အားလည်း ကောင်း လှိုက်လှဲစွာဖြင့် ကျေးဇူးမော်ကွန်းမှတ်တမ်းတင်အပ်ပါသည်။

စာပေထိန်းသိမ်းရေးကော်မတီ

ဥဒေယျဓမ်စာပေ

မဟာဓမ္မပါလ

# တည်းဖြတ်ပူဇော် မြတ်ဂုဏ်တော်

## “ စံအိမ်တော် ”

### ရဲရင့်သူ့ စံအိမ်

ဝီရိယော အာသယော တဟုံ၊
ဝီရိယော ဌာနစက်မံ။
ကပ္ပေသိ ဝီရိယေ ဝါသံ၊
ဝီရိယော တဝ ဂေါစရော။

- ရဲရဲရင့်ရင့် မြင့်မြင့်မြတ်မြတ် အားထုတ်ခြင်းသည်သာ အရှင်ဘုရား၏ နေရာ ကျောင်းတော်ကြီးပေတည်း။
- ရဲရဲရင့်ရင့် မြင့်မြင့်မြတ်မြတ် အားထုတ်ခြင်းသည်သာ အရှင်ဘုရား၏ ရပ်ရာ, သွားရာ စင်္ကြံတော်ကြီးပေတည်း။
- ရဲရဲရင့်ရင့် မြင့်မြင့်မြတ်မြတ် အားထုတ်ခြင်းသည်သာ အရှင်ဘုရား၏ ခိုနားရာ အိပ်ယာ နေရာတော်ကြီးပါပေတည်း။
- ရဲရဲရင့်ရင့် မြင့်မြင့်မြတ်မြတ် အားထုတ်ခြင်းသည်သာ အရှင်ဘုရား၏ စိတ်ကျက်စားရာ အာရုံကြီးပါပေတည်း။

ဆရာတော်၏ သာသနာပြုအလုပ်ကြိုးစားအားထုတ်မှုများကို ဝမ်းမြောက်ဝမ်းသာ ကြည်ညိုစွာဖြင့် ပူဇော်မိပါတော့သတည်း။

### သူတော်ကောင်း စံအိမ်

သဒ္ဓမ္မော အာသယော တဟုံ ။
သဒ္ဓမ္မော ဌာန စက်မံ။
ကပ္ပေသိ သဒ္ဓမ္မေ ဝါသံ ၊
သဒ္ဓမ္မော တဝ ဂေါစရော ။

- သူတော်ကောင်းတရားတော်သည်သာ- အရှင်ဘုရား၏နေရာ ကျောင်းတော်ကြီးပေတည်း။
- သူတော်ကောင်းတရားတော်သည်သာ- အရှင်ဘုရား၏ ရပ်ရာ, သွားရာ စင်္ကြံတော်ကြီးပေတည်း။
- သူတော်ကောင်းတရားတော်သည်သာ- အရှင်ဘုရား၏ နားခိုရာ အိပ်ယာနေရာတော်ကြီးပါပေတည်း။
- သူတော်ကောင်းတရားတော်သည်သာ- အရှင်ဘုရား၏ စိတ်ကျက်စားရာ အာရုံကြီးပါပေတည်း။

ဤသို့ပင် ဝမ်းမြောက်ဝမ်းသာ ကျူးရင့်၍ ဆရာတော်၏ ဂုဏ်တော် ကျေးဇူးတော်တို့အား ကြည်ညိုသဒ္ဓါ ပွားများ၍ ပူဇော်မိပါတော့သတည်း။

ဗုဒ္ဓေါရသအရှင်ဣန္ဒာစရိယ (ဦးဇောတိ)

မဟာစမ္မပါလ

ဤကျမ်းစာကို သုဝဏ္ဏသုံ့တောင်တော်၌ပင် ရေးစီရင်၏။

ရည်ညွှန်းချက်ကား-

ငါတို့၏ဘဝဖြစ်စဉ်ကို နောင်းလူတို့ တိတိပပ သိရှိရန်ရည်၏။ ကိုယ်တိုင်ရေး ဖြစ်သဖြင့် ဘာမျှလည်း မချန်ခြွင်း၊ ဘာမျှလည်း မလစ်ဟင်း။

ငါတို့ဘဝ၏ တဏှာဖြစ်ပေါ်လာပုံမှသည် မာနသို့တစ်ဆင့်ကူးခြင်း၊ ဒိဋ္ဌိသို့ တစ်ဆင့်ကူးခြင်းဖြင့် ချဲ့ထွင်လာပုံကိုလည်းပြ၏။

လောကဓံ၏ ကျီစယ်မှုကို မခံနိုင်တော့သောကာလ-

ဦးစွာ သမထဖြင့် ချွေးသိပ်ပေးခြင်း၊ ဝိပဿနာဖြင့် အပူစင်ပေးခြင်းတို့ဖြင့် အဆိပ်တက်နေသော ထို တဏှာ,မာန,ဒိဋ္ဌိတို့တွင် ဦးစွာပင် ဒိဋ္ဌိဘုံကို ဖြိုခွဲပစ်ခဲ့နိုင်ခြင်း၊ တဏှာဘုံကို မှေးမှိန်စေခြင်းအထိ စွမ်းဆောင်နိုင်၏။

- ငါသည်ကား စိတ်ထန်၏။ သို့သော် ခိုင်ခန့်ခြင်းမရှိ။

- ငါ့ဘဝ၌ အားနာခြင်း၊ သနားခြင်းတို့က လွှမ်းမိုးထား၏။

သို့ကြောင့်

စိတ်ထန်သောငါ့၌ မာနသည် မင်းမူ၏။ အညှာမခိုင်သောငါ့၌ တဏှာသည် မင်းမူ၏။ ယင်း တဏှာ,မာန၏ မင်းမူခြင်းသည် အဆန်းမဟုတ်တော့ပြီ။ ထန်သော မခိုင်ခြင်းမှ ပေါ်ပေါက်လာခြင်းတည်း။

တစ်ဖန်

ငါ၏မွေးချိန်သည် ဝါဆိုလပြည့်ည၏ သန်းခေါင်ကျော်လွန်ပြီးစ ဖြစ်သဖြင့် တနင်္လာမှထွက်၏၊ အင်္ဂါဝင်၏အစဖြစ်ရာ နေ့နံကား ဝှကျလုချေ၏။

သို့ကြောင့် ငါ့ဘဝသည်လည်း လူမှရှင်ရဟန်း၊ တစ်ဖန် ရဟန်းမှလူ၊ နောက်တစ်ဖန် လူမှရဟန်း ဤသို့လျှင် လူမဟုတ် ရဟန်းမဟုတ် ဝှကျခဲ့၏။

ကျင့်ပြန်သော်ကော ဝိပဿနာကျက်စားပြီး သမထထွန်းကားနေချေရာ သမထမဟုတ် ဝိပဿနာမဟုတ် ဝှကျလု၏။

ထိုဝှသည် မည်သည့်အခါမှ စင်းချောဖြစ်မည်နည်း။

ဝနဝါသီဥေယျာဓမ္မသာမိထေရ်

မဟာဓမ္မပါလ



# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျ။ အရဟံ ဒယါ သတ္တေသု၊ မဟာရဋ္ဌေဂု ဘဂဝါ။
ဝစသာ မနသာ စေဝ၊ ဝန္ဒာမိ တဿ ကာရုဉေ။ ။

ခ။ သွက္ခာတော ဓရဒမေန၊ ဘယ သရေန ဒေသိတော။
နေယျိကော ဩပတိတ္ထံဟိ၊ စိတ္တမှိ ဘာဝိတော ဓမ္မံ။ ။

ဂ။ သံယမေ ဖြဟွေ ပါလတိ၊ သံဟဋ္ဌေစာပိ ရမိတော။
လဘိယေါ သုပ္ပဋိပန္နောတိ၊ အယံနာမော မိတောသံယံ။ ။

ဃ။ ဟိတေဟိတေပဝတ္တေစ၊ နိဝတ္တေစ ဗုဒ္ဓေသမံ။
ဗုဒ္ဓါဒီနံ ရတနာနံ၊ နိမ္မိတံ ဝါ အာစရိယံ။ ။

င။ အန္တွတ္တေန ဂေါတ္တေနပိ၊ ဗုဒ္ဓါဒီဟိ ဂမနိယေ။
သောခေ ပေါသေ ဓေါဝတေစ၊ လောကေ နိမ္မာန ဒ္ဒိဂုဏံ။ ။

စ။ အနန္တဂုဏ သင်္ဂဟာ၊ ပဥ္စကါ ဝန္ဒိတွာ တေပိ။
ဥေ ယျဓမ္မသာမိတိ နာမကံ၊ သင်္ကေတံ ထေရပါဒါနံ။
သုတေသိနံ အပေစ္စက္ခ၊ ဟိတာယ သုတ ဝါဟိနီ။
ဝေရမဏီ နာနုဂတာ၊ သမ္မာ အသေသ ရစိဿံ။
ပဒ္ဓံ ပဒ္ဓံ ဝယ ကဏ္ဍံ၊ ဩဝိ ဩဝိ စ သန္တတိ။
စာရိတ လိင်္ဂ ကမ္မေန၊ လက္ခဏေန စက္ကေန ဝါ။ ။

ကျ။ သတ္တေသု- သတ္တဝါအားလုံးတို့၏ အပေါ်၌ (ဝါ) ပုရွက်ဆိတ်က အစ ဆင်ကောင်ကြီးအထိ အပါယ်လေးဘုံသားမှ ဖြဟ္မာ့ဘုံသားတို့တိုင်အောင်၊ ဒယါ ဒယါလုကာ- ငါကိုယ်တော်နှင့် အမျှ ချစ်ခြင်း၊သနားရင်း ရှိတော်မူသည့်အတိုင်း၊ မဟာရဋ္ဌေဂု ဘဂဝါ- မြင့်ရာမြတ်ရာ လူ့ဘုံ၊ နတ်ဘုံ၊ ဖြဟ္မာ့ဘုံ၊ နိဗ္ဗာန်ဘုံ တည်းဟူသော တိုင်းကြီးပြည်ကြီး အသီးသီးကို ရိပ်ထိးခံစား ပေးသနားခြင်းရှိပါသောဘုရားမြတ်သည်၊ သတ္တေသု- လူအလုံး၊ နတ်အလုံး၊ ဖြဟ္မာအလုံး တို့တွင်၊ အရဟံ- လူချင်း၊ နတ်ချင်း၊ ဖြဟ္မာချင်း သာမက၊ လူမင်း၊ နတ်မင်း၊ ဖြဟ္မာမင်းတို့၏ ပူဇော်အထူးကိုပင် အခံထိုက်ဆုံးတည်း။

မဟာစမ္ပပါလ



တသ- ထိုသို့ သူမတူတန် အပူဇော်ခံထိုက်သည့် ဣဿရိယ, ဓမ္မ, ယသ, သိရိ, ကာမ , ပယတ္တပိုင်ရှင် ရွှေဘုန်းတော်သခင်၏၊ ကာရုညေ- မေတ္တာဆပွါး မျှသနားစိတ်ထားသော မဟာကရုဏာဉာဏ်တော်ကို-

ဝစသာစေဝ - နှုတ်ဝယ်တွတ်တွတ် တွင်တွင်ရွတ်လျက်ကလည်းကောင်း၊

မနသာစ - စိတ်ဝယ်တွတ်တွတ် အစဉ်ညွတ်လျက်ကလည်းကောင်း၊

အဟံ - ငါ ယျဓမ္မသာမိ မည်ရှိသညာ အကျွန်ုပ်ထေရ်သည်၊ ဝန္ဒာမိ- ဘယ်,ညာ နှစ်ဖက် ဆယ်ချောင်းလက်စုံ ကြာပဒုံတို့ဖြင့်၊ (ဝါ) သမထ၊ ဝိပဿနာ ဝဲယာနှစ်ခန်း ဆယ်ပါးသော ပါရမီဉာဏ်စခန်းတို့ဖြင့်၊ (ဝါ) သူ့ဖို့ ငါ့ဖို့ မချို့ဆယ်စုံ ပါရမီကြာငုံတို့ဖြင့် ကြည်ယုံမြတ်နိုး ဦးထိပ်မိုး၍ ရှိခိုးကန်တော့ပါ၏၊ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ကြီးဘုရား။

ခ။ စိတ္တမ္ပိ- မနောကြည်ရိပ် ပုံပေါ်စိတ်၌၊ ဘာဝိတော- မပြတ်အာရုံ ယုံယုံကြည်ကြည် အားထားသည် ရှိသော် ၊ ဓရ ဒမေန- အာရုံတစ်ချက် မီးသက်တစ်လောင် ထုတ်ဆောင်ပေးခြင်းဖြင့်လည်းကောင်း၊ အာရုံတစ်ပြု စိတ်နုတစ်ဖွေး ယဉ်ကျေးစေခြင်းဖြင့်လည်းကောင်း၊ ဘယသရေနစ- ဘေးဆီးရန်ကာ အားထားရာ အဖြစ်ဖြင့်လည်းကောင်း၊ ဘဂဝတာ- ဘုရားမြတ်သည်၊ ဒေသိတော- နှုတ်မြွက်ဟောဖော် သိစေတော်မူခဲ့ပါချေ၏။

စိတ္တမ္ပိ- မနောတစ်လည် ဇောအကြည်ဖြင့်၊ ဘာဝိတော- အဖန်ဖန်အထပ်ထပ် မပြတ်သုံးသပ်ရှုသိ မှတ်လေသူအား၊ ဩပတိတ္တံ ဟိ- နိဗ္ဗာန်တည်းဟူသော ဆိပ်ကမ်းမြို့တော်သို့သာ၊ နေယျိကော - မှတ်ရှိန်ကောင်းလျှင် ကောင်းသလောက်ပင် ဆယ်တင်၍ပေးတော်မူတတ်ပါချေ၏။ တသ္မာ- ထို့ကြောင့်၊ သွာက္ခာတော- သွာက္ခာတဂုဏ် ပုံတံဆိပ်ခတ် သတ်မှတ်ဇကန် ခံယူတော်မူခဲ့ပါချေ၏။ သွာက္ခာတံ - သွာက္ခာတဂုဏ် ပြည့်စုံမိုးလောက် ဖြိုးမောက်တော်မူပေသော၊ ဓမ္မံပိ- ဗုဒ္ဓဟောကြား တရားတော်အများအပြားကိုလည်း-

ဝစသာစေဝ- နှုတ်ဝယ်တွတ်တွတ် တွင်တွင်ရွတ်လျက်ကလည်းကောင်း၊

မနသာ စ- စိတ်ဝယ်တွတ်တွတ် အစဉ်ညွတ်လျက်ကလည်းကောင်း၊ အဟံ- အကျွန်ုပ် ငါ ယျဓမ္မသာမိထေရ်သည်၊ ဝန္ဒာမိ- ဘယ်,ညာ နှစ်ဖက် ဆယ်ချောင်းလက်စုံ ကြာပဒုံ တို့ဖြင့် ကြည်ယုံ မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။

ဂ။ သံယမေစ- ကိုယ်စိတ်ခရီး ကန့်သတ်စောင့်စည်းခြင်းဖြင့်လည်း၊ ပါလတိ-အကျင့်မကွာ ရဟန်းဟူသော ဂုဏ်သိက္ခာကို၊ စောင့်စည်းတတ်ပါချေ၏။ ပြဟ္မေစ- စိတ်ထားကြီးမြတ်မြတ်သောစိတ်ဖြင့်လည်း၊ ပါလတိ- အကျင့်တည်ရာ ရဟန်းဟူသောဂုဏ်သိက္ခာကို စောင့်စည်းတတ်ပါချေ၏။

သံဟဋ္ဌေစ-ဘုရားတမူ အရိယာအစားစားများနှင့် ဓါတ်တူ အယူသီလတူမျှခြင်း၌လည်း၊ ရမိတော- မွေ့လျော်တွဲဖက် ဉာဏ်ချင်းရောယှက်လျက် ရှိပါချေ၏။ တသ္မာ-ထို့ကြောင့်၊ ယော- အကြင်ရဟန်းမြတ်သည်၊ သုပ္ပဋိပန္နောတိ- အကျင့်ကောင်းကိုသာ ကျင့်လေသောသူဟူ၍၊ အယံနာမော- ဤအမည်ထူးကို၊ လဘိ- ထိုက်ထိုက်တန်တန် ရရှိရိုးအမှန်ပင် ဖြစ်ပါချေ၏။

ဓမ္မဒါန



သုပ္ပဋိပန္နံ- အကျင့်ဂုဏ်နှင့်ပြည့်စုံတော်မူသော၊ သံဃံပိ- သံဃာတော်အရှင်ကောင်း၊အရှင်မြတ်အပေါင်းကိုလည်း-
ဝစသာစေဝ- နှုတ်ဝယ်တွတ်တွတ် အတွင်ရွတ်လျက်ကလည်းကောင်း၊
မနသာစ- စိတ်ဝယ်တွတ်တွတ် အစဉ်ညွတ်လျက်ကလည်းကောင်း၊
အဟံ- အကျွန်ုပ် ဥ ယျဓမ္မသာမိထေရ်သည်၊ ဝန္ဒာမိ- ဘယ်ညာနှစ်ဖက်၊ ဆယ်ချောင်းလက်စုံကြာပဒုံတို့ဖြင့် ကြည်ယုံမြတ်နိုး ဦးထိပ်မိုး၍ ရှိခိုးကန်တော့ပါ၏။

ဃ။ ဟိတေ- အကျိုးများစွာ တိုးပွားရာတို့ကို၊ ပဝတ္တေစ- တိုက်တွန်းခြင်းဖြင့်လည်းကောင်း၊ အဟိတေ-အကျိုးမများ ဆိုးရွားမည့်ကိစ္စတို့ကို၊ နိဝတ္တေစ- တားမြစ်ပေးခြင်းဖြင့်လည်းကောင်း၊ ဗုဒ္ဓေသမံ- ဘုရားအလား စိတ်ထားတူပါသော၊ ဗုဒ္ဓါဒိနံ- ဘုရားအစရှိကုန်သော၊ ရတနာနံ- ရတနာမြတ်သုံးရပ် ဓါတ်ပုံ အစုံအစုံတို့၏၊ နိမ္မိတံဝါ- ကိုယ်ပွားလည်းဖြစ်ပါသော၊ အာစရိယံပိ- မင်္ဂနှင့်အလျော် ဖိုလ်ပွင့်ပေါ်စေ၊ သုံးတွေ့သိက္ခာ ကျင့်စရာအဖြာဖြာတို့ကို၊ သေချာတပ်အပ် ပရိယတ်၊ပဋိပတ်နည်းများဖြင့် လက်ထပ်ဖိစီး နိဿရည်းပေးထားသော ဆရာသမား အစားစားကိုလည်း၊ အဟံ- အကျွန်ုပ်ဥ ယျဓမ္မသာမိထေရ်သည်-
ဝစသာစေဝ- နှုတ်ဝယ်တွတ်တွတ် တွင်တွင်ရွတ်လျက်ကလည်းကောင်း၊
မနသာစ- မနောစိတ်ညွတ် တွင်တွင်ရွတ်လျက်ကလည်းကောင်း၊ ဝန္ဒာမိ- ဆရာ့ဂုဏ်အင်အာရုံထင်၍ ကြည်လင်ဇောဆင့် ကန်တော့ခဏ်းဖွင့်ပါ၏။

င။ အန္တတ္တေနပိ- မျိုးရိုးအားဖြင့်ဖြစ်စေ၊ ဂေါတ္တေနပိ- ဇာတ်အနွယ်အားဖြင့်ဖြစ်စေ၊ ဗုဒ္ဓါဒီဟိ ဂမနိယေ- ဘုရားစထား မြင့်မြတ်သောသူတော်ကောင်းကြီးများမှ ဆင်းသက်လာကြပါသော၊ အန္တတ္တေန- ဘိုး၊ ဘေး၊ ဘီ၊ ဘင် ဆွေခုနစ်ဆက်ရိုးရာဘက်အားဖြင့်လည်း၊ ဂေါတ္တေနပိ- သကျပုတ္တ သာကီယစဉ် အနွယ်ဝင်အားဖြင့်လည်း၊ ဗုဒ္ဓါဒီဟိ- ဘုရားစသား ရတနာသုံးပါးတို့ကိုသာ၊ ဂမနိယေ- ကိုးကွယ်မပျက် ဆင်းသက်လာကြပါသော၊
သောခေစ- ညစ်ကြေးစုံပင် သုတ်သင်ပေးခြင်း ပြုပြင်ခြင်းဖြင့်လည်းကောင်း၊
ပေါသေစ- နို့ချိုထပ်ထပ် ဝါးဖတ်ခွံ့ခြင်း ကျွေးမွေးခြင်းဖြင့်လည်းကောင်း၊
ဓေါဝတေစ- ရေအေးတမူ ရေပူရောနှော ကိုယ်လက်ဆေးကြောပေးခြင်းဖြင့်လည်းကောင်း၊
လောကေ- လူ့ဘဝနယ် လောကအလယ်၌၊ မေ- ငါ့အား၊ နိမ္မာနဒ္ဒိဂုဏံပိ- ဝမ်းလွယ်မွေးဖွားဖန်ဆင်း၍ပေးထားကြပါသော မိဘနှစ်ပါးကိုလည်း၊အဟံ- အကျွန်ုပ်ဥ ယျဓမ္မသာမိထေရ်သည်-
ဝစသာစေဝ- နှုတ်ဝယ်တွတ်တွတ် တွင်တွင်ဖွင့်လှတ်လျက်ကလည်းကောင်း၊
မနသာစ- မနောစိတ်ညွတ် အစဉ်တွန်းလှတ်လျက်ကလည်းကောင်း၊ ဝန္ဒာမိ- မိဘ၏ဂုဏ်နှိုင်းတုံမရ အနန္တကို ကြည်စွာသဒ္ဒါ ဦးခိုက်ပါ၏။

မဟာဓမ္မပါလ



စ။ ပဥ္စကါ- သဘောကားအတူတူ၊ အာနိသင်မူ တမူကွဲပြား ငါးပါးပင်ခြားနားလျက်ရှိကြပါကုန်သော၊ တေပိ အနန္တဂုဏာ သင်္ဂဟာ- ထို အနန္တဂုဏ်အင် ကျေးဇူးရှင်အပေါင်းတို့ကို၊ ဝန္ဒိတွာ- ကျေးဇူးအရှိ အာရုံမိလျှက်က ရှိခိုးပြီး၍၊ ဥေ ယျဓမ္မသာမီတိ နာမကံတောရပ် ဆောက်တည် မြန်မာပြည်အရပ်ရပ်၌ လှည့်လည်၍နေပါသောကြောင့် ဝနဝါသီဥေ ယျဓမ္မသာမိ အမည်လျှင် ရှိသော၊ ထေရပါဒါနံ သကေ်တံ- သိက္ခာနွယ်ဝင် ထေရ်အရှင်၏ကျင့်စဉ်,ဖြစ်စဉ် မှတ်တမ်းကို၊ အပေစ္စက္ခ သုတေသီနံ- နောက်နှောင်းနွယ်ဝင် သိက္ခာရှင်သုတေသီတို့အား၊ သုတဝါဟိနီ- ဗဟုသုတ အကြားအမြင်အဝဝတို့ကို ဆောင်ချဉ်းပေးခြင်းဖြင့်၊

ဟိတာယ- အကျိုးများ ပွါးစေခြင်း အကျိုးငှာလည်းကောင်း၊

ဝေရမဏီ နာနုဂတာယ- ရှောင်သင့်ရာကို ရှောင်ရှားစေခြင်း၊ အတုမလိုက်သင့်ရာကို အထူးလိုက်ကြစေခြင်းငှာလည်းကောင်း၊

သမ္မာ- မကွယ်မထောင့်ဖြောင့်စွာ၊ အသေသံ- မချန်မချွင်းအကြွင်းမဲ့၊ စရိတ လိင်္ဂကမ္မနဝါ- စရိုက် အသွင်အပြင် အမူအကျင့်အားဖြင့်လည်းကောင်း၊

လက္ခဏေနဝါ- သဘာဝဓမ္မတာ လက္ခဏာအားဖြင့်လည်းကောင်း၊

စက္ကေနဝါ-လောကစံအချက် လှည့်လည်ခဲ့ရာ စက်အားဖြင့်လည်းကောင်း၊

ဝယကဏ္ဍံ- အရွယ်အစားအလိုက်၊ ပဗ္ဗံ ပဗ္ဗံ- အပိုင်းအပိုင်း တစ်ဖြတ်စီ တစ်ဖြတ်စီ၊ သန္တတိ- ဖြစ်စဉ်အလိုက်၊ ဩမိဩမိ- အကန့်အကန့် တစ်ခြားစီ တစ်ခြားစီ၊ ရစိဿံ- ရေးသားပြုပြင် စီရင်ပေခဲ့အံ့သတည်း။ ။

ဗဟုသုတစာပေ

# နိဒါန်း

မဟာဗုဒ္ဓဝါဒ



# နိဒါန်း

## ဒဏ်သင့်သူတို့ အပြေးလွှားခိုင်းရာ လမ်းခရီး

ဘဝဟူသည် ဝန်ထုပ်, ဝန်ပိုး ကြီးများကို ထမ်းစေ,ပိုးစေ၍ အပြေးခိုင်းခံရရာ နေရာဒေသတည်း။

ဘဝဟူသည် ဒဏ်သင့်သူတို့ ထားရာ,သိုရာ နေရာဒေသတည်း။

သတ္တဝါတို့သည် ကမ္ဘာပေါင်း အနှောင်းများစွာတို့ဖြင့် အနေကြာညောင်းလာခဲ့ကြချေရာ စုဆောင်းမိနေပြီဖြစ်သော ကိလေသာ ဝန်ထုပ်ဝန်ပိုးကြီးများသည်လည်းကောင်း၊ ပြုကျင့်မိနေပြီးဖြစ်သော ကောင်းကံ,ဆိုးကံ၊ ကောင်းပြစ်,ဆိုးပြစ် ဝန်ထုပ်ဝန်ပိုးကြီးများသည်လည်းကောင်း၊ ကြီးမားသောထုထည်ကြီးများဖြင့် အရှိန်လိုက်လျက် ရှိချေ၏။

ထို ကိလေသာ့အရှိန်၊ ကံရှိန်များ ဖိစီးလွှမ်းမိုးထားသည့်အတိုင်း စွဲရာဖြစ်ရ ဘဝဟူသော ခန္ဓာ့ဝန်ထုပ်ကြီးကလည်း အချိန်နှင့်စက် နာရီမပျက် နေ့ဆက်ရက်ဆက် အသက်မကုန်မချင်း ထမ်းရွက်လျက်ကသာ သွားလာနေကြရပါ၏။

ထိုကိလေသာ-ကမ္မ-ခန္ဓာ ဝန်ထုပ်ကြီး သုံးထုပ်တို့သည် အာရုံပေါ်မှလည်း ခွစီးလိုက်နေကြပါကုန်၏။ စိတ်အစဉ်ပေါ်မှလည်း ခွစီးလိုက်နေကြပါကုန်၏။ ခန္ဓာစဉ်ပေါ်မှလည်း ခွစီးလိုက်နေကြပါကုန်၏။ နားသည်ဟူ၍မရှိသဖြင့် ထမ်းထားရ, ပိုးထားရသော ဘဝရှင်သည်လည်း အားသည်ဟူ၍မရှိ။

စားလျှင်လည်း ထိုသုံးထုပ် ဆင့်ပိုးထမ်းရွက်ရင်းက စားနေရ၏။ သွားလျှင်လည်း ထိုသုံးထုပ် ဆင့်ပိုးထမ်းရွက်ရင်းကပင် သွားနေရ၏။

သည့်အတူ မိတ်ဖက်များနှင့်စကားပြောရင်း, ရယ်မောရင်းကလည်းကောင်း၊ ရန်ဘက်များနှင့် အငြင်းပွားရင်း တိုက်ခိုက်ရင်းကလည်းကောင်း၊ ယုတ်စွာ့အဆုံး အိပ်မောကျရင်း အနားယူရင်း ကပင် ထိုအထုပ်ကြီးသုံးထုပ် ထမ်းပိုးလျက်က နေရပါချေ၏။

ထို ဝန်ထုပ်ဝန်ပိုးကြီးများကို ထမ်းပိုးရွက်လျက်က မနေမနား တွင်တွင်ပြေးလွှားနေရသော ဘဝကို ဘဝကောင်းဟူ၍မဆိုနိုင်၊ ဘဝအနုစားလည်း မခေါ်ထိုက်။

တစ်ဖန် ထိုဝန်ထုပ်ကြီးသုံးခုထဲမှ ကမ္မဝန်ထုပ်၏အကျိုးပေးခြင်း ခန္ဓာ့ဝန်ထုပ်ကြီး ထပ်ဆင့်ရလာခဲ့သည်ချည်းဖြစ်ရာ ကောင်းကံအလှည့်ကျသဖြင့် ကောင်းခံဘဝ ရောက်လာရသော ဘဝရှင်သည်လည်း အကောင်းလောကခံလေးမျိုးတို့က အလုအယက် တိုးဝှေ့နေရာယူကြကာ ညှင်းဆဲကြသဖြင့် ကောင်းဒဏ် သင့်လျက်သာ ရှိချေ၏။ တစ်ဖက်သော အဆိုးကံအလှည့်၌ကား ဆိုဖွယ်ရာပင် မရှိတော့ပြီ။

ဤသို့ ကောင်း,ဆိုးနှစ်တန် မည်သည့်ကံအလှည့်က အကျိုးပေးပေး ကောင်းဒဏ်,ဆိုးဒဏ် နှစ်မျိုး တစ်မျိုးမျိုးသော ဒဏ်သင့်ခံရသည်သာဖြစ်သဖြင့် ဘဝဟူသမျှ အကောင်းဟူ၍ မသုံးနှုန်းထိုက်၊ နုညက်သောဘဝဟူ၍လည်း မဆိုနိုင်။

မဟာဗောဓိပါလ

စင်စစ် အကောင်း,အဆိုး နှစ်မျိုးသောအာရုံတို့၏ အတိုက်အခိုက်ကိုချည်းသာ အလူးအလဲ ခံနေရသဖြင့် ဆိုးရွားသောဘဝ၊ ကြမ်းတမ်းသောဘဝဟူသော အမည်နာမပညတ်သည်သာ အသင့်လျော်ဆုံး ဖြစ်ချေ၏။ ကံအစီအရင်၊ စိတ်အစီအရင်၊ ဥတုတိုက်ကွက်၊ အာဟာရတိုက်ကွက်တို့ကိုချည်းသာ နေ့ဆက်ရက်ဆက် အသက်ဆက်အားဖြင့် အလူးအလဲ ခံနေရခြင်းကြောင့်လည်း အထက်ပါအမည်သာ အသင့်လျော်ဆုံးထင်၏။

ဤသည်မှာ ဘဝဟူသော ဇစ်မြစ်၏ သဘောရင်းတည်း။

▼

## ဒဏ်သင့်ခံမှုမလွတ်သေးသော ငါ

ဤသဘောရင်းမှာ ငါတို့သည်လည်း မကင်း။ ထိုမကင်းလေသော ငါတို့၏ ဘဝဖြစ်စဉ်ကြီးသည်လည်း ရေဘေးကြောင့် ဆွေးရိသောအဖြစ်မျိုး၊ မီးဘေးကြောင့် ပြာကျစေသောအဖြစ်မျိုးပမာ ကောင်းဒဏ်သင့်, ဆိုးဒဏ်သင့်ခြင်းတို့မှလည်း မလွတ်။

ထိုမလွတ်သော ဘဝဖြစ်စဉ်ကြီးသည် ပြုံးတစ်လှည့်, မဲ့တစ်လှည့်အားဖြင့်၊ နွေးတစ်ခါ, မြန်တစ်လှည့်အားဖြင့်၊ အမြင့်တစ်လှည့်, အနိမ့်တစ်ပြန်အားဖြင့်၊ မရပ်မနား ဖြစ်ပွားနေလေ့ရှိချေရာ ယင်းသည်ပင် သဘောသဘာဝအလိုက် ဝင်ဆိုက်ခြင်း၏ သင်္ကေတများဖြစ်ကြသဖြင့် အတ္ထုပ္ပတ္တိ ဆိုရချေ၏။

အတ္ထ-အနက်ခေါ်သော သဘောသဘာဝ ဖြစ်စဉ်များ၊ ဥပ္ပတ္တိ- ဖြစ်ပေါ်လာခြင်း။

ထိုဘဝဖြစ်စဉ် ခေါ် အတ္ထုပ္ပတ္တိစာတမ်း ပြုစုရာ၌ မှတ်တမ်းတင်သူသည် သစ္စာစောင့်ထိန်းရချေ၏။ မည်သည့်သစ္စာနည်း? မေးသော် ဘက်မလိုက်သစ္စာတည်း။

ဘဝရှင်အပေါ် လိုလားသဖြင့် ၎င်း၏ဆိုးကွက်ကိုမြှုပ် ကောင်းကွက်ကိုချည်း ထုတ်ဖော်လျက်က မှတ်တမ်းတင်ခြင်း။

ဘဝရှင်အပေါ် အထင်မြင်သေးမွှား မလိုမလားဖြင့် ၎င်း၏ကောင်းကွက်ကိုကား မသိကျိုးကျွံလုပ် ဆိုးကွက်ကိုချည်း ထုတ်ဖေါ်လျက်က မှတ်တမ်းတင်ပေးထားခြင်း။

ထိုနှစ်မျိုးစလုံးပင် နောက်နှောင်းသုတေသီတို့အား လိမ်လည်ခြင်း၊ ကာယကံရှင်အား ကြိုက်စော်ကား, မကြိုက်ပြစ်မှားတို့ဖြင့် ပုတ်ခတ်ခြင်းအမှု နှစ်မှုကို ကျူးလွန်သူများချည်း ဖြစ်စေတော့၏။

သစ္စာမဲ့ဘဝ လှလှကြီးရောက်စေတော့၏။ လာဘ်မျှော်မကင်းသော အမှုထမ်းအကျင့်ပျက် စာရင်းတေးထားခြင်း ခံရချေတော့၏။

မဟာဓမ္မပါဠ



# ကိုယ့်အကြောင်း ကိုယ်ထည့် မည်သူမျက်နှာမှ ကြည့်ဖို့မလို

ဤ အတ္ထုပ္ပတ္တိစာတမ်းကား ငါတို့၏ တစ်သက်တာ ဖြစ်စဉ်များကို နောက်နှောင်းသူတို့ အတုယူမမှား ရှောင်သာရှားသာရန် ရည်သန်လျက် က ငါတို့ ကိုယ်တိုင်ပင် ရေးသားခဲ့မိခြင်း ဖြစ်ချေရာ-

ငါတို့သည်ကား ထိုထိုအမှု ပြုကျင့်ရာတိုင်း တို့၌ ငါတို့ကားမဟုတ် နောက်နောက်က စုမိဆောင်းမိခဲ့သော ကံ-ကိလေသာ-ဝိပါက ဝဋ်လမ်း ကြောင်း၏ သဘောသဘာဝအတိုင်းလည်းကောင်း၊ စရိုက်-ဉာဉ်-ဝါသနာတို့၏ သဘောဓမ္မတာ အကျိုးပေးရာအတိုင်းလည်းကောင်း ဖြစ်ပွားလာသော ရုပ်နာမ်တို့၏ လှုပ်ရှားမှုသက်သက်မျှသာ ဖြစ်၍ အထင်လည်းမကြီး သိက္ခာငဲ့၍ ဘက်ဖုံ့စရာလည်း မလို။

တစ်ဖန် ထိုထိုကံတို့အပေါ် ချာန်အလွှာ၊ ဉာဏ်အလွှာများလည်း ငယ်စဉ်ကာလမှစ၍ အရွယ်အလိုက် အရှိန်ပါနေသော အမူအကျင့်မျိုး ရှိနေပြန်သဖြင့် အထင်လည်းမသေး မလေးမခန့်လည်း မလုပ်။

တစ်ဖန် ငါတို့ဘဝ ငါတို့ဖြစ်စဉ်များကို ငါတို့ကိုယ်တိုင် အကောင်းအဆိုး နှစ်မျိုးစလုံးတို့ဖြင့် မှတ်တမ်းတင်ထားခဲ့သည်ဖြစ်၍ မကောင်းရေးက ကာယကံရှင် ပြုပြင်မည်ကို စိုးရွံ့ရသောအမှု၊ ကောင်းကောင်းရေးက အရေးပေးခံရမည်ကို မျှော်လင့်ရမှုမှလည်း လုံးဝကင်းပချေ၏။ သို့ကြောင့် ဤ-မှတ်တမ်းကြည့်လျက်က ဟုတ်ထင်၏, မဖြစ်နိုင် ဆိုသော အငြင်းပွားစရာ ဝိဝါဒ စကားနှစ်လုံး ဝင်ရောက်စွက်ဖက်ရန် လိုအံ့မထင်။

နောက်နှောင်းသူများ ဖြစ်ကြပါလေသော သုတေသီတို့အား ငါတို့သတိပေးလိုသည်မှာ ဤ-ဘဝကန္တာရ သင်္ကေတ ကထာ ခေါ် ဘဝခရီးကြမ်းမှတ်တမ်းလာစကားကို လေ့လာရာ၌-

ပွဲကြည့်ရာတွင် ဇာတ်ဆောင်တို့၏ ဝတ်စားပြင်ဆင်ပုံ ဟန်ပန်တို့အပေါ်မှာသာ(ကလေးပွဲကြည့်နည်းပမာ) မေးတင်မထားလေပဲ၊ ထို ဇာတ်ဆောင်တို့ ဖေါ်ဆောင်သွားသောဇာတ်လမ်း (ပညာပေးသင်ခန်းစာ)၏ အနှစ်အသားသို့ ဆိုက်စေသည်အထိ လူကြီးပွဲကြည့်နည်း၏ အကြည့်ပေါ်တွင် အသိတင် ကြည့်လေသည့်နည်းတူ ငါတို့သိစေလိုသော မှားသောစိတ်ဓာတ်နှင့် ထိုစိတ်ဓာတ်ပုံဖော်ရာ ဘဝဖြစ်စဉ်၏ သဘာဝ၊ မှန်ကန်သောစိတ်ဓာတ်နှင့် ထိုစိတ်ဓာတ်ပုံဖော်ရာ ဘဝဖြစ်စဉ်၏သဘော၊ ထို ကျောရိုးနှစ်ခု သူလုကိုယ်လု အလုအယက် ပေါ်ထွက်လာသော ဘဝဖြစ်စဉ်၏ဓမ္မတာတို့အပေါ် ရိပ်မိဉာဏ်ဝင်စေသည်အထိ လေ့လာရန် သတိပေးလိုပေ၏။

အမှားဘက်၊ အမှန်ဘက် ထိုဘက်နှစ်ဖက်တို့ ကွက်ကွက်ကွင်းကွင်း မြင်သိပြီးက ရှောင်စရာရှိက-ရှောင်၊ ဆောင်စရာရှိက-ဆောင်ပါချေသော် သင်သည် မဖွံ့မစိတ်လတ်ပိုင်းသို့ ရောက်လာစေခြင်းဖြင့် သင်၏လမ်းမှန်ရွေး သင့်လာမည်ဖြစ်ချေ၏။ ဤသို့ လမ်းရွေးမှန်, အပြန်ကောင်း, အစောင်းကင်းသို့ ဆိုက်ကြမည်ဆိုသော် ဤ အတ္ထုပ္ပတ္တိ ထားခဲ့ရကျိုး နပ်ပေပြီဟူ၍ ငါတို့ ထင်မြင်ယူဆမည် ဖြစ်ပါကြောင်း။

# ပထမပိုင်း

မဟာဇမ္ဗူပါလ



# ဘဝကဏ္ဍာရ သင်္ကေတ ကထာ

ငါတို့၏မွေးနှစ်ကား- ၁၃၀၃-ခုနှစ်တည်း။

ငါတို့၏ မွေးနေ့, မွေးရက်ကား ဝါဆိုလပြည့်နေ့၏ ညဥ့်တစ်ချက်တည်း တနလ်ာမှအကူး အင်္ဂါ၏ အချိန်ဦး တည်း။

ထို တစ်ထောင့်သုံးရာပြည့်မှ သုံးခုအစွန်းထွက် ထွက်ပြူလာခဲ့သောနှစ်တွင် ဒေသအားဖြင့် အညာ ခေါ် အထက်အရပ်ရှိ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အပိုင် သောက္ကဲကျေးရွာအုပ်စုတွင် မင်းကုန်းဟူသော ရွာ၌ -

အမိကား- ဒေါ်မေ၊ အဖကား- ဦးဘစံ တို့၏ ဝမ်းဝယ် သန္ဓေခိုအောင်းရာမှ မွေးဖွားထွက်ပေါ် လာခဲ့ရချေသည်။ နှစ်အားဖြင့်လည်း အစွန်းထွက်၊ နေ့ရက်အားဖြင့်လည်း လပြည့်ရက်၏ အစွန်းထွက်၊ အချိန်အားဖြင့်လည်း တနလ်ာမှကျော်လွန်စ အစွန်းထွက်အချိန်မျှသာ ရှိချေသေးရကား ငါတို့အတွက် အတိတ်နိမိတ်ကား အစွန်းထွက်သမား ဟူ၏။

- ဘာလုပ်လုပ် တဇွတ်ထိုးစိတ်ဖြင့် အစွန်းထွက်အောင် လုပ်ဆောင်မည့်သူ။
- ဘယ်သူဘာပြောပြော ငါသဘောမကျသမျှ တစ်ပြားသားမျှ မလိုက်လျောတတ်မည့်သူ။

အထက်ပါ နိမိတ်များကား မွေးကတည်းက ပါလာခဲ့သော အမွေရပစ္စည်းများ ဖြစ်ချေ၏။ အကယ် တိတိ နိမိတ်ဖတ်သမား ဗေဒင်ပညာရှိ ပုဏ္ဏားများ ငါတို့ ဒေသ၌ရှိခဲ့လျှင် ငါတို့ မွေးနှစ်၊ မွေးရက်၊ မွေးနေ့၊ မွေးချိန်ကို ကြည့်၍ ငါတို့ကဲ့သို့ပင် နိမိတ်ဖတ်မည်မှာကား သေချာပေါက်တည်း။

▼

## အရိုးအိုးထမ်း၍ တန်းဝင်လာခြင်း

ငါတို့ပဋိသန္ဓေရသောညက မိခင်ကြီး မြင် မက်သောအိပ်မက်ကား ပိတ်ဖြူစင်ကြယ်နှင့် လူကြီး တစ်ယောက်က လာတဲ့ပြီး အရိုးအိုး (ဘုန်းကြီးပျံပွဲ များ၌ မီးသဂြိုဟ်ပြီးအရိုးလက်ကျန်များကို ထည့်သိမ်း ထားရာအိုး) တစ်လုံးလာရောက်ပေးအပ်သည်ဆို ၏။ မိခင်ကြီးကလည်း ဘုမသိ၊ ဘမသိရာမှပင် 'ဟုတ်ကဲ့' ပြောကာ လက်ခံထားလျက်က လန့်နိုးလာ ခဲ့သည်ဆို၏။

ဤကား ငါတို့ ပဋိသန္ဓေနေစ၏ အိပ်မက်တည်း။

စင်စစ် ငါတို့ဘဝအကြောင်း သုံးသပ်ရချေ သော်-နောက်ဘဝအကြောင်းလည်း ထည့်သွင်းပြော မှ ပြည့်စုံရာ၏။ ဥပါဒါနပစ္စယာဘဝေါ သရုပ်လည်း ပေါ်လွင်ရာ၏။

ယခင်ဘဝက ငါတို့သည်ကား ရဟန်းတစ်ဝါ အရတွင် ကျောက်ရောဂါဖြင့် ပျံလွန်ခဲ့ရာ အစ်ကို ၏အပေါ် အစွဲမပြတ်သဖြင့် အစ်ကို့ထံ လူပြန်ဖြစ်ရ ခြင်းတည်း။

မဟာဗမ္မပါလ



ထို ယခင်ဘဝက မိဘများ ဖြစ်ကြသော ဦးဖိုးရှိန်+ဒေါ်ဖက်ဖူးတို့တွင် ချမ်းညိမ်း၊ သိန်းခင်၊ ဘစံ၊ ဘမောင်၊ ညဏ်ကျော် ဟူ၍ သား-သမီး ငါးယောက် ထွန်းကားခဲ့ချေရာ ငါတို့ကား ငါးယောက်မြောက် ဖြစ်ခဲ့ပြီး ငါတို့အထက် တတိယမြောက် အကိုကြီးကို အစွဲမကုန်သဖြင့် ယခုဘဝ အဖေခေါ်ရခြင်း တည်း။

ယခုဘဝ၏ မိဘများ၌လည်း အောင်ခ၊ သန်းမောင်၊ စန်းကြည်၊ သန်းအောင်၊ ညိမ်းမောင် ဟူ၍သား-သမီး ငါးယောက်ထွန်းကားချေရာ ငါတို့ကား ဘိတ်ပင်တည်း။ ထိုဘိတ်ကား နောက်ဆုံးပိတ် အိပ်နှင့်လွယ် ဘိတ်လား၊ ဘိတ်ချီး လေလား မဆိုနိုင်ချေ။

ထိုသို့ ငါတို့၌ နှစ်ဘဝဆက်စပ်နေသဖြင့် ငယ်စဉ်က မိဘအပေါ် ငါတို့အခေါ်အဝေါ်မှာ လက်ရှိကို အမေလေးခေါ်၍ အတိတ်ကိုကား အမေကြီး ခေါ်ငင်၏။ သံယောဇဉ်ကြီး အစွဲပိုရာ၌ အတိတ်မိခင်အပေါ် အစွဲပိုခဲ့၏။ ခင်မင်စိတ်များခဲ့၏။ လက်ရှိမိခင်၌ကား ငါတို့ဘက်ကအခင်နည်းပြီး မိခင်ဘက်က အခင်ပို၏။

ထို ညဏ်ကျော်ဘဝဖြင့် သာသနာတွင်းသို့ ဝင်ရောက်လာသောအခါ ဘွဲ့မှာ 'ဥ ယျ' အမည်တွင်၏။ ဆရာကား မင်းကုန်းတောရကျောင်းကြီး ဆရာတော် ဦးသုနန္ဒ ဖြစ်ချေ၏။ ထိုဘဝမှာလည်း အစွဲသန်,စိတ်ကြီး၏။ ထင်သလိုမဟုတ် ရုတ်တရက်ပင် တဇွတ်ထိုးညဏ်သုံးကာ ဆုံးဖြတ်တတ်၏။ ကျောင်းအိပ်ကျောင်းစားဖြင့် ကျောင်းသားဘဝဝယ် အိမ်ပြန်ထမင်းစားပြီး ကျောင်းသို့အပြန် မိခင်ကြီးအား မိမိခေါင်း အုန်းဆီအလူးခိုင်းရာ မိခင်က တစ်ဖက်အလုပ် မပြီးသေး၍ ရုတ်တရက် လုပ်မပေးမိချေရာ မိမိခေါင်းပေါ်ရှိ ဆံရစ်ကို သစ်တုံးပေါ်တင် ဓါးဖြင့်ခုတ်ဖြတ်၍ ကျောင်းသို့ ပြန်သည် ဟူ၏။

## လက်ရှိဘဝတွင်း ဝင်မိလာသော ငါ

ငါတို့ဘဝကား စကတည်းက ဒုက္ခအရင်းတည်လာသောသူတည်း။ ငါတို့ဖခင်ကား အင်္ဂလိပ်တော်လှန်ရေးသမားအဖြစ် အမည်ခံလျက်က လက်နက်စွဲကိုင်ခြင်း၊ မြို့နေသူဌေးတို့အပေါ် ဓါးပြတိုက် အနုကြမ်းစီး၍ တောနေလူတန်းစား ဆင်းရဲသားတို့အား ဝေငှခြင်း စသည့်အမှုတို့ကို အုပ်စုဖွဲ့ကာထကြွမှုကြောင့် အရေးယူခံရရာ ဖခင်ကို မမိသဖြင့် မိခင်ကိုဖမ်းဆီး၍ ရွှေဘိုအကျဉ်းထောင်တွင်း သွင်းထားခံရလေသောအခါ ၆-လသားမျှ ရှိသေးသော ငါတို့သည်လည်း မိခင်နှင့်အတူ ထောင်အချခံခဲ့ရချေ၏။

စွဲမိခဲ့သော ဖခင်၏အမွေကား လူလောကရောက်သည်နှင့် ထိုက်တန်စွာရရှိလာခြင်း ဖြစ်၏။ ငါတို့ လူလားမြောက်လာသောကာလ အင်္ဂလိပ်မုန်းတီးခြင်းသည်လည်း ထိုဖခင်၏သွေးက ပေးလိုက်သော အမွေပင်ထင်မိ၏။

ငါတို့သားအမိ ထောင်တွင်းနေကြရစဉ် အချိန်၌ ဂျပန်များတက်လာပြီဆို၏။ ထိုဂျပန်များက ရွှေဘို ဗုံးကျဲလာတိုင်း ထောင်ဝင်းကြီး၏ဘေးရှိ သစ်ပင်ကြီး စသည်တို့သို့ တက်ရောက် ဗုံးခိုကြရဆို၏။ ထောင်တွင်းဆိုသော်လည်း စင်စစ် နံရံကာ ထောင်ကြီးအတွင်းကား ဟုတ်ဟန်မရှိ။ စစ်ဆေးဆဲကာလသားတို့ နေရိုးထုံးစံ အကျယ်ချုပ်ထားရာ အချုပ်အိမ်ဖြစ်ဟန်ရှိ၏။ အဘယ့် ကြောင့်ဆိုသော် ဗုံးကျဲလေယာဉ်သံ၊ အချက်ပေးမြည်သံများ ကြားသည်နှင့်၊ အထက်ထပ်မှ သားငယ်ကို ပွေ့လျက်က လှေခါးအတိုင်းမဆင်းဘဲ၊ လှေခါးလက်ရမ်းတန်းပေါ်မှ လျှောဆင်းကာ ပုန်းရသည်ဟူ၍ မိခင်စကားကြားဖူးသောကြောင့်။

တစ်နေ့ ငါတို့သားအမိကလည်း ထိုကဲ့သို့ ဒရောသောပါး ဆင်းအပြေး အင်္ဂလိပ်ထောင်ပိုင်ကြီးကလည်း ငါတို့ပြေးရာလမ်း ၎င်း၏ကားဘေးတွင်

မဟာဗမ္မပါလ



ခါးထောက် ရပ်နေရာ ငါတို့နဖူးနှင့် ၄င်း၏ တတောင်ဆစ် တိုက်မိကြဆို၏။

- ငါတို့နဖူးသည်လည်း ဇီးဖြူသီးတမျှ ဖူးဖူးရောင်သွားခြင်း။
- အင်္ဂလိပ်ကြီး၏ တတောင်ဆစ်လည်း ကွမ်းသီးလုံးတမျှ ဖူးဖူးထသွားခြင်း။

အင်္ဂလိပ်ကြီးသည်လည်း တကျွတ်ကျွတ်နှင့် စုပ်သပ်နေရစ်သည်ဆို၏။ ငါတို့သည်လည်း ငိုရှိုက်မဆုံးတော့ဆို၏။ မိခင်ကား ဘာကိုမျှ သတိမထားနိုင်။ သူသတိထားသည်မှာ သူ့သားလေး ဖုံးဆံမထိရေး တစ်ခုတည်းဆို၏။ သို့ကြောင့် ထောင်ဝင်းဘေး သရက်ပင်ကြီး၏ထိုင်ခုံတို့အောက် လေးဘက်ထောက် ဝပ်လျက်က ငါတို့ကိုကား ထိုလေးဘက်ထောက်ကာထား ရင်ခွင်ကြား နေစေသည်ဆို၏။

နောက်တစ်နေ့တွင်ကား ထိုထောင်ပိုင်အင်္ဂလိပ်ကြီးက ငါတို့သားအမိ၏ ဖြစ်အင်ကို သနားသဖြင့် သားသည်မိခင်များအားလုံး နေရပ်ပြန်ရန် လွှတ်ပေးခဲ့သည်ဆို၏။ နောင်လည်း သားသည်မိခင်ကို မဖမ်းရ အမိန့်ထုတ်သည်ဆို၏။ ငါတို့ကိုအကြောင်းပြု၍ ဦးစွာ သားသည်မိခင်များနှင့်ခလေးများ ချမ်းသာရာ ရစေခြင်းတည်း။

## နှစ်နှစ်သားဘဝမှ ခုနစ်နှစ်သား ငါ့ဘဝ

ငါတို့ ထောင်မှလွတ်မြောက်လာသောအခါတွင် ဖခင်ကားမရှိတော့ပြီ။ အုပ်စုသူကြီးဖြစ်သော သောက္ကသူကြီးနှင့်အဖွဲ့တို့၏ ချောင်းမြောင်း သတ်ဖြတ်မှုကြောင့် ကွယ်လွန်သွားရရှာချေပြီ။ မရှေးမနှောင်းမှာပင် ငါတို့အထက်ရှိ သားတစ်ယောက်လည်း တိမ်းပါးခဲ့ရချေပြီ။

တစ်ချိန်က တစ်ဦးတည်းသောသမီး ဖြစ်သဖြင့် ဘာဆိုဘာမျှမလုပ်ဘူး၊ မကိုင်ခဲ့ရဘူးသော ငါတို့မိခင်ကား အရွယ်အားဖြင့် အသက်သုံးဆယ်ရှိအရွယ်နုလေးဖြင့် မုဆိုးမဘဝ ရောက်ခဲ့ရပြီး ကျန်-သားသမီး လေးယောက်တို့ကို ရုန်းကန်လုပ်ကျွေးခဲ့ရချေ၏။ နှစ်ဆောင်ပြိုင်အိမ်ကြီးကား တစ်ဆောင်ဖဲ့ထုတ်ရောင်းချခဲ့ရ၏။ ရှိသမျှလယ်တောများကိုယ်ပိုင်ကလည်းရောင်းချ။ အပ်နှံခံလယ်များကပြန်ပေးရဖြင့် လက်မဲ့ဘဝရောက်ခဲ့ရပြီ။ မတတ်သာအဆုံး ဈေးတောင်းခေါင်းရွက် တစ်ရွာဝင် တစ်ရွာထွက်၍ အသက်မွေးဝမ်းကျောင်းမှု ပြုရရှာချေ၏။ သို့တစေလည်း သားသမီးတို့ပထွေးလက်ဝယ် မျက်နှာငယ်ရမည်စိုးသဖြင့် အိမ်ထောင်မပြု။ သားသမီးတို့လူ့လောကဝယ် မျက်နှာငယ်မည်စိုးသဖြင့် ကျောင်းထား မပျက်။

ငါတို့သည်ကား အငယ်ဆုံးသားဖြစ်၍ အခွင့်အရေးပိုရ၏။ ဖတဆိုးလေးများတို့တွင် ငါတို့သည်ကား မိတကောင်းသားတည်း။

အခါလယ်ကျော် ခေါ်သော တစ်နှစ်ကျော်တစ်နှစ်ခွဲကာလသို့ အရွယ်ရောက်လာသောအခါ စကားပြောတတ်လာ၏။ အိမ်နှင့်အိမ်ဝင်း အတွင်းစံဘဝကို ငြီးငွေ့လာပြီး မိမိခြေတစ်ဆန့်သာမျှအထိ လောကကြီးကို စူးစမ်းလိုစိတ်ဝင်လာ၏။ အမေကြီးခေါ် အဖွား၏အိမ်သည် ငါ၏ ပထမဦးဆုံးသော စမ်းသပ်ရာအိမ်ဖြစ်ခဲ့၏။ အိမ်တွင်းအိမ်ပြင် ဝင်ကြည့်၏။ ဖုံးထားသောအရာတွေလျှင် ဖွင့်ကြည့်လိုစိတ်ပေါ်၏။ ဖွင့်လည်းဖွင့်ကြည့်ဖြစ်၏။ ပိတ်ထားသောအရာတွေလျှင်လည်းကောင်း၊ ကာရံထားသောအရာတွေလျှင်သော်လည်းကောင်း ဖွင့်ကြည့်လိုစိတ်လည်း ပေါ်စမြဲ။ ဖွင့်လည်းဖွင့်ကြည့်စမြဲ ဖြစ်ခဲ့၏။ ထိုသို့သော အရာမျိုးတို့ အထပ်ခိုးခေါ်သော အညာအခေါ် သဘော်ခြမ်းစင်ပေါ်၌တွေ့ရပါစေ တက်ရောက်၍ စူးစမ်းမြဲဖြစ်ခဲ့၏။ အဖွားသည်လည်း ငါ့အား မြေးတကာ့မြေးထဲတွင် အရေးပေးဆုံး ဖြစ်ခဲ့၏။

မဟာဓမ္မပါလ



ထိုအဖွားအိမ်၌ အားရလောက်အောင် မွေ့နှောက်ပြီးလေသောအခါ ရွာထဲသို့ လှည့်ချေတော့၏။ ခလေးအုပ်စုတွေသော် အစ၌ မယောင်-မလည် ရပ်လျက်က စူးစမ်း၏။ အရေးပေးသော ကလေးစုနှင့်တွေ့လျှင်ကား ၄င်းတို့နှင့်ရောနှောလျက်က ဝင်၍စူးစမ်းကြည့်၏။ ကလေးတို့ကား လောကကြီး၏ အကြောင်းခြင်းတများကို ကစားခွက်များဖြင့် စူးစမ်းနေကြ၏။ သုတေသနပြုကြ၏။ လက်သင်လေ့ကျင့်ခန်းဝင်နေကြ၏။ ယောကျ်ားလေးများကား တစ်ချိန် ခြင်ဆီပြည့်၍ အားရှိလာသောအခါ ယောကျ်ားတို့အားစွမ်း ကျားသို့ကျွမ်း၍ ဆင်သို့ ထမ်းနိုင်ရန်တည်း။ မိန်းခလေးများကား တစ်ချိန် ခြင်ဆီတိုး၍ ဖြိုးလာသောအခါ ခွေးကဲ့သို့ အိမ်ကိုလည်း စောင့် တောကိုလည်း လည်စေပြီး၊ ကြောင်ကဲ့သို့ အိမ်ပေါ်ကြွက်ထိန်း ပစ္စည်းသိမ်းတတ်ရန် တည်း။

တောကလေးတို့ကား တောသဘာဝအလိုက် လယ်ထွန်တမ်း၊ ထမင်းချက်တမ်း ကစားကြချေ၏။ အရွယ်နည်းနည်း ရလာသောအခါ ထုပ်စီးတိုးတမ်း ကြက်ခွပ်တမ်းကစားနည်း စသည်များအထိ တိုးမြှင့်လာတတ်၏။ ငါတို့သည်ကား ဆွမ်းခံတမ်း ကစားလေ့ ရှိခဲ့၏။

ထိုသို့ကစားရာမှ အစားဆာလောင်လာသောအခါ အမေ့ဆီ အမောတကောပြေးလာကာ နို့တိုက်ခိုင်း၏။ အမေကား အလုပ်လုပ်ရင်းက"နင်-လူပျိုကြီးဖြစ်နေပြီ။ ခုချိန်ထိ နို့စို့တုန်းလုပ်နေတော့ မရှက်ဘူးလား" မေး၏။ ငါတို့ကလည်း ခေါင်းရမ်းလျက်ကပင် အမေ့နို့ အတင်းလှန်စို့လေရာ ပြုံးပြုံးကြီးဖြင့် အမေကား ငုံ့ကြည့်နေမြဲသာ ဖြစ်ချေတတ်၏။

တစ်ခါတစ်ရံ ငါတို့က ကစားရာမှ မော၍ ပြန်အလာ အမေတို့ကား အိမ်လေ့ကားရင်း မိန်းမချင်း ထိုင် စကားလက်ဆုံကျနေတတ်ချေရာ ငါတို့ကား အမေ့ရင်ခွင်ကြား ဝင်အိပ်၍နေတတ်၏။၄င်းတို့ စကားပြော၍ လူစုကွဲသွားလေသောအခါ အမေသည် အိမ်အပေါ်ထပ်သို့ တက်မည်ပြုသောအခါ ငါတို့အား တင်ပါးလေးပွတ်ကာ,ပွတ်ကာ "ငညိမ်း ငညိမ်း"နှင့် နှိုး၏။ ငါတို့ကား နိုးလျက်သားနှင့် အိပ်ချင်ယောင်ဆောင်နေလိုက်ရာ အမေခမျာ အိမ်ပေါ်အရောက် ပွေ့တင်ရတတ်ချေသေး၏။ ဤကဲ့သို့ နို့စို့ခြင်း၊ ရင်ခွင်တွင်းဝင်အိပ်ခြင်းတို့သည် တစ်နှစ်ကျော် နှစ်နှစ်ကြား၏အတွင်း ကာလမျိုးတည်း။

သုံးနှစ်သားမျှ ငါတို့အရွယ်ရလာသောအချိန်တွင် ခြေရင်းအိမ်မှ မောင်ညိမ်း၊ စပ်ဖြူတို့ မောင်နှမနှင့် အပေါင်းအသင်းဖြစ်လာ၏။ အထူးသဖြင့် မောင်ညိမ်းနှင့်ပို၍ ခင်မင်၏။ ၄င်းကား ငါတို့ထက် အသက်သုံးနှစ်မျှ ကြီး၏။ ၄င်းနှင့်အတူ ရွာ၏ထိပ်ရှိကန်သို့သွား၍ ရွှံ့ခူးကြ၏။ ပါလာသော ရွှံ့များဖြင့် လေယာဉ်ပျံ တည်ဆောက်ကြ၏။ ဗုံးကြဲတမ်းကစားကြလေ၏။ အဘယ်ကြောင့်ဆိုသော် ထိုမောင်ညိမ်းကား ဒုတိယကမ္ဘာစစ်၏ ဗုံးကြဲချိန်ကို သိမှီလိုက်သောကြောင့်တည်း။ ငါတို့သည်ကား လေယာဉ်သံကြား ဗုံးခိုကျင်းထဲ အမဖြစ်သူမကြည်နှင့် ဝင်ပြေးရဖူးသည်ကိုသာ မှတ်မိတော့၏။ မိခင်များနှင့် ရွာ၏အရှေ့ ချောင်း၏အနီး နတ်တလူးတောကြားထဲ ပုန်းခိုနေရသည်ကို ရေးရေးမျှသာ မှတ်မိခဲ့၏။

လေးနှစ်သားမျှ ငါတို့အရွယ်ရလာသောအခါ ထိုမောင်ညိမ်းကား ကျောင်းသွားချေပြီ။ ငါတို့ကား ကစားဘက်ပဲ့ကာ နေရစ်ခဲ့ရချေတော့၏။ နေ့အခါ၌ ကြုံရာနှင့် ပျော်ပါးနေရတတ်ပြီး ညအခါ၌ အမများနှင့် ကစားရတတ်၏။ အဖွားကား လသာချိန် များ၌ တစ်ခါတစ်ရံ ပုံပြောတတ်၏။ တစ်ခါတစ်ရံ ဘုရားရှိခိုးသင်ပေးတတ်၏။ ထို လေးနှစ်သားအရွယ်မှစ၍ ဘုရားရှိခိုး အလွတ်ရခဲ့၏။ ကကြီး,ခကွေး အလွတ်ရနေခဲ့၏။ ကျောင်းသို့ ရောက်သောကာလ အလွယ်တကူ တတ်မြောက်သောအခွင့်ကို ဖြစ်စေခဲ့၏။

ငါတို့မောင်နှမကား တစ်ခါတစ်ရံ အဖွားအိမ်ဝင်းထဲ၌ ဝမ်းကွဲအစ်မ မတင်ခို စသူတို့နှင့် ကစားလေ့ရှိပြီး တစ်ရံတစ်ခါ ငါတို့အိမ်ဝင်းထဲ၌ပင် ဝမ်းကွဲ

ဗဟာရမြဲပါလ



(အမေ့ဘက်)အမျိုးများဖြစ်ကြသော တင်အေး၊ တင်ငွေး စသူတို့နှင့် ကစားလေ့ရှိကြ၏။

ထိုအချိန်၌ ငါတို့အစ်မကား ရှစ်နှစ်သမီးမျှ အရွယ်ရနေ၏။ ဝမ်းကွဲဘက်က မငွေးဆိုသူကား ကိုးနှစ်ဆယ်နှစ်မျှ အရွယ်ရနေ၏။ ၎င်းတို့ ညီအစ်မက ငါတို့အား ညီမဖြစ်သူ တင်ငွေးနှင့် ပေးစားကြကာ လင်မယားလုပ်တမ်းကစားကြချေ၏။ ငါတို့ကား စိတ်မပါလေ။ တစ်ဖက်က တင်ငွေးက သြဇာသီး တစ်လုံးပေးမည်၊ ၎င်းနှင့် လင်မယားတော်ပါ ပြောသည်ကိုပင် သူ့သြဇာသီး စားလိုသော်လည်း သူ့အား ပေါင်းလိုသင်းလိုစိတ် မရှိခဲ့ချေ။

▼

## ဘဝနှင့် တဏှာစိတ်

ငါးနှစ်သားမျှ အရွယ်ရလာသောအခါတွင်မူကား လင်မယားပေါင်းသင်းလိုစိတ် ပေါ်လာခဲ့ချေပြီ။ တော်သလင်းလ၏ ခွေးတို့ အိမ်ထောင်ပြုပွဲကို ကြည့်လျက်က စမ်းသပ်လိုစိတ် ထလာခဲ့၏။ ပထမတွင် ရွယ်တူယောကျ်ားလေးများဖြင့် ခွေးစုံတွဲတို့ကဲ့သို့ ပုဆိုးဖြင့်ဖွဲ့၍ ဖင်ပူးပူးစေကာ ကစားကြ၏။ နောက်သော် ရွယ်တူမိန်းခလေးများ ခေါ်ယူ၍ပင် လင်မယားလုပ်တမ်း ကစားကြချေ၏။ သို့သော် စိတ်ကားပါသလောက် ရုပ်ကားမလိုက်ပါခဲ့ချေပြီ။ မှတ်မှတ်ရရ ဘဝကိုမှီသော ထိုတဏှာသည်ကား ငါးနှစ်သားဘဝကပင် ငါတို့စိတ်၌ ကိန်းရာမှ နိုးထလာခဲ့ချေပြီ။

ထိုအရွယ်မှစ၍ အိမ်တွင်း၌လည်း ကွက်ရှုံးရလောက်အောင် တွေ့သမျှ ဖျက်ဆီးလေ့ရှိတတ်၏။ ရွာတွင်း၌လည်း လက်လှမ်းမှီသမျှ လက်ဆော့ခြေဆော့ ရှိတတ်၏။ တစ်ရွာလုံး၌ ငါတို့အကြောက်ဆုံးမှာ ဦးချစ်တီးတစ်ယောက်သာရှိ၏။ ထိုဦးချစ်တီးကား ငါတို့ကိုတွေ့သည်နှင့် ပြုံးပြုံးအော်ဟစ် ခြောက်လှန့်တတ်ချေရာ ဦးချစ်တီးနှင့်တိုးလျှင် ငိုပြန်ခဲ့ရသည်ချည်းဖြစ်ခဲ့ရ၏။ နောက်သော် ထိုဦးချစ်တီးကို စိတ်မှ တေးထားမိ၏ 'နေနှင့်ဦး ငါကြီးပြင်းလာမှ သိမည်' ဟူ၏။

တစ်ဆက်တည်းပင် လူကြီးကြီး ချက်ချင်းဖြစ်လိုသောစိတ် ပေါ်စေခဲ့၏။ 'လူကြီးဘဝ မြန်မြန်ကြီးရောက်ရပါလို၏' ဟူ၍လည်း ဆုတောင်းဖူး၏။ လူကြီးဖြစ်လာသော် လုပ်ချင်သည်ကိုလည်း ကိုယ်ပြီးကိုယ်ပိုင် လုပ်၍ရ၊ ဦးချစ်တီးကိုလည်း မကြောက်ရတော့ဟူ၍ စိတ်ကမျှော်လင့်ထားသောကြောင့် ဖြစ်၏။

ငါတို့စိတ်ဆိုးလာသော် ဆဲရေးလာတတ်၏။ ထိုဆဲရေးခြင်း၌လည်း ငါတို့ကား ငါရိုး တစ်ခုသာ ဆဲရေးတတ်၏။ ထိုငါရိုးဟူသော ဆဲစကားလုံးကို ရှေးက ငါတို့ရွာတွင် ဘိုးဖက်ဆိုသော အဖိုးတစ်ဦးသာလျှင် မွေးကတည်းက သေသည်အထိ သေတဖန် သက်တစ်ဆုံးသုံးသွားသော ဆဲရေးနည်းမျိုး ဆို၏။ သို့ကြောင့် ငါတို့ကိုလည်း တစ်ရွာလုံးက ဘိုးဖက်ဟူ၍ပင် ခေါ်ငင်ကြချေ၏။ ငါတို့ကလည်း မည်သူက ခေါ်ခေါ် ဘိုးဖက်ဆိုသည်နှင့် ငါရိုးက နောက်က ပါပြီးသား ဖြစ်၍နေတတ်၏။ ခေါ်သူတိုင်းကကား ရယ်မောပြီးသာ သွားချေတော့သတည်း။

ထိုငါးနှစ်သားဘဝ၌ အမေက ငါတို့စားရန်ဆိုကာ အိမ်ခြံတွင်းဝယ် ပြောင်းဖူးခင်းတစ်ခင်း ပြုလုပ်ပေးထားကာ ငါတို့ကို ကြက်ခြောက်ခိုင်းထားခဲ့၏။ ငါတို့ကား "ဟုတ်ကဲ့" ဆိုကာ မစောင့်ဖြစ်ခဲ့ချေ။ သို့ကြောင့် ကြဲချထားသမျှ ပြောင်းဖူးစေ့များ တစ်စေ့မကျန် ကြက်တို့ လာရောက် ကောက်စားကြလေသဖြင့် တစ်ပင်မျှမပေါက်တော့၍ တစ်ဖူးမျှ မစားကြရချေပြီ။

ဖြိုးခဲ့သောနှစ်က အပေါင်းအသင်း နည်းသဖြင့် ပြောင်းခင်းလည်း ကောင်း၏။ ငါတို့လည်း ကောင်း-သေး၏။ ခေါင်းရင်းအိမ်မှ နှမ,ခင်ရီကို ထိန်းကျောင်း

မဟာဓမ္မပါလ



ပေးရင်း ပြောင်းခင်းစောင့်ရင်းနေခဲ့ချေရာ ခင်ရီ ထိန်းသိမ်းခကား တစ်နေ့ မုန့်တစ်ခုကျ စားရ၏။ ပြောင်းခင်းထိန်းခကား ပြောင်းဖူးအဝ စားကြရ၏။ ယခုနှစ်ကား အပေါင်းအသင်းလည်းများ အပေါင်းအသင်းနှင့်ချည်း လိုက်လံကစားနေတော့ရာ ပြောင်းခင်းလည်းမကောင်း ငါတို့လည်းမကောင်း တော့ပြီ။

ခြောက်နှစ်သားမျှ ရောက်သောအခါတွင်ကား ပို၍ဆိုးရွားလာ၏။ အပေါင်းအသင်းများရုံသာမက မှား၍ပင်လာချေတော့၏။ တစ်ဖက်အိမ်က ငါတို့ထက် အသက်ကြီးသူ ကိုလှဖေဆိုသူနှင့် ပေါင်းမိသွားချေရာ ထိုကိုလှဖေက အန္ဓူကောင်းသဖြင့် အမေမွေးထားသော ကြက်အုပ်၏ ကြက်မြုံတွင်းမှ ကြက်ဥများကို တစ်နေ့တစ်ဥကျ တစ်ဥကျ နှိုက်ယူခိုးဝှက်ပေးရပြီး ၎င်းကိုလှဖေကကြော်ပေး ငါတို့က၎င်းနှင့်အတူစားဖြင့် ကြက်ဥခိုးစားဘဝအထိ ရောက်ခဲ့ရ၏။ အမေသိသော် ဆူ၏။ ဆူသော်ငြိမ်နေ၏။ နောက် လုပ်မြဲလုပ်သည်သာ ဖြစ်ခဲ့၏။

ခုနှစ်နှစ်သားဘဝရောက်သောအခါတွင်ကား ငါတို့သည် မကောင်းကျောင်းပို့ ခံခဲ့ရချေပြီး အစ်ကိုဖြစ်သူ မောင်သန်း(မောင်သန်းမောင်)နှင့် ကျောင်းအတူ လိုက်ပါရချေ၏။ ကျောင်းသို့ရောက်သည်နှင့် ပထမဆရာနှင့် နဖူးတွေ့ ဒူးတွေ့ ထပ်မံတွေ့ကြရချေရာ ထိုဆရာဖြစ်သူ တောကျောင်းကြီးဆရာတော် ဦးသုနန္ဒကို ကြည့်ပင်မကြည့်ရဲပြီ။

ငါတို့သည်ကား ပထမဥာဏ်ကျော်ဘဝမှ ယခု ညိမ်းမောင်ဘဝ ရောက်လာခဲ့ရချေပြီ။ ဆရာကား ယခင်ဘဝကလည်း သည်ဆရာ၊ ယခုလည်း သည်ဆရာသာဖြစ်ချေဘိ၏။ လူမှန်းသိတတ်ခါစ နှစ်နှစ်သားဘဝလောက်တုန်းက အမေနှင့် ဥပုသ်၏ အခါကြီးရက်ကြီးများတွင် ကျောင်းသို့ လိုက်ပါသွားလေ့ရှိရာ ကိုရင်ကြီး ကိုပြားက ချော့ခေါ်ပြီး မုန့်ပေး၍ နောက်ဘဝအကြောင်း မေးလေတိုင်း မဆိုင်းမတွ ပြောပြလေ့ရှိခဲ့ပြီး ငါးနှစ်သားဘဝ အပုပ်ထ၍ တက်ပြီးသောနောက်ပိုင်းကြလေမှ ပြောမပြတတ် ဖြစ်ခဲ့ရချေသည်။

ထို ပြောပြတတ်လေသော အချိန်ပိုင်းဆီတုန်းက ငါတို့လက်ကိုင်သုံးခဲ့သော ကွမ်းအစ်ကိုလည်းပြသနိုင်၏။ ငါတို့ဝတ်ခဲ့သော ဖျင်သင်္ကန်းကြီး (ဧကသီ)ကိုကား ကိုရင်ကိုပြားက ဝတ်ရုံထားချေရာ ကိုရင်ပြားကိုယ်ပေါ်မှ ထိုသင်္ကန်းမြင်သည်နှင့် ဆွဲ၍ လုယက်ခဲ့ချေ၏။

ပစ္စည်း၌ စွဲခဲ့သော တပ်စွဲမှု ကာမတဏှာကား ဘဝကို တံတားထိုး၍ပင် လိုက်ပါခဲ့ ပါချေ၏။ သည်မျှမကသေး ငါတို့အလွန်ကြောက်ရွံ့ရှိသေရသော ဆရာဘုန်းကြီးကိုလည်း ကြောက်စွဲက တံတားထိုးလိုက်ပါလာခဲ့ချေရာ ထိုဆရာဘုန်းကြီးကို မြင်သည်နှင့် ခေါင်းမဖော်ဝံ့ပြီ။

မှတ်မိသေးတော့သည်။ ငါတို့သုံးနှစ်သားလောက်ဆီတုန်းက အစ်ကိုဖြစ်သူ ဖိုးသန်း (သန်းမောင်)နှင့် ကျောင်းသားတွေ အလှော်ကောင်းသဖြင့် ကျောင်းသို့လိုက်ပါသွားခဲ့ရာ ဆရာဘုန်းကြီး မြင်သည်နှင့် အတိတ်ကပါခဲ့သော ဒေါသာနုသယခေါ် ကြောက်စွဲကြီးက အတွင်းမှနေလှုံ့ဆော်ပေးလိုက်ရာ တအယ်အယ်နှင့် ငိုနေရခဲ့ပါချေ၏။

ဆရာဘုန်းကြီးက-

"ဟိုကလေး မုန့်ပေးလိုက်ပါဟဲ့"ဆို တအယ်အယ်။

"ဟိုကလေး သူပျော်သလိုနေပါစေဟဲ့" ဆိုလည်းတအယ်အယ်။

ဆရာဘုန်းကြီးအသံ ကြားတိုင်း-ကြားတိုင်းလည်းကောင်း၊ ဆရာဘုန်းကြီးအသွင် မြင်တိုင်း-မြင်တိုင်းလည်းကောင်း တအယ်အယ် ငိုလို့ချည်းနေခဲ့ရရာ အိမ်ပြန်ရောက်သည်နှင့် လန့်ဖျားဖျားခဲ့ရဖူးချေ၏။

မဟာစမ္မပါလ



## ဣန္ဒြိယ သံဝရသီလနှင့် ပြည့်စုံသောငါတို့ဆရာ

ဆရာဘုန်းတော်ကြီး ဦးသုနန္ဒကား-

- ပါတိမောက္ခသံဝရသီလ-ဝိနည်းတော်အပေါ်၌ စောင့်စည်းအားကောင်းမွန်ခြင်း။

- ဣန္ဒြိယသံဝရသီလ-မျက်စိ,နား,နှာ,လျှာ,ကိုယ် စိတ်တို့ကို စောင့်စည်းရာ၌ ကောင်းမွန်ခြင်း။

- အာဇီဝပါရိသုဒ္ဓိသီလ-အသက်မွေးဝမ်းကျောင်းမှုကို ဝိနည်းတော်နှင့်လျော်ညီစွာ စောင့်စည်းထိန်းသိမ်းရာ၌ ကောင်းမွန်ခြင်း။

- ပစ္စယသန္နိဿိတသီလ-ပစ္စည်းလေးပါး တို့ကို ဆိုင်ရာအချိန်ပိုင်း(ဝိနည်းတော်အဆုံးအဖြတ်)

အတိုင်း သိမ်းဆည်းရာ၌ကောင်းမွန်ခြင်း ဂုဏ်တို့နှင့်ပြည့်စုံတော်မူချေရကား မိမိနယ် တစ်ပိုင်မျှ သာမက မြို့နယ်၊ ခရိုင်၊ တိုင်းများ ဖြစ်ကြသော ကန့်ဘလူ၊ ရွှေဘို၊ စစ်ကိုင်းသို့အထိ သတင်း ကျော်ဇောပျံ့နှံ့တော်မူခဲ့ပါချေ၏။ နယ်၌လည်း မိမိထက်အကြီးအကဲ ဆရာတော်ကြီးများကပင် လေးစားတော် မူကြရ၏။ ဝိနည်းကံအရ အဆုံးအဖြတ် ပေါ်ခဲ့သော် ငါတို့ဆရာဘုန်းကြီးကိုသာ လွှဲအပ်တော်မူကြသည်ဆို၏။

ထိုသို့ ဣန္ဒြေစောင့်စည်းအား အထူးကောင်းမွန်တော်မူခဲ့သဖြင့် ငါတို့သည်ကား မော်-မကြည့်ရဲလောက်အောင်ပင် ကြောက်ရွံ့ရိုသေခဲ့ကြရချေ၏။ ငါတို့ခေတ် ငါတို့မျက်နှာပေးမျိုးနှင့်ကား ဆီနှင့်ရေပမာ ကွာခြားလှဘိတောင်း။

သို့ကြောင့် အိမ်၌ မျောက်ရှုံးညိမ်းမောင်သည်ကား ကျောင်း၌ မျောက်နာကျ ညိမ်းမောင် ဖြစ်ခဲ့ရချေ၏။ ဆရာဘုန်းကြီးကား ငါတို့လာရာကိုလည်းသိ၊ ငါတို့အထာကိုလည်းသိသည့် အလျောက် အလိုလိုက်တော်မူ၏။ ငါတို့အပေါ်ဝယ် ရိုက်နှက်ဆုံးမခြင်းကင်း၏။ ငေါက်ငမ်းခြင်းလည်းကင်း၏။ ၄င်း၏အနီးအပါး၌မထား ဝေးသောနေရာ၌ထား၍ ငါတို့ကိုလည်း သင်ပုန်းကြီးစာမကုန်မချင်း အစ်ကိုဖြစ်သူကိုရင်ကြီးရှင်သာသန(လူအမည်သန်းမောင်) ကပင် ပညာသင်ပေးရချေ၏။ အစ်ကို ဖြစ်သူကား ငယ်စဉ်ကပင် လူအေးစိတ်အေးသမား။ ငါတို့ကား ငရုပ်ပိုးပမာ စပ်ပူစပ်လောင်သမား ဖြစ်သဖြင့် ငါတို့၏ ငယ်နိုင်ဖြစ်ချေရကား ငါတို့၏ပညာသင်စ, ကား ကိုယ်ပြီးကိုယ်ပိုင်တည်း။

▼

## တစ်နှစ်ဖြင့် ရှေ့တစ်လှမ်းတိုးခဲ့ရသောငါ

သင်ပုန်းကြီးကား တစ်နှစ်မျှဖြင့် တစ်ခေါက် ပေါက်မြောက်ခဲ့၏။

ထိုတစ်ခေါက်တည်းဖြင့်ပင် ရှေ့တက်ရန် လမ်းစပေါ်၏။ ဉာဏ်နုံ့သော ခလေးငယ်ဖြစ်ခဲ့ပါမူ အချို့ကား နှစ်ခေါက်ပေါက်၊ အချို့ကားသုံးခေါက် အထိ ပေါက်မြောက်မှသာ ရှေ့တက်ရရိုးထုံးစံ ရှိ၏။ ငါတို့ကား ထိုတစ်နှစ် ထိုတစ်ခေါက်ဖြင့်ပင် အက္ခရာဗျည်းပိုင်း ကျေညက်သဖြင့် အက္ခရာသရပိုင်းသို့ ကူးရန် ဦးစွာ-

နမော-ဗုဒ္ဓါယ-သိဒ္ဓံ-အအာ-ဣဤ-ဥဦ-ဧအဲ-ဩအော်-အံအား-၍-၌-၏-၎င်း ဟူသော သရတွဲကိုလည်းကောင်း၊ ထို၏အဖွင့်ဖြစ်သော-

အကြင်သူကား လေးပါးမပျက် အာသဝက်ကို ပယ်ဖျက်ရာကို ဣရိယာပုထ် ဤသို့ ချုပ်မှတ်စိတ္တုပ်ဥပါဒ် အမြတ်ဦးစွာ ထားရာအချက် ငြိမ်သက်၏ကြောင်း ထွန်းရှင်ကောင်းကို ညွှတ်ပြောင်းဩကာ ပြုပြီးခါမှ လိုရာစိတ်မှန်း ကမ္မဋ္ဌာန်းကို ထမ်း၍တစေ ရှုရာဖွေ၏။

ထိုနေသူကား နိဗ္ဗာန်ဖျားသို့ စံစားလည်းကောင်း ပျော်မညောင်းသည် ငယ်နှောင်းသူတို့ သိစေဖို့- သို့ ဆက်လက် သင်စေ၏။

မဟာဗောဓိ



ထိုအချိန်မှစ၍ ဆရာဘုန်းကြီးထံ ပညာသင်ခွင့်ရချေတော့၏။ ဆရာဘုန်းကြီး ကိုယ်တော်တိုင်ပင် လက်ရေးမူအဖြစ် ရေးပေးတော်မူကာ သင်ပြခဲ့ပါချေ၏။ တစ်နှစ်အတွင်း၌ပင် အလယ်တန်း ပမာဏရှိသောဖတ်စာ-ရေးစာများ၊ ဆုံးမစာ-ဘုရားရှိခိုးစာများအားလုံး ကျေညက်ပြီးဖြစ်ရကား-

အကယ်တိတိ သာသနာတော်၌ထိုတပည့်မမြခဲ့ချေသော် လူရာဝင်, လူကြီးလူကောင်းတို့အကြားဝယ် စကားပြောရည်မွန်ခြင်း၊ မှတ်သားစရာဟောပြနိုင်ခြင်း၊ အခြားသူတို့ သာသနာ၌ သဒ္ဓါတိုးစေခြင်း များဖြင့် လူ့လောက၌ လူ့ဘဝဖြင့် သာသနာပြုနိုင်ရန် ရည်ရွယ်၍ ဇာတ်တော်ကြီးများ(ပါဠိ-အနက်)ဖြင့်ကို ကူးပြောင်းတက်ရချေ၏။ ငါတို့အား ထိုဇာတ်တော် ကြီးများဖြင့် တန်မတန် စုံစမ်းသောအားဖြင့်-

ယဿာ နုဘာဝတော ယက္ခာ-နေဝဒဿေန္တိ ဘိသနံ အစချီသော(မေတ္တာသုတ် ပရိတ်ကြီး၏) ပဏ္ဏာမဂါထာပါဠိကို ငါတို့ထက်သုံးနှစ်မျှစော၍ ကျောင်းနေခဲ့သော ကြည်အောင်နှင့်တွဲ၍ အဖတ်ခိုင်းလေရာ ငါတို့ဟာ ထိုပါဠိ ပါဌ်ဆင့်များကို ဦးဆောင်ပြီး ဖတ်ပြလိုက်ချေရာ ဆရာဘုန်းကြီးသဘောကျသွားတော်မူ၏။

နောက်တစ်ရက်တွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ထဲဝယ် အခက်ဆုံး၊ ပါဌ်ဆင့်အများဆုံး၊ အနက်ဖွင့်အခက်ခဲဆုံးဖြစ်သော 'ဝေဿန္တရာဇာတ်တော်ကြီး' ဖြင့် အထက်တန်းလှမ်းခွင့်ရခဲ့ ပါချေ၏။

ထို 'ဝေဿန္တရာဇာတ်တော်ကြီး'နှင့် ပတ်သက်၍ သင်ပုန်းကြီးသင် ကာလတုန်းကပင် ငါတို့၏ နောက်ခံပါရမီဉာဏ်က နှိုးဆော်ခဲ့ပြီးဖြစ်ခဲ့၏။ တစ်ရက်တွင် ကျောင်းသားကြီးကိုဇော်ဂျီ (အမည်ရင်း ကိုကျော်လွင်) သည် ထိုဇာတ်တော်ကြီး တက်ဆဲရှိချေရာ ထိုဇာတ်တော်ကြီးထဲမှ 'အာဂန္ဒာ' ဟူသော ပါဠိဝယ် အနက်ကား-'၍' ဟူ၍သာ မြုပ်လျှက်ရေးသားထားချေရာ အနက်မှန်ကို ဖော်ထုတ်၍ မဖတ်တတ်ဘဲ ရှိသဖြင့် ငါတို့အစ်ကို ကိုရင်သာသနအား လာရောက်မေးမြန်းချေ၏။ ထိုစဉ် ငါတို့ကလည်း ထိုကိုရင်သာသနထံ သင်ပုန်းကြီးစာရေးပေးပါသည်ကို စောင့်ဆိုင်းနေဆဲဖြစ်ရာ"အာဂန္ဒာ"-ပုဒ်က ဘယ်လိုအနက်ပြန်ဆိုရသတုန်းကိုရင် ဟူ၍ အမေးရှိသည်တွင် "အာဂန္ဒာ-လာလတ်၍ပါခင်ဗျာ့"ဟူ၍ ကိုရင်ကြီးမဖြေမီ ငါတို့ကဝင်ရောက် ထောက်ပေးလိုက်ရာ ကိုရင်ကြီးနှင့်တကွ အားလုံး အံ့အားသင့်ကြရချေတော့၏။

ယခုထိုဇာတ်တော်ကြီးကို ငါတို့ကိုယ်တိုင် တက်ရောက်ရလေသောအခါ အထောက်အမ လွတ်ခဲ့ရချေပြီ။ ဆရာဘုန်းကြီးကလည်း တပြုံးပြုံးသာ ရှိချေတော့၏။ မေးစရာ ကိုရင်သာသနလည်း လူထွက်၍ သွားချေ၏။ ငါတို့သည်ကား ဆယ်နှစ်သက်တမ်းသို့ ဝင်ခဲ့ချေပြီ။ ဆရာဘုန်းကြီးသည်ပင် သက်တော် ခုနှစ်ဆယ်ကျော်ခဲ့လေပြီ။

▼

## ဆရာ့လက်စွဲဖြစ်ခဲ့ရသော ငါ

ငါတို့သည် စာတော်သော ကျောင်းသား သွက်လက်ချက်ချာ အထာသိသော ကျောင်းသားဖြစ်သဖြင့် ဆရာဘုန်းကြီးသွားရာ အပါးတော်မြဲဖြစ်ခဲ့ရချေသည်။ ငါတို့မတိုင်မီက ကျောင်းသား မောင်ညိမ်း(အတူနေရွာသူငယ်ချင်း)သည် ဆရာဘုန်းကြီး သွားလေရာ အပါးတော်မြဲဖြစ်ခဲ့ရ၏။ ယခုသော် ထိုသူငယ်ချင်း မောင်ညိမ်းက ကိုရင်ဘဝရောက်ရှိနေပြီဖြစ်သဖြင့် ၎င်းအစား ငါတို့နေရာရခဲ့ရချေတော့၏။

ဆရာဘုန်းကြီး၏ နောက်တော်ပါးမှ လိုက်ပါခွင့်ရ ကျောင်းသားသည် ဆရာ၏အကင်းအညာ

မဟာဗုဒ္ဓဝင်



အထာကိုလည်း သိရမည်။ ဥပဓိရုပ်လည်း သန့်ပြန့် စင်ကြယ်ရမည်။ သတ္တိလည်းရှိရမည်ဟူ၏။

ထိုတွင် ငါတို့ဆရာဘုန်းကြီးသည်သုမင်္ဂလ၊ ဒုမင်္ဂလခေါ်သော သာမူကိစ္စ၊ နာမူကိစ္စတို့၏ အလှူ အတန်းသို့ ကြွရောက်ရာ၌ ရဟန်းပရိတ်သတ်၊ လူ ပရိတ်သတ်တို့အကြား လက်သုတ်ပဝါကပ်စမ်း။ ပလုတ်ကျင်းရေကပ်စမ်း စသည်တို့ကို ဝစီဝိညတ် သုံးလျက်က ဝစီနှုတ်မြွက် ခိုင်းလေ့မရှိတတ်။ နောက်ပါတပည့် ဖြစ်သူကသာ သူ့အချိန်အခါ၊ သူ့ ကိစ္စကြည့်လျက်ကလည်းကောင်း၊ ဆရာဘုန်းကြီး ၏ မျက်နှာရိပ် မျက်နှာကဲ ကြည့်လျက်ကလည်း ကောင်း၊ ပြုမူဆောင်ရွက်ရသည်သာဖြစ်၏။

ဆရာဘုန်းကြီး ဘုရားဝင်းအတွင်းဝင်တော့ မည်ဟု ရပ်လိုက်သည်နှင့် ဘိနပ်ရုပ်ဖို့ အပါးဝထား ရပြီး၊ ဆရာဘုန်းကြီး ဘုရားဝင်းထဲမှထွက်ကြွ လာသည် နှင့် ဘိနပ် အဆင်သင့် ခင်းထားဖို့လည်း အပါးဝရချေသည်။ သည့်အတူပင်လျှင်ဆွမ်း၊ ခဲဘွယ်ဘောဇဉ် များကို မှီဝဲသုံးသပ်ရာတို့၌လည်း အစမှအဆုံးတိုင် ဆရာဘုန်းကြီး၏ မြင်သာလောက် ရာ အရပ်မှ နေလျက်ကသာ ဆရာဘုန်းကြီး၏ အမူ အရာကို အကဲခတ်နေတတ်ရချေသည်။

ဆရာဘုန်းကြီးက ဆွမ်းကိစ္စပြီးစီးသဖြင့် ငြိမ်သက်နေသော် မိမိက အနီးအပါးကပ်ရောက်၍ ပလုပ်ကျင်းရေကပ်ရခြင်း၊ လက်သုပ်ပုဝါဆီသို့ ဆရာဘုန်းကြီး၏ မျက်စိရောက်သွားသော် ထို- လက်သုပ်ပုဝါကောက်ယူ၍ ဆက်ကပ်ရခြင်း စသည် များကို မတောင်းဘဲနှင့် ပြီးစီးနေစေသော အကင်း အညာ,အထာသိနေသူမှ နောက်လိုက် အပါးတော် မြဲအဖြစ် ခေါ်လေ့ရှိတတ်၏။

ရုပ်ရည် သန့်ပြန့်မှုကား ပရိတ်သတ်အများ ကြား ပွဲတိုးရမည် ဖြစ်သောကြောင့်ဖြစ်၏။ သတ္တိရှိ ဖို့ရန်ကား ပရိတ်သတ်ရှေ့ ရွံ့တွန့်တွန့်သမား ဖြစ်နေ သော်မခေါ်တတ်။ အခြားရွာတို့မှ ဘုန်းကြီးနောက် လိုက် ကျောင်းသားများနှင့် ရန်ဖြစ်သော် ငိုပြန်လာ က မခေါ်တတ်။

ငါတို့မမှီလိုက်သော တစ်ခါက ငါတို့ရွာမှ ကျော်ရှင်သည် ဆရာဘုန်းကြီးနောက်မှ အပါး တော်မြဲအဖြစ်လိုက်ပါပြီး တစ်ရွာသား ကျောင်းသား များနှင့် ရန်ဖြစ်ကြရာ ရှုံးနိမ့်သဖြင့် ငိုပြန်လာခဲ့ဆို၏။ ဆရာဘုန်းကြီးသည် သူ့တပည့်ဖြစ်ပြီး သည်လောက် သတ္တိကြောင်ရသလော၊ သည်လောက် သူ့ရဲဘော နည်းရသလောဆိုကာ တစ်လမ်းလုံးပင် ထို ကျော်ရှင် အား ရိုက်နှက်သောဟူ၏။ သတ္တိပညာ မည်သည့် ဘက်ကစမ်းစမ်း သူ့တပည့်က သာမှ ကြိုက်၏။

ငါတို့လက်ထက်တွင်ကား ဆရာဘုန်းကြီး ၏ သက်တော်သည် ခုနှစ်ဆယ်ကျော်လာခဲ့ပြီဖြစ်ရာ မာန်ကျသွားချေပြီ။ ငါတို့သည်ကား ရန်မဖြစ်ရဲခဲ့။ ရန်ဖြစ်သည်လည်းမရှိခဲ့။ ဆရာ့ဆန္ဒ အထာသိခြင်း တစ်ခုထည်းဖြင့်သာ လိုက်ပါခွင့်ရစေခဲ့၏။

## ဆရာချစ်သော ငါ

ငါတို့သည်ကား လူ့ဘဝခြေချပြီးသည်နှင့် မုဆိုးမသား ဖြစ်ခဲ့ရသဖြင့် အနေဆင်းရဲ အဝတ်ဆင်းရဲ အစားဆင်းရဲသာရှိဘိ၏။ အစစအရာရာ ကြပ်တည်း စွာနေခဲ့ရ၏။ ထိုဆင်းရဲမှုကိုလည်း ကရုဏာသက် သည်ထင်၏။ ငါ၏ သွက်လက်ဖျတ်လတ်ခြင်း၊ အထာသိခြင်း၊ စာပေတော်ခြင်းများကိုလည်း နှစ်သက်သည် ထင်၏။ ငါ၏နောက်ကြောင်းဘဝက သူ့တပည့်ဖြစ်ခဲ့သည်ကိုလည်း အမှတ်ရသည်ထင် ၏။ အားလုံးထဲတွင် ငါတို့အား အလိုအလိုက်ဆုံး ဖြစ်ခဲ့၏။

၄င်းနောက် အပါးတော်မြဲလိုက်သောအခါ ဝတ်ဆင်ရန်ပုဆိုး၊ အင်္ကျီများကိုလည်း ၄င်းဝတ္ထု

မဟာဓမ္မပါလ



ငွေဖြင့်ပင်ဝယ်ပေးကာ သီးသန့်ထားစေ၏။ ငါတို့ ငယ်ငယ်က ဆံရစ်ကလေးနှင့်ရှိရာ ထိုဆံရစ်ကို လည်း ကိုယ်တော်တိုင်ပင် ရိပ်ပယ်ပေးလေ့ရှိ၏။ ရှစ်နှစ်သားဘဝမှစ၍ ကျောင်း၌ပင်အိပ်ရာ ကိုးနှစ်၊ ဆယ်နှစ်အရွယ်ရောက်သောကာလ ဆရာဘုန်းကြီး ၏ ခြေတော်ရင်း၌ပင် အတူနေ လှမောင်ကြီးနှင့် အတူအိပ်ခွင့်ရ၏။ အခြားကျောင်းသား ကိုရင်တို့ ကား အခြားကျောင်းများ၌ပင် သီးခြား အိပ်ကြရ ချေ၏။

ထိုသို့အရေးမပေးမိ တစ်နေ့နံနက် အရုဏ် မတက်မီ စကြ်န်လျှောက်နေရာမှ မီးတင်းကုပ်ထဲ ရေနွေးအိုးတည်နေသော ငါတို့ကိုလှမ်းခေါ်၏။ အနီးရောက်သော် မြင်းခုံ ခေါ် ခုံရှည်ပေါ်ဝယ် တင်ပါးလွှဲထိုင်တော်မူကာ ဝတ်ဖြည့်ခိုင်း၏။ ဝတ်ဖြည့်ရင်းမှပင်-

"မင်း- လိမ်လိမ်မာမာနေတတ်ရမယ်။ ပညာကျိုးစားရမယ်။ သည်နှစ်ချက်နဲ့ပြည့်စုံအောင် နေရင် ငါချစ်မယ်" ဟူ၍မိန့်၏။

ကလေးပီပီ "တင်ပါ့" ဖြင့်ပြီးခဲ့ရချေ၏။

ထိုအမိန့်စကားအတိုင်းပင် ငါတို့ကား ကြိုးစား၏။ ဆရာကား ငါတို့ကြိုးစားသလောက် အရေးပေး၏။ သို့သော် ပြုးခြင်း၊ ရယ်ခြင်း၊ လူလူချင်း ဆက်ဆံခြင်းသို့ ဖက်လှဲတကင်းကား မဟုတ်ချေ။ ငါတို့တော်စကား ငါတို့ရှေ့၌ပင် မပြောချေ။ ရွာက လူကြီးများ ကျောင်းသို့ ဥပုသ်ဆောင် လာရောက် ဝင်ကြသောကာလမျိုးများမှ မည်သူ့ သားလေးက ပညာတော်သားဟဲ့ ချီးကျူးစကား ပြောလေ့ရှိရာ ငါတို့ကား ရွာထဲမှတဆင့်သာ ကိုယ့်အကြောင်းကိုယ် သိခွင့်ရချေ၏။ မိဘများလည်း ထိုအခါမျိုး မှာမှ သားကိုမှီ၍ပီတိဖြစ်ကြရ၏။ ဝိနည်းသိက္ခာနှင့် ပတ်သက်လာလျှင် အသေးအမွှားကစ သတိလွတ် သည်မရှိခဲ့။ ထိုသို့ စရဏသီလ စင်ကြယ်တော် မူသဖြင့် လူအများ၊ နတ်အများတို့၏ ရိုသေမှုကို ခံတော်မူရ၏။

တစ်ခါက ထွက်ရပ်ပေါက်ဝိဇ္ဇာများ တလှည့် ပြန်လာကာ ဘုရားတည်သွားသဖြင့် "တတုန်ပြန်" ဘုရားဟူ၍လည်ကောင်း၊ တုန်ကန်ကုန်းပေါ်ဝယ် တည်ထားသဖြင့်"တုန်ကန်"ဘုရားဟူ၍လည်း ကောင်း၊ ဘွဲ့တော်သတ်မှတ်ခံရသော စေတီတော် သည် ခြုံနွယ်တို့ဖြင့် ပိတ်ဖုံးကာ လုံးလုံးမြုပ်နေရာမှ နတ်များ၏နှိုးဆော်ချက်ကမ္မဇိဒ္ဓိဖြင့် ရောင်ခြည် တော်များ ကွန့်မြူးချေရာ ချိုးမီးရိုက် ပိုက်ထောင် ဝါသနာပါသော ငါတို့ရွာမှ ဖိုးတုပ်တို့လူစုတွေ မြင်ခဲ့ လေ၏။ ထိုဖိုးတုပ်တို့စကားကြောင့် ဆရာဘုန်းကြီး နားပေါက်သွားချေရာ ၎င်းကိုယ်တော်တိုင် တစ်ည လုံးလုံးဂုဏ်တော်နှင့် မေတ္တာပွား၍ ထို တုန်ကန် ကုန်း၌ သီတင်းသုံးတော်မူ၏။

ည၏ အမှောင်ရိုးကြီးစိုးသည်နှင့် ရောင်ခြည် တော်များ ကွန့်မြူးနေသည်ကို ဖူးတွေ့ရဆို၏။ ရောင်ခြည်တော်ဟူသည် နတ်တို့က ဤနေရာ ဘုရားဓာတ်တော် မွေတော်များရှိသည်ဟူ၍ လူတို့ သိစေလိုသောကြောင့် ၎င်းတို့ကမ္မဇိဒ္ဓိဖြင့် ပြသ သည်လည်းရှိ၏။ လူတို့၏ ဘုရားအပေါ် ကြည်ညို သော သဒ္ဓါပသန္နစေတနာခေါ် စိတ်စေတနာ ကြည်လင်မှုကြောင့် ဓါတ်တော်များ၌ ကိန်းဝပ်နေ သော ဘုရားရှင်၏တံခိုးတော် ဓမ္မသတ္တိများ မြူးကြွ လာကာ ရောင်ခြည်တော် ကွန့်မြူးသည် လည်းရှိ၏။

ထိုနှစ်မျိုးတို့တွင် ယခုဖူးတွေ့ရသည်ကား နတ်တို့၏နှိုးဆော်မှုသည် အဓိကဖြစ်ချေ၏။ အဘယ်ကြောင့် နှိုးဆော်ရလေသနည်း မေးသော်-

ထိုတုန်ကန်ဘုရား၏ ပွင့်သင့်သောအချိန် ရောက်ရှိလာခြင်း၊ ၎င်းဘုရားကိုမှီခိုလျက်က ဒါန နှင့်ထိုက်သူ ဒါနအမွေ၊ သီလနှင့်ထိုက်သူ သီလ အမွေ၊ နေက္ခမ္မနှင့်ထိုက်သူကို သိက္ခာသုံးဆင့် အကျင့်အမွေ လက်ရမိမိ ရရှိစေလိုခြင်းများကြောင့် ပင်ဖြစ်ချေ၏။ ထိုအမွေများကို အဘယ်ကြောင့်

ငါတို့ဆရာဘုန်းကြီးအား နှိုးဆော်၍ပေးရလေ သနည်း ထပ်ဆင့်မေးချေသော်ကား ငါတို့ဆရာ ဘုန်းကြီးသည် စရဏသီလ ဖြူစင်မြင့်မြတ်ခြင်း၊ ဂုဏ်တော်-မေတ္တာနှစ်မျိုးတို့ကို ညဥ့်ဝယ်မပြတ် ပုတီးဖြင့် အထပ်ထပ်ပွားတော်မူခြင်း၊ တစ်နယ်လုံးက ကျောက်ထီးတန္တုအလေးဂရုပြုရသော ရဟန်းရှင်လူတို့၏ ဆရာတစ်ဆူဖြစ်တော်မူခြင်း ဟူသော နာယကဂုဏ်နှင့်ပြည့်စုံသောကြောင့်ပင် ဖြစ်ပါချေ၏။

ဤကား ငါတို့ဆရာနှင့်ပတ်သက်သော အကြောင်းအရာများတည်း။

## ဆရာနှင့် ဝေးခဲ့ရသော ငါ

ငါတို့ဆယ်နှစ်သားမှစ၍ ဆရာဘုန်းကြီး သည် ၄င်း၏အရှယ်တော်ကို ထောက်၍ အနီး၌ တပည့်ကြီးတစ်ပါး ခေါ်ထားချေတော့၏။အရေး မကြီးလှသော သာသနာ့ကိစ္စများ ၄င်းတပည့် ကြီးကို လွှဲထား၏။ သိမ်ကိစ္စ(သိမ်သမုတ်ပွဲ) ရဟန်းခံကိစ္စ များလောက်ကိုသာ ကိုယ်တော်တိုင်ကြွရောက် ချီးမြှင့်တော်မူပြီး ကျန်ကိစ္စများကိုကား တပည့်ကြီး ဖြစ်သူ ဦးအာစရကိုသာ လွှတ်တော်မူ၏။ ကျောင်းသား ကိုရင်လေးများ၏ စာပေသင်ကြားခြင်းကိုလည်း အခြေခံပိုင်းကို လွှဲအပ်တော်မူ၏။

ကျောင်း၏ အတွင်းကိစ္စ အဝဝကိုကား ဘာမျှပြန်မကြည့်တော့ပြီ။ ညစဉ် ညတိုင်း ကျောင်း သား ကိုရင်တို့ ဘုရားဝတ်တက်ပြီးသည်မှ ညဦးပိုင်း တစ်ပိုင်းလုံးလိုလိုပင် ကျောင်းကြီး၏ လေသာဆောင် ကြမ်းပြင်ဝယ် ပက်လက်ကုလားထိုင်တစ်လုံး ပုတီး တစ်လုံးဖြင့်ပင် ဂုဏ်တော်ပွားထုံသော အလေ့ကို ဖောက်ချပြုကျင့်တော်မူ၏။

ကျောင်းအုပ်ချုပ်ရေးတာဝန်ယူရသော ဒုတိယ ဆရာဘုန်းကြီးကား အမြဲပင် ဆူကြိမ်း ကြိမ်း စကားဖြင့် ငါတို့ကို ဆုံးမလေ့ရှိတတ်၏။ ငါတို့ကား ပထမဆရာဘုန်းကြီး၏ ရိုက်နှက်ဆုံးမမှုလောက် မနှစ်သက်တတ်။ ရိုက်နှက်မှုကား တစ်ချက်ပြီး တစ်ချက်ပျောက်နှုန်းဖြင့် ပြီးပြီးပြေပြေ ရှိသော် လည်း ကြိမ်းမောင်းမှုကား ကြာရှည်တတ်သဖြင့် နားပူမှုကား နာတာရှည်ရောဂါအဖြစ် ခံရလေ့ရှိ၏။ သို့ကြောင့် ကလေးထုံးစံအတိုင်း ငါတို့ကား မပြေး စဖူး ကျောင်းပြေးဘဝသို့ပင် ရောက်ခဲ့ရချေတော့၏။ ငါတို့ရယ် သူငယ်ချင်း ကိုရင်ငြိမ်း (ရှင်ဇဝန)ရယ် အုန်းမောင်ကြီးရယ် ကြည်ရွှေကြီးရယ် ကျီကျင်း ဆက်များပီပီ ငါတို့ရွာ၏အရှေ့ရှိ ငါတို့ဦးကြီး ဘုန်းကြီးဦးဇေသကရှိရာသို့ ထွက်ပြေးကြလေ တော့၏။

မပြေးတတ်ဘဲပြေးသော ငါတို့လေးယောက် သည်ကား တန်းတန်းမတ်မတ်ပင် ကိုသောင်းဖေ (ကိုရင်ငြိမ်း၏ဦးလေးတော်သူ) ယာခင်းထဲသို့ ဝင် သွားလေရာ တစ်နာရီအတွင်း ဖမ်းမိသွားချေတော့ ၏။ ညနေခင်းသို့ရောက်သော် မိဘများက လိုက်လံ အပ်နှံကြသဖြင့် ကျောင်းသို့ ပြန်လည် ရောက်ကြရ ပြန်ချေ၏။ ဆရာဘုန်းကြီးကား ရိုက်နှက် ဆုံးမခြင်း မပြုတော့ချေ။

သို့တစေလည်း ထိုမှစ၍ ငါတို့အား အရေး မပေးတော့ပြီ။ သာမာန်တပည့် ဆက်ဆံနှုန်းမျှသာ ပြုကျင့်တော်မူချေ၏။ အပြစ်တွေ့က မာန်မဲခံရ သော အဆင့်သို့ ရောက်ခဲ့ရချေ၏။

မှတ်မိသေးတော့သည်။ သီတင်းကျွတ် ကာလ၌ ဒုတိယဆရာကား အပျော်ဝါသနာပါ၏။ ပညာကား မထွန်းကားရှာလေ။ ထိုဆရာ၏ စီမံ ခန့်ခွဲမှုအရ ငါတို့ ကျောင်းသား, ကိုရင်တစ်သိုက် ငွေခွဲ၍ မီးပုံးပျံ ပွဲ ကျင်းပကြလေကုန်၏။ တစ်ခါဖူးမှ မမြင်ရ မတွေ့ရ ဖူးသော ငါတို့ကား ပျော်လိုက်သည့် ဖြစ်ခြင်း။

မကြာပါလေ သိတင်းကျွတ်ပွဲတော် ပြီးဆုံးသဖြင့် စာဝါများ ပြန်လည်ကောက်သောအခါ စာကျက်,စာအံရာ၌ အသံမကျယ်လောင်တော့ခြင်း၊ စာပေကျမ်းစာကို များများ မတတ်ရောက်ခြင်းများကို အကြောင်းပြု၍ ငါတို့အား "သိတင်းကျွတ်ပွဲတုန်းကတော့ နင့်အသံချည်းပဲ။ အခုတော့ ဘာ့ကြောင့် မထွက်ရသလဲဟဲ့ နင်ကအပျော်လောက်မက်တဲ့အကောင်စားပဲ"ဟူ၍ အော်ငေါက်တော်မူပါချေတော့၏။

ဆရာဘုန်းကြီး၏ အော်ငေါက်ခြင်းမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောပင် ဖြစ်ချေ၏။ တပည့်ကြီးဦးအာစရအား ဆုံးမလိုသည်လည်းပါ၏။ ငါတို့ကို ဆုံးမခြင်းလည်း ဖြစ်ဘိ၏။ ငါတို့သည်ကား တစ်ခါဖူးမျှ အမာန်မခံခဲ့ရရာမှ ယခု အမာန်အငေါက်ခံလိုက်ရသဖြင့် စိတ်ခုမိခဲ့ချေ၏။ သို့သော် စိတ်ထဲမှသာအခဲမကျေ ကျန်ရစ်ပါချေ၏။ ကိုယ်နှုတ်သို့ အထိကား ကူးစက်မလာခဲ့ချေပြီ။

## အပျော်နှင့်တွဲနေသော ငါ့ဘဝ

ငါတို့သည်ကား အပျော်မျိုးသာ ဖြစ်ချေ၏။ ဖခင်ကား နှံ့မှတ်ရာ၌တော်၏။ ဝမ်းကွဲအစ်ကိုလည်း နှံ့အရာ၌ လိမ္မာ၏။ အစ်ကိုရင်း အောင်ခသည်ကား ဒိုးခေါ်သောခြောက်လုံးပတ် တီးရာ၌လည်းကောင်း၊ မောင်းဆိုင်းတီးခတ်ရာ၌လည်းကောင်း ကျွမ်းကျင်၏၊ ဦးလေး(အမေ့မောင်ဝမ်းကွဲ)ကား ပတ္တလားတီးခတ်ရာ၌ ကျွမ်းကျင်၏။ ငါတို့မျိုးရိုးကြီးကား နှစ်ဖက်စလုံး၏ အဘိုးနှစ်ဦးတို့က ဆေးကုဆရာဖြစ်နေခဲ့ပြီးမှ သား-မြေးတို့ကား သဘင်ပညာဝါသနာထုံကြလေသဖြင့် မျိုးရိုးရေစီးကြောင်းကား မမှန်ခဲ့ချေ၊ ငါတို့သည်ကား ဆေးဘက်သို့မလား သဘင်သည် အပျော်အပါးဘက်သို့သာ ဆန်တက်ခဲ့ပါချေ၏။

ထိုသဘင်ဝါသနာသည် ဒိုးပတ်၊ အိုးစည်၊ ရိုးရာလက်စွဲများ၏ တီးသံကြားရသော် ပါးစပ်နှစ်ဖက် ဟလျက်ကလည်း အထက်အောက်မေးရိုးနှစ်ခုကိုရိုက်ကာ စည်းဝါးကိုက် လိုက်နေတတ်ချေ၏။ သို့တည်းမဟုတ် နှစ်ဖက်ပခုံးစွန်း တွန့်လျက်ကလည်း ကနေတတ်ချေ၏။ နောက်သော် ထိုမျှမကတော့ပြီ။

မှတ်မိသေးတော့သည်။ တော်သလင်းလ တစ်လဝယ် ငါတို့ဒေသ မိုးခေါင်ရေရှားဖြစ်ပြီး မစိုက်ကြရမပျိုးကြရ။ အချို့ကား စိုက်ပျိုးလျှက်တန်းလန်းတို့ဖြင့် လယ်ယာများရပ်နားထားရသဖြင့် တစ်ရွာလုံးက အားကိုးအားထားပြုကြရရှာသော ဆင်များရှင် ကိုယ်ပွားတော်ကြီးကို ငါတို့ကျောင်းမှနေရွာသို့ပင့် ဆောင်ကြကာ ရေသပ္ပါယ်ခြင်းအမှုပြုရန်လည်းကောင်း၊ ပန်း၊သစ်သီး၊ ရေချမ်း၊ ဆွမ်း၊ ကွမ်း ကပ်လှူမှုပြုရန်လည်းကောင်း ရွာ၌ ပြင်ဆင်ကြလေကုန်၏။

ငါတို့သည်လည်း ထိုပင့်ဆောင်ပွဲ၌ အတီးအမှုတ် အကအခုန်များဖြင့် လိုက်ပါကြရန် နောင်တော်ဖြစ်သူ ကိုရင်ကြီးသာသနကဇာတ်ဆရာ၊ ငါတို့ကား ဇာတ်ဆောင်လုပ်ကာ ညညများ၌ ဘုရားဝတ်တက်မှု၊ စာပြန်ဆိုမှု ပြုပြီးလေတိုင်း ဇာတ်တိုက်ကြရာ ဆရာဘုန်းကြီးကား မာန်မဲငေါက်ငမ်းခြင်း အမှုမပြုသည့်အပြင် ပြုံး၍ပင်နေတော်မူတတ်၏။ ဤမျှအထိ အခွင့်အရေးပေးခဲ့ရသောငါ ယနေ့ ထိုအခွင့်အရေးမျိုး မရတော့ပြီ။

ထိုအခွင့်အရေးမျိုးသည် မည်သည့်လက်ထက်ကမျှမရခဲ့စဘူးဆို၏။ ငါတို့လက်ထက်တွင်ကား ဆရာဘုန်းကြီး၏ အရွယ်တော်ညောင်း လာသဖြင့် မာန်လျှော့ချခြင်းလည်းပါ၏။ ငါတို့အပေါ် အလိုလိုက်ခြင်းလည်း ပါချေ၏။

မဟာဗမ္မပါလ



ကျောင်းဝင်စ ခုနစ်နှစ်မှ ရှစ်နှစ်သားအတွင်း ငါကား ဆရာဘုန်းကြီး၏ အပါးတော်မြဲ မဖြစ်ချေသေး။ သို့ကြောင့် ဘုန်းကြီးမရှိလျှင် လွတ်လပ်ရေးပွဲ ကျင်းပမြဲပင်ဖြစ်ခဲ့ချေ၏။ ဘုန်းကြီး ညကျိန်းစက်မီ ပင့်သောအလှည့်မျိုးဆိုက တစ်ညနှစ်နေ့ ရက်တို့သည်ကား ဗျဝ-ဗျတ္တတို့ ညီနောင်ကပင်လျှင် ဆရာတင်ရလောက်အောင် အပျော်သန် အဆော့သန် ပွေလီဉာဏ် များတတ်ချေ၏။ မျောက်ဆော့သည် ဆိုသည်မှာ ငါတို့ထံမှအတုခိုးပြီး ဆော့တတ်ခြင်းမျှသာ ရှိချေအံ့ထင်သည်။

ထိုတစ်ညနှစ်နေ့၏ အချိန်ကုန်ခါနီးကျလေတိုင်း အချိန်သည် ထောင်တွင်းဝင်ရမည့်သူကဲ့သို့ အောင့်မေ့မှတ်ထင်မိ၏။ သို့ကြောင့် ဆရာဘုန်းကြီး ပြန်လာ-မလာ ဗေဒင်မေးကြရလေကုန်၏။ မေးပုံမှာ-ဂန္ဓကုဋိတိုက်(အုဋ်တိုက်)အတွင်းရှိ ကြေးဆင်းတုကိုယ်ပွားတော်ကြီးရှေ့သို့ ထမင်းတစ်ဆုပ် ရေတစ်မှုတ် တင်ကြ၏။ ပြီးသော် အပြင်သို့ထွက်ခဲ့ကြပြီး မြေကြီးပေါ်ဝယ် ဒုတ်ဖြင့် ဝလုံး ကြီးကြီးရေး၊ ထိုဝလုံးကြီးကို အထက်အောက် ကြက်ခြေခတ်မျဉ်းတား၊ လေးကွက်ဖြစ်လာသော အထက်ကွက်၏ ဝဲမှစ၍ အစဉ်အတိုင်း သ-အက္ခ ရာ၊ န-အက္ခရာ၊ အ-အက္ခရာ၊ က္က-အက္ခရာလေးလုံး အင်းဆံသွင်းသည့်ပမာ ဒုတ်ဖြင့်ရေးခြစ်ထည့်၊ ပြီးသော် ဘာမျှ နားမလည်ရှာသေးသော ကျောင်းသားပေါက်စ ကလေးငယ်လေးအား ထိုလေးကွက် တစ်ကွက်ကွက် ကြိုက်ရာကို လက်ညှိုးဖြင့် အထောက်ခိုင်းကြလေကုန်၏။

အကယ်တိတိ ထိုကလေးငယ်က-

သ-အက္ခရာရှိရာအကွက် လက်ညှိုးထောက်သော် ယနေ့ဆရာဘုန်းကြီး မလာဖြစ်သေး၊ တပည့်တကာများတားထားသဖြင့် သီတင်းသုံးနေရအံ့မည်။

န-အက္ခရာဆိုက ကြွလာတော့မည်။ ထိုနေရာရပ်ရွာဝယ် ပြင်ဆင်နေပြီ။

တစ်ဖန် သီတင်းကျွတ်လေတိုင်း ရွာသည် (ရွာသူ-ရွာသားများသည်)ကျောင်းဝင်းအတွင်းရှိ အတောင်သုံးဆယ်မျှ ဉာဏ်တော်အမြင့်ရှိပြီး တစ်ဆယ့်နှစ်ဆူမျှ စနစ်တကျ စီတန်းလျက် တည်ထားကိုးကွယ်ထားသော စေတီတော်အသီးသီးသို့ မီးကြာခွက် (ကြာပွင့်ကဲ့သို့ စက္ကူရောင်စုံကို ချိုးလျက်က ပြုပြင်စီရင်ထားသော)များဖြင့် တစ်ရွာလုံးမှလည်း ကောက်စိုက်သမ အသင်းများမှလည်းကောင်း၊ ကုမ္မာရီအသင်းများမှလည်းကောင်း လှည့်လည်ကန်တော့ပွဲကျင်းပခြင်း၊ ဆရာဘုန်းကြီးထံမှ ဩဝါဒခံယူခြင်းများ ပြုလုပ်လေ့ရှိရာ ထိုပွဲမျိုးတို့၌လည်း ငါတို့ကျောင်းသား ဒိုးအဖွဲ့က ပါသည်သာဖြစ်ခဲ့၏။

မှတ်မိသေး၏။ ငါကား ဇူဇကာပုဏ္ဏား အဖြစ် ကျောင်းရှိနေကထိုင်များကို ပုဏ္ဏားဝတ် အသွင်ပတ်၍ လှအောင်ကြီးက အမိတ္တာပုံ ပုဏ္ဏေးမ အသွင် ကျောင်းရှိရဟန်းအသုံးအဆောင်နေကထိုင်များကိုဆင်ယင်၍ ရွာသားဒိုးပတ်နှင့် ပြိုင်ပွဲဝင်ခဲ့ကြရာ ငါတို့အဖွဲ့ကား အများပွဲတောင်းခံကြရချေ၏။

ဆရာဘုန်းကြီး ဩဝါဒခံယူပြီးစီး၍ ရွာမပြန်ခင် ရွာဒိုးကဇည့်ခံလေရာ ငါတို့နှစ်ယောက်ကို ၎င်းတို့ဒိုးအဖွဲ့ဖြင့် တွဲဖက်ကပြကြချေရာ ပွဲကြည့်တို့ကား တဝါးဝါး တဟားဟား အားပေးကြကုန်၏။ 'သည်ကောင်နှစ်ကောင် ကြီးသောအခါ. . ' ဟူ၍ မှတ်ချက်များပင် ပါလာချေတော့၏။ ဆရာဘုန်းကြီးကား လေသာဆောင် ကြမ်းပြင်ခန်းမှ မျက်စိမသုံးနားတော်ကိုသုံးလျက်က သူ့တပည့်နှစ်ဦး၏ အရူးထကြ မြူးကြပုံတို့ကို ပြုံးတော်မူခဲ့ပါချေ၏။ ငါတို့အရွယ်ကား ဆယ်နှစ်တွင်းမျှသာ။

သည်မျှမကသေး အပျော်နှင့်ပတ်သက်လာလျှင် အိပ်သွန်ဖာမှောက် ယူတတ်သောငါပင် ဖြစ်ချေ၏။ "ကျောင်းဘာလို့နေ" "အပေါင်းအသင်းများဖြင့် ပျော်ရပါးရ ကစားရလို့နေ" ဟူသောအဖြေသည် ငါ့အတွက်ကွက်တိအံကိုက်ပင်ဖြစ်ချေတော့၏။

မဟာဓမ္မပါလ



အ-အက္ခရာဆိုက လမ်းတစ်ဝက်ပင် ရောက်ရှိနေချေပြီ။

အကယ်တိတိ ဣ-အက္ခရာကွက်ကိုများ ထောက်မိသော် နီးလာပြီ၊ ရောက်တော့မည် ဟူ၏။

ဤသို့ အကွက်ထောက် ပေဒင်မေး၍ ပျော်ကြ ရွှင်ကြရချေကုန်၏။ သ-အက္ခရာကိုများ ထိုကလေးကထောက်မိသွားလျှင် ပျော်လိုက်သည့်ဖြစ်ခြင်း။ အကယ်တိတိ ဣ-အက္ခရာအလှည့်ကျသွားပြီဆိုသော်ကား ငါတို့မျက်နှာ သွေးမရှိတော့ပြီ။

ကလေးငယ်ငယ် ထို ငါတို့အရွယ်သည် စိတ်ပျံ့လွင့်ခြင်း၊ ပူပန်ခြင်း၊ အလျဉ်းကင်းမဲ့သဖြင့် တစ်နာရီလျှင် စက္ကန့်ပြည့် မိနစ်ပြည့် တစ်နာရီစေ့ သက်တမ်းရှည်၏။

ကလေးငယ်ငယ် ထိုငါတို့အရွယ်သည် အာရုံတစ်ပါး ပျံ့သွားခြင်းကင်းသဖြင့် တစ်ခုဆိုတစ်ခု၌သာ စိတ်စိုက်ကျနေချေရကား အစွဲကြီးမားလှချေ၏။

- အစွဲအားလုံးတို့တွင် ပျော်စိတ်သည် ထိပ်ဆုံးတည်း။
- ကလေးအသက်ကား အပျော်တည်း။
- ပျော်ရွှင်ချမ်းမြေ့ခြင်းသည် ကလေးတို့ တောင့်တအပ်သော ဆုထူးတည်း။

ထိုအကြောင်းနှင့်ပတ်သက်၍ နှစ်ချက်မျှ မှတ်မိသားမိ ရှိခဲ့ချေ၏။ တစ်ခုမှာ သုံးနှစ်သားဘဝကဖြစ်၏။ မိခင်သည် ဈေးမှအပြန် ငါတို့ကစားစရာ နရီစည်း ခေါ် ကျေးလင်းကွင်း အငယ်စားလေးတစ်စုံ ဝယ်လာခဲ့ရာ ရကတည်းက လက်ကမချပြီ။ တစ်နေကုန် တီးခတ်ရသည်မှာလည်း တစ်ချွမ်ချွမ်။ ငါတို့ ဘယ်ရောက်နေသည် သိလိုလျှင် ထိုချွမ်ချွမ်သံ နားထောင်ကြည့် သိနိုင်၏။ အိပ်သော်မှ လည်ပင်းဝယ်ကြိုးဖြင့်သိုင်းလျက်ကအိပ်ရချေ၏။ ဘယ်စောင်း- ချွမ်ချွမ် ညာစောင်းလည်း- ချွမ်ချွမ်တည်း။

မိခင်ကား ငါတို့အပေါ် အချစ်ပို၏။ ငါတို့ကား မိခင်အပေါ် အခွင့်အရေးယူ ပို၏။ အိပ်သော် အမေ့ကိုယ်ပေါ် ခြေတင်လျက်က အိပ်လေ့ရှိ၏။ ညညအိပ်ရာထဲသေးပါသော် အမေကား ရွှဲရွှဲစိုတည်း။

သို့တိုင်အောင်လည်း အမေကား ငါတို့ကို ပွေ့ဖက်လျက်ကသာ အိပ်လေ့ရှိ၏။ မအိပ်မီ-

"သမီးလည်း ဘယ်လင်နောက်လိုက်လိုက်၊ ကျန်, သားတွေလည်း ဘယ်မယားနဲ့နေနေ အမေကတော့ ဒီသားနဲ့ပဲ တစ်သက်လုံးနေသွားမယ်" ဟူ၍လည်း ကြုံးဝါးသေး၏။ ဤမျှသံယောဇဉ်ကြီးမားသောအမေ၊ ရှစ်နှစ်သား ကျောင်းပြောင်းအိပ်ကတည်းက ကွဲခဲ့ရချေပြီ။

နောက်တစ်ခုမှာကား တစ်ခုသော ကဆုန်လပြည့်နေ့ နံနက်ကဖြစ်၏။ ထိုနေ့သည် နံနက်အရုဏ်ဆွမ်းစားပြီးကတည်းက ညနေတိုင် ငါတို့ဆရာဘုန်းကြီးသည် တုန်ကန်ဘုရား(ဆရာဘုန်းကြီးဦးဆောင်မွမ်းမံထားသော) သို့ကြွရောက်၍ရေသွန်းပွဲ ကျင်းပလေ့ရှိရာ ဘုန်းကြီးမရှိ အပျော်တံခွန်ထူရန် ငါတို့ကား ရွာမှနေ၍ ထိုနံနက်လင်းကိုသာ မျှော်လင့် တမ်းတလျက်ကအိပ်ခဲ့ချေ၏။ သန်းခေါင်မကျော်မီ နိုးလာချေ၏။ ထအကြည့် လ၏အလင်းရောင်ကြောင့်လင်းပြီထင်ကာ တာငါးရာ(အတောင်နှစ်ထောင်- တစ်မိုင်ကျော်)မျှ ရွာနှင့်ဝေးကွာရာ ကျောင်းသို့ တစ်ယောက်ထည်း သွားချေတော့၏။ လမ်း၌ ကောင်းကင်ရှိ လနှင့်အပြေးပြိုင်၏။ လ, ကား ငါတို့ပြေးသော် အပြေးပါလာတတ်ပြီး ငါတို့ရပ်သော် မသိကျိုးကျွံ လုပ်နေတတ်၏။

ကြာသော်စိတ်မရှည်သဖြင့် 'သူ့ထက်အလျင်ကွ' ကြိမ်းဝါးကာ တစ်ချိုးတည်းပြေးချေတော့ရာ ကျောင်းသို့ ဆယ်မိနစ်မျှအတွင်း ရောက်သွားချေတော့၏။

လမင်းလည်း ငါတို့ပြေးသလောက်ပင် ထက်ချပ်မကွာပါလာရာ ကျောင်းအနောက်ဘက်၌ သာနေပြီတည်း။

မဟာဗဟုပါလ



ကျောင်းသို့မျှော်ကြည့်၏။ တိတ်ဆိတ်လွန်းလှ၏။ ငြိမ်သက်လွန်းလှ၏။ မဝင်ရဲသဖြင့် ကျောင်းပေါက်ဝရှိ မန်ကျည်းပင်ကြီးများနှင့် ခြံနွယ်ကြီးများအကြား မန်ကျည်းပင်ကြီးကို ကျောမှီလျက်က အိပ်မောကျသွားချေရာ တစ်ရေးနိုးမှ အရုဏ်ဆွမ်းကပ်ရန် ရွာသို့ဆွမ်းအိုးများသွားယူမည့် ကျောင်းသားကြီးကံလှနှင့်တင်မောင်တို့ ထွက်အလာကို တွေ့ရချေ၏။ သို့နှင့် ၎င်းတို့နှင့်ရွာသို့တစ်ဖန် ပြန်လိုက်ကာ ဆွမ်းဝတ်ကောက်ပြီးမှ ၎င်းတို့နှင့်အတူ ကျောင်းသို့ဝင်ရောက်ခဲ့ရချေတော့၏။

ငါတို့ ကိုးနှစ်သားမျှ ရောက်သောအခါ ထိုအခွင့်အရေးမျိုး မရတော့ပြီ။ အဘယ်ကြောင့်ဆို ငါတို့သည် ဆရာဘုန်းကြီးနှင့် အတူကပ်လျှက်က ဒုမင်္ဂလ,သုမင်္ဂလပွဲများသို့ လိုက်ပါနေရသောကြောင့်လည်းကောင်း ဆယ်နှစ်သားမျှတွင်ကား ခန်းနေတပည့်ကြီး ဦးအာစရရောက်ရှိ လာသောကြောင့်လည်းကောင်း တည်း။

## အပျော်သည် တဏှာ၏ လက်စလက်န

- အပျော်သည် အပျက်၏ ပဲ့စင်ထွက် အပိုင်းအစ။
- အပျက်သည်ကား ရမ္မက်၏လက်ချက်ကြောင့် ထွက်ရသောအသက်။

လူတစ်ယောက်သည် အပျော်ကြီးသည်ဆိုအံ့။ ထိုသူ့ကို လေ့လာကြည့်သော် တဏှာကြီးသမားသာဖြစ်ရာ၏။

လူတစ်ယောက်သည် တဏှာကြီးသည်ဆိုအံ့။ ထိုသူ့ကို လေ့လာကြည့်ကလည်း အပျော်ကြိုက်သည်ကိုသာတွေ့ရ၏။

အပျော်ကြူးနှင့် အနှူးပျက်သည် တစ်မအေတည်းကမွေးသော အမွှာပူးညီအစ်မသာတည်း။

ငါတို့၏တဏှာစိတ် ငါးနှစ်သားဘဝကပင်ရှယ်တူမိန်းကလေးလည်းမနေရ၊ ယောကျ်ားလေးများလည်းမနေရ၊ နေ့ညမဟူ လင်လုပ်တမ်း မယားလုပ်တမ်း ကစားခဲ့ဖူးသည်ကို မှတ်တမ်းတင်ခဲ့ပြီးဖြစ်ခဲ့၏။ ယခုသော်ကား စိတ်နောက်ကိုယ်ပါပင်ဖြစ်လာခဲ့ရချေပြီ။ ငါတို့အရွယ် ကိုးနှစ်သားလောက်ကပင် စတင်ခဲ့သည်ထင်မိ၏။(သည့်ထက်ကားနောက်မကျ) ရှစ်နှစ်သားလောက်ကစတင်၍ကျောင်းအိပ်,ကျောင်းပျော် ဖြစ်ခဲ့ချေရာ ကျောင်း၌ကား ကျောင်းသားကြီးများ ရှိနေကြ၏။ အချို့ကားကျောင်းလည်းမထွက်လိုသေး၊ သာသနာဘောင်သို့လည်း မကူးလိုသဖြင့် သာမဏေဘဝမှ လူဝတ်လဲကာဆယ့်ရှစ်,ဆယ့်ကိုးနှစ်သားအထိ နေကြ၏။ ရွာခံလည်း ရှိ၏။ ရပ်ဝေးမှလည်း ရှိ၏။ ၎င်းတို့သည်ဆရာဘုန်းကြီးနှင့် တစ်ကျောင်းထည်း၊ တစ်မိုး-တစ်ရံထည်း အိပ်ခွင့်မရကြလေရာ သီးခြားကျောင်းများ၌ အိပ်ကြရချေ၏။ လွတ်လပ်၏။ မျက်ကွယ်၌ဖဲရိုက်ကစား သည်အထိ စုံလင်၏။

ဤသို့ဖြင့် ကျောင်းနေသက်တမ်း ရှည်လာခဲ့သောငါသည် ဆယ်နှစ်သားကျော်ကျော်မှ ဆယ့်-တစ်နှစ်သားအတွင်းပိုင်းသို့ ရောက်သောအခါတွင်ကား နောက်ဘဝ၏အမူအကျင့်များ ခန်းခြောက်လာခြင်း၊ လူလားမြောက်လာပြီး လက်ရှိဘဝ စိတ်တန်ခိုးစိတ်သတ္တိနှင့်တကွ ကံရှိန်များထကြွလာခြင်း၊ ဆရာလက်ပြောင်းစ ဖြစ်သဖြင့် အသားမကျခြင်းများကြောင့် ကျောင်းနေငြီးငွေ့စ ပြုလာချေတော့၏။

ထိုစဉ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့သည်ကား တုန်ကန်ဘုရားပွဲတော်ကြီးကိုဂေါစရဂါမ်ခုနစ်ရွာ စုပေါင်းကျင်းပမြဲအတိုင်းကျင်းပကြလေရာ ဘုရားပွဲကား တောအလိုက်စည်ကားလှချေ၏။ တစ်ရွာနှင့်တစ်ရွာ အပြိုင်အဆိုင်ဇာတ်ထုပ်ဇာတ်လမ်းများ ဝေဝေဆာဆာ အတီးအမှုတ်၊ အကအခုန်များလည်း ပါ၏။

မဟာဗောဓိ



ငါတို့ရွာကခင်းသော ဇာတ်ထုပ်မှာ သားက ဖအေကို မျှားဖြင့်ပစ်သော သီဟဗာဟု ဇာတ်လမ်းပင် ဖြစ်ချေ၏။ ခြင်္သေ့မင်းကား ဦးကိုကြီးက သရုပ်ဆောင်၊ မျှားပစ်သားကား ကိုချစ်မောင်။

ကြည့်ရင်းကပင် ငှက်ဖျားရောဂါထလာပြီး တုန်တက်လောက်အောင် ချမ်းဖျားဖျားလာသဖြင့် ကျောင်းသို့ပြန်မလိုက်နိုင်တော့ဘဲ မိခင်များ လှည်းဖြင့်ပင် အိမ်ရောက်ခဲ့ရချေပြီ။ ထိုမှ တစ်ဆောင်းတွင်းလုံး ရွာထဲဝယ် ဆော့ကစားလိုက် အဖျားတက်လိုက်ဖြင့် အချိန်ကုန်လွန်ခဲ့ရချေ၏။ နွေဦးသို့ ရောက်သဖြင့် ကျန်းမာလာသော်လည်း ကျောင်းဘက်သို့ လှည့်ရန် စိတ်မပါပြီ။

ထိုနွေကာလ(၁၃၁၄-ခုနှစ်၊ ငါတို့တစ်ဆယ့်တစ်နှစ်သားအတွင်း)၌ပင် ငါတို့ဆရာဘုန်းကြီးကား အလည်ရှိရွာ၏ သိမ်သမုတ်ပွဲသို့ အရှယ်တော်နှင့်မမျှ သိမ်နှုပ်ခြင်းကိစ္စ၊ သိမ်သမုတ်ခြင်းကိစ္စ ဆောင်ရွက်တော်မူရသဖြင့် အအေးမိခြင်း၊ ပင်ပန်းခြင်း ရှိနေချေရာ ထိုအလည်ရှိရွာမှ ကျိုကျင်းရွာ၏ တောခိုရဲဘော် ဗိုလ်ကြယ်နီ-ဒေါ်မြမေတို့ဆွမ်းကျွေးပွဲသို့ တဆက်တည်းကူးတော်မူခဲ့ပြီး ထိုဆွမ်းကျွေးပွဲ၏ ဝက်သားဆွမ်းဟင်းများ လက်ခံဘုန်းပေးတော်မူရချေ၏။ နွေဖြစ်သဖြင့် ဝမ်းအေး၍ အစာမကျေခြင်းရောဂါ၊ ပင်ပန်းရောဂါများ ဖိစီးခံရပြီး ထိုရောဂါဖြင့်ပင် ဘဝနတ်ထံ ပျံလွန်တော်မူရရှာပါချေ၏။ ငါတို့က ဆရာဘုန်းကြီးအား ရှင်ခွဲ, ခွဲသဖြင့် ဆရာဘုန်းကြီးကလည်း ငါတို့ကို သေခွဲ, ခွဲသွားခဲ့ချေပြီ။

## အစွဲကြီးလျက် သူရဲဘောနည်းသော ငါ

- ငါတို့သည်ကား နိမ့်သူကိုမုန်း၍ မြောက်သူကို ကြိုက်၏။
- ငါတို့သည်ကား သူရဲဘောနည်းပြီး အစွဲကားကြီးလှချေ၏။

ဤအကြောင်းခြင်းတများသည် ကျောင်းနေစမှသည် ယခုတိုင် အမြစ်စွဲလျက် ပါရှိလာသော ညဉ့်ဆိုးများ ဖြစ်ကြလေသဖြင့် ဤနေရာမှ ဖော်ပြလျှင် သင့်မည်ထင်သောကြောင့် တစ်ခန်းတစ်ဖွဲ့ ဖော်ပြလိုချေ၏။

ငါတို့သွားလမ်းတလျှောက်ရှိ လှမ်းဖဝါး၏ ခြေရာသည် အသိပေးသင့်သော ထင်ကျန်မှုများ ဟူ၍ သဘောရသောကြောင့်ပင် ဖြစ်ချေ၏။

ငါတို့သည်ကား ဓာတ်လေးပါးတို့၏ အစုအဝေး ဖြစ်သော်လည်း စင်စစ် လေဆောင်သော ဝါယောဓိကသမားများ ဖြစ်ချေရကား စိတ်မြန်၏။

အမြတ်မ်း အပူဓာတ်များချည်း ကိန်းနေသဖြင့်အအေးကိုအလွန်နှစ်သက်၏။

အင်္ဂါသားဖြစ်သဖြင့်လည်း စိတ်ကြီး၏။ သို့သော် တေဇောဓိက ခေါ် မီးဓါတ်ကောင်များ မဟုတ်လေသဖြင့် သူရသတ္တိကား တစ်ပြားသားမျှ မရှိတတ်ချေ။

ရန်စသူ တွေ့က ငိုရသည်ချည်းဖြစ်ခဲ့၏။ နှိမ့်ချစကားပြောလျှင် ဝမ်းနည်းတတ်၏။ မြှောက်ပင့်သော်ကား ဘယ်လောက်မြှောက်မြှောက် အားရသည် မရှိခဲ့ချေ။

တစ်ခါက(ကျောင်းနေခါစ) ကျောင်းအပြန် ကျောင်းမှထွက်၍ တစ်ခေါ် သာသာလောက် အရောက် ကြည်မောင်နှင့်ငါတို့ ရန်ဖြစ်ကြတော့၏။ ဘေးမှ ငါတို့ထက်ကြီးသော ကိုချစ်ရင်ကား နပန်းချရန် မြှောက်ပင့်ပေး၏။ သို့နှင့် ကြည်မောင်နှင့် ငါတို့ နပန်းကိုင်လျက်က လုံးထွေးကြချေရာ ငါတို့ကား

အပေါ်စီးမှကျ၏။ ကြည်မောင်ကား ငါတို့ အောက် ဝယ် မလွန့်သာ။

သို့တစေလည်း ကိုချစ်ရင်ကား ကြည်မောင် ကိုသာ အားပေးပြီး ငါတို့ကိုကား အားမပေးချေပြီ။ ငါတို့သည် ထိုကြည်မောင်၏အပေါ်မှ ခွစီးလျက်က ပင် ငိုရသည့်ဖြစ်ခြင်း။

ငါတို့တန်းတူထဲတွင် အကြောက်ရဆုံးကား ကျော်ငြိမ်းတည်း။ သူ့ထက်အကြီးကျော်သိန်း၊ သူ့ အောက်၌ သန်းဖေ၊ လှရွှေတို့ဖြင့် ညီအစ်ကိုအုပ်စု အတောင့်ဆုံးဖြစ်နေ၏။ ဝမ်းကွဲတင်ရွှေလည်း အတူ ရှိနေသဖြင့် ငါးယောက်အထိ အုပ်စုတောင့်၏။ ငါတို့သည်ကား အစ်ကိုဖြစ်သူ ဖိုးသန်း(သန်းမောင်- ကိုရင်ဘွဲ့ ကိုရင်သာသန)က လူထွက်သွားပြီဖြစ်၍ ငါတို့တစ်ယောက်ထည်း မျက်နှာငယ်လျက်ကျန်နေ ရစ်ခဲ့၏။

ထိုညီနောင်လေးယောက်တို့တွင် ကျော်သိန်း ကား ရိုးသား၏။ တည်ငြိမ်၏။ မည်သူ့ကိုမျှ ရန်မစ တတ်။ ကျော်ငြိမ်းကား သူ့အစ်ကိုနှင့် သဘောထား ဖီလာဖြစ်ကာ အတုအစများ၏။သဝန်ကြောင် ရန်လို စိတ် အားကြီး၏။ မဖြစ်ညစ်ကျယ် လုပ်တတ်၏။ ငါတို့အား ဆရာဘုန်းကြီးက အရေးပေးသည်ကို မလိုလားချေ။ သို့ကြောင့်-

*'ဘုန်းကြီးချစ်တော် ဒစ်ပေါ်ချော်လဲ*
*ငါးကြော်ကိုးခွက် ဖင်ကိုးချက်ဟေ့'*

ထိုဆောင်ပုဒ်ဖြင့် အမြဲတမ်း ရန်စချေ၏။ ဆရာဘုန်းကြီးလည်းကြား၏။

ငါတို့ကား မခံနိုင်သဖြင့် ရင်ဆိုင်အတွေ့ တွင် ၎င်း၏သားမြတ်ကို ငုံ့ကိုက်ချေတော့၏။ ကျော်ငြိမ်းကား ဆတ်ဆတ်လူးငိုကာ "မင်း ကလဲ့စား မချေရသမျှ ငါမကျေဘူး" ဟူ၍ ကြုံးဝါးချေတော့ ၏။ ကျော်ငြိမ်းကား ငါတို့အောက် သုံးနှစ်လောက် ငယ်သူဖြစ်၏။

သို့တစေလည်း ထိုကျော်ငြိမ်းကို အမြဲတမ်း ထိတ်လန့်နေတော့သဖြင့် အိမ်ရောက်ရောက်ချင်း သူ့အိမ်ခြံပေါက်သို့သွားရောက်၍ ငါတို့ကပင် ခေါ်ငင် ကာ ကလဲ့စားအချေခံပေးရချေတော့၏။ ထို့နောက် လည်း တကျက်ကျက်ပင် ရှိနေခဲ့၏။ ငါတို့က ၎င်း ကို နိုင်ရန် ဆင်ကြံကြံ၏။ တစ်ယောက်ထဲလည်း ကြောက်၏။ ပြန်လည်နိုင်နင်းလိုစိတ်ကလည်း အားကြီး၏။ သို့ကြောင့် အတူနေအုန်းမောင်ကြီး၊ ဖိုးကြွက်(အမည်ရင်းကား-တင်မြင့်)စသည့် ကျောင်း သားငယ်များကို စည်းရုံး၏။ ကျော်ငြိမ်း မကောင်း ကြောင်း တွင်တွင်ပြောပေး၏။ ကြာသော် အားလုံးက ကျော်ငြိမ်းအပေါ် မုန်းတီးလာကြ၏။

သို့နှင့် ငါတို့ဆယ်နှစ်သားအရွယ် တစ်ညနေ တွင် ရေထမ်းဝတ်၊ ရေဖြည့်ဝတ် စတင်ချိန်မှသည် ကျောင်းမှအိမ်သို့အပြန် တစ်လမ်းလုံး ကျောင်းသား ကြီးငယ်အုပ်စုကြီးဖြင့် ထိုညီနောင်လေးယောက် (ဝမ်းကွဲပါငါးယောက်)စလုံးကို ဝိုင်းဝန်းကာ ထိုးကြိတ် သူများက ထိုးကြိတ်၍လည်းကောင်း၊ ရိုက်နှက်သူ များကရိုက်နှက်၍လည်းကောင်း၊ ကိုယ်စောင်းတိုက် လိုတိုက်၊ နောက်ကျောခြေထောက်ဖြင့်ကန်လိုကန် ၍လည်းကောင်း အနိုင်ကျင့်ကြလေကုန်၏။

သဘောကောင်း ကျော်သိန်းကြီးနှင့်တကွ ညီနောင်အားလုံး ကြုံး၍ကြုံး၍ ခမျာများ ခံရှာကြရ ချေကုန်၏။ မကြာပါချေ။ ချက်ချင်းပင် ရွာရောက် သည်နှင့်သူ့အဘ၊ သူ့အဘိုးများသိရှိပြီး ကျောင်းသို့ လာလျှောက်ချေရာ နောက်ရက်နံက်တွင် ဒုတိယ ဆရာဘုန်းကြီးက ငါတို့ရယ်၊ အုန်းမောင်ကြီးရယ်၊ ဖိုးကြွက်ရယ် ခေါင်းဆောင်သုံးယောက်တို့အား ကျောကော့အောင်ရိုက်နှက်ချေတော့၏။ ကျော်သိန်း တို့ညီအစ်ကိုအားလုံးတို့ကား အစသန်သောကျော်ငြိမ်း အကြောင်းပြု၍ ကျောင်းထုတ်ခံရချေတော့၏။

ငါတို့တစ်သက်လုံး ရန်ပွဲဟူ၍ သည်တစ်ကြိမ် သာ ဖြစ်ခဲ့ဖူးချေ၏။ ထို့နောက်သည်း ရန်စသူ ပေါ် သော်လည်း မဖြစ်ရဲတော့ချေ။ ဆရာဘုန်းကြီး ကြား

မဟာစမ္မပါလ



လောက်အောင် အော်ဟစ်ရမည်ကိုပင် ကြောက်ရွံ့နေတတ်၏။ စာပေပညာဘက် တော်သလောက် စိတ်ဓါတ်ခိုင်မာခြင်း၊ လုပ်ရဲသည် ခံရဲသည်ဟူသော သတ္တိသွေးထက်ခြင်းများ ငါတို့ထံ၌ လုံးဝမရှိခဲ့။

စာပေပညာ၌ သင်ပုန်းကြီး တစ်နှစ်အတွင်း တစ်ခေါက်တည်းဖြင့် စာဖတ်ပြနိုင်ခြင်း၊ ဆုံးမစာ, လက်ရေးစာ,ဖတ်စာများကို တစ်နှစ်အတွင်း၌ပင် သင်ရိုးကုန်ခြင်းဖြင့် အစွမ်းပြခဲ့၏။ အများနည်းတူ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာ- ရွှေချိုင့် နမက္ကာရ စသည့်အခြေခံကျမ်းစာ သင်ရိုးများ ငါတို့မသင်ခဲ့ရ။ ထို့အထက်ရှိ လောကနီတိ၊ ပရိတ်ကြီးတို့ကို ခုန်ကူးစေကာ ၎င်းတို့ကိုလည်း တတိယနှစ်- ကိုးနှစ်သားကပင် ပရိတ်ကြီး (၁၁)သုတ် အလွတ်ရပြီး ဖြစ်နေခဲ့၏။

မှတ်မိသေးတော့သည်-

တစ်ခါက ငါတို့အထက် အကြီးအကဲများ ဖြစ်ကြလေသော ကိုအုန်းလှိုင်၊ ကိုတင်အောင် (အကျီုလက်ရွာသား) ကိုရင်သာသန(ငါတို့အစ်ကို) စသည်တို့ ကျောင်းထွက်သွားကြလေပြီ။ အလတ်တန်းများဖြစ်ကြလေသော ကိုကံလှ၊ ကိုမြအောင်၊ ကိုဘသာ(မင်းကုန်းရွာသား)၊ကိုဘဌေး၊ ကိုထောင်လောင်(အမည်ရင်းထွန်းတင်၊ အကျီုလက်ရွာသား) စသည်တို့ချည်း ကျန်နေရစ်ခဲ့ချေရာ ညညကျသော် ဘုရားဝတ်တက်အပြီး ပရိတ်ကြီး (၁၁)သုတ်လုံးကို ရွတ်ဆိုရမည်ဖြစ်ရာ မည်သူမျှ လုံးစေ့ပါဠိစေ့ မရကြပြီ။

သို့ကြောင့် ဘုရားဝတ်မတက်မီကပင် ကိုးနှစ်သားမျှရှိသေးသော ငါတို့အား ထိုပရိတ်ရွတ်ရာ၌ ခေါင်းဆောင်တင်ကြရလေကုန်၏။ ငါတို့က ရှေ့မှ ကျယ်ကျယ်ရွတ်ဆိုပေးပြီး ၎င်းတို့က နောက်မှ မေး၍ထိန်းလိုက်ရန်ဖြစ်၏။

သည်မျှမှတ်ဉာဏ် ကောင်းသော ငါတို့ကား သတ္တိအရာ၌ ကံခေလှချေ၏။ စိတ်ကြီးသလောက် အသည်းကြောင်၏။အညာမိုးကဲ့သို့ အခြိမ်းသန်လျက် ရေကျနည်းလေ့ရှိတတ်၏။ ထိုစိတ်ကြီးအသည်းကြောင်မှု သီးပွင့်လာသောအရာကား စိတ်ကောက်တတ်ခြင်း၊ အငြိုးအတေး များလာတတ်ခြင်းပင် တည်း။

## ဒုတိယ ဆရာ့လက် တက်ခွင့်ရခြင်း

ငါတို့ ကျောင်းနေသက် လေးနှစ်အရ တစ်ဆယ့်တစ်နှစ်သားမျှတွင် ငါတို့၏ ပထမဆရာကား ပျံလွန်တော်မူခဲ့ချေပြီ။ ထိုပျံတော်မူချိန်အထိလည်း ငါတို့ကား ကျောင်းမကပ်ခဲ့ပြီ။

ဆရာဘုန်းကြီး နိဗ္ဗာန်ကျောင်းချ ခေါ် စံကျောင်းတော်တင်ပွဲ၏ နောက်ပိုင်းမှာမှ ကျောင်းသို့ကပ်လိုစိတ်ပေါ်မိ၏။ ဆရာပျံလွန်တော်မူသဖြင့် တစ်နယ်လုံးရှိ ရဟန်းတပည့်၊ လူတပည့်၊ ရှင်တပည့်အားလုံးတို့က ငါတို့ကား အမိမဲ့သား ရေနည်းငါးဖြစ်ကြရပြီဟူ၍ တညီတညွတ်တည်းဖြစ်ခဲ့ကြ၏။ ငါတို့ကား ပတ္တမြားငမောက် မျောက်ကောက်ရပမာ ထိုစိတ်မျိုးမဖြစ်မိ။ ဖြစ်မိသည်မှာ ဆရာအဆူအငေါက်မခံရတော့သဖြင့် ပျော်မိခြင်းပင်။

နောက်နှစ် ၁၃၁၅-ခုနှစ်၌ တစ်နယ်လုံး ခြိမ့်ခြိမ့်သဲမျှ ဈာပနပူဇော်ပွဲ တပေါင်းလထဲတွင် ကျင်းပကြလေရာ ငါတို့ကား မိုးမမြင် လေမမြင် အပျော်ကြူးကြရချေ၏။ မည်သည့်အခါမျှ မမြင်ဘူးရသော ဇာတ်ပွဲကြီးများလည်းပါ၏။ ပွဲဈေးတန်းကြီးကလည်း မြို့ကပါ လာရောက်ရောင်းချကြ၏။ဗမာမျှမက အိန္ဒိယနွယ်ဖွားများကပါ လာရောက် ရောင်းချကြကုန်၏။ အငြိမ့်, ရုပ်သေးလည်းပါသေး၏၊

ညှော်ခံမဏ္ဍပ်များကလည်း တစ်နယ်လုံးရှိ တပည့်ရဟန်းများရှိရာ ရွာတိုင်းကပင်ပါဝင်၏။အသံချဲ့စက် ပထမဆုံးကြားဖူးသောပွဲဖြစ်၏။ လျှပ်စစ်မီးသီး၊ မီးချောင်း ထိန်ထိန်ကြီးကိုလည်း လက်ဦး

မဟာဗမ္မာပါဠ



မြင်ဖူးသောပွဲလည်းဖြစ်၏။ နှစ်ရက်မျှ ခြိမ့်ခြိမ့်သဲ ဖြစ်ခဲ့ရချေ၏။

ထိုမှနောက်တွင်ကား ဒုတိယဆရာဦးအာစရ လက်ထဲသို့ ရောက်ခဲ့ရတော့၏။ ထိုဆရာထံ၌လည်း ငါတို့သည်ပင် သွားလေရာအပါးတော်မြဲ ဖြစ်ရပြန်၏။ ဆရာဘုန်းကြီး အရေးပေးဆုံးဖြစ်ပြီး ကျောင်းသားကြီးရာထူး ကျောင်းခေါင်းဆောင်ပင် ဖြစ်ခဲ့ရချေ၏။

ငါတို့၏ရှေ့ရှိ ကိုငြိမ်း(ကိုရင်ဇဝန)၊ ကိုဇော်ဂျီ (ကိုရင်ကုသလ)တို့ကား ဆရာဘုန်းကြီးက ရွှေဘိုမြို့ ဝေဠုဝန်ပါဠိတက္ကသိုလ်သို့ ပညာသင်စေလွှတ်သဖြင့် သွားရောက်ကြလေသောကြောင့်ဖြစ်၏။

ဆရာဘုန်းကြီးကား နှုတ်မှုပညာနည်းပါးပြီး လက်မှုပညာ အရာထင်၏။ နှုတ်မှုပညာ၌ သီလပေး,ရေစက်ချ ရိုးရိုးပင်မဖြောင့်တတ်။ တရားဘက်၌အားသန်တော်မူ၏။ ရွာရှိ ကာဒ-ကာမများကို တရားပြပေးတတ်၏။

ငါတို့ကိုကား ဦးစွာပရိတ်ကြီးသို့ ပြန်လည်သင်စေ၏။ ထိုတွင်မေတ္တာသုတ်၏နိဂုံးဖြစ်သော- တိဋ္ဌံ စရံ နိသိန္နော ဝ, သယာနော ယာဝတာ- ဿ ဝိတမိဒ္ဓေါ (ပ)ပုနာရေတိ, ဂါထာအနက် ရောက်သောအခါတွင်ကား သုံးရက်မျှ ကြာညောင်းခဲ့ရချေ၏။

တစ်ရက် သွားရောက်၍ပြန်ဆို၏။

“အေး-အလွန်ကောင်းတဲ့အဓိပ္ပါယ်ကွ၊ ရှေ့မတက်နဲ့ဦး၊ ဒါပဲ ဆက်ကျက်ဟေ့”

နောက်တစ်ရက် သွားရောက်ပြန်ဆိုရာ၌လည်း “ဒါ. . ရဟန်းတစ်ပါး တစ်ကယ်လုပ်ရမယ့်ကိစ္စပဲကွ၊ ရှေ့မတက်နဲ့ဦး ဒါကိုမိမိရရ ဆက်ကျက်ထားဦး”

တတိယမြောက်ရက်၌ သွားရောက်ပြန်ဆိုသောအခါကျမှသာ-

“ရဟန်းဆိုတာ တစ်ဘဝစံ တစ်လမ်းသွားမျိုးကွ။ လူတွေလို အထက်တက်လိုက် အောက်ဆင်းလိုက်မျိုး မဖြစ်ရဘူး။ နိဗ္ဗာန်တစ်လမ်းတည်း တန်းတန်းသွားရတယ်။ လူတွေလို တစ်ဘဝမှ တစ်ဘဝ မရွှေ့ပြောင်းနေရဘူး။ သည်တစ်ဘဝတည်းနဲ့ ကိစ္စပြီး ဘုရားစကား နားထောင် ဆောင်ရွက်ရတယ်။ မင်း. . အဲသည်ဂါထာပါ အဓိပ္ပါယ်အတိုင်း လေ့ကျင့်တတ်ဖို့ကျိုးစား” ဟူ၍ ဆုံးမကာ ရှေ့တိုးခွင့်ရခဲ့၏။

အဓိပ္ပါယ်မှာ- ရပ်လျက်နေနေ၊ သွားလျက်ပဲ ဖြစ်ဖြစ်၊ လဲလျောင်းလျက်ပဲဖြစ်ဖြစ်၊ အိပ်ပျော်ငိုက်မြည်းခြင်း အထူးကင်းစင်သော ရှုမှတ်မှုသတိမျိုးကို တည်ဆောက်ရမည်။

ဤသို့ ဣရိယာပုထ်လေးပါး အကြားအလပ်မရှိ တစ်စပ်ထည်းတည်း သတိကိုတည်ထောင်လျက်က နေနိုင်ခြင်းသည် ရှုကြွေးမထပ် အမြတ်ပေါ်သော နေနည်း တည်း။

အဘယ်ကြောင့်ဆိုသော် ထိုသို့သတိမပြတ် စပ်နေသောသူ၌ ငါဆိုသောဒိဋ္ဌိ မကပ်သာခြင်း၊ ကိုယ်အကျင့်စင်ကြယ်ခြင်း၊ စိတ်အမြင်မှန်ကန်ခြင်း၊ ကြိုက်စိတ်ကြိုက်စွဲမကပ်သာခြင်း၊ အမိဝမ်းခေါင်း အောင်းမျိုး မဖြစ်ရတော့ခြင်းများကြောင့်ပင်တည်း ဟူ၏။

ထိုပရိတ်ကြီး ပါဠိ-အနက် ခြောက်လမျှ ကြာသည်အထိ သင်ပေးပြီး၍ စာသွားမှန်း သိလာသောအခါတွင် ဦးစွာ သဂြိုဟ်ပါဠိကိုသင်စေ၏။ သဂြိုဟ် စိတ်ပိုင်းသည်ကား တစ်ဆယ့်နှစ်နှစ်သားကပင် ရခဲ့ပြီးဖြစ်ချေတော့၏။ စေတသိက်ပိုင်းအထိ တက်ခဲ့ရ၏။ ငါတို့ တစ်ဆယ့်သုံးနှစ်သားသို့ ရောက်သောအခါတွင် သဒ္ဒါကြီးဘက် လှည့်ပေးပြန်၏။ သဒ္ဒါ၏ သန္ဓိငါးပိုင်းရှိ ပါဠိတို့ကို သင်အံလေ့ကျက်နေရချေ၏။

မဟာဓမ္မပါလ



## တစ်နယ်လုံး ဝေဘူသံ လျှံတက်လာခြင်း

ငါတို့ တစ်ဆယ့်သုံးနှစ်သား ၁၃၁၆-ခုနှစ် လောက်တွင်ကား ဝေဘူဆရာတော်ဘုရားကြီး၏ သီလဂုဏ်သတင်း တစ်နယ်လုံးသို့ပျံ့နှံ့လာချေတော့၏။

"ဝေဘူတောင်မှာကျင့်နေတာ တင်ပါး ခြများ တောင် စားလို့တဲ့"

"သူ့လက်တော်မှာ စပါးကြီးမြွေ မျိုနေတာ တောင် မလှုပ်မယှက်တဲ့" စသည့်သတင်းများ လူတိုင်းပြောလာကြ၏။ ဥပုသ်သည်ဇရပ်၌ သာ၍ အသံကျယ်၏။

ထိုစဉ် ငါတို့စိတ်ဝယ် 'ဝေဘူလို ကျင့်ချင် လိုက်တာ' ဟူ၍ တမ်းတမိခဲ့ပါချေ၏။ သည်အထဲ ငါတို့ရွာနှင့်မနီးမဝေး ရေရှင်ဆိုသောရွာ၌ 'မောင်နွား ဆိုသူသည် တရားကျင့်လျက်က လမ်းလျှောက်ရာ သူ့နဖူးမှ အလင်းရောင်တန်းကြီး လက်နှိပ်ဓာတ်မီး ဖြင့် ထိုးထားသည့်ပမာ ထွက်နေသတဲ့' ဟူသော သတင်းကလည်း ထွက်လာသေး၏။

ငါတို့စိတ် မခံနိုင်ပြီ။ 'ငါလည်းပဲ သူတို့လို ကျင့် သူတို့လိုပင်ရမှာပဲ' ဟူသော အားကျမခံစိတ်၊ မျှော်လင့်တမ်းတ,စိတ်များ တဖွားဖွားပေါ်လာချေ တော့၏။

သို့ဖြင့် ပထမ ဥပုသ်နေ့တိုင်း ဥပုသ်သည် ဒကာကြီးများနှင့်အတူ သိမ်ထဲဝယ် သွားရောက်၍ တရားရှုမှတ်ကြည့်၏။ မှတ်နည်းလည်းမသိ၊ အာရုံ မှန် ဖေါ်နည်းလည်းမသိ၊ လူကြီးများ မေးကြည့်၏။ မျက်စိမှိတ်ထားရသည်။ နှာသီးဝသို့လာရောက် တိုက်ခိုက်နေကြသော ဝင်လေ,ထွက်လေတို့ကို မှတ်ချက်ယူရသည်။ သည်မျှသာသိ၏။ သို့ကြောင့်-

ဝင်သည်- ဘယ်ကများ ဘာများပေါ်လာပါလိမ့် မလဲ။

ထွက်သည်- ဘယ်ကများ ဘယ်လိုလာပြလေမလဲ။

တရားဆိုသည်မှာ တစ်မျိုးထင်မိ၏။ ထိုတစ်မျိုးက အလုပ်သမားတို့အား အလုပ်ရှင်က လုပ်ခပေးမျိုးပမာ လာရောက်ပေးမည်ဟုလည်း အထင်ရှိ၏။ သို့ကြောင့်မျက်စိမှိတ်လျက်က စိတ် မျက်စိဖြင့် ဟိုဟိုသည်သည် မျှော်ကြည့် ကြည့်လျက် ကသာ ဝင်-ဝင်သည်၊ ထွက်-ထွက်သည် ဟူ၍ မှတ် နေခဲ့၏။

သို့တစေလည်း နို့ဆာသောခလေး နို့လိမ် ကို နို့အမှတ်ဖြင့် စို့နေရသည်ပင် ဝ,သည်ဟုထင်မိသို့ ထို မျှော်မှတ်,တစ်မျိုးထင် ကိုပင် ခင်မင်လျက် ရှိခဲ့ ချေ၏။ ကြာသော်အားမရတော့။ နေ့၌စာကျက် ညစာပြန်၊ ပြီးသော် တရားထိုင်ချေတော့၏။ ရှစ်ပါး သီလကို အမြဲထိမ်းတော့၏။ ခေါင်းပေါ်ရှိ ဆံရစ် ဆံထုံးများကိုလည်း ရိတ်ပယ်၍ ကတုံးဖြင့်သာ နေ တော့၏။

ဥပုသ်နေ့ (စာမကျက်ရသော)အခါမျိုးများ ၌ ဥပုသ်သည်ဒကာကြီးများနှင့် သိမ်ထဲ ရောနှော ထိုင်ရသည်ကို ကျဉ်းကြပ်သည်ထင်လာပြီး တစ် ယောက်ထည်းတည်း တောရကျောင်းကြီး၏ ပြင်ပရှိ တောစပ်သို့ သွားရောက်ထိုင်မိ၏။ ည,ည များ၌ လည်း ကျောင်းသားကိုရင်များနှင့် ရောနှောမအိပ်၊ တစ်ယောက်ထည်းတည်းပင် ကျောင်းကြီးအောက် ဝယ် တရားမှတ်လျက်က အိပ်တော့၏။

ကြာသော် စိတ်မနိုင်မည်စိုး၍ ဆရာဘုန်းကြီး က တစ်ယောက်ထည်းတည်း တောသို့ထွက်၍ အားမထုတ်ရန်၊ ညမအိပ်ရန် ဖျောင်းဖျ၏။ မရလေ။

## တဏှာနုသယ ၏ ဓမ္မာနုသယ မျှသာ

ထိုစဉ်ကာလရှိ ငါတို့အာရုံယူစိတ်ထားကား သံသရာကြောက်သဖြင့် လွတ်မြောက်ရန် ရည်ရွယ်ရင်း အလျဉ်းမပါပြီ။ နိဗ္ဗာန်ဉာဏ်- ဘဝအပေါ် ငြီးငွေ့မှု သရုပ်သကန်လည်း အမှန်မရှိခဲ့။

မဟာဓမ္မပါလ



ငါတို့၏ တစ်ခုတည်းသောဆန္ဒမှာ 'ဝေဘူလို ငါကျင့်ချင်သည်' ဟူသော ဆန္ဒတစ်ခုမျှသာ။ လူပြောများသည်ကို သဘောကျသော ချီးမွမ်းခံလိုသည့် ရာဂကြီးသမား၏ အမူအကျင့်တစ်ခုမျှသာ။

စင်စစ် ထိုအမူအကျင့်မျိုးများသည် အတိတ်စရဏမှ ထကြွလှုံ့ဆော်လာသော စရဏလက်ငုတ်သာဖြစ်တန်ရာ၏။ ဝက်သားစားဖူးသူ ဝက်သားဟင်းအကြောင်း တစ်စေ့တစောင်း နားထောင်မိရင်းကပင် ခံတွင်းချဉ်ကာ ပါးစပ်ပြင်မိခြင်းပမာသာဖြစ်တန်ရာ၏။

စရဏကား-ကျင့်ဆောင်ခြင်းကို တာဝန်ခံရ၏။ ဝိဇ္ဇာကား-သိမြင်ခြင်းကိုတာဝန်ခံရ၏။ စရဏသန်ပြီး ဝိဇ္ဇာဉာဏ်မပွင့်သော် ကျင့်၏မသိပြီ။ ငါတို့သည်ကား စရဏပိုင်း၌ ဆစ်ပိုင်းပိုင်းလျက်ကသာကျင့်ခဲ့ဘူးဟန်ရှိ၏။ အတိတ်၏ နီးသောအကြောင်းခံဖြစ်သောကြောင့် ဤသက်ငယ်ကာလမျိုး၌ လာရောက်၍ အညွန့်တက်နေခြင်းဟု ထင်မိ၏။

ထိုစရဏ(အကျင့်မျိုး)သည် ဝါရိတ္တ,စာရိတ္တနှစ်မျိုးကွဲရာ ရှောင်ရမည်ဆိုသဖြင့်သာ ရှောင်ရခြင်း၊ ဆောင်ရမည်ဆိုသဖြင့်သာ ဆောင်ရခြင်း နှစ်မျိုးစလုံးတို့ပင် ငါတို့သဏ္ဍာန်၌ ငုတ်လျှိုးပုန်းကွယ်လျက်က ပါလာသည်ထင်မိ၏။ ရာဂပိုးထိုးကျင့်မှုကို ငယ်ငယ်ရွယ်ရွယ်နှင့် ခံရသည်ကိုထောက်၍ ပေမှိတ်ရှောင်ကြဉ်ခဲ့သော ဝါရိတ္တသီလမျှသာ အခြေပါသည်ကို အတပ်သိနိုင်၏။ တရားကျင့်သံကြားရုံမျှဖြင့် မနေနိုင်မထိုင်နိုင်သည်ကိုထောက်၍လည်း အထုံပါရုံ ဆောင်ခဲ့သော စာရိတ္တသီလမျှသာဖြစ်ကြောင်း ကောင်းကောင်းကြီးရိပ်မိနေနိုင်၏။ ထိုငါတို့၏ဖြစ်စဉ်ကိုလေ့လာလျှင် တစ်ဖက်ပါးကိုသာ သနပ်ခါးလိမ်းပေး၍ တစ်ဖက်သောပါးကိုကား ဗလာချီထားသည့်ပမာသာရှိချေ၏။ ဖမ်းမိထားသော တောကြက်၊တောငှက်တစ်ကောင်ကို လည်ဆံမွေးကိုသာနှုပ်၍ လည်ဂုတ်မချီးဘဲ ထားသည်နှင့်လည်း ပမာတူ၏။

ထိုသို့ရှုမှတ်သဖြင့် ယုတ်စွအဆုံး နှာသီးဖျားနှင့်လေတို့၏ တွေ့ထိစပ်ယှက် ပေါင်းဖက်နေကြပုံကိုပင် မမြင်သိခဲ့ချေပြီ။ မျက်စိမှိတ်လျက်က နှာဝ၌ သတိ(မျက်လုံး)မတည် ဟိုဟိုသည်သည် မျှော်မော့နေသော ငါတို့ အာရုံယူ စိတ်ထားပုံမျိုးကလည်း ကိုယ်တွေ့ခေါ် မိမိ ကြည့်နေသောနေရာ၏ ထိသော သဘာဝကို မြင်သိရန် အလားအလာမရှိ။

ဆရာဖြစ်သူကား ငယ်သေး၏။ ဤ တရားရှာမှုကိစ္စ လုပ်ဆောင်ရန်အချိန် မဟုတ်သေးဟူ၍ သဘောပိုက်ဟန်ရှိချေ၏။ ငါတို့အား တရားအားထုတ်ပုံ နှင့်ပတ်သက်၍ တစွန်းတစမျှ မဟာခဲ့။ ကျက်မှတ်ရမည့် သဒ္ဒါပိုင်းကိုသာ ဖိအားပေးတော်မူ၏။ ငါတို့သည်ကား ဆရာအားမပေးလည်း ဇွဲလျှော့ခြင်းမရှိခဲ့ပြီ။

## မအေ့ပါရမီ တစ်ချိုပြည့်ခဲ့ရဖူးခြင်း

ငါတို့မိခင်ကြီးကား ဆရာ၏လမ်းပြမှုဖြင့် တရားအားထုတ်နေချေ၏။ တရားလမ်းစ,ကား သမာဓိခန်းမှ ပညာခန်းသို့ ကူးဝင်အုံ့ဆဲဆဲ ဖြစ်နေပြီး၊ တစ်ဖက်၌လည်း နွားအုပ်ကျောင်းရန်လူမရှိ။ သို့နှင့် အခက်တွေ့နေစဉ် ဆရာဘုန်းကြီး၏အမိန့်ဖြင့် ငါတို့သည် ကျောင်းမှထွက်၍ နွားဝင်ကျောင်းပေးခဲ့ရသဖြင့် ငါတို့ကား ဘုန်းကြီးကျောင်းသားဘဝမှ နွားကျောင်းသားဘဝ တစ်ကြိမ်ကျခဲ့ရဖူး၏။

တစ်ခါမှာကား မိခင်ကြီး နွားကျောင်းရင်းက ခူယားကောင်တို့ကို နင်းမိခဲ့သဖြင့် ခူမွှေးစူးကာ ခြေဖဝါးများ မထောက်နိုင်သည်အထိ ရောဂါဖြစ်နေချေ၏။ ငါတို့သည်ပင် ကျောင်းမှခေတ္တထွက်ခဲ့၍ နွားကျောင်းသား တစ်ကြိမ် ဖြစ်ခဲ့ရဖူး၏။ မိခင်ကြီးနှင့်ပတ်သက်၍ ကျေးဇူးဆပ်ဖူးသည်မှာ ဤနှစ်ကြိမ်သာ ရှိခဲ့ဖူး၏။

မဟာဗောဓိ



ကျန်အချိန်များကား သာသနာပျော် (ကျောင်းပျော်)အဖြစ်ဖြင့်သာ အချိန်ကုန်ဆုံးခဲ့ရချေ၏။ ပျော်ပိုက်မှုကလည်း ကျောင်းသွေး အများဆုံး ပါနေသဖြင့် ကျောင်းသာလျှင်ဖြစ်ခဲ့၏။ ထိုသို့ ပျော်ရာ၌ အကျိုး,အပြစ်သိသော ဝိဇ္ဇာဉာဏ်ကြောင့်ကား မဟုတ်ချေပြီ။

ငါတို့ တစ်ဆယ့်လေးနှစ်သားသို့ ရောက်သောအခါတွင်ကား တစ်မိုးတွင်းလုံး ကျောင်းနေခွင့် မရခဲ့ပြီ။ အမဖြစ်သူမကြည်(မစန်းကြည်)ကား ကောက်စိုက်သမအဖွဲ့တွင် ဝင်ရောက်သွားပြီး ကောက်စိုက်သမဘဝ ရောက်ရှိသွားပြီ ဖြစ်သဖြင့် အကိုဖိုးသန်းတစ်ယောက်တည်းဖြင့် ထွန်ယက်ရန် မတွင်ကျယ်ပြီ။ အကြီးဆုံး ကိုအောင်ခကလည်း မိခင်ကြီးနှင့် သဘောချင်းမတည့်ကြလေ၍ ကောလင်း (ချပ်သင်း)မြို့သို့ သွားရောက်ကာ ဘထွေးဖြစ်သူ ဦးပြန်ထင်နှင့်တွဲဖက်၍ လက်သမားအလုပ် ဝင်ရောက်လုပ်ကိုင်နေချေတော့၏။ သို့ကြောင့် ငါတို့သည်ပင် နောက်လိုက်ထွန်စီး လုပ်ခဲ့ရ၏။

အစ်ကိုဖြစ်သူဖိုးသန်းကား စိတ်ပျော့၏။ အလုပ်တစ်ခုကို လက်ကြောတင်းတင်းမလုပ်တတ်။ စည်းစံနစ်ကျကျ လူချင်းတူ မကိုင်တွယ်တတ်။

ငါတို့ သည်လည်း ထိုလယ်ယာအလုပ်မျိုး စိတ်မဝင်စား။ ခိုင်း၍သာလုပ်ရ စိတ်ကား ကျောင်းမှာရှိနေ၏။

ထို ညီအစ်ကိုနှစ်ဦး ထွန်ယက်သော လယ်ကား မြက်ပင်လျှင်မကျွတ်ပြီ။ ဆူးပန်းတောင်းပင်တို့ကား သရော်ပြုံးပြုံးလျက်က ယိမ်းနွဲ့၍ပင် ကပြနေကြသေး၏။ ဆယ်ဧကမျှရှိသော လယ်ကွင်းတစ်ကွင်းလုံး ဤနည်းနှင်နှင်ဖြင့်ပင် စိုက်ကြရချေ၏။

ထိုနှစ်သည်ကား ငါတို့ရှင်ပြုရန်ဟူသော ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးသောနှစ်ဖြစ်၏။သို့ကြောင့် ထင်၏ ရိတ်သိမ်းသောကာလ စပါးတင်းပေါင်း ငါးရာကျော်ကျော် ထွက်ရှိခဲ့ချေ၏။ မည်သည့်နှစ်ကမျှ ထိုအထွက်နှုန်းမျိုး မထွက်ခဲ့ဆို၏။ ထိုခေတ် ထိုကာလက စပါးတစ်ရာလျှင်သုံးပိဿာ(ရှေးအခါက ငွေဒင်္ဂါးတစ်ကျပ်ဆိုသည်မှာ ငွေစင်တစ်ကျပ်သားတိတိကို သွန်းလုပ်ထားချေရာ-ငွေကျပ်တစ်ရာလျှင် ငွေသား တစ်ပိဿာတိတိပြည့်ရှိ၏။)နှုန်းဖြင့် ရောင်းချရသောခေတ်ဖြစ်၏။

တစ်ဖန် သူဌေးကြီးများ ပေးလှူမြဲဖြစ်သော ရှင်ပြုအလှူပွဲသည်ပင် ငွေ တစ်ထောင်ကုန်ရှိသော အလှူမျိုးဆိုလျှင် တော ခလေ့,တောထုံးအရ လှူဘွယ်ပစ္စည်း မုန့်၊ ဆေး၊ ပေါက်ပေါက်ဆုပ်၊ အိုး၊ ဖျာ စသောလှူဘွယ်ဝတ္ထု ဥဿုံ အကုန်ပါဝင်နိုင်ချေရကား ငါတို့အလှူပွဲသည်လည်း သူဌေးကြီးများနည်းတူ ထိုအားလုံး စုံလင်သည့်အပြင် အငြိမ့်၊ ဗျော စသည်တို့ပါ ပါဝင်ခဲ့ချေ၏။ အလှူပေးသောနှစ်ကား ငါတို့ တစ်ဆယ့်လေးနှစ်ထဲမှာတည်း။

မှတ်မိသေးတော့သည် ၁၃၁၇-ခုနှစ်၊ တပို့တွဲလပြည့်ကျော်-(၅,၆ရက်)နေ့များတွင် တစ်နယ်လုံးသော ဆွေမျိုးတို့၏အလယ်၌ ငါတို့သည်ကား သာကီဝင်မင်းမျိုး အဆောင်အယောင်များခြယ်သကာ ထမ်းစင်စီးလျက်က သာသနာ့ဘောင်ဝင်ခွင့်ရခဲ့ရပါချေ၏။ ညီဝမ်းကွဲ စံခင်နှင့်တွဲဖက်လျက်က နှစ်ဦးသားဝင်ရောက်ခဲ့ရ၏။ ထိုတစ်နယ်လုံးသော ဆွေမျိုးတို့၏အလယ်၌ပင် မိခင်ကြီးလည်း ဟိုကဖြင့်အလှူ့အမကြီး၊ သည်ကဖြင့် အလှူ့အမကြီးဖြင့် မျက်နှာလန်း၍ စန်းပွင့်ခဲ့ရပါချေ၏။

ထိုသို့ဖြစ်ရာ၌ အဓိကဦးဆောင်မှာ အမဖြစ်သူ မကြည်သာလျှင်ဖြစ်၏။ ထိုအမသည် ငါတို့အပေါ်၌ အမကဲ့သို့လည်း စိတ်ထားရှိ၏။ မိခင်သို့လည်း စိတ်ထားရှိ၏။

လူမှန်းသိတတ်ချိန်မှစ၍ သည်မောင်လေးအတွက်သာ စိတ်ထားရှိသူဖြစ်ခဲ့ပါ၏။ သူ့မောင်မျက်နှာငယ်မည်ကိုလည်း အလွန်စိုး၏။ သူ့မောင်

မဟာဓမ္မပါလ



မျက်နှာပြုသည်ကိုလည်း မခံဝံ့ခဲ့။ တစ်ခါက သီတင်းကျွတ်ရာသီမှာ မီးပုံးပျံလွှတ်ပွဲကျင်းပရန် ဒုတိယဆရာဘုန်းကြီးက ကျောင်းသား,ကိုရင်များကို ငွေတစ်ကျပ်စီ ခွဲ၏။(ထိုအခါက စက္ကူငါးရာဆိုလျှင် ၁၅-မျှဖြင့်ရ၏။ ထိုငါးရာကား သုံးရက်မျှ မီးပုံးပျံပွဲကျင်းပလည်း မကုန်လေ)။

ကျောင်းသားငယ်အားလုံးကား ထည့်ဝင်ပြီး၏။ ခေါင်းဆောင်ငါတို့ကား မထည့်နိုင်သေး။ ငါတို့ကား အရှက်ကြီး၏။ အရှက်ကြီးသဖြင့်လည်း မျက်နှာပူ၏။ ဆရာကလည်း မန္တလေး,မည်သည့်နေ့ သွား၍စက္ကူဝယ်တော့မည်ဟု ကြေညာ၏။

တစ်နေ့ ထမင်းစားအပြန် အိမ်ရောက်သည်နှင့် မိခင်ထံ ငွေတစ်ကျပ်တောင်းခဲ၏။ မိခင်ကလည်း (မိုးရာသီဖြစ်သဖြင့် စိုက်ပျိုးစရိတ် အဖိခံထားရသည်အားလျော်စွာ) မရှိသေးဘူး ဟူ၍ ဘူးခံ၏။ ငါတို့ကား တောင်းသည်ကိုမပေးရကောင်း လားဆိုကာ-

"ခင်ဗျားတို့ မွေးထားတုန်းကတော့ ကျုပ်ကို မွေးထားပြီး ခုမှ ကျုပ်ကိုပစ်ထားရသလား" ဟူ၍ ငိုရင်းပြောရင်း စစ်ကြေညာရာ အမေကား ဒုတ်တစ်ချောင်းဖြင့် လိုက်ပါလေတော့၏။ ငါတို့ကလည်း ရှေ့က ငိုလျက်ကရန်တွေ့၏။ အမကား မနေနိုင်ပြီ။ ခေါင်းရင်းအိမ်ဖြစ်သော ဒေါ်မမကြီးတို့အိမ်သို့ သွားရောက်ချေးကာ လမ်းအထိ လိုက်လံပေးရရှာချေတော့၏။

ယခု ဤရှင်ပြုအလှူပွဲ၌လည်း အငယ်ဆုံးမောင် မျက်နှာမငယ်စေရေးအတွက် မိုးတွင်းကပင်အလှူပစ္စည်းစုဆောင်း၏။ကောက်စိုက်ရာဝယ်အပိုစိုက်လျက်က(ဆိုပါစို့ သုံးယောက်စိုက်ရမည့်လယ်ကို နှစ်ယောက်ထဲစိုက်ပြီး စိုက်ခ တစ်ယောက်ပိုကို မျှယူခြင်းမျိုး) ငွေစုဆောင်း၏။ သို့ကြောင့် အလှူပွဲသည် တန်းစေ့သောအလှူ၊ ဂေဇက်ဝင်ဖြစ်ခဲ့၏။ မုဆိုးမ၏အလှူက သူဋ္ဌေးအလှူနှင့် ရင်ဘောင်တန်းလိုက်နိုင်သည်ဆိုကတည်းက အာဂသတ္တိဆိုသည်ကိုရိပ်မိနိုင်လောက်၏။ အမကား မိခင်ထက်ပင် ပို၍ပျော်သေး၏။

မဏ္ဍာပ်ဝင် ခေါ်သော လပြည့်ကျော်-၆ရက်နေ့,ညနေ တရားနာချိန်ဝယ် ပင့်သံဃာများအားလုံး ပရိတ်တရားချီးမြှင့်ခြင်း၊ အနုမောဒနာတရား ချီးမြှင့်ခြင်း၊ ရေစက်ချတရားချီးမြှင့်ခြင်းများ ဆောင်ရွက်တော်မူပြီးသဖြင့် ဆရာအပါအဝင် အားလုံး ပြန်လည်ကြွမြန်းပြီးနောက် ငါတို့ကိုလည်း တရားဦး ဟောစေ၏။ အရွယ်ကား (၁၄)နှစ်သားမျှရှိသေးသဖြင့် ဆုပေး,သီလပေးဖြင့် ပထမ ရှင်ဘဝ တရားဦး စ,ခဲ့ရချေသတည်း။

## တစ်သက် တစ်ကိုယ် ၏ အပျော်ဆုံးနေ့

ထို ၁၃၁၇-ခု၊တပို့တွဲလပြည့်ကျော်(၆)ရက်နေ့ကား အပျော်ဆုံးနေ့ပင်တည်း။ ထိုည တစ်ညလုံး စိတ်သည် အလွန်ကြည်လင်လန်းဆန်းနေပြီး အိပ်မရတော့ပြီ။

-သည်ဘဝ-တရားထူးရဖို့ လမ်းစပေါ်ပြီ။
-သည်ဘဝ-တောထွက်ဖို့လည်းလမ်းစပေါ်ပြီ။

ထိုအတွေးများကား တစ်ညလုံးစကားပြောနေကြချေ၏။ ကျောင်းသားဘဝ (၁၃-နှစ်သား)ကပင် သက်န်းစီးပြီးသော် တောထွက်မည်ဟူသော အဓိကရည်ရွယ်ချက် သတ်မှတ်ထားရှိပြီးသော ကြောင့်ဖြစ်၏။ ဝေဘူဆရာတော်ဘုရားကြီး၏ တောပျော်ဘဝဖြင့် ပါရမီထူး ပွင့်လေသည်ဟူသော အစွဲက ငါတို့စိတ်ဝယ် ကြီးစိုးနေပြီဖြစ်၏။ တောရောက်မှပင် တရားထူးရနိုင်သည်ဟူသော အစွဲကလည်း နာနေပြီးဖြစ်ခဲ့၏။

သို့ကြောင့် မိုးစင်စင်လင်းသည်အထိ အိပ်မရခဲ့ပြီ။ ထွက်မည့်တောကိုရွေးချယ်ခြင်း၊

မဟာဓမ္မပါလ



နေမည့်ပုံကိုခန့်မှန်းခြင်းတို့သည် ထိုညဏ် ကြီးမားသော အလုပ်ခွင်ဖြစ်ခဲ့၏။ အများက အပျော်ဆုံးနေ့ သတ်မှတ်ရာ၌ မိန်းမရသောနေ့၊ ထောင်က ထွက်သောနေ့၊ ရှင်လိင်ပြန်သောနေ့ဟူ၍ တညီတညွတ်တည်းဆုံးဖြတ်ခဲ့ချေရာ ငါတို့ကား ပြောင်းပြန်သမားဖြစ်ခဲ့ချေ၏။ ရှင်လိင်ပြန်သောနေ့ အစား ရှင်လိင်ယူသောနေ့ဟူ၍ ပြင်ဆင်သတ်မှတ်လို၏။ ထိုနေ့လောက်ပျော်သောနေ့ ငါတို့၏ တစ်သက်နှင့် တစ်ကိုယ် မည်သည့်အခါမျှမတွေ့ခဲ့ရ စဖူးချေ။

နောက်နေ့ (လပြည့်ကျော်-၇ရက်နေ့) နံနက်ကား ရှင်အမည်ခံနေ့ဖြစ်၏။ မိခင်ကြီးသည် ကန်တော့ပွဲ၊ ဆွမ်းပွဲများဖြင့် ငါတို့ကို ရှင်အမည်သတ်မှတ်ပေးပါရန်(ဆရာ့ထံ ခွင့်ပန်ရသောထုံးစံအတိုင်း) လာရောက်တောင်းပန်ခြင်း ဖြစ်ချေ၏။

ဆရာကား ငါတို့ညီနောင်နှစ်ပါးအား ၄င်း၏ ရှေ့တော်မှောက်ခေါ်၍ " ကဲ. . မင်းတို့ဘွဲ့ မင်းတို့ပဲ ပေးပါ" ဟူ၍ ငါတို့ကိုလွှဲအပ်တော်မူ၏။ ငါဘို့ကားမဆိုင်းမတွပင်-

"တပည့်တော်တို့ ညီအစ်ကိုက အင်္ဂါသားချည်း ဖြစ်ကြလေသဖြင့် ဥေယျ နှင့် ဇောတိပါလ မှည့်ပေးပါဘုရား။ စံခင်ကို ဇောတိပါလ၊ တပည့်တော်က ဥေယျပါဘုရား" ဟူ၍လျှောက်ထား၏။ ဆရာကလည်း ပြုံးရွှင်လျက်ကပင် "အေး-အေး. . မင်းတို့ပေးသောဘွဲ့အတိုင်း တည်စေဗျာ" ဟူ၍ နခမ်းသတ်ပေး၏။

ဤသို့ဖြင့် ငါတို့ကား ညိမ်းမောင် ဟူသော အမေ့သားဘဝမှ ဥေယျ ဟူသော သကျပုတ္တ-ဘုရားသားတော် ဖြစ်ခဲ့ရချေတော့၏။ ယခင်ဘဝက ဉာဏ်ကျော်မှ ဥေယျ။ ယခုဘဝကား ညိမ်းမောင်မှ ဥေယျ ဤမျှသာကွာ၏။ စိတ်ထား၊ စရိုက်၊ ဉာဉ် များနှင့် ဘွဲ့ကား တစ်သားတည်းသာတည်း။

ထိုအချိန်မှစ၍ ဆရာသည် ငါတို့ကို သဒ္ဒါပါဠိမှအနက်သို့ ကူးပြောင်းပို့ချချေတော့၏။ ရုပ်တွက်-ပုဒ်စပ်-ပုဒ်ဖြတ်များကို နေ့စဉ် သင်ပေးတော်မူ၏။ ငါတို့သည်ကား တစ်ဖက်က ဆရာ့စာဝါ၊ တစ်ဖက်က တရားအားထုတ် နှစ်ခွအလုပ်ကို လုပ်လျက်သားရှိချေ၏။ တောထွက်ရန်ကိစ္စ တာစူနေ၏။ ဝါမဆိုမီ အချိန်ပိုင်းအတွင်း တစ်နေရာရာ (ရွာနှင့်ဝေးရာ)သို့ တိတ်တဆိတ်ထွက်ရန် ကြိတ်ကြံကြံနေသော အချိန်ပိုင်းပင်ဖြစ်ချေ၏။

ဝေဘူဆရာတော်ကြီး သတင်းသုံးရာ ဝေဘူတောင်သို့ စိတ်ကူးကြည့်၏။ သို့သော် ခလေးဖြစ်သဖြင့် ထိုအရပ်၊ ထိုဒေသသို့ ဉာဏ်မထောက်မိနိုင်။ အနီးအပါး လူသူလွတ်ရာအပိုင်းကိုသာ ဦးစားပေး စဉ်းစားနေမိ၏။ ဝေဘူတောင်မဆိုထားဘိ ဝေဘူဆရာတော်ဘုရားကြီးကိုပင် တစ်ကြိမ်သာ ပက်ပင်းဖူးတွေ့ဖူးရ၏။ ငါတို့ရွာမင်းကုန်းနှင့် ဝေဘူဆရာတော်ဘုရားကြီး၏ရွာ အင်ကြင်းပင်ကား သုံးမိုင်(တစ်တိုင်ခွဲ)မျှသာ ခရီးကွာဝေး၏။ အင်ကြင်းပင်၏ အရှေ့မြောက်(တနင်္ဂနွေထောင့်) အရပ်ဝယ် ငါတို့ရွာ တည်ရှိ၏။ သို့တစေလည်း ငါတို့ကား ကျောင်းနေဘဝ ခလေးအရွယ်မျှ ရှိနေခြင်းများကြောင့် သွားချင်တိုင်း သွားခွင့်မရခဲ့ပြီ။

တစ်နေ့(ငါတို့တစ်ဆယ့်သုံးနှစ်သားမှ တစ်ဆယ့်လေးနှစ်သို့ မကူးမီ ငါးရက်ခန့်အလို) ဝါဆိုလဆန်း-၁၀ရက်နေ့တွင် မိခင်ကြီးနှင့်အတူ ထိုအင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်းသို့ ညအိပ်ရောက်ခဲ့ရချေ၏။ တိလောကသဗ္ဗညုတ စေတီတော်ကြီး နောက်ဆုံးခြုံလျက်က လက်စသတ်နေသော အချိန်လည်းဖြစ်၏။ အင်ကြင်းပင်မှဝေဘူသို့ ကြွရောက်ရန် ပြင်ဆင်နေချိန်လည်းဖြစ်၏။ နှစ်စဉ် ဝါဆိုလဆန်း-၁၀ရက်မှလပြည့်အတွင်းသည် အင်ကြင်းပင်မှ ဝေဘူသို့ ပင့်ခွင့်ရ အချိန်ပင်ဖြစ်၏။

ငါတို့သည်ကား ညဉ့် လျှပ်စစ်မီးတို့အောက်ဝယ် ပန်းရံကိုင်နေကြသော တတိယပစ္စယံအဆင့်ရှိ ထိုပန်းရံလုပ်သားများထံသို့ တပ်ဆင်ထားသော

သစ်သား လှေကားအတိုင်း တက်ရောက်၍ အုတ်များ သယ်ဆောင်ပေးခြင်းဖြင့် ထို တိလောကသဗ္ဗညုတ စေတီတော်ကြီး တည်ထားကိုးကွယ်ရာ၌ ပါဝင်ခွင့် ရခဲ့ပါချေ၏။

-ထိုစေတီ၏ ထီးတော်ဒါယကာကား-ဘိုးတော် အောင်မင်းခေါင်ကြီး။

-ထိုစေတီကို ကြီးကြပ်တည်ပေးသူကား- ဘသန့်ရှင်း။

*(ထိုအချင်းအရာတို့ကိုကား ကြီးပြင်းမှ သိခွင့်ရ၏။ ထို ဘသန့်ရှင်းဆိုသူကား ယခု ငါတို့၏ ဥပဇ္ဈာယ်ဆရာ ဖြစ်လာခဲ့၏။) ဤကားစကားချပ်။*

နောက်နေ့နံနက်(၁၀-ရက်နေ့ နံနက်)တွင်ကား ကျောက်ဆည်မှ ကားကြီးကားငယ်များ အတီးအမှုတ်များဖြင့် ဥပသကာ၊ဥပသကီတို့ စုံညီစွာ ရောက်လာကြ၏။ ထိုအချိန်ထိ ငါတို့ ဝေဘူဆရာတော်ဘုရားကြီးကို မဖူးရသေး။ နေ့လည် (၁၂)နာရီခန့်မျှ အချိန်တွင်ကား ဆရာတော်ဘုရားကြီးသည် ၄င်းစံရာ ဒေါက်တာလျမ်း ကျောင်းတော်မှ စေတီတော်ကြီး၏ အာရုံခံတန်ဆောင်းတော်ထဲသို့ ကြွရောက်တော်မူ၏။

ငါတို့သည်ကား နံနက်ကပင် ပူပူနွေးနွေး ကောက်ရထားသော လက်ကိုင်ပုဝါဖြူလေးကို လာရာလမ်း ခင်းထားလျက်က စောင့်ကြို ဖူးခွင့်ရခဲ့၏။ ငါတို့အနား ဆရာတော် ကြွရောက်လာပြီး ငါတို့ခင်းထားရာ ပုဝါဖြူလေး၏အပေါ် ညာဘက်ခြေဖဝါး တစ်ချက်ချချိန်၌ ငါတို့၏ ဥက္ကောင်းကား တင်းတောင်း၊ ပုပ်တောင်းမျှ ကြီးသွားသည်ထင်ရ၏။ ငါတို့၏ကျောပြင်ကား ကြက်သီးဖြန်းဖြန်းထနေ၏။ ဆရာတော်ကား ခဏမျှ လျှပ်ကနဲ နင်းသွားသော်လည်း ငါတို့ကား အကြာကြီး နင့်ကျန်နေရစ်ခဲ့၏။ ခံစားရသော ဝေဒနာကို မဖော်ပြတတ်။

ထိုမှတဆင့်ကျောင်းဝင်းတော်ကို ကားဖြင့် သုံးပတ်ပတ်ပြီးမှ ကျောက်ဆည်သို့ကြွချီ တော်မူရာ ငါတို့ကား ထို ဆရာတော်ဘုရားကြီး နင်းပေးထားခဲ့သောနေရာ (အာရုံခံနှင့်ဒေါက်တာလျမ်းကျောင်း၏အကြားကွက်လပ်)လေးမှာပင် ရပ်ကျန်နေရစ်ခဲ့၏။ ဆရာတော်ဘုရားကြီး တစ်ပတ်လည်၍ ငါတို့ရှေ့ ကားရောက်လာသောအခါတွင် ကာဘော်လိပ်ဆပ်ပြာတစ်ခဲနှင့် နံ့သာတိုင်ဆယ်ချောင်း လှမ်းလင့်ပစ်ချပေးသွားချေခဲ့၏။

ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ပစ်ချ ပေးသနားသွားသော ထိုဆပ်ပြာခဲ၊ ထိုနံ့သာဖြူအမွှေးတိုင်များကို မသုံးရက်လောက်အောင်ပင် မြတ်နိုးလှသဖြင့် ကာဘော်လိပ်(လီးဘား အမှတ်အသားပါ) ဆပ်ပြာတစ်ပိုင်းကိုကား မိခင်ကြီးသို့ ပေးလှူလိုက်၏။ နံ့သာတိုင်ဆယ်ချောင်းတို့ကိုကား ကျောင်းဘုရားများသို့ လှူဒါန်းလိုက်၏။ ထိုမှနောက်တွင်ကား ငါတို့သည် သာသနာ့ဘောင်ကူးဝင်ခဲ့ခြင်း၊ ဆရာ့အရိပ်မှ ထွက်ခွာခွင့်မရှိခြင်းများကြောင့် ဝေဘူဆရာတော်ဘုရားကြီးနှင့် ဖူးတွေ့ခွင့်မရပြီ။ တရားနာကြားရမှုလည်း မရှိခဲ့ပြီ။

ထိုသို့ တစ်ကြိမ်မျှသာလည်းကောင်း ထိုတစ်ကြိမ်၏ လျှပ်တစ်ပျက်ပမာ ရှပ်ခနဲ တစ်ခဏသာလည်းကောင်း ဖူးတွေ့ခွင့်ရခဲ့သော ဝေဘူဆရာတော်ဘုရားကြီးနှင့် မည်သို့မျှ အနီးကပ် လက်ထက်သင် တပည့်အဖြစ် မခံယူနိုင်ပြီ။ ငယ်ရွယ်သေးခြင်း၊ ဓမ္မာနုသယထက် ရာဂါနုသယက လွှမ်းမိုးဖိစီးခံထားရလေသူဖြစ်ခြင်း များကြောင့်လည်း ထိုအချိန်ထိုအရွယ်သည် မည်သို့မျှ အနီးကပ်တပည့်အဖြစ် မခံယူသာပြီ။ သို့ကြောင့် ထိုဝေဘူစခန်း ဝေဘူလမ်းကား အလှမ်းကွာလှချေသည်။ ဝေဘူဟူသောဒေသ ဝေဘူအမည်နာမ တို့သည်ကား ငါတို့အတွက် စိတ်ကူးယဉ် သက်သက်မျှသာတည်း။

မဟာဗောဓိ



## ဝန်တောသို့ မသက် ကာမတောကို ထွက်ရခြင်း

ထိုသို့ သာသနာ့ဘောင်အရောက် တောတောက်လျှောက်ဝင် ရည်ရွယ်ချက်စိတ်ကူးတို့ဖြင့် ထွက်ပေါက် ထွက်ခွင့် အရေးအခွင့်ကို မျှော်လျက်ကပင်- "မင်းငယ်သေးသည်။ တောထွက်၍ မသင့်တော်သေး။ကြီးရင့်သောအချိန်ရောက်က မင်းသဘောကျ တောထွက်လိုက ထွက်ပါ။ ယခုတော့ဖြင့် ပညာသင်ရန် မြို့တက်လေဦး ဥဇ္ဇ ယျ"

ထိုစကားတို့ကို ဆရာသည် ချော့မော့သောလေသံတို့ဖြင့် ပြောခဲ့ပါချေ၏။ ငါတို့ကား အင်းမထုတ်-အဲမလှုပ် ငုတ်တုတ်။ ထို ငုတ်တုတ်ဖြင့်ပင် မြို့တက်စာသင်ရန် ၎င်း၏တူတော်သူ ကိုရင်ပဏ္ဍဝ(လူ့အမည်ဖိုးစပ်)နှင့်အတူ စီစဉ်ချေတော့၏။

နှစ်ကား ၁၃၁၈-ခုနှစ် သာသနာတော် ၂၅၀၀ ပြည့်နှစ်တည်း။ ငါတို့အသက်ကား (၁၅)နှစ်သို့ ဝင်မည့်စဲစဲ လပိုင်းမျှအလိုတည်း။ ၁၃၁၈-ခုနှစ် ကဆုန်လပြည့်နေ့သည် ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူသည့် သက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍ရေတွက်သော် (၂၅၀၀)တင်းတင်းရှိ သာသနာ အာဏာစက်ဝင်း လင်းသောအချိန်ပေတည်း။(ပွင့်သောနှစ်မှစ၍ ရေတွက်လိုသော် ထိုအထဲ (၄၅)ဝါ ထည့်သွင်း၍ ရေတွက်ရချေမည်)

သို့ကြောင့် ဗုဒ္ဓသာသနာ အာဏာစက်သက်ရာ တစ်ပြည်လုံး တစ်တိုက်လုံး တစ်ကမ္ဘာလုံးတို့၌ပင် ဘုရားဂုဏ်အောင့်မေ့ အမှတ်ရသော အားဖြင့်လည်းကောင်း၊ အများကိုလည်း အမှတ်ရစေသောအားဖြင့်လည်းကောင်း စစ်မှန်သော ဘာသာဝါဒဖြစ်သဖြင့် လူ့အလုံး၊ နတ်အလုံး၊ ဗြဟ္မာအလုံးတို့ကပင် ဤမျှသက်တမ်းရှည်ခရီးအထိ အမြတ်တနိုး ကိုးကွယ်အားထားခြင်း၊ လေ့လာလိုက်စားပွားများခြင်း ဝိဇ္ဇာပညာရပ် ပရမတ်စစ်စစ်တို့ကို လက်တွေ့တပ်အပ် သုံးသပ်ပြသခြင်းများတို့ကို သိစေသောအားဖြင့်လည်းကောင်း၊ ယင်းသာသနာ(၂၅၀၀)ပြည့်ပွဲတော်ကြီးကို ကျင်းပကြလေသည်။

ထိုသို့ အထိမ်းအမှတ်ပွဲကျင်းပရာ၌ အချို့နေရာမှာ ဟောပြောပွဲမျှ၊ အချို့နေရာ၌ ဝိနည်းစာပြန်ပွဲစသည်တို့ဖြင့်တွဲဖက်၍၊ အချို့ဒေသများ၌ (၂၅၀၀) ပြည့်အထိမ်းအမှတ် ကျောက်တိုင်ကြီးများတစ်ခမ်းတစ်နားအထိ၊ အချို့နေရာဒေသတို့၌ ကား (၂၅၀၀)ပြည့်စေတီတော်ပင် အထိမ်းအမှတ်အဖြစ်တည်ထားကိုးကွယ်သည်အထိ ကြီးကျယ်ခမ်းနားလှချေ၏။ ငါတို့ဒေသကား တောရွာဇနပုဒ်မျှ ဖြစ်သဖြင့် ထိုအားလုံးတို့နှင့် မထိတွေ့မိ။ ဝေဘူဆရာတော်ဘုရားကြီး၏ အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်းတော်၌ကား ဝိနည်းစာတော်ပြန်ပွဲဖြင့် အထိမ်းအမှတ်ပြုပါသည်ကို ရွှေဘိုဝေဠုဝန် ပါဠိ-တက္ကသိုလ်မှ စာသင်သားသံဃာတော်များ ကြွရောက်ကာ ပြန်ဆိုခြင်းဖြင့် ကျင်းပကြောင်းသိရ၏။ တိတိပပကား မသိ။

ထိုကဆုန်လပြည့်နေ့သည် အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်းဝင်းအတွင်းရှိ တိလောကသဗ္ဗညုတစေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲ ဘုရားပွဲတော်ရက်ဖြစ်ရာ ထိုပွဲ၌ ငါတို့ကား ဆရာ့ကိုယ်စား ထိုနှစ်၊ ထိုနေ့ကကြွရောက်ပေးခဲ့ရ၏။ ထိုစဉ် မြို့သံဃာများကို ဖူးတွေ့ခွင့်ရခဲ့ချေရာ- ငါတို့ ဝေဠုဝန်ပါဠိတက္ကသိုလ်သို့ရောက်သောအခါ ထိုသံဃာတော်များကို ထပ်မံဖူးတွေ့ရခြင်းဖြင့် စပ်ဟပ်ကြည့်မိခြင်းပင်ဖြစ်၏။

ထိုနှစ် ၁၃၁၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀-ရက်နေ့သည်ကား ငါတို့ကို ရွှေဘိုမြို့ ဝေဠုဝန်ပါဠိတက္ကသိုလ် စာသင်တိုက်သို့ ပို့အပ်ခံရသောနေ့ပေတည်း။

ဝေဠုဝန်သည် တင်းကြပ်သောစည်းကမ်းရှိသော စာသင်တိုက်ဖြစ်၏။ ကောလင်းမှသည် ဝက်လက်အတွင်းရှိ စာသင်ပျိုနုတို့သည်လည်းကောင်း ရေဦးမှသည် မိုးကုတ်အတွင်းရှိ စာသင်ပျိုနုတို့သည်လည်းကောင်း မှီခိုအားထားရာ စာသင်တိုက်လည်းဖြစ်၏။ နှစ်စဉ်စာသင်သားဦးရေ (၁၈၀)တစ်ရာ့ရှစ်

ဆယ်မျှအထိ ရှိ၏။ မြို့၏ အနေအထားနှင့်နှိုင်းချင့်သော် စာသင်သားအများဆုံးသော တိုက်တစ်တိုက်ဖြစ်ခဲ့၏။ ဦးစီးဆရာတော်ကား ဦးစန္ဒိမာ (နောက်သော်လူထွက်သောကာလ ဦးစံညွန့်အမည်တွင်၏။ ငယ်နာမည်ကား အစ်ကိုကြီးဦးတုတ်မှ စပ်နွယ်၍ ဦးရှုပ်ဟူ၏) သည် ပဓါနနာယက ဩဝါဒါစရိယအဖြစ် သတင်းသုံး၏။ ဆရာတော်ဦးစန္ဒိမာကား သဒ္ဒါအရာ၌ တစ်ဖက်ကမ်းခက်ဖြစ်ပြီး ရွှေဘိုမြို့ပေါ်၌ စာပေအရာတွင် တံခွန်ထူသော ပရိယတ္တိသာသနာ့အာဇာနည် တစ်ပါးဖြစ်တော်မူ၏။

ထိုတိုက်ကို အုပ်ချုပ်တော်မူသော ဆရာ-တော်ဦးဉာဏိန္ဒကား လောကီ၊လောကုတ် နှစ်ဖက်ကျွမ်းနိုးသော ဆရာတော်တစ်ပါးဖြစ်၏။ ထိုတိုက်၏ ဂဏဝါစက,ဂဏပါမောက္ခခေါ် ကထိကဆရာတော်များကား ဦးဝါသဝ၊ ဦးပညာဇောတနှင့် ဦးဉာဏိန္ဒ (တိုက်အုပ်ဆရာတော်)တို့သုံးပါး ဖြစ်ချေ၏။ တိုက်၏ အရံစာချမေ့ကထိက ဆရာတော်များကား ဆရာတော်ဦးကောသလ္လ(ဘောဇနဖလဘာဇကခေါ် ဆွမ်းစားကျောင်းတာဝန်ခံ)၊ဆရာတော်ဦးလာဘ၊ ဆရာတော်ဦးကောဝိဒ၊ဆရာတော်ဦးဝါသဝ၊ ဆရာတော်ဦးကစ္စာယနတို့ ဖြစ်ကြ၏။

ဆရာဘုန်းကြီးနှင့်အတူ ထိုစာသင်တိုက်သို့ ရောက်သွားသောကာလ ဦးစွာ တိုက်အုပ်ဆရာတော်ထံ သတင်းပို့သောအားဖြင့်လည်းကောင်း၊ ဂါရဝပြုသောအားဖြင့်လည်းကောင်း၊ ဩဝါဒခံယူသောအားဖြင့်လည်းကောင်း သွားရောက်ရ၏။ ရောက်သည်နှင့် စည်းကမ်းကို ဦးစွာပြောပြတော်မူ၏။

စာအံ,စာကျက် မပျက်စေရ။ ပျက်ကွက်ခဲ့သော် သဲဒဏ်၊ ရေဒဏ်(၁၀)ခေါက်။

လပြည့်,လကွယ်၌ ရေးဖြေ၊ (၈)ရက်နေ့များ၌ အာဂုံပြန်၊ ကျရှုံးက သဲဒဏ်,ရေဒဏ် (၁၀)ခေါက်။

ပွဲခိုးကြည့်သဖြင့် တစ်ချီမိ(၂၅)၊ နှစ်ချီ(၅၀)၊ သုံးချီပြည့်က ကိုယ့်တရားကိုယ်စီရင်။

စာသင်သားအချင်းချင်း တစ်ပါးနှင့်တစ်ပါး ရန်မက်ဖြစ်ပွားက ကိုယ့်တရားကိုယ်စီရင်။

ဤ၌ ကိုယ့်တရားကိုယ်စီရင်ဆိုသည်မှာ တာဝန်ခံတို့မှ နှင်ထုတ်ရန်မလိုပဲ မိမိဘာသာ အလိုက်သိစွာဖြင့် ထိုစာသင်တိုက်မှ ထွက်ရန်ပင် ဖြစ်ချေ၏။

အထက်ပါစည်းကမ်းများအတိုင်း လိုက်နာနိုင်မည် မလိုက်နာနိုင်မည်ကို သုံးရက်စဉ်းစား။ ထိုသုံးရက်အတွင်းကား အာဂန္တုက အဖြစ်ဖြင့်နေဟူ၏။

-စည်းသည် ခွေးဆိုး၊ နွားဆိုး၊ အများသူခိုးတို့ မတိုးရန်တည်း။

-ကမ်းကား ရေတက်ရေလျှံ ရေငထန်တို့ကို တားဆီးရန်တည်း။

ငါတို့သည်ကား ဩဝါဒစကား ထိုစည်းကမ်းများကို ကြားသိရှိရသည်နှင့် စိတ်နှာခေါင်းရှုံ့လျက်က စိတ်ကျောလည်း ချမ်းသွားစေတော့၏။

စာသင်သည်ဆိုရာဝယ် စာပေကိုသာ သင်ကြားပို့ချ၍ ယင်းစာပေ၏ အနှစ်သာရဖြစ်သော ဗုဒ္ဓ၏ဩဝါဒစကားများကို ကြားသိတော်မူစေရုံမျှသာဟု အစက ထင်မိခဲ့၏။ ယခုအခြေအတိုင်းဆိုသော်ကား သူ့ကျောင်းတိုက်၏ ပုံစံခွင်သို့ အံဝင်အောင် သွင်းပြီးတော့မှ ပို့ချပေးမည်ကို သိရှိလာရ၏။

သို့တစေလည်း ငါတို့၏အရွယ်ကား ဆရာကိုသော်လည်းကောင်း ထိုတိုက်ရှိ ဆရာများနှင့် စည်းကမ်းကိုသော်လည်းကောင်း အံတုရဲသောအားမာန်သတ္တိ တစ်စိုးတစ်စိမျှမရှိ။ ပေါ်လာသမျှသော အရေးကိစ္စမှန်သမျှ ခေါင်းငုံ့ခံရုံမှတစ်ပါးလည်း အခြားလမ်းမရှိ။

မျက်စိတစ်ဆုံးမျှလောက်ရှိ လောကကိုသာ ကျင်လည်ရဖူးသော တောကြက်, တောငှက်မျိုးတို့

မဟာဗောဓိပါလ



သည် ဟို,သည်ပျံ့ကူးနိုင်စွမ်းမရှိ။ ဈေးကျရာ ပျော်ဘိ သို့သာ ရှိချေ၏။

မိခင်နို့မကင်းသေးသော နွားသူငယ်သည် သခင်ကြိုးဆွဲရာ၌သာ ပါရလေ့ရှိပြီး သခင်ထားရာ ချည်တိုင်၌သာလျှင် နေရရိုးထုံးစံရှိ၏သို့သာ ရှိချေ၏။

သုံးရက်စေ့သည်နှင့် ဆရာကား ငါတို့ကို ထားရစ်ခဲ့၍ ဌာနေသို့ ပြန်ကြွသွားချေ၏။ ငါတို့သည်သာ ထိုစည်း,ထိုဘောင်ကြီးအတွင်းဝယ် ပိတ်မိ၍ နေရစ်ခဲ့ရချေတော့၏။ ထိုစည်းကမ်းထဲ ဝယ် နောက်တစ်ခုတိုးလာသေး၏။ ညနေ(၇)နာရီ ထိုးသည်နှင့် အုံးမောင်းတီးခေါက်၍ အချက်ပေး မည်။ ထိုအုံးမောင်း တီးခေါက်သည့်နောက်ပိုင်းတို့၌ ကျောင်းပရိဝုဏ် အုတ်တံတိုင်းကြီး၏ အပြင်မှာ ဘက် ရောက်ရှိနယ်ကျွံနေသော် ထိုစာသင်သားကို လည်း ပွဲကြည့်သမားအဖြစ်သတ်မှတ်ကာ ပွဲဒဏ် စည်းကမ်းအတိုင်း အရေးယူမည်ဟူသော နောက် ဆရာတို့၏ သတိပေးစကားပင် ဖြစ်ချေ၏။

ထားတော့။ အားလျှော့၍သာ ခံတော့မည်။

ထိုထိုစည်းကမ်းတို့အတိုင်းပင် ငါတို့သည် တရိုတသေ လိုက်နာ၏။ နွေရာသီ စာသင်သား မစုံ လင်သေးသဖြင့် သံဃာကား(၁၀၀)ပတ်လည်သာသာ မျှသာရှိသေး၏။ ထို(၁၀၀)မျှသံဃာတို့သည် စာမေး ပွဲနှင့်မသက်ဆိုင်သော စာဝါများကိုသင်ကြား လိုက်နာ လျက်ရှိကြကုန်၏။ သဒ္ဒါသန်သော စာသင်တိုက်မျိုး ဖြစ်သဖြင့် သဒ္ဒါအခြေခံများကိုလည်းကောင်း၊ သဒ္ဒါ ၏အဖွင့် ကျမ်းကြီးများကိုလည်းကောင်း သူ့အဆင့် သူ့အခြေအလိုက် နေ့ဝါညဝါ ဇောက်ချ၍ သင်ကြား လိုက်နာကြကုန်၏။

ငါတို့သည်ကား အခြေခံစာသင်သားပီပီ သဒ္ဒါ၏ သန္ဓိပိုင်းကို စတင်သင်ကြားခွင့်ရချေ၏။ လက်ဦးဆရာကား ဆရာတော်ဦးကောဝိဒတည်း။

ထိုသန္ဓိပိုင်းသည် ရွာမှာနေစဉ်တုန်းကပင် ရွာဆရာဘုန်းကြီး၏ သင်ကြားပို့ချမှုကို လိုက်နာခဲ့ဖူး ပြီးဖြစ်သဖြင့် အခက်အခဲမရှိ ချောမောလွယ်ကူ၏။ အခြား အခြေယူစာသင်သားများနှင့် ဆင့်မီတန်းမီ သင်အံလေ့ကျက်နိုင်စွမ်း ရှိခဲ့၏။

ကိုယ်နေစိတ်နေတို့၏ အနေအထားကား လူသူဖမ်းမိသဖြင့် လူတို့လက်ထဲပါလာခဲ့ပြီး၊ လူတို့ နှင့်အတူနေခွင့်ရသော တောကြက်၊ တောငှက်၏သို့ မျက်နှာပိုးသေလှ၏။ မှင်သက်လှ၏။ တိုက်တာကြီး ၏အရှိန်အဝါသည်လည်းကောင်း၊ မြို့နေမြို့ အခြေ တို့၏ အရှိန်အဝါသည်လည်းကောင်း ငါတို့အပေါ် ဖိစီးလွှမ်းမိုးထားသဖြင့် ကိုယ်ကျနြေ၊ စိတ်ကျနြေ ငြိမ်သက်လျက်သာရှိချေ၏။

ငါတို့နှင့် ဆေးဖော်ကြောဖက် ဆို၍ ဆရာတော်ဦးစန္ဒိမာ ဩဝါဒါစရိယ ဆရာတော်၏ တူတော်မောင် ကိုရင်ညို (ဘွဲ့တော် ရှင်ဝိမလ) တစ်ပါး သာ အသိအကျွမ်းရှိသဖြင့် သူငယ်ချင်းနယ်ကလည်း မကျယ်ဝန်းသေး။ ငါတို့ရှေ့မှ ရောက်နှင့်နေကြသော ကိုရင်ဇော်ဂျီ(ရှင်ကုသလ)၊ (ရှင်ဇဝနကား လူထွက် သွားချေပြီ)၊ ရှင်အဂ္ဂ၊ ရှင်သုဒဿနတို့ကား ရှိ၏။ သို့တစေလည်း မြို့ရောက်သောကာလ နောက်ရောက် ငါတို့နှင့်မရောနှောမိ ကာလသားကြီးနှင့်ရှင်လူထွက်စ ပမာ ကွာခြားနေခြင်းကြောင့် ဖြစ်၏။

မြို့သည်ကား အညာ၏ဒေသဖြစ်သဖြင့် ပူပြင်းခြောက်သွေ့လှ၏။ နွေရာသီက ကဲပေးထား သဖြင့် အညာထက်ညာသော အညာဖြစ်ချေ၏။ သည်အထဲခြေမလှုပ်ရဲ လက်မထုတ်ရဲလောက်အောင် စည်းကမ်းက ပိုကဲထားပေးသဖြင့် ငါတို့စိတ်ရှိ သွေ့ခြောက်မှုကား နှစ်ညာ,သုံးညာ၏ ဒေသထက် ပိုဆိုး၏။

ကျောင်းတိုက်ကြီး၏ဝဲ,ယာ,ခြေရင်းတို့မှ စပါးစက်ကြီးများ၏ တဒုန်းဒုန်းမြည်ဟီးသံတို့က လည်း တို့တောရွာ၏ ဂျိုးကူသံထက်ပိုကဲ၏။ ထို

ဆန်စက်ကြီးများ၏ ခေါင်းတိုင်ဆီတို့မှ ကြွေကျလာသော စက်ဖွဲ့ပြာ၊ မီးသွေးမှုန်တို့က ငါတို့ခေါင်းပေါ်သို့သော်လည်းကောင်း၊ ငါတို့စာဝါလိုက်နာရာ ကျောင်းတော်ကြီး၏ ခေါင်မိုးပေါ်သို့သော်လည်းကောင်း တဖွဲဖွဲကျသံများက တဖျောက်ဖျောက် ညာသံပေးနေလေသောအခါ ငါတို့၏စိတ်သည် ထောင်နံရံကြားမှ ချောင်းမြောင်းကာ ထွက်ပေါက်ကိုလည်းကောင်း၊ ပြင်ပလောကကိုလည်းကောင်း ငဲ့မျှော်ကြည့်လေသူ ထောင်ကျသမား၏စိတ်နှယ်သာ ရှိချေ၏။

မကြာပါလေ ဝါဆိုလထဲရောက်သဖြင့် ဝါဆိုခါနီးသော အချိန်ပိုင်းများ၌ စာသင်သား အဟောင်း,အသစ်တို့သည် တဖွဲဖွဲ ဝင်ရောက်လာကြကုန်၏။ စာချဆရာတော်များလည်း စုံလင်စွာ ရောက်လာကြလေကုန်၏။ သွေ့ခြောက်သော မြင်ကွင်းသည် သံဃာတော်စာသင်သားများ၏ သွက်လက်သော ကိုယ်နှုတ်အမူအရာ ဝင်းဝါသော ဝတ်ရုံတော်များ၏အရောင်အဝါများက အစားထိုးပေးလိုက်ခြင်း၊ မိုးရာသီ,မိုးဥတုက အေးပေးလိုက်ခြင်းများကြောင့် ငါတို့စိတ် တအားတက်လာစေ၏။ ထိုအထဲ စာမေးပွဲကဇက်ကြီးများက ထွက်လာသဖြင့် ငါကား အကြီးတန်းအောင်ပြီ၊ အလတ်တန်းအောင်ပြီ၊ အငယ်တန်းအောင်ပြီဆိုသော ဂုဏ်ဝင့်သံများ လျှံတက်လာချေရာ လူပြောများလျှင် ကောင်းမည်ခံချင်သော ငါတို့ဗီဇ အညွှာင့်ပေါက်လာချေပြန်ရာ တအားပေါ်တအား ပိုးတက်လာချေတော့၏။

ငါသည် တောထွက်လျက်က ဝေဘူဆရာတော်လို ကျင့်မည်။ တောသို့ဝင်လျှင် သိက္ခာဖြူစင်စေရန် ဝိနည်းတစ်မျိုးကိုသာ အတတ်သင်မည်။

ဤကား တောနေစိတ်ထားတည်း။

ငါသည် သူတို့တစ်တွေလို ငယ်၊ လတ်၊ ကြီး၊ ကျော် အောင်မြင်သည်အထိ ကြိုးစားမည်။ ထိုအရာအားလုံး အောင်မြင်လျှင် မြို့၌ပင် ရှင်တစ်ဆူ လူတစ်ယောက် ထွန်းတောက်စေရမည်။

ဤကား မြို့နေစိတ်ထားတည်း။

ထိုအကြံ ထိုဟန်များကို ကြည့်လျှင် ငါတို့၏ တဏှာနုသယ မှန်းဆ ဝေခွဲနိုင်လောက်ပြီ။

## ဆရာတို့ အရိပ်ကြည့်ခံရသော ငါ

ငါတို့သည်ကား တောနေဆရာသမား၏ အမိန့် မလွန်ဆန်တတ်သေးသဖြင့် ထားရာနေဖို့ တောမှမြို့သို့ တက်မည်ပြုစဉ်ကား-

ငါသည်ကား အရွယ်ရ၍ တောတောင်သို့ကြွ တရားအားထုတ်လေသောအခါ သိက္ခာဖြူစင်စွာဖြင့် အားထုတ်နိုင်ရန် သိက္ခာပုဒ် ဝိနည်းတော်များကို အကျိုး,အပြစ် စီစစ်ကာ လိုက်နာပြုကျင့်တတ်ရန် ရဟန်းတစ်ပါး၏ ကမ္မာကမ္မမှု ကိစ္စများဖြစ်ကြပါသော ကမ္မဝါစာဖတ်ခြင်းစသည့် ရဟန်းတာဝန် ကျေပွန်စွာထမ်းရွက်တတ်ရန် ဝိနည်းတော်တစ်ခုတည်းမျှကိုသာ ထိုမြို့, ထိုစာသင်တိုက်ကြီးမှ သင်ယူမည်ဟူသော ရည်ရွယ်မှန်းထားဖြင့် မြို့ကိုတက်၍ စာသင်တိုက်ကြီးသို့ ဝင်ရောက်လာခဲ့ခြင်းတည်း။

ယခုသော်ကား ငယ်၊ လတ်၊ ကြီး၊ ကျော် စာအောင်သံဃာတော်များ၏ ကြွေးကြော်သံများကို ကြားသိရသည်နှင့် ဂုဏ်ဘက် မျက်နှာလှည့်ကြည့်မိ၏။ ကြည့်မိသည့်အတိုင်းလည်း အားသွန်ခွန်စိုက်လေ့ကျက်၏။ နေ့တွင် ရသလောက်ကျက်, ညတွင်ကား ရသလောက်ပြန်ဖြင့် ငါတို့အသံကား တစ်တိုက်လုံးအတွင်း တည်ညံသာရှိချေဘိ၏။

ညညများတွင် ဆယ်နာရီ , စိတ်ပါလက်ပါဖြစ်လာလျှင် ဆယ့်တစ်နာရီအထိ ပြန်ဆိုလေ့ရှိ၏။ တိုးတိုးကားမဟုတ် ကျယ်လောင်သောအသံကြီးဖြင့်

မဟာဗောဓိမြိုင်

အော်ဟစ်၍သာ ပြန်ဆိုလေ့ရှိတတ်၏။ သို့ကြောင့် စာပြန်နေသောဥဒေ ယျကို သံဃာတိုင်းက သိသလို၊ စာမပြန်ဖြစ်သော ဥဒေ ယျကိုလည်း သံဃာတိုင်းက သိရှိကြသည်သာ ဖြစ်ချေတော့၏။

စာကျက်,စာပြန်တို့၌ ဝိရိယကောင်းလှသော ဥဒေ ယျ၏အကြောင်းကို တစ်တိုက်လုံးက သိရှိကြသလို ဉာဏ်အရာ၌ညံ့ဖျင်းလှသော ဥဒေ ယျကြီးအကြောင်းကိုလည်း တစ်တိုက်လုံးကပင် သိရှိကြသည်သာဖြစ်၏။ ရှမ်းသွေးဖြင့် စပ်ထားသော ဗမာဖြစ်သဖြင့် ငါတို့ရုပ်ကား ကြည့်ပျော်,ရှုပျော်ရှိ၏။ ရေသဖန်းသီးမှည့်တစ်လုံး ကြည့်ရသည့်ပမာရှိချေ၏။ ရုပ်သန့်သလောက် စိတ်မသန့်သောကြောင့်ပင်ဖြစ်၏။

ဖခင်ဘက်ကား သဘင်မျိုးရိုးဖြစ်သဖြင့် ငါတို့မျက်နှာကား သဘင်သည်ဆန်၏။ အမြဲတမ်းရွှင်ပြုံးနေတတ်၏။ အရှိန်အဝါ ကြီးမားတော်မူလှသော ဆရာတော်ဦးစန္ဒိမာကို ချန်လှပ်၍ ပါမောက္ခဆရာတော်များမှအစ တစ်တိုက်လုံးမည်သည့် သံဃာတော်များနှင့် မျက်နှာချင်းဆိုင်တွေ့တွေ့ အပြုံးကသာ ရှေ့ပြေးဖြစ်နေတတ်၏။ သို့ကြောင့် စာသင်သားအားလုံးတို့က ငါတို့အား ဖိုးပြုံးချိုဘွဲ့ ပေးထားတော်မူကြ၏။ တိုက်သို့လာသမျှ ပရိတ်သတ်များကလည်း အဝင်အထွက်များ၍ အသိအကျွမ်း ဖြစ်လာလျှင် ထိုဘွဲ့ကိုသာ ပေးသွားတတ်ကြ၏။ အချို့သံဃာများကား ရှမ်းလည်းမဟုတ်၊ဗမာလည်းမဟုတ်သော ငါတို့ကို လအယ် ဟူ၍လည်း ချစ်စနိုး ခေါ်ဝေါ်တတ်ကြသေး၏။

ထို စာပြန်,စာကျက် ဇွဲသန်သောငါ၊ အပြုံးသန်သောငါ၊ ရုပ်သန့်သောငါတို့တွင် စာပြန်,စာကျက်ဇွဲသန်သောအရာက ဖုံးလွှမ်းထားသဖြင့် ငါတို့ကို ဆရာတိုင်းက အရေးပေးတော်မူကြ၏။ တိုက်၏အရံအင်အားအဖြစ် သတ်မှတ်အားထားတော်မူကြ၏။ ကြီးပြင်းလာခဲ့သော် ၎င်းတို့၏အရာကို ဆက်ခံမည့် ပရိယတ္တိဝန်ဆောင်အဖြစ် မျှော်မှန်းထားတော်မူခဲ့ကြ၏။

ထိုတိုက်၏ထုံးစံမှာ ဥပုသ်နေ့များတို့၌ စာချ,စာအံ,စာပြန်များ အနားပေးထားခြင်းပင်ဖြစ်၏။ ဥပုသ်နေ့များတို့၌ နေ့တွင် လဆန်း(၁)ရက်မှ လပြည့်တိုင်အောင်လည်းကောင်း၊ လပြည့်ကျော်(၁)ရက်မှလကွယ်တိုင်အောင်လည်းကောင်း၊ ၎င်းတို့ ပို့ချပြီးသောစာဝါများ၏ သဘောတရားရေးမေးဖြေစာမေးပွဲများကို ထိုပို့ချခဲ့သောဆရာကတာဝန်ခံမေးခွန်းပုစ္ဆာထုတ်လျက်က ရေးဖြေစာမေးပွဲ ကျင်းပပေး၏။

တပည့်တို့ဉာဏ်သွား-မသွား၊ ၎င်းတို့ပို့ချမှုများအပေါ် သဘောပေါက်-မပေါက် စမ်းသပ်သောသဘောပင်ဖြစ်ချေ၏။ သဘောမပေါ် ဉာဏ်မသွားသေးဟူ၍ ဆရာတို့သဘောရသော် ထိုဆရာများသည် နောက်နောက်အပတ်များ၌ ပို၍ပို၍ ကြိုးစားပို့ချလေ့ရှိတတ်၏။

တစ်ဖန် လဆန်း(၈)ရက်မှ လဆုတ်(၈)ရက်တိုင်အောင်လည်းကောင်း၊ လဆုတ်(၈)ရက်မှ လဆန်း(၈)ရက်တိုင်အောင်လည်းကောင်း ထိုထို(၁၅)ရက်,(၁၅)ရက်တို့အတွင်း ကျက်ပြီးသော ကျက်စာများတို့ကို ထိုထို(၈)ရက်နေ့များ၌ သက်ဆိုင်ရာဆရာတို့ထံ သွားရောက်၍ အလွတ်ပြန်ဆိုကြရ၏။ ရပြီးစာ မမေ့မပျောက်စေရန် လေ့ကျင့်ပေးခြင်းသဘောတည်း။ ဆရာတို့၏ အရှိန်အဝါဖြင့် ရပြီးစာထိန်းသိမ်းပေးခြင်း အစဉ်အလာတည်း။

ထိုထိုဥပုသ်နေ့များ၏ ညဦးပိုင်း ဘုရားဝတ်တက်ပြီးစီးသောအခါတွင်ကား မိမိ, မိမိတို့ အားထားရာ ဆရာသမားတို့ထံသွားရောက်၍ ဝတ်ကြီးဝတ်ငယ်ဖြည့်စွမ်းပေးကြသော တပည့်တို့၏ထုံးစံလည်း ရှိချေသေး၏။

ငါတို့ကား ဆရာများ၏။ ဆရာတော်ဦးစန္ဒိမာထံသို့လည်း သွားရောက်ဝတ်ဖြည့်၏။ ဆရာတော်ကြီးကား ငါတို့စာပြန်ဆိုသံများကို ညစဉ်

မဟာဓမ္မပါလ



ကြားသိတော်မူပြီးဖြစ်သည့်အတိုင်း ဝတ်ဖြည့်ရင်းက စာပေအကြောင်းအရာများကို သင်နည်းမှအစ လေ့ကျင့်နည်း အတွေးအခေါ်များကို ဟောပြော ပေးတော်မူ၏။ သဒ္ဒါသန်သောဆရာတော်ကြီးပီပီ မောဂ္ဂလာန်ကား ဘယ်သို့ ဂဠုန်ပျံကား ဘယ့်နှယ် စသဖြင့် စုံလင်တော်မူလှ၏။ ငါတို့ပြန်ဆိုနေသော စာပေများတို့ကိုလည်း ဘယ်နေရာမှာ ဘယ်သို့ရွတ် ဖတ်သည်မှာ မှားယွင်းနေသည်။ ဘယ်သို့အသံထွက် မှမှန်ကန်သည်တို့ကို ပြုပြင်ပေးတော်မူ၏။

တစ်ဖန် ဆရာတော်ဦးစန္ဒိမာထံမှ ပြီးစီး၍ အချိန်စောသေးသော် ဆရာတော်ဦးဉာဏိန္ဒ၊ ဦးပညာဇောတ၊ ဦးကောသလ္လစသည့် မိမိအားထား ရာ ဆရာသမားများထံသို့လည်း အချိန်ရ, ရသ လောက် သွားရောက်ဝတ်ဖြည့်ရင်း အလ္လာပ သလ္လာပ စကားများ ပြောကြားသည်ကိုလည်း နာခံရ၏။

လောကီအကြောင်း၊ လောကုတ်အကြောင်း စုံလင်၏။ ရယ်စရာ, မောစရာလည်းပါ၏။ မှတ်သား စရာလည်းပါ၏။ အားတက်စရာလည်းပါ၏။ အထူးသဖြင့် တိုက်အုပ်တာဝန်ယူရသော ဆရာ- တော်ဦးဉာဏိန္ဒထံမှ အရများတတ်၏။ ထိုဆရာ- တော်သည် စကားပြောရာ၌ တည်ငြိမ်ပြီး အကွက် စေ့လှ၏။ စိတ်ရှည်၏။ တပည့်တို့ကို ပုံသွင်းပေး ရာ၌ ညင်သာပြီး လိုသလို ပြုပြင်နိုင်စွမ်းရှိ၏။

ငါတို့ကိုကား သည်ဘဝ အကျွတ်အလွတ် မင်းတို့ကျင့်နိုင်ကျင့်ကြ။ ငါကတော့ ဘုရားဆုပန်ဖြစ် ၍ ပညာပါရမီ ဖြည့်ရစ်ရအုံးမည်။ တစ်နှစ်တစ်နှစ် (၁၈၀)မျှစာသင်သားများကို စာပေပို့ချပေးနေသည် မှာ ငါပန်ထားသောဆု၏ ပညာပါရမီအဖြစ် ရည်စူး ၍ ဖြည့်ကျင့်နေခြင်းပင် ဖြစ်ကြောင်း ပြောပြတော်မူ ၏။

ထိုသို့ ဥပုသ်နေ့၏ ညညများတို့၌ ဆရာ သမားများတို့ကို ဝတ်ဖြည့်ရခြင်း ထိုထို ဆရာသမား များနှင့် အနီးကပ် ချဉ်းကပ်ခွင့်ရခြင်း များကြောင့် ရလာသော အကျိုးကား ဆန္ဒအား, ဝီရိယအားများ တက်ကြွလာခြင်းများပင်တည်း။

ထိုဆန္ဒ ထိုဝီရိယအားအင်များကိုအမှီပြု၍ ငါတို့သည် ဆွမ်းခံသွားလျက်ကပင် စာတစ်ပုဒ်ကို အရအမိကျက်မှတ်လေ့ရှိ၏။

နံနက်လင်းသည်နှင့် ဆရာတော်ဦးဉာဏိန္ဒ ထံသွားရောက်၍ ယမန်နေ့ကျက်ခဲ့ပြီးစာကို ပြန်ဆို ပြရပြီး ယနေ့အတွက် ရှေ့ရှိ အသစ်တစ်ပုဒ် ထပ်မံ ကာ ကြောင်းခဲ့ရ၏။ ထိုကြောင်းခဲ့ပြီးစာကို စာရွက် ပေါ်ခဲတံဖြင့်ရေး သပိတ်ဖုံးပေါ်တင်ကာ လမ်းသွား ရင်း စာကျက်ရင်း ဆွမ်းခံသွားချေရာ ဆွမ်းခံပြန် စာတစ်ပုဒ်ရ ဖြစ်ခဲ့ရချေ၏။ ထိုရပြီး,မိပြီးစာသည် ငါတို့ထံရောက်သော် မီးခံသေတ္တာထက် စိတ်ချရပြီး ဘယ်သောကာလမှ မေ့သွားသည်မရှိခဲ့ပြီ။ အာရုံနှင့် ပတ်သက်သောမေးခွန်း၊ ပါဠိမှီအနက်နှင့် သက်ဆိုင် သောမေးခွန်း၊ မည်သည့်စာမေးပွဲ, မည်သည့်အဆင့် မှာမှ မဖြေနိုင်သည် မရှိခဲ့ပြီ။ ဉာဏ်စမ်းမေးခွန်းများ တွင်ကား နည်းနည်းမျှလှည့်လှျင်ပင် လည်ထွက် သွားချေပြီ။

တစ်ခါက အဘိဓမ္မာမေးခွန်း၏ ရုပ်ပိုင်း ဆိုင်ရာမှာ ထိုစဉ်က ခေတ်စားနေသော ဒုံးပျံ၊ ဂြိုဟ် တုတို့ဖြင့်တွဲဖက်ကာ စပွတ်နစ် ဂြိုဟ်တု၌ ပါသွား သော ခွေးမလေး လိုကာ၏ကိုယ်မှာ ရုပ်ပေါင်း ဘယ် မျှ ပါသွားသနည်း မေးရာ ကြောင်သွားချေတော့၏။ တကယ့်အဖြေမှာ ဣတ္ထိဘာဝဖြစ်သော ခွေးမ၌ ရုပ် မည်မျှရှိသနည်း ဒဲ့ဒိုးမေးက ယောကျ်ားအထီး မဟုတ်လေသဖြင့် ပုံဘာဝ ချန်လှပ်၍ (၂၇)ဟူ၍ တပ်အပ်ဖြေနိုင်စွမ်းရှိ၏။ ဖြေဆိုနိုင်ရန်လည်း လေ့ ကျက်ပြီးသားဖြစ်ခဲ့၏။ သို့တစေလည်း ခွေးမ၏ အထဲ ဂြိုလ်တုကြီးက ဝင်နေသဖြင့် ငါတို့ အဖြေမှန် မထုတ်တတ်ခဲ့ပြီ။ အာဂုံပါဠိ၊ အာဂုံအနက်နှင့် ပတ်သက်၍ကား ကွက်ကျော် ပြန်ဆိုခိုင်းလည်း မလည်ခဲ့။ အစဉ်အတိုင်းလည်း တတွတ်တွတ် မြည်ဟီးထွက်စေခဲ့၏။ စာထောက်,စာမ ဆရာတိုင်း လေးစားကြ၏။ ဘေးမှနာကြားသူတိုင်းက ကြည်ညို

မဟာဓမ္မပါလ



သဒ္ဒါပွားလာစေတတ်၏။ အသံနေ,အသံထား ပြတ်သား၍ အရပ်အနားကား ကင်းမဲ့ခဲ့၏။

သို့ကြောင့် ဆရာသမားတို့၏ ချစ်မြတ်နိုးမှုကိုလည်းကောင်း၊ အားထားမှုကိုလည်းကောင်း ဝေဠုဝန်ပါဠိတက္ကသိုလ်၏အတွင်းဝယ် အခံရဆုံး ဖြစ်ခဲ့ရချေ၏။ ထိုတိုက်၌ ငါတို့နေထိုင်ရာကျောင်းကား ဆွမ်းစားကျောင်းတည်း။ ငါတို့ နိသျည်းထိန်း ဆရာကား ဆရာတော်ဦးကောသလ္လတည်း။

ထိုဆရာတော်၏အခန်း၌ ပြုဖွယ်ကိစ္စ မှန်သမျှ နံနက်မျက်နှာသစ်ရေ ခပ်ပေးရခြင်းမှသည် တံမြက်လှည်းခြင်း၊ ဘုရားသောက်တော်ရေချမ်းကပ်ခြင်း၊ ပန်းကပ် ခြင်းတို့အထိ တစ်ခါခိုင်းပြီးက နောက်တစ်ချီ မခိုင်းရအောင် တာဝန်ကျေခဲ့၏။ သို့ကြောင့် ထိုဆရာတော်သည် ငါတို့အတွက် အစစတာဝန်ယူ ချီးမြှောက်တော်မူ၏။ မိခင်တစ်ဦး၏ စိတ်ထားဖြင့် ငါတို့ဘဝကို ထိန်းကျောင်းပေးတော်မူ၏။

ငါတို့သည်ကား ဘဝစကတည်းက ထောင်ကျမှစတင်ကာ ကံခေခဲ့ရ၏။ ထို့နောက် မုဆိုးမသားဘဝဖြင့် မျက်နှာငယ်ခဲ့ရ၏။ အစစ အရာရာတိုင်းတို့၌ လူ့အဆင့်မီ တန်းစေ့မရှိခဲ့ပြီ။ ယခု စာသင်တိုက်ထဲ ဝင်ရောက်ခြေချမိသော ကာလ၌လည်း လက်ထဲဝယ် တစ်ဆယ်ကျပ်မျှသောငွေသာ ပါခဲ့၏။

ထိုစဉ်က ရထားခမှာ ငါတို့စီးနင်းရာ ထန်းတပင်ဘူတာနှင့် ရွှေဘိုသည် (၂၆)မိုင်မျှ ခရီးကွာဝေးသဖြင့် (တစ်မိုင်-၅ါးနှုန်းကျ) (၁ိ-၃၀ါး) ကုန်ကျခဲ့ရ၏။ ထိုစရိတ် ဆရာဘုန်းကြီးက ကျခံ၏။ လက်ဝယ်ရှိ(၁၀ိ)ကား ဆွမ်းဟင်းထည့်ရန် ဝတ်ခွက်၊ သင်ဖျာ၊ ရေခွက်၊ ဆပ်ပြာ၊ ဆပ်ပြာခွက် စသည့် မရှိမဖြစ်သော အသုံးအဆောင်များ စုဆောင်းရသဖြင့်ကုန်စင်သွားတော့၏။ နောက်ထပ်ပေါ်ပေါက်မည့်ငွေဖြင့် ဖန်ဆင်းစရာကိစ္စ သုံးစရာမရှိတော့ပြီ။ ကူမည့်ကယ်မည့်သူလည်း မရှိတော့ပြီ။

သင်္ကန်းသည်ကား ရှင်ပြုစဉ်က ပါရှိခဲ့သော မဟာဝန်တံဆိပ်ဇကေသီနှင့် ဇီးကွက်တံဆိပ်သင်္ပိုင် တစ်ထည်သာ။ စာသင်သားဆိုသဖြင့် ထည်ထည် ဝါဝါ မရှိခဲ့။ ပြောင်ပြောင်လက်လက် အဆောင်နှင့် အရောင်ကား မထွက်ခဲ့။ ရေလဲစရာ သင်္ပိုင်ကိုပင် သူတစ်ပါးတို့ စွန့်ပယ်ထားသောသင်္ကန်းကို ကောက်သုံးရ၏။နောက်ထပ် ဇကေသီဟောင်း သင်္ပိုင်ဟောင်း များ အများမသုံးတော့၍ သင်္ကန်းတန်းပေါ် ပစ်တင် ထားသော် သုံး-မသုံးမေး၍ မသုံးဆိုက သုံးခဲ့ရ၏။

ထိုစာသင်သားဘဝ၌ တစ်နှစ်လုံးလုံးမှ မဟာဘုံကထိန် ကျင်းပစဉ်ကာလ၌ သင်္ပိုင်တစ်ထည်မျှ ရရှိခဲ့ရ၏။ ထိုသင်္ပိုင်လေးကား မဝတ်ရက် မကိုင်ရက် ခေါင်းအုံးအောက် သာသာလေးထား၍ အရိပ်ကြည့်ခဲ့ရ၏။ တစ်စာစာ စာတို့ကို အော်ဟစ်နေရသော ဝမ်းရေးကား ဆာလောင်မွတ်သိပ်လှချေ၏။ သို့တစေလည်း တစ်နေ့မှတစ်ထပ်မျှသော ဆွမ်းဖြင့်ပင် ပြီးစီးခဲ့ရ၏။

ထိုသို့သော အကျပ်အတည်းဘဝကို ထိုဆွမ်းစားကျောင်းဆရာတော်ကပင် တာဝန်ယူ၏။ မရှိသောခြင်ထောင်မှ ရှိသောခြင်ထောင်အဖြစ်သို့လည်းကောင်း၊ မရှိသောသင်္ကန်းမှ ရှိသောသင်္ကန်းအဖြစ်သို့လည်းကောင်း၊ မဖူလုံသောပစ္စည်းမှ ဖူလုံသောပစ္စည်းအဖြစ်သို့လည်းကောင်း ဖန်ဆင်းပေးတော်မူခဲ့၏။ ဟာနေသော ဝမ်းရေးကိုကား စာပြန်သံကြားသည့် ကြည်ညိုကြလေကုန်သော သံဃာတော်အပေါင်းတို့က ညအချိန်ဝယ် အချို့ကား ထန်းလျက်၊ နံနက်လင်းဝယ် အချို့ကား မုန့်ဆွမ်းစသည်တို့ဖြင့် ၎င်းတို့ သုံးဆောင်သလို ငါတို့အား ချီးမြှောက်ကြလေကုန်၏။ ဆရာတော်ဦးစန္ဒိမာသည်ပင် ၎င်းသုံးဆောင်တော်မူသော ဟောလစ်များ ဖျော်လျက်က ရံတစ်ခါ ခေါ်ယူတိုက်ကျွေးလေ့ရှိတော်မူ၏။ သင်္ကန်းကိုလည်း တစ်ရိုတစ်သေ တပည့်ဟူ၍သဘောမထား ဂန္ထဓူရဆောင် သံဃာတော်တစ်ပါးအမှတ်ဖြင့် ၎င်းကပင် ဒူးထောက်

မဟာဓမ္မပါလ



လျက်က လျှုဒါန်းပါသည်ကို ငါတို့ အလှူခံခဲ့ရဖူး ချေ၏။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ"

စင်စစ် တရားစောင့်လေသူကို တရားက ပြန်လည်စောင့်ရှောက်တတ်ချေ၏ ဟူသော ဘုရား စကားတော်သည် ငါတို့အတွက် ချက်ထိမှန်ကန် ၍သာ နေပါချေ၏။

သို့ကြောင့် စည်းကမ်းကျပ်တင်းသော စာ သင်တိုက်၌ မပျော်ပိုက်သော ငါတို့သည် ပျော်ပိုက် သောအဖြစ်သို့ ရောက်ရှိလာစေ၏။ ဆရာတော် များနှင့် စာသင်သားသံဃာတော်များ၏ အလယ်၌ ချမ်းသာစွာ အားထုတ်ခွင့်ကို ရစေခဲ့၏။

ပထမ၏ (၁၃၁၈-ခုနှစ်၏) တစ်နှစ်တာ ကာလပတ်လုံး ပရိယတ္တိ၏ အခြေခံလည်းဟုတ်၊ ပိဋကတိုက်ဖွင့်ရာသော့လည်းဟုတ်သော အခြေခံ သဒ္ဒါကိုပင် ဇောက်ချ သင်ယူခွင့်ရစေခဲ့၏။ သဒ္ဒါ၊ ထိုသဒ္ဒါ၏အခြံအရံဖြစ်သော သုတ်စစ်, ပုဒ်စစ် သံဝဏ္ဏနာ နည်းလေးဆယ်များနှင့် ဓာတွတ္ထသဂြိုဟ် ခေါ် ဓာတ်အနက်တို့ကိုသာ သင်ယူခဲ့ရပါချေ၏။

၁။ ဝိနည်းငယ်သည် ဝိနယပိဋကတိုက်ဖွင့်ရာ သော့တည်း။

၂။ သင်္ဂဟခေါ် သဂြိုဟ်သည် အဘိဓမ္မာပိဋက တိုက်ဖွင့်ရာ သော့တည်း။

၃။ သဒ္ဒါသည်ကား ပိဋကသုံးပုံတိုက်အလုံးကို ဖွင့်ရာ သော့တည်း။

ထိုသုံးမျိုးသော အခြေခံတို့တွင် သဒ္ဒါသည် ငါတို့သန်သော ကျမ်းဖြစ်ပြီး သဒ္ဒါဉာဏ်သည်လည်း ငါတို့ထံ၌ ကိန်းတည်နေစေတော့၏။ ထိုတစ်နှစ် အတွင်း သဒ္ဒါ၏အောက်ပိုင်းလေးစောင်ကို ကျေညက် စေခဲ့ပြီး သဒ္ဒါ၏ သဘောနှင့်သဘာဝများကိုလည်း ရိပ်စားမိလာစေခဲ့၏။ သဒ္ဒါနှင့်ပတ်သက်လာလျှင် အသံကြားရုံမျှဖြင့် ဘယ်အပိုင်းက ဘာသုတ်ဖြင့် စီရင်ရမည့်အရာဆိုသည်ကို နားလည်ခွင့်ရလာခဲ့၏။ ထိုသဒ္ဒါကျမ်းကို သင်အံလေ့ကျက်နေရသော ငါတို့ ကား စိတ်မဝင်စားခြင်း၊ ပျင်းရိခြင်း၊ အလျဉ်းမရှိခဲ့ပြီ။

## ဆရာတို့အကြား လမ်းထား လူကြခြင်း

ဒုတိယနှစ် ဝါဆိုခါနီးကာလတွင်ကား ငါတို့ တိုက်မှ စစ်ကိုင်းတောင်ရိုး သီတာမုခချောင်သို့ ပြောင်းရွှေ့ သီတင်းသုံးသော ဆရာတော်ဦးဝါသဝ ကြွရောက်လာကာ အငယ်တန်းစာဝါများနှင့်အဘိ- ဓမ္မာ၏ အခြေခံသင်္ဂဟတို့ကို တာဝန်ယူပို့ချတော်မူ ၏။ ဆရာတော်ဦးဝါသဝကား ငါတို့ကိုမြင်သည်နှင့် အလွန်ခင်မင်တော်မူ၏။ တွေ့တွေ့ချင်းလျှင် ဖက်လှဲ တကင်းပြုတော်မူ၏။ စာဝါများ ဝါဝင်သည်နှင့် အချိန်ဇယားချ၍ ပို့ချလေသောအခါ၌ ငါတို့ကို အငယ်တန်းဝင်ရန်တိုက်တွန်း၏။ ငါတို့ကား ဆရာတော်များ၏လက်အောက်နေရသဖြင့် ဆရာ တော်များခွင့်ပြုမှ ဝင်ဝံ့မည်ဖြစ်ပါကြောင်း လျှောက် ထား၏။ စာမေးပွဲလည်းအောင်လို၏။ ဆရာများကို လည်း ကြောက်ရွံ့၏။

ထိုစဉ် ဆရာတော်ဦးဝါသဝက တိုက်အုပ် ဆရာတော်များနှင့် ဆုံသောအခါ ဥ ယျလေး စာမေးပွဲဝင်ရန်လျှောက်၏။ စာအခြေခံခိုင်မာ တောင့်တင်းစေလိုသော၊ ကြီးသော်ရှင်တစ်ဆူ, လူ တစ်ယောက် ထွန်းတောက်စေလိုသော ဆရာတော် ဦးဉာဏိန္ဒ၊ဆရာတော်ဦးကောသလ္လ တို့က လက်မခံ ချေ။ ဆရာတော်ဦးဝါသဝသည် တစ်ကြိမ်မှနှစ်ကြိမ်၊ နှစ်ကြိမ်မှသုံးကြိမ်အထိ လျှောက်သော်လည်း လျှောက်လေတိုင်း ခွင့်မပြုလေသောအခါ-

"သည်လိုဆို ဘာပြုလို့ ပါဠိတက္ကသိုလ်ဖွင့် ထားပါသလဲဘုရား" ထိုစကားကို စိတ်ဆိုးမာန်ဆိုး

မဟာဓမ္မပါလ



တို့ဖြင့်လျှောက်ထားရာ နောက်ဆုံးလိုက်လျှောတော်မူကြရ၏။ ထိုလိုက်လျှောချိန်၌ အတန်းပို့စာဝါများ၊ ရက် (၁၅ -၂၀) မျှ ရောက်ရှိသွားချေပြီ။

ငါတို့သည် ဝါခေါင်လထဲမှာမှ စာအုပ်စုရ၏။ စာဝါများလိုက်ခွင့်ရ၏။ ထို (၁၅ -၂၀) မျှသော ရက်စုများ၏ ကျန်ခဲ့သောစာဝါများကို အများတို့ ဆိုသံ နာခံလျက်က ရစေခဲ့ရပြီး ရှေ့ရှိစာများကိုသာ ကျက်မှတ်၍လိုက်နာခဲ့ရ၏။ စာမေးပွဲဝင် စာသင်သားကြီးဘဝ တစ်ခဏချင်းရောက်သွားလေမှကိုး။ ငါတို့သူငယ်ချင်း ကိုရင်ညို(ဘွဲ့-ရှင်ဝိမလ)၊ ကိုရင်အုံးဖေ(ဘွဲ့-ရှင်နန္ဒမေဓါ)၊ ဆရာတော်ဦးစန္ဒိမာနှင့်အတူနေနုစ်ပါးတို့ကား အခြေပြုအတိုင်း နေမြဲဖြစ်သဖြင့် ငါတို့နှင့်လမ်းသွားခြားနားခဲ့ရချေပြီ။ စာချင်းမရောတော့၍လူချင်းလည်း နှောမဖြစ်ကြချေပြီ။

ထိုနှစ်ကား တစ်နှစ်ထဲဖြင့် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း သုံးကျမ်းတို့ကိုလည်း ကျေပွန်ရမည်။ ညဝါခေါ် အဘိဓမ္မာခုနှစ်ကျမ်းအပါအဝင် မာတိကာ၊ ဓာတုကထာ,အရကောက်များကိုလည်း ကျေပွန်ရဦးမည်ဖြစ်သဖြင့် အချိန်ကြပ်၊ ကျမ်းကြပ်၊ လူကြပ်သာဖြစ်၏။ နံက်လင်းမှ ည(၁၀)နာရီ-(၁၁)နာရီအထိ အချိန်အားမရှိ။ နေ့၌ မရသေးသည်များကို အရအမိဖမ်းရပြီး၊ ည၌ ရပြီးမိပြီးသားများကို အဖိတ်အစင်,အကျအပျောက် မရှိရလေအောင် ပြန်ဆိုရ၏။

ဝါကျွတ်ခါနီး တော်သလင်းလပြည့်ကျော်(၇)ရက်မှ တော်သလင်းလကွယ်၊ သီတင်းကျွတ် လဆန်း(၁)ရက်,(၂)ရက်အထိ ရွှေဘိုမြို့၏ ကျက်သရေဆောင် မြို့ဒေါင့်စေတီ(ရွှေဘို၏ တနင်္ဂနွေအောင်ရပ်၏ ဒေါင့်၌တည်ထားသဖြင့်) ခေါ် မောဓောမြင်သာ (ပဲခူး-ရွှေမော်ဓောဘုရားနှင့်ပုံတူလည်းဖြစ်၊ ထို-ရွှေမော်ဓောမှ ဗုတ်ချပ်များဖြင့် တည်သည်လည်းဖြစ်သဖြင့်) ဘုရားပွဲတော်ကျင်းပလေရာ ဇာတ်ကြီးများ (ထိုခေတ်ထိုအခါတုန်းကခေတ်အစားဆုံး စိန်အောင်မင်း၊ မြို့တော်သိန်းအောင်၊ မင်္ဂလာဦးအောင်မောင်း၊ ရွှေနန်းတင်၊ ကျော်ဝင်းစိန်၊ တိုင်းချစ်သန်းစိန်၊ အာဇာနည်လှကြည် စသော ဇာတ်အဖွဲ့များ) သည်လည်းကောင်း၊ ဆပ်ကပ်, အငြိမ့်, ပြပွဲများသည်လည်းကောင်း ပြည့်ညှပ်စွာခင်းကျင်းပြသနေသော်လည်း ငါတို့ကားစာကျက်မပြတ်၊ အစွဲကားမတုန်မဖြုံရှိ၏။

ငါတို့ကျောင်းခေါင်းရင်း၌ပင် ဇာတ်ရုံကြီးရှိသဖြင့် ဆိုကြ၊ ကကြ၏။ ငါတို့ကား ၎င်းတို့နှင့်အပြိုင် စာပြန်သံ တညံညံသာ။ ငါတို့ကျောင်းခေါင်းရင်းရှိ ဘောလုံးကွင်းကြီးထဲ၌ပင် ကြည့်ချင်ပွဲ(မန္တလေးမှအကျော်အမော်)အငြိမ့်များ၊ ဇာတ်ကြီးများနှင့် နင်လား ငါလားအပြိုင်ကဲ ကပြနေကြ၏။ ငါတို့သည်လည်း ငါတို့ပြန်စာနှင့်အတူ ငြိမ့်နေမြဲပင်ရှိ၏။

ဘာလုပ်လုပ် တစ်ဖက်စွန်းသမားပီပီ စာစွဲသဖြင့် ထိုစာတစ်ခုတည်း စွန်းငြိနေသည်သာ ဖြစ်တော့၏။ ထိုနှစ်များ၌ ဆရာက(ငါတို့စာကျက်နေဆဲ) ခေါ်ငင်ခိုင်းသော် မျက်နှာညိုလာတတ်၏။ ဆရာက မြို့ထဲသော်လည်းကောင်း၊ တစ်နေရာရာသော်လည်းကောင်း အသွားခိုင်းကလည်း မျက်နှာမကြည်မသာသာရှိတတ်၏။ ဆရာသည်လည်းငါတို့အမူအကျင့်ကိုသိ၏။ စာသန်သောတပည့်ဖြစ်သဖြင့်အလိုလိုက်၏။ ချော့မော့၏။ ရိုးလွန်းအားကြီးသဖြင့်သနား၏။ အစစ အခွင့်အရေးပေး၏။

တန်ဆောင်တိုင်၊ မဟာဘုံကထိန်ပွဲတော် ကဲ့သို့သော ပွဲရက်ကြီးများ၌ ဆရာကပင် ငွေပေး၍ ရုပ်ရှင်ပွဲ အကြည့်ခိုင်း၏။ ရွှေမန်းတင်မောင်၊ ဦးအောင်မောင်း စသည့် အကျော်အမော်ဇာတ်ကြီးများ ကြည့်ရှုရန် စေလွှတ်တော်မူ၏။ ရွှေမန်းတင်မောင်ကား မြို့ဒေါင့်စေတီဘုရားကြီးဂေါပကနှင့် သဘောချင်းမတိုက်မိသဖြင့် ထိုဘုရားပွဲ၌မပါလေ။ ထိုဘုရားပွဲကာလ၌ ဘုရားခြေရင်းရှိ ဇာတ်ရုံကြီးများ၌ မကပြတတ်။ မြို့လယ်ရုံကြီး၌သာကပြ၏။ သို့မဟုတ်

မဟာဓမ္မပါလ



ထိုဘုရားပွဲမှ အလွတ်ရက်များ၌သာ ရွှေဘိုသို့ လာရောက်ကပြတတ်ချေ၏။

ထိုသို့ ဆရာလွှတ်၍ သွားရောက်ကြည့်ရသော်လည်း စိတ်ကားမပါလေ။ ပွဲအရသာကိုလည်း တဏှာဗိဇငုတ် မြုပ်နေသဖြင့် မခံစားတတ်။ ငယ်ငယ်ကစိတ်ထားနှင့် တခြားစီ ကန့်လျက်သာ ရှိချေ၏။ အတိတ်ဘဝစိတ်မှ လက်ရှိဘဝစိတ်သို့ ကူးဝင်လာပြီ ဖြစ်၍တည်း။

- ငယ်ငယ်က တဏှာဘာဝ ကြီးထွား၏။ ယခု မပေါ်တော့ပြီ။
- ငယ်ငယ်က အပျော်အပါး အားကြီး၏။ ယခု ကင်းဆိတ်နေပြီ။
- ငယ်ငယ်က အမြောက်အပင့်ခံလို၏။ ယခု သော် မြှောက်မှန်းသိ မုန်းတီးလာပြီ။

ထိုငယ်စဉ်ကာလ၏ အဖြစ်အပျက်များ နောက်၌ မှတ်တမ်းတင်ပေးခဲ့ပြီးဖြစ်သဖြင့် ဤ၌ ထပ်မံပြစရာမလိုပြီ။ ငါးနှစ်သားမျှဘဝက တဏှာ စိတ်ပေါ်ခဲ့ပြီး၊ ကိုးနှစ်သားဘဝ၌ တဏှာရုပ် ပေါ် လာသည်ကို သူ့အသက်အပိုင်းအခြားအတိုင်း အသိပေးပြီးဖြစ်ခဲ့၏။ သဘင်နှင့် ပတ်သက်လာလျှင် အသံကြားရုံမြင်ရုံမျှဖြင့် မေးရိုးနှစ်ခု ဝါးလက်ခုတ် လုပ်၍ လိုက်ခြင်း၊ ပုခုံးနှစ်ဖက်တွန့်၍ စည်းချက် အလိုက် ကပြခြင်းများကိုလည်း သိစေခဲ့ပြီးဖြစ်ခဲ့၏။ အမြောက်ကြိုက်ရာ၌ နိုင်သည်သော်မှ မြှောက်မပေး သဖြင့် ငိုခဲ့ရသည်ကို မှတ်တမ်းထားခဲ့ပြီးဖြစ်၏။ ထိုအမြောက်နှင့်ပတ်သက်၍တစ်ခုသတိရလာသေး၏။

ငါတို့သည် ဆရာဘုန်းကြီး၏ အပါးတော်မြဲ အဖြစ်ဖြင့် အခြားရွာများသို့ အလှူပွဲစသည်တို့သို့ လိုက်ရစဉ် ကျီကျင်းဆိုသောရွာသို့ ရောက်ခဲ့ရ၏။ ထိုရွာ၌ တောင်ကျောင်း, မြောက်ကျောင်း ဟူ၍ နှစ်ကျောင်းရှိချေရာ မြောက်ကျောင်းသို့ ပွဲကျသော ကာလ၌ ထိုကျောင်းရှိ ကျောင်းသားလေးများနှင့် အကျွမ်းဝင်မိ၏။ တစ်ယောက်က ငါတို့လက်မောင်းကို လက်သည်းဖြင့် ထိုးဆိတ်လျက်က "ဟော. . ကိုညိမ်းကြီးက မနာဘူးဗျ" ဟူ၍မြှောက်ပေး၏။

ငါတို့ကားနာပါသော်ကော။ အမြှောက်ကြိုက် သမားပီပီ မှိတ်ကြိတ်ခံ၏။

နောက်တစ်ယောက်က"ဟုတ် လား"ဆိုကာ လာဆိတ်၏။ ပြီးသော် "ဟုတ်သဟေ့" အော် မြှောက်၏။

ငါတို့ကား မှိတ်ခံမြဲ။

ထို့နောက်ကား ထိုကျောင်းရှိ ယောကျ်ား လေး၊ မိန်းကလေးအားလုံးတို့ ဝိုင်းအုံ၍ လက်သည်း ရှည်ကြီးများဖြင့် တအားထိုးဆိတ်ကြချေရာ-

သူတို့ကလည်း တစ်ယောက်ပြီးတိုင်း"အေး ဟ- သတ္တိကောင်းသည်" မြှောက်၏။

ငါတို့ကလည်း လက်သည်းဒဏ် တစ်ခါခံရ တိုင်း တုန်လျက်က အံတင်းခံ၏။

အလှူပွဲတစ်ရက်ပြီးသဖြင့် ထိုကျီကျင်းရွာမှ ပြန်လာသော် ငါတို့လက်မောင်းနှစ်ဖက်စလုံးကား လက်သည်းဒဏ်ရာများ မအားမလပ် အထပ်ထပ် ပြည့်ညှပ်နေမြဲတည်း။

ယခုသော် ထိုစိတ်တို့ကား ပြောင်းပြန်ဖြစ် သွားခဲ့ချေပြီ။ထိုငယ်ရွယ်သူတို့ ယခုငါတို့အကြောင်း ကို ကြားသိခဲ့သော်"အလကား ပြောတာနေမှာပါ" ဟူ၍ ဝေဖန်ကြလိမ့်မည်။ ယခုငါတို့၏ လက်ရှိ အမူ အကျင့်ကို မြင်ဆဲတို့ကလည်း ထိုငယ်ငယ်တုန်းက ငါတို့အကြောင်းခြင်းရာတို့ကို ပြန်ပြောင်းပြောမိ သော်"မဟုတ်နိုင်ပါဘူး"ဟူ၍သာ မှတ်ချက်ပေးကြ ပေလိမ့်မည်။

ငယ်ငယ်က အတူနေမိန်းကလေးများနှင့် လင်မယားလုပ်တမ်းကစားခဲ့ကြ၏။ ပျော်၏။ ယခု သော်ကား ဆွမ်းခံအိမ်များမှ ချောမောလှပသော မိန်းကလေးများစွာတို့ကို ရင်ဆိုင်တွေ့သော်လည်း ကောင်း၊ တိုက်နှင့်မကင်းသော ကျောင်းဒကာ

မဟာဓမ္မပါလ



ကျောင်းအမများ၏ သွေးသားများဖြစ်ကြသော မိန်ကလေးများနှင့် ပက်ပင်းတွေ့ အတူနေခွင့်ရသော်လည်းကောင်း ထိုစိတ် လုံးဝမဖြစ်မိ။

ဖြစ်မိသည်မှာ မိန်းခလေးမြင်လျှင် သူ့မိခင်မေ့ကြည့်မိခြင်းပင်တည်း။ 'နင်လည်းပဲ ကြီးလျှင် သည်လို ဆံဖြူသွားကျိုး အရေတွန့်မျိုးကြီး ဖြစ်အုံးမှာပဲ' ဟူ၏။

ကျောင်းဒကာ ဦးအုံ့တိုက်သို့လည်းကောင်း၊ ကျောင်းဒကာ(၎င်း၏ညီတော်) ဦးမောင်ကြီးတိုက်သို့ သော်လည်းကောင်း သွားရောက်၍ ဆရာတော်များအတွက် ဆွမ်းချိုင့်ကို ယူပေးရ၏။ ထိုစဉ် ၎င်းတို့တိုက်၌ပင် ဆွမ်း-ဟင်း မကျက်မချင်း ထိုင်စောင့်ရ၏။ ထိုင်စောင့်ရာ၌ ဧည့်ခန်း၏ ဆိုဖာကြီးများပေါ် ထိုင်၍လည်းကောင်း၊ ရေဒီယိုနားထောင်၍ လည်းကောင်း၊ သတင်းစာဖတ်၍လည်းကောင်း၊ ကော်ဖီ၊ မုန့်များစားသုံး၍လည်းကောင်း၊ ၎င်းတို့သမီးများ ပြုစုသော ဝေယျာဝစ္စတို့ကို ခံယူကာ စောင့်ဆိုင်းနေရလေ့ရှိတတ်၏။ တစ်ဦးနှင့်တစ်ဦး ရင်းနှီး၍ စကားပြောခွင့်ရလာသောအခါ တဏှာစိတ် ဝင်ရောက်ဝေ့လေ့ရှိတတ်၏။ ထိုအခါ-

'နင်တို့တော့ နေနှင့်ဦးပေါ့လေ၊ တစ်နေ့ ငါ တရားထူးရခဲ့လျှင် အနိစ္စမျက်လုံးနှင့် ၎င်းတို့ကို ကြည့်လိုက်လျှင် ဘယ်သူခံနိုင်လိမ့်မတုန်း' ဟူ၍ စိတ်တွင်းမှ ကျုံးဝါးလျက်သာ ရှိချေခဲ့၏။

- ငါတို့ ချစ်မြတ်နိုးသော တစ်ခုတည်းသော အရာမှာ စာတည်း။
- ငါတို့အားကိုးသော တစ်ခုတည်းသော အရာမှာ ဆရာတည်း။

ထိုနှစ်၌ပင် ငါတို့ဆရာများဖြစ်ကြသော ဆရာတော်ဦးကောသလ္လသည်လည်းကောင်း၊ ဆရာတော် ဦးဝါသဝသည်လည်းကောင်း ဓမ္မာစရိယ တန်းစာမေးပွဲ အောင်မြင်တော်မူကြလေရာ မန္တလေးမြို့၊ လေးဆယ့်ငါးတာသာသနာ့ဗိမာန်တော်ကြီး၌ သွားရောက်၍ ဘွဲ့ယူတော်မူကြရ၏။

ထိုသို့သွားရောက်ရာ၌ ငါတို့ကိုလည်း ရောက်ဖူး၍ ဗဟုသုတရစေရန် ခေါ်၏။ ငါတို့ကား ဆရာများနှင့်အတူ မန္တလေးမြို့ ဘုရားကြီးတိုက် သိမ်ကျောင်းသို့ တည်းကြရ၏။ ထိုသိမ်ကျောင်းကား ဆရာတော်ဦးရာဇိန္ဒ(ဆရာတော်ဦးဉာဏိန္ဒ၏ညီတော်)ပိုင် ကျောင်းတည်း။

ထိုကျောင်းမှနေ၍ မန္တလေးတစ်မြို့လုံး လှည့်လည်ရှုကြည့်ခွင့် ရစေခဲ့၏။ မန္တလေးတောင်နှင့်တကွ တန်ခိုးကြီးဘုရား များစွာတို့ကိုလည်း ဖူးတွေ့ခွင့်ရစေခဲ့၏။ ထိုမှတဆင့် ဆရာတော်-ဦးဝါသဝ သီတင်းသုံးရာ စစ်ကိုင်းတောင်ရိုးတစ်လျှောက်သို့လည်း လှည့်လည်ခွင့်ရစေခဲ့၏။ ဆရာတို့၏ ငါတို့အပေါ် ထိုဗဟုသုတ ပေးခြင်းကား နောင်သော် ဗဟုသုတကောင်း မဖြစ်စေခဲ့ပြီ။

ထိုနှစ်နွေဦးကာလသင်္ကြန်မကျမီ၌ ငါတို့လည်း အငယ်တန်းစာမေးပွဲဝင်ရောက် ဖြေဆိုရ၏။ ထိုမတိုင်မီ တပို့တွဲ,တပေါင်းလလောက်ကပင် တိုက်တွင်းစာမေးပွဲက ကြိုတင်ကျင်းပပေး၏။ ထိုနှစ်မျိုးလုံးဖြေဆို၏။ ထိုတိုက်တွင်း အစိုးရစစ် စာမေးပွဲနှစ်ခုစလုံးပင် အောင်မြင်ခဲ့ချေ၏။ ပထမငယ်အောင် စာသင်သားဘဝဖြင့် ပျော်လိုက်သည့်ဖြစ်ခြင်း။

## အကောင်ကြီး စည်းကျော်

ထိုတတိယ၏ (၁၃၂၀-ခုနှစ်၏) နွေဦး၌ကား နွေကာလ၏ထုံးစံဖြစ်သော ရူပသိဒ္ဓိ(သဒ္ဒါအဖွင့်) နှေ့ဝါ၊ ညဝါများကိုလည်းကောင်း၊ ဋီကာကျော်(အဘိဓမ္မာအဖွင့်)စာဝါများကိုလည်းကောင်း၊ ကစ္စာ(ဝိနည်းအဘွင့်) စာဝါများကိုလည်းကောင်း

မဟာဗမ္မပါလ



သင်အံလေ့ကျက်ဆဲ ကျောက်ရောဂါရလာခဲ့၏။ အရွယ်အားဖြင့်ဆယ့်ခြောက်နှစ် ပြည့်ကာနီးကာလ ဖြစ်၏။

သို့ကြောင့် ရွာသို့ခေတ္တပြန်ကာ နေရ၏။ မိခင်သည် မရွံမရှာပြုစုရှာ၏။ အများတို့ ကူးစက်မည်ဖြစ်သဖြင့် တောထွက်နေရ၏။ ခေတ္တမျှ ကျောင်းတွင်း (မင်းကုန်းတောရကျောင်းကြီး၏ အတွင်း)ရှိ ကျောင်းဆောင်တစ်ဆောင်ပေါ်ဝယ် ဆရာတော်ကထားစေကာ ကုသနေပါသည်ကို ရွာမှ ငါတို့မျိုးရိုးအပေါ် မကျေနပ်သူအချို့တို့၏ မကျေနပ် စကားပြောကြားမှုကြောင့် တောထွက်ခဲ့ ရခြင်းဖြစ်၏။ ထိုငါတို့နှင့် မရှေးမနှောင်းပင် ငါတို့နှင့် ဝေဠုဝန်၌ အတူနေ ကိုရင်သန်းစိန် (ဘွဲ့-ရှင်သောဘိတ, ငယ်အမည်ကျွဲအောင်)သည်လည်းကောင်း၊ ကျောင်းသားကျော်အေးသည်လည်းကောင်း၊ ၎င်းတို့နှစ်ဦးလည်း ကျောက်ရောဂါကြောင့် တိုက်မှ ပြန်လာကြရပြီး ငါတို့နှင့်အတူ တောထုတ်ခံရှာကြရ၏။ မိခင်၏အကုအသကောင်းမွန်မှုကြောင့် သေထိုက်ပါလျက်က မသေခဲ့ရပြီ။

ကျောက်ရောဂါပျောက်ကင်းသော် လူဝတ်လဲလျက်ကပင် တစ်နွေလုံးလုံး မိခင်တို့နှင့်အတူ နေရသေး၏။

မိခင်ကား သူ့သား အရိပ်တကြည့်ကြည့်။ ငါတို့ကား သည်လောကတောင် သံယောဇဉ်ကြီးရကောင်းလားဆိုကာ မုန်းတီး၏။

မိခင်ကား ရှစ်နှစ်သားမှစ၍ ရင်ခွင်တွင်းမှ ကွဲကွာသွားသောသူ့သားကို ယခုရှစ်နှစ်ပြည့်မြောက် တစ်ဆယ့် ခြောက်နှစ်မြောက်ကာလ၌ ထပ်မံကာ အတူနေခွင့် ရပြန်သဖြင့် ဝမ်းသာမဆုံး တပြုံးပြုံး။ ငါတို့ကား ဘယ်နေ့များမှ စာသင်တိုက်ကြီးသို့ ပြန်ရပါ့မတုန်း အချိန်ကိုစောင့်လင့်၍သာ နေချေ၏။

သည်အထဲ ရှင်လူထွက် လာရောက်ကြည့်ကြသော ရွယ်တူမိန်းကလေးများကတမျောင့် ဖြစ်နေသဖြင့် ခြင်ထောင်တွင်းမှမထွက်ရဲတော့။ ငါတို့ရုပ်ကလည်း ကျောက်ပေါက်မှန်အရာများ ပို့တိမ်ကောသွားစေရန် သနပ်ခါး ပဲကျားရိုက်ထားချေရာ ရှက်လိုက်သည့်ဖြစ်ခြင်း။ ထိုရှက်သည့် ကြားမှပင် ငါ့ရုပ်သည်ကား မိမွေးတိုင်းဖမွေးတိုင်း အတိုင်း ပြန်လည်၍ လှမှလှပါဦးတော့မလား- စိုးရိမ်မကင်း စိတ်က ဝင်နှောင့်သေး၏။

ထိုကျောက်ရောဂါဖြစ်ပွားချိန်မှာ ငါတို့ အသက်ကား ဆယ့်ခုနစ်နှစ်၏ အတွင်းသို့ ချဉ်းနင်းခဲ့ပြီဖြစ်၏။ ဤ၌ ငါတို့သက်တမ်းနှင့် ခုနှစ်တို့ကား စပ်ဟပ်၍ ထိုအသက်နှင့် ထိုခုနှစ်တို့ကို ယှဉ်ပြရာဝယ် ငါတို့ကိုယ်တိုင်ပင်လျှင် ဝေ့လည်လည် ဖြစ်၍နေပါချေ၏။ ကာယကံရှင်သော်မှ ဝေ့လည်လည် ဖြစ်၍ နေသေးလျှင် စာဖတ်သူတို့ကား သာ၍ပင် ဝေ့လည် ကြောင်ပတ် ဖြစ်စရာအကြောင်း ရှိချေ၏။ သို့ပါ၍ ဤနေရာမှပင် ကြားညှပ်လျက်က အသက်နှင့် ခုနှစ်တို့ကို ယှဉ်တွဲပြသလိုပါသေး၏။

ငါတို့ကိုမွေးပေးသော ခုနှစ်ကား ၁၃၀၃-ခုနှစ်တည်း။ ငါတို့လူ့ပြည်ရောက်သောနေ့ကား ဝါဆိုလပြည့်နေ့ ညဥ့်တစ်ချက်တီး တည်း။

သို့ကြောင့် ၁၃၀၄-ခုနှစ်၊ ဝါဆိုလပြည့်နေ့သို့ ရောက်သော် ငါတို့အသက် တစ်နှစ်ပတ်လည်ခဲ့ပြီဖြစ်၍ တစ်နှစ်တင်းတင်းပြည့်သားတည်း။

သို့တစေလည်း မွေးခုနှစ်ဖြင့် ရောက်ဆဲခုနှစ်တို့ကို အကြီးအထက်မှာထား အသေးအောက်မှ ဝင်၍နှုတ်ကြည့်သော် (ထိုလေးခုနှစ်အောက် သုံးခံ၍ နှုတ်ကြည့်သော်) ရလဒ်ကား တစ်ကြွင်းသဖြင့် တစ်နှစ်သားထင်ရသော်လည်း စင်စစ် ဝါမဆိုမီ အတွင်းသာလျှင် တစ်နှစ်သားအဖြေသည်မှန်၏။ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့ရောက်တိုင်း-ရောက်တိုင်းကား နှစ်နှစ်သား-သုံးနှစ်သား စသည်သို့သာ ကူးဝင်ပြီး ဖြစ်ချေတော့၏။ ဆိုကြပါစို့။

၁၃၁၇-ခုနှစ်ထဲသို့ အသေးဖြစ်သော ၁၃၀၃-ခုနှစ်ဖြင့် အောက်ခံထားနှုတ်ကြည့်က

မဟာဓမ္မပါလ



အဖြေမှာ (၁၄)နှစ်သား ဖြစ်နေပေရော့မည်။ စင်စစ်ထိုအဖြေသည် ဝါမဆိုမီ အတွင်းတွင်သာ မှန်၏။ ဝါဆိုပြီးနောက်ကား (၁၅)နှစ်သား အမည်ခံရမည်သာ ဖြစ်ချေတော့၏။ သို့ကြောင့် ထို ၁၃၁၇-ခုနှစ်၏ ရှင်ဖြစ်လဖြစ်သော ကပို့တွဲလပြည့်ကျော်(၅)ရက်,(၆)ရက်များသည် (၁၅)နှစ်သားဟူ၍ပင် ဆိုရပေလိမ့်မည်။

သည့်အတူ ၁၃၁၈-ခုနှစ်၏ ဝါမဆိုမီ လများသည်လည်း ယင်း (၁၅)နှစ်သား၌ပင် စာရင်းဝင်ပေလိမ့်မည်။ ငါတို့ဝေဠုဝန်သို့ ခြေချမိလေသော ယင်းနှစ် ကဆုန်လပြည့်ကျော်(၁၀)ရက်သည်လည်း (၁၅)နှစ်သားအတွင်း၌ပင် တည်ရှိပေလိမ့်မည်။ သို့ကြောင့် ငါတို့စာသင်တိုက် ဝင်ရောက်နှစ်ကို (၁၅)နှစ်သားဟူ၍ ပြောင်းလဲကာ အသိမှတ်ပြု၍ ဝါဆိုပြီးရှိ စာသင်နှစ်(ဝါဆိုနှစ်)ကိုကား (၁၆)နှစ်သား ဟူ၍အသိအမှတ်ပြုရပေလိမ့်မည်။ စာဖြေသော နှစ် ၁၃၁၉-ခုနှစ်၏ ဝါဆိုပြီးနောက်ကိုကား (၁၇)နှစ်သား ဟူ၍သာ အသိအမှတ်ပြုပါလေ။

ထို (၁၇)နှစ်သား၏ စာဖြေပြီးနွေကာလဝယ် ကျောက်ရောဂါ ဖြစ်ပွားခဲ့ရသော ငါတို့သည် ၁၃၂၀-ခုနှစ်၏ နယုန်လသို့ ရောက်သောကာလ အမေ့အိမ် မနေလိုပြီ။ နေ၍လည်းမရတော့ပါပြီ။ သို့ပါ၍ ကမန်းကတန်းပင် ကျောင်းသို့ သွားတဲ့ကာ သင်္ကန်းဆည်း၏။ သင်္ကန်းဆည်းပြီးသည်နှင့် စာသင်တိုက် သို့သာ ပြန်လည်ရောက်ခဲ့ရချေတော့၏။

၁၃၂၀-ခုနှစ်၏ ဝါဆိုသို့ရောက်ခဲ့ပြီ။ စာမေးပွဲ ဂုဏ်ထူးဖြင့် အောင်ပွဲလည်းရခဲ့ပြီ။ အရွယ်အားဖြင့်လည်း (၁၈)နှစ်သို့ ဝင်လာခဲ့ပြီ။ ငါတို့သည်ကား ဆွမ်းစားကျောင်းသားပီပီ ထိုဆွမ်းစားကျောင်း၌ (၁၈၀)ကျော်မျှ သံဃာတို့၏ ဆွမ်းကိစ္စတို့ကို ပြုမူဆောင်ရွက်ရ၏။ ဆောင်ရွက်သည်ဆိုသဖြင့် ဆွမ်း၊ ဆွမ်းဟင်း ချက်ပြုတ်ရသည်ကားမဟုတ်။ ချက်ပြုတ်စရာ ဆန်၊ဆီ၊ဆား စသည်များလည်း ကျောင်း၌မရှိ။

တိုက်တွင်းရှိ ဂဏဝါစက, ဂဏပါမောက္ခအဖွဲ့ စာချဆရာတော်၊ ဓမ္မာစရိယအတန်းသားသံဃာ၊ ကျောင်းစောင့်သံဃာ(ထိုစာချ ဆရာတော်များ)မှလွဲ၍ စာသင်သားအားလုံး ဆွမ်းခံထွက်ကြရ၏။ တစ်နေ့လျှင် တစ်ထပ်စာမျှသော မွန်းလတ်ဆွမ်းအတွက်ဖြစ်၏။ ထိုဆွမ်းခံသံဃာတို့ အသီးအသီး ဆွမ်းခံပြီးစီးသဖြင့် ကျောင်းသို့ပြန်လည်ရောက်ကြလေသောအခါ ဆွမ်းသပိတ်နှင့် ဆွမ်းဟင်းဝတ်ခွက်များတို့ကို ဆွမ်းစားကျောင်းသို့ လာရောက်အပ်နှံကြရ၏။

ထိုဆွမ်းဟင်းများထဲမှ အရည်သောက်ဟင်းချိုလုပ်၍ဖြစ်မည့် ဆွမ်းဟင်းများကို (၁၈၀)ကျော်မျှသောက်သုံးလောက်သော ကြေးအိုးကြီးတစ်လုံး၏အထဲ စုပေါင်းထည့်သွင်းကာ အရည်သောက်ဟင်းဖြစ်ရန် တာဝန်ခံကိုရင်ကြီး ကိုရင်စက်မြ(ဘွဲ့-ရှင်နန္ဒာစရိယ)က ဆောင်ရွက်ရ၏။ သက်သက်စားဖြစ်မည့် ဆွမ်းဟင်းတို့ကိုကား အညီအမျှ တူရာတူရာ စုစည်းပေးရပြီး ဆရာတော်ကြီးများ ပွဲမှသည် သာမဏေငယ်များပွဲအထိ ညီတူညီမျှ ခွဲဝေ၍ တင်ထားပေးကြရ၏။ ဆရာတော်ကြီးပွဲဟူ၍ အခွင့်ထူးမရ။ သာမဏေလေးများပွဲဟူ၍လည်း အခွင့်အရေး မနိမ့်ကျရပြီ။ ဆရာတော်ကြီးနှင့်တကွ ဓမ္မာစရိယတန်းသားအထိ၏ အခွင့်ထူးတစ်ခုမှာ ဘုရားဒကာ ကျောင်းဒကာ ဦးအံ့တိုက်မှ ဆွမ်းချိုင့်တစ်ချိုင့်။ ကျောင်းဒကာ ဦးအောင်ကြည်တိုက်မှ ဆွမ်းချိုင့်တစ်ချိုင့်မျှသာ။

ထိုသို့ နှစ်နှစ်တာမျှ ဆွမ်းဝေယျာဝစ္စဆောင်ရွက်ခဲ့ရသဖြင့် ငါတို့အလျင်ရောက်နှင့်ကြ၍ ကျောင်းဆွေ,ကျောင်းပေျာ်ကြီးများဖြစ်ကြသော ကိုရင်စက်မြ၊ ကိုရင်ညို၊ ကိုရင်ပဏ္ဍိစသည့် ဝေယျာဝစ္စပြုဖော်ပြုဘက် ဒုက္ခခံဖော်ခံဘက်များတို့နှင့် ပလဲနံပသင့်လာကြကုန်၏။ အတူနေ အတူပြုတို့ သဘာဝအတိုင်း တစ်ဦးအနွံအတာတစ်ဦး ခံဖော်ခံဘက်လည်း ဖြစ်လာကြကုန်၏။ ညီအစ်ကိုအရင်းထက်

မဟာဗမ္မပါလ



မကတော့သော သံယောဇဉ်များ ကြီးထွားလာကြကုန်၏။

ထိုတွင် ကိုရင်စက်မြကား ထိုရွှေဘိုသားစစ်စစ်တည်း။ ၎င်းကို ရွှေဘိုမြို့၏ ဘုရားဒကာကျောင်းဒကာညီနောင် အုံကြီးဆန်စက်အတွင်းဝယ် မွေးဖွားသဖြင့် စက်မြဟူ၏။ ၎င်းအထက် အစ်ကိုနှစ်ယောက်တို့ကား စက်ဝင်း၊ စက်လှ ဟူ၍ အမည်တွင်ကြကုန်၏။၎င်းတို့၏မိဘများကား ထိုဆန်စက်ကြီး၌ လူယုံတော်အဖြစ် အမှုထမ်းကြရသော ဆန်စက်ထိန်းကြီးများတည်း။

ထိုကျောင်းပျော် ကျောင်းဆွေးကြီးတို့ကား ငရုပ်ပိုး၏ ငရုပ်ပူမကြောက်တော့သကဲ့သို့ တင်းကြပ်သော ကျောင်းစည်းကမ်းကြီးမျိုးကို မကြောက်ကြပြီ။ စာသင်သားသံဃာတို့အတွက် အကျိုးကျေးဇူးများသဖြင့်လည်း အတော်အလျော့ စည်းကမ်းပျက်မှုမျိုးကို ဆရာတို့အရေးမယူကြပြီ။ ထိုကျောင်းဆွေးကြီးတို့ကား စာမေးပွဲဂေဇက် ထွက်လေတိုင်းလည်း အောင်သူပြီအော်သံ မကြားရစဖူးပြီ။

ငါတို့ကား တတိယနှစ်၏ ထို ၁၃၂၀-ခုနှစ်၌ ထိုသူငယ်ချင်းများနှင့် တွဲဖက်လျက်က ဥပုသ်နေ့တိုင်း စာပြန်လှည့်, ပြန်ဆို၏။ စာဖြေလှည့်၌လည်း ဖြေဆို၏။ စိတ်ဝင်စားမှုကားမရှိ။ ဝတ်ကျေတန်းကျေ ပြန်ဆို,ဖြေဆို စည်းမလွတ်ရုံမျှရှိပြီး သူများထက် စောစီးစွာ ကမန်းကတန်းပြီးဆုံးစေပြီး ရွှေဘိုမြို့၏ မြောက်ဘက်ရှိ မဟာနန္ဒာကန်တော်ကြီးသို့လည်း အပျော်အပါး ထွက်ကြလေကုန်၏။ ရေကူးကြ၏။ လှေစီးကြ၏။ လေသေနတ်တစ်လက်ဖြင့် ပစ်ကစားကြကုန်၏။

ရံတစ်ခါ အုံကြီးဆန်စက်ဝင်းကြီးအတွင်းရှိ ကိုရင်စက်မြ မိဘများတန်းလျားသို့ သွားကြကာ ဖဲကစားကြ၏။ လေသေနတ်ပစ်ကစားကြ၏။ ဥပုသ်နေ့မှ အပရက်များ၌ကား စာကျက်မပျက်ကြ။ စာလိုက်လည်းမပျက်ကြပြီ။ ညများ၏ စာပြန်မှုကိစ္စများလည်း ခါတိုင်း၏သို့ပင် တစာစာပင်ရှိနေကြသေး၏။

ထိုနှစ် ၁၃၂၀-ခုနှစ်၌ ဆရာတော်ဦးစန္ဒိမာ၏ကျောင်း၌ နေသော ကိုရင်အုံးဖေ လူထွက်သွား၏။ သို့ကြောင့် ငါတို့ကို ဆရာတော်ဦးစန္ဒိမာက ခေါ်သဖြင့် ငါတို့ကား ဆွမ်းစားကျောင်း(ဆရာတော်ဦးကောသလ္လထံ)မှ ဆရာတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ခဲ့ရ၏။ သူငယ်ချင်း ကိုရင်ညိုနှင့်တွဲဖက်၍ ဆရာတော်ကြီး၏ အဆောင်အယောင်အတိုင်း ချွတ်စွပ်တူ အခင်းအကျင်းတို့ဖြင့် နေခွင့်ရချေ၏။

ထိုနှစ် ၁၃၂၀-ခုနှစ်၏ ဆောင်းကာလသို့ ရောက်သောအခါတွင်ကား တစ်သက်ပတ်လုံး ပရိယတ္တိစာပေကြား ဉာဏ်သွင်းထားသော ဆရာတော်ဒွါရစုံအားလုံး တစ်ပေါက်ကမှ အကောင်းမကျန်သည် အထိ စာဖွဲ့သန်တော်မူသောဆရာတော်၊ တစ်ဘက်၏ ရေးရေးမျှ မျက်လုံးဖြင့်ပင် စာကြည့်မပျက် ပညာကုသိုလ်၏ သမာဓိဘက်ဆက်ထားသော ဆရာတော်၊ စေတီတော်သာသနာ့ရိပ်သာသို့ ကြွရောက်ကာ ပရိယတ်လှေကားထစ်မှသည် ပဋိပတ်လှေကားထစ်သို့ တစ်ဆင့်နင်းကြည့်တော်မူပါချေ၏။

မကြာပါချေ။ (တစ်လမျှရှိပြီထင်၏) ကိုရင်ညိုနှင့်ငါတို့ကို အခေါ်လွှတ်ကာ ၎င်း၏အသုံးအဆောင်ပစ္စည်းများကို အသိမ်းခိုင်း,အယူခိုင်းလျက်က မိမိကျောင်းသို့ပြန်ကြွလာ၏။ နောက်ရက်၏ ညနေ ဘုရားဝတ်တက်အပြီးတွင်ကား တစ်တိုက်လုံးရှိ သံဃာအားလုံးတို့ကို စုဝေးစေ၏။

ထိုသံဃာစုံညီ၏ ရှေ့မှောက်မှာပင် ၎င်းအောက် ဝါအကြီးဆုံး သိက္ခာလည်းအကြီးဆုံးသော ဆရာတော်ဦးဝါသဝ(ဂဏပါမောက္ခ)အား ကျောင်းတိုက်ကြီးကို လွှဲအပ်တော်မူ၏။ ထိုဆရာတော်ကား လက်မခံလေ။ ဆရာတော်ဦးစန္ဒိမာကသာ ထိုဆရာတော် လက်ခံသည်ဟူ၍ သဘောပိုက်ကာ အလွှဲအပြောင်း လုပ်ပေးတော်မူ၏။

ထိုသံဃာစုံညီ၏ ရှေ့မှောက်မှာပင် တိုက်အုပ်ဆရာတော်လည်းဖြစ်၊ မွေးစားသားလည်း ဖြစ်

မဟာဓမ္မပါလ



သော ဆရာတော်ဦးဉာဏိန္ဒကို ကြိမ်းမောင်း၍ လည်းဆုံးမ၏။ သတိပေး၍လည်းဆုံးမ၏။

"ဉာဏိန္ဒ-မင်းကြပ်ကြပ်သတိထား၊ မင်း-လုပ်ဆောင်ချက် မှန်သမျှ ဓမ္မဘက်ကလည်းမဟုတ် ဝိနယဘက်ကလည်း မဟုတ်သေးဘူး။ ဓမ္မ,ဝိနယနှင့် မင့်အလုပ် တခြားစီ ဖြစ်နေတယ် "

"မင်းကို ငါ-တပည့်အဖြစ် ပေါင်းမိလို့ မင်းလည်းမကောင်း၊ ငါလည်းမကောင်း ဖြစ်ခဲ့ရတယ်။ မင်း-ကြပ်ကြပ်သတိထားပြီးတော့သာ နေရစ်ပေရော့"

ထိုသို့ ဆုံးမဩဝါဒ ပေးတော်မူပြီးနောက် သက်တော်(၇၅)၊ ဝါတော်(၅၅)သို့ ရောက်တော်မူခဲ့ပြီးသော ဆရာတော်ဦးစန္ဒိမာသည် ချုံးပွဲချကာ ငိုယိုတော်မူရှာ၏။

ပြီးခဲ့ပြီးသော သက်တမ်းကာလဘဝကို နှမြောလည်း နှမြောဟန်ရှိ၏။ စက်ဆုပ်လည်း စက်ဆုပ်တော်မူဟန် ရှိ၏။

နောက်ရက်တွင်ကား သားရေသေတ္တာ (လက်ဆွဲအငယ်စားလေး)တစ်လုံး ဆွဲတော်မူကာ မန္တလေးသို့ ရထားဖြင့် လိုက်ပါတော်မူပြီး သိက္ခာချတော်မူ၏။ ၎င်းကို ရွှေဘိုဝေဠုဝန် တက္ကသိုလ်က ဆရာတော်ကြီးမှန်း သိသူတို့က သိက္ခာချမပေးကြပြီ။

သို့ကြောင့် ဘုမသိဘမသိ ကျောင်းငယ်လေး တစ်ကျောင်းသို့ သွားရောက်ကာ သိက္ခာချပြီးမှ ပြန်လာချေတော့၏။

လူဖြစ်ပါသော်ကော ဘုန်းကြီးကျင့် မပျောက်တော့၍ ညစာ စားမဖြစ်ပြီ။

လူဖြစ်ပါသော်ကော-ပုဆိုးမဝတ်တတ်ရှာတော့၍ ခါးပတ်ကြီးဖြင့် နေရရှာတော့၏။

လူဖြစ်ပါသော်ကော-လူလိုမဆက်ဆံတတ်တော့၍ ကျောင်းသို့ပြန်ခဲ့ရရှာပြီ။

သိက္ခာချပြီးနောက် အစတွင်ကား ဘယ်သော ကာလက ဆက်မိထားသည်မသိ၊ အသက်(၆၅)နှစ်မျှ ရှိပြီဖြစ်သော ဖျဉ်ဈေးရပ်မှ ဒေါ်ပ ဆိုသော မိန်းမကြီး နှင့် ပေါင်းသင်း၏။ ကြာသော် ဘုန်းကြီးစိတ် လက်မလွှတ်သော ငါတို့ဆရာကြီးကို ထို ဒေါ်ပ ကပင် လက်မခံလိုတော့။ နေရာတကာပါသည်ဆို၏။ မီးဖိုချောင်လည်းမလွတ်၊ ဟိုနေရာမလွတ်၊ သည်နေရာ မလွတ်။ ကျောင်းသားငယ်တစ်ယောက်ကို အုပ်ချုပ်စီမံလေ့ရှိသော ဘုန်းကြီးစည်းကမ်းကြီးဖြင့် ဒေါ်ပ ကို ပေါင်းချေရာ ဒေါ်ပခမျာ ကြီးကောင်ကြီးမှ ကျောင်းသူမလေးဘဝ ရောက်ခဲ့ရသဖြင့် ကြာသော် မတတ်နိုင်ရှာပြီ။

တစ်နေ့ ဒေါ်ပသည် ဆရာကြီး အပြင်ထွက်သွားခိုက် လွတ်ပြီအထင်နှင့် တစ်ဖက်အိမ်မှ အိမ်ရှင်မ နှင့် လှက်ရည်ချိုတစ်ခွက် စပ်တူဝယ်၍ သောက်မိဆို၏။ ထိုခေတ်ထိုအခါက လှက်ရည်ချိုတစ်ခွက်ကား (၂၅)ပြားနှုန်း ဖြစ်သဖြင့် ဒေါ်ပကား(၁၀)ပြား၊ တစ်ဖက်အိမ်ရှင်မကား(၁၅)ပြား စိုက်ထုတ်ကာ အတူသောက်ကြချေ၏။ ထိုစဉ် ဆရာကြီးရောက်ရှိလာချေရာ သူခိုးမိသွားတော့၏။

"နင်တို့ သည်လောက်တောင် သုံးဖြုန်းနေကြ၊ ကြီး,ခက်ကြလိမ့်မယ်"ဟူ၍ ဆုံးမတော်မူသတဲ့။ပေါင်းကာစ ပူပူနွေးနွေးမျှသာ အရွယ်ရကြလေသေးသဖြင့် ငယ်သေးဟူ၍ ထင်မြင်ယူဆကာ ဆုံးမတော်မူသည်ထင်မိ၏။ ထင်လည်း ထင်လောက်ပေသကိုး။

ထိုသို့ နေရာတကာပါသဖြင့် ကြာသော် ဒေါ်ပကား မကြည်ဖြူပြီ။ ဆရာကြီးကိုယ်တိုင်ကလည်း စိတ်ကူးနှင့်လက်တွေ့ တစ်စေ့လေးမျှ မတူလာတော့သဖြင့် စိတ်ကုန်ဟန်ရှိ၏။ ကြားရသူရှင်,လူ,ရဟန်း တို့ကား လူထွက်သွားသည်၊ မိန်းမယူသည်ဆိုသော ထိုသတင်းများကို အံ့ဩမဆုံး စုတ်သတ်၍မဆုံး ရှိကြချေ၏။

မဟာဝမ္မပါလ



ဒကာရင်း-ဒကာမ ရင်းများကား ရဟန်းဘဝဖြင့် မပျော်သည့်တိုင် ကိုရင်ကြီးဘဝဖြင့်ပင် ကျောင်းတိုက်၌နေပေးပါရန် တောင်းပန်ကြချေ၏။ ဝေး,နီးက ကြားရကုန်သော ရဟန်းတော်များက ဆရာကြီးထံ လာရောက် မေးမြန်းကြ၏။

"လူထွက်တာမှန်သည်။ မိန်းမယူမိတာမှားသွားသည်။" ဤစကားနှစ်ခွန်းကိုသာ တွင်တွင်အဖြေပေး၏။

ကြာသော် ထိုဒေါ်ပအိမ်သို့ မနေပြီ။ ဝေဠုဝန်သို့သာ ပြန်လည်နေပြီး သေတစ်ပန် သက်တစ်ဆုံး တပည့်ကြီး,ငယ်တို့၏ မျက်စိအောက်မှာပင် တရားအားထုတ်သွားသည်ဆို၏။

ပရိယတ်လေ့ကားထစ်မှ ပဋိပတ်လေ့ကားထစ်သို့ တစ်ဆင့်လှမ်းတက်ခဲ့သောဆရာကြီး၊ ပဋိပတ်၏ ဒုတိယလေ့ကားထစ်မှသည် ပဋိဝေဒတည်းဟူသော တတိယလေ့ကားထစ်ကို နင်းနိုင်သွားပါစေဟူ၍သာ ငါတို့ဆုတောင်းမိချေသည်။

ဆရာကြီးကား ငါတို့မျက်ကွယ်မှာသာ ဘဝပြောင်းရွှေ့သွား ခဲ့ချေပြီတကား။

▼

## ဆရာဝေးတော့ သံချေးတက်

ဆရာကြီး လူ့ဘဝ ရောက်သွားသဖြင့် ငါတို့မနှမြောမိ။ ဆရာကြီးကိုယ်စား တာဝန်ယူထားရသောဆရာတော်ဦးဝါသဝ ငါတို့ကျောင်းပြောင်းရွှေ့လာသောကာလ အလွန်အေးဆေးငြိမ်သက်သောဆရာတော်ဖြစ်သဖြင့် ငါတို့ကား မကြောက်လေ။ ကျောင်းဆွေးတို့၏ပျော်ပွဲကား မီးကုန်ယမ်းကုန်ပင်ဖြစ်၍လာစေ၏။

သည်အထဲ ငါတို့ ဥပဇ္ဈာယ်ဆရာတော်ဦးကောသလ္လကလည်း တိုက်၏ကထိကတာဝန်ယူနိုင်ရန် ပခုက္ကူသို့ ကြွရောက် စာသင်တော်မူ၏။ ငါတို့အားလုံး ဘူတာအထိလိုက်လံပို့ကြရ၏။ ၎င်းကိုယ်စား ဆရာတော်ဦးကောဝိဒ (လက်ဦးစာချဆရာ) က ဆွမ်းစားကျောင်း တာဝန်ယူလာ၏။ တစ်ဖန် ကိုရင်စက်မြကြီးကလည်း သက်စေ့ ပြီဖြစ်၍ ရဟန်းဘောင်သို့ တက်သွားလေရာ ငါတို့သည်လည်း ဝေယျာဝစ္စတာဝန်ခံ ဖြစ်၍လာ၏။

ထိုဆရာတော်ကား အပြုံးမကြိုက်သောဆရာတော်တည်း။ ရောက်စကတည်းက မြင်လျှင်ပြုံးပြတတ်သောငါတို့နှင့် လုံးဝမတည့်။ ငါတို့ကလည်း မြင်တိုင်းပြုံး၏။ ၎င်းကလည်း ပြုံးတိုင်းအတည်ပေါက်ဖြင့်ငေါက်၏။

သည်အထဲ ၎င်း၏ ရဟန်းအမ(ဒေါ်ကြင်) တစ်ည ကျောင်းသို့လာ၍၎င်းထံဝင်စဉ် ထိုဆွမ်းစားကျောင်း၏အောက်ဝယ် စာပြန်နေသော ငါတို့အသံကို ကြားရရုံမျှဖြင့် ကြည်ညိုသွားကာ ငါတို့၏ ဘွဲ့ကိုလည်းကောင်း၊ ပုံကိုလည်းကောင်းမေးကာဆွမ်းခံရန်(၎င်းတို့အိမ်သို့ဝင်ရန်) ဆီးကြိုဖိတ်သည်ကိုဝင်မိသဖြင့် (ကုလမစ္ဆရိယ နှိပ်စက်ခံတော်မူရရှာသဖြင့်)ငါတို့အပေါ် မကျေနပ်သော ကျောင်းတော်ကရန်စလည်း ရှိခဲ့ဖူးသေး၏။

သို့ကြောင့်မတည့်သောဆရာနှင့် မတည့်သော တပည့်တို့ ဆွမ်းစာကျောင်းတာဝန် အတူတွဲထမ်းကြလေရာ အပေါက်အလမ်းကား မတဲ့မှအရွဲ့သို့ဆိုက်ချေတော့၏။ ငါတို့၏စရိုက်ကလည်း မကောင်းခဲ့၊ အမြောက်ကိုသာလက်ခံ၍ အငေါက်ကိုမုန်းတီးသောဉာဉ်ကလည်း ရှင်သန်လာခဲ့၏။ အစာမြင် လျှာထိန်းမရသော အကျင့်လည်း ရှိသေး၏။

လူ့အမြင်ကပ်ရသည့်အထဲ ထမင်းပွဲအီးပါဆိုသောပုံစကား၏သို့ အချင်းချင်း ပုဂ္ဂလသပ္ပါယမမျှတ,ရသည့်အထဲ ငါတို့၏ဉာဉ်စွဲက ကဲနေပြန်သဖြင့် ဆရာနှင့်တပည့်ကား တဇောင်းစေးနှင့်မျက်ချေးပမာသာ ရှိဘိ၏။

မဟာဓမ္မပါလ


"မင်းကို ငါတို့ကထိကအားလုံးက ပါးစပ်ထဲ လက်လျှိုတောင် ကိုက်မည့်သူလေးမဟုတ်ဘူးဆိုပြီး မှတ်ချက်ချထားကြတယ်။ ခုတော့ မင်းက ကောဝိဒကို မချေမင် ဆက်ဆံသည်လို့ ကြားသိရတယ်၊ မင်း-ရပ်တန်းကရပ်ပါ၊ ကောဝိဒစကား နားထောင်ပါ" ဟူ၍ လည်းကောင်း၊

"ငါတို့တိုက်ကဲ့သို့ စည်းကမ်းထိန်းပေးသည့် ကျောင်း ရှာကြည့်စမ်းပါ၊ စာပေကတော့ အတူတူပါပဲ၊ စည်းကမ်း၊ ဆရာ ပြည့်စုံတာ ငါတို့တိုက်က သာသည်" ဟူ၍လည်းကောင်း ခေါ်ယူဆုံးမတော်မူသည်ကို ပထမဆုံး ခံရချေတော့၏၊

သည့်အထဲ ဥပဇ္ဈာယ်ဆရာက ပခုက္ကူမှ နေကာ ၄င်းထားခဲ့သော သေတ္တာထဲမှ သင်္ကန်းတစ်စုံကိုထုတ်ယူ၊ ဥ ယျကိုပေးရန်ဟူ၍ ဦးကောဝိဒထံ စာရေးအကြောင်းကြားလေရာ၊ နေ့စဉ်မပြတ် ထိုဥပဇ္ဈာယ်ဆရာရှိစဉ်တုန်းကကဲ့သို့ မျက်နှာသစ်ရေ တံမြက်လှည်း၊ ဘုရားရေချမ်းကပ်၊ ပန်းကပ် ဝတ်ဘက် မပျက်ကွက်ခဲ့သောငါတို့ကို-

"မင်းဆရာက ပေးလိုက်သော သင်္ကန်းတစ်စုံကိုလိုချင်လျှင် ငါ့အခန်းထဲ အမြဲ တံမြက်လှည်းရမည်" ဤသို့ ဦးကောဝိဒထံမှ ထပ်ဆင့်အမိန့်ထုတ်ခံရရာ ထိုနေ့မှစ၍ ၄င်း၏အခန်းထဲ လုံးဝမဝင်ရောက်တော့ပြီ၊ ၄င်းကိုလည်း စကားမပြောတော့ပြီ၊ ၄င်းကလည်း ငါတို့ကို ဆွမ်းစားကျောင်းရှိ ခဲဘွယ်များ နှိုက်စား၊ ကော်စား လုပ်မည်ဟု သင်္ကာမကင်းရှိသဖြင့် ဆွမ်းစားကျောင်း၏ ကျက်သရေတိုက်ခန်းသော့ကိုသာပေးပြီး ခဲဘွယ်များထားရာ ကြောင်အိမ်သော့ကိုကား မအပ်တော့ပြီ၊ ငါတို့သည်ကား ရှက်လိုက်သည့်ဖြစ်ခြင်း၊

မာနသည် မျက်စိမရှိ၊

ဆရာမှန်း, တပည့်မှန်းလည်းမသိ၊

မာန်ထ၍ မာန်ကြွလာသော် ဆရာအာခံရန် ဝန်မလေးပြီ။

## မာနာနုသယ ခက်ပွားဆင့်လာခြင်း

နှစ်ကား ၁၃၂၁-ခုနှစ်တည်း၊ အရွယ်ကား (၁၈)နှစ်အတွင်းတည်း၊

ထိုနှစ်ဝါမဆိုမီ ဝါဆိုမည့်ဆဲဆဲ၌ပင် အထက်၌ ဆရာတို့ ဗဟုသုတဖြစ်ခေါ်သွားသည့် လမ်းအတိုင်း ဦးစွာ ငါတို့အပေါ် အရေးပေးသည့် ဓမ္မာစရိယအောင် စာချဆရာတော် ဦးဝါသဝ သီတင်းသုံးရာ စစ်ကိုင်းတောင်ရိုး သီတာမုခချောင်သို့ ထွက်ခဲ့ချေတော့၏၊

- ငါကျိုးစားလျှင် ဘယ်ကျောင်းနေနေ စာတော်စာတတ် ဖြစ်ကိုဖြစ်ရမည်၊
- ငါကိုယ်ငါ ထိန်းသိမ်းနိုင်လျှင် ဘယ်မှာ သွားသွား စည်းကမ်းရှိသမား ဖြစ်ကိုဖြစ်ရမည်၊

ဤကား ဝေဠုဝန်တိုက်မှ ထွက်မည်ကြံစဉ်က ဖြစ်ပေါ်ခဲ့သောမာနတတ်အားတည်း၊ သို့မဟုတ် တဏှာအပေါ် မာနဆင့်၍ မာန်ဝင့်လာသောအရွယ်ပိုင်းတည်း၊

မာနသည် စိတ်ဓာတ်ကို ခက်ထန် မာကြောသော တွန်းအားရှိ၏၊

ထိုမာနကို တံခွန်ထူလျက်ကပင် ၁၃၂၁-ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက်နေ့တွင် ဝေဠုဝန်မှ အပြီးထွက်ခဲ့၏၊ အစသော် အနီးဆုံး သီတာမုခချောင် (စစ်ကိုင်းတောင်ရိုး)သို့သွား၏၊ သို့တစေလည်း ထိုစစ်ကိုင်းတောင်ရိုးကား ငါတို့ခိုကိုးရာ မဖြစ်ခဲ့ပြီ၊ သီတာမုခသို့ရောက်သည်နှင့် ဆရာတော် ဦးဝါသဝ မတွေ့ရတော့၊ ချောင်ပိုင်ဦးလက္ခဏ တစ်ပါးသာ တွေ့ရရာ- လျှောက်ထားကြည့်သောအခါ လုတောအနီးရှိ ဥယျာဉ်မှတ်ရွာ၌ ဦးဝါသဝ ကြွရောက်သီတင်းသုံးကြောင်း သိခွင့်ရ၏၊ သို့နှင့် ပါလာသော သေတ္တာကို ထိုသီတာမုခ၌ ထားခဲ့ကာ မရောက်ဖူးသော ထိုဒေသဆီသို့ ကားဖြင့် နောက်နေ့နံနက် အရဲစွန့်ထွက်ခွါခဲ့၏၊ နေရန်ကားမဟုတ်၊ စရိတ်

တောင်းရန်သာ။ စာသင်မည့်သူ တောရွာ၌နေသဖြင့် မတိုးတက်။

ငါတို့ထံ၌ စစ်ကိုင်းမှသာမှန်းသဖြင့် စရိတ်ကား (၁၅)ကျပ်မျှသာ ပါရှိခဲ့၏။ ထိုစစ်ကိုင်းကိုမှီ၍ စာသင်ရန်အားကိုးမရလျှင် ငါတို့အားကိုးအားထားပြုသော ရန်ကုန်မြို့၊ သရက်တောကျောင်းတိုက်၊ ကျောက်ပန်းတောင်းကျောင်းရှိနောင်တော် ဦးရေဝတ (ဝေဘူဆရာတော်ဘုရားကြီး၏ တူတော်သူ) ထံသို့ သွားရောက်ရန် တာစူခြင်းပင်ဖြစ်၏။ ထိုရန်ကုန်ကား လိပ်စာမှတ်စ်ပါး မမြင်စဖူး၊ မတွေ့စဖူး။

ထိုဝါဆိုလဆန်း (၆)ရက်နေ့ လှတောရွာ၏ အနီး ဥယျာဉ်မှတ်ရွာသို့ရောက်သောအခါ ငါတို့ သတင်းထောက်လှမ်းရန် ငါတို့သွားမည့်သေချာပေါက် နေရာဖြစ်သော ထိုဥယျာဉ်မှတ်ရွာ၌ စာချဆရာတော် ဦးလာဘကား အရင်ရောက်ရှိနေချေပြီ။

ထို ဦးလာဘကား ခေါ်ရန်မဟုတ်သဖြင့် မခေါ်ယူပြီ။ ငါတို့အစီစဉ်ကို စနည်းနာ သက်သက်မျှသာပြုချေ၏။ လဆန်း ၈-ရက်နေ့ စစ်ကိုင်းသွားမည်။ လဆန်း (၉)ရက်နေ့ မန္တလေး ယှဉ်ဆရာများနှင့် တည်းခဲ့ဖူးသော ဘုရားကြီးတိုက်၊ သိမ်ကျောင်းသို့။ လဆန်း(၁၀)ရက်နေ့ ရန်ကုန်သို့ ရထားစီး၍ ခရီးထွက်မည်။

ထိုအစီစဉ်ကို ရန်ကုန်သို့လည်း စာဖြင့် အကြောင်းကြား၏။ ဆရာတော်ဦးဝါသဝကိုလည်း လျှောက်ကြား၏။ ဆရာတော်ဦးလာဘကား ထိုသတင်းကို ဆောင်ယူလျက်က(၈)ရက်နေ့ ငါတို့အား ခေါ်မည့်ဆရာအမှီ (၇)ရက်နေ့ကပင် ပြန်လည်ကြွသွားတော်မူ၏။ ငါတို့ကား လဆန်း (၈)ရက်နေ့တွင် ဆရာတော်ဦးဝါသဝ ထောက်ပံ့လိုက်သော ဝတ္ထုငွေ (၂၀)ကျပ်ယူလျက်က ဥယျာဉ်မှတ်မှ ထွက်ခဲ့ချေတော့၏။

နောက်တစ်နေ့ညနေ (၃)နာရီခန့်တွင် ရွှေဘိုမှထွက်လာသော ကုန်ရထားကို စောင့်ကြိုကာ မန္တလေးသို့ခရီးဆက်၏၊ ထိုရထား၏ ငါတို့စီးသောတွဲမှနောက်ရှိ တွဲပေါ်ဝယ် ငါတို့ကိုခေါ်မည့် ဦးကောဝိဒခေါ် ဦးမတည့်ကြီးလည်းပါလာ၏။ ငါတို့ကားမသိ။ မန္တလေး၊ ရှမ်းစုဘူတာသို့ ရောက်သဖြင့် သေတ္တာကို ထမ်း၍ လွယ်အိတ်တစ်လုံးကိုလွယ်၍ ငါတို့ကား ဘုရားကြီးတိုက်သို့ရွေ့ကသွား၊ ဦးကောဝိဒကား နောက်ကလိုက်။ ဘုရားကြီးတိုက် သိမ်ကျောင်းပေါ်သို့ ငါတို့ကသေတ္တာအချ၊ ဦးကောဝိဒကား နောက်ကချောင်းအဟန့်။

"ဧ ယျလေး ငါနဲ့ပြန်လိုက်ခဲ့ပါကွာ။ ငါနဲ့တွဲမလုပ်ချင်လည်း မင်းသဘောပါ။ ငါနဲ့တော့ လိုက်ဖြစ်အောင် လိုက်ခဲ့ပါ"

ချော့မော့ခေါ်၏။ မရ။

ခေါင်းမျှပင် ထောင်မကြည့်မိ။ .

တစ်ညလုံးနားချ။ မရပြီ။

နောက်ရက် လဆန်း (၁၀)ရက်နေ့ ညနေတွင် ရန်ကုန်သို့ထွက်မည့်စာပို့ရထားနှင့် သိမ်ကျောင်းနေ ဦးအရိယဝံသ၏အကူအညီဖြင့် ခရီးစတင်ထွက်ခဲ့၏။ ရထားခကား(၁၇-၅၀း)မျှသာ ကုန်ကျ၏။ အမြန်ဖြစ်သော် အမြန်နှုန်း(၄)ကျပ် ပိုပေးရသော ခေတ်သာရှိသေး၏။

ရန်ကုန်ကား မရောက်စဖူးဘူး။

သရက်တောတိုက် ကျောက်ပန်းတောင်းကျောင်းဟူသည် မမြင်စဖူးဘူး။

အကယ်တိတိ မှန်းသည့်အလိုက် မကိုက်ခဲ့သော် ဒုက္ခအတိရောက်ရချည့်။

ဤကား ပင်ကိုယ်စိတ်၏ သတ္တိပျော့ညံ့သော အတွေးအဖျက်တည်း။

ပါးစပ်ရှိ လမ်းသိသည်။ ငါမသိ ဆိုက်ကား သမားသိလိမ့်မည်။

တရုတ်၊အိန္ဒိယနွယ်ဖွားတွေ တစ်ပြည်မှ တစ်ပြည်ပင် မသိဘဲနှင့်လျှောက်ရောက်သေးသည်။

တစ်ခြားဘာသာ သာသနာက ဘုန်းကြီးတွေ ဗမာစကားမတတ်ဘဲနှင့်တောင် ငါတို့မြန်မာပြည်

မဟာဗမ္မပါလ



လာ၍ သာသနာပြု လှုစုနိုင်သေးသည်၊ ငါဘာပြုလို့ မဖြစ်နိုင်ရမည်လဲ၊

ဤကား ခက်ထန်သောမာနထောက်ပံ့ထားသော အခြေပေးစိတ်၏ ထိုးကွက်တည်း၊

ထိုအတွေး, ထိုအကြံများဖြင့် ရန်ကုန်သို့ တစ်ညလုံးလုံးစုန်ဆင်းခဲ့၏၊ လမ်း၌ဘူတာတွေတိုင်းလည်း မြို့နာမည်တင်ဆိုင်းဘုတ်ကို အငန်းမရ ကြည့်ရသေး၏၊အနီး၌ပါသော ခရီးသည်ဒကာများကိုလည်း ခဏ,ခဏ မေးကြည့်မိ၏၊ ထိုအထဲမှ ခရီးသည်ဒကာတစ်ဦးကား ရန်ကုန်အထိသွားမည်ဆိုသဖြင့် အားကိုးမိ၏၊ ထိုဒကာကလည်း ရိုးသားစွာပင် အကူအညီပေးခဲ့၏၊ ရန်ကုန်ဘူတာကြီးသို့ နံနက်(၈)နာရီခန့်၌ ရောက်ရှိ၏၊ ထိုဒကာလည်း ဘူတာကြီးရောက်မှပင် ရောက်ပြီပြောကာ သွားလိုရာ သွားတော့၏၊

ငါတို့ ရထားပေါ်မှ သေတ္တာကိုဆွဲ၍ ဆင်းကာ စကြိန်ပေါ် လျှောက်မိသည်နှင့် နောင်တော်ဦးရေဝတ၏ညီတော် ဦးကောသလ္လကား အဆင်သင့် ကြိုဆိုနေချေပြီ၊ အချိတ်အဆက်သည်ကား ကွက်တိမျှ ဖြစ်ချေရာ ရန်ကုန်နှင့်အောက်ပြည်ကား ငါတို့၏ ဘုမ်ိနက်သန် မှန်ပေသည်ဟု ဆိုသင့်လောက်ချေပြီ၊

သရက်တောတိုက်၊ ကျောက်ပန်းတောင်းကျောင်းသို့ရောက်ရှိသော် ထိုကျောင်းကား စုစုပေါင်း(၄၅)ပါးမျှသာဆန့်ရာ ငါတို့ကား အနီးကပ်ရတ်တရက်ဝင်လာသဖြင့် ထိုနှစ်က(၄၆)ပါး ကြပ်ကြပ်တည်းတည်း နေကြရသောဟူ၏၊ နောင်တော် ဦးရေဝတကား ဆရာ, ဆရာတော်တစ်ပါး ဖြစ်နေသဖြင့် ငါတို့ အခွင့်ရေးရခြင်းဖြစ်ခဲ့၏၊ ၎င်းသည် ဝေဘူဆရာတော်ဘုရားကြီး၏ မျက်စိတော်အောက် ကျောက်ဆည်၊ လေသာကျောင်း စာသင်တိုက်မှ ပြောင်းရွှေ့လာသူ ဖြစ်၏ ငါတို့ ပထမနှစ် ဝေဠုဝန်နေစဉ်က ဓမ္မာစရိယတန်းကို ငါတို့ရွှေဘိုစာဖြေဌာနမှ လာရောက်ဖြေဆိုသဖြင့် ငါတို့နှင့် ညီအစ်ကိုတမျှ ခင်မင်ရင်းနှီးသွား၏၊

ဆရာဟူသောသညာထက် နောင်တော်ဟူသောသညာဘက်က ပို၍အလေးသာ၏၊ ထိုကျောင်း၌ အားလုံးသည်ပင် ချောမောပြေပြစ်၏၊ စိတ်ချမ်းသာ၏၊ ရှုပ်ယှက်ခတ်ကား၊ ရှုပ်ယှက်ခတ်လူ၊ ရှုပ်ယှက်ခတ်ရောင်းဝယ်ဖေါက်ကားမှုတို့ ထူပြောရာ ထိုရန်ကုန်သို့ ရောက်စ-ကား ငါတို့မျက်စိနှင့်စိတ် ဂဏာမငြိမ်တတ်၊

ရန်ကုန်မြို့၌ လှုလည်ဖြစ်ရန် ကျောင်းနေကိုထွန်းရင်က တာဝန်ယူ၏၊ ၎င်းကား နောင်တော် ဦးရေဝတ၏ညီအရင်း၊ ဦးကောသလ္လ၏အစ်ကိုဖြစ်ပြီး ထိုစဉ်က အမှတ်(၉)ဘပ်စ်ကားလိုင်း(ရန်ကုန်မှထောက်ကြံ့ပြေးကားလိုင်း)၏ လက်မှတ်ရောင်းဖြစ်၏၊ ထိုလက်မှတ်ရောင်းကား ရန်ကုန်မြို့၌ ပြေးဆွဲနေကြသော ဘပ်စ်ကားလိုင်းမှန်သမျှ မည်သည့်ကားစီးစီး(ဘဝတူချင်း ကိုယ်ချင်းစာသဘောဖြင့်) အခမဲ့သာရှိချေ၏၊ သံဃာများတွင်လည်း ဆွမ်းခံချိန်ပြင်ပ၌ နှစ်ပါးအခမဲ့၊ တစ်ပါးပို တစ်ပါးတစ်ဝက်နှုန်းသာ၊ (ငွေရှာခွင့်,ငွေစုခွင့်မရှိသည့် သံဃာတော်များကိုကြည်ညိုသောအားဖြင့်) စီးခွင့်ရချေ၏၊ ဆွမ်းခံချိန်မျိုးတို့၌ကား မည်မျှသံဃာများများ လက်မှတ်ခ(စီးနင်းခ) မပေးကြရပြီ၊

ထို ကိုထွန်းရင်နှင့်ပင် တစ်မြို့လုံး ကပ်၍ လှည့်ပတ်၏၊ ပတ်မဥသုံအလုံးစုံ တာဝန်ခံကာ လိုက်ပြပေး၏၊ အစသော် အရှေ့အနောက်ပင် မကွဲ၊ အနေကြာမှ အရှေ့ကထွက်လာသောနေကို နေကားအရှေ့ကထွက်သည်ဟု ယုံလာ၏၊

ပြီးခဲ့သော ရွှေဘိုနေစဉ်က ဖြေခဲ့ရသော အလတ်တန်းကားမအောင်လေ၊ သို့ကြောင့်ရန်ကုန်သို့ ရောက်သောကာလ၌လည်း ထိုအလတ်တန်းစာကိုပင်ဆက်သင်ရ၏၊ စာချဆရာကား နောင်တော် ဦးရေဝတပင်တည်း၊ ရူပသိဒ္ဓိ စသော အချို့စာဝါများကို ထိုတိုက်ရှိ သာသနာဝံသကျောင်း ဆရာတော် ဦးသာသနာဝံသ ထံ၌သင်ယူခဲ့ရ၏၊ ထိုရန်ကုန်၌ ယမိုက်ညဝါ(ဦးရေဝတ)၊ ရူပသိဒ္ဓိ(သာသနဝံသ

ဗဟာဝမ္မပါလ



ဆရာတော်)မျှသာ သင်ယူခဲ့ဖူး၏။ ကျန်ဘာသာရပ်တို့ကား ဝေဠုဝန်၏ အမွေအနှစ်ဖြင့်ပင် ပြီးစီး၏။

ထိုကျောင်းသို့ ရောက်သောကာလတို့၌ကား ဆရာတို့အနား မချဉ်းကပ်တော့ပြီ။ ဝေဠုဝန်၌ ဆရာတို့အနား ချဉ်းကပ်မိသဖြင့်လည်းကောင်း၊ ဆရာတို့အထာကြည့်၍ အလိုက်သိသိ ပြုစုမိသဖြင့်လည်းကောင်း၊ ဆရာတို့အကြား ဝိဝါဒ ကွဲပြားခဲ့ကြရသည်ကို သခ်န်းစာယူ၍ နောင်- ဘယ်ကျောင်းတိုက်ဝင်ဝင် ဆရာတို့နှင့် မခင်မင်မိပါစေရန် အထူးရှောင်ကြဉ်ခဲ့၏။

ဝေဠုဝန်၌ ငါတို့ အနီးကပ်ကြီးကြပ်မှုပေးသည့် ဆရာတော်ဦးကောသလ္လ၊ တိုက်အုပ်ဆရာတော်ဦးညာဏိန္ဒ၊ ၎င်းတို့ကား တစ်နယ်တည်း ဇာတိတူများလည်းဖြစ် ဆရာတပည့်လည်းဖြစ် သဖြင့်တစ်တွဲ၊ စာချကထိကဆရာတော် ဦးပညာဇောတ၊ ၎င်းကား ငါတို့ရွာကျောင်းဆရာနှင့် စာသင်ဘက်သူငယ်ချင်းဖြစ်သဖြင့်တစ်ဘက်။ ထိုတွင် တိုက်အုပ်ဆရာတော်နှင့်ဦးပညာဇောတ တို့ကား အပေးအယူမတည့်ကြ။ တိုက်အုပ်ဆရာတော်က လောကီဘက်, လောကုတ်ဘက် နှစ်ဘက်စလုံးတို့၌ လောကျမ်းကြ၏။ ဆရာတော်ဦးပညာဇောတကား စာပေနှင့်ဝိနည်းအကျင့်တို့မှလွဲ၍ အခြားမနှံ့စပ်။ ၎င်းနှစ်ပါးတို့အကွဲတွင် ငါတို့ဆရာတော် ဦးကောသလ္လကား တိုက်အုပ်ဘက်မှ ရပ်၏။ သို့ကြောင့် ဦးပညာဇောတ၊ ဦးကောသလ္လတို့လည်း မတည့်ကြ။ ထိုအကွဲကြားထဲဝယ်-

ငါတို့ကို ဆရာတော်ဦးပညာဇောတထံ စာကြောင်းစာပြန် ပြုလုပ်သောအခါ တိုက်အုပ်ဆရာတော်က "မင်း-သူ့ဆီသွား စာကြောင်း စာပြန်လုပ်လို့ လျှာထားမမှန် အာထားမမှန် ဖြစ်လာတယ်။ သူ့ဆီမသွားနဲ့။ ငါ့ဆီလာ" ဟူ၍ ခေါ်၏။

တစ်ဖန် ဆရာတော်ဦးပညာဇောတက "မင်း-ငါနဲ့ဝေးလို့ ပေါ့ပျက်ပျက်ဖြစ်နေပြီ။ ဥပုသ်နေ့များမှာ ငါ့ဆီလာ စာကျက်" ခေါ်ပြန်၏။

ထိုအခါ ဦးကောသလ္လက- "ဥပုသ်နေ့ စာကျက်ရိုးထုံးစံမှ မရှိဘဲနဲ့ မသွားနှင့်"

ဤသို့ ငါနှင့်ပတ်သက်၍ ဆရာတို့အကြား ဝိဝါဒကွဲပြားခဲ့ကြ၏။ သို့ကြောင့်ကျောက်ပန်းတောင်းကျောင်း(သရက်တောတိုက်)သို့ ရောက်သောကာလ *'အာစရိယာနံ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ'* ဟူ၍ သိက္ခာပုဒ်တစ်ပုဒ် တိုးမြှင့်ကာ တင်ထားခဲ့၏။ ငါတို့ကိုကား စာပေသင်အံ လေ့ကျက်မှု၌ ဇွဲပါသဖြင့် ဆရာအားလုံးကပင်ညာ၏။

မှတ်မိသေးတော့သည်။ တစ်ခါမှာ ငါတို့ကျောင်း ကိုးကွယ်သူ တရုတ်သူဌေးနှင့် တစ်ခြားတရုတ်သူဌေး မိမိတို့နေထိုင်ရာတိုက်အိမ်ချင်း လောင်းကြေးထပ်၍ ဖဲကစားကြချေရာ ငါတို့တရုတ်ကား ရှုံးနိမ့်သွားသဖြင့် ထို မိမိတိုက်အိမ်ပေါ်မှ တိုင်ကပ်နာရီလေးတစ်လုံးဖြုတ်ယူကာ ငါတို့ကျောင်းအောက်ထပ်သို့ မိသားစုနှင့်တကွ လာရောက် ခိုလှုံရချေ၏။ ရှိစုမဲ့စု အလုပ်ရုံသော်လည်းကောင်း၊ ဆိုင်သော်လည်းကောင်း၊ အသက်မွေးဝမ်းကြောင်းမှုပြုသွားရာများလည်း ပါသွားသည်ထင်၏။

*'တရုတ်ရှုံးတော့ ဒယ်အိုးကုန်းခေါက်'* ဆိုသော ပုံစကားအတိုင်း ဆန်ပြုတ်လှည်းတစ်စီးလုပ်၍ ညဈေးတန်း(လေဟာပြင်)ဝယ် ရောင်းရသောဘဝဆိုက်ရချေ၏။ တရုတ်အမျိုးသားများသည် အရင်းအနှီးမရှိက အရင်းအနှီးထူထောင်သောအားဖြင့် အစားအသောက်ဘက်ကို အလေးပေးရှာဖွေတတ်ကြောင်းဆိုလိုသော ပုံစကားပင် ဖြစ်ချေ၏။

ထိုသို့ အခြေပျက်,အနေပျက်ဘဝမျိုးရောက်ရလေသောအခါ မယားဖြစ်သူ တရုတ်မကား ပွစိ ပွစိ။ နားမခံနိုင်သော ထိုလင်က ရိုက်နှက်၏။ ငို၏။ ငါတို့စိတ်မကောင်းပြီ။ သို့ကြောင့် ငါတို့ ရှေ့ဝယ် မရိုက်နှင့်၊ မယားမညှင်းဆဲနှင့်၊ ထွက်သွား။ ဟူ၍ ငါတို့က စာပစ်၏။ ထိုစာကို ဆရာတော်ဦးလာဘ(ညောင်ဦးမှကြွရောက်လာ၍ အုပ်ချုပ်သူ)

မဟာဗုဒ္ဓပါလ



ထံသွားပေး၏။ ဆရာတော်ကား စာကို စာချဘုန်းကြီး ဦးဘာဝိတသို့ ခေါ်ငင်ပေးကာ ဤစာ ရေးသူကို ဖော်ထုတ်၍ ကျောင်းမှထုတ်စေ အမိန့်ထုတ်၏။ ဦးဘာဝိတကား ငါတို့လက်ရေးမှန်း အတပ်သိပြီးဖြစ်သဖြင့် စာတော်သော ငါတို့အား ညှာတာသောအားဖြင့် ဖုံးအုပ်ကာ အကာအကွယ် ပေးခဲ့ချေ၏။

## ဝိသဘာဂကြားမှ စာ အနာမလွတ်တတ်

ထို သရက်တောတိုက်ကား ရန်ကုန်မြို့ကြီး၏ အလည်ခေါင်၌ တည်ရှိချေရကား လောကီအာရုံတို့ ရှုပ်ထွေးပွေလီလှချေ၏။ ငါတို့ သရက်တောတိုက်ဝယ် ထိုစဉ်က ကျောင်းပေါင်း(၇၆)မျှ အရေအတွက်ရှိ၏။ ကျောင်းနေသံဃာကား (၆၀၅)ပါးမျှရှိပြီး အိမ်ထောင်သားမွေး လူဦးရေကား အသက်(၁၈)နှစ်ပြည့်ပြီးသူပင်(၇၀၀)ကျော်၏။ သူကြီးတစ်ပိုင်အုပ်ချုပ်ရသော သရက်တောကျောင်းတိုက်ရပ်ကွက် အမည်တွင်၏။ သူကြီးကား သာယာကုန်းကျောင်း၌ရှိ၏။

သည်အထဲ နိုင်ငံရေး၏ သန့်ရှင်း၊ တည်မြဲအကွဲအပြဲကလည်း မင်းမူ၏။ ငါတို့ရောက်သောထိုနှစ် (၁၃၂၁-ခုနှစ်)သည် အိမ်စောင့်အစိုးရ ခေါ် ဗိုလ်ချုပ်ကြီးနေဝင်း၏ တစ်နှစ်ခြောက်လ အစိုးရခေတ်လည်းဖြစ် ရွေးကောက်ပွဲကာလလည်း ဖြစ်ခဲ့ချေ၏။

ထိုစဉ်က အိမ်စောင့်အစိုးရတွင် ဗိုလ်ချုပ်ကြီးနေဝင်းတစ်ဦးတည်းသည်သာ ဘက်မလိုက်ဖြစ်ခဲ့၏။ တစ်နှစ်အတွင်း ရွေးကောက်ပွဲကျင်းပပေးပါမည်ကတိအတိုင်း တည်ကြည်စွာ အုပ်ချုပ်ခဲ့သူဖြစ်ခဲ့၏။ ၎င်း၏လက်အောက်ရှိ တာဝန်ခံများဖြစ်ကြသော ထိုစဉ်ကအာဏာရှိ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ရွှေတို့ကား တည်မြဲဘက် အလေးကဲသဖြင့် လက်အောက်ခံတပ်များသည်လည်း တည်မြဲသန်တပ်များတို့ချည်း ဖြစ်နေကြချေရာ ထိုနယ်အတွင်း လူတို့မသွားဝံ့ မစည်းရုံးရဲ ဆို၏။ တည်မြဲတို့ကလည်း တပ်အားကိုးဖြင့် ရှုံးလျှင်လည်း နိုင်ရမည်။ နိုင်လျှင်လည်းနိုင်ရမည် ဟူ၍ပင် ရဲတင်းစွာ ကြွေးကြော်နေချိန်ဖြစ်၏။

တစ်ဖန် သန့်ရှင်းဘက်၌ စီးပွားရေးသမားထောက်ထောက်ခံခံမရှိ။ တည်မြဲတို့ဘက်မှာကား စီးပွားရေးအရင်းရှင် တရုတ်သူဌေးကြီးပေါင်းများစွာပင် ကျောထောက်နောက်ခံရှိ၏။ သို့ကြောင့် မဲရှင်တို့အား ငွေပေး၍တစ်မျိုး၊ အာဏာဖြင့်ခြိမ်းခြောက်၍တစ်ဖုံ မဲစွယ်စုံရှိ၏။ ငါတို့ကျောင်းတိုက်တွင်းကား လမ်းမတော်နယ်ဖြစ်သဖြင့် မဲရှင်တစ်ဦး(၃၀၀)ကျပ်မှ(၅၀၀)ကျပ်အထိပင် မဲတစ်ပြားအတွက် တန်ဘိုးရကြသည်ဆို၏။ အတိအကျကား မသိ။ ကြားဖူးခဲ့သည်သာ။ ရွေးကောက်ပွဲနေ့၌ ထမိနီတစ်ထည်ဖြင့်ဇိမ်ခံကား အလကားစီး၍ မဲပေးရသည်ကား မျက်မြင်တည်း။

သတင်းစာတို့တွင်လည်း အိုးဝေ၊ပြည်ထောင်စု တို့မျှသာ သန့်ရှင်း၌ပါ၏။ မီးနတ်၊မဏ္ဍိုင် စသည်များကား တည်မြဲဘက်မှ ရပ်ကြ၏။ ရန်ကုန်၊ ကြေးမုံတို့ကား သတင်းစာသက်သက်မျှအဖြစ် ရပ်တည်ကြ၏။

ထိုသို့ အကြိတ်အနယ် အမျိုးမျိုးတို့ အကြားမှ ရွေးကောက်ပွဲကြီး ပြီးစီးသွားရ၏။ သန့်ရှင်းဘက်မှ အပြတ်အသတ်(တစ်ပြည်လုံးနီးနီးအထိ) အောင်ပွဲခံရ၏။ ငါတို့ကား ထိုအချိန်သည် စာထက်နိုင်ငံရေးသတင်းက ပိုပြီးအားပါနေ၏။ စာကျက်၏။ ရ၏။ အချို့နေရာများ၌ ယမန်နှစ်ကရပြီးသားဖြစ်ခဲ့သည်ကို စွဲ၍ ရသယောင် ထင်မိ၏။ ဂယနဏ စစ်ကြည့်- ဟုတ်တိပတ်တိမမိ။ မြို့ကြီး၏ မြို့လယ်ကျောင်း ဖြစ်သဖြင့် စာစည်းကမ်း၊ သာသနာစည်းကမ်း

မြန်မာစာပေဝါလ



တင်းကြပ်မှုမရှိ။ ရွာ,ရွေးကောက်ပွဲကြီးပြီး၍ စာရွေးကောက်ပွဲကြီး ကျင်းပရာသို့ ငါတို့ဝင်ရောက်ဖြေဆိုရ၏။ မအောင်လေ။ မမိသောစာသည် မိရာသို့ကား မဝင်။ လွတ်ရာသို့သာ စင်သွားသောကြောင့်တည်း။

## တစ်ရွာမပြောင်း သူကောင်းမဖြစ်

ထိုနှစ် (၁၃၂၁-ခုနှစ်) ၏ နွေဦး စာဖြေပြီးချိန်ရောက်သောအခါတွင် ငါတို့သည်ကား အာရုံကြီးစိုးရာ ရန်ကုန်နေ၍ဖြစ်၍တော့ တိုးတက်ရန်မရှိ ဟူ၍ သုံးသပ်မိ၏။ ငါတို့နည်းတူ ဦးပညာဝံသ (ဝေဘူ-ဆရာတော်ဘုရားကြီး၏တပည့်အရင်း၊ အင်ကြင်းပင်ဇာတိ) နှင့် ဦးဇနိတ(အင်ကြင်းပင်) တို့လည်း သုံးသပ်မိကြ၏။ အစတွင် သုံးပါးစလုံး တောင်ကြီးသိမ်တောင်ပါဠိတက္ကသိုလ်သို့ သွားရန် စီစဉ်ကြ၏။ ဥတုဒဏ် မခံနိုင်မည် စိုးသဖြင့် မသွားဖြစ်ကြ။ သို့ကြောင့် ဥတုလည်းမျှ မြို့အနေအထားလည်း မသေးလှ မငယ်လှသော မော်လမြိုင်သို့ ထိုနှစ်၏ သင်္ကြန်အကြိုနေ့ကြီးဝယ် ရထားဖြင့် သုံးပါးစုံ သွားကြလေကုန်၏။

ဦးပညာဝံသကား အလယ်တောရတိုက် ပါဠိတက္ကသိုလ် စာချကျောင်းမှ။

ဦးဇနိတကား ပုစွန်တောင်၊ညောင်ကုန်း ပြသဒ်ကျောင်းမှ။

ငါတို့သည်ကား သရက်တောတိုက် ကျောက်ပန်းတောင်းကျောင်းမှ။

ငါတို့သည်ကား သင်္ကြန်အတွင်း မော်လမြိုင် စိန်မမပါဠိတက္ကသိုလ်သို့ ရောက်ခဲ့၏။ ငါတို့ဆရာ ဦးကောသလ္လကား ပခုက္ကူမှနေ တကူးတက ငါတို့ကို ခေါ်ရန် ကျောက်ပန်းတောင်းကျောင်းသို့ လာ၏။ အပြောင်းလျင်သဖြင့် လွဲသွားရချေပြီ။

ငါတို့ ကျောက်ပန်းတောင်း၌ ရှိဆဲအတွင်းက ပခုက္ကူမှနေ၍ ငါတို့ထံ စာတစ်စောင်ရေး၏။ အချုပ်မှာ ငါ့စကားနားထောင်မလား၊ နားမထောင်ဘူးလား ဟူ၏။

ထိုစဉ်က ငါတို့ကလည်း ပြန်စာဆက်ကပ်၏။ ထိုပြန်စာထဲ၌ ဖြစ်ကြောင်းကုန်စင် အားလုံးပင် ပါဝင်၏။ အဆုံးမှာကား ဝေဠုဝန်သို့ ပြန်ဝင်ရမည်ဆိုသော ဆုံးမစကားမှလွဲ၍ ကျန်အားလုံး နားထောင်ပါမည် ဟူ၍တည်း။

ယခု ဆရာမျှော်သောတပည့် မတွေ့ရတော့သဖြင့် လက်လျှော့ကာ ဝေဠုဝန်သို့ ပြန်ကြွသွားသည်ဟု သတင်းကြားရ၏။ စိတ်ကားမကောင်းမိ။ သို့သော် ဘာမျှမတတ်နိုင်ပြီ။

မော်လမြိုင်ကား နေရာလည်းသာယာ၏။ လူလည်းသာယာ၏။ ငါတို့စိတ်လည်းသာယာ၏။ ပင်လယ်ကွေ့ ဖြစ်သဖြင့်လည်းကောင်း၊ တောတောင်စုံရှိသဖြင့်လည်းကောင်း၊ နေရာသည်သာယာ၏။ ဥတုမျှတ၏။ တွေ့သည်နှင့် လိုက်လှဲဖော်ရွေစွာ ဆက်ဆံလေ့ရှိသောမွန်၊ တွေ့သည်နှင့် ရည်မွန်သော စေတနာများဖြင့် ဆီးကြိုလေ့ရှိသောမွန်၊ တွေ့သည်နှင့် ရဟန်းဆိုရှေးက ဆွေဟောင်းမျိုးဆက်တို့ ပြန်လည်တွေ့ဆုံရပုံမျိုးများဖြင့် ဝတ်ပြုလေ့ရှိသောမွန်၊ တွေ့သည်နှင့် မာတုဂါမ(မိန်းမ)မှန်သမျှ ရဟန်းတို့နှင့် ထိပ်တိုက်ရင်ဆိုင်ကာ သွားလာလှုပ်ရှားခြင်း မပြု။ ထိုရဟန်းငှင်းတို့ကို ကျော်လွန် လွတ်မြောက် သွားလေမှသာ လမ်းဘေးထိုင်ရာမှ ထသွားလေ့ရှိသောမွန်၊ ထိုမွန်, ဤမွန်တို့ အခြေစိုက်ရာ ဒေသကောင်း ဖြစ်သဖြင့်လည်း သာတောင့်သာယာရှိ၏။

စင်စစ် မွန်တို့သည် ဤမြန်မာပြည်၏ ဘုရားသာသနာ ဦးစွာခြေချရာ ဒေသကောင်းဖြစ်လေသဖြင့် အမူအကျင့်ကောင်းများ မြောက်မြားစွာ ကျန်ရှိနေချေသေး၏။

ဘုရားရှင် ရှစ်ဝါအရ သထုံပြည် (ယခုတောင်စွန်း ကေလာသတောင်၏အနီး ဝင်းက

မဟာဗောဓိ



ဂရက်သမရွာ)သို့ ဂဝံပတိထေရ်၏ ပင့်လျှောက်ချက် အရ နောက်ပါရဟန္တာ(၅၀၀) အခြံအရံတို့ဖြင့် ကိုယ်တော်တိုင် ကြွရောက်တော်မူခဲ့သောနေရာ ဒေသဖြစ်ချေ၏။ ထိုဒေသတို့၌ တာကူးလပြည့်နေ့ ကို ဘုရားပွဲ(ကေလာသဘုရားပွဲ)ကျင်းပခြင်း၊ အလှူ ဒါန ထူးကဲစွာပြုကျင့်ကြခြင်း စသည်များကို ထောက်လျှင် ထိုစဉ်က ဘုရားကြွလာတော်မူသော နေ့ရက်သည် ယင်းလပြည့်ဝန်းကျင် ဖြစ်ဟန်ရှိ၏။

မွန်တို့သည် ရှင်စောပုခေတ်၌ ရဟန်းတော်များကို အလေးပေးခြင်း၊ မနူဟာခေတ်၌ ရဟန်းတို့ကို အလေးပေးခြင်းစသော အမူအကျင့် ဓလေ့ကောင်း အမွေကောင်းတို့ကို လက်ဆုပ်မိရ ကိုင်မိဆုပ်မိ ထားဟန်ရှိ၏။ ဘာမဆို သံဃာသို့သာ ဦးတည်၏။

ကားသစ်ဝယ်ပြီးသူသည် ၎င်းကားကို သံဃာများ သတင်းသုံးရာကျောင်းသို့ မောင်းနှင်လာခဲ့ပြီး သံဃာတော်တို့က ပရိတ်တရား ကားပေါ်ဝယ် ရွတ်ဖတ် ချီးမြှင့်ခြင်းကို ခံယူပြီးမှသာ သုံးလေ့ရှိသည်ကို တွေ့ခဲ့ရ၏။

လူမမာ ဆေးရုံသွားလိုလျှင်လည်း ကျောင်းသို့ လာကာ ရဟန်းတို့ထံမှ ပရိတ်တရားနာယူ ပြီးမှ သာသွားလေ့ရှိသည်ကို ငါတို့ စိန်မမကျောင်းကိုးကွယ်သော ဒေါက်တာ ဆွန်ဒရွန်း(သီဟိုဠ်ဇာတိ) ဆီးချိုရောဂါဖြစ်ပွားသဖြင့် ရန်ကုန်သို့ သွားရောက်၍ ဆေးကုသခံယူရန် ပြင်ဆင်စဉ်က ငါတို့ အဝင် အပါ တစ်ကျောင်းတိုက်လုံး(သံဃာ ၇၀-ခန့်)ရှိ သံဃာတော်တို့၏ ပရိတ်တရား လာရောက်နာကြားသည်ကိုထောက်၍ သိခွင့်ရခဲ့၏။

သို့ကြောင့် မွန်တို့ဒေသ မော်လမြိုင်သည် စိတ်မြင်ကွင်းသာယာနေသဖြင့် စိတ်ကြည်လင်ခြင်းကိုဖြစ်စေဘိ၏။ ရာမည-နှလုံးမွေ့လျော်ဖွယ် ဖြစ်စေသောအရပ် ဆိုသည်နှင့်လည်း ညီ၏။

ဘာသာဟူသည် ယုံစရာမရှိသဖြင့် အရဲလိုနေသောစိတ်ကို မြှင့်တင်ရာ၏ လက်နက်ဖြစ်၏။ အယုံစွဲ၍ အရဲပိုလာစေသော စိတ်တန်ခိုး စိတ်သတ္တိမွေးထုတ်ရာ မိခင်ပမာဖြစ်၏။ စိတ်နေအဆင့် မြင့်မားတိုးတက်စေရန် လေ့ကျင့်ပေးနေသော ဆရာပမာလည်း ဖြစ်၏။

အစမ္ပာသာသိပိုင်သော ခေါင်းဆောင်တို့ ဦးစီးရာ ဘာသာဝါဒ၌ ကံတစ်ခုကိုသာ ဦးစားပေးလျက်က စိတ်ကို မကောင်းရာမှကောင်းရာသို့ ဆွဲဆောင်ပေးတတ်၏။

တစ်ဝက်မျှသာ သိပိုင်သော ခေါင်းဆောင်တို့ ဦးစီးရာ ဘာသာဝါဒ၌ ကံတွင်း ဈာန်သွင်းပေးလျက်က စိတ်ကို ကောင်းရာမှ မြင့်ရာသို့ ဆွဲဆောင်ပေးတတ်၏။

အဆုံးထိ သိပိုင်တော်မူသော ဘုရားရှင် ဦးဆောင်သည့် ငါတို့ ဗုဒ္ဓဝါဒ၌ကား ကံ-ဈာန်တို့အတွင်း ဉာဏ်ပါသွင်းပေးလျက်က မြင့်ရာမှ မြတ်ရာသို့အထိ ပို့ဆောင်ပေး၏။

သို့ကြောင့် ထိုဘာသာဝါဒတို့၏ နောက်လိုက်များစွာတို့တွင်-

ကံဆွဲဆရာတို့၏ နောက်လိုက်တို့ကား လူ့ဘုံ နတ်ဘုံများမှ ရှေ့မတိုးသာပြီ။ လူ့စည်းစိမ် နတ်စည်းစိမ် ခံစားခွင့်မှလည်း ရှေ့ထွက်မလာပြီ။ ထွက်ရကောင်းမှန်းလည်းမသိပြီ။

ဈာန်ဆွဲဆရာတို့၏ နောက်လိုက်တို့ကား လူ့ဘဝ-လူ့စည်းစိမ်၊ နတ်ဘဝ-နတ်စည်းစိမ်များအပြင် ဗြဟ္မာ့ဘဝ၏ ဗြဟ္မာ့စည်းစိမ်အထိကိုပါ ခံစားခွင့်သာစေ၏။ သို့တစေလည်း ဉာဏ်သွားမဖက် ဈာန်လားသက်သက်မျှသာဖြစ်ခြင်း၊ ကိုယ်ပိုင်မထုတ် နောက်လိုက်အလုပ်မျှကိုသာ ဆန္ဒ- ဝီရိယ အားသွင်းထားခြင်းများကြောင့် ဗြဟ္မာ့ အောက်တန်းစား ဗြဟ္မာ့အောက်ဆင့်များမှ ရှေ့မတိုးသာပြီ။ နိဗ္ဗာန်ဘုံနှင့် အရိယာစည်းစိမ် ခံစားခွင့် ဘက်သို့လည်း ထွက်မလာပြီ။

ဉာဏ်ဆွဲဆရာတစ်ဆူ ဖြစ်တော်မူသော

မဟာဓမ္မပါလ



ဘုရားရှင်၏ ဩဝါဒခံ ဗုဒ္ဓဘာသာတို့မှာမူကား ကံချမ်းသာတို့ကြီးစိုးရာ လူ့ဘဝ-လူ့စည်းစိမ်၊ နတ်ဘဝ-နတ်စည်းစိမ် များကိုလည်း ခံစားခွင့်ရ၏။ ဉာဏ်ပင်း ဈာန်ချမ်းသာတို့ကြီးစိုးရာ အထက်အထက် ဗြဟ္မာ့ဘဝ၊ ဗြဟ္မာ့စည်းစိမ် များကိုလည်း ခံစံခွင့်ရ၏။ ဖလသမာပတ်၊ နိရောဓသမာပတ် မှသည် မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ များကိုလည်း ဉာဏ်ချမ်းသာကြွယ်ဝလျှင် ကြွယ်ဝသလောက် သုံးပိုင်ခွင့် ပိုလာသေး၏။

ထိုအတုမဲ့ဘဝ၊ အတုမဲ့ချမ်းသာ(ပြိုင်စံကင်းချမ်းသာ) မျိုးကို ပိုသုံးခွင့် ရစေသည့်အပြင် ရုပ်ဒုက္ခ၊ နာမ်ဒုက္ခတို့ကို အိုမှု၊ နာမှု၊ သေမှု ဟူသော အကြီးစားမှသည် အသေးအဖွဲ့များ ဖြစ်ကြလေသော တစ်ဦးနှင့် တစ်ဦး အကြိုက်ပေး၍ အဖျက်ဆီးခံနေရခြင်း၊ မကြိုက်ပေး၍ အဖျက်ဆီးခံရခြင်း၊ သဘာဝဘေးရန်တို့၏ အဖျက်ဆီးခံရခြင်းစသည်များမှ လွတ်မြောက်ရာ နိဗ္ဗာန်ဘုံသို့ ပြောင်းရွှေ့ နေခွင့်ရသေး၏။

နိဗ္ဗာန်ဆိုသည်မှာ တစ်ခြားဘာသာရေးသမားတို့ ပုတ်ခတ်စွပ်စွဲသလို မရှိသောအရာမျိုးမဟုတ် ရှိသောအရာသာဖြစ်၏။ ရှိသဖြင့်သာ ဘုရားစသား အရိယာကြီးများ သွားရောက် စံနေနိုင်ကြ၏။ မရှိသော် စံ၍ဖြစ်မည်မဟုတ်။ ထိုနိဗ္ဗာန်သည် ရုပ်, နာမ် ခေါ် ခန္ဓာမှ အလွတ်ဖြစ်၏။ အစွဲကင်းသဖြင့် စွဲရုပ်, စွဲစိတ် မရှိသော အရာမျိုးဟု ဆိုလို၏။

အာယါတန ခေါ် အကြောင်းခံအားဖြင့် ဓမ္မာဟူသော အကြောင်းထား အထင်အရှားရှိ၏။ ဓါတ်ခေါ် ဖြစ်ပွင့်ခြင်းအားဖြင့် ဓမ္မဟူသော အရှိန်တွန်းအား အထင်အရှားရှိ၏။

သစ္စာ ခေါ် အမှန်သဘာဝအားဖြင့်လည်း နိရောဓ ဟူသော ငြိမ်သက်အား အထင်အရှားရှိ၏။ သို့ကြောင့် နိဗ္ဗာန်ဝင်ပြီးဘုရားသို့ အာရုံတန်းရည်မှန်း၍ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူသော် ဓမ္မာယတန ဓမ္မဓါတ်အကြောင်းခံ အမှန်ရှိထားခြင်းကြောင့် ယုံကြည်လေသူတိုင်း ယုံလျှင် ယုံသလောက် အကျိုးထူး သက်ရောက်စေခြင်းသို့ သတ္တိစွမ်းပြသတတ်ချေ၏။

ထိုဘုရားဆွမ်းကပ်၊ ပန်းရေချမ်းကပ်သည် ဘုရားအတွက်ကား မဟုတ် မိမိအတွက်သာ။

နိဗ္ဗာန်၏(နိဗ္ဗာန်ဝင်ပြီး၏)ဓမ္မာယတနနှင့် မိမိ၏ မနာယတန ခေါ် အာရုံပြုမနော ထိုနှစ်ခုတို့ တည့်တည့်ကြီး ထိတွေ့မိချေသော် မိမိ၌ ဗုဒ္ဓဂုဏ်ဟိတ် ပုံရိပ်သည် မနောဝိညာဉ်အဖြစ် ပေါ်ထွန်း၍ လာစေ၏။ ထိုမနောဝိညာဉ်ခေါ် မိမိအသိဉာဏ်၌ သဒ္ဓါဉာဏ် ထပ်ပိုးဝင်လာသောအခါ-

ဗုဒ္ဓ၏(နိဗ္ဗာန်ဝင်ပြီး၏)ဓမ္မဓာတ်နှင့် မိမိ၏ မနောဓာတ်တို့သည် အပွင့်ဓာတ်အဖြစ် ပွင့်ပေါ်လာ၏။ ထိုအခါ မနောဝိညာဉ်ဓာတ်သည် မဲညစ်နေရာမှ ဖြူစင်တောက်ပလာပြီး လူ့ဘဝ လူ့အကျိုးကို လည်းကောင်း၊ နတ်ဘဝနတ်အကျိုးကိုလည်းကောင်း၊ ဗြဟ္မာ့ဘဝ ဗြဟ္မာ့အကျိုးကိုလည်းကောင်း သယ်ပိုးသွားချေတော့၏။ သို့မဟုတ် ထိုကုသိုလ်ယှဉ်၊ ဉာဏ်ယှဉ် စိတ်တန်ခိုး စိတ်သတ္တိလေး၏ အလင်းရောက်က လူသွားလမ်း၊ နတ်သွားလမ်း၊ ဗြဟ္မာသွားလမ်းများကို အလင်းပြ၍ လမ်းစဖော်ပေးခြင်း။

ဗုဒ္ဓ၏(နိဗ္ဗာန်ဝင်ပြီး၏) နိရောဓသစ္စာသည်လည်း ဉာဏ်လမ်းသို့ တက်လာသူဖြစ်ခဲ့လျှင် ထိုသူ၏ တစ်ချက်မှတ် ကိလေသာချုပ်စပ် တစ်ချက်ပြတ် တဒင်္ဂနိရောဓနှင့် ထိတွေ့စေသောအားဖြင့် တွန်းအား အရှိန်တည်ရှိကာ ဓာတုပရိနိဗ္ဗာန် မစံမချင်း အငြိမ်းဓာတ်ကို ဝိုင်းဝန်းဖွင့်ပေးလေသည်သာ။

သို့ဆိုသော် နိဗ္ဗာန်ဆိုသည်မှာ မရှိသောနေရာဟူသည့်စကား အဘယ်မှာ ယုတ္တိ ရှိအံ့နည်း။ ဘုရားဆွမ်းတော်ကပ်က ကြွက်စာ၊ ဘုရားပန်းကပ်က ကြွက်သိုက်၊ ဘုရားရေချမ်းက ကြွက်သောက်ရေ၊ ဘုရားဆီမီးကား ကြွက်လမ်းပြဟူသည့် စကားလည်း

မဟာဗမ္မပါလ



အဘယ်မှာ အဓိပ္ပါယ်ရှိအံ့နည်း။ လေဓာတ်၊ မီးဓာတ်များ၏ အခိုးအရှိန်သတ္တိကို လက်ခံနိုင်သေးလျှင် ဓမ္မဓာတ်၏ အရှိန်သတ္တိ လက်မခံနိုင်စရာ အကြောင်းမရှိ။

သင်သည် ပြင်ပဗန်းပြ သာမာန်မျှသော ကံကုသိုလ်၊ ဉာဏ်ကုသိုလ်မှု ပြုကျင့်တတ်ရုံမျှဖြင့် ဗုဒ္ဓဘာသာ အမည်မခံသင့်။

သင်သည် ပြင်ပကိုကြည့် အပေါ်ယံမျှသော အသိဖြင့်လည်း ဗုဒ္ဓဝါဒ၏ အကြောင်းခြင်းတမျှားကို မဝေဖန်သင့်။

ဗုဒ္ဓဝါဒသည် ဉာဏ်၌သာ နား၏။ ကိုယ်ပိုင်ဉာဏ်ရှင်တို့၏ ကျက်စားရာသာ ဖြစ်ဘိ၏။ ဖရဲသီး၊ ပိန္နဲသီးတို့၏ မှည့်မမှည့်ကို ပုတ်ကြည့်မှ သိရ၏သို့ အတွင်း၌သာ ဓမ္မဓာတ်၏ ဓမ္မရသ၊ နိဗ္ဗာနဓာတ်၏ ဝိမုတ္တိရသ အမြုတေတည်သော ဗုဒ္ဓ၏ စစ်မှန်တည့်ဖြောင့်လှသော ဝါဒရေးရာအဖြာဖြာကိုလည်း မိမိကိုယ်တိုင် မိမိခန္ဓာ့ဖြစ်စဉ်ကို သတိဖြင့်ဖိ၊ အသိဖြင့် လှည့်ကြည့်လေမှ တွေ့သိရတတ်ချေသည်။

မည်မျှ ဗုဒ္ဓဘာသာ အမည်ခံထားသော်လည်း ဉာဏ်မပင်းသော ကံတွင်းကုသိုလ်မျှဖြင့် ဗုဒ္ဓ၏ အဆုံးအမ အဆုံးဘဝအထိ မရတတ်ချေ။ ဉာဏ်ကင်းသော စျာန်ရင်းကုသိုလ်မျှဖြင့်လည်း ဗုဒ္ဓ၏အမွေ မြစ်ချေမှသည် အပွင့်,အသီး, အမှည့်တို့အထိ မမိတတ်ချေ။

ဤကား ဘာသာနှင့်ပတ်သက်သော ညှပ်ဖက်စကားတည်း။

ငါတို့နေရာ ရာမည ခေါ် မွန်တို့ဒေသ မော်လမြိုင်ကား တော်သ လင်းလပြည့်ကျော်(၁၀) ရက်မှသည် မိုးမကျမချင်း(သင်္ကြန်နှစ်မကူးမချင်း) ဘာသာရေးပွဲများဖြင့် အချိန်ကုန်၏။ မုပ္ပန်ရပ်ကွက်ဘက်မှစ၍ အစဉ်အတိုင်းသော ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ အချို့ကား တစ်ရပ်ကွက်၊ တစ်လမ်းတည်း၌ပင် အထက်,အောက် နှစ်နေရာခွဲ၍ ဆွမ်းဆန်စိမ်း လောင်းပွဲများ သူ့ထက်ငါ ကျင်းပကြကုန်၏။

မိုးကျခါနီးကာလ၌ကား တစ်မြို့လုံးရှိ သဘင်အဖွဲ့အားလုံးတို့သည် မြို့စောင့်ဘိုးဘိုးကြီးတည်ရှိရာ ဒိုင်းဝန်ကွင်းရဲစခန်းအနီးရှိ မြို့ပေါက်ဝ ကွက်လပ်၌ လာရောက်ကပြကြရကုန်၏။ ရုပ်သေး၊ အငြိမ့်၊ ဇာတ်စုံ အကုန်ပင် အလှည့်ကျလာရောက် ကပြ ကြရကုန်၏။

ဝါတွင်း၌ကား ပျားရည်ဆွမ်းလောင်း ဟူသော အစဉ်အလာလည်းတွေ့ခဲ့ရ၊ အလှူခံခဲ့ရချေ၏။ ဓလေ့ထုံးစံကား အလွန်ကောင်း၏။ အလွန် လည်း တလေးတစား လိုက်စားကြလေကုန်၏။ သို့တစေ လည်း ဉာဏ်မပါသဖြင့် အဆံမပါသော ဆွဲလည်း လှုပ်ခါကြည့်ရသလို အပျော်ဘက်အားကြီး အနှစ် မကြီးလေ။ အပေါ်ယံသာဝေ့၍ အထဲသို့မတိုးဝှေ့ လေ။ ကြာသော် မိရိုးဖလာမျှသာဖြစ်ပြီး ငါကျိုးစား သောငါ့ဘာသာအဖြစ် ရပ်တည်ရန် ခဲယဉ်းလာ ပေလိမ့်မည် ထင်မိ၏။

## အပျော်လွန်သဖြင့် နယ်ကျုံ့သွားသော ငါ

ငါတို့ဝင်ရောက်ခိုလှုံရာ စိန်မမပါဠိတက္ကသိုလ်၏ အဓိပတိကား ဆရာတော်ဦးကုဏ္ဍလ ဖြစ်၏။ ၎င်းကား ရမည်းသင်း ဇာတိဖြစ်၏။ ထိုဆရာတော်၏ ဝါဒမှာ ဘုရားရှင် ကိုယ်တော်တိုင်ကမှ အသက်(၂၀)ပြည့်၍ သိတတ်လာပြီဆိုက ရဟန်းအဖြစ် ခွင့်ပြုထားသဖြင့် စာသင်သားတို့အပေါ် စည်းကမ်း ထားစရာ မလိုဟူသော အယူအဆပင်ဖြစ်၏။ ထိုဝါဒ အတိုင်းလျှင် စာသင်သားတို့ကို လွတ်လပ်စွာ ထားတော်မူ၏။

သည်အထဲ ငါတို့၏ ရန်ကုန်၊ ဗဟိုစည်ရပ် ကွက်ရှိ ဆွမ်းဒကာ-ဒကာမများ ဖြစ်ကြလေသော

မဟာဗုဒ္ဓပါလ



ကိုစိန်မြိုင်-မခင်ရီတို့က ၄င်းတို့ မိဘ,ညီ,ညီမများ ရှိရာ မော်လမြိုင် ဒိုင်းဝန်ကွင်း အောက်ကျင်းရပ် (ကျိုက်ဖနဲဆိပ်ကမ်း၊ ကျိုက်ဖနဲဘုရားအနီး)သို့ လိပ်စာပေးလိုက်ရာ ထို ကိုစိန်မြိုင်၏ညီ ကိုစန်းလွင် (စီးပွါးရေးဆန်းလွင်အမည်ခံနှင့်)သွား ဆက်မိချေ၏။ ၄င်းသည် ယခင်က စီးပွါးရေးသတင်းစာတိုက်ပိုင်ရှင် (စီးပွားရေးမြင့်ဦး, နောင်သော် ရဟန်းဘောင်ကူးသွားတော့၍ ဘွဲ့အမည်-ဦးမုနိန္ဒ) နှင့် အကျွမ်းဝင်၏။ ယင်းသတင်းစာအတွက် သတင်းထောက် လုပ်ကိုင်ခဲ့ဖူး၏။ စီးပွါးရေးစန်းလွင် ကလောင်အမည်ဖြင့်လည်း ဆောင်းပါး၊ဝတ္ထု ရေးခဲ့ဖူးသည်ဆို၏။ ယခုသော်ကား စာရေးဆရာကြီး ဦးရန်အောင် ဦးဆောင်ကာ စိန်လွင်လေး၊ စီးပွားရေးမြင့်ဦး စသည့် ကလောင်အကျော်အမော်တို့က မြန်မာနိုင်ငံ ကလောင်သစ်များအသင်းဟူ၍ ဖွဲ့စည်းတည်ထောင်လေရာ မော်လမြိုင်၌လည်း ထိုစန်းလွင်ကပင် ဦးဆောင်ကာ အဖွဲ့ခွဲ ထူထောင်၏။

စာပေဝါသနာရှင်များ ကလောင်သွေးလိုသူများ တက္ကသိုလ် ကျောင်းသား, ကျောင်းသူများအထိ ပါဝင်လာ၏။ ငါတို့သည်လည်း ကဗျာစာပေဝါသနာပါသည်က တစ်ကြောင်း၊ ကောင်း,ဆိုးလက်တည့်စမ်းချင်သော တဏှာအခုအခံက ထကြွသည်က တစ်ကြောင်းတို့ကြောင့် ထိုအဖွဲ့ထဲ ချော်လဲရောထိုင်မိခဲ့ရ ချေ၏။ ထိုအဖွဲ့က စည်းရုံးသောအားဖြင့်လည်းကောင်း၊ အင်အားပြသောအားဖြင့်လည်းကောင်း၊ မြို့လူထုတို့ မြင်သာရာ၊ မြို့လူထုတို့ ဦးခိုက်ရာ ကျိုက်သလ္လန်စေတီ ရင်ပြင်ဝယ် ဝါဆိုပန်းကပ်ပွဲ ကျင်းပခြင်း၊ သီတင်းကျွတ်မီးထွန်းပွဲ ကျင်းပခြင်း စသည်များ၌ ထိုအကြောင်းအရာဘွဲ့ ရတုပိုဒ်စုံမှန်သမျှ ငါတို့လက်ရာချည်း ဖြစ်ခဲ့၏။ ထိုရတုပိုဒ်စုံကို ထိုပွဲလည်၌ အသံကောင်းသော ထို ကိုစန်းလွင်က ဖတ်၍ ဘုရားပူဇော်ရာ တစ်ချီနှင့် နားထောင်မပြီး နှစ်ချီ-သုံးချီမျှအထိ ပွဲတောင်းခံခဲ့ရ၏။

ငါတို့ ရေးဖွဲ့မှုကား ရှင်မဟာရဋ္ဌသို့ မသက်၊ ရှင်မဟာသီလဝံသသို့သာ ဆက်မိ၏။ တုံးတိရှင်းလင်းစေသော အသီအကုံးမရ၊ သွယ်ဝိုက် ရှည်လျားသော အသီအကုံးသို့သာ (စကားကြောရှည်သူပီပီ) ဖွဲ့နွဲ့၍ ရချေ၏။ နောက်သော် ကဗျာသင်တန်း နည်းပြအဖြစ်လည်းကောင်း၊ ထိုအသင်း အတွင်းရေးမှူးအဖြစ်လည်းကောင်း ရှင်ဘဝဖြင့်ပင် ပါဝင်ခဲ့ရချေ၏။ ကာလသား-ကာလသမီးတို့အကြား တလွှားလွှားသာ ရှိဘိ၏။

ငါတို့နေရာ အလယ်တိုက်ကြီး၏ ငါတို့နေရာအခန်း၌ကား တက္ကသိုလ်ကျောင်းသားတို့ ဝင်ထွက်ရာဌာန ဖြစ်ဘိ၏။ ပထမလတ်တန်းကျ နှစ်ခါလည်သား ဖြစ်သဖြင့် စာဝါတက်ခြင်းမရှိ။ စာကျက်ခြင်းလည်းမရှိခဲ့။ ည,နေ့ တို့ ပတ်လုံး စာအံ, စာပြန် မျှသာရှိခဲ့၏။ စာအံ,စာပြန်ကား မပျက်။ ငါ့တစ်သက် ထိုသက်တမ်းကာလက အမြဲဆုံး-အစွဲဆုံးမှာ စာတစ်ခုသာရှိ၏။ ပရိယတ္တိစာပေကိုကား အထိမခံခဲ့ချေ။

ထိုနှစ် နတ္တော်လ၌ စာဆိုတော်ပွဲ ကျင်းပကြ၏။ ပြန်ကြားရေးအရာရှိ ဦးခင်သန်း၊ ချွေတာစုဆောင်းရေးအရာရှိ ဦးမောင်မောင်၊ ကင်းထောက်တိုင်းမှူး ဦးတင်ငွေတို့နှင့် ငါတို့အဖွဲ့က ဦးဆောင်၏။ မော်လမြိုင်ကောလိပ် ကျောင်းအုပ်ကြီး ဦးတိုးအောင် (ကုသ)လည်း ပါဝင်၏။တစ်မြို့လုံးရှိ စာပေဝါသနာရှင်များလည်း စုံညီ၏။

ထိုပွဲ၌ စာပေပြိုင်ပွဲလည်း ပါ၏။ ခေါင်းစီးမှာ 'ဓားသွားထက် ကလောင်သွားက ထက်၏' ဟူသော အကြောင်းရာဘွဲ့ဖြစ်၏။ ပြိုင်ပွဲဝင်စည်းကမ်းမှာ ဝတ္ထု၊ ပြဇာတ်၊ စာညွန့်၊ ကဗျာ ၄င်းလေးမျိုးတို့ကို လေးမျိုးလုံးဖြစ်ဖြစ် ကြိုက်ရာဖြစ်ဖြစ် တစ်မျိုးလျှင် လျှောက်လွှာစာရွက် ဝတ္ထု၊ ပြဇာတ်၌ ငါးမျက်နှာ၊ စာညွန့်၊ ကဗျာ တို့၌ တစ်မျက်နှာကျစီ ဖြင့်သာ ခြုံမိ,ငုံမိစွာ ဖွဲ့ဆိုနိုင်စွမ်း ရှိရမည်ဟူ၏။

ထိုစဉ် ငါတို့စိန်မမ၌ ဦးရာဇိန္ဒကား မထင်

မဟာဓမ္မပါလ



မရှားဖြင့် ငါတို့အတုယူကာ ဝင်ရောက်ယှဉ်ပြိုင်၏။ ငါတို့ကား ကဗျာ(ရတုပိုဒ်စုံ)တစ်ခုမျှသာ ဝင်ရောက်ယှဉ်ပြိုင်၏။ ဆုရကြေညာသောအခါ ထိုဦးရာဇိန္ဒ (ကလောင်အမည် မာန်အောင်စိုးမြင့်) ကချည်း ပထမသုံးမျိုး (ပြဇာတ်မှအပ) ရပြီး ပြဇာတ်၌ကား ၎င်း မယှဉ်ပြိုင်သဖြင့် ကျောင်းသားတစ်ဦးက ရ၏။ ငါတို့မှာကား တတိယပင် မချိတ်။ နှစ်သိမ့်ဆုဖြင့်သာ ကိစ္စပြီးခဲ့ရချေ၏။ ရေးသားရာ၌ နဘေသို့ အလေးပေးတတ်သူပီပီ အဓိပ္ပါယ်၌ မပေါ်လွင်လေ။ နဘေမစွက် အဓိပ္ပါယ်မြင် သက်သက်တို့ကား အောင်ပန်းဆွတ်ခူး သွားချေတော့၏။

ဆုပေးပွဲကိုကား နတ္တော်လဆန်း(၁)ရက်နေ့ ညဝယ် ကပွဲဖြင့်ခမ်းနားစွာ ပေးအပ်ခဲ့ချေ၏။ ဆုရသူ ၎င်းဦးရာဇိန္ဒနှင့် ငါတို့သည် ရေးဖွဲ့မှုအကြောင်းအရာခြင်း တူ၏။ ကလောင်သွားထက်ပုံ၏ ပထမသည်-အနန္တသူရိယ၊ ဒုတိယကား-လက်ဝဲသုန္ဒရ၊ တတိယကား- လှိုင်ထိပ်ခေါင်တင် ဟူ၍ အကွက်ဆင် ရေးဖွဲ့ကြ၏။ အသုံးအနှုန်းသည်ကား ၎င်းကသာလွန်ခဲ့ချေ၏။ ကပွဲ၏ ခင်းကျင်းမှု၌ကား လှိုင်ထိပ်ခေါင်တင် ဇာတ်လမ်းတည်း။

ထိုဇာတ်လမ်း၌ လှိုင်ထိပ်ခေါင်တင်အဖြစ် မအုံးရီ (ကိုစန်းလွင်၏နှမ) က သရုပ်ဆောင်၏။ ကျန် ဇာတ်ဆောင်များကား ကိုစန်းလွင်၊မောင်အေးစသူတို့ ဖြစ်ကြ၏။ နောက်ခံသီချင်းကိုကား အဆိုတော် မဥ္စူမြင့်က သီဆိုပေး၏။ တေးဂီတကား ရွှေမြိုင်တေးသံဝေ တူရိယာအဖွဲ့ဖြစ်၏။ ကားကြိုပို့ကိုကား သူဌေးဦးစိုးတင့်က ကူညီ၏။

ဆုရပြီး နောက်ရက်များတွင်ကား ထိုဦးရာဇိန္ဒနှင့်ငါတို့ တွဲမိ၊ ချိတ်မိသွားကြပြီး ကျိုက္ကမီ၊ မုဒုံ၊ ကျိုက္ခရောစသည်သို့ ခရီးထွက်ကြ၏။ လေ့လာကြ၏၊ ရံတခါ မော်လမြိုင်၊ တောင်တန်းကြီးပေါ်သို့ တက်ကာ စာပေဆွေးနွေးကြ၏။ ဟိုသည်မျက်စိကစားရာမှ ထုံးဖြူဖြူစေတီနှင့်မြင်ကွင်းတွေ-တွေသည့်ဘက် မရောက်၊ရောက်အောင် သွားကြ၏။ ငန်းတေးနှင့် မုတ္တမတောင်တန်းများသည် ငါတို့ နှစ်ပါး၏ ခြေရာဖြစ်ခဲ့၏။ အစွန်းထွက်ဖြင့် မွေးဖွားလာခဲ့ရသော ငါတို့ကား ဘယ်အစွန်း နင်းနင်း-နင်းကျွံ ချည်းသာတည်း။

## ရုပ်မှက်နှင့်အရှက် တွဲဘက်မိသော ငါ

မော်လမြိုင်မွန်ဒေသ၏ ခင်မင်ရင်းနှီးမှုကား အစ၌ ဖော်ပြခဲ့ပြီး ဖြစ်ခဲ့၏။ သာသနာဝင် ရဟန်းများအပေါ် ဆက်ဆံမှုကိုလည်း အသိပေးခဲ့ပြီး ဖြစ်ခဲ့၏။ ထိုရင်းနှီးသော ဆက်ဆံမှုကား မည်မျှ အတိုင်း-အတာ အထိ ခရီးရှည်သနည်းဆိုသော် မိမိတို့ သမီးပျိုများ၊ ရဟန်းပျိုများနှင့် လွတ်လပ်စွာ ထားပေးခြင်းအထိ တာသွား၏၊ ဆွမ်းခံအိမ်တိုင်း သမီးပျိုရှိတတ်၏။ ဆွမ်းခံတိုင်းလည်း အချို့အိမ်များ၌ မိဘများ အိမ်ပြင် အရှာအဖွေထွက်ကြကာ သမီးပျိုများချည်း တွေ့ရတတ်၏။ ထိုသမီးပျိုများကလည်း ဖော်ရွေတတ်ကြ၏၊ ရဟန်းဟယ်ဆိုကာ ရဟန်းခင်-မခင်၊ မိတ်ဆွေမင်-မင်တတ်သူချည်း နီးနီးသာ ဖြစ်တတ်ကြ၏။ အချို့ကား စကြသေး၏။ ငါတို့အား ခနိုးခနဲ့ နဲ့ကြသေး၏။ ရင်းနှီးလေ အတွင်းမီးရှို့လေဖြစ်လာခဲ့၏။ ထိုစဉ်က ငါတို့အရွယ်မှာ (၂၀)နှစ်ဝန်းကျင်မျှ ရှိသေးသဖြင့် သွေးဆူလူပြည့် ရှုကြည့်လျှင် စွဲငြိစရာဖြစ်ဘိ၏။

- ငါတို့၏ ရာဂသွေးကား ထကြွ၏။ ရှက်သွေးများက သိမ်းဆည်းပေးထား၏။
- ငါတို့၏ ရာဂစိတ်ကား ထိပ်တက်လာ၏။ ရှက်စိတ်က သိုဝှက်ထားလိုက်ပြန်၏။

သူ့ဆွမ်းစား၍ သူ့အား ရည်းစားစကားပြောရမည်ကို ရှက်၏။ မိဘတို့ကို မျက်နှာပူ၏။ ရာဂသွေးမကင်းသော မျက်လုံးဖြင့် မော့ကြည့်ရ

ဓမ္မဒါန



မည်ကိုပင်ဝန်လေးမိ၏။ တစ်ဖန် မျက်ကွယ်ရောက်၍ ရုက်သွေးပျောက်သွားလေသောအခါ ရာဂသွေးများက ထ၍နေရာယူကြ ပြန်၏။ ဤစိတ်နှစ်မျိုးတို့သည် ရန်ကုန်ရောက်ကတည်းက အားစမ်းပွဲကျင်းပကာ ကစားနေကြချေ၏။

ရွှေဘိုနေစဉ်က ကလေးစိတ်၏ အဆော့သန်ဖြင့် ရာဂစိတ်ကို ကစားကွက်ဖန်ခဲ့၏။ ထိုရွှေဘိုနေစဉ်က ဆွမ်းခံသွားရာ၊ မြို့တွင်းသွားရာတို့၌ အလွန်ကျွန္တြေ့ရ၏။ ငါတို့ အရပ်အမောင်းကလည်း ကျောက်ရောဂါ မရမီက ပု၏။ ပုပုနှင့် ကျွန္တြေ့ကြီးလွန်းလှသဖြင့် ပျဉ်ချေးရပ်ရှိ ဒကာများက မိုးထိဆရာတော်လေး ဟူ၍ ချစ်စနိုး ကင်ပွန်းတပ်ကြပြီး၊ မြင်းတပ်ရှိ ဒကာများက သံကိုစွသာမဏေလေး ဟူ၏။ ထိုမြို့တွင်း၌ ကျွန္တြေ့ကောင်းသလောက် ကျောင်းရောက်သော်ကား မျောက်လောင်းတည်း။

တစ်ဖန် ငါတို့ရွှေဘိုနေစဉ်က ဘိနပ်စီး၊ ထီးဆောင်းလည်း အလွန်ပျင်း၏။ မည်မျှ နေပူ၊ သဲပူ များကို မည်မျှ နင်းရနင်းရ ဘိနပ်ကိုကားမစီးမိ။ သို့ကြောင့် ဆရာဖြစ်သူ ဦးကောသလ္လက ဘိနပ်မစီးဘဲ သွားခဲ့သော် ခြေထောက်ကို ကြိမ်ဖြင့်ရိုက်မည်ဟု အမိန့်ထုတ်သည်အထိ ဖြစ်ခဲ့၏။ ယခုမော်လမြိုင်၊ ရန်ကုန်တို့၌လည်း ဘိနပ်ကား ဗွက်ကြောင့် စီးဖြစ်သေး၏။ ထီးကား မဆောင်းမိသေး။ တစ်ဖန် ထိုရွှေဘို၌ အရှက်နှင့်ပျော်စိတ်တို့က အားပြိုင်ခဲ့ကြပြီး၊ ယခု မော်လမြိုင်၊ ရန်ကုန်တို့၌ကား အရှက်နှင့် ရမ္မက်တို့က အားပြိုင်၍နေချေပြီ။ အရှက်သည် အသက်ပမာ ဖြစ်ခဲ့၏။

ဘဝအဆက်ဆက် ကျင့်ခဲ့သောစရဏကား အရှက်ကိုသာ စုဆောင်းခဲ့၏။ ရမ္မက်ကိုကား မပယ်ဖျက်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ဝိဇ္ဇာဉာဏ် မဖက်မိသောကြောင့်။

ဘဝအဆက်ဆက် ထမ်းရွက်ခဲ့ရသော သာသနာကား ငှံခံကိုသာ စုဆောင်း၏။ မာနကိုကား မဖယ်ရှားနိုင်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် အကျိုးအပြစ် မဆင်ခြင်မိဘဲ ခံမိသောကြောင့်။

စရဏအကျင့်သည် သူတစ်ပါးတို့ကို သာသနာပြုရာ၌ ထိရောက်လှပြီး ကိုယ့်ကိုယ်ကို သာသနာပြုရာတို့၌ မထိရောက်ခဲ့။ ကိုယ့်ကိုယ်တွင်း၌ ညှင်းဆဲနေသောရမ္မက်ကို ချိုးဖျက်ရန် ၎င်း၌ အင်အားသတ္တိမရှိ။ သို့ကြောင့် ငါတို့ထမ်းရွက်ခဲ့ရသော သာသနာသည် စရဏတစ်ဖက်ထည်းတည်းကိုသာ အားကိုးအားထားပြု၍ စီးနင်းလိုက်ပါခဲ့ရခြင်း ဖြစ်သဖြင့် ထင်သလောက် မစင်ကြယ်တတ်ပြီ။ ငါတို့ဆရာတော်ဦးစန္ဒိမာ၏ ဖြစ်အင်ကိုကြည့်။

သောဝစ္စသတဂုဏ်နှင့် ညီရန်ကို လည်းကောင်း၊ သုဗ္ဗဇ (ဆိုလွယ်စကားရှိသော)ရဟန်းအဖြစ်ကို ခံယူရန်ကိုလည်းကောင်း ရည်ညွှန်း၍ မိမိထက် ဝါ, သိက္ခာ ကြီးမြင့်ပုဂ္ဂိုလ်ကို ခေါင်းငုံ့ခံပြန်မပြောသောအကျင့် မိမိဆရာသမားတို့အပေါ် ခေါင်းငုံ့ခံ ပြန်မပြောသောအကျင့်များသည်လည်း-

- ဤသြဝါဒကား၊ ငါ့ကိုလမ်းတည့်ပေးသော အရာပေတည်း။
- ဤသြဝါဒစကား၊ ငါ့ကို ချီးမြှင့်မြှောက်စားသော အရာပေတည်း။

ဤသို့သော ဝိဇ္ဇာအခံ ဆင်ခြင်ဉာဏ် ကင်းမဲ့ခဲ့ချေရကား ငါတို့၏ နာခံမှုအကျင့်များလည်း အောင့်ခံ, တောင့်ခံမျှသာ ရှိသဖြင့် စိတ်ကောက်ဘဝသို့ ငါ့အား တွန်းပို့ခဲ့ချေပြီ။

စင်စစ် အမြဲအကောက် မှန်သမျှ ထိုအောင့်အီးခံရမှုမှ အရင်းတည်၏။

- မိန်းမတို့၏ လင်ယောကျ်ားအပေါ် စိတ်ကောက်ခြင်းများကိုကြည့် သိနိုင်၏။
- သားသမီးတို့၏ မိဘတို့အပေါ် စိတ်ကောက်တတ်ခြင်းများကိုကြည့် ရိပ်မိစေနိုင်၏။

ထိုအရာအားလုံး အသိဉာဏ်မပါသော စရဏအကျင့်ခေါ် ထုံးစံတို့အတိုင်း လိုက်နာကြရာမှချည်း ဖြစ်လာတတ်၏။

မဟာဓမ္မပါလ



ထိုအကောက်သန် ဉာဏ်ကင်းများသည် မလှန်နိုင်စဉ်သာ ငုံ့နေတတ်ခဲ့ပြီး လှန်နိုင်သောဘဝနှင့်အခြေကိုရက မာနအဖြစ် ခံပြင်းသော ထန်ခြင်းသို့ ပြောင်းလဲထမ်းဆောင်တတ်လှပါသည်ကို ငါတို့ဖြစ်စဉ်တလျှောက်ကိုကြည့် သိနိုင်လောက် တန်ရာ၏။ စင်စစ် ငါတို့သည် စရဏသာသွင်း၍ ဝိဇ္ဇာဉာဏ်မပင်းမိသော အကျင့်မျိုး၌သာ မေးတင်၍ နေချေပြီတကား။

## လျှောက်နေကျလမ်း၀ ဖဝါးအောက်က အပျောက်မခံလို

ထိုနှစ် (၁၃၂၂- ခုနှစ်)၏ စာမေးပွဲကား နီးကပ်၍လာ၏။ ငါတို့သည် ထိုပရိယတ္တိအမွေကိုကား မျက်ခြေပြတ်မခံလေ။ သို့ကြောင့် ဆောင်းကာလ၊ နွေဦးကာလများတို့၌ စာကိုဖိလေ့လာ၏။ အများနှင့်လည်းမရောတော့၊ ဟိုဟိုသည်သည်အိမ်များ၊ ကိစ္စများစွာတို့ကိုလည်း အဆက်ဖြတ်တောက်၏။ တစ်ပါးထည်းတည်းပင် တတ်ရောင်ကား ဖြစ်စေသော စာပေဘာသာရပ်များကို အမိအရ လေ့ကျက်၏။ ညနေ,ညမျိုးတို့၌ ကျောင်းရေကန်၏အနီး အုံးပင်၊သစ်ပင်များစုဝေးရာ ခြံထဲ၌သွားရောက်ပြန်ဆို၏။ စိတ်ကိုလည်း တစ်စိတ်ထဲဖြစ်ရန် သန့်စင်ထား၏။

ထိုထိုစာပေဘာသာရပ်တိုင်းတို့၌ သဘောတရားရေးနှင့်ပတ်သက်သော ဉာဏ်စမ်းမေးခွန်းများ ဖြစ်ခဲ့ချေသော် ငါတို့ကား စိတ်ပုံ့သမား၊ စိတ်ကစားသမားမျှသာ ဖြစ်သဖြင့် ထိုသဘာဝအပေါ်တို့၌ စိတ်စိုက်ကျသွားခြင်းမရှိ။ ယောက်ယတ်ခတ်စိတ်၏ အနေ့အကော့ကြောင့် ပီပြင်ထင်ရှားခြင်းမရှိ၊ လေ့ကျက်ထားသော အဖြေမှန်များနှင့် မေးခွန်းများ တည့်တည့်ဆုံမိသော်မှလည်း ရေးမည် , ဖြေမည်ဟန် ပြင်ဆင်လေအခါ အလိုအကြံများဖြင့်သာ ဖိတ်တစ်ဝက်,စင်တစ်ဝက် ဖြစ်တတ်လှချေ၏။ အာဂုံဆောင် ပါဠိ, အနက်, အရကောက်တို့နှင့် ပတ်သက်လာသော်ကား လာချင်ရာလာခဲ့ စိမ်ခေါ်ရဲခဲ့ ချေ၏။

ဆိုပါစို့ အငယ်တန်း၏ သဒ္ဒါ-သင်္ဂြိုဟ်-ဝိနည်း ဘာသာရပ်ကဲ့သို့သော ပါဠိ, အနက်မေးခွန်းမျိုးဖြစ်ခဲ့သော် တစ်ချက်ကလေးမျှ မလွဲစေရ။ မာတိကာ ဓာတုကထာကဲ့သို့သော အဘိဓမ္မာအရကောက်ညဝါမျိုးဖြစ်ခဲ့သော် ထိုအရကောက် မေးခွန်းကားငါတို့လက်အောက်၌ ဒူးထောက်ရချေ၏။ ထိုတန်း၌မေးခွန်း(၆)ခု၊ အောင်မှတ်(၂၄)မှတ် ရက အောင်ပြီဖြစ်ရာ- ပါဠိ(၁၀)မှတ်၊ အနက်(၁၀)မှတ်တို့ကားငါတို့၏ဓာတ်စာဖြစ်ခဲ့ရချေ၏။ အလယ်တန်း၌မေးခွန်း(၈)ခု၊ အောင်မှတ်(၃၂)မျှဖြစ်ချေရာ ငါတို့ကား အောင်မှတ်(၂၀) ကျိန်းသေဖြစ်ခဲ့ပြီး (၁၂)မှတ်မျှသာ ကြိုးစားရမည် ဖြစ်ချေ၏။

ထို(၁၂)မှတ်ကိုလည်း အဘိဓမ္မာပိုင်းများဖြစ်ကြလေသော သင်္ဂြိုဟ်၊ မာတိကာ၊ ဓာတုကထာယမိုက်များ၌သာ အကြပ်အတည်းတွေ့ရလေ့ရှိ၏။ ကျန်တို့ကား ငါတို့လက်ထဲ၌ အပြည့်ရှိနေတတ်၏။ သို့ကြောင့် ထိုအားလုံးတို့ကို သတိတင်းကြပ်စွာထားလျက်က လေ့ကျင့်နေရပါချေ၏။ ချုံးရသော် ငါတို့ကား ကံ, ဉာဏ်, ဝီရိယ သုံးစားတို့တွင် ဝီရိယသမား မျှသာတည်း။

ဗေဒင်၏မဟာဘုတ်ကိန်းခမ်းအရ တွက်ချက် ပြဆိုရချေသော် ပညာကား-အဓိပတိ၊ အောင်မြင်မှုသည်ကား-ဘင်္ဂအိမ်၌ နားခိုနေချေရာကံမကောင်းလှချေ။ ဆိုလိုသည်မှာ မင်းဘဝသည်ပညာကြီးစိုးသလောက် အောင်မြင်မှု၌ကား စိတ်ဆင်းရဲ ခံရမည်ဟူ၏။

စင်စစ် ထိုပညာကြီးစိုးမှုကား ကြိုးစားမှုမှဖြစ်သော အာဂုံဆောင်ပညာ(စရဏပညာ) သက်သက်မျှသာတည်း။ ယောက်ယက်ခတ် အတွေးအခေါ်

မဟာဇမ္ဗူပါလ



မှဆင်းသက်လာသော ဇဝေဇဝါပညာမျှသာတည်း။ အာရုံကိုမှီး၍ ဉာဏ်ကြီးစေသော(သညာသိ)ပညာမျှ သာတည်း။

တစ်ဖန် အရံမိတ်၊ အရံပရိတ်သတ်၏ နားအိမ်ကား ရာဇတံခွန်မှာဖြစ်သဖြင့် ငါတို့၏ သဏ္ဌာန် ငါတို့၏ဟန်ပန်ကား အများအထင်ကြီးစရာ ဖြစ်ချေဘိ၏။

သို့ကြောင့် စာမေးပွဲမဖြေမီ ယခုနှစ်ငါတို့ စာသင်တိုက်မှ မည်သူတွေ မည်သည့်အဆင့်မှ အောင်မည်- မအောင်မည် တို့ကို ဆရာတို့ ခန့်မှန်းတွက်ချက်ကြလေတိုင်း ငါတို့ကား တစ်ပေးခံခဲ့ရသည်ချည်းဖြစ်၏။ ဖြေပြီး၍ ဂေဇက်ထွက်သော ကာလ ရှုံးဂေဇက်၌သာ ငါတို့ကား တစ်ချိတ်ခဲ့သည်ချည်းတည်း။ ပေထိဆို ဥ ယျှကြီး ကွဲနေပြီတည်း။

ထိုအဖြစ်မျိုး သည်တစ်နှစ် မဖြစ်စေရ၊ နှစ်ခါကျမှ သုံးခါချမခံရစေရ။ ဤစိတ်တန်ခိုး စိတ်သတ္တိသည် ဤနှစ်၌ အထူးအားကြီးနေ၏။ အထူးတောက်ထိန်နေ၏။ သို့ဖြင့် စာမေးပွဲကြီး ဖြေဆိုရပြီ။ ဂေဇက်ထွက်လေသောအခါ အောင်ခဲ့ရချေပြီ။ စိတ်တန်ခိုး, စိတ်သတ္တိ၏ လက်ငင်းအကျိုးကား ငါသည် ပထမကြီး အတန်းသားတည်း။

## အချစ်ရေး နှင့် အိမ်ထောင်ရေး အခြေဝေးသော ဂြိုဟ်သား

ငါတို့သည် စာမေးပွဲကြီး ဖြေဆိုပြီးစီးခဲ့သဖြင့် မွေးရပ်အမှန် အညာသို့ပြန်၏။ မော်လမြိုင်မှ ရွှေဘိုပြန်ရန် ခရီးစရိတ်များကား ဂန့်ဂေါ်တန်း ရပ်ကွက်ရှိ ဆွမ်းဒကာ- ဆွမ်းအမတို့က အလှူမခံရလေဘဲနှင့် ဝိုင်းဝန်းထောက်ပံ့လိုက်ကြ၏။ သားအရင်းမျှခင်မင်ကြလွန်း၍။

ရွာသို့ရောက်သော် ရဟန်းခံကိစ္စပေါ်၏။ ရဟန်းဒကာများကား ရွာ၌ပင်သုံးပွင့်ဆိုင်၊ ရန်ကုန်၌ နှစ်ပွင့်ဆိုင် ပေါင်း-ငါးပွင့်ဆိုင်တည်း။

ငါတို့ရွာ မင်းကုန်းတစ်ရွာလုံးမှ စုပေါင်း၍ ရဟန်းခံရန် စီစဉ်ကြ၏။

ငါတို့၏ ဝမ်းကွဲအစ်မ ထနောင်းကိုင်းရွာမှလည်း ရဟန်းခံရန် စီစဉ်၏။

ငါတို့ဦးရီးတော် ထန်းတပင်မြို့လေးမှလည်း ရဟန်းခံရန် စီစဉ်၏။

ထိုအားလုံး ငါတို့ကား တစ်ခုမှ မနှစ်သက်လေ။ အဘယ်ကြောင့်ဆိုသော် ငါတို့တောသူ, တောသားများသည် ရှိစုမဲ့စုလေးဖြင့် ထောက်ပံ့ရှာကြရမည်။ ငါတို့က ရဟန်းပြည်ထိုင် ရဟန်းလို မနေနိုင်က ခမျာများ သဲထဲရေသွန် အဆိပ်ပင်ရေသွန်ဘိသို့သာ ဖြစ်ကြမည်စိုးသောကြောင့်။

တစ်ဖန် ငါတို့တောသူ,တောသားများသည် သဒ္ဓါဖိစီး အားကိုးလည်း အလွန်ကြီးကြ၏။ မတော်လို့ ငါတို့က ရဟန်းဘဝမှ တိမ်းပါးခဲ့ချေသော် ခမျာများ တန်ပြန်အကုသိုလ် အဖိခံရမည်စိုးသောကြောင့်။

ထိုအချက်များကို ထောက်ဆ၍ ရန်ကုန်ရှိ ရဟန်းဒကာများ (ငါတို့နှင့်မရင်းနှီး နောင်တော်ဦးရေဝတထံ တောင်းခံထားကြသော အေဒီလမ်းရှိ ဒေါ်သုံး၊ သမီးမခင်သန်း) တို့ထံ ရဟန်းခံရန် နောင်တော်ထံ အကြောင်းကြားစာရေးပို့ခဲ့၏။ ရွာ၌ ဖြစ်နေသော အခြေအနေတို့ကိုလည်း စာရေး လျှောက်ထား၏။

အကြောင်းကြားစာ ပြန်လာပြီ။

မိမိဒေသ မိမိဒကာ,ဒကာမများကို ငဲ့၍ ရွာ၌ပင် ရဟန်းခံဖို့ စီစဉ်ရန်ဟူ၏။

ခက်ကပြီ-ရှေ့နေငှားမှ ထောင်လုံးလုံးကျသို့ ဆိုက်နေချေပြီ။ သို့တစေလည်း မတတ်သာပြီ။ ရွာမှကားငါပိုင်၊ ရန်ကုန်မှကား ကြားအောင်သွယ်

ပိုင်။ ဤသို့ အခြေကွဲနေချေသဖြင့် ရွာမှပင် ငါတို့ သဘောဆန္ဒ ဉာဏ်ယှဉ်ဆကာ ရွေးချယ်ရတော့မည်။

ထိုရွာ၏ သုံးမျိုးသော ရဟန်းဒကာတို့တွင် ဦးရိုးတော်ဦးဘသန်း +ဒေါ်စောညဏ်(ကုန်သည်ပွဲစားကြီး)တို့သည်သာ ငါလွဲသော်မှ စေတနာမကွက် ရှိချေရာသည်။ ကျွန်တို့ကား ဘုရားမှတ်လို့ ကိုးကွယ်မိ ဖွတ်ထွက်လာမှ တောင်ပို့မှန်းသိဟူသော စကားလုံး အပြောများဖြင့် အပရစေတနာဇော ရေတိမ်မျောရှာကြပေလိမ့်မည်။

ဤသို့ ဆင်ခြင်ကာ ထိုထန်းတပင်မြို့ (စစ်ကိုင်း တိုင်း)ရှိ ဦးဘသန်း+ ဒေါ်စောညဏ် တို့၏ ပစ္စည်းလေးပါးကိုခံယူ၍ နှစ်ကျိပ်မျှသော သံဃာတော်များ (ဝေဠုဝန်မှ ကိုယ်စားဆရာတော် ဦးပညာဇောတ၊ လှတောမှ ဦးဝါသဝ အပါအဝင်) ထန်းတပင်မြို့၊ ရွှေဖောင်ဦးကျောင်းတိုက် ခဏ္ဍ သိမ်ဝယ်-

၁။ နာယကဆရာတော်ကား- ထန်းတပင်မြို့၊ အုတ်ကျောင်းဆရာတော် ဦးကဣနက။

၂။ အနုသာသနဆရာတော်ကား- ရွှေဖောင်ဦး- ကျောင်း,ဆရာတော် ဦးကန္တြိယ။

၃။ ဥပဇ္ဈာယ်ဆရာတော်ကား- မင်းကုန်းကျောင်း- ဆရာတော် ဦးအာစရ။

ထိုတနင်္ဂနွေမင်း ဆရာတော်သုံးပါးတို့နှင့် ကာရကသံဃာများ၏ ရှေ့မှောက်၌ မြင့်သော မြတ်သော အထက်တန်းစား ရဟန်းဘဝ ရောက်ခဲ့ရချေသည်။ ရက်ကားမမှတ်မိ။ လ,ကား ဝါဆို လဆန်းတည်း။

ထိုရဟန်းခံပွဲ၌ တရားဟော, ရေစက်ချကား ငါတို့ကိုယ်တိုင် ဆောင်ကြဉ်းခဲ့ရ၏။ တရားတော်ကား ဝမ္မိကသုတ်တော်လာ တောင်ပို့ကြီး တရားတည်း။

""တောင်ပို့ကြီးသည် အောက်မှ အခိုးလွှတ် သော အပူဓာတ် မြေခိုးမြေငွေ့တို့ဖြင့် ၄င်း၌ရှိသမျှ အပေါက်များမှ အခိုးအလျှံထွက်ကာ တရှိန်ရှိန် အပူတောက်လောင် နေကြ လေကုန်၏၊

သည့်အခြေပမာသာလျှင် လူတို့သည်လည်း တဏှာ-မာန-ဒိဋ္ဌိတို့၏ အခိုးအငွေ့ လွှတ်တင်မှု ကြောင့်လည်းကောင်း၊ ရာဂ-ဒေါသ-မောဟ စသော ကိလေသာ အခိုးအငွေ့များ ကြောင့်လည်းကောင်း၊ ကာမရာဂ၊ ဘဝရာဂ စသော သံယောဇဉ်တရား များ၏ အငွေ့သတ္တိများကြောင့်လည်းကောင်း အိပ်ရာမှ နိုးသည်နှင့်-

- မျက်စိပေါက်မှလည်း အပူမီး ,အခိုးအလျှံများ မစဲ မတိတ် တရိပ်ရိပ်တည်း၊
- နားပေါက်များမှလည်း ကြိုက်ရိုး, ဆိုးငွေ့များ တဝေ့ဝေ့ သာတည်း၊
- နှာခေါင်းပေါက်များမှလည်း မုန်းရှိန်, ချစ်ခိုးများ တဖြိုးဖြိုး သာတည်း၊
- လျှာပြင်ထက်မှလည်း ကြိုက်ငမ်း ဖမ်းချက်များ တသွက် သွက်တည်း၊
- ကိုယ်တစ်ခုလုံးမှလည်း ကြိုက်ပြစ်မှား , မကြိုက်-စော်ကား တဖွားဖွားတည်း၊
- စိတ်တံခါးပေါက်မှလည်း ကြိုက်လက်ခံ , မကြိုက်-တော်လှန် တို့ကား ရှေ့ရောက်နောက်ပြန်သာတည်း၊

နေသည်- နေ့အခါ လောကသားတို့အပေါ် အပူရှိန် အခိုးလွှတ်၍ စီးပိုးလာသောအခါ လောကသားများသည်လည်း-

- ရှေ့ပြေး နေအရုဏ်လာသောအခါ နိုးထလျက်က စောင့်ကြို နေကြရချေ၏၊
- နေထွက်လာသောအခါ လှုပ်ရှားစ ပြုလာကြရ၏၊
- နေတက်လာသောအခါ အလုပ်ဖက် ပြင်ဆင်ကြရ၏၊
- နေသည် ထန်းတဖျားရောက်သော် လောကသားတို့ လည်း အလုပ်ပူ မီလာကြကုန်ပြီ၊
- နေသည် မွန်းတည့်လာလတ်သော် လောကသားတို့ လည်း အလုပ်ဒေါင်းတောက်လာကြကုန်ပြီ၊

- နေသည် မွန်းတိမ်းသွားသောအခါ လောကသား
  တို့လည်း အလုပ်၌ကတိမ်းကပါး ဖြစ်ကုန်ကြပြီ၊
- နေသည် နောက်ကြောင်း စောင်းသွားသောအခါ
  လောက သားတို့လည်း အလုပ်လမ်းကြောင်း ပြောင်းလာ
  ကုန်ကြပြီ၊
- အကယ်တိတိ နေဝင်စပြုသွားသော် လောကသားတို့
  လည်း အလုပ်ရပ်နားစ ပြုလာကြကုန်ပြီး နေ၏အရှိန်
  အေးသည်နှင့်အမျှ စိတ်အေး ဝင်လာကြကုန်၏။
- နေသည် လောကသားတို့ကို မျက်ကွယ်ပြုလျက်က
  စုပ်စုပ်မြုပ် ဝင်ရောက်သွားလေသောအခါ လောက
  သား,တို့ကိုလည်း အနားယူစေသောအားဖြင့်လည်း
  ကောင်း၊ စိတ်သက်သာရာ ရစေသောအားဖြင့်လည်း
  ကောင်း ရွှေးသိပ်.သိပ်ပေးခြင်း၊ လှဲသိပ်. သိပ်ပေးခြင်း
  ဖြင့် သိပ်ထား ပေးခဲ့ပါချေ၏၊

ထိုသိပ်ပေးမှုကား -

- နက်ဖြန် ၄င်းလာလျှင် ဆီးကြိုရန်တည်း၊
- နက်ဖြန် ၄င်းထွက်လျှင် အလုပ်ဆက်ရန်တည်း၊

သည့်အခြေပမာသာလျှင် ပပဥ္စ ကိလေသာ
သံယောဇဉ်နေမင်းတို့သည်လည်း ပြင်ပနေနှင့်အတူ
လူတို့ကို အပူငွေ့သွင်း စန္ဒာအိမ်သို့ ချော့သွင်းလျက်ကသာ
စန္ဒာအိမ်တရှိန်ရှိန် တောက်လောင်စေလျက်က အနိုး
ထွက်၊ ၄င်းတို့အကြိုက် အလုပ်ဘက်ဆက်စေပြီး ဖျက်ဆီး
စနကြလေကုန်၏၊ နေ့အချိန်ကုန်၍ ညဘက်ဘုံသို့
ဘုံစန်းဝင်လေသောအခါ ကာမသတ္တဝါကို ကာမအစာ
ကျွေးတဲ့ပြီး နောက်တစ်နေ့ သူနိုင်းသမျှ မဆိုင်းမတွ
လုပ်ချင်အောင် လှဲသိပ်ပေးကြလေကုန်၏၊

သို့ဖြင့်ပင် တစ်ရက်တစ်ရက်နှင့် ရက်ဆက် ကြာရှည်
လာကြရကုန်ချေပြီ၊

သို့ဖြင့်ပင် တစ်သက်မှတစ်သက် အသက်ဆက်
၍လည်း လာကြရကုန်ချေပြီ၊

အကယ်တိတိ အပူတိတ်၍ အေးရိပ်ပေါ်စေ့ သချင်
လျှင် မဂ္ဂင်အလျင် စိတ်၌ တပ်ဆင်ကြပါကုန်၊

အကယ်တိတိ အမြင်သန်၍ အမှန်တွေ့စေသချင် လျှင်
မဂ္ဂင်ယာဉ်အလျင် စီးနင်းကြပါကုန်၊ ၊""

ဤကား ငါတို့ ရဟန်းဘဝ ဝင်ကာစ၏ တရားဦး ပေတည်း။ တရားလည်းဟောပြီးချေပြီ။ ရဟန်းခံကိစ္စလည်း အောင်မြင်ပြီးစီးခဲ့ချေပြီ။ ထို သိမ်ထွက် ရဟန်းဘဝရောက်သည်နှင့် ရဟန်းဒကာ နှင့် ငါတို့ အပေးအယူ မမျှခဲ့ပြီ။ အိမ်ထောင်ရေးမလှ ကြတော့ပြီ။

- လည်လွှန်းသောဘီး ချေးပေတတ်၏။
- ခရီးများသောရဟန်းလည်း အဆန်းပေါ်တတ် ချေ၏။

သို့ကြောင့် မည်သည့်မြို့ရွာဒေသသို့မျှ ကြွ မသွားပဲ စစ်ကိုင်းတောင်ရိုး လေးကျွန်းသာယာ ချောင်မှာသာ သီတင်းသုံးရန် ရဟန်းဒကာက အရေးဆိုလာ၏။

ငါတို့ကလည်း တစ်ယူသန် မာန်ကြီးလေသူ ပီပီ -

- ရေထဲသွားသောဘီး ချေးကပ်သော်မှ ချေးမထပ်။
- ခရီးများသော ရဟန်းသည်လည်း ကိလေသာအစေး ကပ်သော်လည်း ကိုယ်ပိုင်သတိ၊ ကိုယ်ပိုင်အသိ တပ်ဆင်ထားသော် ကိလေသာချေး မပတ်မိ။ ဘယ်မှာနေနေ ဘယ်ပြည်ရောက်ရောက် မိမိ သည်သာအခရာ မိမိသည်သာအညာ ဟူ၍ချေပ ၏။

ရဟန်းဒကာက ရှေ့တစ်ဆင့်တိုး ပြောသော် ငါတို့ကလည်း တစ်ထပ်ဆင့်ကာ ချေပ၏။ ဆရာနှင့် ဒကာ သိမ်ထွက်ဝယ် စကားစစ်ထိုးပွဲ ကျင်းပ၏။ ငါတို့ကား အရှုံးမပေးပြီ။

သို့နှင့် နောက်တစ်ရက်မျှကြာသော် ငါတို့ မြို့၌ လာရောက်တရားဟောသော ရွှေဘို ဦးအာသဖ နှင့်အတူ ရန်ကုန်သို့လိုက်ပါခဲ့၏။ သိမ်ထွက်၌ ရပစ္စည်းမှန်သမျှ အားလုံး စွန့်ပစ်ခဲ့၏။ အချို့ကား နွမ်းပါးသောသာမဏေများလှူ၏။ အချို့ကား မယ်တော်နှင့် အမကြီးတို့ကို စွန့်၏။

မဟာဗောဓိပါလ



ထိုဦးအာသဖ (ဘိလပ်ပြန် ရွှေဘိုဦးအာသဖ) သည် မန္တလေးရောက်သော်ရွှေဘုံသာ ကျောင်းတိုက် ဟောင်းကြီး၌ သီတင်းသုံးနားခိုရာ ငါတို့လည်း ထို၌ ပင် သီတင်းသုံးခဲ့ရ၏။ နှစ်ည, သုံးညမျှ ထို၌နေခဲ့ရ ၏။ ထို့နောက် ရန်ကုန်သို့ ခရီးဆက်ကြ၏။ ထို ဆရာတော်ကား မီးရထားအခမဲ့လက်မှတ် ရရှိထား သဖြင့် ငါတို့ကား ထန်းတပင်မှ ရန်ကုန်အထိ စရိတ် မကုန်ပြီ။ ရန်ကုန်ရှိ သူငယ်ချင်း ဦးပဝရ သီတင်းသုံး ရာ သရက်တောတိုက်၊ သာသနောဒယကျောင်း၌ တစ်ညခိုခဲ့ပြီး နောက်တစ်နေ့ နံနက် မော်လမြိုင်သို့ ခရီးဆက်ကာထွက်ခဲ့၏။

မော်လမြိုင်သို့ ရောက်သော် အတူနေ ဦးပညာဝံသက သင်္ဘောဆိပ်မှ ကြိုဆိုပြီးကျောင်း (စိန်မမ)သို့ ရောက်ပြန်ရချေ၏။ ငါတို့အရောက်နှင့် ဝါဆိုကား နှစ်ရက်မျှသာ ကွာခြား၏။ သည်တစ်နှစ် ၁၃၂၃- ခုနှစ်၊ မော်လမြိုင်၌ ဝါဆိုရပြီး အကြီးတန်း စာဝါများကိုဆက်လက်သင်ကြားရ၏။ ကလောင် တာဝန် ကလောင်ကိစ္စများ အဆက်ပြတ်သွားချေ တော့၏။ ထိုအရာကား ရေတက်ငစင်ရိုင်း အဖြစ်မျိုး မျှ သာတည်း။

## ညဝါကိုင် ပိုင်နိုင်လှသော ဆရာတော်

မော်လမြိုင်၊ စိန်မမဆရာတော် ဦးကုဏ္ဍလ သည် ကိုယ်တော်တိုင် အဘိဓမ္မာညဝါများ ဖြစ်ကြ သော ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းများကို ကိုင်တွယ် ပို့ချတော်မူ၏။

ထိုတိုက်၌ အထက်အညာစာသင်တိုက်ကြီး များကဲ့သို့ စာချဆရာမစုံလင်လှ။ ငါတို့ရွှေဘိုဝေဠုဝန် ၌ စာချကထိက(၃)ပါး၊ အရံ(၃)ပါးတို့ အပြင် လက်သင်ဆရာ(၄,၅)ပါးမျှ ရှိချေသဖြင့် အောက်ခြေ မှအထက်အထိလည်းကောင်း၊ စာကြီးပေါက်အတတ် သင်အထိလည်းကောင်း စုံလင်လှချေ၏။ စိန်မမ၌ ကား-ကထိက(၃)ပါး (ဆရာတော်ဦးသူရိယ၊ ဦးသုမန၊ ဦးအဂ္ဂဝံသ)တို့မျှသာရှိသဖြင့် နာယကဆရာတော် လည်း မနားရချေ။ ထိုတွင်-

၁။ ဆရာတော်ဦးသူရိယကား-စာချတန်းသုံးကျမ်း တစ်ပါတည်း တာဝန်ယူရ၏။

၂။ ဆရာတော်ဦးသုမနကား- ဆန်းအလင်္ကာ အကြီးတန်း-သဒ္ဒါစသည် တာဝန်ယူရ၏။

၃။ ဆရာတော်ဦးအဂ္ဂဝံသကား--အငယ်တန်း ညဝါ နှင့် ကျန် တာဝန်ယူရ၏။

ထိုတွင်လည်း ဦးသူရိယကား ဝီရိယဇွဲလုံ့လ ကြီးလှ၏။ စာချ၏ အိုင်အေခေါ် ဥပစာတန်း (ထိုစဉ်က ရဟန်းများဖြေခွင့်ရ၏)လည်း ဝင်ရောက် ဖြေဆိုရမည်ဖြစ်သဖြင့် ကျူရှင်တက်သေး၏။ ကဗျာ စာပေလည်းရေးသေး၏။ တရားလည်း အားထုတ် သေး၏။ သို့ကြောင့် အချိန်ဇယားဆွဲကာ အားထုတ် ၏။ ယုတ်စွအဆုံး ကျင်ကြီးကျင်ငယ် စွန့်ချသည် ကိုပင် အချိန်ကန့်သတ်ထားရှိ၏။ အတုယူစရာ ကောင်းသော နမူနာပြ ဇွဲလုံ့လ, ဝီရိယများပင် ဖြစ် ချေ၏။ ထိုတိုက်၏ အစစတာဝန်ယူ ဖန်တီးရလေ သူ ဦးယောသိတကား အထွေထွေကိစ္စများဖြင့် လက်မလည်ပြီ။

ထိုနေ့ဦးကား ငါတို့ရွာသို့ပြန်ကာ ရဟန်းခံ ပွဲ ကျင်းပနေချိန် တိုက်တာဝန်ခံဆရာတော် ဦးယောသိတနှင့် စာချတာဝန်ခံဆရာတော်ဦးသူရိယ တို့ အရေးအခင်းဖြစ်ကြချေ၏။ ဦးသူရိယကား စာချ တာဝန်ကို ၄င်း၌မှီခိုကာ အသက်ရှင်နေရပါသော တိုက်၏အနေအထားကို အခွင့်ကောင်းယူ၍ စာချ တာဝန်မရှိ ဒကာ, ဒကာမဆက်ဆံရေးကိစ္စ၊ ဆွမ်း,ကွမ်း မျှတ,ဖူလုံရေးကိစ္စမျှ တာဝန်ယူရသော ဆရာတော် ဦးယောသိတကား တိုက်အား ဦးစီးလွှမ်းမိုးထား သည်ကို မကြည်ဖြူနိုင်။ ဦးစီးထိုက်သူသည် ၄င်းသာ

မဟာဇမ္ဗူပါလ



ဖြစ်ရမည်ဟု မာန်ထား၏။ ထိုမာနဖြင့်ပင် စာစစ်ကိစ္စ ပါဠိတက္ကသိုလ် ဗဟိုကိစ္စတို့ဖြင့် ရန်ကုန်ဝယ် ရောက်ရှိနေသော ဆရာတော် ဦးကုဏ္ဍလ ထံသို့-

ဤစိန်မမဒ္ဒ ဦးယောသိတ ရှိနေလျှင် မနေလို၊ တိုက်မှ ယခုနှစ်ထွက်မည်ဟူ၍ စာဖြင့်အကြောင်းကြား အရေးဆိုသည်ဆို၏။ ထိုတွင်

တိုက်၌ ၄င်းမရှိသော် ပါဠိတက္ကသိုလ် ဆိုင်းဘုတ် ပြုတ်ရမည့် အခြေသို့ဆိုက် အကြပ်ရိုက်သွားသော် ဆရာတော်ဦးကုဏ္ဍလ(နာယက-တိုက်ပိုင်) ဆရာတော်သည် ဆုံးချင်းဆုံး ဥစ္စာတာဝန်ခံလက်ရုံးသာ ဆုံးစေ၊ ပညာလက်ရုံး မဆုံးရှုံးစေရဟူသော ဆုံးဖြတ်ဉာဏ်ဖြင့် ထိုရန်ကုန်မျက်ကွယ်မှနေ၍ပင် ဦးယောသိတအား တိုက်မှနှင်စာ ပေးချေတော့သည် ဆို၏။

ထိုစာအရ ဆရာတော်ဦးယောသိတကား တိုက်မှ ထွက်ခွာသွားရရှာပြီ။ (နောင်သော် စိန်ထက်သာသောအရာကို ရည်ညွှန်းကာ ပတ္တမြားကျောင်းဟူ၍ တစ်စင်ထောင်၏။)ငါတို့ဝါဆိုရန် ရောက်လာသောကာလ၌ ဦးယောသိတကား စိန်မမဒ္ဒ မရှိတော့ပြီ။ ထိုဆွမ်းစားကျောင်းတိုက်၏ အထက်ထပ်၌ ဦးသုမနက ရောက်ရှိ နေရာယူထားနေချေပြီ။

သို့ဖြင့် ဝါဆိုကြရချေတော့၏။ ဝါဆိုပြီးသည်နှင့် သက်ဆိုင်ရာဘာသာရပ်များ စတင်ပို့ချလေရာ အထက်ယမိုက်-ပဋ္ဌာန်းတို့ကား ဆရာတော်ဦးကုဏ္ဍလ ကိုင်ချေပြီ။

ဆရာတော်ကား ဝေဋုဝန်ကျောက်ပန်းတောင်းတို့၌ ငါတို့စာနာခဲ့ရသော စာချနည်းမျိုးနှင့် လုံးဝကွဲလွဲ၏။ ထိုကျောင်းများ၌ ဦးစွာ ငါတို့က အရကောက် ကိုပြန်ဆိုရ၏။ ထိုအရကောက်၌ ပါသောအတိုင်း အဓိပ္ပါယ်လျှောက်၍ ပို့ချပေး၏။ ငါတို့ဉာဏ်နားတိမ်၍ မစွဲခဲ့။

တစ်ဖန် ဆရာတို့ကား စာပေပို့ချရာ-ကုလားထိုင်(ပလ္လင်)ပေါ်က ခန့်ညားစွာထိုင်ကာ ပို့ချလေ့ရှိပြီး တပည့်များက မျက်စိမှတ်နာခံကြရ၏။ မီးများ လုံးဝမထွန်းရချေ။ စိန်မမဒ္ဒကား ထိုသို့ မဟုတ်၊ လျှပ်စစ်မီးရောင် ထိန်ထိန်ညီးလှသော ဆရာတော်သီတင်းသုံးရာသိမ်တိုက်ပေါ်ဝယ်၊ ဆရာတော်ကား ကြမ်းပြင်အိပ်ရာပေါ်ဝယ် ပက်လက် ၊ ရင်းနှီးရဲတင်းသောငါတို့အဝင်အပါ(၄)ပါးကား ၄င်းအားဝတ်ဖြည့်လျက်က ဦးစွာ အရကောက် ပြန်ဆို ပြကြရ၏။

ယင်းနောက် သဂြိုဟ်မည်သည့်အပိုင်း မည်သည့်ပါဠိ ရွတ်ပြစမ်း ခိုင်း၏။ ငါတို့က ရွတ်ဖတ်ပြ-အနက်ပါ ဆိုပြရ၏။

ထိုပါဠိ၊ ထိုအနက်တို့အတိုင်း အရကောက်ကို ဆစ်ပိုင်းရှင်းလင်းပြချေရာ ဘုံ-ပုဂ္ဂိုလ်-စိတ်တို့ဖြင့် မည်သည့်စိတ်ဖြစ်ပေါ်နေသော၊ မည်သို့သောပုဂ္ဂိုလ်မျိုးများဖြစ်လျှင် မည်သည့်ဘုံသို့ သွားရ ၊ လားရမည်ကို ပြဆိုသော ယမိုက်သဘာဝကား ပေါ်လောကြီး ပေါ်စေတော့၏။ စိတ်၌ချက်ချင်းလင်း၏။ခက်သောယမိုက်မှ လွယ်သောယမိုက်အဖြစ်သို့ တစ်မုဟုတ်ချင်း ကူးပြောင်းစေတော့၏။

ယခင်က ယမိုက်ဟူသည် ရမှ မိုက်ရဲသောကျမ်း ဆိုရိုးပြု၏။

ယခုသော်ကား မရသော်လည်း မိုက်ရဲတတ်လာစေခဲ့ပြီ။

ငါတို့၏ ထူပိန်းလှသော လူပြိန်းအဖို့ကား ထိုသင်သည် အသည်း၌စွဲနစ်စေခဲ့ပြီး အရကောက်၌ စိတ်ရကိုဆိုမိသည်နှင့် မည်သည့်ပုဂ္ဂိုလ်စားမည်သည့်ဘုံသို့လားရမည်ကို အတပ်သိတတ်လာပြီး မည်သည့်ဝိဘင်းထုတ်ရမည်ကို ဝန်မလေးတော့ပြီ။ ပဋ္ဌာန်းကျမ်းကား သဒ္ဒပစ္စည်း အကြောင်းခံအလိုက်စက်လှည့်ကာ မူလီသွတ်ခြင်း၊ အာရုံ, အာရုံခံစပ်ဟပ်ခြင်း စသည်များသာ ဖြစ်ကြလေသဖြင့် ယမိုက်လောက် မခဲခက်လှ ထင်မိ၏။

ထိုသို့ ဆရာနှင့်တပည့်တို့ အဘိဓမ္မာ ညဝါကြော မျောနေကြတုန်း ဖြုန်းဆို အရေးအခင်း

မဟာဓမ္မပါလ



တစ်ခုက ပေါ်လာတော့၏။ ဆရာတော်ဦးသူရိယ သည် စာချပါဝါတွင်မက တိုက်အာဏာကိုပါ ရလာ သောကာလတွင် တိုက်စည်းကမ်း၊ တိုက်မိန့်များ ထုတ်ပြန်တော့၏။

- စာသင်သားတိုင်း မိမိကျက်စာများ ပြန်ဆို၍ ပြကြရမည်။
- ဆရာ့ထံ ခွင့်မပန်ဘဲ မည်သည့်အရပ်ဒေသ သို့မျှ သွားခွင့်မပြု။

ဤသို့သောစည်းကမ်းများ ရုတ်တရက် ထုတ်ပြန်လိုက်ရာ အစက ဆရာတော်ဦးကုဏ္ဍလ ထားရှိသောအရာများနှင့် ပြောင်းပြန်ဖြစ်သွားချေ တော့၏။ ရုတ်ရုတ်သဲသဲဖြစ်သွားကြ၏။

ယခင်ဆရာတော်၏ မိမိစေတနာ၊ မိမိ ကိုယ်ကျင့် သိက္ခာများဖြင့် သိတတ်စွာနေကြ, သင်ယူ ကြ ဆိုတုန်းကလည်း ရသူကားရ၍ မရသူသာ မရ ဖြစ်ခဲ့၏။ အောင်သူကား အောင်မြဲဖြစ်ရ၍ ကျသူ သည်သာ ကျမြဲဖြစ်ခဲ့၏။ ရသူကားမရ, အောင်သူ ကျ မဖြစ်ခဲ့ချေ။ သို့ပါလျက်

ဤသို့စည်းကမ်း ရုတ်တရက် တင်းကြပ် လိုက်သောအခါ စာသင်တိုက်ခို၍ စာမကျက်လို သော ကျောင်းအိုကျောင်းဆွေးကြီးတို့ မခံရပ်နိုင် ကြပြီ။ သည်အထဲ ဦးသူရိယထံ အမြဲဝင်ထွက် နေကြလေသော စာချတန်းမှ ဦးဝဏ္ဏိတ၊ ဦးပရမတို့ နှစ်ပါးကား " ဒါ- ဒို့ဆွဲပေးတဲ့စည်းကမ်း၊ သည် စည်းကမ်းက ဒို့ကိုမခိုက် အောက်တန်းသားတို့သာ ခိုက်၏" ဟူ၍ ကြွားလုံးထုတ် ကြွေးကြော်ကြလေရာ အစကတည်းက မာနခံ ဇ, ရှိသော ငါတို့ကား ဆတ်ဆတ်ခါလာ ခဲ့ချေပြီ။

တစ်တိုက်လုံး စာသင်သားများကလည်း သပိတ်မှောက်ထွက်မည်ဟု နှိုးလည်း နှိုးဆော်ကြ၏။ တာလည်းစူကြချေ၏။ စာပြန်သောအခါ အရွဲ့ တိုက်ကြစတမ်းဟုလည်း ကတိထားကြ၏။

သို့နှင့် ငါတို့ကား တားမရလောက်အောင် ထန်လာခဲ့ပြီး စာပြန်ရက် ဥပုသ်နေ့ သတ်မှတ်သော ကာလ တစ်ဝါတွင်းစာ၏ ကျက်စာ-အလက်ာ- ဆန်း-အဘိဓာန်ကို စာတစ်မျက်နှာမျှပင် မပြည့် သော ပြန်ဆိုခြင်းဖြင့် စတင်တိုက်ခိုက်တော့၏။ အတိုက်ခံရရှာသူကား ဦးသုမနတည်း။

ဦးသုမနကား မောင်းမဲခြင်းမပြုရှာလေ။ နောက်ဥပုသ်နေ့ တော်သလင်းလကွယ်အရောက် တွင်ကား တစ်ဖန် ဆရာတော်ဦးသူရိယက ဘုရား ဝတ်တက်အပြီး ထပ်ဆင့်ကာ ရာဇသံပေးပြန်၏။ ဤတိုက်၌ ဆွမ်းဆန်ထဲ ကြွက်ချေးရောမခံနိုင်။ ရောခဲ့သော် ထိုကြွက်ချေးများကို သန့်စင် ပ,ထုတ် မည်ဟူ၏။

သည်တွင် ငါတို့ကား ကျောင်းသစ်ဖွေရှာ တော့၏။ ငါတို့နှင့်တွဲဖက် ဦးစန္ဒိမာ(ဖျာပုံပြည်သဒ် ကျောင်းထွက် ယခုကျိုက်ထိုမှပြောင်းရွှေ့လာသူ) နှင့် သီတင်းကျွတ်ထွက်ရန် ပြင်ဆင်ကြ၏။ သီတင်း ကျွတ်လပြည့်ကျော် (၁)ရက်နေ့တွင်ပင် ထွက်ခဲ့ကြ ချေတော့၏။

မထွက်မီ ဦးသူရိယအား ထွက်ခွင့်ပေးရန် ပန်ကြား၏။ မရလေ။ မည်သို့မျှ လျှောက်၍မရ။

"ဥေ ယျ-မင်းလည်းကဗျာသမား၊ငါလည်း ကဗျာသမားပဲ မင်းစကားတတ်သလောက် ငါလည်း တတ်သည်။ ရှေ့ဆက်လျှောက်မနေနှင့်တော့" ဆို၏။

ငါတို့ကား မလျှော့တော့။

"တပည့်တော်က သည်တိုက်အတွက် ဆန် မဟုတ် ကြွက်ချေးပါဘုရား၊ ထိုကြွက်ချေး ကျောင်း ထဲထားလည်း မစားကောင်းပါဘုရား"

ထိုသို့လျှောက်ထားသောအခါ ဆရာတော် ဦးသူရိယမျက်နှာ မဲသွား၏။

"ကဲ- သည်လောက် တားတာတောင် မင်း ထွက်ချင်-ငါရှိသမျှ သည်တိုက် မလာနှင့်တော့"

"မှန်ပါ့-ဝမ်းမြောက်လှပါဘုရား"

မဟာဝမ္မပါလ



ဤသို့ဖြင့် မာနအလျင် နှင်သောအတိုင်း ငါတို့ကား သုခကာရီခေါ် မွန်ကျောင်းတစ်ကျောင်းသို့ ပြောင်းခဲ့ချေတော့၏။ စိန်မမသို့လည်း မရောက်တော့။ ထိုမွန်ကျောင်း၌လည်း တစ်လလောက်သာခံနိုင်၏။ ထန်လျက်ခံထားသော မာန်ကြောင့် ဝတ်ကြီးကျောင်းခေါ် ဘီလူးမကျောင်းသို့ တစ်ဆင့် ပြောင်းကြရ၏။

ထိုသုခကာရီကျောင်း၏အခမ်းနေ ဦးဝရဉာဏသည် ညညများ၌ ငါတို့နှစ်ပါးနေရာသိမ်တိုက်သို့ တိတ်တဆိတ်ခြောင်းမြောင်း ကြည့်ရှုတတ်ချေ၏။ ငါတို့အား မသင်္ကာစိတ်ထားရှိ၏။ ဘာလုပ်နေကြလေသနည်း။ ဘယ်လိုနေကြလေသနည်း။ စနည်းနာ သဘောဖြစ်၏။

စင်စစ် တစာစာမြည်ဟီးနေသော အသံထွက်နှုန်းဖြင့် စာပြန်စာကျက် ရက်ဆက်နေသောငါတို့ကို မျက်စိဖြင့် ခြောင်းမြောင်းကြည့်စရာမလို ထင်၏။ ထိုကျောင်း၌ ငါတို့နှစ်ပါးကား ကျောင်းသားလေးများဖြင့် နံနက်(အရုဏ်)၌ ဆွမ်းခံထွက်ပေးကျွေးခဲ့ရသေး၏။ ဒါတောင်၊ ထိုဒါတောင်ဆိုသော မာနကား ဇ, ပြချေပြီ။ ထန်စိတ်ကား မာန်ဖိတ်ရာပါချေပြီ။

ဝတ်ကြီးကျောင်းသို့ရောက်သော် ကျောင်းပိုင်ဦးနန္ဒိမာ(ငါတို့ ရွှေဘိုဝေဠုဝန်ဆရာတော်ကြီးဦးစန္ဒိမာ၏ဇာတိ ဝါးရုံကုန်းရွာဖွားလည်းဖြစ်၊ ဝေဠုဝန်ထွက်လည်းဖြစ်သူ နောင်သော် တစ်ပါးတည်းသော ထိုကျောင်းကို စာသင်တိုက်ကြီး တစ်တိုက်ကလာရောက်အနိုင်ကျင့်ခံရရှာသဖြင့် လက်လွှတ်ခဲ့ရ၏)နှင့်အတူ သွားရောက်နေကြရ၏။ ထိုသို့ နေခွင့်ရအဆက်အသွယ်မှာ ဝေဠုဝန်၏သူငယ်ချင်းဖြစ်သူကိုရင်ညို(ဦးနန္ဒမာနှင့်တစ်ရွာထည်းဖွား)၏ ကျေးဇူးကြောင့်ဖြစ်၏။ ကိုရင်ညိုကား ထိုစဉ်က ဝေဠုဝန်မှစင်ထွက်လာကာ မော်လမြိုင် ကင်ပွန်းချုံကျောင်းဝယ် နေဆဲကာလတည်း။

ထိုဝတ်ကြီးကျောင်း၌ ပျော်ပိုက်၏။ စာဝါများ အကျက်မပျက်။ တစ်နှစ်ထဲဖြင့် အကြီးတန်းအောင်မြင်ရမည်ဟူသော မာန်ကလည်း ကြီးမားလာ၏။ နေ့ည စာအံ,စာကြည့်မပျက်။ ထိုစဉ်က ရေနံဆီတစ်ပုလင်း (၁၀)ပြားတိတိသာ ဝယ်ဈေးရှိ၏။ လေသာမှန်အိမ်ခေါ် အသေးစားပြောင်းရှည်တစ်ခုက အပြား (၅၀)ပေးရ၏။ သို့ဖြင့် ည(၈)နာရီမှ(၁၀)နာရီအထိစာကြည့်၊ နံက်အိပ်ရာထ (၄)နာရီမှ(၅)နာရီအထိ စာကြည့်၊ ပြီးမှ အရုဏ်ဆွမ်းအတွက် စီစဉ်၏။ ကျန်အချိန်များကား စာအံ, စာကျက်, စာပြန်များဖြင့် ငါတို့နှစ်ပါးတည်းဖြင့်ပင် တစ်ရပ် ကွက်လုံး ဆူညံစေတော့၏။

ထိုအတောအတွင်း မော်လမြိုင်၏ဝိနယာ-ဓိက စာပြန်စာဖြေပွဲ အောင်မြင်၏။ သုသမာစာရ စာမေးပွဲကား အပြန်၌ အထောက်, အမ လွတ်အောင်မြင်၏။ ရေးဖြေ၌ကား ငါတို့၌ကြီးမားသောဝက်ခြံကြီးများက မျက်နှာ၊ မေးတစ်ခုလုံး ထွက်လာသဖြင့် ဆွမ်းစားမရ။ ဆရာဝန် ဆေးထိုး၊ ဆေးကုဖြင့်ဖြေဆိုရသဖြင့် မအောင်မြင်ခဲ့။ ဝက်ခြံမှာ ထိုဝိနယာဓိက စာအောင်ဆုပေးပွဲဝယ် အုန်းရည်စိမ်းများ ဆက်ကပ်သဖြင့် အဝအပြဲ သောက်သုံးမိရာမှကန်ထုတ်ခံရခြင်းတည်း။

အစိုးရစာမေးပွဲကြီး ကျင်းပပြီ။ ငါတို့ကား သွေးအားနည်းဖျား-ဖျားနာနေချေပြီ။ သို့ကြောင့် ဝင်ရောက်၍ပင် မဖြေနိုင်ခဲ့ပြီ။ ဖျားပြီးသော် မျက်စိများကြည့်မရလောက်အောင် အားနည်းသွားခဲ့ပြီ။ ရေနံဆီမီးခွက်နှင့် ကျောက်ရောဂါဟောင်း၏ အပူပြန်မှုနှစ်ခု ဆုံ၍ အတိုက်ခိုက်ခံခဲ့ရပြီ။ ဆရာဝန်သွားပြ၏။ ဦးဏှောက်အားနည်း ရောဂါဆို၏။ သို့နှင့် ရန်ကုန်သို့ ထွက်ခဲ့ရချေတော့၏။

ရန်ကုန်ရောက်၍မျက်စိဆရာဝန် ဒေါက်တာဒွေးသို့ သွားရောက်ပြသကြည့်မိရာ မျက်မှန်တပ်ရသည်အထိရောက်ခဲ့ရ၏။ ရန်ကုန်သို့ ရွှေ့ပြောင်းလာစဉ်၌ပင် ရွာသို့ပြန်လည်ရောက်ခဲ့ရချေသည်။

မဟာဓမ္မပါလ



## ဝေဘူ အားကျ ဝေဘူနှင့် ပက်ပင်းတွေ့ တွေ့ရလေသောအခါ

ရွာသို့ ငါတို့ရောက်သောအချိန်သည် ဝေဘူဆရာတော်ဘုရားကြီး၏ ဇာတိမြေ အကြင်းပင်ပြောင်းရွှေ့စံသည့် နွေကာလဖြစ်ချေရာ ထိုအကြင်းပင်နှင့် သုံးမိုင်မျှသာ ဝေးသောရွာရှိ ငါတို့ကား အကြင်းပင်၌သာ သွားရောက် နွေခို၏။ ငါတို့နည်းတူ ၄င်း၏တူများ၊ တပည့်များဖြစ်ကြသော ဦးသုမနညီနောင်သုံးပါးတို့သည်လည်းကောင်း၊ ဦးမာဃိန္ဒ (စောကြီးသူကြီး ဦးထွန်းလေး၏သား နောင်-လူ ထွက်သွားသောအခါ လူအမည်ထွန်းမင်း) ဦးပညာဝံသ (အကြင်းပင်)၊ ဦးအာစရ(စောကြီး)၊ ဦးကောသလ္လ (သနပ်စိန်)စသည်များလည်း စုံညီရောက်နေချိန်ပင်ဖြစ်၏။

နောင်တော်ဦးရေဝတကား နိုင်ငံရေးသမားဖားဖားကြီးဖြစ်နေချေရကား ထိုနှစ်က ဆရာတော်ဘုရားကြီး၏အရိပ် ဝင်ရောက်မခိုနိုင်ခဲ့ပြီ။

နိုင်ငံရေးကား ထိုခေတ်သည် ပါလီမန်နိုင်ငံရေးခေါ် မဲစု ပုဂ္ဂိုလ်ရေး၌သာ တည်ရှိ၏။ ပုဂ္ဂိုလ်ရေး ကြည်ညိုမှုရရန်နှင့် မဲများရန်တို့သည် ပါလီမန်နိုင်ငံရေးတို့၏ ထုံးစံတစ်ခုတည်း။

ဦးနုအာဏာမဲ့စဉ်က ၄င်းသာအာဏာရသော် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ကြေညာပေးမည် ကတိဖြင့်ဆွယ်၏။

သို့နှင့် သန့်ရှင်းအဖွဲ့မှ အပြတ်အသတ်အနိုင်ရရှိသွား လေသောအခါ ကတိအတိုင်း 'ဗုဒ္ဓဘာသာသည် နိုင်ငံတော်၏ ဘာသာဖြစ်သည်' ထိုသို့ ကြေညာနိုင်ရန် ဦးစွာ နိုင်ငံတော် စုံစမ်းရေးကော်မရှင်ဖြင့် တစ်ပြည်လုံး ဆန္ဒခံယူ၏။ ထိုကော်မရှင် ရောက်ရာတိုင်းတို့၌ ဒကာ, ဒကာမအားလုံးတို့က တလိုက်တလှဲ ကြိုကြ၏။ ဝမ်းပမ်းတသာ သာခုခေါ်၍ ကောင်းချီးပေးကြ၏။ စုံစမ်းပြီးစီးလေသောအခါ အထက်ပါအတိုင်း ကြေညာ၏။

ကြေညာပြီးသည်နောက် ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာ ဖြစ်သည်အားလျော်စွာ ဗုဒ္ဓဘာသာဝင်လူတစ်ဦး၌ မရှိမဖြစ်သော ကိုယ်ကျင့်သိက္ခာခေါ် ငါးပါးသီလကို အတန်းကျောင်းတိုင်း၌ ကျောင်းသား-ကျောင်းသူတိုင်း ခံယူကြရချေတော့၏။

စင်စစ် ထိုကိုယ်ကျင့်သိက္ခာ ငါးမျိုးတို့သည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်မှမဟုတ်ချေ။ လူတိုင်းအတွက် လူကျင့်တစ်ခုမျှသာ ဖြစ်ချေသဖြင့် လူတိုင်းနှင့်သက်ဆိုင်အကျုံးဝင်သော ကျင့်ဝတ်ပင် ဖြစ်ချေ၏။

၁။ လူဆိုလျှင် ကိုယ်ချင်းစာ ရှိရသည်။

ထိုကိုယ်ချင်းစာစိတ်ကို ဤကျင့်ဝတ်ငါးမျိုးကတာဝန်ယူသည်

၂။ လူဆိုလျှင် တန်းတူရည်တူစိတ်ရှိရသည်။

ထို တန်းတူရည်တူ (မေတ္တာ) စိတ်ထားမျိုးကိုလည်း ဤငါးမျိုးကတာဝန်ယူသည်။

၃။ လူဆိုလျှင် အတုံ့အလှည့် ဖြစ်စေတတ်သည့် မကောင်းကျင့်မျိုးကို ရှောင်ရသည်။

ထို နောင်တစ်ဖန် မိမိက တစ်လှည့်ပြန်လည်ခံရမည့် အဖြစ်ဆိုးများကိုလည်း ဤငါးမျိုးကတာဝန်ယူသည်။

ထိုပြင်ဆင်ချက်ကား စတုတ္ထပြင်ဆင်ချက်ခေါ်သတတ်။

ထိုပြင်ဆင်ချက်ကား မကျင့်လို- သင့်သလိုသာ နေနိုင်သည်ဟူ၏။

ပ. ထ. စအစိုးရခေတ်၌ ပြည်ထဲရေးတာဝန်ယူသော ထိုဦးအေးမောင်သည် ဒေါက်တိုင်ဖြစ်၍လာ၏။ အစိုးရ၏ နိုင်ငံရေး အကြပ်အတည်းပေါ်လာသော်လည်းကောင်း၊ အရေးအခင်းပေါ်လာသော်လည်းကောင်း-

မဟာဝမ္မပါလ



"ဆရာကြီးပဲ ကြည့်လုပ်လိုက်" ဟူ၍ ဦးအေးမောင်ကို လွှဲခဲ့ပြီး ဦးနုကား ပုပ္ပါးတောင် ပြေးတဲ့ကာ ဥပုသ်ဆောင် တိမ်းရှောင် ဝင်နေတတ် ချေ၏။ ၎င်းဦးအေးမောင်သည်သာ ဖြေရှင်းရိုး ထုံးစံ ဖြစ်လာခဲ့၏။ ဥပဒေသည် ပြည်သူတို့၏ ဆန္ဒမဲကို မဖြူစေနိုင်။

ထို စတုတ္ထပြင်ဆင်ချက် သို့မဟုတ် ချွင်းချက် အတည်ပြုရန် လွှတ်တော်စည်းဝေးမည် အပြုတွင် အတွင်းဝန်ရုံးကြီးကို နေ့ရောညပါ ဝိုင်းဝန်းပိတ်ဆို့ ထားကြ၏။ စည်းဝေးပွဲ တက်ရောက်ရန် လာသူ ပါလီမန် အမတ်အားလုံးတို့ကို စည်းဝေးပွဲ၌ မဲအရေအတွက်မရ အထမမြောက်ရန် မေတ္တာရပ်ခံ တားမြစ်ကြ၏။ ထိုရုတ်ရုတ်သဲသဲ ကြားမှပင် ဦးနု ကိုယ်တိုင်လျှင် အတွင်းဝန်ရုံးကြီး၏ ကာရံထားသော သံတိုင်တို့အကြားမှဝင်ကာ စည်းဝေးခဲ့သဖြင့် အတည်ဖြစ်သွားချေတော့၏။ တစ်ခြမ်းပဲ့တို့ အပုံ ဆားထိသဖြင့် ဆတ်ဆတ်ခါ နာသွားကြကုန်၏။

အောင်ပွဲရသွားချိန်တွင် ပ. ထ. စ ပါတီတွင်း၌ကား အကွဲကား ပြရုံမျှမက နံစော်၍ပင် လာခဲ့ချေပြီ။ ဦး-ဗိုလ်-သခင် အကွဲအပြဲ အနံ့-အသက်များ ထွက်လာခြင်းတည်း။

ရွေးကောက်ပွဲ မကျင်းပမီ သက်တမ်းတစ် လျှောက်ဝယ် ပါတီအတွင်းရေးမှူးများ တာဝန်ကို ဗိုလ်မှူးမြင့်ဆွေ၊ ဗိုလ်တင်မောင်ကြီးတို့က တာဝန် ယူကာ ကြိုးကိုင်စည်းရုံးခဲ့ရ၏။ သခင်ကျော်ဒွန်း ကား မအူပင်ထောင်တွင်း၌ ထောင်နန်းစံလျက်။

တကယ်ရွေးကောက်ပွဲကြီး အနိုင်ရလာ၍ အစိုးရ အာဏာရလာသောအခါ ထောင်မှ (ထိုစဉ် က ကျောက်ဆင်းတုပွဲ့ပိုက်လျက်က ထွက်လာ၏) ထွက်လာသူ သခင်ကျော်ဒွန်းကို နေမြဲအတိုင်း ပါတီ အတွင်းရေးမှူး အရာထား၏။ လက်ရှိ ဗိုလ်အုပ်စု ကား မကျေနပ်။

ထိုအတွင်းရေးမှူးကိစ္စ အကြောင်းပြုလျက်က သခင်အုပ်စု၊ ဗိုလ်အုပ်စု ကွဲပြလာ၏။ ထိုမှ အလွတ် ဦးအုပ်စုကလည်း အလိုလိုပင် တစ်အုပ်စု ဖြစ်သွား ချေတော့၏။ ငါတို့နေရာ မော်လမြိုင်မှာပင် ပ. ထ. စ ချင်း၊ ဒေါ်နှင်းလှနှင့် ဗိုလ်ကျောင်ဒင်တို့ ဒေါ်အုပ်စု၊ ဗိုလ်အုပ်စု ကွဲပြကြချေသေး၏။ တစ်ပြည် လုံးအနှံ့လည်း အကွဲမှအပြဲ၊ အပြဲကြားမှအနံ့ ထွက် လာကြကုန်၏။

- နွားကွဲလျှင် ကျားဆွဲခံရတတ်သည် ဆိုသော စကား။

- နွားမရဲ ကျားရဲပေါ်တတ်သည် ဆိုသော စကား။

ပါတီနိုင်ငံရေး-ပါလီမန်နိုင်ငံရေး ကစား ကွက်များကို ရည်ညွှန်းလေသလားမသိ။

ထို ပါတီဝင်အချင်းချင်း မသင့်မြတ်ကြချိန် ရှမ်းမှာ-သခင်သာခင်၊ ကယားမှ-စပ်ဝဏ္ဏတို့နှင့် ချင်း ခေါင်းဆောင်တို့ ခေါင်းထောင်ထလာကြကာ ဖက်ဒ ရယ်မူကိစ္စ အရေးဆိုကြ၏။ တစ်ဖန် စစ်ဘက်မှ အရာရှိကြီးများလည်း ခေါင်းထောင်ကြည့်လာချေ တော့၏။

ဖက်ဒရယ်မူ ကိစ္စ၌ တစ်ဖက်ကတင်းမာ သောစကား သုံးလာကြ၏။ ရလျှင်ရ- မရလျှင်ချ ဟူသော အဓိပ္ပါယ်ကို ပေါ်လွင်အောင် ဖော်ဆောင် ကာ အပြင်းထန်ဆုံးအထိ ဖြစ်လာခဲ့၏။ ဖက်ဒရယ် ကိစ္စကား အမေရိကန် စစ်သင်္ဘော ကြီးသည်ပင် မြန်မာ့ပင်လယ်ဝ၌ ရောက်နေသည်ဟူသော သတင်းသည်ပင် ထွက်ပြူလာချေတော့၏။

ဦးနုကား- ရွှေမင်းသားရုပ်ကလေးကို အားလုံးတို့က ထုလုပ်သူကထုလုပ်၊ လက်,ခြေ ဖော်သူကဖော်၊ အလှပြင်သူကပြင်ဆင် ပြီးကာမှ အချင်းချင်းမညီ ညွတ်ကြသဖြင့် ကိုယ်ထုရာကိုယ်ယူ၊ ကိုယ်ဖော်သောခြေလက် ကိုယ်ဖြုတ်၍၊ ကိုယ် အလှပြင်ပြီးကို ကိုယ်ဖျက်ကြသဖြင့် ရုပ်ပျက်, ဆင်းပျက် ဖြစ်ရပုံဖြင့် မိန့်ခွန်းဟောပြောကာ ရုပ်တန့်ထားချေ ခဲ့၏။ ပြတ်သားသောစကား၊ ချေမှုန်းသောထိုးနှက်မှု၊ လွှမ်းမိုးသောအာဏာစက် တစ်စက်ကမ မပြနိုင်ပြီ။

မဟာဓမ္မပါလ



ထိုစဉ်က မန်းဝင်းမောင်သမ္မတမှ ဒူးဝါး-ဆင်ဝါး နောင်သမ္မတဖြစ်ရန် တာစူချိန်ဖြစ်၏။ ၎င်းသမ္မတအပြောင်းအလဲ အကြောင်းပြုကာ ပြည်သူတို့အကြားဝယ် သမ္မတတစ်ဦးနှင့်တစ်ဦး အကူးအခပ်လစ်လပ်နေဆဲအကြား ဗိုလ်ချုပ်ကြီးနေဝင်းက ခေတ္တတာဝန်ယူရမတဲ့ ကောလဟာလများ ထွက်ပြူလာ၏။ မကြာပါချေ။

'တိုင်းပြည်ကို ဗိုလ်ချုပ်ကြီးနေဝင်းက ထိန်းသိမ်းလိုက်သည်'

ပုံ- ဗိုလ်နေဝင်း။

ထိုကြေညာချက်များ ရေဒီယိုမှ ဆက်တိုက်ပေါ်ထွက်လာချေတော့၏။ ငါတို့၏ နောင်တော်သည်လည်းကောင်း ငါတို့နှင့် ရွှေဘိုဝေဠုဝန် အတူနေ ဦးသြဘာသသည်လည်းကောင်း ဆရာကြီးဦးလှသိန်း၏ သာသနာပြုအထဲ ထိုးဝင်သွားကြလေတော့သတည်း။

ဤဖြစ်ရပ်တို့မှာ ငါတို့ဘဝဖြစ်စဉ်များနှင့် မျဉ်းပြိုင်ပြေးလာသော အရာများဖြစ်ကြ၍ မှတ်တမ်းတင်ခဲ့ခြင်းမျှသာဖြစ်၏။

ဤ၌လည်း ငါတို့ တိတိပပ သိသဖြင့် ရေးသော ရေးကွက်များမဟုတ်။ နောင်တော်ထံမှ တစ်ဆင့်ကြားများကိုသာ နှောင်းလူတို့ လေ့လာစိမ့်သောငှာ ထားခဲ့ခြင်းဖြစ်ခဲ့ချေ၏။

မည်သူ သာစေ၊ နာစေ ဆန္ဒကား (ငါတို့နိုင်ငံရေးသမား မဟုတ်ခဲ့သဖြင့်) မပါဝင်ပြီ။

ဤမှတ်တမ်း၏ ရည်ညွှန်းချက်မှာ- ပါတီနှင့် ပုဂ္ဂိုလ်ရေး အလေးပေးသော နိုင်ငံရေးမှန်သမျှ ပြတ်သားမှု လုံးဝမရှိသည်ကို သိစေလို၏။ စုစည်းသိပ်သည်းသောအရေအတွက်ထက် အရည်အချင်းအားပြုသော ပါတီမဟုတ်က နိုင်ငံရေးမုန်တိုင်းကို မခံနိုင်ပုံ မြင်တွေ့စေလို၏။ သင်ခန်းစာအဖြစ် နှောင်းလူတို့ ယူတတ်ရန်ညွှန်းဆို၏။

ထိုနိုင်ငံကိစ္စကြား ဖားဖားကြီးဖြစ်နေရှာသော ထိုနောင်တော် ဦးရေဝတကား ယခုနှစ် ဝေဘူဆရာတော်ဘုရားကြီး၏ ခြေတော်ရိပ်သို့ လာရောက် မခိုလှုံနိုင်ခဲ့ပြီ။ ကျန် တူ, တပည့်များနှင့် ငါတို့သည်သာ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်း၌ ယခုနှစ် ဆုံဆည်းမိကြ၏။

ထိုသို့ဆုံဆည်းမိကြရာ၌ ဝေဘူဆရာတော်ဘုရားကြီးအနားကပ်လျက်က ဝေဘူဆရာတော်ဘုရားကြီးနှင့် ဝေးရာအရပ်မှာသာ ငါတို့တစ်တွေနေကြ၏။ ငယ်သူများပီပီ ပျော်ကြ၏။ အထူးသဖြင့် ဦးမာဃိန္ဒနှင့် နေရသည်မှာ ၎င်း၏အမူအရာ နှုတ်ထွက်စကား များကို ကြည့်ရှုနားထောင်လျက်က ငါတို့ကား တဝါးဝါး တဟားဟားသာ ရှိဘိ၏။

နေ့၌ ကျောင်းဝေယျာဝစ္စ လက်သမား၊ ပန်းရံ၊ ဆေးသုတ် စသည်များကို ဦးငေ၂စရ၊ ကိုထွန်းရင် စသည့် ရဟန်းရှင်လူများနှင့် တွဲဘက်ပြုလုပ်ကာ ဆရာတော်ဘုရားကြီး၏ သာသနာကို ပိသုကာလက်သင်အဖြစ်ဖြင့် ဝိုင်းဝန်းခွင့်ရစေခဲ့၏။

ညနေ(၅)နာရီ ဆေးမှီဝဲချိန်မျိုး၌ ဆရာတော်ဘုရားကြီးထံ မသွားမနေရဖြစ်သဖြင့် အများနှင့် ရောနှောပါသွားတတ်၏။ တွေ့တွေ့ဆိုင်ဆိုင်ကား ငါတို့အား အကောင်းပေးမည်ကို ကြောက်သဖြင့် ရင်မဆိုင်ဝံ့ပြီ။ ထိုစဉ် ဆရာတော်ဘုရားကြီး၏ တူဖြစ်သူ ဦးသုမနက-

"ဥယျလေး ဆရာတော်ဘုရားကြီးဆီလည်း တစ်ခေါက်လောက် သွား ဂါရဝပြုချေဦးကွာ့" ဤသို့မိန့်၏။

"တင်ပါ့" ဖြင့်ပြီး၏၊ မသွားခဲ့။ သွားရမည် ဝန်လေးနေခဲ့၏။

တစ်နေ့- နေ့(၁၂)နာရီခန့်တွင် ၎င်းဦးသုမနကိုယ်တိုင်ပင်လျှင် ငါတို့အား လက်ဆွဲခေါ်ငင်ကာ- "မင်း- သည်ကျောင်းလာနေပြီးကာမှ ဆရာတော်ဘုရားကြီးထံ သွားမှကောင်းမည် လာ-

မဟာဓမ္မပါလ



လာ" ဟူ၍ ဆွဲခေါ်ရာ အလိုက်သင့် ပါသွားချေတော့၏။ ဆရာတော်ဘုရားကြီးစံမြန်းရာ ပိဋကတ်တိုက်တော်ကြီးသို့ ရောက်သောအခါ အပြင်မှခတ်ထားသော သော့ကိုဖွင့်ပေးကာ အတွင်းသွင်းလိုက်၏။

ကိလေသာပူ ကင်းစင်သော အရိယာကြီးများ၏ နေရာတစ်ပိုင်ကား အလွန်အေးမြလှဘိခြင်း။

အတွင်းသို့ဝင်မိသည်နှင့် ရှင်စိတ်မှ တည်စိတ်သို့ ချက်ချင်းပြောင်းလဲသွားခဲ့၏။ တစ်ကိုယ်လုံးသည် အေးမြလျက်သာရှိဘိ၏။ ကြောက်ခြင်း၊ ရွံ့ခြင်း၊ တွန့်ခြင်းကား အလျဉ်းမရှိ။ သည်ကြားထဲ တည်စိတ်ကြားမှ ကစားစိတ် ဝင်လာသေး၏။ 'ဆရာတော်ဘုရားကြီးက ငါ့ကို ဘာများစွန့်တော်မူလေမလဲ' ဟူသော အတွေးကား နှောက်သေး၏။

ထိုစဉ်က မလုံလဲသော စိတ်လုံးတီးဖြင့် သွားခဲ့မိသော ဖြစ်ရပ်ကို ယခုတွေးမိတိုင်းကား ရှက်လာမိ၏။ အရာရာထိုးဖောက်သိနိုင်စွမ်းရှိသော ထိုအရိယာကြီးရှေ့ စိတ်လုံးတီးဖြင့် သွားရောက်ပြသမိခြင်းသည် လူတို့ရှေ့ အဝတ်မပါသော တိရစ္ဆာန်အထီး, အမများ သွားလာပုံမျိုးနှင့် နှိုင်းယှဉ် သဘောပေါက်မိလေသောကြောင့်။

ဆရာတော်ဘုရားကြီးကား သလွန်တော်အောက်ခြေစွန်းပေါ်မှ တရိုတသေထိုင်ကာ ငါတို့အလာကို အဆင်သင့် စောင့်ကြိုတော်မူလျက်သာ ရှိဘိ၏။ ဂါရဝပြုပြီးသည်နှင့်-

"ဘယ်ကလာရတာတုန်းဗျာ့" ဖြင့် နှုတ်ခွန်းတော် ဆက်လိုက်၏။

"မော်လမြိုင်ကပါဘုရား "

"အေး ကောင်းပါ့ဗျာ ကောင်းပါ့။ သာဓု-သာဓု"

"ဦးမော်လမြိုင်ကြီးရဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်စမ်းပါ့ဗျာ့။ ခင်ဗျားတို့စာကျက်ရသလောက် မခက်ပါဘူး မှတ်နေရုံလေးရယ်ဗျာ့"

"မှန်ပါ့ဘုရား တပည့်တော်များ ပရိယတ္တိလိုက်စားဆဲမို့ မအားသေးပါဘုရား"

ငါတို့ကား စမ်းရေကျအလာ လျှာလွှဲပေးလိုက်၏။ မရပါလေ။

"မဟုတ်ဘူးဗျာ့ ခင်ဗျားတို့ ပရိယတ္တိဆောင်ရင်းက သတိလေးပါ ဆောင်ထားလိုက်ရုံပဲ"

"မှန်ပါ့ တစ်ခုထဲနှစ်လုပ် လုပ်နိုင်လောက်အောင် အင်အားမရှိသေးလို့ပါ ဘုရား "

"အင်အားဆိုတာ မွေးယူရတာဗျာ့။ အခုမွေးကြည့် အခုရပါတယ် မွေးကြည့်စမ်းပါ"

ရော်-ခက်ကပြီ။ အခုပင်မွေးရမတဲ့။

ဤသို့ ငါတို့က ဘူးသီးသီး၏။ ဆရာတော်ဘုရားကြီးကလည်း ထိုဘူးသီးများကို ချက်ချင်းပင်တွင်တွင်ဆွတ်ပေးနေ၏။ နာရီဝက်မျှ ကြာသွားထင်၏။ မည်သို့မျှ ဘူးသီးခွင့် မရလေသောအခါ-

"တပည့်တော် တတ်နိုင်သောအခါ ဆရာတော် တိုက်တွန်းသည့်အတိုင်း ကြိုးစားပါ့မည်ဘုရား" ဤသို့ ကတိခံလျှောက်ကြားလေမှ

"အေးဗျာ ကောင်းပါ့-ကောင်းပါ့ ချမ်းသာသလို နေတော့ဗျာ့" ဟူ၍ လွှတ်လိုက်၏။

စင်စစ် ထိုစဉ်ကကတိမှာ ထွက်ပေါက်မရသဖြင့်သာ ခံခဲ့ခြင်းဖြစ်၏။ တကယ် အားထုတ်ချင်စိတ် ပေါ်လာသဖြင့် ဝန်ခံခြင်းကား အလျဉ်းမဟုတ်ခဲ့အဘယ့်ကြောင့်ဆိုသော်-

ပထမကြီးတန်းဟူသော ပရိယတ္တိမာန်ခံနေခြင်းကြောင့် လည်းကောင်း၊ ငါကြီးပြင်းလာလျှင် သ. စ. အ ဖြစ်ရန် အားခဲထားသောကြောင့် လည်းကောင်းပင်။

သ. စ. အ ဟူသည် သ-ကား သကျသီဟဓမ္မာစရိယ၊ စ-ကား စေတီယင်္ဂဏဓမ္မာစရိယ၊ အ-ကား အစိုးရဓမ္မာစရိယ၊ သုံးထပ်ကွမ်းကိုဆို၏။

မဟာဗမ္မာပါဠ



ထိုစဉ်က တိပိဋကဓရကား ဆရာတော် ဦးဝိစိတ္တ တစ်ပါးမျှသာ ရှိလေသေးသဖြင့် ခေတ်မစားသေး။ သ. စ. အ တို့ကသာ အရာရာတွင်ကျယ်နေချိန်ဖြစ်သဖြင့် ၎င်းကို သွားရည်ယိုအားကျစိတ် တဏှာမာနတို့က ငါ့အား ကြိုးကိုင်ထားဆဲသာ ရှိနေ၏။ ဝိပဿနာ-ကမ္မဋ္ဌာန်းကား ငါ၏စာတ်စာ မဟုတ်သလောက် စိမ်းသွားနေချိန်ဖြစ်၏။ ငယ်သွေးငယ်မူတို့လည်း ခေါင်းမပြုရဲသောအချိန် ဖြစ်နေ၏။ သို့ကြောင့် ပေဘူကိုအားကျခဲ့သော ငါတို့ကား ဝေဘူနှင့်ပက်ပင်းတွေ့-တွေ့ရာ၌ တွေ့ရကျိုး နပ်သင့်သလောက် မနပ်ခဲ့ပြီတကား။

ထိုနှစ် ၁၃၂၄-ခုနှစ်၊ ဝါမဆိုမီ (ကျောက်ဆည်မှလာရောက်မပင့်မီ) ထိုအင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်း၊ ဝေဘူဆရာတော်ဘုရားကြီး၏အရိပ်အောက်မှာသာ အချိန်ကုန်ခဲ့၏။ ဝါဆိုခါနီး ကျောက်ဆည်မှ လာရောက်ပင့်ဆောင်၍ သွားကြပြီး နောက်တစ်ရက်မှာမှ ငါတို့လည်း ရွာကျောင်းသို့ ပြန်လည်ရောက်ရချေတော့၏။ ဦးအာစရလည်း စေကြီးကျောင်း၌ပင် ကျောင်းထိုင်လျက်ရှိ၏။ ကျန်သံဃာများကား မိမိတို့စာပေမွေ့ရာ ဌာနကိုယ်စီသို့ ပြန်ကြွသွားကြလေပြီတည်း။

## နှစ်ရွာ တစ်ကျောင်း မထိုင်ကောင်း

ရှေးက တစ်ရွာနှစ်ကျောင်း မထိုင်ကောင်းဆိုရိုးရှိ၏။ အဘယ်ကြောင့်ဆိုသော် ကျောင်းခွဲများသော် ကျောင်းသားချင်း မသင့်မြတ်ကြရာမှ အမှိုက်ကစ ပြဿနာမီးလောင်ပမာ ဘုန်းကြီးများပါ စိတ်ဝမ်းကွဲကြရချေ၏။

တဖန် ပြဿနာအမြင့်ဆီမှ မီးပွားများ အနိမ့်ရှိ အိမ်ခေါင်မိုးပေါ်သို့ ကျရောက်သွားချေသောအခါ အိမ်နေ ဒကာ- ဒကာမများလည်း ဘုန်းကြီးချင်းပြိုင်လျက်က ရန်ဘက်ဖြစ်သွားကြရသဖြင့် ရွာကိစ္စ ဘာလုပ်လုပ် ညီညွတ်မှုမရှိတော့ပြီ။

သို့ကြောင့် တစ်ရွာနှစ်ကျောင်း မထိုင်ကောင်းဟူ၍ နှစ်ကျောင်းပြိုင် တစ်ရွာထိုင်သံဃာတော်များက နောင်တော်သံဃာများ သတိထားမိစေရန် ဆောင်ပုဒ်ဖြင့် အညွှန်းထားရှိခဲ့ချေ၏။

သည့်အတူ နှစ်ရွာတစ်ကျောင်း မထိုင်ကောင်း ဆိုသည်ကိုလည်း ငါတို့ကိုယ်တွေ့ဖြင့် သတိပေးအညွှန်း ထားလိုခဲ့ပါသေး၏။

ငါတို့၏ ဇာတိမြေမှ မင်းကုန်းတောရကျောင်းကြီးကား မင်းကုန်းရွာနှင့် အကျိုလက်ရွာ နှစ်ရွာစုတို့၏ အကိုးကွယ်ခံ အပူဇော်ခံ ကျောင်းပေတည်း။

ထိုသော ကျောင်းကြီး၏ မူလရာဇဝင် ကိုကား ငါတို့မသိမှီခဲ့။ သိမှီသလောက်မှာ မင်းကုန်းဟူသော အခေါ်အဝေါ်သည် ဦးအောင်ဇေယျလက်ထက်က တရုတ်တို့ လာရောက်တိုက်ခိုက်သော် ခံတပ်ပြုလုပ်ရန်အတွက် ရွှေဘိုနှင့်မိုင်(၃၀)မျှကွာဝေးရာမှသည် ကောလင်း၏အရှေ့ တောင်ခြေအထိ ငါးမြို့တည်ဖန်တော်မူ၏။ ၎င်းတို့ကိုလည်း ပဥ္စလငါးမြို့ ဟူ၍ပင် သမုတ်တော်မူ၏။

ယင်းတို့ကို အတိုကောက်အားဖြင့် ရ-ငှက်-ညောင်-ပင်း-နဂါးဆင်း ဟူ၏။ အရှည်မှာ-

ရ-ကား ရွာစားမြို့ဟူသတတ်၊
ငှက်-ကား ငှက်ပျောတိုင်း၊
ညောင်-ကား ညောင်ကိုင်း၊
ပင်း-ကား ပင်းသာမြို့၊
နဂါးဆင်း-ကား နဂါးဆင်းမြို့ဟူ၏။

ဤ၌ နဂါးဆင်းမြို့ဆိုသည်မှာ တရုတ်တို့ ဆင်းသက်လာတတ်ရာ ဒေသကိုအစွဲပြုလျက်က ခေါ်ဝေါ်သည်ထင်မိ၏။ ကောလင်းမြို့၏ အရှေ့ တောင်ခြေ၌ တည်ရှိ၏။

မဟာဓမ္မပါလ



ထိုမှ နောက်ပြန်အားဖြင့် တစ်မြို့နှင့်တစ်မြို့ မကွာမဝေးတည်ဖန်လာခဲ့ရာ ရွှေဘိုနှင့်မိုင် (၃၀)မျှ အကွာ ငါတို့နေရာ၌ မူရင်း ရွာစားမြို့ကို တည်ဖန်၏။ ထိုမြို့တို့ကို အပိုင်စားရသူမှာ ဦးမှတ်ဖြစ်၏။ ထိပ်တင်မှတ်ဟူ၍ အမည်ရ၏။ ၎င်းသည် ဘုရင်က ထီးဖြူတော်အဆောင် အယောင်များဖြင့် ချီးမြှင့်မြှောက်စားခံရလေသောကြောင့် ထီးဖြူတော်ဦးမှတ် အမည်တွင်၏။

ထိုထီးဖြူတော်ဦးမှတ်ကား မူလအစ အပိုင်-စားရ ဟုတ်အံ့မထင်ပြီ။ အဘယ့်ကြောင့်ဆိုသော် ရတနာပုံခေတ် ငါတို့နှင့်မလှမ်းမကမ်းသာ ရှိခဲ့၍ တည်း။ တစ်ဖန် ကနောင်မင်း၏သားတော် နောက်ဆုံး အင်္ဂလိပ်ကို ခံတပ်မြို့ (ရွာစားမြို့) မှနေ၍ ခုခံသော ထိပ်တင်မှတ်လည်း ဟုတ်အံ့မထင်။

စင်စစ်ထီးဖြူတော်ဦးမှတ်ဟူသည် ရွာစားမြို့ ရှိမြေကို ယမ်းချက်လျှက်က မန္တလေးနေပြည်တော်သို့ အမြောက်လက်နက်၌ ထိုးသွင်းရန် ယမ်းတော်ဆက်သွင်းရသော ထီးဖြူဆောင်း ရွာစားမင်းသာ တည်း။

ထိုရွာစားကြီး ထီးဖြူတော်ဦးမှတ်သည် တိုင်းပြည်အတွက် ယမ်းချက်လုပ်ငန်းကြီးကိုလည်း စီမံကွပ်ကဲရ၏။ ရပ်ရွာအုပ်ချုပ်ရေးကိုလည်း တာဝန်ယူရ၏။ ထိုရွာစားမြို့ကိုးကွယ်ရာ ဘာသာ, သာသနာဘက်ကိုလည်း တာဝန်ယူရ၏။

ဦးအောင်ဇေယျ မြို့တည်ထားစဉ်က မြို့နှင့်တစ်ပြိုင်နက်တည်း ကိုး- ကိုးမြို့တို့ကို တည်ဖန်ထားခဲ့၏။ ၎င်းတို့မှာ ကျုံးလည်းကိုးခု၊ ကန်၊ ဂူ စသည်တို့လည်းကိုးခုစီ။ သံဃာတော်များ သိတင်းသုံးရန် ကျောင်းတိုက်ကြီးများကလည်း ကိုးခုတို့ဖြင့်-

ဘုရားဂုဏ်တော်သည် ကိုးပါးရှိဘိသို့ တစ်မျိုး၌ ကိုးခုကျစီကိုလည်းကောင်း၊

ဘုရားဂုဏ်ကိုးပါးသည်လည်း သတ္တိစွမ်းအားဖြင့် ကွဲပြားဘိသို့ တစ်ဂုဏ်လျှင် တစ်မျိုးကျစီဖြင့် ကိုးဌာနကိုလည်းကောင်း တည်ဖန်ထားတော်မူခဲ့ပါချေ၏။

ယင်းလက်ငုတ်တိုးသို့ လိုက်၍ ထီးဖြူတော်ဦးမှတ်၏လက်ထက်၌လည်း ၎င်း၏လက်ထဲရှိ လူ၊ ငွေကြေး၊ ပစ္စည်း ပမာဏသို့လိုက်၍ ဘာသာ သာသနာရေးတို့၌လည်း ဦးစိုက်ခဲ့ချေသေး၏။ ယနေ့သွားရောက်လေ့လာပါက ထိုမြို့ဟောင်း၏ ပတ်ပတ်လည်တို့တွင် ဘုရားအို၊ ကျောင်းပျက်များစွာတို့ကို အထင်းသားတွေ့ရမည်ဖြစ်ချေ၏။

ထိုသို့ တိုင်းပြည်အတွက်၊ ဘာသာ, သာသနာ အတွက်၊ အများအတွက် တာဝန်ထမ်းဆောင်နေရသဖြင့် အလုပ်နှင့်လက်နှင့် မအားဟူ၍ မအားကိုင်ပြခြင်းကားမရှိချေ။ ၎င်းနှင့်၎င်း၏မိသားစု စားသောက်ရန် အတွက်ကိုကား လယ်ယာများ ထွန်ယက်စိုက်ပျိုးလျက်ကသာ ဝမ်းကျောင်းသက်မွေးမှု ပြုချေ၏။

ရွာစားစည်းစိမ်နှင့် ဘုရင်ပေးသောဆုတော်လာဘ်တော်တို့ကား အမျိုးဘာသာ, သာသနာ ဘက်သို့သာ သီးသန့်ဆောင်ရွက်မှုပြုချေ၏။ အတုယူစရာကောင်းလေစွ။

ထိုလယ်ယာလုပ်ကိုင်ရာ ဒေသကား ယခု ငါတို့ရွာတည်ရာမှာပင် ဖြစ်၏။ ယခင်က ထိုလယ်တောသည် ချဉ်မြစ်ပင်လယ်တောဟူ၍ အမည်တွင်၏။ ထီးဖြူတော်ဦးမှတ် ထိုချဉ်မြစ်တောအနီးရှိ ကုန်းပြင်ပေါ်သို့တဲနန်းထိုးကာ လယ်ထွန်,ယာလုပ် လာရောက် လုပ်ကိုင်ရာမှ 'မင်းကုန်း' ဟူသော အမည်တွင်သည်ဆို၏။ ရွာစားမြို့နှင့် တစ်မိုင်ခန့်ဝေးသော တနင်္ဂနွေထောင့်အရပ်၌ တည်ရှိ၏။

ရွာစားမြို့နေ အမှုထမ်းများက "မင်းကြီးနေသည့်ကုန်း သွားကြရအောင်" ဤသို့အချင်းချင်းခေါ်ပြောကြရာမှ 'မင်းကုန်း'အမည်ပေါ်သတတ်။

နေပြည်တော်မှလာသော အမှုထမ်းများက "မင်းကြီးနေသည်ကုန်းသို့ ပို့ပေးပါ။" ဤသို့ဆိုကြရာမှလည်း'မင်းကုန်း' ဟူသောအမည်ရှင် တွင်သတတ်။

မဟာဓမ္မပါလ



ထိုထီးဖြူတော်ဦးမှတ်ကိုမှီ၍ ၄င်း၏မိသားစု အသိုင်းအဝိုင်းများ၊ ၄င်း၏မိတ်ရင်းများ စုပေါင်းနေထိုင်လာကြသောအခါ လယ်လုပ်ရာတဲနန်းမှ ရွာအဖြစ်သို့ ပြောင်းလဲလာခဲ့ပါချေ၏။ ၄င်းသည်လည်း တဲအစား ပျဉ်ထောင်ပျဉ်ခင်း အိမ်ကြီးရှင်အဖြစ် ပြောင်းလဲစိုးစံခဲ့ပါချေ၏။ ယနေ့တိုင် ထိုအိမ်ကား ရှိချေသေး၏။ ယနေ့တိုင် ၄င်းတို့သုံးစွဲ သွားခဲ့ကြသော ပစ္စည်းများကား မကွယ်ပသေး။

ထိုသို့ ရွာဟူ၍ တစ်သီးတစ်ခြား ပေါ်လွင်ထင်ရှားလာလျှင် ထိုရွာ၏ ကိုးကွယ်ရာကျောင်းဟူသည်လည်း ရှိရစမြဲသာဖြစ်ချေ၏။ ကျောင်းပြီးလည်း မင်းအကိုးကွယ်ခံ နန်းဦးဆရာတော်ရှိမြဲ၏သို့ ရွာဦးဆရာတော်လည်း ရှိရမည်သာဖြစ်ချေ၏။ ထိုမင်းကုန်းရွာနှင့် မနီးမဝေး၌လည်း လယ်ရှင်တို့ လယ်ခွင်ဝင်ရာ အကျိုလက် ဟူသော တဲစုလေးများလည်း ရှိနေနှင့်၏။ ထိုတဲစုလေးများလည်း အနေကြာ ရွာဖြစ်လာချေတော့၏။

ထီးဖြူတော်ဦးမှတ်သည် ထိုနှစ်ရွာရှိ လူအပေါင်းတို့ကို ဆော်ဩစည်းရုံးကာ ဦးစန္ဒိမာဟူသော ဆရာတော်တစ်ပါးကို ပင့်လျှောက်၍ ကိုးကွယ်ကြ၏။ ထိုဆရာတော်ကား တောရအကျင့်သန်တော်မူ၏။ သမထဘက်၌ထူးချွန်ပေါက်မြောက်တော်မူ၏။

သို့ကြောင့် ထိုဆရာတော်၏ ဆန္ဒတော်အတိုင်း မင်းကုန်းနှင့်တာငါးရာ၊ တစ်တာလျှင် လေးတောင်ကျ ဖြစ်သဖြင့် အတောင်ပေါင်းနှစ်ထောင် ယခုအခေါ် တစ်မိုင်မျှအကွာအဝေးရှိ မြောက်စူးစူး ကုန်းကြီးပေါ်ဝယ် ကျောင်းတည် ကိုးကွယ်ကြရချေ၏။

ထိုကျောင်းကား မင်းကုန်းတောရကျောင်းဟူ၍ အမည်တွင်စေ၏။ ထိုကျောင်းဝင်း၏ အတွင်းဝယ် စေတီ(အတောင်သုံးဆယ်ခန့်)များ စနစ်တကျ တောင်မှမြောက်သို့စီတန်းလျက် ကည်ထားကိုးကွယ်ခဲ့ချေ၏။ စုစုပေါင်း တစ်ဆယ့်တစ်ဆူမျှ ရှိ၏။

ထိုတွင် အလည်ဗဟို၌ ထီးတော်ဦးမှတ်၏ ဘုရား အထင်အရှားရှိချေ၏။ မြောက်အစွန်ဆုံး၌ ငါတို့၏ဘေးတော် ဘိုးဖိုးဘုရား ဟူ၍ အထင်အရှား ရှိချေ၏။

ထို ထီးဖြူတော်ဦးမှတ်၏ဘုရားကားထီးနန်းဆန်၏။ တံကဲမုခ်များဖြင့် တန်ဆာဆင်ထား၏။ မူရင်းလက်ရာများ၌ ပစ္စယံနဖူးစည်းအားလုံး စပါယ်ပွင့် အထိမ်းအမှတ်ရှိခဲ့၏။ စေတီတစ်ဆူလုံး ခြုံငုံကြည့်သော် မင်းခမ်းမင်းနားပမာသာ ရှိချေ၏။ စေတီနှင့်အတူ သိမ်တစ်လုံးလည်း တည်ဖန်ထားရှိ၏။ စေတီ၏မုခ်လှိုင်ဂူကား အရှေ့မှရှိသဖြင့် သိမ်သည်လည်း အရှေ့ဘက်မှာသာ တည်ဖန်၏။

ရှေးခေတ်က ဂူသွင်းရုပ်ပွားသည် အရှေ့ကိုသာ မျှော်တော်မူအဖြစ်ထားရှိ၏။ ဘုရားရှင် ဗောဓိပင်ခြေရင်း ပွင့်သောအရပ်သည်လည်း တနင်္ဂနွေဆောင်သော အရှေ့ရပ်သာဖြစ်ခြင်း၊ ဘုရားရှင်သည် ဘုရားဖြစ်ချိန်မှစတင်ပြီး ၄င်း၏ဘဝဖြစ်ပြီးနောက်ကိုကားမမျှော်လေ။

အနောက်သည် ပုပ်ပြီးသိုးပြီး ဖြစ်ခြင်းကြောင့်၊ အရပ်ဒေသအားဖြင့်လည်း အနောက်အရပ်သည် ဒုမင်္ဂလခေါ် အပုပ်အသိုးများသာ စွန့်ပစ်ရာအရပ်ဒေသဖြစ်ခြင်းကြောင့်။

အရှေ့ကား ဘဝအားဖြင့် လည်း နိဗ္ဗာန်နန်းမြန်းကြွလေရာ အကောင်းအသစ် ဖြစ်လျက်ရှိခြင်း၊ သုမင်္ဂလခေါ် မင်္ဂလာအရပ်ဒေသ (နေလနက္ခတ်တို့၏ တက်ရာဒေသ) ဖြစ်ခြင်းကြောင့် ရှေးခေတ်ရုပ်ပွားများ အရှေ့ကိုသာ လှည့်ရိုးထုံးစံမှု ပြုချေ၏။ ထိုရုပ်ပွား တော်ကြီးသည်လည်း ယခုတိုင် လက်ရာမပျက်တည်ရှိဆဲပင်။

စေတီနှင့်သိမ်ကား ထီးတော်ဦးမှတ်၏ မြေးများဖြစ်ကြသော ဦးမြဘူး၊ ဦးထွန်းလင်းမိသားစုတို့က ထပ်မံ၍ပြုပြင်ထား၏။ အင်္ဂတေသင်္ကန်းသစ်ကပ်လှူခြင်းနှင့် သိမ်ပြုပြင်ခြင်းမျှသာဖြစ်၏။

မဟာဓမ္မပါလ



ထိုသိမ် ထိုစေတီကား မဟာတံတိုင်းကြီးများ၊ စိန်တောင်စိန်တက်များ ဝိုင်းရံလျက်ကရှိဘိ၏။ အရှေ့နှင့်အနောက်တို့၌ နတ်လမ်းစောင်းနန်းကြီးများသည်လည်းကောင်း၊ ယင်းစောင်းနန်းဦး၌ခြင်္သေ့ကြီးနှစ်ကောင်သည် တစ်ဖက်တစ်ချက် တည်ဖန်လျက်ကလည်းကောင်း ခန့်ညားထည်ဝါ စွာတည်ရှိ၏။ ၎င်းတို့ကိုထောက်ဆ၍ ထိုထီးဖြူတော်ဦးမှတ်ရရှိသောစည်းစိမ်သည် ဘာသာ, သာသနာဘက်၌သာ မြုပ်နှံထားကြောင်း ကောင်းကောင်းကြီးသက်သေပြနေပါချေ၏။

ထိုတစ်ဆယ့်တစ်ဆူမျှသော မြေစိုက်စေတီတော်ကြီးများ၏အကြား(တောင်ဘက်အစွန်းနှစ်ဆူမြောက်နှင့် သုံးဆူမြောက်တို့အကြား)အာရုံခံတန်ဆောင်း ကြီးတစ်ခုလည်း တည်ဖန်ထားသေး၏။ ယင်းအာရုံခံကြီးထဲ၌ကား ကိုးပေမျှမြင့်သော ရုပ်ပွားတော်ကြီးသုံးဆူတို့က အရှေ့ဘက်မှ အနောက်ဘက်ဆီသို့ မျက်နှာတော်မူလျက်ကလည်းကောင်း၊တောင်ဘက်တစ်လျှောက်၌ကား မြောက်ဘက်သို့ မျက်နှာမူကာ နှစ်ဆယ့်ခုနှစ်ပေမျှသော ပလ္လင်တော်ကြီးပေါက်ရောက်စေကာ ၎င်း၏အထက်၌ ကျောက်ဆင်းတုရုပ်ပွားတော်များ ညဏ်တော်အစားစား သီတင်းသုံးလျက်ကလည်းကောင်း တည်ထား ကိုးကွယ်သည်ကိုဖူးတွေ့ရ၏။ ထိုစေတီရုပ်ပွားတို့ တည်ဖန်စဉ်ကဖုတ်လုပ်ခဲ့သော အုတ်ချပ်ဖော်ဒေသကား ယခုအခါအုတ်ကျင်းကန်ဟူ၍ တစ်ဘက်ဆည်ကန် လယ်ရေသောက် ကန်ကြီးတစ်ကန်အဖြစ် အထင်အရှားသက်သေခံလျက်ပင် ရှိနေပါချေ၏။

ထိုကျောင်းတည်စက အခြေအနေအရပ်ရပ်တို့ကိုလေ့လာလျှင် ထီးဖြူဦးမှတ်၏ ဦးဆောင်မှုက ပီပြင်နေခြင်း၊ လူနေအိမ်ခြေများကား မင်းကုန်းရွာက သာလွန်နေခြင်း ကျောင်းထိုင်ဆရာတော်ကလည်း ၎င်းထီးဖြူ ဦးမှတ်၏အနွယ်ပွား သို့မဟုတ်ထို ထီးဖြူတော်ဦးမှတ် ကြည်ညိုသောဆရာတော်ဖြစ်နေခြင်းများကြောင့် မြုပ်နှံထားကြသော ဒါနထုပ်အရေအတွက်သည် မင်းကုန်းဘက်က များနေသည်ကိုတွေ့ရ၏။

စေတီ တစ်ဆယ့်တစ်ဆူတို့တွင် အကျိုလက်မှ ဘိုးကျိန်းဘုရား၊ ရွှေစာရံဘုရား နှစ်ဆူသာ ထင်ရှား၏။ ရွှေစာရံကား အကျိုလက်မှ ရှမ်းနွယ်များ ဖြစ်ကြလေပြီး စောမွန်လှ၏ ရွှေစာရံသို့ မသွားရောက်နိုင်သော ဤနေရာဒေသသို့ ရောက်ရှိနေချေရကား ထိုမိဖုရားစောမွန်လှ၏ဘုရားမှ အုတ်တစ်ချပ်ကိုယူ၍ဤနေရာ၌ ကိုယ်ပွားဘုရား ထပ်ဆင့် တည်ထားခြင်းဖြစ်စေသည်။သည့်အတူ ယောက်သွားကန်ရွာ အနီး၌လည်း ပုဂံရွှေစည်းခုံ နွယ်ဖွားတို့သည် ထိုပုဂံရွှေစည်းခုံသို့ နှစ်စဉ်မသွားရောက်နိုင်ကြလေသဖြင့်ထိုပုဂံရွှေစည်းခုံမှ အုတ်တစ်ချပ်ကို သယ်ဆောင်ယူခဲ့ကာ ရွှေစည်းခုံဘုရားဟူ၍ ကိုယ်ပွားတစ်ဆူတည်ထားသည်လည်း အလားတူတွေ့ရ၏။

ထိုကျောင်းတည်,ဘုရားတည် ဒကာများလည်း ကွယ်လွန်ကုန်ကြချေပြီ။

ကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာသည်လည်း သမထအာရုံ ပိုင်ဆိုင်တော်မူသည်နှင့်အညီ ဂျပန်တို့ တက်လာပြီးနောက်ပိုင်း ဘယ်နေ့ဂျပန်တွေစစ်ရှုံးမည် ဘယ်နေ့ဂျပန်တွေ ဗမာပြည်က ဆုတ်ခွာပေးကြရမည်ကို ဟောကိန်းထုတ်မိသဖြင့် ဂျပန်တို့ကဖမ်းဆီးခေါ်ဆောင်သွားကြကာ ရွှေဘိုထောင်ထဲ၌အကျဉ်းချထားခြင်းကို ခံတော်မူရသည်ဆို၏။ ထိုထောင်ထဲ၌ပင် ပျံလွန်တော်မူသွားသည်ဟုလည်းကြားရဖူးသေး၏။

ထိုမှနောက် ကျောင်းထိုင်သစ် ရှာဖွေကြသောအခါ ကျွဲဖြူရွာဇာတိ စစ်ကိုင်း၌သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော်ဦးသုနန္ဒအား ပင့်လျှောက်ကာ ကျောင်းတင်ကြကုန်၏။ထိုဆရာတော်ကား ဝိနည်းသိက္ခာပုဒ်တော်များကို လေးစားရာ၌မထေရ်ကြီးများကပင် လေးစားကြရ၏။ စိတ်လည်းထက်၏။ သိက္ခာနှင့်မညီလျှင် မည်သူ့ကိုမျှ မညှာတာ

မဟာဓမ္မပါလ



တတ်။ ထိုဆရာတော်၏ လက်ထက်၌ အင်္ဂါလက်ရွာ ဒကာ-ဒကာမများက ပိုမို၍ သဒ္ဓါထက်လေသည်ကို ဆောက်လုပ်ထားသောကျောင်းတော်ကြီးများ ဥပုသ်သည်တို့ သီတင်းသုံးနေထိုင်ရာ ဇရပ်ကြီး များစွာတို့ကို ကြည့်လျက်က ခန့်မှန်း၍ ရချေ၏။

အင်္ဂါလက်ဇာတိ ဘိုးထွန်းကြွယ်ဆောက်လုပ်သောကျောင်းဆောင်၊ အင်္ဂါလက်ဘုံကျောင်းဆောင်၊ မင်းကုန်းဘုံကျောင်းဆောင် ဟူ၍ ကျောင်းဆောင်ကြီး သုံးဆောင်တွဲကျောင်းကြီး ထီးထီး ပေါ်လာချေရာ ဘိုးထွန်းကြွယ်၏ အဆောင်ကား ကျန်ဘုံကျောင်းနှစ်ဆောင်စာမျှကြီးမား၏။ ထိုခေတ်ကား ဆရာတော်ဦးသုနန္ဒသည် ရှမ်းအနွယ်ပွားလည်းဖြစ်၊ အင်္ဂါလက်ဒါယိကာ- ဒါယိကာမများနှင့်လည်း အနွယ်အဖက်တူညီနေသောကြောင့် တစ်ကြောင်း၊ ဆရာတော်၏ သီလအရှိန် လေးစားကြည်ညိုသည်ကလည်း တစ်ကြောင်းကြောင့် ဖြစ်တန်ရာ၏။ ထိုဆရာတော်နှင့်ငါတို့ နှစ်ဘဝမျှ ဆက်လက်၍ ဆရာတပည့်ဖြစ်ခဲ့ရပါသည်ကိုလည်း ကျမ်းအစ၌ ရေးပြခဲ့ပြီးဖြစ်၏။

ဤ၌သိစေလိုသောအချက်မှာ မင်းကုန်းနှင့်အင်္ဂါလက် စေတနာထားရာ၌ ဘက်ရှိနေကြောင်း ပြလိုရင်း သိစေလိုရင်းပင် ဖြစ်ချေတော့၏။ နှစ်ရွာတွဲသော်လည်း သဘောထားကွဲနေချေသည်ကို ထင်ရှားစေလိုရင်းဖြစ်၏။ ငါတို့မျက်မြင်ဖြစ်ခဲ့၏။ အခြေအနေအရ ကောက်ချက်ချရသော် ငါတို့မင်းကုန်းရွာသူရွာသား များကား ဘာသာ,သာသနာဘက်၌ မိရိုးဖလာမျှသာတွေ့ရ၏။ ညီညွတ်မှုနှေးကွေး၏။ အင်္ဂါလက်ကား ဘာသာ,သာသနာဘက်၌ တက်ကြွသည်ကိုတွေ့ရ၏။ ရွာငယ်သလောက်ညီညွတ်ကြ၏။ အိမ်ခြေကား ငါတို့လက်ထက်၌ မင်းကုန်းကား (၈၀)၊ အင်္ဂါလက်ကား(၁၆)အိမ်ထောင်မျှသာ ရှိချေသေး၏။ ထို(၁၆)အိမ်ထောင်ကား တစ်စိတ်တည်းတစ်ဝမ်းတည်းသာရှိ၏။ အမြင်ကျယ်၏။ ဉာဏ်သွက်လက်၏။ ၎င်းခန့် မှန်းချက်ကား ငါတို့ဆရာဦးသုနန္ဒ၏ ဘုန်းကြီးပျံပွဲ၌ အထူးထင်ရှား၏။

ယခု ငါတို့လက်ထက် ကျောင်းထိုင်ရန်ကိစ္စ ပေါ်ပေါက်လာသောအခါ၌လည်း ငါတို့မင်းကုန်းကား လှုပ်ရှားမှုမရှိလေ။ မည်သူထိုင်ထိုင်မျှသာ။ အင်္ဂါလက်မူကား ၎င်းတို့အင်္ဂါလက်ရွာသားကိုသာ ဤကျောင်း၌ ဆက်လက်တာဝန်ယူရန် အစွမ်းကုန်တာစူချေတော့၏။ ထိုစဉ်က ထိုမင်းကုန်းတောရကျောင်းမှ ပေါက်ဖွားသော ရဟန်းကား အနီးနှစ်ပါး အဝေးရောက်နှစ်ပါးအားဖြင့် လေးပါးကား အဓိကဖြစ်နေ၏။ တစ်ဖန် ကြီးမှုဖြစ်သော ရဟန်းကလည်း နှစ်ပါးရှိချေသေးရာ ပေါင်းခြောက်ပါးတည်း။

ထိုခြောက်ပါးတို့တွင်လည်း ကျောင်း၌ မင်းကုန်း၌ငါတို့နှင့် ငါတို့၏နောင်တော်ဦးသာသနဟူ၍ နှစ်ပါး၊ အင်္ဂါလက်မှလည်း ဦးအဂ္ဂနှင့်၎င်း၏အဖိုးဘိုးဂျမ်းဟူ၍နှစ်ပါး။

တဖန် အဝေးရောက်နှစ်ပါးတွင်လည်း မင်းကွန်းတောင်ရိုး၌ ပညာတော်သင်လျက်ရှိကြလေသော မင်းကုန်းမှ ဦးဂုဏာလင်္ကာရနှင့် အင်္ဂါလက်မှ ဦးဓမ္မာလင်္ကာရဟူ၍နှစ်ပါး။

ဤသို့လျှင် ဘက်ညီလျက်ပင်ရှိပါချေ၏။

ထိုသို့ဘက်ညီနေသည့်အထဲ အင်္ဂါလက်ဘက်ဆွဲဘက်မှ စကားတို့ကား ငါတို့နားမခံသာပြီ။ ကျောင်းကြီး၏လှေခါးထားရာ ကြမ်းပြင်ကြီးကား အိုမင်းမစွမ်းရှိ၏။၎င်းကိုပြုပြင်မည့်သူမှာ အင်္ဂါလက်မှဖြစ်၏။ ပြုပြင်ရန်တိုင်လုံးကြီးများပင်ရောက်ရှိနေချေပြီ။ သို့တစေလည်း ငါတို့ရှိနေသဖြင့် မပြင်လိုသေးဟူ၍ လေသံပစ်၏။ ငါတို့မရှိမှသာ ပြင်မည်ဟူ၍လည်းလေသံပစ်သေး၏။ ငါတို့ကား စိတ်ထဲမကောင်းတော့ပြီ။

သို့နှင့် သီတင်းကျွတ်ပြီဆိုလျှင်ပင် ငါတို့ ဤကျောင်းမှ ထွက်ခွါလာခဲ့တော့၏။ မေမြို့ဈေးတောင်ကျောင်းကြီးရှိ သူငယ်ချင်း ဦးဝိမလ(ရွှေဘိုဝေဠုဝန်တုန်းက အတူနေခဲ့ရသော ကိုရင်ညို)ဆီသို့ သွား

မဟာဓမ္မပါလ



ရောက်ကာနေရန် တာစူရ၏။ ပြင်ဦးလွင်မြို့ ရောက်သည်နှင့်ငှင်းကားမတွေ့ရပြီ။ မုံရွာသို့ပြောင်းရွှေ့သွားပြီဆို၏။ သို့နှင့်ဆရာတစ်ဆူဖြစ်သော လှတောနယ်၊ဥယျာဉ်မှတ်ရွာရှိ ဆရာတော်ဦးဝါသဝထံ တစ်ဆောင်းခိုလှုံရန် ပန်ကြား၍နေရတော့ချေ၏။ စာမေးပွဲ ပထမကြီးတန်း ဖြေဆိုရန်ကိုကား- ဦးဓမ္မာလင်္ကာရနှင့်အတူ ပြင်ဦးလွင် စာဖြေဌာန၊ ဈေးတောင်ကျောင်းကြီးမှ စာရင်းပေးသွင်းထားခဲ့၏။

ထို့နောက် လှတော၏ဥယျာဉ်မှတ်တွင် လေးလမျှ နေခဲ့ပြီး တပေါင်းတွင် ပြင်ဦးလွင်သို့ ဦးဓမ္မလင်္ကာရနှင့် အတူတက်ခဲ့ပြီး စာမေးပွဲ ဖြေရန် စာကျက်ကြရချေ၏။ ဈေးတောင်ကျောင်း ကြီးကား ပရဟိတကျောင်းလည်း ဖြစ်သဖြင့် တောင်ပေါ်နေ ပအိုဝ် ကျောင်းသားများ၊ လီဆူးများ စသည်ဖြင့် လူမျိုးစုံ ခိုလှုံရာ ဌာနဖြစ်ဘိ၏။ ထိုကျောင်းကြီး၏ ပဓာနဆရာတော်ကား ဦးကေသရတည်း။

ထိုဆရာတော်ဦးကေသရသည် ငါတို့ကို အထူးအားပေး၏။ ပထမကြီးတန်းစာမေးပွဲ ဈေးတောင်ကျောင်းမှအောင်မြင်ပါက ဆုများအပြင် ချီးကျူးပွဲများကိုပါ ပြုလုပ်မည်ဖြစ်ကြောင်း မိန့်၏။ ငါတို့လည်း တအားတက်လျက်ကျိုးစား၏။ သို့သော် ဂေဇက်ထွက်လာသောအခါ ငါတို့နှစ်ပါးစလုံး မပါလေ။

စာမေးပွဲဖြေဆိုပြီးသည်နှင့် ရွာမှပင့်စာရောက်လာ၏။ ငါတို့၏ ရှင်ဒကာလည်းဖြစ် ဆွေရင်းမျိုးရင်းလည်းဖြစ်ကြသော အကျီလက်မှ ဦးကျ + ဒေါ်သွယ်မတို့က မြေးရှင်ပြုမည့်ကိစ္စကတစ်ခု၊ မင်းကုန်းတောရကြီးကျောင်း၏ ကျောင်းထိုင်ကိစ္စ ရွေးချယ်ရန်ကတစ်ခု။ ထို နှစ်ကိစ္စတို့ဖြင့်။

ထိုအလှူပွဲသို့ ငါတို့သာမက အဝေးရောက် ဦးဂုဏာလင်္ကာရ၊ ဦးဓမ္မာလင်္ကာရ နှစ်ပါးကိုလည်း ပင့်ထားသေး၏။ သို့ကြောင့် ထိုအလှူပွဲကား မင်းပေါင်းစုံပွဲတည်း။

သို့တစေလည်း ကျောင်းထိုင်တာဝန်၌ကား ငါတို့နှင့်ဦးအဂ္ဂ နှစ်ပါးသာအဓိကဖြစ်၏။ ဦးအဂ္ဂကား ငါတို့ထက် အသက်,သိက္ခာ,ဝါ ကြီး၏။ သို့တစေ ငယ်စဉ်ကတည်းက အာရုံမမှန် ပင်ကိုယ်စိတ် မသန်သူ ဖြစ်ရကား ငါတို့ကို လေးစားစွာ ဆက်ဆံရ၏။ ငါတို့စကားလိုက်နာရ၏။ ကျန် ဦးဂုဏာလင်္ကာရ၊ ဦးဓမ္မာလင်္ကာရတို့ကလည်း ငါတို့ကိုသာ အလေးမူကြချေ၏။ သို့ကြောင့် ငါတို့ကား ထိုကိစ္စ အဓိကဆုံးဖြတ်ရမည့် တာဝန်ခံဖြစ်၍လာ၏။

ကျောင်းထိုင်ကိစ္စသည် အလှူပွဲမတိုင်မီကပင် ဆုံးဖြတ်ကြ၏။ ငါတို့ကား ဤကျောင်း၌ ထိုင်ရန် မသင့်ယူဆ၏။ နှစ်ရွာစလုံးတို့၌ပင် ငါတို့ဆွေမျိုးများသည်လည်းကောင်း၊ ဦးအဂ္ဂ၏ဆွေမျိုးများ သည်လည်းကောင်း၊ ရောနှောလျက်နေထိုင်ကြချေရာ အကယ်တိတိ ငါတို့က ကျောင်းထိုင်ခဲ့သော် ငါတို့ဘက်ဆွေမျိုးများက ဝမ်းသာ ကြိုဆိုကြပြီး၊ ဦးအဂ္ဂဆွေမျိုးများကမူ ငြူစူကြပေရော့မည်။ သည့်အတူ ဦးအဂ္ဂကျောင်းထိုင်မည်ဆိုပါကလည်း ငါတို့ဘက်က မကြည်ဖြူကြမည်မှာ သေချာနေ၏။ တစ်ဖန် ရွာနားမြက် ရွာနွားမစားဟူသောစကားကလည်း ငါတို့ ကျောင်းလက်ခံရန်မသင့် ဟူသော အယူအဆကို ထောက်ခံနေချေ၏။

ထိုအကြောင်းခံအမှန်ကို ကျန် ဦးအဂ္ဂ၊ ဦးဂုဏာလင်္ကာရ၊ ဦးဓမ္မာလင်္ကာရ သုံးပါးတို့အား ချပြချေရာ ထို အားလုံးတို့ကပင် တညီတညွတ်တည်း သဘောကျ လက်ခံကြ၏။

ငါတို့မထိုင် မည်သူထိုင်မည်နည်း။

ဆက်လက်ဆွေးနွေးကြလေသောအခါ စစ်ကိုင်းမှ မထေရ်ကြီးတစ်ပါးပင်လျှင် သင့်တော်မည်ဟု သဘောလည်းရ၏။ ဦးဂုဏာလင်္ကာရကလည်း တာဝန်ခံ၏။ ကျောင်းထိုင်ရန် ထိုရဟန်းကလည်း သဘောတူပြီးသားဆို၏။ အလွန်ကောင်းသော စီမံချက်ဟု အများသဘောတူ၏။

မဟာဓမ္မပါလ



သို့နှင့်နှစ်ရွာရှိ ဒါယကာများနှင့် စည်းဝေးကြ၏ ငါတို့ကားဒိုင်လုပ်၏။

"အကျီလက်ဒါယကာများ လျှောက်လိုရာလျှောက်ပါ" ဟု ငါတို့ကလမ်းစခင်း ပေး၏။

"တပည့်တော်များ ဦးအဂ္ဂကိုသာ ထားလိုပါသည်။ ဦးအဂ္ဂဆိုလျှင် ဦးပဥ္စင်းကြီး ဘိုးဂျမ်းလည်း ချမ်းသာပါမည်။ တပည့်တော်များလည်း ချမ်းသာပါမည်ဘုရား။"

"ကဲ- မင်းကုန်းဒါယကာများဘက်က ဘယ်လို သဘောရသတုန်းဗျား"

"တပည့်တော်များကတော့ မည်သူထိုင်ထိုင် သည်မင်းကုန်းကျောင်းကြီးက ထွက်သောသံဃာ မှန်သမျှ အားလုံးကိုပင် ကိုးကွယ်ပါမည်ဘုရား"

"အင်း- ဒါယကာများဘက်ကဆန္ဒကိုတော့ အားလုံးသိကြရပြီ။ ကျုပ်တို့သံဃာများဘက်ကသာ လိုတော့သဗျ။ ကဲ- ဦးအဂ္ဂသဘောထား မိန့်ပါဦး"

"ကျုပ်မှာ ပထမကြီးစာမေးပွဲကလည်း ဖြေမပြီးသေးဘူး။ ဆယ်ဝါကလည်းမပြည့်သေးလို့ ကျောင်းထိုင်တာဝန် မယူနိုင်သေးဘူးဒကာတို့"

ထိုအခါ အကျီလက်ရွာသားများ ငိုင်ကုန်ကြချေ၏။

တစ်ဖန် ငါတို့အလှည့်ရောက်သော အခါတွင်လည်း တီးလုံးတိုက်ပြီးထားသည့် အတိုင်းလျှင် ဦးအဂ္ဂနည်းတူ ကျောင်းထိုင်ရန် ပယ်မြစ်လိုက်ချေ၏။

ထိုအခါ မင်းကုန်းရွာသားများလည်း မလျှပ်တော့။ တစ်ဖန် ငိုင်ရာ မလှုပ်ရာတို့မှ လှုပ်ရှားလာကြကာ "ကိုယ်တော်တို့မှ ကျောင်းမထိုင်လျှင် တပည့်တော်တို့တော့ ခက်ကြပြီ။ ဘယ်လိုမှ မကြံစည်တတ်တော့ဘူးဘုရား" ဟူ၍ တစ်ညီတည်းလျှောက်ထားကြချေ၏။

ထိုအခါလည်း ငါတို့ကပင် "ကျောင်းထိုင်သံဃာ ရှာဖွေရေး ကျုပ်တို့ကိုအပ်နှံပါ။ ကျုပ်တို့တာဝန်ယူ ရှာပေးပါမည်" ဟု ကတိဆိုလိုက်ရာ အပ်နှံကြကုန်၏။

သို့နှင့် ဦးဂုဏာလင်္ကာရကိုလွှဲအပ်ရာ ဦးဂုဏာလင်္ကာရက စစ်ကိုင်းမှသံဃာတော်ကြီး တစ်ပါး ထားမည့်အကြောင်းမိန့်ဆို၏။ ထိုရဟန်းတော်ကြီးကလည်း တောရ, ရသောကျောင်းကို နှစ်ခြိုက်တော်မူ၏။ ပြောဆိုလည်းပြီးပြီးသားဟူ၍ မိန့်၏။

ကျောင်းထိုင်ကိစ္စကား ပြီးပြေသွားခဲ့ကြချေပြီ။ သို့သော်မပြီးပြေလေ။ ပြီးပြေရာမှ မပြီးပြေစရာ ဝင်ရောက်လာချေပြီ။ နောက်ရက်များတွင် အကျီလက်ဒါယကာများသည် ဦးအဂ္ဂကို နားသွင်းကြချေ၏။ အာရုံ မမှန် စိတ်မသန့်ရှာသော ဦးအဂ္ဂသည်လည်း ဒကာများ နားသွင်းရာ ပါသွားချေတော့၏။

"ဟော့ကောင်တို့ ကျောင်းထိုင်ကိစ္စ ပြန်စဉ်းစားကြပါဦး" ဆိုလာ၏။

အားလုံးက ၎င်းကျောင်းထိုင်ချင်မှန်း သိသွားကြ၏။ သို့ကြောင့် ဦးဓမ္မာလင်္ကာရကပင် "သည်ကောင် ကျောင်းထိုင်ချင်နေပြီ။ ပေးလိုက်ကြစမ်းပါကွာ" ဆိုပြန်တော့ရာ-

"ကဲ-ခင်ဗျားသဘောပဲ တော်တော်ကြာ ဆရာတော်ဦးသုနန္ဒလက်ထက်က ဦးညွတ်ခဲ့တဲ့ ရွာနှစ်ရွာမကွဲပါစေနဲ့" သတိပေးကာ စစ်ကိုင်းတင်ရေးကိစ္စ လက်လျှော့လိုက်ကြရ၏။

အကျီလက်မှ ဒါယကာများကလည်း ငါတို့နယ်ပယ်၏ ဂိုဏ်းထောက်ဆရာတော်ဖြစ်သော ထန်းတပင်၊ အုတ်ကျောင်းဆရာတော်ဦးကုန္ဒကထံ သွားရောက်ချဉ်းကပ်ကြကာ ၎င်းဦးအဂ္ဂ ကျောင်းရရှိရေး ဆရာတော်ကအသိမှတ်ပြုရေး လျှောက်ထားကြချေ၏။ သို့ကြောင့် ထနောင်းကိုင်းရွာ၏အလှူပွဲသို့ ငါတို့သွားရောက်လေသောအခါ-

"မင်း- မင်းကုန်းကျောင်း ကျောင်းထိုင်ဘို့ စဉ်းစားသလား" ခေါ်မေး၏။

မဟာဗုဒ္ဓပါလ



"တပည့်တော် ငယ်ပါသေးသဖြင့် မထိုင်ပါဘုရား" လျှောက်ကြား၏။

"အေး-သည်လိုဆို သူတို့တင်မယ့်ရဟန်းကို ဝင်မရှုပ်နဲ့" ဟူ၍ သတိပေး၏။

"တင်ပါ့ဘုရား တပည့်တော်ကလွဲရင် မည်သူ ထိုင်ထိုင်ပါဘုရား" လျှောက်ကြားခဲ့၏။

ငါတို့ရွာမှ ဒါယကာတို့ကား ခြေငြိမ်လှချေ၏။ ရှေ့ရေးကိုလည်း နည်းနည်းလေးမျှ တိုး၍ မျှော်တွေးဆင်ခြင် မြင်အံ့လည်းမထင်မိ။

ငါတို့၏ ဦးရိုးတော်ဦးပွင့်ကား ငါးရွာကို အုပ်ချုပ်ရသော ဒိုင်နယ်လူကြီးဖြစ်ဘိ၏။ ၎င်းကား ဘာပြောပြော ငယ်မွေးခြံပေါက် သားလိုချစ်ပါသည် လျှောက်၏။ ငါတို့၏ ဦးလေးတော် ဦးသောင်းဖေ ကမူကား တခြားရွာမှ လာရောက် ကျောင်းထိုင်ခဲ့ပါချေသော် တော်တော်ကြာရွာပြန်ရန် လမ်းစရိတ် စသည် စရိတ်တောင်းခံရမည်ကို ရွာစားရွာသို့ လာရောက်ကျောင်းထိုင်လေသော ကညွတ်ကွင်း နယ်မှဘုန်းကြီး ၎င်း ကညွတ်ကွင်းသို့ ပြန်ကြွလိုတိုင်း တစ်ရွာလုံး စရိတ်စုကြရသည်ကို ထောက်ပြကာ ကန့်ကွက်ခဲ့ချေ၏။

သို့ဖြင့် ဦးအဂ္ဂကား မင်းကုန်းတောရ၏ ကျောင်းထိုင်ဖြစ်ခဲ့ရချေပြီ။

သို့ဖြင့်ပင် ငါတို့လည်း ရွာလွန်ရွက်တိုက်ခဲ့ရ ပါချေပြီ။

ထို ငါကား- ဘယ်ကိုသွားမည်နည်း။
ထို ငါကား- ဘယ်ကိုနားမည်နည်း။

အဖြေကား ရေရာတိပခြင်းမရှိ။ နေခဲ့သမျှ မြို့၏ စာသင်တိုက်မှန်သမျှကလည်း ထွက်ခွါချိန်ဝယ် ကန်ထွက်ချည်းထွက်ခဲ့ပြီးဖြစ်သဖြင့် အသွားမှသည် အပြန်လုပ်၍မရတော့သည်ချည်းသာ ဖြစ်ခဲ့ရချေ၏။ မာန၏ဒဏ်ကား ခံချက်မဆုံးတော့ပြီ။

သို့နှင့်ငါတို့နေခဲ့ဖူးရာ မော်လမြိုင်မြို့၏ စာသင်တိုက်မှ တစ်ခုခုသို့ဝင်ရန် တာစူရ၏။သို့သော် ရဟန်းဒကာကား စရိတ်မထောက်ပြီ။ သို့ကြောင့် ငါတို့၏စာသင်ရန်သည် စရိတ်ဖြတ် တောက်ခံရခြင်း ဖြင့် အတောင်ကျိုးမတတ် အခြေဆိုက်နေချေ၏။

သို့တစေလည်း ငါတို့၏စိတ်ဓာတ်ကား ပြင်းထန်လွန်းလှ၏။ ဤသို့လုပ်တော့မည်ဟူ၍ ဆုံးဖြတ်ချက်ချပြီးလျှင် နောက်ဆုတ်တတ်သော တွန့်စိတ်မျိုးမရှိတတ်။ မဖြစ်ဖြစ်သောနည်းဖြင့် လုပ်တတ်သော အလေ့အကျင့်ကား ကျင့်သားရ နေချေပြီ။

ဦးစွာ လှတောရှိဆရာထံဝင်၍ စရိတ် တောင်းခံ၏။ ထိုဆရာ၌လည်း ငွေစုထားလေ့ မရှိချေရကား ၃၀-ကျပ် မျှသာရရှိခဲ့၏။ ထိုစရိတ်ဖြင့်ပင် မော်လမြိုင်အရောက်သွား၏။ သွားသဖြင့် ရောက်ရုံ သာရှိချေ၏။ အကြောင်းမှာ ထိုစဉ်က မော်လမြိုင်မှာ ဝမ်းရောဂါအကြီးအကျယ် ကပ်ဆိုက်နေရကား တစ်မြို့လုံး ကျိုးလန့်စာစားဖြစ်နေ၍ပင်တည်း။

ရောက်သဖြင့် တည်းခိုစရာကျောင်းလည်း မရှိ။ နောက်ဆုံးထွက်ခဲ့သော ဝတ်ကြီးကျောင်း တစ်ကျောင်းတော့ရှိ၏။ သို့သော် ၎င်းတစ်ပါးပင် အစားအစာ မလုံလောက်ချေရကား အာဂန္တုတစ်ပါး လက်ခံရန် အင်အားမရှိချေပြီ။ သို့ကြောင့်ရင်းနှီးရာ ဒါယိကာမကြီးဒေါ်ကြည်အေး(မော်လမြိုင် ဒိုင်းဝန်ကွင်း၊ မြို့ပေါက်ဝ ဆာဦးသွင်၏ ရွှေချက်သိုဘုရားနှင့် ကပ်လျက်ရှိ) နေအိမ်သို့ ခေတ္တတည်းကာ ကျောင်း ရှာရန် ကြိုးစား၏။

သို့တစေလည်း ငါတို့ကသာရင်းနှီးပြီး ၎င်း ဘက်မှာ မရင်းနှီးချေရကား နှစ်ရက်မြောက်တွင် ဝမ်းရောဂါများ ကူးစက်မည်စိုးသဖြင့် အကြောင်းပြကာ ရိုရိုသေသေဖြင့် နှင်လွှတ်လိုက်၏။

တစ်ဖန် ဒုတိယအရင်းနှီးဆုံးသော ကျိုက္ကနဲ ဘုရားလမ်း သဘော်ဆိပ်အနီးရှိ ဦးစန်းလွင်+ ဒေါ်ကြည်စိန် တို့အိမ်သို့ ပြောင်းရွှေ့ကာ ကျောင်းရှာ၏။ ဝမ်းရောဂါသည် ငါတို့အား သွားလေရာရာမှ

မဟာဗောဓိမြင်ဆရာတော် watermark


နေ၍ အဆီးအတားပြုလုပ်နေရချေကား မည်သည့် ကျောင်းမျှမရ။ ထိုအိမ်နေရန်လည်း တာရှည်မသင့်။

ဤသို့ဖြင့် ရန်ကုန်ဘက် ရွှက်လွှင့်ခဲ့ရချေပြီ။ သူငယ်ချင်းဦးပဝရ သီတင်းသုံးရာ သရက်တော တိုက် သာသနောဒယကျောင်းသို့ဝင်ကာ စရိတ် အကူတောင်းခံရ၏။ ဦးပဝရထံမှ စရိတ် (၃၀)ကျပ်မျှ ရလေသောအခါ မိမိကြားဖူးနားဝမျှသာရှိသော ပုသိမ်မြို့ အမှိုက်ပုံကြီးကျောင်း ခေါ် သာသနာ့ရံသီ ပါဠိတက္ကသိုလ်သို့ ဆက်ပြန်ရချေသည်။

၁၃၂၅-ခုနှစ်၊ နွေဦးတွင် သာသနာ့ရံသီ၌ သီတင်းသုံးခွင့်၊ စာသင်ခွင့်ရခဲ့၏။ ထိုကျောင်း၏ ပဓါနနာယကနှင့်တကွ စာချဘုန်းကြီး၊ ဆွမ်းစား ကျောင်းဘုန်းကြီးတို့ကား ငါတို့ရွှေဘိုမှချည်း ဖြစ်ချေ ရကား အရေးကြီးသွေးနီး၍ သွေးစည်းသွား ချေတော့၏။ ထိုကျောင်း၌နေစဉ် အစစ ငါတို့အား အရေးပေး၏။ ကိစ္စတစ်ခုပေါ်တိုင်း ဥ ယျကြီး ခေါ်ငင်ကာ စီရင်ခိုင်းသည်သာဖြစ်၏။ မြို့ရှိ ဆွမ်း- ဒါယကာ-ဒါယိကာမများလည်း ကြည်ညိုကြ၏။ ဆွမ်းကွမ်းလည်းမရှား။ ပစ္စည်းလေးပါးလည်းမရှားပါး။ ပညာအင်အားကောင်းခဲ့ပါချေ၏။ ထိုနှစ်စာမေးပွဲသို့ ပထမကြီးတန်း တတိယအကြိမ်မြောက် ဝင်ရောက် ဖြေဆိုရာ ထိုက်ထိုက်တန်တန် အောင်မြင်ခဲ့ရချေ တော့၏။

ထိုနှစ်က ဖြေဆိုရပုံမှာ ယနေ့သဒ္ဒါဘာသာ ဖြေဆိုတော့မည်ဖြစ်လျှင် ညကပင် မေးခွန်းပုစ္ဆာများ အိပ်မက်ထဲ၌ တွေ့ပြီးသား။ နောက်ရက်သွားဖြေ အံ့ကိုက်။

သည့်အတူ ဘာသာရပ်အားလုံးနီးပါး ရှေ့ ပြေး နိမိတ်များ လက်ဦးညညများမှပင် ပေါ်ပေါက် နေတော့သဖြင့် နာရီဝက်အတွင်း အားလုံးဖြေပြီး သားကြီးဖြစ်နေတော့၏။ ကြီးကြပ်သူတို့က မြန်မြန်ပြီး သော် သံသယဝင်မည်စိုးသဖြင့် ပေမိုတ်ထိုင်နေရ သည်သာဖြစ်၏။ အောင်ဂေဇက်ထွက်လာသော အခါ ပုသိမ်စာဖြေဌာနမှ ဒုတိယအမှတ်အများဆုံးရ ဖြစ်ခဲ့ရ၏။ ပထမပြန်ဆွမ်းကျွေးအဖွဲ့၏ လစဉ် ထောက်ပံ့ကြေးစရိတ် ရယူခဲ့ရ၏။ ကျောင်းတိုက်မှ လည်း ပါဠိတက္ကသိုလ်ကျောင်းသား ဖြစ်သွားပြီဖြစ် ၍ လစဉ်စရိတ် ထောက်ပံ့သေး၏။

လောကကြီးကား ပျော်စရာကောင်းလှ ဘိခြင်း။

▼

## တာဝန်ခံသူ မရှိ တာဝန်ကား မခံ

တိုက်၌ အုပ်ချုပ်သူမရှိပါက တိုက်ခါခြင်း ကိစ္စ ပြုကျင့်ရစမြဲ။

တိုက်ခါခြင်းဟူသည် ထိုတိုက်ရှိ စာသင် သားများ၏ အုပ်ချုပ်ရေး၊ နေထိုင်စားသောက်မှု စသည့် အစုစုကိစ္စရပ်များကို မည်သူ တစ်စုံတစ်ဦး ကမျှ ကြားခံမဝင်ခြင်းပင်။

ထိုစဉ်က တစ်တိုက်လုံး၏ စာချတာဝန်များ ကို ဆရာတော်ဦးပဏ္ဍဝ(ပခုက္ကူ)က တာဝန်ခံ ပို့ချနေ ချိန် ဖြစ်၏။ ရောက်လာသမျှ စာချကထိကများလည်း တစ်ပါးပြီးတစ်ပါး ပြောင်းရွှေ့သွားကြသည်က များ ၏။ ယင်းဆရာတော်တစ်ပါးသာ စွဲမြဲစွာတည်ရှိ၏။ ၎င်းကလည်း ထိုအုပ်ချုပ်ရေး၊ စားသောက်နေထိုင် ရေး များကို တာဝန်မခံပြီ။ တာဝန်မခံသည့်အပြင်-

"အရှင်ဘုရားတို့ ကြွလိုရာကြွကြ၊ သည်တိုက်မှာ တာဝန်ခံမရှိ"

ဤသို့လျှင် အတိအလင်းကြေညာတော့ ချေရာ ငါတို့သည်-

-ဤပုသိမ်ကား ငါတို့၏ ပညာဘူမိ နတ်သန် အမှန်ပေတကား။

-ငါတို့ကား ဤပုသိမ်မှပင် ဓမ္မာစရိယ ခရီးလမ်း ပြီးဆုံးသည်အထိ တက်လှမ်းရချေမည်တကား။

မဟာစမ္ပယ်



-ငါတို့ကား တစ်နေ့နေ့ တစ်ချိန်ချိန် ဤပုသိမ်မှာ ပင် ဣန္ဒြေရစွာဖြင့် စာချစာသင် သာသနာ့နွယ် ဝင်အဖြစ် ခံယူချေတော့မည်တကား။

ထိုစိတ်ကူးယဉ်များ တိမ်းပါးခဲ့ရချေပြီ။ ပညာကံအကျိုးပေးသန်သော ထိုပုသိမ် လက်လွှတ်ခဲ့ရချေပြီ။

သို့နှင့် ရှိစုမဲ့စု ပထမကြီးတန်း စာအုပ်စာတမ်းများ ဓမ္မာစရိယတန်း စာအုပ်စာတမ်း များစွာတို့ကို သီတင်းသုံးဖော်ဖြစ်သူ ဦးဉာဏုတ္တရအား လှူဒါန်းထားခဲ့ပြီး အရေးကြီးသော ဓမ္မာစရိယတန်း၏ ပါဠိတော်အဋ္ဌကထာများလောက်သာ သားရေသေတ္တာတွင်း ထည့်သွင်းလျက်က သေတ္တာတစ်လုံး အိပ်ယာလိပ်တစ်ခုဖြင့်သာ ရန်ကုန်သို့ ပြန်ခေါက်ခဲ့ရပါချေပြီ။

ထိုသို့ ပြန်လည်မခေါက်မီ ငါတို့နေထိုင်ခဲ့ဖူးရာ သရက်တောတိုက် ကျောက်ပန်းတောင်းကျောင်း၊ ထိုစဉ်က တာဝန်ခံဖြစ်သော ဆရာတော် ဦးသုမနထံ ပြန်လည်ကာ နေထိုင်လိုပါကြောင်း စာအားဖြင့် ကြိုတင်အကြောင်းကြား ထားပြီးဖြစ်၏။ သို့ကြောင့် ရန်ကုန်ရောက်ရောက်ချင်း ၄င်းကျောက်ပန်းတောင်းကျောင်းသို့ တန်းသွား၏။

မကြာပါလေ။ သုံးရက်ပြည့်၍စေသော အခါ- “ငါက မင်းမို့လို့ သည်လောက်ခွင့်ပြုထားတာရယ်၊ တို့ကျောင်းထုံးစံက အာဂန္တုဆိုရင် သုံးရက်ပြည့်လျှင်မထားဘူးဗျ” ဟူ၍ နှင်ပါချေသတည်း။

“အင်း ကံကြွေးပြစ်ဒဏ် မာန်အစီအမံကား ခံရဖို့အလှည့် ကျလေမှကိုး”

သို့ဖြင့် မာန်လျှော့ကာ သူငယ်ချင်းအားကိုးလျက်က သာသနောဒယကျောင်းသို့ ပြောင်း၍ နေခွင့်တောင်းပြန်၏။ မရလေ။ သို့ကြောင့် ခေတ္တတောင်းပန်ကာ နေခွင့်ရကျောင်း အပြင်းရှာရချေတော့၏။

ဘုံကျော် ယခု နိမ္မိတာရုံကား ငါတို့မော်လမြိုင် တုန်းကအတူနေလည်းဖြစ်ဆရာတော်ဦးကုဏ္ဍလ၏တူအရင်းလည်းဖြစ်သူ နေခဲ့ဖူးရာကျောင်းဖြစ်ခဲ့၏။ ဦးသာသနထံ အကူအညီတောင်းခံက ရနိုင်စရာ အကြောင်း များစွာရှိ၏။ ဤသို့စိတ်ကူးဖြင့် မော်လမြိုင်သို့ပြေး၍ ဦးသာသနထံ အကူတောင်း၏။ ၄င်းကလည်း ရှောရှောရှူရှူပင် ဘုံကျော်ရှိ သူ့ဆရာ့ထံ စာတစ်စောင်ရေးကာ လွှတ်လိုက်၏။

သို့နှင့် နံနက်ခင်းတွင် ဘုံကျော်သို့သွား၏။ ဆရာတော်ကား မျက်စိမျက်နှာပျက်လေ၏။ အစ်ကိုတစ်လှည့် ငါတို့ကိုတစ်လှည့်ကြည့်၍ စိတ်မသက်မသာ ဖြစ်နေချေ၏။

မကြာပါလေ။ နေ့ဆွမ်းစားပြီးသည်နှင့် စိတ်ခက်ထန်သောရဟန်းတစ်ပါး အနားသို့ရောက်လာပြီး ခြိမ်းခြောက်ပါချေတော့၏။ မနေရန် အတင်းအရေးဆို၏။ ငါတို့မတတ်သာပြီ။ အေးဆေးစွာပင် သေတ္တာနှင့် အိပ်ယာလိပ်ဆွဲကာ ၄င်းဘုံကျော်မှ ထွက်ခဲ့ရပါ၏။ သူငယ်ချင်း၏ သာသနောဒယကျောင်းသို့သာ ခေတ္တနေခွင့်တောင်း၍ ကျောင်းရှာရပါချေ၏။

ယင်းသာသနောဒယ၌လည်း ရက်ကြာလာသဖြင့် အာဂန္တုက အရာမဝင်ပြီ။ သို့ကြောင့် စားရေးသောက်တာကိစ္စ၌ မျက်နှာပူလာရ၏။ သူငယ်ချင်းက မည်မျှသဘောကောင်းစေ၊ သူ့ကျောင်းထိုင်ရှိသေး၏။ သူ့အထက်ဆရာများလည်း ရှိသေး၏။

ထိုအခါ အစားအသောက်အတွက်ကို ကိုယ့်ကိုယ်ကိုတာဝန်ယူဖို့ ဆုံးဖြတ်ရ၏။ ပါလာသော စရိတ်လေးဖြင့် ပြင်ပဆိုင်များသို့ထွက်၍ တစ်နေ့မှ တစ်ထပ်သာ မှီဝဲရချေတော့၏။ ကြာသော် အဝစား တစ်ကျပ်ကိုပင် မတတ်နိုင်တော့ရကား တစ်မတ် တန်မုန့်လေးများဖြင့်ပင် ဝမ်းရေးကိစ္စပြီးစီးရသည့် အခြေထိ ဆိုက်လာချေတော့၏။

ထိုစဉ် ငါတို့အား သနားသော ဂရုဏာရှင်

မဟာဓမ္မပါလ



ပေါ်လာ၏။ ၎င်းကား သာသနောဒယရှိ ရန်ကုန် တစ်ဖက်ကမ်း ဆိပ်ကြီးမှ လာရောက်ပညာသင်ကြား နေသော ဦးစန္ဒတည်း။ ထိုဦးစန္ဒသည် ငါတို့၏ဖြစ် အင်ကို မရှုရက်တော့သဖြင့် ၎င်း၏ရွာဆိပ်ကြီးသို့ ခေါ်သွား၏။ စိတ်ကြိုက်နေရန်မှာကြား၏။ ကျောင်း ထိုင်ဆရာတော် ဦးဇောတိက ကလည်း ရက်ရော ကြည်ဖြူစွာလက်ခံထား၍ ဦးစန္ဒရန်ကုန်မှနေ၍ ကျောင်းရှာပေး၏။ တစ်ပါတ်တစ်ကြိမ် ရွာသို့ပြန်ကြွ လာကာ အကျိုးအကြောင်းလည်း ပြောပြသေး၏။

ဝါဆိုရန်သာနီး၏။ ကျောင်းနေခွင့်ကား မနီး။

အားလုံး ခြုံငုံသုံးသပ်ရချေသော် မိမိကျောင်း ဂုဏ်သိက္ခာမကျရေးသည်သာ ရှေ့တန်းသို့ တင်ထား ကြလေပြီး သာသနာတစ်ခုလုံး၏ အရေးကား မှေးမှေး မှိန်သာရှိချေ၏။ ကိုယ့်ဒကာအသိုင်းအဝိုင်းနှင့်ကိုယ့် အရှိန်အဝါမညှိုးမှိန်ရေးကသာကြီးစိုးနေသည်ထင်၏။

သို့ကြောင့် စာသင်တိုက်ကြီးများကိုဝင်၍ စာသင်ခွင့်ရရေး အခြေမပေးတော့သောအနေ ဆိုက်နေပြီဖြစ်၍ ဆိပ်ကြီးမှစောင့်နေလည်း အခြေ ထူးမည်ကားမဟုတ်ပြီ။ ရန်ကုန်ဘက်ပြန်လှည့်ခဲ့၍ တစ်ခုခုလုပ်မှ တော်တော့မည်ဟူ၍ ဆုံးဖြတ်ချက်ချ ကာ သာသနောဒယသို့ပင် ပြန်လည်ကပ်ခဲ့ပြီး ဘုန်းကြီးလမ်း၊အမှတ်-၅၂ ၌ရှိသော နောင်တော်နှင့် ဆက်သွယ်ရချေတော့၏။ နောင်တော် ဦးရေဝတ ကား ဦးလှအောင်ဟူ၍ ရုပ်ပြောင်းထားပြီး ဖြစ်နေ ပါချေ၏။

ငါတို့ကား စာပေသင်ကြားရေးကြား ကြားညပ် သမား။ ကြားညပ်မှန်သမျှ မည်သည့်ကြား ဖြစ်ဖြစ် ညပ်သွားလျှင် ကျပ်သွားတော့သည်သာ တည်း။ ကျပ်၍လှုပ် နှုပ်မရရှိသာရှိချေမည်။ ချောင်လည်၍ကား မလာပြီ။

ဘုန်းကြီးလမ်း၊(၅၂)သို့ သွားသောအခါ နောင်တော်နှင့် အဆင်သင့်တွေ့ရ၏။အကျိုးအကြောင်း မေးကြ၊ ဖြေကြ၏။ အခက်အခဲကူညီရန် တာဝန်ခံ၏။ တာဝန်ခံသည့်အတိုင်းလည်း ၎င်းကိုယ်တိုင် နီးစပ်ရာ လိုက်လံရှာဖွေပေး၏။ သို့သော် အခြေ အနေကား ထူးမလာပြီ။

- မိမိခင်သောကျောင်းကား မိမိသို့ ပြန်မခင်ပြီ။
- မိမိသိသော ကျောင်းများကလည်း မိမိအား ပြန်လည်၍ မသိတော့ပြီ။

## ရှိသမျှမာန် ဆုတ်ခဲ့၍ ထွက်ဟန်ပြင်ဆင်လိုက်ခြင်း

နောက်ဆုံးအခြေအနေကား လူထွက်တော့ ရန် ပိုင်းဖြတ်လိုက်ခြင်းတည်း။

ငါတို့စိတ်သည် ထွေနေ၏။ အားမလို အားမရစိတ် ကြားမှ မာန်သည် ထကြွလာ၏။ စိတ်ထွေနေခြင်းမှာ ငါချစ်လှသော ပရိယတ္တိစာပေ အား စွန့်ခွာခဲ့ရမည်ကိုတည်း။ ငါကြောက်လှသော လူ့ဘဝ ဝင်ရောက်ရမည်ကိုလည်း အားမလို အားမရ စိတ်ထားမှာ သာသနာ့အရေးကိုတည်း။

သာသနာတွင် ဆရာအနေဖြင့် ပြုမှမဟုတ် ဒကာအနေနှင့်လည်း ပြု၍လည်းရသည်သာ။

မင်ခြေ,ဖိုလ်ခြေသည် ဆရာမှ နီးသည် မဟုတ် ဒကာ့အဖြစ်ကလည်း နီးစပ်သည်သာ။

ဤသည်တို့ကား ထိုအချိန်က တင်ခဲ့သော စွဲချက်များဖြစ်ချေ၏။

ရဟန်းလောက စိတ်နာသဖြင့် ဖြစ်ခဲ့ရသော ဖြစ်မှားမှုများဖြစ်ချေ၏။

အဘယ့်ကြောင့်ဆိုသော် ထိုအချိန်က ငါတို့ အမြင်သည် ဘုန်းကြီးမျှလောက်သာ အမြင်ပေါက်

မဟာဇမ္ဗူပါလ



ပြီး သံယာအထိ အသိမရောက်သေးသောကြောင့်တည်း။ မည်သည့်ဘုန်းကြီးဖြစ်ဖြစ် ငါသို့ပင်ဖြစ်ရမည်ဟု ကိုယ့်စိတ်ဖြင့် နှိုင်းကြည့်တတ်ရုံသာ ရှိခဲ့သေး၏။

စင်စစ် ထိုအတွေးများသည် ငါ၏အမြင်မကျယ်မှုသာဖြစ်ကြောင်း နောင်တော့မှ ကောင်းကောင်းသိလာရချေတော့၏။ ပရိယတ္တိဝန်းကျင်မှ ပဋိပတ္တိဝန်းကျင်ဘက်သို့ ရောက်လာသောကာလကျခါမှ ဘုန်းကြီးနှင့်ရဟန်း ကွဲတော့၏။ ထိုအချိန်ကာလသို့ရောက်သော ငါတို့၏စိတ်ထားကား သာမဏေလေးပင်ဖြစ်ပါစေဦး။ ထိုသာမဏေလေး တစ်ဦးတည်း၌ပင် ပုဂ္ဂိုလ်နှင့် သံယာဟူ၍ တစ်မျိုးတည်း နှစ်မျိုးကွဲလျက် ကြည့်တတ်မြင်တတ်လာချေပြီ။

ထိုသာသနာ့ဝန်ထမ်းဘဝ အသက်အားဖြင့်(၂၅)၊ သိက္ခာဝါအားဖြင့်(၅)ဝါရ အချိန်၏ လောကဓံ မုန်တိုင်းထန်ချိန်တုန်း၌ကား မည်သည့်ဘုန်းကြီးကိုမျှ ကြည့်မရခဲ့ပြီ။

သို့ဖြင့် နောင်တော်အား လူထွက်တော့မည့်အကြောင်း ပြောဆို၏။ အလုပ်အရှာခိုင်း၏။

နောင်တော်ကား သာသနာ့ဘောင်၏ အကျိုးတရားများနှင့် လူ့ဘဝ၏ အပြစ်များကို နှိုင်းယှဉ်ပြလျက်က လူမထွက်ရန်ဖျောင်းဖျ၏။

ဘာပြောပြော နားမဝင်တော့ပြီ။

လူထွက်ဖို့ထက် သာသနာဘက်ခရီးမဆက်ရေးသည် ငါ့ကိစ္စ။

လူအများနှင့်ပေါင်းရခြင်းထက် ရဟန်းများနှင့်ကင်းဝေးရေးသည် ငါ့ဆန္ဒ။

အရာတစ်ခု၌ မကောင်းဟုထင်လာသောအခါ မကောင်းမြင်သဘောတရားများသည် စဉ်တိုက်အားဖြင့် ပွားများလာချေ၏။ ထို မကောင်းထင်အယူအဆနောက်သို့ မာနသည် ပင့်အားဖြင့် နောက်ယောင်ခံ လိုက်လာပြီး ဒေါသကလည်း ဝင့်အားဖြင့် လိုက်ပါလာကြခြင်းကြောင့်ဖြစ်၏။

စင်စစ်ထိုအရာကား-ထိုအရာသာ ထိုအရာကား သူ့သဘောသူ့သဘာဝအတိုင်းသာ။ တစ်ဖက်သို့ ကောင်းအောင်လုပ်ပြခြင်းလည်းမဟုတ်၊ ဆိုးအောင်လုပ်ပြခြင်းလည်းမဟုတ်။ တစ်ဖက်ကသာ သူ့ အထင် သူ့အမြင်ဖြင့် ကောင်းပေ့-ဆိုးသည် ဝေဖန်နေခြင်းမျှသာ။

ရဟန်းလောကသို့ ထိုမကောင်းထင် ဝင်လာချိန်မှစ၍ လူ့ဘဝ၏အကောင်းမြင်ကလည်း တစ်စခန်း ထချေတော့၏။ လူ့ဘဝ၏ ဗရုတ်သုတ်ခများစွာသည် ငါတို့အဖို့ အဟုတ်သုတ်ခပမာသာ ထင်တော့၏။ သို့ဖြင့် လူထွက်ရန်ကိုသာ ဆန္ဒအားကြီးတော့၏။

နောင်တော်ကား တားမရသည့်အဆုံး တစ်ဝါတွင်းတော့ ခေါင်းအေးအေးစဉ်းစားရန် အချိန်ယူဖို့လျှောက်၏။ ထိုတစ်ဝါတွင်းနေရန်လည်း ကျောင်းကိစ္စ သူကပင်တာဝန်ယူ၏။ လူ့ဘဝ၏ ထည့်သွင်းစဉ်းစားစရာအကွက်များကိုလည်း ကြိုတင်လျှောက်ကြားထား၏။

ထိုနောင်တော့်စကား မဖယ်ရှားလိုသဖြင့် တစ်ဝါနေရန်သဘောတူခဲ့၏။ နောင်တော့်အစီအစဉ်အတိုင်းပင် သက်န်းကျွန်း ဘဝမြင့်ရိပ်သာအတွင်းရှိ သာသာနာ့ဝန်ဆောင်ကျောင်းခေါ် သောကျောင်းငယ်လေး တစ်ကျောင်းသို့သွားရောက် ဝါဆိုရ၏။

ထိုကျောင်း၏ ကျောင်းပိုင်ဆရာတော်ကား ဦးဣန္ဒာစာရ ဘွဲ့တော်တွင်၏။ ဆရာတော် ဦးဣန္ဒာစာရသည် ကျောက်ဆည်မြို့လေသာစာသင်တိုက်မှစာချဆရာတစ်ပါးဖြစ်ခဲ့ပြီး ထိုစာချဆရာဘဝမှထွက်ခဲ့၍ ဤရန်ကုန်၌ အခြေချနေထိုင်တော်မူသော ဆရာတော်တစ်ပါးဖြစ်၏။ နောင်တော် ကျောက်ဆည်လေသာတိုက်နေစဉ်က ဆရာရင်းဖြစ်ခဲ့၏။ ထိုဆရာတော်ကလည်း ငါတို့ကို လိုလားစွာလက်ခံ၏။ လိုလားစွာဖြင့်အားကိုး၏။ ဘာမဆို ငါတို့ကိုသာ တာဝန်ပေး၏။ ငါတို့ကလည်း အကင်းအညှာ အထာပါးပါးဖြင့် ဆောင်ရွက်ပေး၏။ သို့ သော်-

မဟာဗုဒ္ဓပါလ



ဆရာတော်ကား သူ၏လက်ရုံးတစ်ဆူဖြစ်လာစေရန်တည်း။

ငါတို့သည်ကား လူထွက်ရမည့်ရက် စောင့်ဆိုင်းနေခြင်းမျှသာတည်း။

ဤသို့လျှင် ရည်ရွယ်ချက်၊ မျှော်လင့်ချက်ချင်း ကွဲလွဲလျက်ရှိပါချေ၏။

## မိလ္လာကြုံးလျက် ဘဝကို ရှုန်းနိုင်မလား

'လောကဓံတစ်ခုကိုကျော်လွန်ရာ၌ အကောင်းမြင်ဖြင့် ကျော်လွန်လျှင် အပြစ်ကင်းတတ်၏'

'ဘဝတစ်ခုကိုတည်ဆောက်ရာ၌ အဆိုးမြင်ဖြင့် တည်ဆောက်နိုင်လျှင် အမြတ်ထွက်တတ်၏'

ဤအတွေးများသည် ငါတို့၏ ဘဝတစ်ပါးကူးပြောင်းဖို့ ကြံစည်မိရာမှ ပေါ်ထွက်လာသောရလာဒ်များတည်း။

ရဟန်းဘဝမှနေ လူ့ဘဝသို့ ကူးပြောင်းရန်ကြံစည်ရာ၌ သတ္တိအားမွေးရန် ဦးစွာတွေးရ၏။

လူ့ဘဝဆိုသည်မှာ ကြက်ဘဝသာသာမျိုးဆိုသည်ကို ဦးစွာပြေးမြင်ထားရ၏။ ကြက်သည်ဝမ်းစာအတွက် အိပ်တန်းဆင်းမှ အိပ်တန်းတက်အတွင်း မြေကိုယက်လျက်က အသက်ဆက်ရ၏။ လူ့ဘဝသည်လည်း သည့်နှယ်သာ ကြိုးစားပါမှ ဝမ်းဝမည်သာဖြစ်ချေ၏။ ဝမ်းပိုရန် ထိုဝမ်းပိုအလှ ဝလင်အောင် ကျွေးမွေးလိုပါသော်ကား ကြက်ထက်ပင်စောစီးစွာအိပ်တန်းဆင်းကြရမည်။ ကြက်နောက်ကျစေ၍ အိပ်တန်းတက်ပေးရမည်။ သို့မှသာ မယားဝမ်းပို သားဝမ်းပိုများပါ စားရ, ဝတ်ရချေမည်။ သို့မဟုတ်က လူ့ဘဝသည် ကြက်ကဲ့သို့ အသားဖြင့်လုပ်မကျွေးရသော်မှ အားဖြင့်ပင် သူတစ်ပါးအမှုအလုပ်အကျွေး ပြုရမည်သာဖြစ်ချေ၏။

'ထိုဘဝမျိုး မင်းတိုးရဲသလား'

ကိုယ့်ကိုယ်ကို မေးစမ်းတီးခေါက်ကြည့်ရ၏။ အတန်တန်မေး၍ တိုးရဲသည်ဆိုမှ စိတ်ချရ၏။ သို့မဟုတ်က လောကဓံတစ်ချက်ခေါက် နောက်ကြောင်းသို့ ပြန်ကောက်တတ်လှချေ၏။

'ဟုတ်ပြီ- တိုးနိုင်သည်ထား၊ ဘာအလုပ်မှမရ၊ မိလ္လာကြုံးဘဝ မင်းလုပ်နိုင်ရဲ့လား'

ဤသို့ အတန်တန်မေး၏။ လုပ်မည်ဆိုမှ စိတ်ချရ၏။

'နင်၏ရလာမည့်လူ့ဘဝ ရဟန်းဘဝ၏သို့ ကောင်းမွန်လှပမည်လည်းမဟုတ်။ အထက်တန်းစား အဖြစ်ဖြင့် အဖူးမြော်ခံရမည်လည်းမဟုတ်။ လူ့အသိုက်အဝန်းထဲတွင် အနုတ်စုတ်ဆုံးအဆင့်မှ ဝင်ရောက်ရမည်သာဖြစ်၏။ သို့ကြောင့် နင်ကား အများပြုသမျှ နုနိုင်ပါ့မည်လော'

တွင်တွင်မေး၏။ အဖြေကား ဘယ်လောက်တင်းတင်း ထမင်းစားရတော်ပါပြီ ဟူ၏။

ဤသို့လျှင် ဖြစ်လာမည့်အကြောင်း မကောင်းဘုံကိုပြ၍ ထိုမကောင်းဂုဏ်ပေါ်မှ ကျော်နိုင်-မကျော်နိုင်ကို ဦးစွာ စစ်ဆေးပြီးမှသာ ပြုမူလျှင်ကား-

အဆိုးတွေ့သော်အရင်း။ အကောင်းတွေ့ချက်ချင်းအမြတ်ပေါ်တတ်သည်။ အစကတည်းကအဆိုးကို လက်ဦးတွက်ဆထားသောကြောင့် ထိုအဆိုးနှင့်တိုးမိလေသောအခါ မတုန်လှုပ်ကပြီ။ အကောင်းမျှော်လျှင်ကား အဆိုးတွေ့သည်နှင့်သွက်သွက်ခါ လှုပ်ရမ်းတတ်ချေ၏။ အကောင်းမျှော်ကား မျှော်သလိုပေါ်ပါမှ အရင်းသာတည်း။

ထို သို့သော အတွေးများဖြင့် လာမည့်ဘေးပြေးတွေ့ရန် တာစူလျက်သာရှိချေ၏။ သီတင်းနေ့တိုင်းလျှင် နောင်တော့်ထံဖုန်းဆက်၍ အလုပ်ရ-မရမေးမြန်းရသည်ကလည်းအမော။

သို့နှင့် ဝါခေါင်လထဲသို့ ရောက်လာပြီ ဖြစ်ရာ နောင်တော့်ထံမှ သတင်းတုန့်ပြန်ချက် ရလာ၏။ ဆေးလိပ်ရုံတစ်ရုံ၌ အလုပ်ရရန် နီးစပ်သည်။ ဂဏန်းရေး၊ စာရင်းတွက်များ ကျွမ်းကျင်ရန် လေ့လာထားပါ ဟူ၍။

ထိုသတင်းကား ဒုက္ခရောက်ရန်ဖြစ်၍ ပျော်လိုက်သည့်ဖြစ်ခြင်း။

လူတိုင်းလူတိုင်းပင် မယားရမည်ဆို ပြုံးနေတတ်ကြသော်လည်း တရားရမည်ဆို မဲ့နေတတ်လှချေ၏။ မကောင်းရာကြိုက်သော ပုထုဇဉ် စိတ်မိုက်တို့၏ သဘာဝပေတည်း။

ထိုသတင်းစကား ကြားရချိန်မှစ၍ ငါတို့ငယ်ငယ် တစ်ဆယ့်နှစ်နှစ်သား အရွယ်လောက်ကပင် လေ့လာတတ်မြောက်ခဲ့ပြီးသော အရောင်းအဝယ်စာရင်း၊ ငွေတိုးတွက်စာရင်း၊ သစ်တန်တွက်စာရင်းစသည်များကို အောက်ခြေသိမ်း အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစား တို့မှစကာ ပတ်စာခွာ ဖျာသိမ်း အပူတပြင်း လေ့ကျင့်ရ၏။

အတူနေ သီတင်းသုံးဖော် ဦးညာဏိန္ဒ(ခရမ်း) ထံမှလည်း ခုနှစ်တန်းအဆင့်နှင့် ညီမျှသော အခြေခံအင်္ဂလိပ်စာများကို သင်ယူ၏။ ဖတ်စာ၊ ဂရမ်မာများနှင့်တကွ မီးနင်းများကိုပါ ဒလတွန်း ကျက်မှတ်၏။ စကားလုံးပေါင်း တစ်ထောင်မျှ အာဂုံဆောင်ထားနိုင်စွမ်းရှိလာ၏။ အင်္ဂလိပ်သတင်းစာကို ပေါင်းဖတ်ဖြင့် ဖတ်တတ်လာနိုင်၏။

ဤကား ဒုက္ခဒဏ်ထမ်းဖို့ ပြင်ဆင်လိုက်ခြင်းတည်း။

ငါ့ထံရှိ မာနအင်အားသတ္တိများက လူ့ထံသို့ ကန်ပို့နေခြင်းတည်း။

> ရတက်ပွေသမျှ ခက်လေစွ တက်ခြေမာနလက်ချက်ပင်၊
> မျက်ရည်လျှောက သွက်သွက်ရှုင်သည် ရက်ဆက်ပင် ပူပွဲ၊
> တက်တက်စင် အယူလွှဲပို့—အော်..လူထဲသို့မြူဆွဲငင်သည်၊
> ပြုမြဲအဆင် တ—မှန်၊
> သူရဲအသွင် ကြွလှမ်းမဟုတ်၊
> ရဟန်းဘဝနှင့် လမ်းစမသိလို့ပြီ ထမ်းရမသတ် ကျေမချမ်း၊
> ရှေ့ရှုနီးလျှင် ပြေမတမ်းချင်ဘူ သေခန်းပြင့် ပြတ်လိုက်ချင် မိုက်စတပြင်ပြင်၊
> တိုက်စနှင့် ခိုက်စထွင်မည်၊ အကြိုက်ဘဝတွင် ပျော်ဦးမကွဲလေး...။

ဤသို့လျှင် အတွေးခဲ့လျက်က တေးတစ်ဖွဲ့စာ ကဗျာတန်းမိခဲ့ပါချေ၏။ ဤ-ကိုယ့်အထာနှင့် ကိုယ့်ကဗျာ တစ်လှည့်စိကြည့်လျက်ကလည်း ငါတို့သည် ဇာတ်ကြမ်းကား ရိုက်ကူးနေသလော သို့တည်းမဟုတ် စွန့်စားခန်းရိုက်ကူးနေသလော သံသယဝင်နေမိပါ၏။

တော်သလင်းလဆန်း၏ တစ်ညနေတွင် နောင်တော်သည် ငါတို့ထံ ရေးကြီးသုတ်ပျာ ရောက်လာကာ ခေါ်၏။ လိုက်သွားရာ ဘဝမြင့်ရိပ်သာထိပ်၏ လမ်းမကြီးပေါ်ဝယ် ဖို့ဒ်အမျိုးအစား ကားငယ်လေး တစ်စီးက အသင့်ကြိုနေ၏။ ထိုကားဖြင့်ပင် ငမိုးရိပ်တံတားအထိပါသွား၏။ ရောက်သော် နောင်တော်က ဆက်ပေးသဖြင့် ဆေးလိပ်ရုံပိုင်ရှင် မန်နေဂျာမှန်း သိရ၏။ အမည်ကား ဦးမျိုးညွန့် ခေါ်၏။

ထို ဦးမျိုးညွန့်သည် ငါတို့ကို ခြေဆုံးခေါင်းဆုံး ဦးစွာကြည့်၏။ ပြီးမှ ၎င်းတို့ဆေးလိပ်ရုံတွင် အတူနေရန်ပြောဆို၏။ သူတို့မြေပေါ်၌ နေရမည်။ သူတို့တိုက်မှာနေ-တိုက်နှင့်ပင်နေရမည်။ သူတို့စားသလို စား၍ သူတို့ဝတ်သလိုပင် ဝတ်ရမည်။ အမွေခံမွေစားသား တစ်ဦး၏သို့ သဘောထားပါမည်။ ကျွန်သဘောမျိုး မဆက်ဆံပါ။ သဘောထားပြော၏။ ရှိရမည့်အရည်အချင်းမှာ ရိုးသားမှုပဲဆို၏။

ဆေးလိပ်ရုံသည် မိန်းမတို့နေရာဖြစ်သည်။ မိန်းမတို့နေရာသည် မိန်းမတို့ဓမ္မတာ တွင်ကျယ်တတ်သည်။ ကြိုက်လျှင်ကား ၎င်း၏အစ်မ,နှမများကစ၍ ကြိုက်ရာယူနိုင်ပါသည်။ သို့သော် မျက်နှာမများဖို့တော့ လိုပါမည် ဟူ၏။

မဟာဗောဓိ



စိတ်ထဲမှကား- စိမ်လိုက် ဆိုလိုက်၏။
ကိုယ်အားဖြင့်ကား- ခေါင်းညိတ်ရုံမျှသာ။

သို့ဖြင့် လူထွက်ရန်ကား သေချာသွား၏။ ထွက်ပေါက်သာလိုတော့၏။ ထိုအတောအတွင်း ဆရာတော်ဦးကုန္တာစာရ၏တပည့်ရင်း အတူနေ ဦးညဏိကသည် အစစကူညီ၏။ အရာရာ လျှင်မြန် သွက်လက်၏။ ဌာနဆိုင်ရာစသည်တို့နှင့် စကား ပြောရာ၌ ကျွမ်းကျင်လိမ္မာခြင်း၊ အကင်းအညာ အထာပါးခြင်း အပြည့်ရှိ၏။

၎င်း၏အကူအညီဖြင့် သက်နှုန်းကျွန်းမြို့နယ် ကုန်သွယ်ရေးမှ အကျီချုပ်ရန် အတွက် ပေါ်ပလင်စ (၅)ကိုက်ရ၏။ ငွေကြေးတို့ကား ပုသိမ်၌ ကျန်ရစ်ခဲ့ သော ဦးညဏုတ္တရက လှမ်း၍ထောက်ပံ့၏။ ကျန် ပုဆိုး၊ အကျီတို့ကား ကမာရွတ်ရှိ ဂျစ်ကားတံဆိပ် စွပ်ကျယ်စက်မှ ဦးညဏ်ထွန်းဇနီးမောင်နှံက ထောက်ပံ့ ၏။ ထိုအကူအညီများ ဦးညဏိက၏ အစွမ်းအစ ချည်းသာ ဖြစ်ချေ၏။ ငါတို့ကား နောက်ယောင်ခံ လူပြမျှသာ။

၁၃၂၇-ခုနှစ်၊ တော်သလင်းလဆန်း (၁၀) ရက်တွင် ရွာမှဦးရီးတော် ဦးပွင့်ထံမှ စာတစ်စောင် ရောက်ရှိလာ၏။ အဖွားဖြစ်သူ အနိစ္စရောက်ကြောင်း တည်း။

ထွက်ပေါက်ကားရချေပြီ။ အဖွား၏သေဆုံး မှုကို လမ်းစဖော်၍ ငါတို့၏ရဟန်းဘဝ သေဆုံးရမှု စတင်ရမည်ဖြစ်၏။ ကျောင်းထိုင်ဆရာတော်အား တပည့်တော် လူထွက်ပါတော့မည် လျှောက်တင် ခက်သောထိုကိစ္စ တပည့်တော်အဖွား သေဆုံး ကြောင်း ရွာမှစာလာသဖြင့် သွားပါရစေဖြင့် အစားထိုးရန် အကွက်ကောင်းရလာ၏။ သို့နှင့်- ၁၃၂၇-ခုနှစ်၊ တော်သလင်းလဆန်း(၁၃)ရက်နေ့ တွင် ထိုအကြောင်းပြအတိုင်း ဆရာတော် ဦးကုန္တာစာရ အား လျှောက်ထားပန်ကြားကာ ဦးညဏိကနှင့် ထွက်ခဲ့တော့ချေ၏။ ထိုညဏိက စီစဉ်ပေးသော အတိုင်းပင် နှင်းဆီကုန်းဘူတာရှေ့ရှိ ဓမ္မရိပ်သာ ကျောင်း သံဃာတော်များထံ သိက္ခာချခဲ့ပြီး လူ့ဘဝသို့ ရောက်ခဲ့ရချေသတည်း။

▼

## လူတို့၏သဒ္ဓါနှင့် ငါ့ဖြစ်ရပ်များ

၁၃၂၇-ခုနှစ်၊ ဝါဦးမှသည် လူမထွက်မီတိုင် အောင်အတွင်း၌ ငါတို့၏ ဂေါစရဂါမ်ခေါ် ဆွမ်းခံ နယ်ပယ်ကား ဘဝမြင့်ရိပ်သာနှင့် မျက်နှာချင်းဆိုင် လေးထောင့်ကန်ရပ်ကွက်ဖြစ်၏။ ဆွမ်းခံဖိတ်ချိန်မှ သည် လူမထွက်မချင်းအထိ သဒ္ဓါအားပြည့်ဖြင့် လှူဒါန်းကြချေ၏။ သို့တစေလည်း သဒ္ဓါအင်အား နောက် ဓနအင်အားကား အကူမထောက်ပြီ။

ထိုခေတ်ကား တော်လှန်ရေးခေတ်ဖြစ်၏။ လူတစ်ကိုယ်လျှင် ဆန်(၄)ပြည်နှုန်းသာ တစ်လတွက် ရောင်းချပေး၏။ လှူရန်, ဒါန်းရန်ကား စာရင်း၌မပါ လေ။ ထို ဆန်(၄)ပြည်နှုန်းကလည်း ဝယ်တိုင်း လည်းမရ၊ ရောင်းတိုင်းသာရသော ခေတ်အခါ ဖြစ်ချေ၏။ ဆိုရှယ်လစ်အကြောင်း ပ. မ. ည. တ တို့ ဟောထားသဖြင့် လူအများ၏နား ကြားဖူးနားဝ ကား ရှိဖူးပြီးသားပင်ဖြစ်နေပါ၏။ ယခုတော်လှန်ရေး ကြီးက ဆိုရှယ်လစ်ဆိုတာဒါပဲ ဟူ၍ လက်တွေ့ပြသ လာသောအခါ လူတို့သည် ထိတ်ထိတ်ပျာပျာ ဖြစ်လာ ကြကုန်၏။ အေးရာမှ ပူလာကြလေကုန်၏။ နံနက် လင်းသည်နှင့် ဝမ်းစာစကား များများပြောလာကြရ ၏။

ဆန်သည် လူတိုင်းပါးစပ်ဖျားဝယ် နေရာ ဝင်ယူလျက်ရှိချေ၏။ ယခင်က ဆန်ကို မည်သူမျှ လေးစားရကောင်းမှန်း မသိကြ။ ဆန်တစ်ပြည် (၇၅)ပြားပေး အချိန်မရွေးရနေကြလေသဖြင့် ရန်ကုန် အလုပ်သမအစ ဆေးလိပ်သမအဆုံး အောက်တန်းလွှာ တစ်သိုက်လုံးတို့သည် ယနေ့ အလုပ်ဆင်း၊ ယနေ့လုပ်ခယူ၊ ယနေ့ညနေစားရန်နှင့်

မဟာဓမ္မပါလ



နက်ဖြန် နံနက် စားရန် ဆန်ကို ယနေ့လုပ်ခဖြင့်ပင် အိမ်သို့ ဝယ်ပြန်နေချိန် မျိုးဖြစ်၏။

ထိုအချိန်ကလည်း ဆန်တို့ဘက် ကလည်း လေးစားဖွယ်ရာမကောင်းကြ။ နေရာတကာ လမ်းဘေးပလက်ဖောင်း စသည်များ၌ပင် နေရာလု၍ စုဝေးနေကြခြင်း လူရှေ့သူရှေ့ ထွက်ပြခြင်း ဆန်သည်မလက်ထဲမှ ဗလန့်ကဲ့ လုယက် ထွက်ကြခြင်းဖြင့် ခြေရှုပ်နေကြချေ၏။ ၎င်းတို့နှင့် အတူ စားကုန်သောက်ကုန်မှသည် လူကုန်အထိ ရန်ကုန်၌ အလျှံပယ်ပွေရှုပ်လျက်သာရှိချေ၏။

ယနေ့တော်လှန်ရေးကြီး ဆင်နွှဲလိုက်ပြီ၊ ယနေ့ပင် ထိုကုန်ပစ္စည်းအားလုံး ကြက်ပျောက် ငှက်ပျောက် အားလုံးပင် ငုတ်ရှိုးသွားကြ၏။ နို့ဆီများ နှင့်တကွ ကြက်သွန်,အာလူးစသော သိုးတတ်ပုပ်တတ်သော ကုန်ပစ္စည်းတို့ကား ငါတို့ ငမိုးရိပ်တံတားမှနေ၍ ငမိုးရိပ်ချောင်းတွင်း ခုန်ချလျက်က သေကြောင်းကြံ သွားကြလေကုန်၏။ မြင်ကွင်းကား ဟင်းခနဲပင်။

ဤသို့အချိန်မျိုးမှာမှ ငါတို့ ရန်ကုန် တစ်ခေါက် ပြန်လည်ရောက်လာရသောအခါ ဆွမ်းဒါယကာ- ဒါယိကာမများသည် ယနေ့ဆန်ကို ဘယ်လိုသွားဝယ်ခဲ့ရပါသည်။ ဘယ်သို့သွား ရှာဖွေနိုင်မှ အခြားကုန်ပစ္စည်းများ ရကြပါသည်။ ငါတို့အား ဖောက်သည်ချပေးလိုက်သောအခါ နေပူရာ မီးအဟပ်ခံရသည့်ပမာ ငါတို့စိတ်သည် ငါတို့၏ စိတ်ကို အပူပေးလျက်သာ ရှိချေတော့၏။ 'မင်း- မြန်မြန်လူထွက်တော့'ဟူ၍ ဇွတ်အတင်း ပူဆာနေ၏။ မထွက်ချင် ထွက်ချင်အောင်လည်း လှုံ့ဆော်ပေးနေ၏။ ဒါယကာ-ဒါယိကာမတို့ကား သူတို့ရပစ္စည်း ငါတို့အား တစ်ဝက်ခွဲပေးနေသည်သာဖြစ်၏။ ငါတို့သည်ကား ငါတို့ရပစ္စည်း နည်းနည်းလေးမှ ခွဲပေးစရာ မရှိပါသေး။

ဒါယကာ-ဒါယိကာမတို့ကား နိဗ္ဗာန်ရသူထံမှ နိဗ္ဗာန်ရရန်ရည်သန်လျက်က လှူနေခြင်းသာ ဖြစ်ပါချေ၏။

ငါတို့သည်ကား ဤအစာကိုစား၍ တခြားသို့ သွားကြံနေချေ၏။ ဤကျောင်းပေါ်နေ၍ တခြားအကြောင်းမျှော်ခေါ်ကာ မျက်စောင်းထိုးနေပါချေ၏။

- ဘုရားကျွေးရာစား၍ ဘုရားစကား နားမထောင်လေသူမှာ နင့်မှနင်သာ အစစ်တည်း။
- အများလှူရာယူ၍ အများအကျိုး မဆောင်လေသူမှာ နင့်မှနင်သာ အစစ်တည်း။
- စင်စစ် သာသနာသည် နင်နှင့်မတန်ပြီ။
- ဒါယကာတို့၏ သဒ္ဓါတရားသည်လည်း နင်ကျက်စားရာများနှင့် လားလားမျှမထိုက်တန်ပြီ။
- နင်ကား ဘုရားကြားမှာနေ ဘုရားအမွေ အလွဲသုံးစား လုပ်နေသူသာတည်း။
- နင်ကား ဘုရားအရေခြုံ ဘုရားဂုဏ် ဖျက်နေသူတည်း။

ဤအတွေးအများစုတို့သည် ငါတို့၏စိတ်ကို အမြဲပင် ထုနှက်နေချေတော့၏။ ချစ်စိတ်ဝင်နေချိန်၌ တွေ့သမျှအရာတို့သည် ချစ်စရာချည်းသာဖြစ်နေတတ်၏။ သည့်အတူ မုန်းစိတ်ဝင်နေဆဲကာလ၌လည်း မြင်မိသမျှအရာအားလုံးသည် မုန်းစရာချည်းသာဖြစ်နေတော့ချေ၏။ ကြောက်စိတ်၊ ငြီးငွေ့စိတ် စသည်များတို့၌လည်း ထိုနည်းနှင်နှင်သာ ဖြစ်တတ်လှချေ၏။

စင်စစ် ပြင်ပ၏ ထိတွေ့ခွင့်ရအရာများသည် သူ့သဘာဝ သူ့ဓမ္မတာအတိုင်းသာလျှင် ပြသနေကြခြင်းသဘောရှိချေ၏။ ချစ်ပါစေ၊ မုန်းပါစေ ဟူ၍ကား မရှိလေ။

ထို တွေ့မြင်သမျှအရာတို့ကို ဖမ်းယူခံစားသော လူတို့၏စိတ်ခင်းအတွင်း၏ စီမံခန့်ခွဲ ခြင်းကသာ မိမိ၏ဓါတ်ခံအလိုက် ဝေဘန်သုံးသပ်ခြင်းမျှသာ။

ထိုသဘောရင်းသည် ဤ ငါတို့၏ ဖြစ်စဉ်များက သက်သေပြလျက်ရှိချေ၏။ ရဟန်းဘဝ ပျော်ပိုက်စဉ်တုန်းကလည်း ထိုအတွေ့အမြင်မျိုး ပွဲတိုးခဲ့ရဖူး၏။ သို့ သော် ကြောက်ရွံ့စိတ် ထိတ်လန့်စိတ်

မဟာဓမ္မပါလ



မပေါ်ခဲ့မိ။ အဘယ်ကြောင့်ဆိုသော် အပျော်က အဖော်အဖြစ် လိုက်ပါနေသောကြောင့်။

ယခုမှသာ ဤအမြင်အတွေ့မျိုးကို တစ်မျိုး အမြင်ပေါက်လာခြင်းဖြစ်၏။ အပျော်မှအပျက်သို့ အတွင်းဓာတ်ခံများ ပြောင်းလဲလာခြင်းကြောင့် ဖြစ်၏။ သို့ကြောင့်လျှင် ငါတို့ရှေ့တွေ့သမျှ အကြောင်းအရာတို့သည် ရဟန်းဘောင်မနေရန် အမြဲလှုံ့ဆော်လျက်ပင်ရှိချေ၏။

"အရှင်ဘုရား-သည်နေ့ ဆန်ကို မရရအောင် နံက်စောစောကပင် သွားရောက်စောင့်ဆိုင်းခဲ့ရပါသည်ဘုရား" ဤသို့ ၎င်းတို့အခက်အခဲကို ရင်းနှီးစွာဖော်ထုတ်ကြ၏။

"အရှင်ဘုရား- အပြင်မှာကလည်း ခါတိုင်းရောင်းနေကျ ဆန်သည်များကပင် အရင်းနှီးကမရှိဘူးဟူ၍သာ ခေါင်းရမ်းပြီး ပြောလွှတ်လိုက်ပါသည်ဘုရား" ဤသို့လည်း ထွက်ပေါက်မရှိသော ၎င်းတို့ဖြစ်အင်ကို တင်ပြသည်ကလည်း မရှားပင်။

ထိုအချိန်က လူတို့၏အခြေအနေသည် ယနေ့ တစ်ထပ်ဝမ်းစာ ဖူလုံရေးကို အဓိကအလေးပေးနေရချိန်သာဖြစ်နေ၏။ တစ်ခြား ဝင်ငွေရလမ်း စီးပွားရေးစခန်းများသို့ စိတ်လှမ်းစရာ မရှိလောက်အောင် ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်မျိုးသို့ အခြေဆိုက်လျက်ရှိ၏။ ကျီးလန့်အစာစား ဟူသောစကား ထိုအချိန်တုန်းက တော်တော်ပင် အသက်ဝင်၏။

ထို မြင်တွေ့ရ၊ ကြားသိရသော လူတို့၏ လူနေမှု ဒုက္ခရပ်များသည် ငါတို့၏သာသနာ့စဉ် မပီပြင်သော စိတ်ထားကို ချောက်ချားစေ၏။ သာသနာဝင်အချင်းချင်း မယိုင်းပင်းသော စိတ်ညှိစိတ်ထားစီးပွားနေခြင်းများကလည်း ငါတို့၏ သာသနာတော်အပေါ်၌ မခိုင်မြဲလေသော စိတ် ထားကို ထိုးစစ်ဆင်ကစားနေသည်သာဖြစ်၏။ ထိုအကြောင်းခြင်းတများကပင် ငါတို့အား လူ့ဘောင်သို့ အသွင်ကူးပြောင်းရန် တွန်းအားပေးနေသည်ဆိုက မမှားတန်ရာပြီ။

## နှောင်းအတိတ်ကို အရိပ်ဖမ်း၍ ပုံပေါ်ကြည့်လိုက်သောအခါ

ယခု ငါတို့သက်တမ်းသည်ကား (၂၅)နှစ် အတွင်းတည်း။ ထိုအတွင်း ဘဝ ခေါ် ဖြစ်စဉ်ကား အမျိုးမျိုးပြောင်းလဲခဲ့ရပါသည်ကို ပြီးခဲ့သော အကြောင်းရပ်များကို လေ့လာကြည့် သိနိုင်၏။ ပြီးစီးခဲ့သော အရွယ်ပိုင်းများသည် ကိလေသာ နယ်ပယ် မကျယ်ဝန်းသေးခြင်း၊ စိတ်ပျံ့၊ စိတ်လွင့်တို့၏ အလေအလွင့် နည်းပါးခြင်းများကြောင့် အားလုံးလိုလိုပင် မှတ်မိလျက်ရှိချေသေး၏။ ယခုတိုင် မြင်ယောင်လျက်သာ ရှိဘိ၏။ အသေးစိတ် ရေးပြခြင်း၌ မသင့်သည်များကိုလည်းကောင်း၊ အဆက်အစပ်ကူးပြောင်း၍ ရေးပြခြင်း၌ အဆီအငေါ် မတည့်သည်များကိုလည်းကောင်း၊ ချန်လှပ်ထားခဲ့ရသည်များလည်း ရှိခဲ့သေး၏။

ထိုဖြစ်စဉ်အမျိုးမျိုးတို့ကို တူရာတူရာ ပေါင်းရုံးရေတွက်၍ပြရသော် -

၁။ တဏှာ၏ ကြိုးဆွဲအတိုင်း အာရုံပေါ် ခင်မင်မှု အားကြီးခြင်း၊ အာရုံသစ်ကိုမျှော်ခြင်း၊ မြှောက်ပင့်ပေးမှုကိုသာယာခြင်း၊ အများတို့၏ အချီးမွမ်းခံလိုခြင်း၊ ရာဂစိတ်နှင့်သွေးများထခြင်းတို့ ဖြစ်ပေါ်သည်က တစ်ပိုင်း။

၂။ မာန၏ကြိုးဆွဲအတိုင်း ခက်ထန်ကြမ်းတမ်းစိတ်ဝင်လာခြင်း။ မိမိကိုယ်မိမိအထင်ကြီးသဖြင့် အားကိုးစိတ်ထား မြင့်မားလာခြင်း။ မိမိအထက်တို့အပေါ်၌ အနိုင်မခံ အရှုံးမပေးလိုခြင်းတို့က တစ်ပိုင်း။

ဤသို့ ဘဝဆက်ဆက်က ဝိဇ္ဇာမပါ စရဏသက်သက်သာ ကျင့်ခဲ့ဘူးလေသော သီလအားများကြောင့် ရှက်စိတ်ကြောက်စိတ်များနှင့် မြဲစိတ်ကောက်စိတ်များ ပေါ်ပေါက်လာစေ၏။

မဟာဓမ္မပါလ



တစ်ဖန် ဘဝဆက်ဆက်က စိတ်ဖြင့် လက်သင့်ခံခဲ့သော ရာဂနှင့်ကာမစိတ်များ နိုးထစေ၏။ ဤသို့ဘက်ပြိုင်လွန်ပွဲများ ဆွဲလျက်ရှိချေသည်ကို တွေ့မြင်ရမည်ဖြစ်၏။

(၁၃)နှစ်သားမှစ၍ အများတို့ ချီးမွမ်းသော အာရုံဆန်းအပေါ် ငမ်းစိတ်ဝင်လာ၏။ သို့ကြောင့် အပြောများရာ လိုက်ပါကျင့်လိုသော ဆန္ဒအား-ဖြစ်ပေါ်လာစေသည်မှာ ထင်ရှား၏။ ဤမှာကား ကာမရာဂါနုသယတို့၏ လှုံ့ဆော်ပေးခဲ့သော အပိုင်းတည်း။

တစ်ဖန်(၁၇)နှစ်သားမှစတင်၍ မာန်ဝင်လာခြင်းသည် ထင်ရှား၏။ သို့ကြောင့်ဆရာသမားတို့၏စကားကို မနာခံလိုခြင်း၊ ကိုယ်ထင်ရာကိုယ်တဖွတ်ထိုး တွန်းထိုးပြုကျင့်လိုခြင်း၊ ထိုထို ဆရာသမားများ၏ မေတ္တာစကားကို မာနအားဖြင့် ဖက်ပြိုင်လိုခြင်းများ ဖြစ်ပွားလာစေ၏။ ၎င်းကို ရွှေဘိုဝေဠုဝန်မှသည် ပုသိမ်သာသနာ့ရဲသီအထိ ဘဝခရီးလမ်းဖြင့် ထင်ရှားခဲ့ပါချေ၏။

ထိုအကြောင်းခြင်းတများသည်ကား ပြီးခဲ့သော ဘဝမှတ်တမ်များဖြင့် လုံလောက်ရာ၏။ ထိုဘဝလမ်းခရီးအတွင်း ငါတို့ကြုံတွေ့ခဲ့ရသော ဘာသာရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကိုလည်း မှတ်တမ်းတင်ခဲ့လိုသေး၏။

ထိုတွင် ဘာသာရေးသည် ဘာသာရေး၊ လူမျိုးရေးတို့ဖြင့် ရောမွှေခဲ့ထားရသော မြို့ကြီး ပြကြီးများ၌ မေးမှိန်လျက်သာရှိချေ၏။ ရန်ကုန်သည် အင်္ဂလိပ်မင်း ကြီးပြင်းခဲ့ရာဌာနကြီးဖြစ်သဖြင့် ထိုရန်ကုန်ရှိ ဗုဒ္ဓဘာသာဝင်တို့၏ အာရုံသည် ပုံ၌သာရှိ၏။ ဂုဏ်၌ကား မတည်လေ။ ရင့်ကျက်ခိုင်မာသော အရေအတွက်ကား ရှေးမှီတို့၌သာ အနည်းအပါး ရှိ၏။ ခေတ်၏သားကောင်တို့၌ကား သံခေတ်၊ ကျောက်ခေတ်မဟုတ် ဒုံးပျံခေတ် ဂြိုဟ်တုခေတ် ဟူသောစကား တွင်တွင်သုံးလျက်က ဘာသာ၏ ဓလေ့ခင်းကို အတင်းငြင်းပယ်လျက်ရှိချေ၏။

သည့်အတူ မွန်တို့ ထွန်းကားရာ မော်လမြိုင်၌လည်း လူကြီးသူမတို့မျှသာ ဘာသာနှင့် လူမျိုးအပေါ်၌ နှစ်နှစ်ကာကာ အလေးထား၏။ လူငယ်တို့ ကား အတွေ့၌ မေ့လျက်ပါနေသည်သာ များ၏။

နိုင်ငံရေးနှင့် နီးနီးစပ်စပ် တွေ့ရခြင်းသည်ကား ရန်ကုန်မှစ၍ ရွှေဘိုနှင့် ငါတို့တောရွာဒေသနေစဉ်တုန်းဘဝကား ယင်း နိုင်ငံရေးနှင့်အတွေ့အထိ မရှိခဲ့။ ထို့ကြောင့် မှတ်တမ်းမတင်။ ရန်ကုန်သို့ ငါတို့ရောက်ရာကာလသည် ၁၃၂၁-ခုနှစ်ဖြစ်၏။ (၁၉၅၉-ခု)လောက်ထင်၏။ ထိုစဉ်က ဖ. ဆ. ပ. လ ၏ သန့်ရှင်း၊တည်မြဲ အကွဲတို့ ရွေးကောက်ပွဲနွှဲချိန်ကာလဖြစ်၏။ ၎င်းကိုလည်း မှတ်တမ်းတင်ခဲ့ပြီးရှိ၏။

မော်လမြိုင်သို့ ရောက်ရာနှစ်ကား ၁၃၂၂-ခုနှစ် ဖြစ်၏။

ထိုစဉ်ကာလကား သန့်ရှင်း အောင်နိုင်ရေးရသဖြင့် ပ. ထ. စအမည်ခံလျက်က နိုင်ငံကို အုပ်ချုပ်ချိန်ဖြစ်၏။ (၁၉၆၀)ပြည့်နှစ်ထင်မိ၏။ ထို ပ. ထ. စ သည် ၎င်းတို့သာ အာဏာရလျှင် ဗုဒ္ဓဘာသာကို နိုင်ငံတော်အဖြစ် ပြဋ္ဌာန်းပေးပါမည် ကတိကြောင့်လည်းကောင်း၊ ထိုစကားအား ကျန်သံဃာတော်အများ၏ ပံ့ပိုးမှုကြောင့်လည်းကောင်း အနိုင်ရမည်ဆိုက ငြင်းစရာမရှိ၊ (၈၅)ရာခိုင်နှုန်းသော ဗုဒ္ဓဘာသာဝင်တို့၏ တစ်ခဲနက်အားပေးမှု၊ တစ်ပြည်လုံးနီးပါးအနိုင်ရမှုတို့က သက်သေခံနေ၏။ အတိုက်အခံတို့ ဘက်မှာမူ အစိုးရ၏ အစွန်းထွက်မျှ အရေအတွက်မရှိ။ အတိုက်ခံကြီးများအရွေးမခံရ။ မထင်မရှား အတိုက်အခံငယ်သားကလည်း ပါလီမန်၏ အစိုးရ စံမှတ်သော မူဝါဒမှန်သမျှ အားလုံးကောင်းပါသည်ဖြင့်သာ ကိစ္စပြီးရ၏။

ထိုသို့ တစ်ပြည်လုံးလုံး အနိုင်ရသော်လည်း မိမိပါတီတွင်း၌ကား အရှုံးပြလာ၏။ ရွေးကောက်ပွဲကြီးမတိုင်မီကာလအထိသော အကွဲအပြဲကာလတစ်လျှောက်တို့၌ ပါတီအတွင်းရေးမှုးသည် အီးစီမဒါးသား

ပြန်ပေးဆွဲမှု အကြောင်းပြ၍ ထောင်နန်းစံနေရချိန် ဖြစ်သဖြင့် တွဲဘက်များက တာဝန်ယူဆောင်ရွက်ခဲ့ရ၏။ အနိုင်ရသောကာလ ထောင်မှလွတ်လာသော အခါ ဥက္ကဋ္ဌကြီးက တာဝန်ပြန်လည်ပေးအပ်၏။ တွဲဘက်တို့ကား ဖယ်မပေးလို။ ထိုမှစ၍ ပါတီတွင်း အကွဲအပြဲဆိုက်လာခဲ့ကြရာ အစိပ်စိပ်အမွှာမွှာ ဖြစ်လာတော့၏။

သခင်အုပ်စု ဗိုလ်အုပ်စုဟူ၍ တစ်မျိုး၊

ဦး အုပ်စု ဒေါ်အုပ်စုဟူ၍ တစ်မျိုး၊

သင်းကွဲ အုပ်စုကွဲများ အလျှိုအလျှို ပေါ်ပေါက်ခဲ့ရ၏။ ငါတို့မော်လမြိုင်၌လည်း ဗိုလ်အုပ်စုနှင့်ဒေါ်အုပ်စုကွဲ၏။ သို့ကြောင့် ပါတီတွင်းရွေးကောက်ပွဲကြီးများ ထပ်မံကျင်းပကြလေရာ ငါတို့ မော်လမြိုင်၌ကား ဒေါ်အုပ်စုက အနိုင်ရသွား၏။

ထိုအားလုံး မှတ်တမ်းတင်ခဲ့ပြီးဖြစ်၏။ ထိုအစိုးရသည် ၎င်းတို့အချင်းချင်း အကွဲအပြဲ ဆေးထည့်နေရသဖြင့် တိုင်းပြည်ကိစ္စ မည်မည်ရရ မဆောင်ရွက်နိုင်။ သည်အထဲ ရှမ်း-ကယား-ချင်းတို့ ဦးဆောင်သော ဖက်ဒရယ်မူကိစ္စကလည်း ဝင်ရောက်လာချေသေး၏။

မကြာပါလေ။ တော်လှန်ရေးကောင်စီက အာဏာသိမ်းကြောင်း ပေါ်ပေါက်လာချေတော့၏။ အများတို့သည် ဘာဖြစ်မလဲ၊ဘာလုပ်မလဲ လည်တဆန့်ဆန့်ရှိနေကြ၏။ မျှားမကြာမီအတွင်း၌ပင် အဖွဲ့အား အဖွဲ့ဝင်(၇)ဦးဖြင့်သာ အုပ်ချုပ်ခြင်း၊ လစာများကိုလည်း အများဆုံးမှာမှ (၁၅၀၀)ကျပ်မျှသာ သတ်မှတ်ခြင်းများ ကြေညာ၏။ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့်သာ ဆိုရှယ်လစ်စနစ် တည်ဆောက်မည် ဖြစ်ကြောင်းများကိုလည်းကြေညာ။ အားလုံး (နိုင်ငံရေးအခွင့်ထူးခံတို့မှတစ်ပါး)ကပင် လှိုက်လှဲစွာ ကြိုဆိုကြ၏။

ယခင်က အကွရာဇ္ဇည်းများဖြင့် အပြိုင်အဆိုင်လိုက်၍ ဝန်ကြီးအဖွဲ့ (၃၃)ဦး ထားရှိကာ (၄ာန-လက်ကိုင်မရှိ ဝန်ကြီးများဖြင့်ပင် အခွင့်အရေးပေးကာ) ဖွဲ့စည်းခဲ့ရာမှ ယခု(၇)ဦးတည်းဖြင့်ပင် ဖွဲ့စည်းခြင်းသည် အားလုံး၏ကြည်ညိုမှုကို တိုးပွားစေ၏။ ယခင် (၅၀၀၀)ကျပ်စားအမတ်၊ (၅၀၀)ကျပ်စားအမတ်တို့အစား ယခု(၁၅၀၀)ကျပ်စားသာ အလွန်ဆုံး သတ်မှတ်ထားခြင်းကလည်း ပြည်သူများ၏လေးစားမှုကို ခံယူရချေ၏။

ငါတို့မော်လမြိုင်၏ နိုင်ငံရေး ဦးဆောင်များကပင် ငါတို့လူတွေထက်သာသည်။ သည်ခံယူချက်မျိုး ယခင်ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့သေး စသည်, စသည်ဖြင့် ချီးကျူးသံများ ငါတို့ဆွမ်းခံသွားလျက်ကကြားခဲ့ရ၏။ သို့ကြောင့် ထိုနှစ်က သင်္ကြန်တွင် 'ဆားနဲ့ပဲစားမယ်' ဟူသော ဆိုင်းဘုတ်ကြီးဖြင့် ရေပက်ခံထွက်သည်ကို တွေ့ခဲ့ရ၏။

ဤအထိကား မော်လမြိုင်နေလျက်က တွေ့သိခဲ့ရပုံများတည်း။

ထို့နောက် ရွာသို့ပြန်ကာ ဝါဆိုရ၏။ ၁၃၂၄-ခုနှစ်ထင်၏။ နတ်တော်-ပြာသိုလလောက်တွင် ငါတို့ကား ရွှေဘို၏တောင်လက် လှတောနယ်၊ ဥယျာဉ်မှတ်၌နေစဉ် ထူးကဲသော ဥက္ကာပျံကြီးကိုတွေ့ရ၏။ သတင်းစာများ၌ပင် ပါ၏။ စနေ့ထောင့်မှသည် တနင်္ဂနွေထောင့်ဆီသို့ ဒေါင့်တန်းကန့်လန့်ဖြတ်လျက်က ရှေ့ကသပိတ်လုံးကြီးပမာဏ၊ နောက်က ဖျာလိပ်ကြီးပမာဏ အနီရောင်အရာဝတ္ထုကြီးများသည် ညတစ်ည၏ (၇)နာရီခန့်မျှတွင် ဖြတ်သန်းသည်ကို တွေ့ရ၏။

ထိုနှစ်များက တော်လှန်ရေးကောင်စီ၏ ဦးစွာသော ပထမခြေလှမ်းသည် ဘဏ်အားလုံးတို့ကို ပြည်သူပိုင်သိမ်းလိုက်ခြင်းတည်း။

ထိုခြေလှမ်းကိုလည်း ပြည်သူတိုင်းက သောင်းသောင်းဖျဖျ ကြိုဆိုကြ၏။ ခေတ်အဆက်ဆက် ကြီးစိုးခဲ့သော အရင်းရှင်တို့၏ အရှိန်အဝါကို အညွန့်ချိုးသောအဖြစ်ကို မြင်၍။

မဟာဓမ္မပါလ



၁၃၂၅-ခုနှစ်တွင်ကား ငါတို့ပုသိမ်သို့ ရောက်ရှိနေ၏။ ထိုနှစ်တို့တွင်ကား ဈေးဆိုင်တွေအားလုံး ပြည်သူပိုင်သိမ်းပိုက်ခြင်း၊ ရာတန်- ငါးဆယ်တန်များ ရုပ်သိမ်းခြင်းများ ဆက်တိုက်လုပ်လာချေတော့၏။

ထိုအခါတွင်ကား အားလုံးနီးပါး ကျောကော့အောင် ခံလိုက်ကြရတော့၏။ ပြည်သူ့အောင်ပွဲဟူ၍ ဘဏ်သိမ်းစဉ်က အော်ခဲ့သည်အစား ယခုကား ပြည်သူ့လောင်ပွဲဖြစ်သွားချေပြီ။ ငါတို့ပုသိမ်၌ မိမိနေအိမ်တွင် အထက်ထပ်ကားလူနေ၏။ အောက်ထပ်ကိုကား ဆိုင်ဖွင့်ထား၏။ ဈေးကြီးအနီးရှိ အိမ်များ၏ မြင်ကွင်းတည်း။

ထိုသို့ ဆိုင်ဖွင့်ထားရာမှ ယနေ့ ပြည်သူပိုင်ဟူ၍ ကြေညာကာ အိမ်ရှင်အစား အမှုထမ်းများက အသားလွတ်နေရာဝင်ယူလာသောအခါ အိမ်ရှင်တို့သည် အထက်ထပ်မိမိပိုင်အိမ်မှ အောက်ထပ်ပြည်သူပိုင်ဆိုင်ခန်းသို့ ဆင်းလာသောအခါ မျက်စောင်းထိုးလျက်က ဆင်းလာကြချေ၏။ တက်လျှင်လည်း တစ်ချက်မျက်စောင်းထိုးပြီးမှသာ တက်ကြချေ၏။ သည့်အတူ တာဝန်ခံ ဝန်ထမ်းတို့ဘက်မှလည်း အထက်ထပ်မှ ဆင်းလာသောခြေသံများ ကြားရသော် တစ်ချက်မျက်လုံးပြူးကြည့်၍ တစ်ဖန်ပြန်တက်သွားလေသောအခါ တစ်ခါမျက်ခွံလှန်ကြည့်ကြချေတော့၏။ ထိုမြင်ကွင်းကား အမြဲတမ်းပင်တည်း။

တစ်ဖန် ငွေလဲလှယ်မှု အကြောင်းပြု၍ သားအဖချင်း၊ ညီအစ်ကိုချင်း မခေါ်နိုင်မပြောနိုင်အထိ ဆိုးဝါးသွားစေခဲ့၏။ ကျွန်နှင့်သခင် အားလုံးပင်ဖြစ်၏။ ငွေလဲရာ၌ မည်မျှအရေအတွက် အပ်လျှင် မည်မျှပြန်ရမည်။ မည်မျှမှ ပိုလွန်လျှင် ပြည်သူပိုင်အသိမ်းခံရမည်ဟူသော စည်းကမ်းချက်ကြောင့် မိဘက သားသမီးများကို တစ်ဖက်လှည့်အလဲခိုင်းကြ၏။ ပိုင်ရှင်က အလုပ်သမားများကို အမည်ခံစေ၍ အလဲခိုင်းကြ၏။ တော်လှန်ရေးကောင်စီက သိသွားသောအခါ ပြန်မပေးရ။ မိမိလဲယူ၍ ရသည်ကို မိမိပင်သုံးနိုင်သည်ဟူ၍ ကြေညာလိုက်ချေတော့၏။ ငါတို့ပုသိမ်ရှိ သား,သမီး,ကျေးကျွန် တို့သည် ငါးရာကျပ်မျှလောက်သော ငွေကြေးပမာဏလေးဖြင့် မိဘပိုင်ရှင်တို့ကို တော်လှန်ချေတော့၏။

ဤကား ပုသိမ်၌ရှိစဉ် တွေ့ခဲ့ကြုံခဲ့ရသော ဖြစ်ရပ်များတည်း။

စီးပွားရေး၌ကား နိုင်ငံရေးအရကြောင့်လည်းကောင်း၊ မိမိတို့လူမျိုး၏ ပင်ကိုယ်သတ္တိညံ့ဖျင်းမှုကြောင့်လည်းကောင်း၊ အမြင်မကျယ်မှု၊ နေသာသလို နေမှုများကြောင့်လည်းကောင်း၊ မြန်မာပိုင်ကား မဆိုစလောက်သာ တရုတ်-အိန္ဒိယနွယ်ဖွားတို့လက်ထဲမှာလိုချည်း အပြီးရှိ၏။ ဈေးကွက်ဈေးကစားမှုသည် ယင်းတို့ သဘောကျအတိုင်းသာရှိ၏။ အရာထမ်းအမှုထမ်း များစွာသည်ပင် ၄င်းတို့လက်အောက်ခံသဖွယ်သာရှိ၏။

အမည်ခံအားဖြင့်သာ မြန်မာနိုင်ငံ ဆိုရ၏။ အနှစ်သာရကား အတွင်းသား ခြ၏ လှိုက်စားခြင်းကို ခံနေရချေ၏။ ထိုစက်ရုံ၊ ထိုကုမ္ပဏီ များသို့ ဝင်ရောက်အမှုထမ်းသော မြန်မာမသည် ယင်းတို့၏ မယားငယ်သော်လည်း ဖြစ်ရာ၏။ တိတ်တိတ်အပျော်ထားသော်လည်း ဖြစ်ရာ၏။ ပေါ်သော် အလုပ်ပြုတ်သေး၏။ ရပ်ကွက်တွင်း၊ ကျောင်း၊ တက္ကသိုလ် စသည်တို့၌လည်း မြန်မာမတို့ထံမှ ထွက်သော အညှီနံ့ကား တထောင်းထောင်းသာရှိချေ၏။ တော်လှန်ရေးတက်လာသောအခါ ခြေငြိမ်သွားကြ၏။

လူမှုရေး၌ကား ဆိုစရာပင်မလိုချေပြီ။ လူမှုရေးသည် နိုင်ငံရေး၊ စီးပွားရေးကြား၌ ရပ်တည်ရသောကိစ္စဖြစ်၏။ လူမျိုးအဖုံဖုံ ဘာသာစုံအလွှားလွှားတို့ကြားမှ တက်နေရသောကိစ္စဖြစ်၏။ နိုင်ငံရေး၊ စီးပွားရေးအားနည်းသော ဘာသာရေးခံယူချက် မှေးမှိန်နေသော ထိုခေတ်၏ လူမှုရေးကား ဝံသာနုရက္ခိတတရား ခေါင်းပါး၍ ချွတ်ခြုံကျသော ကာလပေတည်း။

မဟာဗုဒ္ဓပါလ



ဤသို့ မှတ်တမ်းတင်ခဲ့ခြင်းသည် ငါတို့ဘဝနှင့်အပြိုင် ယှဉ်ပြေးလာသော ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို နောင်းခေတ်သားတို့ သုတပွားရန်သာ ရည်၏။

ဘုရားရှင်၏ နိကာယ်များ၌ ဘုရားလက်ထက်တော်က ထိုအရေးများ ပါရှိနေသဖြင့် ငါတို့သိရဘိသို့ ငါတို့လက်ထက်ရှိ အရာတို့ကိုလည်း နောင်းလူတို့ကို သိစေလို၏။

အစိုးရအဖွဲ့တစ်ဖွဲ့ကိုသော်လည်းကောင်း၊ ဘာသာရေး၊ လူမှုရေးအစုများကိုလည်းကောင်း အပုပ်ချခြင်း၊ ဝေဖန်လိုခြင်းကားအလျှဉ်းမရှိလေ။ အစိုးရအဖွဲ့တိုင်း၌ လွတ်လပ်ရေးတိုက်ပွဲဝင်များ အများစု ပါဝင်နေချေ၏။ ထိုသူတို့၏ တိုင်းပြည်နှင့် လူမျိုးအပေါ်လည်းကောင်း၊ ဘာသာ,သာသနာအပေါ်လည်းကောင်း ထားရှိသောစေတနာကိုကား မစော်ကားဝံ့။ မစော်ကားရဲပြီ။

-တော်စွလျော်စွဖြင့် တော်လှန်ရေးမလုပ်ရဲ။
-တော်စွလျော်စွဖြင့်လည်း လွတ်လပ်ရေး အရေးမဆိုရဲ။
-တစ်ဖန် တော်စွလျော်စွ သိက္ခာစေတနာများဖြင့်လည်း ခေါင်းဆောင်မဖြစ်။

ယုတ်စွအဆုံး ရပ်ကွက်ခေါင်းဆောင် ဆိုသူသည်ပင် ထိုတစ်ရပ်ကွက်လုံး နှစ်သက်သော ကိုယ်ကျင့်သိက္ခာ၊ ရပ်ရွာလူထုအပေါ်ထားရှိသော စေတနာ အထူးအားကောင်းပါမှသာ ဖြစ်တတ်ချေရကား ထိုတိုင်းပြည်ခေါင်းဆောင်ကား ကိုယ်ချင်းစာပွား မေတ္တာထားကြည့် သိနိုင်လောက်ရာပြီ။

အထက်ပါ အခြင်းအရာများသည် ထို(၂၅)နှစ်သက်တမ်းအတွင်း ကြုံတွေ့ခဲ့ရသည်များ ဖြစ်ကြ၏။ မာနာနုသယ၏ အမှတ်အလွှင့်အတိုင်း မျောပါသွားရာမှ ရခဲ့သော အတွေ့အကြုံများလည်း ဖြစ်ပါချေ၏။ (၁၇)နှစ်သားမှစ၍ဝင်ဆံ့လာသော ထိုမာနတရားကား ဘယ်သောကာလများမှ ရပ်စဲလေမည်နည်း။

ဤကား ငါတို့ဘဝ၏ ပဌမပိုင်းတည်း။

# မိသားစုဝင် ပုံရိပ်သွင်



ဆရာတော်ဘုရားကြီး၏ မယ်တော်ကြီးဒေါ်မေ



ဆရာတော်ဘုရားကြီး၏ မယ်တော်ကြီးနှင့်အကို,အမများ



အကို ဦးသန်းမောင်



အမ ဒေါ်စန်းကြည်



မောင်ငြိမ်းမောင်

မဟာဓမ္မပါလ

# ဇာတိဌာနေ မွေးရပ်မြေ



မင်းကုန်းကျေးရွာရှိ နှစ်ဆောင်ပြိုင် ရှေ့မျက်နှာစာ နေအိမ်ပုံ



ကန့်ဘလူမြို့နယ်၊ မင်းကုန်းကျေးရွာရှိ
နေအိမ်ဝင်းခြံအတွင်း တည်ထားသည့်
ရွှေချက်သို တံခွန်တိုင်



မင်းကုန်းကျေးရွာရှိ နှစ်ဆောင်ပြိုင် ဘေးတိုက် နေအိမ်ပုံ



ဇာတိရွာ ၊ နေအိမ်ဝင်းအတွင်း တည်ဆောက်ထားသည့်
ဒေယသျှစ်ဗိမာန်

2005 3 26

မဟာဓမ္မပါလ

ရှင်ပြုအလှူသဘင် ဂေဇက်ဝင်



(၁၄)နှစ်သားရှင်ဘဝ



အလှူ့အမ မယ်တော်ကြီးဒေါ်မေနှင့်အမ-မစန်းကြည်



ကန်တော့ပွဲကိုယ်စီ ကျောင်းတော်ဆီသို့ . . .

ဆရာတော်ဘုရားကြီး၏ ရဟန်းဘဝ
ပုသိမ်မြို့ သာသနာ့ရုံသီပါဠိတက္ကသိုလ်၊ ပရိယတ္တိသာသနာ့ရုံသီစာမေးပွဲ
ပထမကြီးအောင်လက်မှတ်



# ဒုတိယပိုင်း

မဟာဓမ္မပါလ



## ဘဝသစ်ကို မွေးဖွားသန့်စင်ခြင်း

၁၃၂၇-ခုနှစ်၊ တော်သလင်းလဆန်း (၁၃) ရက်နေ့၏ ညနေခင်းတွင်သက်န်းကျွန်း၊ နှင်းဆီကုန်း ဘူတာရှေ့ရှိ ဓမ္မရိပ်သာကျောင်းတိုက်မှ သင်္ကန်းကျွန်း ဘိုးဘိုးကြီးရှိရာ နတ်စင်ကြီးအနီးရှိ ဘတ်စ်ကား (၁၃-ကားလိုင်း)ရှိရာသို့ ထွက်ခဲ့ပြီး ရန်ကုန်မြို့တွင်း သို့ဝင်ခဲ့၏။ ရန်ကုန်မြို့တွင်းရောက်သော် မဟာဗန္ဓုလ လမ်းရှိ လွတ်လပ်ရေးဆံသဆိုင်သို့ ဝင်ရောက်ကာ ဦးစွာ ဆံပင်ညှပ်စေ၏။

ထိုသို့ဖြစ်ရန်ကိုကား အကြံအစည်ဖြင့် လွန်ခဲ့သော လပြည့်မှနောက်ပိုင်း ဆံမပယ်ဘဲ လက်သတ်မွေးထားပြီး ဖြစ်သောကြောင့်ပင် ဖြစ်ချေ၏။ ညပိုင်းကျလေမှ (ည ၇-နာရီခန့်မှ)ဝင်ရောက်ခြင်းကား ရှုတ်တရက်သော ဝတ်ကြောင်ဝတ်ကို ပြသရန် ရှက်လှခြင်းကြောင့်တည်း။

ထို လွတ်လပ်ရေး ဆံသဆိုင်မှ ထွက်လာလေသောအခါ ညသည် မီးရောင်တို့ဖြင့် မြို့ကို တန်ဆာဆင်ထားပြီးဖြစ်နေ၏။ ထိုမှတစ်ဆင့် နောင်တော်ရှိရာသို့ ထွက်ခွာခဲ့ရ၏။ နောင်တော်ကား ဘုန်းကြီးလမ်းမှာသာရှိ၏။ ဆရာကြီး ဦးလှသိန်း၏ ဌာနချုပ်ကား ပြောင်းသွားပြီး ဖြစ်နေချေပြီ။ သို့ကြောင့် ထိုအိမ်၌ ပရိတ်သတ်ရှုပ်ထွေးခြင်းမရှိချေ။ ထိုလ၏လပြည့်နေ့ ရောက်သောအခါ ကျောက်မြောင်းရှိ ကြံတိုင်းအောင် ဆေးလိပ်ခုံမှ မန်နေဂျာဦးမျိုးညွန့်နှင့် ဆက်သွယ်ကာ ထို ကြံတိုင်းအောင် ဆေးလိပ်ရုံသို့ ရောက်ရှိသွားချေတော့၏။

လောကတွင်းသို့ ဝင်စသတ္တဝါတိုင်းသည် ယောင်နနဖြင့် စမ်းတဝါးဝါးသာ။ ငါတို့သည်လည်း ရဟန်းလောကမှ လူလောကကြီးထဲသို့ ရောက်သစ်စ ကာလမျှသာ ရှိချေသေးသဖြင့် ဒိုးတိုးအတ ယောင်နနမျှသာရှိချေသေး၏။ ခိုင်းသလောက်ကိုသာ လုပ်တတ်၍ လုပ်သလောက်ကိုသာသိတတ်သေး၏ မဝတ်တတ်ချေသေးသော ပုဆိုးသည် ကျွတ်တတ်လှချေ၏။ ရွှေဘိုဝေဠုဝန်မှ ဆရာတော်ကြီး လူထွက်သွားချေသောအခါ ခါးပတ်ကြီးပတ်လျက်က ဝတ်ထားသော ပုဆိုးဝတ်ပုံကို ပြေးမြင်ယောင်မိ၏။ ညနေ၏ ညစာစားသုံးရသောအခါမျိုးတို့၌လည်း စားမဝင်။ နင်ဆို့၊ တစ်ဆို့ ဖြစ်နေတတ်သဖြင့် အသက်(၇၅)နှစ်ကျခါမှ လူထွက်သွားသော ထို ရွှေဘိုဝေဠုဝန်ဆရာတော် လူထွက်ကြီး၏ ညစာစားမရ ဟူသော သတင်းစကားကို ကြားယောင်ကာ ကိုယ်ချင်းစာနာမိပါချေ၏။

ဆေးလိပ်ခုံ၌ ကိုင်တွယ်ကြရသော ပစ္စည်းကိရိယာများသည် အပေအကျံပစ္စည်းများချည်းဖြစ်တတ်ကြချေရာ ပစ္စည်းတစ်မျိုး အလုပ်တစ်ခု လုပ်ကိုင်ရပြီးတိုင်း လက်ရေတစ်ခါ သွားသွားဆေးရသည်မှာလည်း အမောပင်ဖြစ်ချေ၏။ ဆရာ-မန်နေဂျာဖြစ်သူက "ဟေ့လူ- ဘာလုပ်ဦးလေ" စသဖြင့် ခိုင်းလိုက်ရာမှ 'ဟေ့လူ'ဆိုသော အသံကြားရလျှင် လန့်လန့်နေတတ်လှ၏။ 'အော်-ငါလူပါလား' ဟူသော အတွေးလည်း ဝင်, ဝင်လာတတ်သေး၏။

ငါတို့ဆေးလိပ်ခုံကား လုပ်သား(၁၂၀)မျှ ရှိချေ၏။ အလတ်တန်းစား ခုံမျိုးဖြစ်၏။ ရန်ကုန်၏ အကြီးဆုံးသော ကျားပုံမှာမူ(၇၀၀)လောက်သာ ရှိချေ၏။ ထိုဆေးလိပ်သမတို့ကို ငါတို့မကြည့်ရဲသဖြင့် စာရင်းအင်းရေးမှတ်ရလေသောအခါ ဆေးလိပ်သမတို့ တည်ရှိရာကို ကျောပေးလျက် ထိုင်ရ၏။ ကိစ္စရှိ၍ ၄င်းတို့ကြားမှ ဖြတ်သွားဖြတ်လာ ပြုလုပ်ရလေသောအခါ၌လည်း ကတုန်ကယင်ဖြစ်နေတတ်၏။ ကျောချမ်း၍ ခေါင်းနပမ်းကြီးနေတတ်လှချေ၏။ ထိုဆေးလိပ်သမတို့ကလည်း တစ်ရက်စ, နှစ်ရက်စ တွင်ကား ဘာမှမဆိုကြသေး၊ အကဲခတ်၍သာ နေကြသေး၏။ တစ်ပတ်မျှ အနေကြာလာသောအခါ ငါတို့အား စကြ, ပြောင်ကြ, နောက်ကြ ချေတော့၏။

မဟာဗုဒ္ဓပါလ



ငါတို့ကား မျက်နှာထားစရာမရှိပြီ။

ထိုခေတ်က ရုပ်ရှင်လောကတွင် ကောလိပ်ဂျင် နေဝင်းခေတ်ဖြစ်၏။ အရုံများ၌ ကတုံးနှင့်ချိုးဘူး ဆိုသူလည်းရှိသေး၏။ ငါတို့၌လည်း ဘိုကေပုံ မပေါ် သေးသော ကတုံးနှင့် မျက်မှန်နှင့်ဖြစ်ရာ -

"အေး-ခုနေတော့ ချိုးဘူးပဲ၊တော်တော်ကြာ ကောလိပ်ဂျင်ဖြစ်မှာပါအေ့" ဟူ၍ ခနဲ့ကြချေ၏။

ဆံပင်များရှည်လာချေသော တစ်လကျော် ကြာလာသော အခါများ၌ကား ဆီမလူး မဖြီးမချယ် နေလေ့ရှိသော ငါတို့ကို -

"ဆီလူးဖို့ အိမ်လိုက်ခဲ့ဦး" မကြားတကြား နောက်ကြ,စကြ၏။ မိန်းမ,ကြောက်တတ်မှန်း သိလေ ငါတို့အား စကြလေဖြင့် တစ်နှစ်နီးပါးမျှ အချိန်ရလာ သောအခါ အားလုံးက ခင်မင်လာကြ၏။

ထိုအခါက အလုပ်သမားဘက်ကအားပေး လျက်ရှိသော တော်လှန်ရေးကြီး၏ အရှိန်အငွေ့ ကြောင့် ပိုင်ရှင်နှင့်လုပ်သားသည် တဖောင်းစေးနှင့် မျက်ချေးနှင့်သာရှိချေ၏။ မည်မျှအလုပ်သမကရိုးရိုး ပိုင်ရှင်က ရိုးသားသည်မထင်။ မည်မျှပိုင်ရှင်က ကောင်းကောင်းလည်း အလုပ်သမများက အကောင်း မမြင်။

ငါတို့ဆိုလျှင်ကား အလုပ်သမတိုင်းက ယုံကြည်လာ၏။ မကျေနပ်ချက် တစ်ခုခုပေါ်လာ၍ စောဒကတက် ချက်ချင်း စိတ်ရှည်ရှည် ရှင်းပြပေး လေ့ရှိသော ငါတို့၏စေတနာကို ရိပ်မိလာခြင်းကြောင့် ပင် ဖြစ်၏။

တစ်ဖန် ပိုင်ရှင်ဘက်ကလည်း ရောက်စ တွင် အမျိုးမျိုးစမ်းသပ်၏။ စိတ်ဓာတ်၊ အသိဉာဏ်၊ စာရိတ္တ အားလုံး၌ပင် အစမ်းခံရ၏။

စိတ်ထားသိလိုသဖြင့် အမြောက်လည်းသုံး၊ အငေါက်လည်းသုံး၏။

အသိဉာဏ်သိလိုသဖြင့် မေ့လေဟန်သုံး မသိဟန်ဖုံး,ဖုံးလျက်ကလည်းစမ်း၏။

ကိုယ်ကျင့်သိလိုသဖြင့် ရံတစ်ခါ ငွေများကို အမေ့ကောက်ခါ ငါတို့စားပွဲ၏အံဆွဲထဲ၌ တစ်ညတာ မျှ ထားပစ်ခဲ့၏။ ငွေများနှင့်ပတ်သက်၍ လက်ရာ မပျက် တွေ့ရလေသောအခါ နာရီ စသည်များကို အမေ့ကောက် ထားပစ်ခဲ့၏။

ဤသို့အားဖြင့် လများစွာကြာညောင်းလာ မှ ငွေကြေးနှင့်စပ်ဆိုင်သော အရောင်းကိစ္စ၊ မော်ဘီ၊ ကျောက်တန်းစသည့် ကိုယ်စားလှယ်များထံသို့ အကြွေးတောင်းကိစ္စများကို တစ်ဦးတည်း စေလွှတ် တော့၏။

ငါတို့သည်လည်း လများစွာကြာညောင်း လာသဖြင့် အလုပ်၏လုပ်ကွက်သဘောကို နားလည် လာပြီဖြစ်ခဲ့၏။ သို့ကြောင့် ပိုင်ရှင့်ဘက်ကလည်း ဘာမဆိုငါတို့အပေါ် အပြည့်ယုံလျှက်ကသာ ရှိချေ ၏။ ငါတို့သည်ကား ပိုင်ရှင်နှင့်လုပ်သားတို့အကြား ခုံသမာဓိအရာသို့ အလိုလိုရောက်ရှိသွားချေပြီ။

တစ်ဖန် အိမ်တွင်းရေး ကိစ္စရပ်များ၌လည်း တစ်အိမ်တည်းမှာပင် ပိုင်ရှင်၏ လင့်ဘက်၊ မယားဘက် ဆွေမျိုးများ ပေါင်းစုနေရာဖြစ်သဖြင့် အချင်းချင်း အတည့်ကြည့်, မကြည့်မိကြချေ။ မယားဘက်မှ အစ်မ,တူမများက ထိုမယားသေပြီး နောက်ပိုင်း အိမ်တွင်းထိန်းသိမ်းရေးကိစ္စအဝဝ အစစ တာဝန် ယူထားကြရပြီး၊ လင့်ဘက်မှတူများက လုပ်ငန်း၏ ကိစ္စအဝဝ အစစ တာဝန်ယူထားရချေ၏။

ငါတို့၏ဆရာ မန်နေဂျာဦးမျိုးညွန့်သည် ကြံတိုင်းအောင် ဆေးလိပ်ရုံပိုင်ရှင်ဦးစိန်အောင်၏ နှမအရင်းမှ မွေးဖွားသောသားဖြစ်၏။ အိမ်ထောင် ကျသဖြင့် မယားနောက်လိုက်နေလျက်က အလုပ်ရုံကို ဦးစီး၏။

ပိုင်ရှင်၌ကား သားနှစ်ယောက်တည်းသာ ထွန်းကားချေရာ အကြီးသားကားကျောက်တန်း၌ အိမ်ထောင်ကျသဖြင့် အိမ်ခွဲသွားပြီး၊ အငယ်သား ကား ပညာသင်ဆဲမျှသာ ရှိချေသေး၏။ သို့ကြောင့်

မဟာဓမ္မပါလ



အိမ်, လုပ်ငန်းနှင့် ကိစ္စအားလုံးတို့၌ ကြားလွတ် သမားများ ချည်းသာတည်း။

ထိုဆေးလိပ်ခုံ၌ ငါတို့နှင့်အတူနေတို့ကား ထိုဆေးလိပ်ရုံ၏ ပိုင်ရှင်ဖြစ်သော ဒေါ်ခင်ပြုး၏ အစ်မများ၊ တူမများဖြစ်ကြ၏။ အစ်မများဖြစ်ကြသော ဒေါ်ခင်ခင်နှင့် ဒေါ်ဝင်းကြည်တို့ကား အိမ်ထောင်ကိုစီမံ၏။ တူမများဖြစ်ကြသော ညိုညိုစိန်၊ အေးအေးစိန်၊ ဖြူဖြူစိန် သုံးဦးတို့တွင် အလတ်မကား အိမ်ထောင်ရှင်ဖြစ်နေသဖြင့် အတူနေတစ်စီးပွားဖြစ်၏။ ကျန်နှစ်ဦးသာ အိမ်ထောင်စုစာရင်းဝင်များ ဖြစ်ကြပြီး၊ ညိုညိုစိန်ကား ဆေးလိပ်ရုံ၏ ဦးစီးဖြစ်၏။ ဖြူဖြူစိန်ကား စားဖိုချောင်ဦးစီးဖြစ်၏။

ထိုသို့ စီးပွားရေးတစ်ခုထဲ၌ လင့်ဘက်၊ မယားဘက် ဘက်ကွဲနေကြသဖြင့် အကြည့်လည်း ကွဲနေကြ၏။ မန်နေဂျာဦးမျိုးညွန့်နှင့်အတူ ကားဖြင့် မြို့ထဲလှည့်သောအခါ, ဆေးလိပ်ပို့သောအခါများ တို့၌ ဦးမျိုးညွန့်သည် ဒေါ်ခင်ပြုး၏ တစ်ဆွေမျိုးလုံး ခိုကပ်စားနေကြသဖြင့် စီးပွားရေး နလန်မထူနိုင်ပုံ၊ ၄င်းအစ်မကြီးများက ဘာမှဝင်မလုပ်ဘဲ စားနေပုံ စသည်များကို ပြောပြတတ်၏။

တစ်ဖန် အိမ်၌ရှိနေသောအခါ ဒေါ်ခင်ခင်နှင့် ညိုညိုစိန်တို့ကလည်း ရုံ၏ရသမျှငွေ, ရုံကိစ္စ ၄င်း ဦးမျိုးညွန့်ကသာ ထင်သလိုသုံး၊ ထင်သလိုလုပ်နေသဖြင့် စီးပွားမတိုးတက်ပုံကို ပြောပြကြကာ ၄င်းယူသမျှ ငွေကြေးများ စာရင်းမှတ်ထားရန်ကိုပါ ပြောကြား၏။

ငါတို့ကား မည်သူပြောပြော "ဟုတ်ကဲ့" နှင့် "ဟုတ်လား"ဖြင့်သာပြီးစီးစေရ၏။ မည်သည့်ဘက်မှ မပါပြီ။ မည်သည့်စကားကိုမျှလည်း အပို့အကြိုမလုပ်ခဲ့ပြီ။ တစ်ဘက်ကား ဆရာ၊ တစ်ဘက်မှာကား အတူနေများဖြစ်ကြ၍ မည်သည့်ဘက်မှ ပါ၍လည်း မသင့်ပြီ။

ထိုသို့သော အလုပ်ရှင်၊ အလုပ်သမားတို့၏ ပဋိပက္ခ၊ အလုပ်ရှင်,အလုပ်ရှင်ချင်းများ၏ ပဋိပက္ခတို့အကြား ရောက်ရှိနေရငြားသော်လည်း ငါတို့သည်ကား လူလားမမြောက်သေးသောကလေးငယ်၏ စိတ်ထားမျိုးပမာ မည်သည့်အပူဓာတ်မျှ အဟပ်မခံရချေ။ အလုပ်သမများနှင့် ငါတို့သည် စည်းလုံးမိကြ၏။ ငါတို့အပေါ် အားလုံးက သံယောဇဉ်ရော စေတနာပါပိုကြ၏။ ညနေပြန်ခါနီးကြလျှင် ငါတို့အတွက် သောက်သုံးရန် ဆေးလိပ်တစ်လိပ်, နှစ်လိပ်မျှကို အထူးတလည်လိပ်၍ ပေးကြ၏။ ယခင်က ဆေးလိပ်မသောက်တတ်ခဲ့သော ငါတို့ကား ဆေးလိပ်ရုံသို့ ရောက်သောအခါ ဆေးစပ်စပ်ရာ၌ ဦးစီး၍ စပ်ပေးရာမှ အစပ်တည့်မတည့်ကို ညိုညိုစိန်က လိပ်ပေး ငါတို့ကမြည်းစမ်းကြည့်ဖြင့် ယခု-ဆေးလိပ် သောက်တတ်သောအဖြစ်သို့ ရောက်ရှိနေပြီး ဖြစ်၏။ ဆေးလိပ်သောက်သမားကြီး ဖားဖားဖြစ်လာရ၏။

မန်နေဂျာဖြစ်သူ ဦးမျိုးညွန့်က ပြင်ပလုပ်ငန်းများဖြစ်သော ရုံးကိစ္စများ ကုန်ကြမ်းဝယ်ကိစ္စများကိုသာ အလေးပေးဆောင်ရွက်ပြီး ရုံတွင်းကိစ္စ၊ အရောင်းအဝယ်ကိစ္စ၊ ဆေးရိုးလှော်-ဆေးချေ-အစပ်ကိစ္စအဝဝ ငါတို့နှင့်သာ လွှဲပေးထား၏။ ဦးမျိုးညွန့် ကား ငါတို့နှင့်သက်တူရွယ်တူမျှသာ ရှိချေသေး၏။

တစ်နှစ်မှ နှစ်နှစ်ဆီသို့ ရောက်လာခဲ့ပြီ။

ထိုအတောအတွင်း အလုပ်သမားများ၏ ဘောနပ်စ်ကိစ္စဖြေရှင်းရ၏။ ကျေးဇူးသိသူတို့က မယူ။ မကျေနပ်သူတို့ကသာယူ၏။ ရုံတွင်း၌ အလုပ်သမ နှစ်ခြမ်းကွဲလျက်ရှိနေကြ၏။ ဆန်အခက်အခဲများ၊ အကျပ်အတည်းများ ပေါ်ပေါက်လာ၏။

ငါတို့ရုံရှိ အလုပ်သမတို့ကား ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရှာကြရချေတော့၏။ ထမင်းစားခွင့်ရလေသူ တစ်လေတစ်ယောက်စမျှသာရှိ၏။ အချို့ကား-ဆန်ပြုတ်၊ အချို့ကား-ချပါတီ စသည်ဖြင့် ပြီးစီးကြရရှာ၏။ ဆန်ပြုတ်သောက်နိုင်သော အလုပ်သမကား အတော်ဆုံး ဖြစ်ခဲ့၏။ စိတ်မချမ်းသာစရာ မြင်ကွင်းတည်း။ သို့ဖြစ်သော်လည်း ငါတို့ကား မတတ်နိုင်ပြီ။ ငါတို့ရုံရှင်သည်ပင် မလုံလောက်။ ပြင်ပအဆက်

အသွယ်ဖြင့် လောက်ငှရုံမျှပင် အနိုင်နိုင်သာ။

ငါတို့ရောက်ရှိချိန်၌ ဖက်,ဆေးများ ပြည်သူပိုင် အသိမ်းခံရခြင်း၊ အလုံအလောက် မပေးခြင်းများကြောင့် ဆေးလိပ်ရှားပါးသောခေတ်ဖြစ်ရကား လိပ်သမျှ မလောက်ငှအောင်ပင် ရောင်းကောင်း၏။ သို့ကြောင့်ပင် ဘောနပ်စ်ဆုလည်းပေးနိုင်၏။ လုပ်ငန်းသုံး ကားငယ်လေးတစ်စင်းလည်း ဝယ်နိုင်ခဲ့၏။

ထို နှစ်နှစ်တာ ကာလအတွင်း၌ ဦးမျိုးညွန့်၏ လိမ္မာပါးနပ်မှုကြောင့် အိမ်တွင်းရေးများလည်း စည်းလုံးမိကြ၏။ တစ်ဖက်နှင့်တစ်ဖက် ပုတ်ခတ်နေကြရာမှ ရိုင်းပင်းရာဘက်သို့ တက်လာခဲ့ကြ၏။ ဦးမျိုးညွန့်နှင့် သွားတူလာတူ မိတ်ကောင်းဖြစ်သော ဦးသိန်း၏ ကူညီပံ့ပိုးမှု အကြံဉာဏ်ကောင်းများကြောင့် ဖြစ်၏။

တရုတ်-ဗမာ အဓိကရုဏ်းကြီးများလည်း ငြိမ်းအေးသွားကြလေပြီ။ လင့်မျိုး, မယားမျိုး အိမ်တွင်းရေး အဓိကရုဏ်းလတ်လည်း ငြိမ်းအေးသွားလေပြီ။ ဤတွင် ငါတို့၏အိမ်တွင်းရှိ အိမ်ထောင်ရေးအဓိကရုဏ်းလေးကား တစ်စခန်းထချေပြီတည်း။ ရုံရှင်ဦးစိန်အောင်က ငါတို့အား တူမ-ညိုညိုစိန်နှင့် နားချ၏။ တစ်ဖက် ကြီးကြီးခင်-ကြီးကြီးဝင်းတို့က ဖြူဖြူစိန်နှင့်သာသဘောတူ၏။ ထိုစဉ်က အေးအေးစိန်ကား လင်ဖြစ်သူ အစိုးရတာဝန်ဖြင့် အင်္ဂလန်သို့ ပြောင်းသွားရသဖြင့် ခလေးနှစ်ယောက်နှင့်အတူ လိုက်ပါသွားရကား အိမ်၌မရှိပြီ။

ငါတို့သည်ကား လွန်ခဲ့သောတစ်နှစ်ကျော်ကျော်အတွင်း၌ အိမ်ထောင်ရေးဘက်သို့ စိတ်မရောက်ခဲ့။ လုပ်ဖော်ကိုင်ဘက် ဆေးလိပ်သမတို့က ရုပ်ရှင်ကြည့်ရန်ခေါ်ခြင်း၊ အိမ်အလည်ခေါ်ခြင်းကိုပင် စိတ်မဝင်စားသဖြင့်လည်းကောင်း၊ ရှက်သဖြင့်လည်းကောင်း၊ မိန်းမများနှင့် ပူးပူးကပ်ကပ် နေရမည်ကို ကြောက်သဖြင့်လည်းကောင်း မလိုက်ပါမိ။ အလိမ္မာသုံးလျှက်ကသာ ရှောင်ခဲ့၏။

အလုပ်သမားနေ့၊ လယ်သမားနေ့ စသည်များတို့၌ ထိုစဉ်က ညဉ့်စီတန်းလှည့်လည်ရပြီး နံနက်အာရုံတက်လောက်မှာမှ ကျင်းပရာမြင်းပြိုင်ကွင်းသို့ ရောက်ရ၏။ ထိုသို့ ဆေးလိပ်သမများနှင့် အတူလိုက်ပါရသော်လည်း အနီးကပ်၍မလိုက်ပါရဲခဲ့ (နောက်သော်ကား ပြဿနာပေါ်သဖြင့် နေ့ခင်းကြောင်တောင်မျှသာ ချီတက်ပွဲကျင်းပတော့၏)

အိမ်၌လည်း စားသောက်ချိန်များမှာသာ အိမ်ပေါ်တက်၍ ၄င်းတို့နှင့်အတူစားသောက်ပြီး ကျန်အချိန်များ၌ ရောရောနှောနှောမနေခဲ့။ ထိုသို့ ရှိခဲ့ရာမှ ဘကြီးအောင် (၄င်းတို့အခေါ်အတိုင်း)၏ သွေးထိုးမှုကို ခံရလေသောအခါ စိတ်ကစားလာ၏။

လွန်ခဲ့သော တစ်နှစ်ကျော်အတွင်းကပင် ညိုညိုစိန်က စ၏။ အမျိုးမျိုး သွေးထိုးစမ်း၏။ ငါတို့ကား သားရေပေါ်အိပ်၍ သားရေနားစားလေသည် ဟူသောစကား ကြားဖူးနားဝရှိလေသဖြင့် စိတ်-မကစားခဲ့မိ။ ယခုသော်ကား စိတ်ကစားလာ၏။ ဖြူဖြူစိန်ကား ငါတို့အောက် ငယ်သူဖြစ်သဖြင့် ရဲတင်းစွာပင် အရေးဆို၏။ "အိမ်ကမကျေနပ်လိုက်ခဲ့ပါ့မည်" အထိ အဆုံးစွန်ပြော၏။ သို့သော် ကြာမြင့်စွာ ညီမလိုသဘောထားပြီးရာမှ ယခု လင်လို-မယားလို စိတ်ထားပြောင်းရမည်ကို အတော်ဝန်လေးနေ၏။

ညိုညိုစိန့်အပေါ်၌ကား ယခင်က နှုတ်စအာစကြမ်းလေသောမိန်းကလေး၊ ငါ့ထက် အသက်ကြီးသော မိန်းကလေး ဟူသော စွဲချက်ဖြင့် ပယ်ထားခဲ့ရာမှ ယခုသော်ကား အလုပ်၌ဇွဲသတ္တိရှိသော မိန်းကလေး၊ ငါ့အပေါ် အနွံအတာခံသော မိန်းကလေးအဖြစ် မျက်လုံးတစ်ဖက် မှောက်သွားချေတော့၏။

၄င်းတို့နှစ်ဦးမှာကား အစ်မကွယ်သည်နှင့် ညီမသည် ငါ့အနားဝင်ကပ်ကာ အမျိုးမျိုး တွတ်တီးတွတ်တာပြော၏။ အစ်မကား မြင်သည်နှင့် "အင်း-နင်တို့က ငါ့ကွယ်ရာ သည်အထိရောက်နေကြပလား"ဟူ၍ စားမန်ခုတ်၏။ ညီမသည် ခေါင်းငုံ့ကာ

မဟာဓမ္မပါလ



ထွက်သွားချေတော့၏။ ညီမကွယ်သော် ငါတို့က စ၏။ အစ်မကား အင်းမလုပ် အဲမလုပ် ပြုံးရုံသာ ရှိ၏။ ဤသို့ဖြင့် ဇာတ်မျောကြီးဖြစ်နေချေရာ ရွာမှ ငါတို့၏ မိခင်နှင့်အစ်မများ လိုက်လာကြ၏။ စနည်း နာရန်တည်း။ သတင်းစကား ကြားသိသွားသဖြင့် လာရောက် လေ့လာခြင်းတည်း။

ထိုအခါ ပို၍ပင်ရှုပ်ထွေးလာတော့၏။ ညိုညိုစိန်ကို မိခင်တို့က မာနကြီးသူအဖြစ် စွဲချက် တင်၏။ ဖြူဖြူစိန်ကိုသာ သဘောတူကြ၏။ ဖြူဖြူစိန်ကလည်း လျှင်၏။ မိခင် အစ်မများ ရောက်သည်နှင့် ပြေးကပ်၏။ ငါတို့အားပြောသည့် အတိုင်းပင် အိမ်မှသဘောမတူ လိုက်ခဲ့ပါမည့်အကြောင်း အထိပင် ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပြောသည် ဆို၏။

မိဘနှင့်ငါတို့ကား အမြင်ချင်းမတူပြီ။
- မိဘများကား အိမ်ထောင်ရေးအမြင်။
- ငါတို့ကား စီးပွားရေးအမြင်။

တစ်ဖန်
- မိဘများကား တောဓလေ့အမြင်။
- ငါတို့ကား မြို့ထုံးစံအလိုက်အမြင်။

စီးပွားရေးကား ဘက်ထမ်းအညီကိုဦးတည်၏။

အိမ်ထောင်ရေးကား အသာစီးရမှုကို ရှေ့ရှု၏။

မည်သည့်မိဘမဟူ မိမိတို့ သား-သမီး ဘက်မှ အစစသာစေ့ချင်ကြ၏။ နွားအရောင်း အဝယ်ကဲ့သို့ အမြတ်အစွန်းထွက်လို၏။ မိမိသား-သမီးဘက်မှ အရှုံးပေးရမည်ကို မကြည့်လို ၊မကြား လိုပြီ။ သို့ကြောင့်အိမ်ထောင်ရေးကိစ္စ၌ ကြက်တိုက်ပွဲ ပမာသာ အဆုံးအဖြတ် ပေးလိုကြစမြတည်း။

ငါတို့သည်ကား ငါတို့အစွဲကိုလည်း လက်မလျှော့လို၊ နှစ်ဘက်လူကြီးများ၏စိတ်ဆင်းရဲမှုကိုလည်း မခံစေလို။ ဤသို့လျှင် နှစ်ခွသောစိတ်က ဖိနှိပ်လျက်သာရှိချေ၏။ ထိုအတွင်းဝယ် ညိုညိုစိန်သည်လည်း ငါ့သဘောသို့လိုက်၏။ ဖြူဖြူစိန်ကလည်း သာ၍ပင်ကဲသေး၏။ အမျိုးမျိုးအရေးဆို၏။ နှုတ်ဖြင့်မရသဖြင့် ကိုယ်,လက်တို့ပါ ပါလာ၏။ ငါကား နှမအဖြစ်မှ တစ်ပြားသားမျှ တက်၍မရပြီ။

နောက်ဆုံး သူမအား မကြည်ဖြူလိုက နေပါ၊ အိမ်ကတော့ထွက်မသွားပါနှင့်။ အကယ်၍ အစ်မနှင့် အတူနေပါကလည်း ကြည်ဖြူပါ၏။ ငါတို့အား တွေ့မြင်နေရလျှင် တော်ပါပြီအထိ အနစ်နာခံရှာ၏။

သို့တစေလည်း အခြေအနေကား လိပ်ခဲတင်းလင်းမျှသာ။ လူကြီးများကလည်း ကြားဝင်ပေးခြင်းမရှိခဲ့။ လူကြီးကလည်း လူကြီးသဘောထားမှမပြောင်းလဲ။ ငါတို့ကလည်း ငါတို့သဘောထားမှ အချိုးမပြင်။ လူငယ်များကလည်း အကြီးကား ဣန္ဒြေဆည်ကာ အတွင်းကြဲ, ကြဲ၏။ အငယ်ကား စိတ်မြန်ကိုယ်မြန် အစွဲသန်၏။

ထိုအတောအတွင်း မိဘများဘက်မှ တစ်စထောင်လာပြန်၏။ ၎င်းတို့သားကား ရိုးလွန်းလှ၏။ ဆေးလိပ်ခုံဝယ် ရန်ကုန်မိန်းကလေးများနှင့် အကြောင်းပါသွားလျှင် ၎င်းတို့သားသာ နာစရာရှိ၏။ သို့ကြောင့် တောတောချင်း မိမိတို့ရွာမှ မိန်းကလေးနှင့် အကြောင်းပါရန် အရေးဆိုလာကြပြန်၏။

မိခင်ကြီး အသည်းအသန်ဖြစ်နေ၍ ဆိုကာ နောင်တော်ဦးလှအောင်အား သံကြိုးအရိုက်ခိုင်းခေါ်သဖြင့် သွားရပြန်၏။ ရွာရောက်သော် ၎င်းတို့သဘောကျ တစ်ရွာတည်းနေ မစိန်မေနှင့် နားချကြချေ၏။ နားမဝင်လေ။ နေမြဲဆေးလိပ်ခုံသို့သာ ပြန်လာခဲ့၏။ မစိန်မေဆိုသည်မှာ အမြင်သာရှိခဲ့၏။ လူချင်းမတွေ့ခဲ့စဖူးပြီ။

ဆေးလိပ်ခုံသို့ရောက်သော်လည်း အကြောင်းကားမထူးလေ။ ထူးရန်မှာ ငါတို့အတင့်ရဲမှသာ ဖြစ်ပေလိမ့်မည်။ ငါတို့ကား လူကြီးတို့ စိတ်မချမ်းသာလျှင် အကြမ်းမဖက်ပါလို။ သို့နှင့် အမြင်သာရှိ၍

မဟာဗောဓိပါလ



အယုဥ်မရှိသော ထိုအဖြစ်မျိုးဖြင့် ဇွတ်တိုး မနေလို တော့ရကား မိတ်ဆွေဖြစ်သူ သက်န်းကျွန်း၊ လေး-ဒေါင့်ကန်ရပ်ကွက်၊ ကန်တော်လမ်းရှိ ဦးကျော်သန်းကို အကူအညီတောင်း၍ ၎င်း၏အိမ်သို့ ရှောင်တိမ်းထွက်ခဲ့ရချေတော့၏။

ဆေးလိပ်ခုံတစ်ရုံလုံး ဒေါင်းတောက်နေရစ်ကြ၏။ ဆေးလိပ်သမအားလုံးသည်လည်း ကောင်း၊ ရှုံရှင်သည်လည်းကောင်း လိုက်လံစုံစမ်းကြ၏။ မတွေ့ကြလေ။ ၎င်းတို့ကား နောင်တော်ဦးလှအောင်နေရာ ဘုန်းကြီးလမ်း ထင်ထားကြ၏။ ငါတို့ကား သင်္ကန်းကျွန်းမှာ။

တစ်နေ့ နောင်တော်ထံသွားသောအခါ ရေကျော်မှ ဖုန်းလာကြောင်း ဆီးပြော၏။ သွားဖြစ်အောင်သွားရန်လည်း တိုက်တွန်း၏။ သို့ကြောင့် ပုဇွန်တောင်၊ရေကျော်ရှိ ဒေါ်ဖွားသောင်းတို့ နေအိမ်ရောက်သွားရာ ညိုညိုစိန်က အပေးခိုင်းသော ငွေ (၅၀၀)ကျပ်နှင့် အဝတ်အထည်များ ဆီးပေး၏။ ငါတို့ကမယူ။ ၎င်းကလည်း မယူမနေရ အတင်းအကြပ်ပေး၏။

အကြောင်းမှာ အိမ်မှထွက်စဉ်က ငွေပါ မသွားမှန်း သိသောကြောင့်ဖြစ်၏။ ၎င်းနှင့်-(ညိုညိုစိန်နှင့်) တွေ့ရန်ကိုလည်း ချိန်းပေး၏။ အတွေ့မခံလိုတော့ပါ။ ဇာတ်လမ်းဆုံးနေပါပြီ ဆိုလည်း ၎င်းစိတ်မချမ်းမသာဖြစ်နေသည်၊ ဇာတ်လမ်းဆုံးသည်ဖြစ်စေ၊ မဆုံးသည်ဖြစ်စေ ၎င်းစိတ်ချမ်းသာအောင် တွေ့သင့်သည် ဟုဆိုသဖြင့် ၎င်းစိတ်ချမ်းသာအောင် ဆိုသောစကားက ငါတို့စိတ်ကို ဖမ်းဆီးထားချေရကား သဘောတူလိုက်ရချေ၏။

တစ်နေ့ ထိုရေကျော်အိမ်သို့ ညနေတွင် တွေ့ဆုံကြ၏။ ဘယ်မှမသွားပါနှင့် အိမ်ရှိလူကြီးများကို ၎င်းရင်ဆိုင်ဖြေရှင်းမည်။ ထိုဖြေရှင်း၍ မပြီးမချင်း ဤအိမ်၌ပင် ခေတ္တနေရန်ပြော၏။ ငါတို့ကား မတုန်မလှုပ်သာ။ အကြောင်းမှာ ထွက်ပြီးကာမှ ပြန်ဝင်ရမည်ကိုလည်း ရှက်မိ၏။ လူကြီးများ အလိုမတူဘဲ လျက် ၎င်းတို့နှင့် အတူနေရမည်ကိုလည်း တွေးပူမိ၏။ ဘဝတူဆေးလိပ်သမများရှေ့ ပိုင်ရှင်နှင့်ပေါင်းသင်းနေပြရမည်ကိုလည်း မျက်နှာမပြဝံ့တော့၍။

တစ်ဖန် ညိုညိုစိန်နှင့်ပေါင်းရန်ကိုလည်း စိတ်ကမကုန်လေ။ ဘာမျှမကြံတတ်ပြီ။ ရိုးသော၊ အ,သော၊ သတ္တိမရှိသော ငါတို့သဘောကား ပွဲတိုးကြည့်မှ ပေါလောကြီး ပေါ်နေ၏။

လူပုံတော် ဘယ်လောက်ပျံပျံ လူခံတို့ပျံ သလောက် ခရီးမရောက်။

ရဟန်းတို့ ဘယ်လောက်ပင် အကျင့်ပျက်ပျက် လူတို့အိပ်စက်နေသလောက် မဆိုးသေး။

ရဟန်းဘဝဖြင့် တစ်ပြည်လုံးလည်း နှံ့၏။ ဗဟုသုတလည်း လူမျိုးစုံ၊ဘာသာစုံတို့နှင့် တွေ့ထိခဲ့ရချေသဖြင့် ပြည့်စုံသည်ထင်မိ၏။ အထင်ကား အထင်သာ။ ထိုရဟန်းဘဝ၏ လည်ပတ်ပုံကား လူလောကကြီးကို ဘေးမှပတ်လျက်က အဝေးကြည့်ကြည့်ခဲ့ရခြင်းသာ။

တစ်ဖန် ရဟန်းလောက၌ ဒုဿီလခေါ် အကျင့်ပျက်များလည်း ရှိ၏။ သို့တစေလည်း ထိုရဟန်းပျက်၌ အရှက်အကြောက်တရားများ ရှိချေသေး၏။ လူလောက၏အပျက်ကား အဖတ်ဆည်စရာပင် မမြင်မိ။

သို့ကြောင့် ရဟန်း၏အပျက်သည် လူအိပ်နေသလောက်မျှသာရှိ၏။ ရဟန်း၏အပျက်သည် သိက္ခာရှိလှပါသည်ဆိုသော လူလောက၏ လူကြီးလူကောင်းများထက် အဆများစွာသာ၏။ ထိုနှိုင်းယှဉ်ချက်များကား ရန်ကုန်မြို့ကြီးတွင်းမှ ရခဲ့သော အဖြေများတည်း။

ငါတို့၏ မထုံတက်တေးအမူအရာကို ကြည့်၍ ညိုညိုစိန်ကား အားရဟန်မရှိ။ သို့ကြောင့် နှစ်ကိုယ်ချင်းတွေ့ရာမှ သွားတော့မည်နှုတ်ဆက်၏။ ထိုသို့ နှုတ်အဆက်ခံရလေသောအခါ စိတ်တို့သည်

မဟာဓမ္မပါလ



လှုပ်ရှားလာပြန်ချေ၏။ ကပ်လျက်က ဝေးရတော့မည်ဆိုသောအသိက လှုံ့ဆော်လိုက်သောကြောင့်။

"ဒါဆို ဘယ့်နှယ်လုပ်မလဲ" စတင်မေးခွန်းထုတ်ကြည့်မိ၏။

ဦးသိန်းမှတစ်ဆင့် ကြီးကြီးခင်တို့ကိုပြောကြည့်လျှင်ကောင်းမည် ဆို၏။

သို့ဖြင့် လူချင်းခွဲကြ၏။ သူ့စကားအတိုင်းနောက်ရက် ချက်ချင်းပင် မန်နေဂျာဦးမျိုးညွန့်၏ အတွင်းမိတ်လည်းဖြစ် ငါတို့အားလုံးနှင့်လည်း ရင်းနှီးပြီးသော ဟသ်ာတမြို့ ဆေးလိပ်ခုံပိုင်ရှင် ဦးသိန်းသို့ ဖုန်းဖြင့်အပူကပ် တောင်းပန်လိုက်ရာ ဦးသိန်းကလည်း မဆိုင်းမတွပင် ကြံတိုင်းအောင် ဆေးလိပ်ခုံသို့သွားရောက်ကာ ဒေါ်ခင်ခင်၊ ဒေါ်ဝင်းကြည်တို့ နှင့် ဆွေးနွေး၏။ ၎င်းတို့ကား ဘူးပင်တည်း။ ထိုနောက်ရက် လင်းလင်းချင်း ဦးသိန်းထံသို့ ဖုန်းဆက်မေးရာ လက်လျှော့လိုက်တော့ဟူသော အကြောင်းကြားသံကိုသာ ကြားရတော့၏။

ထိုရက်အတွင်းမှာပင် ရွာ၌ ဝေဘူဆရာတော်ဘုရားကြီး၏ နှမတော်အရင်းဖြစ်သော သီလရှင်ကြီး ပျံလွန်သဖြင့် ဈာပနပွဲကျင်းပလေရာ ၎င်း၏ သားတော်များဖြစ်ကြသော ဦးသုမန၊ ဦးခေမိန္ဒ၊ ဦးဝံသပါလတို့နှင့်လည်း ရင်းနှီး၊ နောင်တော်ဦးလှအောင်လည်း မသွားမဖြစ် သွားရမည်ဖြစ်သဖြင့် ငါတို့ပါလိုက်ခွင့်ကြုံလာပြန်၏။

ညိုညိုစိန်ကား မသွားရန် လှမ်းတား၏။ ကိစ္စမအောင်မြင်မီ ရေကျော်မှာသာနေရန် အရေးဆို၏။ ငါတို့ကား မသွားမဖြစ်၍ပါ အကြောင်းပြပြီး နောင်တော်နှင့်အတူ ရွှေဘိုအင်ကြင်းပင်သို့လိုက်ပါခဲ့ရချေတော့၏။ ရွာသွားသဖြင့် ဖြစ်ပေါ်လာမည့်ကိစ္စအားလုံး တာဝန်ယူပါသည်။ ညိုညိုစိန်သဘောကျဖြစ်စေ ရပါမည်ဟူ၍လည်း ဝန်ခံခဲ့၏။ အကြောင်းမှာ ရွာသို့ရောက်လျှင် မိဘများက မစိန်မေနှင့် နားချကြတော့မည်ကို ညိုညိုစိန် သိပြီးဖြစ်နေသောကြောင့်တည်း။

ငါတို့၏ဒေသဖြစ်၍ ဝေဘူဆရာတော်ဘုရားကြီး ဇာတိချက်ကြွေလည်းဖြစ်သော၊ ခင်ဦးမြို့နယ် (ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်း၏ပိုင်နက် ဌာန) အင်ကြင်းပင်သို့ရောက်သောအခါ မယ်တော်ပျံပွဲကြီး၌ ဝင်ရောက်ကူညီကာ ဆောင်ရွက်ပေး၏။ ပွဲကား နှစ်ရက်မျှသာ။ စီစဉ်ခင်းကျင်းရမှုကား တစ်ပတ်၊ နှစ်ပတ်မျှ ကြိုတင်ကြာညောင်း၏။ ဖျက်သိမ်းမှုသည်ပင် တစ်ပတ်မျှ ကြာညောင်းချေ၏။

ဆရာတော်ဘုရားကြီး၏ ဘုန်းရိပ်ကံရိပ်အောက်မှဖြစ်သော(ဝေဘူဆရာ တော်ဘုရားကြီး၏ နှမတော်အရင်း) မယ်တော်ပျံပွဲဖြစ်သဖြင့် အထူးစည်ကား၏။ အဝေးအနီး တောရော မြို့ပါ အသိုက်အဝန်း အတန်းအလွှာ ပရိတ်သတ်များ စုံလင်လှ၏။ ဇာတ်,အငြိမ့် စသည့် ပျော်ပွဲခေါ်ရမည်လော ပူဇော်ပွဲ ခေါ်ရမည်လော မသာ၌သာစေတတ်သည့် ကပွဲများလည်း စုံလင်လှ၏။

ငါတို့သည်ကား မပျော်နိုင်လေ။ ခေါင်း၌ မ-စိတ်မွှေနေ၏။ မတွေ့ဘူးသော မ-ကိစ္စ၊ မကျွမ်းကျင်သော မ-ကိစ္စ၊ ဉာဏ်မမှီသော လောကအရာဖြစ်သဖြင့် သုန်မှုန်ခြင်းသည်သာ မင်းမူ၏။

ဝေဘူဆရာတော်ဘုရားကြီး၏ ဒေသစာရီကြွချီရာတိုင်းတို့၌ အမြဲလိုလိုပါလေ့ရှိသော (သနပ်စိန်ရွာမှဦးချမ်း-နောင်တော်ဦးလှအောင်၊ဦးကောသလ္လတို့၏ခမည်းတော်)သည်ကား-

"ရည်းစားနှစ်ယောက်ကြား ဗျာများသေရသောမသာ၊ ရန်သူနှစ်တပ်ကြား ဗျာများသေရသောမသာ အတူတူပဲလို့ဆိုတယ်။ မောင်ညိမ်းဘယ်လိုသဘောရလဲ" ခနဲ့၏။

"မယားဖံရွေး မယားခွေးနှင့် ညားတတ်သတဲ့" ခနဲ့၏။ ငါတို့ကား ပြုံးရုံသာ။

ထို၌နေစဉ် အတွေးတစ်ခုဝင်လာ၏။ အကယ်၍သာ ငါက ရွာ၏သမီးပျို မစိန်မေနှင့် မိဘတို့က အတင်းနေရာချပေးနေကြသဖြင့်အကြပ်တွေ

မဟာဗော္ဓိပါဝါ


နေရပြီ။ နားထောင်ပါမည့်အချိုသတ်၍ ရန်ကုန်ကို ပြန်လာခဲ့မည်။ ဘယ်လိုသဘောရသလဲ။ ညိုညိုစိန် ထံ အကြောင်းပြန်ရလျှင် ညိုညိုစိန်က-

'အင်းသည်လိုဆို ဖြစ်ချေဘူး' ဆိုကာ ကမန်းကတန်း ဆုံးဖြတ်တန်ကောင်း၏။ ထိုအခါ ညိုညိုစိန်နှင့် နှစ်ကိုယ်ချင်း အမြန်ဆုံး နီးအံ့ထင်၏။ ဤသို့အတွေးပေါက်လာ၏။

ထိုအတိုင်းပင် ရေကျော်ဒေါ်ဖွားသောင်း တို့ထံမှတဆင့် ခြောက်စာ,လှန့်စာလည်း ဟုတ်၊ အကူတောင်းစာ မြူတောင်းစာလည်း ဟုတ်သော စာတစ်စောင်ကို ရေးပို့လိုက်၏။

ငါတို့သည်ကား အစ်မဖြစ်သူဒေါ်ကြည် လာခေါ်သဖြင့် ပွဲပြီးပြီးချင်း ငါတို့ဌာနေမင်းကုန်းရွာ (အင်ကြင်းပင်၏အရှေ့မြောက် သုံးမိုင်ခန့်အကွာ ရှိ၏)သို့ လိုက်ပါခဲ့ရ၏။ ရွာသို့ရောက်သော် အစ်မ ဖြစ်သူကား တစ်ရွာတည်းနေ မစိန်မေနှင့် နားချ၏။ ရန်ကုန် သူတစ်ပါးအိမ် ကျွန်ကဲ့သို့နေရသော သူ့မောင်ကိုမကြည့်လိုဟူ၍ အရေးဆို၏။ မိခင်ကြီး ကား "ငါ့သား စိတ်ချမ်းသာရာဆောင်ရွက်ပါ။ အမေ ငါ့သားလုပ်သမျှ သဘောတူပါသည်" ဟူ၍ မနှိုင်းဆနိုင်သော မိခင်၏မေတ္တာဖြင့်သာ ဆိုရှာ၏။

ငါတို့ကား မြို့မှာကျင်လည်သဖြင့် တောအလုပ် ၌ မကျွမ်း။ မစိန်မေကားတောမှာသာနေရသဖြင့် မြို့အဝင်မတတ်။ ဤသို့ သဘောထားကွဲလွဲနေ သည်ကို သတိမူ၏။

တစ်ဖန် မြို့သို့ခေါ်ခဲ့ချေသော် ငါတစ်ဦးတည်း ၏ ဝန်ဆောင်အောက်မှာသာ သူမက လိုက်ပါရပြီး ငါတစ်ဦးတည်းကသာ ဒိုင်ခံရုန်းရမည်ကိုလည်း သတိမူမိ၏။

သဘောထားချင်း၊ အသွင်အပြင်ချင်း၊ အမြင်ချင်း မတူသဖြင့် ဖြစ်ရဦးမည့် ပဋိပက္ခကို လည်းကြောက်၏။ စရိုက်ချင်း၊ ဉာဉ်ချင်း၊ ယောကျ်ား, မိန်းမ သဘာဝချင်းမတူသဖြင့် ခံရဦးမည့်ဒုက္ခကို လည်း ကြိုတင်ကြောက်၏။

အကယ်တိတိ ညိုညိုစိန်ဆိုသော် တစ်ဦး နှင့်တစ်ဦး သဘောချင်းလည်းသိပြီးဖြစ်၏။ မြို့လည် ချင်းလည်းတူ၏။ သတ္တိချင်းလည်းတူ၏။ ဝန်ရုန်း သော် ဘက်ညီမည်ဟု သဘောရ၏။

အစ်မသည်မူကား "စီးပွားတွေဘယ်မျှရှိရှိ ကျွန်သည်ကျွန်သာဖြစ်လိမ့်မည်။ တစ်သက်ပန်လုံး သူတစ်ပါးအနိုင်ကျင့်သည်ကိုသာ ငါ့မောင်ခံရမည်။ ကိုယ်ကဘယ်လောက်ခံနိုင်ခံနိုင် ကိုယ့်အသိုင်းအဝိုင်း မိဘဆွေမျိုးများကား မခံနိုင်"ဟူ၍ ချေပ၏။

သို့နှင့် သောင်မတင် ရေမကျ အင်းမလုပ် အဲမလုပ်ဖြင့်သာ ညိုညိုစိန်ဆုံးဖြတ်ရာအတိုင်းသာ စောင့်စား၍ဆုံးဖြတ်အံ့အကြံဖြင့် ရန်ကုန်သို့ပြန်လာ ခဲ့ပြီး ရေကျော်၌တည်းခို၏။ ရောက်မဆိုက်ပင် စာရ-မရမေးမိ၏။ ရကြောင်းနှင့် ညိုညိုစိန်ထံ ပို့ကြောင်းပြော၏။

ဘာပြောသနည်းမေးရာ ဘာကိစ္စကိုမျှ ဆက်လက်မဆောင်ရွက်တော့ကြောင်း ပြောသည် ဟု ဖြေ၏။ ထပ်မံတွေ့ပြီး စဉ်းစားကြရအောင်ဟူ၍ ပြောသောအခါ ဆေးလိပ်ရုံမှာမရှိ ဘုရားဖူးထွက် သွားပြီဖြစ်ကြောင်းနှင့် ရေကျော်ကပင် ဆီးကြိုကာ ပိတ်တော့၏။ ငါတို့ သဘောပေါက်သွားပြီတည်း။

ငါတို့၏ "မိဘစကားနားထောင်ပါမည် အချိုသတ်၍' ဆိုသောစကားလုံးသည် ငါ့အတွက် နီးရန်ကား ဖြစ်မလာ ဝေးရန်သို့သာနှင်သော စကားလုံး သာ ဟူ၍ ရိပ်မိလာ၏။ ယခင်ကပင်ရွာရောက်က သည်ကိစ္စပေါ်မည်ဖြစ်သဖြင့် မသွားရန်တားသည့် ကြားမှသွားသော ငါ့အား မိဘဘက်ပါသွားပြီဟူ၍ တထစ်ချ မှတ်သွားပြီထင်မိ၏။ သို့မဟုတ် ၄င်းအပေါ် မည်မျှဖွဲ့နှဲဘဲကြီးကြောင်း အကဲစမ်းလည်း ဖြစ်နိုင်၏။

ငါတို့ကား နာတာရှည်အချစ်ရောဂါကြီးကို လက်သပ်မမွေးလိုတော့ပြီ။ ရုံတွင်းမှလည်း တစ်နှစ် ကျော် ခံစားခဲ့ရပြီ။ ယခု ထပ်မံခံစားနေရဦးမည်ဆို

မဟာဓမ္မပါလ



လျှင်. . ။

ငါတို့သည် "ကျွန်တော်သဘောပေါက်သွားပြီဖွားဖွား (ဒေါ်ဖွားသောင်းကိုဆိုလိုသည်) ကျွန်တော်သွားတော့မည်" ဆိုကာ ထိုညနေမှာပင် သူငယ်ချင်းရှိရာ လေးထောင့်ကန်သို့ ပြောင်းခဲ့တော့ချေ၏။ အရှက်ဖိစီး မာနကြီးလှသဖြင့် အပျိုကြီးမဖြစ်နေရသော ညှိုညှိုစိန်နှင့် ဘုန်းကြီး လူထွက်ဘဝ ဘုမသိ,ဘမသိ ရှိချေရသော ငါတို့၏ဇာတ်လမ်းကား ဤတွင် ပြီးဆုံးသွားချေတော့၏။

သူငယ်ချင်း ဦးကျော်သန်းအိမ်မှာ နေလျက်ကပင် တစ်ခုခုလုပ်ရတော့မည်ကို သဘောရ၏။ အမြဲနေရန်လည်းမသင့်၊ ထိုင်စားနေရန်လည်းမသင့်မြင်၏။

ဘာလုပ်မည်နည်း။ ဘာတွေတတ်သနည်း။

အဖြေကားမရေရာချေ။ ဆေးလိပ်ခုံကား စီးပွားရေး လမ်းဆုံဖြစ်၏။ အောက်၌ အလုပ်သမ, လုပ်သား စသည်များနှင့် ကျွမ်းနှီးသဖြင့် အောက်တန်းစား လောက၏ စိတ်နေသဘောထား၊ အမူအကျင့်၊ ဓလေ့သဘာဝ တို့ကို ယုတ်စွအဆုံး ဆေးရိုးလှော်၊ ဆေးခြေကုလားအထိ ငါသည် နှံ့စပ်၍လာခဲ့၏။ တရင်းတနှီး ပေါင်းသင်းခွင့်ရသဖြင့် အူမချေးခါး အားလုံးစုံသိ၍ အားလုံးစုံဝင်ဆန့်ခဲ့ရ သူဖြစ်၏။

တစ်ဖန် အထက်၌လည်း ဆေးကိုယ်စားလှယ် ဆေးကုန်သည်များ၊ ဖက်ကိုယ်စားလှယ် ဖက်ကုန်သည်များမှသည် အစီခံရုံရှင်အထိလည်း ကျွမ်းနှီး၏။ အားလုံးတို့နှင့်ဝင်ဆန့်၏။ ဆေးလိပ်ကိုယ်စားလှယ်၊ ဆေးလိပ်အေးဂျင့် စသည်များနှင့် လည်း ရန်ကုန်-မှော်ဘီအထိ ကျွမ်းနှီးဝင်ဆန့်ခဲ့ရသူ ဖြစ်ခဲ့၏။

သို့ကြောင့် စီးပွားရေးလုပ်ငန်း ကိုယ်ပိုင်လုပ်ဆောင်ပါက ဖြစ်နိုင်ရမည်ဟူ၍သဘောရ၏။ စီးပွားရေးလုပ်ကွက်၊ စီးပွားရေးလုပ်ပုံများကို ဆေးလိပ်ခုံ က သင်ပေးလိုက်သောကြောင့်တည်း။

ထိုသို့ စီးပွားရေးကိုယ်ပိုင်လုပ်ငန်း မလုပ်လိုခဲ့သော်-

-နေရင်းမိခင်အိမ်သို့သော်လည်းပြန်၊
-သို့တည်းမဟုတ် သူတစ်ပါးတို့ လုပ်ငန်းများနှင့် သူတစ် ပါးတို့အိမ်သို့သော်လည်းခို၊
-သို့တည်းမဟုတ် အစိုးရလုပ်ငန်း ဝင်ရောက် လုပ်ကိုင်ကာ အိမ်ငှားဖြင့်သော်လည်းနေ၊

ထိုသုံးထွေ တစ်ထွေထွေကား ထွေရချေတော့မည်။

ထိုတွင် မွေးစမှ လူလားမြောက်သည်အထိ မိခင်က တာဝန်ယူခဲ့ပြီးဖြစ်သဖြင့် တစ်ဖန်မိခင်ထံ ပြန်လှည့်ကာ ဒုက္ခမပေးသင့်တော့ဟု ယူဆ၏။

တစ်ဖန်ဆေးလိပ်ခုံမှာကဲ့သို့ သူတစ်ပါးအိမ်သို့ကပ် သူတစ်ပါးအလုပ်များကိုချည်းသာ လုပ်ကိုင်နေပြန်ဦးမည်ဆိုကလည်း သေအထိ ထမင်းကျွေးကျွန်ခံဘဝမှ လွတ်အံ့လည်းမထင်။

တစ်ဖန် အစိုးရလုပ်ငန်းသို့ ဝင်ရောက်လုပ်ပါကလည်း သာသနာ့အမွေ ပရိယတ္တိစာပေသည် လူ့လောက၌ အသုံးမတည့်ရကား ရေထမ်းကုလားလောက်မျှ အရာဝင်မည်မဟုတ်။

ဤသို့လျှင် တွေးတောကြံဆလျက်က မိမိစီးပွားရေးကိုသာ မိမိစွမ်းပကားဖြင့်လုပ်အံ့ တထစ်ချ ဆုံးဖြတ်ချက်ချလိုက်၏။ စီးပွားရေးလုပ်သော် အိမ်ထောင်ကို ထိန်းသိမ်းပေးသော အိမ်ထောင်ရှင်လည်း မရှိမဖြစ်ပြန် ဟူ၍ ဆင်ခြင်မိပြန်၏။ အိမ်ထောင် ထူထောင်မည်ဆိုသော် မည်သူ့သို့နည်း။

ငါကျင်လည်ရာသည် ကြံ့တိုင်းအောင် ဆေးလိပ်ခုံ တစ်ခုတည်းသာရှိ၏။ ထိုဆေးလိပ်ခုံမှ အိမ်ရှင်နှင့်မှ အကြောင်းမပါသော် ဆေးလိပ်သမများထံမှ အကြောင်းသင့်ရာကား ရှိချေသေး၏။ ထိုအကြောင်းသင့်ရာနှင့် ဆက်သွယ်ကာ ထိမ်းမြားလျှင်. . ထိုအတွေး ဝင်သည်နှင့် ပြန်ခဲ့သောလမ်းသို့

မဟာဓမ္မပါလ



တစ်ဖန်ပြန်ဝင်ရမည်ကို အရှက်အကြောက်ကြီးလှသော ငါသည် ရှေ့-မတွေးရဲပြီ။

သို့ဆိုသော် မိဘတို့သဘောကျမှတစ်ပါး ရွေးစရာလမ်းမရှိတော့ပြီ။ သို့ဖြင့် နောက်ဆုံးတွင် မိဘတို့သဘောကျစီစဉ်ရန် ရန်ကုန်မှနေကာ ဖုန်းဆက်လိုက်ရတော့၏။ ရွာရှိမိဘတို့ကား ပျော်ကြ၏။ စီးပွားရေးလာဘ်မြင်သော ထန်းတပင်မြို့ (စစ်ကိုင်းတိုင်းရှိ) ဦးလေးဖြစ်သူ ရဟန်းဒကာတို့ကား မကျေနပ်လေ။ ၎င်းတို့တူ ရန်ကုန်မှာသာ နေစေလိုပြီး ရန်ကုန်သူနှင့်သာ အကြောင်းပါစေလိုကြ၏။ စီးပွားရေးဖုံဖြစ်သော ရန်ကုန်မှာသာ အခြေတည်စေလိုကြ၏။

ထိုစဉ်က ရန်ကုန်မှာ စီးပွားဖြစ်၏။ မြို့ငယ်မြို့လတ်တို့မှာကား ဆပ်ပြာတစ်တောင့်ကိုပင် အရောင်းအဝယ်မလုပ်ရဲ။ လုပ်ပါ က ပုဒ်မ (၆/၁)-ဆိုရှယ်လစ်စီးပွားရေးစနစ် ကာကွယ်ရေးဖြင့် အရေးယူခံရချေတော့၏ သို့ကြောင့် ယင်းဆပ်ပြာတစ်တောင့်ဖြင့်ပင် ထောင်သုံးနှစ် အကျခံရတတ်ချေ၏။

ငါတို့ ရွာမှပြန်ခဲ့သည်ကား တပေါင်းလ။ ယခု နယုန်လတွင် ရွာသို့မင်္ဂလာဆောင်ရန် ပြန်ခဲ့ရပြန်၏။ နှစ်ကား ၁၃၂၉-ခုနှစ်တည်း။ ထိုနှစ် နယုန်လပြည့်ကျော် (၅)ရက်သည် စေ့စပ်ရေးရက်။ နယုန်လပြည့်ကျော်(၁၂)ရက်သည် မင်္ဂလာဆောင်သောရက်တည်း။

ထိုသို့ မင်္ဂလာဆောင်ပြီးသည်နှင့် ရွာ၌ပင် သူ့အိမ်သူနေ ကိုယ့်အိမ်ကိုယ်နေသာရှိ၏။ မိဘလယ်ယာများကို ကူထွန်ရ၏။ လယ်ထွန်နောက်လိုက်မှတပါး အခြားမလုပ်ခဲ့၊ တော်သလင်းလတွင် လယ်ယာကိစ္စများလည်း ပြီးစီးသလောက်ရှိပြီ။ ရန်ကုန်၌လည်း မိုးပါးစပြုပြီဖြစ်သဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့၏။ ရန်ကုန်၌ စီးပွားရေး အခြေချရန်တည်း။

## အထက်,မေ့ အောက်,ကြီးပြင့် ခရီးပြင်း နှင်ခဲ့ရသော ငါ

ငါတို့၏ဖြစ်စဉ်ကို ပြန်လည်သုံးသပ်လျှင်-

၁။ သာသနာ့အမွေ ပရိယတ္တိစာပေ၌ အထက်မှ သန္ဓေယူ၍ အောက်မှာသာ တံခွန်ထူခဲ့ရချေသည်။

၂။ သာသနာ့အမွေ ရဟန်းအဖြစ်၌လည်း အထက်မှာဖြစ်၍ အောက်မှာသာ နစ်ခဲ့ရချေသည်။

၃။ လူ့လောကအမွေ အိမ်ထောင်အခြေ၌လည်း အထက်မှာထူ၍ အောက်မှာသာ ယူခဲ့ရချေသည်။

ထိုတွင် သာသနာတော်အတွင်းသို့ သာမဏေဘဝဖြင့် ပရိယတ္တိအခြေစစဉ်ကာလ၌ ဦးစွာ ရွှေဘိုဝေဠုဝန်ပါဠိတက္ကသိုလ်မှ စတင်ခဲ့ရပြီး သာသနာ့ဝန်ထမ်းသက်၏ တစ်သက်ပတ်လုံး အောက်ပြည်အောက်ရွာများမှာသာ ကျင်လည်ခဲ့ရချေသည်။

သာသနာ့ဘောင်၏ ရဟန်းအဖြစ်ကိုကား ဦးစွာ ရန်ကုန်မှပင်စတင်ကာ ဒါယကာပေါ်၏။ နောင်တော်ဦးရေဝတအမှီပြု၍ အေဒီလမ်းရှိ ဒေါ်သုံနှင့်သမီးမခင်သန်းတို့က ရဟန်းအမများ အဖြစ် ဝန်ခံပြီးသားဖြစ်ခဲ့၏။ လမ်းသစ်ရိပ်သာရှိ ငါတို့၏ ဆွမ်းဒါယကာများဖြစ်ကြသော တရုတ်ကုန်သည်ကြီးများက တောင်းပန်သည်ကိုပင် ငါတို့ လက်မခံခဲ့ချေ။

မော်လမြိုင်မှနေ၍ ရွာသို့တစ်ခေါက် အလည်ရောက်သောကာလ ထန်းတပင်မြို့ (စစ်ကိုင်းတိုင်း)ရှိ ငါတို့ဦးလေးတော်စပ်သူ ဦးဘသန်း+ဒေါ်စောညဏ်တို့ကလည်းကောင်း၊ ထနောင်းကိုင်းရွာရှိ အစ်မ,မတင်အေး၊ ကိုခင်မောင်တို့ကလည်းကောင်း၊ ငါတို့မင်းကုန်းရွာ တစ်ရွာလုံးကလည်းကောင်း ဤသို့ သုံးပွင့်ဆိုင် အပြိုင်ပေါ်ပြန်၏။ ရန်ကုန်မှာရှိပြီးဆိုလည်း မရပြီ။ မိခင်များကလည်း ရဟန်းခံ ရန်ကုန်သိမ်ထွက်ကို မနှစ်သက်။

-တောအမြင်အားဖြင့် သိမ်အထွက် စည်မပါ၊ ဗျော မပါ ခြောက်ကပ်ကပ်ဖြစ်သောကြောင့်။

-တောမှာကဲ့သို့ ပရိတ်သတ်မလိုင် တစ်ပိုင်တစ်နိုင် သာ ဖြစ်ခြင်းကြောင့် ဆို၏။

ထိုသို့ မိခင်များအလို မလိုက်နိုင်သဖြင့် နောင်တော်အား ရန်ကုန်မှဒေါ်သုံတို့နှင့် ရဟန်းခံကိစ္စ စီစဉ်ပါရန် တောင်းပန်စာရေးပို့သောအခါ နောင်တော်ကပင် သာသနာမထွန်းကားသေးသည့် မိမိ၏တောအရပ်ကိုပင် ဦးစားပေးရန် ပြန်ကြားစာရောက်လာပြန်၏။ ကြံရာကားမရတော့။

သည်လိုဆို တောမှာပဲ ခံတော့အံ့ ဆိုတော့လည်း သုံးပွင့်ဆိုင်ဆုံနေသဖြင့် အခက်ကြုံ။ ကဲ- သည်တော့ ငါတို့သဘောကျ ရွေးချယ်အံ့ဆိုကာ ရွာအလုံးကား ဘုံဖြစ်သဖြင့် ရေရှည်၌ ဘုံသည် တီး၍မရ ဖြစ်တတ်သည်။ တောရွာအမများကား လိုသလိုတီး၍ကား ရ၏။ သို့တစေလည်း စေတနာ အရှိခံများသာ ဖြစ်ကြလေသဖြင့် မတော် လူထွက်က သာသနာတော်ပါ အကြည်ညိုပျက်တတ် လှချေသည်။ မြို့နေဦးလေးများကား ယခင်လည်း ရဟန်းခံခဲ့ကြဖူး၏။ ခံသောရဟန်းလည်း လူထွက်ခဲ့ဖူး၏ ငါ- လူထွက်သော်မှ စေတနာပျက်စရာအကြောင်းမရှိ။ ဤသို့သုံးသပ်ဆင်ခြင်ကာ ထိုဦးလေးများနှင့်ပင် ရဟန်းဖြစ်ခဲ့ရ၏။

ရဟန်းဒကာနှင့် ရဟန်းကား သိမ်အထွက် ကွဲအက်ခဲ့ကြချေ၏။ သို့နှင့် အထက်မှာရဟန်းဖြစ် အောက်ရွာတွင် ဇာတ်မြှုပ်ခဲ့ရ၏။

ယခု အိမ်ထောင်ရေးကျပြန်တော့လည်း ဦးစွာ အောက်ရွာနှင့်ပင် စ,ရ၏။ အောက်ရွာမှာပင် အပြိုင်အဆိုင်ပေါ်ခဲ့၏။ ကျမယ့်ကျတော့ အထက်မှာပင်။ အထက်မှာလည်း အစ်မ,မတင်အေးတို့ သဘောကျသူက တစ်ဦး၊ မိဘများသဘောကျသည်က တစ်ယောက်၊ အပြိုင်ပေါ်ခဲ့သေး၏။ နောက်ဆုံးတွင် မိဘများသဘော မလွန်ဆန်နိုင်ဘဲ ထိုမိဘများ သဘောကျရာဖြင့်သာ ပြီးခဲ့ရ၏။ ပြီးခဲ့ရသော်လည်း အထက်မှာအိမ်ထောင်စ၊ အောက်ရွာကျမှ ပေါင်းသင်း ရချေမည်တကား။

ဤသို့လျှင် ငါ့ဘဝသည် မွေးကတည်းက တနင်္လာနှင့်အင်္ဂါတို့အကြား နှစ်ခွမွေးထားသည့် အားလျော်စွာ ဘာလုပ်လုပ် နှစ်ခွချည်းသာတည်း။ အကျိုးစသည် တစ်ခုကဖြစ်ပြီး အကျိုးပေးရာ၌ကား တစ်ခုသာဖြစ်နေတတ်၏။ ရည်းစားပေါလျက် မယားအရခက်သော ဘဝမျိုးလည်းဖြစ်၏။ မယားရလျက် အပေါင်းခက်သော ဘဝမျိုးလည်း ဖြစ်ခဲ့၏။ စင်စစ် ဖြစ်ချင်သလို ဖြစ်မရ။ ဖြစ်နိုင်သလိုသာ ဖြစ်ရသော ဘဝဖြစ်စဉ်မျိုးကား နှစ်မျိုးနှစ်မျိုးသော အကျိုးပြိုင် ပေါ်လာခြင်းကြောင့်တည်း။

▼

## လက်ကြောမတင်းသောအလုပ် ငါနှင့်တော်၏၊

သူတကာတို့ မြတ်နိုးတနာ ထောက်ပံ့ပူဇော်ပါသည်ကို အဆင်သင့်စားသုံးခဲ့ရသော ငါသည်ကား ချွေးထွက်သံယိုအလုပ်မျိုး ငါမစဉ်းစားဝံ့။ အစက မစင်ပင်ကျုံး အလုပ်မျိုးဖြစ်ပါစေ လုပ်ပါမည် ဟူ၍ ဝန်ခံကတိပြုခဲ့သော ငါသည် နဖူးတွေ့ , ဒူးတွေ့- တွေ့လာရသောအခါဝယ် အလုပ်ဇံ ရွေးတော့၏။

ဗေဒင် , နက္ခတ် တတ်ကျွမ်းသူကား ဗေဒင်ဟောစာတမ်းဖြင့် အသက်မွေးဝမ်းကျောင်းမှုပြု၏။ ဆေးပညာ တတ်ကျွမ်းလေသူများကလည်း ထိုပညာဖြင့်ပင် အသက်မွေးဝမ်းကျောင်း၏။ ငါတို့သည်ကား ထိုပညာမျိုး မကြိုးစားစဖူး။ ငါတို့တတ်ကျွမ်းသော- သဒ္ဒါ တိလောက မဟိတ် သမ္မာသမ္ဗုဒ္ဓ မတုလ် တို့ကလည်း မယားလုပ်ကျွေးရာ၌ အကျိုးမပြုပြီ။

ကြံရာမရသည့်အဆုံး ဆူလွယ်နပ်လွယ်သော ဈေးဆိုင်တည်ရန် စိတ်ကူးထုတ်ရတော့၏။ မြို့အနေမှီအခြေတည်သော တရုတ်,အိန္ဒိယနွယ်ဖွား

မဟာဓမ္မပါလ



တို့ထုံး နှလုံးမူရ၏။

ရန်ကုန်ရောက်ပဟေ့-ဆိုကတည်းက ဦးစွာ မယားထားဖို့ နေအိမ်ကအစ အခက်ကြုံရ၏။ သို့နှင့်အစတွင် ငါတို့၏ ဝမ်းကွဲအစ်ကိုတော်သူ ကိုကြည်ရွှေ+မရီတို့ထံ အပူကပ်ကာ ၎င်းတို့ပိုင် ဆယ်သိန်းတန်းလျားအခန်း၌ နေ၍ ဈေးဆိုင်ငယ် လေးတည်ပြီး လူလောကအစ ခြေချခွင့်ရ၏။ ၎င်း ကိုကြည်ရွှေ-မရီတို့က သက်န်းကျွန်း ရဲစခန်း၌ ရဲသားအဖြစ် တာဝန်ထမ်းလျက်နေ၏။ ထိုရဲစခန်း နောက်ကျောမှာပင် ၎င်းတို့ပိုင် ဆယ်သိန်းတန်းလျား ကား တည်ရှိ၏။

ထိုတန်းလျား၏ အခန်းရှေ့၌ပင် ဓနိတဲ ငယ် လေးတစ်လုံးထိုး၍ ဆိုင်ဖွင့်၏။ ဖွင့်သည့်နေ့ ကပင် ငါးကျပ်ဖိုးမျှရောင်းချရ၏။ ဝမ်းသာလိုက် သည့်ဖြစ်ချင်း။ ပထမဆုံးသော ကိုယ့်လုပ်စာ ကိုယ် မြင်ရသောကြောင့်ဖြစ်သော ဝမ်းသာမှုကား ဖော်ပြ ၍ပင် မဆုံးနိုင်ပြီ။

ထိုစဉ်က အရင်းအနှီးကား တစ်ဆယ်ကျပ် ဖိုးဖြစ်၏။ ထိုနေ့ရောင်းပြီး၍ စစ်ကြည့်သော် အရင်း နှင့်ညီမျှသော ကုန်ပစ္စည်းလည်း လက်ကျန်ရှိသေး ၏။ ရောင်းရငွေလည်း ငါးကျပ်ထွက်လာ၏။

ထိုစဉ်က ဈေးနှုန်းများမှာ နှစ်ဆယ်ဝင် ခပေါင်းစီးကရက်တစ်ဘူး-၈၅ပြား၊ မုန့်တစ်ထုပ် လည်း ၈၅ပြားမျှသာဖြစ်ပြီး၊ စီးကရက်တစ်လိပ် လျှင်-၅ပြား၊ မုန့်တစ်ခုကား-၁၀ပြားမျှ ရောင်းချရာ စီးကရက်တစ်ဘူးကုန်မှ ၁၅ပြားသာမြတ်၏။ ၁၀ခုပါ မုန့်တစ်ထုပ်ကလည်း-၁၅ပြားသာ။ ၂၅ခုပါ ဘီစကွတ် စသည်တို့ကား-(၁ကျပ်-၁၀ပြား)သာ ဖြစ်ပြီး၊ တစ်ခု ၁၀ပြားနှုန်းရောင်းက(၁ကျပ်-၂၅ပြား) ၁၅ပြားသာ မြတ်၏။ သည့်အတူ ငှက်ပျောသီး တစ်ဖြီးကို (၅)လုံးစား၊ ကြံတစ်ချောင်း တစ်မတ်စား စသည် အားဖြင့် ဆိုင်ကြီးရှင်တို့ကပေးရာ အမြတ်အစွန်း ဖြင့် လက်လီရောင်းချရ၏။ ၅ပြားတန် ဆေးပေါ့လိပ် တစ်စီး (အလိပ်တစ်ရာ)ရုံက(၄ကျပ်-၄၀ပြား)ဖြင့် လက်ကားသို့ဖြန့်ပြီး ထိုလက်ကားမှ(၄ကျပ်-၅၀ပြား) ဖြင့် ငါတို့က ဝယ်ရ၏။ ထိုတစ်ရာ ကုန်လျှင် ၅၀ပြား ကိုယ့်ဖို့ ကျန်၏။

ဖယောင်းတိုင်အကြီး တစ်ထုပ်(၃၂တိုင်ပါ) ကား လက်ကားမှ-၅၄ပြားဖြန့်ပြီး၊ ငါတို့ကား- ၅၅ပြားဖြင့်ပင်ရောင်းချ၏။ သို့ကြောင့်ဝင်ငွေသည် ၁၀ပြား, ၁၅ပြားသာရှိ၏။ ထွက်ငွေ၌လည်း ဆန် တစ်ပြီမှ(၁ကျပ်-၂၅ပြား)ထက် မပိုချေရကား အဝင်နှင့်အထွက် မျှတ၏။ ၁၃၃၁-ခုလောက်၌ ဆန်တစ်ပြီ ၅ကျပ်ဖြစ်သွားလေသောအခါ လူ အားလုံး မျက်လုံးပြူးသွားကြ၏။ "ဘုရား-ဘုရား မကြားဝံ့မနာသာ" ဟူ၍ တက်ဈေးအမိမခံရဘူး သေးသူတို့အဖို့ တအံ့တသြ ဖြစ်သွားကြချေ၏။

ထိုစဉ်က ငါတို့၏ဖောက်သည် ဆိုင်ရှင်ကြီး များကား သူငယ်ချင်းဦးကျော်သန်း ဆက်သွယ်ပေး သော ၎င်း၏မိတ်ဆွေ ဦးမြသန်း+ဒေါ်သိန်းညွန့် (သက်န်းကျွန်းဈေးကြီး)၊ မရီးတော်ဒေါ်ရီ ဆက်သွယ် ပေးသော ဦးဘချော+ဒေါ်အေးသိန်း (သက်န်းကျွန်း ဈေးကြီး) တို့ဖြစ်ပြီး ဦးမြသန်းဆိုင်မှ မုန့်ပဲသရေစာ မျိုးစုံ၊ ဒေါ်အေးသိန်းထံမှ ကြံ၊ ငှက်ပျောတို့ဖြစ်ကြ၏။

ထိုဆိုင်ငယ်လေးဖြင့်ပင် (၃)လမျှ နေရသေး ၏။ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲများ ပြီးအထိ နေရပြီး ပြာသိုလထဲတွင်မှ ရှေ့တစ်ဆင့်တိုးရန် ဟန်ပြင်ရ၏။ သို့တစေလည်း အရင်းအနှီးကား နည်းပါးလှ၏။

ရွာမှပြန်လာသောအခါ ငွေ-၁၀၀ဝိ(ကျပ် တစ်ထောင်)ပါလာခဲ့၏။ မင်္ဂလာလက်ဖွဲ့ငွေ-(၈၅ဝိ) နှင့် မိဘများက-(၁၅ဝိ) ပံ့ပိုးပေးသဖြင့် (၁၀၀ဝိ ) မျှအထိ ဖြစ်လာ၏။ ထိုတွင်ရန်ကုန်ရောက်သည်နှင့် မရီးများ ကလည်း ၎င်းတို့ထံ အပ်ပါ။ အရင်း, အတိုး လုပ်ပေးမည်ဆိုကာ တောင်း၏။ ငါတို့က မပေး။ မပေးသောကြောင့် ခဏခဏတောင်းသုံးရာ ငွေ-

မဟာဓမ္မပါလ



(၃၅၀ိ)မျှ လက်ဝယ်ပါသွား၏။ တစ်ဖန် သူငယ်ချင်းဖြစ်သူ ဦးကျော်သန်း၏ဇနီးကလည်း အရေးကြီးသဖြင့် ခေတ္တ-(၂၀ဝိ) လောက်ဆိုကာ တောင်းသဖြင့် ပေးမိလေရာ ပြန်မရတော့။

နောက်ပြီး မဝယ်မဖြစ်သော အိမ်ထောင်ပစ္စည်းများကလည်း ဝယ်ရသေး၏။ သို့ကြောင့် လက်ဝယ်ရှိ လက်ကျန်ကား-(၃၀ဝိ)မျှ လောက်သာ ရှိချေတော့၏။

အကယ်တိတိ အိမ်ထောင်ပင် အကျဉ်းကျသော်လည်း မိဘထံကပ်၍နေချေသော် ထို(၁၀၀ဝိ) ကား(၁၀၀ဝိ) သာ ရှိပေလိမ့်မည်။ ရသမျှစုမိ၊ ကျသမျှ မိဘက ကြုံးခံထားသောကြောင့်။

ထိုသို့မဟုတ် ကိုယ်စွမ်းကိုယ်စတို့ဖြင့် တစ်စင်ထောင်လိုသော်ကား ထို(၁၀၀ဝိ) သည် တစ်ပြောင်အဖြစ်သို့ ပြောင်စင်သွားပြီကား လက်တွေ့ပင် ဖြစ်ချေတော့၏။

ငါတို့သည် လက်တွင်းရှိ ထို(၃၀ဝိ) မျှသော ငွေစ,ကြေးစလေးများဖြင့်ပင် သက်န်းကျွန်းဈေးကြီးအတွင်း တစ်ဆင့်တက်၍ရောင်းချရန် စိုင်းပြင်းကြည့်၏။ ထိုစဉ်က ငါတို့တန်းလျား၌ အတူနေ ဦးပု+ဒေါ်ကျွေတို့ကား ထိုဈေးကြီး၌ ငါးခြောက်ဆိုင်ဖွင့်လျက်က ရှိပြီးဖြစ်နေချေ၏။

ထိုအဖိုး၊ထိုအဖွားတို့မှတစ်ဆင့် ဆိုင်စနည်းနာလေရာ (၅၀ဝိ)တန် ဆိုင်တစ်ဆိုင် ၎င်းတို့အနီးအပါး၌ ရှိကြောင်းပြော၏။ ထိုဆိုင်ကို လိုက်ကြည့်ရာကြိုက်၏။ လမ်းဆုံထောင့်စွန်းဖြစ်သဖြင့် ဆိုင်မျက်နှာစာ နှစ်လမ်းမြင်- နှစ်မျက်နှာရ ဆိုင်လေးပင်ဖြစ်ချေ၏။ လက်ထဲရှိ (၃၀ဝိ) ဖြင့်ပင် ကျန်(၂၀ဝိ)ကို တစ်လ၊နှစ်လတို့အတွင်း အကျေပေးပါမည်၊ ဦးလေးပု+ဒေါ်ကျွေတို့ကလည်း အာမခံပါသည်ဖြင့် ပိုင်ဆိုင်ခဲ့ရ၏။

ဆိုင်တော့ရပြီ။ ဘာရောင်းမည်နည်း။

ဆိုင်ကလေးအတွင်းသို့ စီးဝင်သွားသောငွေသည် ပြန်မထွက်လမ်းဖြစ်သဖြင့် လမ်းစပျောက်သွားတော့၏။ ရှေ့တစ်ဆင့်တက်၍ ဆိုင်ပေါ်တင်ရန် အရင်းငွေဆိုသည်မှာလည်း လက်၌မရှိ။ တုံးတိတိသာ။

ထိုသို့သောအကျပ်အတည်းသည် ငါ့ကိုထွက်ပေါက်ရရန် အကူအညီပေးခဲ့၏။ ဤနေရာ၌ ငါ့သတ္တိသည် မာနနှင့်ရောနှောလျက်က ပါလာ၏။ လုပ်ဖြစ်ရမည်၊ လုပ်ချင်ဖို့သည် ငါ့အရင်းအနှီး ဟူသော မိုက်ရူးရဲအတွေး ဝင်လာချေတော့၏။ မိုက်ရူးရဲ ဆိုသောစကားသည် ကာလသားမှမဟုတ် ငါတို့စီးပွားရေးသမားများနှင့်လည်း သက်ဆိုင်သည် ဟူသော ကြံတိုင်းအောင်ဆေးလိပ်ခုံပိုင်ရှင် ဦးစိန်အောင်၏စကားသည် ငါ့နားထဲ၌ တိုးဝင်လာ၏။ ထိုဦးစိန်အောင်ကပင် သတ္တိဆိုတာ ကျင်းထဲ ကြပ်ထဲရောက်သည့်အခါ သုံးရသည့်အရာမျိုး ဟူ၍လည်း ဆိုဖူးသေး၏။

စင်စစ် ကြံတိုင်းအောင်သည် ငါ၏ လောကီသွေး မွေးရာဌာနဖြစ်ဘိ၏။ စီးပွားရေးအမြင်ကို လက်တွေ့အားဖြင့်လည်းကောင်း၊ ဦးစိန်အောင်၊ တူဖြစ်သူ ဦးမျိုးညွန့်တို့၏ အတွေးအခေါ် အယူအဆအားဖြင့်လည်းကောင်း ငါ့အား ကျွေးမွေးများခဲ့၏။

လူမှုရေးနယ်ပယ်ကိုလည်း ကုန်သည်ပွဲစားများနှင့်ဆက်ဆံရာမှလည်းကောင်း၊ ဆေးလိပ်သမ ဆေးချေလုပ်သား စသည်များနှင့် ပေါင်းသင်းမိရာမှလည်းကောင်း ငါ့အား ဗဟုသုတပွားစေခဲ့၏။

အချစ်ရေး၊ အိမ်ထောင်ရေး နယ်ပယ်ကိုလည်း ထိုကြံတိုင်းအောင်မှပင် မုဆိုးစိုင်သင်ပမာဖြစ်ခဲ့၏။ ဤ၌ ကြံတိုင်းအောင်ဟူသောစကား၊ ဦးစိန်အောင်၊ ဦးမျိုးညွန့် စသောစကား၊ ထိုဆေးလိပ်ခုံနှင့်ပတ်သက်၍ ဆိုစကားများသည် အမည်ရင်းကား မဟုတ်လေ။ အမည်ရင်းအတိုင်း သုံးနှုန်းပါက ဂုဏ်သိက္ခာထိခိုက်စရာရှိ မိမိကြောင့် ထိခိုက်မည်

မဟာဓမ္မပါလ



စိုးရွံ့သဖြင့် ၎င်းတို့ကျေးဇူး ထောက်ထားသောအားဖြင့် အမည်လွှဲများဖြင့် သုံးထားခြင်းသာ ဖြစ်ချေသည်။ ယခုအချိန်တွင် ထို ဦးစိန်အောင်စသော လူကြီးများကား မရှိကြတော့ပြီ။ ငါတို့နှင့်ရွယ်တူ လူငယ်များသည်ပင် အဖိုးအိုဘ၀, ဖွားအိုမ ဖြစ်လောက်ပြီ။ ထိုဆေးလိပ်ခုံ၌ ထမင်းကျွေးကျွန်ခံဘ၀ကား ငါတို့အား အထူးကျေးဇူးပြုလျက်ရှိချေပြီ။

ထိုသို့ အကြံမရဖြစ်နေစဉ် တစ်ခုသောအတွေးကား ပြေး၍၀င်လာ၏။ ဦးလေးဖြစ်သူ ညွှန်းလိုက်သော ဦးတင်ကြည်+ဒေါ်ခင်ထွေးတို့ကို ပြေး၍ သတိရလာ၏။ ၎င်းတို့သည် ငါတို့မြို့လေး၏ မြောက်ဘက်ရှိ ထန်းကုန်းခေါ် သံလမ်းပေါ်မှ မြို့ကလေးက ရန်ကုန်သို့ လာရောက်အခြေချ နေထိုင်ကြပြီး တောင်ဥက္ကလာ၊နန္ဒ၀န်ဈေး၌ ဆေးဆိုးပန်းရိုက်ဆိုင်ဖွင့်ကာ အရောင်းအ၀ယ်လုပ်နေသော မိသားစုများဖြစ်ကြ၏။ အညာမှာနေစဉ်က ဦးလေး များနှင့် ရောင်းတူ၀ယ်ဘက် မိတ်ဆွေများပင် ဖြစ်ကြ၏။ အမြင်ကျယ်သဖြင့် ရန်ကုန်တက် စီးပွားရှာနေကြခြင်းတည်း။

ထိုဦးတင်ကြည်+ဒေါ်ခင်ထွေးတို့နှင့် သွားတွေ့ရန် ငါတို့ဆုံးဖြတ်လိုက်၏။ သို့နှင့် တစ်နေ့ ၎င်းတို့ နေထိုင်ရာ တောင်ဥက္ကလာပ(၇)ရပ်ကွက်သို့ သွားရောက်တွေ့ဆုံကာ အကျိုးအကြောင်းပြောမိ၏။ ၎င်းတို့ကလည်း ၎င်းတို့၏မိတ်ကောင်းဖြစ်သော ဦးလေးသန်း(ရဟန်းဒကာကြီးဦးဘသန်း)၏မျက်နှာကြောင့် လိုလိုလားလားပင် ကူညီမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ လုပ်သလို ဆေးဆိုးပန်းရိုက်ဆိုင်ဖွင့်ဖို့ အကြံပေးကြ၏။ "အရင်းအနှီးဘယ်လောက်ပါသလဲ" မေးသောအခါတွင်ကား ငါတို့ခေါင်းခါပြရ၏။

သို့တစေလည်း "ရှင့်မှာအရင်းမပါဘဲ ဘယ်လိုလုပ်မလဲ" မမေးတော့ချေ။ သည်လိုဆိုလည်း ၎င်းတို့ဆိုင်မှ ပုံစံပြရိုက်ထည်များကို အချို့အကြွေး၊ အချို့ကိုကား ခေတ္တငှားဖြင့် ဦးစွာပထမ စတင်၍ ဆိုင်ဖွင့်ရန် အကူအညီပေး၏။ စနစ်တကျလည်း သင်ပြပေးသေး၏။

ဤသို့ဖြင့် သက်န်းကျွန်းဈေးကြီးအတွင်း ၀ယ် 'ဆန်းနုယဉ် ဆေးဆိုးပန်းရိုက်လုပ်ငန်း' ဟူသော လုပ်ငန်းသစ်တစ်ခုကို အရပ်ကူပါ လူ၀ိုင်းပါဖြင့် စတင်ခြေလှမ်းခဲ့ရပါချေပြီ။

စတင်သောနေ့မှာပင် အပ်သူလည်း ပေါ်လာ၏။ ကြည့်သူတွေလည်းများပြား၏။ တစ်နေ့တစ်ခြားလည်း တိုးပွား၏။ သို့သော် ရုံသို့ အပ်ထည်များ ရွေးစရာပင် ငွေမရှိ။ အပ်ထည်တစ်ထည်လျှင် အနည်းဆုံး တစ်ပတ်မျှချိန်းရ၏။ ထိုတစ်ပတ်အတွင်း ၀င်ငွေရမည်မဟုတ်။ တစ်ဖန် အပ်ထည်များက နေ့တိုင်းကျလာ၏။ ရွေးသူဘက်က ချိန်းရက်အတိုင်း မရွေးပြန်လျှင်လည်း ၀င်ငွေနှင့်ထွက်ငွေ အလုပ်၌ လည်ပတ်မည်မဟုတ်။

ဤအခက်အခဲများကိုလည်း ဦးတင်ကြည်+ဒေါ်ခင်ထွေးတို့ကသာ တစ်လနှစ်လမျှ တာ၀န်ယူလုပ်ကိုင်ပေး၏။ ၎င်းတို့က ရုံမှရွေးရမည့်အထည်၊ ပင်းမင်းမှရွေးရမည့်အထည်များကို ဒိုင်ခံရွေးခဲ့ပြီး ၎င်းတို့ထံမှအကြွေးချ၍ အထည်အကုန်ယူစနစ်ဖြင့် လည်ပတ်ရ၏။

နှစ်လမျှ၎င်းတို့က တာ၀န်ယူပြီးသော အခါ အထည်ရုံ၊ပင်းမင်း သက်ဆိုင်ရာမှန်သမျှတို့ကို ၎င်းတို့ကိုယ်တိုင် လိုက်လံပြသပြီး လွှဲပြောင်းပေး၏။ သို့ကြောင့် ကိုယ်တိုင်ကျဲသို့ တက်ခဲ့ရ၏။ အလုပ်ကား ပြည်ပမှောင်ခိုကလည်း ကျပ်တည်း၊ နိုင်ငံခြားဖြစ်အထည်များကလည်းဈေးကြီးသဖြင့် ပြည်တွင်းဖြစ်တို့ တစ်ဟုန်ထိုး အလုပ်ဖြစ်နေချိန် ဖြစ်ရကား လက်မလည်ချေ။

ထို ပြည်တွင်းဖြစ်များကလည်း နိုင်ငံခြားဖြစ် ထိုစဉ်ကယိုးဒယားပါတိတ်၊ အင်ဒိုနီးရှားပါတိတ်များ၏ ဒီဇိုင်း၊ဆေးရောင် လက်ကျလက်နအတိုင်း ပုံတူချွတ်စွတ်ဖြစ်သဖြင့် ပိတ်သားကိုင်မကြည့်က

မဟာဗုဒ္ဓပါလ



အစစ်နှင့်မခြားပြီ။ ပိတ်သား၌ကား ငါတို့တိုင်းပြည်၌ အကောင်းဆုံးမှာမှ ပေါ်ပလင်သာ။ အများဆုံးကား ပိတ်ကျဲစများနှင့် မာလကျင်စ,များကိုသာ ကိုင်တွယ်ရိုက်ကြရ၏။

ထို မာလကျင် ခေါ် ပိတ်ကြမ်းစများကို ငါတို့ကား ဆေးဖြင့်အရောင်ချွတ်ပေးခြင်း၊ ရိုက်ခ၌အများထက် သက်သာခြင်းများကြောင့် အပ်နှံသူများ တိုးမပေါက်ချေ။ နံနက်တိုင်း အသစ်အပ်နှံသူများနှင့် အပ်နှံပြီးကိုရွေးသူများ ပြည်သူ့ဆိုင် တန်းစီတိုး နေဘိသို့ ပြည့်ကျပ်နေ၏။ ဆိုင်နီးနားချင်းတို့က "နင့်ဟာ အကောင်းမှုဟုတ်ရဲ့လား"ဟူ၍ ခတ်ရိုက်ခတ်ဆင်စသော မသမာဉာဏ် ပါဟန်လေနိုးဖြင့် အမေးခံရသည်အထိ ဖြစ်လာ၏။

တစ်နေ့၏ အမြတ်အစွန်းသည် ပျမ်းမျှ (၂၀၀ိ)မျှအထိရှိ၏။ ဆန်တစ်ပြီ (၁)ကျပ်(၂၅)ပြားခေတ်၏ ထို(၂၀၀ိ)သည် နတ်ဆေးကြိမ်လုံးထက် အစွမ်းထက်၏။ ဆိုင်သည်လည်းကောင်း၊ ငါသည်လည်းကောင်း အထူးစန်းပွင့်၏။ ဘဝတူ ဆေးဆိုးပန်းရိုက် ဆိုင်တို့၏ မျက်မုန်းကျိုးခံရသည်အထိ ဆိုင်ကလည်း မိတ်ခေါ်ဈေးခေါ် ကောင်းချေ၏။

ရွယ်တူမိန်းကလေးတိုင်း၏ သွားရေယိုခံရသည်အထိ ငါတို့၏ဆွဲဆောင်မှုကလည်း အားကောင်းလှ၏။ ပြောဆိုဆက်ဆံမှု၌ သာယာချေငံစွာ ပြောတတ် ဆိုတတ်လှသော စကားအလိမ္မာ၊ အလုပ်ခွင်နှင့်ပတ်သက်လျှင် အနွံအတာခံ ဆောင်ရွက်ပေးတတ်လှသောစေတနာ၊ ထိုအရာများက ဆွဲအားကောင်းနေခြင်းသာဖြစ်၏။

ရက်ချိန်းလွန်သော အထည်များကို အိမ်တိုင်ယာရောက် သွားရောက်ပို့ပေး၏။ အာမခံအတိုင်း ဖြစ်မလာလျှင် လျော်သင့်လျော်ပစ်ပေး၏။ သို့ကြောင့် အမျိုးသမီးတိုင်းက သဘောကျကြ၏။ အချို့ကား ၎င်းတို့အိမ်သို့ မရမကခေါ်၍ ထမင်းကျွေးခြင်း၊ မိတ်နှောင်ဖွဲ့ခြင်းများအထိ အဆင့်ကျော် လာတော့၏။

ဤသို့ဖြင့် တစ်နှစ်ကာလအတွင်း အိမ်တစ်လုံး ကိုယ်ပိုင်ဝယ်နိုင်သည့်အဆင့်သို့ ရောက်လာခဲ့၏။ အိမ်အမျိုးမျိုး၊ ရပ်ကွက်အထွေထွေ လိုက်လံ စုံစမ်းရာ သက်န်းကျွန်း၏ ၉,ရပ်ကွက်မြောက်ပိုင်း (ယခင်အခေါ် အဝေါ်-နတ်စင်ဘောက်ထော်)ရှိ ခ/၅၈၊ ပြည်သာယာ(၃)လမ်း အိမ်နှင့်တွေ့မှ အလိုကျ၏။ ဈေးနှုန်းနှင့်အိမ် ချိန်သားကိုက်၏။ မြေမှာ ပေ (၄၀×၄၀)ပတ်လည်၊ အိမ်မှာကား-ပျဉ်ထောင် သွပ်မိုး၊ ၃ပင်×၆ပင်တိုင် အိမ်ဖြစ်၏။ တစ်သက် ကိုယ်ပိုင်အိမ် ကိုယ့်လုပ်ခဖြင့်နေရသဖြင့် ပျော်လိုက်ဘိခြင်း။

ထိုအိမ်ပေါ် တက်ရပြီဆိုကတည်းက စိတ်ကြီး ဝင်လာ၏။ ငွေသည် ယနေ့ရ ယနေ့ပင် ကုန်အောင်သုံး၊ နက်ဖြန်ဆိုင်ပေါ် တက်သည်နှင့် ဖွေးကနဲ့၊ ဖွေးကနဲ သာတည်း။

## မြို့သား၏ မြို့ကား
## တောလမ်းကြား၏ တောဗွက်မတက်နိုင်

မြို့မှာနေသူ၏ တိုက်တစ်လုံး၊ ကားတစ်စီးသည် တောမှာနေ တဲတစ်လုံး၊ လှည်းတစ်စီးနှင့် အဆင့်တူ၏။

ထိုအချင်းရာနှစ်ခုသည် ကာလဒေသသို့ လိုက်၍ အမြင်ကွာခြားခြင်းသာ။ ဝန်ဆောင်ရာ၌ကား သူ့နေရာနှင့်သူ အတူတူသာ။ သို့ကြောင့် ငါသည် မြို့မှာနေလျှင် တိုက်တစ်လုံး၊ ကားတစ်စီး ရှိသင့်၏။

ထိုသို့ တိုက်တစ်လုံး၊ ကားတစ်စီးရှိပါမှ တောမှာနေသော တဲတစ်လုံး၊ လှည်းတစ်စီးတို့နှင့် အဆင့်ညီမျှရုံသာရှိ၏။ ထို့ထက်ပိုလွန်ပါမှသာ မြို့အခြေ နေရကျိုးနပ်ချေမည်။

မဟာဓမ္မပါလ



တစ်ဖန် တရုတ်,အိန္ဒိယနွယ်ဖွားတွေသည် တရုတ်ပြည်၊ အိန္ဒိယပြည်က တရုတ်ငွေ၊ အိန္ဒိယငွေကား မပါ။ မြန်မာပြည်ရောက်ခါမှ မြန်မာ့ငွေနှင့် မြန်မာ့ပစ္စည်း ရောင်းဝယ်ဖောက်ကားလျက်က ကြီးထွားလာကြ၏။

ငါသည်ကား ဗမာ။ မြန်မာပြည်မှာမွေး မြန်မာ့မြေမှာ သွေးချင်းများရှိပါလျက်က မြန်မာ့ငွေနှင့်မြန်မာ့ပစ္စည်း အရင်းအနှီးပြုကာ ဥစ္စာရှာဖွေသော် အဘယ်မှာ မရနိုင်ဘဲရှိအံ့နည်း။

ဤသို့လျှင် တက်သွေး,တက်စိတ်များ ထကြွလာချေ၏။ အရောင်းအဝယ်မှ အရောင်းအဝယ် ပညာရခဲ့သလို အရောင်းအဝယ်မှပင် ကြီးပွားလိုစိတ် အင်အားကိုလည်း မွေးဖွားပေးလာချေ၏။

တစ်ဖန်လည်း ရဟန်းဘဝ၌ သီလအင်အားဖြင့် စီးပွားရှာ၏။ လူ့ဘဝ၌ကား မာနအင်အားဖြင့် စီးပွားရှာမှရလေမည် ဟူ၍လည်း တွေးမိ၏။

ရဟန်းဖြစ်သော် လောဘမရှိမှ၊ မာနမရှိမှ။ လူဖြစ်က လောဘကြီးမှ၊ မာနကြီးမှ ထွန်းကား၏။ သို့ကြောင့် ရဟန်းအကျင့်နှင့် လူ့အကျင့် မှောက်ဖဝါး လှန်ဖဝါးမျှ ဆန့်ကျင်၏။ ထိုအတွေးမှပင်-

-ငါသည်လူ လိုချင်စိတ်ကိုကြီးစွာမွေး၍ စီးပွားရေးကိုထူထောင်အံ့။

-ငါသည်လူ အနိုင်မခံ ယှဉ်ပြိုင်လိုစိတ် မာနကို ဒေါသ၏မခံချင်စိတ်ဖြင့် တို့ဆိတ်၍ အထွဋ်အထိပ်တက်အံ့။

-ငါသည်လူ- ငါပိုင်ငါစွဲ သဲမဲစွာအားမွေး၍ကြီးပွားရေးသို့တက်အံ့။

ဤသို့အတွေးဝင်သည်မှစ၍ လူ့လောကထဲ ရောက်လာသောငါသည် လူလိုပင်တွေး၍ လူသို့ပင် ပြုကျင့်တော့၏။ ဘုရားနွယ်ဖွား ဘုရား၏သား ဖြစ်သဖြင့် မတရားကားမပြုကျင့်။ ဘုရားနွယ်ဖွား ဘုရား၏သားဖြစ်သဖြင့် သုရာမေရယကံမှတစ်ပါး အခြားကံများသို့ မီးမကူးစက်စေခဲ့။

အိမ်ထောင်နှင့် စီးပွားရေးထိမ်းရန် သူတစ်ပါးတို့၏သမီးကို မယားအဖြစ် သိမ်းခဲ့သော်လည်း ထိုမယား မှီ၍ဖြစ်သော တဏှာ၊မာန၊ဒိဋ္ဌိကား မဖြစ်မိ။ လင်ခန်းမယားခန်း မပေါင်းမိသည့်ညတို့က အများဖြစ်ခဲ့၏။ တဏှာရာဂ ခေါင်းပါးပြီး ရိုးသားသော မယားဖြစ်သဖြင့်သာ တော်သေး၏။

စီးပွားရေးနှင့် ကြီးပွားရေးသည်သာ ငါ့စိတ်၌ အမြဲကိန်း၏။ ငါ့ဉာဉ်သည် တစ်ခုစိတ်စိုက်မိ ထိုတစ်ခုကိုသာ သဲကြီးမဲကြီးလိုက်လေ့ရှိတတ်၏။ သူတစ်ပါးနားသွင်းလည်းမဝင်တတ်။ စီးပွားရှာကြံရာ၌ တရုတ်ကိုအားကျ၏။ တရုတ်ရှာဖွေနည်း၊ တရုတ်သုံးစွဲနည်း၊ ထိုတရုတ်လူမျိုးတို့၏ လုပ်ထုံးလုပ်နည်းကိုသာ တုပ၏။

တရုတ်တို့သည် အလုပ်ကြီးအကိုင်ကြီးများကိုသာ တက်လုပ်၏။ သေးနုပ်သောအလုပ်ဖြင့် မတက်တတ်။ တရုတ်တို့သည် ငွေကိုငွေဖြင့်သာ လိုက်၏။ ငွေရသိုက်တွေ့က အချောင်နိုက်တတ်၏။ စီးပွားရေးဖြစ်မည်ဆိုက ဖြစ်သောနည်းဖြင့် လိုက်ခြင်းသည် ထိုတရုတ်တို့၏ အချောင်လိုက်နည်း ဖြစ်၏။ သုံးစားရာ၌ ဝလင်စွာသုံး၏။ တင်းတင်းစား၍ တင်းတင်းအားဖြင့်သာ ဥစ္စာရှာ၏။ အိန္ဒိယနွယ်ဖွားတို့ကဲ့သို့ အသေးအဖွဲဖြင့်မရှာကြ။ အိန္ဒိယနွယ်ဖွားတို့ကဲ့သို့ မစားရက်မသောက်ရက်ဖြင့် မစုဆောင်း၊ အိန္ဒိယနွယ်ဖွားတို့ကဲ့သို့ အောက်မကျို့။ ထိုသို့သော တရုတ်တို့၏ လုပ်ကွက်ကို ငါတို့ နှစ်သက်သဖြင့် ထိုအတိုင်းပင် အားမာန်ကြီး၏။ ကြိုးစား၏။

မကြာပါလေ ပျော်သောစိတ်တို့ပျက်ရလေပြီ။ တက်သောစီးပွား အညွန့်ကျိုးသွားလေပြီ။ ထိုအိမ်သို့ ရောက်၍(၅)လအကြာတွင် အိမ်ဖောက်ထွင်း ခိုးယူမှုကို ဦးစွာခံရတော့၏။ အိမ်အရောက်လကား- ကဆုန်၊ အိမ်ဖောက်ညကား-တော်သလင်းတည်း။ ရောက်နေ့ကားမမှတ်မိ။ ဖောက်နေ့ကား စနေတည်း။

မဟာဝမ္ဗပါလ



ထိုနေ့ညကားထူးခြား၏။ ဥက္ကလာက(၁၃)ရပ်ကွက်ရှိ ဆေးဆိုးပန်းရိုက်ရုံ၊ မှုတ်ပန်းရေးရုံများသို့ ညနေ(၅)နာရီ ဆိုင်ပိတ်၊ (၆)နာရီအိမ်ရောက်သဖြင့် ရေမိုးချိုး စားသောက်ပြီး စက်ဘီးတစ်စီးဖြင့် အိမ်မှ ထွက်ခဲ့၏။ လမ်းတွင် ရတနာလမ်းမကြီးဘေး၌ နောင်တော်ဦးလှအောင်ရုံးအားရက် လာရောက်တည်းခိုသော အိမ်တစ်အိမ်ရှိ၍ ဝင်၏။ "အပြန်တွင် ဝင်ခဲ့။ ငါပါမင်းအိမ် လိုက်အိပ်မည်"ပြော၏။

ရုံသို့ ရောက်သောအခါ (၁၃)ရပ်ကွက် မင်္ဂလာလမ်းရှိ မိတ်ကောင်း အားထားဖြစ်ရသူကိုတူး၏ ပန်းရိုက်ရုံသို့ ရောက်သောအခါ အထည်များ ရွေးယူပြီး ထိုကိုတူးနှင့် စီးပွားရေး ကြီးပွားရေး စသည်ထွေလာ စကားပြောကြား၏။ ပြီးသော် ပြန်ခဲ့ပြီး ထိုရတနာလမ်းမကြီးဘေးရှိအိမ်သို့ ဝင်မည်ပြုရာ မှောင်နေတော့၏။ အားလုံးပင် အိပ်မောကျနေကြပြီဖြစ်၏။ ငါတို့လည်းအခါမဟုတ် ခါတိုင်းထက် စောစွာအိပ်ချင်လာ၏။ အိပ်ချင်လျက်ကပင် အိမ်သို့အရောက်နင်းလာပြီး အိမ်သို့ရောက်သည်နှင့် ဟန်မဆောင်နိုင်တော့ဘဲ လက်ရှိနာရီများကို အနီးရှိ စားပွဲပေါ် ချွတ်တင်ကာ အိမ်ရှေ့ဘုရားခန်း၌ပင် အိပ်ပျော်သွားတော့၏။

ရှိစုမဲ့စု အပ်ထည်များကား ဂုံနီအိတ်ကြီးများဖြင့်ထည့်သွင်းကာ အိမ်ထရံ၌ အစီအရီ ထောင်ထား၏။ ယနေ့ရွေးခဲ့ပြီးအထည်တို့သည်ကား ငါတို့အနီးအနား၌ပင် အိတ်တစ်လုံးဖြင့် ယူခဲ့သောအတိုင်း လက်ရာမပျက် အသင့်။

နံနက်(၃)နာရီခန့် နိုးသဖြင့် ထအကြည့် ထိုအားလုံး မရှိကြတော့ပြီ။ နာရီလည်းမရှိပြီ။ စိုးရိမ်စိတ်ဖြင့် ထကြည့်လေသောအခါ အိမ်ရှေ့ပျဉ်ထောင်ကား-ကွာလျက်၊ တံခါးကား-ဖွင့်ထွက်ပြီး ပြန်ပိတ်ထားသဖြင့် စေ့လျက်က။ ဇနီးသည်ကား ငိုပါလေတော့၏။

ထိုစဉ်က တော်လှန်ရေးကောင်စီ၏ ရပ်ရွာအုပ်ချုပ်ရေးသည် ငါးဦးကော်မတီခေတ်ဖြစ်၏။ ငါတို့ရပ်ကွက်၏ ငါးဦးကော်မတီဝင်တစ်ဦးကား ငါတို့နှင့် အိမ်ချင်းကပ်လျက်ရှိ၏။ သို့ကြောင့် ထိုနေ့ နံက်(၄)နာရီခန့်တွင်နှိုး၍ သွားရောက်တိုင်တန်းချေရာ- "အေးလေ ပါသွား ပြီးရောပေါ့၊ နောင်မပါရအောင် ဂရုစိုက်အိပ်ပေါ့" ဖြင့် ပေါ့ပေါ့ပင်ပြောလွှတ်လိုက်၏။

လင်းသော် အချိန်မှီဈေးသို့ပြေး၍ ဆိုင်ရှိလက်ကျန်အထည်များဖြင့် ခင်းကျင်းရန်သွား၏။ ရောက်သော်ဆိုင်နီးနားချင်းလည်းဖြစ် ဈေးကောင်စီ၏ဥက္ကဋ္ဌလည်းဖြစ်သော မွတ်တားကြီးကို -

"ဦးလေး ကျွန်တော်တော့ ညက အိမ်အဖောက်ခံလိုက်ရပြီဗျာ၊ ရှိစုမဲ့စု အကုန်ပါသွားပြီ" ပြောရာ -

"ကောင်လေး ဒီလိုဆို ဆိုင်ပိတ်ထားလိုက် မထွက်နှင့်ဦး၊ အိမ်ဖောက်ထွင်းခံရလို့ အပ်ထည်များ ပါသွားကြောင်း ရဲစခန်းသွား အကြောင်းကြားထား။ တော်ကြာနင့်ခေါင်းပေါ် အကုန်ပုံကျသွားလိမ့်မည်" သတိပေး၏။

ထိုဦးလေးသတိပေးမှ ကြောက်ရမှန်း သိတတ်လာ၏။ အစကတော့ အပ်သူတို့လာမေး-အိမ်ဖောက်ခံရလို့ ပါသွားပြီပြော၍ တန်ရာတန်ကြေး အလျော်ပေး ပြီး၏ ထင်ထားမိ၏။ယခုသော်နောင်-ယုန်ထင်ကြောင်ထင်အမြင်မှားများဖြင့် မိမိတို့ဂုဏ်သိက္ခာကျမည်ကို တွေးပူလာမိတော့၏။

သို့နှင့် သက်နှင်းကျွန်းရဲစခန်းသို့ သွားရောက်တိုင်တန်းရ၏။ ငမိုးရိပ်၊ လေးဒေါင့်ကန်ရပ်ကွက်ရှိ သူငယ်ချင်းဦးကျော်သန်းထံသို့လည်း ဖြစ်ကြောင်းကုန်စင်သွားရောက်ပြောကြားမိ၏။ဤလိုလောကဓံမျိုး ပွဲမတိုးဘူးသေးသော ဇနီးသည်ကား အငိုမရပ်ဟော့ပြီ။ တစ်ဖန် တောင်ဥက္ကလာ(၇)ရပ်ကွက်ရှိ ကျေးဇူးရှင်ဦးတင်ကြည်+ဒေါ်ခင်ထွေးတို့ထံ သွားရောက်၍လည်း ဖြစ်ကြောင်းကုန်စင်ပြောကြားမိ။

"ရှင်-၄-၅ ရက်အတွင်း ဆိုင်မထွက်သေးဘဲ နေလေဦး၊ ဖေါက်ထွင်းလည်းခံရသည် ဆိုင်လည်း

မဟာဓမ္မပါလ



အထွက်မပျက်ဆိုလျှင် ရှင့်ကို ဘယ်သူမှယုံကြမှာ မဟုတ်ဘူး"

"နောက်ပြီး ဘာအမှုမှလုပ်မနေနဲ့ စီးပွားရေးသမား အမှုရင်ဆိုင်၊ ရုံးခဏခဏသွားနေရရင် ပျောက်ပြီးမရသည့်အပြင် နောက်ထပ်ငွေကုန်မှာပဲ အဖတ်တင်မည်"

ထို ဒေါ်ခင်ထွေး၏ စကားစုများကား အဖိုးတန်လှ၏။ သူမ၏အကြံပြုချက်ကြောင့် ထိုစကားများအတိုင်း လိုက်လံအကောင်အထည်ဖော်မည်ဟု ဆုံးဖြတ်လိုက်မိ၏။

အိမ်ရောက်သော် ဦးကျော်သန်းကား ရောက်နှင့်နေ၏။ စစ်ဆေးရန်ရဲများကား ရောက်မလာပြီ။ ညနေ(၃)နာရီအထိလည်းမပေါ်လာ။ သို့ကြောင့် ဦးကျော်သန်းသည် ၎င်း၏သူငယ်ချင်းဖြစ်သူ ထိုသက်န်းကျွန်းရဲစခန်းက ရဲတပ်ကြပ်ကြီး မောင်ကျော်အား သွားရောက်အကူတောင်းရာ မောင်ကျော်လိုက်လာပြီး ဖောက်ထွင်းသူခိုးတို့ အိမ်အပြင် ထားပစ်ခဲ့သော ဖောက်ထွင်းရာ၌ အသုံးပြုသည့်ဓါး ကျန်ရစ်ခဲ့သည်ကို သိမ်းဆည်းသွား၏။ ဓါးဝှက်မြှုပ်ထားသော ဖောက်ထွင်းရာ၏ ပျဉ်ချပ်များကိုလည်း ဖောက်ထွင်းပေါက်နှင့်ပျဉ်ချပ် ကပ်ကြည့်ကာ လေ့လာသွား၏။ ဤသည်ပင် ရပ်ကွက်အုပ်ချုပ်ရေးနှင့် ရဲတိုင်တန်းမှု အစ၏အဆုံးပင် ဖြစ်ချေတော့၏။

ဆိုင်မထွက်သဖြင့် အိမ်ကား အထည်ရွေးသူများဖြင့် စည်ကားနေ၏။ ထိုလာသမျှကိုလည်း ဖြစ်ကြောင်းကုန်စင်ကိုသာ နတ်သံနှောလျက်ကရောရ၏။ ထိုအခါ

"ကျွန်တော်တို့အပ်တာက အိမ်မှာမဟုတ်ဘူး ဆိုင်မှာဗျ" လည်းပါ၏။

"အိမ်ဖေါက်တယ်ဆိုတော့ ခင်ဗျားတို့က ဘယ်သွားနေလို့တုန်း"လည်းပါ၏။

"သည်လောက် ဖေါက်ထွင်းနေတာ ခင်ဗျားတို့က မနိုးဘူးလား" လည်းပါ၏။

မယုံစောဒကကား အစုံအစုံပင်။

ထိုအားလုံးကိုပင် သည်းခံရ၏။ အခိုးခံရပြီးနောက် မိတ်ပျက်ထပ်မခံရရန် သတိထားရ၏။ ပစ္စည်းဆုံးပြီးနောက် အမုန်းနောက်ထပ် မလိုက်ရန် ဆင်ခြင်ရ၏။

သို့နှင့် (၄)ရက်ကျော်လွန်သွားသောအခါ ခါတိုင်းလိုဆိုင်ဖွင့်၏။ နက်လင်းသည်နှင့် အပ်ထည်များတဖြစ်လဲ ဖေါက်ထွင်းထည်များ ရွေးရန်လာသူများနှင့်သာ ဦးစွာရင်ဆိုင်ရချေ၏။ ထိုအခါ ဖေါက်ထွင်းခံရပုံကိုလည်း အရှိအတိုင်း စိတ်ရှည်ရှည် နှင့် ပြောပြရ၏။ တစ်ဝက်နှုန်းမျှလျော်ပါမည် ဟုလည်း အသနားခံခြင်း၊ တောင်းပန်ခြင်းဖြင့် ပြေငြိမ်းစေရ၏။

ငါတို့၏စေတနာကြောင့်ထင်၏။ အားလုံးနီးနီးက ခွင့်လွှတ်၏။ ထုံးစံကား အခိုးခံရသော်လျော်ရိုးမရှိ။ ဘောက်ချာစည်းကမ်းထဲ၌ပင် ရန်သူမျိုး ငါးပါးဖျက်ဆီးခြင်း၊ အဟောင်းထည်များ အပ်ပါက ဆေးရောင်ပျက်ခြင်း၊ စုပ်ပြဲခြင်းများကို တာဝန်မခံပါကြောင်း အတိအလင်း ထည့်သွင်းပုံနှိပ်ပေးထားပြီးဖြစ်၏။ သည်အထဲက တစ်ဝက်လျော်ပါမည် ဆိုသောအခါ-

-အချို့ကား ပြည်သူ့ဆိုင် ထုတ်စျေးဖြင့်သာ တစ်ဝက်မျှယူကာ ထပ်မံအပ်ကြ၏။

-အချို့ကား အခိုးခံရတာ မယူပါဘူးဆိုကာ ထပ်မံ၍ပင် အပ်နှံကြ၏။

အားလုံးထဲတွင် အိန္ဒိယနွယ်ဖွား အမျိုးသမီးတစ်ဦး၏ မကျေနပ်ချက်ကြောင့် ရဲစခန်းသွားတိုင်သဖြင့် တစ်ချီသွား၍ ဖြေရှင်းရ၏။ အမှုတာဝန်ခံဒု-ရဲမှူး၏ သက်သေခံကြောင့် ငါတို့အမှုမဖြစ်။ ဗမာလူမျိုးတစ်ဦး မချေမငံပြောကာ ၎င်းပါလာသောဘောက်ချာဆွဲဆုပ်လျက်က ပြန်သွားသည်ကို တစ်ကြိမ်ခံရ၏။

မဟာဓမ္မပါလ



ထို့နောက်ဆိုင်ကား ယခင်ကထက်ပို၍ အပ်နှံသူတွေ တိုးတက်လာ၏။ "အခိုးခံရသော်မှ လျှော်ပေးသည်" ဟူသောသတင်းကောင်း၊ "ဆေးရောင်မခိုင်သောအရာ လက်ရာမသန့်သောရုံစသည်များကို အရိုးခံအတိုင်း ပြောသည်" ဟူသောသတင်းကောင်း ထိုနှစ်ကောင်းက ထပ်ဆောင်းလောင်းသွန်းပေးလိုက်သောအခါ မကောင်းကံများအကြားမှ ကောင်းကံအညွန့်အဖူးများတို့သည် တအားကြီး ထိုးထွက်လွန့်လူးလာကြချေကုန်၏။ သို့ကြောင့်-

- လူ့အစီးအပွား လူကြီးထွားနှုန်းဖြင့် တိုးတက်လိုသော ကြီးပွားရေးတဏှာသည် ပိုကဲလာ၏။
- အိန္ဒိယနွယ်ဖွားနှင့် အများချင်း၊ အမှားချင်း ပြိုင်ချင်သော မာနတို့သည်လည်း ပို၍ပင်တင်းမာလာ၏။
- အများလက်၏ ရှိပစ္စည်း၊ ကိုယ့်ပစ္စည်းဖြစ်ချင်သော ဒိဋ္ဌိတို့ကလည်း ဖင်တစ်ကြွကြွ ထလာ၏။

ဤသည်မှာ ထိုစဉ်က ငါတို့၌ရှိသော စိတ်ဓာတ်များပင်ဖြစ်ချေ၏။ ဖောက်ထွင်းခံလိုက်ရသောပစ္စည်းတန်ဘိုးကား ကာလပေါက်ဈေး အားဖြင့်(၅၀၀၀ိ) ကျပ်ငါးထောင်ဘိုးထက်မပိုပြီ။ ရလာသောအသစ်အသစ်တို့ကား ထို၏သုံးဆမျှကြီးထွားလာသဖြင့် ငါ့ထံရှိ မာန-တဏှာ-ဒိဋ္ဌိတို့ကား မြွေဟောက်၏ဥကျောင်း ဒုတ်ချောင်းလေးသေးသေးဖြင့် အခေါက်ခံရသည့်ပမာ ဒုတ်ချက်နှင့်လှုပ်ချက်မကာမိသို့ ထိရာမှထကြွလာချေတော့၏။

သို့တစေလည်း တစ်ဘက်ရှိဇနီးသည်ကား သွားလေသူ ထိုပါတိတ် စိတ်စွဲအားကြီးချေရကား အိပ်လည်းမအိပ်တော့ပြီ။ အစာလည်း ဟုတ္တိပတ္တိ မစားတော့ပြီ။

"မင်းပဲအလုပ်လုပ်ရတာ မင်းပဲစား လိုသလောက်စားပါ။ ကော်ဖီ, လဘက်ရည်ကိုလည်း သောက်မြဲသောက်ပါ။ ငါကတော့အစားနဲနဲစားပြီး သွားပြီးသားအကြွေး ကြေသည်အထိ ခြိုးခြံတော့မည်" ဟူ၍ အရေးဆိုလာ၏။

ဤနေရာ၌ ငါတို့နှင့်ဇနီးသည်တို့၏ အသွင်မတူသောဖြစ်အင်ကို ဖော်ပြလိုသေး၏။

ငါတို့ကား- တရုတ်စိတ်၊ ဇနီးသည်ကား- အိန္ဒိယနွယ်ဖွားစိတ်၊ စီးပွားရေးအမြင် အမူအကျင့် မတူညီလေ။

ငါတို့ကား- လျှင်မြန်စိတ်၊ ဇနီးသည်ကား- အေးဆေးငြိမ်သက်စိတ် အိမ်ထောင်ရေးကိစ္စ၌ အမူအကျင့် မတူညီလေ။

ငါတို့လက်ကား လက်ဖွာကဲ၊ ဇနီးသည်ကား လက်စိပ်သမား အသုံးအစွဲများ၌ အမူအကျင့်ခြင်း မတူညီလေ။

ဤသို့လျှင် ယောကျ်ားနှင့်မိန်းမ မူလသဘောရင်းကိုက မတူညီရသည့်အထဲ စရိုက်, ဉာဉ်များကပါ မူကွဲ,အယူကွဲ ကွဲလာလေသောအခါ တစ်ဦးနှင့်တစ်ဦး ခြေကျလက်ကျကား မထပ်မိချေပြီ။ ထိုမထပ်မိသော ခြေလက်တို့ကို ဂဟေဆက်မိလေရာ ထွက်ပေါ်လာသော နောက်ဆုံးအဖြေကား စိတ်ကောက်ခြင်းနှင့် အရွဲ့တိုက်ခြင်း နှစ်ခုတို့သာ ဖြစ်ကြချေ၏။

အေးဆေးသဖြင့် လူသိရှင်ကြား ရန်မဖြစ်လိုသော ဇနီးသည်ကား စိတ်ကောက်သမား။ စိတ်ကောက်လေမှန်းသိ၍ အထွန့်တက်ပြတတ်သော ငါတို့သည်ကား အရွဲ့တိုက်သမား။

ဇနီးသည်ကား တစ်လလျှင် (၃၁)ရက်လောက် စိတ်ကောက်၏။ ဗမာရက်နှင့် ထိုရှေ့လမှ တစ်ရက်ချေးငှားရမတတ်ပင်။

ငါတို့သည်ကား ၄င်းထက်နှစ်ပြန် ဖြစ်သဖြင့် ရှေ့လာမည့်နှစ်မှ တစ်လအကြိုထုတ်ယူထားရမတတ်ပင်။ နှစ်ဦးသဘောတူ ဆိုသည်မှာ အိပ်ရာဝင် ခြင်ထောင်တွင်းများမှာပင် မရှိခဲ့ပြီ။

မဟာဓမ္မပါလ



သို့ကြောင့် ပျော်တတ်ရွှင်တတ်သော ငါသည် အိမ်၌ ပျော်စရာရွှင်စရာ အတိုင်အဖောက် ပျောက်ရှနေတော့သဖြင့် ကိုတူးအိမ်မှာသာ အချိန်ကုန်တတ်၏။ နံနက်အိပ်ရာထမှ ညနေ(၅)နာရီတိုင်အောင်သည်ကား ဈေးမှာသာအချိန်ကုန်၏။ ထမ်းပိုးမညီသော နွားနှစ်ကောင်၏ ဝန်ရှန်းလှည်းကို ဆွဲရာ၌ သူ့ဘက်နှင့်သူ ဘက်ကန်ဆွဲသကဲ့သို့သာတည်း။

## စိတ္တဇ ရာ ရွာမှာပြန်ကု

ထိုသို့ ဇနီးသည် အစားမစား အနေမျှားလာသဖြင့် စိတ်,ကိုယ် ကြောင်တောင် ဖြစ်လာသောအခါ မဖြစ်ချေဘူးဟဲ့ဆိုကာ ရွာသို့ပြန်လည်ကာ ချောမော့ပို့လိုက်ရတော့ချေ၏။ စိတ်ပြောင်းသွားစေရန်နှင့် လောကဓံ၏ ဆိုးသံကောင်းသံ မမြင်ရမကြားရစေရန်ဖြစ်၏။ မိခင်ကြီးသည် လာရောက်၍ ငါ့တစ်ယောက်တည်းကို ကူညီ၏။ တစ်ဆောင်းရာသီလုံး ဇနီးသည်အား ရွာသို့ပြန်ကာ အနားယူစေ၏။ အိမ်ကား မိခင်ကစောင့်ပေး၏။ အစာချက် ကျွေးမွေး၏။ လူကြီးဖြစ်သဖြင့် အအိပ်အနေ နည်းပါး၏။ တောဓလေ့အတိုင်းပင် နေ၍ တောဓလေ့အတိုင်းပင် ပြောဆိုဆက်ဆံတတ်၏။ သို့ကြောင့် ငါတို့၏ အပေါင်းအသင်းများနှင့် ချိန်းတွေ့ကြကာ သောက်စားခြင်းကိုမနှစ်မြို့။

ငါတို့သည်လည်း နှစ်မြို့၍ကားမဟုတ်။ ပြီးတိုင်းလျှင် ကုန်ခန်းသွားသောငွေနှင့်ခံစားရသော ပျော်မှုကို အမြဲပင်နှိုင်းယှဉ်ကြည့်ကာ နှမြောစိတ်ဝင်မြဲဖြစ်၏။ တစ်ဖန် ငွေရရန် ရှာဖွေကြိုးပမ်းရမှု၏ အချိန်ကာလနှင့်သုံးသောကာလတို့၏ အချိန်ကာလကိုလည်းကောင်း၊ ငွေတစ်ကျပ်တစ်ပြား သူတစ်ပါးထံမှလက်ခံရယူစဉ်၏ မရမီ ပေးမည့်ဆဲဆဲ ထားရှိမွေးမြူခဲ့ရသောစိတ်နှင့် မိမိလက်မှငွေ သူတစ်ပါးထံသို့ပေးစဉ် ထားရှိသောစိတ်တို့ကိုလည်းကောင်း ချိန်ထိုးကြည့်မြဲဖြစ်ခဲ့၏။ ထိုသို့ချိန်ထိုးကြည့်တိုင်းလျှင် ကုန်ခန်းသွားသောငွေအပေါ်၌ နှမြောစိတ်ကား ဝင်စမြဲ။

သို့တစေလည်း ငါ၏မွေးရာပါ အားနာစိတ်နှင့် တစ်ဖက်သားချမ်းသာစေလိုသော စေတနာတို့က အမြဲလွှမ်းမိုးနေတတ်ခြင်း၊ သူခိုးအခိုးခံရသဖြင့် ငွေမလည်ပတ်သာဖြစ်နေစဉ် ထိုသူငယ်ချင်းဆေးဆိုးပန်းရိုက်ရုံနှင့် ပင်းမင်းများသို့ အကြွေးကျန်လေသည်မှာ မျက်နှာပူပါသည်ကို ကာကွယ်လိုခြင်းတို့ကြောင့် သူငယ်ချင်းများသွားရာ ပါဝင်ရချေ၏။ အပျော်နှင့် အဖော်၏အပေါ် ခင်မင်မှုကလည်း ပါသေး၏။ သို့ ကြောင့် မိခင်ကား စိတ်မချမ်းသာလေ။

မိခင်သည် အိမ်သို့လာတိုင်းသော စီးပွားဘက် ထိုသူငယ်ချင်း မိတ်အပေါင်းများကို ၎င်း၏သားကို မဖျက်ဆီးကြရန် ပြောဆိုလွှတ်၏။ ကြာသော် သူငယ်ချင်းများ ခွာရှဲသွားကြလေပြီ။ ငါတို့နှင့်တွေ့လျှင် ခပ်တန်းတန်းခပ်မှန်မှန် ဆက်ဆံလာကြကုန်၏။ စီးပွားရေးအရ မလွှဲသာကြ၍ ဆက်ဆံခြင်းမျိုးလောက်သာ ရှိကြလေ၏။ ကြာသော် မေးကြည့်ရ၏။ ထိုအခါကျမှ ငါတို့၏မိခင်က ဤသို့ဤနှယ် ငါတို့ကွယ်ရာပြောဆိုလွှတ်ကြောင်း အချို့ကပြောပြ၏။ အချို့ကား ရေငုံနှုတ်ပိတ်။

ခက်ကပြီ။ သားနှင့်အမိ တစ်လှည့် ရင်ဆိုင်မိရပြန်ပြီ။

သားသမီးနှင့်မိဘ မေတ္တာချင်းပြိုင် ငါတို့သာ ရှုံးပေလိမ့်မည်။ ငါတို့မိခင်အပေါ် တုံ့ပြန်သော မေတ္တာကား တောင်ကျစမ်းချောင်းရှိ ရေစီးအားကို လက်ဖြင့်တစ်ချက်လှန် သပ်ရုံမျှသာရှိပေလိမ့်မည်။ အရာရာ ကိုယ်ကျိုးကားမငဲ့။ သားသမီးဘက်လှည့်ထားသော မိစိတ်, ဖစိတ်ကား သားကောင်းသမီးဖြစ်စေလိုရင်းသို့သာ ဦးဆိုက်စမြဲ။ သားသမီး ကိုယ်ကျိုးနည်းမည်ကိုကား နဲနဲလေးမျှ မကြားလို မမြင်လို။

မဟာဓမ္မပါလ



ယခုငါတို့နှင့် မိခင်ကြီးကြား ဖြစ်ပေါ်လာသော ဓမ္မတာတရားကလည်း ထိုနည်းထပ်ဆင့်သာ။

- ငါတို့ကား မိတ်နှင့် စီးပွားအပေါ် စိတ်ထား၏။ မိခင်ကြီးကား သားအပေါ် စိတ်ထား၏။
- ငါတို့ကား မြို့ဓလေ့ မြို့အနေအစားသို့ စိတ်လမ်းသလား၏။ မိခင်ကြီးကား တောထုံးတောသုံးကြားမှ စိတ်မထွက်။

တောလှည်းက မြို့တွင်း အတင်းဝင်မောင်းကတ္တရာလမ်းကောင်း အက်ကြောင်းထင်တတ်၏။ မြို့ကားက တောကြားတိုးထွက် တောဗွက်သို့ကျော်မတြက်နိုင်။

ထို ဓလေ့ချင်းမတူဘဲလျက်က တွဲဖက်မိရခြင်းသည် မီးအိုးကင်းနှင့်ရေစိမ်းပမာသာရှိချေ၏။ လူအချင်းချင်း ထုံးတမ်းမတူရာ မျိုးခြားရိုးခြားများနှင့် အတူတကွသွားရောက် ပေါင်းသင်းကြလေသူများ၊ ဘာသာအချင်းချင်း အယူအဆချင်းမတူရာ မျိုးခြားရိုးခြားများနှင့် သွားရောက်စပ်ယှက်ကြလေသူများ၊ နိစ္စဒူဝ အချိန်ပြည့်ရက်ပြည့် သေတစ်ပန်သက်တစ်ဆုံး ခံစားရရှာမည့် ဒုက္ခကိုတွေးလျက်ကကိုယ်ချင်းစာနာမိချေ၏။ တစ်ဖက်က တစ်ဖက်သို့ချစ်လွန်းလို့သာကျိတ်မှိတ်ကာ အလိုလိုက်ရမည်။ အကြိုက်ကား တွေ့လေမည်မဟုတ်။ ငယ်ကတည်းက အစွဲနာ ဘာသာဝါဒကား ကိုယ်ပြောင်းသော်မှ စိတ်ပြောင်းလိမ့်မည်မဟုတ်ပြီ။

ဤသို့ သားနှင့်မိခင် အမြင်မတူသည်ကိုကြားဝင်ဖျန်ဖြေသူရှိမှသာ ကောင်းမည်ဟု ယူဆကာ နောင်တော်ဦးလှအောင်အား အကူတောင်းရ၏။ နောင်တော်ကလည်း ရုံးပိတ်ရက် ဥပုသ်နေ့တိုင်း (ဆရာကြီးဦးလှသိန်း၏ သာသနာပြုအဖွဲ့ချုပ်ကား ဗုဒ္ဓဘာသာပီပီ ဥပုသ်နေ့သည် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားသည်။) အိမ်သို့လာရောက်ကာ မိခင်ကြီးအားနားချ၏။ မရလေ။

"ကျုပ်သားကရိုးပါသတော်- တော်ရိုမြို့နဲ့ မကိုက်ပါဘူး"ဟူ၍လည်းကောင်း။

"ကျုပ်တို့အမျိုးထဲမှာ အရက်သမားရယ်လို့ တစ်ယောက်မှမပေါ်ခဲ့ပါဘူးတော်"ဟူ၍လည်းကောင်း။

"သာသနာ့ဘောင်က ထွက်လာပြီးမှ အရက်သမားကြီးဆိုတော့ ကျုပ်- ရှက်လှသတော်" ဟူ၍လည်းကောင်း။

နောင်တော်လည်း မတတ်နိုင်ပြီ။ နောင်-အိမ်သို့ပင် မလာတော့ပြီ။ အကြောင်းရှိ၍ တွေ့လိုလျှင် အိမ်နှင့်ရုံး တစ်ခုခုသို့ သွားရောက်တွေ့မှသာဖြစ်တော့သည်။

သည်အမေ၊ သည်သား၊ သည်မိသားစုတစ်ပေါင်းတည်း တစ်စည်းတည်း အတူနေရန်ဟူသော စိတ်ကူးသည် လက်တွေ့နှင့်ယှဉ်ကြည့်လိုက်သောအခါ အမိုက်တွင်းကလေ့ကားတစ်စင်းပမာ မပီမသသာ တွေ့မြင်ရတော့ချေ၏။

အမေ့ထံ၌ ငါတို့အပြင် သားတစ်ဦး၊ သမီးတစ်ဦးသာရှိ၏။ ထိုနှစ်ဦးတွင်လည်း သားလတ်ဖြစ်သူမောင်သန်းကား ချိနဲ့နဲ့သာ။ သမီးဖြစ်သူမကြည်ကသာ ရှိသမျှဝန် မိန်းမသားနှင့် မတန်မရာအောင် ရုန်းနေရရှာချေ၏။

အစ်မကား သတ္တိရော ဉာဏ်ပါ ထက်၏။ အပြောအဆိုရော လူကဲခတ်ပါ မည့်။ မြို့တက်စီးပွားရေးစားကျက်ထွင်လျှင် အကွက်ဝင်မည်ဟု အတပ်သိထား၏။ ငါတို့ ဇနီးမောင်နှံနှင့် အတူနေကာ အစ်မရယ်၊ ငါရယ်၊ ဇနီးရယ် သုံးယောက်ပေါင်းသော် အလောင်းကျော်၍ အကောင်းပေါ်စေရမည်ဟူ၍ စိတ်မာန်ကြီးထားခဲ့၏။ အတွေးကား အတွေးသာ။

ဘာလုပ်လုပ် ဘက်စုံကြည့်မှ အကုန်သိရမည်။ သဘာဝမိခင်ကြီးက ငါတို့ကို မျက်လုံး နှစ်လုံးဘာကြောင့်တပ်ပေးထားသနည်း။ ထိုအဖြေကို ယခုမှပင် သဘောပေါက်တော့သည်။ ထိုသဘာပေါက်မှုသည် ကိုယ်တွေ့က အဖြေပေးခြင်းတည်း။

မဟာဗောဓိ



ငါတို့၌ မျက်လုံးနှစ်လုံးရှိရာတွင် အကယ်တိတိ ဝဲဘက်မျက်လုံးမှိတ်လျက်က ယာဘက်တစ်လုံးတည်းဖြင့် မြင်ကွင်းကိုကြည့်သော် ထိုအမြင်ကား ထိုယာဘက်ဆွဲလျက်က မြင်ရာ၏။

အကယ်တိတိ ဝဲဘက်မျှသာဖွင့်၍ ယာဘက်တစ်ဘက်မှိတ်ကြည့်မိပြန်သော်ကား ထိုမြင် ကွင်းရှိအမြင်သည်လည်း တစ်မျိုးတစ်ဖုံပြောင်းလဲသွားကာ ဝဲဘက်ချည်းသာ အမြင်သန်ရာ၏။

အကယ်တိတိ နှစ်ဖက်လုံးပြည့် ဘက်စုံအကုန်ဖွင့်ကြည့်ပါသော်ကား ထိုမြင်ကွင်း၏အလယ်တည့်တည့်ကိုသာ အကြည့်နှင့်အသိ ထပ်မိနေတတ်ပြီး နှစ်ဖက်လုံးစုံ ဝဲဘက်,ယာဘက် အကုန်အစင်ပင် သိမ်းဆည်းလျက်က မြင်တွေ့နေတတ်လှချေသည်။

အကယ်တိတိ နှစ်ဖက်စုံ အကုန်ရှိလျက်က မျက်စိစုံမှိတ် စွဲစိတ်ချည်းသက်သက်ဖြင့် ရှုကြည့်ပါသော်ကား သူ့အကြောင်း၊ ကိုယ့်အကြောင်းကိုလည်းကောင်း၊ ရှေ့ကြောင်း၊ နောက်ကြောင်းကိုလည်းကောင်း၊ ရှေ့တူယူမြင်ကွင်းအရှိ ဝဲဘက်၊ ယာဘက် ဘာဆိုဘာမျှ မသိရတော့သည့်ပမာ ရှိချေရာ၏။

လောကအတွင်း၌ အသွင်မတူရာ အရာဌာနတိုင်းတို့၌ ဘက်ကွဲတို့သည်ကား များပြားလှချေ၏။ ယောကျ်ားနှင့်မိန်းမအားဖြင့်လည်းကောင်း၊ စရိုက်, ဉာဉ်အားဖြင့်လည်းကောင်း၊ ဓလေ့ထုံးတမ်းအစဉ်အလာအားဖြင့်လည်းကောင်း၊ ဘာသာအယူဝါဒ၏ ယုံကြည်မှုအားဖြင့်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားလျက်သာ ရှိချေ၏။

ထိုသို့ကွဲပြားကြရာတွင် မိမိတစ်ဖက်မှာချည်းတစ်ဖက်သတ်အနိုင်ယူသော် ကျန်တစ်ဖက်ကားကိုယ်စိတ်နှစ်ပါးစုံပင် ချမ်းသာလိမ့်မည်မဟုတ်။ သို့တည်းမဟုတ် ထိုတစ်ဖက်သို့ချည်း အလိုလိုက် အကြိုက်ပေးရဖန် များလာလတ်သော် ရေရှည်၌ မိမိ၏ကိုယ်-စိတ်နှစ်ပါး သက်သာစေလိမ့်မည်ကား မဟုတ်။

သို့ကြောင့် ဘက်ကွဲနှင့်တွဲလျက်က စီးပွားရှာကြံရခြင်းမျိုးသည် ငရဲပြည်သွား၍ စီးပွားဖြစ်လိုဖြစ်ညား စနည်းနာခြင်းမျိုးနှင့် ဘာမျှမခြားပြီ။ ဘက်မတူနှင့်တွဲဖက်ကာ စီးပွားရှာရာမှ ကြီးပွားရေးလမ်း ဖြောင့်သဖြင့် ထိုစည်းစိမ်ကို စပ်တူခံစားလေလျှင် ထိုခံစားမှုကား ငရဲပန်းကို ကုန်း၍နမ်းရှူ နေရသည်သို့သာရှိခြိမ့်မည်။ လွှက်နှင့်ထန်းလျက် တွဲဖက်သုံးရာ၌ အရသာကား ကွဲလျက်သာ။

ထိုသို့ သားနှင့်မိခင် အသွင်မတူ အမြင်ကွဲလိပ်ခဲတင်းလင်းဖြင့် ဆောင်းသက်ကြွေ နွေဘက်ကူးလာလေသောအခါ ဇနီးသည်လည်း စိတ်ပြေလက်ပျောက်ပြီ ဖြစ်သဖြင့်ရွာမှပြန်လာတော့၏။ အစ်မသည်လည်း လယ်ယာများသိမ်းဆည်းပြီးသဖြင့်အတူပါလာ၏။ ထိုအခါ၄င်းတို့ဘက်က သုံးယောက်အပေါင်းစုအား အားများလာသဖြင့် ပို၍ပင် ဆိုးရွားလာ၏။

ယခင်က လင်ဩဇာအောက် ကြောက်-ကြောက်ဖြင့် တိတ်တဆိတ်သာ စိတ်ကောက်ရဲသော ဇနီးသည် သည် ယခုသော်ကား အော်ကြီးဟစ်ကျယ်ဖြစ်လာ၏။ ပြောင်ပြောင်တင်းတင်းလည်း စိတ်ကောက်ပြ၏။ ကြိတ်မှိတ်ခံထားရသော အရင်းကားနောက်ကူရလာသဖြင့် အတိုးတက်လာတော့၏။

မိခင်ကြီးသည်လည်း တစ်မိုးတစ်ဆောင်းအောင်းထားရသော အားမရစိတ်များ ထိပ်တက်လာတော့၏။ ငါတို့၏ရုံမှအပြန် မိခင်ကြီးစားသုံးရန် မုန့်ပဲ သရေစာဝယ်လာသောအခါ၊ ဈေးမှအပြန် ဆေးလိပ်, လက်ဖက် ဝယ်လာလေသောအခါ၊ မစားဖူးသည်များ စားသုံးရန်၊ မသုံးဖူးသည်များ သုံးဖူးရန် အထူးတလည်တွေ့၍ဝယ်လာလေသော အခါ အိမ်တွင်းဘက်၌ တကျက်ကျက်ဖြစ်လာကြချေ၏။

မိခင်ကြီးကား- "မင်းဘဏ္ဍာကိုယ့်ဟာမှတ်လို့ တစ်ပြုံးပြုံးသုံးကြသကွယ့်" ဆို၏။

မဟာဝမ္မပါလ



အစ်မဖြစ်သူကား-"မောင်မင်းလုပ်တာနဲ့ မောင်မင်းစုပ်တာ အတူတူပေါ့လေ" ခနဲ့၏။

ဇနီးဖြစ်သူကား-"မညောင်းကော့ပစ္စည်း ကိုယ့်ပစ္စည်းထင်နေတာတော့" ရွဲ့၏။

ကြာသော် အိမ်သို့ရောက်၍ အိမ်တံခါး ပေါက်၌ ခြေနင်းခုံသို့ကျော်နင်းမိသည်နှင့် ငါ့စိတ် များသည် အလိုလို ပူပြင်းလာ၏။ အိမ်ကြီးသည် အလိုလို အပူထနေသည်ဟုထင်ရ၏။ အိမ်တွင်း ရောက်သဖြင့် ခံစားရသောငါ့စိတ်များကား မီးလောင် ပြင်ကြား တစ်ထောက်နားနေရသည့်ပမာသာ ရှိ ချေ၏။ မလွဲသာသော အိပ်ချိန်မှတစ်ပါး အိမ်သို့ မဝင်လိုတော့ပြီ။ အမြောက်ကြိုက်ငါ့စိတ်သည် အကောက်နောက်မလိုက်ပြီ။ အပျော်ကြိုက် ငါ့စိတ် ကလော်နောက် မလိုက်ပြီ။

တစ်နွေကုန်သဖြင့် တစ်မိုးဝင်လာသော် အစ်မသည် လယ်ယာအတွက် ရွာသို့ပြန်၏။ မိခင် ကြီးကျန်ရစ်၏။ ထိုကျန်ရစ်သော မိခင်သို့ ငါ့အပေါ် မကျေနပ်သောဇနီးက မကျေနပ်တိုင်းတိုင်၏။ မိခင်ကား ဇနီးသည်အစား ဒိုင်ခံကာ ငါတို့နှင့် ရန်ဖြစ်၏။

အိမ်၌ မိခင်နှင့်ဇနီးအတူနေရာ အိမ်ကိစ္စ ထမင်းချက်၊အဝတ်လျှော် မိခင်ကြီးက ဖင်ပေါ့ပေါ့ ဖြင့် ဒိုင်ခံလုပ်၏။ ဇနီးကားမလှုပ်မယှက်။ထိုမြင်ကွင်း ကြည့်လျက်က ငါတို့ကား ရင်ထုမနာသာ။ ငါတို့စိတ် ကား မချမ်းသာပြီ။

ဤသို့ဖြင့် သားအမိချင်း မသင့်မမြတ်ဖြစ် လာ၏။ ရွာမှနေ ထူထောင်ပေးထားသော အရင်းအနှီး များပင်မရှိတော့ဟု မိခင်က စွပ်စွဲ၏။ ငါတို့က အိမ်တန်ဘိုး၊ အထည်လက်ကျန်တန်ဘိုး လည်ပတ် ငွေလက်ရှိတို့ဖြင့် စာရင်းချတွက်ပြ၏။ ထိုအခါ ၎င်းအား ချေပရပါမို့လားဆိုကာ ၎င်းအား လိုရာသုံးရန် ပေးထားသော မုန့်ဖိုးပဲဖိုးလေးများကိုပင် ပြန်လည် အပ်တော့၏။

ဇနီးသည်ကိုလည်း ဆိုင်၌ နှစ်ဦးချင်းတွေ့ လေသောအခါ ရှေ့မှဦးဆောင်နေရသောသူ တစ်ဦး ၏ အခက်အခဲကို သဘောပေါက်ရန်ပြောပြမိ၏။ လူမှုဆက်ဆံရေး စီးပွားရေးအရ ဆက်ဆံရေးကို ရှင်းပြ၏။ မရလေ။ သူထင်သည်မှာ ငါတို့သည် ငွေကိုငွေမမှတ်သုံးလေသည်ဟု တစ်ယူသန်၏။ လူမှုရေးမလိုဟု ကန့်ကွက်၏။ မိတ်ရှိရန် မလို စောဒကတက်၏။

အပေးအယူမမျှတော့ပြီ။ ငွေမျောငွေနှင့် လိုက် လှေမျောပါကလှေနှင့်ပင်လိုက် ဟူသော ငါတို့ အယူကား ဇနီးအပေါ်မလွှမ်းမိုးနိုင်ပြီ။ တရုတ် ကြံကြံ၍ တရုတ်လိုစီးပွားရှာလိုသော ငါတို့၏ထုံး ကား ဇနီးသည်နှင့် လုံးလုံးကြီးမတည့်တော့ပြီ။ ထိုမှ စ၍ ကိုယ့်ငွေကိုယ်ကိုင် ကိုယ့်ဆိုင်လျှင်ကိုယ်ထွက် ဖြင့် ဇနီးသည်ကိုယ်တိုင် လက်တွေ့ခံစားရန် အကြံ ပေါ်လာ၏။ ထိုအကြံအတိုင်း ဇနီးသည် ဆိုင်တက် ရန်၊ တစ်ဖန်ငါမရှိချေသော်၎င်းကိုယ်တိုင်လောကခံ ရင်ဆိုင်တတ်ရန် ဤရည်ညွှန်းချက်များလည်း အကြံဆက်လာ၏။

ထိုစဉ် မိခင်ကြီးကား ငါ့ရွာငါပြန်တော့မည် ဆိုကာ ပြန်သွားတော့၏။ သို့ကြောင့် ငါတို့ဇနီးမောင် နှံသာ အိမ်၌ကျန်ရှိတော့ရာ ထိုအကြံကို လက်တွေ့ အကောင်အထည်ဖော်တော့၏။ ဇနီးသည်ကို ဆိုင် အပ်၍ ငါတို့ကား ဆိုင်မှဆင်းလိုက်ပြီ။

ဆိုင်မှဆင်းဆင်းချင်း မဲနယ်စက်တစ်လုံး ထူထောင်လိုက်၏။ ပထမသော် မိတ်ရင်းဖြစ်သော ဦးတင်စောထံ အကြံဉာဏ်တောင်းခံရချေ၏။ ဦးတင်စောသည် အစမှအဆုံးတိုင်အကူပေး၏။ မဲနယ်အမှုန့်ရိုက်စက်ကို ၎င်း၏မိတ်ဆွေများထံမှ ခေတ္တငှားရမ်းပေး၏။ မော်တာကိုကား ၎င်းပိုင်ကို အလကားပေး၏။ မဲနယ်ဖော်စပ်နည်းကိုလည်း ၎င်း၏မိတ်ဆွေများထံသို့ လှည့်လည်ခေါ်ဆောင် သွားကာ နည်းတောင်းပေး၏။ ၎င်းကျေးဇူးကား ဖော်ပြရန် အတိုင်းအတာကိန်းဂဏန်း ရှာဖွေ

မတွေ့မိပြီ။

ထိုမဲနယ်လုပ်ငန်းသည် တစ်ဖက်ဆေးဆိုးပန်းရိုက်လုပ်ငန်း တိမ်ကောလျှင် အစားထိုးမိစေရန် မတိမ်ကောမီက ကြိုတင်ပြင်ဆင်ထားခြင်းလည်း မည်၏။ ဇနီးသည်အား` အလုပ်ဖြင့်ဆုံးမ၍ မိမိလည်း အလုပ်မပျက်ရန်လည်း ရည်ရွယ်၏။

ထိုမဲနယ်လုပ်ငန်း၏ တံဆိပ်ကို 'ရွှေခြသေ့်မဲနယ်' ဟူ၍ အမည်တပ်၏။ ငါတို့ကား အင်္ဂါသားဖြစ်သဖြင့် အင်္ဂါစွဲပီပီ အင်္ဂါနံဖြင့်ပင် အမည်ခံ၏။ ဗေဒင်ကိန်းခန်းနှင့်တွက်ချက်ခြင်းကားမရှိ။ အဘယ့်ကြောင့်ဆိုသော် အကြောင်းခံကံနှင့် လက်ရှိလုပ်ရပ်ကံတို့ကိုသာ အစွဲအမြဲယုံသောကြောင့်တည်း။

ထိုမဲနယ်ကို မိမိဌာနေ သက်န်းကျွန်းကို ဗဟိုပြု၍ တစ်ဖက်၌ ရန်ကုန်သစ်၊ သုဝဏ္ဏ၊ သာကေတ။ တစ်ဖက်၌ကား တောင်,မြောက်ဥက္ကလာများနှင့် ကမာရွတ်၊လှည်းတန်းတို့သို့ လှည့်လည်ဖြန့်၏။ နယ်သို့ကား တွံတေး၊ ကြံခင်း နှစ်မြို့သာ ထိုးဖောက်နိုင်၏။ ရန်ကုန်မြို့လယ်ကိုကား အသုံးနဲသည် ထင်သဖြင့် မဖြန့်ပြီ။

ထိုတွင် နယ်၌ ကြံခင်းသည် အသွက်ဆုံး၊ ဈေးအရဆုံး ဖြစ်ခဲ့၏။ မြို့၌ကား မြောက်ဥက္ကလာသည် အတွင်ဆုံးဖြစ်ပြီး တောင်ဥက္ကလာ၊ သက်န်းကျွန်း၌ ခြေကုပ်ရခဲ့၏။ ကျန်တို့ကား တစ်ပတ်လျှင်တစ်ကြိမ်ကျ သာမာန်မျှသာ တွင်ကျယ်၏။

တစ်ဖန် ထိုမဲနယ်ကို သတင်းစာမှလည်း ကြော်ငြာရန်စိတ်ကူးမိ၏။ ကာတွန်းကိုပင် ကာတွန်းဦးဖေသိန်းထံမှ သုံးမျိုးမျှ ရေးဆွဲပြီးဖြစ်၏။ သတင်းစာမှကြော်ငြာလိုသောအခါ ထိုစဉ်က လုပ်သား၊ ကြေးမုံ၊ ဗိုလ်တထောင်၊ မြန်မာ့အလင်း လေးစောင်မျှရှိရာ ကြေးမုံသည် လုပ်သားနှင့်အပြိုင် လူကြိုက်လည်းများ၏။ ကြော်ငြာစာစီဌာန၌ မိတ်ဆွေလည်း အဆင်သင့် ရှိနေပြန်၏။

သို့ကြောင့် ကြေးမုံကိုပင် အားကိုးအားထားပြုကာ ကြော်ငြာရန် စိုင်းပြင်းရ၏။ သတင်းစာလောက၌ အယ်ဒီတာချုပ်ကား သူ့အာဏာနယ်တစ်ပိုင်၌သာအလေးသာ၏။ ကြော်ငြာ၌မပိုင်လေ။ ကြော်ငြာ၌ နေရာကောင်းရရန်၌ကား ထိုကြော်ငြာ စာစီသမားသည်သာ အခရာတည်း။

ကြေးမုံသတင်းစာတိုက်၏ ကြော်ငြာစာစီဌာန၌ ငါတို့နှင့် မော်လမြိုင်၊စိန်မမတက္ကသိုလ်မှာတုန်းက ကဗျာစာပေတွင် ဝါသနာတူ စိတ်တူကိုယ်တူ ဖြစ်ခဲ့ဖူးသော ဦးရာဇိန္ဒသည် ဦးစိုးမြင့်ဟူသော လူတစ်ဖြစ်လဲသို့ ရောက်ရှိကာ ထို သတင်းစာ ကြော်ငြာဌာန၌ အမှုထမ်းလျက်ရှိနေ၏။

ထိုဦးစိုးမြင့်၏ အကြံဉာဏ်အား၊ အကူအညီအားများဖြင့်ပင် သတင်းစာမှနေ မဲနယ်ကြော်ငြာ၏။ ထိုစဉ်က တစ်ကော်လံ,တစ်လက်မလျှင် တစ်ဆယ်ကျပ်နှုန်းမျှသာ ရှိသေး၏။ ဦးစွာ မဲနယ်တစ်ထုပ်လျှင်ဆယ်ပြားဖြစ်သဖြင့် 'ခြသေ့်တစ်ကောင်ဆယ်ပြား' ဟူ၍လည်းကောင်း၊ လုပ်ငန်း၏အမည်ကား နေကိုရည်ညွှန်းခြင်း၊ အင်္ဂါနံမလွတ်ကင်းခြင်းဖြင့် ဆန်းအိမ်တွင်း, စက်မှုလက်မှုလုပ်ငန်း ဟူ၍ဖြစ်သဖြင့် 'ဆန်းမွှေးမြူရေးခြံ' ဟူ၍လည်းကောင်း ကြော်ငြာမည် စီစဉ်ရာ ကြော်ငြာလက်ခံဌာန၏ တာဝန်ခံက တိုင်းပြည်အထိတ်တလန့် ဖြစ်စေသောကြော်ငြာ၊ တိုင်းပြည် သို့လောသို့လော ဖြစ်စေသောကြော်ငြာဆိုက လက်မခံပါ ဆိုသဖြင့် လက်လျှော့ကာ- 'ရွှေခြသေ့်မဲနယ်လာပါတော့မယ်' ဟူ၍သာ တစ်ကြိမ်ကြော်ငြာ နှစ်ရက်ဆက်နှုန်းဖြင့် ကြော်ငြာ၏။

ထိုမှနောက် တစ်လက်မ နှစ်ကော်လံ၊ တစ်လက်မ သုံးကော်လံအထိ တိုး၍, တိုး၍၊ ကြော်ငြာစာလုံးများကိုလည်း တစ်ကြိမ်မှတစ်ကြိမ် အသစ်တီကာ, ထွင်ကာ သုံးလျက်ကကြော်ငြာ၏။ ထိုအားလုံးသောကြော်ငြာများတွင်-

'ရွှေခြသေ့်မဲနယ်သည် နှစ်ဆယ်ရာစုခေတ်၏မှတ်တိုင်တစ်ခုလို့ ဆိုချင်ကဆိုနိုင်ပါသည်' ဟူသော

မဟာဗမ္မပါလ



ဦးစိုးမြင့်၏ ရွေးချယ်ပေးသောစာတမ်းသည် လူတိုင်းပြောစမှတ်ဖြစ်ခဲ့၏။ ငါတို့၏ ရောင်းရင်းများနှင့်တွေ့တိုင်း 'နှစ်ဆယ်ရာစုကြီး' ဟူ၍ စကြလေကုန်၏။

ငါတို့၏အကျိုးပေးကံသည် ငါတို့၏ အတွေးအကြံတို့နောက် ဖဝါးထပ်လျက် လိုက်နေသည် ထင်၏။ လုပ်လျှင်ဖြစ်သည်ဟူသော ယုံကြည်ချက်ကိုလည်း ထပ်ဆောင်းလောင်းပေးနေသည်သာ ဖြစ်၏။ ငါတို့ကလည်း ဖြစ်လျှင်လုပ်သည် ဟူသောဇွဲဖြင့် ငါစွဲကြီးလျက်ပင်တည်း။

## ကျွန်တော် နိုင်ငံရေးသမား
## ပဲလှော်ကြား ဆား၀င်မည်

ငါတို့သက်န်းကျွန်း၏ ၉, ရပ်ကွက်မြောက်ပိုင်းသို့ရောက်၍ များမကြာမီလပိုင်းအတွင်း နေအိမ်အဖောက်ခံရသည်ကိုလည်းကောင်း၊ သက်ဆိုင်ရာလူကြီးအား သွားရောက်တိုင်ကြားသောအခါ အားမပေးသည့်အပြင် ခပ်ပေါ့ပေါ့ပြောဆိုလွှတ်လိုက်သည်ကိုလည်းကောင်း၊ ရပ်ကွက်တွင်း၌ မိတ်ရင်းကင်းသဖြင့် လည်စင်းခံရပါသည်ကိုလည်းကောင်း နောက်၌ ဖော်ပြခဲ့ပြီးဖြစ်ခဲ့၏။

ထိုအချိန်မှစ၍ အိမ်လုံခြုံစေရန် အမျိုးမျိုးကြံဆ၏။ ထိုအကြံအစည်ထဲတွင် လူတံတိုင်းကာရံရန်လည်း တစ်ခုအဝင်အပါဖြစ်ခဲ့၏။ သို့ကြောင့် ရပ်ကွက်တွင်း အိမ်နီးနားချင်းမိတ်ရင်းများမှသည် တစ်ပိုင်တစ်နိုင်အတွင်း မိတ်သင်းတိုးပွားစေရန် လူမှုရေးကိစ္စရပ်များ၌ စစ်မျက်နှာတစ်ခု တိုးချဲ့ဖွင့်ခဲ့၏။

ရပ်ကွက်သန့်ရှင်းရေး၊ လမ်းသန့်ရှင်းရေး ညီညွတ်ရေး အဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော် ကျင်းပရေးများ၌ ငွေအား၊ လူအား၊ ပစ္စည်းအား ထိုအားသုံးမျိုးတို့ဖြင့် တက်ကြွစွာ ကိုယ်ဖိရင်ဖိပါဝင်လုပ်ကိုင်မိ၏။ အိမ်နီးချင်းများ အိမ်ပြင်ဆင်သော် ပစ္စည်းရောလူပါ ဝင်ရောက်ကူညီ၏။

ပျော်တတ်သောငါတို့၌ ပျော်တတ်သော ကာလသားတို့က ဝိုင်းအုံလာကြ၏။ ဘာမဆို ငါ့အလိုကျ တညီတညွတ်တည်းပါကြ၏။ ထို အင်အားဖြင့်ပင် တစ်အိမ်က အိမ်မိုးလိုလျှင် ငါတို့အဖွဲ့သည် ခေါင်မိုးပေါ်မှာတည်း။ တစ်အိမ်ကအိမ်ဆောက်လိုလျှင် ငါတို့အဖွဲ့သည် မြေကျင်းတူးလျက်တည်း။ တစ်အိမ်က အိမ်ပြင်လိုလျှင် ငါတို့အဖွဲ့ကား သံ, တူ,လွှ ဆွဲလျက်တည်း။

တစ်ဖန် အိမ်တစ်အိမ်မှ နာရေးပေါ်လာလေသောအခါ ငါတို့ရပ်ကွက်သည် ဆင်းရဲသားရပ်ကွက်ဖြစ်၍ လျှပ်စစ်မီးမရှိ၊ ငါတို့အိမ်နှင့် တစ်အိမ်စ နှစ်အိမ်စမျှသာ မီးရှိကြ၏။ ပျဉ်ထောင်သွပ်မိုးကား ငါတို့အိမ် တစ်အိမ်မျှလောက်သာ ရှိ၏။ သို့ကြောင့် ထိုလိုအပ်သော မီး၊ မီးကြိုးတို့ကို ငါတို့ကိုယ်တိုင်ပင် သွားရောက်တပ်ဆင်ပေးကာ နာရေးရက်တစ်ပတ်မပြီးမချင်း အခမဲ့ကူညီ၏။ ငွေပေးသော်မှမယူခဲ့။ ခမျာများ ဖဲဝိုင်းထောင်၍ မသာစရိတ်ရှာကြံကာ ထိုမသာပွဲ လှပအောင် ပြင်ဆင်ကြရသောဘဝမျိုးဖြစ်ခြင်းကြောင့်တည်း။

သို့ကြောင့် အနီးတစ်ပိုင် အားလုံးကပင် ခင်မင်၏။ လူကြီး လူငယ်အားလုံးပင်ဖြစ်၏။ မိန်းကလေး-ယောကျ်ားလေးများက ပျော်တတ်သော ငါ့အား ဝိုင်း၍ခင်မင်ကြ၏။ လူကြီးများက ငါ့ဂုဏ်သိက္ခာကိုယုံသဖြင့် ပုံထားကြ၏။ ငါဖြစ်ချင်သော အရာ ရွာနှင့်ကားအတည့်ပင်။

ဇနီးသည်ကား မျက်စောင်းတခဲခဲသာ။

"သူများအိမ်ကအလုပ်ဆို ဖင်လေးကိုမြောက်လို့ ကိုယ့်အိမ်ကအလုပ်ကျ ဘာတစ်ခုမှ ကူညီဖော်မရဘူး။" ဟူ၍လည်း မကြားတကြား

ဆို၏။ ငါတို့ကားမဖြုံပြီ။

"သူများသမီးယူပြီး ဆိုင်တစ်လုံးနှင့် ပစ်ထားတာ တစ်နေ့ ဝင့်လည်ဦးမည်။" ဟူ၍လည်း မထိတထိကျိန်၏။ ငါတို့ကားမတုန်ပြီ။

ငါတို့ ဦးဆောင်ရှာဖွေပေးစဉ်တုန်းက နောက်မှနေ တဆူဆူတဆောင့်ဆောင့်၊ ထိုဇနီးသည် ယနေ့ ကိုယ်တိုင်ဝန်ရုန်းရလေသောအခါ ငါတို့ခံစားခဲ့ရသော လောကဓံမျိုးတို့နှင့် တိုးမိနေပြီကို အတပ်သိလာပြီဖြစ်သဖြင့် "မှတ်ဟ" ဟူ၍သာ စိတ်တွင်းက ပြန်လှန်မိချေတော့၏။

ထိုသို့ ရပ်ရေးရွာရေးတို့မှာ အလေးပေးဆောင်ရွက်လာသောအခါ ရပ်ကွက်ရှိ ပါတီစိတ်က မျက်စိကျလာ၏။ လာရောက်ဆွယ်၏။ ငါတို့ကား စိတ်မဝင်စား။ လိမ္မာပါးနပ်စွာဖြင့်သာ ငြင်းပယ်ခဲ့၏။ စီးပွားရေးနှင့် နိုင်ငံရေးတို့ကိုမတွဲလို။ တွဲသော်စီးပွားဘက်ချိနဲ့တော့မည်ကို စိုး၍ပင်။ သို့သော်မရလေ။ ၄င်းတို့ကိုယ်တိုင် လျှောက်လွှာဖောင်ယူလာပြီး အတင်းဖြည့်ခိုင်း၏။ အတင်းတင်ကြ၏။ သို့ဖြင့် နိုင်ငံရေးထဲ ရောသောပေါသော ပါသွားတော့၏။

မကြာပါလေ။ အုပ်ချုပ်ရေးစနစ်များ ပြောင်းလဲတော့၏။ ငါးဦးကော်မတီမှ ရ-လ-က အမည်သို့ဖြစ်၏။ ထိုစဉ်က သက်နီးကျွန်းပါတီယူနစ်၌ ဥက္ကဋ္ဌကား ဦးမျိုးလွင်၊ ရပ်ကွက်၌ကား အ. ထ. ကပြဆရာကြီး ဦးသိန်းညွန့် တည်း။

ရပ်ကွက်တွင်း၌ကား ဌာနေနှင့် ပြန်ကျဟူ၍ နိုင်ငံရေးနှစ်သင်းကွဲနေ၏။ ထိုဆရာကြီးဦးသိန်းညွန့်နှင့် ဦးဆောင်အားလုံးသည်လည်းကောင်း၊ ငါတို့သည်လည်းကောင်း၊ ပြန်ကျထဲ၌ပါဝင်နေချေရာ ငါတို့သည်လည်း ဌာနေစွဲတို့ မျက်မုန်းကျိုးသောအထဲ အလိုလိုပါဝင်သွားချေတော့၏။

ထို ရ. လ. ကအဖွဲ့ထဲတွင် ငါတို့ကား ဦးဆောင်ကော်မတီ(အမှုဆောင်လူကြီး) ငါးဦးထဲတွင် ပါတီကိုယ်စားလှယ်အဖြစ် ပါရ၏။ တရားရေးကော်မတီ၏ ဥက္ကဋ္ဌတာဝန်ကိုလည်းယူရ၏။ အုပ်စုခေါင်းဆောင်၏တာဝန်ကိုလည်း ယူရသေး၏။ တစ်ဦးတည်း တာဝန်သုံးမျိုးပုံကျလာ၏။ ပါတီ၌လည်း ပါတီမိတ်ဆွေအဆင့်မှ အရံပါတီဝင်အဖြစ်သို့ တိုးမြှင့်ခံရကာ ပါတီကိစ္စကိုလည်း ပါဝင်ရသေး၏။

ရပ်ကွက်တွင်းကိစ္စ၊ မြို့နယ်တွင်းကိစ္စ၊ ပါတီကိစ္စများနှင့်အုပ်ချုပ်ရေးကိစ္စရပ်များ စုပြုံကျရောက်လာသောအခါ မဲနယ်လုပ်ငန်းကား အလျှင်မမှီပြီ။ ဖောက်သည်များ(မြို့နယ်အသီးသီးတို့ရှိ အေးဂျင့်ကြီးများ) က ဖုန်းဖြင့်၊ စာဖြင့် အကြောင်းကြားပါမှ ကမန်းကတန်း ပြေး၍ပို့ရသော အခြေသို့ ဆိုက်လာချေတော့၏။ ဇနီးသည်ကား တသုန်သုန် တမှုံမှုံတည်း။

မယားအချစ်ခံလိုလျှင် အများလည်းမုန်း၊ ဘုရားလည်းမုန်းကို ခံနိုင်ရမည်။

အများအချစ်ခံလိုလျှင် အများသာပြုံး မယားမုန်းကိုကား ခံနိုင်ရမည်။

ဘုရားအချစ်ခံလိုလျှင်ကား မယားလည်းပြုံး အများလည်းပြုံးမည်ကား သေချာပြီ။

လောက၌ အရေးများစွာရှိလေရာတွင် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး ထိုသုံးရေး တို့ကား မျက်နှာလှည့်အနေထားချင်း မတူချေ။ သရီးဖစ်ခေါ် သုံးလိုင်းသွားဓါတ်ကြိုးပမာသာ အလားတူချေ၏။ ဓါတ်ကြိုး၌ ထိုသုံးလိုင်းပူးက ရှော့ဖြစ်ကာ ဓါတ်လိုက် တတ်၏။

လောက၏ ထိုသုံးရေးတို့၌လည်း စီးပွားရေးကား ကိုယ်ကျိုးကိုသာ ငဲ့ရ၏။ မယားဝမ်းသာ၏။ အမေ့မို့လို့ဆိုတောင် တစ်ကျပ်လောက်တော့ ဈေးတင်ရောင်းမှကြီးပွား၏။

လူမှုရေးကား ကိုယ်ကျိုးသို့ နည်းနည်းငဲ့လျှင် နည်းနည်းပင် အများမယုံချင်တတ်။ ကိုယ်ကျိုးမငဲ့ အများအကျိုးဘက်လှည့်ပါမှ လူမှုရေးသမားကောင်း ဖြစ်လာတတ်၏။ တစ်ရပ်ကွက်လုံးယုံ ရပ်ကွက်ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာ

မဟာဗမ္မပါလ



နိုင်ငံရေးကိစ္စများကလည်း တစ်နေ့ထက် တစ်နေ့ အသွင်တိုးမြင့်လျက်သာ ရှိချေတော့၏။ ငါတို့လက်ထက်အတွင်း၌ လက်ျာကပ်မောင်း ယာဉ်လမ်းကြောင်း၏ အသွင်ကူးပြောင်းစနစ်လည်း ပါ၏။ ငါတို့ကား နေ့ရောညပါ စောင့်ကြပ်ပေးခဲ့ရ၏။ ထိုစဉ်က ဗဟိုလုံခြုံရေးကော်မတီ(ဗ. လ. က)၏ ဥက္ကဋ္ဌကား ဗိုလ်မှူးကြီးအောင်ကျော်၊ တိုင်း (တ. လ. က) ဥက္ကဋ္ဌမှာ-ဗိုလ်မှူးမင်းညီ တို့ခေတ် ဖြစ်၏။

သက်န်းကျွန်းရဲများနှင့်လက်တွဲ တာဝန် ပူးတွဲကာ မှောင်ခိုနှိမ်နင်းရေးလည်းပြုလုပ်ရ၏။ မော်လမြိုင်မှလာသောရထားကြီးအား သက်န်းကျွန်း ဘူတာမှစောင့်ကြိုကာ ရှာဖွေဖမ်းဆီးခြင်း၊ သက်န်း ကျွန်း-သုဝဏ္ဏလမ်းဆုံ အသင်းတိုက် (၁၃-၁၄-၁၅ ဘပ်စ်ကားအသင်းတည်ရာ)မှစောင့်ကြိုကာ လာ သမျှကားကြီးကားငယ် အသွယ်သွယ်တို့ကိုစစ်ဆေး ရှာဖွေရခြင်း၊ ညကင်းများလှည့်ရခြင်း၊ ကင်းပုန်းများ ချထားခြင်းများလည်း ရက်မခြား ဆက်တိုက်ပင် ဖြစ်ချေ၏။

ငါတို့ နောက်ဆုံးထမ်းဆောင်ခဲ့ရသော တာဝန်ကား လူထုဆန္ဒပေးပွဲများနှင့် ကောင်စီအဆင့် ဆင့် ရွေးချယ်ပွဲများပင်ဖြစ်ချေ၏။ ထိုနှစ်ပွဲ တစ်လ လောက်သာကွာခြားသော ဆက်တိုက်ပွဲများပင် ဖြစ် ချေ၏။ ထိုမတိုင်မီကပင် ဆန္ဒရှင်းလင်းပွဲများကို တိုင်း၌ အဖွဲ့ခွဲ(၁၅)အဖြစ် ဗိုလ်မှူးချုပ်စန်းယု ဦး ဆောင်သော ဦးကျော်ထင်(ဗိုလ်မှူးကြီး)၊ ဒေါက်တာ ဗိုလ်လေး၊ ဆရာချယ် စသူတို့က လာရောက်ကာ ငါတို့တာမွေ၊ရန်ကင်း၊တောင်ဥက္ကလာ၊သက်န်းကျွန်း ရှိ ပါတီဝင်များကို ကျိုက္ကဆံ ဆရာစံခမ်းမမှာ ဆုံတွေ့ပြီး ရှင်းလင်း၏။ ငါတို့က မိမိတို့မြို့နယ်တွင်း ရပ်ကွက်တွင်း ထပ်ဆင့် ရှင်းလင်းပြရ၏။

ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး၏ ဆန္ဒသဘောထားများကို ငါတို့က အထက်ကအပြော အတိုင်း ရှင်း၍ အောက်ကဆန္ဒကို တောင်းခံပေးခဲ့ရ ပြီ။ တစ်မြို့နယ်လုံးယုံပါမှ မြို့နယ်၏ခေါင်းဆောင် ကောင်းတစ်ယောက် ဖြစ်လာတတ်၏။ အကယ်တိ တစ်ပြည်လုံးကယုံကြည်ပါမူကား တစ်ပြည်လုံး ကပင် အားထားမှီခိုရသော တိုင်းပြည်ခေါင်းဆောင် ကောင်းတစ်ယောက် ဖြစ်လာရန်မှာ မလွဲပြီ။ နိုင်ငံ ရေးသည် ဘာသာရေးကဲ့သို့ ပစ္စုပ္ပန်သံသရာကား ငဲ့မရချေ။ လက်ရှိပစ္စက္ခ၏ တိုင်းပြည်အခြေအနေ သို့ လိုက်လျက်ကသာ တစ်ခုကောင်း စောင်းလိုမ့် ပေးရတတ်ချေ၏။

ဘာသာရေးကား ထိုနှစ်ပါးနှင့် တစ်ခြားစီ သာ။ မယားနှင့်အများ မည်သည့်အလိုအကြိုက် သို့မျှ မလိုက်ပါဘဲလျက်က ကိုယ်ကျင့်သီလလည်း ဖြူစင်စေရ၏။ ခုရောနောင်ပါ နှစ်ဖက်ကောင်းကို လည်းကောင်း၊ သူရောကိုယ်ပါ နှစ်ဖက်ကောင်းကို လည်းကောင်း ငဲ့ရ၏။ သီလမပျက်စေဘဲ ကြီးပွား စေရ၏။

အလောင်းတော် တေမိမင်းသား၏ ကျင့်ထုံး ကဲ့သို့သော မိမိ, မိဘစသော သူတစ်ပါး တိုင်းသူ ပြည်သားစသော လောကသား မည်သည့်ဘက်ကို မျှ မလိုက်လျောဘဲ ထိုအားလုံးတို့၏ အကျိုးကို သည်ပိုးပေးခြင်းဖြင့်သာ ဘာသာရေး ခေါင်းဆောင် ကောင်းတစ်ယောက် ဖြစ်လာနိုင်ချေသည်။

-မငဲ့နှင့် ငဲ့လျှင်စောင်းတတ်သည်။

-စောင်းလျှင် မှောက်ဖို့ကား သေချာပြီ။

-မှောက်လျှင်မှား မှားလျှင် ကားသွားမည်။

ထိုသို့ လူမှုရေးဘက်ဝင်မိရာမှ နိုင်ငံရေး ဘက်သို့အထိ နယ်ကျွံသွားလေသောအခါ စီးပွား ရေး မိတ်ဖက်တို့၏ ငြိုငြင်မှုကိုခံရချေတော့၏။ ကုန်ပစ္စည်းမှန်မှန်မပို့နိုင်သဖြင့် အချို့ကိုယ်စားလှယ် များကား ဖြတ်တောက်ပစ်ကြ၏။ အချို့ကား ရန်မူကြ ၏။ တောင်းပန်ရုံမှတစ်ပါး အခြားမတတ်နိုင်ပြီ။ စီးပွားရေးသည် အောက်ကျခံ၍ အထက်ဆန်တက် ရသောသဘောမျိုး။

ချေ၏။ ဆန္ဒခံယူပွဲကျင်းပလေသောအခါ အားလုံးကြိုက်နှစ်သက်သည်ကားမဟုတ်။ မည်သည့်ဝါဒမဟူ ဆန္ဒတူဖြစ်ရိုးလည်းမရှိ။ အချို့ကား အလွန်စိတ်ဝင်စား၏။ အချို့ကား ရောယောင်လျက်ကသာ။ အချို့ကား ပြောင်ပင် ဆန့်ကျင်မဲပေး၏။

ထိုတွင်နိုင်ငံ၏ကိစ္စ၊ နိုင်ငံ၏အရေးအခင်း၊ နိုင်ငံရေးခေါ် မိမိ၏ အမျိုး-ဘာသာ-သာသနာ မတိမ်ကော မပပျောက်စေလိုသော လူကားတစ်စု။ ၎င်းအစုကား အားတက်သရော ပါလာသည်ကို တွေ့ရ၏။

မိမိ၏ အိမ်တွင်းရေးကိစ္စ၊ စီးပွားရေးကိစ္စမျိုးတို့ကိုသာ အဓိကရှိသောလူကားတစ်စု။ ၎င်းအစုကား လာချင်ရာလာ၊ ဖြစ်ချင်ရာဖြစ်၊ ငါကောင်းစားရေးသာအဓိကဟူသော ခံယူချက်ရှိသဖြင့် သာရာဘက် ခွတက်ပါလာသည်ကို တွေ့ရ၏။

မိမိကိုယ်ကျိုး ထိခိုက်ခံထားရသဖြင့် စိတ်နာနေသောလူကားတစ်စု။ ၎င်းအစုကား ဒင်းတို့ဘာလုပ်လုပ် အရှုပ်မျှသာမြင်တော့သဖြင့် ဆန့်ကျင်ဘို့သာ ပြင်ဆင်၏။ သို့ကြောင့် မဲရုံတိုင်းလျှင် အဖြူပုံးသို့မငဲ့ အမဲပုံးထဲသို့သာ မဲထည့်သော ရိုက်(✔)သို့ မလိုက်၊ ကြက်ခြေ(✘)သို့သာ ပိုက်သောမဲများ ပါဝင်သည်သာဖြစ်ခဲ့၏။

သို့တစေလည်း ဆန္ဒမဲပွဲ မကျင်းပမီကပင် ဤ နယ်မြေသည်ဆန့်ကျင်၏။ ထိုဆန့်ကျင်မဲပေးရာ နယ်မြေကို မျက်ခြေမပြတ် သန်းခေါင်စာရင်းစစ်ခြင်း၊ ရှာဖွေခြင်းပြုမတဲ့ ဟူသော သတင်းစကားက ဦးစွာပေါ်ထွက်လာချေရာ ငါတို့ခေါင်းဆောင်များသည် မိမိရပ်ကွက် မနစ်နာစေရန်ဟူသော ရည်ရွယ်ရင်းထားများဖြင့် ခေါင်းချင်းရိုက်၍ အမဲမှအဖြူသို့ ပြောင်းပေးခဲ့ရချေတော့၏။ ကာယကံရှင်ကလည်း တိတ်တိတ်ပုန်းသော ပြောင်ဆန့်ကျင်ပုံမျိုးဖြစ်သဖြင့် "ကျုပ်မဲဏားတာ ဘယ်မလဲ" မမေးဝံ့ပြီ။ ဤနည်းဖြင့်ပင် ဆွတ်ဆွတ်ဖြူခဲ့ရပါချေ၏။ လူတိုင်းဆန္ဒကား ကောင်စီအဆင့်ဆင့် ရွေးချယ်ပွဲ၌ ထင်ရှားလာချေမည်။

ထို ကောင်စီအဆင့်ဆင့် ရွေးပွဲ၌လည်း ရပ်ကွက်တွင်းတွင် ဌာနေနှင့်ပြန်ကျတို့၏ အုပ်စုတိုက်ပွဲက အခဲမကြေနိုင်ရှိကြလေသဖြင့် အကြိတ်အနယ် သဲကြီးမဲကြီး သူ့အုပ်စုအနိုင်ရရေး၊ ကိုယ့်အုပ်စုအနိုင်ရရေး ပါတီတွင်း ဆန္ဒပေး လျှာထားကြရာမှသည် ရွေးပွဲကျင်းပအထိ မီးကုန်ယမ်းကုန်ကြိုးစားနေကြရချေ၏။ မြို့နယ်အဆင့်၌လည်း မိမိတို့ရပ်ကွက်ကိုယ်စားပြု မြို့နယ်ကောင်စီဝင် အလောင်းအလျာများကို သူ့လူကိုယ့်လူ တက်ရောက်ခွင့်ရရေး အလေးပေးနေကြရချေ၏။

တိုင်းဗဟိုအဆင့်တို့ကား အထက်မှချပေးလိုက်သော သူများချည်းဖြစ်သဖြင့် ၎င်းတို့၏ကိုယ်ရေးရာဇဝင် ဖြူလေသည် မဲလေသည်ကို မသိကြရသည်ကတစ်ကြောင်း၊ ကိုယ့်ရပ်ကွက် ကိုယ့်မြို့နယ်အရေး အနီးကပ်ဆောင်ရွက်ရလေသူများ မဟုတ်သည်ကတစ်ကြောင်း တို့ကြောင့် ကန့်ကွက်ရန်ဆန္ဒအလျဉ်းမရှိကြချေ။ သို့ကြောင့် ထိုတိုင်း ထိုဗဟိုကောင်စီဝင်အလောင်းအလျာများကား ရပ်ကွက်မြို့နယ်ကောင်စီဝင်အလျောင်းအလျာတို့၏ ရှုပ်ရှက်ခတ်အကြားမှ ကြားချောင် ဝင်ရောက်သွားကြရချေတော့၏။ ငါတို့ရပ်ကွက်၌ ကန့်ကွက်မဲ တစ်မဲမျှမရကြ။

ဤသည်မှာ ငါတို့ နိုင်ငံရေးဆောင်ရွက်စဉ်က ငါတို့ပါဝင်ခဲ့သော ရက်ကွက်တွင်းက လှုပ်ရှားမှုအခြေအနေများ ဖြစ်ကြချေ၏။ အခြား၌ မည်သို့မည်ပုံကား ငါတို့မသိတော့ပြီ။ ထိုသို့ တစ်ရပ်ကွက်သားများချင်း နိုင်ငံရေးစစ်ခင်းရာမှ ပေါ်ထွက်လာသော အဖြေကား အာဃာတ တရားများသာတည်း။ တစ်ပါတီ မူတူ, ဝါဒတူခြင်းပင် ဤမျှ ပုဂ္ဂိုလ်ရေးအခြေခံ အာဃာလုရာ၌ အကျောက်အကန်ပေါ်သေးလျှင် ပါတီစုံ၌ကား ဆိုဖွယ်ရာမရှိတော့ပြီ။

ယခင် ပါတီစုံခေတ်က ရပ်ကွက်ခြယ်လှယ်

မြန်မာစာမူပါက



ထားသူများကား ဌာနေ လူလည်များတည်း။

ယခု ဆိုရှယ်လစ်ခေတ်၌ ရပ်ကွက်ခြယ်လှယ်ထားသူများကား လူစုံ ရိုးဖြောင့်သူများတည်း။

တစ်ဖန် ဆိုရှယ်လစ်မဲခေတ်၌ ပြန်လည်နလံထလာသူများကား ဌာနေ လူလည်များတည်း။

ဌာနေ-ပြန်ကျ အာဏာလုရာ၌ ဆွေမျိုးများသူ အနိုင်ရစမြဲပင်ဖြစ်ရာ ပြန်ကျတို့ နလံမထနိုင်ပြီ။ ဆွေမျိုးသည် မဲပေးပွဲဆင်ရာ၌အရေးပါ၏။ မည်သူမဆို လူကောင်းထက် အမျိုးအားကိုး၏။ အမျိုး(ဆွေမျိုး)ကား အရေးဆို ကိုယ့်ဘက်ပါမည်သေချာ၏။ လိုရာအကူရမည်သေချာ၏။ စင်စစ်ဆန္ဒမဲမှန်သမျှ နိုင်ငံကိုယ်စားပြု မဲအရေးအတွက်ကား နည်းပါးလှဘိတောင်း။

ထို တစ်ကြော့ပြန်တို့ ပြန်လည်အာဏာရလာသောအခါ ငါတို့ယခင်လုပ်ဖူး ကိုင်ဖူးသမားအားလုံးတို့အပေါ် နိုင်ငံရေးပညာဖြင့် နှိပ်စက်ချေတော့၏။ ငါတို့လည်းခံရချေတော့၏။ နိုင်ငံရေးဘီးပတ် နောက်ပြန်လိမ့်လာခြင်းဆိုသည်မှာ ဒါထင်၏ဟု တွေးမိတော့၏။

ယခင် ရ. လ. က ဥက္ကဋ္ဌဟောင်း နေအိမ်မှသည် ၄င်းတို့အတိုက်အခံပြုထားသူများအားလုံးတို့အပေါ် မရရရာ ဥပဒေတို့ဖြင့် စွဲချက်တင် ရုံးပို့ဖြစ်ကြကုန်၏။ အမှုကား အိမ်ပြင်ဆင်မှုများချည်းဖြစ်ကြ၏။ ခံရသူအားလုံးလည်း တင်းပြည့်ပါတီဝင်တို့ချည်းဖြစ်ကြ၏။ ဗိုလ်ကြီးဟောင်းများပါဝင်ကြချေ၏။ သို့တစေလည်း မြို့နယ်ကား ဆင်ခြင်ဉာဏ်ရှိသဖြင့်လက်မခံလေ။

ငါတို့၌ကား ခြံရှင်ခြံငှားပြဿနာများ ဖော်ဆွပေးခံရ၏။ အမှုပွဲစားကား ၄င်းကောင်စီက အာဏာရ များဖြစ်ကြ၏။ ငါတို့ခြံကား ယခင်က အိန္ဒိယနွယ်ဖွားပိုင်၊ ယခု အခြားတစ်ဦးပိုင်ဖြစ်၏။ ထိုအိန္ဒိယနွယ်ဖွား နှင့် ထိုတစ်ဦး ယခင့်ယခင်ကလည်း အမှုဖြစ်ခဲ့ကြပြီး၊ ထိုတစ်ဦးက အနိုင်ရသဖြင့် ခွဲပိုင်းရောင်းစားသည်ကို တစ်ဆင့်ကတစ်ဆင့် လက်ပြောင်းလာခဲ့ပြီး ငါတို့လက်ထဲ ရောက်လာသော ခြံမြေဖြစ်၏။

ယခု ထိုအိန္ဒိယနွယ်ဖွားကို ကောင်စီကပင် သွားရောက်ဆွေးနွေးကာ ကောင်စီ စတက်သည်နှင့် အမှုပေါ်လာတော့ချေ၏။ ခြံမြေပေါ်နေ ငါတို့နှင့်တကွ အပေါင်းပါ(၁၀)ဦးတို့ ဒူးနှင့်မျက်ရည်သုတ်ကြရချေတော့၏။ အလားတူ ငါတို့နှင့်အတူနေ လုပ်ဖော်ကိုင်ဖက် ဦးထွန်းအောင်တို့ အသိုက်၌လည်း တစ်ဖက်ကခြံရှင် တစ်ဖက်က ဦးထွန်းအောင်နှင့် အပေါင်းပါ(၁၃)အိမ်ထောင်စုတို့သည်လည်း စကောထဲ ဇီးဖြူသီး ထည့်၍အလှိမ့်ခံရလေသည့်ပမာ ဒုက္ခတွေပင်လယ်ဝေစွာ ခံစားရရှာကုန်၏။ထိုအားလုံးတို့သည် ငါ့အကြောင်းပြု၍ ခံကြရသောသူများချည်းတည်း။ ငါ့ခေါင်းဆောင်မှုနောက် တညီတညွတ်တည်းလိုက်ကြရာမှ ရလာသော ဒုက္ခများတည်း။

စိတ်လည်းမကောင်းမိ။ နိုင်ငံရေး သံဝေဂလည်း ရမိ၏။

-ငါဖြစ်ချင်သောအရာမှာ အများကောင်းစားရေး။

-ငါမြင်တွေ့ချင်သောအရာမှာ အများပျော်ရွှင်မှု။

ယခုသော်ကား မြင်ကွင်းပြောင်းပြန် မျက်စိခွက် ပက်လက်လန် ဖြစ်သွားရချေ၏။

အများကောင်းစားစေချင်သဖြင့် အများကောင်းစားရေး ရှေးရှုသော လူမှုရေးဆောင်များကို ရွေးထုတ်၍ မိမိကောင်းစားရေးရှေးရှုသော လူမှုရေးဆောင်များကို ပ-ထုတ်မိရာမှ ဤသို့သော တန်ပြန်အားကို ခံစားရရှာချေ၏။ အများကောင်းစားရေး ရှေးရှုသူကိုရွေးသော် ရိုးသူကိုရွေးရချေသည်။ ထိုရိုးသူမျိုးကား အ,အမျိုးချည်း ဖြစ်နေတတ်လှချေသည်။ မိမိကောင်းစားရေး ရှေးရှုသူကား လည်သူသာဖြစ်ချေသည်။ လည်သူကား ပတ်တတ်လှချေသည်။ လောကကြီးဝယ် အလည်ရိုးကား ရှားပါးလှချေ၏။

မဟာဗျူပါလ



တစ်ခုသောနံနက် ဈေးထွက်ရန် ဇနီးသည် သွားသောအခါ ဆိုင်ကားဗလာဖြစ်နေတော့၏။ အကြောင်းကြားသဖြင့် လိုက်သွားလေသောအခါ သွပ်မိုးသွပ်ကာ သွပ်တံခါးများဖြင့် အခိုင်အခံ့ ပြုလုပ်ထားရှိသော ငါတို့၏ဆိုင်၌ ပြင်ပ၏အာမခံ သော့ကြီးသည်လည်း အကွဲအစများ ဖြစ်ကျန်ရစ် ချေ၏။ အတွင်းရှိ ဗီဒိုသော့များကား ဂွင်းမှဖြုတ် တောက်ထားသော ဂွင်းစများသာ ကျန်ရစ်တော့၏။ တစ်ဆိုင်လုံး စိတ်ရှိလက်ရှိ ထုခွဲဖျက်စီးခြင်းကို ခံလိုက်ရ၏။ သို့ကြောင့် ပါသွားသောအထည် စာရင်းများ၊ တန်ဘိုးများ တွက်ချက်ပြီး ရဲစခန်းသို့ သွားရောက်တိုင်ကြားရ၏။ မတိုင်ကြားမီ ဈေး အစည်းအဝေးလုပ်၏။ အကြောင်းမှာ တစ်လအတွင်း ဆိုင်ပေါင်း တစ်ဆယ့်သုံးဆိုင်အထိ ဖောက်ထွင်းခံ ထားရသောကြောင့်ဖြစ်၏။ ကောင်စီရွေးပွဲအပြီးနှင့် မရှေးမနှောင်းပင်ဖြစ်ချေ၏။

ဈေးကြီး ၌ အစိုးရကထားသောညစောင့်၊ ဈေးမှထားသောညစောင့် နှစ်မျိုးရှိ၏။ အစိုးရခန့် ကားတစ်ဦး၊ ဈေးခန့်ကားသုံးယောက်ဖြစ်၏။ ထိုသို့ အလုံအလောက် အစောင့်ချထားသောကြားမှချည်း အမှုပေါ်နေသဖြင့် အုပ်ချုပ်သူများ ခေါင်းခဲနေကြ ၏။ ဈေးကြီး၏အပြင်တန်း၌ကား ညအိပ်ညနေ အိမ်ထောင်တစ်စုလုံးနေသော ဆိုင်ခန်းများလည်း တောင်ဘက်မြောက်ဘက်တို့မှ အပြည့်အနှက် ရှိချေ သေး၏။ ၎င်းတို့၏ဆိုင်ခန်းများကား ဈေးတွင်းသို့ အချိန်မရွေးဝင်နိုင်သော နောက်ဖေးပေါက်များ ဖောက်ထားကြသည်ချည်းဖြစ်ရာ တရားခံမှာ မည်သူ မည်ဝါ အဖြေရှာဖွေရန် အခက်အခဲတွေ့နေကြ သောကြောင့်ဖြစ်၏။

ယခု ငါတို့ဆိုင် အဖောက်ခံရလေသောအခါ ဈေးခေါင်း၊ ဈေးကောင်စီ၊ ဈေးကြီးကြပ်ရေးအဖွဲ့ အားလုံးစည်းဝေးကာ သည်အမှု ရအောင်ဖော်ပေး။ မဖော်ပေးက အားလုံးနုပ်ထွက်တော့မည် ဟူ၍ ဆုံးဖြတ်ကြ၏။ ရဲစခန်းသို့ သွားရောက်တိုင်တန်း

ထိုငါတို့၏ မဖြစ်စလောက်သော ရပ်ကွက် လူမှုရေးလုပ်ငန်း လုပ်ရာမှရလာသော နိုင်ငံရေး သံဝေဂသည် တိုင်းပြည်ခေါင်းဆောင်များ၏ နိုင်ငံ ရေးကလဲ့စားချေမှုတိုင်အောင် မျှော်တွေး၊ တွေးလျက် က ရင်လည်းမအေး၊ ကိုယ်ချင်းစာလည်း မွေးမိချေ ၏။ စိတ်ဓာတ်အချိန်မစီး ကိုယ်ချင်းစာစိတ်နည်းပါး သော ငါတို့တိုင်းပြည်၌ လွတ်လပ်ခွင့်ဆိုသော ပရမ်း ပတာ ဒီမိုကရေစီမျိုးနှင့် မတန်မရာလေသည်ကို သဘောပေါက်မိ၏။

အပျော်များ၍ မိမိအကျိုးစီးပွား၌သာ ကုန်းနေရရှာသော လူထု၌ နား,မျက်စိ မရှိ။

အမြော်ကြိုက်၍ အနိုက်ခံလေ့ရှိသော လူထုလူတန်းစားမျိုးတို့၌ မျက်စိမပါ နားဗလာ။

ထိုသို့သော ငါတို့လူမျိုးစရိုက်ကား လူလည် အမြော်သမားများနောက်သာ လိုက်ပါရလေ့ရှိ ၏။ အပြောကောင်း, ကောင်းသလောက်ပါ၏။ လိပ်သည်ဂျပိုးဖြစ်သွားပြီး ဂျပိုးကား လိပ်ဖြစ်သွား တော့၏။ ထို လူရည်လည် အပြောကောင်းကား နိုင်ငံရေးလုပ်စား ကိုင်စားသမားများသာ ဖြစ်လာပြီး လက်တစ်ဆုပ်စာထက် မပိုချေပြီ။ ထိုလက်တစ်ဆုပ် စာ၏ အတို့အလှုပ်ကား အများအပြားတို့မြုပ်ဖို့ရာ ချည်းတည်း။ ထိုလက်တစ်ဆုပ်စာ၏ လက်ခုပ်ရာ ကြီးသလောက် လူထုခမျာ ကြမ္မာငင်ရှာကြရပြီ။

▼

## နူရာဝဲစွဲ လဲရာသူခိုးထောင်း ခံရပြန်ပြီ

ထိုသို့ ခြံမြေအမှု အရှုပ်အရှင်းများဖြင့် ရုံးဆင်းရုံးတက် ဆက်နေစဉ်အတောအတွင်းမှာ တွင်ပင် ငါတို့၏ဆိုင်ကား ဖောက်ထွင်းခံရပြန်ချေပြီ။ ထိုဖောက်ထွင်းခံရသော သက်န်းကျွန်းဈေးနှင့် ဆိုင် ကား သက်န်းကျွန်းရဲစခန်းရှေ့မှာတည်း။

သောအခါ ဈေးခေါင်းကြီးနှင့် ဈေးကောင်စီဥက္ကဋ္ဌတို့ပါ ငါတို့နှင့်အတူပါပြီး တိုင်ကြားပေး၏။ ထိုစဉ်က စခန်းမှူးမှာ ဦးမောင်မောင်သီဖြစ်ပြီး မြို့နယ်မှူးကား ဦးမြင့်ဖြစ်၏။

စခန်းမှူးသည် ငါတို့နှင့်ရပ်ကွက်မှုခင်းများ အရေးယူရာ၌ ငါတို့နှင့်လက်တွဲခဲ့ရသဖြင့် မျက်မှန်းတန်းမိနေသည်ကတစ်ကြောင်း၊ ဆန္ဒပေးပွဲ ကောင်စီရွေးပွဲ မှစပြီး အရေးအခင်းပေါ်လေတိုင်း ဆက်ဆံခဲ့ရသည်ကတစ်ကြောင်းတို့ကြောင့် ဥစ္စာရှင်လိုဥစ္စာရှင်ခဲ ဆိုစကားအတိုင်း ခင်ဗျားလဲကူညီရှာဖွေပေးပါ။ ကျွန်တော်တို့လဲ အစွမ်းကုန်ကြိုးစားပါမည်ဟု ငါတို့ကို မှာကြားလိုက်ချေ၏။

ငါတို့သည် ထိုစခန်းမှာပင် လူဆိုးထိန်းမောင်ကြည်အား အကူအညီတောင်း၍ အထည်ပေါင်းရောင်းချလေ့ရှိသော ကြည့်မြင်တိုင်ညဈေးတန်းများမှသည် ပုဇွန်တောင်စသည်များသို့ လိုက်လံရှာဖွေ၏။ မတွေ့။ တစ်နေ့ဇနီးသည်ခေါ်၍ ငါတို့မိတ်ဆွေများပေါများရာ တောင်ဥက္ကလာ နန္ဒဝန်ဈေးကြီးသို့ သွားရောက်ရှာဖွေရာမှ သဲလွန်စ ရလာ၏။

ဈေးအတွင်းရှိအထည်ပေါင်း ရောင်းသော ကိုကျော်တင့်-မငွေကြည်တို့ဆိုင်မှာ ငါတို့ လျှို့ဝှက်အမှတ်အသားပါသော ဆေးဆိုးထည် ထမီတစ်ထည် တွေ့ရ၏။ သို့နှင့် သက်န်းကျွန်းရဲစခန်းသို့ လှမ်း၍ ဖုန်းဆက်ခေါ်ကာ သိမ်းဆည်းပေးရ၏။ ငါတို့၏အမှု၌ အမှုလိုက်ရဲအရာရှိကား ဦးဟန်ကြည်ဖြစ်၏။

ထိုဦးဟန်ကြည် စစ်သဖြင့် ဤအထည်ဝယ်ခဲ့သော နေရာကား (၃၈)လမ်းဈေးဟူ၍ သိရ၏။ နောက်တစ်နေ့ ထိုကိုကျော်တင့်+မငွေကြည်ရယ်၊ ငါတို့ရယ်၊ လူဆိုးထိန်းမောင်ကြည်ရယ်၊ ဦးဟန်ကြည်ရယ် (၃၈)လမ်းဈေးသို့ သွားရောက်ရာ ရောင်းသူ မောင်ကွတ်ဆိုသူနှင့်တင်လှဆိုသူ စပ်တူနှစ်ယောက်တွေ့ရ၏။ ၎င်းတို့ကို စစ်သောအခါ ကျွန်တော်တို့ကား ဘယ်သူဘယ်ဝါ မသိပါ။ ကျွန်တော်တို့ အရောင်းအဝယ်လုပ်ရာ ဝေဇင်ကဖီးက စားပွဲထိုး ကျင်မောင်ကတော့ သက်န်းကျွန်းရဲစခန်းက ရဲသားတွေလို့ ပြောပါသည်ဟု အစစ်ခံပြန်၏။

သို့နှင့်ဝေဇင်ကဖီးမှ ကျင်မောင်ဆိုသူအား ခေါ်ယူစစ်ဆေးလေရာ အပြည့်အစုံ အတိအကျလူပုံပန်းသဏ္ဌာန်များနှင့်တကွ ကလေးပီပီ အူမချေးခါး ပြောကြားပါလေတော့၏။ ဒု-လုံမှူးဦးဟန်ကြည်က "မင်း-ဘာဖြစ်လို့ သက်န်းကျွန်းရဲရယ်လို့ သိရသလဲ" စစ်မေးသောအခါတွင်မူကား ၎င်းသည် သက်န်းကျွန်း၊ ငမိုးရိပ်ရပ်ကွက်သား ဖြစ်ကြောင်း။ ထိုရပ်ကွက်၌ အသုဘပေါ်လေတိုင်း ထိုရဲသားများ ရပ်ကွက်ကောင်စီဥက္ကဋ္ဌမှတစ်ဆင့် ငွေလာတောင်းလေ့ရှိကြောင်းတို့ကိုပါ တသီတတန်းကြီး ဖော်ကောင်လုပ်ပါချေတော့၏။

ထို 'ရဲသားတွေပါ' ဟူ၍ အပ်ကျမတ်ကျပြောလေသူ ကျင်မောင်ကို သက်န်းကျွန်းရဲစခန်းသို့ ခေါ်လာခဲ့၏။ ရောက်သော် 'ဘယ်ရဲလဲ' ဟူ၍ကား တန်းစီမပြတော့ပြီ။ ချက်ချင်းပင် ပြန်လည်လွှတ်လိုက်ချေတော့၏။ ငါတို့ကိုကား-

"ခင်ဗျားအမှုက သဲလွန်စ ပြတ်နေပြီ။ ဖော်ထုတ်ရန်ခက်သဖြင့် အမှုပိတ်ပေးပါ" ဟူ၍ ရဲအရာရှိ ဦးဟန်ကြည်က ပြော၏။ ငါတို့ကလည်း ဆိုင်ဖောက်ထွင်းခံရသည်၊ တရားခံမရှိဆိုက မိမိဂုဏ်သိက္ခာကျမည်။ အပ်နှံသူတို့မယုံဖြစ်မည်။ တရားခံသာဖော်ပေးပါ။ အမှုမလုပ်ပါဟုဆို၏။ တစ်ဖန်ရဲအရာရှိသည် အိမ်လိုက်တောင်းပန်၏။ ငါတို့ကား သည်စကားသာ။

ကိုအတောအတွင်း ထိုစခန်းတွင်းမှပင် အကြံပေးလာ၏။ အမှုကို အဆင့်ကျော်မတိုင်လေနှင့် ဒု-လုံမှူးကအရေးမယူ စခန်းမှူးတက်၊ စခန်းမှူးကမှအရေးမယူ မြို့နယ်မှူးဆီတက်၊ ၎င်းက အရေးမယူမှသာ အထက်အဆင့်ဆင့်တက်ပါလေ။ အဆင့်ကျော် အကိုင်ခံရမည်ဟူ၏။

တစ်ဖန် မိတ်ကောင်းကြီးဖြစ်သူ လူဆိုးထိန်းမောင်ကြည်ကလည်း "ကိုငြိမ်း ယခုရက်ပိုင်းအတွင်း

မဟာဓမ္မပါလ



ဟိုအိမ်သည်အိမ် လျှောက်မလည်ပါနှင့် အိမ်မှာသာ ငြိမ်နေပါ " အကြောင်းကြား၏။ တစ်ဖန် မြို့နယ်ရှိ မိတ်ဆွေ သတင်းထောက်များကလည်း "ခင်ဗျားကို ရဲ-စ/ပုဒ်မဖြင့်အရေးယူဖို့ အခြေအနေကိုစောင့်နေပြီ သတိထား" ဟူ၍ ဝိုင်း၍ ဖောက်သည်ချကြ၏။ တစ်ပူပေါ် နှစ်ပူဆင့်ခဲ့ရပြန်ပြီ။

*ပစ္စည်းပျောက်လို့ တရားခံရှာ၊*
*တရားခံဟာ ပုလိပ်ပါပဲ။*

ဤသံချပ်အလိုက်ပင် ပစ္စည်းပျောက်၍ ဒေါင်းတောက်နေရသည့်အထဲ ပစ္စည်းဆွဲသူကား ရဲဖြစ်နေသဖြင့် တစ်ပူပေါ် နှစ်ပူဆင့်လာရပြန်ချေ၏။ အိမ်တွင်းမှအိမ်ပြင်ပင် ထွက်မတွေ့ရဲလောက်အောင် အခြေအနေဖြစ်လာ၏။ တစ်ဖက်က တင်းမာလာသောကြောင့်ဖြစ်၏။ ရှေ့တိုးသဖြင့် ပေါ်လာသောအမှုကား ငါ့သို့သာ ဦးလှည့်လာချေ၏။ ငါသည် တရားလိုဘဝမှ တရားခံဘဝရောက်ဖို့ မေးတင်နေချေပြီကော။ အရပ်သားတရားလိုနှင့် တရားခံရဲသားတို့၏ ဇာတ်လမ်းကား အကွေ့တစ်ထောင် အကောက်တစ်သိန်း ဇာတ်ကွက်မျိုးတည်း။

▼

## တစ်ခွန်းပြောဖူး ကိုယ့်ကျေးဇူး

ထိုသို့ အမှုမှ အကျဉ်းအကြပ်တွေ့လေသောအခါ ငါ့အုပ်စုအတွင်း၌ လွန်ခဲ့သောနှစ်များ အတွင်းကမှ ပြောင်းရွှေ့လာကြသော ဦးမြင့်ဆွေ+ ဒေါ်ဘေဘီ မိသားစုသည်ရှိ၏။ ၎င်းတို့ကား တရုတ်အမျိုးသားများဖြစ်ကြပြီး လုပ်ငန်းကြီးများကို လုပ်ကိုင်နေသူများဖြစ်ကြ၏။ ၎င်းတို့ရောက်စဉ်ကာလက ငါတို့ကား ရ. လ. က အမှုဆောင်အုပ်စု(၂)၏ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းစ အချိန်ဖြစ်သဖြင့် သန်းခေါင်စာရင်း လာရောက်တိုင်,တိုင်ချင်း ၎င်းအိမ်သွား၍ သတိပေးဖူး၏။

"ဤရပ်ကွက်ကား မြို့လည်ခေါင်က တောရွာကြီးဖြစ်သည်။ မကောင်းမှုဒုစရိုက်သမားတို့ ချုံခိုရာဒေသဖြစ်သည်။ ဤရပ်ကွက်ရောက်ခါစလူ မိတ်ကောင်း, အပေါင်းအသင်းမရှိသေးမီ အိမ်ဖောက်ထွင်းခိုးယူခံရတတ်သည်။သတိထားပါလေ" ဟူ၍လည်းကောင်း၊

"ရပ်ကွက်အုပ်ချုပ်ရေး ဆိုသည်မှာ အမှုမပေါ်မီ သတိပေးရုံသာအာဏာရှိပါသည်။ အကယ်တိတိ အမှုပေါ်ပေါက်လာသောအခါ အရေးယူတတ်စရာ ပုဒ်မလည်းမရှိပါ။ တရားခံရှာဖွေတတ်သော မျက်လုံးလည်းမရှိပါ" ဟူ၍လည်း ကောင်း သွားရောက်ပြောကြားမိခဲ့ဖူးချေ၏။

ထို ငါတို့၏သတိပေးချက်ကြောင့် ၎င်းဦးမြင့်ဆွေသည် မအိပ်မနေ စောင့်ကြပ်နေချေရာ လေးကြိမ်တိတိ ညမှောင်မှောင်ဝယ် ခြံတွင်းဝင်ရန် အကြိုးစားခံခဲ့ရသည်ဆို၏။ တစ်ကိုယ်လုံး အဝတ်နက်ကြီးဝတ်လျက်က ခြံ၏အကာအရံများ ကိုခွာခြင်း၊ အိမ်တွင်းအရိပ်အကဲများကို စွေ၍နားထောင်ခြင်း စသည်အားဖြင့် သူခိုး၏ အမူအရာစုံ အကုန်မြင်တွေ့ရဆို၏။ အတွင်းမှနေ ချောင်းဟန့်သံပေးလိုက်လေသောအခါ တစ်ချိုးတည်းပြေးတော့သည်ဆို၏။ ငါတို့သတိပေးမှုကား ထိရောက်စွာ ကာကွယ်နိုင်ခဲ့ချေပြီ။

ထိုကျေးဇူးကို ဦးမြင့်ဆွေကား မမေ့ဟုဆို၏။ တွေ့တိုင်းလည်းပြော၏။ အပြောသာမဟုတ်၊ ကိုယ်, နှုတ်အားဖြင့်လည်း ကိစ္စပေါ်တိုင်း ငါတို့အား ကျေးဇူးတုန့်လေ့ရှိခဲ့၏။ ယခုလည်း ငါတို့အပူကို ၎င်းအားကပ်၍ အပူတပ်ရပြန်ချေပြီ။ ၎င်းသည် မြို့အတွေ့အကြုံအတော်စုံ၏။ အမှုမျိုးစုံတို့နှင့်လည်း တွေ့ကြုံရင်ဆိုင်ခဲ့ဖူးပြီး ကျော်လွှားခဲ့ဘူးပြီးလည်း ဖြစ်၏။

သို့နှင့် ထိုဦးမြင့်ဆွေ၏ အကြံဉာဏ်အား၊ ကိုယ်အား၊ စိတ်အား၊ ငွေအား များကိုပါ ရယူလျက်က အမှုမပေါ်,ပေါ်သည်အထိ လိုက်ရချေတော့၏။

မဟာဝမ္မပါလ



အစတွင် အမှုလိုက် ဦးဟန်ကြည်အား ချဉ်းကပ်လျက်က အမှုစုံစမ်းရ၏။ တစ်ပတ်ကျော်လွန်သွားသော်လည်း ဘာမှအကြောင်းမထူးတော့ပါ အဖြေသာ ဆက်ကာဆက်ကာ ရချေ၏။

ဒုတိယ- စခန်းမှူးထံဝင်တွေ့၏။ မထူးဟူ၍ ဖြေ၏။ ငါတို့က တစ်နေ့ လူဆိုးထိန်းမောင်ကြည်နှင့် စခန်းမှူးအိမ်သို့အသွား စခန်းမှူးသည် ရဲသားစိုးမြင့်ကိုခေါ်လျက်က စကားပြောနေသည်ကို တွေ့ခဲ့ရသဖြင့် ၎င်းကိုအထင်ကပ်၍ "ဖုန်းမနေပါနှင့်ဗျာ ကျွန်တော်သိပြီးပြီ" ဟူ၍ အစ်လိုက်မိချေရာ "အေးဗျ-အတော်စစ်ယူရတယ်"ဟူ၍ သဲလွန်စရလာ၏။ သို့သော် "ကောက်ရတာတဲ့" ဖြင့် ထစ်ထား၏။ မြို့နယ်မှူးက ကိုငြိမ်းနှင့်ရင်းနှီးလျှင် အမှုပိတ်ပေးဖို့ ပြောကြောင်းကိုသာ အဖြေရတော့၏။

တတိယ-မြို့နယ်မှူးထံဝင်တွေ့၏။ ၎င်းနှင့်မဆိုင်။ စခန်းမှူးထံသွားပါ ဟူ၍သာ လက်ကာလက်ရမ်းဖြင့် နှင်လွှတ်လိုက်ချေတော့၏။ မြို့နယ်၏ ရဲကိစ္စ လမ်းစဖြင့်ကုန်ချေပြီ။

သို့ကြောင့် ဦးမြင့်ဆွေနှင့်တိုင်ပင်ရာ ၎င်းသည် ၎င်းနှင့်ရင်းနှီးသော ရဲအရာရှိဟောင်းများထံ ချဉ်းကပ်လျက်က အကြံဉာဏ်တောင်းခံရာ- တိုင်း၊ ဗဟို၊ ရဲချုပ်များရုံးသို့ ဘိုင်နိမ်းခေါ် ၎င်းတိုင်းမှူး၊ ရဲချုပ်ကြီးများ၏ အမည်တပ်ကာ စာတိုက်မှ တိုင်စာပို့ ဟူ၏။ စာတိုက်မှ တစ်ကြိမ်, နှစ်ကြိမ် တိုင်စာတက်၏။ မထူး။

တစ်ဖန် မြို့နယ်တွင်းရှိ ကောင်စီသို့ သွားရောက် တိုင်၏။ ထိုစဉ်က အစစ္စာ မြို့နယ်ဥက္ကဋ္ဌကား ဦးစောဦး(ဗိုလ်ကြီးဟောင်း)ဖြစ်၏။ အတွင်းရေးမှူးမှာ ငါတို့ရပ်ကွက်မှတက်သွားသော တစ်ဖက် စင်ပြိုင်အဖွဲ့၏ခေါင်းဆောင် ဦးအုန်းမောင်ဖြစ်၏။

မြို့နယ်ကောင်စီဟူ၍ စတက်ခါစခေတ်ဖြစ်သဖြင့် မြို့နယ်၏အုပ်ချုပ်ရေးအာဏာနှင့် ပတ်သက်၍ မြို့နယ်ကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ရဲမှူးတို့သူပိုင်ငါပိုင် အငြင်းပွားဆဲဖြစ်နေ၏။ ရဲအမှု, ရဲကိစ္စများ၌ မြို့နယ်ဥက္ကဋ္ဌပါဝင်နေလေသဖြင့် မကျေမလည်အချိန်ပင်ဖြစ်ချေ၏။ ထိုအတောအတွင်း ငါတို့က ရဲအမှု ကောင်စီသို့တက်ရောက်တိုင်လေသောအခါ-

မြို့နယ်ဥက္ကဋ္ဌသည် ဝမ်းသာအားရ ခါးဖက်လျက်က ၎င်း၏အခန်းတွင်းသို့ခေါ်သွား၏။သေချာတိကျစွာမေးပြီး၍ ပိုင်လောက်သည်ထင်မှ တစ်ဖက်ခန်းရှိ အမှုဆောင်အဖွဲ့များသို့ လွှဲပေးကာ အစစ်ခံစေ၏။ မှတ်တမ်းယူခြင်း၊ လက်မှတ်ထိုးခြင်းအားလုံး ပြုလုပ်ပေးရ၏။ စစ်မေးသူကား-အတွင်းရေးမှူး၊ မှတ်တမ်းရေးကား-မှုခင်းကော်မတီဥက္ကဋ္ဌ ဖြစ်သူ ဦးသောင်းညိမ်း ဖြစ်၏။

စစ်မေးရာ၌ ငါတို့ကိုသာမက (၃၈)လမ်းမှ ရောင်းသူမောင်ကွတ်၊တင်လှ၊သက်သေကျင်မောင်တို့ကိုပါ သွားရောက်ခေါ်ပေးရပြီး အစစ်ခံခဲ့ရချေ၏။ တစ်ဖန် မြို့နယ်ကောင်စီသို့ လိပ်တပ်၍ ဖြစ်ပျက်ပုံနှင့် ရဲမှအရေးမယူပုံများကိုလည်း တိုင်ကြားစာတစ်စောင်ပေးပို့၏။ သိသာရန်မိတ္တူတို့ကိုကား မြို့နယ်ပါတီယူနစ်သို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့လည်းကောင်း၊ တိုင်းရဲတပ်ဖွဲ့မှူးရုံးသို့လည်းကောင်း၊ ရဲချုပ်ရုံးသို့လည်းကောင်း ပေးပို့လိုက်၏။

မြို့နယ် သတင်းထောက်များ ကလည်း သတင်းရေး၏။ ဗိုလ်တထောင်သတင်းစာ၌ 'တရားခံထိန်ချန်မှု ကာယကံရှင်က တိုင်' ဟူသောခေါင်းစီးဖြင့် သတင်းပါလာ၏။ မြို့နယ်ကောင်စီမှ အမှုဖော်နိုးနိုးဖြင့် မျှော်ကိုးမိ၏။ တစ်ပတ်, နှစ်ပတ် အထိစောင့်၏။ တစ်ပတ်ကျော် နှစ်ပတ်အတွင်းရောက်သဖြင့်အမှုလက်ကိုင် အတွင်းရေးမှူးအား သွားရောက်မေးရာ-"ကျွန်တော်တို့အရေးယူလိုက်လျှင် မြို့နယ်ရဲမှူးကြီး ထိခိုက်နစ်နာလိမ့်မည်၊ မြို့နယ်ရဲမှူးကြီး သိက္ခာကျမည်စိုး၍ ကျွန်တော်တို့ အရေးမယူတော့ပါ" ဟူ၏။

မဟာဗောဓိပါလ



လမ်းစကား စလျက်က ဆုံးချေပြီ။ အကြံပေးကြီး ဦးမြင့်ဆွေလည်း လက်မှိုင်ချရပြီ။ ဘိုင်နိမ်းဖြင့်ပို့ခွင့်ရသော ထိုစဉ်ကခေတ်စကားအရ ငှက်ခါးလေးလည်း ပျံသာပျံ နားသံကား မကြားသိရပြီ။

ထိုစဉ်က တိုင်းမှူးမှာ ဦးသိန်းအောင်(ဗိုလ်မှူးဟောင်း)ဖြစ်ပြီး၊ ရဲချုပ်ကား ဦးအုန်းကြည်(ဗိုလ်မှူးကြီးဟောင်း)က တာဝန်ယူ ဆောင်ရွက်ချိန် ဖြစ်၏။ ကိုယ်တိုင်ကား တွေ့ခွင့်မရှိ။ စာဖြင့်သာလှမ်း၍ တိုင်ကြားရသောခေတ်ဖြစ်၏။ အရပ်အုပ်ချုပ်ရေးကောင်စီဖြစ်စေ၊ ရဲအုပ်ချုပ်ရေး ရဲတပ်ဖွဲ့ဖြစ်စေ မိမိတို့မြို့နယ်တွင်းကိစ္စ မိမိတို့မြို့နယ်တွင်းမှာသာ ပြီးပြတ်ရန်ဖြစ်၏။ နိုင်နိုင်နင်းနင်းကိုင်တွယ်ရန် ဖြစ်၏။ ပြင်ပအရပ်ကနေ တိုင်ကြားရုံမျှဖြင့်လည်း မြို့နယ်ကိစ္စ တိုင်း,ဗဟိုက တာဝန်မယူတတ်။ ဆိုလိုသည်မှာ တံခါးတစ်ပိုင် ဓါးတစ်ကိုင်စီ အာဏာပေးထားချိန်ပင် ဖြစ်ချေ၏။ ဟိုရှေးယခင်က မြို့စားကြီး၊ ရွာစားကြီးဆိုသော ဝေါဟာရတို့ကို သွားရောက်သတိရမိချေ၏။

ထိုသို့ ရဲတပ်ဖွဲ့နှင့်ငါတို့ထိပ်တိုက်တွေ့နေဆဲ တစ်မြို့နယ်လုံးရှိ ပါတီကောင်စီနှင့် ရဲတို့ကတစ်ဖက်၊ ငါတို့တစ်ဦးတည်းကတစ်ဖက်ဖြင့် ဖုံးတမ်းဖော်တမ်းကစားနေကြရင်း လမ်းစပျောက်မတတ် ဖြစ်နေရာတွင် ငါတို့အားကိုးကား သတင်းထောက်များသာ ကျန်တော့၏။

ဦးစွာရင်းနှီးခွင့်ရ သတင်းထောက်မှာ ငါတို့ဆိုင်သို့ ကြေးမုံသတင်းစာ လပေးပို့နေသော မြို့နယ်သတင်းထောက် (မြန်မာ့အလင်း)ဦးအုန်းမောင် ဖြစ်၏။ ၎င်း၏အကူအညီဖြင့်ပင်ဦးထွန်းတင်(လုပ်သား) ဦးတင်အေး(ဗိုလ်တထောင်)၊ ဦးစိန်မောင်(ကြေးမုံ) တို့နှင့်လည်း ရင်းနှီးခွင့်ရလာ၏။

ထိုစဉ်က ဤသတင်းစာ လေးစောင်သာ ထုတ်ဝေလျက်ရှိ၏။ သို့ကြောင့် ၎င်းတို့ထံ ချဉ်းကပ်၍ သတင်းစာရှင်းလင်းပွဲ သို့မဟုတ် အဆင်မသင့်သဖြင့် ရင်ဖွင့်ပွဲကျင်းပရန် အကူတောင်း၏။ ၎င်းတို့ကလည်း ၎င်းတို့၏သတင်းထောက်မှတ်ပုံတင်နံပါတ်များကို မြို့နယ်ကောင်စီက အသီးသီး မှတ်တမ်းပြုစုထားပြီးဖြစ်နေ၍ သတင်းစာထဲ ဤအမှု၏ ဖြစ်ကြောင်းကုန်စင် ဖွင့်ရေးမိသော် ၎င်းတို့အား ခေါ်ကျိန်းမည်ဖြစ်သဖြင့် မရေးဝံ့ဆို၏။

ရော်-ခက်ကပြီ။

ခက်သထက်ခက် နှစ်ခက်ဆင့်လျက် ပင့်နေချေပြီကော။ ငါတို့ကား လက်မလျှော့။ အခက်သည် လွယ်တော့မလို့ဟု သဘောထားသည်။ မှန်လျှင် လုပ်ရဲရမည်။ မြွေပွေးနှင့်ရင်ဆိုင်ရာ၌ ခေါင်းကိုနိုင်မှ အနိုင်ရတတ်ရိုးရှိချေသည်။ ယခု အုပ်ချုပ်ရေးတို့နှင့်ငါတို့ ရင်ဆိုင်မိကြရာ၌လည်း ပိုင်မှသာနိုင်မည်။ မပိုင် အကိုင်ခံရတတ်သည်။

နေ့စဉ် ဥပဒေအရေကျိုသောက်၍ ပဲလှော်ကဲ့သို့ ကျွတ်ကျွတ်ဝါးစားလေ့ရှိသော ရဲများနှင့် ထိပ်တိုက်တိုးမိရာ၌ အကယ်တိ မိမိဘက်က ခြေမသွက်လျှင် မိမိပင် အခြေပျက်ချေမည်။

ဤသို့အတွေးဝင်မိသောငါသည် မြို့နယ်သတင်းထောက်အကူမရ- တိုက်သတင်းထောက်များနှင့်ဆက်ကြည့်အံ့ဆိုကာ သူငယ်ချင်းဦးစိုးမြင့်ရှိရာ ကြေးမုံသတင်းစာတိုက်သို့သွား၍ ဦးစိုးမြင့်ထံမှအကူအညီတောင်းခဲ့၏။ ဦးစိုးမြင့်ကလည်း ရိုးသားလေသူပီပီ-

"ငါတော့မကျွမ်းကျင်ဘူးမောင့်- ငါတို့တိုက်ကပြောင်းသွားတဲ့ ကိုမြတင်(မြန်မာ့အလင်း) ကတော့ သတင်းထောက်အားလုံးနဲ့ ရင်းနှီးတယ်သူ့ဆီသွားကြရအောင်" ဆိုကာ မြန်မာ့အလင်းသတင်းစာတိုက်သို့ နှစ်ဦးသားသွားကြ၏။ ရောက်မဆိုက် ထိုဦးမြဝင်း(စာစီသမား-ဆောင်းပါးရေးဆရာ)နှင့်တွေ့၍ အကျိုးအကြောင်းပြော အကူအညီတောင်းခဲ့၏။ ၎င်းကရှောရှောရှူရှူပင် မြန်မာ့သတင်းစဉ်(အင်-အေ-ဘီ)ရှိ နိုင်ငံတော်သတင်းထောက် ဦးခင်မောင်ထွေးနှင့် တွေ့ပေးခဲ့၏။ ငါတို့က

ဗဟာဝမ္မပါလ



အကျိုးအကြောင်း အစမှအဆုံးတိုင် ပြောပြ၏။

"ဟာ- ဒီလိုဆို ခင်ဗျားကအမှန်ပဲ၊ ပြောသာပြော ကျွန်တော်တို့ အကူအညီပေးမယ်။ ကျွန်တော်တို့ကို ဘာမှစည့်မခံပါနဲ့ မြေကြီးပေါ် ဖျာခင်းပေးပြီးတော့သာပြောပါ"ဟူ၏။

ဝမ်းသာလိုက်သည့်ဖြစ်ချင်း။

သို့နှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရန် နေရာရွေးချယ်ရ၏။ ဦးခင်မောင်ထွေးကလည်း သူ့အိမ်မှာပင် ပြုလုပ်ဖို့ခွင့်ပေး၏။ လုပ်သား၏ တိုက်သတင်းထောက် ဦးလှထွန်းကလည်း သူ့အိမ်မှာလည်း ပြုလုပ်နိုင်ကြောင်းခွင့်ပေး၏။

နောက်တစ်ရက်၌ ဦးခင်မောင်ထွေး၏ နေအိမ်မှာပင် ရှင်းလင်းပွဲလုပ်ဖြစ်၏။ အစစ ဦးမြဝင်းနှင့် ဦးခင်မောင်ထွေးတို့က တာဝန်ယူ၏။ ဦးခင်မောင်ထွေး၏ ဆော်ဩပေးမှုဖြင့် လုပ်သားမှ သတင်းထောက်ဦးလှထွန်းနှင့် ခါတ်ပုံသတင်းထောက် ဦးသောင်းကြည်၊ဗိုလ်တထောင်မှ ဦးစိုးမြင့်နှင့် ဦးတင့်လွင်၊ ကြေးမုံမှတစ်ဦး တက်ရောက်၏။

နောက်တစ်ရက်တွင် ဦးခင်မောင်ထွေးက ၎င်းရေးထားသောသတင်း အပိုအလိုသိရန် လာရောက်ဖို့ ၎င်းရုံးခန်း၌ ချိန်းသဖြင့် သွားကြည့်ရ၏။ "ကွက်တိပါခင်ဗျား" ဆိုမှ တိုက်လေးတိုက်သို့ ဖြန့်ပို့ပေး၏။

နောက်တစ်ရက်တွင်ကား ဗိုလ်တထောင်နှင့် မြန်မာ့အလင်းတို့တွင် ခေါင်းစီးစာလုံးမဲကြီးများဖြင့် အကျယ်တဝင့် ပါလာချေတော့၏။

ထိုနေ့မှာပင် တရားခံရဲတပ်သားညိုဝင်းနှင့် စိုးမြင့်တို့လည်း ဖမ်းဆီးချုပ်နှောင်ခြင်း ခံရှာကြရချေတော့၏။ စခန်းမှူး၊ မြို့နယ်မှူးတို့လည်း ရဲချုပ်ရုံးသွားရောက်ရကာ သတင်းထောက်ကြီးများ (အင်-အေ-ဘီ နှင့် တိုက်သတင်းထောက်ကြီးများ) ၏ရှေ့တွင် အစစ်ခံကြရချေ၏။ တိုင်းရုံးသို့ သွားရောက်လျက်ကလည်း အစစ်ခံကြရသေး ဆို၏။

ထို့နောက် ခုံရုံးဖွဲ့ကာ တိုင်းရုံးတွင် အစစ်ခံကြရ၏။ ခုံရုံးဥက္ကဋ္ဌကား တိုင်းရုံးမှ ဦးလှဖြစ်ပြီး အဖွဲ့ဝင်များမှာ ဆိပ်ကြီးမြို့နယ်မှူး ဦးမာနှင့် သုံးခွမြို့နယ်မှူးဦးရွှေဝင်းတို့ ဖြစ်ကြ၏။ ငါတို့သက်သေအဖြစ် အစစ်ခံရာ၌ ဦးရွှေဝင်းကားမလာချေ။ ငါတို့နှင့်တွဲ၍ အစစ်ခံရာ၌ အမှုလိုက်အရာရှိ ဦးဟန်ကြည်တစ်ဦးနှင့်တရားခံစိုးမြင့်သာ လာရောက်၏။ နောက်တစ်ချီ ငါတို့သွားရောက်အစစ်ခံရရာ၌ စခန်းမှူးဦးမောင်သီ တစ်ဦးသာလာ၏။

ပြီးသော် ဦးဟန်ကြည်ကား ထုတ်ပယ်ခံရရှာ၏။ ဦးမောင်သီကား လစာနှစ်ဆင့်လျှော တစ်နှစ်အတွင်း ရာထူးမတက်စေရအမိန့်ဖြင့် နယ်ပြောင်းရ၏။ မြို့နယ်မှူးဦးမြင့်ကား နယ်ပြောင်းရုံမျှသာ ဒဏ်သင့်၏။ ထိုစခန်းမှူး၊ မြို့နယ်မှူးတို့ကား ကချင်ပြည်နယ်သို့ အပို့ခံကြရဆို၏။

တာဝန်မကျေမှုကား ပြီးဆုံးပြီဖြစ်၏။ ရာဇဝတ်မှုကား တန်းလန်းတည်း။

ထိုရာဇဝတ်မှု(ဖောက်ထွင်းခိုးယူမှု) ရင်ဆိုင်ရန် ရှေ့နေငှားရမ်းရ၏။ လူဆိုးထိန်း ဦးကြည်ကား မငှားရန်အကြံပြု၏။ ငှားစရာမလိုလောက်အောင် အကြောင်းခိုင်လုံနေပြီဖြစ်၍ဟုဆို၏။ ငါတို့ကား အစိုးရိမ်လွန်သဖြင့်လည်းကောင်း၊ ရုံးတော်ဝယ် ထိုပွဲမျိုး မတိုးဖူးသေးသဖြင့်လည်းကောင်း၊ ကြောက်သောကြောင့် ရှေ့နေဦးစိန်ဝင်း (မြင်းခြံ)အား သွားရောက် အကူညီတောင်းရ၏။ ၎င်းကို ငါတို့နှင့် ရပ်ကွက်အုပ်ချုပ် ရေး ရ. လ. က အဖွဲ့တုန်းက ဥက္ကဋ္ဌလုပ်ခဲ့ဖူးသော ဗိုလ်ကြီးဟောင်း ခင်မောင်က သင့်တော်ကြောင်းပြောသဖြင့် အကူတောင်းခြင်းဖြစ်၏။ ထိုဗိုလ်ကြီးဟောင်းခင်မောင်မှာ မြို့နယ်စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့၏ လက်ရှိဥက္ကဋ္ဌလည်းဖြစ်၏။ ကောင်စီရွေးပွဲမတိုင်မီက ပထမ-မြို့နယ်တရားသူကြီး၊ နောက် တိုင်းတရားသူကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်၏။

မဟာဓမ္မပါလ



## မလင်းခင် ရှင်းသလောက်ပင်ရှုပ်မည်

အမှုကား သာမာန်ခိုးမှုမျှသာ။ သို့သော် (၂)နှစ်မျှ ကြာညောင်းခဲ့ရ၏။

ထိုအတောအတွင်း နိုင်ငံရေး ပုတ်ခတ်ညှင်းပန်းမှုကြီးကလည်း အရိပ်ထိုးလာချေသေး၏။ ပွဲပြီးသော်မှ မီးမသေသေးပါတကား။

ကောင်စီရွေးပွဲ၌ ငါတို့မပါဝင်ပြီ။ အားလုံးက တိုက်တွန်းကြသော်လည်း ငါတို့စိတ်နှင့် နိုင်ငံရေးကစားကွက် မကိုက်ညီသဖြင့် မျက်စိမှိတ် ခေါင်းရမ်းကာ ပယ်ခဲ့ရ၏။ ရပ်ကွက်တွင်း၌ကား ငါတို့ဘက်က (၁၂)ဦး၊တစ်ဖက်က(၉)ဦး-စုစုပေါင်း(၂၁)ဦး ဖြစ်၏။ ထိုစဉ် ငါတို့ဘက်ကနေ ဆင်ကြဲကြဲကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော တစ်ဖက်လူကား ငါတို့ အားပေး၍ အနိုင်ရသည်နှင့် တစ်ဖက်ကူးပြောင်း သွားချေရကား ငါတို့ဘက်အုပ်စုက အာဏာရအမှုဆောင် မဖွဲ့နိုင်။ ထိုငါတို့ဘက်မှနေ ကူးပြောင်းသွားကြလေသော ထိုလူများလည်း ထိုအဖွဲ့၌ အာဏာမဲ့သာ။ မျောက်လွှဲကျော်ဘွဲ့သာရရှာကြ၏။ မြို့နယ်၌ကား တစ်ဖက်ခေါင်းဆောင်သာ ထောက်ခံမဲ တစ်ရာကျော်မျှဖြင့် တက်ခွင့်ရသွားချေတော့၏။

ထို ခိုးမှုကြီးရင်ဆိုင်နေသောအခါ မြို့နယ်ကောင်စီအတွင်းရေးမှူးကလည်း-"ဒါသက်သက်မဲ့ နိုင်ငံရေးအာဃာတဖြင့် ကလဲ့စားချေတာပဲ"ဟူ၍ စွပ်စွဲ၏။ ရွှေနေကို ရ. လ. ကဥက္ကဋ္ဌဟောင်းက ငှားရမ်းပေးသည်ဟူ၍လည်းစွပ်စွဲ၏။ ပါတီယူနစ်ကပင် ထို ရ. လ. ကဥက္ကဋ္ဌဟောင်းဖြစ်သူ ဗိုလ်ကြီးဟောင်း ဂျေခင်မောင်ကို အမေးခံရဆို၏။ ထိုစဉ်က ယူနစ်ဥက္ကဋ္ဌ-လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီးမျိုးကျော်ကား ဗိုလ်ကြီးဟောင်းခင်မောင်ကို ယုံကြည်ရင်းစွဲလဲရှိ ရိုသေရင်းစွဲလည်းရှိသဖြင့်သာ ဘာမှမဖြစ်ဖြင့် ပြီးပြေရ၏။

အမှုကား မြို့နယ်၌မစစ်မီ တိုင်းရုံးမှတဆင့် မြို့နယ်ပြောင်းစစ်ပေးရန်တက်၏။ အဘယ့်ကြောင့်ဆိုသော် ပြီးခဲ့သော ရာဇဝင်နောက်ကြောင်းများကို ထောက်လျက်က ဤအမှု ဤမြို့နယ်မှစစ်သော် နောက်ကွယ်မှပယောဂ ကင်းရှင်းမည်မဟုတ်သောကြောင့် ဟူ၍လျှောက်၏။

ထို နောက်ကွယ်မှပယောဂ ကင်းမည်မဟုတ်၍ ဆိုသောစကားကိုကောက်၍သတင်းထောက်များက သတင်းစာများကနေ ရေးချေတော့၏။ ရဲနှင့်သတင်းထောက် အပေါက်မတည့် အရေးကလည်း ပါသေး၏။ မြို့နယ်ကောင်စီပါတီသည်ရှေ့နေဦးစိန်ဝင်းကိုဆင့်ခေါ်၍ ဖြေရှင်းခိုင်း၏။ သတင်းထောက်များကို နှုတ်ဖြင့် ဆင့်ခေါ်လေသောအခါ စာဖြင့်ဆင့်ခေါ်ပါ၊ လာပါမည်ဆိုသဖြင့် မခေါ်ဝံ့တော့ပြီ။

တိုင်းတရားရုံးသို့လည်း ငါတို့မြို့နယ်မှတက်သွားသော တိုင်းကောင်စီအမှုဆောင်မှတဆင့် အခြားမြို့နယ် ပြောင်းမပေးပါနှင့်၊ ၎င်းတို့မြို့နယ်သိက္ခာကျမည်ဖြစ်သောကြောင့်ဟူ၍ အကြောင်းပြသဖြင့် အခြားမြို့နယ်ပြောင်းခွင့်ကား မရခဲ့လေ။

သည်အထဲ အိမ်တွင်းရေးကလည်း အဆင်မပြေဖြစ်လာပြီ။

အမှုတစ်ခုဖြစ်ပေါ်လာပြီဆိုလျှင် ငွေတံတားခင်း နင်းရသည်မှာ ဓမ္မတာပင်ဖြစ်ချေ၏။ ယခုလည်း ငွေကုန်လှချေ၏။ အခိုးခံရသဖြင့် ပါသွားသည်ကား သုံးထောင်ဖိုးလောက်မျှသာ။ ခိုးမှုပေါ်အောင် လိုက်ရသဖြင့် ထပ်မံကုန်ကျရသည်ကား ထိုသုံးထောင်ထက်ပင် ကျော်လွန်သွားခဲ့ပြီ။ သူခိုးကား-သူခိုးမျှဆို တော်သေး။ ရဲသူခိုးဖြစ်နေပြန်သဖြင့် အခြေအနေကား ပိုဆိုးချေသည်။

ထိုအမှုဖြစ်စကပင်-

"အမှုမဖြစ်ချင်ပါနှင့်။ အမှုပေါ်လည်း တန်ဘိုးစား ပြန်လည်ရမည်ကားမဟုတ်။ ငွေကုန်လူပန်းသာ ဖြစ်ပါလိမ့်မည်။" ဟူ၍ ငါတို့ကပြော၏။ ဇနီးသည်ကား မရလေ။

မဟာဗမ္မပါလ



"ငွေဘယ်လောက်ကုန်ကုန် လိုက်ပေးပါ။ ကုန်သမျှ ရွှေပေါင်ပေးဆို ပေါင်ပေးပါမည်" အထိ သွေးဆူလူရှက် စီးပွားပျက်တုန်းကပြောခဲ့သလောက် ယခုသော်ကား ငွေကုန်များသည် ဆိုကာ တစ်သုန်သုန် တစ်မှုံမှုံဖြစ်လာ၏။

တိုင်းရုံး၌ပင် တစ်နှစ်ကျော်ကြာ ရုံးတက်ခဲ့ရ၏။ နှစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ်နှုန်းအထိ ရက်ချိန်းချည်း အပေးခံရနေရ၏။ ထိုရက်ချိန်းပေးတို့အတိုင်း သွားရောက်ခဲ့ရသမျှ ရွှေနေ လက်ဖက်ရည်တိုက်ရ၊ စပ်မိစပ်ရာ လက်ဖက်ရည်တိုက်ရတို့ဖြင့် ချည်းဖြစ်၏။

ရွှေနေငှားစဉ်က စရိတ်ငြိမ်းဆိုသဖြင့် ရွှေနေခသက်သက်ဟဲ့ ဆိုပြီး ငှားမိချေရာ စရိတ်ငြိမ်းဆိုသည်မှာ- သူ့ဘက်ကသာဖြစ်နေချေတော့၏။ ၎င်း၏စားချိန် ထမင်းကျွေးရခြင်း၊ ၎င်းကိုယ်ပိုင်ကား ဓါတ်ဆီထည့်ပေးရခြင်း သို့မဟုတ် အမှုတစ်ခါချိန်း ရက်တွက်အဖြစ် တစ်ဆယ်ပေးရခြင်းတို့ဖြင့် စုံလင်လှချေ၏။

ရဲလက်ဖက်ရည်တိုက်၊ သတင်းထောက်လက်ဖက်ရည်တိုက်တို့ဖြင့်လည်း အတိုက်စုံဖြစ်လာ၏။ သည်ကြား အမှုပွဲစားကရှိသေး၏။ တိုင်းရုံး၌အနိုင်ရလိုလျှင် ပဲဆီ(၁)ပုံး၊ ငါးရံ့ခြောက်(၁)ပိဿာပေးပါ။ ၎င်းဆက်ပေးပါမည် ဆိုသဖြင့် ရန်ကင်းနေနတ်ကလေး ခေါ် ဦးကံသာအား သွားရောက်ပို့ပေးရသေး၏။ ပို့ပေးလျက်ကပင် ရှုံးခဲ့ရ၏။ ရှုံးလျက်ကပင် ထပ်မံ၍ငွေတောင်းလေသောအခါ ငါတို့ဇနီးမောင်နှံ ရန်ပွဲဆင်ရချေတော့၏။

ဦးကံသာကား နံနက်ကပင် ဆိုင်သို့ လာတောင်းပြီးဆို၏။ ဇနီးသည်ထံမှ မရလေသောအခါ ငါတို့ တရားရင်ဆိုင်နေရာ မြို့တွင်းသို့လိုက်လံကာ ငါတို့အား တောင်းပြန်၏။ ငါတို့၌လည်း ပေးစရာငွေမရှိ၊ ပေးလည်းမပေးလို။

မတွေ့မီက တိုင်းတရားသူကြီးဥက္ကဋ္ဌ (ထိုစဉ်က-ဦးအုံးမောင်-ဗိုလ်မှူးဟောင်း) နှင့် ရင်းနှီးပါသည် ဟူ၍ဆို၏။ တိုင်းတရားရုံးသို့ ရောက်သောအခါ "ဥက္ကဋ္ဌက ဘယ်ဟာလဲ" မေးသဖြင့် 'ဟင်း-ငါတို့တော့အညာမိပြီ' ဟူ၍ သုံးသပ်ခဲ့ဖူးပြီး ဖြစ်သောကြောင့် ဆိုပုံးကား-ဆုံးပီဟူ၍ အမိပ္ပါယ်ပေါက်စေတော့၏။

တစ်ဖန် မြို့တွင်းမှသည် ငါတို့နှင့်အတူ သက်န်းကျွန်းဈေးကြီးသို့ လိုက်ပါလာပြီးတောင်းပြန်၏။ ဇနီးသည်အား တိုးတိုးပင် 'အလိမ္မာသုံး၍ပြောလွှတ်လိုက်'ဟူ၍သင်ပေးလိုက်၏။ တစ်ဖန် ဇနီးသည်ထံမှ တောင်းမရလေသောအခါ ငါတို့ကို လက်ဖက်ရည်ဆိုင်သို့ခေါ် သွားကာ အပူကပ်ပြန်၏။ ငါတို့ကလည်း အမှုဆုံး၍တိုင်းရုံးမှအနိုင်ရလာလျှင် သည်မျှမက ပေးပါမည်ဟူ၍ ကတိခံလိုက်၏။ သည်လိုဆိုလမ်းစရိတ် (၅)ကျပ်ပေးပါတောင်းသဖြင့် ဇနီးသည်ထံ ပြန်၍တောင်းခံလေရာ ဈေးလည်ခေါင် လူကြားထဲ ကက်ကက်လန် ရန်တွေ့ခံရပါချေတော့၏။ ရှက်လိုက်သည့်ဖြစ်ခြင်း။

ထိုရန်ပွဲကားမပြီးသေး။ အိမ်သို့ရောက်သောကာလ တစ်စခန်းထပါချေတော့၏။

"ရှင့်အလိုချည်း တစ်သက်လုံးလိုက်ခဲ့တာ စိတ်ဆင်းရဲမှုသာ အဖတ်တင်ခဲ့သည်။ သို့ကြောင့် ယနေ့ကစ၍ ရှိပစ္စည်း သရက်စေ့ထက်ခြမ်းခွဲ-ခွဲမည်" ဟူ၍အရေးဆိုချေတော့၏။

ငါတို့ကလည်း "အေး- မင်းစကား မင်းမှတ်ထားပေရော့။ ငါခွဲသောအခါ မင်းဆိုသလို ထက်ဝက်မခွဲ။ ငါ-အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပဲ ထွက်ပါမည်" ဟူ၍ဆိုခဲ့၏။ ထိုနေ့ကိုလည်း မှတ်သားမိလောက်အောင် အိမ်၏နေရာတိုင်း၌ ၂၁. ၁၁. ၇၄ ဟူ၍ မြေဖြူဖြင့် ရေးသားထားမိ၏။

- ယခင်က-ရှုံးပြင်ကန္တာရဟူသည် ကိုယ်ဆတ် ဆော့မှသာ ရောက်သည်ထင်ခဲ့မိ၏။
- ယခင်က ပြစ်မှုဆိုသည်မှာ ကိုယ်ကျူးလွန်မှ ဖြစ်တတ်၏ဟု အထင်ရောက်ခဲ့မိ၏။

မဟာဓမ္မပါလ



ယခုသော်ကား-ကားသည်ကိုယ့်လမ်းကိုယ် လမ်းမှန်မောင်းနှင်နေသော်လည်း တစ်ဖက်က မဆင်မခြင်မောင်းနှင်ရာမှ ကားတိုက်မှုဖြစ်လာရ သည့်ပမာ အမှုဆိုသည်မှာလည်း ကိုယ်ကမတွေး သော်မှ သူပေးလျှင်ရတက်ကြောင်း ကောင်းကောင်း ကြီး သဘောပေါက်လာတော့၏။

တစ်ဖန် အမှုတစ်ခု လက်ရောက်လာသော် ထိုအမှုနှင့် မကင်းရာမကင်းကြောင်းသော သောင်း ပြောင်းထွေလာ ဝေဒနာများလည်း ကွင်းဆက်အဖြစ် ဆက်တိုက် ပေါ်လာတတ်သေးသည်ကိုလည်း ရိပ်မိ လာ၏။ အမှုဖြစ်သဖြင့် ကုန်ခမ်းခဲ့ရသောငွေတို့ကို ပြန်လည်တွေးလျက်ကလည်း နှမြောတသဖြစ်လာ ၏။ တိုက်တစ်လုံး, ကားတစ်စီးဟူသော ရည်မှန်း ချက်ဖြင့် မစားရက်မသောက်ရက် ချွေတာခဲ့သမျှ သည် အကုသိုလ်ကံဆိုက်၊ ကုသိုလ်ကံမလိုက်သော် 'ငါ့လုပ်စာ ငါမစားရပါတကား' ဟူသော သတိ သံဝေဂက နှိုးဆော်လာ၏။

ထိုအတွေးကား နောင်သောအခါ အရေး ပေါ်လာမည်ဖြစ်၏။ ရဲတို့ကပေးလိုက်သော သင်ခန်းစာဖြစ်သဖြင့် ရဲတို့အားကျေးဇူးတင်လာ၏။ အမှုပေါ်လျက်က မဖေါ်သော ရဲအရာရှိများကိုလည်း ကျေးဇူးတင်လာ၏။

## မကောင်းတိုက်သည် ကောင်းစရိုက်ပေါ်ပေးခြင်းတစ်မျိုးသာ

တိုင်းတရားရုံးက သက်န်းကျွန်းမြို့နယ်တရား ရုံးသို့ ပြန်ချပေးလိုက်သဖြင့် အမှုဆိုင်ကြရပြီ။ ရုံး မရောက်ဖူးသဖြင့် ကြောက်ဒူးတုန်မိ၏။ တရားသူကြီး များနှင့် တစ်ဖက်ရှေ့နေများ၏ အမေးတို့ကိုခံရ တော့မည်ဖြစ်သဖြင့် ရင်ခုန်မိ၏။ အချိန်ရှိသ၍ အမှုအကြောင်းကိုသာ တွေးနေမိ၏။

ထိုစဉ် တစ်ညနေ၏(၅)နာရီခန့်တွင် တစ်ဦး တည်း ဘုရားခန်းရှိ ကုလားထိုင်ပေါ်ထိုင်၍ အမှု စဉ်းစားနေစဉ် ငါတို့၏ခြေရင်း နှစ်ကိုက်ခန့်မျှအကွာ တွင် လူကြီးတစ်ဦး တင်ပလ္လင်ခွေလျက်က ထိုင်နေ သည်ကို သေချာတပ်အပ် မြင်တွေ့နေရ၏။ မျက်စိ မှိတ်ကြည့်-ဖွင့်ကြည့် အတိုင်းသားပင်ရှိ၏။ ငါတို့ ဘက် ကိုယ်စောင်းထားထိုင်၏။ မျက်နှာမှာညိုပြီး မေးရိုးကား၏။ တင်ပလ္လင်ခွေနေည်းကား ညာဒူးထက် ဘယ်ဒူးထပ်လျက်ကဖြစ်၏။ မျက်နှာအနေအထား ကား အနည်းငယ် ငါတို့ဘက်သာရှိပြီး မိုက်ကြည့် ဆန်ဆန် ခပ်ထန်ထန် အမူရာဖြစ်၏။ ဆောင့်ကြွား ကြွားနိုင်လှ၏။ အကျီမှာအဖြူရောင် ကော်လံမပါ။ ပုဆိုးကား အဖြူနှင့်အပြာနှစ်မျိုး ကန့်လန့် ပတ်လည် သာဖြစ်၏။ အဖြူတစ်ရစ်အပြာတစ်ရစ် ပတ်လည် လှည့် အဆင်မျိုးဖြစ်၏။

စိတ်ဝင်တစ်စား ကြည့်ကောင်းကောင်းနှင့် တစ်နာရီ ကြာမျှ ကြည့်နေမိ၏။ ၎င်း၏ဆံပင်ကား ကတုံးဆံထောက်ဖြစ်ပြီး ဆံပင်အထက်မှ အလင်း ရောင် အရိပ်ထပ်ကိုပါ မြင်တွေ့နေရ၏။ ဇနီးသည် ရောက်ခါနီးကျမှ မှုံပျောက်,ပျောက်ဆုံးသွားချေတော့ ၏။ ငါစိတ်စွဲ၍ထင်၏ဟုဖြင့်သာ ခပ်ပေါ့ပေါ့နှင့် ပြီးပျောက်ရ၏။

မကြာလေ ငါတို့၏ခြေရင်းရှိအိမ်၌ ပိတ်ဖြူ စင်ကြယ်ဝတ် ဘိုးတေဇ(လူအမည်ဦးထွန်းရင်) ဆိုသူ ရောက်လာ၏။ ရောက်စကပင် ငါတို့ကို ကြည့် လျက်က သည်ပုဂ္ဂိုလ် တစ်မျိုးလေးပဲဆိုကာ ငါတို့ လှုပ်ရှားမှုကို အကဲခတ်နေချေ၏။

တစ်နေ့ ဇနီးသည်ထိုအိမ်ရောက်သွားသော အခါ အမှုနိုင်လိုချင် သူတာဝန်ယူသည်ဟူသော စကား နားထဲတည့်သွင်းပေးလိုက်၏။ ဇနီးသည်ကလည်း ရောက်မဆိုက်ဖောက်သည်ချ၏။ ငါတို့ကလည်း အမှုနိုင်ပြီးရော ဘာလုပ်ရလုပ်ရဟူ၍ ဆုံးဖြတ် လိုက်၏။

မဟာဓမ္မပါလ



နောက်ရက်များတွင် ၄င်းထံငါတို့သွားတွေ့၏

"ခင်ဗျားအကြောင်း ခင်ဗျားသိချင်လျှင် (၄၅)ရက်လောက် နဝင်္ဂသီလဥပုသ်နှင့် အဓိဋ္ဌာန်ဝင်ကြည့်ပါ" ဟူ၍မဆီမဆိုင်ဆိုလာ၏။

သွားစဉ်တုန်း က အမှုအတွက်။ ယခုသော် ထိုအမှုမှာသူတစ်ပါးအမှုကားမဟုတ် ငါတို့အမှုသာ ဖြစ်နေချေတော့၏။

"အမှုတန်းလန်းကြီးနဲ့ဗျာ့-ဦးလေးရ" ဟူ၍ ငါတို့ကအရေးဆို၏။

"အို- အမှုက သူ့ဟာနှင့်သူ ပြီးသွားမှာ၊ ခင်ဗျားပူစရာမရှိပါဘူး" ဟူ၍ ဆိုပြန်၏။

အဆိုးကြုံက်သဖြင့် အကောင်းမှထွက်ခွာလာခဲ့သော ငါတို့ကို အကောင်းယူပါဆိုသဖြင့် ခပ်အင်အင်သာဖြစ်နေတော့၏။ သူကား မလျှော့တမ်းတိုက်တွန်းနေပြန်၏။ ထိုအခါ အဆိုးကြုံက်ရာမှ အဆိုးတိုက်အတိုက်ခံထားရသဖြင့် ဘဝနာနေသော ငါတို့ကား စိတ်မှကား ဝင်စားလာ၏။ ကိုယ်တွေ့ကား စိတ်မပါသေး။ သို့ကြောင့်-

"အိပ်ရာဝင်ခါနီးကျမှ ဥပုသ်ယူလျှင်ကော" ဈေးဆစ်ကြည့်၏။

"ရတယ်- ရတယ်၊ လုပ်မှာသာလုပ်" ဟူ၍ သာသာထိုးထိုး အခွင့်အရေးပေးတော့၏။

ဤနည်းဖြင့် စိတ်မပါသော်လည်း အမှုနိုင်လိုဇောဖြင့် (၄၅)ရက်၊ နဝင်္ဂသီလ၊ အိပ်ရာဝင်ကာနီးမှသာ၊ အဓိဋ္ဌာန် ထိုလေးမျိုးတို့ကို ကြိုးစားရန် တာစူရချေတော့၏။ ထိုတာစူခြင်းကား အဆိုးကြားမှ အကောင်းဖွားရန် ကိုယ်ဝန်ဆောင်ခြင်းတစ်မျိုးတည်း။

## ထူးပေဆန်းပေသည် အရူးတွေပမ်းနေပြီ

အလုပ်စတင်လိုက်ပြီ။

အင်း-အရက်သမားဘဝက ပုတီးထစိပ်ရမည်မှာကား ခပ်ရှက်ရှက်။

သို့ကြောင့် လူကွယ်တိတ်ဆိတ် ညမီးမှိတ်လေသောအခါ ဘုရားရှေ့ တိတ်တိတ်သွားပြီး သီလကိုလည်း ငါနှင့်ဘုရား နှစ်ကိုယ်ကြားအဖြစ်တိုးတိုးသာယူရချေ၏။ ပုတီးကိုလည်း ဘိုးတော်ဇအကြံပေးသောအတိုင်း အရဟံဂုဏ်တော်ပုတီးပတ်(၄၅)ဖြစ်၏။ ထိုသီလယူပြီးကတည်းက ရေနွေးကြမ်းနှင့်ဆေးလိပ်ကိုမျှပင် မသောက်တော့ပြီ။ ပုတီးစိပ်ပြီဆိုကတည်းက တုတ်တုတ်မျှမလှုပ်ချေပြီ။

ကိုက်လိုက်သည့်ခြင်တွေ-တစ်ကိုယ်လုံး မဲမဲလှုပ်မျှထင်ရ၏။ ဉာဏ်မျက်စိထဲ၌ ပျားအုံကြီးတစ်အုံ၌ ပျားကောင်တို့ ဝိုင်းအုံနေသည့်တမျှတွေ့မြင်ရ၏။

-ကိုက်ဟ-နင်တို့ကိုက် (၄၅)ပတ်ပေါ့ ။

-ကိုက်ဟ-နင်တို့ကိုက် (၄၅)ရက်ပေါ့။

စိတ် ကအားတင်းခံ၏။ ၄င်းတို့ကား မပျံလေ။ ပြီးသဖြင့် မျက်စိဖွင့်ကြည့်သော အခါတိုင်းလည်း တစ်ကောင်မျှမတွေ့ တစ်ယားမျှလည်းမပေါ်။

အိမ်တွင်းဝယ် တစ်ပတ်မျှသာ ကြာခဲ့၏။ နောက်သော် အိမ်တွင်း၌ အဓိဋ္ဌာန်ဝင်ရသည်ကို အားမရဖြစ်လာ၏။ ငါ့စိတ် တစ်ဆင့်တိုးမြင့်လိုစိတ်က အားကောင်းလာ၏။ သို့ဖြင့် ငါတို့အိမ်နှင့် မနီးမဝေး၌ တည်ရှိသော ဆယ့်တစ်တောင်ပြည့်ဘုရားသို့ ဆယ့်တစ်တောင်ပြည့်-ဆယ့်တစ်နာရီ-ဆယ့်တစ်ရက် ဟူသောအဓိဋ္ဌာန်သို့ တိုးတက်လာကာ အိမ်မှထွက်ခဲ့တော့၏။

အော်လိုက်ကြသည့် အိမ်မြှောင်တွေ။

မဟာဓမ္မပါလ



ပထမ စတင်ရောက်သောရက်ညသည် ၁၃၃၆-ခုနှစ်၊ ပြာသိုလဆန်း(၁၂)ရက်၊ ကြာသပတေးနေ့ ဟူ၍ မှတ်သားမိ၏။ ထိုနေ့, ထိုအချိန်က ပြည်ထောင်စုနေ့နှင့် တိုက်ဆိုင်နေသဖြင့် ကျိုက္ကဆံကွင်းဆီက ပွဲခင်းသံများကလည်းတစ်ညံညံကို နာခံမှတ်သားထားမိ၏။

ထိုရောက်သည့်ည၏ ရောက်စအချိန်ပိုင်းအတွင်း အိမ်မြှောင်တို့၏ စုပ်ထိုးသံကား တစ်ပြိုင်နက်တည်းပင်။ တိတ်ဆိတ်လှသော ထိုဘုရားပတ်ဝန်းကျင်ကို တောလုံးညံ ပဲ့တင်ထပ်မျှ ထိုးကြလေကုန်ရာ နားကွဲမတက်လည်း ခံစားရ၏။ ခေါင်းနားပန်းကြီးသွားချေတော့၏။ ကျောချမ်းလျက်သာရှိ၏။ တစ်ယောက်တည်း ကြောက်စိတ်ဝင်လာ၏။ သေချင်သေ ဖြစ်ချင်ရာဖြစ် ဟူသော မြှောက်စိတ်က ထပ်ပိုး, ပိုးထားပြန်၏။

ဘိုးတေဇ မှာထားသော စကားတစ်ခွန်းရှိချေ၏။ အဓိဋ္ဌာန်ဝင်ပြီဆိုသည်နှင့် ဘုရားအာရုံပြုပါ။ ပြီးမှ မိမိတွေ့လို, မြင်လိုသော ပုဂ္ဂိုလ်ကြီးများကို အာရုံပြု၍ အားထုတ်ပါလေ ဟူ၏။

ထိုစကားအတိုင်း သီလခံယူပြီးစီးသဖြင့် ခန္ဓာကိုယ်ကို နေသားတကျထားပြီးကာ မျက်စိမှိတ်လျက်က မည်သည့်ဂုဏ်တော်, ပုတီးပတ်မည်၍ မည်မျှ ဘုရားတပည့်တော် ဤအချိန်မှစ ပွားပါမည်ဘုရား၊ အဓိဋ္ဌာန်တင်လိုက်၏။ ပြီးသော် ဘုရားရှင်၏ ပုံတော်ကို ဦးစွာအာရုံယူ၍ မိမိဦးထိပ်ပြင်ပလ္လင်အဖြစ်ဖြင့် ဆက်ကပ်လှူဒါန်းကာ ပင့်လိုက်၏။ ပေါ်လာသည်မှာကား-မဟာမြတ်မုနိ။

တဖန် ငါ့အား မည်သည့်ပုဂ္ဂိုလ်ကြီးများစောင့်ကြပ်နေဘိသနည်း။ အာရုံယူကြည့်မိ၏။

လား. . လား ဘုရား၏ ရာဟုထောင့်မှ တစ်ဦး၊ သောကြာအရပ်မှတစ်ဦး။ ၎င်းတို့မှာ ဘိုးတော်အောင်မင်းခေါင်ကြီးနှင့် ဘိုးဘိုးအောင်တို့တည်း။ သို့တစေလည်း ငါတို့ကား 'အိုး-သည်ပုံမျိုးတွေ ဘုရားစောင်းတန်းတွေမှာ မှန်ကားကြီးတွေနှင့် ရောင်းချဖို့ ချိပ်ဆွဲပြထားကြသည်မှာ တစ်ပုံတစ်ခေါင်းကြီး။ ဒါ- စိတ်စွဲ၍ပေါ်လာသည့်အစွဲရုပ်တွေပေကပဲ' ဤသို့မှတ်ချက်ချ၏။ စိတ်မဝင်စား။ ၎င်းတို့ကလည်း ညတိုင်းလျှင် ထိုဘုရား၌ အဓိဋ္ဌာန်ဝင်တိုင်း မြင်နေကျ။

ဘိုးတော်အောင်မင်းခေါင်ကြီးကား ဘုရား၏ ရာဟုထောင့်မှာအမြဲ။ ဘိုးဘိုးအောင်ကား ရံတစ်ခါ သောကြာမှာထိုင်လျက်က၊ ရံတစ်ခါ တနင်္ဂနွေမှရပ်လျက်က။ ပုံကားထဲက ရုပ်သွင်နှင့် တစ်ခြားစီသာ။ ကိုယ်လုံးကိုယ်ထည်နှင့် အရပ်ကလည်း ပန်ရလှ၏။ အရွယ်နှင့်ရုပ်ကလည်း ပန်ရလှ၏။ အသားအရေများနှင့်မျက်နှာထားကလည်း ပန်ရလှ၏။ အသားက ရွှေအဆင်းသို့ဝါ၏။ မျက်နှာသွင်မှာ ပြားသယောင်ရှိပြီး ဣန္ဒြေဖြင့်တင့်တယ်၏။ ပိတ်ဖြူဝတ်ထားသည်မှာကား ရွှေကိုထုပ်ထားသော ပုဝါစလေးနှင့်တူ၏။ ဝတ်ပုံမှာ တောင်ရှည်ဝတ်နည်းဖြစ်၏။ အပေါ်ရုံ ခေါ် ဝတ်ရုံတော်လည်း ပါ၏။ ပုဝါရှည်လည်း နှစ်သွယ်ချထားသေး၏။ မင်းသားဖြစ်သဖြင့် မင်းသားနှင့်တူသည်ဆိုက မမှားတန်ရာပြီ။ မင်းသားဖြစ်သဖြင့် ရာဇဣန္ဒြေမျိုး ဆိုလျှင်လည်း မှန်သည်ဟုပင် ဖြေရပေလိမ့်မည်။

ဤသို့ နေ့စဉ်မပြတ် ၎င်းတို့နှစ်ဦးနှင့်ချည်းသာ အထပ်ထပ်တွေ့နေလေရာမှ တစ်နေ့ ငါ၏ မလှမ်းမကမ်း၌ ရဟန်းတော်တစ်ပါး၊ ခပ်လှမ်းလှမ်း၌ ရဟန်းတော်တစ်ပါး ထပ်ဆောင်းတွေ့ရပြန်ပါ၏။ ၎င်းတို့ နှစ်ဦးမှာကား ရာဟု၊ သောကြာတို့မှနေမြဲ။

ဆယ့်တစ်တောင်ပြည့်ဘုရားကား မဟာရာမ်တံတိုင်းခတ်ထား၏။ ညဏ်တော်ငယ်သည့်အလိုက် တံတိုင်းကလည်း လူတစ်ယောက်သွားသာရုံ မျှသာရှိသဖြင့် ကျဉ်းမြောင်း၏။

ထိုဘုရားသို့ရောက်လေတိုင်း ငါတို့ကား အင်္ဂါသား၏ အင်္ဂါစွဲကြီးလေသူပီပီ တံတိုင်းအတွင်း

မဟာဗောဓိ



အင်္ဂါထောင့်မှာပင် ထိုင်ကာ အဓိဋ္ဌာန်ဝင်လေ့ရှိရာ တနင်္လာအရပ်မှလာရောက်ထိုင်လေသော ရဟန်းတော်နှင့် ငါတို့တည်နေရာကား (၄)ပေထက် ခရီးကွာဝေးမည်မဟုတ်ချေ။ ထိုရဟန်းတော်၏သင်္ကန်းမှာ ရှမ်းသွေးဆန်၏။ နှုတ်ခမ်းလေးများ နီရဲပြီး အောက်နှုတ်ခမ်းကား တွဲတွဲလေးပင်။ သင်္ကန်းတော်ကား လိမ္မော်ရောင်အရင့်။ လက်ဝယ်ကိုင်ထားသော ပုဝါဖြူလေးကား အရင်းကအတွင်း အစွန်းအချွန်လေးကား အပြင်ထုတ်လျက်က။ ဣန္ဒြေတော်ကား တည်ကြည်လေးနက်လှ၏။

ကျန်ရဟန်းတော်ကြီးကား ဆံပင်များ ဖြူရော်နေကာ အသက်အားဖြင့်(၆၀)ခန့်။ ဝတ်ထားသော သင်္ကန်းကလည်း ခပ်ဝါဝါ ခပ်ညံ့ညံ့အဟောင်း။ ဝတ်ပုံကလည်း ကပိုကရို။ ထိုင်ပြန်တော့ ဘုရား၏ ပလ္လင်ထက်တက်၍ တနင်္ဂနွေထောင့်၏ တနင်္လာအရပ်ဖက်မှ အရံစေတီလေးနှင့်ယှဉ်ကာ ကျောက်ဆင်းတုတစ်ဆူတင်ထားသလို။ ငါ့စိတ်က-'အင်း. . သူများထက်ထူးပြီး ဘာမို့လို့လဲ' ဖြင့်။

ယနေ့ တော်တော့်ရှေ့၏ တော်တော့်ကို စိတ်ဝင်စားနေချေသည်။ မျက်စိဖွင့်ကာငဲ့ကြည့်-အရှိ။ မျက်စိမှိတ်၍လှမ်းကြည့်-တန်းမိနေသည်သာ။ တစ်နာရီမျှ အဓိဋ္ဌာန်ဝင်ကိစ္စပြီးစီးသော်မှ ထိုမြင်ကွင်းကားမပျောက်။

ခါတိုင်း၏ ပြုကျင့်နေကျဝတ်မှာ အဝင်တွင် သမ္ဗုဒ္ဓေဂါထာဖြင့် လက်ဝဲရစ် (၃)ပတ်, ပတ်ပြီးမှ အဓိဋ္ဌာန်ဝင်လေ့ရှိပြီး၊ အထွက်တွင်ကား မေတ္တာပွားလျက်ကလက်ျာရစ်(၃)ပတ်,ပတ်ပြီးမှသာပြန်လေ့ရှိရာ- ယနေ့အထွက်ခက်နေပြီ။ အရှုံးဖမ်းနေပြီလားမသိ ။

- ရာဟုဒေါင့်၏ တံတိုင်းတွင်းမှလည်း ဘိုးတော်အောင်မင်းကြီးက ငုတ်တုတ်။
- သောကြာအရပ်၏ တံတိုင်းအတွင်းမှလည်း ဘိုးဘိုးအောင်ကလည်း ငုတ်တုတ်။
- တနင်္ဂနွေဒေါင့်၏ တံတိုင်းအတွင်းမှာလည်း ကိုယ်တော်ကြီးကလည်း အထိုင်မပျက်။
- တနင်္လာအရပ်၏ တံတိုင်းအတွင်းမှလည်း အသက်(၅၀)ခန့်ကလည်း ထိုင်လျက်။

ထိုင်ရာမှထလိုက်၏။ သဗ္ဗေသတ္တာ တိုးတိုးသာသာ ပွားလျက်က ဗုဒ္ဓဟူး-စနေ-ကြာသပတေးအရပ်သို့အထိပတ်မိ၏။ ရှေ့၌ငုတ်တုတ်ကား မလှုပ်မယှက်ကြောင့် ရှေ့သို့မဆက်နိုင်။

ပျောက်လိမ့်နိုးနိုးဖြင့် နာရီဝက်မျှတိုးစောင့်၊ စောင့်သူငါသည်သာ ညောင်းလာ၏။ ငုတ်တုတ်များကား အလုပ်မရပ်ကြပြီ။ အရှုံးစိတ်ကူး အထူးကြားလမ်းသလားနေချေပြီ။

ကြာသော် အချိန်လင့်မည်ကို စိုးသဖြင့် နီးရာအပေါက်မှသာ ထွက်လာခဲ့ရတော့၏။ ထိုညတစ်ညလုံးလုံး ထိုမြင်ကွင်းက ငါ့စိတ်ကိုဖမ်းယူထားသဖြင့် အိပ်၍မှမပျော်ချေပြီ။

နံက်လင်းလင်းချင်း ခြေရင်းအိမ်မှ ဘိုးတေဇထံ အပြေးလေးသွားကာ မြင်တွေ့ခဲ့ရသောမြင်ကွင်းပါ ပုံစံတို့အတိုင်း ခရေစေ့တွင်းချ အလုံးစုံ အကုန်ပြောပြပြီး "အဲ့ဒါတွေက ဘယ်သူတွေလဲ ဦးလေးရဲ့" မေးကြည့်ရာ ထိုဘိုးတေဇကား ပြုံးပြုံးကြီးလုပ်လျက်က-

"ခင်ဗျားဖာသာခင်ဗျား မေးကြည့်ပေါ့ဗျ။ ကျုပ်လာ ဘာလုပ်မေးရသလဲ" ပြော၏။ မေး၍ကား လုံးလုံးအဖြေမရပြီ။ စိတ်ဝင်စားခြင်း၊ အားမလိုအားမရဖြစ်လာခြင်းများကား လေတစ်လှိုက်, မီးတစ်လှိုက် ပမာသာတည်း။

-ဘုန်းကြီး၏အစာသည် ပရိယတ္တိသာတည်း။

-ပရိယတ္တိအစာသည်ကား ဘုန်းကြီး၏အစားအစာသာတည်း။

ရဟန်းဘဝဖြင့် ပရိယတ္တိတစ်ဖက်မျှ သင်ခြေရလာသောငါသည် ဘုရားမှတစ်ပါး ဘာကိုမျှ

မဟာဓမ္မပါလ



လည်းအားမကိုးတတ်၊ ရတနာသုံးရပ်မှတစ်ပါးလည်း ဘာကိုမျှအလေးမမှတ်တတ်။ ထိုသုံးဂုဏ် မိမိခန္ဓာစုံ ပုံအပ်ထားသည်မှ အခြားဘာကိုမျှလည်း မယုံကြည်တတ်။

ယခင်စာသင်သား ဘဝ ပုသိမ်နေစဉ်တုန်းက ဒေသန္တရပဟုသုတ ရစိမ့်သောငှာ မြောင်းမြ-ငှင်းမှလပွတ္တာ-ငှင်းမှသက္ကယ်သောင်၊ အုန်းချောင်း-ထိုမှတစ်ဆင့် ဘုန်းတော်ပြည့်-ဒီဒူးကုန်းအထိ ရောက်ဖူး၏။ ထို ဘုန်းတော်ပြည့်-ဒီဒူးကုန်းတို့အကြား ပင်လယ်အနီး တောင်ထွဋ်ပေါ်၌ ထိုပုဂ္ဂိုလ်ကြီးများ တည်ထားသော စေတီကို တွေ့ရ၏။

တွေ့နေကျပုံမျိုး မဟုတ်သဖြင့်လည်းကောင်း၊ ဂိုဏ်းဘုရား, ဂိုဏ်းသားတို့၏ ဓါတ်ရိုက်ဓာတ်ဆင်ထားသည်ဟူ၍ သမုတ်စကားကြားဖူးသဖြင့်လည်းကောင်း ဦးတိုက်ရန်နေနေသာသာ မကျေမနပ်ရေရွတ်ခဲ့ဖူးချေ၏။

တစ်ဖန် ဒီဒူးကုန်းမှပြင်ခရိုင်၊ ငှင်းမှ မော်-တင်စွန်းသွားသောအခါ၌လည်း ထိုမော်တင်စွန်းရောက်ခါနီး ထိုဘုရားမျိုးတွေ့ရပြန်ချေ၏။

"လာပြန်ပလား- ဘုရားကိုဘုရားလို တည်တာလည်းမဟုတ် တော်စွာ့လျော်စွာ့ ဟာတွေ" ရေရွတ်မိပြန်ချေ၏။

သည့်အတူ ငါတို့ပုသိမ်၏ ငွေးဗိုလ်ကုန်းဘက်၌လည်း တပ်ဦးဘုရားအမည်ရှိထင်၏။ ထိုပုံမျိုး အင်္ဂတေကွန်ကရစ်တို့ဖြင့် အခိုင်အမာတွေ့ရ၏။ ငါတို့ကလည်း -ကမ္ပည်းတပ်မရပ်ခဲ့။ တွေ့လေတိုင်းလည်း ကမ္ပည်းကမ္ပါတ်ဖြင့်သာ ဘွဲ့တော်တပ်ခဲ့သည်ချည်းသာ။

ထိုကမ္ပည်းတပ်ဘုရားကား ယခု ငါ့အတွက် အမိဋ္ဌာန်ဝင်ရာဋ္ဌာန ဖြစ်နေပါပကောလား။ ထိုဂိုဏ်းဆရာကြီးများဆိုတာကကော ယခု ငါ့မျက်စိအောက် ရောက်နေပါပကောလား။ မျက်စိတစ်ဖက်မှိတ်ကြည့်- တစ်ဖက်သာမြင်ရ၏။ မျက်စိစုံ အကုန်ဖွင့်ကြည့်မှ အကုန်သိ, သိရမည်။

ဤစကားများသည် ထို၏နောက်မှဖြစ်ပေါ်လာသော အတွေးများပင်ဖြစ်ပါချေ၏။ ဘာဆိုဘာမျှမယုံသောဘုန်းကြီးလူထွက် ယနေ့ လက်တွေ့က ယုံစရာ ဖြစ်ပေါ်လာချေပြီ။

သူ့အမှု(ဖေါက်ထွင်းခိုးယူမှု) နိုင်လိုသဖြင့် မိရာကိုင်မိရာမှ ယခုကိုယ့်အမှု(ပါရမီဖြည့်ကျင့်ဆဲပုဂ္ဂိုလ်ထူးကြီးများအပေါ် မယုံမှု) ကား အရှုံးဘက်ယိုင်လာခဲ့ချေပြီ။

ဤသို့ဖြင့် နေ့-သူ့အမှုသွားဆိုင်၊ ညညကျကိုယ့်အမှုပြန်ဆိုင်၊ အမှုနှစ်မှုကိုင်ဘဝ ရောက်လာရချေတော့၏။ သူ့အမှုအတွက် ရက်ချိန်းသမ္မန်ပါအတိုင်း ပထမဆုံးသွားရောက်ရသောအလှည့်တွင် ဘိုးတေဇက ငှက်ပျောရွက်ညွန့်လိပ်ကလေး တစ်လိပ်ပေးလိုက်ကာ "ခင်ဗျားရုံးအသွား လမ်းတစ်ဝက်အရောက် ပစ်ချထားခဲ့" မှာကြားလိုက်၏။ ထိုမှာကြားသောအတိုင်းလျှင် ပြုကျင့်ခဲ့၏။

ရုံးဟူသောစကား အင်္ဂလိပ်၏ ရုံမ်-ဟူသောစကားမှ ဆင်းသက်လာဟန်မရှိ။ တရုန်းရုန်း သောမြန်မာမှုစကားမှ ဆင်းသက်လာဟန်သာ ရှိချေ၏။

- အမှုတစ်ခုပေါ်လာပြီ- တရားလို၊ တရားခံ၊ ရှေ့နေစသူတို့ တရုန်းရုန်းဝင်ထွက်သွားလာရာသည် ရုံး
- အမှုတစ်ခုပေါ်လာပြီ- တရားလိုကစွဲ တရားခံကအရုံးဖြင့် တရုန်းရုန်း ရုန်းထွက်ရာသည် ရုံး။

ဤသို့သာ သဘောပေါက်မိတော့၏။ တရားလို, တရားခံမှသည် ပရိတ်သတ်တို့ ပျားပန်းခတ်မျှ တွေ့ရ၏။

လောက၌ မစည်ကားအပ်သောဋ္ဌာန (၄)မျိုးရှိ၏။ ဆေးရုံ၊ ရုံး၊ ဂါတ်တဲ-အချုပ်ထောင်၊ သင်္ချိုင်းကုန်း ထိုလေးမျိုးတို့ဖြစ်ကြ၏။ ထိုမစည်ကား အပ်ရာ၌ စည်ကားနေခြင်းများသည် ကိုယ်ကျင့်ဖေါက်ပြန် စိတ်မူမမှန်ခြင်းများကြောင့်

မဟာဓမ္မပါလ



ချည်း ဖြစ်ကြချေ၏။

ယခု ငါရောက်နေသော အမှုဆိုင်တရားရုံးကား အထူးပင်စည်ကားလှချေ၏။ ပျော်စရာပင်ကောင်းသေးတော့။ ငါတို့နှင့်တရားခံသည်ကား ရှုန်းလည်းမရှုန်း ဆွဲလည်းမဆွဲခဲ့။ ရုံးရောက်၍ လူချင်းတွေ့ရသော် ငါ့တရားခံနှင့်ငါ အတူစကားပြောကြ၏။ တရားသူကြီးရှေ့မှောက် မရောက်မချင်း စကားလက်ဆုံကျလျက်သာရှိချေရာ ငါ့ရှေ့နေက-

"ခင်ဗျားဟာ တရားခံနှင့် တယ်ရင်းနှီးလှချေကလား" မေးယူရ၏။

ငါတို့ကလည်း "လူကလူပဲ အမှုကအမှုပဲဗျာ၊ ကျုပ်က အမှုကိုသာအရေးယူတာရယ် လူကိုတော့ အရေးမယူပါဘူးဗျာ" ဖြေမိ၏။

တရားခံစိုးမြင့်ကား အာမခံပေးမည့်သူ ရှိသဖြင့် အလွတ်ထုချေခွင့်ရ၏။ သို့ကြောင့်ငါတို့နှင့်အတူ စကားပြောခွင့်ရ၏။ တရာခံညိုဝင်းမှာကား အာမခံဝံ့သူ တစ်လေတစ်ယောက်မျှ မပေါ်လာသဖြင့် အချုပ်တွင်းမှသာ ထုချေခွင့်ရရှာရကား ငါတို့နှင့်စကားပြောခွင့်မရပြီ။ ထိုတရားခံဘက်မှ ရှေ့နေကြီးများကား ကြည့်မြင်တိုင်မှ ဦးထွန်းကြည်နှင့်ဦးစိန်လင်းတို့တည်း။

၄င်းတို့ကား ရက်ချိန်းတစ်ပတ်မျှသာ ပေါ်လာ၏။ နောက်သော် အမှုသွားအမှုလာ လေ့လာပြီး ဟန်ပုံမပေါ်ကြသဖြင့် မလာကြတော့ပြီ။ သို့နှင့် လက်သင်ရှေ့နေလေးတစ်ဦးဖြင့်သာ ၄င်းတို့ စခန်းသွားရရှာ၏။

တရားဆိုင်သောကာလ ဦးစွာ အမှုလိုက်ရဲ အရာရှိက စတင်ထွက်ဆိုရ၏။ ဦးဟန်ကြည်အစား နောက်ရောက်လာသော ဒုလုံမှူးဦးထွန်းသာက လာရောက်အစစ်ခံ၏။ တစ်ရက်ပြီး၏။

နောက်တစ်ပတ် ငါတို့အလှည့်။ 'ဘုရား- ဘုရား သူ့ရှေ့နေက ဘာများမေးမှာပါလိမ့်' တွေးပူ၏။ ငါ့ရှေ့နေကတော့ "ခင်ဗျားကို ကျုပ်သင်စရာမလို၊ ခင်ဗျားအလိုအတိုင်းထွက်" ဟူ၏။

'တရားသူကြီးများကကော ဘာတွေများပြန်လှန်မေးခွန်းတွေ ထုတ်ဦးမှာပါလိမ့်. . '

ငါတို့အစစ်ခံရပြီ။ ထွက်ဆိုချက်ပေးပြီ။ ၄င်းတို့၏ရှေ့နေ ထိုနေ့ကမလာ။

ငါတို့အစစ်ခံချက်မှတ်တမ်း ရေးပြီးပြီ။ မည်သည့်တရားသူကြီးကမျှ မမေး။

ဤသို့ဖြင့် ငါ၏ အမှု၏အရေး အတွေးဖြင့် မအေးသောရင်သည် အတုန်အခုန်ရပ်ခဲ့ရချေသည်။

နောက်တစ်ပတ် တရားခံများအလှည့်။ ငါတို့ရှေ့နေကစစ်ရသည်။

"မင်းတို့ရဲသားများမှာ လစာနှင့် အသုံးစရိတ်လုံလောက်ရဲ့လား"

"မလုံလောက်ပါ"

"မင်းတို့နေတဲ့ရဲစခန်းနှင့် သက်န်ကျွန်းဈေးကြီးကကော နီးမဟုတ်လား"

"နီးပါတယ်"

"မင်းတို့ကကော သက်န်းကျွန်းဈေးကြီးထဲ အဝင်အထွက်လုပ်ကြသေးလား"

"လုပ်ကြပါတယ်"

ထိုမေးခွန်းစစ်ချက် သုံးခွန်းတည်းဖြင့်ပင် ပြီးစီးခဲ့တော့၏။ ရှေ့ဆက်မမေးပြီ။ မေးစရာလည်း မလိုပြီ။ ငါတို့သည်ပင် ကြားမှနေ နားထောင်လျက်က ဟာကနဲဖြစ်သွားသေး၏။ ရဲလုပ်နေပြီး သည်လောက်ကြီး အ,ရသလားဟူ၍လည်း မကျေနပ် (သူ့ဘက်ကနေ) ဖြစ်မိသွား၏။

ထိုမှနောက် စီရင်ချက်ချခြင်း၊ ပုဒ်မတပ်ခြင်း၊ အပြစ်ဒဏ်ပေးခြင်းတို့၌ ငါတို့မသွားတော့ပြီ။ ဘယ်နေ့စီရင်ချက်ချမည် ဆိုသည်ကိုပင်မသိပြီ။ စီရင်ချက်ချသောနေ့ကား ငါတို့ ရွှေတိဂုံ၌ အဓိဋ္ဌာန်

မဟာဗောဓိပါလ



ဝင် (၉)ရက်အတွင်း၏တစ်ရက်မှာတည်း။

စီရင်ချက်ချသည်ကို သတင်းထောက် ဦးအုံးမောင်က ရွှေတိဂုံဘုရားသို့ လာရောက်ပြော သဖြင့်သာ သိရ၏။ ညိုဝင်းကား-လေးနှစ်၊ စိုးမြင့်ကား-နှစ်နှစ်၊ အလုပ်ကြမ်းနှင့်ဟူ၏။

စာရင်းချုပ်လိုက်သော် ငါတို့က ငွေ-ပစ္စည်းဆုံး၊ တရားခံတို့ကား လူညွန့်တုံး ဖြစ်ရ၏။ ငါတို့က ၎င်းတို့အပေါ် မစ္ဆေရစိတ်- ကိုယ်လိုကောင်းစားမည်၌ မနာလိုခြင်းတရား လွှမ်းမိုးစေပြီး၊ တရားခံတို့ဘက်က ဣဿာစိတ်- ကိုယ့်ထက်သာကို မနာလိုသဖြင့် ခိုးယူမိခြင်းသာ ကြီးထွားလာ၏။ နောက်ဆုံးကား အငတ်သည်အငတ်သာ အမြတ်ကား ထွက်မလာပြီတည်း။

## အမှုကြားမှ တရားနိုင်လေသူများ

ငါနှင့်ရဲသားများ၏ ခိုးမှုအကြား အနိုင်ရလေသူများမှာ ရှေ့နေများဖြစ်ကြ၏။ ထို့နောက်အမှုပွဲစား၊ ထို့နောက်မကင်းရာမကင်းကြောင်းများ။ ငါတို့ကား ဆင်သတ်အရပ်ဝေရသူတည်း။

တစ်ဖန် ကောင်စီခေတ်၏တက်ခါစ ရဲတို့နှင့်မသင့်မတင့် ကြောင်နှင့်ခွေးပမာစောင်နေကြရာမှ ငါတို့အမှုအကြောင်းပြု၍ တည့်သွားကြချေတော့၏။

ငါတို့အမှုဖြစ်စက မြို့နယ်ဥက္ကဋ္ဌဦးစောဦးက တစ်စခန်းထသေး၏။ အမှုတိုင်သောနေ့ ချက်ချင်းဈေးအတွင်းရှိ ဈေးစောင့်အားလုံးတို့ကို ဦးစွာဖမ်းရာ ထိုအဖမ်းခံရသည့်အထဲ ၎င်းတပည့် တစ်ရပ်ကွက်တည်းနေသူလည်းပါခဲ့၏။ သို့ကြောင့် "အခြားဖောက်ထွင်းမှု၌ ညစောင့်မဖမ်းဘဲ သည်အမှုမှာမှ ဘာကြောင့်ဖမ်းရသလဲ" ဖုန်းဆက်ကာ အရေးဆိုသည် ဆို၏။

သို့ကြောင့် ဦးဟန်ကြည်က ငါတို့ကိုဆီး၍ပြောရာ ငါတို့ ပါတီယူနစ်ရှိ မိတ်ဆွေကိုခေါ်၍ ကောင်စီသွားရန်လိုက်သွား၏။ ထိုမှာပင် မြို့နယ်မှူးဦးမြင့်နှင့်တွေ့ရာ သူက(ဗိုလ်ကြီးဟောင်းဦးစောဦးကိုရည်၍)"တစ်နှင့်တစ်ပေါင်းနှစ်လို့ တစ်သတ်မတ်တည်း တွက်ထားတာကိုး။ တစ်နှင့်တစ်ပေါင်းသုံးဆိုတာလည်း လင်မယားနှစ်ယောက်ပေါင်းရာမှ သားတစ်ယောက်ရတာလဲရှိသေးတာ သူမှမသိဘဲ"ဟူ၍ ဝေဖန်လိုက်သေး၏။

ထိုယူနစ်ရှိ ငါတို့နှင့် တစ်ရပ်တည်းနေ ဦးလှကြည်ကိုခေါ်ကာ မြို့နယ်ကောင်စီရုံး ဥက္ကဋ္ဌထံ သွားရောက်ရှင်းပြရ၏။ "ကျွန်တော်က ရဲတွေ ညစ်ပတ်သည် ထင်လို့ပါ" ဟု အဖြေပေး၏။

နောက်သော် တည့်သွားကြလေပြီ။

တစ်ဖန် ရဲနှင့်သတင်းထောက်များလည်း တောက်တဲ့နှင့်ဆေးချိုးပမာ မတည့်ကြချေ။ သတင်းထောက်များက ငါတို့အမှု လက်ကိုင်ရသဖြင့် သတင်းရေးကြလေရာ ရဲကတောင်းပန်ယူရ၏။ ယခင်က အမှုပေါ်သော်မှ ရဲကသတင်းမပေး။ ယခုသော် တောင်းသလောက်ပေးခြင်းဖြင့် တည့်သွားကြလေပြီ။

တစ်ဖန် ရဲနှင့်သတင်းစာကလည်း တဖောင်းစေးနှင့် မျက်ချေးပမာ မတည့်ကြ။

အမှုတစ်ခု တရားရုံးကမှ မဆုံးဖြတ်ရသေးဘဲမြန်မာ့အလင်းက ထိုအမှုအကြောင်း ရေးမိလေရာ အမှုလိုက်အရာရှိ စီ. ပီ. အို ခေါ် အစိုးရရှေ့နေ၊ ဒု-လုံမှူး ဦးမြခိုင်က တရားစွဲထား၏။ သို့ကြောင့် မကျေလည်။ ငါတို့အမှုဖြစ်သောအခါ မြန်မာ့အလင်းမှ 'သက်န်းကျွန်းဖောက်ထွင်းရဲ' ဟူသော အကြီးမားဆုံးခေါင်းစီးမဲကြီးဖြင့် အကျယ်တဝင့် ဖော်ပြလေရာ ရဲကပင်တောင်းပန်ပြီး နောင်သောအခါ တည့်သွားကြလေပြီ။

မဟာဗမ္မပါလ



တစ်ဖန် ငါတို့သည်လည်း ယခင်က ဘိုးတော်ခေါ် လောကီဝိဇ္ဇာများနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း။ ယခုသော် အမှုအမှီပြုလျက်က တည့်ကြရပြန်ချေပြီ။ သို့ကြောင့်-

ပြည်သူ့ရဲဖြစ်ပါလျက်က ပြည်သူ့ပစ္စည်းခိုးသော တရားခံညိုဝင်း၊ စိုးမြင့်တို့ကို အထူး ကျေးဇူးတင်၏။

ထို့နောက် သားသမီးမျက်နှာငဲ့၍ ဥပဒေကပ်ဖဲ့ဖဲ့လုပ်နေသောရဲအရာရှိများကိုလည်း ကျေးဇူးတင်၏။

အာဏာကိုတုံးခုလျက်က ငါတို့အမှုကိုမသိကျိုးကျွံပြုကြလေသော မြို့နယ်အာဏာပိုင်တို့ကိုလည်း ကျေးဇူးတင်၏။ ၄င်းတို့ဖိသဖြင့်သာ ငါသည် ကြွတက်ရခြင်းဖြစ်၏။ ၄င်းတို့နှိပ်သဖြင့်သာ ငါသည်ထိပ်တက်ရခြင်းလည်းဖြစ်၏။ ၄င်းတို့ထောင်းသဖြင့် စောင်းရာမှမှောက်မည့်ဆဲဆဲ ဆွဲမိဆွဲရာ ဆွဲထားခဲ့နိုင်ခြင်းသည် စင်စစ် ငါ့အတွက် အရှုံးထဲမှအမြတ်တည်း။

## အရှုံးတကာ့အရှုံးထဲ ဘုရားရှုံး အကောင်းဆုံးပဲ

ငါလုပ်တိုင်း ငါမဖြစ် ဟူသောအတွေးအခေါ်သည်လည်းကောင်း။

ငါ့လုပ်စာတိုင်း ငါမစားရ ဟူသော အတွေးအခေါ်သည်လည်းကောင်း။

ထိုအတွေးအခေါ်များတို့သည် ရဲတို့နှင့်အမှုဖြစ်ရာမှ ရခဲ့သော သင်ခန်းစာများသာဖြစ်ချေ၏။ သို့ကြောင့် ဘာမဆို ငါလုပ်-ဖြစ်ရမည် ဟူသောငါ့ မာနသည် ကျစပြုလာခဲ့၏။ တရုတ်ကျင့်-ကျင့်၍ တရုတ်မြင့်-မြင့်စေရမည်ဟူသော ငါ့တဏှာသည်လည်း ခဝါကျစပြုလာ၏။ ငါကိုင်လျှင် ငါပိုင်သာဖြစ်စေရမည်ဟူသော ဒိဋ္ဌိသည်လည်း ငြိရှုံ့မှုသာ ရှိတော့၏။

ပထမသော် အမျှော်မကုန်သေး၊ မာန်ကျပြီဆိုသော်မှ ဟန်ကားပြဆဲတည်း။

လက်ဝှေ့ပွဲ အရှုံးအနိုင်ကစားရာမှ ရှုံးပြီးကာစ လက်ဝှေ့သမားတစ်ဦး၏သို့ စိတ်မကျေပွဲနွှဲလိုစိတ်ကား ရှိသေး၏။ အဝိဇ္ဇာနုသယ်ကိုလည်း ထို(၄၅)ရက် ပြီးဆုံးကတည်းက နောက်မဆက်ချေပြီ။

ယုံကားယုံပါ၏။ ယုံလျှင်လုပ်တော့ ဆိုသော်မအားသေးလို့ပါ ဟူ၏။

သည်လိုနှင့် တစ်နေ့မှာခြားသွားသည်ထင်မိ၏။ တစ်နေ့အိပ်မက်ရ၏။ 'အခင်းကပျက်၊ အဆက်က ကွာ၊ ယိုအိမ်သာကြီး နံလိုက်တဲ့ချီး' ဟူ၏။

အပြည့်အစုံမှာ ငါသည် အိမ်သာတစ်ခုထဲသို့ ဝင်ရောက်၍ အညစ်အကြေးများ စွန့်ထုတ်၏။ ထိုစဉ် ငါနင်းထားသော နင်းကြမ်း ခေါ် ကြမ်းပြင်ထက်သို့ အိမ်သာတွင်းရှိ မစင်ပုပ်များ ထိုးထွက်၍ တက်လာကြကုန်၏။ နင်းထားရာ ကြမ်းပြင် ကြည့်ပြန်ပါသော်ကော ရိုက်ထားသောသံချက်များ ပြုတ်ထွက်ကာ ကြမ်းခင်းများလည်း ကွာလျက်သာ ရှိကြကုန်၏။ ကြမ်းခင်းပေါ်သို့ လှိမ့်တက်လာကြသော အိမ်သာတွင်းရှိမစင်တို့၏ အနံ့အသက်များကလည်း ငါ့နှာခေါင်းဝသို့ ထောင်းထောင်းထမခံနိုင်ပြီ။

သို့ကြောင့် သည်အိမ်သာကြီး၏ဖြစ်အင်ကိုသက်ဆိုင်ရာတို့ သိစိမ့်သောငှာ ကြေးမုံသတင်းစာ၏ လူထုအော်သံအခန်းမှ အော်မဟဲ့ ဆိုကာ ငါကကဗျာစီသောဟူ၏။

အိပ်မက်စဉ်ပြီးသည်နှင့်နိုးလာ၏။ ဘာပါလိမ့် ဆင်ခြင်ကြည့်၏။

ပြီးခဲ့သောနှစ် ပြာသိုလဆန်း လောက်မှ

မဟာဗုဒ္ဓပါလ

ပြုလုပ်ခဲ့သော (၄၅)ရက်အဓိဋ္ဌာန်၏ လမ်းခင်းသည် ယခု ပျက်လျက်ရှိသည်ကိုလည်း မြင်မိ၏။ အဆက်ကွာနေသည်မှာလည်း ပြင်းမရဖြစ်နေ၏။ တဏှာ၊ မာန၊ဒိဋ္ဌိများကြောင့် ဖြစ်ပေါ်လာသောအနံ့အသက်များလည်း မကင်းသေးသည်ကိုလည်း သတိရ၏။

'ဒါ-ငါ့အား အဓိဋ္ဌာန်ဝင်ရန် နှိုးဆော်သည် ထင်၏' ဟူ၍တွေးမိ၏။

ထိုနှစ် ၁၃၃၇-ခုနှစ်၊ ဝါဆိုလပြည့်တွင်ကား (၁၀၈)ရက်အဓိဋ္ဌာန်စတင်၏။ သက်ကင်းလည်းစား၏။ သွေးလွတ်သားလွတ်နှစ်မျိုးတွင် သားလွတ်ကိုသာရှောင်၏။ နို့စသောသွေးကိုကား သုံးသေး၏။ နဝင်္ဂသီလယူသဖြင့် မေတ္တာစူးရှရန်ရည်၏။ ဂုဏ်တော်ပွား၏။ စစချင်း ဘိုးတော်ဇက-

- ဆွမ်းဖြူသက်သက်ချည်း (၃)ရက်။
- နောက်(၃)ရက်တွင်ကား သစ်သီးသက်သက်ချည်း။
- နောက်ဆုံး(၃)ရက် ကျသော်ကား ရေချည်းသက်သက်။

ပေါင်း(၉)ရက် သုံးဆင့်။

ဤအကျင့်မျိုးကား လူတိုင်းမကျင့်နိုင်ဟူ၍ ဆိုရာ- သူများမကျင့်နိုင် ငါကျင့်နိုင်ရမည် ဟူသော မာနက ဖောင်းထလာသဖြင့် ကျင့်ဖြစ်အောင် ကျင့်၏။

ထိုတွင် အစ၏ ဆွမ်းဖြူသက်သက်(၃)ရက်ကား ဆားပင်မပါရသည်ကတစ်ကြောင်း၊ ရုတ်တရက် ထကျင့်ရသည်ကတစ်ကြောင်းကြောင့် အခံရခက်လှ၏။ ဆွမ်း၏ ညှီသောအနံ့အရသာ ကလည်း ဟင်း စသည်မဖက် သန့်ချည့်သက်သက်၌ သိသာစွာ ထိုးနှက်တော့၏။

တစ်ဖန် ဒုတိယအဆင့် သစ်သီးချည်း အရက်မှမွန်းမတည့်မီအတွင်း သုံးရာ၌ သက်သာလာ၏။ ထို(၃)ရက် သီးမွှေးငှက်ပျောဖြင့်ပြီးရ၏။ ထူးခြားသည်မှာ ငါတို့အဓိဋ္ဌာန်ဝင်ရာ ဝါဆိုလပြည့်နေ့မှသည်လပြည့်ကျော်(၈)ရက်နေ့တိုင် ထို (၉)ရက်လုံးလုံး ငါတို့အနီးတစ်ပိုင်ရှိ မိန်းကလေး အများစုနှင့် ယောကျ်ားလေးအနည်းစု၊ လူကြီးတစ်ဦးစ နှစ်ဦးစတို့သည် အချင်းချင်းလူစုကြကာ ညစဉ် ငါတို့အိမ်သို့ လာရောက်စုရုံး၍ ဓမ္မစကြာရွတ်ဖတ်ပေးကြခြင်းပင်တည်း။

တစ်ဖန် တတိယအဆင့် နောက်ဆုံး (၃)ရက် (လပြည့်ကျော်၆-၇-၈) တို့၌ကား အရုဏ်မှ မွန်းမတည့်မီ အတောအတွင်း ရေဖြင့်သာပြီးရ၏။ သောက်ရေ သုံးဖန်ခွက်မျှသာ သုံးမိခဲ့၏။ အရုဏ်တက်ပြီးနောက် တစ်ဖန်ခွက်၊ နံနက်(၉)နာရီခန့်တွင် တစ်ဖန်ခွက်နှင့် (၁၂)နာရီမထိုးမီ တစ်ခွက်မျှသာ။

ထို နောက်ဆုံး(၃)ရက်၏ အစရက်၌ နေအားပြင်းသော နေ့လည်(၁)နာရီခန့်၌ အထတွင် မူးလဲသွားသေး၏။ ရုတ်တရက် အမှတ်တမဲ့ ထမိရာမှဖြစ်ရ၏။ ငါတို့နှင့်အတူကျင့်သော မောင်လွန်းမောင် (၂၀နှစ်ခန့်) ကား ဘာမျှမဖြစ်ခဲ့။ ငါတို့လည်း နောက်ရက်များတွင် ဘာမျှမဖြစ်တော့။ နောက်ဆုံးရက်ဖြစ်သော ဝါဆိုလပြည့်ကျော်(၉)ရက်အကူး (လပြည့်ကျော်၈-ရက်ည) ၏နံနက်ပိုင်းတွင် အိပ်မက်ရပြန်၏။ ငါတို့အိမ်တံခါးဝသို့ ဘိုးတော်အောင်မင်းခေါင်ကြီး လာရပ်၏။ ငါတို့က ကြောက်သဖြင့် တစ်ဖက်သို့ကပ်လျက်က မမြင်ကွယ်ရာ ပုန်းနေရ၏။ သို့သော် မကြည့်ဘဲလည်း မနေနိုင်၊ မြင်သော်ကား မကြည့်ရဲ။

တစ်ဖန် အောင်မင်းခေါင်ကြီးက ငါပုန်းရာဘက် လှည့်လာ၏။ ငါကားအိမ်တံခါးဝသို့ သွားရောက် ပုန်းရပြန်၏။ လိုက်တမ်းပြေးတမ်းကစားနေသည်နှင့် တူ၏။ ထို အိမ်တံခါးဝမှ နေလျက်ကသာ မကြည့်ဝံ့ ကြည့်ဝံ့ဝံ့ဖြင့် ကြည့်ရပြန်၏။

ဤသို့ဖြင့် တစ်လှည့်စီ သုံးကြိမ်မျှ အလာနှင့်အပုန်း၊ အလိုက်အပြေးလုပ်ခဲ့ကြပြီးနောက် မူလ

မဟာဗမ္မပါလ



လာရပ်ရာ အိမ်တံခါးဝမှနေလျက်ကသာ "အရှူး-အရှူး" ဟူ၍ နှစ်ခွန်းဆင့်ပြောဆိုကာ ဥက္ကလာဦးနှင့် ဆယ့်တစ်တောင်ပြည့်ဘုရားများရှိရာဘက်ထွက်ခွာသွားချေတော့၏။

ဘာအရှူးလဲ။ ငါသည်အရှူးလား, အထူးလား မဝေခွဲတတ်ပြီ။

လပြည့်ကျော်(၉)ရက်နံနက်ကား အဓိဋ္ဌာန်အောင်ပွဲရက်ဖြစ်ခဲ့၏။ ဓမ္မစကြာအဖွဲ့ ဦးဆောင်ကာ (၉)ညတိုင်တိုင် လာရောက်ရွတ်ဖတ်ပေးသော မယဉ်ကြည်သည် အရုဏ်ဦးတွင် ယနာနို့ဆွမ်း လာရောက်၍ လှူဒါန်းသည်ကို ဦးစွာသုံးခွင့်ရ၏။ ငါ-လူဘုန်းကြီးလေလား။

ထို (၉)ရက်နေ့ ညနေ(၅)နာရီခန့်တွင်ကား ဘိုးဝိဇ္ဇာဘွဲ့ခံ ရဟန်းတော်တစ်ပါး ကြွလာ၏။ လက်မှလည်း ၂၄×၁၂ လက်မအရွယ်ရှိ ဘိုးတော်-အောင်မင်းခေါင်ကြီး၏ဓါတ်ပုံ ပါလာ၏။ ၎င်းပုံကို ငါတို့အား ကိုးကွယ်ရန်ဆိုကာ လက်ဆောင်ပေး၏။ ပါးစပ်ကလည်း-

"ဒကာကြီးကျင့်တာက မိုက်ရူးရဲဆန်လွန်းတယ် ကျုပ်သိ,သည်လိုလုပ်ခွင့်မပြုဘူး" ဤသို့လျှင် ဆုံးမ, သေး၏။

"သမာဓိလုပ်ငန်းဆိုသည်မှာ ကိုယ်ကိုညှင်းဆဲပြီး လုပ်မယူရဘူး"ဟူ၍လည်း သတိပေးသေး၏။ ငါတို့သည်ကား မြှောက်သူရှိ မိုးအထိတက် က,ချင်သောလူစားမျိုးတည်း။

ထိုမှနောက် ထိုဘိုးဝိဇ္ဇာနှင့်ငါတို့ ဘုရားဒကာဖြစ်လာကြ၏။ ဘိုးတေဇနှင့်ဘိုးဝိဇ္ဇာတို့လည်း တိုင်ပင်ဖော် တိုင်ပင်ဘက် ဆရာနှစ်ဆူဖြစ်လာကြ၏။ ငါတို့၏ အနီးကပ်လက်သင်ဆရာများကား ၎င်းတို့နှစ်ပါးပင်ဖြစ်လာကြချေ၏။ ဂုဏ်တော်အာနုံပြုရာ၌ကား ဆရာများလှ၏။

ပုဒ္ဓေါကပိုထက် ဆိုသဖြင့် ပိုထက်ချင်သောငါ- ပုဒ္ဓေါဖြင့်သာ ပွားခဲ့၏။

ဘဂဝါက ပုဒ္ဓေါထက်သာ ဆိုလာသဖြင့် သာချင်သောငါ- ဘဂဝါ ပြောင်းခဲ့ရပြန်ပါ၏။

ဂုဏ်တော်ကွန်ချာက အလွန်တစ်ရာ အကျိုးများ ဆိုလာကြပြန်သဖြင့် အလွန်တစ်ရာမက အလွန်တစ်ထောင် အကျိုးအောင်လိုသောငါ-ဂုဏ်တော်ကွန်ချာဘက် ဆက်ခဲ့ရပြန်ချေ၏။

တစ်ဖန် - ဗုဒ္ဓဂုဏော အနန္တော သိဒ္ဓိ ၊

အာစရိယဂုဏော အနန္တော သိဒ္ဓိ ကို ပွားက လိုတ,ရ ဖြစ်စေနိုင်သည် ဆိုသဖြင့် လိုသမျှရ-ရသမျှလည်းတ၊ တ,သမျှပင် ရချင်သောငါ ထိုအနန္တသိဒ္ဓိ ကိုပင် ပြောင်းလဲကာ ပွားခဲ့ရပြန်ပါ၏။ ထို့နောက် ရှင်အရဟံနည်း၊ ရက္ခန်းစင်တောင်နည်း စသည်အားဖြင့် နည်းမျိုးစုံ အကုန်လာပေးကြရာ ပေးတိုင်းလည်း အကောင်းဆို အကောင်းလိုသော ငါသည် လက်မနှေးခဲ့ချေ။ သို့နှင့်တစ်ည အိပ်မက်ပေးပြန်၏။

'ဘိုးဘိုးအောင်ကြိုက်တာက အရဟံသိဒ္ဓိဗျ'

၎င်းအိပ်မက် ရကတည်းက ဂုဏ်တော်သူငှေး သူပေးလူပေးတို့နောက် မလိုက်တော့ပြီ။ ထိုအိပ်မက်ရ ဂုဏ်တော်ဖြင့်သာ အခြေချတော့၏။ နဝင်းကုန်လျှင် ဝိဇ္ဇာမြန်မြန်ဖြစ်မည် ထင်သဖြင့် တစ်ကြိမ်အဓိဋ္ဌာန်ဝင်လျှင် ပုတီးပတ်(၁၀၈)ပတ်ဖြင့် ဝင်၏။ အမြန်ဆုံးနည်းဖြင့် စိပ်သော်မှ (၁)နာရီနှင့် (၄၅)မိနစ်ခန့် ကြာညောင်းမှ ထို(၁၀၈)ကားပြီးစီး၏။

ဝါဦး၏ လူမိုက်ကျင့်(၉)ရက် ကျင့်ပြီးကတည်းက သဘောပေါက်လာသည်မှာ- ငါ့ခန္ဓာကား ယခင်က ငါးသချိုင်း၊ ဖားသချိုင်း၊ အသားသချိုင်းများ၏ တစပြင်သာဖြစ်ခဲ့၏။ ၎င်းဝမ်းကို ဆေးကြောသုတ်သင်သောအားဖြင့် ထိုအမိုက်ခံ အကျင့်(ဆွမ်းဖြူ-သစ်သီး-ရေ) ဖြည့်ကျင့်စေသည်ဟု ယုံကြည်လာတော့ကာ ထိုမှစ၍ အသက်ကင်းဖြင့်သာ အသက်မွေးဝမ်းကျောင်းမှု ပြုရတော့၏။

မဟာဓမ္မပါလ


ထိုသက်ကင်း၌လည်း-

က။ မိမိကြောင့် သတ္တဝါများ မဆင်းရဲစေချင်သော ကိုယ်ချင်းစာဖြင့် စားသုံးနည်း။

ခ။ မိမိ၏ဂိုဏ်းစောင့်များ မိမိသို့ပူးယှဉ် ကပ်သာစေရန် စားသုံးနည်း။

ဤသို့လျှင် အာရုံပြုခြင်း နှစ်မျိုး ကွဲလျက်ရှိရာ-

ဆရာတော်ဦးသီလ၊ မဟာစည် ဆရာတော် ဘုရားကြီး စသော သူတော်ကောင်းကြီးများ၏ စားသုံးနည်းကား က-အမှတ်ပြအတိုင်းလျှင် ဖြစ်ချေသည်။

သိုက်စီး၊ သိုက်ချုပ်၊ သိုက်ဘိုးတော်ကြီးများနှင့်တွဲဘက်ကာ တစ်ဖက်ကပါရမီဖြည့်ရင်း တစ်ဖက်ကလည်း သာသနာပြုကြရသော ဂိုဏ်းသားများကား ခ-အမှတ်ပြအတိုင်း ဖြစ်ချေ၏။

ငါတို့ကား က-အမှတ်ဘက်သို့သာ အာရုံကျက်စားမိ၏။ ဆင်ခြင်ဉာဏ်များလည်း ဝင်လာ၏။ လူသည် အသိဉာဏ်အရှိဆုံး။ ထိုအသိဉာဏ်ရှိသူ လူသားတို့က အသိဉာဏ်မဲ့ တိရစ္ဆာန်လေးများကို ဖေးမ,ကူညီရမည့်အစား နည်းအမျိုးမျိုးတို့ဖြင့် ဖမ်းစားဖျက်ဆီးနေခြင်းများသည် မတရား။

တစ်ဖန် လူတစ်ဦး၏ တစ်နံနက်မျှ(တစ်ရက်မျှ)အသက်ရှင်ရေးအတွက် တိရစ္ဆာန်အမြောက်အများ သေကြေပေးရခြင်းသည်လည်း မတရား။

(ဤ၌ လူတစ်ဦး၏ တစ်နံနက် တစ်ထပ်စာတွင် သေးမွှားသော ပုဇွန်၊ ငါးဆိုက တစ်ဆယ်သားမျှမှာပင် အကောင်ပေါင်း ဆယ်,ရာဂဏန်းမျှ သေကြေပျက်စီးရသည်ကို ရည်ညွှန်း၏။)

ထိုတွင်လူတစ်ဦး၏ နံနက်စားသုံးသော အစာသည် ထိုနံနက်အတွက်သာလျှင် အသက်ဆက်စေ၏။ ညနေအစာသစ် ထပ်မံ၍ သွင်းပေးလိုက်သောအခါ ထိုနံနက်၏အစာသည် ဦးမဆောင်သာပြီ။

ထိုသို့ မိမိ၏ တစ်နံနက်ကောင်းစားရေးကို တိရစ္ဆာန်အကောင်ပေါင်းတို့၏ အသက်ဖြင့် စတေးကာ အကြွေးယူငင်စားသုံးနေခြင်းများသည်-

- မိမိကား တစ်နံနက်သာကောင်း နောင်အခါ ဘဝပေါင်းများစွာ အတောင်းခံရမည်။

- သူတစ်ပါးကား အခုလည်းဆင်းရဲ နောင်ဆင်းရဲဖြင့် ဆင်းရဲတွင်း နက်ရှာချေဦးတော့မည်။

ထိုအတွေးများသည် ငါ၏ရှေ့၌ ရေးရေးပေါ်လာကြချေ၏။ တစ်ဖန် တံငါက-ငါး၊ နွားသတ်ကုလားက-နွား၊ သူ့ဖာသာသူသတ် ငါတို့နှင့် ဘာဆိုင်လဲဟူ၍ တွေးမိသေး၏။ ငါတို့က သတ်လို့စားသည်ပြောက ၄င်းတို့ကလည်း စားလို့သတ်သည်ဟုပင် ပြောလိမ့်မည်။ သို့ကြောင့် အသတ်နှင့်အစား၊ အစားနှင့်အသတ် တစ်ဇာတ်တည်းသား ဟူ၍ သဘောရလာ၏။

တစ်ဖန် ငါမစားလည်း ခများများသေမှာပဲ ဟူ၍လည်း ဆင်ခြေဝင်မိသေး၏။

တံငါသေ-ငါးဖြစ်၊ ငါးသေ-တံငါဖြစ်။ ထိုသည်ကား ငါနှင့်မဆိုင်ချေပြီ။

ကုလားသေ-နွားဖြစ်၊ နွားသေ-ကုလားဖြစ်ကလည်း ငါ့ကိစ္စမဟုတ်ချေပြီ။

စင်စစ် ထိုနှစ်ဦးနှစ်ဖက်တို့၏ အတုန့်အလှည့်တို့အကြား ငါ-ပါမသွားရန်သည် အရေးကြီး၏။ ဓါးခုတ်ရာသို့ လက်ဝင်မလျှိုရန်သည်သာ ငါ့တာဝန် ဖြစ်ချေ၏။ ဂလဲ့စား(ကလှည့်စား)ဟူသည် ရှေ့သို့ရောက်သွားလေသော-က, က နောက်သို့ တစ်ဖန် ပြန်လှည့်၍ စားခြင်းကို ဆိုလိုဟန်ရှိ၏။ အကြွေးပေးပြီး အတိုးပြန်ယူသည်နှင့်တူ၏။ ထိုဂလဲ့စားချေပွဲတွင်းသို့ ငါတို့ဝင်ရှင်းမိချေသော် ရှင်းသူသာရှုပ်ပေရော့မည်။ စာရင်းကား စာရင်းအတိုင်းသာ။

မဟာဓမ္မပါလ



ဤသို့ ဆင်ခြင်မိချိန်မှစ၍ အသားစားကိစ္စ လူ့ဘဝတစ်သက်တာလုံး ရှောင်ကျဉ်ခဲ့ချေပြီ။ နဝင်္ဂ သီလကား ဝါတွင်းတစ်တွင်းလုံးမှ (၁၀၈)ရက်ပြည့် တန်ဆောင်မုန်းလဆန်း(၄)ရက်နေ့အထိယူ၏။ ထို့နောက်တွင်ကား တစ်လလျှင်(၂၇)ရက်ကား နဝင်္ဂဖြင့်သာနေ၏။ လွတ်ရက်ကား (၂)ရက်(၃)ရက်မျှသာ။

ထိုအခါ ငါ့ပတ်ဝန်းကျင်က ဝေဖန်ကြ၏။ ဆိုးတုန်းက တစ်ဖက်စွန်းရောက်နေခဲ့ပြီး ကောင်းပြန်တော့လည်း တစ်ဖက်စွန်း နင်းပြန်ပြီဟူ၏။

ပြောမှုပြန်ကြည့် ဟုတ်လိုက်သည့်ဖြစ်ခြင်း။ ပထမပိုင်း၏စာသင်းသားဘဝ စာမှတစ်ပါး အခြားနားမဝင်မိ။ မာနအားကြောင့် ဌာနသာပြောင်းရွှေ့၏။ ပရိယတ္တိစာပေကိုကား ဘယ်မှာနေနေ လက်မလွှတ်မိခဲ့ချေပြီ။

ဤဒုတိယပိုင်း၌လည်း စီးပွားရေးရှာဖွေစဉ်၊ နိုင်ငံရေးဆောင်ရွက်စဉ်၊ ယခုဘာသာရေးဘက်ထွက်လာစဉ် ထိုစဉ်သုံးစဉ်တို့၌လည်း တစ်စဉ်၌ စိတ်စိုက် ထိုတစ်စဉ်သာစိတ်ရှိ၏။ ထိုတစ်စဉ်ဖြင့်သာ စိတ်ပျော်ပါး၏။ ကျန်အစဉ်များသို့ စိတ်မသက်မိ။ စိတ်ခြေဦးတည့်ရာကိစ္စ၌သာ ငါပျော်ပါး၏။ စိတ်သွားရာ၌သာ ငါကျက်စား၏။ စိတ်အကြိုက်တွေ့ရာ၌သာ ငါမေ့နေတတ်လှချေ၏။

ထိုအရာအားလုံးတို့သည် အထင်ကောင်းသာ ရှိချေ၏။ ပြင်ပလှည့်ကြည့်မိရာ၌သာ ပျော်ပိုက်မိသော မသိပေါင်း၏ မသိကောင်းမျှသာ ဖြစ်ခဲ့ချေ၏။ ခြေဦးတည့်ရာလှည့် ခြေဦးထိရာမိနေသော သူရူးတစ်ယောက်၏ အလုပ်ကိစ္စမျိုးနှင့်လည်း ဘာမျှမခြားဟု မြင်လာ၏။ ငါမှဆက်၍ လောကဘက် ထွက်ကြည့်လိုက်သော်-

-နိုင်ငံရေးသမားများကလည်း ၄င်းခြေဦးတည့်ရာလှည့်၍ မိရာကောင်းနေခြင်းမျှသာတည်း။

-စီးပွားရေးသမားများကလည်း ၄င်းအကွက်မိရာလှည့် မိရာကောင်းနေခြင်းမျှသာတည်း။

-အချစ်ရေး၊ အိမ်ထောင်ရေးသမားများကလည်း ၄င်းအဆက်မိရာလှည့် ထိရာကောင်းနေခြင်းမျှသာတည်း။

ကျန်သော အရေးအခင်းမှန်သမျှတို့သည်လည်း ထိုနည်းမခြား တစ်သားတည်းသာရှိချေတော့၏။ လက်စသတ်တော့ ပုထုဇဉ်လောက၏ နယ်မြေသည် အရူးတွေစုနေသော နယ်မြေသာတည်း။

ဤသို့အတွေးဝင်မိချေ၏။ တဆက်တည်းပင် အရူးတကာ့အရူးထဲ ဘုရားရူး, ရူးရတာ အကောင်းဆုံး ဟူ၍လည်း တွေးမိချေသေး၏။ အဘယ့်ကြောင့်ဆိုသော်-

-ငါရူးတိုင်း ဘုရားက လိုက်မရူးသောကြောင့်တည်း။

-ငါဖျက်တိုင်းလည်း ဘုရားဘက်က လိုက်မပျက်သလို ငါအဖျက်ခံတိုင်းလည်း ဘုရားဘက်က လိုက်မဖျက်သောကြောင့်တည်း။

ငါသည် ထိုဘုရားနှင့်ဖက်၍ ရူးရသဖြင့် မပျက်မှန်းလည်းသိလာရ၏။ ရန်ကင်းမှန်းလည်း ရိပ်မိလာ၏။ အထက်ဘက်ပါသဖြင့် အောက်ဘက်ဟာ ကွာလာမှန်းလည်း သိလာ၏။

ထိုနှစ် ၁၃၃၇-ခုနှစ်၊ ထိုဝါဆိုမှစ၍ လျှောက်နေကျလမ်းစ ဖဝါးအောက်က အပျောက်မခံပြီ။ ထိုနှစ်၏ ဆောင်းလတစ်လမှာပင် ဝေဘူဆရာတော်ဘုရားကြီးသည် (၁၀)ရက်လုံးလုံး ရန်ကုန်၌ သီတင်းသုံးရန်။ ထို (၁၀)ရက်လုံးလုံး ထိုရန်ကုန်သားများကို တရားဟောရန် ရွှေတိဂုံတောင်ဘက်မုခ် ဘုရားလမ်း ခေါ် မြို့မလမ်းရှိ အင်းလေးဓမ္မာရုံသို့ ကြွရောက်တော်မူလာခဲ့ပါချေ၏။ ညစဉ်(၇)နာရီတွင် တရားဟောမည်ဟူ၍လည်း ကြေညာထားသေး၏။

ငါတို့သည်လည်း ဇနီးသည်အား သနား

မဟာဓမ္မပါလ



စိတ် ဝင်လာသည်ကတစ်ကြောင်း၊ ငါမရှိသည့်နောက် တစ်ယောက်ထည်းတည်း ရောင်းတတ်ဝယ်တတ်ရန် သင်ပြလိုသည်ကတစ်ကြောင်း တို့ကြောင့် နံနက်လင်းမှ(၁၁)နာရီအတွင်း ဆိုင်ထိုင်ပေးပြီး၊ နေ့(၁၂)နာရီမှစတင်၍ ရွှေတိဂုံ၌ သွားရောက်ကာ အဓိဋ္ဌာန်ဝင်လျက်နေချိန်ပင် ဖြစ်ချေ၏။ သို့ကြောင့်-

အစဦးည၏ (၇)နာရီမထိုးမီကပင် ရွှေတိဂုံကုန်းတော်ပေါ်မှဆင်းခဲ့ကာ အင်းလေးဓမ္မာရုံသို့ရောက်ရှိနေပါ၏။ (၇)နာရီထိုးလျှင်ပင် ဝေဘူဆရာတော်ဘုရားကြီး၏ သီတင်းသုံးရာ အထက်ထပ် လှေကားဆီမှ ကြေးစည်ငယ်လေး၏ အသံသာသာကို စတင် ကြားလိုက်ရ၏။ ထိုကြေးစည်တီးဒကာကြီး၏နောက် မလှမ်းမကမ်းမှာပင်ဆရာတော်ဘုရားကြီး ကြွလာတော် မူနေပါ၏။

"ဟာ- တော်တော်ကြီး ရုပ်တော်ကကျနေပါပကောလား"

"ဟာ- တော်တော်ကြီး အသက်တော် ရွယ်တော် ရနေပါရောလား"

ငါတို့နှင့်(၁၀)နှစ်မျှ (ငါတို့တစ်ဝါရပြီးနောက် မဖူးတွေ့ရပြီ) အလှမ်းကွာလာပြီးသော ဤအချိန်၌ ဆရာတော်ဘုရားကြီး သည်မျှအရွယ်ရနေသည်ကို ကြည့်၍ တအံ့တသြဖြစ်မိနေပါ၏။

ဆရာတော်ဘုရားကြီးကလည်း ခုံပေါ်သို့ ခြေလှမ်း, မတက်သေးဘဲ တစ်မိနစ်နှစ်မိနစ်ခန့်မျှပင် ငါတို့အား စိုက်ကြည့်-ကြည့်တော်မူနေပါချေ၏။ ဆရာတော်ဘုရားကြီးကား တစ်ဖက်အစွန်း ငါတို့သည်ကားတစ်ဖက်အစွန်း ကြား၌ ဆွမ်းစားရာ၊ ဆရာတော်ဘုရားကြီး ဘုရားအာရုံပြု ကန်တော့ရာ ခုံကြီးက ခြားပေးထားပါ၏။ ငါတို့သည်လည်း မျက်တောင်မခတ်မိ။ ဆရာတော်ဘုရားကြီးလည်း မျက်တောင်မခတ်။

ပြီးသော် ဆရာတော်ဘုရားကြီးက တရား အဟော၊ ငါတို့ကား တရားအနာ။

- ဘာကို ညွှန်ပြတော်မူလိုသနည်း။
- ဘာကို လက်ညှိုးထိုးပြထားသနည်း။
- ဘာဖြစ်စေလိုသနည်း။

ဤသည်တို့မှာ ငါသိချင်သော အချက်များတည်း။ လိပ်ပတ်လည်ရန် နာယူမည်ဟုလည်း အားခဲထား၏။

ဆရာတော်ဘုရားကြီး၏တရားကို (၁၃)နှစ်သားက မိခင်ကြီးနှင့် အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်း လိုက်ပါသွားသဖြင့် ကလေးသိဖြင့် နာကြားခဲ့ရသည်မှတစ်ပါး ယခုအချိန်သည် ပထမဆုံးအကြိမ်တည်း။

-တရားတော်စသည်နှင့် ဝီရိယဓမ္မသည် အဓိက။

-တရားတော်ဆုံးကာနီး ပွဲကြည့်စဉ်ကဝီရိယ နှင့် နှိုင်းယှဉ်ပြသည်က ဝိသေသ။

-ညွှန်ပြနေသည်မှာ ဝီရိယထူထောင်ဖို့။

-လက်ညှိုးတော်ကား ဘုရားရှင်လက်ထက်တော်တုန်းက ဝီရိယိဒ္ဓိပါဒ် အရှင်သခင်ကြီးများကို ထိုးပြလို့။

-ဖြစ်စေလိုသည်မှာ တစ်ခါတည်းနှစ်လုပ်ပြီးစီးဖို့။

ညစဉ် (၇)နာရီအချိန်ရောက်တိုင်း (၅)ညမျှဆက်လက်နာကြား၏။ တရားစကားကသာမထပ်ရှိချေသည်။ တရားသဘောကား ဝီရိယ တစ်သားတည်းပင် ထပ်လျက်သာရှိချေသည်။

ထို(၅)ရက် (ငါးည)အတွင်း ထူးဆန်းသောဖြစ်ရပ်တစ်ခု ကြုံတွေ့ခဲ့ရ၏။

တစ်ည ရသေ့ကြီးတစ်ပါး လာရောက်၍ တရားနာယူ၏။ ဘုန်းတန်ခိုးအာနုဘော်လည်း ကြီးဟန်ရှိ၏။ တရားနာလာသည်သော်မှ နောက်ပါဒကာ တပည့်(၂၅)ယောက်ခန့်ပါလာ၏။ ၎င်းတို့မှာလည်း တောင်ဝှေးကိုင်သူကိုင်၊ ကော်ဇောကိုင်သူကိုင်၊ ခတ်ဘူးကိုင်သူကိုင်နှင့်ချည်း ဖြစ်ကြ၏။

မာနလည်း ကြီးဟန်ရှိ၏။ လူပရိတ်သတ်များနှင့် ရောနှောမထိုင် ဆရာတော်ဘုရားကြီးနှင့် တန်းတူ အရပ် အထက်အောက်မျှသာကွာခြားသော တရား ဟောရာပလ္လင်၏ လက်ဝဲဘက်၌ ခင်းပေးရ၏။

တရားဟောပြီ။

ဦးစွာ ဒါနတစ်ခုပြုပြီး တောင်းရမည့် ဆုတောင်းကိစ္စ။

ထိုစဉ်- ရသေ့ကြီးထံမှ ဘာမနေ့ာတိုက် လိုက်သည်မသိ ထိုဟောဆဲကို ရုတ်တရက်ရပ်လိုက် ၏။ ပြီးသော် ရသေ့ကြီးရှိရာသို့ ငုံ့ကြည့်သေး၏။ ပြီးမှ-

"ဗျာ. . ဝိဇ္ဇာဆိုတာတခြားမဟုတ်ပါဘူး တဲ့၊ တစ်ထိထဲထိ တစ်သိထဲသိ သိနေတာ အဲဒါ ဝိဇ္ဇာပဲ တဲ့ဗျာ့။ ကဲဗျာ သို့ကလို တစ်ထိထဲထိ တစ်သိ ထဲသိ သိနေတဲ့အချိန်လေးမှာ-လောဘကော ဝင် သေးသလားဗျာ"

"မဝင်ပါဘုရား"

နာခံတော် တရားထောက် ဦးလှ က ထောက်သည်။

"ဒေါသကော"

"မဝင်ပါဘုရား"

"မောဟကောဗျာ့"

"မဝင်တော့ပါဘုရား"

"အေး. . အဲသည် အဝိဇ္ဇာမဝင်တာမှ ဝိဇ္ဇာ အစစ်တဲ့ဗျာ့"

ပြီးသော် ဟောလက်စတရား ကောက် ဟောတော်မူ၏။ငါတို့ကား ဆရာတော်ဘုရားကြီး၏ လက်ျာဘက်မှနေလျက် ထိုအမေး၊ ထိုအဖြေ၊ ထိုအခြေတို့ကို အကဲလည်းခတ် နာလည်းနာနေ၏။ ရသေ့ကြီးက စိတ်ဖြင့်မေးခွန်းထုတ်သဖြင့် နှုတ်ဖြင့် ဖြေသည် ဟူ၍သဘောပေါက်မိ၏။

မေးသောရသေ့ကြီးကား ဘာရသွားချေ သည်မသိ၊ ငါတို့ကား ကြားမှရလိုက်ပြီ။

'ဟုတ်သားပဲ ငါလုပ်တာ ငါမှမသိဘဲနဲ့ ဘယ်သူက လာသိမလဲ'

'ဟုတ်သားပဲ လိုချင်စိတ်နှင့်လုပ် အရှုပ်ပဲ အဖတ်တင်မှာပဲ'

'ငါသည် ဝိဇ္ဇာဖြစ်ချင်၏။ ယနေ့ဝိဇ္ဇာဖြစ် နည်းရခဲ့ပြီ'

'ငါသည် ဝိဇ္ဇာကြီးများနှင့်တွေ့ချင်၏။ ယနေ့ ဝိဇ္ဇာကြီးများနှင့်တွေ့ခွင့်ရချေပြီ'

- ဒီအတိုင်းဆို တစ်ချက်ထိလို့ တစ်ချက်သိနေလျှင် ငါသည်တစ်ချက်ဝိဇ္ဇာဖြစ်ပြီ။
- တစ်နံနက်လုံးထိ တစ်နံနက်လုံးသိသိနေ တစ် နံနက်ဝိဇ္ဇာ။
- တစ်ရက်လုံးအထိကို တစ်ရက်လုံးသိ တစ်ရက် ဝိဇ္ဇာ။
-သည်လိုသာ တစ်သက်လုံးအထိ တစ်သက်လုံးကြီးသိ သိနေလျှင်ကား ငါသည် တစ်သက်လုံး ဝိဇ္ဇာဖြစ်ပြီ။

လွယ်လိုက်သည့်ဖြစ်ခြင်း။

ထိုမှနောက် ဝိဇ္ဇာပျောက်ကိုလည်း လိုက် မရှာပြီ။ အမိဋ္ဌာန်ပုတီးပတ်လည်း လောဘမကြီးပြီ။ လောဘကြီးသဖြင့် သောကကြီးလည်း ကပ်ပါလာ တတ်သဖြင့်။

ထိုလောဘ၊ သောကသည် အဝိဇ္ဇာနိုင်ငံ သွားရာ၌စီးသော ဘယ်-ညာဖိနပ်တစ်ရံ။

သတိနှင့်အသိသည်သာ ဝိဇ္ဇာနိုင်ငံသွားရာ ၏ ဘယ်-ညာဖိနပ်တစ်ရံ။

ဤသို့ ကောက်ချက်ချလိုက်မိ၏။ ပုတီးပတ် လည်း (၉)ပတ်ထက်မပိုပြီ။ ထို(၉)ပတ်သော်မှ အမိဋ္ဌာန်တင်ရာ၌သာသုံး၏။ ပွားစိပ်ရာ၌ကား တစ်လုံးထိ တစ်လုံးသိအောင်ကြိုးစားမည်။

ဤသို့လျှင် ထို တစ်လုံးအတွင်း၌သာ စိတ်

မဟာဗောဓိ



စိုက်ကျသွားရန် အားထုတ်၏။ ထို တစ်လုံးတည်းကို သာ စိတ်ချလက်ချပွားများနိုင်ရန် ပြုကျင့်၏။

- ဤသို့ဖြင့် ငါသည် မနှေးမမြန် ပုံမှန်သာ လက်က ပွား၏။
- ဤသို့ဖြင့် ငါသည် အရဟံဂုဏ် စိတ်ဝယ် ထုံ၍ ပုံပေါ်အောင် ရှုကြည့်၏။
- ဤသို့ဖြင့် ငါသည် အရဟံပုဒ် နှုတ်က လှုပ်ရုံလေး မျှဖြင့် ဝစီပယောဂပါရုံသာ ဆို၏။

အရဟံ- လူမင်း၊နတ်မင်း၊ဗြဟ္မာမင်းကြီးတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်ပါသော မြတ်စွာ ဘုရား။

သိဒ္ဓိ- ဘုရားတပည့်တော်၏ ပါရမီနှင့်အလိုက် ထိုက်သင့်ရာစခန်းပေါက်မှ ပြီးမြောက် အောင်ညွှန်ပြပေးသနားတော်မူပါ့ မြတ်စွာ ဘုရား။

ဤကား ငါရည်ရွယ်မှန်းထားသော သိဒ္ဓိ တည်း။

ထိုသို့ပြုပါမှ ငါ့စိတ်တွေ မြန်ဆန်မှန်း သိ လာ ရ၏။ ထိတိုင်းသိ-သိရန်ဆိုသော်လည်း သိစိတ် သည် (၁၀)လုံးထက် ခရီးစဉ်မပို့ချေ။ မသိစိတ်ထဲသို့ သာ မျောပါသွားချေတော့၏။

- မရအရပြုလုပ်မည် တင်းကြည့်၏ ပိုဆိုးသေး ၏။
- ဘာလို့မရရမှာလဲ ထန်ကြည့်၏။ ပို၍ပင် ကလန် ကဆန်ဖြစ်လာ၏။
- သည်လိုဆို ရမှရပါ့မလား လျှော့ကြည့်၏။ သာ၍ပင် ဆော့ဆော့လာချေသေး၏။

ဆန္ဒတစ်ခုကိုသာ အရင်းထားလျက်က သတိမေ့လျှော့ မျောလိုကမျောပါလေ။ အကယ်တိ တိ သတိဘက်သို့ အသိပြန်လည်လာသောအခါ ပို၍ ဂရုစိုက်ပေးလိုက်၏။ ကိုယ့်ဘက်ပါ အသာ ဆွဲယူနည်းကိုသုံးရ၏။ ထိုအခါ ပုတီးဆယ်လုံးခန့် ထွက်မည့်အစား ဆယ့်တစ်, ဆယ့်နှစ်ခန့်လောက် ရောက်မှ ထွက်တော့၏။ နောက်သော် နှစ်ဆယ် နှစ်ဆယ့်ငါး၊ နောက်သော် တစ်ဝက်လောက်အရောက် ကျမှ၊ နောက်သော် ဆုံးခါနီး၊ နောက်သော်အပြီး။

ဤသို့လျှင် တတိ တတိဖြင့် မသိဘက် အား နည်း အသိဘက်အားကြီးလာစေခြင်းဖြင့်သိမ်းသွင်း ယူခဲ့ရပါချေ၏။ ကာယကံ၏မနှေးမမြန်၊ ဝစီကံ၏ ပီပီသသ၊ မနောကံ၏ကြည်ကြည်မြမြ ကံသုံးစုံ ပုံတာချလျက်က ကြိုးစားပါသော် ပုတီး(၉)ပတ်၏ ခရီးစဉ်အချိန်သည်(၄၅)မိနစ်မျှ ကြာညောင်းခဲ့ချေ ရာ တစ်ပတ်၏ခရီးစဉ်မှာ (၅)မိနစ်ခန့်ဆိုရ၏။

ထို(၅)မိနစ်မျှအချိန်တိုလေးရှိစိတ်သည် သိစိတ် ချည်း ဖြစ်၍လာသောအခါ၊

ထို(၅)မိနစ်မျှ အချိန်တိုအတွင်း၌ စိတ်ကို ပစ္စုပ္ပန်တည့်တည့်၌သာ ထားနိုင်လာသောအခါ၊

ထို(၅)မိနစ်မျှအချိန်တိုလေးရှိစိတ်သည် မိမိ ကိုယ်ပိုင်စစ်စစ် ဖြစ်၍လာသောအခါ၊

ကျန် မိနစ်ပိုင်းရှိ စိတ်များကိုလည်း မိမိပိုင် တို့ချည်း ဖြစ်ရတော့သည်သာ။ တစ်ပတ်ပြည့်မျှ မိမိစိတ်မိမိ အပိုင်စည်းရုံးထားနိုင်လျှင်(၉)ပတ်လည်း မခဲယဉ်း။ (၁၀)ပတ်လည်းမခက်ပြီ။

ထိုသို့ဖြစ်လာရန်မှာ ရက်တစ်ပတ်ကြာမျှ အပြင်းအထန် လေ့ကျင့်ယူရ၏။ အိမ်မှာမရသဖြင့် ဥက္ကလာအနီး ဘုရားတွင်းသို့ ညလျှင်တိတ်ဆိတ် လူခြေတိတ်မှ သွားရောက်လေ့ကျင့်ရ၏။

ည၏တိတ်ဆိတ်ခြင်းကား ကိုယ်,စိတ် နှစ်ပါး ၏ ငြိမ်သက်အားကို များစွာတွန်းအားပေး၏။ ထို ကိုယ်,စိတ်နှစ်ပါး၏ ငြိမ်သက်အားကား သတိအား ၏ ကြီးထွားနှုန်းကို တိုးတက်စေ၏။

ကိုယ်,စိတ်နှစ်ပါးကလည်း ငြိမ်သက်နေ မည်။ သတိအားကလည်း ထားရာဘက်နားသက် နေမည်။ ထိုနှစ်ချက် အကွက်လည်လာသောအခါ

မဟာဗဓမ္မပါလ



တွင် မာယာများသောအရိုင်းစိတ်ကား မငြိမ်စရာ မရှိပြီ။

နွားသိုးဘယ်လောက်ဆိုးဆိုး ကြိုးနှင့်တိုင် ခိုင်မြဲနေသော် မတိုးရုန်းနိုင်။

လက်ရလက်မိ နွား သခင်က ခိုင်းစားတတ် လျှင် ခိုင်းရာလျှင်ရုန်းပေးသဖြင့် ကိုယ်အပိုင်။

ဤသို့လျှင်သဘောကျလာသောအခါ ငါ၏ ထံပါး၌ ဆန္ဒအားများသာမက ကြိုးစားလိုသော ဝီရိယအားလည်း တဖွားဖွားပေါ်ထွက်လာ ပြီတည်း။

## ဝေဘူကပေးသော စိတ်တန်ခိုးစိတ်သတ္တိ (သို့မဟုတ်) ဝီရိယမှ ဝီရိယဒ္ဓိ

ဝေဘူဆရာတော်ဘုရားကြီး ချီးမြှင့်လိုက် သော ဝိဇ္ဇာဖြစ်နည်း တထိထဲထိ တသိထဲသိကို ထိုသို့ ဖိဖိစီးစီးပြုကျင့်မိလာသောအခါ ငါ့စိတ်သည် ခိုင်ခန့်၍လာ၏။ တစ်ကြိမ်လျှင် နှစ်ဆယ့်ခုနစ်ပါတ် နှုံး (တြင်းကြေ နဝင်းကြေ) ဖြင့် အဓိဋ္ဌာန်ဝင်နိုင် လာ၏။ နေ့အခါ (တစ်ခါထဲ နှစ်လုပ်ပြီးဖြင့်) ရောင်းရင်းဝယ်ရင်းမှ၊ စိတ်အထိုင်ကျလာသော် ညအခါအဓိဋ္ဌာန်တစ်လုပ်ထဲ၌ အထူးအားကောင်း နေတတ်ပြီး အကယ်တိ နေ့ခင်းက စိတ်အထိုင် မကျသော် ည၌ အကြိတ်အနယ်ဖြစ်နေတတ်၏။ သို့နှင့်တစတစငါ့ရှိ သတိနှင့်အသိတို့သည် ကြီးထွား ၍လာကြရကုန်၏။

ကြာသော် မြို့တွင်း၌လည်း နေမရတော့ပြီ။ လူဝတ်ဖြင့်လည်း မနေလိုတော့ပြီ။ သို့ကြောင့် ၁၃၃၈-ခုနှစ်အကူး (၃၇မှအကူး) သင်္ကြန်တွင် စမ- တောင်(သာဝတ္ထိ-လယ်ဝေးမြို့နယ်)သို့ သွားရောက် ရန် စိတ်ကူးပေါ်လာ၏။ အကြောင်းမှာ ထိုအချိန် သည် ဝေဘူဆရာတော်ဘုရားကြီး ဝေဘူတောင်၌ မရှိသေးချိန်ဖြစ်၍တည်း။

ဝါမဝင်မှီ ယင်းစမတောင်၌သာ အဓိဋ္ဌာန် ဖြင့်နေမည်။ ဝါဝင်မှီ စမတောင်မှတဆင့် ဝေဘူ တောင်သို့ကူးပြောင်းကာ ဝေဘူဆရာတော်ဘုရား ကြီး၏ ခြေတော်ရင်းမှာပင် တရားအားထုတ်မည်။ ထိုမှ တရားလမ်းစ လက်ဆုပ်လက်မိရလျှင်ကား တောထွက်တော့မည်။

ဤသို့စိတ်ကူးများဖြင့် စမတောင်သို့ သင်္ကြန်အမီသွား၏။ ထိုစိတ်ကူးအတိုင်းလည်း သက်ဆိုင်ရာ ဆရာတော်ထံ ပန်ကြား၏။ သို့သော် စိတ်အခန့်မသင့်ပြီ။

နေနိုင်သည်။ သို့သော် သည်တောင်မှာ အချောင်လာနေ၍မရ။ သင်္ကြန်မတိုင်မှီကလာသူက လည်း ကိုငြိမ်းဆိုတာပဲ။ သူကလည်းပဲ ကျုပ်နာမည် သုံးပြီး လာနေတာ။ အခု ကျောင်းသော့ခတ်ပြီး ဘယ်သွားသည်မသိ။ ကျုပ်တို့တောင်က အလုပ်လုပ် သည့်တောင် အချောင်နေသည့်တောင်မဟုတ်။

ထိုစကားများ နာကြားရသဖြင့် ငါ့ကိုများ အလကားအကောင် ထင်နေသလားမသိ။ ဤသို့ သော ခုစိတ်များဝင်လာကာ သင်္ကြန်ပြီးသည်နှင့် ရန်ကုန်ပြန်လာခဲ့ရချေတော့၏။

အိမ်ရောက်သော် ဇနီးသည်က "စရိတ် ကုန်၍ပြန်လာသလား" ဆီးကြိုကာ ငေါ့ပါလေ တော့၏။ ငါတို့ကလည်း ကိုယ့်အကြံ အတွင်းခံက ရှိပြီးသားဖြစ်နေသဖြင့် "အေး" ဖြင့်သာ အေးလိုက် ရချေတော့၏။

ထိုဝါတွင်း၌ကား အထူးကြိုးစား၏။ ဇနီး သည်က လင်အဖြစ် အသိအမှတ်ပြုဆဲဖြစ်သဖြင့် လင်တာဝန်ကျေပွန်ရန်ဆိုကာ နံနက်ပိုင်း လူစည် ကားချိန် ဆိုင်၌ထိုင်ပေးရပြီး နေ့(၁၂)နာရီထိုးသည် နှင့် ရွှေတိဂုံအထက်ပစ္စယံသို့ တက်၍ အားထုတ်၏။ ရံခါ နောင်တော်ကြီးမှသာ အဓိဋ္ဌာန်ဝင်၏။ နောင် တော်ကြီး၌ ပို၍တည်ငြိမ်၏။ ဥပုသ်နေ့ ဆိုင်ပိတ်

မဟာဓမ္မပါလ



စေ၏။ အိမ်၌ ဥပုသ်သီတင်းစောင့်သုံးလိုသူများအား ဖိတ်ကြား၍ စုပေါင်းကာသီလယူကြ၏။ သက်ကင်းဖြင့်ဒါနပြု၏။ (၁၀)နာရီဖူးတွေ့ရသော သံဃာတစ်ပါး ဆီးကြိုပင့်၍လည်း ဆွမ်းကပ်မြဲဖြစ်၏။ ပြီးသော် သွားမြဲအတိုင်း ရွှေတိဂုံသို့သာ သွားခဲ့၏။ အခြားလုပ်ငန်းများ ဖြစ်ကြလေသော မဲနယ်လုပ်ငန်း၊ အသံချဲ့စက်အငှားလိုက်လုပ်ငန်းများကား ရပ်ဆိုင်းလိုက်ချေပြီ။ သီလကား နဝင်္ဂဖြစ်ပြီး တစ်ဝါတွင်းလုံး(၁၀၈)ရက်နှုန်းမှ လက်မလွတ်ခဲ့ချေပြီ။

ဝါတွင်းဥပုသ် (ဝါခေါင်လ၏ဥပုသ်)တစ်နေ့တွင် ရွှေတိဂုံ၏နောင်တော်ကြီးမှတစ်ဆင့် မိုးကောင်းစေတီသို့ကူးပြောင်း၍ အဓိဋ္ဌာန်ဝင်၏။ ထိုစေတီရောက်လေသောအခါ-ငါသည်စနေဒေါင့်မှ အရဟံ သိဒ္ဓိ ဂုဏ်တော်ဖြင့် (၂၇)ပတ်စိတ်အံ့။ ဤသို့လျှင် အဓိဋ္ဌာန် တင်၏။ သို့သော် တစ်ကယ်ဝင်လေသောအခါ ထိုစနေဒေါင့် လူမြင်ကွင်းမှ ပုတီးစိတ်ရမည်ကို ရှက်ရွံ့နေမိ၏။ ကောင်းမှု၌ ရှက်တတ်သောဓလေ့ကား မပျောက်သေး။

သို့ကြောင့် အနောက်ဘက်မျက်နှာမှ စေတီတော်နှင့်ကပ်လျက်တည်ရှိသော အာရုံခံတန်ဆောင်းတွင်း၏ စေတီတော်စနေဒေါင့်နှင့် နီးရာဘက်မှ ဝင်ရောက်ကာအဓိဋ္ဌာန်ပုတီးစိတ်၏။မရလေ။ တစ်ပတ်မပြည့်မီ စိတ်လွတ်လျက်သာရှိ၏။ ပိုကြိုးစား၏။ ပိုမရ။ တိုးကြိုးစားပြန်၏။ပိုဆိုး။ ကြာသော် ဒေါသဖြစ်လာ၏။ ဒါအနှောက်ဖြစ်ရမည်။ တစ်ဖက်စွဲချက်တင်မိ၏။

'ငါသည် ယခုအဓိဋ္ဌာန်ဖျက်သိမ်းလိုက်ပြီ။ ငါသည် သည့်ထက်အားကောင်းအောင် ကြိုးစားမည်။ ငါအားကောင်းလာသောထိုတစ်နေ့ သည်နေရာမှ သည်ဂုဏ်တော် သည်ပုတီးပတ်ရေအတိုင်း ဆက်ဆက် လာရောက်အားထုတ်မည်။ ယခုသွားပြီ'

ဤသို့စိတ်ဖြင့် ကြုံးဝါးပြီးအိမ်ပြန်လာခဲ့၏။ မကျေချမ်းစိတ်က လမ်းတစ်လျှောက်မှ အိမ်အထိ လွှမ်းမိုးလာ၏။ အိမ်ရောက်သဖြင့် ဧည့်သည်များကို ဧည့်ခံနေရသော်လည်း တစ်လုံးထိ တစ်လုံးသိ အမြဲရခဲ့ရာမှ ယနေ့မရလေသည်ကိုအောက်မေ့ကာ စိတ်မရွှင်ပြီ။

ည၌ အိပ်မက်မက်လေပြီ။

မိုးကောင်းဘုရားဝင်းမှ ဒေါ်စံမယ်ဆိုသော မိန်းမကြီး(ယောဂီဝတ်စုံပြည့်ဝ'်)သည် အောင်မြင်သောအသံကြီးဖြင့် 'မီးလောင်နေပြီ ထီးယူခဲ့ကြပါ' အော်၏။ ဘုရားတစ်ဝင်းလုံးလည်း စေတီပါမကျန် မီးဟုန်းဟုန်းတောက်လောင်နေသည်ကို အိပ်မက်ထဲ၌ပင် အထင်းသားတွေ့နေရ၏။

ဇနီးသည်က "အိမ်က မိန်းမဆောင်းထီးလေး သွားပို့ချေရအောင်" ဆို၏။

ငါတို့က "မပို့နှင့်ဟ" နေ့ကမကျေနပ်စိတ်မပြေသေး၍ပြောလိုက်၏။

ထိုအခါ "မီးလောင်နေတုန်း ဝေဒနာပရိတ်မရွတ်ဖတ်ရဘူး။ စနေထီးရိုး မီးညွန့်ကျိုးအောင် သဲမိုးကြီးရွာချတော်မူပါဘုရားလို့ ဆိုရတယ်" အကြံပေး၏။ ထိုစဉ်ခဏ၌ပင် ရွှေတိဂုံ နောင်တော်ကြီးမှနေ ယောကျ်ားဆောင်း ဖဲထီးလေးတစ်လက်ပွင့်လျက်က မိုးကောင်းစေတီသို့ ကောင်းကင်မှ ပျံတက်လာရာ မီးသည် တစ်ခဏချင်း ငြိမ်းအေးသွားသော ဟူ၏။

ပြီးသော် လန့်နိုး၏။ အိပ်မက်ပါအကြောင်းခြင်းရာကို ဆင်ခြင်ကြည့်မိ၏။

'ဟုတ်ပေသားပဲ ငါကလည်းမှားသေး ငါကလည်း အာဃာတထားသေး၊ ခမျာမှာ ငါ့ကြောင့်အရေးယူခံနေကြရရှာပြီကော' ငါကား အတတ်သိလိုက်ရပြီ။ ငါ၏ စူးရှထက်မြက်လာပြီဖြစ်သော စိတ်တန်ခိုး, စိတ်သတ္တိတို့၏ အစွမ်းအစ ပြသနေပြီဖြစ်ကြောင်းလည်း သိလိုက်ရပြီဖြစ်၏။ ထို အိပ်မက်ကား ၄င်းတို့အတွက်လည်းပါ ငါ့အတွက် သတိပေးတာလည်းပါ ဖြစ်နေချေပြီ။

မဟာဗမ္မာပါလ



အိပ်မက်ဟူသည် စိတ်စွဲလန်းလွန်းလှ၍၊ သွေးလေတို့မညီမျှ၍၊ နတ်တို့ကသတိပေးလို၍ ဤသို့သုံးမျိုးပင်ရှိချေရာ နိုးလာသည်နှင့် ဆင်ခြင်ကြည့်။

စွဲလန်းရာမှ ဖြစ်ပေါ်လာသောအိပ်မက်မျိုးသည် ယမန်နေ့က မိမိခံစားခဲ့ရဖူးသော အာရုံ၊ ထိုအာရုံ၏ တိုက်ခိုက်ရာအလိုက် ကြိုက်စွဲ-မကြိုက်စွဲ၊ ၎င်းတို့နှင့် တစ်ထပ်တည်းကို တွေ့ရှိရမည်ဖြစ်၏။

သွေးလေမညီမျှသော ဆောင်းညအခါ၏ အိပ်မက်၊ ဆီးဝမ်းသွားလိုလျက်က အိပ်ပျော်နေရာမှထမက်သောအိပ်မက် ၎င်းတို့ကားအမြီးအမောက်မတည့်တတ်။ တည့်သော်မှ မှုန်ဝါးဝါးသာ။

နတ်တို့ကသိစေလိုသော အိပ်မက်မျိုးကား စင်းလွန်းရှင်းလွန်းလှချေ၏။ ရုံတစ်ခါ ပြီးခဲ့သော ဖြစ်ရပ်ဟောင်းများကို ထောက်ပြခြင်း၊ သတိပေးခြင်းများဖြစ်နေတတ်ပြီး ရုံတစ်ခါ နောင်ဖြစ်ပေါ်လာမည့် အနာဂတ်ကိစ္စရပ်များတို့ကို သတိပေးခြင်း၊ နှိုးဆော်ခြင်းများ ဖြစ်နေတတ်၏။

အထက်ကဆိုခဲ့ပြီး အိပ်မက်ကား ယမန်နေ့က မိုးကောင်းဘုရားတွင်းမှာ ဖြစ်ပေါ်ခဲ့သော ကိစ္စကို သတိပေးခြင်းဖြစ်၏။ ငါမှားတာလည်းပါ၏။ သူတို့ခံရတာလည်းပါ၏။ စိတ်မကောင်းမိ။ နောက်ရက် ဆက်၍သွားရောက်ဖြေသိမ့်ရန် ဆုံးဖြတ်လိုက်၏။ နောင်အခါ ဤကဲ့သို့ စိတ်လိုက်မာန်ပါ မဆင်မခြင် မပြုကျင့်မိစေရန်လည်း သတိပြုမိ၏။ မည်သည့်ကိစ္စမဟူ တိုးဝင်လာသော လောကဓံမှန်သမျှ မေတ္တာဖြင့်သာ ခုခံလျက်က ကျော်လွှားမည် ဟူ၍လည်း စိတ်မှလည်းကြံ၏။ နှုတ်အားဖြင့်လည်း အဓိဋ္ဌာန်၏။

နောက်ရက်တွင်ကား ထိုနောင်တော်ကြီးမှ တစ်ဆင့်သာ မိုးကောင်းသို့သွားခဲ့၏။ မီးဆိုဖယောင်းတိုင်မီးပင်မပါတော့။ သပြေပန်းစီး လက်ကကိုင်လျက်က စေတီတော်ကြီး၏ စနေဒေါင့်ကနေ အဓိဋ္ဌာန်ဝင်၏။ ပုတီးအပတ်(၂၇)၊ အရဟံဂုဏ်တော်ဖြင့်။

လားလား. . ငါ့ရှေ့၌ မှောက်လျက်သားလုံးကြီးပေါက်လှကလေးမ သူ့ကျောပြင်မှာ အရှိုးအဖု ဒဏ်ရာတွေနှင့် တစ်ကိုယ်လုံးစပ် ထပ်နေပါရောလား။ ငါတို့ စိတ်မကောင်းတော့ပြီ။ မဆင်မခြင် ငါ၏ပုတ်ခတ်ဒဏ်သည် တစ်ဖက်၌ မရှုမလှ ခံနေရရှာချေပြီ။

သစ္စာလက်နက်သည် နေကဲ့သို့ ပူပြင်း၍ ဓါးတစ်စင်းကဲ့သို့ ရှတတ်သော သဘောကို ငါတို့ နားလည်၍လာ၏။ သို့ကြောင့် သာသနာ့ကိစ္စ အခက်ကြုံလျက်က အကျဉ်းအကျပ်တွေ့သော်မှလည်း မေတ္တာဖြင့်သာကျော်လွှားတော့၏။ ငါ့အခက်အခဲကြောင့် တစ်ဖက်စိတ်မဆင်းရဲပါစေနှင့်။ ငါ၏မပြေသေးသောကြွေး မေတ္တာဖြင့်သာ ပေးဆပ်ချေတော့၏။ စင်စစ် တစ်ကိုယ်ကောင်း ဆန်ဆန် ကိုယ့်ကိစ္စနှင့် ကိုယ်ကောင်းဖို့ရာသာ ကြံခြင်းသည် သူတော်ကောင်းတို့၏ သဘောထားမှန် မဟုတ်ပြီ။

## တစ်သက်ပန်ကိစ္စ ပေးလာသောသီလ ဂုဏ်တရက်လက်ခံ မှန်ပါ့မလား

ထိုသို့ဝေဘူဆရာတော်ဘုရားကြီး နည်းပေးသောအတိုင်း အထိပေါ်အသိဖြင့် ဖိအားပေးပြုကျင့်သဖြင့် စိတ်အာရုံ အထုံစွဲလာသောအခါ-

တစ်ညအိပ်မက်တစ်ခု ရလာပြန်ပြီ။

ငါတို့သည် အဖော်များနှင့်အတူ ငါးယောက်သား နန္ဒဝန်ဈေးကြီး၏ လက်ဖက်ရည်ဆိုင်ထဲ၌ လက်ဖက်ရည် ထိုင်သောက်ကြ၏။ ပြီးသော် လက်ဖက်ရည်တစ်ခွက်လျှင်(၈ဝ)ပြားနှုန်းဖြင့် ငါတို့

မဟာဗောဓိ



က ရှင်းပေးရာ ငါ၏ဘေးရှိတစ်ယောက်က ထ၍ တစ်ခွက်တစ်ကျပ်နှုန်းဖြင့် ရှင်းပေးရန် တိုက်တွန်းသော ဟူ၏။

ဘာလဲ. . . သည်အိပ်မက်က

သိလိုက်ပြီ။ ငါ၏ငါးပါးသောသိက္ခာပုဒ်များ၌ (၈၀)ရာခိုင်နှုန်း ကတိပေးထားပါလေသည်ကို တင်းပြည့်ကျပ်ပြည့်ပေးရန် တိုက်တွန်းနှိုးဆော်လာခြင်းပေကိုး။

ယခင်က-

- -ငါသည် သူတစ်ပါးသွားမသတ် ငါ့အားနှိပ်စက်လာသော် ခုခံသောအားဖြင့် သတ်ရလိမ့်မည်။
- -ငါသည် လမ်းတွေ့ ရွှေငွေပစ္စည်း စီးပွားဖြစ်မဟုတ် မယူ။ စီးပွားဖြစ်လောက်က ကောက်ယူဦးမည်။
- -ငါသည် သူ့မယား သူ့သမီး သွားရောက်မဖျက်ဆီး။ သူတို့က စလာလျှင်ကား အားပါဦးမည်။
- -ငါသည် ကိုယ်ကျိုးမထိခိုက် မုသားမသုံးသေး။ ထိခိုက်စရာကိစ္စဆိုက သုံးလိမ့်ဦးမည်။
- -ငါသည် ကိုယ်တိုင်ကားအရက်မသောက်။ သူတစ်ပါးတို့က တိုက်လာသော်ကား သောက်လိမ့်ဦးမည်။

ဤကတိများကား (၄၅)ရက်အဓိဋ္ဌာန်ဝင်ပြီးနောက် ၄င်းတို့က အိပ်မက်ပေး၍ တောင်းစဉ်ကပင် ပေးထားသောကတိဖြစ်ချေ၏။ ကိုယ့်ကိုယ်ကို စိတ်မချသဖြင့် မတင်မကျပေးထားခြင်းမျိုးဖြစ်ချေ၏။ ရွှေတစ်နေ့ ငွေတစ်နေ့ ငါ့စိတ် စိတ်မချလွန်းသောကြောင့်တည်း။

သည့်အတူပင်လျှင် ဘုရားမှတစ်ပါး ဘာကိုမျှ မကိုးစားခဲ့သောငါ့ကို အိမ်တွင်းနန်း ထားရန် (အိမ်တွင်းအုန်းဆွဲရန်)ကိုလည်း အိပ်မက်ပေးခဲ့၏။ မြင်းဖြူရှင်ခေါ် ရိုးရာဖော်ရန်ကိုလည်း အိပ်မက်ပေးခဲ့၏။ ပွဲပြင်ရန်ကိုလည်း အိပ်မက်ဖြင့်ပင် နှိုးဆော်ခဲ့သေး၏။

ထိုအားလုံးကိုလည်း ခိုင်းတိုင်းလျှင် ရုတ်တရက် မလုပ်ခဲ့။ ငါ့စိတ်တွင်း၌ ဖြစ်ပေါ်ခဲ့သော ရှိရင်းစွဲဆန္ဒမှာ အာရုံဖြင့်သော်လည်းကောင်း၊ အိပ်မက်ဖြင့်သော်လည်းကောင်း၊ အမြင်အကြားအားဖြင့်သော်လည်းကောင်း ကျင့်ရမည့် ကျင့်စဉ်တစ်တစ်ခုပေးလေတိုင်း ဘုရားဟောထားသော သဘောသွားနှင့်ကိုက်ညီခဲ့သော်- အနူကပေးပေး၊ အရူးကပေးပေး၊ သူတောင်းစားကပေးပေး လက်မနှေးလိုက်နာမည်။ ဘုရားဟောနှင့်မကိုက်သော် လိုက်နာလိမ့်မည်မဟုတ်ဟူသော အစွဲကလည်း ကြီးလေးလှ၏။

တစ်ဖန် တစ်သက်ပန်ကျင့်ရမည့် ကျင့်စဉ်တစ်ခုကို ရုတ်တရက် ဖြစ်ပေါ်လာသော စိတ်ကစားမှုမျိုးဖြင့် လိုက်နာခြင်းမျိုးကိုလည်း မလိုက်နာလိုသောဆန္ဒကလည်း ကြီးလေးလှချေ၏။ သို့ကြောင့် တစ်ကြိမ်ခိုင်းရုံမျှဖြင့်လည်း မလုပ်တတ်။ ခိုင်းတိုင်းလည်း မလုပ်တတ်။

အထက်ကဖော်ပြခဲ့သော အိမ်တွင်းမင်း မဟာဂီရိကိစ္စ၊ ရိုးရာကိစ္စ၊ ပွဲကိစ္စနှင့် သီလတို့၌လည်း အကြိမ်ကြိမ်အိပ်မက်ပေးမှ ပြုကျင့်ခဲ့ပါချေ၏။ ဘိုးတေဇကလည်း သူတို့စောင့်ရှောက်လိုသဖြင့် အသိမှတ် အပြုခိုင်းတာပါဟူ၍ ဝင်ရောက် တိုက်တွန်းသေး၏။ သို့ကြောင့် ပြုကျင့်ခဲ့၏။ ပြုကျင့်ပါသော်မှ နတ်တင်သည်ဆိုသောစကား နားမဝင်ခဲ့ပြီ။

"ငါသည် သင်တို့အတွက် ဒါနဆက်ပါ၏။ သင်တို့သည် ငါပြင်ပေးထားသော ဤဒါနပွဲဖြင့် ဘုရားကပ်လှူပါလေ" ဟူ၏။

၄င်းတို့ကလည်း ထိုအတိုင်းပင် ပြုကျင့်နေပါကြောင်း ထပ်မံကာ အိပ်မက်ပေးခဲ့ကြ၏။

တစ်ဖန် ညအ၏လူခြေတိတ်ချိန် အိမ်တွင်အဓိဋ္ဌာန်ဝင်ရာ၌ ထိုအိမ်တွင်းအုန်း ဆွဲထားရာ အိမ်၏အလယ်ခေါင်တိုင်ထိပ်မှနေကာ ပွပ်-ပွပ်-ပွပ် အသံပေး၍ အောက်သို့ဆင်းလာသံကိုလည်းကောင်း၊ ငါ၏ အဓိဋ္ဌာန်ဝင်ရာ ပတ်ပတ်လည်သို့ လက်ဝဲရစ်

မဟာဗမ္မာပါလ



တစ်ပတ်ပတ်လျက်က လှည့်လည်ပြီးမှ ထိုလာရာ လမ်းအတိုင်း အလယ်တိုင်၏ခေါင်အထိ ပြန်လည်တက်သွားပါသည်ကိုလည်းကောင်း အသံကြားမြဖြစ်လာတတ်၏။ မည်သည့်အရာဟူ၍ကား မသိရ။ ဘိုးတေဇမေးကြည့်လည်း ပြုံးပြရုံသာ။

နောင်သော် အိမ်တွင်းကိုယ်တော်ကြီးကို နံနက်အိပ်ရာထလိုသောအချိန် နှိုးပေးပါရန် ပန်ကြားလေတိုင်း နာရီချိန်မလွဲ နှိုးပေးတတ်သေး၏။

တစ်နေ့ နံနက်(၂)ချက်တီး နှိုးပေးရန်-တောင်းပန်ထား၏။ နှိုးလည်းနှိုး၏။ ငါတို့က မထ၊ ပေအိပ်၏။ ထိုအခါ အနီးရှိလက်ဖက်ရည်ပန်းကန်ထဲသို့ တီကောင်သေးသေးလေးများ ထည့်ကာ 'သည်လောက်အအိပ် မက်တဲ့ကောင် ရော့သောက်' အတင်းတိုက်လေရာ ငါတို့ကား ဝေါကနဲ အံထုတ်ရင်းက ငုတ်တုတ်ထိုင်မိလျက်သား ဖြစ်သွားခဲ့ရ၏။

ထို အိမ်တွင်းကိုယ်တော်ကြီးကား အသားညိုညို ပိန်ရှည်ရှည် မျက်ခုံးမွှေးထူလျက်က ဖြူသောပုံစံရှိ၏။ မျက်နှာသွင်မှာ သွယ်လျပြီး ပြုံးတုံ့ပြုံးတုံ့သာ ရှိချေ၏။

မြင်းဖြူရှင်ဆိုသည်ကား ခေါင်းပေါင်းစ အကြားကို ညာဘက်တစောင်းပေါင်းပုံပြ၏။ ရိုးရာအလိုက် ငါးအမြီးစုံခေါင်းစုံပါဝင်ရသော်လည်း ငါတို့ကား သက်ကင်းစားသဖြင့် မထည့်ပြီ။ မုန့်ဆီကြော်အဖြူ၊အနီ၊လက်ဖက်၊ဆေးပြင်းလိပ်၊ ကွမ်းယာများဖြင့်သာ ဒါနဆက်ပေးခဲ့၏။ ၎င်းသည် ခရီးသွားလေရာ၊သာသနာ့ကိစ္စ ဆောင်ရွက်လေရာတိုင်းတို့၌ လိုက်ပါအကူအညီပေးတတ်၏။ အင်းဝိဇ္ဇာကြီးများ၏ လက်အောက်ခံဖြစ်သည်ဆို၏။ ထိုအင်းဝိဇ္ဇာကြီးတို့က လူ့ပြည်ရှိ ၎င်းတို့သားသမီး အဓိဋ္ဌာန်ဆောင်တို့အား အင်းချီးမြှင့်လိုသောအခါ ၎င်းမြင်းဖြူရှင်မှတစ်ဆင့် ပေးသည်ဆို၏။ ထိုအင်းမှန်သမျှတို့သည် ရန်ကာအင်းများသာဖြစ်တတ်၏။

ငါတို့ကိုကား အင်းကိုလည်းကောင်း၊ ဆေးကိုလည်းကောင်း၊ အဆောင်ကိုလည်းကောင်း၊ အိပ်မက်ဖြင့်သာ မည်သည့်နေရာလာ ဟူ၍လည်း ချိန်းပေးတတ်၏။ မည်သည့်ဘုရား၏ မည်သည့်အရပ်၊ မည်သည့်အနားမှာ ဟူ၍လည်း ဂဃ,နဏ ညွှန်ပေးတတ်၏။ ရံတခါ အာရုံညွှတ်ခေါ်ကာ ပေးသည်လည်းရှိ၏။ အများအားဖြင့် အိပ်မက်ပေးသာ များခဲ့၏။ အမြင်အကြားတို့ကား ၁၃၃၇-ခုနှစ် ဝါဦး၏(၁၀၈)ရက်စခန်းမှနောက် အမြဲဖြစ်ပေါ်တတ်၏။

ကိစ္စတစ်ခုထူးနေလျှင် ကျောပြင်ထက်မှာ ကြက်သီးတစ်ချက် ဖျန်းခနဲ တက်လာတတ်၏။

ဘာလဲ- မျက်စိမှိတ်၍ အာရုံယူကြည့် အထင်းသား မြင်တွေ့နေရတတ်၏။

မယုံသောဘုန်းကြီးလူထွက် ဂိုဏ်းအလုပ်ဘက် စိတ်ဓါတ်ထက်သန်လျက် ရှိချေပြီ။

ပွဲနှင့်ပတ်သက်၍ကား ဂိုဏ်းပွဲကားမဟုတ် သာသနာပွဲမျှသာ။ ငါ့၌ ဂိုဏ်းစွဲ၊ ပုဂ္ဂိုလ်စွဲလည်း မရှိခဲ့။ သိဒ္ဓိ,မဟိဒ္ဓိ ဂရုမစိုက်။ ငါ့စိတ်ကလေး ငါ့လက်ထဲ ရောက်ရန်ကိုမျှသာ။ ငါ့စိတ်ကလေး ငါ့လက်ထဲရှိနေလျှင် ငါထားလိုရာထားလို့ရပြီ။ ငါကောင်းချင် ကောင်းရာထားဖို့သာ ရှိချေသည်။ ငါအထက်တန်းစား ဖြစ်လိုလျှင် အထက်တန်းထားဖို့သာ ရှိချေသည်။

ဤ နှလုံးသွင်းဖြင့်ပင် အဓိဋ္ဌာန်ဝင်၏။

ဤ နှလုံးသွင်းဖြင့်ပင် ပွဲပြင်၏။

ထိုပွဲကား ဝန်ချတောင်းပန်ပွဲတည်း။ ငါသည် ဘုရားအဆူဆူနှင့် ဆုံခဲ့ဘူး၏။ ဘာသာခြားဘဝ ဖြစ်မှားခဲ့သည်ကများ၏။ ယုတ်စွအဆုံး ခွေးဘဝဖြင့် ထ,ဟောင်ခဲ့ဘူးသည်များလည်း ရှိမည်သာဖြစ်ခဲ့၏။ ထိုထိုဘုရား ငှက်ပျောတစ်ဖီးဖြင့် ဝန်မချသင့်လား။

ငါသည် ဘုရားဟောထား တရားအစားစား

မဟာဓမ္မပါလ



ကိုလည်း နာကြားခဲ့ရဘူး၏။ ဘာသာခြား-နားဖြင့် ကြားမိသောစကား ပြစ်မှားမိခဲ့သည်က သေချာလှ၏။ ထိုထိုတရား ငှက်ပျောတစ်ဖြီးဖြင့် ဝန်မချသင့်လား။

ဤသို့လျှင် ဘုရားတိုင်း၏ လက်ဆက်ခံသာဝကအစားစား၊ ဘုရားတိုင်း၏ လက်ဆက်ခံမိဘများ၊ ဘုရားတိုင်း၏ လက်ဆက်ခံဆရာသမားများ ငှက်ပျောတစ်ဖြီး-တစ်ဖြီးထားဖြင့် ဝန်ချကန်တော့သင့်သည်ဟု သဘောပေါက်လာမှ ပွဲပြင်ခဲ့ရ၏။ သီလကိုကား အိပ်မက်ပေး၍ ကတိတောင်းလေသူများ စိတ်ကျေနပ်ရုံမျှသာ ပေးထားမိ၏။ အဘယ့်ကြောင့်ဆိုသော် နောက်ဆွဲခြေတစ်ဖက် ရှေ့သို့ဆက်၍ ပစ်မချနိုင်ရက်လေသောကြောင့်။

ယခုသော်ကား အတိအလင်းကြီး ကတိတောင်းနေပါပကောလား။

အိပ်မက်ကလည်း ဆက်တုန်းပင်၊ ငါတို့ကလည်း စဉ်းစားတုန်းပင်၊ အဖြေမပေးမိသေး။

ထိုအချိန်က ငါတို့၏ သီလဂုဏ်သတင်းသည် ပတ်ဝန်းကျင်မျှသာမက အဝေးအနီး လူလူချင်း မသိရာအထိပင် ပျံ့နှံ့စပြုနေပြီဖြစ်၏။ သတင်းမေး၍ လာရောက်တွေ့ဆုံသူများလည်း မနည်းလှ။ ညတိုင်း ဆွေးနွေးသူ၊ မေးသူများလည်း မနည်းလှ။

'အများကတော့ဖြင့် မင်းကို သူတော်ကောင်းကြီးလို့ အသိအမှတ်ပြုကုန်ကြပြီ။ မင်းကကော မင်းကိုယ်မင်း သူတော်ကောင်းလို့ အသိအမှတ်မပြုချင်သေးဘူးလား' ကိုယ့်ကိုကိုယ်မေးကြည့်ရ၏။

'သည်အချိန်မှာ မင်း-သူများသတ်ချင်သေးလား။ သူ့ဥစ္စာယူလိုသေးလား။ သူ့မယားကျူးလွန်၍ ကောင်းမလား။ လိမ်လို့ကောကောင်းမလား။ မူးယစ်ပျော်ပါးနေလို့ကော ကောင်းတော့မလား'

ဤသို့လျှင် ကိုယ့်ကိုယ်ကို နေ့စဉ်ရက်ဆက် ပြန်ကာလှန်ကာ မေးနေမိ၏။ အဖြေမှာ-

- ကြားသတင်းနှင့်မြင်ခင်း အသွင်ချင်းမတူလျှင် မသင့်တော်တော့ပြီ။
- သူတော်ကောင်းနှင့်တူအောင်လုပ် သူတော်ကောင်းရုပ် ပေါက်သင့်ပြီ။

ဤသို့ဆုံးဖြတ်ချက်ချ၍ ငါးပါးသီလခေါ်ကိုယ်ကျင့်သိက္ခာများကို တစ်သက်ပန်လုံး ပါဏုပေတံ အဖြစ် ကျင့်သုံးအံ့ဟူ၍ အဓိဋ္ဌာန်လိုက်၏။ သို့သော် နေဦး. . နေဦး-

အကယ်၍များ သူတစ်ပါးက သင့်ကို အသေသတ်ရန်ကြိုးစားလာလျှင် သင်ဘယ်လိုလုပ်မတုန်း ပြန်မေးမိ၏။

အသေမခံနိုင်ပြေးမှာပေါ့။ မလွတ်သော် ခံလိုက်မှာပေါ့။

ဟုတ်ပြီ။

အကယ်၍များ ရွှေပုံငွေပုံ၊ ရွှေထုပ်ငွေထုပ်ကြီးများ လမ်းတွင် အဆင်သင့်တွေ့လျှင်ကော။

မျက်စိမှိတ်ကျော်သွားမှာပေါ့။ မကျော်နိုင်ပိုင်ရှင်ဖော် အော်ပေးလိုက်မှာပေါ့။

ဟုတ်ပြီ။

အကယ်၍များ သူ့မယားက ကွယ်ရာတွင် နှစ်ကိုယ်ချင်းတွေ့တုန်း ဗလက္ကာရပြုကျင့်မည်။ အလိုမတူ အော်ဟစ်မည်ဟူ၍ အရေးဆိုကာ ခွင့်တောင်းလာလျှင်ကော။

ခေါင်းတွင်တွင်ခါယမ်းပြမည်။ စွပ်စွဲလည်း ဟုတ်တိုင်းအမှန် ငံ့ခံ ခံလိုက်မည်။

ဟုတ်ပြီ။

အကယ်၍များ ကိုယ့်သိက္ခာကျလျက် ကိုယ်ကျိုးပျက်စေမည့် ကိစ္စမျိုးကို မုသားသုံး မဖုံးကွယ်လျှင်ကော။

ဟုတ်လျှင်ဟုတ်သည်။မဟုတ်ကမဟုတ်ဘူး။ မှန်ရာသုံး၍ မုသားမဖုံးဘဲနေလိုက်ရုံပေါ့။

ဟုတ်ပြီ

မဟာဗောဓိပါဠိ


အကယ်၍များ သူတစ်ပါးက အရက်သေစာ အတင်းတိုက်လာခဲ့လျှင်ကော။

သူသောက်လိုသောက် ကိုယ်မသောက်ဘဲ နေလိုက်ရုံပေါ့။

ကောင်းပြီ။

ဤသို့အဖြေရခဲ့သော် ည(၇)နာရီသို့ရောက်လေသောအခါ-

-အဇ္ဇတဂ္ဂေပါဏုပေတံ-ပါဏာတိပါတာ-
ကာယေနဝါ ဝါစာယဝါ ဝေရမဏိ သိက္ခာပဒံ
သမာဒိယာမိ။

-အဇ္ဇတဂ္ဂေပါဏုပေတံ-အဒိန္နါဒါနာ-
ကာယေနဝါ ဝါစာယဝါ ဝေရမဏိ သိက္ခာပဒံ
သမာဒိယာမိ။

-အဇ္ဇတဂ္ဂေပါဏုပေတံ-ကာမေသုမိစ္ဆာ စာရာ-
ကာယေနဝါ ဝါစာယဝါ ဝေရမဏိ သိက္ခာပဒံ
သမာဒိယာမိ။

-အဇ္ဇတဂ္ဂေပါဏုပေတံ-မုသာဝါဒါ-
ကာယေနဝါ ဝါစာယဝါ ဝေရမဏိ သိက္ခာပဒံ
သမာဒိယာမိ။

-အဇ္ဇတဂ္ဂေပါဏုပေတံ-သုရာမေဒယ မဇ္ဇပမာ
ဒဋ္ဌာန-ကာယေနဝါ ဝါစာယဝါ ဝေရမဏိ
သိက္ခာပဒံ သမာဒိယာမိ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဘုရားတပည့်တော်သည် သူ့အသက်သတ်ဖြတ်ခြင်းမှ ကိုယ်အားနှုတ်အားဖြင့် ယနေ့မှစ၍ အသက်ထက်ဆုံး ရှောင်ကြဉ်ပါတော့မည်ဘုရား။

ဘုရားတပည့်တော်သည် ပိုင်ရှင်သည် ကိုယ်ဖြင့်နှုတ်ဖြင့်မပေးသော သူ့ဥစ္စာကို ယူငင်ခြင်းမှလည်း ယနေ့မှစ၍ အသက်ထက်ဆုံး ကိုယ်အားနှုတ်အားဖြင့် ရှောင်ကြဉ်ပါတော့မည်ဘုရား။

ဘုရားတပည့်တော်သည် ကာမယုတ်စုမ့်ကျမှားမှုဖြစ်သော သူ့မယားကြား သွားလာခြင်းမှလည်း ယနေ့မှစ၍ အသက်ထက်ဆုံး ကိုယ်အားနှုတ်အားဖြင့် ရှောင်ကြဉ်ပါတော့မည်ဘုရား။

ဘုရားတပည့်တော်သည် လိမ်လည် လှည့်ဖြား မုသားဆိုခြင်းမှလည်း ယနေ့မှစ၍ အသက်ထက်ဆုံး ကိုယ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်း ကောင်း ရှောင်ကြဉ်ပါတော့မည်ဘုရား။

ဘုရားတပည့်တော်သည် မေ့လျော့ခြင်း၏ အကြောင်းရင်းဖြစ်သော သေရည်သေရက် သောက်သုံးခြင်းမှလည်း ယနေ့မှစ၍ အသက်ထက်ဆုံး ကိုယ်အားနှုတ်အားဖြင့် ရှောင်ကြဉ်ပါတော့မည်ဘုရား။

ဤသို့လျှင် ကိုယ်ကျင့်သိက္ခာ၊ ဝတ်ငါးဖြာကို ကာယ-ဝစီအားဖြင့် ထိန်းသိမ်းရန် ကတိပြုမိပါ၏။ ဤသို့ကတိပြုရာ၌ သစ္စာရေခွက်ကိုကိုင်လျက်ကပြုပြီး-ပြီးသည်နှင့် ထိုရေကို ဘုရားရှေ့တော်မှောက်မှာပင် သောက်ချလိုက်ပါ၏။ စိတ်အားဖြင့်ကား မိမိမနော မိမိမပိုင်သေးသည်ကတစ်ကြောင်း၊ သမာဓိအရာဖြစ်ခြင်းကြောင့်လည်းကောင်း ချန်လှပ်ထားခဲ့ပါ၏။

စိတ်သည် မမြင်ရဘဲလျက်က အထင်ကရတရားဖြစ်ချေ၏။ ကိုယ်လဲသော်ထူပေး၍ရသော်လည်း စိတ်လဲသော်ကား ထူပေး၍လည်းမရတတ်။ သို့ကြောင့် စိတ်ကိုကား မည်သူမျှအစိုးမရ။

နိုင်ငံတော်အစိုးရမင်းများသည် ပြည်သူတို့၏ ကိုယ်နှုတ်ကိုသာ အစိုးရ၏။ စိတ်ကိုကား အစိုးမရပြီ။ စိတ်ဖြင့်သတ်ဖြတ်သောလူသတ်မှုမည်သည့်အစိုးရကမျှ အရေးမယူနိုင်။ သည့်အတူ-စိတ်ဖြင့်ခိုးသော ခိုးမှုကိုလည်းကောင်း၊ စိတ်ဖြင့်ကျင့်သော မုဒိန်းမှုကိုလည်းကောင်း၊ စိတ်ဖြင့်လိမ်သော လိမ်လည်မှုကိုလည်းကောင်း၊ စိတ်ဖြင့်ပြုသော မူးယစ်ရမ်းကားမှုကိုလည်းကောင်း၊ အစိုးရတိုင်းကပင် လျစ်လျူရှုထားရမြဲဖြစ်၏။ အစိုးရမင်းများသာမဟုတ် ကာယကံရှင် (အလွန်ကျူးခံ)တိုင်းလည်း တိုင်ကြားရကောင်းမှန်း မသိခဲ့ကြ။

စိတ်ဖြင့်လွန်ကျူးသွားသော မုဒိန်းမှုကို ကာယကံရှင်ကား သိပင်မသိလိုက်ရချေပြီ။ သို့ကြောင့် အုပ်ထိန်းခြင်းကင်းသော ထိုစိတ်သည် သောင်းကျန်းချင်တိုင်းသာ သောင်းကျန်းနေတော့၏။ ထိုစိတ်ကို နိုင်နင်းသောအရာကား သမာဓိတရား တစ်ပါးတည်းသာတည်း။

## ဘုရားရှေ့တစ်ခါယူ နွားရှေ့လည်း တစ်ခါယူဦးမှ

ငါးပါးသော ကိုယ်ကျင့်သိက္ခာများကို ဘုရားရှေ့၌ကား ခံဝန်ကတိ ပြုခဲ့ပြီးချေပြီ။

သို့တစေလည်း ထိုဘုရားရှေ့၌ သတ်စရာစသည့် လွန်ကျူးစရာမရှိ လုံခြုံ၏။ ဘုရားရှင်သာသနာထွန်းကားရာ အရိပ်အာဝါသတို့အောက်ဝယ် သီလမလုံခြုံစရာကား မရှိပြီ။ သတ်စရာမရှိရာ၌ မသတ်ဖြစ်သောသီလမျိုးကား ကြက်သည်မထံ၌လည်းရှိ၏။ ထိုကြက်သည်မလည်း သတ်စရာကြက်မရှိခင် မသတ်ဖြစ်ချေပြီ။

သည့်အတူ ခိုးယူစရာများနှင့် ပက်ပင်းမကြုံမီ လုံခြုံသောသီလ၊ ကာမကိစ္စ အခွင့်အရေးမရမီ ကင်းပသောသီလ၊ အသက်ဘေး၊စီးပွားပျက်ဘေး မတွေ့မီ လုံခြုံစေသောမုသားသီလ၊ အရက်သေစာမရှိရာ မသောက်သုံးသောသီလ မျိုးတို့သည်လည်း ပက်ပင်းတိုး၌ စိတ်မချရသေး။

စင်စစ် ဘုရားရှေ့၌ကား သီလယူသည်မဟုတ် ကတိခံခြင်းမျှသာတည်း။

သံဃာတော်များရှေ့၌လည်း သီလယူသည်မဟုတ်၊ ကတိခံနေခြင်းမျှသာတည်း။

ထိုဘုရား၊ ထိုသံဃာတို့သည် ကိလေသာအညစ်အကြေး ကင်းဝေးစင်ကြယ်ပြီးသော ဝိသုဒ္ဓိနတ်မျိုးဖြစ်ကြလေရာ ၄င်းတို့ကို မလိမ်ကောင်း မညာကောင်း။

ထို မလိမ်ကောင်း မညာကောင်းရာ ဘုရား၊ သံဃာထိ ကတိခံပြီးက ကတိပျက်လျှင် လိမ်ရာညာရာ ကျချေတော့မည်။ ထိုဘုရား၊ ထိုသံဃာအား လိမ်မိညာမိခဲ့ချေသော် စမ်းရေပြင်ပေါ် မီးခဲကျသည့် ပမာ မိမိမှာသာအပူထိ မချိစွာနာချေရော့မည်။

ကိုယ်ကျင့်ကား ကြက်၊ဝက်၊ဘဲ၊နွား သတ်စရာများနှင့်တွေ့မှသာ ရှောင်ကြဉ်ရချေသည်။ ရှောင်ကြဉ်နိုင်မှလည်း သီလရချေသည်။ ထိုသီလသာ ကိုယ်ပိုင်သီလတည်း။ ထိုသီလသာ အဓိသီလတည်း။ ကိုယ့်စိတ်ကိုယ်ပိုင် နိုင်လာပြီဖြစ်ခြင်းကြောင့်။

ထိုသို့ဆင်ခြင်မိသဖြင့်-

အင်း. . စိတ်မနိုင် ကိုယ်ပါယိုင်တတ်သည်။

စိတ်ဓာတ်ပျက် ရုပ်ဘက် မီးကူးမည်။

ဤသို့သော အရေးများ တွေးမျှော်ပူပမိချေ၏။ ကတိပေးပြီးပေးပြီးတိုင်း လုပ်နိုင်မှလည်းနေရာကျချေမည်။သို့ကြောင့် ထိုနေ့မှစ၍ စိတ်ဓာတ်စစ်ဆင်ရေးကြီး ပြုလုပ်ရချေတော့၏။

ဦးစွာ ရွှေတိဂုံကုန်းတော်ပေါ် သို့တက်၍ (၉)ရက်အဓိဋ္ဌာန်ဝင်၏။ သီရိဓမ္မာသောကမင်းလက်ထက်က ရဟန္တာမထေရ်ကြီးများ၏ ကိုးတိုင်းကိုးဌာန သာသနာပြုထုံး နှလုံးမူလျက်က ထိုကုန်းတော်ပေါ် မှာပင် ဒေါင့်လေးဒေါင့်ရှိ အင်္ဂါဒေါင့်မှ ဗောဓိပင်၊ စနေမှဂဠုန်နဂါးစေတီ(ငွေတောင်ရှေ့ရှိ)၊ ရာဟုဒေါင့်မှရှင်စောပုစေတီ၊ တနင်္ဂနွေဒေါင့်မှ ရှင်မထီးတန်ဆောင်း ဤသို့ ဦးစွာ ဒေါင့်စေ့အောင် ဝင်၏။

ပြီးသော် အတွင်းသို့ လှည့်သောအားဖြင့် မြောက်မှဆံတော်ဘုရား၊ အရှေ့မြောက်မှ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း၊ အရှေ့မှကား ဘိုးဘိုးအောင်

မဟာဗျူဟာ



ဘုရား၊ ဘိုးမင်းခေါင်ဘုရား (ခြင်္သေ့တစ်ဖက် ကျား တစ်ဖက်)၊ ဓမ္မစေတီဘုရား(ရေကြည်တော်ဝတ် အသင်းတန်ဆောင်းနှင့်ကပ်လျက်) ငါးဌာနဝင်၏။

ထိုအတောအတွင်း (ငါတို့နှင့် တစ်ရပ်ကွက်တည်း အတူနေမိတ်ရင်း အိမ်နီးချင်းဖြစ်သော ဦးယုစန်းနှမဒေါ်တင်မြင့်တို့၏ အဒေါ်တော်စပ်သူ) (ဦးသန်းဖေ)ဒေါ်စိန်စိန်တို့၏ အိမ်၌တည်းခိုကာ အဓိဋ္ဌာန်ဝင်ခွင့်ရ၏။ ၎င်းတို့ကား အရှေ့မုခ် ရခိုင်ဓမ္မာရုံမြေနေရာ၏နောက်ကျောရှိ ဘုရားကြီးပိုင်တန်လျား၌နေထိုင်ကြ၏။

အရှေ့မုခ် အာရုံခံတန်ဆောင်းတော် အတွင်း အလှူခံပုံး စောင့်ထိန်းရခြင်း၊ အလှူခံရခြင်းများကို ဦးသန်းဖေက ဆောင်ရွက်ရ၏။ ကုလားပဲဆံအစိမ်း ရေစိမ်ပြီး ကြက်သွန်နီဥအစိမ်းဖြင့်သာ စားလျက်က အဓိဋ္ဌာန်ဝင်၏။

ထို၌နေစဉ်အတွင်း တစ်နေ့ တောင်ဘက်မုခ် အာရုံခံ၏မနီးမဝေးဝယ် အိန္ဒိယနွယ်ဖွား အမျိုးသမီးတစ်ယောက် စာကလေးများကို ခြင်းဖြင့်ထည့်ကာ ရောင်းချနေ သည်ကိုတွေ့သဖြင့် စာဝါလေးနှစ်ကောင်-တစ်ကောင်တစ်ကျပ်ပေးဝယ်ခဲ့၏။ ရင်ပြင်တော် စနေဒေါင့်၏ ဗောဓိပင်အောက်မှနေ၍ ပြင်ပ၏ စနေဒေါင့်သို့ မျက်နှာမူကာ-

"ကဲ- မင်းနှင့်ငါ လမ်းခွဲကြစို့ရဲ့၊ သည်အချိန်ကစပြီး မင်းလည်း မင်းသွားလိုရာသွား ပျံလိုရာပျံ၊ ငါလည်းပဲ သွားလိုရာသွား ပျံလိုရာပျံတော့မည်" ပြော၍လွှတ်ပေးလိုက်၏။ ထိုနှစ်ကောင်တို့လည်း သွက်လက်ပေါ့ပါးစွာ ကောင်းကင်သို့ပျံတက်သွားတော့၏။

စာဝါလေးတစ်ကောင်ကား အင်္ဂါသူ ဇနီးသည်အတွက် ရည်စူးလျက်က။

စာဝါလေး ကျန်တစ်ကောင်ကားအင်္ဂါသားဖြစ်သူ ငါ့အား ရည်စူးလျက်က။

ထိုမှနောက်တွင်ကား ဇနီးသည်နှင့် လင်ခန်းမယားခန်း ပေါင်းသင်း၍မဖြစ်တတ်ပြီ။ တစ်လလျှင် (၂၇)ရက်ကား နဝင်္ဂဖြင့်သာ။ ကျန်(၂)ရက်၊ (၃)ရက်မျှသာ လူလွတ်ဖြစ်၏။ လင်စိတ် ရှိခဲ့၏။

ရံတစ်ခါတွေးမိ၏။ ငါ့မှာကား ငါ့တရားဖြင့်ပျော်နေပြီဖြစ်၏။ ၎င်းကား တရားလည်းမသက်ဝင်သေး။ ခမျာလည်း ကာမစည်းစိမ် ခံစားချင်ပေလိမ့်မည်။ ခံစားလိုသဖြင့်လည်း ငါ့အပေါ် အနွံအတာခံ၍ လင်အဖြစ် ပေါင်းနေခြင်းလည်းဖြစ်သည်။

ဇနီးသည်ကား အေးဆေးသူဖြစ်၏။အရှက်အကြောက်ကြီး၏။ ရိုးဖြောင့်၏။ ကျွန်နှင့်တူသော မယားမျိုးလည်းဖြစ်၏။ အလိုရမ္မက်နည်းပါးလှ၏။ စိတ်ကောက်တတ်သည်မှတစ်ပါး အခြားအပြစ်တစ်စုံတစ်ရာမရှိခဲ့။ အမြောက်ကြိုက်သော-ငါနှင့် ကောက်သော-သူ၊ သဘောချင်းမတူ ဖြစ်သဖြင့်သာ အိမ်ထောင်ရေး ချမ်းသာသုခ မရခြင်းမျှသာ ရှိ၏။

မရခင်က စိတ်ကူးနှင့်ပုံစံဖော်ကြည့်မိ၏။ နေပူရွှံ့ပူလောင်ထားသဖြင့် မဲတူနေသော အသားအသွေး မြို့ပေါ်ရောက် ဖြူလာမည်သာဖြစ်၏။ ငယ်စဉ်က အသားဖြူလှသဖြင့် ချစ်စနိုးဖြင့် မိဘများခေါ်ရာမှ စပ်ဖြူ အမည်ရလာ၏။ အမည်ရင်းကား မစိန်မေ တွင်၏။

ရိုးစင်း အေးဆေးလှသောစိတ်၊ မြို့ပေါ်ရောက် ဗဟုသုတပေးလျှင် သွက်လက်လန်းဆန်းလာမည်သာဖြစ်၏။ အကင်းအညှာ အထာမပါးသောစိတ်လည်း မြို့ပေါ်လည်ပတ်ရင်း လိမ္မာပါးနပ်လာမည်သာဖြစ်ချေ၏။ သို့သော် ရုပ်ကသာ ပြောင်းလဲလာ၏ စိတ်ကား ပြောင်းလဲပေး၍မရခဲ့ပြီ။ ရိုးမြဲရိုး၊ အေးမြဲအေး၍ လေးမြဲသာလေး၏။

သွက်သောငါနှင့် လေးသောသူ ဘယ်နေရာမှာမှ အပေးအယူမတည့်။ ပျော်ချင်သောငါနှင့် ကောက်သောသူ ဘယ်နေရာမှာမှ အပေးအယူမတည့်။ အပေါင်းအသင်းများသောငါနှင့် အေးဆေးစွာနေလိုသောသူလည်း ဘယ်နေရာမှာမှ စေ့စပ်၍ မရခဲ့ပြီ။

မဟာဓမ္မပါလ



သို့တစေလည်း ငါအနိုင်ကျင့်သမျှ သူခံရသည်သာ အမြဲဖြစ်ခဲ့၏။ စင်စစ် လူ့ဘဝ သူမလာရောက်ခဲ့ရခြင်းသည် ငါ့အား အကြွေးဆပ်ရန်လာခြင်းမျှသာဖြစ်တန်ရာ၏။ တွေးမိလေတိုင်း သနားလည်း သနား၏။ အမြင့်လည်းကပ်၏။ ယောက်ျားနှင့် မိန်းမ အသွင်ချင်းမတူရသည့်အထဲ ညဉ့်ချင်းပါမတူလာခြင်းကား လောကငရဲခံရခြင်း၏ ဝဋ်ခင်းသက်သက်မျှသာတည်း။

## တောတောင်သည် သီလသွေး မွေးရာဌာန

တောတောင်သည် လူ့ကာမဂုဏ်၊ လူ့အာရုံတို့၏ ဆိတ်ငြိမ်ရာအရပ်တည်း။

ငါခံယူထားသောသီလ စင်ကြယ်ရန်မှာ တောတောင်သာဖြစ်၏ဟု သဘောရ၏။ သို့ကြောင့် တောတောင်ဝင်ရန် စိုင်းပြင်းရပြန်တော့၏။

ထိုနှစ် ၁၃၃၈-ခုနှစ်၊ နတ္တော်လဆန်း(၇)ရက်၊ တနင်္လာနေ့တွင်ကား ဝေဘူဆရာတော်ဘုရားကြီး ရန်ကုန်ကြွလာ၏။ မနေစဖူးလည်း တစ်လတိတိ သီတင်းသုံးမည်ဟူ၍ သတင်းစာထဲက ကြေညာထားချေ၏။

ထိုမတိုင်မီကပင် ဝေဘူဆရာတော်ဘုရားကြီး ထွက်တော့မည်ဟူသော ကောလာဟလသတင်းများက ဝိဇ္ဇာလောကကြား အပြောများခဲ့ပြီးဖြစ်နေ၏။

(က) ကြွလာတော်မူသည်က နတ္တော်လ။ နင်-တော်လောက်ပြီ ဟူ၏။

(ခ) ကြွလာတော်မူသောရက်က ခုနစ်ရက်။ ခုနစ်ရက်သားသမီးများဖို့ ဟူ၏။

(ဂ) ကြွလာတော်မူသောနေ့က တနင်္လာနေ့။ ၄င်းဖို့ ဟူ၏။

(ဃ) ပျောတော်မူမည့်အချိန်က ညစဉ့်(၇)နာရီ။ (၇)ရက်သားသမီးများဖို့ပင် ဟူ၏။

သတင်းစကားကြားရဖူးသည်မှာ ထိုနှစ်က ဆရာတော်ဘုရားကြီး အရွယ်တော် ကြီးရင့်တော်မူပါသဖြင့်(ရှစ်ဆယ်ခန့်ထင်၏) အင်းလေးဓမ္မာရုံ၌ သီတင်းသုံးမြဲအတိုင်းသုံးသော် မီးပွိုင့်နီးသဖြင့် ကားထွက်သော် ဆောင့်ဆောင့်ထွက်ရတတ်လွန်း၍ မီးပွိုင့်နှင့်ဝေးသော ကျားကူးဓမ္မာရုံ၌ သီတင်းသုံးတော်မူပါရန်ပင့်လျှောက်ရာ မရဆို၏။ ကျားကူးဆိုသောပညတ်ကို ပယ်လိုခြင်းထက် အင်းလေးကို မစွန့်လိုခြင်းက အဓိကထင်မိ၏။ သတင်းကြားနှင့် ကောလာဟလစကား ဟုတ်များဟုတ်နေရော့သလား ထင်မိ၏။

ငါတို့သည်သတင်းစာထဲမှကြွလာမည့် သတင်း ကြားသိပြီးကတည်းက တင်ကြိုစီစဉ်မှုများ ပြုလုပ်ထားရှိနေ၏။

ဆရာတော်ဘုရားကြီးကြွလာလျှင် စတုမဓု လှူမည်။ ဆုပန်မည်။

ဗိုလ်ချုပ်ဈေးပြေး၍ စတုမဓု တစ်ဘူးဝယ်၏။ (ထိုစဉ်က တစ်ဘူး-၁၈ိ) သန့်ပြန့်စင်ကြယ်သော သောက်တော်ဖန်ခွက်တစ်လုံး၊ ၄င်း၏ အောက်ခံပုဂံပြားတစ်ချပ်၊ စတုမဓုဆေးထည့်ရန် ပုဂံပြားတစ်ချပ်၊ ဆေးသုံးရန် စတီးဇွန်းငယ် တစ်ချောင်း ၄င်တို့ကိုထည့်ရန် ဘမ်းငယ်လေး တစ်ချပ်။ အထက်ပါ ပရိက္ခရာများကို အသစ်တို့ချည်း လိုက်လံရှာဖွေကာ စုဆောင်းထားရှိ၏။

ဤ၌ စတုမဓု ဟူသည် ချိုမြိန်သောအရသာလေးမျိုးဟူ၍ အဓိပ္ပါယ်ကောက်ပါ၏။ ထိုသို့ အဓိပ္ပါယ်ဆောင်စေသည်မှာ သစ္စာလေးပါးကို ရည်စူးခြင်းကြောင့်တည်း။

နှမ်းဆီနှင့်ထောပတ်ကား ချိုသလော မေးအံ့။ ဒုက္ခနှင့်သမုဒယလည်း မချိုပါဟူ၍ပင် ဖြေပါမည်။

မဟာဗောဓိပါလ



သို့ဆိုသော် စတု- လေးပါးသော၊ မဝု-ပျား သို့မဟုတ် အချိုကား ဘဇာနည်း။

နှစ်မျိုးသော သကာပျား တို့၏ အချိုဓာတ် အားများကို ကိုယ်ခန္ဓာအား ခြင်ဆီအကြားထိ တွန်း လွှတ်ပို့ဆောင်ပေးရာ၌ အပူအား-နှမ်းဓာတ်သည် လည်းကောင်း၊ အပူထိန်း-ထောပတ်ဓာတ်သည် လည်းကောင်း အရံအဖြစ်ပါရသည်သာဖြစ်သဖြင့် သို့မဟုတ် အချိုဓာတ်တို့၏နောက်ပါးက ထိုအချို ဓာတ်အားများနှင့်အညီအမျှ သမကာ ရောနှောစွာ ပါသွားရသည်ကား မလွဲတော့သဖြင့် နှမ်းလည်းမဝု ထောပတ်လည်းအချိုစုသာ အမည်ခံရချေသည် မဟုတ်လော။

မဂ္ဂနှင့်နိရောဓကား ဒုက္ခနှင့်သမုဒယ မီးပွား ကြားမှ ပေါ်ထွန်းရသော တရား။

ဒုက္ခကြီးလေ ငြီးငွေ့လေ။ အပျော်မွေ့လေ ဒုက္ခတွေ့လေသာ။ ထိုဒုက္ခ ထိုသမုဒယမရှိ- နိရောဓ မဂ္ဂ ဖြည့်စရာပင်မလိုပြီ။ ဒုက္ခလည်းရှိ ဒုက္ခကိုလည်း သိမှ မဂ္ဂဖြင့်ဖိ နိရောဓအေလှည့်ဆိုက်ရချေသည်မှာ ဓမ္မတာ။ ထိုမဂ္ဂကြောင့် ထိုနိရောဓအငြိမ်းဓာတ် အအေးဓာတ် ဆိုက်ရာ၌ ပူစေနုံးစေသော ဒုက္ခ သမုဒယတို့လည်း လုံးထွေးကာ ပါသွားခြင်းကြောင့် ထိုဒုက္ခ ထိုသမုဒယလည်း အငြိမ်းဓာတ် အအေး ဓာတ်အရာ ဝင်ချေသည်သာတည်း။

ဤအတွေးအကြံများကား ဝေဘူဆရာတော် ဘုရားကြီးအား စတုမဝုဆေးကပ်ရန် ကြိုးစားရာမှ ပေါ်ထွန်းလာသော အနုမာနတရားများတည်း။

၁၃၃၈-ခု၏ နတ္တော်လဆန်း(၇)ရက်နေ့သို့ ရောက်လာပြီ။

ညနေ(၆)နာရီခန့်ကပင် ငါတို့အိမ်ဝယ် ပရိတ်သတ်စုံနေပြီဖြစ်၏။ အမဖြစ်သူလည်း ရန်ကုန် အလည်လာခိုက်နှင့်ကြုံသဖြင့် တရားနာလိုက်ပါရန် ထိုပရိတ်သတ်ထဲ ပါဝင်နေ၏။ ဝေဘူဆရာတော် ဘုရားကြီးထံ တရားနာ၊ အဖူးအမြော်၊ ဆေးလှူ ဆယ်ယူရန်အတွက် ကားလှူမည့်သူလည်း အဆင်သင့် ပင် ရှိနေပါချေ၏။ စုံသည်နှင့် ရွှေတိဂုံဘုရားဆီသို့ ထွက်ခဲ့ကြပါ၏။ နာရီဝက်ခန့်သွားရ၏။

ရောက်သော် အချိန်စောသေးသဖြင့် စေတီတော်ကြီးသို့ တက်ရောက်ကြည်ညိုကြသေး၏။ ထိုစဉ် အကြံတစ်ခုပေါ်လာသဖြင့် တောင်ဘက်မုခ် ၏ တောင်ဘက်အာရုံခံတန်ဆောင်းတော်အတွင်း မှပင် ဦးစွာ သီလ(နဝင်္ဂ)ကို ဆောကြောသုတ်သင် ၏။ ပြီးသော် စိတ်ဖြင့် ဝေဘူဆရာတော်ဘုရားကြီး အား ရည်မှန်းကာ ဆေးလှူပါ၏။ ပြီးသော် ဆုတောင်းပါ၏။

"ဘုရားတပည့်တော် ဤဆေးတော်ကို ဝေဘူဆရာတော်ဘုရားကြီးအား လှူဒါန်းပါ၏။ ဤကောင်းမှု၏ စေတနာအရှိန်၏ တွန်းလွှတ်အား သတ္တိကြောင့် ဆရာတော်ဘုရားကြီးကဲ့သို့ ကျင့်နိုင် စွမ်းရှိပြီး ဆရာတော်ဘုရားကြီးကဲ့သို့ သိနိုင်စွမ်း လည်း ရှိရပါလို၏ဘုရား "

"ထိုသို့ ကျင့်နိုင်စွမ်းအလျောက် သိနိုင်စွမ်း အား ထွန်းပေါက်ပြီးပါသော် ဆရာတော်ဘုရားကြီး ဝေနေယျအား သန္တာန်ချိုးမြှောက်သလိုပင် ဘုရား တပည့်တော်လည်း ချိုးမြှောက်နိုင်စွမ်း ရှိရပါစေသား အရှင်မြတ်ဘုရား "

"ဘုရားတပည့်တော်၏ ဤဆုတောင်း ပန်ဆင်မှုကို ဆရာတော်ဘုရားကြီး အသိမှတ်ပြုရိုး အမှန် ရှိခဲ့ပါသော် ဤဆေးတော်အား သုံးဇွန်းတိတိ ဘုန်းပေးပါစေသား။"

ဤကား ငါတို့ပန်ဆင်ခဲ့သော ဆုပေတည်း။

ပြီးသော် အင်းလေးဓမ္မာရုံသို့ သွားရောက် ကြကာ အသီးသီးနေရာယူကြ၏။ ဆရာတော်ဘုရား ကြီး၏ လက်ျာတော်ဘက်ဖြစ်သောအရပ်မှ နေရာ ယူ၏။ ဆွမ်းစားရာ၊ ဘုရားဝတ်ပြုရာခုံကြီး၏ ယာဘက်ဘေးမှပင် အနီးကပ်နေရာယူထားကြ၏။ သောက်တော်ရေပါအဆင်သင့်၊ ဆေးလည်းအဆင်

သင့်ဖြင့်။

ည (၇)နာရီထိုးပြီ။ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ အထက်ထပ်၏လှေကားဆီမှ ကြေးစည်သံလေးလည်း ပေါ်ထွက်လာပြီ။

ငါတို့ ပရိတ်သတ်များ စုဝေးနေရာ၏ လက်ဝဲဘက်ဆီမှလည်း ကြေးစည်သံတစ်သံက တစ်ဖက်ကြေးစည်သံနှင့် အပြန်အလှန် အချက်ပေးကာ ပေါ်ထွက်လာပြန်ပြီ။

ဆရာတော်ဘုရားကြီးဘက်မှ ကြေးစည်သံကား မ-သံ အသေး။

ငါတို့ဘက်၏တုန့်ပြန်သံကား အဖိုသံ အကြီးတည်း။

ဆရာတော်ဘုရားကြီးကား ပရိတ်သတ်တို့၏အလယ် မင်းလမ်းမကြီးမှ ကြွချီတော်မူလာနေပါ၏။ ထိုစဉ် ငါတို့ထံ၌ အတွေးတစ်ခုဝင်လာပြန်၏။ တရားမဟောမီ ဆေးလှူလိုက်ရလျှင်-

'ဆရာတော်ဘုရားကြီး ဟောသည်ဆေးကို သုံး၍ ဟောသည်ပရိတ်သတ်ကြီးကို တရားဟောစေအံ့။ ငါ၏ဆေးအာနိသင်ကို သုံးလျက်ကဟောသောတရားတော်သည်ကား ငါ၏တရားသာဖြစ်စေအံ့။ ငါ၏ဆေးကိုသုံး၍ ဟောသောတရားကို နာခံကြရသော ဤပရိတ်သတ်သည်လည်း ငါ့ပရိတ်သတ်သာ ဖြစ်စေအံ့'

စိတ်ဆန္ဒအားကြီးလာလျှင် ကိုယ်နှုတ်တို့ အငြိမ်မနေနိုင်။

ဆရာတော်ဘုရားကြီး ဘုရားအာရုံပြု ဦးချပြီးစီး၍ ပလ္လင်တော်ပေါ်ရောက်သည်နှင့် ငါတို့ကား ဆရာတော်ဘုရားကြီး၏ရှေ့ဝယ် ဆေးဘမ်းကိုင်ကာ ရပ်လျက် "ဆရာတော်ဘုရား-ဤဆေးကို အလှူခံ၍ ဘုဉ်းပေးတော်မူပါဘုရား" စိတ်ဖြင့် လျှောက်၏။ မလှုပ်။ နှာသီးဝတော်မှ ဝင်-ထွက်လေများကသာ ပြင်းထန်စွာ ရှည်ရှည်လှုပ်နေကြပါ၏။ ပရိတ်သတ်ကြီးကလည်း မျက်တောင်မခတ်မော့ကြည့်လျက်။

အတန်ကြာသော် မျက်လုံးတော်ဖွင့်ကြည့်၏။ ခေတ္တမျှ ဆင်ခြင်ဉာဏ်ဝင်ဟန်ရှိ၏။ ပြီးသော် ဆေးဘမ်းကို လှမ်းလင့်ခံယူ၏။ ငါတို့က အများထုံးကိုလိုက်၍ ဘမ်းကိုကိုင်ပေးထားပြီး ဆရာတော်ဘုရားကြီးက ဇွန်းဖြင့်ဘုဉ်းပေးရန်ဖြစ်၏။ မရ။ ဘမ်းအကိုင်မခံ။

ကိုယ်တော်တိုင် ဘမ်းကိုကိုင်၍ မျက်နှာတော်အောက် အရောက်ဆွဲသွင်းကာ ငုံ့လျက်ကပင် သုံးဇွန်းပြည့်မောက် တောက်လျှောက်ကြီး ဘုဉ်းပေးချီးမြှင့်တော်မူပေးပါချေ၏။

-ထုံးစံကား တရားပွဲပြီးမှသာ။

-ထုံးစံကား ဇွန်းလေးကိုင်လျက်က တို့ရုံလေးမျှသာ။

ငါတို့က ဝမ်းလည်းဝမ်းသာမိ၏။ ကြက်သီးလည်းထမိ၏။ ဆရာတော်ဘုရားကြီး၏ နှာဝမှထွက်လာသော လေများကလည်း ငါတို့လက်ဖမိုးဝယ် စွေဖြိုးတိုးလျက်က ဖွဖွနှင့်ရွရွလေး ထိတွေ့ပေးနေပါ၏။ ဤငါတို့၏ ကိုယ်အလုံးကား ကြီးလိုက်သေးလိုက် ခုတ်လိုက်နေသည့်ပမာတည်း။

သီလပေးပြီးနောက် တရားတော်စတင်ပြီ။ ထုံးစံအတိုင်း သီလဆောက်တည်ပြီး ပြည့်အောင်ဖြည့်ရန်၊ ဒါနပြုပြီးနောက် တောင်းရမည့်ဗောဓိငါးမျိုး တစ်မျိုးမျိုးတောင်းကြရန်ပင်ဖြစ်ချေ၏။ ယမန်နှစ်က ခါတ်ပြားဟောင်း။

ပြီးသော် "ဒို့ဒကာ-ဒကာမတွေ သံဃာတော် အရှင်ကောင်းအရှင်မြတ်တွေက မေတ္တာစွေမိုး သွန်းဖြိုးကာ ချီးမြှင့်ထားတော်မူကြပြီးဖြစ်လို့ ကျင့်နည်းတွေလဲအားလုံးကိုပင် ကျွမ်းနှီးလိမ္မာကြပြီးသားတွေပါဗျာ။ ဒို့များ ဟောဘို့ရာတောင် မလိုအပ်တော့ပါဘူးတဲ့ဗျာ့"

မဟာဇမ္ဗူပါလ



"တပည့်တော်များ ပါရမီနည်းနေကြသေးလို့ အကျယ်ချဲ့မြွက်တော်မူပါဘုရား" ထိုသို့ ဒကာတစ်ယောက်က ကြားဝင်ထောက်လိုက်ရာ မှိတ်ထားသောမျက်လုံး ဖွင့်တော်မူလိုက်၏။

"ပါရမီဆိုတာ ဘာကိုခေါ်တာလဲဗျာ့ ဒကာကြီးရဲ့"

"ပါရမီဆိုတာ ဖြည့်ကျင့်မှုကိုခေါ်တာပါဘုရား" (ထိုဒကာကပင် ထောက်၏။)

"အံ့မယ်မင်းဗျာ့ ကိုယ်ဟာကိုယ်ဖြည့်ရတာများ နည်းတယ်ရယ်လို့" (ဒကာကြီး မလှုပ်တော့ချေ)

ထို့နောက်တွင်ကား ယမန်နှစ်က ပထမဆုံးနေ့၏ ပထမဆုံးအကြိမ်ဟောသောအတိုင်းပင်လျှင် ဝီရိယထူထောင်ရန်ဖြစ်၏။ မှန်မှန်တစ်ခုကို သန်သန်ဝီရိယနှင့် ထူထောင်လျှင် ရှေးရှေး ဝီရိယိဒ္ဓိပါဒ်အရှင်ကောင်း သခင်ကောင်းကြီးများအတိုင်း ပြည့်စုံရပုံ ယခင်နှစ်ထုံးစံအတိုင်း။ သည့်နောက်-

"ဘုရားရှင်လက်ထက်တော်ကာလတုန်းကလည်း ပျင်းနေဖျင်းနေကြတဲ့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ ဘုရားနှင့်အတူ ပါမသွားဘူး" ဟူ၍လည်း သတိပေးတော်မူ၏။

ပြီးသော် ဝီရိယတွေ ကိုယ်စီကိုယ်ငှ ရှိကြ၏။ ရှိသည့်ဝီရိယ သည်မှာထုတ်သုံးဖို့ပဲ လိုသည့်အကြောင်း ပွဲကြည့်တုန်းက ဝီရိယလက်ညှိုးထိုးပြ၍ ဆုံးမတော်မူ၏။ ယခင်ကအတိုင်း။

"ကဲဗျာ ဒို့ဒကာ-ဒကာမတွေ မကြိုးစားချင်ကြဘူးလား။"

"ကြိုးစားချင်ကြပါတယ်ဘုရား"

"ဘယ်တော့ကြိုးစားကြမှာတုန်းဗျာ့"

"အခုပဲကြိုးစားပါတော့မယ်ဘုရား"

ထိုအမေး-ထိုအဖြေများလည်း ယမန်နှစ်က ငါတို့နာကြားခဲ့ရသည့်အတိုင်းပင် ဖြစ်ပါချေ၏။ အမြဲအစွဲ တရားနာခံတော်လုပ်သူမှာကား မိုးလေဝသဌာနမှ ညွန်ချုပ်ဦးလှဆိုသူဖြစ်၏။

၎င်းသည် သေးငယ်သောအသံလေး ပြာလဲ့လဲ့ဖြင့် မနှစ်ကလည်း ကြိုးစားချင်ပါသည်။ ယခုကပင်စတင်ကြိုးစားပါတော့မည် လျှောက်၏။ ယခုလည်းပဲ သည်အတိုင်းပင်လျှောက်တင်ဆဲ။

ယမန်နှစ်ကလည်း အခုပဲလုပ်မှာပါဖြင့် ပါးစပ်ဖျားမှာသာ လမ်းစဆုံးခဲ့၏။

ယခုလည်း အခုပဲလုပ်မှာပါဖြင့်ပင် စကားလည်းဆုံး တရားလည်းဆုံး ဖြစ်နေပြန်၏။

နောင်နှစ်,နောင်နှစ်တွေမေးလည်း သည်လိုသည်လိုနှင့်ပင် နဂိုဒုံရင်းသာ ဖြစ်မှာသေချာ၏။

အတွေးတို့သည် ထိုနှင့်မရပ်သေး၊ မီးခိုးကြွက်လျှောက်သွားပြန်ချေသေး၏။ သူတော်ကောင်းကြီးများကား သူတို့အရွယ်တော်များကိုပင် မထောက်ညှာ ပင့်လျှောက်ရာသို့ လိုက်လံ၍ပင် ချီးမြှောက်တော်မူကြပါ၏။ ငါတို့ဝေနေယျတွေကလည်း သူတို့ပေးသမျှအကုန်မယူ၊ မယားဆူ,သားဆူပူရာနောက် ထောက်ပံ့ဖို့ရာမျှလောက်သာ ယူလိုက်ကြ၏။ သူတော်ကောင်းကြီးများ၏ ဆုံးမစကားကား အဆုံးထိ မ,သည်သာတည်း။

ငါတို့ကား အဆုံးထိ မ,သည်ကိုလည်း မခံယူလို။ တစ်ဝက် မ,ကိုသော်မျှလည်း မရလို။ အစမ,လောက်ဖြင့်သာ ရောင့်ရဲလိုသူချည်းသာတည်း။

ကံကုသိုလ်သည် ဘဝကောင်းနှင့်အခါကောင်းရှိရန် လမ်းစမျှသာတည်း။

ဈာန်ကုသိုလ်သည် အမြတ်ဘဝဖြင့် အထက်ဝ ခြေချသာရန် လမ်းလယ်မျှသာတည်း။

ဉာဏ်ကုသိုလ်သည်သာ ဘဝလမ်းသုဉ်း အဆုံးထိရောက်ရန် လမ်းဆုံးတည်း။

ထိုကုသိုလ်သုံးမျိုးတို့တွင် ငါတို့သည်ကား သူတော်ကောင်းကြီးများနှင့် တွေ့ခွင့်ကြုံသော် ကံကုသိုလ် ခေါ် ဒါနမှု(သီလမှု)မျှဖြင့်သာ လမ်းစဆုံး

မဟာဓမ္မပါလ



လို၏။ သူတော်ကောင်းကြီးများ ပင့်ဖိတ်ပြီး ၎င်းတို့ ခင်းထားသောဒါနလမ်းပေါ် ခြေနင်းကြွစေတော်မူပြီး ပြန်လွှတ်ခဲ့လေ့ရှိတတ်ကြ၏။ သူတော်ကောင်းကြီးများကား 'မေ့နေတာနှင့်စာလျှင် တော်သေးသဟဲ့' ဖြင့်သာ သည်းခံ့ကာ ချီးမြှင့်နေခြင်းသာ ဖြစ်ချေရာ၏။

ဤသို့လည်း သူတော်ကောင်းကြီးများ နေရာမှဝင်ရောက်ကာ ဆင်ခြင်မိပါသေး၏။ဘယ်လောက်များ ငါတို့ကိုကြည့်၍ သနားတော်မူရှာကြလေမည်နည်း။ အကုန်ပေးပါလျက်က လိုသလောက်သာ ယူနေကြခြင်းသည် အလိုကြီး၍လော အလိုနည်း၍ပေလော။

ဆရာတော်ဘုရားကြီးကား တရားဟောလျက်ကပင် ကြို့ထိုးလျက်ရှိပါချေ၏။ တဂွတ်ဂွတ်သောအသံကြီးနှင့်တကွ ပလ္လင်တော်ကြီး တစ်ခုလုံး သိမ့်သိမ့်တုန်လှုပ်ခါလျက်သာရှိပါ၏။ ပလ္လင်ခံတရား (ဗောဓိဆုပန်ရန်တိုက်တွန်းစကား) ဟောပြီးသည်နှင့် ခေတ္တရပ်တန့်နေတော်မူပါ၏။

"အေးဗျာ့"

(စတုမဓုများ)ကပ်လှူရန် ခွင့်ပြုတော်မူခြင်း ဖြစ်ပါ၏။ ခါတိုင်း(နှစ်တိုင်း)ကား တရားပွဲပြီးဆုံးမှသာတည်း။ ယခုကား တစ်ဝက်ဖြတ်လျက်ကကပ်စေတော်မူခြင်းတည်း။

ငါသည် ငါ၏ဆေး စားလျက်က ပရိတ်သတ်ကြီးအား တရားဟောစေဖို့အာရုံပြုဘိသို့ ဆရာတော်ဘုရားကြီးကလည်း ၎င်းတို့ဆေးစား ၎င်းတို့အား တရားဟောလိုခြင်းကြောင့်လော။ သို့တည်းမဟုတ် ပရိတ်သတ်ကပင် ငါကဲ့သို့ ဆင်ခြင်စိတ်ဝင်ခြင်းကြောင့်ပေလော။ ထိုကိစ္စ ဆရာတော်ဘုရားကြီးမှတစ်ပါး အခြားမသိနိုင်။

ထိုအခါ ကပ်နေကျ ဒကာ,ဒကာမများစွာတို့သည် ပလ္လင်တော်၏ လက်ဝဲဒေါင့်မှနေကာ သူထက်ငါ လုယက်၍ ကပ်ပွဲဝင်ကြလေကုန်၏။ ဆရာတော်ဘုရားကြီးကား ဇွန်းလေးများကို ကိုင်လျက်က တို့ရုံလေးမျှသာ။ ကော်လျှင်တအား စားလျှင်တစ်တို့မျှသာတည်း။

ငါတို့သည်လည်း အထာတစ်မျိုးပေါက်လာကာ ဆရာတော်ဘုရားကြီး သောက်သုံးပြီးစီးသဖြင့် ပြန်လည်စွန့်ထားသော ဖန်ခွက်တွင်းက ရေများကို တစ်ဝကြီးသောက်ချလိုက်မိပါ၏။

ပြီးသော် ဟောလက်စတရား ဆက်၍ဟောပါ၏။ အထက်ကဆိုခဲ့သောအတိုင်းတည်း။ တရားဆုံးသဖြင့်အောင်ဆုပေးရာ၌ကား ထူးထူးခြားခြား စေတစ်လုံးပါလာသည်ကို သတိပြုမိ၏။

"ပျော်ပျော်ကြီး နိဗ္ဗာန်သို့ ဝင်စံနိုင်ရအောင် မိမိတို့မှန်းရာ ဗောဓိဆုကြီးနှင့် ပြည့်စုံကြစေဗျား" ဟူ၏။

ပေးနေကျအောင်ဆုကား "မိမိတို့မှန်းရာ ဗောဓိဆုကြီးနှင့် ပြည့်စုံကြ" ဟူ၍လည်းကောင်း၊ "မိမိတို့မှန်းရာ ဗောဓိဆုကြီးနှင့် ပြည့်စုံအောင် အားထုတ်ကြ" ဟူ၍လည်းကောင်း ထိုသို့သာ ပေးမြဲဖြစ်ခဲ့၏။ ယခုသော်ကား အသံတော်ကြီးကလည်း အောင်မြင်သောအသံတော်၊ နှုတ်ထွက်တော်ကလည်း လှိုက်လှဲတက်ကြွ ပြင်းပြင်းပြပြတည်း။

ငါတို့စိတ်၌ကား ငါ့ကိုများတမင်ရည်စူး၍ အောင်ဆုပေးလေသလား၊ ငါ့စိတ်အကြံ အဓိဋ္ဌာန်ကို သိသဖြင့် သိသိသာသာကြီး ချီးမြှောက်လေရော့သလား။ ဤသို့လျှင် ကိုယ့်ဟာကိုယ် ကလဖန်ထိုး ကိုယ့်ဟာကိုယ်ပင် ကိုယ်ချိုးယူလျက်က ပျော်မဆုံးတော့ပြီတည်း။

ထိုမှအပြန် စေတီတော်ရင်ပြင်ပေါ်သို့ တဖန်ပြန်တက်ခဲ့ကြပြီး တောင်ဘက်မုခ်၏ အာရုံခံတန်ဆောင်းအတွင်းမှာပင် တစ်ထောင့်နားကြ၏။ ကပ်ပွဲမှ ကျန်ရှိနေသော ပန်းကန်ထဲရှိ စတုမဓုဆေးများကိုလည်း တစ်ဝက်ဘူးတွင်းပြန်ထည့်၊ တစ်ဝက်-တစ်ဇွန်းစီ ဝေငှစားသုံးစေ၍ အိမ်ပြန်ခဲ့ကြ၏။

နောက်ညတွင်ကား အစ်မ-ရွှေဘိုပြန်မည်ဖြစ်သဖြင့် ဘူတာလိုက်ပို့ရ၏။ ဇနီးဖြစ်သူသာသွား၏။ ဘူတာကြီးရောက်သော် ပါလာသော ကြိမ်လက်ဆွဲခြင်းကို ရထားပေါ်အတင်မခံဆိုသဖြင့် ဝယ်ပြီးလက်မှတ် အဆုံးခံခဲ့ရကာ အိမ်သို့ပင်ပြန်ခဲ့ရချေတော့၏။ ဘယ်သို့မျှတောင်းပန်၍မရ။ ဘယ်လိုဆောင်ရွက်ရပါမည်လဲမေးလဲမပြော။

ငါတို့လည်း နဝင်္ဂသီလနှင့်ဖြစ်သဖြင့်မတတ်သာ။ အိမ်သို့ရောက်သော် ဆရာတော်ဘုရားကြီးလေဖြတ်သွား၍ တရားမဟောနိုင်ဘူးတဲ့။ ထိုသတင်းက ရောက်ရောက်ချင်း ကြားရချေတော့၏။

ဘုရား- ဘုရား၊ ငါကား လက်မတင်လေးအောင်ပွဲဆင်ခဲ့ရချေပြီကော။ ယနေ့မှသာသွားမည်ဆိုလျှင်. .

နက်ဖြန်တွင်အစ်မကို ကိုယ်တိုင်လိုက်ပို့ရ၏။ လက်မှတ်ကိုကား အိမ်နီးချင်းညွှန့်တင်လိုက်လံဆောင်ရွက်ပေးသဖြင့် ခုံမဲ့ဖြင့်ရ၏။ ငွေပေးသော်မှ လိုသလိုမရ။

အစ်မ၏ရည်ရွယ်ချက်ကား ရွာနှင့်ဝေးနေသောမောင်လေးကို အိမ်ခေါ်သွားဖို့။ ငါတို့ရည်ရွယ်ချက်ကား တောထွက်တော့ မည်ဖြစ်သဖြင့် မိခင်ကြီး သွားကန်တော့မလို့။

အစ်မကလည်း ငါ့အကြံအောင်ပြီဆိုကာ ခေါ်သွား၏။ ငါတို့ကလည်း ငါ့အကြံအောင်ပြီဆိုကာလိုက်ပါသွား၏။ ဇနီးသည်ကား စိတ်ကောက်နေသဖြင့် စရိတ်မျှပင်မထောက်။

ရွာရောက်သော် ဆွေမျိုးများစိတ်ချမ်းသာစေရန်(၁၅)ရက်မျှနေပေးရ၏။ နဝင်္ဂသီလ လက်မလွှတ်။ အဓိဋ္ဌာန်ဝတ်လည်းမပျက်ခဲ့။ ငါ့သီလဖြင့် ငါ့ရွာ၊ငါ့နယ် ချမ်းသာစေရန် ရွယ်၍ပင်။

အမျိုးကိုမှီ၍ဖြစ်သော ဉာတတ္ထစရိယာ၏ စေတနာကား ဤအခါသည် တစ်ခုတည်းသော အထွဋ်အထိပ်တည်း။

## ထဘီတွေ ထွက်ကြထွက်ကြ ငါ့အမိန့်တော်

ရန်ကုန်ပြန်ရောက်သော် ဝေဘူဆရာတော်ဘုရားကြီးလည်းရှိချေသေး၏။

သို့တစေလည်း ငါတို့ကား မသွားဖြစ်တော့။

သွားရန်လည်းမလိုအပ်တော့ဟု ငါတို့နှလုံးပိုက်မိ၏။ အကြောင်းမှာ ဆရာတော်ဘုရားကြီးတိုက်တွန်းချက်အတိုင်း မပြုကျင့်မလိုက်နာဘဲလျက်က သွားရောက်နာကြားမိချေသော် ဆရာတော်ဘုရားကြီးအား သက်သက်ညှင်းဆဲရာသာ ကျလိမ့်မည်ဟူ၍ အတွေးဝင်သွားသောကြောင့်တည်း။

ဆရာတော်ဘုရားကြီး ညွှန်ပြသောအတိုင်းဝီရိယဖြင့်ကြိုးစားမည်။ ကြိုးစားပါလျက်ကမှ ဖြစ်မလာသော် သွားရောက်လျှောက်ကြားမည်။ ဖြစ်လာသော် ရှေ့လမ်းဆက်၍မလျှောက်တတ်သေးကလည်း သွားရောက်လျှောက်ကြားဦးမည်။ လက်ချည်းသက်သက်ကား မသွားလိုပြီ။

သူ့စကားနားထောင်ပါမှ သူ့အား ရိုသေရာရောက်မည်။ သူ့စကားနားမထောင်သော် သူ့အနားနေသော်မှလည်း သူ့အား ကြည်ညိုသည်ကားမဟုတ်သေးပြီ။

ဤသို့အတွေးဝင်သဖြင့် ဆရာတော်ဘုရားကြီးကျန်းမာရေးအခြေအနေလည်းမသိ။ ဆရာတော်ဘုရားကြီး ပြန်ကြွသွားသည်ပင် မသိလိုက်ရပြီ။

ထိုနှစ်နွေဦးသည် ငါတို့ကား ထဘီပုံအကြားလူးလျက်ကသာရှိချေ၏။ တစ်ဖက်က နဝင်္ဂသီလနှင့် အဓိဋ္ဌာန်လည်းမပျက်။ တစ်ဖက်ကလည်း အိမ်၏ ထောင်သားပီပီ ဝမ်းစာရှာအလုပ်ဖြစ်သော ဆေးဆိုးပန်းရိုက်ဆိုင်၌ ထိုင်လျက်က စီးပွားရှာဖွေပေးရမှုကလည်း မပျက်ခဲ့ပြီ။ သို့နှင့် တပေါင်းနှင့် တန်ခူး ထဘီပုံကြားမှာပင် မြူးလျက်က ရှိချေရာ တစ်နေ့၏ တစ်နံနက်ခင်း-

မဟာဗောဓိ



ဆိုင်ကလည်း ခင်းကျင်းပြီးကာစ နံနက်(၆) နာရီအချိန်မျှ။

ဖောက်သည်များလည်း မလာကြသေး။ အိပ်ယာထစမို့ ခပ်အေးအေး။

ထိုအချိန်တွင် ရသေ့ကြီးတစ်ပါး လက်၌ ကြိမ်ဒုတ်တောင်ဝှေးကြီး ကိုင်ထောက်လျက်က ထို ကြိမ်တောင်ဝှေးကြီး၏ အရင်းဘုအဖျား၌ သာသနာ့ အလံတော်ကြီးလည်း ပတ်ဖွဲ့လျက်က မြောက်မှ တောင်သို့ ငါတို့ဆိုင်ရှေ့လမ်းအတိုင်း ဖြတ်လျှောက် လာပြီး ငါတို့ဆိုင်ရှေ့ဝယ် ရပ်တန့်နေချေ၏။ ငါတို့ ကလည်း တရိုတသေပင် ဆိုင်ထက်သို့တက်ထိုင် ရန် ပန်ကြားလိုက်၏။ တက်ထိုင်ရန်ဟန်ပြင်လျက် ကပင်- "ဒကာကြီးအထည်တွေ ထွက်စေလိုသလား" မေး၏။

ငါတို့ကလည်း"ထွက်စေချင်ပါသည်" ဟူ၍ ပင် သွက်လက်စွာ ဖြေကြားလိုက်မိ၏။

ရသေ့ကြီးကား ရပ်လျက်နှင့်ပင် "ထွက်ဟ-ထွက်ဟ" နှုတ်ထွက်အမိန့်ပေး၏ တန်းပေါ်၌ လွှားကာ ခင်းကျင်းပြသထားသော အဆင်အသွေး စုံ ပါတိတ်ထဘီများကို လက်ဝါးပြောင်းပြန်လှန်ဖြင့် ပုတ်ခတ်ပေးလိုက်ပါ၏။ ပြီးမှ ဆိုင်ပေါ်တက်ထိုင်ပါ ချေ၏။

ဆိုင်ပေါ်ရောက်သော် ငါတို့လှူသော လက်ဖက်ရည်အချိုကိုလည်းကောင်း၊ မုန့်ကိုလည်း ကောင်း စားသုံး၏။ တရားနှင့်ပတ်သက်သော တစ်လုံးစ, နှစ်လုံးစ စကားများ ပြောဖြစ်မိကြသေး ၏။ ဆိုင်သို့အပ်နှံသူများ၊ ရွေးမည့်သူများ ဝင်လာ သဖြင့် စကားဖြတ်၍ ပြန်ကြွသွားသောဟူ၏။

အထင်ကား တာကူးလဆန်း(၆)ရက် (၁၃၃၉-ခုနှစ်နှောင်း) နေ့တည်း။

နောက်နေ့ကျသော် ဆိုင်မှမဖွင့်ရသေး။ မိန်းမ, ယောကျာ်းစုံ လူတစ်အုပ် ကျလာ၏။ ဆိုင်ကို နေရာ ဖြန့်လျက်က ဝင်ရောက်ရပ်ကြ၏။ နေပါဦးပင်ပြော ၍မရ။ ဟိုမှဆွဲယူကြည့်၊ သည်မှဆွဲယူကြည့်။ တစ်ယောက်က လုံချည်စကိုဖြန့်၍ ငါတို့မျက်နှာ ကာရံထား၏။ နောက်တစ်ယောက်, နောက်တစ် ယောက်တို့က ၄င်းတို့ဆွဲခြင်းထဲသို့ အထည်တို့ကို လုံး၍သိပ်၍ ထည့်ကြချေ၏။ မြင်လည်းမြင်၏။ အဓမ္မလည်းမတားလို။ ရန်လည်းမများလိုပြီ။ "တော်ကြပါတော့ဗျာ၊ တော်ကြပါတော့ခင်ဗျာ" ဖြင့်သာ တောင်းပန်လျက်က ရပ်ကြည့်နေရပါ တော့၏။

၄င်းတို့တစ်အုပ်စုကြီး စုရုံးလုံးထွက်သွားပြီ။ အထည်များကို ပြန်လည်ကာ နေရာတကျထား လျက်က ရေတွက်ကြည့်လိုက်သည်။ (၁၀)ထည်မျှ ချက်ချင်းထွက်သွားချေပြီကော။

ဇနီးသည်ရောက်လာသည်နှင့် ချုံးပွဲချကာ ငိုပါလေတော့၏။ ငါတို့ကိုကားရန်မလုပ်၊ ငါတို့ စောင့်ထိန်းထားသော သီလကို ရန်လုပ်ပါချေတော့ ၏။

"သူ့ ဥပုသ်ကြောင့် သည်လိုဖြစ်ရသည်"

"သူ့ ဥပုသ် အချိန်မှီအောင် ထမင်းချက်နေ ရ၍ ဖြစ်ရသည်"

ငါတို့လည်း ဘာမျှဝင်မပြောဝံ့။ ပြောလျှင် လည်း ရန်ဖြစ်ကြရတော့မည်မှာ သေချာနေ၏။ ငါတို့ကား ထမင်းစားပြီး ရွှေတိဂုံသို့သွား၏။ ၄င်းကား ထမင်းပင်မစားတော့ပြီ။

နောက်နေ့ကား ဥပုသ်နေ့ဖြစ်သဖြင့် ဆိုင် မထွက်။ ထုံးစံအတိုင်းအိမ်၌ ဥပုသ်ယူလိုသူတွေ ရှိသဖြင့် ထမင်းဟင်းကား ချက်ပြုတ်ပေးသေး၏။ သို့တစေလည်း ယမန်နေ့ကအကြွေးက မကျေလေ သေးသဖြင့် မျက်နှာလည်းမသာ၊ သီလယူရာ၌ လည်းမပါ။ ငါတို့သည်သာ သံဃာနှင့်သီတင်းသည် များကို ဧည့်ခံခဲ့ရ၏။

ဥပုသ်ထွက်နောက်တစ်ရက် ဆိုင်ခင်း၍ဖြီးပြီ။ အသက်အရွယ်ကြီးမားသော အဖွားအိုမကြီးတစ်ဦး

မဟာဗမ္မပါလ



နှင့် မြေးမလေးတစ်ယောက် ဦးစွာ ပေါက်ချလာ၏။ အသံတုန်ချိချိဖြင့် "သား- တက်ထိုင်မနော်" ခွင့်တောင်း၏။ ငါတို့ကလည်း "ထိုင်ပါ- ထိုင်ပါ" ခွင့်ပြု၏။

ဟိုမေးသည်မေး-မေး ပြန်ဆင်းသွား၏။ အထည်(၅)ထည်မျှ ပါသွားပြန်ပြီ။

ဇနီးသည် ရောက်လာသည်နှင့် တန်း၌ ဟာကျန်နေရစ်သော ကွက်လပ်များကိုကြည့်၍ ပါသွားပြန်ပြီလား မေး၏။

"အေးဟယ် အဖွားကြီးဆိုပြီး စိတ်ချလက်ချ ဆိုင်ပေါ်တက်ထိုင်တာကို လက်ခံမိတာ ပါသွားရောကွယ့်"

"ရှင်- ကျွန်မပစ္စည်း တမင်ဖြုန်းနေတာ။ ရှင်ဆိုင်ပေါ်မှာဆက်နေလျှင် ကျွန်မပစ္စည်း ကုန်မှာသေချာတယ်"

ပြောလည်းပြော၊ ဆိုလည်းဆို၊ ငိုလည်းငိုပါချေတော့၏။ ရန်ဖြစ်သည်ထင်ကြ၍ အားလုံးကလည်း ကြည့်နေကြ၏။ ရှက်လိုက်သည့်ဖြစ်ခြင်း။

"အေး-သည်လိုဆို မင်းဆိုင်ပေါ်က ငါဆင်းပြီ။ မင်းဆိုင် မင်းကြိုက်သလိုသာ လုပ်ပေရော့"

ငါတို့လည်း ပြောပြောဆိုဆို ဆင်းခဲ့ရတော့၏။ လက်ထဲပါလာသောငွေစကလေး(ဒီ-၅၀ပြား) ဖြင့် ပဲဆံ(ကုလားပဲဆံ)အစိမ်းများဝယ်၍ အိမ်ပြန်ခဲ့ချေ၏။ ထမင်းပင်မစားခဲ့ရပြီ။

ထဘီထွက်ကား အရှင်ထွက်မဟုတ်ကြ၊ အသေထွက်များသာတည်း။ ထဘီများသာမက ထဘီပုံကြားမှ ထဘီထုပ်ထမ်းသမားကြီးလည်း အသေထွက်, ထွက်ခဲ့ရချေပြီတည်း။ မိန်းမများဝတ်ဆင်ရန် အထည်ဟောင်း,သစ်များကို ထမ်းရသော ထဘီထုပ်ထမ်းဘဝ လွတ်ခဲ့ရချေပြီ။

## ဖိနပ်ကဟောသော သောကကင်းဝေး နေနိုင်ရေးတရား

ငါတို့သည်ကား လူမှုရေးကိစ္စအဝဝတို့မှ လွတ်လပ်ခဲ့ရချေပြီ။

- နိုင်ငံရေးကား ကောင်စီအဆင့်ဆင့်ရွေးပွဲ စကတည်းက ပါဝင်ခြင်းမရှိခဲ့ပြီ။
- လူမှုရေးကား ဘုရားရှူး-ရှူးလာကတည်းက သာရေးနာရေး မည်သည့်အရေးမျှ မပါဝင်ခဲ့ပြီ။
- စီးပွားရေးကား အသံချဲ့စက်အငှားလိုက်သည် ရဲ့များနှင့် အမှုဖြစ်ကတည်းက ရပ်နားခဲ့ရပြီ။ မဲနယ်လုပ်ငန်းလည်း တစတစဖြင့် ဖြတ်တောက်ခဲ့ရပြီ။ ယခု ဆေးဆိုးပန်းရိုက်လုပ်ငန်းလည်း တစ်စခန်းရပ်ခဲ့ရပြန်ပြီ။

သို့ကြောင့် မခံချင်စိတ်၊ ယှဉ်ပြိုင်လိုစိတ်၊ ကြီးပွားလိုစိတ်များမှ ငါ့စိတ် လွတ်လာခဲ့သလို လုပ်ကွက်အရပ်ရပ်များမှလည်း လပ်လာခဲ့ရချေပြီ။

ခြေကလွတ် လက်မှဖမ်းဖို့သာရှိချေတော့သည်။ အကျင့်လမ်းမှ အကျင့်စခန်း လက်ရဖမ်းမိရန်မှာ ထိုအကျင့်လမ်းနောက် တောက်လျှောက်လိုက်ပါသွားမှသာ ဖမ်းမိဆုပ်မိနိုင်ပေလိမ့်မည်။ ဤသို့တွေး၍ ကျင့်စဉ်ဘက် မျက်နှာလှည့်စေသောအားဖြင့် မိုးကောင်းဘုရားသို့သာ နေ့စဉ်သွားတော့၏။ နံနက်(၄)နာရီသည် အိမ်မှထွက်ချိန်ဖြစ်ပြီး ည(၇)နာရီသည် ဘုရားမှပြန်လည်ထွက်ခဲ့သော အချိန်ပင်ဖြစ်ချေ၏။

မြေအေးဆဲခရီးသွား, မြေအေးမှသာ ခရီးတစ်ဖန်ပြန်လာရသည်ဖြစ်သဖြင့် ဖိနပ်မစီးပြီ။ အစာကား ပဲဆံ ရေအေးဖြင့် တစ်ညလုံးစိမ်ထားပြီး နံနက်ကျ ယူဆောင်သွားခြင်းသာ။ သို့ကြောင့် ဖဝါးလည်းအေး၊ အသွားလည်းအေး၊ အစားလည်း အေးအေးတည်း။

မဟာဗမ္မပါလ



ယခင်ကဘုရားသွားသော် ထီး၊ ဖိနပ် ဆောင်ခဲ့ရပြီး ထို ထီး၊ ဖိနပ် ကိုယ့်အနီးနားကပ်လျက်ကအားထုတ်မိရာ မိမိအနား ရှပ်ရှပ်သံကြား သူတစ်ပါးဖြတ်သွားဖြတ်လာကို နားစွင့်၍ ဖိနပ်ကိုများ လာဆွဲလေရော့သလား၊ ထီးကိုများ ယူသွားရော့လား စိတ်ကစားမိခဲ့၏။

ထိုရှပ်ရှပ်ကား ရဟန်းမှန်းလည်းမသိ၊ လူမှန်းလည်းမသိ။ ထိုဖြတ်သွားဖြတ်လာကား သူတော်ကောင်းမှန်းလည်းမသိ၊ သူယုတ်မာမှန်းလည်းမသိ။ ပြစ်မှားမှုကား မိမိအား ထိခိုက်လျက်သာ ရှိတော့၏။ အခိုးမခံရဘဲလျက်က အခိုးခံနေခဲ့ရ၏။ ပါမသွားဘဲလျက်ကလည်း ရက်ဆက်ပင်ပါသွားနေသည်သာဖြစ်ခဲ့ရ၏။ အကုသိုလ်တရားကား များပြားလှဘိခြင်း၊ ရိုးစွပ်ပြစ်ကား အဆစ်ပေးများပြားလှဘိခြင်း။

ယခုသော်ကား ရှပ်လိုသလောက်ရှပ် စိတ်မရှပ်တော့ပြီ။ ဖြတ်လိုသလောက်ဖြတ် စိတ်ကားပြတ်နေချေပြီ။ ဖဝါးမှအေးသည်မဟုတ်၊ စိတ်လည်းအေးနေပြီတည်း။

ငါ့ဖိနပ်ဆိုသော အစွဲလေးတစ်ခုကပင်သည်မျှ အေးစေသေးလျှင် ငါကိုင်မှန်သမျှ ငါပိုင်အစွဲမှ ဝန်ချပစ်ခဲ့နိုင်လျှင်ကား. . .

ထိုအတွေးများသည် ဖိနပ်တစ်ရံ မဆက်ဆံမိရာမှ ပေါ်ထွက်လာသော အတွေးစတည်း။

ဤနေရာအထိကား ငါပိုင်ငါစွဲ အားကြီးလျက်က ကြီးပွားလို၊ လောကအလယ် လူတစ်လုံးသူတစ်လုံးဖြစ်လိုလှသော ဒိဋ္ဌိဦးဆောင်သည့် တဏှာမာနတို့၏ နယ်စပ်ပင်ရှိချေသေး၏။ လောကစံနှုန်းသဖြင့် ငါစွယ်ကျိုးစပြုနေသော ကာလမျှသာ ရှိချေသေး၏။ သို့မဟုတ် သဒ္ဓါ-ပညာ-သတိ တို့နှင့် တဏှာ-မာန-ဒိဋ္ဌိ တို့ အလဲအလှယ်လုပ်ရန် စေ့စပ်ရေး နယ်ခြားစခန်း။

ထိုသို့ ကျင့်စဉ်တစ်ခုတည်း၌သာ စိတ်စိုက်ချထားလိုက်သောအခါ လူအမြောက်၊ နတ်အမြောက်၊ ဓါတ်အမြောက် သုံးလက်တို့တွင် ဓါတ်အမြောက်သည် ဦးစွာပေါ်ပေါက်လာချေ၏။ သီလသိက္ခာ၊ သမာဓိသိက္ခာမှဖြစ်သော ဓမ္မဓါတ်အားတို့သည် ထွန်းကားလာချေတော့ရကား စိတ်ဓါတ်သည် ဖွံ့လည်းဖွံ့စင်၏။ တက်လည်းတက်ထက်လည်းထက်လာ၏။

-သူများတွေ အရက်ဝိုင်း၊ ဖဲဝိုင်းကြားကတောင်သေသွားကြသေးတာ။မင်း-တရားအားထုတ်ရင်းက မသေရဲဘူးလား

-သူများတွေ လင်လုရင်း မယားလုရင်းများကတောင် အသေခံသွားကြသေးတာ။မင်း-တရားအားထုတ်ရင်းက အသေမခံနိုင်ဘူးလား။

ထိုသို့သော စိတ်ဓါတ်အားသည် မြင့်မားလာ၏။ ရွှင်သွက်၍လည်းလာ၏။ နတ်အမြောက်တို့ကား တောတောင်တို့အကြားရောက်မှ ထင်ရှားခဲ့၏။ လူအမြောက်ကား တောမှပြန်၍ မြို့ကိုဝင်မှသာ ထင်ရှားခဲ့ချေ၏။ အမြောက်မှန်သမျှ ချတော့မလို့ ဆိုသည်ကို အထူးသတိထားကာနေရ၏။ အလေးမသမား၏ မ, မရမချင်းကား-မြှောက်၊ မ,၍ရလျှင်ကား ချပစ်လိုက်သည်ကို သတိရနေ၏။

ထိုအမြောက်သုံးလက်တို့၌လည်း တစ်လက်တစ်လက်လျှင်-

၁။ အာဏာကျည်ဆန်-ဘာမဆို ကိုယ်ပြောသလို ပြီးစီးအောင်မြင်လာစေခြင်း။

၂။ ငွေ ကျည်ဆန်- ဝေး-နီး-ကွယ်ရာတို့မှ လာရောက်ကြကာ ပစ္စည်း လာဘ်သပ္ပကာဖြင့် ပူဇော်ခံရခြင်း။

၃။ မ-ကျည်ဆန်- မိမိ၏ အတွင်းဆက် ပဋ္ဌာန်းဆက် မ,တို့ ဝိုင်းအုံကပ်ချဉ်းလာကြခြင်း။

ထိုသုံးဆင့်တို့သည် အဆင့်ဆင့် ပွင့်လာတတ်ကြချေ၏။ မိမိ၏သမာဓိဓါတ်အား စွမ်းပကားသို့ လိုက်၍သော်လည်းကောင်း၊ မိမိ၏ ကမ္မပါက

မဟာဓမ္မပါဠ



နောက်ကြောင်းအကျိုးပေး စုဆောင်းထားရှိခဲ့ဖူးသော ပါရမီအင်အားများသို့လိုက်၍-လိုက်၍ သော်လည်းကောင်း ပွင့်ထွက်လာတတ်ကြချေ၏။

ထိုကျည်ဆန် သုံးတောင့်တို့တွင်လည်း သမာဓိဘာဝပြည့်ဝလာပြီဖြစ်သဖြင့်သမာဓိအာဏာရလာသောအခါ ဦးစွာ မိမိ၏စိတ်အကြံ နှုတ်ဖွင့်တို့အတိုင်း မဆိုင်း။ မဆိုင်းသောအရာတို့က ဦးဆောင်၍ ပွင့်လာတတ်ချေရာ 'တယ်ဟုတ်ပါလား-ငါ' ဟူ၍ သွေးနားထင် ဝင်အဆောင့်ခံရသည်နှင့် ထိုသကောင့်သား ကားကနဲ တိုက်ပွဲကျသွားစေတော့သည်။

အကယ်တိတိ သမာဓိအာဏာတည်တိုင်းရလာဒ်မဆိုင်း ထင်တိုင်းဖြစ်လာသော်မှလည်း စိတ်ကြီးမဝင် မာန်ကိုနှင်ထားနိုင်သော်-ဒုတိယ။ ပစ္စည်းပစ္စယလာဘ်လာဘတို့က မိမိ၏သီလ(ကိုယ်ကျင့်)အားကောင်းလျှင် ကောင်းသလောက် ထိုက်ထိုက်တန်တန်ကြီး အပွင့်သန်လာတတ်ပြန်ချေရာ-

ထိုလာဘ်လာဘတို့အထဲတွင် ကိုယ်ကြိုက်ပါနေသော် ကိုယ်က္ခန္ဓေ ဟန်ဆောင်၍ ဖုံးထားနိုင်သော်မှ စိတ်ပြုံးကား ပြုံးလာတတ်ချေသည်။ မသိမသာ သာယာစိတ်က စိမ့်ဝင်လာတတ်လှချေသည်။ များသော်လည်းကောင်း၊ ကောင်းသော်လည်းကောင်း အကြိုက် တစ်ဖက်စောင်းသွား တတ်လှချေသည်။

အကယ်တိတိ ပစ္စည်းကလည်းနည်းနည်း အကြိုက်မတွေ့တွေ့ချည်း လှည့်ဝင်လာသောအခါ ကာယိန္ဒြေမပဲ့သော်မှ စိတ်က္ခန္ဓေများက ပဲ့သွားရတတ်ချေသည်။

ထိုအခါ ကိုယ်သဘောကျလေသူ အကြိုက်တွေ့လူနှင့်ကား တစ်မျိုး။

ကိုယ်မနှစ်သက်သောသူ မကြိုက်ရာ ဝတ္ထုပစ္စည်းနှင့်လူကျ တစ်မျိုး။

မျက်နှာထားနှစ်မျိုး မေတ္တာရိုး ကျိုးသွားတတ်ချေရာ တဏှာကျည်ဆံ ဒင်္ဂါသင့်ပြီဖြစ်သဖြင့် ထိုသကောင့်သား ကားကနဲကျသွားပြီ။

အကယ်တိတိ ထင်တိုင်းဖြစ်လည်း မာန်မယစ်၊ ဖြစ်တိုင်းရလည်း မျက်နှာထားမပြောင်းကောင်းစွာထိန်းသိမ်းထားနိုင်သဖြင့် မတုန်မဖြုံသေးလျှင် နောက်ဆုံးကျည်ဆံကား မ, တည်း။

ထို မ, ကား ဘဝါဘဝက ပါရမီအတူဖြည့်ခဲ့ဖူးကြသော မ, များဖြစ်ကြသဖြင့် မစိမ်းလွန်း။

ထိုမ,ကား ဘဝလက်တစ်ကမ်း၏ တစ်သက်တမ်းက လင်လုပ်တမ်းမယားလုပ်တမ်း ကစားခဲ့ဖူးပြီး ဖြစ်ကြသဖြင့် မထိန်းလွန်း။ မိမိက သိက္ခာအဆင့် တိုးမြှင့်တက်ထားသဖြင့် က္ခန္ဓေထိန်းနိုင်သော်မှလည်း မ,တို့ဘက်က မျက်စိစုံမှိတ်လျက်က ခေါင်းထိုးဝင်လာတတ်ကြချေ၏။ ဘယ်နေရာ ဘယ်ဒေသ ရောက်ရောက် ဇာတ်ထုပ်တစ်ထုပ်စာသော ဇာတ်သားများ အဆင်သင့် ရှိနေနှင့်ကြပြီးသားသာဖြစ်ချေ၏။ အချို့ မိဘအခန်းက ပါဝင်ခဲ့သူများ၊ အချို့ လင်ခန်းမယားခန်း၊ အချို့ကားဇာတ်ဆောင်၊ အချို့ကားဇာတ်ရံ။

၎င်းတို့သည် ပမာအားဖြင့် မျောက်သွေးရှိသူ မျောက်ဆိုင်းသံကြားက မနေနိုင်ဘိသို့၊ ဘီလူးသွေးပါသူလည်း ဘီလူးဆိုင်းတီးပေးက ထလာဘိသို့၊ နတ်သွေးရှိသူကလည်း နတ်ဆိုင်းသံပေးက မနေနိုင် မထိုင်နိုင်ဘိသို့ ပါရမီရေစက် အဆက်ပါသူတို့လည်း မနေနိုင်ကြပြီ။

ပမာအားဖြင့် သံလိုက်အားကောင်းသော သံလိုက်တုံးကြီးတစ်တုံးကို ဘန်ချည်ကြိုး(ဂုံနီကြိုး)ဖြင့် ချည်နှောင်၍ လမ်းမှ ဒရွတ်တိုက်ဆွဲသွားသော် ထိုလမ်းဘေးရှိ သံတိုသံစ၊ အပ်နဖားကြိုး၊ အပ်နဖားပဲ့များ ဝင်ရောက်ပူးကပ်လာဘိသို့ ကံတူကျိုးဖက် အဆက်ပါလေသူများသည်လည်း ကြားသည်နှင့်လည်း မနေနိုင်ပြီ။ မြင်သည်နှင့်လည်း မထိုင်နိုင်ပြီ။

မိမိဘက်က ထိန်းနိုင်လျှင်ထိန်း ၎င်းတို့ဘက်မှကား ထိန်းနိုင်တော့မည်မဟုတ်ပြီ။

မဟာဗမ္မပါလ

မျောက်သားစားလိုလျှင် မျောက်မျက်နှာမကြည့်မှ စားနိုင်ချေသည်။ ပါရမီအကျင့် တိုး၍တိုး၍ ဆင့်လိုသူလည်း မငဲ့မှတည့်ချေသည်။ ငဲ့လျှင်စောင်းမည်။ စောင်းလျှင်မှောက်မည်။ မှောက်လျှင်ကား မှားဖို့သေချာသည်။ သို့ကြောင့် 'ခမျာလေး' အတွေးမဝင်ရန် ထိန်းရချေသည်။

အကယ်တိတိ 'သူ့ခမျာလေး' ဟူသောအတွေး လက်ခံမိသော် 'ငါ့ခမျာကြီး'ကား ကြီးထွားထကြွလာတော့မည်သာ ဖြစ်သဖြင့် အပွဲပွဲနွှဲခဲ့သမျှသည်တစ်ပွဲ အလဲထိုးခံရတော့မည်မှာ သေချာပြီ။ ထိုနောက်ဆုံး မ,ကျည်ဆန် ဒဏ်မသင့်တော့လျှင်ကား အသက်ရှုချောင်ပြီဟူ၍ သုံးသပ်ရချေမည်။

ထိုမှနောက်ဆုံး လောကခံ၏ အကောင်းဒဏ်,အဆိုးဒဏ် သို့မဟုတ် အခြောက်ဒဏ်, အမြှောက်ဒဏ် မည်သည့်ဒဏ်ပေါ်ပေါ် ကျော်နိုင်မှသာ 'အောင်ပြီ' အော်ရပေလိမ့်မည်။

နတ်လှည့်၊ ဓါတ်လှည့်၊ ဝိဇ္ဇာလှည့် သုံးလှည့်တို့သည် အမြှောက်ကိုကိုင်လျက်ကလည်း လှည့်တတ်၏။ခြောက်လုံးလှန့်လုံးသုံး၍လည်းလှည့်တတ်၏။ မနဲ့မှ လူတော်အမည်ခံရချေမည်။

ငါတို့ ယခုရင်ဆိုင်နေရသည်ကား ဓါတ်အမြှောက်တစ်ခုနှင့် အာဏာကျည်တောင့်။

ငါ့စိတ်ဓါတ်များသည် သိက္ခာဓါတ်အားမြင့်မြင့်သလောက်လျှင် တက်ကြွနေတော့၏။ ဘာဖြစ်ပါစေသတည်း အဓိဋ္ဌာန်လျှင် အဓိဋ္ဌာန်အတိုင်းတန်ရာကား ပေါ်လာစမြဲ။

ထိုစဉ် တစ်နေ့ ဘိုးဝိဇ္ဇာသည် အိမ်သို့ကြွလာပြန်၏။

"ဒကာကြီး ကျုပ်-ကျင့်စဉ်တစ်ခုပေးမယ်။ သည်ကျင့်စဉ်က ဘာကိုမှ မမှုမှုရတတ်တယ်။ ကျုပ်တော့ အနှောက်တစ်ခုသည်းမခံနိုင်လို့ ပျက်လာခဲ့ရတယ်"

"ဘယ်လိုအကျင့်ပါလဲဘုရား"

"ခုနှစ်နေ့ခုနှစ်နံဘုရားများသို့ နေ့နံအလိုက်ဂြိုလ်သက်အလိုက် အဓိဋ္ဌာန်ဝင်ရမှာ"

" ဆက်မိန့်ပါဦး ဘုရား"

"ဆိုပါတော့ဗျာ တနင်္ဂနွေနေ့ကစပြီးနောက်တနင်္ဂနွေနေ့တိုင်အောင်ရှစ်ရက်၊ တနင်္ဂနွေနံပါတဲ့ဘုရားမှာ တနင်္ဂနွေဒေါင့်ကစပြီး လက်ျာရစ်သူ့ဂြိုလ်သက်များအလိုက် ပုတီးပတ်ရေများနဲ့ အဓိဋ္ဌာန်ဝင်ရမယ်"

"တနင်္ဂနွေဒေါင့်ကနေ ပုတီးပတ် ခြောက်ပတ်နဲ့ စတင်ခဲ့ပြီး သောကြာဒေါင့် ပုတီးပတ် နှစ်ဆယ့်တစ်မှာဆုံးရမှာ- တစ်ပတ် ပတ်မိရောပေါ့"

"သည်လိုဆို တနင်္လာနေ့ကျလျှင် တနင်္လာအရပ်ကတစ်ဆယ့်ငါးပတ်နဲ့ စတင်လာပြီး တနင်္ဂနွေအရပ်ခြောက်ပတ်ရလျှင် တနင်္လာဘုရားမှာအောင်ပြီပေါ့ဘုရား"

"အေး-ဟုတ်တယ်ဒကာကြီး- ကျုပ်ကတော့သောကြာဘုရားအဖြစ် ပဲခူးသွန်းဘုရားကြီးမှာသွားဝင်တယ်။ ကျုပ်အလုပ်လုပ်နေရာ ဂေါပကလူကြီးတစ်ဦးကလာပြီး သည်လူကြီး ဘာလာရှုပ်နေတာလဲ ဝေါက်ငမ်းတာကို ဒေါသထွက်မိတာနဲ့ ပျက်ခဲ့ရတယ်။ မကျေနပ်သေးလို့ ဟင်္သာကုန်းသွားတော့ ပိုဆိုးလာလို့ သည်စခန်းစဉ် ပျက်ခဲ့ရတယ်။ သည်စခန်းစဉ်အကျင့်မျိုးက ထက်လွန်းတယ် ဒကာကြီး သတ္တိကောင်းသူများမှသာ အောင်လည်းအောင်၊ထွန်းလည်းထွန်းတာရယ်"

ငါတို့ကလည်း မြှောက်ပေးသူရှိ ဖိလုပ်တတ်သော အကျင့်စွဲရှိသည့်အတိုင်း မရဘူးဆိုလျှင်ရအောင်လုပ်မည်ဟူသော မာန်က ဝင်ရောက်လာလေရာ-

"တပည့်တော် လုပ်ဖြစ်အောင်လုပ်ပါမည်ဘုရား" ဝန်ခံလိုက်၏။

မဟာဗမ္မပါလ



ထို့နောက် ဝင်ရောက်ရန်နေ့၊ ဝင်ရောက်မည့်ဘုရား စသည်များကို တစ်ဦးတည်း စိတ်ကူးဖြင့် စီမံခန့်ခွဲကြည့်မိ၏။

၁၃၃၉-ခုနှစ်၊ ကဆုန်လဆန်း(၁)ရက်၊ တနင်္ဂနွေနေ့။

(၁) အောင်သိဒ္ဓိဘုရားမှ စတင်ဝင်ရောက်မည်။

ထိုနေ့ထိုရက်ကား နှစ်ဆန်းတစ်ရက်နေ့လည်းဖြစ် လဆန်းတစ်ရက်နေ့လည်းဖြစ်၊ တနင်္ဂနွေနေ့လည်းဖြစ်သဖြင့် နှစ်ဆန်း-လဆန်း-နေ့ဆန်း တစ်သုံးလုံးထပ် မြတ်သောနေ့တည်း။

နံက်မလင်းမီကပင် ခြောက်ထပ်ကြီးဘုရားကုန်းနှင့် နီးစပ်လျက်တည်သော အောင်သိဒ္ဓိကုန်းသို့ ရောက်လာခဲ့၏။ ထိုကုန်းကား ငါတို့ဦးစွာ အဓိဋ္ဌာန်ဝင်ရာ ဆယ့်တစ်တောင်ပြည့်ဘုရား တည်သွားသော ဦးအောင်ချမ်းသာ(အောင်မင်းခေါင်ကြီး၏ဩဝါဒခံ) ၏သာသနာပြုရာကုန်းမြေဟူ၍ နောင်မှသိခွင့်ရခဲ့၏။ ထိုဘုရား(၈)ရက်နေစဉ်၏ နောက်ရက်များတွင် ထို ဘိုးတော်အောင်ချမ်းသာ နေထိုင်သွားသော ကျောင်းမှာပင်နေခွင့်ရကာ အဓိဋ္ဌာန်ဝင်ခဲ့ရ၏။ ထူးခြားသည်မှာ နေ့စဉ် မိန်းကလေးများ ဝိုင်းစုလာခြင်းတည်း။

"ဘဘကြီး လိုတာရှိပြောနော် သမီးတို့အားလုံး ကူညီပေးမယ်" ဆိုကြ၏။

ဘိုးတော်အောင်ချမ်းသာ၏ ကျောင်းကို စောင့်ထိန်းနေသော ဦးကျော်အေးကိုမြင်လျှင် ထိုမိန်းကလေးအားလုံး ကြက်ပျောက် ငှက်ပျောက် ပြေးကြချေတော့၏။ ဦးကျော်အေးရှိသော် တစ်ယောက်မျှပေါ်မလာကြတော့။ ဦးကျော်အေး မရှိသော် အားလုံးပင် ဝိုင်းစုလာကြ၏။

တစ်နေ့လျှင် (၄)ကြိမ်။ ၆-နာရီ၊ ၁၂-နာရီ၊ ၄-နာရီ၊ ၆-နာရီ။

တစ်ကြိမ်လျှင် (၂၇)ပတ်၊ အရဟံသိဒ္ဓိဂုဏ်တော်ဖြင့်။

(၂) တနင်္လာနံဘုရားကား ကျိုက္ကစံတည်း၊

တနင်္လာနေ့ နံနက်တွင် အိမ်မှကျိုက္ကစံသို့ ထွက်လာခဲ့၏။နံနက်(၈)နာရီခန့် ထိုဘုရားဝင်းအတွင်း၌ သီတင်းသုံးတော်မူသော ရွှေမြင်းမိုရ်ကျောင်းဆရာတော် ဦးဝါသဝနှင့် ရင်ပြင်ပေါ်၌ပင် တွေ့ရာ ကျောင်းသို့ခေါ်သွား၏။

ကျောင်းရောက်သော် ထိုဘုရား၌နေစဉ် ရှစ်ရက်ပတ်လုံး၏ ဆွမ်းကိစ္စတာဝန်ယူ၏။ အာရုံ၊ နေ့ဆွမ်း အစစအားလုံး သက်ကင်းဖြင့်ပင် စောင့်ရှောက်တော်မူ၏။ ဘုရားရင်ပြင်ပေါ် ညအိပ်ညနေ နေရန်ကိုလည်း ၎င်းကပင်တာဝန်ယူစီစဉ်ပေး၏။ နောက်တစ်ဆူသို့ကူးရန် ခရီးစရိတ်ပင် ထောက်ပံ့လိုက်သေး၏။

ထူးခြားသည်မှာ သက္ကဝတီဘိုးတော်ဘွဲ့ခံ ဂျိုးဖြူဆရာတော်ကြီး၏ တပည့်များ လာရောက်တွေ့ဆုံကြခြင်းပင်တည်း။

သင်္ဂါယနာတင်ပွဲကြီး မကြာမီစတော့မည်။ ယှဉ်ပွဲများတုန်းကလို အနည်းစုမဟုတ်။ သံဃာ(၁၅၀)ပါးဖြင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် သင်္ဂါယနာတင်ကြပါလိမ့်မည်။

ထိုစဉ်က ဘာဆိုလိုသည်မသိခဲ့ နောင် ၁၃၄၂-ခုနှစ် တွင်ကား သာသနာ့ သန့်ရှင်းရေးကြီး စတင်ပါချေတော့၏။ ဗဟိုဝန်ဆောင်(၁၅၀) ဖြင့် တစ်ပြည်လုံး သာမဏေ-သီလရှင်များပင်မလပ်ရ စေပြီ မဟုတ်လော။

သင်္ဂါယနာတင်ပွဲကြီးကလည်း စာသင်္ဂါယနာမဟုတ် လူသင်္ဂါယနာတင်ပွဲကြီးတည်း။

သင်္ဂါယနာဟူသည် စုပေါင်းရွတ်ဖတ်ပွဲကြီးကိုဆို၏။ ဘာကြောင့် စုပေါင်းရွတ်ဖတ်ရလေသနည်း။ သက်ာရနန့်မကင်းဖွယ် ပုဒ်မှား-ပုဒ်ကျများကို စီစစ် သုတ်သင်ရန်တည်း။

မဟာဓမ္မပါလ



(၃)အင်္ဂါနံဘုရားကား ဆူးလေတည်း။

အင်္ဂါနေ့နံနက်တွင်ကား ကျိုက္ကစံဘုရားမှ ပင်(၁၅)ဘစ်ကားစီး၍ ဆူးလေစေတီတော်သို့ ပြောင်းရွှေ့ခဲ့ရပါချေ၏။ ညအိပ်ခွင့်ကားရ၏။ မရတော့ချေ။

ဂေါပကလူကြီး ဦးသန့်ဆိုသူကား ကိုယ်တောင်မလုပ်နိုင်တာ လုပ်နိုင်သူရှိတုန်း အားပေးရမည်ဆိုကာ အဓိဋ္ဌာန်ရက်ပြီးသည့်တိုင်နေရန် ခွင့်ပြု၏။ နောက်တစ်ရက်တွင်ကား အလှည့်ကျ ဂေါပကလူကြီးဖြစ်သော ဦးမြမောင်ဆိုသူက ဘုရားရဲမျှားမှ တစ်ဆင့် ညအိပ်ညနေမနေရန် နှင်စာပို့လာ၏။ နောက်ည အိပ်ခွင့်မရပြီ။

သို့ကြောင့် ပထမသော် ရန်ကုန်ဘူတာကြီးသို့သွားရောက်၍ ခရီးသည်များနှင့် ရောနှောကာ သွားအိပ်၏။ ထိုစဉ်က ခရီးသည်များ ဘူတာကြီးထဲမအိပ်ရ အမိန့်ထုတ်ထားသဖြင့် ဘူတာရှေ့မြက်ခင်းပြင်အနီး၊ ဘောင်ပေါ်စသည်တို့၌သာ အိပ်ကြရလေရာ ငါတို့လည်း ထို၌ပင် ရောနှောအိပ်ခဲ့ရ၏။ ညဦး၌ ပြည့်တန်ဆာမတို့ တစ်အုပ်ကြီးလာရောက် မြူဆွယ်နေကြသည်ကိုတွေ့ရ၏။ စိတ်မထကြွ၊ အားမကျမိ။ ခရီးသည်ယောကျ်ားများစွာနှင့် ၎င်းတို့ကို ကြည့် သနားမိ၏။

ငါ၌ အစမ်းသည် ကြမ်းတမ်းစွာ ခံခဲ့ရဖူးပြီးဖြစ်၏။

တစ်နေ့ ငါးပါးသီလ ရာသက်ပန်ကတိပေးပြီး မကြာမီသောကာလ သူငယ်ချင်း လုပ်ဖော်ကိုင်ဘက်ဖြစ်ခဲ့ဖူးချေသူ ကိုတူး၊ ကိုအုံးလှ၊ ကိုတင်စောတို့ စပ်တူတည်ထောင်ထားရာ ဆားကြိတ်ခွဲစက်သို့ သွားရောက်မိရာ အလုပ်ပြီး၍ အနားယူချိန်နှင့်တိုးမိသဖြင့် စားပွဲသောက်ပွဲကြီးများနှင့်လည်း ပက်ပင်းတိုးမိရချေတော့၏။ ၎င်းတို့အနီး၌လည်း အပျော်တမ်းမိန်းကလေးတစ်ဦးလည်း အဆင်သင့်တွေ့ရချေသေး၏။ အမည်မှာ အစမ်း ယင်၏။

ငါ့အားအရက်အတင်းတိုက်၏။ မသောက်ပါရစေနှင့်တောင်းပန်ရ၏။ တစ်ခါမရ နှစ်ခါ၊ နှစ်ခါမရ သုံးခါ,လေးခါ,ငါးခါ မရပ်မနားအတင်းပင်တိုက်ကြ၏။ ငါကလည်း တောင်းပန်၏။ ပြီးသော်ထိုမိန်းကလေးကို နမ်းပြ,ဖက်ရမ်းပြ ဖြင့်လည်း သရုပ်ဆောင်ပြသေး၏။

ကြာသော် မင်းတစ်ချိန်တုန်းက ကိုယ့်ဖင်ကကိုယ့်ချီးထွက်တာတောင် မသိလောက်အောင် သောက်ခဲ့ပြီး အခုဘာဖြစ်လို့ မသောက်သလဲ စစ်မေး-မေးတော့၏။

"အရက်ဖိုးလည်း မတတ်နိုင်လို့ပါ ခင်ဗျား။ သည်ရက်-သည်ရက်အတောအတွင်း အရက်မသောက်ပါ အဓိဋ္ဌာန်ထားလို့ပါခင်ဗျား"

"သည်လိုဆို မင်းမသောက် ငါတို့ကိုမင်းက တိုက်ရမည်" အကြပ်ကိုင်ကြလေတော့ရာ-"ရပါတယ်ခင်ဗျား၊ ကျနော်မသောက်ရ ကျေနပ်ပါတယ်ခင်ဗျား" ဖြေကြားမိချေ၏။

"ကဲသည်လိုဆို မင်းအိမ်ကို ငါတို့လိုက်ခဲ့မယ် သွားကြစို့"

သို့နှင့် ထိုသူငယ်ချင်း အရက်သမားကြီးများကို ဆိုက္ကားဖြင့် တင်ဆောင် ခေါ်ခဲ့ကာ ၎င်းတို့စိတ်ကြိုက် အရက်တိုက်ခဲ့ရပါ၏။ အရက်သောက်ကြ၏။ မူးရမ်းကြ၏။

"သည်ရပ်ကွက်မကြောက်လို့ ငါလာတာကွ၊ မိုက်သူရှိထွက်ခဲ့"

မည်သူမျှမလှုပ်ကြ၊ ဘာကြောင့်ဆိုသော် တစ်ရပ်ကွက်လုံးက ငါ့အကြောင်းသိ ငါ့ကိုကြည့်ညိုနေကြပြီး ဖြစ်သောကြောင့်တည်း။ ပြီးသော် အံဖတ်တို့ အကြား အိပ်ပျော်သွားကြလေသတည်း။

ငါတို့သည်လည်း ထိုအံဖတ်ကြားမှာပင် အဓိဋ္ဌာန်ဝင်ခဲ့ရ၏။

နံနက်လင်း၍ နိုးကြချေသော် ငါတို့ကြော်

မဟာဓမ္မပါလ



လှော်ကာ အဆင်သင့်ထားပေးသော အစာတို့ကို မျက်နှာသစ်ပြီးပြီးချင်း စားသုံးလျှက်က-

"ခင်ဗျား အရက်ရှောင်ထားတာ ခဏလား တစ်သက်လုံးပဲလား" မေး၏။

"နိုင်သလောက်ပေါ့ဗျာ၊ စိတ်ဆိုတာ သည်နေ့တစ်မျိုး နက်ဖြန်တစ်မျိုးကိုဗျာ့"

"တစ်သက်လုံးသာ ရှောင်လိုက်ပါတော့ဗျာ၊ မကောင်းပါဘူး"

ထိုမှစ၍ ၄င်းတို့အားလုံးလည်း ငါနှင့်တွေ့တိုင်း ညွှတ်ကိုင်းရှိုင်း လာကြချေတော့၏။ သူငယ်ချင်း ဟူ၍လည်း သဘောမထားကြတော့။ စကားပင် ရွေးပြောလာကြပြီ။

ဤကား ယခင်ကအစမ်းဖြင့် အစမ်းခံခဲ့ရခြင်းတည်း။ သည့်အတူ မယားစမ်းလည်းခံခဲ့ရသေး၏။

"သည်လိုသာလုပ်နေ ကိုယ့်မယား သူများမယားဖြစ်သွားမှာပေါ့" ဟူ၍ပင်။

ငါတို့ကား မတုန်ပြီ။

ပြောပစေငါမှားသည် သူ့ဘက်ကမှန်နေသည်။ ပေါင်းသင်းဖို့ လက်ခံလာကြတုန်းက မဟုတ်ရာ လုပ်ကြစို့ဆိုပြီးကာမှ ယခု ငါ ဟုတ်ရာဘက် ပြောင်းလဲလာခဲ့တာ။ ငါကားသစ္စာဖောက်သူ။ ငါက သစ္စာလည်းဖောက်သေး ငါကပဲရန်မူဦးမည်ဆို ငါထပ်မှားဦးတော့မည်ဆိုကာ ကျေကျေနပ်နပ် သည်းခံခဲ့ရချေသတည်း။

ယခုလည်း ဘူတာရှေ့ အတွေ့စစ်- စစ်နေလေရော့လားမသိ။ သည်အထဲ ခါးပိုက်နှိုက်က နှိုက်ပြန်ချေသေး။ ငါတို့ကား မြက်ခင်းဘေး ကွပ်ခေါ်အုတ်ခုံလေးဘောင်ပေါ် သို့ ဘူတာကြီးမျက်နှာစာဘက်ကနေ အိပ်မိရာ ငါတို့နှင့်ခေါင်းချင်းဆိုင်ကာ တစ်ဦးက လာရောက်အိပ်၏။ ငါတို့လည်း အိပ်မောကျသွားရာ အင်္ကျီအိတ်အတွင်းက အိတ်လည်း ပါသွားရော။ အကြွေ တစ်ကျပ်ကိုကား ချန်ထားခဲ့သဖြင့် ကျေးဇူးကင်ရသေး၏။

နောက်ရက်များတွင်ကား အိမ်သို့သာ ပြန်လည်အိပ်ရချေတော့၏။ ပါသွားလေသောအိတ်ကား- ဝေဘူဆရာတော်ဘုရားကြီး၏ ဩဝါဒအချုပ်ကို ပုံနှိပ်ထားသောစာတစ်ရွက်၊ ဆရာတော်ဘုရားကြီး၏ ဓါတ်ပုံတစ်ပုံ၊ ရွှေတိဂုံစေတီတော်ကြီး၏ အထက်ပစ္စယံပေါ် သို့ တက်ရောက်အားထုတ်ခွင့် လက်မှတ်(ကဒ်ပြား) မျှသာတည်း။

ထိုနေ့ (တတိယမြောက်နေ့) ညနေမှစ၍ လူတစ်ယောက်(အသက်၃၅ခန့်) လာရောက်၍ တရားဆွေးနွေး၏။ ငါတို့ကား ကျင့်စဉ်တရားမျှသာ ပြောဟောတတ်ခဲ့၏။ ၄င်းကား ဂိုဏ်းစကားများများ ပြော၏။ လက်ထဲမှာလည်း အင်းပုံစံများချထားသော အင်းလက်ကိုင်ပုဝါတစ်ထည်လည်း အဆောင်အဖြစ် ဆောင်ထားသည်ကိုလည်း တွေ့ရ၏။ ၄င်းပြောစကားအရ တြိသီဟောအင်း ဆို၏။ ရှင်သူငယ် ဂိုဏ်းက ဂိုဏ်းဝင်ဖြစ်ပြီး ဦးမောင်လေး၏ တပည့်-တစ်ဦးပါ ဟူ၍ဆိုလာ၏။ ငါတို့ကား မကျွမ်းနိုးသော အရာဖြစ်သဖြင့် ကောင်းပါတယ်ဖြင့်သာ ဖြည့်ခံနေရ၏။ အဓိဋ္ဌာန်ရက် ပြီးခါနီး တစ်ရက်အလို၌ကား ငါတို့ကိုဖိတ်ကြားလျက်က ဆူးလေအနောက်ဘက်မုခ် အထွက်ရှိ အအေးဆိုင်တစ်ဆိုင်တွင် ခေါ်သွားကာ ဒါနပြု၏။

"ကျွန်တော် ထောက်လှန်းရေးကပါ၊ ကျွန်တော့်နာမည် ကျော်ဟိန်းပါ၊ ဘူတာကြီးမှာ တာဝန်ကျပါသည်။ နောင်အခါ ဘူတာကြီးမှာ အကူအညီလိုပါက ကျွန်တော့်နာမည်မေးပြီး ကျွန်တော့်ဆီလာပြီး အကူအညီတောင်းပါ ကျွန်တော်ကူညီပေးပါမည်" မိတ်ဆက်၏။ ထိုအခါမှ အံ့ဩရတော့၏။ ထောက်လှန်းရေးများကလည်း ဘက်စုံပညာများနှင့်ပေကိုးဟူ၍။

ငါတို့သည် "ကျေးဇူးတင်ပါသည်။ ရန်ကုန်မှာ ထင်းခွေမကြုံ ရေခတ်ကြုံ ကိစ္စများ ပေါ်တတ်စ

မဟာဗုဒ္ဓပါလ



မြဲသာဖြစ်ပါသည်။ လိုအပ်လာသောအခါ အားကိုး တကြီး အကူအညီတောင်းပါမည်" ဟူ၍ ခွန်းတုန့် ပြန်၍ ပြီးဆုံးခဲ့ရချေသည်။ ငါတို့ပါသွားသော ထိုအိတ်ကလေးလည်း များမကြာမီ စာတိုက်မှ တဆင့် မပျောက်မပျက် ရောက်လာပါချေတော့၏။

ထူးခြားသည်မှာကား နေ့စဉ်အသက်(၂၀) ခန့် မျက်မှန်နှင့်တရုတ်အမျိုးသားလေး တစ်ယောက် အသစ်စက်စက် ငွေကျပ်တန်လေးတစ်ရွက်, တစ်ရွက် (၈)ရက်စလုံး လာရောက်ပေးလှူခြင်းပင်။ စကား လည်း တစ်ခွန်းမျှမပြော။ ထိုငွေတစ်ကျပ်ကို တရို တသေ ဒူးထောက်လျက်ကပေးပြီး ထွက်ခွာသွား သည်ချည်းပင်။ ငါတို့ကလည်း အထွေအထူးမမေး မိခဲ့။

အဓိဋ္ဌာန်ရက်ပြီးစီးရန်၏ အရင်တစ်နေ့ (တနင်္လာနေ့ညနေ)တွင်ကား ည(၆)နာရီဝင်ချိန် ဝယ် ငါတို့၏နောက်မှ ထက်ချပ်မကွာ အဘိုးအို တစ်ဦး လိုက်ပါနေလေသည်ကို အမှတ်ထားမိ၏။ ဦးစွာ ငါတို့က အင်္ဂါဒေါင့်မှနေ အရဟံသိဒ္ဓိဖြင့် ပုတီးပတ်(၈)ပတ်စိတ်၏။ ၎င်းကား ဂုဏ်တော်(၉)ပါး စလုံး ပွားသံကို အသံစာစာကြားနေရ၏။

ကြား-ကြားရုံမျှသာ။

တစ်ဖန် ဗုဒ္ဓဟူးမှ (၁၇)ပတ်ဝင်ပြန်ရာ ၎င်း- လည်း ပါလာ၏။ အနည်းငယ်မှတ်မိလာ၏။

ထို့နောက် စနေမှ (၁၀)ပတ်ဝင်လေသော အခါ ပို၍သတိထားမိလာ၏။

ထို့နောက် ကြာသပတေးမှ (၁၉)ပတ် ဝင်သောအခါတွင်မူကား ၎င်းလည်း ငါတို့၏နောက်ပါး ကပ်လျက်ကပင် အာရုံခံတွင်းဝယ် ဝင်ရောက်ပွား ပို့နေချေရာ အထူးဂရုပြုလာမိတော့၏။ ဂုဏ်တော် (၉)ပါးလုံးတို့တွင် ဝိဇ္ဇာစရဏသမ္ပန္နော်သို့ ရောက် လေတိုင်း သံ-ဝိဇ္ဇာစရဏ-သမ္ပန္နော်ဟူ၍ သံတစ်လုံး ရှေ့မှ အထွင်္ကတက်လျက်က ပွားပို့ပေးနေသည်ကို သိလာရ၏။ ဘာပါလိမ့်မလဲ၊ ဘာပြောတာလဲ၊ စိတ်ကျက်စားမိ၏။ အဓိပ္ပါယ်ကိုကား မမိ။

တစ်ဖန် ရာဟုမှ(၁၂)ပတ်တွင်လည်း ထို နည်း၎င်းချည်းသာ ကြားနေရ၏။

သောကြာ(၂၁)၊ တနင်္ဂနွေ(၆)၊ တနင်္လာ (၁၅)တို့၌လည်း ထိုနည်းနှင်နှင်သာ ရှိချေ၏။

ဆူးလေ၏ အင်္ဂါနံဘုရား၌ တနင်္လာသည် ဂြိုဟ်(၈)ခွင်၏ (၁၀၈)ပတ်ပြည့်ရာ ဌာနသာဖြစ်ချေ ၏။ အဓိဋ္ဌာန်ချိန်ပြီးစီးသဖြင့် မေတ္တာပို့အမျှဝေကာ အိမ်ပြန်ရန် ထလိုက်လေသောအခါ ထိုအဘိုးကား ငါတို့နောက်ဝယ် ရပ်၍စောင့်လျက်သာ ဖြစ်နေ တော့၏။

"ငါ့သား အဓိဋ္ဌာန်ပြီးပလား"

"ပြီးပြီ အဘ"

သူက သားခေါ်သဖြင့် ငါကလည်း အဘ ဖြင့် တုန့်ပြန်လိုက်သည်။

"ငါနဲ့ လမ်းလျှောက်သွားရအောင်"

"သွားမယ်အဘ" သူကခေါ်သဖြင့် ငါက လည်းလိုက်ရန် သဘောတူလိုက်သည်။

ထိုသို့ အချီအချ ပြောဆိုကြပြီး ဆူးလေ စေတီတော်ကြီးအား လက်ဝဲပါတ် တနင်္လာ- သောကြာ- ရာဟု- ကြာသပတေး အတိုင်း အတူ လျှောက်ကြ၏။

အဘိုးကား ယာခြေတစ်ဖက် နဲ့နေသည် ထင်ရ၏။ သွားလျှင် ယာဘက်က ဆတ,ဆတရှိ၏။ ယာဘက်လက်မှ တောင်ဝှေးထောက်ဖြင့်သာ သွား ၏။ ပိတ်ဖြူနွမ်း ဝတ်စုံအပြည့် ဝတ်ဆင်ထား၏။ အရပ်ရှည်သွယ်ပြီး ပိန်ပါးပါးသာရှိ၏။ အသားညို သည် ထင်မိ၏။

"မင်း- ဘာဂုဏ်တော်ပွားလဲ"

"အရဟံသိဒ္ဓိ ဘဘရဲ့"

"မင်း- ဘယ်သူကပေးလို့လဲ"

"အိပ်မက်ထဲမှာ ဘိုးဘိုးအောင်ကြိုက်တာ

မဟာဓမ္မပါလ



က အရဟံသိဒ္ဓိဗျာ့လို့ မက်ပြီးကတည်းက သား လည်းပဲ ဒါကိုပဲ စွဲစွဲမြဲမြဲပွားတော့တာပဲ ဘဘရဲ့"

"အေး ဟုတ်သဟ"

ထိုအခါ ငါတို့စိတ်ဝင်စားလာမိ၏။ တိတိ ပပ ကားမသိ။ ဟုတ်လိုဟုတ်ညားမျှ ဖြစ်မိသွား၏။

"သည်ပုဂ္ဂိုလ်ကြီးတွေက ဘဘရာ သားတို့ ကျတော့ ဘာလုပ်ပါ-ညာလုပ်ပါနှင့် အိပ်မက် ပေးပေးပြီး ခိုင်းလိုက်ကြတာ၊ သားတို့ တကယ်လုပ် တော့ သူတို့လာသလား ဘဘရဲ့" စနည်းနာကြည့် ၏။

"မင်း- အဓိဋ္ဌာန်ဝင်ခါနီး သီလယူသလား"

"ယူပါတယ် ဘဘရဲ့"

" ယူ- လာသကွ"

ဟုတ်ပြီ။ ဒါပုဂ္ဂိုလ်စစ်ဖြစ်ရမည်။ သီလ အခြေခံတဲ့တရား ပုဂ္ဂိုလ်စစ်တို့ရဲ့ တရားပေကပဲ။ ဤသို့လျှင် ငါကား အထင်ကပ်စိတ်ပေါ်လာ၏။ ငါကြားသာရုံ ငါ့စိတ်တွင်းကပြောစကား ကြားသွား လေသလား မသိ။

"အောင်မင်းခေါင်ကြီးက ငါ့အဖေကွ တစ်ခါက ငါကွာ သည်ဆူးလေမှာ အကြီးအကျယ် အနာကြီးပေါက်နေတာ အောင်မင်းခေါင်ကြီး ကုသပေးလို့ ပျောက်သွားတာကွ" စကားလှိုးလွှဲ၏။

ပြီးသော် "မင်း ငယ်သေးတယ် မျက်စိကို ကောင်းကောင်းသတိထား ကြားလား။

ရူပါရုံ-မြင်ရမှ ကြိုက်တာကွ။

ရသာရုံကွာ မြင်ရမှ စားချင်တာရယ်

ဖေါဋ္ဌဗ္ဗာရုံကွာ သူလည်းမြင်မှသာတွေ့ချင် ထိချင်တာ။

ကျန်တဲ့ နား၊ နှာခေါင်းများလည်း နိုင်ရင်တော့ ကောင်းတာချည်းပဲပေါ့ကွာ။ မင်းကငယ်သေးလို့ မတတ်နိုင်လည်း နေပါစေဦးပေါ့။ မျက်စိကတော့ အာရုံငါးပါးမှာ သုံးပါးက သူ့ကြောင့်ဖြစ်တာချည်းမို့လို့ သူ့ကိုတော့ ကျပ်ကျပ်သတိထားကွဲ့"

"ငါ မင်းနဲ့မို့ အခုလိုစကားပြောနေတာ ငါ့ချည်းဆို ငါ့နောက်မှာ ဘယ်သူကအော်ခေါ်ခေါ် လှည့်မကြည့်ဘူး"

"ဟုတ်ကဲ့ဘဘ သား-သတိထားပါ့မယ်။ အဘနဲ့ကော သား ဘယ်တော့တွေ့ရဦးမလဲ"

"ရွှေတိဂုံမှာ တွေ့ကြမှာပေါ့"

ဤသို့ စကားတပြောပြောနှင့် ဘုရားလှည့် ပြီး လာခဲ့ကြရာ အနောက်မုခ်သို့ရောက်သဖြင့် အောက်ဆင်းခဲ့ကြ၏။ ပန်းဆိုင်များရှေ့ရောက်သော် ဟိုကဖြင့်အဘ သည်ကဖြင့်အဘနှင့် နှုတ်ဆက်ကြ ခေါ်ကြ,ပြောကြပြီး ပိုက်ဆံများ သူ့ထက်ငါ လှူကြ သည်ကိုတွေ့ရ၏။ တစ်ဆိုင်မှာ ၄င်းအပ်နှံထားသည် ထင်ရသော ခုံဖိနပ်တစ်ရံ တောင်းယူပြီး ထွက်ခဲ့ကြ ၏။

အနောက်ဘက်မုခ်မှနေ မဟာဗန္ဓုလ လမ်းမကြီး၏ ပလက်ဖောင်းအတိုင်း ရှာမိုမုန့်တိုက် ဘက်မှနေ စကားပြောရင်း လမ်းလျှောက်လာတုန်း ဖြုန်းဆို (၁၄)ဘပ်စ်ကားတစ်စင်းက တစ်ဖက် ပလက် ဖောင်း၏ မှတ်တိုင်ရှေ့တွင် ထိုးရပ်လိုက်ရာ-

"သွားမယ်ဘဘ ကားလာနေပြီ" စကား ဖြတ်ပြီး လမ်းကူးရန် ပြင်လိုက်၏။

"နေပါဦးကွ ငါနဲ့စကားပြောပြီးသွားရ အောင်"

"ကားမရဘဲနေဦးမယ်အဘ ပြန်ရမှာက သက်န်းကျွန်းအထိရယ်"

"နေပါဦးကွ မင်းအိတ်ထဲကပိုက်ဆံ တစ်ကျပ် ငါမတောင်းပါဘူး"

"သွားပြီအဘရေ့ ကားမရမှာစိုးလို့"

တားသည့်အကြားမှာပင် ပြောပြောဆိုဆို ကားပေါ်သို့ ပြေးတက်ခဲ့၏။ မင်းအိတ်ထဲကငွေ- တစ်ကျပ်ဟူ၍ အပ်ကျမတ်ကျ ဖွင့်ပြောနေသော်မှ

မဟာဇမ္ဗူပါလ



လည်း ကားဇောက အမောဆိုက်နေပြီဖြစ်သဖြင့် နားမဝင်ခဲ့ပြီ။ ထိုစဉ်က ည(၈)နာရီကျော်လျှင် မြို့တွင်း၊မြို့ပြင် ကားအဆက်ပြတ်ပြီဖြစ်၏။ အောက်ဆိုက်ကားဟူ၍ခေါ်သော ဂိတ်သိမ်းအပြန် ကားများကိုချည်းသာ အားကိုး ပြန်ကြရ၏။ ကားခမှာ ငါတို့ပြည်သာယာလမ်းမှဆူးလေသည် ပုံမှန် ၂၅ ပြား ဖြစ်ပြီး ယခုလို အခွင့်ထူးခံမှ(၁)ကျပ်သာရှိ၏။ ငါ့အိတ်ထဲ၌လည်း နံနက်က တရုတ်လေးလှူထား သော (၁)ကျပ်ကလည်း အဆင်သင့်။

## ဆရာလေး ကယ်ပါ ကယ်ပါ

နောက်နေ့(အဓိဋ္ဌာန် ၈-ရက် ပြည့်မည့် အင်္ဂါနေ့) တွင်လည်း ထုံးစံအတိုင်း နံနက်(၄)နာရီ ဆူးလေစေတီတော်ကြီး၏ တံခါးဖွင့်အမှီရောက် လာခဲ့၏။

ရောက်မဆိုက်လျှင် အဓိဋ္ဌာန်ဝင်ခြင်း၊ မေတ္တာပွားခြင်းများကိုပြုကျင့်၏။ တစ်ဖန် နံနက် (၈)နာရီခန့်တွင်(၂၈)လမ်း- ဆရာကြီးဦးကြင်သိန်း၊ သမီး အမာသိန်း (ဗိုလ်မှူးညွန့်မြင့်ဇနီး) တို့က ထမင်းစားဖိတ်ကြားထားသဖြင့် ယမန်နေ့ညက ဆင်းခဲ့သော လမ်းအတိုင်း ဆင်းခဲ့လေရာ (၃၁)လမ်း ဖြတ်မကူးမီလေးမှာပင်

"ဆရာလေး-ဆရာလေး ခဏနေပါဦး" နောက်မှဆူညံစွာ(လူအုပ်ကြီးမှပင်)အသံပေါ်လာ ၏။ ငါတို့ကား နည်းနည်းလေးမျှ လှည့်မကြည့်။ ဆရာလေးဆိုသည်မှာလည်း ငါ့ကိုခေါ်ချေသည် ဟူ၍ မထင်ခဲ့မိ။ အသံက ကျယ်သထက်သာ ကျယ် လာပြီး နီးသထက်သာ နီးလာချေတော့၏။

(၃၁)လမ်းအလွန် ရှေ့လမ်းသို့မကူးမီမှာပင် ငါ့ရှေ့မှ ကြိမ်ခြင်းကြီးဖြင့် ကာလျက်က မိန်းမတစ်ဦး လမ်းပိတ်ဆို့ကာ ရပ်လိုက်ရာ ငါတို့ ရှေ့မတိုးသာပြီ။

"ဆရာလေး ကျွန်မတို့ ဆင်းရဲနေပါပြီ ကယ်ပါ"

"ဟာ-ကျုပ် ဆရာလေးမဟုတ်ဘူး၊ ခင်ဗျားကကော ဘယ်ကလဲ"

"ဟုတ်ပါတယ် ကျွန်မတို့ဆရာလေးပါ၊ မနှစ်က ဆရာလေးရွှေဘုန်းပွင့်လာပြီး ပစ္စည်းများ ဝေငှပေးခဲ့လို့ ကျွန်မတို့ချမ်းသာခဲ့ကြတယ်။ သည်နှစ် ဆရာလေး မလာလို့ ကျွန်မတို့ ဆင်းရဲနေကြပါ တယ်။ ဆရာလေး ကျွန်မတို့ရွှေဘုန်းပွင့် လာပါဦး"

"ဟာ ကျုပ်ဘာပစ္စည်းမှ ပေးတတ်စရာမရှိ ဘူးဗျာ့ ကျုပ်တတ်နိုင်တာ မေတ္တာနဲ့အမျှပဲ။ ခင်ဗျား တို့လည်း ဒါကိုပဲယူပေါ့" ပြောမိ၏။

"အခုဘယ်သွားမလို့တုန်းဗျ"မေးမိရာ

"ဒန်ပေါက်ထမင်း ဝယ်မလို့လာတာပါ" ဖြေ၏။

စိတ်ထဲမှကား 'အမလေး ဆင်းရဲလို့တဲ့ဗျာ ဒန်ပေါက်ဝယ်မလို့ သူဌေးကြီးက ဇရာမနှင့်' ဟူ၍ တ,မိ ချေတော့၏။ ထို့နောက် ငါတို့လှည့်မကြည့်။ ရှေ့ဆက်သွားမိ၏။ ၎င်းလည်း ဘယ်လိုကျန်နေရစ် လေသည်မသိ။

နောက်မှ စဉ်းစားမိသည်မှာ နက်ဖြန်- ဗုဒ္ဓဟူးနံဘုရား ကူးပြောင်းရာတွင် ၎င်းတို့ဘုရား လာရောက်ရန် ဖိတ်ကြားခြင်းဟူ၍ သဘောပေါက် မိ၏။ စကတည်းက ရွှေတိဂုံရွေးချယ်ထားပြီးသား ဖြစ်သဖြင့် ဖိတ်သော်လည်း လိုက်မည်ကားမဟုတ်။ နံတူဖြစ်လျှင် ရွှေတိဂုံသည်သာ အထွဋ်အမြတ်ဟူ၍ ဉာဏ်သက်ဝင်ပြီးသား ဖြစ်သောကြောင့်ဖြစ်၏။

ငါ့အား'ကယ်ပါ' ဆိုသဖြင့် အောင်မင်းခေါင် ကြီး ရှိစဉ်က ထိုစကားမျိုး သူ့ဝေနေယျများက သုံးနှုန်း၍ "ဘိုးတော် သားတို့ကို ကယ်ပါ"ဟု ပြောလေလျှင် "ငါ-ကယ်ပါ မဟုတ်ဘူး နင်တို့သာ

သူတောင်းစား" ဟူ၍ ပြန်လှန်ချေပသည် ဟူသော စကားကို ကြားယောင်မိခဲ့သေး၏။

မနှစ်က ပစ္စည်းပေး ဆိုသည်

၁။ ဘုရားစကား ရွှေနားပန်ဆင်တော့မည် ဆိုကာ ရွှေနားပန်ဘုရာသို့ ဦးစွာဝင်ခဲ့၏။

၂။ ငါ၏သာသနာပြုထုံး ရွှေဘုန်းပွင့်စေရမည် ဆိုကာ ရွှေဘုန်းပွင့်ဘုရားသို့။

၃။ ဗိုလ်ခြေတစ်ထောင်ဖြင့် ဆံတော်ကြိုဆိုအံ့ ဆိုကာ ထိုမှ ဗိုလ်တထောင်ဘုရား။

၄။ ထိုဆံတော်ကို နတ်တို့ကိုမေး၍ ဘုရားတည်အံ့ ဆိုကာ ထိုမှ ဆူးလေ။

၅။ နတ်ကြီးလက်ညှိုးညွှန်ရာကုန်း ဆံတော်ကိန်းစေအံ့ဆိုကာ ထိုမှ ရွှေတိဂုံ။

ဤသို့လျှင် ဘုရားငါးဆူတို့သို့ တစ်ရက်တည်းတစ်ကြောင်းတည်းဖြင့် ရာဇဝင်ဖော်လျက်က အမိဌာန်ဓါတ်ပန္နက် ရိုက်ခဲ့ဘူး၏။ ထိုစဉ်တုန်းကယင်း ရွှေဘုန်းပွင့်ဘုရားဝင်ရောက်စဉ် သီလခံယူခြင်း၊ မေတ္တာပွားခြင်း၊ အမိဌာန်ဝင်ခြင်း၊အမျှဝေခြင်းများ (ဝါခေါင်လပြည့်နေ့ထင်၏) ပြုကျင့်ခဲ့ဘူးချေ၏။

ထိုကိစ္စကိုပင် ရည်ညွှန်းသည်ထင်မိ၏။ တိတိပပ ရွှေဘုန်းပွင့်ဆို၍ ထိုတစ်ကြိမ်သည်သာ မှတ်မှတ်ရရရှိခဲ့၏။ ယမန်နေ့ညကပင် သတိပေး၊ ယနေ့အရေးပေါ်ခဲ့ချေသတည်း။

(၄) ဗုဒ္ဓဟူးနံ့ဘုရား ရွှေတိဂုံပင်လျှင်တည်း။

ဗုဒ္ဓဟူးနေ့နံနက်တွင်ကား အိမ်မှနေ ပြည်သာယာလမ်း(သက်န်းကျွန်း)သို့ ဘစ်ကားစီးရန် ထွက်ခဲ့ရာ ဥက္ကလာဦးစေတီမှအထွက် ဘစ်ကား မှတ်တိုင်အနီးမှာပင် မိန်းမချောငယ်ငယ်လေး တစ်ဦးနှင့် နှစ်ကိုယ်ချင်းပက်ပင်းတိုးမိ၏။ သူ့ တစ်ကိုယ်လုံး အနီရောင်များတို့ချည်း ဝင်ဆင်ထား၏။

"အစ်ကို ညီမကို မြို့ထဲသွားတဲ့ကားရှိရာ လိုက်ပို့ပေးပါ"

"ဟဲ့-ဟို ဝေဇယန္တာလမ်းဆုံဟာ ကား အဆင်သင့်တွေတတ်တယ် နင့်ရှေ့မှာကြွသွားကြတဲ့ ရဟန်းတော်နှစ်ပါးနဲ့ လိုက်သွားပါလား"

"ဟင့်အင်း သူတို့ကို ကျမကြောက်လို့ တမင်ချန်နေရစ်တာ"

"ဟယ်- နင်ဟိုနှစ်ယောက်တော့ကြောက်၊ သည်တစ်ယောက်တော့မကြောက်ဘူးလား"

"အို သူတို့က ညီမနဲ့မှ သဘောချင်းမတိုက် ဆိုင်တာ အစ်ကို့ကျတော့. ."

"ကဲ- ကဲ -နင်ရှေ့ကသွား ငါနဲ့လည်း သဘောချင်းမတိုက်ဆိုင်ဘူးဟဲ့"

ဤသို့ဖြင့် တစ်ဖာလုံကျော်ကျော်ခန့်ရှိ ဝေဇယန္တာလမ်းဆုံသို့ ကိုယ်နောက်ထား သူ့ရှေ့သွားပြု၍ခေါ်ဆောင်ခဲ့ရချေ၏။ ဘစ်ကားရောက်သော် ၎င်းအား ဦးစွာတင်ပေးလိုက်ရချေတော့၏။

ထိုရွှေတိဂုံဘုရား၌ ဘာမျှထူးခြားမှု မတွေ့ရှိ။ မည်သူပါဟူ၍ မည်မည်ရရသိခွင့်မရခဲ့လေသော ထိုပိတ်ဖြူရှင်အဘိုးကို သတိရတိုင်း လိုက်လံရှာဖွေမိ၏။ ရွှေတိဂုံမှာဆုံမယ် ဆိုသော်လည်း ထိုပုံပုံဟန်မျိုး အလျဉ်းမတွေ့ခဲ့ရပြီ။

(၅) ကြာသပတေးနံ့ မိုးကောင်းဘုရားသို့၊

ကြာသပတေးနေ့ နံနက်(၃)နာရီကပင် အိမ်ကထွက်ခဲ့၏။ တစ်လမ်းလုံးမေတ္တာပွားလျက် သီရသိုဂါထာသည်လည်းကောင်း၊ သမ္ဗုဒ္ဓေဂါထာသည်လည်းကောင်း သွားလေရာတိုင်း၏ လက်သုံးဖြစ်လာခဲ့၏။ ဘယ်ဖဝါး ညာဖဝါးနှစ်ဖက်တို့၏ အချီအချသည် အရဟံနှင့်သိဒ္ဓိတို့၏ တွဲဘက်များဖြစ်လာကြ၏။ ကိုယ့်ဖဝါးမသုံး ကား-ရထားတို့ကိုသာ သုံးလေရာ၌ လက်ညှိုးနှင့်လက်မတို့၏ အချင်း

မဟာဗုဒ္ဓပါဠ


ချင်းပွတ်တိုက်မှုသည် ပုတီးနှင့်လက်၏ နေရာ၌ ကိုယ်စားဝင်လာ၏။ မည်သို့ရှိစေ စိတ်ကိုကား အလွတ်မပေးပြီ။

ထူးခြားသည်မှာ နေ့သို့ရောက်သော် ဟိန္ဒူကပြားဆန်သော လူလတ်တစ်ယောက် လာ၍ မိတ်ဖွဲ့၏။ ဇေယျဝတီက ကျောင်းဆရာမင်းနိုင်ပါ ဟူ၍ အမည်ဖော်၏။ မေးသောအရာမှာ ငါတို့၏ ကျင့်စဉ်နှင့် ငါတို့ဘာရည်ရွယ်သနည်းတည်း။

"ဂုဏ်တော်ပွားပြီး စိတ်ကျက်စားစရာနေရာ ဖန်တီးပေးတာ ကျုပ်ကျင့်စဉ်ပဲ"

"ကျုပ်စိတ်ကလေး ကျုပ်လက်ထဲရောက်အောင် သိမ်းသွင်းမှုက ကျုပ်ရည်ရွယ်ချက်"

"ရည်ရွယ်ချက်ကောင်းပါတယ်။ ခင်ဗျား စိတ် ခင်ဗျားလက်ထဲရောက်ရင် ဘာလုပ်မလဲ" ဆက်မေး၏။

"ကျုပ်စိတ်ကလေး ကျုပ်လက်ထဲရောက်ရင်ဗျာ အဲသည့်စိတ်ကလေး ကောင်းရာသို့ ပို့ပေးထားလိုက်ရင် ကျုပ် လူဆိုးကနေ လူကောင်းဖြစ်သွားရောပေါ့ဗျာ"

"အေးဗျာ ခင်ဗျားနဲ့တွေ့လို့ စကားဆန်းလေးကြားရတာ ဝမ်းသာပါတယ်။ နောင်ဘယ်မှာတွေ့တွေ့ ကျွန်တော့်ကိုတွေ့ရင်ခေါ်ပါ။ သွားပါဦးမယ်" နှုတ်ဆက်၍ ထွက်ခွာသွား၏။

ညနေ(၆)နာရီအချိန်၏ အမိဌာန်မဝင်မီ အချိန်ပိုင်းအတွင်းမှာ ထိုဘုရား၏လုံခြုံရေးတာဝန်ကျ ထင်ရသော အဘိုးတစ်ဦးက ဂေါပကရုံးခန်းရှေ့ရှိ ကွပ်ပျစ်ပေါ်မှနေကာ ငါတို့ကိုခေါ်၏။ ၎င်းရှေ့ရောက်သွားလေသောအခါ "ထိုင်ပါဦးရသေ့လေး" ဟူ၍ ဖိတ်ကြား၏။

"ရသေ့လေးအမိဌာန်ဝင်နေစဉ် နောက်ကနေ အလန့်တကြားလာခေါ်- လှည့်မကြည့်လေနှင့်နော် အဲဒီအသံက ကိုယ်နှင့်ရင်းနှီးသူ၏အသံလည်း ဖြစ်တတ်တယ်။ ကိုယ့်မိသားစုရဲ့အသံလည်း ဖြစ်နေတတ်တယ်။ အဟုတ်ထင်လို့ လှည့်ကြည့်မိ အမိဌာန်ပျက်ကရော။ အမိဌာန်ပုတီးပတ်လျှင်ပင် လွဲကရောပဲ"

"ကျုပ်ဘယ်သူ့ကိုမျှ စကားပြောလေ့မရှိဘူး"

"ရသေ့လေးအတွက်အရေးကြီးလို့ ခေါ်သတိပေးတာပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်လိုက်တာဗျာ။ သည်လိုသတိပေးမထား ကျုပ်လှည့်ကြည့်မှာ အမှန်ပဲဗျာ့"

ဤကား ဒုတိယမြောက်ထူးခြားသော သတိပေးချက် ပထမအကြိမ်။

ထို့နောက် (၅)ရက်မြောက်ခန့်လောက်တွင် စေတီ၏မြောက်ဘက် အာရုံခံတန်ဆောင်းရှေ့မှ ဖြတ်လျှောက်သွားမိချေရာ ထိုအာရုံခံ၏ ပရိတ်သတ်များစွာထဲမှ ပုဂ္ဂိုလ်တစ်ဦးက အရေးတကြီး လှမ်းခေါ်သဖြင့်ဝင်သွားမိ၏။

ထိုပုဂ္ဂိုလ်ကြီးကား အသက်(၅၀)ခန့် ရခိုင်ပုံပဟန်ဆန်၏။ အကြီးအကဲထင်မိ၏။ ပရိတ်သတ်၏အဦးဝယ် တင်ပလ္လင်ခွေထိုင်လျက် ရှိဘိ၏။

"ရသေ့လေးတောထွက်တော့။ မြို့မှာမနေနှင့်တော့။ မြို့မှာရန်သူများတယ်။ ရသေ့လေးနောက် ထောက်လှန်းရေးတွေ လိုက်နေကြပြီ။"

"တောဆိုလို့ အဝေးကြီးမှမဟုတ် မြို့ပတ်ဝန်းကျင်လည်း တောပါပဲ"

"ဟုတ်ကဲ့ဗျ စဉ်းစားနေပါတယ်။ နောင်တော်ကြီးနာမည်က ဘယ်လိုခေါ်ပါသလဲ"

"အို ကျုပ်နာမည်မေးမနေနဲ့ ဆရာကျော်လို့ သာမှတ်ထားလိုက်"

ဤကား တတိယမြောက် ထူးခြားသော သတိပေးချက် ဒုတိယအကြိမ်။

ထိုစဉ်က ငါတို့ကိုယ်မှာ ပိတ်ညိုဝတ်ထား

မဟာဗမာပါလ



သောကြောင့် ရသေ့အမည်ရနေခြင်းဖြစ်၏။ ဒေါက်ချာစောင်းရသေ့၊ ဆံကျစ်ရသေ့၊ ပိတ်ညှိုဝတ်ရသေ့ သုံးမျိုးရှိရာတွင် နောက်ဆုံးသော အညွှဲစားရသေ့မျိုးသာတည်း။ ထိုဝတ်စုံမျိုးကား တောထွက်လျှင် အဆင်သင့်ဖြစ်ရန် စီမံထားသော ဝတ်စုံများသာတည်း။

(၆) သောကြာနံကား သီရိမင်္ဂလာကမ္ဘာအေးတည်း။

ထိုဘုရား၌ အိမ်မှပင် ရထားဖြင့် လေးနာရီထွက်ရ၏။ ဘောက်ထော်မှ ရေကူးသို့တည်း။

အစက နိုင်ငံရေးသမား ဦးနုတည်ထားသော နိုင်ငံရေးဘုရားဟုထင်မိ၍ အထင်မကြီးမိ။ နိုင်ငံရေးသမားမည်သည် မိမိအာဏာတည်မြဲရေးအတွက်တည်သောဘုရားမျိုးသာဖြစ်တတ်လှ၍ စေတနာပါသော်မှလည်း ထိုစေတနာကား နောက်ကျ ကျန်နေရစ်ခဲ့ရတတ်သည်သာများ၏။

တကယ်သွားရောက်အားထုတ်ရာ၌ကား အထင်နှင့်အမြင် ပါစင်အောင် လွဲနေတော့၏။ ကုန်းတော်သည်လည်းကောင်း၊ဘုရားသည်လည်းကောင်း၊တကယ့်ဓါတ်ဝင်စခန်းများသာဖြစ်ကြချေ၏။ သိင်္ဂုတ္တရကုန်းတော်(ရွှေတိဂုံကုန်းတော်)၏ အရံ(၉၉)ကုန်းတို့၌ အဝင်အပါဖြစ်သည်ဆို၏။

ငါတို့ရန်ကုန်၌ နိုင်ငံရေးသမားများနှင့်ပေါင်းမိသဖြင့် မျက်နှာငယ်ရသော ကိုယ်တော်ကြီးနှစ်ပါးရှိချေ၏။ ၎င်းတို့ကားကမ္ဘာအေးနှင့် ရန်မျိုးအောင်တို့တည်း။

ကမ္ဘာအေးကား ဦးနုနှင့်အကြောင်းအပေါင်းသင့်သော ကိုယ်တော်ကြီးတည်း။

ရန်မျိုးအောင်ကား ဦးဗဆွေနှင့် အကြောင်းအပေါင်းသင့်ရာ ကိုယ်တော်ကြီးတည်း။

ထို နှစ်ဆူလုံးပင် မူလဓာတ်ပန္နက်များကား အရင်းခံအမှန်များချည်းပင် ဖြစ်ကြချေ၏။ ပွင့်သင့်ရာအချိန်အခါကျရောက်သဖြင့် ပွင့်လာရသည်မှာလည်းအမှန်ပင်ဖြစ်ကြ၏။ ဝေနေယျတို့သည်လည်း သူ့ဝေနေယျများနှင့်သူ အမှန်ပင်ဖြစ်ချေတော့၏။

ထိုတွင် နိုင်ငံရေးခေါင်းဆောင်ကြီးများကို ထိပ်မှနေကာ ခေါင်းတပ်စေလျက်က ပွင့်လာကြမိလေရာ ၎င်းတို့ဒါယကာများ အာဏာရှိစဉ်တုန်း၌ ဘုန်းမီးနေလ တောက်ပကြရပြီး ၎င်းတို့ ဒါယကာကြီးများ အာဏာမဲ့ဖြစ်သွားကြလေသောအခါ ဦးနုဘုရား၊ ဦးဗဆွေဘုရား သမုတ်ခံသွားကြရကာ ၎င်းတို့လည်း တံခိုးမှိန်၍တိမ်ကျသွားတော်မူကြရချေ၏။ အသွားအလာစဲသွားကြ၏။

ယခုငါတို့ခေတ်၌လည်း မဟာဝိဇယကိုယ်တော်ကြီးသည် ဦးနေဝင်းနှင့်သွားရောက် ပေါင်းသင်းမိချေသဖြင့် ထိန်လျက်ကအမှိန်ဘက် ကျသွားရချေတော့၏။

နောင်သောကာလ ပြန်လည်ထိန်တောက်ဦးမည်လားမသိ။

ရှေးရှေးဘုရားများလည်း နိုင်ငံရေးသမားများနှင့်မကင်း။ ၎င်းတို့လည်း ၎င်းတို့ဒါယကာများအာဏာမဲ့ကာစ သည်လိုများလားမသိ။ မီးခိုးကြွက်လျှောက် တွေးမိသေး၏။

ထိုကမ္ဘာအေးဘုရား ပထမနေ့၏ ပထမအချိန်တွင် စနေဒေါင့်အရောက်၌ အဓိဋ္ဌာန်ဝင်ပုတီးစိတ်လျက်က ထိုစိပ်နေသော ပုတီးတစ်လုံးကိုနောက်မှနေ ပုတ်လိုက်ရာ ထိုပုတီးလုံးမှာ လေဘောလုံးငယ်လေးတစ်လုံးပမာ ကောင်းကင်သို့မြောက်တက်သွားချေ၏။ ကျန်ရှေ့နောက်ပုတီးလုံးများ လက်မှလွတ်ကျပါမသွားရန်( ပုတီးလုံး ကွက်ကျော်ဖြစ်မသွားရန် ဝင်ဆဲပုတီးပတ် အရေအတွက်မမှားရန်ရည်၍) မနည်းသတိထား ထိန်းလိုက်ရ၏။ တစ်ကိုယ်လုံးလည်း ကြက်သီးဖျန်းဖျန်း ထသွားစေ၏။ ခေါင်းနပမ်းလည်း ကြီးသွားသေး၏။

မဟာဓမ္မပါလ



## ရာဇဝင်လက်ငုတ် ထုတ်ဖေါ်လာခြင်း

ထူးခြားသည်မှာ နောက်တစ်ရက်၏နေ့လည်တွင် ဦးအေးဆိုသောလူကြီးလာတွေ့၏။ ငါတို့နှင့်အတူထိုင်မိလျှင်ပင် ခမျာငိုရှာတော့၏။ မျက်မှန်ချွတ်၍ မျက်ရည်သုတ်ကာသုတ်ကာ-

"ငါကတော့ ရာဇဝင်အကုန်မသိပါဘူး မောင်ရယ် ငါ့သားဟန်ညွန့်လာရင်သာ ရာဇဝင်မေးကြည့်ပါတော့" ဆို၏။

"ဦးလေးရဲ့သားက ဘာပြောလို့တုန်းဗျာ့"

"မနေ့က မောင်ကသူ့နောက်ကလာပြီး ပုတီးစိတ်ရောတဲ့ကွယ်၊ သူ့မှာ ကြက်သီးမွေးညှင်းတွေ တဖျန်းဖျန်းထနေသတဲ့။ သည်အခါ သူ့စောင့်ရှောက်နေသူက - မင်း သူ့မသိဘူးလား မေးသတဲ့။ မသိဘူး၊ သူကဘယ်သူလဲမေးတော့- မင်းတို့သားအဖနှင့်အတူ အိန္ဒိယပြည်ကနေ ဗမာပြည်ကူးလာခဲ့ကြရတဲ့ဘဝတူ လုပ်ဖေါ်ကိုင်ဘက်ကွယ့်လို့ပြောသတဲ့။ ကျန်တာတော့ ငါ့သား ဟန်ညွန့်လာရင် ပြောပါလိမ့်မယ် ညနေလာလိမ့်မယ်။ အခုသူက အမှတ်(၉)ဘပ်စ်ကားမှာ လက်မှတ်ရောင်း လိုက်ရတယ်" ပြော၏။

ထိုစဉ်ကအမှတ်(၉)ဘပ်စ်ကားမှာ မင်္ဂလာဒုံဝါယာလက်အထိ တစ်လိုင်း၊ ထောက်ကြံ့အထိ တစ်လိုင်း နှစ်လိုင်းခွဲလျက်က ပြေးဆွဲပေးနေသောကားလိုင်းဖြစ်ချေ၏။

ညနေ(၄)နာရီခန့်လောက်တွင် ကိုဟန်ညွန့်ဆိုသူ ဦးအေးနှင့်အတူ ငါတို့ဆီရောက်လာ၏။ ငါတို့အောက်အသက်ငယ်၏။ ဖေါ်ရွေရည်မွန်၏။ ကားလောကသားဖြစ်သော်မှ ကားလောကသားနှင့်ကား မတူ။

၎င်း၏ပြောပြချက်မှာ အိန္ဒိယမှာတုန်းက ၎င်းကား-စစ်သူကြီး၊ ၎င်း၏ဖခင်ဦးအေးကား-ဝန်ကြီး၊ ငါတို့ကား-အမတ်ဖြစ်ခဲ့ကြဖူးဆို၏။ အိန္ဒိယ၌သာသနာမှိန်ပြီး ဗမာပြည်၌ သာသနာထွန်းကားနေလေသောအခါ သာသနာတော်၌ကြည်ညိုစိတ် တမ်းတစိတ်များကြောင့် သေလွန်သောကာလ ဤဗမာပြည်၌ လူ့ဘဝရလာကြရကြောင်း အစချီ၏။

ထိုမှနောက် ငါတို့၏ဖြစ်စဉ်ဘဝများကို ပြောပြ၏။

ဦးစွာ ကိုးကန့်စော်ဘွားကြီးဘဝ ရောက်ရ၏။ ထိုဘဝမှစုတေသောအခါ ရွှေဘို-မဟာနန္ဒာကန်တော်ကြီးအတွင်းရှိ ရွှေပေါ်ကျွန်းဘုရား၌ သိုက်ချုပ်ဘဝ ရောက်ပြန်ရဆို၏။ ကိုးကန့်စော်ဘွားကြီးဘဝမှ ရုပ်အလောင်းလည်း ထိုရွှေပေါ်ကျွန်းဘုရား၏အောက်မှာ ယခုတိုင်ရှိနေပြီး ၎င်းရုပ်အလောင်းကို ယခု မြရတနာဆိုသူ အမျိုးသမီးက စောင့်နေရကြောင်းလည်းပါ၏။

ထိုသိုက်မှထွက်လာသောအခါ ထိုဘုရား၏အနီး၌သီတင်းသုံးနေသော ရသေ့ကြီးဦးကုဏ္ဍလ၏ တူဖြစ်လာရကြောင်း၊ သမ္မလ-ဝိမလ ညီနောင်နှစ်ဦးတို့တွင် အစ်ကိုကြီးသမ္မလပင် ဖြစ်ကြောင်းပြောပြ၏။

ထိုမှတစ်ဆင့် ပဲခူးသို့ရောက်လာပြီး မြို့တည်နန်းတည်လေသောအခါ သမ္မလမင်းရယ်လို့ ဖြစ်လာခဲ့ရပြီး ညီတော်ဝိမလ၏ လုပ်ကြံမှုကြောင့်ပင် နတ်ရွာစံခဲ့ရကြောင်း အဆုံးသတ်၏။ သို့ကြောင့် ပဲခူးတလိုင်း ခေါ် ရှမ်းတလိုင်းဆက်ဟူ၍ ဇာတ်ပေါင်းသွားချေသည်။

ထိုစကားကြားရသော့အခါ ငါတို့ကား မာန်မဝင်မိ။ သံဝေဂသာဝင်မိ၏။ 'ကြည့်စမ်း- သည်မျှအဆင့်က သည်အမျှအဆင့်ထိ နိမ့်ကျလာ သည်ထောက်တော့ ငါ့ဘဝဖြစ်စဉ်ကား တဏှာ- မာန- ဒိဋ္ဌိ များ၏ လက်ပါးစေမျှသာတည်း။

ကမ္မထောက်သဖြင့် ဘဝပြောက်လာ၏။ မာနလည်း မောက်လာမည်သာ။

မဟာဗမ္မပါလ



ကမ္မဖျောက်သဖြင့် ဘဝကား ပျောက်သွားခဲ့ပြီးသော်လည်း မာနမပျောက်ကား ကျန်ရစ်ဆဲမြတည်း။

ဤသို့ဖြင့် သတ္တဝါတိုင်း ဘုရင်မဖြစ်ခဲ့ဘူးသူမရှိ။ ဘုရင်မလည်း ဖြစ်ခဲ့ကြရချည်းပင်ဖြစ်ခဲ့၏။ ထိုသို့ ကံကောင်းထောက်မသဖြင့် ဘဝကောင်းရောက်ကြရစဉ် မောက်ကြွလာသောမာနအိုးကို မချိုးနှိမ်နိုင်ကြသဖြင့်သာ သည်ဘဝဖြင့် ရွှေသူဌေးနောက်ဘဝကျ မစင်ပိုင်ခွေး၊ သည်ယနေ့ရွှေဘုံပေါ်မှာမြူး နောက်တစ်နေ့မြေပုံပေါ်တွင်လူး ဖြစ်ကြရချေသည်တကား။ ငါမှထောက်၍ အမြောက်အများ ဤသို့လျှင်အတွေးပွားခဲ့ရချေသတည်း။

## ပေဒင်နှင့်အိပ်မက် ရှေ့နောက်ပင် ချိတ်ဆက်လျက်

(၃)ရက်မြောက်ခန့်နေ့၏ ညတွင်ကား အိပ်မက်ဆန်းမြင်မက်၏။

ငါ့ခြံဝင်းထဲမှပင် အစ ချဉ်ပေါင်ပင်နှစ်ပင်မြေမှပေါက်ကာ ယှဉ်လျက်ကထွက်ပြူလာ၏။ ခဏချင်းကြီးပြင်းလာပြီး တစ်ပင့်တစ်ပင်လိမ်တက်ကြကာ မြွေနှစ်ကောင်ဖြစ်သွားကြ၏။

ထိုမြွေနှစ်ကောင်မှာ စည်းဝင်း(ဒုတ်ခြစ်၍သားထားသောစည်းဝိုင်း)၏အတွင်းမှနေ စိုက်ထားသော ဒုတ်ပေါ်တက်ကာ ငါတို့ကိုပေါက်သတ်ရန်မာန်ဖီနေကြ၏။

ငါတို့သည်ကား စည်းအပြင်ဘက် ရုတ်တရက် ခုန်ထွက်လိုက်ပြီးသား ဖြစ်နေသဖြင့် ထိုမြွေနှစ်ကောင်၏ အပေါက်မခံမိရ မြင်မက်၏။

စည်းကဘာ၊ ချဉ်ပေါင်ကားဘာ၊ မြွေနှစ်ကောင်ကားဘယ်ဟာ။

ထိုကာလကား ငါတို့အမသည် ဇနီးသည်က စာ(သံကြိုး)ဖြင့် လှမ်းအကြောင်းကြားသဖြင့်လိုက်လာသောအချိန်ဖြစ်၏။ သတင်းစကားတစွန်းတစအားဖြင့် နောင်ကြားသိရသည်မှာ-

အစ်မတို့၏မောင်တော့-ထမင်းလုံးဝမစားတော့ဘဲ ပဲဆံချည်း ရေစိမ်စားနေပါသည်။

တော်ကြာသေသွားခဲ့သော် ကျမလက်ထဲမှာ သေသဖြင့် ကျမတာဝန်ဖြစ်နေပါမည်။ သို့ပါ၍ ကိုယ့် မောင်ကိုယ် လာရောက်ထိန်းသိမ်းရန်ဟူ၏။

အထက်ပါ အကြောင်းကြားစာအရ အစ်မလာရောက်ရသည်ဟု နောက်မှသာသိရ၏။ ယခုလက်ငင်းကား လုပ်လိုသည့်တရားအလုပ်ကိုလည်း လုပ်ပါ။ အတူနေဇနီးလည်း စိတ်ချမ်းသာရန် ၎င်းတို့နှင့်လည်း အလှမ်းမကွာရန် ရွှေဘိုသို့ ပြန်လိုက်ခဲ့ရန်ဟူသတည်း။ တန်တော့ မြွေနှစ်ကောင်ကား သည်သမီးယောင်းမနှစ်ဦးသာ ဖြစ်ရမည်။

စည်းဝင်းကား အိမ်ထောင်ရေးကိစ္စရပ်သာ ဖြစ်နိုင်သည်။

ချဉ်ပေါင်ကား အတွင်းမချိုသော သဘောကို ဆောင်သည်ဟူ၍အဓိပ္ပါယ်ကောက်ရမည်။

(၄)ရက်မြောက်နေ့ ထုံးစံအတိုင်းသွား၏။ ယမန်နေ့က နယုန်လပြည့်နေ့၊ မဟာသမယနေ့ဖြစ်သဖြင့် ပရိတ်သတ်ကျဲပါးပါး လာရောက်ခဲ့သေးသော်လည်း ယနေ့ကား ဆိတ်လှ၏။ ဈေးသည်နှင့်ပေဒင်သမားမျှသာ ငါတို့အပြင် ပရိတ်သတ်ရှိချေ၏။

ထိုစဉ် ကမ္ဘာအေးစေတီတော်သို့တက်ရာမုခ်ဦး(၅)ခုတို့တွင် တနင်္ဂနွေမုခ်ဦးအဝထင်မိ၏။ ထိုမုခ်ဝ၏အတွင်းပိုင်း၌နေရာယူကာပေဒင်နှင့်လက္ခဏာဟောစားနေလေသော ဦးအောင်ဝင်းဆိုသည်မှာ ဆိုင်းဘုတ်ကြီးချိတ်ဆွဲလျက်ကရှိချေ၏။ ပေဒင်လက္ခဏာ မေးသူမရှိက ပုတီးတစ်ကုံးဖြင့် သမာဓိအလုပ် လုပ်လေဟန်ရှိ၏။

၎င်း၏အနီးအပါးမှာ ငါတို့ဖြတ်လျှောက်

မဟာဓမ္မပါလ



သွားမိလေသောအခါ-

"ရသေ့လေး ခဏကြွပါဦး" ပင့်ဖိတ်၏။ ထိုပင့်ဖိတ်သောအတိုင်း သွားရောက်ထိုင်မိရာ- "ကျွန်တော့ကို လက္ခဏာကြည့်ခွင့်ပြုပါ။ကျွန်တော် ရသေ့လေးကို စိတ်ဝင်စားနေမိလို့ပါ" ငါတို့ကလည်း တကြည်တသာ ခွင့်ပြုလိုက်၏။

"တစ်ခုတော့ ကျွန်တော်ဝန်ခံပါရစေ ကျွန်တော်တို့ မှန်ကန်အောင်မဟောနိုင်သူ နှစ်ဦး ရှိပါတယ်။သည်နှစ်ဦးကတော့ ကုသိုလ်ကြီးလွန်းနေ သူနှင့် အကုသိုလ်ကြီးလွန်းနေသူများပါပဲ"

"ကုသိုလ်ကြီးလွန်းသူမှာ လက္ခဏာက ဘယ်လိုဖြစ်ဖြစ် အကုသိုလ်အကျိုးသွားဘက် လားရ တတ်ခဲ့တယ်။ ဘာ့ကြောင့်လဲဆိုတော့ ပြုဆဲ ကုသိုလ် ကံက ဖယ်ရှားပေးနေလို့ပါပဲ"

"အကုသိုလ်ကြီးလွန်းသူမှာလည်းပဲ လက္ခဏာတွေ ဘယ်လောက်ကောင်းနေနေ လက်ရှိ အကုသိုလ်ကံက နေရာဖယ်မပေးဘဲထားလို့ ရသင့် တဲ့အတိတ်ကုသိုလ်ကံအကျိုးပေးက တန့်ပေးထားရ တတ်တယ်"

"အခု ရသေ့လေးမှာလည်း ကျွန်တော် ဟောတိုင်းမှန်ရမယ်လို့ ကျွန်တော် တာဝန်မခံနိုင် ပါဘူး ဝါသနာအလျှောက်မို့သာ ကြည့်ရတာပါ" ထိုသို့ပြောပြီးနောက် လက္ခဏာများကို ကောက် ကြည့်တော့၏။

"ရသေ့လေးမှာ ဝိဇ္ဇာဖြစ်ထိုက်တဲ့ အခြေခံ လက္ခဏာတွေ အားကြီးကြီးပါနေတယ်။ သတ္တိရှိရင် တော့ အောင်မယ်"

"ဘာကိုသတ္တိရှိရမှာလည်းဗျာ"

"ရသေ့လေးကို မ, ဖျက်တော့မယ်"

"ဘယ်နှစ်ယောက်လဲ"

"နှစ်ယောက်"

"အတွင်းကလား, အပြင်ကလား"

"အတွင်းကတစ်ယောက်၊ အပြင်ကတစ် ယောက်"

'အင်း- ငါ့အိပ်မက် မှန်နေလေမှကိုး' စိတ် ထဲက ကောက်ချက်ချထားလိုက်၏။ ထို့နောက် အလာပ,သလာပစကား ပြောကြားကြ၏။

လက္ခဏာကြည့်ခ ထိုဆရာအောင်ဝင်းက ပင် ပေးရ၏။ ကမ္ဘာအေးစေတီလမ်းမကြီးဘေးရှိ လက်ဖက်ရည်ဆိုင်သို့ဖိတ်၍ ငါတို့ကို ဒါနပြုသေး ၏။ စင်စစ် ထိုလက္ခဏာဖတ်ခြင်းကိစ္စသည် ငါတို့ အား သတိပေးရန်သက်သက်မျှသာ ဖြစ်တန်ရာ၏ ဟု ထင်မြင်မိချေသတည်း။

▼

## နောက်ဆုံးဘိတ် အိတ်နှင့်လွယ်

(၇)စနေနံကား နောင်တော်ကြီး(ရွှေတိဂုံ)မှာတည်း။

စနေနံကား ဝင်ဒါမီယာဥ်ဓါတ်ပေါင်းစုလည်း ရှိသေး၏။ သို့တစေလည်း ဗုဒ္ဓဟူးနံချင်းတူလျှင် ရွှေဘုန်းပွင့်၊ ရန်မျိုးအောင် စသည်တို့ထက် ရွှေတိဂုံ ကိုသာအလေးမူထားဘိသို့ ဤဥ်လည်း နောင်တော် ကြီးဥ်သာ အလေးမြတ်ထားမိ၏။ ထို နောင်တော် ကြီးဘုရားသည် ရွှေတိဂုံစေတီတော်ကြီး၏ တနင်္ဂနွေ ဒေါင့် အောင်အရပ်ဥ်သာတည်ရှိပြီး ရွှေတိဂုံ မတည် မီ ဆံတော်များ ရွှေမဏ္ဍပ်ဖြင့်စမ္ပါယ်ရာဌာနလည်း ဖြစ်ချေ၏။ မြင်အပ်,မမြင်အပ် ဝေနေယျတို့ ဖူးမြော် ရာ၊ ဝေးနေ,နီးနေတို့ဖူးမြော်ရာ နေရာဌာနလည်း ဖြစ်ချေ၏။ ဤသို့သောအတွေးစဉ် အမျှင်တန်းလာ သဖြင့် ရွေးချယ်ဝင်ရောက်ခြင်းတည်း။

ထိုနောင်တော်ကြီးစခန်း၏ အစပိုင်းဥ် ထူး ခြားချက်မရှိ။ ငြိမ်သက်ခြင်းသည်သာထူး၏။ ရွှေတိဂုံဥ်ဝင်သော် စိတ်၏ရွှင်သွက်ခြင်းကိုဖြစ်စေ တတ်ပြီး နောင်တော်ကြီးဘုရားဥ်ဝင်သော်ကား စိတ်၏ တည်ကြည်လေးနက်ခြင်းကား ယခုမှသာ

မဟာဗဓူဝါ



မဟုတ်ချေပြီ။

ထို နောင်တော်ကြီးစခန်း၌ဝင်စဉ် ငါတို့၏ အာရုံယူရာ နားနေရာစခန်းကိုကား နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်း(ရွှေတိဂုံ၏တနင်္ဂနွေဒေါင့်ရှိတန်ဆောင်းတော်ကြီး)၏အကြီးမားဆုံးသော တစ်ဆူထည်းတည်း စမ္ပါယ်တော်မူသော ရုပ်ပွားတော်ကြီး၏ ရှေ့မှာပင် တည်း။

ထို နှစ်ကျိပ်ရှစ်ဆူ ကိုယ်ပွားတော်ကြီးသည် လက်ရှိရွှေတိဂုံ၏ မူလထီးတော်များ ဌာပနာထားရာ ဟူ၏။ ရွှေတိဂုံသည် လေးဆူသောဘုရားရှင်တို့၏ ဓာတ်စုံဖြစ်၏သို့ ကိုးကွယ်သည့်ဒါယကာများဘက် ကလည်း ဥက္ကလာပမင်းမှသည် ရှင်စောပုတို့ တိုင် အောင်အတွင်း၌ မင်းဆက်များလှ၏။ လက်ရှိ ညဏ်တော်(၃၂၆-ပေ)ကား ဘုရင်မကြီး ရှင်စောပု နှင့်သားမက်တော်ဓမ္မစေတီမင်းခေါင်တို့ လက်ထက် ၏ ပွင့်ပေါ်သော ညဏ်တော်အမြင့်တည်း။

ဘုရင်မကြီးရှင်စောပုကား ၎င်းညဏ်တော် နှင့် လိုက်ဖက်သော ရွှေထီးတော်ကြီးကိုလည်း တင်လှူ၏။ ၎င်း၏ကိုယ်နှင့်ရွှေပိဿာချိန်တို့ကို ချိန်ခွင်တစ်ဖက်စီထက် တင်လျက်က ချိန်စက်ကာ စေတီတစ်ဆူလုံးကိုလျှင် အောက်ခြေပလ္လင်ဆုံး အထိ ရွှေသင်္ကန်းကပ်လှူ၏။

ဓမ္မစေတီမင်းခေါင်ကား ၎င်း၏အသက်နှင့် လိုက်ဖက်သော စေတီငယ်အရံ (၆၄)ဆူကို စေတီ ၏ ပလ္လင်ထက်မှ ရစ်ပတ်စေလျက်က တည်ထား ကိုးကွယ်ခဲ့၏။

ထိုထီးတော်ကြီး မြေသို့ချ၍ နောက်ထပ် တစ်ဖန် ထီးတော်အသစ်တင်လှူပြန်ကြသောအခါ ထိုနောက်မင်းများသည်(မင်းတုန်းမင်းထင်၏) ထိုမူလထီးတော်ဟောင်းကြီးကို ဂေါတမဘုရားရှင် ၏ဗျာဒိပ်ခံရာကမ္ဘာမှစ၍ ပွင့်တော်မူခဲ့ကြလေသော နှစ်ကျိပ်ရှစ်ဆူမျှသော ဘုရားတို့ကို တည်ဖန်ကြကာ ထိုဘုရားများ၏အောက်၌ ထီးတော်အဆင့်ဆင့် တို့ကိုဌာပနာထားခဲ့၏။ တန်ဆောင်းတော်ကြီး လည်း တည်ဖန်၏။

ငါတို့သည် လေးကြိမ်ကိုကား နောင်တော် ကြီးမှာ ဝတ်ထား၏။ ကျန်အားလပ်ချိန်ကိုကား စိတ်အနားမပေးသောအားဖြင့် ထိုတန်ဆောင်း တော်ကြီး၏ ထိုတစ်ဆူထည်းတည်းသော ကိုယ်ပွား တော်ကြီး၏ရှေ့မှပင် ရွှေတိဂုံသို့ မျက်နှာမူလျက်က ဂုဏ်တော်ပွားပို့၏။ လူရှုပ်ထွေးလာသောအချိန် နောင်တော်ကြီး၏ဝန်းကျင်ရှိ စေတီငယ်တို့၏ အကြားမှာသာနေ၏။ သုံးရက်မြောက်လောက်တွင် ထင်၏။ ညနေတွင် လူတစ်ဦးလာရောက်စကား ပြော၏။ ပြောသောစကားမှာ ၎င်းအဓိဋ္ဌာန်ဝင်စဉ် တွေ့ခဲ့ရသော အတွေ့အကြုံများ။

တစ်ခါက ကျောက်ဆည်ဝေဘူမှာ အဓိဋ္ဌာန် ဝင်၏။ ရဟန်းကြီးတစ်ပါးလာရောက်၏။

"အရှင်ဘုရား ဘယ်ကကြွလာပါသလဲ"

မေးရာ "ငါအခုပဲ ပုဂံကကြွလာခဲ့တယ်" ဖြေ၏။

"အရှင်ဘုရားဘွဲ့က" မေးတော့

"ပုဂံပြည်ကြီး ပျက်စီးအောင်လုပ်တာလဲ ငါပဲ။ ပုဂံပြည်ကြီး ကောင်းစားအောင်လုပ်တာလဲ ငါပဲ" ဖြေသည်ဆို၏။

ထို့နောက် သပိုင်ကြီး ခါးထောင်းကျိုက် တော့မလိုဟန်ပြင်လိုက်, လက်ရုံးလက်မောင်းများ တန်းလိုက်ဖြင့်- "မင်း-ဘာလိုသလဲပြော။ မင်း-ငါဘာလုပ် ပေးရမလဲပြော"

ဤသို့လျှင် ဈာန်ပါပါ မာန်ပါပါ မေးတော့ သည်ဆို၏။ ၎င်းကလည်း-

"မဟုတ်ပါဘူး ကိုယ်တော်နှင့်တပည့် တော် တစ်ခါမှလဲတွေ့ဖူးကြတာမဟုတ်ဘဲနဲ့ ဘာကြောင့်တပည့်တော်အား ရန်စကားပြောရ ပါသလဲ"မေးမိဆို၏

"အေးသည်လိုဆိုလည်း ငါသွားမယ်" ဆိုကာ ခပ်လှမ်းလှမ်းမှာပင် ပျောက်သွားဆို၏။

မဟာဓမ္မပါလ



တစ်ခါက ဇနီးသည်ကသာကေတသူ၊ ၄င်းကား မြောက်ဥက္ကလာပသားဖြစ်ရာ တစ်နေ့ဇနီးသည်က သာကေတမိဘများရှိရာ ပွဲရှိသဖြင့်သွားဆို၏။

၄င်းတစ်ယောက်ထည်းတည်း အိမ်၌ရှိစဉ် ပိတ်ဖြူတစ်ပတ်နွမ်းဝတ်စုံပြည့်ဖြင့် အဘိုးတစ်ယောက်ရောက်လာပြီး "မင်းတစ်ယောက်ထဲလား ငါကူညီမလို့လာတာ" ဆို၏။

"ဘာကူညီမလို့လဲ"မေးရာ ဘုရားစင်၏ နဖူးစီးပျဉ်ချပ်ပေါ် သို့ လက်ညှိုးဖြင့် မညီမညာသော စ. ဓ. ဗ. ဝ ရေးပေးဆို၏။

"ဟာ- မညီမညာ ခင်ဗျားဟာကြီးက လူကြည့်လို့မှ မကောင်းဘူး ပြန်ဖျက်ထားခဲ့"ဆိုရာ "အေးပါကွာ သည်လိုဆိုလဲ ဖျက်-ဖျက်-ဖျက်" ပါးစပ်ကဆိုလိုက်စဉ် ထိုစာလုံးများ ပျက်သွားကြဆို၏။

"ငါနောက်တစ်ခု ထပ်ပြီးအကူအညီပေးဦးမကွာ" ဆိုပြန်သည်ဆို၏။

"ဘာများကျုပ်ကိုဒုက္ခပေးဦးမလို့တုန်း" မေးမိဆို၏။

ထိုစဉ် အိမ်ရှေ့ခန်း တစ်ပြင်လုံးကြီး မစင်ဖတ်များ ပါချပေးသည်ဆိုပြန်၏။ ထိုအခါ ၄င်းမှာ အလွန်မခံမရပ်နိုင်တော့သဖြင့် ရင့်သီးသောစကားလုံးများသုံး၍ နှင်လည်းနှင်ထုတ်ဆို၏။

"ခင်ဗျားမစင်တော့ ခင်ဗျားအကုန်ကြုံးသွားရမည်" ဟူ၍လည်း ခါးထောက်အမိန့်ပေးမိဆို၏။

ထိုအခါ "အေးပါဗျာ သည်လိုဆိုလည်း" ပြောပြောဆိုဆို ထိုမစင်များအားလုံး ကြုံး၍ စားသွားကာ အိမ်မှဆင်းသွားတော့သည်ဆို၏။ ၄င်းပြန်သွားသဖြင့် ဝါးကြမ်းပြင်အကြား ညပ်ကျန် နေရစ်ခဲ့သော လက်သန်းဖျားထိပ်လောက်ရှိ မစင်တုံးငယ်လေးတစ်တုံးကို ဒုတ်ဖြင့် ကော်ထိုးလိုက်ရာ ရွှေတုံးလေး ဖြစ်နေသောဟူ၏။

ထိုပုဂ္ဂိုလ်သည်စကား ဘာကြောင့်များ လာပြောလေသနည်း ငါတို့မသိ။ ဉာဏ်မမှီ။ ငါတို့ အဓိဋ္ဌာန်ဝင်ရန်ရှိသဖြင့် သွားသော်မှ စကားစ ဖြတ်လိုဟန်မရှိချေ။

ငါးရက်မြောက်လောက်၏ ညတွင်ကား အိပ်မက် မြင်မက်၏။

"မင်းရှေ့အရပ်ရှိ ကိုခွေးအိမ်ကိုသွား။ ဟိုရောက် လေးပေမီးချောင်းမီးလင်းလာအောင် လှည့်ပေး။ မင်းနောက်ကို လူငှားနှစ်ယောက်ထည့်ပေးလိုက်မယ်" ဟူ၏။

ထိုသွားရောက်ရမည့်နေရာ၏ မြင်ကွင်းကိုကား စစ်တောင်းမြစ်နှင့်သဲလမ်းတို့က စည်းတားပေးထားသည်ကိုလည်း အိပ်မက်ထဲ၌ အတိုင်းသား မြင်တွေ့ရ၏။ အသက်(၄၀)ခန့် အိန္ဒိယနွယ်ဖွားရုပ်ပုံဆန်ဆန် လူတစ်ဦးလည်း တောင်ခါးလည်လောက်၌ တွေ့ရ၏။

ထိုစဉ်က ငါ၏စိတ်အကြံမှာ ပုပ္ပါးသို့ထွက်ရန်ပင်ဖြစ်ချေ၏။ ဟန်ပြင်ပြီးသားလည်းဖြစ်၏။ ယခုအိပ်မက်ကား အရှေ့ စစ်တောင်းနှင့်သဲလမ်းတို့ အကြား ကိုခွေး၏အိမ် ထောက်တော့-

ကေလာသ ဆံတော်ရှင်ဘုရားတည်း။

ကြားဖူး၏ မရောက်စဖူး။ဘယ်ဘူတာဆင်း၍ ဘယ်အရပ်နင်းရမည်ပင်မသိ။ သို့တစေလည်း သွားဆိုသောအရာသည် သွားသင့်သောနေရာဟူ၍ တထစ်ချ သုံးသပ်ထားရှိပြီးဖြစ်ခဲ့ရာ သွားရန်ကိုသာ အကြံထုတ်ရတော့၏။ ကေလာသတောင်၊ တောင်စွန်းဘူတာမှတစ်ဆင့်၊ သတင်းရ၏။

(၆)ရက်မြောက်နေ့၏ ညနေခင်း၌ကား ကိုရင်ကြီးတစ်ပါး ရှင်အဇ္ဇဂေါဏ တန်ဆောင်းတွင်း၌ လာရောက်တွေ့၏။

"ကျုပ်တောထွက်ချင်တာဒကာကြီး။ အဖော်မရှိလို့၊ ဒကာကြီးသွားလိုက်မယ်ဆိုလျှင် ကျုပ် ဆွမ်းခံကျွေးပါ့မယ်"

မဟာဓမ္မပါလ



"ခေတ္တ သည်းခံပါဦးဘုရား တပည့်တော် အဓိဋ္ဌာန်ရက်မပြည့်သေးလို့ပါ။ ရက်ပြည့်တဲ့ စနေ နေ့ကျတော့ အကြောင်းပြန်ပါမည်ဘုရား" လျှောက် ကြားမိ၏။

စနေနေ့၊ ၁၃၃၉-ခုနှစ်၊နယုန်လပြည့်ကျော် (၁၁)ရက်နေ့။

ထိုနေ့သည်ကား တနင်္ဂနွေဘုရားမှသည် စနေဘုရားတိုင်အောင်၏ ခုနစ်နေ့ ခုနစ်နံဘုရားတို့ ၏(၅၆)ရက်မြောက် ရောက်သောနေ့ပင် ဖြစ်ချေ တော့၏။ ထို(၅)နှင့်(၆)ပေါင်း တစ်ဆယ့်တစ်ပင်။

တနင်္ဂနွေအောင်ဖြင့် စနေထွန်းသော အဓိဋ္ဌာန်စခန်းဆိုက မမှားနိုင်ရာ။

ထိုနေ့နံနက် အဓိဋ္ဌာန်ချိန်ပြီးစီးသည်နှင့် တစ်ပြိုင်နက် တောင်ဥက္ကလာ၁၆/၁ ရပ်ကွက် သုမန(၃)လမ်းနေ ဦးတင်အောင်(ဒေါ်ခင်ရီ)က ဖိတ်ကြားလာသဖြင့် ၎င်းအိမ်လိုက်လံကာ နံနက်စာ စားသုံးရ၏။ ထိုမှပြီးစီးသော် မိမိအိမ်သို့သွား ရောက်၍ မိမိ၏အသုံးအဆောင်၊ အဝတ်အစား အနည်းငယ်မျှကိုဝင်ယူ၏။ (ငါတို့ကိုယ်ပိုင်မှာကား ဝတ်စုံ(၂)စုံ၊ တစ်လွှာပြင်ဖလံထည်(၁)ထည်၊ ပွင့်ရိုက်ထည်အခင်း(၁)ထည်မျှသာ)

အဆင်သင့်တွေ့သော အစ်မဖြစ်သူမကြည် ထံမှလည်း ငွေ(၂၀)ကျပ်အလှူခံရသေး၏။ ထိုစဉ်က ရထားခမှာ ရန်ကုန်ဘူတာကြီးမှ တောင်ငူဘူတာ (၈ကျပ်-၅ပြား)ဖြစ်၏။ ကျန်ငွေထဲမှ (၉)ကျပ်ကိုကား မတ်စေ့များအကြွေခတ်ပြီး ည,အဓိဋ္ဌာန်ပြီးသော အခါ နောင်တော်ကြီး၌ကျဲရန်ဖြစ်၏။ ဘိုးဝိဇ္ဇာက မှာကြားထားသည်မှာ ထိုနေ့ အဓိဋ္ဌာန်ပြီးဆုံးသည် နှင့် မဟာလာဘ်ဆို၍ နောင်တော်ကြီးကို လက်ျာ ရစ် တစ်ပတ်ပတ်လျက်ကကျဲရန် မှာကြားထား သောကြောင့်ပင်ဖြစ်ပါ၏။

ထိုနေ့ညက စနေနေ့ဖြစ်သည်အားလျော် စွာ ရွှေတိဂုံကုန်းတော်ပေါ်၌ကား လူစည်ကားလှ ၏။ အသင်းဖွဲ့ပေါင်းစုံတို့၏ လှုပ်ရှားမှုက နေရာ မလပ်ဖြစ်နေ၏။ ညနေ(၃)နာရီခန့်တွင်မှာကား-

ငါတို့သည် ထိုင်နေကျ နှစ်ကျိပ်ရှစ်ဆူ တန် ဆောင်းတော်အတွင်း၏ ရုပ်ပွားတော်ကြီး ရှေ့၌ပင် အောင်မင်းခေါင်ကြီးထိုင်ပုံမျိုးကဲ့သို့သောတင်ပလ္လင် ခွေနည်းဖြင့်ထိုင်လျက်က ရွှေတိဂုံစေတီတော်ကြီးသို့ မျက်တောင်မခတ်ဘဲ ဂုဏ်တော်ပွားနေမိပါချေ၏။

ထိုစဉ် အသက်(၄၀)ခန့် ရခိုင်အမျိုးသားပုံ ဖြစ်သော အရပ်ပုပုလူတစ်ဦးသည် ငါတို့ရှေ့မှဖြတ် ကျော်ပြီးတန်ဆောင်းကြီး၏ အင်္ဂါဒေါင့်အဆုံးဆီ အထိလျှောက်သွားသည်ကို အမှတ်မထင်တွေ့မိ၏။ ယာဘက်ပုခုံးထက်၌လည်း မိုးကာရှည်တစ်ထည် တင်ထားသည်ကိုလည်း မြင်တွေ့ရ၏။

ထိုအင်္ဂါဒေါင့်၏ အဆုံးသို့ရောက်သော အခါတွင်မူကား တစ်ဖန် လာလမ်းအတိုင်း လက်အုပ် ကလေးချီလျက်က ငါတို့ဆီသို့ တန်းမတ်စွာ လာနေ သည်ကိုလည်း တွေ့မြင်နေရပါ၏။

ငါတို့ရှေ့သို့ရောက်သောအခါ ငါတို့၏ လက်ဝဲဒေါင့်မှာပင် မင်းရှေ့ခစားလေသော မင်းချင်း တစ်ဦး၏ ထိုင်နည်းပမာ ထိုင်ချလိုက်ပြီး

"ဘုရားတပည့် ကျန်ငွေတစ်ကျပ်အား အရှင်ဘုရား၏ အောင်ပွဲကို ရည်စူးပြီး လှူဒါန်းပါ ၏။ ဤသို့လှူဒါန်းခြင်းသည်လည်း သံသရာအတွက် ရည်စူး၍ လှူဒါန်းခြင်းမဟုတ်ပါ။ နိဗ္ဗာန်ကိုသာ ရည်မှန်းလျက်က လှူဒါန်းခြင်းသာဖြစ်ပါသည် အရှင်ဘုရား။"

ဤသို့ နှုတ်မှလည်းပြော၊ လက်မှလည်း လက်စုံနှစ်ဖက်ပူးယှက်လျက်က ရိုသေစွာပင် ပေးအပ်လိုက်ပါ၏။ ငါတို့ကလည်း အသိအမှတ်ပြု လျက်ကပင်လက်ခံလိုက်၏။ လူစုလူဝေးကြီးက လည်း (၃၀)ခန့်ရှိထင်၏။ ရပ်လျက်ကပင် အံ့ကြည့် နေကြပါ၏။

မဟာဓမ္မပါလ



"ယခုအချိန်ကစပြီး တပည့်တော်ကို ဆရာအဖြစ် မှတ်တော်မူပါဘုရား။"

ငါတို့ကလည်း ခေါင်းညိတ်လျက်က-မှတ်ပါကြောင်းပြော၏။ ထိုအခါ အောင်မြင်ခန့်ညားသော၊ အာဏာသံလည်းအပြည့်ပါနေသော အသံတို့ဖြင့်- "တပည့်တော်ကို အရှင်ဘုရားဘာမေးချင်သလဲ"

ငါတို့ကား အဟန့်ခံလိုက်ရသည့်ပမာလည်းကောင်း၊ အာစေးအထည့်ခံလိုက်ရသည့်ပမာလည်းကောင်း ဘာမျှပြန်လည်ပြောတတ်စရာစကားစ ကား တွေး၍မှပင် မရတော့ပြီ။

"ဣစ္ဆိတံ-ပဋ္ဌာနံ ပူရေန္တု အတိုင်းပါပဲ"

ထိုစာသားသည် ရွှေတိဂုံ စနေ့ဒေါင့်ရှိ ဂဠုန်နဂါးဘုရားရှေ့မှ ဖတ်ဖူးခဲ့သောစာတမ်းပင်ဖြစ်ချေ၏။ ထိုစာသားကို ကတုန်ကယင်ဖြင့်သာ ရွတ်ဖတ်မိလိုက်ပါ၏။ ရပ်ကြည့်နေကြသော လူစုလူဝေးကြီးကိုကြည့်၍လည်း ရှက်ကြောက်စိတ်တို့ကဖုံးနေပြီး မွှန်၍လည်းနေပါ၏။ ထိုစကားဆုံးသည်နှင့် ပြောပြောဆိုဆိုပင် ဘုရားကြားသို့သာ ပြေးဝင်ထွက်ခဲ့ရပါ၏။ ထိုပုဂ္ဂိုလ်နှင့် ထိုပရိတ်သတ် မည်သို့ကျန်ရစ်ခဲ့လေသည်ပင် မသိရှိရတော့ပြီ။

ညနေ (၆)နာရီခန့်သို့ ရောက်လေသောအခါတွင်မူကား လာရောက်စောင့်ကြိုနေသော ဦးတင်အောင်ကို ရွှေတိဂုံ၏ တနင်္ဂနွေဒေါင့်အရပ်ရှိ ဗြိဟ်တိုင်ခေါ် ဓါတ်တိုင်အောက်သို့ခေါ်၍ စည်းဝေးရ၏။

"ကျုပ်နက်ဖြန် တောထွက်တော့မှာ မပျော်(၃)နှစ်၊ ပျော်တစ်သက်ဗျာ့။ ခင်ဗျား ယခင်ကပြောထားပြီး စကားလက်စအတိုင်း ကျုပ်အသိပေးတာ"

"ကျုပ်က အရင်ကသာတောထွက်ဖို့ စိတ်ကူးတာ အခုတော့မဆုံးဖြတ်ရသေးဘူး။ခင်ဗျားပဲထွက်နှင့်ပါ။ ကျုပ်စိတ်ကူးရတဲ့အခါမှ လိုက်လာပါရစေ"

ဤသို့လျှင် ဦးတင်အောင်နှင့် အချီအချပြောပြီး အဓိဋ္ဌာန်ဝင်ရန် နောင်တော်ကြီးဘက်သို့ ထွက်ခဲ့၏။ ဦးတင်အောင်လည်း နောင်တော်ကြီးတက်ရာ လှေကားဝအထိ လိုက်လံပို့ပြီး လမ်းစရိတ်များထောက်ပံ့၍ အိမ်ပြန်သွားတော့ချေ၏။

ည(၇)နာရီခန့်တွင် အဓိဋ္ဌာန်ပြီးစီးအောင်မြင်၏။ ပြီးသည်နှင့် နောင်တော်ကြီးပလ္လင်ထက်မှ လက်ယာရစ်ပတ်၍ မဟာလာဘ်ကို တိုးတိုးသာသာဆိုကာ ငွေကျဲ၏။ အဓိဋ္ဌာန်ဝင်တို့ချည်းသာရှိသဖြင့် ရုန်းရင်းဆန်ခတ်ကား မဖြစ်လေ။ ပြီးသော် ရှင်အဇ္ဇ-ဂေါဏ တန်ဆောင်းသို့ဆင်းခဲ့၏။ ကိုရင်ကြီးသည်လည်း အဆင်သင့်စောင့်ကြိုလျက်ကသာ ရှိဘိ၏။

"ကောင်းပါတယ် ဒကာကြီး ပါရမီဆိုတာလူလုပ်သလိုရတယ်။ လူကသာလုပ်လိုလျှင် ပါရမီကအခွင့်မပေးဆိုတာ မရှိဘူး"

ဤစကားများကား ငါတို့၏အောင်ပွဲအတွက် အောင်ဆုပေးသောစကားလေလား မသိပြီ။

## လော်ကယ်ရထားကြီးနှင့် ရသေ့နှစ်ပါး ကိုရင်ကြီးတစ်ပါး

နံနက် (၁၃၃၉-ခုနှစ်၊ နယုန်လပြည့်ကျော်(၁၂)ရက်၊ တနင်္ဂနွေနေ့)တွင်ကား လင်းသည်နှင့်မော်လမြိုင်ရထားအမှီဆိုကာ ရွှေတိဂုံမှ ဘူတာကြီးသို့ ထွက်ခဲ့ကြ၏။ ဦးတင်အောင်ကြီးသည်လည်းနံနက်လင်းသည်နှင့် ၄င်းလည်းလိုက်ခဲ့မည်ဆိုကာလွယ်အိတ်ကြီးတစ်လုံးလွယ်လျက်က ရောက်လာသဖြင့် သုံးယောက်ပေါင်းမိကာ ထွက်ခဲ့ကြ၏။ ဘူတာရောက်သော် ရထားကား မမှီလိုက်ပြီ။

ဘူတာကြီးရှိလက်မှတ်စာရေးက အကြံပေး၏။ ဤမန္တလေးရထားဖြင့် ပဲခူးအထိ လိုက်သွားပါ။

မဟာဝမ္မပါလ



ပဲခူးရောက်သော် မော်လမြိုင်ထွက်မည့် လော်ကယ် ရထားနှင့် အဆင်သင့်တွေ့ရမည်ဟူ၏။ သို့နှင့် ထို အကြံပြုချက်အတိုင်း ထွက်လာခဲ့ရာ ပဲခူးရောက် သည်နှင့် ရထားပြောင်းစီးရ၏။ မော်လမြိုင်ဘက် ထွက်ခဲ့ကြ၏။ ဝေါရောက်ခါနီး ကုန်တွဲမှ ကုန်ပစ္စည်း (ဆေးပေါ့လိပ်,လိပ်ရန် ဆေးရွက်ကြီးများထည့် ထားသောဂုန်နီအိတ်ကြီးများ) အိတ်ကြီးများ ထွက်ကျကျန်နေရစ်သည်ဆိုကာ ငါတို့စီးနင်းရာ ရထားကြီး နောက်ပြန်ခုတ်ရချေသေး၏။

အင်း- အတိတ်နိမိတ် ရှေ့ပြေးတွေက တော့ဖြင့် ရထားမမှီလိုက်တာနဲ့ မှီပြန်သော်ကော နောက်ပြန်ဆုတ်ရတာနဲ့ ရှေ့ဆက်ဘာတွေများ ဖြစ် လေဦးမလဲမသိ။

သည်ကြားထဲ ပုလိပ်တွေက(ရထားစောင့် ရဲက) ခရီးသည်များကို ငွေတောင်းရာ မိန်းမတစ်ဦး နှင့်ရန်ဖြစ်ကြ၏။

“ငါက ဗိုလ်မှူးမယားဟဲ့ နင်တို့တောင်း တိုင်း ပေးရမှာလား”ဆို၏။

“အေးပါ မှတ်ထားလိုက်စမ်းပါ။ အပြန်ကျ သိကြရောပေါ့”

ဟယ်-အရေးထဲ အပြန်ကြိမ်းကလည်း ပါသေး။

စစ်တောင်း တစ်ဘက်ကမ်းရောက်သော် ဦးတင်အောင်က ရှာဖွေလာသဖြင့် တင်လဲရည်များ ထည့်ရာ၏တွဲကြီးတွင် ထိပ်မှနေရာရကာ(၃)ဦးသား ပြောင်းရွှေ့စီးလာခဲ့ကြလေရာ ဘူတာရောက်တိုင်း “ဟော့-ဟော့ ဟိုမှာ,ဟိုမှာ ရသေ့ကြီးနှစ်ပါးနဲ့ ဘုန်းကြီးတစ်ပါး တွဲကြားမှာ, တွဲကြားမှာ”ကလေး တစ်သိုက်တို့၏ လက်ညှိုးထိုးကာ သတင်းဆန်း တစ်ပုဒ်အဖြစ် လက်တို့ပြော ခဲ့ကြရလေကုန်တော့ ၏။ တောင်စွန်းဘူတာမရောက်မချင်း ကလေးများ ၏ ကြည့်ချင်ပွဲ ဖြစ်ခဲ့ရသတည်း။

တောင်စွန်းဘူတာသို့ ညနေခင်းမှရောက် ကြရ၏။ တဆဝ့်တဆင့် ကေလာသသတင်း မေးလျက် က ခြေလျင်လျှောက်ခဲ့ကြလေရာ ညမှောင်မှာပင် ကေလာသတောင်ခြေသို့(ကင်းရွာမှတဆင့်) ရောက်ကြရချေ၏။ ညအခါဖြစ်သဖြင့် မှောင်ခြင်း၊ မိုးလအခါဖြစ်သဖြင့် မှောင်ခြင်းတို့နှင့်အတူ ကေလာသတောင်ကား အမှောင်ထုကြား၌ ဝမ်း လျှားမှောက်လျက်က ကြိုနှင့်၏။ ငါတို့သည်လည်း စမ်းတဝါးဝါးနှင့်သာ တက်ခဲ့ကြရချေ၏။ ခြေမျက်စိ ပါသဖြင့်သာ တော်သေးတော့ထင်ရ၏။ လက်နှိပ်မီး ဟူ၍လည်း မည်သူမျှပါမလာ။ လက်နှိပ်မီးမလို သောရန်ကုန်မှ ထွက်ခဲ့ကြလေသော ခရီးသည်များ ပီပီ လက်နှိပ်မီး၏ အကူအညီကား အလျဉ်းမရပြီ။

သည်ကြားထဲ ကိုရင်ကြီး၏ ဒုက္ခကလည်း မသေးလှ။ တော်တော်ကြာ “ဒကာကြီး ကျုပ်မတက် နိုင်တော့ဘူး” တုန်တုန်ချိချိ တွဲပေးကြရပြန်၏။ နည်းနည်းပါလာ၏။ တော်တော်ကြာ “သည်လမ်း မှာပဲ အိပ်ကြရ မကောင်းလား” အရေးဆိုပြန်၏။

“အိုဗျာ တောင်ပေါ်လာတာ တောင်ပေါ် ရောက်မှ တာဝန်ကျေမှာပေါ့” ဒေါနှင့်မောနှင့် ပြောတော့မှ ငြိမ်းသွား၏။

“ဒကာကြီးရေ- ကျုပ်တော့ မတက်နိုင် တော့ဘူး” ဆန္ဒပြပြန်၏။

“ကဲ-မတက်နိုင် နေရစ်တော့” ဆိုကာမှ မလိုက်ချင် လိုက်ချင်ဖြင့် တွဲပါလာ၏။

တောင်ထိပ်သို့ ရောက်သောအခါ အချိန် သည် ည(၈)နာရီခန့်မျှ ရှိနေချေပြီ။

ထိုတောင်ပေါ်၌လည်း ဘယ်နေရာ ဘာရှိ သည် မသိပြီ။ မသိ၍ မီးထိုးကြည့်ရန်ကလည်း လက်နှိပ်ဓါတ်မီးလည်း မပါပြီ။ ဓါတ်မီးမပါသဖြင့် အလင်းရောင်တိုင် ထွန်းညှိမဟဲ့ဆိုပြန်ဇတော့လည်း တဟူးဟူးသော လေတို့အကြား ထိုဖယောင်းတိုင်မီး ကား လင်းအားမပြုပြီ။ ဤသို့ဖြင့် တောင်ထိပ်မှ စေတီတော်ရင်ပြင်သို့ စမ်း၍စမ်း၍ တက်ခဲ့ကြရ

မဟာဗုဒ္ဓပါလ


ချေ၏။ ကိုရင်ကြီးကိုကား ဘုရားခြေရင်း လှေကား ထိပ်နား၌ ထားခဲ့ရချေ၏။

ဘုရားရင်ပြင်ပေါ်ဝယ် လက်ယာရစ် ပတ်၍ အမှောင်ကြားမှဖူးမျှော်၏။ လေကွယ်ရာအရပ်တို့မှနေ၍ အလင်းရောင်ပူဇော်ခြင်း၊ ဘုရားအာရုံပြုခြင်း၊ မေတ္တာပေးဝေခြင်းများ ပြုကြ၏။

"ရသေ့ကြီး- ရသေ့ကြီး"

ဘုရားခြေတော်ရင်းဆီမှ ကိုရင်ကြီး၏ အော်ခေါ်သံကြားလိုက်ရ၏။ ထိုအသံကြောင့် ငါတို့လည်း စမ်းဆင်းခဲ့ရ၏။ ထိုတောင်၌ရှိနေနှင့်သော ရသေ့ကြီးကလည်း ၎င်းအားခေါ်လေသည်အမှတ်ဖြင့်ရောက်လာ၏။ ထိုတောင်ရှိ မီးစက်စောင့်လည်း ပြေးထွက်လာ၏။

ရောက်သော် ၎င်းတစ်ပါးတည်း ကြောက်၍ခေါ်ကြောင်းပြော၏။ ထို့နောက် မီးစက်စောင့်၏ အစီအမံဖြင့် မြောက်ဘက်(ဝင်းကရွာမှအတက်) အာရုံခံတန်ဆောင်းထဲဝယ် ညအိပ်ကြရ၏။ ထိုအာရုံခံဘုရားကြီး၏နောက်ကျောဝယ် သံဃာတော်တစ်ပါးလည်းရှိ၏။ ၎င်းသံဃာ၏ ခြေတော်ရင်းမှာပင် သုံးဦးသား အိပ်ကြရချေတော့သတည်း။

## မဏ္ဍပ်ထိုးရင်း အင်းကစား

နံနက်လင်းသော် ထိုမီးစက်စောင့်(ဦးစိန်သောင်း) ကပင် ချက်ပြုတ်စီမံကျွေးမွေး၏။ စေတီတော်အနှံ့ လှည့်လည်ဖူးမြော်ခွင့်ရ၏။ တောစိတ်ပေါက်နေသဖြင့် ကြည့်သလောက်မညီး၊ ပျော်စရာအတိ ပြီးနေချေတော့၏။

နောက်တစ်ရက်သို့ ရောက်သော်ကား စားစရာကိန်းချေပြီ။ အစောင့်ကလည်း သူ့၌ကျွေးစရာမရှိဆို၏။ ဆန်ကိုသာ မောင်းထောင်ချိုင့် တစ်လုံးဖြင့်ပေး၏။ ငါတို့လည်း စားစရာမရှိ- သစ်မြစ်,မျှစ်, အရွက်အသီးများ ရရာစားမည်ဆိုကာ ကျင့်ခဲ့ပြီးဖြစ်သဖြင့် ကျေနပ်ပြီးသားပင်။

သို့နှင့် ထိုမောင်းထောင်ချိုင့်တစ်ချိုင့် တစ်ပြည်မျှလောက်သော အကူအညီကို လက်ခံခဲ့ပြီး စေတီတော်၏ စနေဒေါင့် ကင်းရွာဘက်ရှိ ဇရပ်တစ်လုံးပေါ်သို့ သွားရောက်နေကြရချေတော့၏။ ဆွမ်းခံကျွေးမည်ဆိုသော ကိုရင်ကြီးကား လှုပ်ပင်မလှုပ်တော့ပြီ။ ထိုအကူအညီရသောဆန်ကို သုံးဦးစာချက်ကြရ၏။ ဆားများကား ဝါးကျည်တောက်ကြီးများဖြင့် မီးဖိုဘေး အဆင်သင့်တွေ့ရ၏။ ထိုကျောင်း(ဇရပ်)ဘေး၌လည်း ရဲယိုရွက်များ အဆင်သင့်တွေ့ရ၏။

- ဆားနှင့်ထမင်း ရဲယိုရွက်မီးသင်းကား ဆာသလောက် ကောင်းနေပါတကား။
- ထမင်းရည်ကျဲကျဲ ဆားခဲလေးထည့်သောက်ရသည်ကား ဆာသလောက်ပင် ကောင်းနေပါတကား။

စားပြီးကြသည်နှင့် ငါတို့နှစ်ဦးကား ကင်းရွာသို့ဆင်း၍ ပါလာသောငွေစလေးများဖြင့် ဈေးဝယ်ဆင်းကြရ၏။ ကိုရင်ကြီးကား ငါတို့လည်း တာဝန်မယူနိုင်၊ တာဝန်ယူစရာလည်း စရိတ်မရှိ ဟူ၍ ပြောသဖြင့် ဝင်းကဘက်မှနေ ဆင်းသွားချေပြီကော။ နောက်ရက်နံနက်တွင် ကျောင်းရှေ့ကြမ်းပြင်တွင် ခေတ္တမျှ အိပ်ပျော်သွားခဲ့၏။

ထိုစဉ် အမေမိုးရင်ဆိုသော မိန်းမကြီးတစ်ဦး ဝင်လာပြီး- "ငါ့သား၊ စေတီတော်ရင်ပြင်တက်ပြီး မဏ္ဍပ်ထိုးကွယ့်၊ မဏ္ဍပ် ထိုးပြီးလျှင် အင်းတစ်ချပ် ခုန်ရမယ်"

"ဘယ်လို ခုန်ရမလဲ အမေရဲ့"

"တနင်္ဂနွေနေ့ စနေဒေါင့်က စခုန်"

"သည်လိုဆို စနေနေ့ တနင်္ဂနွေဒေါင့်ကနေ ခုန်ပြီး ပြီးတာပေါ့"

မြန်မာစာပေဝါ



"အေးအေး ဟုတ်တယ်ငါ့သား"

နိုးလာ၏။

ဘာလဲ မဏ္ဍပ်က။

ဘာလဲ အင်းတစ်ချပ်က။ စဉ်းစားမိ၏။ စဉ်းစားမိသဖြင့် အတွေးပေါက်တိုင်း ကြိုးစားရန် စီမံရချေတော့၏။

မဏ္ဍပ်မည်သည်မှာ လေးမျက်နှာ။

အင်းခုန်နည်းကား အဋ္ဌော။

ဟုတ်ပြီ- ဟုတ်ပြီ။ စေတီတော်ကြီး အရပ်လေးမျက်နှာမှနေ အဓိဋ္ဌာန်ဝင်မည်။ တစ်နေ့လျှင် လေးကြိမ်တို့ဖြင့် ရက်ဆက်တိုက်အားထုတ်မည် ဆုံးဖြတ်လိုက်၏။ ထို့နောက်-

နောက်တစ်နေ့ နံနက်လေးနာရီမှစ၍ ဦးစွာ မဏ္ဍပ်ထိုးသောအားဖြင့် အနောက်အရပ်မျက်နှာ မိမိစေတီပေါ်သို့တက်ရာ၏မျက်နှာမှ စတင်ကာ လက်ျာရစ်(၄)ရက်တိတိ ဝင်၏။

တနင်္ဂနွေနေ့သို့ရောက်လျှင်မူကား စေတီတော်ကြီး၏ စနေဒေါင့်မှ တနင်္ဂနွေဂြိုဟ်သက်ဖြစ်သော ဂုဏ်တော်ပတ်(၆)ပတ်တို့ဖြင့် စတင်ကာ အဓိဋ္ဌာန်ဝင်၏။

စနေနေ့ ရောက်သောအခါတွင်ကား တနင်္ဂနွေဒေါင့်မှာပင် စနေဂြိုဟ်သက် တစ်ဆယ်ဖြင့်ပင်ပိတ်၏။ အဋ္ဌော-ဂဗ္ဘော-စရေ-ဝံသေ ဟူသော ဓါတ်ဖက်စကားအတိုင်း ၄င်းတို့ ဂြိုဟ်သက်အတိုင်း တနင်္လာနေ့ အနောက်အရပ်မှ(၁၅)ပတ်စသည်အားဖြင့် (၇)ရက်-(၈)မျက်နှာဝင်ရ၏။ ဝင်ချိန်ကား နံနက်(၄)နာရီ၊ (၁၂)နာရီ၊ (၂)နာရီ၊ ညနေ(၆)နာရီ လေးချိန်သတ်မှတ်၏။

တစ်နံနက်လေးနာရီ မိုးရွာ၏။ အဓိဋ္ဌာန်အတိုင်းသွားရောက်ဝင်၏။ ချက်ချင်းတိတ်၏။

တစ်နံနက် မိမိထိုင်မည့်နေရာ ပုရွက်ဆိတ်တို့အပုံလိုက်လှုပ်ရှားနေပြန်၏။ တောင်းပန်၍ ဝင်၏။ အားလုံးပင် တစ်ကိုယ်လုံးကြီး ရွစာထိုးမျှ တက်၏။ ကိုက်ကားမကိုက် ဆင်းသွားကြ၏။

တကယ်ယုံလျှင် အဟုတ်ဖြစ်သည်။

ကိုယ်ကသာ ကိုယ့်အတွက် မနေသာ, မထိုင်သာကျင့်က မည်သူမျှ မကူဘဲမနေသာပြီ။

## သွား ရသေ့လေးပြုံ့စု အထက်အမိန့်

ကေလာသတောင်တော်သို့ရောက်၍ သုံးရက်မြောက်နေ့တွင် ဝင်းကန္တာမှဖြစ်ကြသော အမေပန်းချီဆိုသူ(၇၆)နှစ်နှင့် အဘွားငွေပွင့်ဆိုသူ(၈၂)နှစ်တို့ ညနေတွင်ရောက်လာကြ၏။ ညက အိပ်မက်ထဲဝယ် အရာရှိ(၂)ယောက်ကလာပြီး ကေလာသတောင်သို့တက်ပြီး 'သားရသေ့ ချက်ပြုတ်ကူညီရမည်' အမိန့်ပေးသဖြင့် လာခဲ့ရကြောင်း ပြောပြ၏။ ငါတို့ကိုလည်း ရသေ့လေး သည်မှာရှိနေသမျှ ဝေယျာဝစ္စပြုခွင့်ပေးရန် တောင်းပန်၏။ ငါတို့ကား ဝမ်းသာလှဘိခြင်း။

တရားစောင့်သောသူ ထိုတရားက ပစ်မထား ဟူသောစကား ငါသည်အကြွင်းမဲ့ယုံ၏။ အာကင်္ခေယျ သုတ်တော်လာ သီလနှင့်စပ်ဆိုင်သော စကား ငါသည်အကြွင်းမဲ့ယုံ၏။

ယင်း အာကင်္ခေယျသုတ်၌ အတူနေချင်း၏ ရိုသေမှုကို ရယူလိုလျှင် သီလ(ကိုယ်ကျင့်ကောင်းအောင်) ကို ထူထောင်ကြ၊ တောတောင်နေစဉ် အန္တရာယ်ကင်းဝေးလိုလျှင် သီလကိုသာ ထူထောင်ကြ၊ လောကီစီးပွား ကြီးပွားတိုးတက်လိုလျှင် သီလကိုသာထူထောင်ကြ စသည်အားဖြင့် နိဗ္ဗာန်၏ အရသာကို ခံစားခွင့်ရစေသည်အထိ (၁၆)ချက်မျှ ဘုရားရှင် ဝေဖန်ပြသထားတော်မူရာ ငါတို့ အတွက် အားတက်စရာ။

မဟာဗမ္မပါလ

လောက၌ လူတို့ကား ကြီးပွားတိုးတက်ချင်လွန်း အားကြီးလှကြသဖြင့် ကိုယ်ကျင့်ဆိုသောသီလကိုဖျက်၍ စီးပွားရှာဖွေကြရာ အဘယ်မှာ ကြီးပွားတိုးတက်ပါအံ့နည်း။

-ဆုတ်ခေတ်ကာလမို့ ကြီးပွားသည်ပဲထား တစ်ဘဝစာ တစ်ခဏစာ မျှသာတည်း။

-ကံဟောင်း ကောင်းကျိုးမကုန်သေး၍ ထင်တိုင်းဖြစ်သည်ပဲထား အရှိန်ရှိတုန်းမျှသာတည်း။

ထိုကေလာသတောင်တော် ဒေသသည် ဘုရားရှင်(၈)ဝါအရက ကိုယ်တော်တိုင်ကြွလာတော်မူသော နေရာအစစ်အမှန် သုဝဏ္ဏဘုမ္မိဆို၏။ ယင်းတောင်၌ ကျောက်စာမြေပုံဖြင့် ပြသထားရှိ၏။ ထိုစဉ်က သုဝဏ္ဏဘုမ္မိ(ရွှေမြို့တော်)သည် ယခုအရက်သမရွာဖြစ်သည်ဆို၏။ ယခုအခါရှေးဟောင်းသုတေသနဌာနမှ မြို့ဟောင်းများ ဖော်ထုတ်နေချေပြီ။

ဝင်းကရွာဟူသည် ထိုခေတ်က နိုင်ငံခြားသင်္ဘောများ ဝင်ကပ်ရာ ဆိပ်ကမ်းဖြစ်သဖြင့် ရှေးအခေါ် ဝင်ကပ်ရွာ တွင်သောဟူ၏။

ထိုကေလာသတောင်၌ပင်လျှင် ရသေ့(၈)ပါး (ကျိုက်ထီးရိုးဒါယကာ-တိဿ၊ဇင်းကျိုက်ဒါယကာ-သီဟရသေ့ညီနောင်တို့ အဝင်အပါ)တို့အား ဆံတော်များအသီးသီး ချီးမြှင့်ရာ နေရာဒေသဖြစ်သည်ဆို၏။ ထိုနေရာရောက် စိတ်ပြောင်းသည်ကား အမှန်။

ဘုရားရှင် ခေတ္တမျှ ဖလသမာပတ် ဝင်စားသွားတော်မူသည်ဆိုသော ကေလာသစေတီ၏ ခြေတော်ရင်းရှိ ညောင်ပင်ကြီး၌ကား သာ၍ပင်စိတ်ငြိမ်သက်မှုကိုရစေဘိ၏။ညောင်ပင်ကြီး၏ အကိုင်းအခက်အလက် ထွက်ပုံများကပင် မဏ္ဍပ်သဖွယ်ရှိ၏။ ညောင်ကိုင်းမှကျလာကြလေသော မုတ်ဆိတ်မွေးများက စုစည်းမိလာကြလေသော အခါ မဏ္ဍပ်တိုင်သဖွယ် ပြန်လည်ထောက်ခံပေးနေသည်ကိုလည်းတွေ့ရ၏။ ဘုရားရှင်သည် ထိုညောင်ပင်အောက်ဝယ် ခေတ္တမျှသီတင်းသုံးသွားသည်ဟူ၍ သုတစကား မှတ်သားမိခဲ့ရ၏။ နှစ်ပေါင်းနှစ်ထောင်ကျော်မျှ ကြာညောင်းလေပြီဖြစ်သဖြင့် ညောင်ပင်ကား အိုမင်းခြင်းနှင့်အတူ ကြီးထွားခြင်းသည်လည်း ကုန်းတော်ပြည့်မျှပင်တည်း။

ဘုရားရှင်ကြွလာတော်မူစဉ်က ကေလာသဖတောင်ကား ဆံတော်ချီးမြှင့်ရာဌာနဆို၏။ ကေလာသကား တရားချီးမြှင့်ရာဌာနဆို၏။ ကေလာသဖကား ယခုသော်အင်းကစား၍ ထွန်းကားသောနေရာဖြစ်ပြီး၊ ကေလာသကား အဓိဋ္ဌာန်ဝင်ရန် ထွန်းကားသောနေရာဟူ၍ ပြောစမှတ်ပြုကြ၏။ ငါတို့ကား ရာဇဝင်လေ့လာရန် သွားခြင်းမဟုတ်သဖြင့် တိတိပပကား မဆိုနိုင်ပြီ။

တစ်ဖန်မွန်တို့ဒေသတွင် ရွှေတိဂုံကား ဘုရားရှင်ကိုယ်စား ဆံတော်ကြွချီရာ၏ပထမဆုံး။ ကမ္ဘာပေါ်တွင် ဂေါတမသာသနာ၏စေတီတို့တွင်လည်း ပထမဦးဆုံးဆို၏။ ဘုရားရှင်ပွင့်ထွန်းတော်မူသော သက္ကရာဇ် ၁၀၃-ခုနှစ်၏ သတ္တမသတ္တါဟဖြစ်သော နယုန်လပြည့်ကျော်(၁၀)ရက်မှ ဝါဆိုလဆန်း(၂)ရက်အတွင်းဝယ် ဓမ္မဝိဟာရတရားလေးပါးတို့ဖြင့်(မေတ္တာပွားတော်မူခြင်း၊ ဂရုဏာပွားတော်မူခြင်း၊ မုဒိတာပွားတော်မူခြင်း၊ ဥပက္ခာထားတော်မူခြင်းလေးမျိုးတို့ဖြင့်) ပွားပို့တော်မူနေစဉ်အတွင်းက တဖုဿ-ဘလ္လိကတို့ ရလာခဲ့ပြီး ထိုနှစ်တပေါင်းလတွင် ပြီးစီးခဲ့သောစေတီဆို၏။ မူလဉာဏ်တော်မှာ(၄၄)တောင်ဆိုသဖြင့် ဘုရားဒါယကာဥက္ကလာပမင်းကြီး၏ သက်တော်အတိုင်း တည်ထားကိုးကွယ်သည်ထင်မိ၏။

ကေလာသ သုဝဏ္ဏဘုမိသို့ ကြွသောနှစ်ကား ရှစ်ဝါရပြီး၏တာကူးလပြည့်မှာ ဆိုသဖြင့် သက္ကရာဇ်(၁၁၁)ခုနှစ်၏ တာကူးလဖြစ်ဟန်ရှိ၏။ ဤသည်မှာ မွန်ဒေသ၌ ဘုရားရှင်ကိုယ်တော်တိုင်ကြွချီလာသော သက်ရှိ၏ ပထမဆုံးဖြစ်ပြီး သာသနာတည်ရာ၏ ဒုတိယမြောက်ပင်တည်း။

သုဝဏ္ဏဘူမိရွှေမြေ(ရွှေမြို့တော်ဒေသ) ဆိုသည့်အတိုင်း ကမ္ဘာစစ်ဖြစ်သော်မှလည်း ထိုနေရာကား ဘေးမရှိ ရန်မရှိ ငြိမ်းချမ်း၏ဆိုသည်။ ဒုတိယကမ္ဘာစစ်မီးကြီး တောက်စဉ်တုန်းက ထိုဒေသသို့ စစ်မီးမကူးဟူ၍ အသက်(၈၂)နှစ်ရှိ (၁၃၃၉-နှစ်) အဖွားငွေပွင့်က ရှင်းပြဘူး၏။

သို့ကြောင့် ထိုကေလာသဒေသသည် ရသေ့များထွန်းကား၏။ ငါတို့လူဝတ်သာသာမျှ သောရသေ့ကိုပင် ရဟန်းတစ်ပါးမျှရိုသေ၏။ ရဟန်းကဲ့သို့ဆက်ဆံ၏။ ရဟန်းကဲ့သို့ပင် ဝေယျာဝစ္စ ပြုမူ၏။အဓိဋ္ဌာန်ဝင်တို့မှတစ်ပါး အခြားမရှိ၊ အေးချမ်း၏။ မျောက်တို့ကား မျိုးရိုးအလိုက် အုပ်စုဖွဲ့လျက်ကနေထိုင်ကြ၏။ အဓိဋ္ဌာန်ဝင်တို့ကိုကား ဖုတ်လေသည့်ငပိ ရှိသည်မျှပင်မထင်ဘိသို့ စိတ်ချလက်ချ ရဲတင်းစွာဆက်ဆံကြ၏။ တောင်ပေါ်ရှိ အသီးအနှံများ(ပိန္နဲသီးစသည်များစွာ) တို့ကို လက်ဖြင့်လည်း ဆွတ်ချ၊ ခြေဖြင့်လည်းကန်ချနေကြလေရာ "ဟဲ့ကောင်ကြီး မလုပ်နှင့်လေ" ဆိုသော်လည်း မော့၍မျှပင်မကြည့်ပြီ။ လူစိမ်းများ ရောက်သော်ကား ကြက်ပျောက် ငှက်ပျောက်တည်း။

▼

**သားတော်လေးရဟန်းက လစ္ဆိ**
**စပယ်သီး နွယ်ပိုပန်းကိုလ လက်လှမ်းလို့ ဆွတ်မည်**
**လေယာဉ်ပျံ ထယ်ဟန်ပမ်းတွေနဲ့ တောတောင် သေလာမဟီ**
**ဗျာ့ – ဗျာ့ စိန်ရောင်ခြည်**

ထိုတောင်ရောက်သဖြင့် ငါးရက်လောက်ကြာလျှင်ပင် အဖော်ဖြစ်လေသူ ဦးတင်အောင်ကား ငါတို့အနားမကပ်တော့ပြီ။ အကယ်တိတိ သူ့အနားသွားမိသော်မှလည်း ဖယ်ရှောင်သွားလေတော့၏။ တောတောင်ရောက်ကာမှ ထိုရောက်စတွင် ဒူးရင်းသီးစားလိုသည်ဟူ၍လည်းကောင်း၊ လက်ဖက်ရည်အချို သောက်လိုသည်ဟူ၍လည်းကောင်း တောတောင်နှင့် ဆန့်ကျင်ရာကိုသာ တ, ခဲ့သော ထိုဦးတင်အောင်သည် ယခုသော်ကား စိတ်ကစားနေချေပြီ။ ငါတို့မသိအောင်လည်း ၎င်းဇနီးသည်ထံ စာလှမ်းရေးသေးဆို၏။ ယခင်က တောထွက်ရန် ၎င်းကပင် စတင်လှုံ့ဆော်ခဲ့ပြီး ယခုသော်ကား ၎င်းကပင် မြို့သံပေးနေချေပြီ။

ရှစ်ရက်မြောက်လာသော် အဘွားအိုကြီးများ ပြုစုကျွေးမွေးလေသည်တို့ကို မသုံးလိုဟူ၍ အရေးဆိုကာပြန်တော့မည်ပြော၏။ မပျော်(၃)နှစ်ကား မပျော်(၈)ရက်ဖြစ်နေဟန်ရှိ၏။ ငါတို့ကလည်း ဘုတာအထိ အဓိဋ္ဌာန်တန်းလန်းဖြင့်ပင် (အဓိဋ္ဌာန်မပျက်စေဘဲ) လိုက်လံပို့ပေးရချေ၏။

(၁၃)ရက်မြောက်လေသော အခါတွင် မဏ္ဍပ်ပြင်ဆင်ရက်ကား(၄)ရက်၊ အင်းခုန်ရက်ကား(၇)ရက် ပြီးစီးအောင်မြင်သွားချေတော့၏။ ငါတို့ကျောင်းမှာလည်း အဘွားငွေပွင့် ပြန်ဆင်းသွားချေပြီ ဖြစ်သဖြင့် ငါတို့နှင့် အမေပန်းချီသာ ကျန်ရှိတော့၏။

ထိုစဉ် ကျောင်းပေါ်နေလျက်က အတွေးတစ်ခု ဝင်လာတော့၏။

အင်း. . တောထွက်လာခဲ့သည်ဆိုသော်လည်း ရန်ကုန်တုန်းက ငါနေခဲ့သောအိမ်နှင့် ယခုငါနေရာကျောင်း ဘာမှလည်းမထူးခြားပါတကား။ သွပ်မိုး,ပျဉ်ထောင်,ပျဉ်ခင်း အဆင်ချင်းအတူ။

အင်း. . တောထွက်ပြီး ကျင့်နေပါသည်ဆိုသော်လည်း ရန်ကုန်မှာတုန်းက ကျင့်ခဲ့ရသည်များနှင့်လည်း ဘာမျှမကွဲပြားသေးပါကလား။

တောထွက်- တောသက်ရှိမှ ကောင်းမည်။

တောကျင့်- ကျင့်၊ တောအဆင့်မှီမှလည်း ကောင်းမည်။

သည်လိုဆို သည်လိုကျောင်းပေါ်မှနေ ကျင့်နေသည်ထက် ဂူတွင်းဝင်ရောက်၍ ကျင့်မှသာ

မဟာဓမ္မပါလ



တော်ချေမည်။ ကေလာသတောင်ရှိ ဂူအသီးသီးတို့တွင် မည်သည့်ဂူသို့ဝင်က ကောင်းလေမည်နည်း။

ထိုသို့စဉ်းစားရင်းက ညောင်ပင်ကြီး၏အောက်၌ရှိသော ဆံတော်တိုက်သို့သွားရာဂူကို ကျင့်လိုသောဆန္ဒအားက တဖွားဖွားပေါ်လာခဲ့ချေသည်။ ထိုဂူသို့ဝင်ရန် သူတစ်ပါးထံသွားရောက်၍ တိုင်ပင်မိချေကလည်း မည်သည့်ဂူက ဘာရှိသည်၊ မည်သည့်ဂူက မည်မျှကြမ်းတမ်းသည် စသောသူ့ဂူ၏ဇစ်မြစ်ကိုသိသော် အကြောက်ဝင်တတ်သည်။ စမ်းသပ်မှုအောက်မှ အခြောက်ပါလာကလည်း လန့်ချေဦးမည်။ ဂူကိစ္စ ငါ ဘယ်သူ့မျှ မပြောပိုင်းဖြတ်ထား၏။

တောတောင်၏သဘာဝ တောတောင်ကိစ္စကိုကား ငါတို့ထက်ဦးပြီး ငါတို့ထက်လည်းသာသောရသေ့လေးပညာသုခထံသွားရောက်၍ အကြံဉာဏ်တောင်းခံရန် စဉ်းစားမိ၏။

ထိုရသေ့လေးကား ၁၃-နှစ်သားကပင်သည်တောင်သို့လာရောက်ကျင့်နေသော အာဇာနည်ရသေ့လေးဖြစ်ဘိ၏။ ထိုဒေသ ပိုင်တန်လေးမှ ဆို၏။ ၄င်းကားမွေးကတည်းက သက်ကင်းစား၏။ မိထွေးကလည်း လင်ပါသားမို့ပစ်ထားသည် အကဲ့ရဲ့ခံရမည်စိုးသဖြင့် အသား, ငါးဟင်းများနှင့်စားရန်အတင်းအကြပ်ကျွေး၏။ မသင့်မြတ်ကြပြီ။ သို့ကြောင့် အိတ်ငယ်တစ်လုံးဖြင့် ဤတောဤတောင်သို့ထွက်ခွါလာပြီး သစ်ရွက်ပြုတ်ဖြင့် စတင်ကျင့်ခဲ့သောရသေ့လေးတည်း။

၁၃၃၉-ခုနှစ်၏ ပထမဝါဆိုလဆန်း(၁၃)ရက်နေ့ ညနေ(၅)နာရီခန့်တွင် ၄င်းရသေ့လေးသီတင်းသုံးရာဂူသို့ သွားရောက်၍ အကြံဉာဏ်များတောင်းခံ၏။

"အရှင်ဘုရား ဇည်သည်ဆိုသည်မှာအိမ်ရှင်က တံခါးဖွင့်ပေးမှသာ ဝင်ရောက်နိုင်ရိုးထုံးစံရှိပါသည်ဘုရား"

"အကယ်၍ အိမ်ရှင်ကမဝင်လိုသဖြင့် တံခါးဖွင့်မပေးလျှင် မည်သည့်ဧည့်သည်ကိုမျှ ကြောက်စရာ မလိုပါဘုရား"

ဤစကားဖြင့်ပင် ငါတို့ တအားတက်သွားခဲ့ပြီ။ လွန်ခဲ့သော ရွှေတိဂုံ ကိုးဌာန စခန်းဝင်စဉ်တုန်းက အိပ်မက်ကလေးကို ပြေးသတိရမိ၏။

ထို ကိုးဌာန အဓိဋ္ဌာန်ဝင်စဉ်တုန်းက ငါတို့သည် ဦးသန်းဖေ-ဒေါ်စိန်စိန်တို့ အိမ်၌တည်းခိုကာဝင်ရ၏။ တစ်နေ့ နံနက်(၄)နာရီမထိုးသေးသဖြင့် (တံခါးဖွင့်မပေးသေးသဖြင့်) ခေတ္တမျှမှိန်းနေစဉ်နောင်တော်ကြီးစေတီ(ရွှေတိဂုံ)မှတံတိုင်းကိုကျော်ဆင်းလာပြီး ငါတို့ထံ ရှေးရှုပြေးလာနေသော(အသားညိုညို ဝဝဖိုင့်ဖိုင့် ကတုံးနှင့် စွပ်ကျယ်ဝတ်) လူကြီးတစ်ဦးကို မြင်တွေ့နေရ၏။ တကယ်မျက်စိဖွင့်ကြည့်သဖြင့် မြင်ရခြင်းမျိုးလည်းမဟုတ်။ အိပ်မက်မြင်မက်မျိုးလည်းမဟုတ်။

၁။ ဆရာလေး-ဆရာလေး အိပ်လျှင် တံခါးလုံအောင် ပိတ်ပြီးမှအိပ်ပါ။

၂။ ဒေါသမထားပါလေနှင့်။

၃။ မေတ္တာတရား များများပွားပေးပါ။

ထိုစကား သုံးခွန်းပြောခဲ့ပြီး ပြန်လည်တက်သွားလေသည်ကို မြင်တွေ့ရ၏။ ယခုလည်း တံခါးလုံခြုံစွာပိတ်ဖို့ပင် သတိပေးပြန်၏။ တံခါးခိုင်သဖြင့်ကြောက်စိတ်ကင်းသော် ကြောက်စရာအလျဉ်းမရှိသည်ကို သတိပြုမိ၏။ ထိုအဟန့် ပြင်ပမှာပင်တန့်စေ၏။ အတွင်းသို့ကား ခြေမဆန့်နိုင်ပြီ။

ဤသို့ သဘောပေါက်လာစေသဖြင့် အဓိဋ္ဌာန်ဝင်ရန်ပြောပြမိ၏။ အဓိဋ္ဌာန်ကိုလည်း ရသေ့လေးကအကြံပြု၏။

"အရှင်ဘုရား- (၂၇)ရက် ဝင်မည်ဆိုလျှင် (၉)ရက်,(၉)ရက် သုံးလီ, လီပါဘုရား။

ထို (၉)ရက်,(၉)ရက်တွင်လည်း တစ်ဖန်(၃)ရက်,(၃)ရက် သုံးကြိမ်တင်ပါဘုရား။ အကယ်၍

ဗဟုဇနပါလ



လေးရက်မြောက် အမိဋ္ဌာန်ကျိုးပေါက်သော်မှ (၃) ရက်တစ်ကြိမ်ကား အောင်ပြီးသား ဖြစ်နေပါပြီ ဘုရား။

(၉)ရက်တစ်ချီထဲတင်က (၉)ရက်မပြည့်မီ ကျိုးက အကုန်လည်းပျက်မည်။ (၉)ရက်စလုံး အောင်ပါမှ တစ်ကြိမ်သာအောင်ပါမည်။(၂၇)ရက်လည်း သည့်အတူသာ ဖြစ်ပါလိမ့်မည်ဘုရား။

ဘုရားတပည့်တော် လျှောက်ထားသော နည်းမှာ ကင်းခြေများ ခြေတစ်ချောင်းကျိုး သဘော ဖြစ်ပါသည်ဘုရား" ဟူ၏။

ဤ၌လည်း ငါတို့ပညာရခဲ့၏။ သဘာဝ လည်း ကျလှ၏။ သို့ကြောင့် ရသေ့လေးဆိုတိုင်းပင် ပထမ ကိုးရက်အာရုံပြု။ နှုတ်ဟတင်သောအခါ သုံးရက်တစ်ကြိမ်ကျဖြင့်တင်ရန် ဆုံးဖြတ်၏။ ပထမဆင့် (၉)ရက် အောင်မြင်ပြီးမှ ဒုတိယ(၉)ရက်၊ ထို့နောက် တတိယ (၉)ရက်။

ဤသို့ ရသေ့လေးနှင့်ဆွေးနွေးနေသည်မှာ ည(၇)နာရီအထိကြာ၏။ ထိုအတွင်း ၎င်း၏ကိစ္စလည်းပါ၏။ ၎င်း၏အတွင်းရေးလည်းပါ၏။ သို့ရာ၌ ပွင့်လင်း၏။ မြှုပ်ကွက်မထားလေ။ တွေ့ကြုံရသော လောကစံ၏ နောက်ကြောင်းရာဇဝင် ၎င်း၌ လာကပ်သော မိန်းမကိစ္စစုံ၏။ ၎င်း၏ သဘောထားကလည်း သူတော်ကောင်းပီသ၏။ သစ္စာလေးပါး၎င်းကိုယ်တိုင် ထိုးထွင်းမသိရသေးသမျှ ဤဂူမှမထွက်ဟုပင် ကြုံးဝါးပါချေသေး၏။ ည ၇- နာရီကျော်သဖြင့် အလွန်မှောင်လှမှ မိမိနေရာ ကေလာသသို့ ပြန်ခဲ့ရ၏။၎င်းကလည်း အားနာစိတ်ကြီးသဖြင့် ငါတို့အားမနှင်ရက်။ ငါတို့ကလည်း အားနာစိတ်အားကြီးသဖြင့်စကားပြတ်သော်မှ ပြန်မည်မပြောရက်။ သို့နှင့်ပင် အချိန်များလင့်ခဲ့ကြရချေ၏။၎င်းနေရာကား ကေလာသဖ၏မြောက်ဘက် အလှမ်းကွာကွာ၌ တည်ရှိ၏။ ကေလာသမှသွားသော် တစ်နာရီခန့်ကြာအံ့ထင်၏။ ည ၈-နာရီခန့်မှ ကေလာသသို့ပြန်ရောက်၏။

နောက်ရက်နံနက် ၄-နာရီတွင် ငါတို့ ဝင်လိုရာ ဆံတော်တိုက်ဂူသို့ အစမ်းဝင်ကြည့်၏။ အမိဋ္ဌာန်ဝင်၍ လက်ခံမည်လော၊ ညအိပ်ဖြင့် ဖြစ်နိုင်မဖြစ်နိုင်။

ထို၌ အမိဋ္ဌာန်ပုတီးပတ် ၂၇ပတ်ပြည့်သည်နှင့် အာရုံချိန် စောသေးသဖြင့် တရေးအိပ်ကြည့်၏။ ဘာမျှမထူးခြား။ ညအိပ်လျှင်လည်း ရနိုင်သည်။ အမိဋ္ဌာန်ဝင်လျှင်လည်း လက်ခံသည်အတပ်သိ၏။ ထိုဂူကား အောင်လေးအောင် အပါအဝင်သထုံအောင် ခေါ် ရသေ့ကြီးဦးအောင် အောင်မြင်သောဂူ၊ ဘိုးတော်ပွင့်ဆိုသူ၏ အောင်မြင်သောဂူ ဟု နောက်မှသိရ၏။

၁၃၃၉-ခုနှစ်၏ ပထမဝါဆိုလပြည့်ကျော်၊ ၁-ရက်နေ့။(ငါတို့မွေးနေ့)သည်ကား ထိုဂူသို့ဝင်သောနေ့တည်း။

ထို အမိဋ္ဌာန် ဝင်ပြီဆိုကတည်းက ဝစီပိတ်အကျင့် ကျင့်တော့၏မည်သူနှင့်မျှ စကားမပြောတော့။ မည်သည့်အရာကိုမျှလည်း ရွတ်ဖတ်ခြင်းမပြုတော့။ ၎င်း၏ရည်ရွယ်ချက်မှာ ကာယ၊ ဝစီ နှစ်ဋ္ဌာနပိတ်ထား ပြီးဖြစ်၍ မနောတစ်ခုတည်း ဖမ်းကိုင်နိုင်ရန်တည်း။

ထိုနေ့ နံနက် ၈-နာရီအချိန် အမေပန်းချီ နေရစ်ခဲ့သော ငါတို့ကျောင်းသို့သွားရာ အမေပန်းချီက-

♬ သားတော်လေးရယ်က လစန္ဒီ
စပယ်ညီ နွယ်နီပန်းကိုလ
လက်လှမ်းလို့ဆွတ်မည်။

♬ ဇလပ်ဖြာ ထပ်တာပန်းတွေနဲ့
တောတောင်သေလာမဟီ
ဗျာ့- ဗျာ့ စိန်ရောင်ခြည်။

"ငါ့သားရဲ့ တစ်နံနက်ခင်းလုံး သည်သီချင်းလေးပဲ အမေ့နှုတ်ဖျားမှာ တိုးနေတယ်ကွယ့်"

မဟာဗမ္မပါလ



ဆီးပြော၏။ ငါတို့ကား ခြေဟန်လက်ဟန်ပြဖြင့် မေးကာ ကူးယူထားလိုက်မိ၏။ အဓိပ္ပါယ်ကား မသိ။

ငါကား လူအေးသမား၊ အရာရာ မေတ္တာဖြင့်သာ လွှမ်းမိုး အနိုင်ယူရပါလို၏ ဆုပန်ထားသူ။ တောတောင်လာခြင်း၏ ရည်ရွယ်ချက်မှာ စပယ်ကဲ့သို့ အနံ့လည်းမွှေး၊ ဖြူလည်းဖြူဖွေးသော အာသာဝတီ နွယ်နီနတ်ပန်း ဆွတ်လှမ်းရန်သာတည်း။

သို့တစေလည်း တောတောင်ရောက်သော အခါ အဆင်းသာဖွေး အနံ့မမွှေးသော တောဇလပ် တောင်ဇလပ်ပန်းများနှင့်သာတိုးနေသည်။သို့ကြောင့် သစ္စာဆိုပါဟူ၏။ ဤသည်မှာဆိုလိုချက်။

သို့သော် ထိုဆိုလိုချက် ငါတို့ကား အလျှဉ်း မရိပ်မိခဲ့။ ရိပ်မိသောကာလကား နှောင်းခဲ့ပြီ။

မကြာပါချေ ရန်ကုန်မှမိတ်ဆွေ သတင်းထောက် များဖြစ်သော ဦးထွန်းတင်နှင့် ဦးအုန်းမောင်တို့နှင့်အတူ အစ်မဖြစ်သူ မကြည်တို့ ရောက်ရှိလာချေတော့၏။ မနေနိုင်ဆိုကာ ပြန်သွားသော ဦးတင်အောင်၏ လက်ချက်ပေတည်း။

"တောထဲမှာ နေပူမရှောင် မိုးရွာမရှောင် လုပ်နေတယ်။ တော်ကြာ ကျန်းမာရေးထိခိုက်မှာ တောင် စိုးရိမ်ရတယ်"

ဤသို့သွားရောက်ပြောရာ လာလမ်းလည်း သိ၊ စိုးကလည်း စိုးမိကြသဖြင့် လာရောက်ကြခြင်း တည်း။

အဖော်ဆိုသည်မှာ မြှုပ်ကွက်ကိုဖော်ပေးသူကိုဆို၏။ ဓားပြတိုက်ရာမှာပင် အဖော်ပါလျှင် ဖော်မှာ သေချာပြီ။

ဤသို့တွေးမိတော့၏။ နောင်ဆို အဖော်နှင့် ကင်းကင်းကွာကွာ ကြိုးစားရန် ဆုံးဖြတ်လိုက်၏။ အဓိဋ္ဌာန်ရက်မပြည့်သေးသဖြင့် မလိုက်ရန် ငြင်းပယ် လွှတ်လိုက်၏။

၄င်းတို့လာသဖြင့် ထူးသောသတင်းကား- ဝေဘူဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်ဝင်သွားပြီဟူသော သတင်းပင်တည်း။ ပရိနိဗ္ဗာန်ဝင်စံရာရက်သည် ၁၃၃၉-ခု၊ ဝါဆိုလဆန်း (၁၃)ရက် ည (၇း၁၅) နာရီဟူ၏။ တိုက်တိုက်ဆိုင်ဆိုင် ငါတို့ ဂူဝင်ရန် ရသေ့လေးထံသွားရောက်ရာမှ ပြန်ထွက်လာချိန်ပင်။

ငါတို့က ဆရာတော်ဘုရားကြီးနှင့် ထူးမှ တွေ့တော့မည် ဆုံးဖြတ်၏။

ဆရာတော်ဘုရားကြီးကား ထူးထူး မထူးထူး ငါတို့ကို အတွေ့မခံတော့ ဆုံးဖြတ်သွားချေပြီတကား။

▼

## သည်တောင်ပေါ်မနေနှင့် သေလိမ့်မည်

ထိုဂူတွင်းသို့ ဝင်လာခဲ့သော လပြည့်ကျော် (၁)ရက်နေ့ ည(၇)နာရီခန့်မှစ၍ ရက်ဆက်၏ ညစဉ်(၇)နာရီရောက်တိုင်း ရောက်တိုင်းတောင်ပေါ်မှကျောက်တုံးကြီးများလိမ့်ကျသံတို့သည်ငါတို့ဂူထက်မှကျော်လွန်ကာ တောင်အောက်ဆီသို့ တဒုန်းဒုန်းလိမ့်၍ တဝေါဝေါဖြစ်ကြကုန်၏။

- တောင်ပေါ်မှသည် ငါ့ခေါင်းဆီသို့ ဒုန်း-ဒုန်း-ဒုန်း ကျလာသံများ ၊
- ငါ့ခေါင်းပေါ်ထောက် ငါ့ကျောနောက်သို့ ဝုန်းကနဲ တစ်ချက်တည်းသော ထောက်ကျကျသံ၊
- ငါ့ကျောနောက်မှ တောင်အောက်ဆီသို့ ဝေါကနဲသော သံရှည်ကြီးများ၊

ငါတို့ကျောတစ်ပြင်လုံးကြီးကား ချမ်းတုန်သွားသည်ထင်ရ၏။ ခေါင်းနပမ်းကြီးများ ကြီးလာတော့၏။ ထိုအခါ- သေသေ၊ နှစ်ခါပြန်သေ။ သူများအရက်ဝိုင်း ဖဲဝိုင်းကြားမှ အသေခံသွားကြ

မဟာဓမ္မပါလ



ရသေးတာ ငါကား တရားအားထုတ်ရင်းက သေရတာ ဘာလို့မသေရဲရမှာလဲ။ ဤသို့အားတင်းရ၏။

ထိုအသံများကား သုံးရက်ဆက်တိုက်ဖြစ်၏။ နောက်ရက်တွင်ကား ထိုသို့မဟုတ်တော့ဘဲ အလွန်ကြီးမားသော ခြေဖဝါးကြီးတစ်ချပ်၏ လျှောကျလာသံသည် ငါ့ဂူဝ၌ပင် အဆုံးသတ်၏။ ထိုအခါ ငါ့ဥက္ကောင်းကား တင်းတောင်းပုတ်တောင်း ပမာတည်း။ သွေးသွက်သွက်ခါ တုန်လှုပ်လျက်က ချမ်းစိမ့်သွားသော ကြောက်ချမ်းကြီးကား တဆတ်ဆတ် ခါလျက်ကသာတည်း။

ကြိုက်ရာသာလုပ် ငါတရားအားထုတ်နေတာ။

ဤသို့လျှင် စိတ်တွင်းမှ စစ်ကြေညာသံပေးလိုက်၏။ ထိုထက်ကား ရှေ့တိုးမဆိုးခဲ့ပြီ။

ရွာနေမခက် တောနေခက်၏။

တောနေမခက် အကျင့်ခက်၏။

အကျင့်မခက် အသိခက်၏။

ဤကား ပညာသုခရသေ့လေး(ကေလာသတောင်)၏ မခက်သုံးပါး, ခက်သုံးပါး ဆောင်ပုဒ်တည်း။

-ရွာနေကား လူတို့နေထိုင်ရာအရပ်၊ သူတို့ကား မကပ်နိုင်ရာ။

-တောတောင်ကား သူတို့ကြီးစိုးရာအရပ်၊ လူတို့မတိုးနိုင်ရာ။

ထိုတောတောင်နေလိုလျှင် သီလအထူးစင်ကြယ်မှသာတတ်နိုင်၏။ သီလလက်နက် ထက်မြက်မှသာဖြစ်၏။ သို့တစေလည်း လက်နက်အားကိုးမုဆိုးတောလိုက်၊ ဓါးပြသူခိုး၊ လူဆိုးလူမိုက်များလည်း နေနိုင်ပါ၏။ ၎င်းတို့သည် နေရုံမျှသာ တတ်နိုင်ရာ၏။ ကျင့်တော့မဟော့ဆိုသော် မျက်စိပင်မမှိတ်ရဲပြီ။

တစ်ဖန် ရှပ်ပေပေ အကျင့်သမားသည်လည်း မျက်စိစုံမှိတ်ပိတ်လျက်က ကျင့်လျှင်ကား ကျင့်နိုင်ပါ၏။ သို့တစေလည်း မိမိသိလိုရာ ဝိဇ္ဇာဉာဏ်အခြေ၏ အဖြေကိုကား ခြေခြေမြစ်မြစ် မသိနိုင်ရာပြီ။

ထိုအသံများ ငါးရက်မြောက်မှာပင် စဲသွားတော့၏။ 'အင်း- အေးသွားပဟဲ့'။ ထိုအချိန်ထိုအတွေးဝင်မိ၏။ ညသို့ရောက်၍ အိပ်မောကျလေသောအခါ အေးလျက်က မအေးသေးပြီ။

"ခင်ဗျား သည်တောင်က အမြန်ဆုံးဆင်းသွားပါ။ ကြာကြာနေလျှင် အသက်အန္တရာယ်တွေ့နိုင်ပါသည်။ သည်တောင်ကခင်ဗျားရဲ့ ဘိုးမင်းခေါင်တောင်မဟုတ် ဦးမင်းအောင်ရဲ့ တောင်" အိပ်မက်ပေးပြန်ပြီ။

နိုးလာပြီးဖြစ်သော နေ့ပိုင်းသို့ရောက်လေသောအခါတွင်မူကား-

"ခင်ဗျားတို့တောင် ကျုပ်လာတာ ဘုရားရွှေခိုးဖို့လဲမဟုတ်၊ ဌာပနာတိုက်ဖောက်ဖို့လဲမဟုတ်၊ စိန်ဖူးခိုးရန်လည်းမဟုတ်၊ တရားအားထုတ်ဖို့ လာတာ မကျေနပ်လျှင် အသေသတ်ပြီးတောင်အောက်သို့သာ ပစ်ချလိုက်ပါ"

ဤသို့လျှင် ငါတို့က ပြန်ကြား၏။ အမိဋ္ဌာန်ဝင်ပြီးတိုင်း မေတ္တာပွားခြင်း၊ အမျှပေးဝေခြင်းများ ပြုလုပ်ပြီးသည့်နောက် အထက်ပါအတိုင်းလျှင် တုန့်ပြန်၏။ နေ့တွင်ကား ငါတို့ကကြီးစိုး၏။ ညလျှင်ကား သူတို့က စိုးမိုး၏။ ဘတပြန်, ကျားတပြန် ပမာသာရှိချေတော့၏။ ညအိပ်မက်ကလည်း အထက်ပါအတိုင်း သုံးရက်မျှပင် ဆက်လက်၏။ ငါတို့ကလည်း အထက်ပါအတိုင်း မက်သလောက်ပင် ဆက်ခဲ့၏။

ထိုသို့အသံပေးရက်သုံးရက်၊ အိပ်မက်ကား သုံးရက် ပြီးဆုံးသွားလေသောအခါတွင်မှာမှ နောက်ထပ် အိပ်မက်တစ်ခုရလာ၏။

မဟာဓမ္မပါလ

ငါတို့၏ နာမည်ကားထွန်းအောင်။ ဤကေလာသတောင်၌ ပညာသင်ခွင့်ပြုလိုက်သည်။

အထက်ပါအိပ်မက်ကို မြောက်ဘက်အာရုံခံတန်ဆောင်းတော်ကြီးအတွင်းဝယ် ကြော်ငြာသင်ပုန်းကြီးပေါ်၌ ဇယားကွက်ချကာ ရေးပြထားသည်ကို ဖတ်ရှုနေရသောဟူ၏။

ဤ၌ ငါတို့နာမည် ထွန်းအောင်ဆိုသည်မှာ ရောက်စ၏ စေတီတော်ကြီးတွင် အန္တော လှည့်စဉ်တုန်းက စနေနေ့ တနင်္ဂနွေဒေါင့်မှ ပြီးဆုံးအောင်မြင်ခဲ့သည်ကို ရည်၍လည်းကောင်း၊ တနင်္ဂနွေနေ့အဝင်စနေနေ့အထွက်ကို ရည်၍လည်းကောင်း၊ အမည်ပေးခြင်းဟူ၍ ယူဆမိ၏။

ထိုဇယားထဲ၌ ဤစာကြည့်တိုက်မှ စာအုပ်များထုတ်ယူပြီး လေ့လာခွင့်ပြုသည်ဆိုသော စကားဖြင့် ဤတောင်မှာနေပြီး ဤတောင်၏ ခေတ်ပန္နက်ဖြင့် ဆက်လက်၍ ပညာသင်ယူခွင့်ပြုသည်ဟူသော အဓိပ္ပါယ်ကို ဆောင်ချေသည်ဟု မှတ်ယူမိ၏။

ထိုမှနောက်တွင်ကား မည်သည့် အနှောက်မျှအသံဖြင့်လည်းကောင်း၊ အာရုံအိပ်မက်ဖြင့်လည်းကောင်း မတွေ့ရတော့ပြီ။ ဤတောင်၌ အထူးအမှတ်အသားတစ်ခုမှာ ညညများ၌ တောင်ဝှေး ထောက်သံကြား သော် တောင်ပိုင်ကြီးစေတီတစ်ပတ် လှည့်လည်ကြည့်ရှုသည်။ မိမိတို့ကျောင်းတံခါးများသို့ လာရောက်၍ ခေါက်သံသော်လည်းကောင်း၊ တွန်းသံ သော်လည်းကောင်းကြားရလျှင်နာဂမဟိဒ္ဓိ-ဝိဇ္ဇာမယ်တော်( ကျိုက်ထီးရိုးရာဇဝင်၏ နဂါးဥ နှစ်ဥ တို့မှ လူမိန်းကလေးနှစ်ဦးမွေးဖွားသည်ဟူသော စကား၏နဂါးမယ်) ကြီးလှည့်လည်စစ်ဆေးသည်ဟူ၏။ သည့်အတူ ညစဉ်လိုလို ညဉ့်နက်လျှင် လူအုပ်ကြီးများ လာရောက်ကြသံများလည်း ကြားရသေးရာ ၄င်းကားသိုက်သားများဟူ၏။

ရောက်စက ငါတို့ကား အဟုတ်လူများအချိန်မတော်လာကြ၏ထင်ကာ ကမန်းကတမ်းထလျက်က တံခါးဖွင့်ပေးမိခဲ့သေး၏။ နောက်သော်အတွင်းသိ,သိလာသဖြင့် မလှုပ်ခဲ့ပြီ။

ဤတောင်၏ နောင်တစ်ခုထူးခြားချက်မှာ လူလူချင်းမတည့်ကြခြင်းနှင့် အတည့်လွန်သွားကြခြင်းပင်။ မတည့်ခြင်းကား ရန်စကားများ။ တည့်ခြင်းကား လင်မယားအဖြစ်ညားတည်း။

ဤတောင်၌ နှစ်ယောက်လာသော် ထိုနှစ်ယောက် မတည့်တတ်။

ဤတောင်၌ ဟိုဘက်သည်ဘက် နေကြသော် ထိုနှစ်ဖက်လည်း မတည့်တတ်။

တောင်တော်သို့ တက်ရာ၌ ဘက်သုံးဘက်ရှိ၏။ ၄င်းမှာ-

ကင်းရွာဘက်မှ တက်ရသော-စနေဒေါင့်ကျောက်စောင်းတန်းလှေကားကား တစ်စင်း။

ဝင်းကရွာဘက်မှ တက်ရသော-သောကြာအရပ် ကျောက်စောင်းတန်းလှေကားကား တစ်စင်း။

ကျီးပင်ရွာဘက်မှ တက်ရသော-အရှေ့မျက်နှာ ကျောက်စောင်းတန်းလှေကားကား တစ်စင်း။

ထိုတွင် ကင်းရွာဘက်လှေကားမှ တက်ရောက်သူသည်ကား ဘီလူးဆက်ဆို၏။ ပုပ္ပါးရှိ မယ်ဝဏ္ဏရာဇဝင်နှင့် ဆက်နွယ်သည်ဟု သိရ၏။ ဘီလူးကျွန်းမှလာသော ဘီလူးကားဟုတ်ဟန်မရှိ။

ဝင်းကရွာဘက်လှေကားမှတက်လျှင် နဂါးအဆက်၊ ကျိုက်ထီးရိုး နာဂမဟိဒ္ဓိမယ်တော်နှင့်ဆက်စပ်၏။

ကျီးပင်ရွာဘက်လှေကားမှ တက်လျှင်ကား ဘူမိယသိုက်ဆက်ဟူသတည်း။

ထိုသို့ မျိုးဆက်သုံးမျိုးတို့ ပေါင်းဆုံရာတွင် သိုက်တွင်း၏ ဘူမိယများက ကတုံးကတိုက်လုပ်ပေးကြဆို၏။ တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် မသင့်မမြတ်ဖြစ်စေရန် လူတို့၏စိတ်တွင်း ၄င်းတို့

ဗဟုတေဗွပါလ



အာရုံချဉ်းလျက်က ရန်ဖြစ်စေသည်ဆို၏။ သို့ကြောင့် ထိုတောင်ကို တောင်ကန့်လန့် လူကန့်လန့်ဟူ၍ ဆိုစမှတ်ပြုကြ၏။ ထိုအထဲ ငါတို့ကား မပါပြီ။

တစ်ဖန် ထိုတောင်သို့ တစ်ဦးသည် မယားလည်းအပါခေါ်၊ အဖော်ယောကျ်ားလည်းတစ်ဦးပါဖြင့် တက်လာမိသော် ကိုယ့်မယား သူ့မယားလည်းဖြစ်သွားတတ်သေးဆို၏။ ထိုတောင်၏ အရှေ့ဘက်မျက်နှာရှိ မှန်ကျောင်းကိုကား လူတိုင်းလျှင်အမိဋ္ဌာန် မဝင်ရဲပြီ။

အချို့မိမိကိုယ်ပေါ်သို့ အဖိစီးခံနေရကာ မထနိုင်ဆို၏။

အချို့ကား အစားအစာပေး၍ စားမိရာမှ ကလန်ကဆန်ဖြစ်သွားဆို၏။

ထိုမှန်ကျောင်းသည်ကား ဘူမိယတို့ကြီးစိုးရာကျောင်းတည်း။

တောင်ပေါ်သို့တက်ရာလှေကားသည် လေးစင်းမဟုတ်၊ သုံးစင်းမျှသာရှိဘိ၏။ စေတီတော်ရင်ပြင်သို့တက်ရာလှေကားလည်း သည့်အတူသာတည်း။

ငါတို့ကား ရောက်စတွင် ဦးတင်အောင်ကြီးက တစ်ဦးတည်းရန်ဖြစ်နေသည်သာရှိ၏။ ငါတို့နှင့်ကား ရန်မဖြစ်မိ။ အဖွားငွေပွင့်နှင့် အမေပန်းချီလည်း အဖွားငွေပွင့်တစ်ဦးတည်းကပင် အမေပန်းချီ အပေါ် မကျေမနပ်ဖြစ်ကာ မြောက်ဘက်ရှိ ဦးစိန်သောင်း၊ ဒေါ်လုံးခင်တို့နှင့် သွားရောက်ပေါင်းသွားခြင်းမျှသာ ရှိခဲ့၏။ စကားကြီးစကားကျယ်ကား မဖြစ်ခဲ့မိကြလေ။

ထိုစနေဒေါင့်ကျောင်း၌ ငါတို့နှင့်အမေပန်းချီချည်း နှစ်ဦးတည်းကျန်ရစ်လေသောအခါ နို့နှင့်ရေပမာသာရှိဘိ၏။ အမေပန်းချီကား ပုတီးထက် တံမြက်လှည်း၌ ဝါသနာထုံ၏။ ပုတီးကိုကား ရုံခါသာစိတ်သည်ကိုမြင်ရ၏။ ငါတို့ကား ဝစီပိတ်နှင့် ပုတီးနှင့်။

ထိုအမေကား အမွေနှင့်အမေတည်း။ ၄င်းယောကျ်ားဦးထွန်းမောင်ကား ဤတောင်မှပင် အောင်မြင်သွားခဲ့ဆို၏။ ဦးထွန်းမောင်၏ အမိန့်အရ ဤစေတီသို့ တစ်ဝါတွင်း၏ ဥပုသ်နေ့တိုင်း သစ်သီးဆွမ်းကပ်စေခြင်းဖြင့်ပင် အမွေရခဲ့လေသူ ဆိုသတည်း။

## အမေနှင့်သား အားထားအားကိုး

အမေပန်းချီနှင့် ငါတို့ကား သားအမိ အရင်းဆို၏။ အမေကား ၄င်း၏လက်ရှိဘဝဖြစ်သား၊ ငါတို့ကားယခင်ဘဝ၏ အမေတော်စပ်ဖူးသောအမေ။

အမေပန်းချီ၌ လက်ရှိဘဝ ဦးထွန်းမောင်နှင့်အိမ်ထောင်ကျစဉ် ပထမသားဦးလေး မွေးဖွားခဲ့ဆို၏။ ထိုသားလူလားမြောက်၍ လူဖို့ဘဝအရောက်သေဆုံးသွားခဲ့ဆို၏။ သားသေသဖြင့် မိခင်သည် ငိုကြွေးခဲ့ရ၏။ သားဦးဖြစ်သဖြင့်လည်း အရှုးတစ်ပိုင်း မျှအထိ မချိစွာငိုခဲ့ရ၏။

ထိုစဉ် တမလွန်ရောက် ထိုသားက အိပ်မက်ပေးဆို၏။

'အမေ ငိုမနေနဲ့ သားမသေပါဘူး။ အခု မန္တလေးအထက်မှာရောက်နေတယ်' ဟူ၏။ ယခု ထိုသားသေလွန်ပြီး၏ နှစ်အပိုင်းခြားကလည်း (၄၀)ခန့်မျှ ကြာသွားပြီဆို၏။ ထိုစဉ်က ငါတို့၏ အသက်ကလည်း(၃၆)နှစ်ပြည့်နေပြီဖြစ်ခဲ့၏။ တစ်ဖန် ငါတို့ကားမန္တလေး၏အထက် ရွှေဘိုဇာတိဖွားလည်းဖြစ်၏။ ငါ့သားနှင့်ရုပ်ချင်းကလည်းတူသကွဲ့၊ စကားပြောပုံချင်း၊ ကိုယ်လှုပ်ရှားပုံခြင်းလည်းတူသကွဲ့၊ ပြီးတော့- ပြီးတော့ ပျင်းပုံချင်း၊

မဟာဗုဒ္ဓပါလ

ဖျင်းပုံချင်းကလည်း တူသေးသကွဲ့ဟူ၍ ဆိုပြန်၏။

ဟုတ်လည်းဟုတ်ပေသား။

သည်မျှချက်ပြုတ်ကျွေးမွေးနေသော အိုကြီးအိုမ အသက်(၇၆)နှစ်ကြီးကို ငါတို့ကား ဘာမျှဝင်မကူမိ။ ရံခါ ထင်းခြောက်ကောက်၊ ရံခါ မျှစ်ချိုးမှုတစ်ပါး ဘာမျှမပါပြီ။ အချိန်ပြည့် မိမိစိတ် အအားအနားမထား ဂုဏ်တော်ပွားလျက်သာရှိဘိ ၏။ စိတ်တစ်ချက်လွတ် အနှောက်တစ်ခုဝင် ကလည်း အထင်အရှားပင်။

အမေကား စိတ်ရှည်၏။ စကားနည်းပြီး အလုပ်ဘက်အားသာ၏။ မိုးမည်းမျှရွာရွာ တံမြက်လှည်းဝတ်ကား မပျက်ကွက်။ အာရုံမှမတက်သေး။ ဆွမ်းကားကျက်နှင့်နေပြီ။

ဤသို့ဖြင့်ပထမ၏ (၉)ရက်ပြည့်မြောက်၏။ ထို(၉)ရက်အောင်ပွဲအဖြစ် အမေသည် ကုလားပဲ ခြမ်းများကို လက်ဆုံလေးဖြင့် ထောင်း၍ထောင်း၍ ဘယာကြော်, ကြော်ပေးကာ ဘုရားကပ်စေ၏။ တောင်မှာရှိ ပရိတ်သတ်များကိုလည်း စနစ်ဇယား ဖြင့်ကျွေးမွေး၏။ ရှိတိုင်းလျှင်မကျွေးတတ်။ ထိုစဉ် က ထိုတစ်တောင်လုံးမှာမှ ငါတို့နှင့်အမေပန်းချီ ရယ်၊ ပဲခူးဒေးစွန်ပါမှ ပြောင်းရွှေ့လာသော တရုတ် အမျိုးသားကြီးတစ်ဦးရယ်၊ ထိုတောင်၏ သာသနာ ပြု ဦးအရိယာဓမ္မသိဒ္ဓိ(လူအမည် ဦးစံအောင်-တောင်ဥက္ကလာ(၆)ရပ်ကွက်မှဖြစ်ပြီး မှတ်ပုံတင်ရုံး အမှုထမ်းဘဝမှ အောင်မြင်တက်လှမ်းကာ ရဟန်းဘဝရောက်လာသူ)၏တပည့် ရသေ့ကြီး ဦးအောင်ခင် ရယ် လေးဦးမျှသာရှိချေ၏။

လပြည့်ကျော်(၁)ရက်နေ့က ဝင်ရောက်ခဲ့ လေသဖြင့် လပြည့်ကျော်(၁၀)ရက်နေ့ အရုဏ်သည် (၉)ရက်ပြည့်တည်း။

ထူးဆန်းသည်မှာ ထိုနေ့ညက(လပြည့်ကျော် (၉)ရက်နေ့ညက) အိပ်မက်တစ်ခု မြင်မက်ခဲ့၏။ မိချောင်းကန်၊ ဘောက်ထော်ရပ်ကွက်အတွင်းရှိ သာသနာ့ဗိမာန်ကျောင်းဆရာတော် အဘဝိမလ သည် ရခိုင်ငှက်ပျောတစ်ဖီးကို ကိုင်လျက်က-

-သုံးလုံးသော ငှက်ပျောသီးမှည့်ကို ငါတို့အား စားရန် ဝေငှ၏။

-သုံးလုံးသော ငှက်ပျောသီးမှည့်ကိုကား ဦးလာဘ ဆိုသူ ရဟန်းအား ပေး၏။

-ကျန်ငှက်ပျောဖီး၏ လက်ကျန်များကိုလည်း မင်းယူထားဆိုပြီး ငါတို့အားပေးပြန်၏။

ထိုအဘဝိမလကား နှစ်ကြိမ်မျှ ပရိတ်သတ် အကြားဝယ် ဖူးတွေ့ဖူးခဲ့၏။ တစ်ကြိမ်ကား ၄င်း ကိုယ်တိုင်ဦးစီးတည်ထားသော မင်္ဂလာဒုံ ကာယရပ် ကွက် အတွင်းရှိ ဣစ္ဆာသယစေတီတော် ထီးတင် ပွဲ၌။ တစ်ကြိမ်မှာကား ငါတို့ကို ဘုရားတည်ရန် ဌာနေဘိုးတေဇ(ငါတို့ကို ဦးစွာလမ်းပြပေးသူ) က ၄င်းရွာ (ပဲခူး,သနပ်ပင်ပိုင် သုံးခွရွာ)သို့ ဖိတ်ခေါ် ပြီးကာမှ တည်ခွင့်မရခဲ့သောကိစ္စလျှောက်ထားရန် မိတ်ကောင်းကြီးဦးမြင့်ဆွေ(တစ်ရပ်ကွက်တည်း အတူနေ)နှင့်သွားရောက်စဉ်ကတစ်ကြိမ် ဤနှစ်ကြိမ် မျှသာ ဖူးခွင့်ရခဲ့၏။ ရင်းကားမရင်းနှီး။ ဧည့်သည် အဖြစ်မျှသာတည်း။

ယခု ထိုအဘဝိမလက ငှက်ပျောသီးပေး နေသည်ဟူ၍ အိပ်မက်ရ၏။ ဦးလာဘဆိုသူလည်း အဘယ်မှာနေသည်မသိ။ အဘယ်မှာမှန်းလည်း မသိပြီ။ အိပ်မက်အရသော်ကား ထိုအဘဝိမလ ကျောင်းမှာပင်တည်း။ ဤကား (၉)ရက်မြောက် ည ၏ အိပ်မက်။

နောက်နေ့နံနက်(၁၀-ရက်နေ့၏နံနက်) (၉)နာရီခန့်တွင် ငါတို့ကား ကုန်းရင်ပြင်၏ တနင်္ဂနွေ ဒေါင့်အရပ်၌ ရှိကြလေသော ခရေပင်မှကြွေကျပန်း များကိုကောက်ယူပြီး စေတီတော်ကြီးအား ကပ်လှူ ရန်တက်ခဲ့၏။ စနေဒေါင့်အရောက်တွင် ရဟန်းတော် တစ်ပါး တရားရှုပွားနေလေသည်ကို တွေ့ရရာ ငါတို့ လည်း ဂုဏ်တော်ပွားလိုစိတ်များ ဝင်ရောက်လာ၏။

မဟာဝမ္မပါလ



ရဟန်းတော်က စနေအရပ်မှပွားလျှင် ငါတို့ကား တနင်္ဂနွေမှပွားအံ့။ ဤသို့ကြံရွယ်ကာ ယင်းအရပ်မှပင် ပန်းကပ်၏။ ယင်းအရပ်မှပင် ဂုဏ်တော် (အရဟံသိဒ္ဓိ) ကို (၉)ပတ်ပွား၏။ ပြီးသဖြင့် ဘုရားသို့ လှည့်လည်ရာ ထိုရဟန်းတော်ကား မရှိတော့ပြီ။

၄င်း၏ ပွားများရာရှေ့ စေတီပစ္စယံအဆင့် (ပလ္လင်အဆင့်)ပေါ်တွင် ငှက်ပျောသီးအမှည့်(ရခိုင်) သုံးလုံးတွေ့ရရာ 'အား- ကော်တာပဲ၊ ဘုရားထံမှစွန့်၍ ဆေးအဖြစ်(အောင်ပွဲအဖြစ်) သုံးအံ့' ကြံရွယ်ပြီး ငါတို့နေရာဂူတွင်းသို့ ယူလာခဲ့၏။ ဂူတွင်း ဘုရားရှေ့ တစ်ဖန် တင်ထား၏။ ကပ်လှူမြဲ ပန်းခရေပွင့်များကိုလည်းကပ်လှူ၏။ ပြီးသော် ဆွမ်းစားရန်ကျောင်းသို့လာခဲ့၏။

အမေပန်းချီကား ဆွမ်းပွဲပြင်ဆင်နေ၏။ ငါတို့အတွက်တာတည်း။

ထိုစဉ် ထိုရဟန်းတော်ကြွလာ၏။ ရဟန်းတော်၏အသွင်အပြင်မှာ ရခိုင်ဆန်၏။ သင်္ကန်းတော်ကား အရောင်နွမ်းလျက်ပင်၊ သပိတ်တော်ကား ကြိုးရင်းမှ ပြတ်တောက်နေသဖြင့် တွယ်ချိတ်အပ်ဖြင့် ဖွဲ့တွယ်လျက်ကပင်၊ ငါတို့ကျောင်းရှေ့ရောက်သော်-

"ငါ- သည်မှာဆွမ်းစားမယ်" ဆို၏။

ငါတို့သည်လည်း ခေါင်းညိမ့်လျက်က (ဝစီပိတ်နှင့်ဖြစ်နေသဖြင့်) ခြေစုံရပ် ဦးတိုက်မိ၏။ ကျောင်းတွင်းသို့ ဝင်လာပြီးသော် ဘုရားရှေ့(ရုပ်ပွားတော်များကိန်းရာ ကျောင်းဆောင်ရှေ့) မျက်နှာမူလျက်က ထိုင်တော်မူ၏။ ငါတို့က မိမိစားသုံးမည့် ဆွမ်း၊ ဆွမ်းဟင်းများလှူသောအခါ မယူလေ။

"ငါ ကုသိုလ်လိုချင်လို့လာတာ သည်ငှက်ပျောသီးသုံးလုံး မင်းကိုယ်တိုင်ဘုရားကပ်၊ ရော့-သည်ဆွမ်းများလည်း မင်းစား၊ ရော့-သည်ဆွမ်းဟင်းများကိုလည်း မင်းပဲစား"ဆိုပြီး ပေးစွန့်၏။

၄င်းတို့မှာ ထန်းလျက်ခဲသုံးခဲပါသော ဝတ်ခွက်ကားတစ်ခု၊ ကန်စွန်းရွက်ကြော်ပါသော ဝတ်ခွက်ကားတစ်ခု၊ ခဝဲသီးကြော်ပါသော ဝတ်ခွက်ကားတစ်ခုနှင့် ဆွမ်းများတည်း။

ထို့နောက် "ရေယူခဲ့- ဆားယူခဲ့" တောင်း၏။ လှူလိုက်သောအခါ ဆွမ်းချည့်သက်သက် ကျန်တော့သော သပိတ်ထဲသို့ ရေနှင့်ဆားတို့ထည့်ကာ "ခန္ဓာ့ဝန်ရှိုးသေးလို့ စားနေရတာ" ဆို၏။ ထို့နောက် ငါတို့ကိုကျောပေး, ဘုရားဘက်သို့မျက်နှာမူ၍ နှုတ်မှလည်း တွတ်တွတ်ပွားပြီး စားတော့၏။ ငါတို့လည်း ၄င်းစွန့်ထားသော ဆွမ်း၊ ဆွမ်းဟင်းများဖြင့် စားသုံး၏။ ပြီးသော်-

ထိုရဟန်းတော်၏ သပိတ်တော်ကို ဆေးခြင်း၊ နေလှမ်းပေးခြင်း၊ သုတ်သင်ပေးခြင်းများ ပြုလုပ်ပြီးနောက် ပြန်လည်ကပ်လိုက်၏။

ထိုရဟန်းတော် ခေတ္တမျှ သီတင်းသုံး ထိုင်နေစဉ် "အရှင်ဘုရားက ရခိုင်လား"ဟူ၍ အမေပန်းချီက မေးလေသောအခါ-

"ငါက ဘင်္ဂလားက လာတာ"

"အရှင်ဘုရား ဘယ်မှာသီတင်းသုံးသလဲ"

"ငါမုခ်ဦးမှာသီတင်းသုံးတယ်။သည်ဗမာပြည်မှာ ဘုရားတည်မလို့"

ထိုသို့ အမေးအဖြေများပြုလုပ်ပြီးနောက် ကြွရန်ဟန်ပြင်၏။ ငါတို့လည်း ရိုသေစွာဂါရဝပြု၏။ ထိုစဉ် ကျန်ရှိနေသော ငှက်ပျောတစ်ဖီး၏ ငှက်ပျောသီး များကိုလည်း-

"ရော့ဒါလည်းပဲ မင်းပဲယူထား။ သည်ငှက်ပျောသီးက လမ်းမှနေ ရဟန်းတစ်ပါးက ထွက်လှူလိုက်တာ၊ ငါက ကုသိုလ်လိုချင်လို့ သယ်လာတာ" ဟူ၍ပြောကာ ငါတို့အားပင်ပေးစွန့်၏။ အိပ်မက်နှင့်ကား ကွက်တိ။

ပြီးသော် ရဟန်းတော်ကရှေ့မှအကြွ၊ ငါတို့

ကလည်း ကျောင်းဝအလွန်အထိလိုက်ပို့ရာ-

"ဒါယကာကြီး- ဦးစွာအပါယ်ဆင်းရဲမှ လွတ်အောင်ကြိုးစားပါ။ ပြီးမှသာ ဒုက္ခခပ်သိမ်းတို့မှ လွတ်မြောက်အောင်ကြိုးစားပါ။ ငါ- မှန်ကျောင်းမှာ (၄)နာရီအထိရှိနေမယ်" မိန့်၏။

ငါတို့ကလည်း "မှန်ပါ့ဘုရား" လျှောက်တင်လိုက်မိ၏။

ထိုရဟန်းကား မှန်ကျောင်းဘက်သို့ ကြွသွားချေပြီ။ ငါတို့သည်လည်း နေရာဂူအတွင်းသို့ ဝင်ခဲ့ချေပြီ။ ထိုဂူတွင်းမှ နေ့လည်(၁၂)နာရီ၏ ထိုင်ချိန်စေ့သဖြင့် မှန်ကျောင်းသို့သွားလေသောအခါ ထိုရဟန်းတော်သည် အထိုင်မပျက်ပင် တည်ရှိ၏။ နှုတ်တော်မှလည်း တွတ်တွတ်ရွတ်လျက်ကပင်။ ငါတို့လည်း ၄င်း၏ နောက်ကျောမှပင် ဝင်ရောက်၍ အဓိဋ္ဌာန်ပွား၏။ ပြီးသော် ဂူတွင်းသို့ အဓိဋ္ဌာန်ဝင်ရန် ပြန်ခဲ့၏။

တစ်ဖန် အဓိဋ္ဌာန်ပြီးစီးပြန်သဖြင့် ဂူမှထွက်လာသောအခါ ထိုရဟန်းလည်း ကင်းရွာဘက်ဆင်းသော လှေကားလမ်းအတိုင်း ဆင်းကြွသွားသည်ကို မြင်လိုက်ရသဖြင့် နောက်ယောင်ခံ၍ လိုက်လံကြည့်ရာ ထိုလမ်းတစ်လျှောက်ဆီ၌ မဖူးတွေ့ရတော့ပြီ။

နောက်ရက် နေ့ဆွမ်းစားချိန် အမေပန်းချို ထံရောက်လေသောအခါ "ငါ့သားရဲ့- မနေ့က ရဟန်းတစ်ပါးလာတာ ထူးသကွဲ့။ အခါမဟုတ် ဘာမဟုတ်နဲ့" လို့ ဆီးကြိုပြောလေတော့၏။

တစ်ဖန် "သား သည်တောင်မှာ အောင်လျှင် နောင်ဘယ်သွားသွား သားအောင်သွားပြီ" ဟူ၍ လည်းအားပေးသေး၏။ ထိုစကားကား ငါတို့သွားရာ လမ်းအတွက် ဆေးတစ်ခွက်တည်း။

## ဆုထူးပန်ရသား အမေအားထားသည်၊

"ငါ့သားက ဆုထူးပန် သားပဲကိုးကွဲ့။ ငါ့သားဆုပန်ပြည့်အောင် အမေကူညီပေးရမှာပေါ့။ အမေကတော့ ကိုယ့်အတွက်မပူပါဘူး။ အမေ သေရင် နတ်ပြည်သွားမှာကွဲ့."

တစ်နေ့ အမေပန်းချိုက ငါတို့ကို ပြုံးပြုံးကြီးကြည့်၍ပြောနေပါ၏။ ငါတို့ကလည်းပြုံးနားထောင်ရုံမျှသာ။

-ဘာကိုဆိုလိုသည်လည်းမသိ။

-ဘာဆုပန်ထားသည် ဟူ၍လည်းမသိ။

-မေးရန်ကလည်း ငါတို့မှာ ဝစီပိတ်အရှိ။

-မေးရန်လည်း စိတ်မကူးမိ။

ထိုည အိပ်ချိန်ရောက်သဖြင့် အိပ်လိုက်သောအခါ အိပ်မက်များ မြင်မက်လာချေ၏။ ရုပ်ပွားတော်တစ်ဆူ၏ ရှေ့မှောက်ဝယ် ပဒုမ္မာကြာဖြူပန်းလေးခိုင်သည် လေးပွင့်ဆိုင်ရှိနေ၏။ ထို လေးပွင့်တို့တွင် အမှတ်(၄)အပွင့်၌ ကဿပ ဟူသော စာတမ်းကြီးမြင်တွေ့ရသတည်း။

က။ ကဿပ ဘုရားရှင်၏ လက်ထက်တော်တုန်းက ပန်ခဲ့သော ဆုထူးလေလော။

ခ။ ကဿပမထေရ်ကြီးကဲ့သို့ ဓုတင်ဇောဒင်ရ ဆုထူးလေလော။

ထို လော-နှစ်လော မည်သည့်လောဟူ၍ ငါတို့ မစဉ်းစားတတ်ပြီ။ စဉ်းစားနိုင်လောက်သော ပုဗ္ဗေနိဝါသဉာဏ် (ရှေ့ဖြစ်အင်ကိုပြန်လည် မျှော်ရှုနိုင်သောဉာဏ်)၊ အနာဂတံသဉာဏ်(နောင်ဖြစ်ကို လှမ်း၍ ကြိုတင်သိမြင်နိုင်သောဉာဏ်) ငါတို့၌မရှိပြီ။ ငါ ဆုထူးပန်ဟူ၍လည်း အာရုံမစိုက်မိ။ ငါအာရုံစိုက်ထုတ်နေသည်မှာ ပစ္စုပ္ပန်တည့်တည့်၏ အရှိ၌သာတည်း။

မဟာဓမ္မပါလ



ဤသို့လျှင် ဂူအတွင်းဝယ် ဒုတိယမြောက် (၉)ရက်စခန်းဝင်နေစဉ် တစ်ည အိပ်မက်မက်ပြန်၏။ ငါတို့ကား ဆန်း-အလင်္ကာ အဘိဓါန်ကျမ်းကို ဖတ်ရှုကြည့်နေမိ၏။ တစ်နေရာ၌-

စစ်တက်-စစ်ထိုး၊ စစ်ထိုး-စစ်ဆင်

ကြောင်းလေးအင်ကို တွေ့လျှင်တမူ

သံတူ-ကြောင်းကွဲ ရှိစမြဲမို့

မှတ်စွဲယူဆ သေ, ကြောက်လှ၏။

မှတ်ချက်။ ။ သေဟူသောစကားရပ်၌သေခြင်းတရားအစား သေနတ်ကို ယူပါဟူ၏။

နိုးလာသော် 'အင်း. . ဘာမျှားသတိပေးထားတာပါလိမ့်' တွေးရ၏။

ဤ၌ သေခြင်းတရားသည်ကား-အကျိုးပေါ်တရားလည်းဖြစ်နိုင်၏။ ဝိပဿနာ၏အာရုံယူရာလည်းဖြစ်နိုင်၏။ ဤသို့ နှစ်မျိုး အတွေးရ၏။ သေနတ်ဆိုသည်မှာ-သေခြင်း၏ အကြောင်းခံဖြစ်သော လက်နက်လည်းဖြစ်နိုင်၏။ သမထအာရုံလည်း ဖြစ်နိုင်၏။ တွေးမိ၏။

ထိုစဉ်က ငါတို့မှာ ဝိပဿနာအာရုံမရှိ၊ ဝိပဿနာဘက်ဝင်ရန်လည်း စိတ်မကူးမိ။ သမထအာရုံ၌သာ စိတ်ဝင်စားလျက်ရှိသေး၏။ ဘာလုပ်လုပ် ပညတ်သွားရာ ခါတ်သက်ပါဟူသော စကားအတိုင်း ပညတ်ကိုအာရုံပြုလျက်က ဂုဏ်တော်နှင့် မေတ္တာလမ်းပေါ်၌သာ လျှောက်လှမ်းဆဲကာလ ရှိချေသေး၏။

ယမန်နှစ် နတ္တော်လက(ဝေဘူဆရာတော်ဘုရားကြီးအားဆေးလှူ ဆုပန်ပြီးနောက်တစ်ရက်) အစ်မဖြစ်သူနှင့် ရွာသို့လိုက်ပါသွားစဉ် မန္တလေးအရောက် မဟာမြတ်မုနိကိုယ်တော်ကြီး၏ ထံမှောက်၌ ဝင်ရောက်ဖူးမြော်မိခဲ့သေး၏။ ဘုရားကြီးအားလည်း ရွှေသက်န်းကပ်လှူခဲ့သေး၏။

ထိုသို့ကပ်လှူစဉ် မိမိသွားသော လက်ဝဲလမ်းခေါ် သမထလမ်း အေးဆေးစွာသွားနိုင်ရန် ဟူသော အဓိဋ္ဌာန်ဖြင့် ဘုရားကြီး၏ ဝဲဘက်ဒူးတော်ကို ရွှေသက်န်းကပ်လှူခဲ့သေး၏။ ယင်းသမထလမ်းသွားနေစဉ် ရွှေရင်အေးရန်ဟူသော အဓိဋ္ဌာန်ဖြင့်လည်း လက်ဝဲရင်အုံတော်ကိုလည်း ရွှေသက်န်းကပ်လှူခဲ့သေး၏။ သို့ကြောင့် ဝိပဿနာအာရုံကား မဖြစ်နိုင်တန်ရာ။

သို့ကြောင့် ငါကျင့်နေဆဲ၏ အကြောင်းခံအကျိုးပြု နှစ်မျိုးကိုသာ စဉ်းစားရန်လိုတော့၏။ ဝိဇ္ဇာဖြစ်ခြင်းနှင့် ဝိဇ္ဇာဖြစ်ရန်ကျင့်စဉ် သို့မဟုတ် တောတောင်နေရခြင်းနှင့် နေရန်ကျင့်စဉ် ဤနှစ်မျိုးသာရှိ၏။ မပျော်သုံးနှစ် ပျော်တစ်သက် ဟူသော အဓိဋ္ဌာန်ချက်ကိစ္စ။

## ကေလာသတောင် နေရာရအောင်
## ဒူးမရမ်းနှင့်မောင် ထူးဆန်းသည့်တောင်
## စိတ်သာချ ဝိဇ္ဇာ မ, မည့်တောင်

ဤ တပေါင်လေးသည်လည်း ပညာသုခရသေ့လေး ရွတ်လေ့ရှိသော အတိတ်ပေးတပေါင်ပင်ဖြစ်ပါချေ၏။ အိပ်မက်၏ အဓိပ္ပါယ်သွားနှင့် ထိုတပေါင်ကား ဘယ်သို့မျှား ဆက်စပ်လေသည် မသိ။ မည်သို့မျှ မစဉ်းစားတတ်တော့သဖြင့် လုပ်မြဲအတိုင်းသာ လုပ်လျက်ရှိ၏။

တစ်ဖန် တစ်ည အိပ်မက်ရလာပြန်၏။ ငါတို့ကား ရွှံ့ဗွက်တောကြီး ဖြတ်ကျော်လျက်ကပင် ချောင်းတစ်ခုကို ရှေ့၌တွေ့ရ၏။ ဟိုတစ်ဖက်၌ ပုဂ္ဂိုလ်ကြီး တစ်ယောက်လည်း ကမ်းစပ်ရပ်လျက် "သည်ဘက်ကူးချင်လျှင် နောက်ခြေနှစ်ချောင်းလွှတ်ပြီး ရှေ့လက်နှစ်ဖက်က သည်ဘက်ကမ်း ဖမ်းကိုင်လိုက်လျှင် ကူးမိပြီးသားပေါ့" ဟူ၏။

မဟာဓမ္မပါလ

'အင်း. . နောက်ခြေကုပ်ကဘာလဲ။ ရှေ့လက်ဖမ်းကားဘာလဲ တွေးမနေတော့ပါဘူးလေ လုပ်မြဲအတိုင်းလုပ်တာပဲ ကောင်းပါတယ်'

စစ်ရေးကိစ္စ၌ မိမိတို့အချင်းချင်းသာ နားလည်စေပြီး တစ်ဖက်ရန်သူ့နား မပေါက်ကြားနိုင်ရန် စကားဝှက်ကိုသာသုံးလေ့ရှိ၏။ မိမိတို့စစ်ရေးကိစ္စ စစ်အမှုထမ်းမှတစ်ပါး အရပ်သားများမသိနိုင်စေရန်လည်း ယင်းစကားဝှက်ကိုသာ သုံးလေ့ရှိတတ်၏။

ဤ ငါတို့၏သမထလမ်းစဉ်၌လည်း တစ်ဖက်၏ အဖျက်အမှောင့်တို့ မသိနိုင်ရန် မိမိတို့သာဝက အတွေးအခေါ် ဉာဏ်ပညာများ အပါးဝရန် ပညာစကားများသာသုံး၍ အိပ်မက်ဖြင့်သော်လည်းကောင်း၊ အာရုံအိပ်မက်ဖြင့်သော်လည်းကောင်း၊ အမြင်အကြားအားဖြင့်သော်လည်းကောင်း ပေးတတ်ကြ၏။

ဤ၌ အမြင်အကြားကား နတ်မျက်စိ နတ်နား ခေါ် အဘိညာဉ်ကိစ္စလည်းမဟုတ်၊ သမာဓိဉာဏ် ရင့်သန်လေသဖြင့် ပေါ်ပေါက်လာတတ်သော ဉာဉ်စရိုက်ခေါ် အမြင်အကြားမျိုးလည်း မဟုတ်ခဲ့။ စင်စစ် မိမိတို့နှင့် ပဋ္ဌာန်းဆက်ကျရာ အဘိညာဏ်ရ ဝိဇ္ဇာတို့၏ အဘိညာဉ်ကိစ္စအကူဖြင့် မြင်ရ,ကြားရသည်လည်းရှိ၏။ မိမိထွက်ခဲ့ရာသိုက်တွင်းမှ သိုက်ဘိုးတော်၊ သိုက်ချုပ်ကြီးများ၏ ကမ္မဇိဒ္ဓိ (ကံကြောင့် သဘာဝအတိုင်းရရှိနေကြ သော) အကူဖြင့် မြင်ခွင့်ရ, ကြားခွင့်လည်းရှိ၏။ ဤ နှစ်မျိုးမှတစ်ပါး အခြားမရှိ။

ဂိုဏ်းပညာခေါ် သမထလမ်းလိုက်သူတို့၏ သက်သတ်လွတ် စားသုံးခြင်းကိစ္စသည် သိုက်၏ အကူရရန်၊ သိုက်စီးတို့ပူးသာကပ်သာရန်၊ သိုက်စီးတို့ နာမ်ချဉ်းခြင်း ခေါ် မိမိ၏မနောတွင်းသို့ စီးနင်းခွင့်ရရန် ဝမ်းတွင်းသန့်ရှင်းရေးလုပ်ပေးခြင်း မျှသာတည်း။

ထိုသို့ စကားဝှက်သုံး၍ အိပ်မက်ပေးခြင်းစသည်တို့ဖြင့် ညွှန်ချက်ပေးရာ၌ အပေးခံရသူပါးရည် နပ်ရည်ရှိမှသာ ကွက်တိဖြစ်နိုင်၏၊ မရှိသော် တော့လွဲတည်း။

▼

## ဒေါင်းချင်လျှင် ဖဲကို သည်အတိုင်းချိုး

အဓိဋ္ဌာန်၏ တတိယပါတ်သို့ ဝင်လာလေသောအခါ တစ်နေ့ ရသေ့လေးတစ်ပါးလာတွေ့၏။ အရဟံနဝင်းသည်အလွန်တန်ခိုးထက်၏။အလွန်လည်း ခရီးအပေါက်အရောက်မြန်၏။ ဝိဇ္ဇာတိုင်းအားထားရသော ပုတီးစိတ်နည်းလည်းဖြစ်၏။ဤသို့ ညွှန်း၏။

ငါတို့ကလည်း ဝိဇ္ဇာမြန်မြန်ဖြစ်လိုသည့် ဆန္ဒအခံလေးကလည်း ငွေ့ထလာသဖြင့်လည်းကောင်း၊ ဂုဏ်တော်ပါအဓိပ္ပါယ်ကို သဘောကျသဖြင့် ပွားရန်စိတ်သန်လျက်ရှိ၏။ တစ်ရက်၏ (၄)ကြိမ် ကိုကား အရဟံသိဒ္ဓိဖြင့် တင်ထားပြီးဖြစ်၍ ထိုအချိန်ကား ပွား၍ရတော့မည်မဟုတ်။ ညနေပိုင်း (၅)နာရီကားအချိန်လွတ်ဖြစ်သဖြင့် ထိုအရဟံနဝင်း ပွားရန်စိတ်သန်လျက် ရှိ၏။ ယင်းမှာ-

၁။ သောဘဂဝါ- ဣတိပိအရဟံ၊

၂။ အရဟံဝတ-သောဘဂဝါ၊

၃။ အရဟံ သရဏံ ဂစ္ဆာမိ၊

၄။ အရဟံ သိရသာ နမာမိ၊

၅။ အရဟံ ဝတ သော ဘဂဝါ ဣမသ္မိ ဓဝရူပသ္မိ- ဒုက္ခသ္မ ပဟာနာယ ဓမ္မံ ဒေသေတိ၊

၆။ အရဟံ မေ သုခံဒေတု၊

၇။ အရဟံ မေ သီသေတိဋ္ဌတု၊

၈။ အရဟံ မေ သိဒ္ဓိကမ္မံ ဒေတု၊

၉။ အရဟံ မေ ဇယံဒေတု၊

နမောတေ ဗုဒ္ဓ ဝီရတ္ထု ဟူ၏။

မဟာဓမ္မပါလ



ထိုတွင် အမှတ်(၅)ကို ငါတို့အလွန်နှစ်ခြိုက်သွားတော့၏။ အဓိပ္ပါယ်မှာ-

ပူဇော်အထူး ခံတော်မူထိုက်ပါသော အရှင်ဘုရား။

စင်စစ်အားဖြင့် ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံသော ထိုအရှင်မြတ်ဘုရားသည်ကား ငါ၏ဤကဲ့သို့သော ဒုက္ခပေါင်းစုံပြောမကုန်ကို ပယ်နိုင်ရန်အလို့ငှာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားခဲ့ဝေ၍ ဟောကြားခဲ့ပေသည်တကားဟူ၏။ အလွန်ကောင်းသောအဓိပ္ပါယ်တည်း။

ဤသို့သဘောကျနေစဉ် တစ်ည အိပ်မက်ပေးပြန်၏။

ဖဲကစားနည်း၌ ပေါ်ကာဆင်ခြင်းဟူသည်ရှိ၏။ ရိုးရိုးဂဏန်း၊ ကုလားများအပြင်ဂျိုကာများလည်းပါ၏။ ထိုဂျိုကာကား လိုရာထည့်သုံးခွင့်ရှိသော ဖဲချပ်တည်း။

ငါ့လက်ထဲ၌( ထိုပေါ်ကာကစားနည်းဖြင့်ဖဲကစားစဉ်) ထိုဂျိုကာ နှစ်ကောင်စလုံးလည်းပါ၏။ (၂)ကားနှစ်ချပ်၊ ဆယ်ကားနှစ်ချပ်၊(၄)နှင့်(၅)နှစ်ချပ်၊ (၇)နှင့်(၈)နှစ်ချပ်၊ (၁,၃,၄)သုံးချပ်လည်းပါ၏။ သို့ကြောင့် အပုံထဲမှ တစ်လက်ဆွဲရုံမျှဖြင့် မည်သည့်ဂဏန်းအချပ်ဝင်ဝင် ဒေါင်းမည်ကားဧကန်ပင်အခြေနေ ပေးနေပါ၏။ ဒေါင်းဆိုသည်မှာသရဖူဆောင်းခြင်း၊ အောင်မြင်ခြင်းတည်း။

သို့ကြောင့် ထိုအိပ်မက်အရ အဓိပ္ပါယ်ကောက်၍(၂)ဆိုသော်တနင်္လာအရပ်ကလည်းကောင်း၊ (၃)အင်္ဂါ၊ (၄)ဗုဒ္ဓဟူး စသည်အားဖြင့်သူ့ခွင်သူ့ဂြိုဟ်များမှ အိပ်မက်ပါချပ်ရေအလိုက်-(၂)ကား တနင်္လာအရပ်မှ အရဟံနဝင်းဖြင့် ပုတီးပတ်နှစ်ပတ်စသည်ဝင်ချေတော့၏။ တစ်ညနေ့လျှင်(၁၃)ပတ်တည်း။

ဤသို့အားဖြင့် ဒုတိယဝါဆိုလဆန်း(၁၂)ရက်နေ့တိုင်သွား၏။ ထိုနေ့သည်ကား တတိယပါတ်(၉)ရက်၏ နောက်ဆုံးရက်၊ ဤဖဲ(၁၃)ချပ် ကစားနည်းလည်း နောက်ဆုံးရက်တည်း။

ညနေ(၅)နာရီသို့ရောက်သော် နောက်ဆုံးရက်အောင်ပွဲ(ဒေါင်းပွဲ)အဖြစ်ဝင်၏။ (၁၃)ပတ် စေ့၏။ စေ့သဖြင့်လည်း အမျှမေတ္တာဝေ၄ပို့သပြီးဇယန္တောဖြင့် စေတီတော်တစ်ပတ် အောင်ပွဲလှည့်၏။

ပြီးသဖြင့် ကျောင်းသို့ပြန်ဆင်းလာသောအခါ ငါတို့အားခေါ်ငင်ရန် ထိုကျောင်းပေါ်မှ သတင်းထောက်နှစ်ဦး(ဦးထွန်းတင်၊ ဦးအုန်းမောင်)နှင့်ဇနီးသည်တို့ အသင့်စောင့်ကြိုနေချေပြီကော။

## ရွှေချည်ငွေချည် မုန့်ဖက်ထုပ်
## တောမှရသေ့ မြို့ကိုသုတ်

၄င်းတို့မလာမီ(၂)ရက်အလို လဆန်း(၉)ရက်နေ့တွင် ရဟန်းတော်တစ်ပါး၊ အဖော်မာတုဂါမ(၄)ဦးတို့နှင့် တောင်ပေါ်သို့လာခဲ့ပြီး သက်န်းကျွန်းရသေ့လေးဘယ်မှာရှိသလဲမေး၍ ငါတို့ကျောင်းသို့ဆွမ်းစားအမှီ ကြွရောက်လာ၏။ (၆)ပေခန့်မျှကြိမ်ဒုတ်ကြီးလည်း ကိုင်လျက်က-

၄င်း၏သပိတ်တော်ထဲမှာကား ရွှေချီမုန့်ငွေချီမုန့်များနှင့် မုန့်ဖက်ထုပ်များ(ဆွမ်းအစား)ပါလာ၏။ ထိုမုန့်များကို ၄င်းလည်းဘုဉ်းပေး၏။ ငါတို့အားလည်း ကျွေးမွေး၏။ ပြီးသော် ၄င်းသည်သက်န်းကျွန်း၊ တိုးကြောင်လေး၌ အောင်တော်မူစေတီ တည်ထားပြီးစီးခဲ့သဖြင့် ပြန်လာကြောင်းကိုဓာတ်ပုံမှတ်တမ်း အထောက်အထားများဖြင့် ပြသတော်မူ၏။

ပြီးသော်"ငါ-သည်လာတာ ငါ့အတွက်လား၊ ရသေ့လေးအတွက်လားပဲ" ပြောပြောဆိုဆို

မဟာဗောဓိပါဠိ



မျက်စိမှိတ် အာရုံယူတော်မူ၏။ သုံးမိနစ်မျှကြာ၏။ ပြီးသည်နှင့်-

"ရသေ့လေး ဒါ ခင်ဗျားကိစ္စ၊ ကျုပ်ကိစ္စ မဟုတ်ဘူး" မိန့်၏။ တစ်ဆက်တည်းမှာပင်-

"ဟော့-ဟော့ ရသေ့လေးကို ငွေ(၉)ကျပ်ကပ် လိုက်ကြ။ စရိတ်မရှိ ဒို့ခြေလျင်ပြန်ကြတာပေါ့ ဟယ်" အတူပါလာသူ မာတုဂါမများဘက်လှည့်၍ မိန့်ပြန်၏။ ထိုမာတုဂါမများလည်း အမေပန်းချီထံမှ ကြွေပုဂံပြားငယ်တစ်ချပ်တောင်းယူကြပြီး ၎င်းတို့ ပါလာကြသောငွေ(၉)ကျပ်ကို အသီးသီးထုတ်လှူကြ ချေ၏။ ငါတို့ကား ဝစီပိတ်ဖြစ်သဖြင့် ထိုငွေ (၉)ကျပ် ကိုဘုရားအာရုံပြုလှူ၏။ စိတ်တွင်းမှပင် အလှူရှင် များအား မိမိဤတောင်မှာနေစဉ် ဖြည့်ကျင့်ခဲ့ရသမျှ ပါရမီကုသိုလ်တို့ကို အမျှဝေခြင်း၊ မေတ္တာပွားပို့ခြင်း၊ ဆုတောင်းပတ္ထနာပြုပေးခြင်းတို့ကို ပြုကျင့်မိ၏။

"ဒါ-ရသေ့လေးက နင်တို့ဖို့ ဆုတောင်း ပေးနေတာဟ" ဤသို့လျှင် ထိုရဟန်းတော်က သတိပေးသေး၏။ ထို့နောက်ပြန်ကြွသွားတော့၏။

သွားပြီ-ဒေါင်းပြီ၊ ငါကား ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ရပြီ။ စိတ်ကားမကောင်း။ ဒေါင်းဆို သည်မှာ အစက ဖဲဒေါင်းထင်မိရာ ယခုသော်ကား အင်ဂျင်ဒေါင်းသာတည်း။ အင်ဂျင် ခေါ် စက်များ ပျက်မလေသောအခါ အင်ဂျင်ဒေါင်းသွားပြီဟူ၍ ပြောစမှတ်ပြုသည်မဟုတ်လော။

တောင်စွန်းဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ကား (၈ကျပ်-၅ပြား)၊ ရန်ကုန်ဘူတာကြီးမှ ငါတို့နေရာ အရောက် ဘပ်စ်ကားခ(၂၅ပြား)၊ လမ်းခရီးတို့အကြား လက်ဖက်ရည်သောက်သုံးရန်စရိတ်ကား(၆၀ပြား)၊ ကျန်သောကွမ်းယာ စသည့်စရိတ်ကား(၁၀ပြား)၊ စုစုပေါင်းသော်(၉)ကျပ်တိတိပင်တည်း။ ငါတို့ သိလိုက်ရပြီ။ ဤစရိတ်(၉)ကျပ်ကား တင်စရိတ် မဟုတ် နှင်စရိတ်မျှသာတည်း။

ထိုသို့ရှိနေစဉ်ပင် ယနေ့ဒေါင်းသောနေ့၊ ဒေါင်းရချေပြီကော၊ ငါတို့၏အဓိဋ္ဌာန်ရက် (၂၇)ရက် သည် ပထမဝါဆိုလပြည့်ကျော်(၁)ရက်နေ့၏ နံနက် အရုဏ်မှီ(၄)နာရီမှ စတင်ခဲ့သဖြင့် ဒုတိယဝါဆို လဆန်း (၁၃)ရက်၏အရုဏ်သည် ပြည့်မီသောနေ့ ပင်ဖြစ်တော့၏။ အဓိဋ္ဌာန်ပြည့်သော် အခြားတောင် များသို့ ကူးပြောင်းသွားမည်စိုးသဖြင့် အုပ်မိရန် လာခြင်းဟုလည်း ရှင်းပြသေး၏။

လက်စသတ်တော့ ၎င်းတို့လက်ထဲမှာလည်း မုန့်ဖက်ထုပ်တွေနှင့်ပါလား။

သတင်းထောက်ဦးထွန်းတင်၏ နှမနှင့် ယောက္ခမများသည် တောင်ခြေရှိ ကင်းရွာ၌နေသည် ဆို၏။ယောက္ခမ၏နာမည်ကား ဦးသန်းမောင်တည်း။

၎င်းသည်လည်းရန်ကုန်၏ ငါးထပ်ကြီးဘုရား အနီးရှိ ဂိုဏ်းဆရာကြီး၏ဂိုဏ်းဝင်တပည့်ဖြစ်သဖြင့် ထိုဂိုဏ်းဆရာကြီးထံ ဂါရဝပြုသွားရန် မုန့်ဖက်ထုပ် များ အဆင်သင့်ပြုလုပ်ထားရှိရာ ယခုငါတို့ထံလာ သောအခါ ထိုမုန့်ဖက်ထုပ်များ ယူဆောင်လာ ချေ၏။

တစ်ဖန်လွန်ခဲ့သောရက်က အိပ်မက်တစ်ခု လည်းရထားသေး၏။(လဆန်း(၈)ရက်နေ့ည ရဟန်း တော်မလာမီညကထင်မိ၏။) ငါတို့ဂူတွင်းသို့ အောင်မင်းခေါင်ကြီးကြွလာပြီး-

"ဒကာကြီး- ရန်ကုန်မှာ သရက်ပင်နှင့် ရေတွင်းအကြား မသာကြီးတစ်လောင်းရှိတယ်။ အဲဒီ မသာကြီးက ဒကာကြီးသွားလျှင် ထတဲ့ကာ ယာဘက်မျက်လုံးဖွင့်ကြည့်ပြီး ဝဲဘက်စောင်းပြီး တစ်ဖန်ပြန်သေသွားလိမ့်မယ်။ အဲသလို ဝဲဘက် စောင်းပြီး သေနေတဲ့အခါ သူ့ဗိုက်ကြားက မုန့်ဖက် ထုပ်များလည်း ထွက်ကျလာလိမ့်မယ်။ စားသာ စားနော်။ မကြောက်နှင့်" ဟူ၏။

ဤသို့ အိပ်မက်ပေးပြီးသည်နှင့် တဆက် တည်းမှာပင် အဘဝိမလကား တောင်ဘက်မှရေတွင်း၊ မြောက်ဘက်မှကားသရက်ပင် ထိုနှစ်ခုအကြား သမံသလင်းပြင်ပေါ်ဝယ် ရေတွင်းကို ကျောပေး လျက်က စန့်စန့်ကြီးသေနေသည်ကို မြင်တွေ့ရ၏။

ဗဟုဝဿုတ



ထိုအဘဝိမလ၏ မသာအလောင်းကောင်ကြီးသည် ငါတို့အနီးအနားရောက်သွားသည်နှင့် ထထိုင်လိုက်၏။ ညာဘက်မျက်လုံးကြီး ပြူးကျယ်နေအောင်လည်း ငါတို့ကိုဖွင့်ကြည့်၏။ ပြီးသော် သေမြအတိုင်း ဘယ်ဘက်စောင်းလျက်က သေသွား၏။ သေသွားလေသောအခါ ၎င်း၏ဗိုက်ပြင်ကား ပိတ်ဖြူဖြင့် စီးပတ်ထားလျက်ကရှိ၏။ ထိုပိတ်ဖြူကြားမှပင် မုန့်ဖက်ထုပ်များလည်း တစ်ထုပ်ပြီးတစ်ထုပ် ဒလစပ် ထွက်ကျလာချေတော့၏။ မရပ်မနားတည်း။

ငါတို့သည်လည်း ကျလာသမျှ မလွတ်တမ်း ဖမ်းယူ စားသုံးနေပါ၏။

အောင်မင်းခေါင်ကြီးကလည်း သရက်ပင်၏ဘေးရှိ ကျောက်တုံးပေါ် တင်ပလ္လင်ထိုင်လျက်ကပင်- "ဒကာကြီး စားထားဗျာ့ မကြောက်နှင့်ဗျာ့၊ ဝဝသာ စားဗျာ့" အားပေးနေပါချေ၏။

ထိုမြင်ကွင်းများ ပျောက်ကွယ်သွားသော် ငါတို့ဂူပေါက်ဝ၌ နှစ်ဦးသားရပ်လျက်ကပင် "လိုသောဆု ပြီးစီးအောင်မြင်ပါစေ" ဟူ၍ဆုပေးကာ ပျောက်ကွယ်သွားကြလေတော့သတည်း။

ထိုအိပ်မက်၌လည်း မုန့်ဖက်ထုပ်ပါသည် သာဖြစ်၏။ မုန့်ကား စားစရာသွားရည်စာ၊ ဖက်ထုပ်ကား တွယ်ဖက်ထားမည် သိမ်းထုပ်ထားမည် ဟူသတည်း။

## မတတ်သာလွန်းလို့ပါ သားရာ

ထိုည(ဒုတိယဝါဆိုလဆန်း(၁၂)ရက်နေ့ည) ကား အိပ်မပျော်ပြီ။ အိပ်မပျော်လေတိုင်းလည်း ငါတို့ကို ဤတောင်သို့လွှတ်လိုက်သော ပုဂ္ဂိုလ်ကြီးများကိုလည်း မကျေမနပ်ဖြစ်၍လာ၏။ သွားပါဆို၍ သွားပြီးမှ ပြန်ပါဆိုသဖြင့် ပြန်ရမည်ဖြစ်သောကြောင့်။ အထူးသဖြင့် ငါတို့၏အားထားရာ အောင်မင်းခေါင်ကြီးကို ခေါင်းတပ်၍ရေရွတ်မိ၏။

"သွားပါ,သွားပါ ဘိုးတော်တို့ "

"ပြန်ပါ,ပြန်ပါ ဘိုးတော်တို့"

"နောင်ဆို သုံးနှစ်မပြည့်သောလမ်း(စခန်း) ဆို ဘယ်လမ်းမှမလွှတ်ကြနှင့်။ သည်လောက်ရက် (ထိုစခန်း ကေလာသ၌ ၄၅-ရက်မျှကြာခဲ့၏)နှင့်ဆို ကားခ၊ရထားခ ကုန်ရုံပဲအဖတ်တင်လို့ ရထားလုပ်ကျွေး၊ ကားလုပ်ကျွေးနေရတာနဲ့ အတူတူပဲ" ဟူ၍ ကြိမ်းမိခဲ့ချေ၏။ စိတ်မှာလည်း မကျေမချမ်းလည်းရှိ၏။ မတင်မကျလည်းရှိဘိ၏။

ဦးတင်အောင်ပြန်သွားကတည်းက သတင်းပေါက်ကြားသွားခဲ့ပြီးဖြစ်၍ နောက်ကလိုက်လာသော် အသွင်ပြောင်း,အမြင်ပြောင်းနှင့် တွေ့ရပြီး ပြန်ပါမသွားစေရန် ရသေ့ဝတ်အံ့ကြိုးစား၏။ ရသေ့ဝတ်စုံကမရှိ။ တစ်ဖန် ပညာသုခရသေ့လေးထံ ဝတ်စုံပိုများရှိပါကစွန့်ရန် အကူအညီတောင်းခံခဲ့သေး၏။ ၎င်း၌လည်းအသက်စေ့သဖြင့် ရဟန်းဘောင်ကူးခါနီးဖြစ်နေ၍ပိုသမျှဝတ်စုံ အခြားစွန့်ပြီးပြီ လက်ကျန်အပိုမရှိတော့ဆို၏။ သို့ကြောင့် ငါတို့၏ ဤတောဤတောင် နေဖို့အရေးသည် အလှမ်းဝေးနေချေရကား စိတ်သည် မကျေချမ်းခဲ့ပြီ။

ထိုညတွင်ကား အိပ်မက်တစ်ခု ရလာပြန်၏။ အောင်မင်းခေါင်ကြီးသည် ဂူတွင်းသို့ဝင်ခဲ့ကာ ငါ့အနားဝင်ထိုင်၏။ ထိုင်ပုံမှာ ခရီးသွားရာ၏ ညာဒူးကိုကားအတွင်းဖုက် ခရီးသွားရာ၏ဘယ်ဒူးကိုသာ ဖိအုပ်လျက်က ထိုင်နည်းတည်း။

လက်ျာခရီး၏ ဝိပဿနာကား ရှိ၏။ လူသိမခံ၊ အတွင်း၌သာ မံထားသည်ဟုဆိုလို၏။

လက်ဝဲခရီး၏ သမထကိုကား ပေါ်ပေါ်ထင်ထင် လူအမြင်ခံ၍ သုံးနေသည်ဆိုလို၏။

သူတော်ကောင်းကြီးများ၏ မပြောပဲနှင့် ပြောသောစကားကား ပဟေဠိဆန်လှ၏။ နက်နဲလှ

မဟာဓမ္မပါလ


ချေ၏။ ပြင်ပအခြေ, ပြင်ပ၏အနေကို ကြည့်၍ ဝေဖန်မိချေသော် ဝေဖန်မိသူအတွက် အထိနာဖို့သာ ရှိချေ၏။

အောင်မင်းခေါင်ကြီး၏ ပြင်ပအနေအထိုင်၊ ပြင်ပလူတို့နှင့် အဆက်အဆံတို့၌ ကြမ်းတမ်း၏။ ရုန့်ရင်း၏။ မဟုတ်ရာအာရုံပြု ချဉ်းကပ်လာကြလေသဖြင့် မဟပ်ရာဖြင့် ဧည့်ခံခြင်းသာဖြစ်ဘိ၏။

ပုဂ္ဂိုလ်စွဲ အာရုံများဖြင့်ဖြစ်စေ၊ မိမိအကျိုးကြည့်သော အာရုံများဖြင့်ဖြစ်စေ၊ ထိုနှစ်ချက်တစ်ချက်ချက်တို့ဖြင့် လာရောက်ချဉ်းကပ်လေ့ရှိသူတိုင်း ရံတစ်ခါ အမှိုက်ပုံ ဖုံမှုံ့သဲကြားတို့၌ ထိုင်လျက်ကလည်း ဧည့်ခံတတ်၏။ ရံတစ်ခါ မအားဖေါ်၍ ထိုင်လျက်ကလည်း ဧည့်ခံတတ်၏။ ရံတခါ မကြားဝံ့မနာသာ စကားတို့ဖြင့်လည်း ဧည့်ခံလေ့ရှိ ဆို၏။ ဤသည်မှာ ကိုယ်တွေ့ တွေ့ရှိဖူးသူများ၏ ပြောကြားချက်မျှသာ၊ ငါတို့နှင့်ကား လားလားမျှ မဟုတ်ပြီ။

"သားရဲ့-တောဒေယျဆိုတဲ့ပုဒ်ကို သဒ္ဒါရုပ်တွက်စေတဲ့ အခါမှာ-

၁။ အနုညတနည်းဖြင့်တွက်ခြင်း၊

၂။ အ-နုညတနည်းဖြင့်တွက်ခြင်း နှစ်မျိုးရှိတယ်ကွဲ့။

ငါတို့က အနုညတနည်းက မှန်တယ်လို့ ပြောပါတယ်။ တခြားတစ်ဖက်က အ- နုညတနည်းနဲ့တွက်မှမှန်မယ်လို့ ငြင်းကြတယ်။

ဒါနဲ့-ငါတို့ထက်ကြီးသူများထံ သွားရောက်ကြပြီး သည်နည်းနှစ်နည်း ဘယ်နည်းကအမှန်လဲ အဆုံးအဖြတ် ခံကြရတယ်။

အဲ- အထက်ကလည်းပဲ အ-နုညတနည်းနဲ့ တွက်တာက အမှန်လို့ ဆုံးဖြတ်ပေးလိုက်တယ်။ ဒါကြောင့်မို့လို့ သားကို ပြန်ပို့ရတာပါကွယ်၊ အဖေ့စိတ် မဆိုးပါနဲ့ " တောင်းပန်၏။

နိုးလာ၏။ စဉ်းစား၏။ အဖြေပေါ်၏။ တောင်းပန်သော်လည်း ငါတို့ကား မကျေနိုင်လေ။

ဤ၌ တောဒေယျရုပ်တွက်နည်းဖြင့် အိပ်မက်ပေးသည်မှာ ငါတို့ကား ဘုန်းကြီးလူထွက်ဖြစ်ပြီး သဒ္ဒါကျမ်း၏ ရုပ်တွက်ပုံဆိုင်ရာကို တီးမိခေါက်မိလေသူမှန်း သိရှိလေသဖြင့် ဥပမာပေး အိပ်မက်မျှသာဖြစ်ချေ၏။ ထို အိပ်မက်၏ ဆိုလိုချက်မှာ-

ဤတောတောင်သို့ ထွက်လျက်က ကျင့်သောအကျင့်ကို ခွင့်ပြုသင့်သည်။ သို့မဟုတ် ခွင့်မပြုသင့် ဟူသော အငြင်းပွားမှုသာ ဖြစ်ချေတော့၏။ အောင်မင်းခေါင်ကြီးအုပ်စုကား ခွင့်ပြုသင့်သည်ဘက်မှ၊ အခြားအုပ်စုများက ခွင့်မပြုသင့်ဘက်မှဟူ၏။

ဤ၌ အုပ်စုဆိုသည်မှာ မိမိတို့သာသနာပြုရာကိစ္စ၏ သာသနာပြုပုံ နည်းကွဲများကိုသာ ဆိုလို၏။ ငါတို့ လူများကဲ့သို့ သဘောထားကွဲသော အယူဝါဒကွဲများကား အလျဉ်းမဟုတ်ကြပြီ။

ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ ရက္ခန်းစင်တောင်၊ အဘရာကျော် ထိုလေးပါးတို့ကား ဘုရားတည်သောအားဖြင့် သာသနာပြုရာ အုပ်စုများတည်း။

သည့်အတူ အင်းဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ အဖြစ်ဖြင့် လူတို့အား နှောင့်ယှက်လေ့ရှိသော အမှောင့်ပရောဂများစွာတို့ကို ကုသပေးလျက်က သာသနာပြုခြင်း၊ ဆေးဝိဇ္ဇာ၊ ဓာတ်ဝိဇ္ဇာ အမည်ခံ၍ လူတို့အား ဖြစ်ပွားလေ့ရှိသော ထိုလူတို့၏ကိုယ်တွင်းဖြစ် သွေးပယောဂ၊ လေပယောဂတို့ကြောင့် ဖျားနာခြင်း စသည့် အမှောင့်ပယောဂများစွာတို့ကို ကုစားပေးလျက်က သာသနာပြုခြင်း၊ စသည်အားဖြင့် မိမိတို့ ပါရမီသန်ရာ သဒ္ဒါ,ပညာများဖြင့် ဂိုဏ်းကွဲများလည်း အများအပြားပင်တည်း။

ဤသို့အားဖြင့် ငါတို့သည် မယားခေါ်ရာ ပြန်ပါလာခဲ့ရ၏။ လဆန်း(၁၄)ရက်၊ ဝါမဆိုမီတစ်ရက်

မဟာဝမ္မပါလ



အလို ထိုတောင်မှဆင်းခဲ့ရ၏။ အထွက်တွင် အမေ ပန်းချိုကား မျက်နှာမကောင်းပြီ။

"ကျုပ်က စားရတုန်းသာ အမေခေါ်တာ ရယ်ဖျာ၊ တော်ကြာ သားတော်တော့မှာ မဟုတ်ဘူး"

ဤသို့လျှင် သားဟူသောအစွဲအငြိ ကျန် မနေရစ်ရလေအောင် ထွက်ခတ်-ခတ်ထားခဲ့မိ သေး၏။ အမေပန်းချိုကား ကျောင်းတံခါးပေါက် တွင်ရပ်လျက်က ငါတို့ကျောပြင်ကြည့်လျက်က ငေးကျန်ရစ်ခဲ့ရှာတော့၏တကား။

ဤကား ပထမဆုံးတောထွက်ဘဝ၏ အတွေ့အကြုံများတည်း။

## ကျောင်းသားပြောင်း အိမ်ဘက်ကား မစောင်းလေနှင့်

ထိုနေ့က မော်လမြိုင်မှလာသော ရထားကို တောင်စွန်းမှစောင့်ကြိုစီးကြရရာ နေရာမရရှိ။ တွဲတိုင်းလျှင် ခြေချစရာ နေရာပင်မရှိလောက်အောင် မှောင်ခိုလောကသားများဖြင့် ကြပ်သိပ်လျက်ပင် ရှိ၏။ နောက်ဆုံး ဂတ်ဗိုလ်ကြီးက ခွင့်ပြုသဖြင့် ငါတို့ လေးယောက်သား (ငါရယ်၊ဦးထွန်းတင်ရယ်၊ ဦးအုန်းမောင်ရယ်၊ ဇနီးသည်ရယ်)လိုက်ဂိတ်တွဲ ခေါ် ပစ္စည်းတင်ရာတွဲဖြင့် လိုက်ပါခဲ့ရ၏။လမ်းတွင် လက်မှတ်စစ်က စစ်ဆေးရာ လက်မှတ်ပါသဖြင့် အမာန်အငေါက် ခံကြရသေး၏။

ထိုတွဲကြီးထဲ၌ ငါတို့နှင့်အတူပါလာကြ သောအရာများမှာ သပြေပန်းစီးကြီးများချည်း ဖြစ် ကြ၏။ လက်နှစ်ဖက်စာမျှသော အစီးကြီးများကို ငှက်ပျောဖက်များဖြင့် စည်းပတ်လျက်က ထောင် လျက်သားပါလာကြ၏။ ငါတို့ထိုင်စရာ ကုလားထိုင် ကြီးများ, ထိုင်ခုံကြီးများ ဖြစ်လာကြရချေတော့၏။

ည(၇)နာရီခန့်တွင် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာပြီ။ ရန်ကုန်ကား ငါတို့နှင့် တော် တော်ကြီးစိမ်းနေ၏။ ရောက်သဖြင့်တွဲပေါ်မှဆင်းမိ သည်နှင့် မှင်သက်နေမိ၏။ အရှေ့ကားဘယ်မှာ၊ အနောက်ကားဘယ်သို့ ငါတို့မမှတ်မိပြီ။

ယခင်ကရန်ကုန်နှင့် မည်မျှကင်းကွာခဲ့စေ ရောက်သည်နှင့်မျက်မှန်းတန်းပြီးသားသာ ရှိခဲ့၏။ ယခုသော်ကား ငါကမှစိမ်းသည်မဟုတ်၊ ရန်ကုန်က လည်းစိမ်းနေချေပြီကော။

ခရီးသည်များရှင်းသောအခါ အဖော်များ နှင့်အတူ သက်န်းကျွန်း ပြန်ရန်ထွက်လာခဲ့ကြရာ တံတားပေါ်ရောက်သည်နှင့် ငါတို့ကား ရုပ်ရှင်ရုံများ ရှိရာဖက်လှည့်မိချေ၏။နောက်မှလှမ်းခေါ်သဖြင့် ဘူတာကြီးဖက် လှည့်ထွက်ခဲ့ရ၏။ ဘူတာကြီးထဲ ရောက်သော်မှ မည်သည့်အပေါက်မှ ထွက်၍ သက်န်းကျွန်းဘက် သွားရမည်ကို မသိနိုင်တော့ပြီ။

အိမ်ရောက်သဖြင့် နောက်ရက်များတွင် ကား သတင်းကြားရာမှ ပရိတ်သတ်များလာကြ၏။ ထိုအထဲတွင် များသောအားဖြင့် ငါတို့မသိသော ဂိုဏ်းဆရာကြီးများက ပို၍များချေ၏။

တောတောင်၌တွေ့ကြုံရသော သတင်းကို လည်း မေးကြ၏။

နောက်နောင်ပြန်လည်ကာ တောထွက်ဦး မှာလားလည်း မေးကြ၏။

ထို့နောက်တွင်ကား အချင်းချင်း ခင်မင် သွားကြ၏။ ငါတို့အား တလေးတစား အလေးပေး လာကြ၏။ နောင်သောအခါသိရသည်မှာကား ထို ဂိုဏ်းဆရာကြီးများသည် ငါတို့ကို တောတောင်မှ ပြန်လာရန် ဇနီးသည်က ငွေပေးငှားရမ်းခဲ့သော ဆရာကြီးများပေတည်း။ ထိုသို့ငှားရမ်းစဉ်က ထို ဆရာကြီးသည်ကား တာဝန်မယူခဲ့ဆို၏။

မယားငယ်နောက်လိုက်သွားလေသူ မိမိထံ ပြန်လာရန် ၎င်းတို့သည် တာဝန်ယူနိုင်၏။

မဟာဓမ္မပါလ


လင်ငယ်နောက် လိုက်သွားလေသူကိုလည်း စိတ်လည်ပြီးပြန်လာရန် တတ်နိုင်သည်ဆို၏။

လင်မယားချင်းစိတ်ဆိုးသဖြင့် ထွက်ခွါသွားသူများကိုလည်း ပြန်ခေါ်ပေးနိုင်သည်ဆို၏။

အိမ်မှဆင်းသွားသော သားသမီးများကိုလည်း ရောက်ရာအရပ်မှပြန်လာစေနိုင်သည်ဆို၏။

ယခုငါတို့၏ထွက်ခြင်းကား ထိုသို့မဟုတ်သဖြင့် ၄င်းတို့တာဝန်မယူနိုင်ပြီ။

၄င်းတို့ပညာဖြင့် ခါတ်ရိုက်ခါတ်ဆင် ပြုလုပ်သဖြင့် ငါတို့က ဘာမျှမတုန့်ပြန်သော်မှ ငါတို့ကို စောင့်ရှောက်ထားသော ပုဂ္ဂိုလ်ကြီးများက ၄င်းတို့ကို ပြန်လည်တုန့်ပြန်မည်မှာ သေချာလှသဖြင့် ၄င်းတို့ မလုပ်ရဲဆို၏။

ဟုတ်လည်း ဟုတ်လောက်ပေ၏။

တစ်ရက်တွင် ဂူတွင်းဝယ် နံနက်(၄)နာရီတိတိတွင် အဓိဋ္ဌာန်ဝင်ပြီး စာသေးသဖြင့် ခေတ္တမျှ လှဲချလိုက်ရာ အိပ်ပျော်သွားသဖြင့် လင်းသွား၏။

ထိုစဉ် ဂူတွင်းမှတာဝန်အလှည့်ကျ ပြီးဆုံးပြီဖြစ်သဖြင့် ထွက်လိုသူများကိုလည်း ငါတို့ မနိုးထသေးသဖြင့် ထွက်ခွင့်မပေးပြီ။ တစ်ဖန် အပြင်ဘက်မှာ ဆံတော်တိုက်အား အလှည့်ကျတာဝန်ယူစောင့်ရမည်ဖြစ်သဖြင့် အတွင်းသို့ ဝင်လိုသူတို့ကိုလည်း ဝင်ခွင့်မပေးပြီ။

၄င်းတို့သည် မိမိအလှည့်အချိန် တာဝန်မကျေသော် ဒဏ်ထမ်းဆောင်ရန်ကို ကြောက်ကြရသဖြင့် ငါတို့အား အပြင်မှနေကာ အော်နှိုးသူကနှိုး အဝေးမှ ဒုတ်ဖြင့်ထိုးသူကထိုးဖြင့် နှိုးကြရချေ၏။ ကိုယ်အား ထိအောင်လည်းမထိုးရဲ၊ ဒုတ်သံကြားသာရုံမျှ ထိုးကြရသည်ကို မြင်တွေ့ခဲ့ရဖူး၏။ ဤမျှသီတင်းသီလ၏ သတ္တိထက်မြက်ကြောင်းကိုလည်း ကိုယ်တွေ့ဖြင့် ယုံကြည်မိခဲ့၏။

ထိုဂိုဏ်းဆရာကြီးများလည်း ကြောက်မည်ဆိုကကြောက်ထိုက်၏။ ၄င်းတို့ မလုပ်ရဲသဖြင့် ဇနီးသည်အားပင် အကြံပေးကြသည်ဆို၏။

-အိမ်၏ဘုရားရှေ့မှာ ဝိဇ္ဇာပွဲပြင်ဆင်လိုက်ပါ။

-ပွဲအုန်းသီးကို ခေါင်းဖြင့်တိုက်၍ ဝိဇ္ဇာကြီးများကို တိုင်ကြားပါ။

-သူ့အား စောင့်ရှောက်သော ဝိဇ္ဇာကြီးများကိုလည်း အိမ်ပြန်ပို့ပေးရန် ပူဆာပါ ဟူ၏။

အင်း- ယခုမှပင် အမေပန်းချီ ဗျာ့-ဗျာ့စိန်ရောင်ခြည် ခေါ် သစ္စာဆိုရန် တိုက်တွန်းပါသည်ကို သဘောပေါက်ကြတော့သည်ကိုး။ သဘောပေါက်သော်လည်း အိမ်ပြန်ရောက်နေလေမှကော။

'တစ်ချီတော့ခံလိုက်ဦးပေါ့ဟယ်'

စိတ်တွင်းမှသာ တေးထားမိပါချေ၏။ မိမိ၏ ဝိဇ္ဇာစကား နားမလည်ခဲ့မိသည်ကိုလည်း ဒေါသထွက်မိ၏။ ဝိဇ္ဇာကြီးများကိုပင် ဒွဲဒိုးမပြောရကောင်းလား ရန်လုပ်မိသေး၏။

ငါတို့သည် ကိုယ်ခန္ဓာက အိမ်သို့ရောက်နေရသော်လည်း စိတ်ကား တောတောင်ကြား၌ထားသော စိတ်ထားမျိုးပင် ရှိချေသေး၏။ ဝစီနှုတ်ပိတ်မှတစ်ပါး အခြားအဓိဋ္ဌာန်များ မပျက်စီးသေး။

"ဦးငြိမ်း သာသနာပြုပါ"

ငါတို့အဓိဋ္ဌာန်ဝင်စဉ် အိမ်ဦး ခေါင်းရင်းမှ လာရောက်ပြောသော အသံများ။

"ဦးငြိမ်း ထတော့လေ"

ငါတို့မနိုးလျှင် အိမ်ခြေရင်း၊ ခေါင်းရင်းများမှ နှိုးသောအသံများ။

ဤသို့ဖြင့် အဓိဋ္ဌာန်ရက်ဆက် မပျက်ဝင်နေစဉ် တစ်ည အိပ်မက်မြင်မက်ပြန်၏။ ဝေဘူဆရာတော်ဘုရားကြီးသည် မိမိဇာတိမြေ အင်ကြင်းပင်ဝယ် သီတင်းသုံးနေစဉ် သာဝကတစ်ဦးဖြစ်သူ

မဟာဓမ္မပါလ



ဦးကောသလ္လ(သနပ်စိန်)က "တပည့်တော် ရွာပြန်ပါရစေဦးဘုရား" လျှောက်ကြားရာ။

"ရွာကိုတော့ မပြန်ရဘူးတဲ့ဗျာ့။ ရွာမပြန်နဲ့တဲ့ဗျာ့" အမိန့်ရှိလိုက်၏။

တစ်ဖန်အတူနေ သာဝကတစ်ဦးဖြစ်သော ဦးအာစရ(စောကြီး၊ နေခင်သော်ဝေဘူချောင် တာဝန်ယူရသူ)က "တပည့်တော် ကျောင်းပြောင်းပါရစေဘုရား" လျှောက်ထားသောအခါ-

"ကျောင်းပြောင်းလိုက ပြောင်းနိုင်ပါသတဲ့ဗျာ့" မိန့်ဟတော်မူလိုက်၏။

နိုးလာသဖြင့် စဉ်းစားမိ၏။

ရွာပြောင်းက ဘာလဲ။

ကျောင်းပြောင်းက ဘာလဲ။

'အင်း. . ရွာနေအလုပ် အိမ်ထောင်ဝန် အိမ်ထောင်မှု ပြန်လည်မပြုကျင့်ရန် ထင်၏'

'အင်း. . ကျင့်၍, အလုပ်ကျင့်စဉ်စခန်း တန်းမတ်စွာကူးပြောင်းလုပ်ရန် ထင်၏'

ဤကား ငါ၏အတွေး။

ထိုစဉ်က ငါ၏ ကျောင်းပြောင်းရန်ကိုစ ကလည်း ကေလာသမှပင် အဘဝိမလထံသွားရောက် ပညာယူရန် အိပ်မက်ပေးခဲ့ပြီး မဟုတ်လော။

သို့တစေလည်း ငါတို့ကား ဝိဇ္ဇာစိတ်နာနေဆဲပင်ရှိသဖြင့် သာသနာ့ဗိမာန်သို့ မသွားမိသေးချေ။ ငါထင်သလို လုပ်ခွင့်မရခဲ့လေသဖြင့် ဝိဇ္ဇာတွေကို ရန်လုပ်နေဆဲတည်း။

ဝါခေါင်လဆန်း(၃)ရက်နေ့က ထို သာသနာ့ဗိမာန်ဆရာတော် အဘဝိမလ မွေးနေ့တည်း။

ထိုမွေးနေ့၏ အကြိုနေ့ဖြစ်သော လဆန်း(၂)ရက်နေ့ညနေတွင် သတင်းထောက်ဦးထွန်းတင်နှင့် ဦးအုံးမောင်တို့နှစ်ဦး (ငါတို့အား ကေလာသလာခေါ်လေသူနှစ်ဦး)တို့သည် ထိုကျောင်းသို့သွားကြချေရာ-

"မင်းတို့အကောင်မောင်ငြိမ်း သူ့မိန်းမလိုက်ခေါ်လို့ ပြန်လာခဲ့ရတယ်မဟုတ်လား"

မဆီမဆိုင် ရောက်ရောက်ချင်း ဒဲ့ဒိုးကြီးအမေးခံကြရဆို၏။ ၄င်းတို့လည်း အစ, ကြက်သေသေ အံ့အားကြီးသင့်နေခဲ့ကြဆို၏။ နောက်မှ "တင်ပါ့ ဘုရား" ဟူ၍ လျှောက်ကြားမိခဲ့ကြဆို၏။

"ပြောလိုက်စမ်းကွာ့ အဲဒီအကောင်တွေရင် နိဿရည်းမရှိလို့ ခါးပြတ်တယ်လို့"

ထို့နောက် အလ္လာပသလ္လာပ ဩဝါဒစကားမိန့်ကြားပြီး (၂၄)တိုင်ပါ ဖယောင်းတိုင်တစ်ထုပ် ချီးမြှင့်လိုက်သေး၏။ ထိုသတင်းထောက်တို့လည်း ရုတ်တရက် ထိပ်ခေါက်ခံလိုက်ကြရသဖြင့် ကမန်းကတန်းပင် ငါတို့အိမ် ပြေးလာကြကုန်၏။အံ့ဩခြင်း၊ တုန်လှုပ်ခြင်းလည်းရှိနေကြချေ၏။ လိုက်ခေါ်သူတို့အား အလိုက်ခံရသူ၏ အမည်ကိုပါ အော်ပြောသဖြင့် အံ့ဩရခြင်းသည် အရင်းအမြစ်တည်း။

- ငါတို့နာမည်ကို အဘယ်သို့သိနှင့်နေချေသနည်း။
- သူတို့ လိုက်လံခေါ်ခဲ့သည်ကိုလည်း ဘယ်သို့သိနှင့်နေသနည်း။

စင်စစ် ငါတို့နှင့် အဘဝိမလကား အမည်သိရန်နေနေသာသာ လူချင်းပင် နီးစပ်ခြင်းမရှိခဲ့လေသည်ကို ၄င်းတို့အသိပင်ဖြစ်၏။ နှစ်ကြိမ်မျှ လူအုပ်ကြားမှ ဖူးခဲ့ရသည်ကိုပင် ၄င်းတို့မသိရှိ။ သို့ကြောင့် အံ့ဩခြင်း၊ တုန်လှုပ်ခြင်းများ ဖြစ်ကြသည်မှာ အဆန်းမဟုတ်ပြီ။

"ခင်ဗျားကို အဘဝိမလက ပြောလိုက်တယ်ဗျာ့။ ခင်ဗျားသွားတွေ့လိုက်ဦး။"

"ခင်ဗျားအကြောင်းကို အဘဝိမလက ကောင်းကောင်းကြီးသိနေတယ်ဗျာ့" ဆိုကြ၏။

သို့နှင့် ငါတို့လည်း ပေကပ်ကပ်ဖြင့် ဆန္ဒမပြုရပြီ။ ထိုသတင်းထောက်များ ပြန်ကြသည်နှင့်

မဟာဗောဓိပါလ

ညတွင်းချင်းပင် သာသနာ့ဗိမာန်သို့ ညအိပ်သွားရချေတော့၏။ ၎င်းတို့ကား အဘဝိမလချီးမြှင့်လိုက်သော (၂၄)တိုင်ပါ ဖယောင်းတိုင်များကို သုံးပုံပုံပြီး ငါတို့အတွက်ကျ ရှစ်တိုင်ကို ပေးသွားကြသေး၏။

ကျောင်း၌ တစ်ညလုံးလုံး သားသမီးရင်း (သာဝကရင်း)များဖြင့် စည်ကားနေပါ၏။ ကျောင်းအောက်ထပ်၌ကား ငါတို့ကေလာသ ဂူတွင်း၏ အိပ်မက်ထဲ၌တွေ့ရသော ဦးလာဘကိုလည်း ဖူးတွေ့ရပြန်၏။ ၎င်းကား များမကြာမီကပင် ပဲခူးမင်းဓမ္မတောင်မှ ပြောင်းရွှေ့လာသည်ဆို၏။ ၎င်းနှင့်အတူထိုအောက်ထပ်ဝယ် ဦးရာဇိန္ဒ၊ ဘိုးသောမနှင့် ပဲခူးမှ တရုတ်အမျိုးသား ရဟန်းတော်တစ်ပါးကိုလည်း ဖူးတွေ့ရသေး၏။ အိပ်မက်ကား အချိတ်အဆက်မိလှချေတကား။

နံနက်အရုဏ်မတက်မီကပင် အဘမွေးနေ့အဘကိုယ်တော်တိုင် ဘုရားအား အရုဏ်တော်ကပ်ရန်အတွက် ကြီးမားသော ဖယောင်းတိုင်ကြီးများလည်း အဆင်သင့်၊ သစ်သီးပွဲများကလည်း အဆင်သင့်၊ အမွှေးနံ့သာတိုင်များကလည်း အဆင်သင့်ပြင်ဆင်ထားရှိပြီးဖြစ်၏။ အရုဏ်တက်သည်နှင့် မုန့်ဟင်းခါးဆွမ်းပွဲ၊ အချိုယမကာပွဲများလည်း အဆင်သင့်ပင် ဖြစ်နေပါ၏။

အရုဏ်တက်၏ (၄း၃၀)နာရီက အချက်ပြလိုက်သည်နှင့်-

အဘဝိမလသည် စံရာအခန်းမှ ထွက်ကြွလာပြီး အလင်းတိုင်များကို ကိုယ်တော်တိုင်ထွန်းညှိခြင်း၊ နံ့သာတိုင်များကို ကိုယ်တော်တိုင်ထွန်းညှိခြင်းကိစ္စ ဦးစွာပြုကျင့်တော်မူပါ၏။

ထို့နောက် ကိုယ်တော်တိုင် တစ်ပါးတည်းပင် ဘုရားရှင်အား အရုဏ်တော်ကပ်ပွဲ ကပ်လှူပါ၏။ ပြီးသော် မိုးကုတ်ဆရာတော်ဘုရားကြီး၏နိဿရည်းအတိုင်း ပိတ်ကားပြင်အချပ်ကြီးပေါ်၌ ရေးဆွဲထားသော ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပုံကားချပ်၊ ကမ္ဘာမှထုတ်ဝေဖြန့်ဖြူးထားသော ကမ္ဘာ့ပထဝီဝင်မြေပုံကားချပ်၊ ၎င်းတို့ကို နောက်ခံပြုထားရာထိုင်ခုံပေါ်၌ ငြိမ်သက်စွာထိုင်တော်မူကာ-

"ငုံးမင်းကွာ့- တိရစ္ဆာန်ရယ်၊ သူ့မှာမိဘတွေကလည်းပစ်သွား၊ သူ့မှာ အတောင်အလက်များကလည်းမရှိသေးဘူး။ အင်း သည်အထဲ တောမီးကြီးကလည်း တဟုန်ထိုးပြေးလာနေတော့ သူ့ အတိတ်က ဆောက်တည်ခဲ့ဘူးသောသီလကို ဦးစွာအာရုံပြုတယ်။ လူ့ဘဝရောက်တိုင်း,ရောက်တိုင်းတွေတုန်းက ဖြည့်ခဲ့ဖူးသော ပါရမီ,သီလတွေကိုပေါ့။

သည့်နောက်မှာ သူ့ထံအပြေးလာနေသော တောမီးကြီးကို ရင်ဆိုင်လိုက်တယ်။

"တောမီးကြီး ကျုပ်မှာ အတောင်အလက်များလည်း မစုံလင်သေးပါဘူး။

ကျုပ်မိဘနှစ်ပါးလည်း ကျုပ်ကိုပစ်ထားအခြားသွားကြကုန်ကြပါပြီ။

ဤစကား အမှန်ဖြစ်ပါလျှင် တောမီးကြီးဖယ်ခွာသွားပါသောတည်း" သစ္စာပြုလိုက်တယ်။

တစ်ခါထဲ တောမီးကြီးဟာ သူ့စကားသိသလိုပဲ ချက်ချင်းရပ်ပေးလိုက်ရတယ်ကွာ့"

"နောက်တစ်ခု ငါးရံ့မင်းကွာ့၊ ဒါလည်းပဲ တိရစ္ဆာန်မဟုတ်လား။ သူက သူ့အမျိုးတစ်စု ရေနည်းရတဲ့အထဲ ကျီးစင်တစ်တွေက ထိုးသုတ်စားကုန်ကြတော့ ရှေးယခင်က သူဆောက်တည်ခဲ့ဘူးတဲ့သီလအာရုံပြု သစ္စာဆိုလိုက်တယ်။

"မိုးမင်းကြီး ကျုပ်အမျိုး, ကျုပ်အဆွေတွေ သေကုန်ကြရပါပြီ။ နေ၏အပူဒဏ်ကိုလည်း ခံစားနေကြရပါပြီ။ ရှေ့ဆက်လက်နေပါက အကျွန်ုပ်တို့တစ်တွေလည်း သေပွဲဝင်ကြရတော့မှာဖြစ်ပါသည်။ ဤစကားသည် မှန်သောစကားဖြစ်ပါက မိုးမင်းကြီးရွာပါစေသတည်း"

သည်လိုဆိုလိုက်တာနဲ့ မိုးကြီးသည်းထန်စွာရွာသွန်းပေးရတယ်။

မဟာဗောဓိ



ဒါ- တိရစ္ဆာန်တွေချည်းဘဲကွ၊ မင်းတို့ သစ္စာဆိုလို့မှာ သစ္စာမစူးပြလျှင် တိရစ္ဆာန်လောက်မှ နေရာမကျသေးလို့ဘဲ"

နှုတ်ခွန်းတော်ဆက် မိန့်ခွန်းကား ဤမျှသာဖြစ်၏။ မည်သူ့ကိုပြောသည်ဟူ၍လည်း မသိရ။ လူပေါင်းတစ်ရာခန့်အတွင်းပေးလိုက်သော မိန့်ခွန်းတော်မျှသာ ဖြစ်ပါချေ၏။

ပြီးသော် ငါတို့အားလုံး မုန့်ဟင်းခါးသုံးဆောင်ရန် ကျောင်းအောက်ထပ်သို့ ဆင်းကြရ၏။ ငါတို့ဂါရဝပြုပြီးသဖြင့် ကျောပေးကာဆင်း၍ အပေါက်ဝရောက်သွားသည်နှင့်-

"မောင်ငြိမ်းဆိုတဲ့အကောင် ဟိုကောင်မဟုတ်လား"

အဘဝိမလ၏အနီးရှိ တပည့်ရင်းဦးအေးအား မေးသည်ဆို၏။ လက်စသတ်တော့ ထိုအဘဝိမလ၏ နှုတ်ခွန်းဆက်ဩဝါဒကား ငါ့အတွက် သက်သက်ပေပဲကိုး။ ငါတို့ကား သစ္စာမဆိုမိသဖြင့် ရှုံးနိမ့်ကာ ရွာသို့ပြန်လည်လာခဲ့ရသည်မှာ သေချာသွားပြီ။

-သစ္စာသည် ပါရမီဖြည့်ရာလမ်း၌ တွေ့ရမည့် အနှောက်အတားများကို ဖယ်ရှားရန်လက်နက်။
-မေတ္တာသည်ကား ပါရမီဖြည့်ရာ မိမိနောက်သို့ လိုက်၍ကူညီနေသူများကို ပေးဝေရာလက်နက်။

တစ်ဖန်လည်း မိမိ၏ပါရမီစခန်းပြီးစီးသဖြင့် အများဝေနေယျတို့အား မိမိနှင့်တန်းတူ မိမိ၏သို့လျှင် ပါရမီမျိုးဖွံ့ဖြိုးရန် ပေးဝေရာ၌လည်း ထိုမေတ္တာလက်နက်သည် ဆက်လက်သုံးရမည်သာ ဖြစ်၏။

ဤသို့လျှင် မေတ္တာနှင့်သစ္စာ တရားနှစ်ပါးတို့၏ အသုံးပြုရပုံကိုလည်း သဘောကျလာ၏။ ဘုရားရှင်သည်ပင် အလောင်းတော်ဘဝ ပါရမီမပြည့်ဝမီ၌ သစ္စာလက်နက်အသုံးချခဲ့သည် မဟုတ်လော။

**ဝင့်ကြွေးငယ်တင် လွတ်သေးမယ်မောင်မထင်နဲ့**
**နောင်ဆင်ခြင်ထား၊ မချိုသူ သတိမူမိပေတော့**
**ဝိဋ္ဋျသာ ကိုသတ်ခဲ့က ထွင့်ဘုန်းရှင်အလွတ်ရုန်းရတယ်**
**ထုံး၇ှိပေသား**

ထိုမွေးနေ့ပွဲပြီးခဲ့သော်လည်း အဘဝိမလထံ နောက်ထပ်လည်း ငါတို့မသွားဖြစ်ခဲ့။ တစ်နေ့သွားမည်, တစ်နေ့သွားမည်နှင့် တစ်ပတ်မျှကြာညောင်းသွားခဲ့ချေတော့၏။

ဝါခေါင်လဆန်း(၁၀)ရက်နေ့တွင်ကား မသွားမဖြစ်ဆိုကာ တစ်ဦးတည်းပင် အဘဝိမလထံ သွားရောက်ရတော့၏။ နှစ်ဦးချင်းတွေ့သော် မသိသလိုသာဆက်ဆံချေတော့၏။

"အဘ ယနေ့ကစပြီး သားကို အရင်းအချာသဘောထားပြီးဆုံးမပါဘုရား။ သားရဲ့ ဘဝ-ခန္ဓာအားလုံး အဘကိုပဲအပ်နှံပါသည်ဘုရား"

"အေးကောင်းတာပေါ့ကွ၊ မင်း ဘာအလုပ်လုပ်သလဲ"

"သား- အရဟံသိဒ္ဓိပွားပြီး အဓိဋ္ဌာန်ဝင်ပါတယ်ဘုရား။"

"လုပ်ပေါ့ကွ- မင်းလုပ်နေကျအတိုင်း"

ရောက်စနေ့ကားဤမျှသာရှိ၏။ ငါတို့လည်း စကားဆုံးသည်နှင့် အဘထံမှခွာခဲ့ပြီး ထိုအဘကျောင်းတော်ရှိ ဘုရားခန်းမှာပင် တစ်နေကုန် အဓိဋ္ဌာန်ဝင်ကာ ညမှသာအိမ်ပြန်လာခဲ့၏။

ဝါခေါင်လပြည့်နေ့ကား ဝါတွင်းဥပုသ်ဖြစ်သည်အားလျော်စွာ ထိုအဘကျောင်း၌လည်း ဥပုသ်သည်များနှင့် ပြည့်ညပ်နေ၏။ ငါတို့လည်း အဝင်အပါဖြစ်ခဲ့၏။ ထိုဥပုသ်သည်များကို စေတနာရှင်များက မုန့်ခဲဘွယ်များတို့ဖြင့် ဥပုသ်မယူမီ ဧည့်ခံကျွေးမွေးကြ၏။

မဟာဓမ္မပါလ

ငါတို့ကား ရောက်သည်နှင့် ဘုရားဂါရဝပြု အဘကိုလည်းဂါရဝပြုအပြီး အဘအားပင် အများနှင့် ရောနှောကာဝတ်ဖြည့်(နှိပ်နယ်)ပေးမိ၏။ ငါတို့ကား အဘခြေသလုံးသား နှိပ်နယ်ပေးလျက်က။

အဘသည်ကား ၄င်းတို့ကပ်ထားသော မုန့်ဆွမ်း(ထန်းသီးမုန့်ဆွမ်း) ကို အာရုံပြုဘုဉ်းပေးနေပါ၏။ ပြီးသော် အနီးရှိသားသွီးများကို အနည်းငယ်စီ ဖဲ့၍ဖဲ့၍ ဝေငှကာစားစေ၏။ ငါတို့လည်း လက်ဝေခံသားသွီးအထဲ တစ်ဦးအပါဖြစ်သွားတော့၏။ ထိုအမူအကျင့်ကား အဘ၏အမြဲအကျင့်တည်း။

အဘသည် ၄င်းသို့ကပ်လာသဖြင့် စားသုံးခွင့်ရလေသောအစာတို့ကို မည်သည့်အခါမျှ တစ်ပါးတည်းစားလေ့မရှိတတ်။ အနီးရှိသာဝကများကို ဖဲ့ဝေကာကျွေးမြဲပင်ရှိပါချေ၏။ ပြီးသော်-

"မင်း- ငါ့ဆီဘာဖြစ်လို့လာသလဲ" ငါတို့ကို မေးတော့၏။

"သား-သံသရာတစ်ဖက်ကမ်း ကူးချင်လို့ပါဘုရား"

"မင်းနှုတ်ထဲတိုးရာပြောတာလား၊ တကယ်စိတ်ပါလို့ပြောတာလား"

"သည်စိတ် ငယ်ငယ်ထဲက ဖြစ်ခဲ့တဲ့ စိတ်ပါဘုရား"

"အေး- တကယ် သံသရာတစ်ဖက်ကမ်း ကူးချင်တယ်ဆိုရင်တော့ ငါတတ်နိုင်သလောက် လက်တွဲခေါ်မယ်။ သိဒ္ဓိ-မဟိဒ္ဓိလိုချင်လို့တော့ ငါ့ဆီမလာနဲ့ ငါမပေးနိုင်ဘူး"

ဤသို့လျှင် အတိအလင်းကြေညာပါ၏။ ငါတို့ကလည်း သဘောကျပါ၏။ သံသရာတစ်ဖက်ကမ်းကူးခွင့်ရမည်ဆို မည်သည့်လမ်းကပို့ပို့ အဆင်သင့် လိုက်ပါမည်သာဖြစ်ပါ၏။ ပြီးသော်-

"ဘာလဲကွ့- မင်းက ဟိုဝိဇ္ဇာရန်လုပ်၊ သည်ဝိဇ္ဇာရန်လုပ်နဲ့။ ဝိဇ္ဇာတွေရန်လုပ်ရအောင်က မိန်းမယူတုန်းက ဝိဇ္ဇာတွေပေးစားထားလို့ ယူရသလား။ မင်းဟာမင်း ကမျင်းကြောထယူထားတာလား"

"တပည့်တော်ဖာသာ ယူထားမိတာပါဘုရား"

"အေး- ချည်တော့လွယ်တယ်ကွ၊ ဖြည်(ဖြေ)တော့ခက်တယ်"

*ဝဋ်ကြွေးငယ်တင်*
*လွတ်သေးမယ် မောင်မထင်နဲ့*
*နောင်ဆင်ခြင်ထား။*
*မချိုသူ သတိမူမိပေတော့*
*ဝိဋ္ဋူ သာကီသတ်စဉ်က*
*ထွင်ဘုန်းရှင် အလွတ်ရုန်းရတယ်*
*ထုံးရှိပေသား။*

ဤသို့လျှင် ကဗျာလေးကို ရွတ်ဆိုပြသပါ၏။ ဆက်၍လည်း-

"သည်ကဗျာလေးကို ငါ့အား-ရာကျော်ကပေးတာရယ်၊ ငါကလည်းသဘောကျတာနဲ့ ရွက်ရေ (၁၀၀၀)ပုံနှိပ်ပြီး ဝေငှခဲ့ဖူးတယ်" မိန့်၏။

ထို့နောက် အခြားအလ္လာပ သလ္လာပစကားများကိုသာမိန့်တော့၏။ ထိုစဉ် အဘသားသွီးများထဲမှတစ်ဦးက ရယ်စရာစကားများပြောလာသဖြင့် ရောနှော၍လိုက်ရယ်မိရာ-

"သံသရာတစ်ဖက်ကမ်း ကူးလိုတဲ့အကောင်က စပ်ဖြဲဖြဲနေရသလားကွ" ဆူတော်မူပါတော့၏။ ထို့နောက်တွင်ကား ထိုအဘရှေ့ သတိလက်လွတ် မနေရဲခဲ့တော့ပြီ။

ဤသို့ဖြင့် တစ်လမျှကြာသွားသည်ထင်၏။ ငါ့ကို ဘာအားထုတ်-ဘာလုပ် မခိုင်း။

ငါလုပ်သမျှ အကဲခတ်နေသည့်သဘောသာဖြစ်ဘိ၏။ ငါတို့ကလည်း နေ့စဉ်လည်း နေ့လည်မှည(၇)နာရီအထိ ပုံမှန်သွား၏။ ဥပုသ်နေ့၌ကား နံနက်မှညတိုင်အမြဲရှိနေပြီး၊ ည(၇)နာရီရောက်

မဟာဗမ္မပါလ



လျှင်ဘုရားဝတ်တက်၊ ဓမ္မစကြာရွတ်၊ ပရိတ်မေတ္တာပွား တို့ကို အများနှင့်တွဲဖက်လျှက်က ဝတ်မပျက်ခဲ့။

ထိုစဉ်က ငါတို့နှင့် တွဲဖက်၍ ဥပုသ်နေ့ဘုရားဝတ်တက်ခဲ့ကြရသော ဓမ္မစကြာအဖွဲ့မှာ ဦးဝင်း(ခေါင်းဆောင်)၊ဦးအေး၊ဦးလူအေး၊ဒေါ်ခင်မူ၊ဒေါ်မြသန်း၊ဒေါ်ချော၊ခေါ်ခင်မြ၊ဒေါ်ညို၊ဒေါ်စိန်မေနှင့်ငါတို့ပင် အမြဲဖြစ်ချေ၏။

တစ်လလောက်ကြာသော တော်သလင်းလပြည့်ရောက်သော်ကား-

"စားကျက်မငြိမ်တဲ့နွားသာ ခလောက်ဆွဲရတာကွ၊ စာကျက်ငြိမ်ရင် ခလောက်ဆွဲဖို့ မလိုဘူး"

ဤသို့မိန့်ကာ အာဏာပါနရှုနည်းသို့ပြောင်းလဲရှုစေတော့၏။ ငါတို့လည်း ငယ်စဉ် (၁၃) နှစ်သားကတည်းက အသားကျခဲ့သောနည်း ဖြစ်သဖြင့် အလွယ်တကူပြောင်းခဲ့ရချေတော့၏။ သက်သတ်လွတ်စားခြင်းကိုလည်း ကန့်ကွက်ခြင်းမရှိသော်လည်း အားမပေးချေ။

မိသား-ဖသားသုံးယောက် ခရီးသွားရာ၌ လမ်းရိက္ခာပြတ်သဖြင့် သေဘေးနှင့်ကြုံလေသောအခါ သူ့ဖါသာသေလေသူ သား၏အသားကို ရိက္ခာအဖြစ်စားရသော်လည်း သားဟူသောအမှတ်က မလွတ်သဖြင့် သာယာခြင်းမရှိဘဲ စားရပုံမျိုးသို့ စားရမည်ကို မိန့်ဆိုပါ၏။

ရဟန်းတစ်ပါး၌ လှူသူတို့ စေတနာဖြင့် လှူသည်ကိုလည်းမတားသင့်ပုံ။ မလှူလိုသူတို့ စေတနာမပါလေသဖြင့် မလှူသည်ကိုလည်း မတောင်းသင့်ပုံတို့ကိုလည်း မိန့်ဆိုသေး၏။ ငါတို့ကား သက်ကင်းစားမြဲသာ။ ထိုစားခြင်းကလည်း သတ္တဝါအများအပေါ် စာနာစိတ်၊သနားစိတ်တို့ဖြင့် ရှောင်ရှားခြင်းသာ။

သီတင်းကျွတ်ခါနီးသော် ကျိုက်လပ်မှ ဦးသန်းလှ ငါတို့ထံရောက်လာ၏။ လာရောက်ရင်းကိစ္စမှာ သူ့အားဘုရားတည်ရန် အမိန့်ကျနေသဖြင့် အကူညီပေးရန် ငါတို့အား တောင်းခံလာခြင်းပင်။

ငါတို့သည်လည်း ဦးစွာ အိမ်ရှေ့မင်းနှင့်တူသောဦးလာဘအား လျှောက်ထားရ၏။ ဦးလာဘထံမှ "ကောင်းတယ် အဘအားလျှောက်"ဆိုပါမှ အဘထံတက်၍လျှောက်ထားရ၏။ အဘကလည်း "ငါ့သားလုပ်နိုင်လျှင်ကူညီမည်"ဆိုသဖြင့် သီတင်းကျွတ်လျှင် လိုက်ရန်ကတိပြုမိ၏။

ဦးသန်းလှကလည်း ငါတို့ကတိအတိုင်း သီတင်းမကျွတ်မချင်း မပြန်ဘဲကြီး စောင့်ချေတော့၏။ သို့နှင့် သီတင်းကျွတ်လျှင်ကျွတ်ချင်း ကျိုက်လပ်နယ်၊ ကျည်းချောင်း-ဆင်ကူးရွာသို့ လိုက်ပါသွားခဲ့ရချေတော့၏။ ထိုသို့ လိုက်ပါရစဉ် "မပြီးလျှင်မပြန်ခဲ့နှင့်ကွာ" ဟူ၍ အဘက မိန့်မှာလိုက်ပါ၏။

## ကြီးကြီးသေးသေး
## သုံးဆူဆိုတာ ဝန်ကျေ ဝန်မလေးတော့

ဘုရားတည်ရန် လိုက်ပါရမည်ဖြစ်သဖြင့် စိတ်ကားမကောင်းလှ။

-ငါတည်လိုသောဘုရားကား စိတ်ဘုရားမျှသာ။

-ငါကိုးကွယ်လိုသောဘုရားကား အတွင်းဘုရားမျှသာ ။

-ငါပူဇော်ချင်သည်မှာ ငါ့မနောကြားအတွင်းထား၍ ငါတစ်ဦးတည်းကြားသာ, မြင်သာရုံမျှသာ။

ယခုသော်ကား အပြင်ထွက်ဘုရားတည်ရချေတော့မတဲ့။ အများနှင့်ဖက်၍ဘုရားတည်ရတော့မတဲ့။ အများနှင့် ဆက်ဆံရမည့်အရေးသည် ငါ့ရင်အလေးဆုံးဖြစ်မိ၏။

သာသနာပြုလုပ်ငန်းအစုံတို့တွင် ဘုရားတည်လူစု၍ပြုရသောသာသနာကား အခက်ဆုံး။

မဟာဗုဒ္ဓဝါဒ

-ဟောခြင်း၊ ပြောခြင်းဖြင့် ပြုရသော သာသနာကား ဟောသမျှ ပရိတ်သတ်ကနားထောင်ရုံသာ အစအဆုံးရှိ၏။

-အင်းရေစသည်ဖြင့် ပယောဂကုသ၍ပြုသော သာသနာသည်လည်း ယူသူ-ခံရသူ-မိမိ သုံးဦး ပြေလည်လျှင် ပြီးစီးတော့၏။

-ဆေးဝါးကုသ၍ပြုရသော သာသနာလည်း ရောဂါ, ခံရသူ, မိမိ သုံးဦးစပ်မိလျှင် ပြီးစီးတော့၏။

-ဂါထာမန္တာန်ရွတ်ဖတ်၍ပြုရသော သာသနာလည်း ရောဂါ-ခံရသူ-မိမိ သုံးဦးအကြောင်းသင့်က ပြီးစီးရတော့သည်သာ။

ဤဘုရားတည်၍ပြုစုရသော သာသနာကား ထိုသို့မဟုတ်ပြီ။

ဘုရားစေတီဟောင်းသည် သူတစ်ဦးတစ်ယောက်၏ သဒ္ဓါအားသက်သက်ဖြင့် တည်ထားခဲ့သော ဘုရားစေတီဖြစ်သော် တော်သေး၏။ အများစုပေါင်းတည်ထားသော စေတီဖြစ်သော်မှ သဒ္ဓါသက်သက်မျှလည်းဖြစ်မည် ခေတ်ကိုမဖန်တီးသော၊ ခေတ်အားမပိုင်ဆိုင်သော၊ ခေတ်၏အာဏာကို အစိုးတရမပိုင်ဆိုင်သော လူသားများချည်း သက်သက်ဆိုက အရေးမပါလှ။

အကယ်တိ ထိုဘုရားစေတီတည်ထားသော မူလဒါယကာသည်ကား ဘုရင်လည်းဖြစ်ဦးမည်။ သစ္စာဆို၍တည်သည်လည်းဖြစ်ဦးမည်။ ဓါတ်ရိုက်ဓါတ်ဆင်နည်းများဖြစ်ကြလေသော ရာဇဝင်ချေဖျက်ခြင်းမျိုး၊ ရာဇဝင်သစ်ဖော်ဆောင်ခြင်းမျိုးလည်းဖြစ်ဦးမည်ဆိုသော် အလွန်လျှင်ရှုပ်ထွေးလှချေ၏။ အဝင်ရလည်းခက်လှ၏။ အနှောက်အတားလည်းများတတ်သေး၏။ ယခု ငါတို့ဝင်ရမည့်စေတီကား ဤသို့ ဤနှယ်သောစေတီမျိုးတည်း။ စေတီ၏ဘွဲ့တော်ကား 'ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီ' တည်း။

မူလဒါယကာတို့ကား သမုဒ္ဒဃောသမင်းနှင့် ဥမ္မာဒန္တီမိဖုရားတည်း။

ပုသိမ်ရာဇဝင်သည် ဤစေတီ၌ ထင်ဟပ်၏။ ကျိုက်လပ်သည် ပုသိမ်(၃၂)မြို့အဝင်အပါဆို၏။ ကျိုက်လပ်ဆိုသည်မှာ ကျိုက်ကား-ဘုရား၊ လပ်ကား-ပြိုဖြစ်သဖြင့် ဘုရားပြို ဟူ၍ အဓိပ္ပါယ်ရဆို၏။ သို့ကြောင့် ဤမြို့သည်ဘုရင့်သက်တမ်းရှည်ရန်ရည်၍ ဘုရားပြို ဘုရားပျက်များကို တည်ထားပြုပြင်ရာ ဓါတ်ရိုက် ဓါတ်ဆင်မြို့သာ ဖြစ်တန်ရာ၏။ သို့မဟုတ် ရှင်စောပုခေတ်၏ ဓါတ်ဆင်မြို့လည်းဖြစ်တန်ရာ၏။

ဤ၌ ဥမ္မာဒန္တီဆိုသည်မှာ ရှမ်းအဆက်နွယ် မင်းသမီးတစ်ပါးဆို၏။ ၄င်းအား နှစ်သက်လေသူများကား မွန်မင်းလျှင်တစ်ပါး၊ ဗမာမင်းလျှင်တစ်ပါး၊ ကုလားမင်းလျှင်တစ်ပါး မင်းသုံးပါးတို့အပြိုင်ပေါ်လာကြဆို၏။ မင်းသမီးကား ကုလားမင်းသမုဒ္ဒဃောသကို ပို၍မျက်စိကျနေဆို၏။ သို့တစေလည်း မင်းတွေချည်း ဖြစ်နေကြ၍ အခြားကိုလည်း ပစ်ပစ်ခါခါ မပယ်လှန်ရဲ ဆို၏။ သို့နှင့်-

"အရှင်တို့သုံးပါး ဘုရားတစ်ဆူစီ တည်ကြပါ။ အယင်ပြီးစီးသူလက်ခံပါမည်"ဟု အကြောင်းပြန်လိုက် ဆို၏။ မင်းသုံးပါးတို့လည်း "ကောင်းပြီ" ဝန်ခံ၍ ဘုရားအပြိုင်တည်ကြရဆို၏။

မွန်မင်းကား- မြို့တောင်ဘက်ရှိ ဘုရားကြီးကုန်းမှ ဘုရားကိုတည်၏။

ဗမာမင်းကား- မြို့အနောက်ရှိ တကောင်းဘုရားကြီးကိုတည်၏။

အိန္ဒိယနွယ်ဖွားမင်းကား- မြို့အလယ်ရှိ ရွှေမုဋ္ဌောဘုရားကြီးကိုတည်၏။

ထိုတွင် ရွှေမုဋ္ဌောကား ရခိုင်စန္ဒသူရိယမင်း၏ရာဇဝင်နှင့်ရောနှောနေသဖြင့် မူလဒါယကာကား ထိုစန္ဒသူရိယမင်းသာ ဖြစ်တန်ရာ၏။ သမုဒ္ဒဃောသ

မဟာဝမ္မပါလ



အိန္ဒိယနွယ်ဖွားမင်းကား အသေးပေါ် အကြီးငုံခြင်းမျှသာဖြစ်တန်ရာ၏။ ထားဝယ်-ရွှေမုဋ္ဌိ၊ မော်လမြိုင်-ကျိုက္ခမီ,ကျိုက်ထို,ကျိုက်ပေါလော၊ ပုသိမ်-ရွှေမုဋ္ဌော တို့ကား စန္ဒသူရိယမင်း အမိဋ္ဌာန်ဖြင့် ပို့တည်ထားသောဘုရားများတည်း။

ဥမ္မာဒန္တီသည် အရိုးခံဉာဏ်ဖြင့် ဘုရားတည်နေသော(တကယ့်အုတ်အင်္ဂတေတို့ဖြင့် ဘုရားတည်နေသော)သမုဒ္ဒဃောသထံသို့သွားရောက်ခါ- "ရှင့်-သည်လိုချည်း ဘုရားတည်နေလို့ ဘယ်လိုလုပ် ပေါင်းနိုင်ပါတော့မလဲ" ဆို၏။

"သည်လိုဆို ဘယ်လိုတည်မှ ပေါင်းခွင့်ရမလဲ" သမုဒ္ဒဃောသ က ပြန်လည်မေးရာ-တစ်ခဏချင်း ပြီးစေနိုင်သော ဝါးခြမ်းရက်, ဖျင်ပတ်, ထုံးသုပ်နည်းကို မင်းသမီးကအကြံပေးဆို၏။ ထိုအကြံအတိုင်းတည်ထားရာ ရက်ပိုင်းအတွင်းဘုရားပြီးသဖြင့် ထိုရက်ပိုင်းအတွင်းထီးတော်တင်၊ ထိုရက်ပိုင်းအတွင်းမှာပင် လက်ထပ်မင်္ဂလာပွဲ ဆင်ယင်ကျင်းပဆို၏။

ထိုပိတ်ဖျင်ပတ်ဘုရားကား လေအား-မိုးအားမခံနိုင်ပြီ။ မိုးအခါလေ,မိုးတို့လာသဖြင့် ထိခိုက်မိရာ ထိုဘုရား ထုံးကွာ၍ပိတ်စလွင့် ဝါးခြမ်းအုံအင်ုံဖြင့် ထီးထီးရှိစေတော့၏။ ထိုသုံးဆူလုံးတို့ကား မယားပိုးဘုရားများချည်းတည်း။

'ဒါ မင်းသွီးရဲ့ ကလိမ်ခြုံဉာဏ်ဖြစ်ရမည်'

ထိုသို့ ကျန်မင်းနှစ်ပါးတို့ အပိုင်ရိပ်မိလာကြတော့သဖြင့် နှစ်ဖက်ညှပ်၍ စစ်ခင်းကြသည်ဆို၏။ သို့ဖြင့် မင်း-မိဖုရားနှစ်ပါးတို့လည်း ခံစစ်ဖြင့်တွန်းလှန်ခြင်း၊ပြေးခြင်း၊ ခံစစ်ဖြင့်တွန်းလှန်ခြင်း၊ ပုန်းအောင်းခြင်းများ သေတစ်ပန်သက်တစ်ဆုံးလုံးပမ်းကြရာမှ ပုသိမ်(၃၂)မြို့ဟူ၍ ဖြစ်လာကြသည်ဆို၏။ ထို မင်း-မိဖုရား၊ နောက်လိုက်ဗိုလ်ပါအများတို့ ပုန်းခိုရင်း သစ်တပ်ချရာ၏အနေကြာအစ်များသော နေရာသည် မြို့ဖြစ်လာသည်ဆို၏။

ဤစကားရပ်များသည် ငါတို့ ရာဇဝင်လေ့လာသဖြင့် သိရသောအချက်အလက်များလည်း မဟုတ်၊ အတွင်းသားတို့ အိပ်မက်အားဖြင့်ပြောကြားသည်လည်းမဟုတ်။ စင်စစ် ထိုဘုရားတည်ရန်စိုင်းပြင်းနေစဉ် ဧည့်သည်တစ်ဦး၏ လာရောက်ပြောကြားချက်မျှသာတည်း။

ထို မင်း-မိဖုရားတို့ စခန်းချနားရာ၌ တည်ထားခဲ့သောစေတီအများစုတို့တွင် ဤဘုရားလည်း အဝင်အပါဖြစ်ခဲ့၏။ ကျီးချောင်း(ကုလားအသုံးအဆောင်များဖြစ်ကြသော ကြေးလင်ပန်း၊ ကြေးပန်းကန်ပြား စသည့်ပစ္စည်းတို့မြှုပ်နှံထားရာ ကြေးသိုက်၏အနီးရှိ ချောင်းကိုအစွဲပြုလျက်က ကျည်းချောင်းရွာအမည်ရ)၏။ တစ်ဘက်ကမ်း အောက်ဆင်ကူးရွာဘက်တွင် နန်းဦးစေတီလည်းရှိသေး၏။

ဦးသန်းလှ ဘုရားကုန်းတော်မှာမနေပြီ။ သူ့အိမ်၌သာနေပြီး သူ့အိမ်မှသာ အမိဋ္ဌာန်ဝင်နေချေ၏။ ဘုရားပြုပြင်မှုကိစ္စကား ငါတို့ပုခုံးပေါ်၌ လုံးလုံးကြီး ပုံကျနေချေတော့၏။ ပစ္စည်းခေါင်းပါးသဒ္ဓါပါးသော တောအရပ်ဖြစ်သဖြင့် ဘုရားအုတ်ချပ်စီရာ၌ ထုံး,သဲ ၁×၇(ထုံးတစ်ချိုး, သဲခုနစ်ချိုးတို့ဖြင့်)စီစေခြင်း။ အကယ်တိ ထုံးမရခဲ့ချေသော် မြေသရိုးတို့ဖြင့်သာ အတွင်းမှစီပြီး ပြင်ပအချောကိုင်မှသာ ထုံး၊ သဲ၊ ဘိလပ်မြေများသုံးရန် အမိန့်ပေးခြင်းများကိုရည်ညွှန်း၍ သည်ရသေ့ဘုရားအပေါ် စေတနာမပါရှိ။ တော်ရိရော်ရာပြုလုပ်သည်ဟူ၍ စွပ်စွဲကာ တစ်ဘက်မှဒါယကာငွေအလှူတော်ထည့်ရန် ကတိပြုထားသည့်အတိုင်းပင် မထည့်ကြတော့ပြီ။ ဘုရားကုန်းတော်သို့လည်း မလာရောက်ကြတော့ပြီ။ ဝါးစသော ပစ္စည်းအကူများလည်းမပေးကြတော့ပြီ။ ဘုရားကား ပလ္လင်ခုံဖြင့်တစ်နေချေပြီ။

အုတ်နှစ်သောင်းကုန်မှ ပြီးစီးမည့်ထိုဘုရား ပလ္လင်ခုံဖြင့်ပင် အုတ်တစ်သောင်းကားကုန်သွားပြီ။ ပန်းရံများကလည်း အုတ်ကုန်လျှင်ပြန်တော့မည်

ဟူ၍ ရာဇသံပေးကာ ထိုအုတ်တစ်သောင်းကို (၁၀)ရက်ခန့်ဖြင့် အပြီးအစီး(ညာသံပေးပေးပြီး) သုံးယောက်တည်းဖြင့်ပင်လုပ်ကိုင်နေကြချေပြီ။ ဘေးကြပ်နံကြပ်မျှသာမက ရင်ကြပ်တင်ကြပ် ဖြစ်ချေပြီ။

-အလုပ်တစ်ခုစမိလျှင် မပြီးလျှင်မဆုံးချင်သောငါ။

-အလုပ်တစ်ခုလုပ်မိလျှင် အဆုံးမရောက် လက်မမြှောက်လိုသော ထိုငါ။

ပန်းရံများကို (၁၀)ရက်မျှခန့်တော့ ဆိုင်းငံ့ကြပါဦး။ အကယ်တိတိ ထိုအတွင်းမှာမှ နောက်ဆက်, ဆက်စရာမရှိက ပန်းရံတို့သဘောပါ တောင်းပန်ပြီး ရန်ကုန်သို့ ဦးသောင်း(ထိုစဉ်က ပါတီစိပ်အတွင်းရေးမှူး၊ ကျေးရွာကောင်စီ၌လည်း အတွင်းရေးမှူးတာဝန်ပင်ထမ်းဆောင်ဆဲ)နှင့်အတူ ရုတ်တရက် ပြန်လည်လွှတ်လိုက်ရန် နောက်တစ်ဦးကိုပါခေါ်၍ပြန်လာခဲ့ရ၏။ ရောက်မဆိုက် ငါတို့၏ အနွံအတာကို အမြဲခံလေ့ရှိသောဦးမြင့်ဆွေထံ ညတွင်းချင်းသွားရောက်၍ ငွေတစ်ထောင်ခေတ္တချေးရ၏။ ရသော် နံနက်(နက်ဖြန်ထွက်မည့်) သင်္ဘောဖြင့်ပင် အုတ်ဝယ်ရန်လွှတ်လိုက်ရ၏။ ထိုချေးငွေသည်ပင် ရွာ၌- ရသေ့ကအများအလှူငွေကို ချေးငွေလုပ်သည်ဟူသော ကောလာဟလသတင်းပျံ့နှံ့လေသေး၏။ ထိုငွေယူသွားသူက သူ့ရှေ့မှာပင်ချေးငှားပေးလိုက်တာပါ ဆိုမှအေးဆေးသွား၏။

ငါတို့နှင့်ဦးသောင်းက ရန်ကုန်ရှိ စီးပွားရေးမိတ်ဆွေ၊ ဓမ္မမိတ်ဆွေများအိမ် လှည့်လည်၍ အလှူခံကြရ၏။ အသာတကြည်လှူသူလည်းရှိ၏။ ကိုယ့်ကိစ္စကိုယ်မလုပ်ဘဲနှင့်တစ်ပါးကျွန်သွားလုပ်ရကောင်းလား ဝေဖန်ပြီးလှူသူလည်းရှိ၏။ ကျပ်ကျော်လည်းရှိ၏။ ဆယ်ကျော်လည်းရှိ၏။ ရာကျော်လည်းပါ၏။ ထိုငွေကို ထိုငွေအတိုင်းပင်ယူခဲ့၏။ ထုံးကိုကား ဦးမြင့်ဆွေ၏တာဝန်ခံဖြင့် ထုံးကုန်သည်ထံမှ အကြွေးယူခဲ့ရ၏။ ပြန်ရောက်သွားလေသောအခါ မရောက်မီကပင် ငါတို့ကို စွဲချက်တင်ထားပြီးဆို၏။

-သည်ရသေ့ကား သူ့အဓိဋ္ဌာန်အောင်ရန်ကိုသာ အလေးမူ၏။ ဘုရားကောင်းမွန်ရေးရှေးမရှု။

-သည်ရသေ့ကား သူ့အောင်ချက်ရရန်ကိုသာ အလေးပေး၏။ ဘုရား၏ရှေ့ရေး နည်းနည်းမျှ မတွေး။

-သည်ရသေ့ကား သာသနာ၌ စေတနာမပါ။ သူ့တွက်ကိုသာ မဲတင်းလုပ်ဆောင်နေ၏။

ထိုစွဲချက်များတို့ဖြင့် ငါတို့ပြန်လာသော် သပိတ်မှောက်ရန် ပန်းရံကအစ စီစဉ်ထားရှိကြပြီးဆို၏။ ငါတို့ကားမရိပ်မိ။ နံနက်မလင်းမှီ ပြန်လည်ရောက်၍ မိုးအလင်း၌ ပန်းရံများအလုပ်လုပ်နေရာသွားတဲ့ကာ -

"ပြီးစီးအောင် ကြိုးစားကြဗျား၊ လိုတဲ့ပစ္စည်းပစ္စယများလည်း ပါလာပါပြီဗျား၊ ဒါမှမလောက်ငှ ရွံ့နှင့်တည်တန်တည်ရပေလိမ့်မယ်ဗျား" ပြောမိရာ

"ကျုပ်တို့က ရွံ့နဲ့တည်တဲ့ ပန်းရံစား မဟုတ်ဘူးဗျာ၊ ရသေ့ခိုင်းတိုင်း လူလိုက်မလုပ်နိုင်ဘူး"ဟူ၍ ခုခံပါချေတော့၏။ ငါတို့ကား"ဟုတ်လား"ဖြင့် လျှော့ပေးရ၏။

ထို့နောက်တွင်ကား စကားပြောလျှော့၍ အဓိဋ္ဌာန်အလုပ်၊ အမျှမေတ္တာပွားခြင်းအလုပ်များကိုသာ စိတ်မဲတင်းလုပ်၏။ သစ်သီးဆွမ်း မီးလွတ်ဖြင့်ပင် အဓိဋ္ဌာန်ဝင်၏။

ပထမနေ့ ရခိုင်ငှက်ပျောမှည့် ကိုးလုံးကို တစ်ရက်တာဆွမ်းအဖြစ်သုံး၍ကျင့်၏။ ထို့နောက်ရက်တစ်လုံးလျှော့ ရှစ်လုံးဖြင့်လည်းကောင်း၊ နောက်ရက်တစ်လုံးလျှော့ ခုနစ်လုံးဖြင့်။ ဤသို့လျှင် တစ်ရက်ပြီးစီးသော် တစ်လုံးတစ်လုံးလျှော့၍ နောက်ဆုံးကိုးရက်မြောက်နေ့တွင်ကား ထိုရခိုင်ငှက်ပျောမှည့် တစ်လုံးတည်းဖြင့်သာ တစ်ရက်တာ

မဟာဓမ္မပါလ



ဆွမ်းအဖြစ် သုံးလျက်ကကျင့်၏။

"အတော် စုပ်စုပ်ပြတ်ပြတ်ကျင့်တဲ့ရသေ့ပဲ" ရွာနေလူတို့၏အသံများ။

"ရသေ့လိုတောင် ကျုပ်တို့မကျင့်နိုင်သေးဘူး" နယ်ရှိ ရဟန်းတော်များအသံ။

နောက်ဆုံး၏ တစ်လုံးတည်းသော ငှက်ပျောသီးဖြင့် အဓိဋ္ဌာန်မီးလွတ်အကျင့် ကျင့်ချိန်တွင်ကား အားလုံးကပင် "ယနေ့ ရသေ့တော့အလဲပဲ" ဆိုကာ အကဲခတ်ကြည့်, ကြည့်ကြ၏။ ဘုရားကုန်းမှ ညအထိပင် လူကြီးများက မပြန်ပြီ။

ရသေ့ကား ယနေ့ လက်ခမောင်းခတ်နေချေပြီတည်း။

နှစ်ဖာလုံမျှဝေးကွာသော ကမ်းထိပ်မှ အုတ်ချပ်များတို့ကို တစ်ခေါက်လျှင်(၅)လုံးကျဖြင့် ဘုရားကုန်းတော်သို့ အများနည်းတူသယ်၏။ မေတ္တာစိတ်ကြောင့်လည်းဖြစ်မည်ထင်၏။ အဓိဋ္ဌာန် အောင်ရက် အားတက်နေသဖြင့်လည်း ဖြစ်တန်ရာ၏။ မောခြင်း၊ တုန်ခြင်း အလျဉ်းမရှိ။ ညကျလေသော် ဘုရားဝတ်တက်သည်ကိုပင် အော်ဟစ်ဆို၏။ ပရိတ် မေတ္တာဘာဝနာကမ္မဋ္ဌာန်း အော်ဟစ်၍ပင် စီးဖြန်းသေး၏။

နံနက်ရောက်သော် အားလုံးကပင်အောချကြကုန်၏။ ထို့နောက်တွင်ကား အစစ အဆင်ပြေသွားတော့၏။ အနည်းငယ်မျှသော အဖုအထစ်မှတစ်ပါး ကြီးမားသော အဟန့်အတားမတွေ့ရပြီ။

ဘုရားတည်ခြင်းအမှုကိစ္စသည် မင်္ဂလာသတို့သမီးအိမ် သတို့သားဝင်ရသည့်ပမာထက် ခက်သေး၏။ ငါတို့တောဓလေ့ မင်္ဂလာဆောင်ပဟေ့ဆိုလျှင် ကာလသားတို့က ကာလသားကြေးတောင်းသည်ကိုလည်း ကဏ္ဍာကောစ မလုပ်ရဘဲ အကျေအလည်ပေးရ၏။ ကာလသမီးတို့ တောင်းဆိုတိုင်းကိုလည်း မဆိုင်းမတွပေးရသေး၏။ သည်အထဲ တစ်ရွာသားဖြစ်ခဲ့သော် ရွာတံခါးမှစ၍ သတို့သမီးအခန်းဝတိုင်အောင် တံခါးဆည်းကြလေသော လူကြီးဖြစ်ကလူကြီးအလိုက် တောင်းသမျှအရေး အကြေအလည်ပေးရ၏။ ကလေးများဖြစ်နေသော် ကလေးအလိုက်ပင်ပေးရသေး၏။ တစ်ရွာတည်းသားဖြစ်နေသော် သတို့သားနေအိမ်အပေါက်ထွက်မှသည် သတို့သမီးအခန်းဝသို့တိုင် တောင်းသမျှအခွင့်အရေး ပေးပြီးမှသာဝင်ရ၏။

သည့်အတူပင်လျှင် ဘုရားတည်ခြင်းကိစ္စလည်း မြေပေါ်လျှင်တစ်မျိုး၊ မြေအောက်တွင်တစ်ဖုံ လူအမျိုးမျိုး နတ်အဖုံဖုံတို့၏ အနှောက်အတားစုံအတိုက်စုံများကို ကျော်လွှားလွန်မြောက်ပြီးမှသာ ကိစ္စပြီးကြရချေ၏။ ထိုအားလုံး ငါတို့ကား မေတ္တာဖြင့်သာ အနိုင်ယူခဲ့ပါချေ၏။

သည့်အထဲ ထူးကဲစွာ ငါတို့ဆိပ်ကမ်းဝယ် ရှင်ဥပဂုတ္တဖေါင်ကော် လာ၍ရပ်နားခဲ့ပြန်၏။ ငါတို့သည်ကား အထူးဝမ်းမြောက်စွာဖြင့် ခုနစ်ရက်ပတ်လုံးပူဇော်၏။ ဖေါင်တော်တက်လျက်က အဓိဋ္ဌာန်ဝင်၏။ အမျှမေတ္တာပွားပို့၏။

ကြီးမားသော ဖေါင်တော်ကြီးပေါ်ဝယ် ခန့်ညားသောကိုယ်ပွားတော်ကြီးတစ်ဆူသည် ရွှေပလ္လင်တကဲတော်များဖြင့် ခန့်ညားထည်ဝါစွာ ကိန်းဝပ်လျက်ရှိ၏။ လက်ဝဲဘေး၌ကား ရှင်ဥပဂုတ္တ ရုပ်ထုတော်။ ပတ်ပတ်လည်နံရံတို့၌ကား ကိုးမြို့ရှင်၊ မြင်းဖြူရှင်စသော ပန်းချီမှန်ကားများချိတ်ဆွဲလျက်ကပါရှိ၏။ ကျိုက်လပ်မြို့ ပတ္တမြားဆန်စက်မှ မျှောသည်ဟု ကမ္ပည်းစာပါလာ၏။

ခုနစ်ရက်ပြည့်သော် ည၏ရေတက်ဖြင့် ပြန်လည်မျှောလိုက်၏။ ချောင်းတစ်ခွင်လုံး မီးရောင်များတထိန်ထိန်တို့ဖြင့်ရှုမငြီးဖွယ်မြင်ကွင်းပင်တည်း။

ထိုဘုရားကား (ပြည်လုံးချမ်းသာစေတီကား)ပြာသိုလပြည့်တွင် ပန္နက်တင်မင်္ဂလာပြုလုပ်၍ တပေါင်းလတွင်ပြီးစီး၏။ ဉာဏ်တော်ကား စေတီ

မဟာဗောဓိ



သက်သက်(၂၄)တောင်၊ ထီးတော်ဖြင့်(၂၇)တောင်တိုင် မြင့်၏။ အစစပြင်ဆင်ရသဖြင့် တာကူးလပြည့်တွင်မှ ထီးတော်တင်လှူနိုင်၏။

ထိုထီးတော်တင်ပွဲသို့ အဘဝိမလ ကိုယ်တော်တိုင်ကြွရောက်တင်လှူ၏။ ဌာပနာတိုက်ခန်း အတွင်း၌လည်း-

'ကုန္ထာသယဘုံးတော်ကြီး အဘဝိမလ ကိုယ်တော်တိုင်ကြွရောက်၍ ထီးတော်တင်လှူသည်' ဟူသောကမ္ပည်းစာတမ်းကို ကြေးပြား၏တမူးထုပေါ်တွင် ထွင်းစာလုံးများဖြင့် ကမ္ပည်းရေးထိုးကာ သွင်းပိတ်ထားရှိ၏။

▼

## ဇာတ်သည်ပင်လျှင် နှစ်ဖွဲ့အပြိုင်အဆိုင်

ထိုထီးတော်တင်ပွဲဝယ် ကျိုက်လပ်မှ မြင့်မြင့်ခင်ဇာတ်အဖွဲ့ဖြင့် တင်လှူ၏။ အကြောင်းမှာ ထိုဇာတ်ခေါင်းဆောင် မင်းသမီးမြင့်မြင့်ခင်ကား ဆိုင်းဝိုင်း၊ မောင်းစသည့် တူရိယာများကိုလည်း နိုင်နင်းစွာတီးခတ်နိုင်စွမ်းရှိ၏။ သို့ကြောင့် ထီးတော်တင်လှူပွဲနံနက်ခင်းတွင် ဧည့်ခံဆိုင်းလည်းတီးစေ ထီးတော်တင်လှူရာ၏အပို့လည်းဖြစ်စေ ရည်ရွယ်ကာ ငှားခဲ့၏။

သို့တစေလည်း အခြေအနေကားမှန်းသည် ထက် ဆန်းနေချေပြီ။

ကျိုက်လပ်၌ မြင့်မြင့်ခင် နှင့် မှုန်ရွှေရည် ဇာတ်နှစ်ဖွဲ့ရှိလေရာ၊ ကျန် မှုန်ရွှေရည်ကလည်း ၎င်းတို့လည်းလာရောက်ကူမည် အခမယူ ထမင်းသာကျွေးဖြင့် အတင်းလာချေတော့၏။

မြင့်မြင့်ခင်အဖွဲ့ကလည်း တစ်ပြားမျှမပေးနှင့် ထမင်းသာကျွေးဆိုကာ နှစ်ညတာမျှကပြပြီးစီးသော်လည်းဇာတ်ခုံပေါ်မှမဆင်း အတင်းပေကပ်နေကြပြန်ချေတော့၏။

ရော. . ခက်ကပြီ။

အမျိုးနှစ်မျိုးတို့မှသာကွဲသည်မဟုတ်၊ ဇာတ်နှစ်ဇာတ်တို့ကလည်း ကွဲနေပါပကောလား။

ထိုစဉ် ကျိုက်လပ်ပြည်သူ့ရဲတပ်ဖွဲ့မှ ရဲအဖွဲ့ဝင်ဟောင်းတစ်ဦးသည် ထိုဇာတ်များမပေါ် ဩဇာညောင်းလေသူဖြစ်သဖြင့် ၎င်းကပင် မြင့်မြင့်ခင်အဖွဲ့အားနားချ၍ ကျိုက်လပ်သို့ပြန်လည်ပို့ပေးလိုက်ရ၏။ ထိုနေ့မှ မည်သည့်သဘော်များမှ အစုန်အဆန်မလုပ်ကြသဖြင့် ရွာရှိသမ္ဗာန်ကြီးများဖြင့်ပင် ပို့လိုက်ရချေ၏။ ၎င်းတို့ကား စိတ်မကြေပွဲနွဲ့သည့်ပမာ တစ်လမ်းလုံး အသံချဲ့စက်သံတည်ည်တို့ဖြင့် ဖွင့်လွှတ်လျက်ကသွားကြလေရာ ရေလမ်းတစ်လမ်းလုံးကား တေးသံများဖြင့် လွှမ်းမိုးလျှက်ပင်ရှိပါချေ၏။

တစ်ဖန် ကျိုက်လပ်မှထွက်ခွာလာသော မှုန်ရွှေရည်ဇာတ်အဖွဲ့ကလည်း ယင်းတစ်လမ်းလုံးပင် အသံချဲ့စက်ကြီး မော်တော်ဦးမှာတင်လျက်က ဖွင့်လွှတ်၍လာခဲ့ပြန်ရာ ရေလမ်းတစ်လမ်းလုံးကား တေးသံများဖြင့် လွှမ်းမိုးလျှက်ပင်ရှိပါချေ၏။

"ဟိုမှာ-ဟိုမှာ မြင့်မြင့်ခင်တို့ ပြန်လာနေပြီ"

"ဟိုမှာ-ဟိုမှာ မှုန်ရွှေရည်တို့ လာနေကြပြီ"

ဤသို့လျှင် အချင်းချင်း အဝေးမှပင် လှမ်းလင့် မြင်လိုက်ကြရလေသောအခါ သူကလည်း စက်အရှိန်မြှင့်ဖွင့်လွှတ်သဖြင့်လည်းကောင်း၊ ကိုယ်ကလည်း စက်အရှိန်မြှင့်ဖွင့်လွှတ်သဖြင့်လည်းကောင်း ထိုဇာတ်အဖွဲ့တို့ ဆုံစည်းရာဒေသသည်ကား တစ်တောလုံးညံ၍ တစ်ယံလုံးပွဲတင်ထပ်သွားစေတော့သတည်း။

အဘဦးဆောင်သောငါတို့အဖွဲ့ ထိုနေ့ညနေ ပြန်လည်ထွက်ကြလေသောအခါ အားလုံးက ဝမ်းနည်း, ဝမ်းနည်းဟစ်ငိုကြ၏။ ဦးအေး၊ ဦးဘမြိုင် အဘိုးနှစ်ဦးကားသာဆိုး၏။ (၆)လမျှငါတို့နှင့်

မဟာဓမ္မပါလ



လက်ပွန်းတတီး အတူနေအတူစား အတူလုပ်ရှား ခဲ့ကြရသဖြင့် သံယောဇဉ်ငြိနေကြခြင်းဖြစ်၏။

ကျိုက်လပ်ရောက်သော် အဘကား မစိုးရိမ်မတည်းခို ဟုအကြပ်ကိုင်၏။

ဘာကြောင့်ကားမသိ ဆရာတော်ဦးအရိယ က ပင့်ဖိတ်သွားသဖြင့် မသွားကမသင့်ပါကြောင်း လျှောက်ထားတောင်းပန်ရာ "အေးပေါ့ကွာ မင်းတို့မြို့ရောက်တုန်း မင်းတို့ကြိုက်သလိုလုပ်ကြ ပေါ့" ဟူ၍ကြိမ်းပါတော့၏။ ကျိုက်လပ်မှရန်ကုန် အပြန်သဘော်၌ကား မချိမဆံ့ကြပ်သိပ်စွာ ခံခဲ့ရ ပြန်ခဲ့ရပြီတည်း။

▼

## ဘုရားထုံးသုတ်မှ ကျောင်းထုံးသုတ်ဘဝသို့

ပြည်လုံးချမ်းသာ ဖေါင်တော်ဦးဘုရားကား ငါတို့၏ပထမဦးဆုံးသော သာသနာပြုရာဘုရားတည်း။ ငါသည်သစ္စာဆိုမိ၏။ ဤဘုရား၌ ဤသို့သော ပြန်လည်ပြုပြင်ရခြင်းသည် ဤတစ်ကြိမ်သည် နောက်ဆုံးအကြိမ်သာ ဖြစ်ရပါလိုသောဟူ၏။ အဘယ့်ကြောင့်ဆိုသော်-

ယခင့်ယခင်အစွဲများကြောင့် ယခု ကိုယ့် လက်ငုတ်ကိုယ်ဖော်ထုတ်ရခြင်းပင်ဖြစ်ချေ၏။

ယခုတစ်ခါ အစွဲတစ်ဖန် ပြန်လည်၍ နာဦး မည်ဆိုလျှင်ကား သံသရာအလုံး ဆုံးအံ့မထင်မိ၍။

တစ်ဖန် ဘုရားတည်လျှင် သိဒ္ဓိမဟိဒ္ဓိရစေ သည်ဟုပြောစမှတ်ပြုကြ၏။ ငါကားမယုံကြည်လေ။ အကယ်တိတိ ဘုရားတည်တိုင်းသာ သိဒ္ဓိမဟိဒ္ဓိရကြ စတမ်းဆိုလျှင် ဘုရားကိုကိုယ်တိုင်တည်နေကြသော ပန်းရံများကား ထိုသိဒ္ဓိမဟိဒ္ဓိများ ထားစရာနေရာပင် ရှိအံ့မထင်ပြီ။

ဤ၌ငါတို့စိတ်ထဲ၌ အတွေ့အကြုံတစ်ခု မှတ်သားထားမိ၏။ ငါတို့ထက်ဦးစွာအလျင် စခန်း ဝင်ထားသူလည်းဖြစ်သော ငါတို့အား ဆရာအရာမှ နေ၍ကူဖော်လောင်ဘက်ပေးကြသူများလည်းဖြစ် သော ဘိုးတေဇနှင့် ဆရာဦးမြသင်း(ယခင်က သင်္ကန်းကျွန်းမြို့နယ်၏ ဖဆပလတာဝန်ခံလည်းဖြစ် ဗိုလ်မှူးအောင်၏ညာလက်ရုံးလည်းဖြစ်ပြီး ယခု ဈေးခေါင်းကြီး -သင်္ကန်းကျွန်းဈေးကြီး၊ ဥက္ကလာပ- (တ)ဗဟိုဈေးကြီး၊ (၁၀)ရပ်ကွက်ဈေးကြီးများတို့၌ တာဝန်ထမ်းဆောင်နေသူ) တို့နှစ်ဦးဆုံတွေ့ကြကာ ဘုရားတည်ရာ၌အသုံးပြုခဲ့သော မောင်းကြီးကို (၁၈၀)ကျပ်ဖြင့်ရောင်းလိုသူရှိကြောင်း အချင်းချင်း သတင်းပေးကြကုန်၏။

"သည်မောင်းကြီးက အောင်မောင်းဗျာ့"

"သည်မောင်းကြီးနဲ့ ဘုရားဆယ်ဆူတောင် အောင်ပြီးပြီတဲ့"

ဤစကားမှတ်သားရဖူး၏။ ငါတို့စိတ်တွင်း ၌ကား ၎င်တို့နံဘေးမှထိုင်လျက်ကပင်

'အင်း. . မောင်းကြီးကအောင်မောင်း ဆို တော့ သည်မောင်းပိုင်ရှင်ကတော့မအောင်ဘူးလား။ သက်မဲ့မောင်းကြီးကသာ အောင်ခဲ့ပြီး လူကတော့ မောင်းကိုပင်ရောင်းစားနေရသလား'

ဤအတွေးများ အထပ်ထပ်ဝင်စေခဲ့မိ၏။ စင်စစ်ဘုရားတည်ရခြင်းသည် ရာဇဝင်ဘုရားမှန်သရွေ့ မိမိ၏ရှေးဘဝက ပါဝင်ခဲ့ဖူးသောကြောင့်လည်း ကောင်း၊ သစ္စာဆိုခဲ့ဖူးသောကြောင့်လည်းကောင်း အစွဲကြီးလွန်းလှသဖြင့် အစွဲပေါ်ရာအထဲပါ ဖြစ်ခဲ့ရ သောကြောင့်လည်းကောင်း တစ်ကျော့ပြန်၍ ရာဇဝင်ကြွေး ချေရခြင်းမျိုးသာဖြစ်ချေ၏။ မိမိ၏ သမထအာဏာတည်ရှိတုန်း ဆွေမျိုးတို့ကို စည်းရုံး ခြင်းသာ ဖြစ်ချေ၏။

- အုတ်ဘုရားသည် အရုပ်ဘုရားသာဖြစ်သဖြင့် အဟုတ်ဘုရားသို့ ကိစ္စမဆုံးစေတတ်။
- အပြင်ဘုရားသည် အပြောဘုရားသာဖြစ်သဖြင့်

မနောကြားရှိ သဘောဘုရားသို့ အရာမတွင်စေတတ်။

အရေးကြီးသည်မှာ မိမိ၏မနောဓါတ်အတွင်းဝယ် နာမ်ဘုရားကိန်းဘို့သာ မိမိအတွက်အရေးပါဆုံးဖြစ်ချေ၏။ ဘုရားရှင်၏ သစ္စာလေးတန်ကို အမှန်ထိုးထွင်းသိနိုင်စွမ်းရှိသောဉာဏ်တော်နှင့် မိမိ၏အသိစိတ်ဓါတ် တထပ်တည်းတသားတည်းကျရန်သာအဓိကရှိချေ၏။

ထို ပြင်ပဘုရား၊ ရုပ်ပြဘုရားတို့ကား အထက်ကဆိုခဲ့ပြီးသော အချက်သုံးချက်ကြောင့် အများအတွက် အများဘက်မျက်နှာလှည့်၍ တည်ရသောကိစ္စရပ်သာဖြစ်ချေ၏။ မိမိကိစ္စပြီးစီးရန်နှင့်ကားလုံးဝမသက်ဆိုင်ပြီ။ သိဒ္ဓိမဟိဒ္ဓိ အုတ်ပုံကြား၌မရှိ၊ မိမိမနောကြားမှာသာရှိ၏။

တစ်ဖန် မျက်မှောက်ခေတ် သီလသိက္ခာကြီးမားကြပါကုန်သော ရဟန်းသူတော်ကောင်း၊ လူသူတော်ကောင်းကြီးများ၏ ဘုရားတည်နည်းမှာ-

က။ အချို့ကား မိမိ၏သီလသိက္ခာစွမ်း အကဲစမ်းလိုသဖြင့် ဘုရားတည်ခြင်းကိစ္စ ပြုကျင့်ကြ၏။

ခ။ အချို့ကား မိမိ၏သီလအရိပ် အားလုံးခိုဝင်အိပ်သာစေရန် ဘုရားတည်ခြင်းကိစ္စ ပြုကျင့်ကြ၏။

ဂ။ အချို့ကား အတွင်းနေတို့ကအားကိုးတကြီးတောင်းခံလာသဖြင့် ဘုရားတည်ခြင်းကိစ္စ ပြုကျင့်ကြ၏။

ထိုတွင် တောင်ပုလုဆရာတော်ဘုရားကြီး၊ ဝေဘူဆရာတော်ဘုရားကြီးများက ငါတို့စကားသက်သေခံတော်မူသွားကြပါကုန်၏။

တောင်ပုလုဆရာတော်ဘုရားကြီး၏ ကြီးမားသောမြမဥ္ဇူစေတီတော်ကြီး (မိတ္ထီလာနယ် ၎င်း၏မွေးရပ်မြေဇာတိ, တဲစုရွာမှာရှိသည်) တည်ထားစေခြင်းကား ၎င်း၏သီလစွမ်းပကားတော်များကိုစမ်းသပ်တော်မူခြင်းမျှသာတည်း။ နတ်လူတို့၏အပံ့အကူကို လက်ခံတော်မူခြင်းမျှသာတည်း။

မနောပိုင်မှ သဘောပိုင်မည်။
ဓါတ်ပိုင်မှလည်း နတ်နိုင်မည်။

ဤစကားများသည် သမထအရာ၌ အသုံးများသော စကားတွင်ကျယ်စုများပင် ဖြစ်ချေတော့၏။ ဆိုလိုသည်မှာ သမာဓိခေါ် မိမိစိတ် မိမိပိုင်မှသာ သဘောခေါ်သဘာဝဓမ္မဓါတ်များကိုနိုင်နင်း၏။ ထိုသဘာဝဓမ္မဓါတ်များကိုနိုင်နင်းမှသာ နတ်တို့၏ပူဇော်ခွင့်ကို ခံယူရချေ၏။ သီလစင်ကြယ်ခြင်းသည် စိတ်စင်ကြယ်ခြင်းနှင့်ဆက်စပ်၏။ စိတ်မစင်ကြယ်သေးသဖြင့် မနောကံသောင်းကျန်းနေသူ၏ ကိုယ်ကျင့်သီလသည် ဖြူစင်သောသီလမဖြစ်နိုင်။

တစ်ဖန် စိတ်စင်ကြယ်ခြင်းကား သမာဓိတရားနှင့်ဆက်စပ်၏။ ခဏိကသမာဓိမှ ဥပစာရသမာဓိသို့လည်းကောင်း၊ ဥပစာရသမာဓိမှ အပ္ပနာသမာဓိ(မလှုပ်ယှက်သောစိတ်)သို့ တဆင့်မှတဆင့်ကူးဆင့်မတက်နိုင်လေသူ၏ သမာဓိသည် စိတ်စင်ကြယ်မှုကို တာဝန်မခံနိုင်။

ထိုအပ္ပနာသို့ နားသက်လေသူ၏ သီလသည်သာ စိတ်စင်ကြယ်သောအတိုင်း စင်ကြယ်မှုကိုဖြစ်စေရကား နတ်တို့ထက်မြတ်သောနတ်အရာသို့ တည်စေတတ်၏။ နတ်မင်းတည်း။

ထိုနတ်အရာသို့တည်လေပြီးသော သီလပိုင်ရှင်သည်သာ လူလိုမှနတ်လို၊ နတ်လိုမှဗြဟ်မ၊ ဗြဟ်မမှလိုသမျှ တ,သလိုအောင်နိုင်သော သိဒ္ဓိရှင်မဟိဒ္ဓိရှင် အစစ်တည်း။

တောင်ပုလုဆရာတော်ဘုရားကြီးကား ထိုဂုဏ်သတ္တိတော်များ ပိုင်ဆိုင်ပြီးဖြစ်ရကား ထိုသီလအားအသုံးချသောအားဖြင့် ဘုရားတည်ခြင်းဖြစ်၏။ သိဒ္ဓိမဟိဒ္ဓိလိုချင်၍ကားမဟုတ်ပြီ။

ဝေဘူဆရာတော်ဘုရားကြီး၏ ဇာတိမြေအင်ကြင်းပင်ဝယ် ကြီးမားသောတိလောကသဗ္ဗညုတစေတီတော်ကြီး တည်ဖန်ခြင်းကား အများခိုလှုံရန်မျှသာတည်း။

မဟာဗမ္မပါလ



တစ်ဖန် ကျောက်ဆည်တောင်တန်း၌ တည်ထားတော်မူသော စေတီအများအပြားတို့မှာမူကား ထိုတောင်ကြောရှိ အတွင်းနေသိုက်သူ-သိုက်သားများ၏ တောင်းပန်စကားမျှကြောင့်တည်း။

ဤသို့ရေးပြခြင်းမှာ ဘုရားတည်ခြင်းကိစ္စ ငါတို့ဉာဏ်မှီသလောက်ဖြင့် အများတို့သုတရရန်သာရည်၏။ ငါတို့တည်ရခြင်းကားကြွေးချေသက်သက်မျှသာတည်း။

ထိုကြွေးချေဘုရားပြီးစီးသဖြင့် ရန်ကုန်ပြန်ရောက်လေသောအခါ အဘသည် ငါတို့အား သာသနာ့ဗိမာန်ကျောင်းတော်ကြီးကို ထုံးသုတ်ခိုင်းပါချေတော့၏။

အောက်ထပ်၏ တိုက်ခံကျောင်းကိုယ်ထည်တစ်ခုလုံး ပတ်ပတ်လည်၌ မီးခိုးရောင်သုတ်ရမည်။ အထက်ထပ်၏ ပျဉ်ချပ်သံထည်များ၌ ရောင်စုံဆေးများ ခြယ်သုတ်ရမည်။

'အင်း. . ဌာနေပြန်ရောက်လျှင်တော့ ပရိတ်ယတ်မျိုးစုံတို့နှင့် ရောနှောဆက်ဆံခဲ့ရသဖြင့် ကျသွားလေပြီးသော သမာဓိအားများကို ပြန်လည်ကာ အဖတ်ဆည်မယ့်' စိတ်ကူးထားရာ ယခုသော်ကား ဘုရားထုံးသုတ်ခဲ့ရာမှ ကျောင်းထုံးသုတ်ရာဘက် မျက်နှာလှည့်ခဲ့ရပြန်ပကော။ ငါ၏အသိကား ထုံးသုတ်ရသည်မျှသာသိ၏။ အဘရည်ရွယ်သော အရောင်ဖွင့်စေခြင်းကိုကား နားမလည်သေးသဖြင့် စိတ်မပါပြီ။

## ဝိဇ္ဇာ အလုပ် ခေါင်းတစ်ပုတ်

တစ်နေ့ ငါတို့တစ်ဦးတည်း တိုက်၏နောက်ကျောဝယ် ထုံးသုတ်နေ၏။ လက်မှသာ ထုံးသုတ်၏။ စိတ်ကား ထုံးသုတ်ရာ၌မပါလေ။ လှေကား၏ထက်ဖျားဝယ်သုတ်လျှက်က-

'ငါအားထုတ်ချင်တာကတရား၊ ငါလုပ်နေရတာကထုံးသုတ်သမား။ အထင်နှင့်အမြင်တော့ ပါစင်အောင် လွဲမှားနေပါကလား'

'အဘဆီမရောက်မီက ငါမြင်ချင်ရာမြင်လို့ရသေး၏။ ယခုသော်ကား သူ့ထံမှရဖို့ဝေး၊ ငါ့ထံမှ ပညာလေးပင်ပြေးပါပေါ့လား '

ဤသို့ဤနှယ် အတွေးနယ်ကျယ်နေမိ၏။ အချိန်ကားညနေ(၄)နာရီကျော်ပြီဖြစ်၏။ တစ်ယောက်ထဲတွေး၍ တစ်ယောက်ထဲပင်ဆွေးနေပါ၏။ ဝိဇ္ဇာဆိုသည်မှာ ငါ့စိတ်အထင်၌-

-လင်ပေး မယားပေး များကဲ့သို့ ယူဆဆဲရှိ၏။

-ရော့ကွာ အင့်ကွာပေးလိမ့်နိုး ထင်၏။

-ပွဲပြင်ကွာ၊ ဖယောင်းတိုင်ထွန်းကွာ၊ အဆင့်တက်အဓိဋ္ဌာန်ဝင်ကွာ့ ထင်နေဆဲရှိ၏။

-နှုတ်ဖွင့်လက်ရှယ်သည် ဝိဇ္ဇာနယ်ပယ်၌ သုံးလေမည်ဟူ၍လည်း မျှော်နေဆဲရှိ၏။

ဝိဇ္ဇာဟူသည် အထူးသိခြင်းကိုမျှဆိုရာ ထိုအထူးသိသည် ရုပ်မဟုတ်၊ နာမ်မှုဉာဏ်ဆိုလေသည်ကို ငါတို့မရိပ်မိ။ ငါတို့ကား ဝိဇ္ဇာအမှန်ကိုကားအားမကိုး။ ဝိဇ္ဇာအမည်ခံပုဂ္ဂိုလ်(ရုပ်)၌သာ အားကိုးနေဆဲတည်း။ ငါတို့ကား ဝိဇ္ဇာ၏ဉာဏ်ပေး-ပေးသည်ကိုကားမယူ။ ဝိဇ္ဇာအမည်ခံပုဂ္ဂိုလ်၏ လှန်ပေးပေးမည်ကိုသာမျှော်လင့်ဆဲတည်း။

ညနေ နေဝင်ပြီဖြစ်သဖြင့် ထုံးသုတ်ကိစ္စရပ်ဆိုင်းကာ အိမ်ပြန်ရန်ရေမိုးချိုး၏။ ပြီးသော်အဘရှေ့သွားရောက်၍ အိမ်ပြန်ရန်ဂါရဝပြုရာ-

"ဝိဇ္ဇာဖြစ်ချင်လွယ်ပါတယ်ကွာ၊ ခေါင်းတစ်ချက်ပုတ်မရှိပါဘူး"

မဆီမဆိုင် မျက်နှာတည်မျက်နှာထားဖြင့် တည့်တည့်ကြီးမိန့်ကြားလိုက်ပါ၏။

'ဟာ-ဟုတ်ကရော၊ ငါတစ်ယောက်ထဲမှတ်လို့ ငါတွေးချင်ရာတွေးနေတာ လက်စသတ်တော့ ငါ့အနားအဘရှိနေသကိုး'

မဟာဗောဓိ



ငါတို့ကား ဒုတိယမ္ပိအံ့သြရပါ၏။ ပထမ ကေလာသ၏ဆံတော်တိုက်ဂူထဲမှ တစ်ယောက်ထီးတည်း အောင်မင်းခေါင်ကြီးကို စိတ်ကြိမ်း- ကြိမ်းလျက်ရှိပါသည်ကို အဘထံမှောက်ရောက်သောအခါ ဆီး၍ မာန်ငေါက်ခံခဲ့ရပြီးဖြစ်ပါ၏။ ယခုတစ်ဖန် ထပ်မံနာခံရလေသောအခါ ထိုအဘကား-ပရစိတ္တဝိဇာနနဉာဏ် ဧကန်ရလေသောပုဂ္ဂိုလ်ထူးကြီးအဖြစ် အသိမှတ်ပြုမိပါ၏။ နောင်ပေါက်လွှတ်ပဲစားအတွေးမမှားသင့်ရန်ကိုလည်း စောင့်စည်းတော့မည် ဟူ၍လည်းဆုံးဖြတ်မိပါ၏။

## မျက်မှန်အငှားတပ် ကြားပြတ်တော့မခံသာ

ဝိဇ္ဇာဖြစ်ချင် လွယ်ပါတယ်ကွာ့ ခေါင်းတစ်ချက်ပုတ်မရှိပါဘူး။

ထိုစကား ငါတို့ကြားရလေသောအခါ အားမကျမိ၊ အဘယ့်ကြောင့်ဆိုသော် ထိုအရာသည် ငါ၏စွမ်းအားစိုက်ထုတ် ငါ့ကိုယ်ပိုင်မဟုတ်လေသောကြောင့်တည်း။

ငါ၌ အမြင်အကြားတို့သည် နှစ်မျိုးနှစ်စား ရရှိခဲ့ဖူး၏။

အစပထမသော် ဝိဇ္ဇာကိစ္စ မယုံကြည်လေသောငါတို့ကို ဝိဇ္ဇာဆိုတာ သည်လိုအစွမ်းရှိတယ်ကွာ့ ဟူ၍ ပြောသည့်ပမာ ဆယ့်တစ်တောင်ပြည့်စခန်း၌ ဘိုးမင်းခေါင်၊ဘိုးဘိုးအောင်တို့၏ အံ့မခန်းပြချက်များမှတဆင့် ငါမြင်လိုရာမြင်တွေ့လာခြင်းတည်း။

ထိုအမြင်အကြားများသည် ငါတို့တကယ်ယုံ၍ အဟုတ်လုပ်သောကာလမျိုးတို့၌ စုန်းစုန်းမြုပ်ပျောက်ကွယ်သွားတော့၏။သို့ကြောင့်-

'အင်း. . သည်အမြင်,သည်အကြားသည် သူတစ်ပါးမျက်မှန် ခေတ္တအငှားတပ်ရခြင်းပေကပဲ'

ဤသို့လျှင်မှတ်ချက်ချမိတော့၏။ အငှားဟူသည် အချိန်ကျပိုင်ရှင့်ထံပြန်လည်ပေးအပ်ရသည်လည်းရှိ၏။ ပိုင်ရှင်နှင့် သဘောထားမသင့်ကလည်း ပြန်လည်အတောင်းခံရသည်လည်း ရှိသေး၏။

နောက်တစ်ခုကား ငါ၏သီလဖြူစင်သောကာလမျိုးတို့၌ ငါ့အား ငါနှင့်ပတ်သက်စပ်ဆက်လျက်ရှိကြပေသော အတွင်းသားများတို့က လိုက်လံစောင့်ရှောက်ကြလေ၏။ တစ်နေရာ ကိစ္စအထူးတစ်ခု ကြုံတွေ့လိုက်ရသော် ငါ၏စိတ်ကိုဟန့်လျက်က ငါ၏မနေသသွေးကိုလှန့်စေရကား ငါ့ကျော၌ကြက်သီးတို့သည်လည်းကောင်း၊ ငါ့တစ်ကိုယ်လုံးရှိမွေးညှင်းတို့သည်လည်းကောင်း တဖျန်းဖျန်းထစေ၏။ ထိုအခါ- 'ဘာလဲ' ဟူ၍ အာရုံယူကြည့်လိုက်မိချေသော်

ထိုနေရာ၏ မြင်ကွင်းမှန်ကိုလည်းကောင်း၊ ထိုကိစ္စ၏သဘောမှန်ကိုလည်းကောင်း၊ ဧကန်ပင်မြင်ရ ကြားရလေတော့၏။ ထိုကိစ္စ၌ ငါ့မှသာမဟုတ် တစ်ပါးသူ၏အဖြစ်သည် လာရောက်၍လှစ်ဟပြသော် ထိုသူဘာဖြစ်နေသည်၊ ဘာကိစ္စ၊ ဘာ့ကြောင့် ငါ့ထံရှိအမြင်အကြားများဖြင့် အတပ်သိ, သိခွင့်ရခဲ့ချေ၏။

ထိုအမြင်, ထိုအကြားများကား အဘထံမှောက်ရောက်သောအခါ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားချေတော့၏။ နောက်မှစဉ်းစားမိသည်မှာ ထိုအရာများသည် ဘူမိယလောကသားများထံမှ တဆင့် ထိတွေ့ခွင့်ရသောအမြင်အကြားများဟူ၍ ပင်ဖြစ်ချေ၏။ သို့ကြောင့် ဤအမြင်အကြားများသည်လည်း သူတစ်ပါးမျက်မှန် ခေတ္တမျှလက်ဝေခံခြင်းဟူ၍ ကောက်ချက်ချမိ၏။

ထို နတ်ကူ, ဓါတ်ကူ ခေါ် သူပေးလူပေး အမြင်အကြားများကိုထောက်ဆ၍ ယခု ဝိဇ္ဇာဖြစ်ရန်မှာ ခေါင်းတစ်ပုတ်မျှသာအမိန့်ရှိလိုက်သောအခါ ငါတို့ကားအားမကျမိပြီ။ မာနဟုဆိုလိုက

မဟာဗောဓိ



ဆိုနိုင်ပါ၏။ ကိုယ့်အားကိုယ်ကိုးခြင်းဟူ၍လည်း ကင်ပွန်းတပ်လိုကတပ်နိုင်ပါ၏။ စင်စစ် ငါ့အင်-ငါ့အား-ငါ့သတ္တိများဖြင့် ကြိုးစားရယူလေမှရသော ပစ္စည်းသည်သာအမှန်ဟူ၍ ယုံကြည်လိုက်ပါ၏။

ထိုယုံကြည်ချက်အတိုင်း အဘထံမှ ဘာရ လိုပါ၏ဟူ၍ ငါတို့အရေးမဆိုပြီ။ ထိုက်ရာကျွေး၍ ထိုက်ရာပေးလျှင်ကားယူမည်ဟူ၍ အဆောင် ပစ္စည်းမျှသည်ပင် မတောင်းခံမိပြီ။

ငါ့ထံ၌ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အဝိဇ္ဇာတို့ ရှိနေ သေးသမျှ ငါကားဝိဇ္ဇာစစ်မဖြစ်နိုင်။ ထိုအရာများ သည် ငါ့စိတ်နှင့်တစ်သားတည်း တွားသွားနေကြ လေသောအရာများချည်းပင်ဖြစ်ချေရာ ရေကြောင့် ဖြစ်သောရွှံ့ညွှန်တို့ပေကျန်ပါက ရေဖြင့်ပင်လျှင် ဆေးကြောမှသာ ပြောင်စင်ရာ၏သို့။ စွဲစိတ်ကြောင့် ဖြစ်သော ထိုအဝိဇ္ဇာအညစ်အကြေးများကိုလည်း ငါပိုင်သတိ ခေါ် မှတ်စိတ်ဖြင့် ဆေးကြောသုတ်သင် မှသာပြောင်စင်မည်ကို အတပ်သိနေချေရကား အခြား၌ အားကိုးစိတ်မဝင်ပြီ။

ဝိဇ္ဇာတို့ကို ယုံသဖြင့် ဝိဇ္ဇာတို့ထံပုံထားသော ငါ့စိတ်ကို ယခုတစ်ဖန် ဝိဇ္ဇာများထံမှပြန်လည် တောင်းခံပြီး ငါ့နည်းငါ့ဟန်ဖြင့်အပိုင်စီးရန် အယုံ ပြောင်းလဲလာချေတော့၏။

သို့ကြောင့်တစ်နေ့ အဘထံစာဖြင့်ရေး၍ လျှောက်ကြားမိ၏။ အဘကားနားကြပ်တပ်ထား သဖြင့် အော်ဟစ်ပြောရန်မဝံ့ရဲသောကြောင့်ပေ တည်း။

-ဝေဘူဆရာတော်ဘုရားကြီးထံ ဆုပန်ထားသော အကြောင်း။

-ဝိပဿနာဉာဏ်ဖြင့် ကိုယ်ပိုင်ဉာဏ်ပေါ် ထွန်းရန် အကြောင်း။

အဘကား စာကိုကား ဖတ်ရှုကြည့်၏။ နှုတ် တော်မှကား ဘာမျှမဖွင့်၊ မသိလိုက်ဖါသာ နေတော် မူ၏။ ငါတို့အမှားကျူးလွန်မိသော်မှ မငေါက်ငမ်း တတ်။ ၎င်းဖါသာကြိတ်မှတ်ပြီးသာခံတော်မူရှာပါ ၏။ မှန်ရာဖက်ကိုသာ မသိမသာဆွဲယူသိမ်းသွင်း ပေးတော်မူတတ်ပါ၏။ မေတ္တာအရာ၌ စံထားထိုက် သောဆရာတစ်ပါးပင်ဖြစ်ပါချေ၏။ ဂိုဏ်းဆရာတို့၏ အမူအကျင့်နှင့်ကား ပြဒါးတစ်လမ်း၊ သံတစ်လမ်း ပမာတည်း။

## ဟေ- လာလှည့်၊ ပဿ- ရှုလှည့်

ထိုနှစ်(၁၃၄၀-ပြည့်နှစ်)ဝါတွင်း၌ကား ဝါခေါင်လပြည့်၏ ဥပုသ်နေ့တွင်-

"မောင်ငြိမ်းလာ- ငါရှုနည်းပေးမည်" ဆို သဖြင့် အဘထံမှတရားထူးရချေတော့မည်တကား စိတ်ပေါ် ကာအားရဝမ်းသာဖြစ်မိပါ၏။ သည်ည ကျောင်းအိပ်ရမည်ဟုဆိုပြန်သဖြင့် အဘနှင့်အတူ တွဲ၍ တရားအားထုတ်ရမည်ပါတကား စိတ်ပေါ် ကာ အပျော်ကြီးပျော်နေပါ၏။

ညနေခင်းသို့ရောက်သော် အဘလက်တော် နှင့် တစ်ထွာပတ်လည်ရှိသောစက္ကူကဒ်ပြားပြင် ပေါ် ဝယ် အလည်တည့်တည့်၌ ထုံးဖြူဖြင့်အရာ ပေး၍ နံဘေးပတ်ပတ်လည်၌ ထုံးဖြူဖြင့်ပင်ရုံခိုင်း၍ ၎င်းကို မျက်လုံးအစုံဖြင့် တစ်ညလုံးလုံးစူးစိုက်ကြည့် နေရန်မိန့်၏။ ညောင်းသော်ကား လမ်းလျှောက်နိုင် ၏။ အိပ်ချင်သော်ကား လမ်းထလျှောက်ရန်လည်း မိန့်၏။

"ငါ့တုန်းက ငါကရှေ့ကနေ စူးစိုက်ကြည့်ရ တယ်။ ရာကျော်ကငါ့နောက်က တင်ပလ္လင်ခွေထိုင် ပြီး နည်းပေးတယ်။ ငါလည်းပဲသည်လိုပင်ရှုခဲ့ရ တယ်"

ဤသို့လျှင် မိန့်မှာတော်မူ၏။ ဆယ့်တစ် တောင်ပြည့်မှာတုန်းက ဘုရားပလ္လင်ထက်မှတက်၍

မဟာဗောဓိ

ထိုင်သော ကပိုကရိုပုဂ္ဂိုလ်ကား ရာကျော်ပေကပဲ ဆိုသည်ကိုကား အဘကျောင်းရောက်၍ ဓါတ်ပုံကို မြင်မှသိရတော့၏။ ငါ၏အနား ရှမ်းသွေးရှမ်းသား ကဲ့သို့သောပုဂ္ဂိုလ်သည်ကား ရက္ကန်းစင်တောင် ဆရာတော်ဟူ၍လည်း ထိုကျမှသိခွင့်ရတော့၏။

ထိုည ညဦးပိုင်း၌ ဓမ္မစကြာအဖွဲ့နှင့်အတူ ဝတ်တက်ရသေး၏။ ၎င်းတို့ပြန်သော် ငါတစ်ဦး တည်း ဘုရားခန်းတွင်းဝယ် ပထဝီကသိုဏ်းရှုရပါ ချေတော့၏။

အဘကား ရုံတစ်ခါအခန်းတွင်း၊ ရုံတစ်ခါ ငါ၏နောက်ကျောရှိကုလားထိုင်မှာ-

တစ်ညလုံးလုံး အဘကား ကျိန်းစက်သည် မရှိ၊ နာရီဝက်လျှင်တစ်ကြိမ်ကျ အခန်းတွင်းပြင်ပ က္ကရိယါပထပြောင်းလဲသည်မှတစ်ပါး အခြားအထူး မရှိချေ။

ဘာမှလဲမထူး၊ ငါ့အား ကြောင်တက်တက် သာထူး၏။

အထူးမျှော်သဖြင့် အထူးကားမပေါ်ချေ။ ဝမ်းသာလွန်းအားကြီးနေသဖြင့်လည်း စိတ်ကား မငြိမ်လေ။ တစ်ညမှနှစ်ည၊ နှစ်ညမှသုံးညကြာ လျှင်မူကား ထိုစက်ဝိုင်းကြီးကား အသက်ဝင်လာ တော့၏။ အလယ်တည့်တည့် ငါ့မျက်စိချထားရာ အရပ်မှ လိမ္မော်ရောင်သို့ဝင်းဝါသောအရောင်များ ထွက်ကာ, လက်ကာ တောက်ပ၍လာ၏။ နံဘေး ပတ်ပတ်လည် စက်ဝိုင်းကြီး၏အကွပ်ကား အိုးမဲဖြင့် သားထား၏သို့ အမဲရစ်ကြီးထင်လာ၏။ ကျန်ရှိသော စက်ဝိုင်းပြင်တစ်ပြင်လုံးကြီးကား ဖွားဖွားရိပ်ရိပ် ထုံးမှုံထုံးမွှားများထကြွသွားလာနေ၏သို့ လှုပ်ရှား ပြသနေပါ၏။

စိုက်ကြည့်၏။ ပိုမိုထင်ရှား၏။

ဝမ်းသာစိတ်ပေါ်လာ၏။ မှိန်ကျသွား၏။

ဤသို့ဖြင့် တစ်ညလုံးကြိုးစားရာ ရုံတစ်ခါ အိပ်ငိုက်သွား၏။ ထိုသို့ငိုက်မြည်းသွားစဉ်၌ တစ်ဖက် ခန်းရှိအဘသည် နံရံကိုဖောက်ထွင်းလျက်က ငါ့ထံ ရပ်လျှက်လာ၏။ ငါကားကြောက်အားလန့်အား များဖြင့်အားထုတ်၏။ စိတ်ကြည်သည်နှင့် ကသိုဏ်း အာရုံကားပေါ်လာပြန်တော့၏။ စိတ်မဲတင်းလျက် က အားထုတ်၏။ စိတ်အပါလွန်သဖြင့် ခဏချင်း ရလိုစိတ်ဝင်လာပြန်၏။ ပျောက်သွား၏။ တစ်ဖန် စိတ်ဓါတ်ကျသွားခိုက် ငိုက်ပြန်၏။ အဘလည်း ထွက်လာပြန်၏။ စိတ်လှုပ်ရှားကာ အားပြန်ယူရ ပြန်၏။

ဤသို့ဖြင့် မိုးစင်စင်လင်းခဲ့၏။ နေ့ရောက် သော် ထိုအခြင်းရာများကို အဘအားလျှောက်ထား ၏။ အဘကား ဘာမျှပြန်လည်ကာအမိန့်မရှိလေ။

ညနေ အိမ်ပြန်ရန် ဂါရဝပြုလေသောအခါ

"လိုသောဆု ပြီးစီးအောင်မြင်ပါစေ"

ငါတို့ကား တတိယမ္ပိအံ့ဩရပြန်၏။ ထိုဆု ပေးကား ကေလာသတောင်ဂူတွင်းဝယ် အောင်မင်း ခေါင်ကြီးနှင့်အတူရပ်လျှက်က ငါ့အားပေးသနားခဲ့ သောဆု ဖြစ်နေခြင်းကြောင့်ပင်တည်း။

ထိုနှစ်ကား မွန်ပြည်နယ်၊ ကျိုက္ကမိရော၊ ချောင်းနှစ်ခွရွာအနီးရှိ ထပ်ခနိန်းစေတီတော်ကြီးကို ဦးလာဘအရံထားလျက်က မွမ်းမံပြင်ဆင်ရန် အဘ သည်အားယူနေဆဲနှစ်ဖြစ်ပါ၏။

သို့ကြောင့် သိတင်းကျွတ်လျှင်ပင် (၇၂) လကွ ရှိထီးတော်ကြီးကို စီမံတော်မူ၏။ ငါတို့ သည်လည်း (၁၀၈)ကျပ် လေးကြိမ်ဖြင့် (၅၄၀)ကျပ် အလှူထည့်ဝင်ကာ ပါရမီဖြည့်ရ၏။

ငါတို့သည်လည်း ကျိုက်လပ်ရှိ ပြည်လုံး ချမ်းသာစေတီ၌ကျန်ရှိနေသေးသော အရံစေတီ လေးဆူအတွက်စိုင်းပြင်းရ၏။ နတ္တော်တွင်ပြီးစီး သဖြင့်ထီးတင်ပွဲကျင်းပ၏။ အဘကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်၏။

ကျိုက်လပ်မြို့၏ ဌာနေအားကိုးအားထားကား မစိုးရိမ်ဆရာတော် ဦးအရိယာဝံသနှင့် ၎င်း၏ညီတော်ဦးဝါသေဌ နှစ်ပါးတည်း။ ၎င်းကား ထိန်ကျွန်းဇာတိဖြစ်၏။ ထိန်ကျွန်းဂိုဏ်း၏ ဦးစီးလည်းဖြစ်၏။ လေးမြို့နယ်(ကျိုက်လပ်၊ ဖျာပုံ၊ ဗိုလ်ကလေး၊ ဒေးဒရဲ) ၏ ဝန်ဆောင်လည်းဖြစ်၏။ ပရိယတ်, ပရိပတ် စွယ်စုံ၏။ သံယာ့လောက၊ ဝိဇ္ဇာလောက နှံ့စပ်၏။ သမုတိချောင်ဆရာတော်ကား ၎င်း၏ဆရာအရင်းတည်း။

ငါတို့၏ ပြည်လုံးချမ်းသာစေတီတော်ကြီး ယမန်နှစ်က ထီးတော်တင်ပွဲကျင်းပရန်လည်း ၎င်းဦးစီး၏။ ယခုအရံစေတီ ထီးတော်တင်ပွဲ၌လည်း ၎င်းပင်ဦးစီး၏။ အဘကား အစစအရာရာ ၎င်းအားပင် တာဝန်ပေးအပ်နှင်း၏။ ဆရာတော် ဦးအရိယာဝံသကလည်း အဘအား ကြည်ညိုလျက်ကပင် အဘပေးသမျှတာဝန်ကို မဆိုင်းမတွ အဘစိတ်တိုင်းကျ ဆောင်ရွက်ပေးတော်မူ၏။

အဘသည်လည်းကောင်း၊ ငါတို့သည်လည်းကောင်း၊ ရန်ကုန်မှကျိုးချောင်းသွားတိုင်းလျှင်လည်းကောင်း၊ တစ်ဖန်ကျိုးချောင်းမှ ရန်ကုန်ပြန်တိုင်းလျှင်လည်းကောင်း မစိုးရိမ်ဝင်ပြီးမှသာ ကိစ္စပြီးပြေရသည် ချည်းဖြစ်ခဲ့၏။ ထိုဆရာတော်ကား ငါတို့နှင့်တွဲဖက်သောဦးသောင်းနှင့် ညီအစ်ကိုတည်း။

ကျိုက်လပ်မှပြန်လည်ရောက်သော် အဘ၏ဝတ်ပွဲ(ပရိဝတ်-မာနတ်-အဗ္ဘာန်သွင်းပွဲ)စီစဉ်ရ၏။ ထိုပွဲ၌ပင် ဦးလာဘသည် ကျိုက္ကရောမှ နောက်ပါများဖြင့် ခြံရံကာ သာသနာ့ဗိမာန်သို့ ကြွရောက်လာပြီး ထီးတော်ကြီးကို ပင့်ဆောင်၏။ စိန်ဖူးတော်ကိုကား ကြည့်မြင်တိုင် ပဒင်းတန်း(ဦးညွန့်နှင့်ညီများ)ဆိုင်မှ တိတ်တဆိတ်ယူဘို့ ကြိုးစားရာ အဘသိသွားသဖြင့် ကျောင်းသို့ယူခဲ့ရန်မိန့်ပြီး ကျောင်းသို့ရောက်သော် ဘုရားရှေ့ပြင်ဆင်ကာ အာရုံပြုလှူဒါန်းပြီးမှ ပေးအပ်လိုက်၏။

ထို့နောက် မြောင်းမြမှပင့်သဖြင့် ငါရယ်၊ မပုရယ်(အဘညီမအရင်းရယ်)ဖြင့် ဦးစွာသွားရောက်ရသေး၏။ ရောက်သော် အဘလက်ငုတ်များ ဖြစ်သော မြို့လည်ရှိ အောင်မင်းခေါင်စေတီ၊ ကုန်းသာရှိ ရွှေဘုံသာစေတီများကို ဦးချစ်အေး(တိုင်းအင်ဂျင်နီယာ) ဒေါ်ကျင်တီတို့အိမ်မှ တည်းခို၍ သွားရောက်ဖူးမြော်ခွင့်ရခဲ့၏။

အပြန်တွင်ကား သင်္ဘောလမ်း တစ်လျှောက်လုံး မြောင်းမြ-ဝါးခယ်မ-ရွှေလောင်း ကမ်းဘေးတစ်လျှောက် "ဟိုဘုရားကငါပြုပြင်ထားတာရယ်ကွ၊ သည်စေတီက မွမ်းမံထားတာရယ်ကွ" ဖြင့် စေတီမှန်သမျှ လက်ညှိုးထိုးမလွတ်အောင် ပြသတော်မူပါ၏။

အဘလက်ငုပ် ငါ့အားလက်ကုပ်၍ အပ်နှံနေရော့လေသလား။

ထိုဒေသကား ရှမ်းတို့၏ ဥမ္မာဒန္တီဆက်ချည်းဖြစ်ကြချေရာ နှမအရင်းဒေါ်ပုနှင့်တွဲဘက်၍ ခေါ်သွားခြင်းသည် ငါ့အတွက် သံသယဖြစ်နေချေတော့သတည်း။

## မွန်ပြည်ခြေဆန့်၊ မွန်ဝန်ကြီးခန့် ကျော့လေသလား

ထိုနှစ် ပြာသိုလ၌ပင် တစ်ဖန် ကျိုက္ကရော ထပ်ခနိန်းစေတီသို့ လိုက်ပါရ၏။ အဘ၏နောက်ပါးတွင်ကား ငါရယ်၊ မခင်မူရယ် နှစ်ဦးပါခဲ့၏။ မပုအစားမခင်မူကို ပြောင်းလဲ၍ ငါနှင့်တွဲ ပွဲထုတ်ပြန်၏။ သဘောကားဘယ်သို့မသိပြီ။

ထို မပု၊ မခင်မူ ၎င်းအပြင် မချော၊ မစိန်မေတို့နှင့်အတူ ဦးမြင့်ဆွေ၊ ဦးကျော်စိန်၊ ဦးလှဖေ၊ ဦးတင်အောင်တို့သည် ကျိုးချောင်း ပြည်လုံးချမ်းသာ ဖေါင်တော်ဦးစေတီ ထီးတော်တင်ပွဲ၌ကား အတူတူနွှဲခဲ့ကြ

ဓမ္မဒါန



သူများချည်း ဖြစ်ခဲ့ကြ၏။ ယခုသော် သီးခြားခွဲထုတ်နေချေပြီ။

ထိုစေတီ(ထပ်ခနိန်း)သို့မသွားမီနှစ်ပါတ်ခန့်အလို မခင်မူသည် ငါတို့ထံလာ၍ အဘပါးလိုက်သောလူကြုံစကားပြောကြား၏။ အဘကား တိုက်ရိုက်ပြောကြားလေ့မရှိ။

"ငါနဲ့ဦးလာဘကွဲခဲ့လျှင် မင်းဘယ်သူ့ဘက်လိုက်မှာလဲ" ဟူ၏။ မခင်မူကမေး၏။

"အာ. . သာသနာ့ဗိမာန်ကိုလာတာ အဘဆီလာတာရယ်၊ ဦးလာဘကျုပ်သိလို့လာတာမဟုတ်ဘူး။ ကျုပ်က အဘအမိန့်အတိုင်းသာလုပ်မှာ။ အဘပြောစကားကိုသာ နားထောင်မှာရယ်။

ဒါပေမင့်ဗျာ-ကျုပ်ကလူရယ်၊ ဦးလာဘကရဟန်းတော်ရယ်။ အဘကိုလျှောက်ကြားပေးပါ။ ထပ်ခနိန်းမှာ အတူတူတော့ထားမပစ်ခဲ့ပါနှင့်။ အတူတူထားသော် သူ့စကားဖယ်ရှားဖို့ ကျုပ်မှာလူသားဖြစ်လို့ ခက်ပါတယ်"

ဤသို့ပင် ပြန်ကြားလိုက်၏။ မခင်မူလည်း တစ်လုံးမကျန်အဘထံပြန်ကြား၏။ အဘကလဲ "ဒါလဲဟုတ်တာကပဲ" မှတ်ချက်ချတော်မူသည် သိရ၏။

ဤ၌ ဆရာတော်ဦးဝိမလကို ငါတို့အားလုံးက အဘ-အဘ ခေါ်သည်မှာ ဆရာတော်ကတွေ့လျှင် သား-သားဟူ၍လည်းကောင်း၊ သမီး-သမီး ဟူ၍လည်းကောင်း ခေါ်ဝေါ်လေ့ရှိသောကြောင့် တုန့်ပြန်ရာမှနှုတ်ကျိုးနေခြင်းဖြစ်ချေ၏။ ဘာ့ကြောင့် ဤသို့ခေါ်လေသနည်း။

ဘုရားတည်ကျောင်းဆောက် သာသနာပြုလုပ်ငန်းသည် မြေအောက်သားများနှင့်မကင်း၊ ထိုမြေအောက်သားများကား ၎င်းတို့အား သမာဓိအာဏာဖြင့်အမိန့်ပေးစေခိုင်းသည်ကိုလည်းမကြိုက်။ တစ်ဖန် ၎င်းတို့ အလွန်အစွဲအလန်းကြီးမား စွာဖြင့်စောင့်နေကြရသောဥစ္စာများကို ထုခွဲလျက်က ဘုရားတည်ရာဘက်သုံးစေသည်တို့ကိုလည်းမကြိုက်။ သို့ကြောင့် ကတုံးကတိုက် ပြုလုပ်တတ်၏။

သတိရှိနှင့်သတိမဲ့ဖြစ်ခဲ့လျှင် သတိမဲ့၏စိတ်ကိုညို့၍ သတိရှိအား နှံ့တတ်လှချေ၏။

သတိရှိ-သတိရှိချင်းချင်းဖြစ်ခဲ့သော် သတိလွတ်သူ၏စိတ်ကိုညို့ယူ၍လည်း နှံ့တတ်လှချေသေး၏။

သို့ကြောင့်ဆရာနှင့်တပည့် အချင်းချင်းတွေ့ကသားဟူ၍လည်းကောင်း၊ သမီးဟူ၍လည်းကောင်း တစ်ဦးနှင့်တစ်ဦး မိစိတ်၊ ဖစိတ်၊ သားစိတ်၊ သမီးစိတ်များ အစဉ်အမြဲကိန်းနေစေရန် ခေါ်ဝေါ်ခြင်းဟူသတတ်။

ဤသို့ဖြင့် သားအဖသုံးဦးတို့ မော်လမြိုင်သို့ ထွက်ခွာခဲ့ကြ၏။ မော်လမြိုင်ရောက်သော် ဦးမျိုးတင့်၊ ဒေါ်တင်ခတို့အိမ်၌ စတည်းချကြ၏။ ထိုဦးမျိုးတင့်ကား ရဲအရာရှိအမှုထမ်းဖြစ်၏။ ယခင်က ကျိုက္ခမီရောမြို့နယ်၏ စခန်းမှူးတာဝန်ထမ်းခဲ့ပြီး ယခုသော်ကား မော်လမြိုင်ထောင်ကြီးကိုလည်း တာဝန်ယူရ၏။ မြို့နယ်မှူးတစ်ပိုင်းလည်း တာဝန်ယူရသေး၏။

ဦးမျိုးတင့်မှတဆင့် ကျိုက္ခမီရောသို့ အဘရောက်ကြောင်းသတင်းပို့စေ၏။ နှစ်ရက်ခန့်ကြာသော်ဦးလာဘကြွလာ၏။ နောက်တစ်ရက်တွင်ကားမော်လမြိုင်-မုဒုံမှတဆင့် ဒတ်ဆန်းကားငယ်လေးဖြင့် အဘရယ်၊ ဦးလာဘရယ်၊ ငါတို့ရယ်၊ မခင်မူရယ်၊ ဒေါ်တင်ခရယ် ချောင်းနှစ်ခွရွာသို့ ခရီးဆက်ကြ၏။ ထိုရွာရောက်သော် ရွာမှလူကြီးများနှင့် ဦးစွာတိုင်ပင်၏။ ရွာမှလူကြီးများက ငွေမရှိသဖြင့် အုတ်ဖုတ်ခြင်းကိစ္စ မစနိုင်ကြောင်း ဝိုင်း၍လျှောက်ထားကြ၏။

ဦးလာဘကား အဘအနီးအနားသို့ မကပ်ပြီ။ ထိုစည်းဝေးရာ လူအုပ်ကြားသို့လည်းမဝင်ပြီ။ သီးခြားနေတော်မူ၏။ အဘယ့်ကြောင့်ဆိုသော် အဘအား ယခင်က လယ်များမပြီးစီးသေး၍ လူမရ၍စသဖြင့် အကြောင်းပြချက်များနှင့် စကားချင်း

မဟာဓမ္မပါလ



ခြားနားနေသောကြောင့်တည်း။

ယခင် ဝါမကျွတ်မီ ကျောင်းမှာတုန်းက “ထပ်ခနိန်းစေတီတော်ကြီးကို မင်းဦးဆောင်မှာလား” အဘကမေး၏။

“အဘပဲဦးဆောင်ရမှာပါဘုရား”ဟူ၍ ဦးလာဘကဖြေကြားခဲ့ချေ၏။ ယခုသော် အဘအား တည်ကြက်လုပ်ကာ ၄င်းဦးဆောင်မည့်အသွင် သဏ္ဍာန်ဆောင်နေသဖြင့် အဘကားမတွဲလိုပြီ။ အဘအား ခုတုန်းလုပ်၍ ၄င်းနာမည်ခံသွားသော စပယ်ဂူဘုရားရာဇဝင်ကလည်း သက်သေခံနေပြီး ဖြစ်ခဲ့၏။ သို့ကြောင့် သည်မလာခင်ကပင် ကွဲလျှင် မည်သည့်ဘက် လိုက်မည်နည်း မေးခြင်းဖြစ်၏။

ယခုလက်တွေ့မျက်မြင်အခြေအနေက လည်း ကွဲအုံ့ဆဲဆဲပင်ရှိချေ၏။ ထိုထပ်ခနိန်းသို့ မသွားမီအရင်တစ်နေ့ကပင် “ထိုဘုရားသွားလျှင် မင်းမှတ်တမ်းရေးရန် စာရွက်များအဆင်သင့်ယူခဲ့” မိန့်မှာ၏။ ငါတို့ကားယူမသွားခဲ့မိပြီ။ ငါတို့၏ပေါ့ဆမှုတည်း။

ထိုချောင်းနှစ်ခွရွာ၌ နေ့ဆွမ်းစား၏။ ပြီးသော် ထပ်ခနိန်းစေတီတော်ကြီးရှိရာသို့ သစ်တင်ကားကြီးဖြင့်သွားကြရ၏။ သုံးမိုင်ခန့်ဝေးအုံ့ထင်၏။ ရောက်မဆိုက် ထိုအနီးကျောင်းရှိ ကရင်အမျိုးသား ရဟန်းတော်(ကျောင်းထိုင်)အား သင်္ကန်း-ထီး-ဖိနပ်- အဘကလှူ၏။ စေတီတော်ကြီး ပြင်ဆင်မည့် အကြောင်း အဘကမိန့်ရာ ပြင်ဆင်နိုင်ပါကြောင်း ထိုရဟန်းတော်ကခွင့်ပြု၏။

သို့နှင့် စေတီတော်ကြီးရှိရာသွားကြ၏။ စေတီတော်ကြီးကား အလွန်ကြီးမား၏။ခေါင်းလောင်းပုံမှစ၍ပြိုကျနေသောစေတီကြီးဖြစ်၏။ ကေလာသ-ကျိုက်ထီးရိုး-ဇင်းကျိုက်တို့နှင့်အတူ ဘုရားရှင်ထံမှ ရလာသော ရသေ့သုံးပါးတို့၏ ဝေပုံကျဆံတော်များ ဌာပနာထားရာစေတီကြီးဖြစ်၏။ ဉာဏ်တော်ကား (၇၂)တောင်ခန့်ဖြစ်၏။ အဘကား အနီးမှထိုင်ကာ အာရုံယူတော်မူနေပါ၏။

အားလုံးပြီးစီးသော် ပြန်လည်ထွက်ခွာခဲ့ကြ၏။ တစ်လမ်းလုံး ဒေါ်တင်ခနှင့် ဦးလာဘတို့ လေပေးမဖြောင့်တော့ပြီ။ ဦးလာဘကား မိုက်စကား များများသုံးတော့၏။ သူ့လက်က သေနတ်ပစ်နေကျ မိန့်၏။ သည်တောကသူပုန်သူနှင့် ရင်းနှီးသည်ဟု ရဲအရာရှိဇနီးအား ခြိမ်းခြောက်တော့၏။ ဒေါ်တင်ခ ကလည်း လုံးချင်းဆန် ပြန်၍ပြောဆို၏။ ဝိဇ္ဇာစကား မိုးကြိုးသွား ဟူ၍လည်းကောင်း၊ တစ်သွေး-တစ်သံ- တစ်မိန့် ဝိဇ္ဇာ ကြိုက်သောဝလေ့ ဟူ၍လည်းကောင်း ဆို၏။ သို့နှင့်ပင် မော်လမြိုင် ပြန်ရောက်ခဲ့ကြချေ၏။

နောက်ရက်များတွင် ဦးလာဘသည် အဘ အား ကျိုက္ကရောသို့ကြွရောက်၍ ထပ်ခနိန်းအား ဦးဆောင်မည့် ဆရာဦးမြအောင်၊ စောသိန်းကျော် (မြို့နယ်ကောင်စီဥက္ကဋ္ဌ)၊ အစိုးဆိုသူတို့နှင့် တွေ့ဆုံရန် လျှောက်ထားပင့်ဆောင်၏။

အဘကလည်း “ငါကလူကြီးပါကွယ်။ လူကြီးကတောင် ရန်ကုန်မှ မော်လမြိုင်အထိလာနိုင် သေးတာ လူငယ်က ကျိုက္ကရောမှမော်လမြိုင် မလာနိုင်စရာအကြောင်းမရှိ” ပြန်လည်မိန့်ကြားကာ ငြင်းပယ်၏။

သို့နှင့် မော်လမြိုင်၌ တစ်ပါတ်ခန့်နေပြီး ရန်ကုန်သို့ သားအဖသုံးဦး ပြန်လာခဲ့ကြရပါချေ၏။ ဘုရားကား ယခုတိုင်တန်းလန်းတည်း။

ယင်းမော်လမြိုင်၌နေစဉ် ဦးလာဘက ရန်ကုန်မှ အများလှူပြီးသားထီး၊ ဆွဲလွဲများကို ထပ်မံ၍ရောင်းချကာ အလှူငွေရှာကြလေသဖြင့် ကြက်သတ်ပြီး ဆွမ်းတော်ကပ်လျှင် ကုသိုလ်ရသည် ကားမှန်ပေမင့် ကြက်သတ်မှုကားမနေ ဟုမိန့်ဆိုကာ ဝိနည်းပြစ်မလွတ်သောဤအလုပ်မျိုး မလုပ်သင့် ကြောင်းဆုံးမတော်မူ၏။ တစ်ဖန် မာတုဂါမလေး များနှင့် သွားတူလာတူ ရောနှောကာနေသော ဦးလာဘ၏ အကျင့်ကို ရည်မှန်းလျက်က-

မဟာဓမ္မပါလ

ပန်ချာပီ လိပ်ပျာဖမ်းသလိုပ
ဂန္ဓာရီဝိဇ္ဇာလမ်းကိုဖြင့်
မောင်လှမ်းလို့ထွက်ခဲ့တယ် ၊
အနုအရွအလှကလေးတွေနဲ့
သမုဒယအစတွေးလျှင်ဖြင့်
နောင်ရေးတော့ ခက်လိမ့်မယ်။

ဤကဗျာလေးကို ၄င်းကွယ်ရာ၌ရွတ်ဆိုပြပါ၏။ ထို၌ပါသော လင်္ကာသွားများကိုထောက်၍လည်း "ပန်ချာပီလိပ်ပျာဖမ်းတယ်ဆိုတာ သားသိရဲ့လား"မေးသေး၏။

"မသိသေးပါဘုရား" လျှောက်ကြားရာ-

"ပန်ချာပီဆိုတာ ဘောင်းဘီနှစ်ခွနဲ့ရယ်ကွ၊ အဲ- ဘောင်းဘီဝတ်ကြီးနဲ့ လိပ်ပျာပျံရာ လိုက်လံကာ ဟိုခုန်ဖမ်း,သည်ခုန်ဖမ်းတော့ ကိုးယိုးကားရားကြီးနေမှာပေါ့သားရဲ့" ဟုရှင်းပြတော်မူ၏။

ဆိုလိုသည်မှာ ထိုဦးလာဘသည် ပထမသော် ပုပ္ပါးတောင်၏ ဦးပရမဝဏ္ဏသိဒ္ဓိနှင့် ဝင်ရောက်ပူးကပ်၏။ မဟန်သော်လန်ထွက်လာပြီး ဒုတိယ ပဲခူးမင်းဓမ္မတောင်ဆရာတော်နှင့် ပူးပေါင်းပြန်၏။ မကိုက်သော် နောက်ဆုံးဤအဘဝိမလထံ လာရောက် ခုန်ကူးလာခြင်းကိုဆိုလို၏။

တစ်ဖန် ရောက်လေရာတိုင်းတို့၌ မာတုဂါမလေးများနှင့်ရောနှောကာ အတူသွားလာခြင်း၊ တစ်ဦးမှတစ်ဦး အပေးအယူလုပ်ကြခြင်းများကို ရည်၍ ဒုတိယအပိုဒ်ကိုဆိုချေ၏။

ယခုသော် အဘနှင့်လည်း ခွါပြကြလေပြီ။ မော်လမြိုင်မှရန်ကုန်သို့အလာ ဇင်းကျိုက်တောင်ခြေသို့ရောက်သော် ဘွားတော်ကြီး ရှင်စောပုနေထိုင်ရာ ဒေသနှင့် ဂူရှိရာကိုလက်ညှိုးညွှန်ပြတော်မူ၏။ ဇင်းကျိုက်ဘုရားကုန်းတော်ပေါ်၏ အခြေအနေများကိုလည်းမိန့်ကြား၏။ စင်စစ် ထိုတောင်သို့ကား အဘကိုယ်တော်တိုင်မရောက်လေ။

ဝိဇ္ဇာတို့စည်းဝေးရာဌာနကား ရုံတခါ အညာသီဟတော၊ ရုံတခါဒေးစွန်ပါ၊ ရုံတခါ ဇင်းကျိုက်ဆို၏။ ထိုစည်းဝေးရာ ဌာနတိုင်းလျှင် ကိုယ်ကိုထားခဲ့လျက်က စိတ်ချည်းသွားခဲ့သည်ဆို၏။ ကိုယ်ကိုယ်တိုင်ကား နှစ်ခါမျှသွားဖူးခဲ့သည်ဆို၏။

စကားစပ်မိလျှင် ဟိမဝန္တာတောင်၏ အကြောင်းကိုလည်း ကောင်းကောင်းကြီး မိန့်တော်မူ၏။ ဂန္ဓာမဒနတောင်၏အကြောင်းကိုလည်း ခရေစေ့တွင်းချ မိန့်ဆိုတော်မူတတ်ပါ၏။

ထိုနှစ်ချက်ကိုထောက်ဆ၍ ကိုယ်ကိုယ်တိုင် သွားမှုကား ထိုနှစ်ဌာနမျှသာ ဖြစ်တန်ရာ၏။

ငါတို့ သာသနာ့ဗိမာန်သို့ရောက်စဉ် ရုံတခါ နေ့အခါ၌ပင် ကိုယ်တော်ကြီးကား ကျောင်းကြမ်းပြင် ဝယ်မျက်လုံးတော်အပြူးသားကြီးဖြင့် ကျောက်ရုပ်ကြီးပမာနေသည်ကိုလည်းတွေ့မြင်ရ၏။ ရုံတခါ နံနက်အရုဏ်ဆွမ်းထွက်၍မစားသုံးနိုင်ဘဲ ညက လေစိမ်းမိသဖြင့် ဖျားနေကြောင်းမိန့်၏။

ဇင်းကျိုက်ဘုရားကား လေအကွယ်အကာ တံဆောင်းလည်းမရှိမိန့်ဖူး၏ ပင်လယ်ကွေ့ဖြစ်သဖြင့် လေအလွန်တိုက်ခတ်ကြောင်းလည်း မိန့်ဖူး၏။ သို့ကြောင့် ထိုအဖျားမိနေခြင်းသည် ညက ဇင်းကျိုက်တောင် စိတ်ဖြင့်ကြွရာမှလေမိခြင်းဟူ၍ မှတ်ယူမိတော့၏။ ထူးဆန်းသည်မှာ စိတ်၌မိသောထို အအေးဓာတ်သည် ကျန်ရစ်လေသောကိုယ်သို့ ကူးစက်၍ ဖျားစေခြင်းပင်တည်း။

ထို ဇင်းကျိုက်ဘုတာလွန်သဖြင့် ကတွန် လောက်အရောက်တွင် "ငါ့ကိုပန်းချီတစ်ခုဆွဲပေးစမ်း"အမိန့်ပေးတော်မူ၏။ ငါတို့လည်း "မှန်ပါ့ဘုရား" ဟူ၍ပင်ဝန်ခံကတိပြုလိုက်မိ၏။ ရန်ကုန်ရောက်သဖြင့် မကြာမီပင် အထပ်သားကိုဘောင်ကျက်၍ ပန်းချီဆွဲရန်ဟန်ပြင်ရချေတော့၏။

မဟာဓမ္မပါလ



## ပင်ပမ်းလှပြီ ငါကြွချိတော့အံ့

ထိုမော်လမြိုင်မှပြန်လည်ရောက်ရှိသည်နှင့် စကားဆန်းတစ်ခွန်းမိန့်တော်မူနေတတ်၏။ "ထပ်ခနိန်းဘုရားရှေ့၌ အာရုံယူနေစဉ် ငါ့မျက်စိရှေ့ လူသေထည့်ရာ အခေါင်းကြီးကို မြင်တွေ့နေရ၏" ဟူ၍။

ငါတို့ကား တည့်တည့်ပြောနေသည်ကို မရိပ်မိခဲ့။

တစ်ဖန် တပို့တွဲလဆန်းသည်နှင့် တပို့တွဲလ ပြည့်အတွက် ထမနဲထိုးရန်မိန့်ပြန်၏။ ထမ်းဆောင်လာခဲ့ရသည်မှာ မနည်းလှတော့ဘူး ဟူ၍ကိုယ်ဖြင့် ပြောသောနှုတ်ထွက်စကားတည်း။ သို့နှင့်ငါတို့ တတွေ ထမနဲပွဲကြီး ကြီးကျယ်စွာပြင်ဆင်ကျင်းပပေးရ၏။

နံနက်အရုဏ်တွင် ဦးစွာဘုရားကို ကိုယ်တော်တိုင်ကပ်လှူ၏။ ပြီးသော် အဘနှင့်တကွ သံဃာများ။ ထို့နောက်ပရိတ်သတ်။ ပြီးသော် ထိုမိချောင်းကန်၊သီရိရတနာရိပ်သာလမ်း တစ်လျှောက်ရှိ အိမ်များသို့ အိမ်တိုင်းစေ့လျှင် လိုက်လံဝေငှစေ၏။ လာသမျှကိုလည်း ကျွေးမွေးပေးကမ်း၏။ တစ်ရက်နှင့်လည်းမကုန် နှစ်ရက်နှင့်လည်းမကုန်ချေပြီ။

ထိုမှနောက် ဆက်တိုက်ပင် ဣစ္ဆာသယ စေတီတော်ကြီးကို ပြင်ဆင်မွမ်းမံရန် ငါတို့အားအပ်နှံကာ အမိန့်ပေးတော့၏။ ထိုစေတီကား မောင်ကံသည်နဂါးပြည်မှသွားရောက်ကာ ပင့်ဆောင်လာသောဆံတော်များကို ဌာပနာထားသည်ဆို၏။ ထိုစေတီနှင့်မလှမ်းမကမ်း သက်န်းကျွန်းကြီးရွာ၏အလယ်၌လည်း စေတီကြီးတစ်ဆူ အဘ ပြုပြင်ထားသည်ရှိ၏။ ထိုရွာ၌ပင် ဓမ္မစေတီ၊ ဓမ္မပါလရာဇဝင်၏ဓမ္မပါလအုတ်ဂူသည်လည်း ထီးထီးကြီးတည်ရှိချေသေး၏။

ထိုဣစ္ဆာသယကား အောင်မင်းခေါင်ကြီးက အဘအားအပ်နှံထားသောစေတီဆို၏။ သို့ကြောင့်ပင် ဣစ္ဆာသယဘိုးတော်ကြီးဟူ၍ အဘကား အမည်ခံယူခြင်းဖြစ်သည်ဆို၏။

ဤ၌ ဘိုးတော်ဟူသောစကားသည် ဝိဇ္ဇာလောက၌ တွင်ကျယ်စွာရှိ၏။

၄င်းကား ဘိုးဘိုးအောင်၊ ဦးဝိုင်း၊ စကြာမင်းတို့ခေတ်မှာ တာစားလာသောစကား ဖြစ်တန်ရာ၏။ စကြာမင်းကလေးမှထောက်၍ ဦးဝိုင်းကား ဘိုးတော်တော်စပ်လေသူတည်း။ တစ်ဖန်လည်း ယင်းစကြာမင်းကလေးမှထောက်၍ပင် ဘိုးဘိုးအောင်သည်လည်း ဘိုးတော် တော်စပ်သူပင်တည်း။

ဘိုးဘိုးအောင်က ပြေကျော်သည်။

ဘိုးမင်းခေါင်က လှေလှော်သည်။

စကားအတိုင်း ဘိုးဘိုးအောင်၏သီလဂုဏ်သတင်းကား တစ်ပြည်လုံးလျှင် နံ့စပ်ကျော်ကြားခဲ့ချေ၏။ ဘိုးဘိုးအောင်၊ စကြာမင်းလေးတို့ တွဲဖက်ထားသော ပုံတော်ကားများပင် တစ်ပြည်လုံးတောနေမကျန် အများအပြားချိတ်ဆွဲထားကြ၏။ ထိုအချိန်မှစ၍ ဘိုးတော်နာမည်ကား တာစားလာသတည်း။ ယခင့်ယခင်အခါကာလတုန်းကသည်ကား ထွက်ရပ်ပေါက်ဝိဇ္ဇာဟူသောအမည်သာ အသုံးများခဲ့၏။ လောကီဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ ဟူ၍လည်းသုံးသေး၏။ ယခုသော် ဘိုးတော်ကဖုံးလွှမ်းသွားချေပြီ။

ထိုမှနောက်ရောက် ထွက်ရပ်ပေါက်တို့ကား ဘိုးတော်ဟူသောအမည်သာ တွင်ကျယ်စွာ၏။ သို့ကြောင့်အဘဝိမလကိုလည်း ဘိုးတော်ဟူသောအမည်သာ တွင်ကျယ်လာတော့၏။

အဘကား ဘိုးတော်ဆိုသော်လည်း ဘိုးတော်အမူအကျင့်ကားမယူ၊ ရဟန်းအမူအကျင့်သာ ယူရှိဘိ၏။ ပါရမီဆုပန် လက်ကျန်မကုန်သေးသဖြင့်သာ ထိုကိစ္စပြုကျင့်နေရ၏။

ရံတခါလျှင်-"ငါလုပ်ချင်သည်က ရဟန်းတရား၊ ငါလုပ်နေရတာက ကိလေသာဒုတ်ထိုး

မဟာဓမ္မပါလ

သမားကွ" မိန့်၏။

"ငါမလုပ်ချင်တော့သဖြင့် အတန်တန်ငြင်း၏။ ကိုယ်တော်ကြီးမဝင်လျှင်မဖြစ်လို့ပါ။ ဒါလေးတော့ဆက်လုပ်ပါဦးနဲ့ ငါ့မှာနှစ်ပေါင်းသုံးဆယ်ကျော်လာခဲ့ပြီ" ဟူ၍လည်းမိန့်၏။

"ဝေဘူနှင့်ငါ သည်သာသနာရဲ့ နောက်ပိုင်းမှာ ညီအကိုအဖြစ်နဲ့ဘဝများစွာတွဲဖက်ပြီး ပါရမီဖြည့်ကျင့်ခဲ့ကြတယ်။ ယခုတော့ သူကငါ့ကိုပစ်သွားပြီကွဲ့" ဟူ၍လည်းမိန့်၏။

"သည်နေ့ရဟန်းကိစ္စပြီးစေ့မည် သည်ဆီချက်အိုးထဲခုန်ချဆို ငါခုန်ချရဲပါတယ်" ဟူ၍လည်း အားမလိုအားမရဖြင့် ၄င်းစိတ်ထား မိန့်ကြားသေး၏။

ရံတခါတွင်ကား- "အောင်မင်းခေါင်ကြီး ငါ့ကိုပြောတယ်။ သန့်ရှင်းရေ- ဂေါတမဘုရားရှင်လက်ထက်တုန်းက မဟာသာဝက အသီတိရှစ်ကျိပ်ရယ်။ နောင်ပွင့်မည့် မေတ္တေယျလက်ထက်တွင်ကား အသီတိရှစ်သောင်းရှိလိမ့်မယ်။ အဲဒီရှစ်သောင်း မင်းနောက်မှာရှိတယ်ကွယ့် ဟူ၍မိန့်ကြောင်း" ကိုလည်း မိန့်သေး၏။

ထိုနှင့်တဆက်တည်းပင် "ငါ့ကို စကြာဆေး ပေါ့လိပ်ကလေးတစ်လိပ် ဘိုးတော်ကပေးပြီး မင်းစကြာရှင်ဖြစ်ပြီကွယ့်ဟူ၍လည်းမိန့်သည်" ဟု မိန့်သေး၏။

၄င်းစကားရပ်များကို ထောက်ချင့်လျက်က အဘကား မေတ္တေယျဘုရားရှင်၏ လက်ထက်တော်၌ ဦးစွာတရားပွင့်စေမည့် ကောဏ္ဍညကဲ့သို့သော သာဝကဆု ဖြစ်တန်ရာ၏။

တစ်ဖန်လည်း ငါတို့ရောက်စ၏ တစ်နေ့တွင် ငါတို့ကိုလက်ဆွဲခေါ်ခဲ့၍ ဘိုးတော်အောင်မင်းခေါင်၊ အဘပွားတို့ထားရာ အခန်းတွင်းသို့ ခေါ်သွားကာ-

"တွေ့လားငါ့သား အဲဒါက လူတွေကွ ငါကရဟန်းရယ်ကွ။ ဘာလို့သည်လို တစ်ခန်းတစ်နားထားရသလဲမေး"

"ငါက လူကိုကိုးကွယ်တာမဟုတ်ဘူး၊ ဆရာကိုလျှင်ကိုးကွယ်တာ" ဟူ၏။

ထိုစကားကို ထောက်ချင့်၍လည်း အောင်မင်းခေါင်ကြီးဆိုသည်မှာ လောကီဝိဇ္ဇာမျိုးမဟုတ်၊ ပုပ္ပါးတောင်၏အနီး သပြေကုန်းရွာမှ ဆရာတော်ဦးအာစိဏ္ဏ၏ရုပ်တော်ထဲဝယ် အလောင်းတော်ကိန်းဝင်ကာ အောင်မင်းခေါင်ကြီးအမည်ခံထားသောဟူ၏။ သို့ကြောင့်ထိုအလောင်းတော်နှင့်အဘကား ပါရမီစခန်း၌ တစ်ဆက်တည်းသာ ဖြစ်သဖြင့် အဘကားနောက်သာသနာ၏ အလောင်းအလျာဆိုကမမှားပြီ။

အဘသည် ၄င်းအားအပ်နှံထားသဖြင့်တာ ဝန်ယူရမည့် ထိုက္ကစ္စာသယစေတီကို ငါတို့အား အပ်နှံရာ၌ ထိုက္ကစ္စာသယစေတီပုံပါ ရင်ထိုးလေးအားဦးစွာပေးသနား၏။ တစ်ဖန်အင်းလျားကန်အနီး လမ်းလျှောက်အတူထွက်ရင်းက "ငါ့သားများကို အင်းပညာသင်ပေးဦးမှာပါကွာ" ဆိုခဲ့ပြီး ကျောင်းသို့ရောက်သော် ငွေမတ်စေ့ တစ်မတ်ပေးအပ်ကာ ချီးမြှင့်ခဲ့၏။

ယခုသော် ထို တံဆိပ်, ထိုငွေတစ်မတ်ကိုင်ဆောင်လျက်က မင်္ဂလာဒုံ၊ ကာယရပ်ကွက်အတွင်းရှိ ထိုက္ကစ္စာသယစေတီသို့ ငါ၏ဒုတိယမြောက် သာသနာပြုအဖြစ် ပန်းရံများနှင့်အတူ သွားရောက်ရပါချေ၏။ အဘကိုယ်တော်တိုင်လျှင်လိုက်လံပို့၏။ အဘရှိစဉ်ပင်ငြမ်းဆင်၏။ တစ်ဖန်ဘုရားရှေ့ဝယ် ကြီးမားသောမဏ္ဍာပ်ကျောင်းကြီးတစ်လုံးလည်းထိုးစေ၏။ ကျောင်းလည်းဖြစ်, မဏ္ဍာပ်လည်းဖြစ်စေ၏။

က္ကစ္စာသယ စေတီတော်ကြီးကိုကား ငှက်ပျောဖူးမှသည် ခေါင်းလောင်းပုံတော်၏အောက်

မဟာဓမ္မပါလ



ကြေးခွေကြာအုံများတိုင်အောင် ဖာထေးသင့်သည်များဖာထေးရခြင်း၊ ခွာသင့်သည်များခွာလှုပ်လျက်က အသစ်ကိုင်ခြင်းများ ပြုလုပ်ပေးရ၏။ နှစ်အားဖြင့် ၁၃၄၁-ခု ထဲသို့ဝင်လာ၏။

ဘုရားရှေ့၏ မဏ္ဍာပ်ကျောင်းကြီး ပြီးစီးလေသော် အဘကိုယ်တော်တိုင်ကြွရောက် သီတင်းသုံးတော့၏။ ငါတို့ကိုလည်း

"သားရဲ့ ဘုရားတည်တာက ပန်းရံတည်တာကွ၊ ငါတို့က ငါတို့အလုပ် ငါတို့လုပ်ရမည်"

ဤသို့လျှင် သတိပေးကာ အဘလည်း အခန်းတွင်းမှပင် တရားအားထုတ်၏။ ငါတို့သည်လည်း ဓမ္မာရုံဟောင်းကြီး၏ အတွင်း၌ အလုပ်ကိစ္စအထူးမရှိ တရားကိုသာမှတ်တော့ချေ၏။ အလျှုခံမရှိ၊ အလှူခံခွက်, အလှူငွေနလည်း မထားရှိ။ သူ့အလိုလို နဂိုအတိုင်းပင် ကြားရာအရပ်တို့မှ သူ့အဆက်နှင့်သူ လာရောက်ကြကာထည့်ဝင်ရာ မတောင်းဘဲနှင့် တောင်းဆုနှင့်ကောင်းမှု ပြည့်သွား၏။ သို့နှင့်စေတီပြီးစီးရာ၊ နောက် စေတီရှိရာ-သိမ်ပါ, ပါစေတော့၏။

## ရဟန်းတို့နေရာ သိမ်သည်သာ မှန်စွာအဓိက

"သင်္ကန်းမှာ-ထိန်၊ ဆွမ်းမှာ-ပိဏ်၊ ကျောင်းမှာတော့-သိမ်" ဟူ၍ အဘမိန့်၏။

သင်္ကန်းအလှူတို့တွင် ကထိန်သင်္ကန်းသည် အမြတ်ဆုံး။ အဘယ့်ကြောင့်ဆိုသော် ပုဂ္ဂိုလ်စွဲ လှူခွင့်မရ၊ သံဃာသို့သာလျှင် ဦးတိုက်လှူဒါန်းရသောကြောင့်။

ဆွမ်းတကာ့ဆွမ်းတွင် ပိဏ္ဍာပါတ်ဆွမ်းသည်အမြတ်ဆုံး။ အဘယ့်ကြောင့်ဆိုသော် ဟိုအိမ်ဝင်သည်အိမ်တက်ဖြင့်ပုဂ္ဂိုလ်စွဲမဖက် သက်သက်လမ်းပေါ်မှသာ ခံယူချက်ကြောင့်။

ကျောင်းအားလုံးတို့တွင် သိမ်ကျောင်းသည်သာအမြတ်ဆုံး။ အဘယ့်ကြောင့်ဆိုသော် သံဃာ၏ကံကိစ္စ သိမ်မပါလျှင်မပြီးစီးသောကြောင့်။

ထိုကြောင့် ကစ္ဆာသယ စေတီတော်ဝင်း အတွင်း၌ပင် သိမ်သစ်တစ်လုံးဆက်လက်တည်ဖန်တော်မူ၏။ ဤသာသနာ့နယ်မြေတွင် သံဃာတော်များ သီတင်းသုံးရန်ကိုပါ ရည်ရွယ်တော်မူသဖြင့် သိမ်အရေးကား သေးသိမ်သောအရေးအခင်းမဟုတ်။

ထိုသာသနာ(ကစ္ဆာသယသာသနာ့ နယ်မြေ)၌ အတိုက်အခိုက်အနှောက်အတား များပြားလှစွာ၏။ မြေပေါ်မငြိမ်သက်ခြင်းကား မြေအောက်ကလက်ခြင်းကြောင့်ပင်ဖြစ်၏။

- ထိုနယ်ပယ်၌ကြီးစိုးသော ဦးကျန်အုပ်စီးသော အုပ်စုက တစ်ဂိုဏ်း။
- ထိုနယ်ပယ်၌ ထိန်းသိမ်းစောင့်ရှောက်နေသော ရဟန်းတော်က တစ်ဂိုဏ်း။

ဤသို့လျှင် သဘောထားကွဲ- အတွဲနှစ်တွဲရှိကြလေရာ ဦးကျန်၏နောက်၌ သက်ဆိုင်ရာပါတီကောင်စီတို့က ဝင်ရောက်ထမ်းပိုးထမ်းပေးနေကြရပြီး ကစ္ဆာသယစေတီ၌ စောင့်ရှောက်မှုပေးနေသောရဟန်းတော်(ဆရာတော်ဦးဥတ္တရ)၏နောက်၌ အဘဝိမလနှင့်တကွ မင်္ဂလာဒုံကျိုက္ကလဲ့ဆရာတော် စသောသံဃာတော်များက အားပေးအားမြှောက် ထောက်ပင့်တော်မူကြ၏။ ဦးကျန်လုပ်သမျှ ပါတီကောင်စီတို့က သရုပ်ပြပေးရဘိသို့၊ ရဟန်းတော်၏ဆောင်ရွက်လိုချက် မှန်သမျှတို့ကိုလည်း အဘနှင့် ကျိုက္ကလဲ့ဆရာတော်များက အကောင်ထည်ဖော်ပေးကြရ၏။

ကစ္ဆာသယ၌ သိမ်သမုတ်တော့မည်ဆိုသည်နှင့်

မဟာဗေ့ဒါလ


သက်ဆိုင်ရာကျေးရွာ ရပ်ကွက်ကောင်စီက လာရောက်တားမြစ်၏။ ဤနေရာသည် နွားစားကျက်နယ်မြေဟူ၍အကြောင်းပြ၍ ဘုရားပရဝုဏ်ကား နွားစားရာ စားကျက်ဖြစ်သွားချေပြီကော။

အဘကား ပြန်လည်ချေပခြင်းမပြု။ အံ့လည်း အံ့မတု။

"အေးလေ-မင်းတို့ကမလုပ်နှင့်ဆိုလည်း မလုပ်ပါဘူးကွယ်" ဆိုကာဆိုင်းရပ်ပေး၏။ ငါတို့ကိုလည်း "သားရဲ့-သည်ဒေသက လူကြမ်းတွေကွယ့် အသက်အန္တရာယ်ပေးတတ်တယ် ငါတို့ပြန်ကြရမယ်" မိန့်၏။ ငါတို့ကား မကျေနပ်ချင်ပြီ။

ကောင်းတာလုပ်ရာနှောက်ယှက်တာ သူမှာဒုတ်ကိုင် ကိုယ်ခါးကိုင်အံ့။

ဆိုင်ရာသစ္စာဆို၍ ဖယ်ရှားပစ်စေလို၏။ သွားလမ်း၏အတား၊ သစ္စာစကားဖြင့်ဖယ်ရှားခြင်းသည် အလောင်းတော်တကာများ၏ လုပ်ထုံးမဟုတ်လော။

အဘကား ထိုသို့မဟုတ်ပြီ။ ခမာဂုဏ်နှင့်ပြည့်စုံစွာသာ ခန္တီလက်နက်ကိုသာသုံး၏။

နောက်တစ်နေ့တွင် သက်န်းကျွန်းကြီးရွာမှ ဦးချစ်ဟန်၏လှည်းကို အကူခေါ်၍ ထိုက္ကစ္စာသယမှသည် မင်္ဂလာဒုံ ဝါယာလက်သို့တိုင် အဘရယ်၊ ငါရယ်၊ မပုရယ် ပြန်ခဲ့ရပါချေ၏။

"လောကဓံ ရင်စီးပြီးခံမဟေ့"

မဏ္ဍာပ်ကျောင်းမှ အထွက်တွင် အဘ၏ကြွေးကြော်သံပင်ဖြစ်၏။ ထိုလမ်းကား တောလမ်းဖြစ်သဖြင့် အဘစီးနင်းနေကျ ဘဲလ်ယားကားကြီးကား နွားကြီးများလောက်အရေးမပါလှချေ။ မြို့ပေါ်မှာကား တောမှာနွားဟေ့ ဆိုရမတတ်ပင် ဖြစ်ချေ၏။

တစ်ဖန်ကျောင်းသို့ ပြန်လည်ရောက်၍ တစ်ပါတ်ခန့်အကြာတွင် ဦးကျန်ထံစာရေးပေး၍ ငါတို့ကို လွှတ်ပြန်၏။ အဓိပ္ပါယ်မှာ 'မောင်ကျန်ရယ် ငါ့ရဲ့ သာသနာ့ကိစ္စဆောင်ရွက်ရာတွင် မနှောက်ယှက်ချင်ပါနဲ့ကွယ်။ ငါလည်း သာသနာ့နောင်ရေးတွေးပြီးလုပ်တာ။ မင်းလည်းပဲ သာသနာ့နောင်ရေးအလေးပေးလုပ်နေတာ သာသနာ့, ဘယါမဝင်ကောင်း' ဟူ၏။

ထိုစာကို ယူဆောင်၍ ငါတို့အားကိုးရာ ဦးမြင့်ဆွေနှင့်အတူ မော်တော်ဆိုင်ကယ်ဖြင့် ဦးစွာ ဦးခင်စိုးထံဝင်ရ၏။ သည်စာ ဦးကျန်လက် ပေးသင့်မပေးသင့် ဆွေးနွေးတိုင်ပင်ရန်ပင်ဖြစ်၏။

ဤ၌ ဦးခင်စိုးဆိုသည်မှာ မင်္ဂလာဒုံအခြေချမဟုတ် မိုးကုတ်မှဖြစ်၏။ ၎င်းသည် သာသနာတော်ကိုလည်းကောင်း၊ အဘကိုလည်းကောင်း ရိုသေညွတ်ကိုင်းလေသူဖြစ်၏။ ထိုကာယရပ်ကွက်၏ ပါတီကောင်စီများအပေါ်၌လည်း မယုတ်မလွန်သြဇာညောင်းသူလည်းဖြစ်၏။ ဦးခင်စိုး၏ကိုယ်ကျင့်သိက္ခာကြောင့်လည်းကောင်း၊ ပစ္စည်းဥစ္စာကြောင့်လည်းကောင်း ကောင်စီပါတီတို့က ထိုဦးခင်စိုးစကားဆိုလျှင်မဖယ်ရှားတတ်။ သို့ကြောင့် သွားရောက်တိုင်ပင်ခြင်းတည်း။

ဦးခင်စိုးသည် မပေးသင့်ဆုံးဖြတ်ကာ ထိုစာကို ၎င်းကပင်သိမ်းဆည်းထားလိုက်၏။ နောက်နှစ်ရက်ခန့်တွင်ကား ၎င်းကိုယ်တိုင် ဦးကျော်စိန် (မင်္ဂလာဒုံ ပါတီယူနစ်မှ အနားယူပြီး ဤကာယရပ်ကွက်၌ ခြံစိုက်စားလေသူ)နှင့်အတူ ကျောင်းသို့လိုက်လာပြီး-

"တပည့်တော်တို့ ဤကာယရပ်ကွက်ရောက်လာရသည်မှာ သည်က္ကစ္စာသယမှီပြီးသာ ရောက်လာရပါသည်။ သာသနာထွန်းကားရာ လူမသမာအနေနည်း ဟူ၍စဉ်းစားမိပြီး လာရောက်ရခြင်းဖြစ်ပါသည်။ သည်သာသနာထွန်းကားရာသည်လည်း တပည့်တော်များမှာလည်း တာဝန်ရှိပါသည်။ သို့ပါ၍ တပည့်တော်များအား သနားသောအားဖြင့် ပြန်လည်ကြွတော်မူပါဘုရား"

မဟာဓမ္မပါလ



"အရှင်ဘုရားသည် တပည့်တော်များ၏ မှီခိုအားထားရာ ဖြစ်တော်မူပါသည်ဘုရား"

သွားကြရပြန်ပြီတစ်ခေါက်။

"သွားကြဦးစို့ဟေ့။ ပင့်သူရှိ လိုက်ရတယ် ကွယ့်သားရဲ့"

ငါတို့မကျေနပ်မှန်းသိသဖြင့် အဘသည် ငါတို့ကို နှစ်သိမ့်၏။

သို့နှင့် နောက်တစ်ရက်တွင် ဣစ္ဆာသယသို့ ပြန်လည်ရောက်ကြရ၏။ ရောက်သည်နှင့် သိမ်ကိစ္စ ဆောင်ရွက်ကြရ၏။ သိမ်သမုတ်ခြင်း၊ သိမ်နှုပ်-သိမ်သမုတ်ခြင်းကိစ္စအဝဝတို့ကို ဂန္ဓာရီဆရာတော် (ထိုရပ်ကွက်ရှိ မလှမ်းမကမ်းရွာ၌ သီတင်းသုံးတော်မူပြီး ထိုနယ်မြေတစ်ခုလုံးရှိ ရဟန်းရှင်လူတို့အပေါ် ဩဇာညောင်းသောဆရာတော်)ကို လွှဲအပ်၏။ သိမ်တိုင်ကိစ္စ၊ ငွေကြေးကိစ္စအဝဝတို့ကို ငါတို့နှင့် မပုက တာဝန်ခံရ၏။ သံဃာ့ဝေယျာဝစ္စ စားသောက်မှုအဝဝ မင်္ဂလာဒုံ၊ ပေါက်ကုန်းမှ ဦးကျွေး၊ ဦးတွေ၊ ဦးစိန်၊ ဦးသောင်း စသော အဘ၏သားသမီးများက တစ်လှည့်၊ သက်န်းကျွန်းကြီးမှဦးချစ်ဖဟန် ဦးဆောင်သော အဘသားသမီးများကတစ်လှည့် တာဝန်ယူကြရ၏။ ဦးတွေ၊ ဦးသောင်းတို့ကား အစစ တတ်နိုင်သူများတည်း။

▼

## ဗိုလ်လာလာတော့ ဘာလိုလို

သိမ်ကိစ္စဆောင်ရွက်နေစဉ် ထိုတစ်နေ့-ထူးခြားသော လူပုဂ္ဂိုလ်ကြီးတစ်ဦး ပုတီးကြီး စလွယ်သိုင်းလျက်နှင့် ဆိုက်လာ၏။ အဘ၏ ဆွမ်းစားပြီးစ အနားယူချိန်တွင်ဖြစ်၏။ ငါတို့ကား စားမှုကိစ္စ ပြီးစီးသဖြင့် ဓမ္မာရုံဟောင်း၌ ရောက်နေခဲ့ပြီ။

"အဘ ဘယ်ကလာသလဲ"

"မော်လမြိုင်ဘက်က"

"အဘ အခုဘယ်မှာတည်းသလဲ"

"ရေကျည်အိုင် ထောက်လှမ်းရေးစခန်းမှာ"

မဏ္ဍာပ်ကျောင်းပေါ်ရှိ အနီးနေတို့မေးသဖြင့် ဖြေသောအဖြေပင်ဖြစ်ချေ၏။ ရောက်သည်နှင့် အဘအားဦးချဂါရဝပြု၏။ စကားကား တစ်ခွန်း တစ်ပါဒမျှ နှစ်ဖက်စလုံးကမဟ။ တိတ်ဆိတ်စွာပင် တစ်မိနစ်မျှ ကြာလွန်သည်အထိ နေကြသည်ဆို၏။

ထို့နောက်မှ ထိုဧည့်သည်ကြီးသည် ပရိတ်သတ်နှင့် စကားပြောသည်ဆို၏။ ထိုဧည့်သည်ကား ဥပဓိရုပ်ခန့်ညား၏။ အသားညို၏။ ထောင်ထောင် မောင်းမောင်းသောအရပ်ရှိ၏။ မဏ္ဍာပ်အတွင်းရှိ သိုက်ကြိုးမလွတ်သော မိန်းကလေးတို့သည် အဘ-အဘ တ,၍ ငိုကြ၏။ ၎င်းတို့အိမ်သို့လည်း အတင်းခေါ်ကြသေး၏။ ထူးကားထူး၏။ ဘာထူးသည်ကား မသိ။

ဧည့်သည်ကြီးရောက်သဖြင့် နာရီဝက်ခန့် အကြာတွင်ပင် အဘကိုယ်တော်တိုင် ငါတို့နေထိုင်ရာ ဓမ္မာရုံဟောင်းကြီးအတွင်းသို့ ကြွရောက်လာပြီး-

"ဧည့်သည် ရောက်နေတယ်သားရဲ့ သွားဧည့်ခံလိုက်ဦး။ ဧည့်သည်လာရင်ဧည့်ခံဖို့ အိမ်ရှင်တာဝန်ကွယ့်"

ထိုသို့မိန့်သဖြင့် ငါတို့လည်း ထိုဧည့်သည် အနီး သွားရောက်ကာ ဧည့်ခံရ၏။ စကားရောနှောကာပြောရ၏။ ထိုစဉ် ထိုဧည့်သည်ကြီးက စကားဆန်းတစ်ခွန်းဆိုခဲ့၏။

"ငါတို့က ဗိုလ်လာလာတော့ လူတွေက ဘာလိုလို ထင်နေကြတယ်"

သည်စကား ငါတို့မရိပ်မိခဲ့။ ဗိုလ်ဆိုသည်မှာ အာဏာရှိသူတည်း။ အာဏာရှိသူမှာ အမိန့်ပေးခြင်းတည်း။ သို့ကြောင့် ဗိုလ်လာလာသည် ဆိုသည်မှာ

မဟာဓမ္မပါလ

အမိန့်ပေးရန် လာရောက်ခြင်းဟူ၍ အဓိပ္ပါယ်ရ၏။ ထွက်မိန့်ပေးရန်လာခြင်းတည်း။

နောက်တစ်ရက်တွင် အဘကလည်း စကားဆန်းဆိုလာပြန်တော့၏။

"ညက အောင်မင်းခေါင်ကြီး မလာစဖူး လာတယ်ကွ့။ လာပြီး ကိုယ်တော်ကြီးဆီမှာရှိတဲ့ ဆင်ကြီးကို လွှတ်လိုက်တော့ ပြောသွားတယ် "

ငါကား အဘမျက်နှာမော့ကြည့်လိုက်၏။ အဘသည် ငါရိပ်မိသွားသည်ကိုသိသဖြင့် ချက်ချင်းပင် စကားလမ်းကြောင်းပြောင်းသွားတော့၏။

"သည်လိုကွယ့်ငါ့သားရဲ့၊ တစ်ခါကကွာ ငါ-ဘုရားတစ်ဆူရှေ့ပုတီးစိပ်နေစဉ် ဆင်ကြီး တစ်ကောင် အဝေးကနေပြေးဝင်လာတယ်။ ငါက လည်းပဲ ငါ့အနားရောက်တာနဲ့ ပေါင်ကိုမြှောက်ပေးထားပြီး သူအဝင်မှာဖိထားလိုက်တယ်။ ဒါကို လွှတ်လိုက်တော့လို့ ပြောတာရယ်"

-ဆင်ဟူသည်မှာ ဗုဒ္ဓဟူးဂြိုဟ်သက် ဗုဒ္ဓဟူးနံဝင် သတ္တဝါကောင်တည်း။

-ဦးဝိမလဟူသည်မှာလည်း ဗုဒ္ဓဟူးဂြိုဟ် ဗုဒ္ဓဟူး နံဝင် ရဟန်းတော်ပင်လျှင်တည်း။

အထက်ပါ စကားရပ်များတို့သည် အဘနှင့်ငါတို့သားအဖနှစ်ဦးချင်း ကုဋီသွားရင်းက ပြောသော စကားများပင်ဖြစ်ချေ၏။

ကုဋီသည် ဘုရားဝင်း၏ရာဟုဒေါင့်၌ တည်ရှိ၏။ ထိုကုဋီသို့အဘသည် ငါတို့ပုခုံးကိုင် လျက်ကကြွတော်မူ၏။ ကုဋီသို့ ငါတို့ကားလိုက်ပို့ရမြဲဖြစ်၏။ နံနက်အရုဏ်သုံးပြီး များမကြာမီအတွင်း သွားလေ့ရှိ၏။ အစစအချိန်မှန်၏။ စည်းကမ်းတိကျ၏။ မိနစ်မျှပင်အတိမ်းမရှိတတ်။ သူ့သား၊ သူ့သမီးများတို့ကိုလည်း အရာရာစည်းကမ်းရှိမှသာ ကြိုက်၏။

နောက်တစ်ရက်တွင်ကား နှမဖြစ်သူမပု အား ရန်ကုန်သို့ပြန်လွှတ်၍ ရွှေတိဂုံအရှေ့စောင်းတန်းမှ ဆင်ဖြူတော်တစ်ကောင်(စက္ကူဖြင့်ပြုလုပ်ထားသောဆင်ဖြူတစ်ကောင်) အဝယ်ခိုင်းလိုက်၏။

ရောက်သော် ဘုရားဝင်ပေါက်တံခါးဘက်သို့ မျက်နှာမူစေလျှက်က မဏ္ဍာပ်ကျောင်းအတွင်း ဝယ် ပွဲပေးကာထားစေတော့၏။ အလင်းတိုင်များ နေ့ညမပြတ် ထွန်းညှိထားစေ၏။

ဤ၌ ရွှေတိဂုံအရှေ့ဘက်စောင်းတန်း ဟူ၍ ဝိသေသအထူးတပ်ရသည်မှာ-

ရွှေတိဂုံစေတီတော်မြတ်ထံသို့ တက်ရာ-သက်ရာ၏ လမ်းခရီးသည် ဘက်လေးဘက် မျက်နှာလေးခုတို့မှာ စောင်းတန်းလေးသွယ်ရှိချေရာ-

အရှေ့ဘက်မျက်နှာသည် မွန်ဆက်တို့ကြီးစိုးရာဌာနဖြစ်ရကား မွန်ဆက်မကင်းသူဟူသမျှ ယင်းအရှေ့ဘက်စောင်းတန်းမှသာ ဘုရားထံပူဇော်ဆည်းကပ်ကြမြဲဖြစ်ချေ၏။

တောင်ဘက်မျက်နှာသည် မြမ္မာဆက်တို့ ကြီးစိုးရာဌာနဖြစ်ရကား မြမ္မာဆက်မကင်းသူဟူသမျှ ယင်းတောင်ဘက်မျက်နှာ၏ စောင်းတန်းလျှောကား တို့မှသာ တက်ရောက်လေ့ရှိမြဲဖြစ်၏။

အနောက်ဘက်မျက်နှာသည် ရခိုင်နှင့် အိန္ဒိယနွယ်ဖွားတို့ လွှမ်းမိုးရာဒေသဖြစ်ရကား အိန္ဒိယနွယ်ဖွားနှင့် ရခိုင်ဆက်များကား ယင်းစောင်းတန်းလျှောကားမှသာ တက်ရောက်လေ့ရှိကြ၏။

မြောက်ဘက်မျက်နှာကား ရှမ်းတို့ ကျက်စားရာ ဒေသသာဖြစ်ချေရကား ရှမ်းသွေး-ရှမ်းဆက် ပါလေသူများကား ယင်းမြောက်ဘက် မျက်နှာ မြောက်ဘက်စောင်းတန်းမှသာ နေရာယူမြဲ ဖြစ်ချေ၏

*မှတ်ချက်။ ။ဤစကားရပ်သည် ပါရမီစခန်းစဉ်တက်ရာ၌သာအကျုံးဝင်၏ သာမာန်နှင့်မဆိုင်ပြီ။*

မဟာဇမ္ဗူပါလ



တစ်ဖန် အဘ၏စကားတစ်ခွန်း ကျန်နေသေး၏။ အဘသည် တော်လှန်ရေးကောင်စီအစိုးရလက်ထက် ရန်ကုန်ဝယ် မြေငလျင်အကြီးအကျယ်လှုပ်ယမ်းရာ ရွှေတိဂုံစေတီတော်ကြီးစောင်းသွားခြင်း၊ ထီးတော်ကြီးစောင်းသွားခြင်း များအထိ အခြေဆိုး၊ အနေဆိုးဖြစ်ခဲ့ရ၏။ ထိုစဉ်ကအဘသည် ဘသန့်ရှင်း ဘဝမှအဘဝိမလအဖြစ်သို့(လူ့ဘဝမှ ရဟန်းဘောင်သို့)ကူးပြောင်းခဲ့ပြီး စစ်ကိုင်းတောင်ရှိ ဝိမုတ္တိရသာရုံ ချောင်တွင် သီတင်းသုံးနေစဉ်ဖြစ်၏။

ထိုသို့ ရန်ကုန်ဝယ် အခြေဆိုး, အနေဆိုး တို့အထိ ငလျင်ဒဏ်ခံနေရသဖြင့် အဘသည် စစ်ကိုင်းတောင်ရိုးမှထွက်ခဲ့ကာ ရွှေတိဂုံစေတီတော်ကြီး၏ စနေဒေါင့်ရှိ ဖွဲ့သဲနု ဇရပ်သို့သီတင်းသုံး၏။ အထက်မြန်မာပြည်ရှိ ဒါယကာ-ဒါယိကာမ (မြမ္မာဆက်၊ ပျူဆက်၊ ရှမ်းဆက်)များကမကျေနပ်ကြလေ။ သို့ကြောင့်အဘကိုနိုင်ရာ ဝေဘူ ဆရာတော်ဘုရားကြီးထံ သွားရောက်ကြကာ-

"ဆရာတော်ဘုရား ဆရာတော်ဘုရားရဲ့ အမိန့်နဲ့ အဘဝိမလကို ပြန်ခေါ်ပေးပါဘုရား"

"တပည့်တော်တို့အဘ တပည့်တော်တို့ ဌာနမှာသာရှိသင့်ပါတယ်ဘုရား" လျှောက်ကြားကြဆို၏။

"ဟုတ်ဘူးတဲ့ဗျာ့-သည်လိုတဲ့ဗျာ့။ ဗောဓိညောင်ကိုင်းကြီးနှစ်ကိုင်း တောင်ဘက်တစ်ကိုင်း၊ မြောက်ဘက်တစ်ကိုင်းရှိတယ်ရယ်ဗျာ့"

"အဲဗျာ-မြောက်ကိုင်းသားတွေက မြောက်ဘက်အကိုင်းက အသီးများစွာတို့ကို ခူးဆွတ်စားပြီးကြပြီပဲ။ ဝလို့အီလို့တဲ့ဗျာ့။ အခု တောင်ဘက်ကိုင်းသားများအလှည့်ဗျာ့။သူတို့လည်းပဲ သူတို့ရဲ့ တောင်ဘက်ကိုင်းရှိ အသီးတွေ, အရွက်တွေကို ခူးဆွတ်စားပါစေဦးဗျာ့" မိန့်သတတ်။

ဤဝေဘူဆရာတော်ဘုရားကြီး၏ နှုတ်တော်ထွက်စကားကို ထောက်ချင့်သော် အဘကား မွန်ဘဝကမွန်ဆက်များတို့အတွက် ဤဒေသကြွလာရခြင်းမှာသိသာလှချေ၏။ သို့ကြောင့်ဆင်ဖြူတော် အဝယ်ခိုင်းခြင်းသည်ပင် ရွှေတိဂုံအရှေ့ဘက်မုခ်ကဟူ၏။

နောက်သုံးရက်မြောက်တွင် ၁၃၄၁-ခုနှစ်၏ ကဆုန်လပြည့်ဖြစ်လာ၏။

ထိုနေ့နံနက် (၇)နာရီတွင် ဘုရားဝင်း၏ စနေဒေါင့်ရှိ ဗောဓိပင်ကို အဘကိုယ်တော်တိုင်ရေသွန်းလောင်း၏။ ထိုလပြည့်နေ့၌ပယ်သောဆံတော်ကိုကား ငါတို့အားပေးသနားခဲ့၏။

ထိုမှနောက်တစ်ဆက်တည်း သိမ်မြေနှုပ်ခြင်း၊ သိမ်သမုတ်ခြင်းကိစ္စဆောင်ရွက်တော်မူ၏။ ထိုမှနေခါ ဝေယျာဝစ္စတပည့်သာဝကများသည်လည်းကောင်း၊ ဘုရား,ကျောင်း ထိန်းသိမ်းမှုတာဝန်ခံရသည့် သာဝကများသည်လည်းကောင်း အဘကား ဝိဇ္ဇာတည်း၊ အဘကားလိုတ,ရ ဣန္ဒာသယ ဘိုးတော်တည်း၊ ကြံအောင့်မေ့ကာ ငွေ-ပစ္စည်းအခွင့်ရလျှင်ရသမျှ မလွတ်တမ်း အခွင့်ရေးရယူကြ၏။ အဘကားငံ့ခံ၏။ ငါတို့ကားမကျေနပ်။ အဘအားအမဲဖျက်သလိုဖျက်နေကြသည်ဟု ယူဆမိ၏။

အဘကား ငါတို့ကို စာရင်းအကိုင်ခိုင်း၏။ ၎င်းတို့ကွယ်ရာမှသာခိုင်းပြီး ၎င်းတို့ရှေ့မှာမူကား မခိုင်း။ သို့ကြောင့် ငါတို့နှင့် ရန်တိုက်ပေးသလို ဖြစ်နေတော့၏။

"သည်နေရာသည်ကျုပ်ဒေသ၊ သည်ပရိတ်သတ်ကားကျုပ်ဝေနေယျ။ ကျုပ်ဝေနေယျတို့ရှေ့ ကျုပ်သိက္ခာကျစေမည့် စာရင်းတောင်းလား၊ အင်းတောင်းလားမလုပ်ပါနှင့်။ ဘာမဆို ကျုပ်မတိုင်ပင်ဘဲလည်း မလုပ်ပါနှင့်ဟူ၍လည်းကောင်း"

"အဘသည်ပင် ဝိဇ္ဇာများက အရေးယူခံရသဖြင့် အဆင့်နိမ့်ကျနေလေရာ၊ သည်ကျုပ်တို့ဘုရားရောက်မှရာထူးပြန်လည်ရတာ။ ဒါကြောင့်မို့ ကျုပ်တို့ဘုရားကမခွါနိုင်တာ" ဟူ၍လည်းကောင်း ပြောဆို

မဟာဗောဓိ

ရာ ငါတို့ကား အဘ၏ဂုဏ်သိက္ခာကို ထိပါးသဖြင့် မခံနိုင်ပြီ။

သို့နှင့် ၄င်းတို့နှင့်ငါတို့ ရောနှော၍မနေ၊ ရောနှောပြီးမလုပ်။ နောင်သော် ငါတို့နှင့်အတူရှိသော အဘသားသမီးများနှင့် စကားများကြတော့၏။ အဘကား မတုန်မလှုပ်သာ။ ကျောင်းသို့ပြန်လည် ရောက်တော့မှသာ- "မင်းလုပ်တာမှန်တယ်။ ဒါပေမယ့် ဒုန်းတိုက်ကြီး" ဟူ၍ ဆုံးမ၏။

မှန်လိုက်လေခြင်း။

ဣစ္ဆာသယစေတီတော်၌ သိမ်သမုတ်ပြီးစီး သော်ထိုသိမ်အား သာသနာ့သောဘိနီသိမ်တော်ကြီး ဟူ၍ သံဃာတော်များက အမည်ပေးတော်မူ၏။

သိမ်နှုပ်-သိမ်သမုတ်ခြင်းကိစ္စအဝဝ ကြည့်မြင်တိုင် ကျွန်းတောကျောင်းဆရာတော်က ကမ္မကထပြုပြီး ထိုဆရာတော်၏ သာဝကများက ကြီးမှူး၏။ အနီးကပ်ဦးစီးကား ဂန္ဓာရီဆရာတော် ဖြစ်၏။ နာယကကား ကျိုက္ကလဲ့ဆရာတော်ဦးဇဝန တည်း။

ထိုကျိုက္ကလဲ့ဆရာတော်နှင့် အဘသည် လည်းကောင်း၊ သက်န်းကျွန်းကြီးဆရာတော် ဦးဉာဏနှင့် အဘသည်လည်းကောင်း၊ နို့နှင့်ရေပမာ တစ်သားတည်းသာရှိချေ၏။ ညီအစ်ကိုသုံးယောက် ဟူ၍ပင်ဆိုရမလောက် ရင်းနှီးတော်မူကြ၏။ ကျိုက္ကလဲ့ကား သိက္ခာအကြီးဆုံးဖြစ်၏။

ကျိုက္ကလဲ့ဆရာတော်ကား ဖိုထိုးဝါသနာပါ ရာ တစ်နေ့၄င်း၏ ကျောင်းဝင်းထဲ ဘိုးတော် အောင်မြင့်စိန် ခေါ် တိမ်ကြားမင်းခေါင်၏ရုပ်ကလာပ် ကို ဂူသွင်းမြှုပ်နှံခွင့်ပြုရာမှ ကုဋ္ဌနူနာရောဂါဖြစ်ပွား လာရာ အဘ၏ပြုပြင်ပေးမှုကြောင့် ပျောက်ကင်း ခဲ့ရဖူး၏။ ထိုကျေးဇူးတရားသည် ကျိုက္ကလဲ့ ဆရာတော်၏ အဘအပေါ်ဝယ် တစ်သက်တာ မေ့မရစေသော အမှတ်သင်္ကေတပေတည်း။

## စည်းကမ်းတရားရလို့ညား သွားလေ မဟာစည်

ကျောင်းသို့ ပြန်လည်ရောက်ရှိ၍ တစ်ပတ် မျှမပြည့်ခင် မဟာစည်သာသနာ့ရိပ်သာသို့ ပို့လွှတ် တော့၏။

"မဟာစည်သွားကွာ၊ မဟာစည်က စည်း ကမ်း ကောင်းတယ်"

ငါတို့ကား အင်းမလှုပ် အဲမလှုပ် ငုတ်တုတ် မျှသာ။

အဘယ့်ကြောင့်ဆိုသော် ဖြူ-နီ-ညို-ပြာတို့ ပေါ်များလှသော မြို့လည်ခေါင်လို ရိပ်သာမျိုး၌ တရား ရခွင့်ရလမ်း လုံးဝမရှိဟူ၍ ငါတို့တထစ်ချ စွဲလန်းစွာ ယူဆထားသောကြောင့်။

အဘကား အတင်းအကြပ်မတိုက်တွန်း။ အမေ့ကောက်နေ၏။ တစ်ဖန် (၁၀)ရက်ခန့်ကြာ ညောင်းသွားပြန်သော် တိုက်တွန်းပြန်၏။

"မင်း-မဟာစည်တရားစခန်းဝင်လျှင် တရားတွင်သာမက သူ့စည်းကမ်းပါရနိုင်တယ်။ ဘာမဆို စည်းကမ်းရှိတော့ တိုးတက်တာပေါ့။ ဘုရားစကားနားထောင်လျှင် ဘယ်သွားသွား မျက်နှာမငယ်စေရဘူးကွယ့် သားရဲ့"

ငါတို့ကား မတုန်မလှုပ် ကျောက်ရုပ်။

*ဖြစ်သမျှ လှစ်ဟလို့ဖွေကျန်*
*လောကရဲ့အခြေခံ အဖြေမှန်ကေန်*
*ဝိပဿနာဉာဏ် ဝေဖန်ကြည့်မှ*
*အမြင်မှား အထင်အရှားသိနိုင်တယ်*

ငါတို့ရှေ့ မလှမ်းမကမ်းမှနေကာ ရံတစ်ခါ စောင်းငဲ့ဆိုတော်မူ၏။ ငါတို့ကား တယူသန် တဇွတ် ထိုးသမားပီပီ သမထဆို သမထမှဟူ၍ တထစ်ချ ပြုကျင့်နေခြင်းကြောင့်ဖြစ်၏။

အဘကား သမထကိစ္စ၏ ဘုရားတည် ကျောင်းဆောက် ဆောင်ရွက်ပေးနေရခြင်း၊ ရံတစ်

ခါ လောကီလူမှုကိစ္စ၏ အရှုပ်အထွေးများ ဖြစ်ကြလေသော ရာဇဝတ်မှု အချုပ်အနှောင်ခံရခြင်းမျိုးသော်လည်းကောင်း၊ စုန်းကဝေ, နတ်မိစ္ဆာတို့၏ အနှောက်ကိစ္စ ပေါ်ပေါက်လာသော်လည်းကောင်း၊ သွေးပယောဂ-လေပယောဂများကြောင့် အရူးရောဂါ ဖြစ်ပွားလာသော်လည်းကောင်း၊ အရောင်းအဝယ်ဖြင့် လမ်းခရီးသွားလိုရာတို့၌ အဆောင်အယောင်၊ အစောင့်အရှောက်တောင်းခံမှုမျိုး ပေါ်ပေါက်လာသော်လည်းကောင်း ၎င်း၏သမာဓိအာဏာဖြင့် အစီအရင်များ ချီးမြှင့်ပေးသနားနေရသော်လည်း ၎င်း၏လုပ်မြဲအလုပ်ကား ဝိပဿနာတရားသာ ဖြစ်၏။ ဝိပဿနာ လမ်းကြောင်းပေါ်၌သာ ၎င်း၏ စိတ် ချထားစေလွတ်တော်မူ၏။ သူတစ်ပါး အကြောင်း ၎င်းရှေ့ပြောလာသော် ခေါင်းလွှဲကာသာ နေ၏။ ရယ်စရာစကား ၎င်းရှေ့ပြောလာသော် မျက်နှာလွှဲလျက်ကသာနေတော်မူ၏။ ငါတို့နှင့် နှစ်ဦးချင်းတွေ့သောအခါမျိုးများ၌-

"သူများအကြောင်း စောင်းမြောင်းဝေဘန်နေလျှင် ဝိပဿနာဉာဏ် မစစ်သေးဘူးကွ။ ဝိပဿနာဆိုတာက ကိုယ့်အပြစ်ကိုယ် ရှုရတာမျိုးပဲ"

"တစ်ခါက ဆရာတော်တစ်ပါးက ဝိပဿနာကျမ်းစာရေးတယ်။ ရေးပြီးတာနဲ့ ငါ့ကို ဝေဖန်ပေးပါဆိုပြီး စာမူကိုအပ်နှံတယ်။ သူ့စာမူဖတ်ကြည့်တော့ တစ်ချို့ကသည်နေရာမှာ ဘယ်လိုယူဆတယ်။ တစ်ချို့ကသည်နေရာမှာ ဘယ်သို့ အယူအဆမှားနေတယ်နဲ့ နေရာများစွာမှာ ကိုယ့်မူကိုယ့်ဝါဒသက်သက်ချည်းမရေးဘဲ သူတစ်ပါးများဘက် လှည့်လှည့်ပြီး ဝေဖန်ထားတာတွေရတယ်။

တစ်နေ့ သည်ဆရာတော်ကြွလာပြီး အရှင်ဘုရားဘယ်လိုမြင်ပါသလဲဘုရား မေးတယ်။ ငါကလည်းပဲ အရှင်ဘုရားရဲ့စာက ဝိပဿနာမစစ်သေးဘူး။ အချို့က, အချို့ကနဲ့ သူတစ်ပါးဝေဖန်ထားတာတွေ အများကြီးပဲလို့ ထောက်ပြလိုက်တယ်။

သည်ဆရာတော် သာခုသုံးကြိမ်ခေါ်ပြီး ပြန်ကြွသွားလေရဲ့"

ဤသို့လျှင် ၎င်း၏ဝါဒကိုမိန့်ခဲ့ဖူး၏။ ထိုဝါဒအတိုင်းပင်လျှင် ကျင့်ကြံနေထိုင်ပြတော်မူ၏။ သို့ကြောင့် ငါတို့ကိုလည်း သူ့ကဲ့သို့ ကျင့်စေလိုသည်မှာထင်ရှား၏။ မဟုတ်လျှင် မဟုတ်သလို ပြန်လှန်တိုက်ခိုက်ချင်သောငါ၊ မမှန်လျှင်မမှန်သလိုပင် ဝေဖန်ချင်သောငါ၊ ထိုငါအား တရားသဘောသိစေလိုရင်းစေတနာသည် အဘထံမှာကိန်းနေသည်ကား အမှန်ပင်။

တစ်ည အိပ်မက်မက်၏။ ရကော်ဒါခေါ် အသံဖမ်း,အသံလွှတ်စက် ဖိုးထရက်ခေါ် လေးလိုင်းသွားတစ်လုံးကို အင်ကြင်းပင်ခွကြား၌တင်ထားလျက်က ငါတို့သည် တေးသီချင်းဖွင့်ကြည့်ရာ ထိုသီချင်းသံကား မပီသလေ။ ဝိုးတိုးဝါးတားသာ အသံထွက်လာ၏။ တစ်ဖန် တူးထရက်ခေါ် တစ်ဖက်လျှင် တစ်လိုင်းဆွဲတိပ်ခွေဖြင့်သာ ပြောင်းလဲဖွင့်ရာ အသံကားပီပီသသ ကြည်ကြည်မြမြ ထွက်လာသည်ဆို၏။

၎င်းအိပ်မက် လျှောက်ထားလိုသဖြင့် နောက်နေ့ည (၆)နာရီခန့် အဘထံသွား၏။ ထိုစဉ် ဘုရားခန်းထဲဝယ် အတူနေ ဦးရာဇိန္ဒ ရဟန်းတော်လေးသည်လည်း ဘုရားဝတ်တက်နေ၏။ ငါတို့က-

"အဘ- ညက အိပ်မက်အထူး မြင်မက်လာတယ်အဘ"

"ဟေ- ဟုတ်လား။ ပြောစမ်းကွာ" ဆိုကာ နားမှနားကြပ်ကို ဘေးသို့ချွတ်ချထား၏။ ငါတို့က နားလေးသည်အထင်နှင့် ထိုအိပ်မက်အော်ပြော၏။

"တိုးတိုးပြောပါကွ (ဦးပဥ္စင်းလေးလက်ညှိုးထိုး၍) ကြားသွားလိမ့်မယ်" ဆို၏။

လက်စသပ်တော့ ဝိဇ္ဇာဆိုတာ လူလိမ်တွေပဲကိုး။

ကြားလိုရာကျ သာသာလေးနှင့်ကြား၏။ မကြားလိုရာကျ အော်ပြောသော်မှ 'ဟမ်-ဟမ်' ဖြင့် မကြားရသယောင်ဆောင်၏။

ကြားလိုရာကား အတွင်းကိစ္စ၊ မကြားလိုရာကား ပြင်ပကိစ္စတည်း။

ကြားလိုရာကား သူနှင့်ဆိုင်ရာဝေနေယျ၊ မကြားလိုရာကား သူနှင့်မဆိုင်ရာဝေနေယျတည်း။

ငါတို့စကားဆုံးသော်- "မဟာစည်လည်း အင်ကြင်းတောပါပဲကွာ" မိန့်၏။

ဤအိပ်မက်၏ အဓိပ္ပါယ် ဆိုလိုချက်မှာ အင်ကြင်းပင်ခေါ် ဝေဘူဆရာတော်ဘုရားကြီး၏ အာနာပါနတစ်ကြောင်းတည်း မှတ်ယူနေသည့်အထဲ မဟာစည်၏ အနုပဿနာလေးချက်မှတ်နည်းဖြင့် တွဲသော် သဲသဲကွဲကွဲ ရှိစေလိမ့်မည်မဟုတ် ဟူသော အချက်ပင်တည်း။

နောက်တစ်ကြိမ် နယုံလကုန်ခါနီးတွင် ထပ်မံ၍ မဟာစည်စခန်းဝင်ရန် တိုက်တွန်းတော်မူပြန်ပါ၏။ ငါတို့ကားမငြင်းသာပြီ။ သို့နှင့်-

"(၄၅)ရက်တိတိသွားမည်အဘ၊ သည်ရက်ထက်တော့ပိုမနေဘူး" ဟူ၍လည်း အကြပ်ကိုင်မိ၏။ "အေးပါကွာ-သွားသာသွားပါ" ဟူ၍ သာမိန့်၏။

ထိုရက်များသည်ပင် အဘကိုအားနာခြင်းကြောင့်သာ သွားရန်ကတိပြုမိခြင်းဖြစ်ပါ၏။ ငါတို့စေတနာကားအလျဉ်းမပါပြီ။ တရားဟူသည် ဆိတ်ငြိမ်ရာတောတောင်မှာသာ ရလေမည်ဟူ၍ တရားသေ စွဲကိုင်ထားမိသောကြောင့်ဖြစ်၏။

တစ်ဖန် လူရှုပ်ရှုပ်ဖြင့်မနေလိုသော ငါ့ဝသီကလည်း တားမြစ်နေသောကြောင့်ဖြစ်၏။ သို့နှင့်ပင် မဟာစည်ဝင်ခွင့်ရရန် အဆက်အသွယ်ရှာကြံရချေတော့၏။ ထိုအတွင်း အိပ်မက်ဆန်းတစ်ခုက မြင်မက်လာပြန်ချေသေး၏။

မိုးကုတ်ဆရာတော်ဦးဝိမလသည် လင့်စင်သဖွယ်ထိုးထားသော လေးတိုင်စင်ကြီး၏ အထက်ခင်းပြင်အပေါ်ဝယ် မြောက်ဘက်ကိုကား-ခြေကန်တောင်ဘက်သို့သာ ခေါင်း(ဥက္ကောင်း)ဆန်လျက်က မသာပွဲကျင်းပရန်(မီးသင်္ဂြိုဟ်ရန်) ပြင်ဆင်ထားရှိပြီးဖြစ်နေ၏။ ခြေနှစ်ဖက်လုံးကိုကား အတွင်းသို့သွင်းထားလျက်ကပင်ရှိချေ၏။ ဆန့်ထားသောခြေများသိမ်းပြီးသား ဆိုလို၏။ ၎င်းစင်၏ခြေရင်း၌ကား မပုသည်(အဘ၏နှမသည်) သီလရှင်ဝတ်နှင့် တွေ့မြင်နေရ၏။ ထိုသီလရှင်လက်တွင်း၌ကား ကြွေပုဂံပြား (လက်ဖက်ရည်အချိုပုဂံလုံး၏ အောက်ခံပုဂံပြား)ဖြင့် ဘီစကွတ်မုန့်ချပ်(အဝိုင်း)ခုနစ်ခုထည့်ထားကာ စကားထာဝှက်သည့်ပမာ မေးနေ၏။

"ကိုယ်စွမ်းကိုယ်စဖြင့် သွားနိုင်ပါလျက်က သူတစ်ပါး အားကိုးလေသူ။

ကိုယ်စွမ်းကိုယ်စဖြင့် သွားနိုင်သည့်အတိုင်း သူတပါး အားမကိုးလေသူ။ ကဲ- ဖော်ပါ" ဟူ၏။

ငါတို့ကား-ထိုပုဂံပြားတွင်းက မုန့်ကို (တံဆိပ်အမှတ်အသားပါ မုန့်တစ်ခုခုကို)ကိုင်လိုက်ရမည်ဟူ၏။ တံဆိပ်တစ်မျိုးသော မုန့်တစ်ခုကို ကိုင်မိက-ဘာ။ နောက်တံဆိပ်တစ်မျိုးသော မုန့်တစ်ခုကိုကိုင်မိက-ညာ စသည်ဖြင့် အတိတ်ကောက်ရန်ဟူသတည်း။

ထိုအိပ်မက်ကိုလည်း နောက်တစ်နေ့ညနေ(၆)နာရီခန့်၌ပင် အဘထံသွားရောက်၍ လျှောက်ထားရာ ရှေးနည်းအတိုင်းလျှင် နားကြပ်ချွတ်လျက်က တိုးတိုးလေးလျှောက်ထားစေ၏။ ပြီးသော်ဘာမျှမဝေဖန်တော့။ မျက်နှာမကောင်းဖြင့်သာ ကျန်ရစ်တော်မူခဲ့၏။

ထိုအိပ်မက်၏ ဆိုလိုချက်မှာ မိုးကုတ်ဆိုသည်မှာ စက်ဝိုင်းပြတရားပိုင်ဆိုင်တော်မူသော မိုးကုတ်ဆရာတော်ဘုရားကြီးကို ဥပမာပြု၍ ပေးသောအိပ်မက်သာဖြစ်၏။ အမှန်မှာ အဘကား

မဟာဓမ္မပါလ



ကမ္ဘာ့ဓာတ်ကိုင် (တစ်ကမ္ဘာလုံး သာသနာလွှမ်းခြုံစေမည့် ဓမ္မဓာတ်အားပိုင်ဆိုင်သူ) အဖြစ် တာဝန်ယူထားရသူဖြစ်ချေ၏။ အဘ၏ ပထမဆုံးသာသနာဖြစ်သော မင်းကွန်းမြစိမ်းတောင်စေတီ တည်ထားပြုပြင်ရစဉ်က-

"သန့်ရှင်းရေ- ကမ္ဘာပေါ် သာသနာတင်လိုက်ကွယ့် " ဟူ၍ အောင်မင်းခေါင်ကြီးက မိန့်ကာ အောက်ခံကမ္ဘာလုံးကြီး၏အပေါ်ဝယ် ဓာတ်တိုင်စိုက်ထူခြင်း၊ ထိုဓာတ်တိုင်ထိပ်ဝယ် စေတီငယ်တစ်ဆူ တည်ခြင်းကိစ္စ စတင်ခဲ့ရသည်ဆို၏။ ထိုကမ္ဘာ့ဓာတ်တိုင် (မင်းကွန်းမြစိမ်းတောင်ရှိ ကမ္ဘာ့ဓာတ်တိုင်) သည် တစ်ပြည်လုံး၏ ပထမဆုံးသော ကမ္ဘာ့ဓာတ်တိုင်ပဲဟူ၍ အဘမိန့်ခဲ့ဘူး၏။ကမ္ဘာ့သာသနာပြုများပေါ်ထွန်းလာရန် ဓာတ်ရိုက်ခြင်းတည်း။

သို့ကြောင့် မိုးကုတ်ဆရာတော်ဦးဝိမလဆိုသည်မှာ အဘပင်လျှင်ဖြစ်ပါချေ၏။ ထိုအဘသည် အထက်ဗမာပြည်ခေါ်သော မြောက်ဘက်မှ ခြေယူရုပ်သိမ်း၍ တောင်ဘက်ဆိုသော အောက်ဗမာပြည်၏ ရန်ကုန်မြို့တော်၌ပင် ခေါင်း(ဉကွောင်း)ချတော့မည် ဟူ၍လည်း အဓိပ္ပါယ်ရ၏။

သို့တည်းမဟုတ် ဘယ်-ညာ ခြေနှစ်ဘက်ရုပ်သိမ်းလျက်ကဆိုသည်မှာ ပါရမီစခန်းသွားရာလမ်း၏ သမထ၊ဝိပဿနာ ဝဲ-ယာနှစ်ဘက်ထိမ်းကိုရုပ်သိမ်းပြီးပြီဟူ၍လည်း သဘောသက်၏။ ထိုသို့ပညာခြေနှစ်စုံရုပ်သိမ်းကာ လူ့ဘဝ,လူ့ခန္ဓာဝန်ကိုချတော့မည်ဟူ၏။

ထိုသို့ အဘ၏ ခန္ဓာဝန်ချတော့အံ့ဆဲဆဲအချိန်ဝယ်-

သင်သည် သင်ကိုယ်တိုင်ကြိုးစားလျှင်ရနိုင်ပါလျက်က အဘကိုပင်အားကိုး၍နေမည်လော။ သို့တည်းမဟုတ် သင့်ကိုသင်လျှင်ကြိုးစား၍ရယူမည်လော ဟူ၍ပင်တည်း။

ပုဂံပြားတွင်းက မုန့်ခုနစ်ချပ်ကား ခုနှစ်ရက်သားသမီးများစားသုံးရန် အဘဘုရားရှင်ထားတော်မူခဲ့ပါသော ဓမ္မရသ၊ ဝိမုတ္တိရသဓမ္မဓာတ်တည်း။

▼

## ပဏ္ဍိ-ပညာရှိသည်၊ ဥေယျာ-သိရာ၏

မဟာစည်သို့ ဝင်ခွင့်ရရန်ကိုကား ဒေါ်သန်း(ဦးသိန်းမောင်)သက်န်းကျွန်းဈေးမှ တာဝန်ယူပို့ဆောင်ပေး၏။ ၁၃၄၁-ခုနှစ်၊ ဝါဆိုလဆန်း(၁)ရက်နေ့သည် တနင်္ဂနွေနေ့ပင်ဖြစ်၏။ ထိုနေ့၌သွားရာတာဝန်ခံဆရာတော်ဦးသူရိယကခွင့်ပြု၏။ သို့တစေလည်း ငါတို့မှာ အသုံးအဆောင်များ တစ်ပါတည်းမပါရှိခဲ့လေသဖြင့် နောက်ရက်မှ အတည်တကျဝင်ရောက်ရ၏။

၁၃၄၁-ခုနှစ်၏ ဝါဆိုလဆန်း(၂) ရက်နေ့ညနေ(၅)နာရီတွင် မဟာစည်ဆရာတော်ဘုရားကြီး၏ စံကျောင်းတော်အောက်ထပ်ဝယ် အလုပ်ပေးတရား(တရားအလုပ်လုပ်ရန်ပေးသော နည်းပေးတရားသက်သက်)နာကြားရ၏။ ထိုစဉ်က မဟာစည်ဆရာတော်ဘုရားကြီး ဦးသောဘဏသည် ကမ္ဘာ့(၁၃)နိုင်ငံသို့ သာသနာပြုလှည့်လည်နေဆဲပင်ရှိချေသေး၏။ သီလ(၈-ပါး) ကိုကား ဦးသောဘဏ(ဆရာတော်ကြီး၏တူတော်သည်ဆိုသော ယခုရွှေမင်းဝံဆရာတော်လေး)က ချီးမြှင့်၏။ အလုပ်ပေးတရားကိုကား ဆရာတော်ကြီး၏ အသံသွင်းတိပ်ခွေမှတစ်ဆင့် နာကြားခွင့်ရခဲ့၏။

(က) ထိုင်လျက်က အနုပဿနာလေးချက်တို့ဖြင့် မှတ်နည်းကတစ်မျိုး။

(ခ) စင်္ကြံသွားလျက်က ဣရိယာပထတို့ဖြင့် မှတ်-နည်းက တစ်မျိုး။

ဓမ္မဒါန

(ဂ) ထိုနှစ်မျိုးတို့အကြား အိပ်ချိန်ကိုချန်လှပ်ထား၍ မှတ်နည်းက တစ်မျိုး။

ဤသို့လျှင် တစ်ရက်ကို အချိန်(၃)ပိုင်း, ပိုင်းခွဲဝေကာမှတ်ရှုစေ၏။ နံက်(၃)နာရီတွင်အိပ်တန်းထရပြီး ည(၁၁)နာရီကျမှသာ အိပ်တန်းဝင်ရမည်ဆို၏။ ထိုအိပ်တန်းဝင်၏ အိပ်ချင်စိတ်ကိုပင် ရှုမှတ်ရဦးမည်။ အကယ်တိတိ ရှုမှတ်မှု အားသာသဖြင့် ထိုအိပ်ငွေ့များပျက်ပြယ်သွားသော် အိပ်ချိန်ဟူ၍ သဘောမထားဘဲ မှတ်မြဲမှတ်ရမည်ဟူ၏။

'ကပ်ကပ်သပ်သပ် (၄)နာရီအိပ်ခွင့်လေးတောင် တိုလီမိုလီရှိလိုက်တာ'

အလုပ်ပေးတရားနာကြားလျက်က စိတ်တွင်းကနေရေရွတ်မိခဲ့သေး၏။ နည်းကား စိတ်လွှန်းလှပါ၏။ ကိလေသာများကို ပိုက်စိပ်တိုက်သိမ်းနည်းပင် ဖြစ်ချေ၏။ ထိုနည်းအတိုင်းပင် ထိုည (၆)နာရီထိုင်ချိန်မှ စတင်ကာ အလုပ်စခန်းဝင်ရောက်ရပါ၏။

နောက်နေ့နံက်(၇)နာရီသို့ရောက်သောအချိန်တွင်မူကား ဆရာတော်ဦးသူရိယထံ ဝင်ခွင့်ယူစဉ်ကပင် ညွှန်ကြားလိုက်သော အမှတ်(၁)ကျောင်းသို့သွား၍ နံက်(၇)နာရီတွင် တရားအစစ်ခံပါဟူသော မိန့်မှာချက်အရ ထိုအမှတ်(၁) ကျောင်းဆောင်သို့ သွားရောက်ရ၏။ ထိုကျောင်းမှနေ၍ တရားစစ်ဆေးပေးလေသူကား ဆရာတော်ဦးပဏ္ဍိတဘိဝံသ ဆိုသတည်း။

- တရားစစ်မေး ဟောပြော ပြသပေးလေသူ ဆရာကား- ပဏ္ဍိ။
- တရားလေ့ကျင့် အသင့်ဖွေကြံ နာခံလေသူ တပည့်ကား- ဥေယျ။

သည်တွင် ဗန်မော်ဆရာတော် ဦးပဏ္ဍိနှင့် ထိုခေတ် သာသနာပိုင်ဆရာတော်ဥေယျတို့၏ ဇာတ်လမ်းကို သွားရောက်သတိရမိစေတော့၏။ သာသနာပိုင်ကား ကိုယ်အမူအကျင့် ဇာတ်ဇာတ်ကျဲသောဦးပဏ္ဍိကို ဝိနည်းဖြင့်ဝေဖန်ကာ ဆုံးမသြဝါဒများ ပေးသနားဆို၏။ စကားဖြင့်လည်း ခနဲ့ ဆို၏။ ထိုတွင်ဦးပဏ္ဍိက ပညာမာန်အလေ့ကျ ထလာသဖြင့် သာသနာပိုင်၏ကျောင်းခါးပန်း သွားရောက်စာတမ်းသည်ဆို၏။

ပဏ္ဍိ-ပညာရှိသည်။ ဥေယျ-သိရာ၏။ ဟူသတည်း။

အဓိပ္ပါယ်ကား ရှင်းလောက်ပါ၏။ ငါလည်းပဲ ပညာရှိဆိုသည်ကိုသူသိသင့်၏ ဆိုလို၏။

ငါတို့သည်လည်း အစပထမတွင် ဆရာဖြစ်သူဦးပဏ္ဍိတ(ယခုရွှေတောင်ကုန်းဆရာတော်)၏ သိက္ခာဂုဏ်ကြီးမြင့်မှုကို မရိပ်မိခဲ့။ အပြောအဆိုအဆုံးအမကြမ်းတမ်းသည်ကိုသာ သိရ၏။ နောင်မှသာ ဖယောင်းဖြစ်သဖြင့် မီးပေးကာပုံဖော်လေသည်ကို သိခွင့်ရတော့၏။ အစသော်-

'ဟာ-အရိယာတွေနေတဲ့ရိပ်သာက တယ်အပြောကြမ်းလှချေပါကလား'

'ဟာ- သူတော်ကောင်းတွေလည်း ဆိုသေးတရားပေးတာက ပူနွေးလှချေကလား'

အများယောဂီတို့ကို စစ်ဆေးနေပါသည်ကို နာကြားလျက်က စိတ်တွင်းမှနေ ဝေဖန်မိပါ၏။

ငါတို့အလှည့်ရောက်သောအခါ- ယောဂီကအသစ်ထင်သည်ကစပြီးမေးစစ်၏။ပြီးသော် ဘယ်နည်းများဖြင့် ပွားများဖူးပါသလဲစစ်မေး၏။ အာနာပါနဖြင့် ဆရာမပါတစ်ဦးတည်းသာ ပွားများခဲ့မိပါကြောင်းဖြေရ၏။ ထိုအခါ-

"ကောင်းပါတယ် အာနာပါနနည်းဟာ ဘုရားရှင်တိုင်းသုံးတဲ့ ရှေးရိုးလမ်းဟောင်းနည်းပေပဲ" ဟူ၍ အားပေးတော်မူ၏။

ထို့နောက်မှ "သည်မှာ အားထုတ်တာ ဘာတွေ့လဲ" စစ်မေးပါတော့၏။

"တပည့်တော်အားထုတ်တာ မှတ်လို့ လမ်းမတည့်ဘူးဘုရား။ တစ်ခါတစ်ရံ ဖောင်းပိန်အစား

မဟာစမ္မဂ္ဂ



ဖောင်ပိန်းလို့လည်း ဖြစ်နေတယ်၊ တစ်ခါတစ်ရံ ဖောင်းလာတဲ့အလှည့် ပိန်တယ်လို့မှတ်လိုမှတ်၊ ပိန်ကျသွားတဲ့အခါ ဖောင်းတယ်လို့မှတ်လိုမှတ် နဲ့ပါပဲ" အစစ်ခံ၏။

"အေး- ဒါအမှန်ပဲ၊ သည်ယောဂီ တရားတွေ့ဖို့ သေချာတယ်"

ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ငါ့ မမန်သည့် အပြင် တရားတွေ့ဖို့သေချာသည် ဆိုပါကလား။

ထိုနေ့ (ဝါဆိုလဆန်း(၃)ရက်၊အင်္ဂါနေ့) တစ်နေ့လုံး စိတ်တို့သည်လန်းဆန်းတက်ကြွနေတော့၏။

## တက်ကြွလွန်းတော့မောက် နိမ့်ကျလွန်းတော့ဟောက်

စိတ်ဓာတ် တက်ကြွလွန်းနေသဖြင့် ဖောင်းမရ၊ ပိန်မရပြီ။ ဝမ်းဗိုက်သည် အတွင်းလေ၏ မာကြောအားကြီးစွာ ပင့်တင်ခြင်း၊ ထောက်ကန်ထားခြင်းများကြောင့် ပြင်ပလေကားမဝင်သာ၊ မထွက်သာပြီ။ ချက်တိုင်ကြီးကား ရေနံဆီစုပ်ချူရာ ဘုံဘိုင်ဖျားရှိလျှာပမာ အလုပ်တာဝန်လုပ်ပေးပါမှသာ ဝင်ထွက်လေ မှန်မှန်ကန်ကန် သွားလမ်း၊ လာလမ်းသာခြင်း၊ ဖောင်းမှု,ပိန်မှုများမှန်မှန်ကန်ကန် တရိပ်ရိပ်တက်ခြင်း၊ တရိပ်ရိပ်ကျခြင်းများ လှုပ်ရှားခွင့်ရမည်ဖြစ်ရာ ယခုသော်ကား မည်သို့မျှ လှုပ်မရ လုံးလည်ချပ်ပြားကြီးသာ ရှိချေတော့၏။

ထိုအခါ- တိုးကြိုးစား၏-တိုးဆိုးဝါး၏။ ရင်သည် အင့်တင့်တင့် ကြပ်တတ်တတ်ဖြစ်လာ၏။ အစာအိပ်သည် အထက်သို့ မြောက်တက်လာ၏။ နှာဝအစုံတို့သည် ငရုပ်ပူမိသည့်ပမာခံရရာ၏။

ကဲ- ငါကားမတတ်နိုင်ပြီ နင်ဖြစ်ချင်သလို သာဖြစ်ပေရော့။ မတတ်သာသည့်အဆုံး နင့်တစ်သက်လွှတ် ငါ့ဆယ်သက်လွှတ် ဆိုလေသည့်ပမာ ရှုမှတ်မှုကို လက်လျှော့လိုက်ရ၏။ ချက်တိုင်ထိပ်ဝယ် အသီလေးမျှကပ်ပေးထားကာ အနားယူရတော့၏။

အာရုံမှန်မှန်အထားမှန် လမ်းမှန်တွေ့စမြဲ။

ထိုသို့ တက်ကြွလွန်းသောစိတ်ကို ပစ်ပယ်၍၊ ငါလုပ်မည်ဟူသော ငါဝင်ရှုပ်မှုကိုလည်း ပစ်ပယ်၍ သိရုံလေးမျှသိသိပေးနေလေသောအခါ အတွင်းခံလေ(ဘဝင်လေ)သည် တရိပ်ရိပ်မာန်ကျသွားတော့၏။ ချက်တိုင်လေးလည်း သာသာမျှလှုပ်ကစားပြလာ၏။ ဝင်ထွက်လေများလည်း လှုပ်၍ရလာစေ၏။ အတန်ကြာ သိရုံလေးမျှသိသိပေးလိုက်သောအခါ ပုံမှန်အတိုင်းပင် ချက်တိုင်သည် လှုပ်ကစားပြလာတော့၏။ အမောလည်းပြေပြီဖြစ်၏။ ထိုအခါကျမှသာ မှတ်မြဲအတိုင်းမှတ်ခွင့်ရတော့၏။

ဤ၌ သဘောပေါက်သွားသည်မှာ အာရုံမှန် ပုံမှန်(မတက်လွန်း, မကျလွန်း)မှသာ အားထုတ်၍ရကြောင်းပင်ဖြစ်ချေ၏။ ငါစိတ်ဝင်ကာ ထင်တိုင်းကျဲ၍မရကြောင်းလည်း သဘောပေါက်လာ၏။ သို့တစေလည်း မှတ်ပါဆို၍သာမှတ်ရပါသည်။ ဘာကို၊ ဘယ်လိုမှန်းကား မရိပ်မိသေးပြီ။

သုံးရက်မြောက်နေ့တွင် ရိပ်မိလာ၏။

ငါတို့ကား စိတ်မြန်ကိုယ်မြန် စရိုက်ရှိ၏။ သည့်အတူ စိတ်ဆိုးစိတ်ပြေလည်း မြန်ဆန်တတ်လှချေ၏။ စိတ်ပြောင်းစိတ်လွဲလည်း မြန်ဆန်တတ်လှချေသေး၏။သည့်အထဲ အရှက်အကြောက်ကြီးသည်ကလည်း ကဲထားသေး၏။ သူတစ်ပါးအဆိုအပြော မခံချင်တတ်သောမာန်ကလည်း ပိုးထားသေး၏။

သို့ကြောင့် ရိပ်သာမဝင်မီကပင်- အပြောမခံချင်၊ လုပ်သော်ကားအပြောမလွှတ်ဆိုက သင့်ထက်

မဟာဗုဒ္ဓပါလ

မိုက်သူမရှိပြီဟူ၍ ကိုယ့်ကိုယ်ကိုဆုံးမထားပြီးဖြစ်သည်အားလျော်စွာ နေ့ပိုင်းဆိုသော် စင်္ကြန်ကမ္မဋ္ဌာန်းပိုင်းအချိန်ဝယ် အခြားလူလွတ်ကင်းရာ ဒေသများတို့၌ သွားရောက်ရှုမှတ်တတ်၏။ နိုင်ငံခြားသားများနေထိုင်ရာကျောင်းသို့သွားရာ လမ်းတစ်လျှောက်သည် ညနေပိုင်း ငါတို့၏ စင်္ကြန်ကမ္မဋ္ဌာန်းစီးဖြန်းရာဒေသဖြစ်ပြီး ဗောဓိပင်ရှိရာ ဆည်တော်ကြီးစောင်းတစ်လျှောက်သည်ကား နေ့လည်ပိုင်းစင်္ကြန်ချိန်၏ ရှုမှတ်ရာဌာနဖြစ်ပါချေ၏။

ဘယ်လှမ်းသည်- ဘယ်ဖဝါးပြင်သတိပို့။
ညာလှမ်းသည်- ညာဖဝါးပြင်သို့သတိပို့။

သို့ဖြင့် အဖန်ဖန်အထပ်ထပ် မပြတ်ရှုမှတ်ကြည့်သောအခါ-

ဖဝါး၏ အကြွ, အချ နှစ်ခုသည် တစ်ခုနှင့်တစ်ခု မတူညီ။ အကြွ၌ အေးပေါ့၊ အချ၌ လေးနွေး၊ ဖွားဖွားရိပ်ရိပ်ကား မှုံမှေးမှေး။

ငါတို့၏ စိတ်မြန်သမားအတွက် သွားလာလှုပ်ရှားမှုကမ္မဋ္ဌာန်းသည် အနာနှင့်ဆေး တည့်သွားချေပြီတည်း။

ထိုမှနောက်တွင်ကား ထိုင်ကမ္မဋ္ဌာန်း၏ ကာယာနုပဿနာပိုင်းဖြစ်သော ဝမ်းဗိုက်၏ တရိပ်ရိပ်တက်ပုံ, သက်ပုံအမူရာကိုလည်း ကြည့်တတ်လာ၏။

ချက်တိုင်ကြီး၏သဏ္ဌာန်နိမိတ်ဖြစ်သော (အလွန်သေးငယ်သည့် သူငယ်စာငှက်ပျောသီးမှည့်၏ အလုံးအရပ်သဏ္ဌာန်ပမာသော) လှုပ်ရှားမှုအတက်အကျကိုလည်း ကြည့်တတ်လာ၏။

စိတ်ဝင်စားလာ၏။ ထိုအရိပ်မှ စိတ်မခွါလိုပြီ။

## သုံးခွန်းသောစကားကိုသာ သုံးတော့ဗျာ့

ဤသို့ဖြင့် သူ့ခွင်သူ့စည်းအတိုင်း ရက်ဆက်အားထုတ်လာရာ-

ဝါဆိုလဆန်း(၈)ရက်နေ့ နံနက်(၈)နာရီထိုင်ချိန်တွင် အာရုံနိမိတ်ဆန်းတစ်ခု ရှုကွက်တွင်းမှပေါ်လာ၏။ ငါတို့၏ ဝဲဘက်ဒူးရှေ့ဝယ် မိန်းမအလောင်းတစ်လောင်း မြေမှတဖွားဖွားလှုပ်ကာထောင်လျက်က ခွဲထွက်လာပြီး ထိုင်နေသောငါတို့၏ဝဲဘက်ဒူးရှေ့ စင်းစင်းလှဲလျက်က နေ၏။

တစ်ဖန် ဝေဘူဆရာတော်ဘုရားကြီးကားသက်နံးတော်များရုံလျက်ကပင် တရားအားထုတ်ရာဓမ္မာရုံ (ဒေါ်ကြွေဓမ္မာရုံ)ကြီး၏ တနင်္ဂနွေဒေါင့်အရပ်မှသည် ငါတို့ထံကြွလာပြီး ငါတို့၏ယာဘက်ဒူးထိပ်ဝယ် ထိုမိန်းမအလောင်း၏ ခေါင်းရင်းကျကျအရပ်မှ ထိုင်တော်မူကာ-

"ဒကာကြီး အခုအချိန်ကစပြီး- သီလဝါစာ၊ သမာဓိဝါစာ၊ ပညာဝါစာ သုံးခွန်းသောစကားကိုသာ သုံးတော့ဗျာ့"

ဤသို့လျှင် ပြောဆိုဆုံးမကာ လာရာလမ်းအတိုင်းပြန်လည်ကြွမြန်းသွားပါ၏။ မိန်းမအလောင်းသည်လည်း ထိုခဏချင်း၌ပင်လျှင် ပျောက်ကွယ်သွားပါချေတော့၏။ ဤ၌ -

-သီလဝါစာဆိုသည်မှာ သီလနှင့်စပ် ဆိုင်ရာစကား၊
-သမာဓိဝါစာဆိုသည်မှာသမာဓိနှင့် စပ်ဆိုင်ရာစကား၊
-ပညာဝါစာဆိုသည်မှာ ပညာနှင့်စပ်ဆိုင်ရာ စကားကိုဆိုလို၏။

ထိုအချိန်သည်ကား ဝေဘူဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည်မှာ (၂)နှစ်ခန့်မျှပင်ကြာညောင်းပြီးဖြစ်ခဲ့ရာ အဘယ်သို့ ဝေဘူလာသနည်း မေးစရာရှိနေပါ၏။

ဝေဘူလာသော်မှ ဝေဘူကားမဟုတ်လေ။ ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော်မှ ဘုရားရှင်

မဟာဓမ္မပါလ



တကယ်ကြွလာဘိသို့သော ပုံဟန်များ ဖူးတွေ့ခွင့်ရခဲ့သည်ကို သီဟိုဠ်ခေတ် ဘုရားရင်ပြင် တံမျက်စည်းလှည်းဝတ်မပျက်သော ဖုဿဒေဝမထေရ်၏ အတ္ထုပ္ပတ္တိဝယ် အထင်အရှားရှိလေသည်ကတစ်ကြောင်း၊ သီရိဓမ္မာသောကမင်းလက်ထက် တတိယ သင်္ဂါယနာတင်မည်ပြုစဉ် မာရ်နတ်မင်းဖျက်လေသည်ကို ဟန့်တားပေးသော ရှင်မဟာဥပဂုတ္တမထေရ်၏ အတ္ထုပ္ပတ္တိဝယ် အထင်အရှားပြထားသည်ကတစ်ကြောင်း။

ထိုအကြောင်းချင်းတများကို ထောက်ဆ၍ ဝေဘူကိုမှီသော၊ ဝေဘူနှင့်လည်းကျေးဇူးမကင်းသော၊ ဝေဘူနှင့်ငါတို့၏အကြား အဆက်အထားလည်းဖြစ်သော ကမ္ဘဇိဒ္ဓိရှင် သာသနာတော်စောင့်နတ်(ကံသတ္တိအလျောက် အလိုလိုတန်ခိုးရှိနေသောနတ်)တို့၏ အစီအမံမျှသာဖြစ်ကြောင်း ကောင်းကောင်းကြီးရိပ်မိသင့်လောက်ခဲ့သည်။

ထိုနေ့ (လဆန်း ၈-ရက်နေ့) ၏ နေ့လည် (၁)နာရီအချိန်သည် သမာဓိမှပညာကူးရာအချိန်ပင် ဖြစ်ခဲ့တော့၏။ (၁၂)နာရီတွင်ထိုင်ကြရပြီး၊ (၁)နာရီတွင် ဣရိယာပုထ်ပြောင်းရွှေ့ခွင့်ရ၏။

သို့ကြောင့် ဘုရားသို့ ဂါရဝသုံးကြိမ်ပြုပြီး အထိုင်မှအထဆီသို့ အမှတ်မလွတ်ပြောင်းပေးရ၏။ တစ်ဖန် အထမှအရပ်သို့လည်းကောင်း၊ အရပ်မှသည် အလှမ်းသို့လည်းကောင်း အဆင့်ဆင့်ပြောင်းပေးလျက်က မိမိနေရာဖြစ်သော အရိယာဝါသကျောင်းအောက်ထပ်၏ အခန်းနံပါတ်(၃၀)ရှိရာသို့ လာခဲ့၏။

ထိုတွင် အခြေအနေချင်းမတူရာ ဓမ္မာရုံပေါ်မှမြေပြင်သို့ဆင်းသက်ရာ လှေကားသို့ရောက်လျှင် ငါတို့ကိုယ်၌ တစ်မျိုးပြောင်းလဲလာသည်ကို အလိုလိုသိလာ၏။ တစ်ဖန် လမ်းဖြောင့်မှနေလမ်းချိုးသို့ ချိုးကွေ့ရန်အလှည့် ကျလာသောအခါ ငါတို့၏ ကိုယ်၌လည်း အချိုးတစ်မျိုးပြောင်းရမည်ဟု အလိုလိုပင်ရိပ်မိလာ၏။ စိတ်မှနေ၍ ဆင်းပေးလိုက်ပါဦး၊ ကွေ့ပေးလိုက်ပါဦး၊ အသိပေးလျက်ရှိခဲ့သည်ကို သတိပြုမိ၏။ သို့တစေလည်း ထိုစိတ် ဘယ်ကနေ ခိုင်းလေသည်ကိုကား အတပ်မသိသေး။

ငါတို့နေရာ အရိယာဝါသကျောင်း၏ အောက်ထပ်ကား ယင်းအထက်ထပ်မှနေကာ ဆင်းသက်ရမည်ဖြစ်၏။ တောင်ကမ္ဘားယံ၌ဆောက်လုပ်လျှံဒါန်းထားရာ ဆိတ်ငြိမ်ကျောင်းပင် ဖြစ်၏။

သို့နှင့် အထက်မှအောက်ထပ်ဆီသို့ လှေကားအတိုင်း ဆင်းသက်လာရာ အောက်ထပ်သို့ရောက်လျှင်ရောက်ချင်း ပြန်းဆို ငါတို့ဥက္ကောင်းထိပ်ဝယ် မာကြူရှိမီးရောင်တမျှ ဝင်းလက်သောအရောင်တစ်ခုထိုးကျလာ၏။ ငါတို့ထံရှိ သတိကလည်း 'ဘာလဲ' ဟူသောအမှတ်ဖြင့် အထူးသတိ ဖြစ်လာတော့၏။

လား-လား စိတ်ကလည်း စိတ်တစ်ခြား ရုပ်ကလည်း ရုပ်တစ်ခြားကြီးပါကလား။

- စိတ်ကား သူလိုရာအချက်ပြမီးလေးသဖွယ် စေညွှန်းလို့။
- ရုပ်ကား စက်ရုပ်ကြီးပမာ စိတ်စေစားရာ အသက်ဝင်လှုပ်ရှားပေးလို့။

ဦးစွာ ကျင်ငယ်စွန့်ချပေးလိုလှသဖြင့် စိတ်က ထိုကျင်ငယ်အိမ်ရှိရာဘက် အချက်ပြ၏။ ရုပ်ကလည်း ထိုကျင်ငယ်အိမ်ရှိရာဘက်သို့သာ အလိုလိုလှည့်ပေးလိုက်၏။

ထို့နောက်တွင်ကား စိတ်က ဘယ်ဖဝါးလှမ်းလိုသော် ထိုဘယ်ဖဝါး၏ရှေ့မှ ဖျတ်ကနဲ အချက်ပြပေးလိုက်၏။ ထိုအခါ ဘယ်ဖဝါးသည် သက်ဝင်လှုပ်ရှားလာကာ ရွှေ့လျားပေးရ၏။ ညာဖဝါး၌လည်း ထိုနည်း၄င်းပင်ဖြစ်၏။ သို့ဖြင့် ကျင်ငယ်အိမ်ရှေ့ ရောက်လေသောအခါ စိတ်က ရုပ်တန့်လိုစိတ်ဖြစ်လာ၏။ ရုပ်သည်ကား မလှုပ်မရှား ကျောက်တိုင်ကျောက်သားပမာတည်း။

မဟာဓမ္မပါလ



ထိုမှနောက် တံခါးဖွင့်လိုခြင်း-ဖွင့်ခြင်း၊ ပြန်လည်ပိတ်ဆို့လိုခြင်း-ပိတ်ဆို့ပေးခြင်း၊ နင်းခုံပေါ်တက်လိုခြင်း-တက်ခြင်း များမှသည် ကျင်ငယ်စွန့်ချပေးမှုတိုင်အောင် စိတ်အသိပေးရာ ရုပ်သက်ပါသောအားဖြင့် စိတ်ဓါတ်,ရုပ်ဓါတ်နှစ်ပါး တစ်ခုတည်းသောလမ်းဝယ် စပ်တူသွားနေချေသည်ကို အထင်းသား အရှင်းသား တွေ့မြင်နေရ၏။ ထိုနှစ်ခုမှတစ်ပါး အခြားဘာကိုမှလည်း မတွေ့မိ မမြင်မိပြီ။

တစ်ဖန် ကျင်ငယ်စွန့်ချမှုကိစ္စ ပြီးစီးအောင်မြင်သဖြင့် ပြန်လည်ထွက်ခွာလာရာ လမ်းတစ်လျှောက်လုံးလည်း ထိုနည်းငှင်းပင်ရှိချေ၏။ မိမိဝင်ရမည့်အခန်းတံခါးရှေ့မှောက် ရောက်လေသောအခါတွင်မူလည်း အိတ်တွင်းမှသော့ယူလိုခြင်း-ယူခြင်း၊ ဖွင့်လိုခြင်း-ဖွင့်ခြင်း မှသည် အခန်းတွင်း၏ ကုတင်ထက်ရောက်သည့်တိုင်အောင်လည်း ထိုနည်းငှင်းပင်ရှိချေ၏။

ထိုကုတင်ထက်သို့ရောက်သဖြင့် လဲလျောင်းသောက္ကရိယါပုထ်ကိုရယူကာ ပက်လက်အနေအထားဖြင့် အထက်ခါးတစ်ပိုင်းကိုကား ကုတင်၏ခေါင်းရင်း ဘောင်ပေါ်ဝယ်တင်ထား၍ အောက်တစ်ပိုင်းကိုကား စန့်စန့်အတိုင်းသာထား၍ ရှုကြည့်မြဲရှုကြည့်နေချေရာ-

စိတ်သည်ကား ရှေ့မှ ကြိုတင်သိပေးနေသလို နောက်မှလည်း ပြန်လည်သိသိပေးနေ၏။ ယာဘက်ခြေတစ်ချောင်းတည်းကား ဖေါင်းလုည့်တွင် မြွေကြီးတစ်ကောင်ကဲ့သို့ တွန့်လိမ်တက်ကြွကာ အထက်သို့ပါလာခဲ့ပြီး ပိန်လှည့်တွင်ကား အောက်သို့လျှောကျသွားကာ စန့်မြဲအတိုင်းစန့်သွားချေ၏။ ရုပ်ရှင်တစ်ကားကို ကြည့်နေရဘိသို့ ကြည့်ကောင်းကောင်းဖြင့် ကြည့်နေလေရာ နေ့(၂)နာရီထိုးအထိဖြစ်၏။ (၂)နာရီထိုးသဖြင့် ဓမ္မာရုံသို့သွားတော့မှသာ ထိုမြင်ကွင်း ပျောက်သွားရ၏။

## နှစ်ပေါင်း(၃၀)တွင် သည့်တစ်ယောက်

နောက်နေ့(လဆန်း ၉-ရက်နေ့) နံနက် (၇)နာရီတွင် ဆရာတော်ဦးပဏ္ဍိတထံ သွားရောက်အစစ်ခံရာ "ယောဂီသိပ်တော်တာပဲ" ချီးကျူးပါချေတော့၏။

'သည်လောက်ချီးကျူးလျှင် ဒါ-နာမရူပပရိစ္ဆေဒဉာဏ် ထင်ရဲ့'

ပရမတ်အမြင်တွင် ပညတ်တင်မိခဲ့ချေပြီ။ ပရမတ်အမြင်တုန်းက ထိုဆိုင်းဘုတ် မတွေ့ရ။ စိတ်ကူးကျမှသာ တွေ့ရတော့၏။

ထို့နောက်တွင်ကား ရဟန်းဘဝ၏ဓမ္မာစရိယတန်းအထိတိုင်အောင် မွေးထားခဲ့မိသောစာများကအတွင်းမှနေကာ ထအော်ကြလေကုန်၏။ ၎င်းတို့၏အဆာ- အစာတောင်းလာကြကုန်၏။

'ပစ္စယပရိဂ္ဂဟဆိုတာ နာမ်ရုပ်နှစ်ပါးသိမ်းဆည်းတာ' တွေး၏။

ထိုင်မှတ်လေသောအခါ ထိုအတွေးအတိုင်းအရေးပေါ်လာ၏။

နောက်ရက်ဆရာ့ထံသွားရောက် အစစ်ခံရာ "ဒါအတွေးပဲယောဂီရဲ့" အသာတကြည်မိန့်လိုက်၏။

ငါတို့ကားအတွေးမရပ်၊ ရပ်၍လည်းမရတော့။

'သမ္မသနဆိုတာ အမှန်အတိုင်းသုံးသပ်တာကပဲ' တွေးယူ၏။

ရှုကွက်ထဲကျ ပေါ်လာ၏။

နောက်ရက်ဆရာ့ထံအစစ်ခံ၏။ သည်တစ်ခါနည်းနည်းထန်လာ၏။

သို့တစေလည်း အတွေးကားမရပ်။ ရပ်၍လည်းမရတော့။

ထို့နောက်တွင်ကား ဆရာသည်ကား ထန်ရုံမျှသာမက မာန်လာ၏။ ငါတို့ကလည်းမရပ်။ မရပ်သဖြင့်မာန်ရာက မဲလာတော့၏။ မဲပလေစေ ငါတို့

မဟာဓမ္မပါလ



ကလည်း အတွေးဖြင့် ဉာဏ်စဉ်တက်မြဲ။

ကြာသော် ဆရာမဲ့နှင့် ငါကဲတို့ ထိပ်တိုက်ချည်း တိုးမိနေကြလေရာ ယောဂီအများရှေ့ဝယ် တရားစစ်ဆေးမှုပင် မခံရဲတော့ပါပြီ။ နောက်ဆုံးမှာမှ ရှိ၊ ရှိ မျှသာ။

ဤသို့လျှင် အတွေးဖြင့်ပင် ဝိပဿနာဉာဏ်စဉ် ဆုံးခဲ့ရပါ၏။

တကယ့်အမြင်လည်းပေါ်၏။ အစစ်ခံ၏။ ဉာဏ်ဟူ၍မထင်မိသဖြင့် ခပ်လေးလေးမျှသာ အစစ်ခံ၏။

အတွေးမြင်လည်းပေါ်၏ အစစ်ထင်သဖြင့် တစ်တစ်ခွခွသာ အစစ်ခံ၏။

ဝိပဿနာဉာဏ်လမ်းဆုံးသော် မဂ်ကျရန်သာ ကျန်ရှိတော့၏။ အတွေးကား ကျ၍မရပြီ။

'ကဲ- မဂ်ကျပြစမ်း။ မင်းအတွေးနှင့်မင်း ကျပြစမ်းကွာ'

ကိုယ့်ကိုကိုယ်အရေးဆိုရတော့၏။အတွေးကားခေါင်းခါလာ၏။ လက်မြှောက်စပြုလာ၏။ 'အေး မင်းအစွမ်းအစမရှိ ဆရာခိုင်းသမျှလိုက်နာပေါ့' ဤသို့လည်း နားချပေးရသေး၏။

အပြင်(ရုပ်ကွက်ဈေးထဲ) မဟာစည်ပရိတ်သတ် ရှိရာ၌ကား ငါတို့သတင်း ကျော်ကြားနေ၏။ တရားအတွေ့မြန်သတဲ့။ မဟာစည်ရိပ်သာဖွင့်သောအနှစ်(၃၀)အတွင်း(၁၃၁၁-၁၃၄၁အတွင်း) သည်ယောဂီဟာ ပထမဆုံးပဲတဲ့။ ထိုစဉ်ကငါတို့ကား လူဝတ်ကြောင်ဘဝ၌သာရှိခဲ့သေး၏။ သင်္ကန်းချွတ်၍ လူဝတ်လဲထားခြင်း။

အတွင်း(ရိပ်သာ)ထဲ၌ကား ဆရာနှင့်တပည့် အပေးအယူကား မတည့်ကြတော့ပြီ။

ဆရာကား ကိုယ်တွေ့ဆတ်ဆတ် ပရမတ်ကိုသာ မပြတ်ကြည့်စေလို၏။

တပည့်ဖြစ်သူကား စာတွေ့ဆတ်ဆတ် စကားရပ်၌သာ ခိုကပ်မေးတင်နေသည်။

ဤသို့ဖြင့် ဆရာနှင့်တပည့် မတည့်ကြရင်းကပင် ဝါဆိုလပြည့်ကျော်(၁၄)ရက်၊ တနင်္ဂနွေနေ့၏ နံနက်(၆)နာရီ ထိုင်ချိန်မှာပင်-

ရှုကွက်အတွင်းမှရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်များတို့သည် ဣန္ဒြေရလာချေတော့၏။

ရုပ်ဖြစ်စဉ်အမျှင်တန်းကြီးကား တန်းတန်းမတ်မတ် တက်ချည်သက်ချည် ငြိမ်သက်စွာသွားလာပြနေ၏။

နာမ်ဖြစ်စဉ်အသိကပ်မှုကလည်း ရေလွှာနှင့် ဇင်ယော်ပမာ မကွေမကွာလိုက်ပါနေသည်သာဖြစ်၏။

မကြာမီ ရုပ်ကား သူ့လမ်းအတိုင်းသွား၍ နာမ်ကား လက်ဝဲရင်အုံအကြား ခိုနားလျက်က ကျန်ရစ်ခဲ့၏။ ရုပ်တခြား နာမ်တခြားကား ဟိုးယခင်ကထက် ပိုမိုထင်ရှားလာချေပြီ။

ရှုမှတ်မှုသတိသည်ကား ငယ်ထိပ်တက်မိုးကြီးစိုးလျက်က မှတ်ချက်ပေးကာ နေရာရွေးချယ်နေပါ၏။ ခဏမျှကြာသော် ရုပ်ဖြစ်စဉ်ကား (၁၀)ဆမျှ ကြီးထွားလာကာ တိုင်လုံးကြီးပမာ ဖြစ်၍လာ၏။

နာမ်အသိကလည်း အထူးသွက်လက်လာခဲ့ပြီး နားမလို၊ လားမလို ဖြစ်ပေါ်လာချေတော့၏။

ထို တက်ချည်သက်ချည် ရုပ်ဖြစ်စဉ်လည်း သွက်လက်လှုပ်ရှားပြကာ အရှိန်ပြလာချေတော့၏။

ထိုအချိန် လက်ဝဲရင်ညွန့်ဆီ၌ ခိုနားနေသော အသိစိတ်ကလေးသည် လှေအဆင်းမကျွမ်းကျင်သူ၏ စိတ်နေစိတ်ထားပမာ ရုပ်ဖြစ်စဉ်၏ ဆင်းသွားရာနောက်ဆီသို့ ဆင်းသက်၍လိုက်ရကောင်းနိုး၊ မကောင်းနိုး နှစ်ကြိမ်မှသုံးကြိမ်တိုင် ချီတုံချတုံ ဖြစ်နေရစ်ခဲ့သေး၏။

မဟာဗုဒ္ဓပါလ



သုံးကြိမ်မြောက်လောက် ရောက်လတ်သော အခါတွင်မူကား-

သည်ခရီးကား မသွားလျှင်မဖြစ်တော့သောခရီးလည်းဟုတ်၏။ လေ့ဆင်းမကျွမ်းကျင်သေးသောခရီးသည်လည်းမှန်၏။ ကြားထဲမှအရဲစွန့်၍ ခုန်ဆင်းလိုက်ပါသွားသူပမာ ရုပ်ဖြစ်စဉ်၏ ကျသွားရာနောက်သို့ ကောက်ကောက်ပါ လိုက်ချသွားချေတော့သတည်း။

ထိုသို့ ပူးကပ်စီးနင်းပါသွားခဲ့ပြီးနောက်-

ထို ရုပ်ဖြစ်စဉ်တန်းကြီးအား ငှက်ပျောသီးမှည့် အခွံနွာပြီးတစ်လုံးကို ဇွန်းထက်ထက်ဖြင့် ခေါက်၊ မွှေနှောက်လေသည့်ပမာ အတွင်းလှည့်၍ တဟုန်ထိုးကြီး မွှေနှောက်ပစ်လိုက်လေရာ ရုပ်ဖြစ်စဉ်၏ အကျလမ်း, လမ်းဆုံးသည်နှင့်ရုတ်တရက် ပြတ်တောက်သွားချေတော့၏။ ရင်၌ခံစားလိုက်ရသောဝေဒနာကား 'လှပ်ကနဲ' တစ်ချက်တည်းမျှသာ။

ထိုအချိန် ဖြစ်ပေါ်နေသော စိတ်ထားကား သစ်ပင်အထက်ဆီမှ လိမ့်ကျလေရာ လက်ကလည်း သစ်ကိုင်းမှအလွတ်၊ ခြေတို့ကလည်း နင်းကိုင်းမှ အလွတ်၊ ထိုအလွတ်နှစ်ခုကြောင့် ကိုယ်ကောင်ကြီးချည်း လေဟာပြင်ထဲရောက်လေသူ၏ (မြေပြင်ထက် မသက်သေးသူ၏)စိတ်ထားပမာ 'ဟာကနဲ' ဖြစ်သွားချေ၏။

ထိုအချိန် ဖြစ်ပေါ်နေသော မြင်ကွင်းကား ရုပ်ရှင်ပြရာတို့၌ ဖလင်ကွက် တစ်ကွက်နှင့်တစ်ကွက် ကားကူးကားဆက်တို့အကြား ရုပ်ပုံလွှာဗလာကင်း ဆလိုက်မီးလင်းလင်းနှင့် ပိတ်ကားပြင်ထင်းထင်းကြီး မျှသာ ကျန်ရှိရစ်ဘိသို့ မြင်တွေ့ရချေတော့၏။

ထိုမှနောက် လျှပ်တစ်ပျက် ခံစားလိုက်ရသောဝေဒနာကား ခါးဆစ်ရိုးကြားမှတဆင့် ကျောပြင်တစ်ပြင်လုံး၊ ထိုမှ ခန္ဓာခွင်တစ်ပြင်လုံးကြီး အအေးဓါတ်ကြီး လွှမ်းမိုးလာခြင်းပင်တည်း။

ထိုသို့ခံစားခွင့်ရရာ၌ ပမာအားဖြင့် နေပူကျဲ ကျဲခရီးလမ်းခဲ သဲသောင်ပြင်ကြားမှ မောကြီးပမ်းကြီး ပြေးချလာရသူ ဒုက္ခသည်ခရီးသွား တစ်ဦးသည် တောအုပ်ပျက်ထွေး စမ်းရေပြင် အေးအေးလေးအနီး ဘွားကနဲရောက်သွားလေသောအခါ စိတ်ရှိလက်ရှိ စမ်းရေကမ်းစပ်ရွှံ့နွံထဲ တင်ပါးလွှဲပစ်ထိုင်ချလိုက်ရာ တင်ပါးမှတဆင့် ထိုစမ်းရေနွံဓါတ်၏ အအေးခိုးရှိန်များ ခန္ဓာခွင်တစ်ပြင်လုံးကြီးသို့ ပျံ့နှံ့တက်သွားသည့် ပမာသာရှိချေ၏။

ထိုအတွေ့အကြုံကား သုံးစက္ကန့် လေးစက္ကန့်ထက် မပိုလေ။

ထို့နောက် ဖြစ်ပျက်ရှိရာ စိတ်ရောက်လာ၏။ ထိုအဖြစ်, ထိုအပျက် ဆက်ကြည့်လိုစိတ်မရှိ။ တစ်ဖန် ထိုဖြစ်ပျက်ကြားမှ ခွာခဲ့၍ စိတ်သစ်ကလေးသည် တစ်ဦးထီးတည်း အိမ်တွင်းပစ္စည်းများ လုံးဝထားရှိခြင်း၊ ပြင်ဆင်ခြင်း၊ ချိတ်ဆွဲခြင်း အလျဉ်းမရှိသေးသော တိုက်သစ်ကလေးတစ်လုံး၏ ငြိမ်သက်ခြင်း၊ အေးချမ်းခြင်း၊ ဆိတ်ငြိမ်ခြင်း အတိပြီးသော တိုက်ခန်းကလေး တစ်ခန်းထဲဝယ် အနားယူနေရသည့်ပမာ ငြိမ်းချမ်းသာယာ လွတ်လပ်စွာသာ ခံစားနေရတော့၏။ ထိုအတွေ့ကား ဣရိယာပုထ်ပြောင်းလဲချိန်ဖြစ်သော နံနက် (၇)နာရီတိုင်အောင်ပင် တည်ရှိ၏။

နံနက်(၇)နာရီတွင် ဆရာ့ထံသွားရောက် အစစ်ခံ၏။

ဆရာကား- "အေး-အင်း,အင်း- ရှေ့ဆက်အားထုတ်၊ ရှေ့ဆက်အားထုတ်" မျှသာမိန့်၏။ ပြုပြင်ပေးခြင်း၊ မာန်ငေါက်ခြင်းကား အလျဉ်းကင်းချေပြီ။ ယနေ့တစ်ရက် ဆရာနှင့်ငါ တည့်သောနေ့ပေတကား။

ထို့နောက်တွင်ကား ဒုန်ရင်းဒုန်ရင်းမျှသာ ရှိ၏။ ပြီးခဲ့သောရက်ပိုင်းများကလောက် မှတ်ချက်

မဟာဓမ္မပါလ



မသိမ်မွေ့တတ်။ ဘဝင်မြင့်ရောဂါစွဲကပ်လာသဖြင့် မှတ်ကားမမှတ်ချင်။

ယခင် လက်တွင်းရှိရှုကွက်ကား တမင်တကာကြိုးစားပေးရန်မလို။ စည်းဝါးတိုက်ပြီး ဆိုင်းအဖွဲ့ပမာ မျက်စိမှိတ်အာရုံယူလိုက်သည်နှင့် အဆင်သင့်။ မှတ်ချက်ချပေးရန်မလို သိသိပေးရုံသာ။

ယခုလက်ရောက်၏ ရှုကွက်ကား မှတ်ချက်ပေးမှ ထွေးကနဲပေါ်လာတတ်၏။ သိသိနေရုံလေးဖြင့် ဖွေးဖွေးမပေါ်တတ်။ ပေါ်ပြန်သော်ကား ဖြစ်ပျက်မြင်မှုသာ။ သို့ကြောင့်-

ငါတို့၏စိတ်သည် အတွေးဘက်ယိမ်းပါနေပြန်ပါ၏။ ဆရာနှင့်တပည့် အပေးနှင့်အယူမတည့် ဖြစ်လာကြပြန်၏။ ဆရာကအငေါက်သန်၊ တပည့်ကအဖေါက်သန်သာတည်း။

ယနေ့ ဝါခေါင်လဆန်း (၄)ရက်နေ့။

မဟာစည်ဆရာတော်ဘုရားကြီး ကမ္ဘာ့(၁၃)နိုင်ငံတို့မှ ဓမ္မဒူတခရီးပြီးဆုံးခဲ့သဖြင့် ကြွရောက်တော်မူလာမည့် နေ့ပေတည်း။(ဧပြီလ(၁)ရက်မှ ဇူလိုင်လ(၂၇)ရက်နေ့အထိဆို၏။)

ယနေ့ ညနေ (၅)နာရီခန့်တွင် ဆရာတော်ဘုရားကြီးအား ကြိုဆိုကြရန်ဆော်သြ၏။ ယောဂီများဖြစ်ကြလေသဖြင့် ဖလ်ယဉ်ဓမ္မာရုံအတွင်းမှ တရားမှတ်၍ကြိုဆိုကြရန်လည်းဆော်သြ၏။

ယနေ့ နံနက်မှစ၍ ပရိတ်သတ်တို့ကား ပျားပန်းခတ်မျှဖြစ်နေပါ၏။ ဖြူ-နီ-ညို-ပြာတို့လည်းပါ၏။ကားများသည်လည်း အကြီး,အသေးအရောင်သွေးစုံ၊ အသံစုံ ဆူညံနေပါ၏။ သို့တစေလည်း-

အသံကားအသံသာ ရှိ၏။ ယောကျ်ားသံ, မိန်းမသံ၊ ကားသံ, လူသံ ပါမလာပြီ။

အမြင်ကားအမြင်သာ ရပ်သွား၏ ယောကျ်ား, မိန်းမ၊ ကား,ရထား မခြားနားလေပြီ။

အသံသည် အရှိ,အရှိတိုင်းသော အခြင်းရာဖြစ်ပြီး မရှိသည်ကိုအရှိလုပ်၍ သိပေးသော ယောကျ်ား,မိန်းမ၊ ကား,ရထားစသည့် ရှေ့မြီးဆွဲများပြုတ်ကွာကျ သွားချေပြီကော။

အမြင်သည်လည်း အရှိ,အရှိတိုင်းသော သဘာဝဖြစ်လာပြီး မရှိသည်ကိုမှ အသိလုပ်မိလေသော ယောကျ်ား,မိန်းမ၊ ကား,ရထားစသည့် ရှေ့နေရှေ့ရပ်များ အဆက်အစပ် ပြတ်သွားချေပြီကော။

ငါတို့၏ အထင်နှင့်အမြင်ကား ပါစင်အောင်လွဲမှားနေချေပြီတည်း။

ယခင်က မြို့လည်ခေါင် ဖြူ-နီ-ညို-ပြာတို့ ဝင်ထွက်သွားလာရာရိပ်သာမျိုး၌ အမှန်တရားမရနိုင်ဟူသော အစွဲလက်ဆုတ်။ ယခုကိုယ်တွေ့သရုပ်လက်ကိုင်တုတ်ဖြင့် ကော်နှုပ်ချွတ်လိုက်ပြီဖြစ်၏။

ယခင်က လူ, ယောကျ်ား, မိန်းမ၊ ဘာပြောသည်,ဘာဆိုသွားခဲ့သည်ဟူသော ပညတ်ပေါ်မေးတင် အမည်တွင်ရာပေါ်အဟုတ်မှတ်ခဲ့မိသော အမှားစွဲ။ ယခု ဖြစ်ပျက်မြင်, ဉာဏ်ဓါးဆွဲ ဖျက်ခွဲ၍ ပယ်လိုက်ပြီးဖြစ်နေ၏။ပညတ်တုံး ခေါင်းအုံးလျက်က အိပ်နေမိသောငါ့စိတ် ယနေ့ အိပ်ပျော်ခြင်းမှ နိုးထခဲ့ချေပြီ။

ညနေ (၅)နာရီတွင်ကား ဒေါ်ကြွေဓမ္မာရုံမှ ဣရိယာပုထ်ပြောင်းလဲခဲ့ပြီး ဖလ်ယဉ်ဓမ္မာရုံကြီး၏အတွင်း သံယာစင်ရှေ့ အထက်ပိုင်းဝယ် ငါတို့နေရာယူလိုက်ကြရပြီ။

ဓမ္မာရုံအတွင်းရှိ အသံချဲ့စက်မှကား သတိပေးနှိုးဆော်သံများပေါ်ထွက်လာ၏။

"ယောဂီများဘုရား- မကြာမီဆရာတော်ဘုရားကြီးကြွလာပါမည်။ ယခုဘန်ကောက်လေဆိပ်၌ ခေတ္တ အနားယူလျက်ရှိနေပါပြီ။ ဆရာတော်

မဟာဓမ္မပါလ


ဘုရားကြီးကြွလာလျှင်ကန်တော့ကြရန် ကန်တော့ပွဲပြင်တော်မူကြပါဘုရား"

"ဆရာတော်ဘုရားကြီး ကြိုက်နှစ်သက်တော်မူသော ကန်တော့ပွဲမှာ တရားသာလျှင်ဖြစ်ပါသည်။ သို့ပါ၍ ယခုအချိန်မှစပြီး တရားရှုမှတ်ခြင်းဖြင့် ကန်တော့ပွဲပြင်ဆင်တော်မူကြပါဘုရား" ဟူ၏။

'ကောင်းလိုက်တဲ့ ကြေညာချက်ပေကပဲ၊ ကောင်းလိုက်တဲ့စကားများပေကပဲ' စိတ်ထဲမှ ချီးကျူးရင်း ငါတို့ကား တရားရှုမှတ်မှု စတင်ကြရပါချေတော့၏။

- ဖေါင်းတယ်,ပိန်တယ်။

'ဆရာတော်ဘုရားကြီးဘယ်အချိန်များ ကြွလာပါ့မတုန်း' အတွေးဝင်၏။

- ဖေါင်းတယ်,ပိန်တယ်။

'အင်း-ဆရာတော်ဘုရားကြီးကြွလာလျှင် ဘယ်လိုရုပ်သွင်များလည်း' ဆင်ခြင်၏။

- ဖေါင်းတယ် ပိန်တယ်။

'ဆရာတော်ဘုရားကြီး ကြွလာလျှင် သေသေချာချာမှ ဖူးရပါ့မလား' စိတ်ကစား၏။

ငါတို့ကား တရားရှုမှတ်လျက်က။

အသံချဲ့စက်ကလည်း မကြာမကြာ-

"ယခုအခါ ဆရာတော်ဘုရားကြီး စီးနင်းလာသောလေယာဉ်ကြီး ဗမာပြည်နယ်စပ်ကို ကျော်ဖြတ်လို့လာပါပြီ" ဟူ၍လည်းကောင်း၊ "ယခုအခါ ရန်ကုန်၏အနီးသို့ နီးကပ်လာပါပြီ" ဟူ၍လည်းကောင်း၊ "မင်္ဂလာဒုံလေယာဉ်ကွင်း ဆင်းသက်လာပါပြီ" ဟူ၍လည်းကောင်း၊ "ယခုအခါ ခေတ္တမျှ မင်္ဂလာဒုံလေဆိပ်မှာ ကိုယ်လက်သုတ်သင်နေပါသည်" ဟူ၍လည်းကောင်း ကြေညာပေးနေပါ၏။

အချိန်ကား ည(၇)နာရီမျှ ကြာညောင်းသွားခဲ့၏။

- ဖေါင်းတယ်, ပိန်တယ်။

'အင်း. . ကြာလိုက်တာပါကလား' အတွေးဝင်လာ ပြန်၏။

- ဖေါင်းတယ် , ပိန်တယ်။

'ဘယ်အချိန်ကျမှများ သည်ဓမ္မာရုံတွင်း ကြွလာမလဲပဲ' စိတ်ကစားတော့၏။

မကြာပါလေ ဆရာတော်ဘုရားကြီး၏ကား ရိပ်သာတွင်းဆိုက်လာသဖြင့် လူအုပ်ကြီး၏ ဆူညံသံများ လှုပ်ရှားသံများ ကြားလာရတော့၏။ 'ရောက်ပြီ' ဟူ၍ အတပ်သိလိုက်၏။ သို့သော် ဣရိယာပုထ်များ ပြောင်းခွင့်မရလေသေး။

ဆရာတော်ဘုရားကြီး ဓမ္မာရုံ၏ သံယာစင်ပေါ်သို့ ကြွချီလာခြင်း၊ ဘုရားအာရုံပြုခြင်း၊ တရားဟောပလ္လင်ထက် တက်ကြွတော်မူခြင်းများအထိ ငါတို့ မသိလိုက်ရ, မမြင်လိုက်ရ။

ဆရာတော်ဘုရားကြီး ပလ္လင်တော်ပေါ်ဝယ် နေသားတကျ သီတင်းသုံးပြီးမှသာ ဣရိယာပုထ်ပြောင်းလဲကြရန် အသံချဲ့စက်မှကြေညာသံ ကြားလိုက်ရ၏။ အားလုံး ဣရိယာပုထ်ပြောင်းကြ၏။

ထို့နောက် သာသနာ့နုဂ္ဂဟ အဖွဲ့မှ လျှောက်ထားချက်များ ပေါ်ထွက်လာပြန်၏။

ဆရာတော်ဘုရားကြီး၏ ဓမ္မဒူတသာသနာပြုခရီး (၃)လနှင့်(၂၇)ရက်ပြည်ပသို့ကြွရောက်တော်မူနေစဉ်အတွင်း ဤအဖွဲ့မှလုပ်ဆောင်ချက်များကိုလည်းကောင်း၊ နိုင်ငံခြားသားများ လာရောက်အားထုတ်သွားကြသည့် ဦးရေစာရင်းများကိုလည်းကောင်း၊ လူပရိတ်သတ်ငါးထောင်ကျော်မျှ၏ရှေ့တွင် အသေးစိတ်ဖတ်ကြား လျှောက်ထားပြသရ၏။ သိခဲ့ရသည်မှာ ထိုလများအတွင်းတွင်လည်း တစ်လလျှင်တစ်ကြိမ်ကျ စာရင်းများပြုလုပ်၍ ဆရာတော်ဘုရားကြီးရောက်ရှိနေရာ တိုင်းပြည်များတို့သို့ လျှောက်ကြားအစီရင်ခံစာများ ပေးပို့ခဲ့ရ သေးဆို၏။

မဟာဗုဒ္ဓပါလ



အားကျစရာ အတုယူစရာ စည်းကမ်းများ ပေတည်း။

တရားသည် သူ့ခန္ဓာ ကိုယ့်ခန္ဓာအတွင်းရှိ သဘာဝဖြစ်စဉ်များကို ဉာဏ်မျက်စိနှစ်လုံး အတွင်း ဘက်လှည့်ပေးလျက်က ရှုစေခြင်း၊ ကြည့်စေခြင်း၊ သိစေခြင်းချည်းဖြစ်သဖြင့် သူ့ရိပ်သာ-ငါ့ရိပ်သာ၊ သူ့နည်း-ကိုယ့်နည်း မည်သည့်နည်းမဟူ အတူတူ သာ။

မည်သည့်နည်းဖြစ်ဖြစ် ဘုရားဟောမှမ လွတ် သူ့နည်း-ကိုယ့်နည်းဟူ၍မရှိ။ ဘုရားဟောကို လွန်ဆန်လျက်က ပြကွက်အသစ်တစ်မျိုးတိုးရန် လည်းမရှိ။ နှုပ်ပယ်စရာလည်းမရှိ။ ဖြည့်စွက်စရာ လည်းမရှိ။ အရှိ-အရှိတိုင်း ကြည့်နည်းမှတစ်ပါး အခြားလမ်း ခွဲမရှိပြီ မဟုတ်လော။

- မိမိစရိုက်နှင့် နည်းအမြိုက် ကိုက်တည့်သွား လျှင် ပေါ်မှာချည်းတည်း။
- ဝေနေယျပဋ္ဌာန်းဆက်နှင့်ဆရာ့ဘက် ဘက်မိ သွားလျှင် တွေ့မှာချည်းတည်း။
- စရိုက်နှင့် အံကိုက်လိုက်ဖက်အောင် ပြသတတ် လျှင် မြင်မှာချည်းတည်း။

သို့ကြောင့် မည်သည့်နည်းမဟူ အတူတူ ချည်းသာတထစ်ချမှတ်ယူရာ၏။ စည်းကမ်းပိုင်း၌ ကား မဟာစည်ကိုလွန်၍ မည်သည့်ဌာနမျှ မညွှန် နိုင်ရာပြီ။

ဤသို့လျှင် တထစ်ချ ငါတို့ဆိုရဲ၏။ မဟာ စည်၌အတွင်းရော-အပြင်ပါ သိပ်သည်းသေချာ၏။ ပေါ့ကွက်ဟာကွက်တွေ့သော် နာယကဆရာတော် များကိုပင် မသက်ညှာချေ။ တိုင်းပြည်၏ တင်းကျပ် လှပါသည်ဆိုသော စစ်စည်းကမ်းကား မဟာစည် အိပ်နေသလောက်သာလျှင် ရှိချေတော့၏။ စင်စစ် မဟာစည်၏တိုးတက်နိုးသည် ထိုစည်းကမ်းကြောင့် ဆိုက မမှားနိုင်ရာပြီ။

သက်ဆိုင်ရာ အစီရင်ခံချက် လျှောက်ထား ချက်များပြီးဆုံးသော် မဟာစည်ဆရာတော်ဘုရား ကြီးက သီလနှင့်တရားတော်များ ချီးမြှင့်၏။

တရားတော်ကားအခြားမပါ။ ကမ္ဘာ့သာသ နာပြုရာမှ အတွေ့အကြုံများသာဖြစ်ဘိ၏။ ထိုသို့ ဟောလျက်က ကမ္ဘာသို့ဘာသာပြန်ဆိုပေးသော အတူပါ ဆရာတော်ဦးဇနကအား ချီးကျူး၏။ ပဂ္ဂဟ ခေါ် ချီးမြှောက်ထိုက်ရာကို ပရိတ်သတ်ရှေ့ချီးမြှောက် ပေးခြင်းပင်တကား။

နောက်နေ့နံနက်(ဝါခေါင်လဆန်း(၅) ရက် နေ့နံနက်) အရုဏ်တွင် ဆရာတော်ဘုရားကြီး၏ မွေးနေ့ကိုရည်စူး၍ အရုဏ်ဆွမ်းကပ် ဖလ်ယဉ် ဓမ္မာရုံကြီး၌ကျင်းပ၏။ ပရိတ်သတ်လည်း ငါးထောင် မျှပင် များပြားစွာ လာရောက်ကြည်ညိုကြ၏။ ငါတို့အားလုံးလျှင် အဝင်အပါဖြစ်၏။

ဘုရားသို့ ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်များ ကပ်လှူပြီးစီးသော် ဆရာတော်ဘုရားကြီးကား ဩဝါဒစကားမြွက်ကြား၏။ ထိုသို့ မြွက်ကြားရင်းက

"တရားစစ်ဆေးပေးကြရတဲ့ အချို့နာယက ဆရာတော်များဟာ- ပစ္စည်းရှိသူကျတော့တစ်မျိုး၊ ပစ္စည်းမဲ့ကျတော့တစ်မျိုး စစ်တယ်လို့ ဘုရားတပည့် တော်များ သိရပါတယ်။ သည်အမူအကျင့်မျိုးဟာ-

-မိမိအတွက်လည်း အကျိုးမများပါဘူး။

-သူတစ်ပါးအတွက်လည်း အကျိုးမများပါဘူး။

-သာသနာအတွက်လည်းပဲ အကျိုးမများပါဘူး။

သို့ကြောင့် ရပ်တန်းကရပ်ကြဘို့ ဘုရား တပည့်တော် သတိပေးပါတယ်။ ဘုရားတပည့်တော် များ တာဝန်ရှိလာလို့ သတိပေးခြင်းဖြစ်ပါတယ်" ဟူ၍ ထည့်သွင်းဟောကြားသွား၏။ နိဂ္ဂဟ- နှိပ်ကွပ်ထိုက်သူကို ပရိတ်သတ်ရှေ့ဝယ် နှိပ်ကွပ် ပေးခြင်းပေတကား။

ထိုပဂ္ဂဟ- နိဂ္ဂဟ စကားနှစ်လုံးတည်းဖြင့်

မဟာဗုဒ္ဓပါလ

ပင် မဟာစည်ဆရာတော်ဘုရားကြီးအား ငါတို့ လေးစားသွားတော့၏။ဤသို့ပြောင်ပြောင်တင်းတင်း ဝေဖန်ချက်ပေးနိုင်ခြင်းကား သာမာန်မဟုတ်ပြီ။

ပဂ္ဂဟကား-ထား။ အများလည်းနားထောင်ကောင်း၏။ ကာယကံရှင်လည်းကျေနပ်မည်သာ ဖြစ်တော့၏။

နိဂ္ဂဟကား လူအုပ်ကြားမသက်သာလှ။ ခံရသူကလည်း နာယက၊ ငါတို့စိတ်ထားဆို ကိုယ့်အတွင်း,ကိုယ့်အတွင်းချင်း ဘာသာည့်င်းည့်င်း နှစ်ကိုယ်ချင်းဆုမ္မမိမှာအမှန်ပင်ဖြစ်၏။ ဆုမ္မသည် ဆိုသော်မှလည်း သူ့ဂုဏ်ဟိတ်ထောက်ထား၍ ဖျောင်းဖျရုံမျှသာ ပြုကျင့်မည်ဖြစ်တော့၏။

ယခုသော်ကား လူလည်ခေါင်ပရိတ်သတ်အကြား ထိရောက်စွာ ကိုယ့်ကိုလည်းမငဲ့၊ သူ့ကိုလည်း မငဲ့ တဲ့တဲ့ကြီး သတိပေးရဲပေသည်တကား။

ထိုနေ့- နေ့၌လည်း ဆရာတော်ဘုရားကြီး ရောက်စဖြစ်သဖြင့် နာယကများ အလုပ်များနေချေ၏။ ငါတို့၏ဆရာ-ဆရာတော်ဦးပဏ္ဍိတလည်း ထူးမခြားနားသာအလုပ်များနေပါ၏။ သို့ကြောင့် ခါတိုင်းနေ့များကဲ့သို့ သေသေချာချာ တရားမစစ်နိုင်ရှာပြီ။

"ယောဂီ လိုရင်းသာပြော" ငါတို့အလှည့်၌ ဖြစ်၏။

ထိုနေ့က ငါတို့ရှုကွက်မှမြင်ကွင်းကား ဖေါင်းမှုပေါ်သောကာလ မိမိ၏ခန္ဓာကိုယ်ကြီးကို လူတစ်ဦးက ဂျိုင်းကြားမှနေ ကိုင်မလိုက်သည့်ပမာ တရိပ်ရိပ်အပေါ်သို့ မြောက်တက်ပါသွားပြီး၊ ပိန်မှုပေါ်သောကာလ လူတစ်ဦးက ပုခုံးမှတို့လျက်က နှိပ်ချလိုက်သည့်ပမာ တရိပ်ရိပ်ပင် အောက်သို့ နိမ့်ကျသွားလေသည်ကို အထူးတွေ့မြင်ခဲ့ရ၏။

သို့တစေလည်း လိုရင်းပြောဆိုသဖြင့်-

"ရှုကွက်နှင့်မှတ်စိတ် တည့်သွားသောအခါ ကိုယ်ကောင်ကြီး တရိပ်ရိပ်မြောက်တက်သွားလိုက် ပြန်ကျလာလိုက် တွေ့ပါသည်ဘုရား" လျှောက်မိရာ-

"ဘာလဲ- ပြောတော့ ရှုကွက်နဲ့မှတ်စိတ်တည့် သလေးဘာလေးနဲ့၊ ဖေါင်း-ဘာဖြစ်လဲ"

"အေးပြီး တရိပ်ရိပ်အထက်တက်သွားပါသဘုရား"

"ပိန်- ဘာဖြစ်လဲ"

"နွေးပြီး တရိပ်ရိပ်ပင်အောက်ပြန်ကျပါသဘုရား"

"ဘာလဲ၊ ကျုပ်မေးလို့ပြောတာလား။ တကယ်ပဲ မြင်လို့ပြောတာလား။ ကျုပ်တို့မဟာစည်ကို လာတာက တရားလိုချင်လို့ လာတာလား။ နာမည်လိုချင်လို့လာတာလား။ ကျုပ်တို့မဟာစည်က မဟာစည် ထွက်ရယ်လို့ နာမည်ကောင်းလက်မှတ်ပေးတဲ့ဌာန မဟုတ်ဘူး။ တရားတကယ်မြင်, တကယ်သိတွေ မွေးထုတ်တဲ့နေရာ"

ဤသို့လျှင် ယောဂီတို့ရှေ့ဝယ် ဆူကြိမ်းကြိမ်းပါလေတော့၏။ ရှက်လိုက်သည့်ဖြစ်ချင်း။ အသားများက နတ်ကျသလိုပင် တဆတ်ဆတ်တုန်ခါနေ၏။ မျက်နှာကား ဂိတ်အဆုံးထိ အောင်ငုံ့ထားရ၏။ အစစ်ခံပြီးသော် ဆရာ့အခန်းမှပြန်ထွက်လာခဲ့၏။ ထိုနေ့တစ်နေ့လုံး,တစ်ညလုံး တရားမှတ်၍ မရပြီ။ ဆွမ်းစား၍လည်းမဝင်ပြီ။ ငါ့အပြစ် ငါကား မမြင်။ ဆရာ့အပြစ်အနာအဆာကိုမျှသာ ဆင်ခြင်မိ၏။

'လိုရင်းပြောပါဆိုလို့လည်း ပြောရသေး၊ ပြောပြန်တော့လည်း မာန်ပြန်သေး။ တော်- သည် ရိပ်သာ ငါမနေ' ဟူ၍လည်း ဆုံးဖြတ်လိုက်၏။

'လာရောက်နည်းခံလေသူ ဝေနေယျတို့အပေါ် အထင်သေးအမြင်သေး မြင်လေ့ကြည့်လေ့ ရှိသောရိပ်သာ' ဟူ၍လည်း ဝေဖန်မိသေး၏။ နာယကများကတော်သေး၏။ အမြဲနေသံဃာဝယ် များကား ငါတို့ကို ကြည့်မြင်ဆက်ဆံရာတိုင်းတို့၌ မဟာစည်နာမည်ကြီးသဖြင့် အချောင်ကပ်စားရန် လာရောက်ခြင်း ဟူ၍ နှုတ်မှမထွက်ရုံတမည်သာ ကြုံတွေ့ရ၏။ နှုတ်မှထွက်လုဆဲဆဲအထိ ထိတွေ့ခဲ့ရ၏။ ဆရာတော်ဘုရားကြီး၏ ဘုန်းရိပ်ကံရိပ်

ဗဟုဓမ္မပါဠိ



ခိုလှုံကာ မာန်ဝင်နေကြလေသူများဟူ၍လည်း တွေးမိ၏။

ဣဿာ- မိမိထက်သာ သူတစ်ပါး၏ ဂုဏ်သိက္ခာ၌ မနာလိုခြင်းတရား။

မစ္ဆရိယ- မိမိအောက်နေ သူတစ်ပါးတွေကို မိမိအခြေနေသို့ မမှီစေလိုခြင်းတရား။

ဤတရားနှစ်ပါးတို့ကား ဆရာတော်ဘုရားနာယကဆရာတော်ကြီးများ၏ ရှေ့မှောက်မှပင် ခေါင်းမြီးခြုံဝင်သွားပြီး နောက်မှာရှိ တပည့်သားသာဝကတို့ အကြားမှာမူကား တော်တော်ကလေး ခြေရှုပ်နေသော တရားနှစ်ပါးဟူ၍လည်း တွေးမိသေး၏။ ကိုယ့်မျက်ချေးကိုယ်မမြင်၊ သူ့မျက်စေးချေးထင်နေခြင်းမျှသာတည်း။

ည(၉)နာရီထိုးသဖြင့် နားနေရန် မိမိအဆောင်တွင်းရောက်လာ၏။ အိပ်မရသဖြင့် ပက်လက်လှန်ကာ ကိုယ်ခန္ဓာခါးတစ်ပိုင်းကို ကုတင်၏ ခေါင်းရင်းတန်းပေါ်သို့ တစ်ဝက်တင်လျက်က ဆင်ခြင်မိ၏။ ဒေါသသွေး၊ မာနသွေးများကလည်း ကျစပြုနေပြီ ဖြစ်၏။

'မဟုတ်သေးဘူး၊ မင်းကလာတာလား၊ သူကခေါ်တာလား၊ ဒါအရင်ပြော'

'သူခေါ်သည်ကားမဟုတ်၊ မိမိကသူ့အောက် ခေါင်းထိုးဝင်လာခြင်းမျှသာတည်း'

'အေး ဟုတ်ပြီ၊ ဒါဖြင့် မင်းလုပ်ချင်တာလုပ်မလား၊ သူခိုင်းရာလုပ်မလား'

'သူ့ဆရာတင်လျှင် သူပြုပြင်ပေးရာခံယူခြင်းသည်ပင် သင့်တာဝန်ပေတည်း '

ဤသို့ ရှင်းလင်းစွာ ဆင်ခြင်မိလာ၏။ ဆရာမကျေနပ်၍ ဆရာကျောခိုင်းထွက်ခြင်းမျိုးသည် အရိပ်နေ၍ အခက်ချိုးခြင်းတစ်မျိုးဟူ၍ သဘောကျလာ၏။

ထို့နောက် ဆရာနှင့်ရင်ဆိုင်ရန် ဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်တော့၏။

'သည်လောက် ဖေါင်းပိန်ကြိုက်တဲ့ဆရာ နက်ဖြန် ဖေါင်းပိန်ကလွဲလို့ ဘာမှအစစ်မခံတော့အုံး။ ဖေါင်းပိန်ရှုကွက်ထဲက တွေ့လျှင်ပြောမည် မတွေ့မပြော။ မကျေနပ်နှင့်ထုတ်' ဟူ၏။

နောက်ရက်နံနက်(ဝါခေါင်လဆန်း (၆)ရက်နေ့နံနက်)(၄)နာရီထိုးချိန်မှစတင်ကာ ဖေါင်းပိန်ရှုကွက်တစ်ကွက်ထီးတည်းကိုသာ စိတ်ခါးတောင်းကျိုက်၍ ရှုမှတ်တော့၏။

-ခန္ဓာမှ အနာပေါ်လာ၏။ နာပစေသေလိုက်။

-သတိမှေး၍ အတွေးပေါ်လာ၏။ တွေးချင်တွေး၊ မတွေးချင်နေ။

ထိုနေ့ နံနက် (၇)နာရီတွင် ဆရာ့ထံလက်ဦးဆုံး ရောက်အောင် အလျင်အမြန်သွား၏။ အလှည့်ကျသောအခါလျှောက်၏။ မငေါက်တော့။ ကိုယ်အမူအရာများကား ရွံ့ခြင်း၊ တွန့်ခြင်း အလျဉ်းမရှိတော့ပြီ။

▼

## ရုပ်နာမ်သိုက် နှိုက်၍မကုန်

ထိုသို့ဖေါင်းပိန်ဆိုသော ကာယာနုပဿနာတစ်ခုထီးတည်းသို့သာ ဖိဖိစီးစီး စိတ်ဇွဲနဘဲကြီးကြီးဖြင့် စီးဖျန်းလိုက်သောအခါ-

-တစ်ရက်ထက်တစ်ရက် ဖြစ်ပျက်၏နှုန်းညီမှုကား မတူညီပြီ။

-တစ်ထိုင်မှတစ်ထိုင် ကိုယ့်စိတ်ကိုယ် ပိုင်ဆိုင်မှုကလည်း မတူညီပြီ။

-တစ်ချက်နှင့်တစ်ချက် ဉာဏ်အမြင်သွက်လက်ခြင်းကလည်း မတူညီပြီ။

မဟာဓမ္မပါလ

ကြာလေကြာလေ ခန္ဓာ၏ အတွင်းသား လိုက်၍လိုက်၍ သိမြင်လာရလေဖြစ်ပါတော့ချေ၏။ ဖေါင်းပိန်ရှုကွက်တွင်းမှ အရေးအခင်းများကား တစ်နေ့ထက်တစ်နေ့ ပြောမကုန်နိုင်အောင်သာ ရှိချေတော့၏။ တစ်ခုဆိုတစ်ခု စွဲစွဲမြဲမြဲရှုကြည့်ခြင်း၏ ရလာဒ်ကား အသေးစိတ် သိသာမြင်သာလာရခြင်း တည်း။

ထိုအခါ ငါကို့ သဘောတစ်မျိုးပေါက်လာ၏။ အနုပဿနာလေးချက်မှတ်နည်းကား ကလေးအသွားသင်နည်း၊ မိမိအားသန်ရာတစ်ခုတည်း မှတ်ခြင်းကား လူကြီးခရီးနှင်နည်း ဟူ၍ပင်။

ထိုအချိန်မှစ၍ ဆရာနှင့်တပည့် အပေးနှင့် အယူ တည့်သွားကြပြီ။

ဆရာတော်ဦးပဏ္ဍိတ၏ ငါတို့အပေါ် အားရပုံ၊ အရေးပေးပုံ အလွန်သိသာလာ၏။ မနေ့က ဦးပဏ္ဍိတမှ ဟုတ်ပါရဲ့လား မေးယူရမလောက်ပင် သဘောထားပျော့ပျောင်းညင်သာလှ၏။ ထိုအခါ သည်ဆရာကား တပည့်တစ်ဦးအား ပုံသွင်းပုံလောင်း ကောင်းသော ဆရာဟူ၍ မှတ်ချက်ချမိလာတော့၏။

ဤသို့ဖြင့် ဝါခေါင်လပြည့်နေ့ တိုင်လာ၏။

ထိုနေ့ နံနက်ခင်း ရိပ်သာမှထွက်ခွင့်ပြုရန် ပန်ကြား၏။ လုံးဝထွက်ခွင့်မပြုတော့ပြီ။ သို့နှင့် ဆရာ့ထံခွင့်ပန်ခဲ့သည်မှာ ယနေ့သည်(၄၅)ရက်တိတိ ပြည့်ပြီဖြစ်ပါသဖြင့် ထပ်မံပန်ကြားရန် ခွင့်ပန်ပါမှ သွားခွင့်ပြု၏။

ဝါခေါင်လဆန်း(၇)ရက်ကား ဉာဏ်စဉ်နာပါတ်ဖြစ်သော်လည်း ငါတို့ကား အမြင်ကောင်း သလောက် အပြောမရှင်းသေးဆိုကာ (၁၅)ရက်မျှ ဆက်လက်အားထုတ်ရန်အားပေးခဲ့၏။ ငါတို့က လည်းလက်ခံ၏။ တစ်ဖန် ဝါဆိုလကွယ်နေ့ကပင် အဘဆရာတော်၏ထံမှလူလွှတ်၍(ဦးမြင့်ဆွေနှင့် ကျိုက်လပ်မှဦးသောင်းတို့ကိုလွှတ်၍) ပြန်လာခဲ့တော့ရန် ခေါ်ငင်ထားသေး၏။

သည်မျှဆို အပြင်မှာအားထုတ်လျှင်လည်း ရပြီဟူ၏။

ထိုစဉ်ကလည်း ငါတို့ကိုယ်တိုင်ကပင် တစ်နေရာမှာ တစ်ဆရာနှင့် တစ်ခါသာ တပည့်ခံတော့မည်။ သည်တစ်သက် ဆရာလက်ဆက်မပြောင်း လိုပြီဟူ၍ ဦးမြင့်ဆွေနှင့်ဆွေးနွေး၏။ ထိုဦးမြင့်ဆွေကလည်း ငါတို့အယူသဘောကျ၏။ သို့တစေလည်း အဘအား ဤသို့လျှောက်ထားရန် မသင့်ယူဆကာ ကမ္မဋ္ဌာန်းဆရာကထွက်ခွင့်မပြု၍ ဟူ၍သာလျှောက်ထားပါလေ မှာကြားလိုက်မိ၏။ အဘ၏ ရည်ရွယ်ချက်မှာ ဝါခေါင်လဆန်း(၃)ရက်နေ့ ၄င်းမွေးနေ့နှင့် ငါတို့ရဟန်းခံ ပူးတွဲရန် ရည်သန်ဟန်တူ၏။

ထိုနေ့(ဝါခေါင်လပြည့်နေ့)တွင် အဘ၏ သာသနာ့ဗိမာန်သို့ သွားရန်ပြင်ဆင်၏။ အဘကား ငါတို့ကို ဘာကြောင့် သည်မဟာစည်ရိပ်သာသို့ တမင်စေလွှတ်လေသနည်း။ အတွေးဝင်လာ၏။ မဟာစည်ဆရာတော်ဘုရားကြီး၏ ကမ္ဘာလှည့်ချိန်နှင့် တိုက်ဆိုင်နေသဖြင့်တည်း။

သို့ကြောင့် ထိုအတွေးအဖြေပေါ်လာရန် အဘပို့လိုက်သောစရိတ်ငွေ(၄၂)ကျပ်ထဲမှပင် မဟာစည် ဝိပဿနာရှုနည်း ပထမတွဲကား(၁)အုပ်၊ မဟာစည် ကမ္ဘာလှည့်၍ဟောကြားခဲ့သော ကမ္ဘာ့တရားတော် အင်္ဂလိပ်ဖြင့်ရိုက်နှိပ်ထားသည်က (၁)အုပ်၊ မြန်မာဖြင့်ရိုက်နှိပ်ထားသည်က(၁)အုပ် ပေါင်း(၃)အုပ်မျှ သယ်ဆောင်သွားကာ အဘအား ပေးအပ်လှူဒါန်းလိုက်၏။

အဘကား ထိုစာအုပ်(၃)အုပ်တို့ကို သေသေချာချာကြည့်၍ ဝိပဿနာရှုနည်းစာအုပ် ကိုကား ငါတို့ကိုပြန်လည်စွန့်၏။ ကျန်နှစ်အုပ်တို့ ကိုကား လက်မှပင်ကိုင်ထားတော်မူ၏။

"ငါ နှစ်ပေါင်း(၃၀)လုံးလုံး ကြိုးစားခဲ့ရတာ ယခုမှအောင်တယ်" ဤသို့လျှင် အတိအလင်း မိန့်ပါတော့၏။ ကမ္ဘာပေါ် သာသနာတင်ခြင်း၏

မဟာဓမ္မပါလ



ရည်ရွယ်ချက်ပေတည်း။ သို့ကြောင့် အဘ၏ပို့လွှတ်ချက်သည် အဘအတွက်လည်းပါ၊ ငါ့အတွက်လည်း ပါပင် ဖြစ်စေသည်မှာ ထင်ရှားခဲ့ပြီ။

## ပညတ်သွားရာ ဓါတ်သက်ပါ အာဏာတက်ကြွထုံး

ဤ၌ ဝိဇ္ဇာလောက-က အုတ်၊ ထုံး၊ သဲတို့ဖြင့် ကမ္ဘာလုံးပုံဖန်ဆင်း၍ ဂြိုဟ်တိုင်ပေါက်စေတီ တည်သည်နှင့် မဟာစည်ဆရာတော်ကမ္ဘာလှည့်တာ ဘာဆိုင်လို့တုန်း မေးစရာရှိ၏။ မေးလည်း မေးထိုက်သည်သာဖြစ်၏။ အမေးလည်း ခံရဖူးသည် ဖြစ်ခဲ့၏။

စင်စစ် ဝိဇ္ဇာတို့၏ အဘိညဉ်စွမ်းပကားသည် ရွှံ့သည်ပင် ရွှေဖြစ်နိုင်စွမ်းရှိ၏။ သို့တစေလည်း ဝိဇ္ဇာကား အာဏာပိုင်၏ အာဏာကိုင်မျှသာ။ ဆိုင်ရာ ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်များတို့၏ အကူအပံ့ကသာ ရုပ်လုံးပေါ်စေသည်သာ ဖြစ်၏။ သို့မဟုတ် ဝိဇ္ဇာတို့၏ စိတ်နှလုံးအလိုကို သူဆိုင်ရာ အောက်လက်တာဝန်ခံတို့က အကောင်ထည်ဖော်ပေးရခြင်း။

ငါတို့ သာသနာတွင်းမှ ပေါက်ဖွားကြလေကုန်သော သရဏဂုံတည်ဝိဇ္ဇာတို့သည် အခြားလောကီဝိဇ္ဇာတို့သို့ တစ်ကိုယ်စာမျှအတွက် သက်သက်မဟုတ် သာသနာအရေးအခင်းအတွက်မျှသာ။ လောကီဝိဇ္ဇာဆိုသော်မှလည်း ဝိပဿနာဉာဏ်အခြေခံမလွတ်။

ငါတို့အဘကား အရိယာဉာဏ်အမြင်ဝယ် သကဒါဂါမ်အဆင့်ထိ ပေါက်မြောက်၏။ ဆုထူးပန်လက်ကျန်ပါရမီဉာဏ် လိုနေသေးသဖြင့် ရှေ့မတက်နိုင်ခြင်းမျှသာ ပရမတ်ဉာဏ်အမြင်သန်ရာ၌ ဓါတ်လေးပါး ခြောက်ခြားစေခဲ့သည်ဆို၏။

တရားပြကား အောင်မင်းခေါင်ကြီးဆို၏။ တရားပြအလွန် ညက်ညောလှသည်ဆို၏။ တရားစစ်,တရားမှန် ဟုတ်-မဟုတ်ကိုကား မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ကျမ်းကြီးများက အထောက်အကူပြုခဲ့သည်ဆို၏။

မိမိဉာဏ်အဆင့်ရောက်ရာ စာမျက်နှာလောက်သာဖတ်ကြည့်ပြီး မရောက်သေးသည်ကိုကား လှန်မကြည့်ခဲ့ဆို၏။ရောက်သလောက်ဖတ်၊ ဖတ်သလောက်ရောက်ဖြင့်ပင် တစ်ယောက်ထီးတည်းအားထုတ်ခဲ့သည်ဆို၏။

တစ်နေ့ ၎င်းအားထုတ်နေစဉ် အနီးအပါးမှ ဝိဇ္ဇာနှစ်ဦးဖြတ်လျှောက်သွားကြပြီး တစ်ဦးက သည်ပုဂ္ဂိုလ်က သကဒါဂါမ်အဆင့်ရောက်နေပြီဟူ၍ ဝေဖန်သွားခဲ့သည်ဆို၏။

ထိုအပြောကား အဘ၏အမူအကျင့်များနှင့်ဟပ်ကြည့်သော် တစ်ထပ်တည်းကျနေသည်သာ ဖြစ်၏။ အဘကား ပစ္စည်းလာဘ်လာဘ တို့၌ ငြိကပ်ခြင်းမရှိ။ မာန-ဒေါသ ထကြွခြင်းလည်းမရှိ။ ကိစ္စတစ်ခုပေါ်လေတိုင်း သူ့ကိုယ်သူ အပြစ်ရှုလေ့ရှိ၏။ ငါတို့တွေ့ထိဖူးသောလောကီဂိုဏ်း၊ လောကီဝိဇ္ဇာများနှင့် သဘောသွားသီးခြားချည်းသာ ဖြစ်ဘိ၏။ လောကီဂိုဏ်းအမူအကျင့် အသုံးအနှုန်းကား လုံးလုံးကြီး ရှာမတွေ့မိပြီ။

၎င်းအားထုတ်စဉ်က အတွေ့အကြုံတစ်ခု ပြောသေး၏။ မည်သည့်အရာကို ကြည့်ကြည့် ဓါတ်လေးပါးတို့၏ တိုက်ခိုက်ဖောက်ပြန်နေပုံ၏ သဘောမျှသာ တွေ့တော့သည်ဆို၏။

စေတီရုပ်ပွား ဘုရားများကို ကြည့်၏။ ဘုရားမရှိ ဓါတ်လေးပါးလှုပ်ရှားနေမှုမျှသာ သိကြတော့၏။

အမေ-အဖေဆိုသဖြင့် ကြည့်မိ၏။ အဖေမတွေ့,အမေမတွေ့ ဓါတ်ငွေ့သာတွေ့သိရတော့၏။

မဟာစမ္မပါလ

ထိုစဉ် တရားပွဲများနေဆဲ ဝိဇ္ဇာတစ်ဦး အနီးကပ်လာပြီး "ပရမတ်မှန် အမြင်သန် လားရန် အဝိစိ" ဤစကားကို ရေရွတ်သွားတော့သည် ဆို၏။

ပရမော ဥတ္တမော အတ္ထော ပရမတ္ထော စာကဆို၏မဟုတ်လော။

ပရမော ဥတ္တမော-မြတ်သော၊ အတ္ထော- အနက်သဘောတည်း။

ပရမတ္ထော- မဖေါက်မပြန် မှန်ကန်တိမတ် ဂုဏ်သကတ်ကြောင့် မြတ်သောသဘောရှိသော တရား ဤသို့ပင်မဟုတ်လော။

ယခုသော် ပရမတ်မှန် အမြင်သန် လားရန် အဝိစိ ဆိုပြန်ရာ ဘာလဲတွေးမိသည်ဆို၏။

ဟုတ်လေခြင်း။

ဘုရားရှင်ကား ပရမတ်သမား မဟုတ်လော။ သို့တစေလည်း မယ်တော်တော်စပ်ခဲ့ဖူးသော တာဝတိံသာရှိ သေတကေတုနတ်သားကို နှိုးဘိုး ဆပ်တရား အဘိဓမ္မာများ ဟောကြားခဲ့သည်မှာ အထင်အရှားပင်ရှိချေ၏။

သာရိပုတ္တရာမထေရ်သည်လည်း ပရမတ် သမားပင် မဟုတ်လော။ သို့တစေလည်း ပရိနိဗ္ဗာန်စံ ဝင်ခါနီး မယ်တော်သာရိပုဏ္ဏေးမကြီးကို နို့ဘိုးဆပ် သောအားဖြင့် ၄င်းမွေးရာ မီးနေခန်းသို့ ကြွမြန်းကာ ကျေးဇူးဆပ်တုန့်သွားသည်မှာလည်း အထင်အရှား ပင်ရှိချေ၏။

သို့ကြောင့် ပညတ်နေရာပညတ်သုံး။ ပရမတ်နေရာပရမတ်သုံး ဟူသောထုံးကို ကိုင်စွဲလာ ခဲ့သည်ဟူ၍ ငါတို့အားဆုံးမခဲ့ဖူးပါချေ၏။ ဝိဇ္ဇာဆို တိုင်းလည်း သည်ပုတ်ထဲကပဲ သည်ပဲချည့်ပဲ သဘောမထားသင့်ပြီ။

သာသနာတွင်းဝိဇ္ဇာမှန်သမျှ ဆုပန်နှင့် ဖြည့်ကျင့်မှု လက်မလွှတ်။

ထိုဆုပန်နှင့်ဆုခံ အံကိုက်မဖြစ်ကြသေးမီ စရိယာသုံးပါးလည်း ကျင့်မြဲသာရှိချေလိမ့်ဦးမည်။

သာသနာ့အကျိုး၊ လောကအကျိုး၊ ဆွေ တော်အကျိုး၊ မျိုးတော်အကျိုး၊ မိမိအကျိုး။

ထိုအကျိုးတရားများ တိုးပွားအောင် ဆောင်ချဉ်းပေးနေမည်ကား မြေကြီးလက်ခတ် မလွဲပြီ။

ထိုဝိဇ္ဇာတို့တွင် အချို့ကား ဘုရားဆုပန်၊ အချို့ကား သာဝကဆုပန် ကွဲပြားကြဆို၏။

ထိုတွင် ဘုရားဆုပန်ဝိဇ္ဇာကား ဘုရားရှင် ၏ ဇာတ်သိမ်းပွဲဖြစ်သော ရောင်တော်ပြန်ကာလ ယူခွင့်ရရန် ကျင့်နေကြပြီး သာဝကတို့တွင်ကား ရင့်လေပြီးသောသာဝကဆုပန်ဝိဇ္ဇာကား မိမိအား အဆုံးအမပေးသနားသော ဘုရားရှင်ကို မျက်မြင် ကိုယ်တွေ့ဖူးတွေ့ပြီးနောက် အရိယာအကျင့် ကျင့်လျက်က နိဗ္ဗာန်ဝင်စံရန် ရောင်တော်ပြန်ပွဲ အားခဲ၍ကျင့်နေသည်ဆို၏။ အခြားတို့ကဲ့သို့ သူယောင်တောသွား သူယောင်မနှင့် ပျော်ပါးရန် ကားမဟုတ်ပြီ။

ထိုဝိဇ္ဇာတို့၏လက်ဝယ်၌ တင်းလင်းရှိ သော အဘိညာဉ်များထဲမှ ဣဒ္ဓိဝိဓအဘိညာဉ်ကား ဤသာသနာအသုံးချရန်မှတစ်ပါး အခြားလမ်း ရှိလိမ့်မည်မဟုတ်ချေ။

တစ်ဖန်လည်း မဟာစည်ဆရာတော်ဘုရား ကြီး၏ သာသနာတည်စကာလကို မှတ်သားခဲ့ရ ဖူး၏။ ယခုမြင်တွေ့နေရသော မဟာစည်သာသနာ့ ရိပ်သာ၏ မြင်ကွင်းသည် ယခင်ကဤသို့မဟုတ်ခဲ့။ ရော့ရဲရဲသံဆူးကြိုးအကာရံများနှင့် တဲအုံစုမျှသာ အစပျိုးခဲ့ရဆို၏။

တစ်နေ့ မဟာရာမ်တံတိုင်းနှင့် မုခ်ဦးကြီး များ တည်ဖန်ရန် ရည်သန်လျက်က ပန်းရံများကို ခေါ်ငင်ကာ အမိန့်အဝင်ခိုင်းသည်ဆို၏။ ညစဉ်

ဟုဆို၏။

ဆရာတော်ဘုရားကြီးကား ထိုပန်းရုံ အလုပ်သမားတို့၏ ဦးထိပ်ဝယ် ကုလားထိုင်ကြီး၏ အပေါ်၌ထိုင်လျက်က မေတ္တာကမ္မဋ္ဌာန်းစီးဖြန်း တော်မူသည်ဆို၏။

တစ်ရက်နှစ်ရက်ခန့် ကြာညောင်းလာ သော် စိတ်ငြိမ်သက်စပြုလာကြသည်ဆို၏။ ခေါင်း ဆောင်၌ကား သမာဓိတည်လာသည်နှင့် အာရုံတွင် မိန်းမချောလေးတစ်ဦး အနီးသို့လာကပ်သည်ဆို၏။

"အာ- ငါ ဒါမလိုချင်လို့မှ တရားအားထုတ် နေတာ၊ ဘာလာနှောင့်ယှက်တာလဲ"

ပါးစပ်မှလည်းပြော၊ လက်သီးဖြင့်လည်း ထထိုးဆို၏။ ထိုအခါ ခေါင်းရင်းမှဆရာတော် ဘုရားကြီးက " ဟဲ့- ဒကာ ကိုယ့်အလုပ်ကိုယ်လုပ်" ဟူ၍ သတိပေးခဲ့ခဲ့ရဆို၏။

တစ်ဖန် နောက်လိုက်တစ်ဦးကိုကား နွား ကြီးက လာနမ်းသည်ဆို၏။ ထိုအခါ ထိုနောက် လိုက် ကလည်း "ကဲဟာ-ကဲဟာဆိုပြီး နွားကြီး ပါးစောင်ရိုးကို လက်သီးဖြင့် ထထိုးပြန်သည်ဆို၏။

ဆရာတော်ဘုရားကြီးကလည်း "ဒကာ- ကိုယ့်အလုပ်ကိုယ်လုပ်လေ" မိန့်ဆိုတော်မူပြီး "တယ်လဲ အနှောက်အဖျက်ပေါ်တဲ့ နေရာပေကိုး"

ဤသို့လျှင် ငြီးငြူတော်မူခဲ့ဆို၏။ သို့နှင့် ညစဉ်တိုင်း တစ်ပါတ်မျှကြာညောင်းလာသော အခါ- တစ်ည တရားရှုမှတ်လျက်က မီးကဲ့သို့ ပူပြင်း လှသော ဝေဒနာများ ခါးဆစ်ရိုးမှ ထကြွလာပြီး ကျောရိုးတစ်လျှောက် တဖျင်းဖျင်းထရောက်လာ ကြသည်ဆို၏။ ဆရာတော်ဘုရားကြီးကလည်း သိဆို၏။

" မလျှော့နဲ့နော်- သီးခံပြီးအားထုတ်ဟေ့"

" ရပ်မပစ်လိုက်နဲ့နော်- မျက်စိမှိတ်ပြီးသာ အားထုတ်ဟေ့"

ဤသို့ ခေါင်းရင်းမှနေ၍ သတိအမြဲပေး နေဆို၏။ ထိုဝေဒနာကား တစ်ဆင့်မှတစ်ဆင့် တိုး၍လည်းပူ တိုး၍လည်းတက်တက်လာခဲ့ပြီး ဦးခေါင်းပိုင်း၏ ငယ်ထိပ်သို့ရောက်သောကာလ ရုတ်တရက် ပျောက်သွားဟော့သည်ဆို၏။

" အေး- အောင်သွားပြီကွ" ဟူ၍ မိန့်တော်မူသတတ်။

နောက်နေ့ရောက်သောကာလ ပွင့်ကောင်း င်ပြာရည်စက်ရုံပိုင်ရှင်ဦးပွင့်ကောင်း ကျောင်းသို့ ရောက်ရှိလာပြီး " အရှင်ဘုရား- ဤကျောင်း၏ လိုသမျှ တပည့်တော် တာဝန်ယူပါရစေဘုရား" ဟူ၍ လာရောက် လျှောက်ထားတော့သည်ဆို၏။

ဤသို့ဖြင့် မဟာရာမ်တံတိုင်းကြီးများ၊ မုခ်ဦးကြီးများ စတင်ပြုလုပ်ခွင့်ရလာတော့သည် ဆို၏။ ထိုသို့ပြုလုပ်ရာ၌လည်း "မင်းတို့ကွာ လက်ခ ကိုတော့နေ့ တွက်ကိုက်လောက်ရုံသာ တောင်းကြ ပါ"ဟူ၍မိန့်သဖြင့်နေ့တွက်လောက်ဖြင့်သာ ပြုလုပ် ပေးခဲ့ရပါသည်ဟူ၍ ထိုမဟာရာမ်တံတိုင်းနှင့် မုခ်ဦးကြီးများကို ဦးဆောင်ပြုလုပ်ခဲ့ရသော ဦးထွန်းရှင်ခေါ် ပိဋကတ်တော် မောင်ထွန်းကြိုင် ဆိုသူက ငါတို့အား လျှောက်ထားခဲ့ဖူးသည်ကို မှတ်သားခဲ့ရဖူးပါချေ၏။

ထူးခြားသည်မှာ ထိုအဓိဋ္ဌာန်ရက် အောင် မြင်သည်၏နောက်တစ်နေ့ နံက်တွင်မူ မဟာစည် ကျောင်းဝင်းကြီး၏အတွင်းရှိ ထိန်ပင်ကြီးများ ကိုးပင်တိတိ အလိုလိုရုတ်တရက်လျှင် လောင်မီးကျ သောသစ်ပင်များပမာ သေဆုံးသွားကြသောဟူ၏။

ဤသို့ရေးပြရသည်မှာ ပဋိပတ်ဆိုသော ဝိပဿနာဓူရဆောင်ဆရာတော်ကြီးပင်ဖြစ်လင့်ကစား သမထအင်အား ထူထောင်ရခြင်းကိုလည်း သိစေ လို၏။ ပရမတ်နေရာ-ပရမတ်၊ ပညတ်နေရာ-ပညတ် သူ့နေရာနှင့်သူ သုံးသပ်ရာသည်ကိုလည်း သိစေ လို၏။ အရိယာဝိဇ္ဇာနှင့် လောကီဝိဇ္ဇာ အပ်နှင့်ချည်

မဟာဗောဓိ

ပမာ နှစ်ဖြာတွဲဖက် သာသနာ့အကျိုး လက်ဆက်ကြ ရပါသည်ကိုလည်း သိစေလိုရင်းပင် ဖြစ်ပါချေ၏။ ဆရာတော်ဘုရားကြီး၏ ဂုဏ်သိက္ခာကို အပုပ်ချ ခြင်းကား မဟုတ်ပါပြီ။

သည့်အတူ ဝေဘူဆရာတော်ဘုရားကြီး သည်လည်း ရွှေဘိုမဟာအောင်မြေ၌ သီတင်းသုံး စဉ် ရွှေဘိုမြို့ကြီး မီးဟုန်းဟုန်းတောက်၍ လောင် ကျွမ်းတော့မည့်အရေးအခင်း ကြိုတင်တွေ့မြင်လေ ရသောအခါ ဝိဇ္ဇာကြီးများ၏ လျှောက်ထား တောင်းပန်ချက် အရ-

"အေးဗျာ့- အိမ်တစ်အိမ်လျှင်(၉)လက်မ ပတ်လည်ရှိတဲ့ ရေကန်တစ်ကန် တူးထားရမတဲ့ဗျာ့။ (၉)လက်မအစောက်နက်တဲ့ ရေတွင်းတစ်တွင်း လည်းတူးထားကြရမှာတဲ့ဗျာ့" နှိုးဆော်တော်မူခဲ့ ပါ၏။ ယုံသူများလိုက်နာ၏, မီးလွတ်၏။ မယုံသူများ မလိုက်နာ, မီးပါသွားဟူ၏။

တစ်ဖန်လည်း ငါတို့ငယ်ငယ်တုန်းက ဆရာတော်ဘုရားကြီး အင်ကြင်းပင်၌ သီတင်းသုံး စဉ် ဝိဇ္ဇာကြီးများ၏ လျှောက်ထားတောင်းပန်ချက် အရပင် ကလေးငယ်များ ကပ်ဘေးဆိုက်တော့မည် ကို မြင်တော်မူသဖြင့်-

"အေးဗျာ့-(၁၀)နှစ်အောက်ကလေးငယ် လေးများ ၎င်းတို့၏လက်တစ်ဆစ်ဖြင့် တိုင်းတာ ဖြတ်တောက်ပြီး ၎င်းတို့လည်ပင်းမှာ တမာသား လေးများ ကြိုးနှင့်ဆွဲပေးထားကြရမတဲ့ဗျာ" ဟူ၍ နှိုးဆော်တော်မူခဲ့ပါသေး၏။ ယုံသဖြင့် အားလုံး လိုက်နာခဲ့ကြရဖူးပြီ။ အားလုံးပင် ချမ်းသာရာ ရခဲ့ကြဖူးသော သာကေလည်းရှိခဲ့ဖူးသေး၏။ ထိုနှင့်တစ်ဆက်တည်းမှာပင်-

အညာတမာ မာတာတာ

တမာခါးခါး ငါမစား။

၍အတိတ်တဘောင်လည်း သူကလိုလို၊ ငါကလိုလိုနှင့်လူတို့အကြား ပေါ်ထွက်လာချေတော့ ၏။ ရဟန္တာတစ်ဆူဖြစ်တော်မူပါသော ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ လောကတ္ထစရိယ ခေါ်သော သတ္တဝါဝေနေယျအကျိုး ဆောင်တော် မူချက်ကား သိသာထင်ရှားလွန်းစွာဖြင့်ပင် ပြသ တော်မူသွား ခဲ့ပါချေ၏။

ကျောက်ဆည်ဝေဘူ၌ စည်တော်ကြီး စသည်များ ချိတ်ဆွဲတီးခတ်ပြလျက်ကလည်းကောင်း၊ အင်ကြင်းပင်၌ နေ့စဉ်နံနက်တိုင်း တံမျက်လှည်း ခတ်လျက်ကလည်းကောင်း ပြကျင့်တော်မူသွား ပါ၏။

-တံမျက်လှည်းခြင်း၌ သေနာသနဝတ်က သာမည။

-ဝေနေယျတို့ သွားလမ်းလာလမ်း သာစေသည်က အဓိကတည်း။

သာသနာ့အကျိုး ဆောင်တော်မူချက်မှာ မူကား ရွှေဘိုအောင်မြေ၌ ပိဋကတ်တော်များကို ဆင်ပေါ်တင်၍ လှည့်လည်လျက်ကလည်းကောင်း၊ အင်ကြင်းပင်၌ကား ညစဉ် (၇)နာရီခန့်ဝယ် ရဟန်း တော်များ အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်းဝင်းကြီးကို ကားဖြင့်ပတ်လှည့်လျက်ကပရိတ်ရွတ်စေခြင်း။ ရှင်ဥပဂုတ္တဖောင်တော်ထားရှိစေခြင်းဖြင့်လည်း ကောင်း သိသာထင်ရှားစွာ ဆောင်ပြတော်မူသွား ခဲ့ပါချေ၏။

အထူးမှာကား ဝေဘူဆရာတော်ဘုရား ကြီးနှင့်အောင်မင်းခေါင်၊ အောင်မင်းခေါင်ကြီး နှင့်ဝေဘူဆရာတော်ဘုရားကြီး- အရိယာနှင့်ဝိဇ္ဇာ နှစ်လွှာတွဲ၍သာသနာ့အောင်ပွဲ ဆင်နွှဲခြင်းပင်တည်း။

ဝေဘူဆရာတော်ဘုရားကြီးကား ကျောက် ဆည်ဝေဘူချောင်မှာ။

အောင်မင်းခေါင်ကြီးကား ပုပ္ပါးတောင် ကလပ်မှာ။

နှစ်စဉ်၏သီတင်းကျွတ်လေတိုင်း ထိုဝေဘူ တောင်၌ ဆွမ်းကွမ်းဝေယျာဝစ္စ ယူနေရသော

မဟာဓမ္မပါလ



ဒကာမကြီးကို ဆရာတော်ဘုရားကြီးက ပုပ္ပါးအောင်မင်းခေါင်ထံ စေလွှတ်မြဲဆို၏။

"နို့-မောင်ပဥ္စင်းက ဘာမှာလိုက်သေးတုန်းဗျာ့" ရောက်မဆိုက် အောင်မင်းခေါင်ကြီး၏ မေးစကား။

" နို့- ဒကာကြီးက ဘာလျှောက်ထားလိုက်သတုန်းဗျာ့' ရောက်မဆိုက် ဆရာတော်ကြီး၏ မေးစကား။

ဤသည်ကိုထောက်လျှင် ဘုရားကြွရာနတ်တွေပါ ဝိဇ္ဇာမလွတ် နောက်လိုက်ဝတ် ဆိုသောစကားပမာ သာသနာ့အကျိုး သည်ပိုးလေသူအရိယာကြီးများ၊ သီလဝန္တသမုတိနွယ်ဖွားများ၏နောက်တော်ပါး၌လည်း ဝိဇ္ဇာကြီးများနှင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ ထပ်ချပ်မကွာ လိုက်ပါလျက်က စရိယသုံးပါး၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါး ဖြည့်ကျင့် အားထားမည်မှာမလွဲချေပြီ။

အထက်ပါအားလုံးမှာ ငါတို့ခေတ်၌ ကြုံတွေ့ကြားသိခဲ့ရသော သာသနာတံခွန်အထူနှင့် ဝိဇ္ဇာအကူ အတူပေါင်းလျက်က တစ်ကြောင်းထည်းခရီးသွားကြရပုံ၏ သုတစကားများချည်းဖြစ်ပါချေ၏။

ငါတို့မမှီလိုက်ရသော လယ်တီဆရာတော်ဘုရားကြီး (အဘိဉာဉ်ရ အနာဂါမ်ပုဂ္ဂိုလ်ကြီး) လက်ထက်တော်ကာလတုန်းကလည်း တစ်ပြည်လုံးကပ်ရောဂါကျသဖြင့် မနေမနား ကြွရောက်ကယ်မတော်မူရစဉ် မြဝတီမြို့အရောက် ဝိဇ္ဇာက ကပ်ကျော်အင်း ကပ်လှူသည်ကို လက်ခံရယူတော်မူခြင်း၊ ဆရာတော်ဘုရားကြီးကိုယ်တိုင်ပင်လျှင် ပြည်, နိဗ္ဗိန္ဒဆရာတော်အား အင်းလက်ဖွဲ့ချီးမြှင့်တော်မူခဲ့ခြင်း။ ဆရာတော်ဘုရားကြီး သက်တော်ရှည်ရှည်ဖြင့် သာသနာပြုနိုင်ရန် ဝိဇ္ဇာမှ ပြာကပ်လှူခြင်း။ လယ်တီဘိုးဘိုးကြီးခေါ် နတ်မင်းကြီးကိုယ်တိုင်အစောင့်အရှောက်များ၊ အကူအညီများ ပေးရခြင်းများသည် သူ့ဆိုင်ရာစာများ၌ မှတ်တမ်းများ ပါရှိပြီးကို သုတစကား ဖတ်ရှုမှတ်သားခဲ့ရဖူးသေး၏။

ဤ၌ လယ်တီဆရာတော်က အင်းလက်ဖွဲ့ချီးမြှင့်သည်ဆိုသဖြင့် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အင်းကစားခြင်း၊ လက်ဖွဲ့စီရင်ခြင်းများပြုကျင့်တော်မူချေသည်ဟူ၍ အယူအဆမမှားလေလင့်။

စင်စစ် အရိယာဝိဇ္ဇာကြီးများ၌ လောကီအသုံးအနှုန်းမဆိုထားဘိ။ လောကီစကားတစ်လုံးမျှကိုသော်လည်း ကြံစည်ခြင်း၊ နှုတ်ဖွင့်ခြင်း အလျဉ်းမရှိ။ ကိုယ်ထိလက်မြောက်ကား အဘယ်မှာဆိုစရာရှိပါတော့မည်နည်း။

ဝိဇ္ဇာသည်လည်းကောင်း၊ နတ်သဲည်လည်းကောင်း စရိယာသုံးပါးတို့ကို ပြုကျင့်လိုရာ၌-

-မည်သူသည် မည်မျှ သာသနာ့အဖွင့် တွန်းဖွင့်နိုင်ပြီးဖြစ်သနည်း။

-မည်သူသည် မည်မျှ သာသနာ့အပွင့် တွန်းဖွင့်ပေးနိုင်အား ကောင်းသနည်း။

-မည်သူ့ထံမှာချဉ်းကပ်၍ သာသနာ့ကိစ္စ အားပေးရသော် မည်မျှထွန်းပေါက်နိုင်သနည်း။

ထိုအချက်များကို ၄င်းတို့၏ အဘိဉာဉ်ကမ္မဇိဒ္ဓိများဖြင့် တွက်ချက်ကြည့်မြဲဖြစ်၏။ အဖြေတွေ့သော် ထိုပုဂ္ဂိုလ်ထံကပ်ချဉ်း၍ ကူပံ့ရန်အဆင်သင့်သာဖြစ်ပေလိမ့်မည်။

ဤနည်းဖြင့်ပင် လယ်တီဆရာတော်ဘုရားကြီး၌ အင်း စသည့် လောကီအသုံးအဆောင်များအဆင်သင့်ရှိပြီးသားကို ဉာဏ်မှီထားလျှင် အရိယာအင်းချ မစွပ်စွဲမိတန်လောက်ပြီ။

ဤနေရာ၌ ရေးပြလိုချက်မှာ မဟာစည်ဆရာတော်ဘုရားကြီး ကမ္ဘာကိုလှည့်၍ သာသနာပြုသည်နှင့် အဘ၏ 'အောင်ပြီ' ပြောသည်ကို

ဗဟာ၀မှုပါလ

ပေါင်းကူးပေးခြင်းပင် ဖြစ်ပါ၏။ 'ညောင်ဦးက ကမွဲးပြို, စမွဲနဂိုကန္တားမကြီး ခါးကျိုး' စကားမျိုး ထင်အံ့စိုးသဖြင့် ရှင်းပြခြင်းပင်။

သာသနာပြုပုဂ္ဂိုလ် အာဇာနည်တို့၏ သာသနာ့ကိစ္စ ထွင်းသာဖေါက်သာ သွားသာလာသာ ဝင်သာထွက်သာစေရန် ရှေ့ပြေးလမ်းခင်းပေးခြင်း၊ နောက်ကူတွန်းအားပံ့ပိုးပေးခြင်း၊ အတူယှဉ်တွဲ လျက်က အောင်ပွဲဆင်စေခြင်းများသည် သာသနာဝင် ဝိဇ္ဇာတို့၏ တာဝန်ပင်ဖြစ်ချေ၏။

-တစ်ဘက်၏ မယုံစိတ်ကို ယုံစိတ်သို့ ညွှတ်ပေးခြင်းမှာ ဝိဇ္ဇာတာဝန်။

-တစ်ဘက်၏အယူသီးစိတ်ကို သွေးတိတ်စေခြင်းမှာလည်း ဝိဇ္ဇာတာဝန်။

-ဤဘက်၏ အဝင်အထွက် အခဲအခက်ကို ချောမွေ့ကျေညက်စေခြင်းမှာလည်း ဝိဇ္ဇာတာဝန်ပင်တည်း။

မမြင်ကွယ်ရာရှိ စိတ်တန်ခိုး, စိတ်သတ္တိ၏ စွမ်းပကားသည် အတိုင်းအဆမရှိ တန်ခိုးအာနိသင် အပြည့်ရှိ၏။ မြင်အပ်ရာရာရှိ ကိုယ်နှုတ်တို့၏ သတ္တိ စွမ်းပကားများထက် သာလွန်ထိရောက်လှပါသည် ကို ဘုရားရှင်ကိုယ်တော်တိုင် ဥပါလိသုတ်၌ ဟောကြားထားသည် မဟုတ်ပါလော။

- သဒ္ဓါအားသက်သက်၏ စိတ်စွမ်းအင်ထက် သီလအား စင်ကြယ်သူ၏ စိတ်စွမ်းအင်က ပိုလွန်၏။

- သီလအားရှင်၏ စိတ်စွမ်းအင်များထက် သမာဓိစွမ်းပကား ကြီးမားသူကပိုလွန်၏။

တစ်ဖန်

- သာမန်သမာဓိစွမ်းအားရှင်ထက် အပ္ပနာသမာဓိ - စိတ်မကလက် လွန်ငြိမ်သက်သူ၏ စိတ်စွမ်းအင်များကအဆသာ၏။

တစ်ဖန်

- ရိုးရိုးအပ္ပနာသမာဓိရှင်ထက် အဘိညာဉ်သမာဓိရှင်၏ အလွန်သန့်ပြန့်စင်ကြယ်သော စိတ်စွမ်းအင်က အဆ,ရာထောင်လွန်ကာ မြင့်မြတ်၏။

ထိုအဘိညာဉ်စွမ်းအားရှင်၏ စိတ်ညွှတ်ရာ အရာဌာနတိုင်းတို့၌ ပညတ်သွားရာ ဓါတ်သက်ပါစေမှုကား ပြောမကုန် ကြုံမှသိမည်သာတည်း။

▼

## သာ၍ရှုံးညံ့သော အတွေ့ကြား စိတ်ကျက်စားခွင့် ရသွားခြင်း

ဝါခေါင်လပြည့်နေ့ (၆)နာရီ ထိုင်ချိန်မှီရန် သာသနာ့ဗိမာန်ရှိ အဘထံမှသည် မဟာစည်သို့ ပြန်လာခဲ့ရ၏။ ရောက်သော်အမှီထိုင်၏။ ငါ့စိတ်ကား ငါ့ထံပါး မခိုမနားကြပြီ။

သည်တွင်မှ ရိပ်သာတွင်းစိတ်နှင့် ရိပ်သာပြင်စိတ် ရိပ်မိလာရ၏။

ရိပ်သာသည် မျက်မြင်ကလည်း အပူစင် ရုပ်သွင်ကိုသာထိတွေ့ရ၏။ နားကြားကလည်း အပူမပွား အေးသာသောအသံမျိုးကိုသာ ကြားသိရ၏။ အအေးကြားကစိတ် အေးသဖြင့် ချွေးသိပ်နေသည်သာ။

နံနက်ခင်း ရိပ်သာတွင်းမှ ထွက်ခွာလာစတွင်ကား ဘယ်လှမ်းသည်, ညာလှမ်းသည် စသည်ဖြင့် ငါ့ထံရှိ တစ်လုံးထိုး ရှမ်းတူမီးသေနတ်ကလေးကို ပစ်ဖေါက်လျက်ကပင် ရိပ်သာလမ်းမှ ကုက္ကိုင်းလမ်းတစ်လျှောက် လျှောက်မိ၏။ ထိုကုက္ကိုင်းလမ်းအတိုင်းလျှောက်ရင်းက ကိုယ့်မင်းကိုယ့်ချင်းလမ်းဆက်၏။ ရွှေဂုံတိုင်အဝိုင်းထိပ်ရောက်လျှင်မူကား တာမွေဈေးဘက်သွားမည့် အမှတ်(၁၆)ဟီးနိုးဘပ်စ်

မဟာဓမ္မပါလ



ကား တစ်စင်းက ငါ့ရှေ့မှဖြတ်ကျော်သွားရာ-

'အင်း. . သည်ကား မီအောင်လိုက်မှ, မီ အောင်လိုက်မှ' ဟူသောအမှတ်က ဘယ်လှမ်းသည်, ညာလှမ်းသည်ကြား အစားထိုးဝင်ရောက်လာ တော့၏။

ကားပေါ်ရောက်သော်ကား တရားဟော ဓမ္မကထိကများ စုံလင်စွာဟောကြားကြပါကုန်၏။ လက်မှတ်ရောင်းက သူဟောနေကျ စကားဟော ကြားပါ၏။ ဈေးသည်များကလည်း ၎င်းတို့ လေ့ ကျက်ထားသောတရားတို့ကို လမ်းတစ်လျှောက် လုံးကြီး ဟောကြားပေးလျက်က လိုက်ပါလာပါ၏။ ရုံးသမားတို့ကလည်း ၎င်းတို့ကိုယ်တွေ့တရားများကို တစ်လမ်းလုံး အိတ်သွန်ဖာမှောက်တောက်လျှောက်။

ငါတို့၏ တစ်လုံးထိုး တစ်ချက်ဖေါက် ရှမ်းတူမီးလက်နက်ကိုင်သမားကား လက်မြှောက်ရ ချေပြီ။ ပါးစပ်စုံ, ဇာတ်စုံတို့အကြား ဝမ်းလျားမှောက် ပေးခဲ့ရချေပြီ။ သို့နှင့်-

သာသနာ့ဗိမာန်ကျောင်းသို့ ရောက်လာ၏။ ထိုအခါ ဘဝတူ-အတူနေ မာတုဂါမတစ်စုတို့က-

"ဒို့-ကိုငြိမ်းကြီး ပိန်သွားသတော့"

"ဟယ်ကိုငြိမ်းကြီး ချောင်ကျသွားပြီတော့"

အားလုံးကပင် ဝိုင်းတော့ကြလေရာ ငါ့ထံ ၌ လက်နက်ပင်မရှိတော့ချေပြီ။ သို့ကြောင့်-

ယခု မိမိ၏ဌာနချုပ်အတွင်း ပြန်လည်ချဉ်း နင်း မိလာသောအခါ လက်နက်လည်းမပါ၊ ယူနီ ဖောင်းကဗလာ၊ စစ်သညာဘာမမိ၊ ဟာတိဟာတာ ဖြစ်ခဲ့ရချေပြီတကား။

-တစ်ညလုံးလုံး ဖိအားထုတ်၏။ မရ။
သည်လိုဆို နက်ဖြန် ဆရာ့ထံအစစ်ခံရန်မရှိ။

-တစ်နံနက်လုံးလုံးလည်း တင်းကြိုးစား၏။ မရ။
သည်တိုင်းဆို ဆရာ့ထံဟန်ရန်မရှိ။ ငုံးတိတိ။

အတွေးများကလည်းဝင်၏။ မြင်ခဲ့ရ ကြား ခဲ့ရသော အသွင်များကလည်း ထင်သထက်လျှင် ထင်ကျန်နေ၏။ နံနက်(၆)နာရီထိုင်ချိန်၏ မိနစ်ပိုင်း မျှသော တစ်ခဏလေး၌သာ တစ်ကွက်တည်းသော အာရုံမှန်ကို ရယူပိုင်ဆိုင်ခွင့်ရလာချေ၏။ အတွင်း နှင့်အပြင် အသွင်ကား ခြားလှချေကလား။

ထိုမှနောက်ရက်များတွင်ကား စိတ်ကို အနားမပေးတော့ပြီ။ ငါတို့ အရိယာဝါသကျောင်းရှိ ယောဂီများကို ထိန်းသိမ်းစောင့်ရှောက်ရသော ရဟန်းတော်(ဦးပညာသာရ)ကလည်း စေတနာကြီး၏။ ညဏ်စဉ်ပတ် နီးကပ်လာလျှင် အထူးအားပေး၏။ အထူးလည်းစောင့်ကြပ်မှုပေး၏။ စကားပြောတတ် သူကိုလည်းကောင်း၊ စည်းကမ်းဖောက်တတ်လေသူ ကိုလည်းကောင်း အထူးတင်းကြပ်ခြင်း၊ အမှတ်စိပ် လေသူကိုလည်းကောင်း၊ စည်းကမ်းရှိသေလေသူ ကိုလည်းကောင်း အထူးချီးမြှောက်၏။ အခန်းတွင်း ဝယ် ငါတို့ တရားထိုင်နေသည်ကို တွေ့မြင်သွားသော် ၎င်းကိုယ်တော်တိုင်ပင် စကားတိတ်ဆိတ်သွား၏။ ဘေးနားရှိတို့ကိုလည်း "ဟိုမှာတရားအားထုတ်နေ တယ်။ စကားမပြောကြနှင့်" သတိပေးသွားသေး၏။ ထိုအစောင့်ရှောက် ခံယူရရှိခြင်းကပင် ငါတို့ တရားတက်ခြင်း၏ အဓိကပေတည်း။

ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့ ရောက် လေသောအခါတွင်မူကား -

ကိုယ့်စိတ်ကိုယ် အစိုးတရ ပိုင်ဆိုင်မှုသည် ရှေးကထက်အဆသာ၏။ လပြည့်မှ(၄)ရက်တိုင် အောင်အတွင်းကပင် စိတ်သန့်ကြည်မှုသည်လည်း ကောင်း၊ စိုးပိုင်မှုသည်လည်းကောင်း သမရိုးကျမှ ပိုလွန်လျက်ရှိလာခဲ့၏။

- ကားသံကို ကြားရာ၌ တစ်သံပြီးမှ တစ်သံ
အပြတ်လိုက်အပိုင်းလိုက် တသန့်စီတကန့်စီ။

-ရေဒီယိုမှအသံကို ကြားရာ၌လည်း တစ်သံမှ
တစ်သံတို့အကြားလစ်လပ်မှုက တရှည်တဝေး။

- လျှာပြင်မှ အရသာကိုစားရာ၌လည်း တစ်ဆင့်မှ

မဟာဗောဓိပါလ

တစ်ဆင့် အရသာဓါတ်၏ရွေ့မှုက အခြားအခြား၊ အပြတ်အပြတ်။

-ရှူကွက်တွင်းမှ ပြချက်နိမိတ်ကလည်း မူရင်းသတ္တိမရှိ။ ရောင်ပြန်သတ္တိ၏ ပိပိရိရိ ပဘာတိ။

ဤသို့လျှင် ခံလင့်တိုင်းသော အာရုံတို့၏ ကန့်သတ်နယ်ခြား ထူးခြားခြင်း၊ ရုပ်လှုပ်ထက် စိတ်သိကကြိုဆိုင့်လင့်နေရခြင်း၊ လက္ခဏာသတ္တိများ ထင်ရှားခြင်း၊ ရောင်ပြန်ပေါ်ခြင်း စသော မကလက်စိတ်၏အထွဋ်အထိပ်သို့ ရောက်ရှိနေပြီး ဖြစ်ခြင်း၏ သင်္ကေတတို့ကို ပြသနေပါချေ၏။

ယနေ့နံနက် (ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့၏နံနက်) ရောက်လေသောအခါတွင်မူကား ထို့ထက်ကျော် ကိုယ့်စိတ်ကိုယ်အစိုးတရ ပိုင်ဆိုင်မှုက ပေါ်ပေါက်နေပါ၏။

နံနက်(၄)နာရီထိုးချိန် ထိုင်ပဟော့ဆိုသည်နှင့် သဲသဲမဲမဲ မမှတ်လိုက်ရ။ တစ်ချက်မှတ်, နှစ်ချက်မှတ် စပေးလိုက်ရုံလေးဖြင့် အေးချမ်းငြိမ်သက်မှုနှင့်အတူ မကလက်စိတ်က ကြီးစိုးထားပြီးဖြစ်၏။ (၁၅)မိနစ်ခန့် ကြာသည်ထင်၏။ မျက်တောင်ခတ်မျှ (မျက်ခုံးလှုပ်မျှ)သော ဖြစ်စဉ်လှုပ်ရှားမှု စိတ်ပေါ့ပါးမှု ဦးစွာပေါ်ပေါက်လာ၏။ တဆက်တည်း ရုတ်တရက် ဖြစ်စဉ်များပျက်ကျသွားတော့၏။ ထို့နောက်၏ အအေးဓါတ်ကလည်း စိမ့်ကနဲသိမ့်ကနဲသော စက္ကန့်ပိုင်းတို့မျှ ဖြစ်ခဲ့၏။ ထိုမှနောက်ရှိ စိတ်ကြည်သန့်မှု၊ အေးငြိမ်းမှုတို့ကို တောင်းသည်ထက်ပို လိုသည်ထက် အဆများသေး၏။

ဤဖြစ်ပျက်မှု အရေးအခင်းကား ဝါဆိုလပြည့်ကျော်(၁၄)ရက်နေ့နှင့် မတူညီလေ။

-ယခင်၏စိတ်သွက်မှုကား လှေဆင်းမကျွမ်းကျင်လေသေးသူ၏ လှေဆင်းခါနီး ချိတုံ-ချတုံပမာ နှစ်ကြိမ်သုံးကြိမ်မျှ သွက်လက်လှုပ်ရှားပေးခဲ့ရချေသေး၏။

-ယခု၏ စိတ်သွက်မှုကား လှေဆင်းကျွမ်းကျင်နေပြီး၏ လှေကိုဆင်းသည့်ပမာ ရှင်သွက်မှုနှင့် လိုက်ပါမှု မရှေးမနှောင်းသာ ရှိချေဘိ၏။

-ယခင်၏ ချုပ်ပြတ်မှုကား ပီပြင်ထင်ရှား အလင်းအားကြီးနှင့်အတူရှိပြီး ရုပ်ရှင်ရိုက်ပြရာတို့၌ အနေးရိုက်နည်းဖြင့် ရိုက်ကူးပြသည့် မြင်ကွင်းပမာသာ ရှိချေ၏။

-ယခု၏ ချုပ်ပြတ်မှုကား မြန်ဆန်ထင်ရှားခြင်းသာ အဓိကရှိပြီး ရုပ်ရှင်ရိုက်ကူးပြသရာတို့၌ အမြန်ရိုက်နည်းဖြင့် ရိုက်ကူးပြသည့် မြင်ကွင်းပမာသာ ရှိချေတတ်၏။

-ယခင်၏အေးငြိမ်းမှုကား သုံးစက္ကန့်မှ လေးစက္ကန့်မျှအထိ ကြာညောင်းသွားသည်ထင်ရ၏။

-ယခု၏ အအေးဓါတ်မှာမူကား ရေခဲအစက်ကလေးများ သုံးလေးစက်ကျရုံ ပမာဏသာ ရှိချေတော့၏။

-ယခင်၏စိတ်သန့်ကြည်မှုကား တစ်ထိုင်အတွင်းမှာသာခံပြီး- ပြီးသော် အလိုလိုပျောက်ဆုံးသွားချေတော့၏။

-ယခု၏ စိတ်သန့်ကြည်မှုမှာမူကား တစ်ထိုင်အတွင်းလည်းမရပ်၊ တစ်နာရီ, နှစ်နာရီအတွင်းလည်းမရပ်။

ထိုနေ့က သာသနာ့နုဂ္ဂဟနှင့် ယောဂီတို့ တွေ့ဆုံပွဲရှိသဖြင့် နံနက်(၇)နာရီအချိန် ဖလ်ယဉ်ဓမ္မာရုံသို့အသွားလည်း ပါသွား၏။ အပြန်တွင်လည်း ပါလာခဲ့သေး၏။ လမ်းတစ်ဝက်သို့အရောက် ဒါလဲပဲ မြဲသောအရာမဟုတ်သေးဘူးဟူ၍ ဆင်ခြင်ပါမှ ရေးရေးသုံ့သုံ့မှ မှုံလျက်ပျောက်သွားချေတော့၏။

ထိုသန့်ကြည်မှုနှင့်အတူ အေးသောအအေးသည်လည်း ယခင်ကထက် အဆသာ၏။ တစ်ကိုယ်လုံး မရဏာပီတိ ခေါ် ဂွမ်းဆီထိပမာသောနှစ်သက်လန်းရွှင်မှု၏အအေးကဲ့သို့ အေးချမ်းသာလှပါချေ၏။ ထိုနေ့မှစ၍ ငါတို့၏စိတ်ထားများသည် ပြောင်းပြန်လန်သွားကြတော့၏။

မဟာဇမ္ဗူပါလ



မျက်စိလည်သူတစ်ဦး၏ ဘွားကနဲသော မျက်စိအလည်ပြေပုံမျိုးနှင့်တူ၏။ ဘုရားအပေါ်၌ ရှင်တော်ဂေါတမကိုကားမမြင်။ သဗ္ဗညုတဉာဏ်တော်၏ အံ့မခန်းလှစွာသော စွမ်းပကားသက်သက်ကိုသာမြင်ရ၏။ တရားတော်အပေါ်၌ ဓမ္မဓာတ်အား၏ အံ့မခမ်းလှစွာသော သတ္တိသက်သက်မျှကိုသာမြင်တွေ့နေရတော့၏။ သံဃာ၏အပေါ်၌လည်း ဓမ္မဓာတ်သက်၏ အံ့မခမ်းလှစွာသော သတ္တိသက်သက်မျှကိုသာ မြင်တွေ့ရတော့၏။ လယ်တီဆရာတော်ဘုရားကြီး၏ 'အရာရာ ဓမ္မသို့သာ ဥက္ကောင်းဆိုက်၏' ဟူသောအယူကို အကြွင်းမဲ့ လက်ခံမိ၏။ ငါတို့ဆရာ ဦးပဏ္ဍိတကိုလည်း ၎င်း၏ သန္တာန်တွင်းက ဓမ္မဓာတ်ခင်းကြီးကိုသာ ဖူးတွေ့ ခွင့်ရတော့၏။

ထိုနေ့မှစ၍ ဆရာတော်ဦးပဏ္ဍိတ၏ ငါ့အပေါ်ငေါက်နေခြင်းသည် ငါ့အားမဟုတ်၊ ငါ့ထံရှိ မာန-ဒေါသစသော ကိလေသာရန်သူများကို မာန်ငေါက်ခြောက်ထုတ်ပေးနေခြင်းမျှသာတည်း ဟူ၍ တထစ်ချ ယုံကြည်လာတော့၏။ သဗ္ဗဒါန်-ဓမ္မဒါန်-ဇိနာတိ ၏ ဆရာပေတကား။

### အနန္တတို့၏ သတ္တိကို ဖယ်ရှားလိုက်လျှင် ငါကား ဖိုးသုညတည်း

ထို (၅)ရက်နေ့မှနောက်တွင်ကား ဆင်ခြင်စိတ်လည်း ကြီးထွား၏။ မြင်စိတ်လည်း ကြီးထွား၏။

ငါတို့သည် အမှန်တရားကို သိလိုမြင်လိုလှပါသဖြင့် (၅)နှစ်လုံးလုံးအားထုတ်၏။ မရ။ ယခု မဟာစည်၌ ရက်ပေါင်း(၅၀)ခန့်မျှဖြင့်သိပိုင်ရခြင်းကား ငါ့စွမ်း လားလားမျှမဟုတ်ချေပြီ။ အကယ်တိတိ ငါ့အစွမ်းအစတို့ကြောင့် ရရှိမှန်လျှင် ထို (၅)နှစ်၏အားထုတ်မှုသည် ငါပင်လျှင်မဟုတ်လော တွေး၏။ အဖြေမှာ -

- ငါ့ထံရှိ ကိလေသာများကို စည်းကမ်းနှင့်ဆရာက ချုပ်ကိုင်ပေးခြင်း။
- ကမ္မဋ္ဌာနာစရိယ ဦးပဏ္ဍိတက လမ်းပြပေးခြင်းကား ပထမ။
- ငါ့အား ပဋ္ဌာန်းဆက်မှန်ရာ ဤဌာနသို့ အတင်းအကြပ်လှံ့ဆော်ကာ ပို့ဆောင်ပေးသော အဘဝိမလကား ဒုတိယ ဖြစ်ခဲ့၏။

သို့ကြောင့်-ငါတို့ရရှိထားသောတရားကား ငါပိုင်တရားမဟုတ်။ ဆရာကိုင်တရားများသာတည်း။ ထိုမှထောက်၍ ငါ့အား အမေနှင့်အဖေတို့က မွေးခြင်း,ကျွေးခြင်းဖြင့် ထောက်ပံ့မှုပေးခဲ့သည်က ကလေးမှစ၍ယနေ့တိုင်။

ဆရာတို့က ဓမ္မဂုဏ် ပုံဖော်ပေးနေသည်။ သံဃာကလွန်ခဲ့သောနှစ်ပေါင်း (၂၅၂၃)နှစ်ခန့်တို့က တရားကို သယ်ဆောင်ထားရှိပေးခဲ့ခြင်း၊ သဘာဝဓမ္မဓာတ်အားခေါ် ဓမ္မနိယာမတရားက အဆင်သင့်လှုပ်ရှားဖြစ်ပျက်ပြနေခြင်း၊ ပွင့်သောဘုရားက ပွင့်သောဉာဏ်တော်အားဖြင့် ဖွင့်ထားလှစ်ဆဲ ပြသထားခဲ့ခြင်းတည်းဟူသော အနန္တစွမ်းပကားများကိုပါ တစ်ဆက်တည်း မြင်တွေ့ရတော့၏။ ၎င်း(၅)မျိုးတို့၏သတ္တိကို ငါ့ကိုယ်ခန္ဓာမှနှုပ်ပယ်လိုက်သော် ငါကား ဖိုးသုညမျှသာတည်း။

ထိုအတွေးများကား တရားအစစ်မခံမိ ဆရာတော်ဦးပဏ္ဍိတ၏ အမှတ်(၁)ကျောင်းရှေ့ရှိ စကြံန်လမ်းဝယ် လမ်းလျှောက်စောင့်ရင်းက ဆင်ခြင်မိသော ဆင်ခြင်ဉာဏ်များတည်း။

ထို(၅)ရက်နေ့ကဖြစ်အင်ကို နောက်ရက်၌ ဆရာ့ထံသွားရောက်၍ အစစ်ခံသောအခါ -

"ကောင်းတယ်။ ဆက်အားထုတ်" ဟူ၍သာ မိန့်မှာလိုက်ပါ၏။ ဘာ-ညာ ဟူ၍ကား ပညတ်ထိုးမပေးခဲ့ပြီ။ လပြည့်ကျော်(၇)ရက်နေ့ နံနက်(၇)

မဟာဗောဓိပါလ

နာရီ ရောက်သဖြင့် တရားအစစ်ခံလေသောအခါ ဆရာသည်ငါ့အား ယနေ့ ဉာဏ်စဉ်ပတ်ထဲ၌မထည့်လိုပြီ။ ရှေ့အလားအလာက အားကောင်းနေသဖြင့် ဆက်လက်နေစေလို၏။ ဆရာ့စေတနာကား ကြီးမားလှပါ၏။ ခရီးပေါက်သင့်သလောက် ပေါက်စေလိုခြင်းတည်း။

"ကိုငြိမ်း နောက်ထပ်(၁၅)ရက်လောက်မှ မနေနိုင်တော့ဘူးလား"

"ဘုရားတပည့်တော် သည်ရက်အထိသာ ခွင့်ပန်ထားခဲ့လို့ပါဘုရား"

"အစားအသောက်ခက်ခဲလို့လား၊ ခက်ခဲလျှင် ကျုပ်တာဝန်ယူပါ့မယ်"

"ဟိတေသီ စားသောက်ခွင့်လဲ မကုန်သေးပါဘုရား"

"အေးဗျာ- ကျုပ်ကတော့ရှေ့တိုးအားထုတ်စေချင်တော့တာပဲ"

ဆရာကား မချင့်မရဲဖြင့် ကျန်ရစ်ရှာပါ၏။ မိမိပုံစံသွင်းပေးထားသဖြင့် ကြည့်ပျော်ရှုပျော်ဖြစ်လာသောတပည့်ကို အရိပ်ကြည့်ချင်မှာအမှန်။ ကြည့်မဝ ရှုမဝဆဲ သူတစ်ပါးသမီးနှင့် လက်ထပ်ပွဲကျင်းပတော့မည်ဆိုသဖြင့် မခွဲချင့်ခွဲချင့်သောသားရှင်မိဘပမာ အားမလိုအားမရ ဖြစ်မည်မှာလည်းအမှန်။ ရှေ့သည့်ထက်သာကို ရနိုင်ဦးမည်ဖြစ်သဖြင့် အထက်သို့မှန်း လှမ်းစေလိုသည်မှာလည်း အမှန်ပင်။

ထိုလပြည့်ကျော်(၇)ရက်နေ့၊ နေ့လည်(၂)နာရီ၏ တရားနာချိန်ကာလသည် ဆရာနှင့်ငါတို့ နောက်ဆုံးတွေ့ခွင့်ရကြသော အချိန်ပိုင်းပင် ဖြစ်ပါချေ၏။ ထိုမှနောက် ဒေါ်ကြွေမှော်ရုံအတွင်း တရားရှုမှတ်ခြင်းအစား မဟာစည်ဆရာတော်ဘုရား၏ စံကျောင်းတော်အောက်ထပ်သို့ ညနေ(၅)နာရီမှ ည(၈)နာရီကျော်ကျော်ခန့်အထိ ဉာဏ်စဉ်တရားနာကြားခြင်းဖြင့်လဲလှယ်ကာ စခန်းသိမ်းခဲ့ရပါ၏။ (၂)လနီးနီးကြာလာပြီးဖြစ်သဖြင့် ဆန္ဒအားကျလာခြင်းသည် ငါတို့၏ စခန်းသိမ်းပွဲကျင်းပခြင်း၏ အကြောင်းရင်းပေတည်း။

▼

## အရိယူပဝါဒ အန္တရာယ်နှင့်ငါ

ထိုနေ့(၁၃၄၁-ခုနှစ် ဝါခေါင်လပြည့်ကျော် (၇)ရက်နေ့)ညနေ(၅)နာရီတွင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်ငါတို့ ဦးဆုံးအကြိမ် နဖူးတွေ့ဒူးတွေ့ (ဒူး,လက်,နဖူး ထိငါးဦးဖြစ်ရာ၏ နဖူးတွေ့ ဒူးတွေ့ ဟူ၍သမုတ်ပါသော) ဖြင့် တွေ့ရခြင်း၊ ဖူးမြော်ရခြင်း ဖြစ်ပါ၏။

ဆရာတော်ဘုရားကြီးနှင့် (၄)တောင်ခန့်မျှ (၆ပေခန့်မျှ)အကွာအဝေးမှ အနီးကပ်ဖူးတွေ့ခွင့်ရခြင်း၊ အနီးကပ်နာကြားခွင့်ရခြင်းများကြောင့် ပကတိအသံတော်ကိုလည်းကောင်း၊ ပကတိရုပ်တော်ကိုလည်းကောင်း တစ်ဝကြီးဖူးမြင်ရပါ၏။ ဆရာတော်ဘုရားကြီး၏ သဏ္ဌာန်တော်၌ကိန်းဝပ်လျက်ရှိပါသော ဓမ္မဓာတ်၏အေးငြိမ်းခြင်း၊ မေတ္တာဓာတ်၏အေးငြိမ်းခြင်းများကြောင့်လည်း ဖူးသလောက်အေး, ကြားသလောက်ပင်ငြိမ်းချမ်းလှပါ၏။ တစ်ဦးချင်း အသံထွက်ခေါ်ယူ၍ မေတ္တာပွားအာရုံပြုလျက်ရှိသော အချိန်ပိုင်းကား ငါ့အလှည့်ကျ၍ ငါ့နာမည်တပ်လျက်က ခေါ်ယူလိုက်သည်နှင့် ပီတိကြက်သီး တဖျန်းဖျန်း။

က။ ထို့နောက်သီလတရား ချီးမြှင့်ပေးသနား၏။ ကိုယ်တော်တိုင်သာတည်း။

ခ။ ထို့နောက် ဉာဏ်စဉ်တရား ဆက်လက်နာကြားစေ၏။ တိတ်ခွေနှင့်သာတည်း။

ဂ။ ထို့နောက် ယောဂီတစ်ဦး၏ ရပ်ရွာထဲ

မဟာဗောဓိ



ဆောင်စရာ ရှောင်စရာများမှာကြား၏ ။
တိတ်ခွေနှင့်သာတည်း။

ထိုသုံးပိုင်းတို့ကို ပြုကျင့်ရာ၌ ကြားတွင် ခေတ္တမျှ အနားယူခွင့်ပေးသေး၏။ ကိုယ်ခန္ဓာ အညောင်းအညာမိသော် တရားသဘောမမိမည် စိုးသောကြောင့် ဖြစ်တန်ရာ၏။ ပြီးစီးသော်-

ဆရာတော်ဘုရားကြီးအားကန်တော့၍ ပြန်ရန်သာရှိတော့၏။ ငါတို့ကား ထိုဆရာတော် ဘုရားကြီးအားစော်ကားထားသော ပြစ်ချက်နှစ်ခုက သတိပေးလာချေတော့ရကား ထိုပရိတ်သတ်ရှေ့ မှာပင် ဝစီနှုတ်မြွက် ဝန်ချတောင်းပန်ရန် ဟန်ပြင်၏။ ရှက်စိတ်က ဖြတ်တား-တားထား၏။ တစ်ကြိမ်မှ နှစ်ကြိမ်။

နောက်သော် စိတ်ဖြင့်သာ ဝန်ချတောင်းပန် ခဲ့တော့၏။ ကိုယ်ဖြင့်သာ ဦးချကန်တော့၏။ နှုတ်မှ ကား အပြစ်ကိုထုတ်ဖော်၍ ဝန်ခံခြင်း၊ ဒဏ်တောင်း ခြင်းကား အလျဉ်းမပြုခဲ့မိပြီ။

ငါ့တို့ ငယ်ငယ်သာမဏေဘဝ၏ (၁၆)နှစ် သား အရွယ်ကဖြစ်၏။

ထိုစဉ်အခါတုန်းက ငါတို့ကား ရွှေဘိုမြို့၊ ဝေဠုဝန်ပါဠိတက္ကသိုလ်ဝယ် ပညာသင်ဦးစ အရွယ် တည်း။ ဆရာဖြစ်သူက အဘိဓမ္မာ-သင်္ဂဟ၏ ကမ္မဋ္ဌာန်းပိုင်း ဥပက္ကိလေသတရားဆယ်ပါးသရုပ် တို့ကို ထုတ်နှုပ်ပို့ချ၏။ ဩဘာသော ပီတိပဿဒ္ဓိစ အဓိ မောက္ခောစ ပဂ္ဂဟော စသည်ပင် ဖြစ်၏။

ထိုသို့ပို့ချလျက်က ဆိပ်ခွန်မဟာစည်၌ ရဟန်းတစ်ပါး သူ့ကိုယ်ခန္ဓာမှ အလင်းရောင်များ ထွက်ပြူလာသောအခါ နိကန္တိခေါ် တက်မက်သော တဏှာက ဖိစီးလာတော့သဖြင့် ကိုယ်လုံးတီးကြီး ချွတ်ကာ-

"ကြည့်ကြ၊ ကြည့်ကြ ငါ့မြင်ကြလား။ ငါ့မှာ အလင်းရောင်များကဖုံးနေသည်" စသဖြင့် အော်ဟစ်၍ အများကိုအကြည့်ခိုင်းဆို၏။ တကယ် ဟုတ်မဟုတ်ကား အတပ်မသိပြီ။

ထိုစကား နာကြားပြီးကတည်းက တရား အားထုတ်မည်ဟူ၍ပြောကြသူတိုင်း ထိုရာဇဝင်ခင်း လျက်က "ဆရာကောင်းလျှင်တော်ပါရဲ့။ ဆရာ ပေါင်းမှားက ရူးသွားတတ်တယ်" ဟူ၍ အကြိမ် ပေါင်းများစွာ ပုတ်ခတ်မိခဲ့ပါ၏။ "ဒါ မဟာစည် ဆရာတော် အထိန်းမတတ်လို့" ဟူ၍လည်း ဝေဖန် မိ၏။

၍ကား ပထမပြစ်ချက်၏ များစွာသော ဝစီနှုတ်ထွက် စွပ်စွဲချက်တည်း။

တစ်ဖန် ငါတို့ကား အသက်(၁၈)နှစ် သာမဏေဘဝဖြင့်ပင် ရန်ကုန်မြို့၊ သရက်တော ကျောင်းတိုက်၏ ကျောက်ပန်းတောင်းကျောင်းသို့ ရောက်လာ၏။ ငါတို့နှင့်အတူနေ ဦးရေဝတ, ဦးနာဂိန္ဒ, ဦးဇနိတ, ဦးကောသလ္လ ဟူသည့် ဝေဘူ ဆရာတော်ဘုရားကြီး၏ တူ,တပည့်တို့တွင် ဦးကောသလ္လ (သနပ်စိန်)၏ ရဟန်းဒါယကာ- ဒါယိကာမများကား လမ်း(၅၀)နေ ဦးဘသော်+ ဒေါ်စိန်စိန်တို့တည်း။

ထိုဒေါ်စိန်စိန်သည် ရန်ကုန်ရှိ မဟာစည် သို့ တရားစခန်းဝင်၏။ ပြန်ထွက်လာသော် ၄င်းကား သောတာပန်တည်း ဆိုကာ လမ်း(၅၀)နေအိမ်သို့ ပြန်မသွားတော့ဘဲ ရွှေတိဂုံအရှေ့ဘက်မုခ်၏ ဗဟန်း၊ ကြားတောရလမ်းရှိ ၄င်းတို့မိဘလှူဒါန်း ထားသော ဇရပ်ကြီးမှာသာ နေတော့၏။ ပုထုဇဉ် လင်သားနှင့် မယားသောတာပန် မထိုက်တန်တော့ ဟူ၏။

ထိုဇနီးမောင်နှံတို့မှာလည်း ဦးဘသော် ကား-ဆင်းရဲသား၊ ဒေါ်စိန်စိန်ကား-သူဌေးသမီး တည်း။ ထိုသို့ ဆင်းရဲသားနှင့် သူဌေးသမီး ညားရန် မှာ တော်ရုံတန်ရုံသောစွဲလမ်းမှုမျိုးမဟုတ်ကြ။ အလွန့်မှအလွန်သော အစွဲစိတ်လွန် ကိုယ်နှုတ်ကျွံ

မဟာဓမ္မပါလ

မှသာ ရစမြဲမျိုးဖြစ်ခဲ့ကြ၏။ သို့တစေလည်း ယနေ့ ဒေါ်စိန်စိန်က မပေါင်းနိုင်ဟု အတန်တန်လာခေါ် လေတိုင်း ခါးခါးသီးသီးငြင်းပယ်၍ချည်း လွှတ်လိုက်လေသောအခါ ဦးဘသော်ခမျာ ဒေါ်စိန်စိန်၏ စိတ္တဇ,နာ ဖြင့်ပင် သေပွဲဝင်ရရှာချေတော့၏။

ထိုအခါ ဦးဘသော်၏ ဆွေမျိုးများကပင် အသုဘကိစ္စအဝဝဆောင်ရွက်ကြ၏။ ထို့နောက် ထိုလမ်း(၅၀)၏ တိုက်ကိုလည်းကောင်း၊ ခရမ်း-သုံးခွ ရှိခြံများကိုလည်းကောင်း ထိုဦးဘသော် ဆွေမျိုးများကပင် အပိုင်စီးကြလေကုန်၏။

ဦးဘသော်သေဆုံးပြီးနောက် ဒေါ်စိန်စိန်၏ဆွေမျိုးများက ဒေါ်စိန်စိန်ကို သွားရောက် အကြောင်းကြားကြ၏။ ဦးဘသော်ဆွေမျိုးတို့၏ ပစ္စည်းဥစ္စာအရပ်ရပ် အပိုင်စီးထားကြပုံကိုလည်း အကြောင်းကြားပေးကြလေ၏။

"အဒေါ် - ဦးဘသော် သေဆုံးသွားပြီ"

"မသေဆုံးမီ အချိန်ပိုင်းလေးအထိပင် အဒေါ်ကို တ,သွားသေးသည်"

"ဟင်-ဟုတ်လား။ ငါ့ကို သူ တ,သွားသေး တယ်။ ဖြစ်ရလေကိုဘသော်ရယ်"

ထိုစကား ကြားရကတည်းက ဒေါ်စိန်စိန် ခမျာ ရင်ကိုထုထုပြီး ငိုပါလေတော့၏။ ထို့နောက် ဦးဘသော်ဆွေမျိုးများနှင့် တရားရင်ဆိုင်ကြရ၏။ နောင်သော် စိတ်မမှန် ဖြစ်သွားရှာချေတော့သတည်း။

ထိုမြင်ကွင်းကလည်း ငါတို့မျက်စိအောက် မှာ တွေ့လာပြန်သဖြင့် မဟာစည်ဆရာတော်ဘုရား ကြီးအပေါ် နှစ်ဆတိုးလျက်က ဝေဖန်တိုက်ခိုက်မှု ကား အကြိမ်ကြိမ်တည်း။

မဟာစည်က သောတာပန်ဖြစ်ပြီ၊ ဘာဖြစ် ပြီ၊ ညာဖြစ်ပြီနဲ့ လူဆွယ်, လူဆွဲ, လူလုပွဲ ကျင်းပ နေတယ်။

မဟာစည်က သူများတွေအထင်ကြီးအောင် ထွင်လုံးသုံး စည်းရုံးနေတယ်။

ငါတို့၏ သက်တမ်းတစ်လျှောက်(ရဟန်းဝါ (၅)ဝါ၊ အသက်(၂၅)နှစ်ထိ)တရားအားထုတ်မည်ဆို သော လူ-ရှင်-ရဟန်းတို့နှင့် ဆုံမိလေတိုင်း ဝေဖန် ပုတ်ခတ်မိခဲ့ပါချေ၏။

ဤကား ဒုတိယမြောက် ဝစီနှုတ်မြွက် များစွာသော စွပ်စွဲချက်တည်း။

တကယ်လျှင် မဟာစည်သို့ ကိုယ်တွေ့ ကြုံ ဆုံမိလာသောအခါတွင်မူကား ထင်သလိုမဟုတ်ပြီ။ ဦးစွာ ဉာဏ်စဉ်တရား နာယူရန် ပလ္လင်ခံစကားမြတ် ကြားစဉ်ကပင်လျှင် ကိုယ့်ဉာဏ်အဆင့် ကိုယ်တိုင် ပင်ချင့်၍ အသင့်ဆုံးဖြတ်ရန် သတိပေးတော်မူ၏။

ငါသည် အောက်ပိုင်းမျှ ကိုယ်တွေ့နှင့် ကိုက်ညီနေလျှင် အောက်ဉာဏ်မျှလောက်ကိုသာ ရောက်ရှိသေးဟူ၍ ဆုံးဖြတ်ပါလေ။

ငါသည်အလယ်ပိုင်းမျှအထိ ကိုယ်တွေ့ဖြင့် ကိုက်ညီ၍ရလျှင် ငါကား အလယ်ပိုင်းမျှသာရောက် ချေသေးဟူ၍ ဆုံးဖြတ်ပါလေ။

ငါသည် အထက်ပိုင်းသို့အထိ ဉာဏ်အမြင် မိနေပြီဖြစ်လျှင် အော်-ငါသည်ကား အထက်ပိုင်း ရောက်ခရီးလောက် မြောက်ပါပြီတကား ဟူ၍ ဆုံးဖြတ်ပါလေ။

ဤမျှသာ ညွှန်းဆိုပါ၏။ ဉာဏ်စဉ်တရား ဆိုသည်မှာလည်း ဘုရားရှင်သက်တော်ထင်ရှား တုန်းက ညီတော်အာနန္ဒာသည် အခြားတို့ကမေး လျှောက်ခိုင်းတိုင်း-

"မည်သည့် ဥပါသိကာမကြီးကား သေလွန် သွားပါပြီ။ ၎င်းကား မည်သည့်အဆင့်ဖြင့် မည်သည့် ဘုံ ရောက်ရှိနေပါသလဲဘုရား"ဟူ၍ လည်းကောင်း။

"မည်သည့် ဥပါသိကာကြီးလည်း မရှိတော့ ပါပြီ။ ၎င်းသည်လည်း မည်သည့်အဆင့် တရားဖြင့် မည်သည့်ဘုံ နားသက်နေပါသလဲဘုရား" ဟူ၍

မဟာဓမ္မပါလ



လည်းကောင်း။

"မည်သည့်ရဟန်းကား လူ့ဘုံ လူသားဘဝ စွန့်ခွာသွားခဲ့ရပါပြီ။ ၎င်းရဟန်းလည်း မည်သည့် အဆင့်ထိမြင့်၍ မည်သည့်ဘုံ ခိုလှုံပါသလဲဘုရား" ဟူ၍ လည်းကောင်း။

"မည်သည့် ရဟန်းကြီးကား ကမ္ဘဇရုပ် ချုပ်ငြိမ်း တစ်ဇာတ်သိမ်းသွားရပါပြီ။ ၎င်းသည်လည်း မည်သည့်အဆင့်ဖြင့်တင့်၍ မည်သည့်ဘုံဖျား ခံစားခွင့်ရစေပါသလဲဘုရား" ဟူ၍ လည်းကောင်း။

ဤသို့လျှင် ညီတော်အာနန္ဒာက မေး လျှောက်ရာ-

"ချစ်သားအာနန္ဒာ သူတစ်ပါးအမေးခိုင်း တိုင်း သင်မေး, မေး ပေးနေရလျှင်လည်း သင့်မှာ အချိန်ခရီး အချည်းနှီးကုန်ခမ်းရာ၏။

သင်မေးတိုင်း,မေးတိုင်းလျှင် ငါဘုရား ဖြေကြားပေးနေရလျှင်လည်း ငါ့မှာလည်း အချိန်ခရီး အချည်းနှီး ချည်းသာ ကုန်ခမ်းရာ၏။ သို့ကြောင့်ပင် လျှင် ဤ မမှားနိုင်သော ဓမ္မာဒါသသုတ်ကို နာယူ ပေလော့ " ဆိုကာ ဟောကြားတော်မူခဲ့လေသည်။

ဤ၌ ဓမ္မာဒါသ ဆိုသည်မှာ ကြေးမုံမှန်ပြင် နှင့်တူသောတရားကို ဆိုလို၏။

အကြင်တစ်စုံတစ်ယောက်သောသူသည် မိမိ၏မျက်နှာ၌ အပြစ်အနာအဆာ ရှိ-မရှိကို သိ လို၏။ ထိုသူသည် မိမိ၏အနီးရှိ ကြေးမုံမှန်ပြင်ကို ဆွဲယူကြည့်သော် ထိုကိစ္စ အတိအကျသိရ၏သို့။

အကြင်ကမ္မဋ္ဌာန်းတရား ပွားများနေသူ သည်လည်း မိမိ၏ဉာဏ်အဆင့်သိလိုလတ်သော် ဤသုတ်တော်လာတရားစကား နာကြားရုံမျှဖြင့် သိနိုင်ရာ၏။

ဤသို့လျှင် မဟာစည်ဆရာတော်ဘုရား ကြီးသည် ဉာဏ်စဉ်တရား၏ အထ္ထုပ္ပတ်ကို ဦးစွာ ဟောကြားတော်မူပါ၏။ ပြီးမှသာထိုဓမ္မာဒါသသုတ် တော်လာအတိုင်း ဖွင့်ပြဟောပြောခဲ့ပါ၏။ ပရိယတ် ပဋိပတ် နှံ့စပ်ကုန်စင် သိမြင်တော်မူပါသော သူတော်ကောင်းကြီးများ၏ အမူအကျင့်နှင့် လုပ်ထုံး များကား ပညာရှိတို့ ကြားမဝင်သာအောင်ပင် စေ့စပ်လှပါ၏။ ထိုအကြားမှ ဝေဖန်စကားပြောကြား နေခြင်းများသည်ကား တရားလမ်းကြောင်းနှင့် မသက်ဆိုင်ရာပြီ။

-ကိုယ်မကြိုက်တိုင်း မကောင်းမပြောလေနှင့်။

-ကိုယ်ဉာဏ်မမှီတိုင်းလည်း မမှန်ဟူ၍ မဝေဖန် လေလင့်။

ကြိုက်-မကြိုက်ကား ရာဂ,ဒေါသ တရား နှစ်ပါးတို့၏ ကျက်စားခြင်းသာဖြစ်ပြီး ကောင်း- မကောင်းသည်ကား သဘာဝတရားတို့၏ကျက်စား ရာ နယ်မြေသာဖြစ်ချေသဖြင့် ပြဒါးတစ်လမ်း သံ တစ်လမ်းသာတည်း။

ဉာဏ်မမှီခြင်းသည်ကား အဝိဇ္ဇာတစ်လုံး ၏ ကျက်စားရာသာဖြစ်၏။ မှန်-မမှန်တို့ကား သဘာဝခုံရုံးတင်၍ စစ်ဆေးမှသာ သိနိုင်သော အရာဖြစ်၏။ ပြဒါးတစ်လမ်း သံတစ်လမ်းပင်တည်း။

ဤအတွေးဉာဏ်များသည် ဟိုယခင်က ငါ စွပ်စွဲခဲ့မိသောမဟာစည်နှင့် ယနေ့ ငါကိုယ်တွေ့ မဟာစည်တို့ကို စပ်ယှဉ်သုံးသပ်ရာမှ ပေါ်ထွက်လာ သော ကြံသိမှုပင်ဖြစ်ချေ၏။ သို့မဟုတ် အနီးကြည့် နှင့် အဝေးကြည့်တို့၏ အမြင်ကွဲပြားမှုမှ ပေါ်ထွက် လာသော အဖြေမှန်ပင်ဖြစ်ပါချေ၏။

ဆရာတော်ဘုရားကြီးထံမှ ဉာဏ်စဉ် တရား နာကြားပြီးသောကာလ ငါတို့တွေ့ရသော အခြေနေမှန်ကား သက်ဆိုင်ရာဉာဏ်စဉ်နာလေသူ ယောဂီတို့၏ ကိုယ့်ကိုကိုယ် အမှတ်ပေးလွန်ရာမှ ဖြစ်ပေါ်လာသော ဆိုးကျိုးဘက် အကြောင်းခြင်းတ များသာဖြစ်ချေသည်ကို ထိုသောတာပန် လင်တရှူး ဒေါ်စိန်စိန်၏အကြောင်း ကောင်းကောင်းကြီး သိမှီ လာရချေတော့၏။ ငါတို့နှင့်ဉာဏ်စဉ်အတူနာကြား

ပြီးရာမှပြန်လာကြသော အောင်ပွဲပြန်ယောဂီတို့ထံမှ လေသံများမှာ-

"ကျုပ်က ဒါဒုတိယအကြိမ်ဗျာ၊ ပထမအကြိမ် ဉာဏ်စဉ်နာရကတည်းက သောတာပန်ဖြစ်ပြီးသား"

ဤကား တရားနှစ်ကြိမ်ဝင် ဉာဏ်စဉ်နှစ်ခါ နာ၏ ရင်ဖွင့်သံတည်း။

"ကျုပ်ကိုကျုပ်ဉာဏ်စဉ်နာရမှ သောတာပန် ဆိုတာ သိရတော့တယ်"

"ကျုပ်ကတော့ တရားအစစ်ခံတုန်းကတည်း က သောတာပန်မှန်း သိပြီးသားရယ်"

ဤကား တရားတစ်ကြိမ်ဝင် ဉာဏ်စဉ်တစ် ခါနာတို့၏ ကျူးရင့်သံများတည်း။

"နင်ကော" ဟူ၍ မေးစရာရှိ၏။

ငါတို့ ဉာဏ်စဉ်နာရာမှ ပြန်လာသောအခါ အတူနေယောဂီများက မေး၏။ "ဖြစ်ပျက်မြင် လောက်သာ ရိပ်မိခဲ့ပါတယ်" ဟူ၍ သာဖြေကြားမိ ၏။ ဆရာမပေးသောအမှတ်မျိုး ငါတို့မပေးလို။

အဘကျောင်းရောက်သော် အဘကဆီး ၍ စစ်၏။ "အကောင်းဒဏ်နှင့် အဆိုးဒဏ် ခံနိုင်ရုံ လောက်တော့ ရောက်ခဲ့တယ်ထင်တာပဲ အဘရဲ့" ဟူ၍သာ ဖြေကြားမိခဲ့ပါ၏။

တစ်ဖန် ငါတို့၏ (တရားဟောခြင်း၊ ဟိတေသီ၌ ဆွမ်းစားခွင့်ရရန် ထောက်ခံပေးခြင်း ဖြင့် ကျေးဇူးများလှသော) ကျေးဇူးရှင် ဆရာတော် ဦးပညာသာမိ(ရွှေရေးဆောင်)က ဘယ်အထိ ရောက်ခဲ့လဲမေးရာ "ကြောက်စရာနှင့် ချစ်စရာ အတူတူထားသာရုံ လောက်သာပါဘုရား" သာဖြေ ကြားမိပါ၏။ အဘယ့်ကြောင့်ဆိုသော် ငါတို့အခြေ အနေကို ငါတို့အားတရားစစ်မေးသော ဆရာတော် ဦးပဏ္ဍိတထံ(အတူနေ သီတင်းသုံးတော်ချင်း ဖြစ်ကြလေသဖြင့်) မေးကြည့်သိနိုင်လျက်က ငါတို့ ကို မေးခြင်းကြောင့်တည်း။

လူတိုင်းသည်ပင် မိမိကိုယ်မိမိကား အခွင့် ရေးပေးဆို သာသာပိုပိုပေးလို၏။

သူတစ်ပါးတို့ဘက်ကျလျှင်ကား ပေးထိုက် ရှိသလောက်သော်မှ မပေးလိုချေ။

အဘယ့်ကြောင့်ဆိုသော် ထိုသူကား ငါ့ ထက်သာပေသည်ဟူ၍ ဝန်ခံရာကျမည် စိုးသော ကြောင့်တည်း။

တစ်ဖန် သူတစ်ပါးတို့ကိုကား ဒုတ်ကြီးကြီး ဖြင့် လက်မနှေး ပြေးရိုက်သလောက် ကိုယ့်ကိုယ်ကို ကား ဒုတ်သေးသေးရွေး လက်နှေးတတ်လှချေ၏။

အဘယ့်ကြောင့်ဆိုသော် ကိုယ့်ကိုယ်ကို ခင်မင်မှု အားကြီးခြင်းကြောင့်ပင်တည်း။

သည့်အတူ သူတစ်ပါးအပြစ် ဆီကဲ့သို့ အပေါက်မရှိ အပေါက်ရှာဖွေ၍ပြောတတ်ခြင်း၊ မိမိ အပြစ်၌ ဆင်ခြေဆင်လက်ကာ၍ ဖာထေးခြင်း စသည်များလည်း အများအပြားပင်ရှိလေသေး၏။

သို့ကြောင့် မဟာစည်၏ ဤဉာဏ်စဉ် နာအပိုင်းသည် ယောဂီများအတွက် ဘဝင်မြင့်ရောဂါ စွဲကပ်တတ်၏။ ကိလေသာအားကြီးလာသော အသက်တစ်ရာတမ်း၏ ဤမှာဘက်၌ ရှင်မဟာ သာရိပုတ္တရာကဲ့သို့ ဉာဏ်စဉ်တရားဟောကြားပေး ခြင်းငှာ မထိုက်တန်တော့ပြီ။

ငါတို့သည်လည်း ဘုရားကိုသော်လည်း ကောင်း၊ ပစ္စေကဗုဒ္ဓါကိုသော်လည်းကောင်း၊ ရဟန္တာအရှင်သခင်ကြီးများကိုနှင့် အရိယာ အစားစားတို့ကိုသော်လည်းကောင်း ကိုယ်တွေ့ မျက်မြင် မဖူးတွေ့လိုပါပြီ။ အဘယ်ကြောင့်ဆိုသော် ကိုယ်မထင်လျှင်မထင်သလို ပြစ်မှားမိမည်စိုးသော ကြောင့်တည်း။

ဤကား ငါတို့ဘဝ၏ ဒုတိယပိုင်းတည်း။

## လူ့ဘဝပုံသွင် မှတ်တမ်းတင်



မောင်ငြိမ်းမောင်



မစန်းကြည်နှင့်မစိန်မေ

မဟာစမ္မပါလ

ကိုယ်ပိုင်အိမ်နှင့် လုပ်ငန်းနှင့်



ဆရာတော်ကြီး လူ့ဘဝ(ဦးငြိမ်း) နေခဲ့သော သယ်န်းကျွန်းကအိမ်




ဆရာတော်လူ့ဘဝက အသက်မွေးဝမ်းကျောင်းပြုခဲ့ရာ မဲနယ်လုပ်ငန်းတံဆိပ်

မဟာစမ္မပါလ

# လူ့ဘဝ အဓိဋ္ဌာန်ဖြည့်ကျင့်ရာ သာသနာ့အောင်မြေများ



သာသနာ့အလင်းရောင်မြတ်စွာဘုရား



ရန်ပြေရန်အေး ဆယ်တောင်ပြည့်စေတီတော်၊ သဃ်န်းကျွန်း။



အောင်မြေဓာတ်ပေါင်းစုစေတီနှင့် ကမ္ဘာ့ဓာတ်တိုင်စေတီ

မဟာစမ္ပပါလ

## လူ့ဘဝ အစိဋ္ဌာန်ဖြည့်ကျင့်ရာ သာသနာ့အောင်မြေများ



အောင်သိဒ္ဓိစေတီတော်



ဆယ့်တစ်တောင်ပြည့်ဘုရား



ဥက္ကလာဦးစေတီတော်၊ သယ်န်းကျွန်း။

# တတိယပိုင်း

မဟာဗမ္မပါလ



## ဝတ်ကြောင်ကို လွတ်အောင်ရှန်းမယ်ပ
## ထုံးနွယ်စ ဆံကိုပယ်

အဘ၏ကျောင်းသို့ ဝါခေါင်လပြည့်ကျော်(၈)ရက်နေ့ပြန်လည်ရောက်ခဲ့၏။ မျှားမကြာမီပင် အဘက ရဟန်းဝတ်ရန် တိုက်တွန်းတော့၏။ တိုက်တွန်းရင်းမှလည်း ငါတို့ သည်လိုမိန်းမ ရလို့ ရဟန်းဝတ်ဖြစ်တာရယ်၊ သူတို့ကိုကျေးဇူးတင်ရမယ်ဟူ၍လည်း မိန့်ပါ၏။ ပြီးခဲ့သော၂၁. ၁၁. ၇၄ ဟူ၍ကမ္ပည်းထိုးရ လောက်အောင်ဖြစ်ခဲ့ရသော ငါတို့၏အိမ်ထောင်ရေးဇာတ်လမ်းကို အဘကား မပြောဘဲနှင့်သိ၊ မပြဘဲနှင့်ကြည့်ပြီးသား ဖြစ်နေဟန်ရှိသောကြောင့်ဖြစ်၏။

"ဝတ်ပါ့မယ်အဘရဲ့ အဘသမီးကိုသာနားချပေးပါ"

" အေးပါကွာ ဒါက ငါ့တာဝန်ပါ"

သို့နှင့် ရဟန်းဘောင်တက်ရန် တော်သလင်းလဆန်းတွင်ကြံစည်ရတော့၏။ ခွဲတော့မည်ဆိုတော့ ဇနီးသည်ကိုမပြောရက်။ ပြောမည်ကြံတိုင်းနှုတ်ကလည်း မထွက်။

ငါတို့အုပ်စု၌ အားကိုးစရာ လူမိုက်ကြီးတစ်ယောက်ရှိ၏။ ၎င်းကား ဦးမြင့်ဆွေတည်း။

ထို ဦးမြင့်ဆွေကား မမှန်ရာကိုကား အားမပေးတတ်။ မှန်ရာဆိုလျှင်ကား အားပေးတတ်လှ၏။ ကာယကံရှင်မသွားတတ်သောလမ်းဆိုကတန်းမတ်အောင်ကူ၍ပြပေးတတ်၏။ ရဲတို့နှင့်အမှုဖြစ်ပွားစဉ်က ထင်ရှားခဲ့ချေ၏။ မပြောရဲသော်ဝင်ပြောပေး၏။ မလုပ်ရဲသော် ဝင်လုပ်ပေး၏။ ယခုလည်း ၎င်းကိုပင်အပူကပ်ရ၏။ ၎င်းကလည်း ကေလာသတောင်မှဆင်းလာကတည်းကပင် ရဟန်းပြုမည်ဆိုသော် သူ ရဟန်းဒကာလုပ်ပါရစေ ခွင့်တောင်းထားရှိပြီး မဟုတ်လော။

"ကျုပ်ကို ရဟန်းပြုဘို့ အဘကမိန့်နေပြီဗျာ့ကျုပ်ဇနီးကို ပြောပေးပါဦး"

"အိုဗျာ- ဟုတ်တာပြောတာ ဘာခက်တာမှတ်လို့၊ လာဗျာ အခုပဲသွားရအောင်"

ဤသို့လျှင် ပြောပြောဆိုဆို ငါတို့အိမ်သို့နှစ်ဦးသား ထွက်လာခဲ့ပြီး ရောက်ရောက်ချင်းပင်-

" ဒေါ်စိန်မေ ဦးငြိမ်းက ရဟန်းပတ်မလို့တဲ့ခင်ဗျားဘယ်လိုသဘောရတုန်း"

" ပါရမီ လူတားလို့မရပါဘူးရှင် သူ့သဘော အတိုင်းပါ"

'ဟာ- လွယ်လိုက်တာ၊ ငါထင်သလို မခက်ပါကလား။ အဘ ဘယ်လိုများ နားဖောက်ထားလေမတုန်း'ဟူ၍ပင် တွေးလည်းတွေးမိ၏။ အံ့ဩလည်းအံ့ဩမိချေ၏။ ဦးမြင့်ဆွေကား ခွင့်တောင်းရုံနှင့်မရပ်။ ငွေပါတောင်းတော့၏။ ရဟန်းခံအတွက်အလှူခံရာ ငွေ(၅၀)ကျပ် လှူလိုက်၏။ နောက်ရက်များတွင် ဘေးအိမ်တို့က ကြားသိရာ ဝိုင်း၍ အဖျက်ခိုင်း၏။

"ခဏဟုတ်မှာမဟုတ်ဘူးတော့၊ တော်ကြာရှင်တစ်ယောက်ထဲ ဖြစ်နေလိမ့်မည်" ဆိုသူကဆို။

"ကိုငြိမ်းရဟန်းဝတ်တာ ဝမ်းသာပါတယ်၊ မစိန်ကိုတော့ မိန်းမချင်းကိုယ်ချင်းစာပါတယ်" ပြောသူကပြော ဖြစ်ကုန်ကြ၏။

မစိန်မေကား နားမယောင်လေ။

"ကျမကလဲ တစ်သက်လုံး သူလုပ်သမျှနောက်ကနေ စိတ်ကောက်နေတာကိုး ၊သည်တော့သူလည်းပဲ စိတ်ဆင်းရဲမှာပေါ့" ဖြင့်သာ သူ့အပြစ်သူရှုကာသာ ခွင့်ပြုခဲ့၏။

မဟာဓမ္မပါလ



တော်သလင်းလဆန်း(၁၂)ရက်နေ့ ရဟန်းဘောင်ရောက်သောနေ့။

ထိုနေ့က တနင်္ဂနွေနေ့ ဖြစ်၏။ ရုံးသမားတို့အားလပ်သဖြင့် စည်ကား၏။ သံဃာ(၁၀)ပါးပင့်၏။ ထိုပင့်သံဃာ၏ ဆွမ်းကွမ်းကိုကား အဘက ဒကာခံ၏။ ငွေ(၄၀၀ကျပ်)၊ တစ်ပါးလျှင်(၁၀)ကျပ်နှုန်းဖြင့် ဆက်ကပ်၏။ ထိုခေတ်က(၁)ကျပ်ကား ယနေ့ရောက်ဆဲခေတ်၏(၁၀၀)ကျပ်နှင့် တန်ဘိုးချင်းညီမျှ၏။ ငါတို့၏ရဟန်းပရိက္ခရာ အစုစုကိုကား ရန်ကုန်ရှိခမွမိတ်ဆွေများနှင့် ကျိုက်လပ်ကျီးချောင်းမှ ဒကာ-ဒကာမများကလှူဒါန်းကြ၏။ ထိုနေ့ နံနက်(၁၃၄၁-ခုနှစ်၊ တော်သလင်းလဆန်း(၁၂)ရက်နေ့ နံနက် (၇)နာရီအချိန်ခန့်တွင် ဘောက်ထော်၊ ခေမာသီဝံကျောင်းတွင်းရှိ ခဏ္ဍသိမ်ဝယ် ရဟန်းခံပွဲ စတင်ပြီး နံနက်(၈း၄၅)နာရီတွင် ပြီးစီးအောင်မြင်၏။

ထိုပွဲ၌ နာယကဆရာတော်ကား ဆရာတော် ဦးသေဋ္ဌိလ(ကမ္ဘာ့ဗုဒ္ဓသာသနာပြု)တည်း။

ဥပဇ္ဈာယ်ဆရာအဖြစ်ကိုကား အဘဝိမလဆရာတော်က တာဝန်ခံသတည်း။

အနုသာသန ရဟန်းလောင်းဆုံးမမှုကိုကားဆရာတော်ဦးကောသလ္လ (မြေနီကုန်းမစိုးရိမ်) က တာဝန်ခံတည်း။ ငါတို့ ရဟန်းခံပွဲ၌ ကြွရောက်ချီးမြှင့်တော်မူခဲ့ကြသော ကာရက(အမှုဆောင်)သံဃာတော်များကား-

၁။ ဆရာတော်ဦးသေဋ္ဌိလ- (ကမ္ဘာ့ဗုဒ္ဓသာသနာပြု)

၂။ ဆရာတော်ဦးဝိမလ- (သာသနဝံ့ဗိမာန်)

၃။ ဆရာတော်ဦးကောသလ္လ-(မြေနီကုန်းမစိုးရိမ်)

၄။ ဆရာတော်ဦးတေဇနိယ- (မြေနီကုန်းမစိုးရိမ်)

၅။ ဘောက်ထော်စွန်းလွန်းဂူကျောင်းဆရာတော်

၆။ သက်န်းကျွန်း- ၁၆-ရပ်ကွက် ထားဝယ်ငါးကျမ်းပြန်ဆရာတော်

၇။ သင်္ကန်းကျွန်း၊ (၁၆)ရပ်ကွက် ဗြဟ္မာ့ဝိဟာရဆရာတော်

၈။ သင်္ကန်းကျွန်း(၁၆)ရပ်ကွက် အာသောကသိတဂူဆရာတော်

၉။ ဘောက်ထော်၊ ခေမာသီဝံကျောင်း ဦးဣဋ္ဌရာဝံသ

၁၀။ ဘောက်ထော် သာသနဝံ့ဗိမာန်ကျောင်း ဦးသောမတို့ပေတည်း။

သိမ်ထွက်တွင်ကား ဆပ်ပြာ၊ မျက်နှာသုပ်ပုဝါ စသည့်ပစ္စည်းများ၊ ငွေကြေးများဖြင့် ပင့်သံဃာ(၁၀)ပါးနှင့်ငါတို့အား လှူဒါန်းကြ၏။ ပွတ်သစ်စရဟန်းသစ်အား ငွေကြေးကပ်လျက်က သတ်ဖြတ်ခြင်းတည်း။

မြို့သိမ်ထွက်က ငွေကြေးဆက်ကပ်၍နိသဂ္ဂိယပါစိတ် တပ်ပေး၏။

တောသိမ်ထွက်က ဆံဖျန့်ခင်း၍ သံဃာဒိသိသ်အာပတ် တပ်ပေး၏။

ထိုနှစ်ခင်းကား ရဟန်းဖြစ်စ၏ ဖြူစင်တောက်ပနေသောသီလကို မဲညစ်စေသော အမှုအကျင့် များချည်းတည်း။

ရဟန်းခံပွဲကြီးကား ပြီးစီးခဲ့ချေပြီ။ လူမှရဟန်းသို့ရောက်ခဲ့ရချေပြီ။ ပထမ ရဟန်းမှလူသို့ကူးပြောင်းနေ့ကား ၁၃၂၇-ခုနှစ်၊ တော်သလင်းလဆန်း(၁၃)ရက်၊ ယခုကား(၁၂)ရက်၊ ဆက်လျက်။ ထိုပွဲ၌-

- အဘကား သာသနာ့တာဝန်ခွဲ လက်လွှဲရန်ရည်သန်၏။
- ဒကာတို့ကား ငါတို့၏ သီလဘုန်း ခိုလှုံရန်ရည်သန်၏။
- ငါတို့ကား တောထွက်ရန် ရည်သန်၏။

သို့ကြောင့်သုံးပွင့်ဆိုင် အားပြိုင်ပွဲကြီးဖြစ်၏။ ကိုယ့်ဘက်ကိုယ် ကလဖန်ထိုး၍ ကိုယ်ချီးယူရန်ချည်းဖြစ်၏။ ရှုံးမည့်သူကား ဒိုင်ဖြစ်သူ

မဟာဓမ္မပါလ



ဒေါ်စိန်မေသာတည်း။ ပွဲပြီးသော် ကိုယ့်စိတ်ကူးဖြင့် ကိုယ် သုံးဦးစလုံး မြူးလျက်က ပင်တည်း။

## ဥလ္လုပ္ပတု ဆိုရုံမျှဖြင့် အမဲမှအဖြူမဖြစ်နိုင်

ထိုနေ့ညက အဘသည် ငှင်းကိန်းစက်ရာကုတင်ကို ငါတို့အတွက်ချပေးကာ ပြင်ဆင်စေ၏။ ထိုကုတင်ပေါ်ဝယ် ပက်လက်လှန်လျက်ကပင်-

'အင်း-ငါတော့ ရဟန်းဟူ၍ သမုတ်လိုက်ပြီ။ သင်္ကန်းဝတ်ရုံမျှဖြင့် ရဟန်းဖြစ်ပြီလော'

'သည်လို သူများလှူဒါန်းထားသောကျောင်းပေါ်တက်နေရုံမျှဖြင့် ရဟန်းဖြစ်ပြီလော'

'ဥလ္လုပ္ပတု- မဲညစ်ရာဘဝမှ ဖြူစင်သောဘဝသို့ ထုတ်ဆောင်ပေးတော်မူကြပါဘုရားဟူ၍ လျှောက်ထားပန်ကြားလိုက်ရုံမျှဖြင့်ကား ရဟန်းဖြစ်သွားပြီလော' စဉ်းစား၏။

အဖြေကား ကိလေသာများကိုမဖြတ်တောက်မဖျက်ဆီးပါဘဲလျက်က ရဟန်းမဖြစ်နိုင်သေး ဟူ၍ ပင်တည်း။

နောက်ရက်များတွင် အဘက မိန့်ပြန်၏။ အဘကား ဒဲ့ဒိုး မဆုံးမတတ်။ ပညာပေးရာ၌ပင် သိသိသာသာမပေးတတ်။ ပုဂ္ဂိုလ်စွဲ, စွဲမည်ကို ရှောင်လွှဲတော်မူသောအားဖြင့်-

"အောင်မင်းခေါင်ကြီးက ငါရဟန်းဝတ်တုန်းကပြောတယ်ကွ၊ ကိုယ်တော်ကြီး-ကိုယ်တော်ကြီးက ရဟန်းဘောင်ရောက်သွားပြီ။ ရဟန်းဘောင်ရောက်လျှင် ရဟန်းကျင့်, ကျင့်ဖို့ ကိုယ်တော်ကြီးတာဝန်ပဲ"

"တပည့်တော်တို့ ဝိဇ္ဇာဆိုတာက ဘုရားထက်လည်း ပိုမသိပါဘူး။ ဘုရားထက်လည်း ပိုပြီးမ,ပညတ်နိုင်ပါဘူး။ သည်တော့ ဘုရားရှင်ပညတ်တော်မူချက်အတိုင်းသာ နေထိုင်ကျင့်ကြံပါလေ။ ဘုရားပညတ်ချက်အတိုင်း နေထိုင်ကျင့်ကြံလျှင် ကိုယ်တော်ကြီးနောက် တပည့်တော်တို့ ရှိပါတယ်" ဟူ၏။

ရှင်းပါ၏။ ငါတို့ ဘယ်သို့ကျင့်ရမည်ကို နားလည်လိုက်ရပါ၏။ ကျင့်ရန်လည်း ဆုံးဖြတ်လိုက်ပါ၏။ တဇွတ်ထိုးသမား နားတစ်ဖက်ပေါက်သမား ဗိုဗို မဟာစည်ကသန္ဓေတည်ပေးလိုက်သော လမ်းစကို နင်းမိပြီဆိုကတည်းက ဒါမှဒါ ဆိုသောအစွဲက ကဲပိုနေပါ၏။

သို့တစေလည်း ရက်ကြာက မသက်သာလှပြီ။ အဘ၏ဘုန်းရိပ်ကံရိပ်အောက် ရောက်နေသဖြင့် ထိုအရိပ်ကကျော့စိမ့်စေ၏။ သူဌေးအိမ်၊ သူကြွယ်အိမ်၊ အရာရှိကြီးများအိမ်၊ ဝန်ကြီးများအိမ်၊ ကုန်သည်ပွဲစားများအိမ် ထိုအိမ်, ဤအိမ် ဖိမ်ခံပစ္စည်းများ ဖေါဖေါသီသီသုံးရာနေရာများစွာတို့သို့ ကားကောင်းကားသန့်အမျိုးမျိုး စီးနင်း၍ သွားရောက်အလှူခံခြင်း၊ စားသုံးရခြင်းတို့ကြောင့် ငြီးငွေ့၍လည်းလာ၏။ အတွင်းပစ္စည်း ပွန်းပဲ့မည်ကိုလည်း စိုးရိမ်လာ၏။ အသစ်အသစ်ပစ္စည်းများ နောက်ထပ်မတိုးပွားမည်ကိုလည်း မျှော်ကြောက်,ကြောက်နေပါ၏။

သည်အထဲ ဦးလာဘကလည်းအဝေးမှနေ၍ စစ်အေးတိုက်ပွဲ ဆင်နွှဲသေး၏။

ဣစ္ဆာသယရှိ ကျောင်းတော်ကရန်စကလည်း ပုန်ကန်ထကြွနေသေး၏။

ကျောင်းတွင်းရှိဦးသောမ အတူနေကလည်း မဖြစ်ညစ်ကျယ် လုပ်သေး၏။

နူရာဝဲစွဲ လဲရာသူခိုးထောင်း ဆိုသောစကား ငါ့ကိုများ စောင်းဆိုထားရော့လေသလားလည်းမသိ။

မော်လမြိုင် ကျိုက္ကွဲရောမှသည် အဘ၏

မဟာဓမ္မပါလ



ကျောင်းသို့ ပြန်လည်မကပ်ဝံ့တော့သော ဦးလာဘသည် ရွှေတိဂုံသွေးဆေးကန်အနီးရှိ ရွှေနံ့သာကျောင်း၌ ဝါကပ်တော်မူသည်ဟုကြားသိရ၏။ ၄င်းကား ငါတို့အဘနှင့် မော်လမြိုင် ထပ်ခနိန်းမှ ပြန်လာပြီးကတည်းက ငါတို့ကိုမဲတော့၏။ ရန်ကုန်က ဒကာ- ဒကာမများ အဘနောက်လာပြီး စံချွန်-ချွန်သွားကြသည် ဟူ၍စွပ်စွဲတော့၏။ အဘက မှတ်တမ်းရေးဆိုသော်လည်း မှတ်တမ်းမရေးခဲ့မိသော ငါတို့၏မိုက်ပြစ်ကား ယနေ့ဒဏ်ခံရပြီ။ အဘကျောင်းလာလိုသော်လည်း ညိမ်းနှင့်ခင်မူတို့ ရှိနေ၍ မလာဟုလည်း အသံလွှင့်သေး၏။

တစ်ဖန် ကွစ္ဆာသယမှ ဦးလှဟန်၊ ဦးအေးကျော်တို့ကလည်း အဘကျောင်း ခြေရှုပ်နေသူများမှာ ညိမ်းနှင့်ခင်မူ ဟူ၍ပင် သမုတ်သံ-ပုတ်သံများ ပေးနေကြ၏။

တစ်ဖန် ဦးလာဘကပင် သာသနာ့ဗိမာန်မှ ဦးပဥ္စင်းလေး ဦးရာဇိန္ဒထွက်ခွာသွားသည်မှာလည်း သည်ညိမ်း ကတုံးကတိုက်လုပ်ပြီး သူ့နေရာလိုချင်၍ နှင်တာဟူ၍လည်း စွပ်စွဲသေး၏။

ထို ဦးရာဇိန္ဒထွက်သွားသည်မှာ ငါတို့မသိလိုက်ရ။ ငါတို့ကား မဟာစည်ရိပ်သာထဲမှာ။ နောက်မှ ဦးသိန်း(အဘ၏နှမ မပု၏ခင်ပွန်း)ပြောပြချက်အရ သိရသည်မှာ ဝါဆိုခါနီးဝယ်-

"အရှင်ဘုရားကျောင်းနေလာခဲ့တာ ကြာညောင်းပြီ။ ပညာလဲမရ။ စီးပွားလည်းမဖြစ်ခဲ့။ သို့ကြောင့် တပည့်တော် တခြားသွားတော့မယ်"

ဤသို့လျှင် အဘအားလျှောက်ကြား၍ သွားသည်ဆို၏။ သာသနာ့ဗိမာန်ကျောင်းကို အဘနှင့်ဒွိသင်္ဃက(နှစ်ပါးပိုင်း)လုပ်ရန် ဦးသောမ ရဟန်းဖြစ်စလောက်ကတည်းကပင် (ညီတော်စပ်သူ ဦးသောမကို ကျောင်းလွှဲပေးမည်ထင်သဖြင့်) အရေးဆိုရာ အဘက နှုတ်မဖွင့်သောကြောင့် မကျေညက်ဟူ၍ ဦးသိန်းကရှင်းပြ၏။ စင်စစ် အဘကား ပုဂ္ဂိုလ်စွဲ လုံးဝမရှိလေ။ ရတနာသုံးပါးယုံရာ၌ အကြွင်းမဲ့ယုံသော အဘတည်း။

တစ်ဖန် အတူနေ ဦးသောမကလည်း ငါတို့ရဟန်းဝတ်သည်ဆိုသည်နှင့် ရန်သူအသွင်မြင်လာတော့၏။ လူ့ဘဝတုန်းက ဆက်ဆံပုံမျိုးတို့ကဲ့သို့ ဟက်ဟက်ပက်ပက် မရှိတော့ပြီ။

*'အေးစေလိုလို့ တရားနာ ပူဇာစနှင့်ညား'* ဆိုသည်မှာ ငါများလေလားမသိ။

သို့ဖြင့် ငါတို့သည် တောတောင်ထွက်၍ ဇကစာရီကျင့်ရန်ကိုသာ လိုလားတော့၏။ ငါ့ကြောင့် အကုသိုလ်များနေသော သူတို့ကို ကိုယ်ချင်းစာမိ၏။ ငါသာ သူတို့နေရာ နေမိလျှင် သည့်ထက်ပင်ဆိုးဦးမည်ဟူ၍လည်း တွေးမိ၏။ သီလစွမ်းပကား အလွန်ပြင်းထန်လှပါသော သူတော်ကောင်းကြီးများ၏ ဘုန်းကို အကူထမ်းပေးရသောသူတို့၏ ဝန်ကား အလွန်လျှင် ကြီးလေးလှပါချေ၏။

ထိုသို့ တောထွက်ရန်၏ အခြေခံအချက်ကို (၃)ချက်စု၍ ရှုကြည့်မိ၏။

- အဘ၏ ဘုန်းဒဏ်ကို ငါတို့မခံနိုင်ခြင်းက- ပထမအချက်။
- ငါ့အကြောင်းပြု၍ သူတစ်ပါးတို့ အပြစ်မဖြစ်စေလိုသည်က- ဒုတိယအချက်။
- ဇနီးဟောင်းနှင့် မျက်မြင်, နားကြားအရပ်၌ မနေအပ်ဟူ၍ ဆုံးဖြတ်မိသည်က -တတိယအချက်။

ထိုသုံးချက်တို့ကြောင့် တောထွက်ရပါသည်။ သို့သော် မှန်-မမှန် အပြန်ပြန်အလှန်လှန် သုံးသပ်၏။ ထိုသုံးချက်တို့ကြောင့် တောထွက်သင့်-မထွက်သင့်ကိုလည်း အကျေအလည်ဝေဖန်၏။

ထွက်သင့်သည်။ မှန်သည်။ တထစ်ချ ဆုံးဖြတ်လိုက်၏။

မဟာဓမ္မပါလ



သို့နှင့် အဘထံသွားရောက်ကန်တော့ကာ "သား. . တောတောင်မှာပဲ ဇကေစာရီကျင့်ခွင့်ပြုပါ ဘုရား"လျှောက်ထားမိ၏။ အဘကား မတ်တတ်ရပ်လျက်က လက်အုပ်ကလေး မ,ချီလိုက်၏။

"အရှင်ဘုရားကိုအမှီပြုပြီး သည်ကျောင်း ဝိပဿနာကျောင်း ဖြစ်ချင်ပါသည်ဘုရား "

"ဘယ်တော ဘယ်တောင်ကြွကြွ လူဆယ်ယောက်တွေ့လျှင် ပုထုဇဉ်(၁၀)ယောက်သာ ဖြစ်ပါမည်ဘုရား"

"အရှင်ဘုရားလိုချင်သောတရား တောတောင်မှာမရနိုင်ပါဘုရား"

"ယခုလောလောလတ်လတ် ဖြစ်ပေါ်နေသော လောကဓံကို သည်းခံလိုက်ပါဘုရာ"

ထိုလေးခွန်းသော စကားတို့ကို မိန့်ပါ၏။ ငါတို့ကား ခွန်းတုန့်မပြန်ပြီ။ ဆုံးဖြတ်ချက်ကိုလည်း မပြင်လိုပြီ။

ထိုတွင် လောလောဆယ်ဖြစ်ပေါ်နေသော လောကဓံကို သည်းခံလိုက်ပါ ဟူသောစကားသည် ငါတို့စိတ်တွင်းဝယ် ကြုံတွေ့ရင်ဆိုင်နေရသော ဝေဒနာတို့ကို အဘကား အတပ်သိနေသည်မှာ သေချာလှချေ၏။ အဘိညာဉ်တရားပေါက်မြောက်ပြီးစီးခြင်း ဟူသောအဓိပ္ပါယ်ကောက်ချက် ပြင်ဆင်စရာအကြောင်းမရှိတော့ပြီ။

အဝေးပစ်ခဲကို ရှောင်တိမ်းရန် လွယ်သလောက် အနီးထုခဲကား အထိမ်းရခက်လှ၏။

ကျောင်းပြင်မှတိုက်သော အတိုက်ကား ဖိုးရိမ်စရာမရှိ။ ငါ၏ကွယ်ရာ၌ ငါ့အကြောင်း အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ ပြောခြင်းကား ငါ့ပြောသည် မဟုတ်၊ သူတို့အချင်းချင်း ပြောခြင်းမျှသာ။ ငါကား အနေသာ။

ကျောင်းတွင်းရှိတို့၏ ကိုယ်, နှုတ် အမူအကျင့်များကသာ ငါ့အားတိုက်ခိုက် ထိပါးမှုကို ဖြစ်စေသဖြင့် ငါမနေသာကိစ္စဖြစ်ရချေ၏။ မမြင်သင့်သောလက်တစ်လှုပ် ငါ့ခေါင်းကိုပုတ် အမှိုက်ရှုပ်အံ့။

ဤကျောင်း၌ဆက်နေလျှင် အဘမျက်စိမှိတ်သည်နှင့် ကျောင်းရမှာသေချာ၏။ ကျောင်းရသော် ကျောင်း၌ရှိနေနှင့်ပြီးသော အဘ၏ညီ၊ အဘ၏နှမ၊ အဘ၏ယောက်ဖများနှင့် မဖွယ်မှုကိစ္စရင်ဆိုင်ရမှာသေချာ၏။ သံလျက်ဖျားမှ ပျားရည်တစ်စက် ကုန်းမရက်လို။

တစ်ဖန် အိမ်ထောင်မှုကိစ္စ ဆင်းရဲပင်ပန်းလှပါသဖြင့် ရဟန်းဘဝကူးလာခဲ့ရပါသည်ကို ယခုအိမ်ထောင်မှကျောင်းထောင် ပြောင်းချပေးမည်ဆိုသဖြင့် ထောင်နန်းစံမဖြစ်လို။

တစ်ဖန် အောင်မင်းခေါင်ကြီးထွက်စဉ်က ထိုအောင်မင်းခေါင်ကြီး၏ သာသနာပြုကိစ္စအဝဝ အဘအားတာဝန်လွှဲပေးခဲ့ရာ အဘကား ကတိခံတာဝန်ယူရမိသဖြင့် ယခုလို ဘုရားလည်းတည်၊ ဝိပဿနာလည်းရှု ပြုကျင့်နေရသည်ဟု ကြားဘူးနားဝရှိခဲ့ဖူးသဖြင့် ငါ့ကိုလည်း ဤလိုများ လက်ဆင့်ကမ်း၍ အထမ်းခိုင်းခဲ့သော် ထိုမလုံမလဲစိတ်ကြောင့် အဘ၏အထွက် ငါကားကျောင်းမတက်လို။

ဤသို့တွေးမိသဖြင့် သီတင်းကျွတ်လျှင် တောထွက်ရန် ကြိတ်စီမံရ၏။ တန်ဆောင်မုန်းလဆန်း(၉)ရက်၊ တနင်္ဂနွေနေ့တွင် သံဃာ(၁၀၈)ပါးတို့ဖြင့် အကြီးအကျယ် ကထိန်ခင်းမည့်အရေးကိုလည်းတွေးပူမိသေး၏။ ရထားလက်မှတ်အကူအညီကို ဦးမြင့်ဆွေထံ အလှူခံထားပြီးဖြစ်၏။ အမှားလည်းမပါ အမှန်လည်းဖုံးဝှက် ကျောက်ဆည်ဘက် ဟူ၍ စကားစ ပေးထား၏။ ထွက်မည့်ရက်ကိုကား သီတင်းကျွတ်လပြည့်ကျော်(၄)ရက်၊ အင်္ဂါနေ့ ဟူ၍ သတ်မှတ်ပေးထားလိုက်၏။

သီတင်းကျွတ်လပြည့်ကျော်(၂)ရက်၊ တနင်္ဂနွေနေ့တွင်ကား အဘနှင့်တကွ သံဃာတော်

မဟာဗောဓိပါဠိ



သုံးပါးအား ဇနီးဟောင်းအိမ်၌ပင် ဆွမ်းကပ်စေ၏။ ထိုအိမ် ၌ သာသနာတည်ပေးခဲ့ခြင်းတည်း။

အဘ၏ အာရုံပြုအစောင့်အရှောက်ကို သူ့ သမီးရယူရန်လည်း ရည်ရွယ်၏။

ထွက်ခွာခါနီး ငါနှင့် နီးစပ်ရာ ဒကာ၊ ဒကာမ များတို့ကိုလည်း တစ်စုတစ်ဝေးတည်းတွေ့လို၏။

အဘကား ငါတို့လုပ်သမျှ မသိကျိုးကျွံပြု၍ သာ ချီးမြှောက်တော်မူပေးပါ၏။ ပြုစုခြင်းကား လုံးဝမရှိချေ။ အတင်းအကြပ် ဟန့်တားမှုလည်း လုံးဝမပြုချေ။ နူးညံ့သိမ်မွေ့လှသော မေတ္တာရှင် အစစ်ပါပေ။

သီတင်းကျွတ်လပြည့်ကျော်(၄)ရက်နေ့ (၁၃၄၁-ခုနှစ်၏)အင်္ဂါနေ့တွင်ကား နံနက်(၇)နာရီ ကပင် ဆွမ်းခံထွက်ရင်းတောထွက်ရင်း စတင်၏။ အထွက်တွင် အဘက လေသာဆောင်မှကြည့်ရှု လျက်က လက်ထဲရှိ ကိုင်ဆောင်ထားသောယပ်ကို ကြည့်၍ ဦးသိန်းက "အဲ ယပ်ကလေးနဲ့မှ ကြည့် ကောင်းတာ"ပြောလိုက်သေး၏။ ဦးမြင့်ဆွေတို့ မိသားစုအိမ်တွင် ဆွမ်းစား၏။ (၁၀း၃၀)နာရီတွင် ဇဝနကွေ့မှ အငှားကားတစ်စီးကိုခေါ်ယူ၍ ထွက်ရန် ပြင်ဆင်ရာအတွင်း မိုးကြီးသည်းထန်စွာရွာသွန်း၏။ သက်န်းကျွန်းဈေးကြီး၏ အပေါ်တည့်တည့်တွင် မိုးကြိုးထစ်ချုံး၏။ ထိုမိုးထဲကပင်ထွက်ရ၏။ စီးနင်း သောကား၏နံပါတ်ကား(၆၂၂၅)ဖြစ်၏။ ထို (၁၀း၃၀)နာရီကား အဘ၏ဆွမ်းစားချိန်တည်း။

အစက ထွက်ခရီး၏ရန်ကုန်ခရီးစဉ်ကို တာမွေအဝိုင်းမှ ရွှေတိဂုံသို့မောင်းနှင်စေပြီး၊ရွှေတိဂုံ စေတီတော်ကြီးမြောက်ဘက်၊ အနောက်ဘက်၊ တောင်ဘက်အတိုင်း ပတ်လှည့်၍ ဘုရားလမ်းမှ တဆင့်ဘူတာကြီးဝင်ရန် ဖြစ်၏။ သို့တစေလည်း တာမွေအဝိုင်းသို့ ရောက်လေသောအခါ မြေပြင်ရေ ကား- ကားမလွတ်တော့ပြီ။ ခြောက်ထပ်ကြီးဘက် သို့သွားရာလမ်းတစ်လျှောက်၏ ကားလမ်းမကြီး ပေါ်ဝယ် ရေတို့သည် တစ်ခဲနက်ထူထဲစွာ ဖွေးဖွေး လှုပ်နေ၏။ သို့ကြောင့်-

တာမွေမှ ကန်တော်ကြီးသို့လည်းကောင်း၊ ကန်တော်ကြီးထိပ်မှဘူတာကြီးသို့လည်းကောင်း မောင်းနှင်ခဲ့ရပြီး ကန်တော်ကြီးထိပ် ကရဝိက်နှင့် ယှဉ်တွဲလျက်ကပင် ရွှေတိဂုံကို အဝေးမှနေ၍သာ ဖူးခွင့်ရတော့၏။ ကားမောင်းသူကလည်း သာသနာ ကြည်ညိုလေသူပီပီ တစ်ဝကြီးဖူးမြော်ရန် ရပ်တန့် ပေး၏။ (ထိုကားဆရာ ငါတို့၏ ဇင်းကျိုက်မှရန်ကုန် သို့ ပြန်ဝင်အလာတွင် သာသာနဝ္ဗိမာန်၌လာ ရောက်ဂါရဝပြုသေး၏)

ဘူတာကြီးသို့ဝင်သောအခါ မြန်မာ့အလင်း ၏ ဘူတာကြီးသတင်းထောက်ဦးထွန်းဝင်းက ကြိုဆိုနေနှင့်ပြီး ၄င်းတာဝန်ယူ ဝယ်ပေးထားသော ကျောက်ဆည်သွားလက်မှတ်ကို ကပ်လှူ၏။ လက်မှတ်၏နောက်ကျော၌ကား တွဲနံပါတ်ကား(၃)၊ ခုံနံပါတ်ကား(၁၁)ဟူ၏။

ထိုတွဲ ထိုအမှတ်သို့ရောက်လေသောအခါ အတူယှဉ်စီးရမည်ကား မာတုဂါမဖြစ်နေတော့၏။ မိတ္ထီလာခရီးသည်ဆို၏။ သို့ကြောင့် လိုက်ပို့လေ သူများက သီးသန့်ချမ်းသာစွာ စီးနင်းလိုက်ပါနိုင် သောအထက်တန်းတွဲများ၏ တွဲစောင့်များသို့ ကပ်ပြီး အကူညီတောင်းရာရခဲ့သဖြင့် ထိုရိုးရိုး လက်မှတ်ဖြင့်ပင် အထက်တန်းတွဲမှ စီးနင်းလိုက်ပါ ခွင့်ရ၏။ အပိုကြေးကား ထုံးစံအတိုင်းတည်း။

နံနက်(၁၁း၃၀)နာရီတွင်ကား စာပို့(မန်း) ရထားကြီး စတင်ထွက်ခွာ၏။ ရန်ကုန်မှစတင်ခွဲခွာ ချိန်ပင်ဖြစ်၏။ နောက်မှ ဒကာအေး လျှောက်ထား သဖြင့်သိရသည်မှာ အဘသည် ဆွမ်းစားချိန်ဝယ် ဆွမ်းမစားသေးဘဲ ငါတို့ကို ငံ့လင့်နေခဲ့၏။ ၄င်း ကိုယ်တော်တိုင် အထက်ထပ်လေသာဆောင်မှ ထွက်၍မျှော်သည်ဆို၏။ ထို(၁၁း၃၀)နာရီရောက် လေမှသာ-

မဟာဓမ္မပါလ



"လာပါကွာ၊ သူလာမှာမဟုတ်တော့ပါဘူး" ဟူ၍လည်း ပြောသည်ဆို၏။

"သူမှာ သုံးပုံတစ်ပုံလောက် ကျန်သေးတယ်" ဟူ၍လည်း မိန့်သေးသည်ဆို၏။

"အေးပေါ့ကွာ သူပဲအရင်တာမလား၊ ငါပဲအရင်တာမလား သိကြသေးတာပေါ့" ဟူ၍လည်း ကြုံးဝါးသေးသည်ဆို၏။ ထို တာ-မတာကား ငါ့အတွက်အရေးမဟုတ်ပြီ။ အတွင်းဆက် ဇာတ်ရှုပ်သော နောက်ကြောင်းအခံ အပြန်အလှန်ရှိသူတို့၏ အနှောက်မှ လွတ်ကင်းရန်သာ ငါ့အရေးဖြစ်ချေ၏။

မန်းစာပို့၏ ထိုအထက်တန်းတွဲမှ လိုက်ပါရင်း မိမိဆင်းရမည့်ဘူတာကိုလည်းကောင်း၊ မိမိနေရမည့်ဒေသကိုလည်းကောင်း စိတ်ကူးဖြင့် ရွေးချယ်ရ၏။

- သာဝတ္ထိကိုဆင်း၊ စမတောင်သွား. ။
  ရန်ကုန်ရောင်းရင်းများ တွေ့သွားမှာပေါ့။
- ကျောက်ဆည်ကိုဆင်း ဝေဘူတောင်အနီးသွား. ။
  ဇာတိရောင်းရင်းများ တွေ့သွားမှာပေါ့။
- သာစည်ကိုဆင်း တောင်ပုလုနားသွား. ။
  ၄င်း၏ရောင်းရင်းများ တွေ့သွားမှာပေါ့။
- သာစည်ကိုဆင်း ရှမ်းရိုးမသို့ကပ်။
  ထိုသုံးမျိုးတို့မှ အလယ်တည်း။

ဤသို့ ကြားအလပ်ကို ဖွေရှာ၍ နေရာကို သာစည်၏အရှေ့ ရှမ်းရိုးမကိုသာရွေးရန် ဆုံးဖြတ်လိုက်၏။

စမတောင်၌ ငါတို့၏ ရန်ကုန်မှအလာများ၏ တစ်နေ့မဟုတ်တစ်နေ့ တွေ့မှာသေချာ၏။

တစ်ဖန် ကျောက်ဆည်ဆင်း၍ ဝေဘူတောင်ကျောနှင့်တစ်ဆက်တည်းသော ဓါတ်တော်တောင် စသည်များသို့သွားရောက်ပြန်လျှင်လည်း ထိုဝေဘူ၌ရှိသော ငါတို့ဇာတိမြေမှ ပရိတ်သတ်များနှင့် တစ်နေ့မတွေ့-တစ်နေ့တွေ့မှာ သေချာ၏။

တစ်ဖန် မိတ္ထီလာ-တောင်ပုလု၏ ဝမ်းတွင်းနယ်ဆိုပြန်ကလည်း ထိုတောင်ပုလု၏ တပည့်ဒကာများကား ငါတို့နှင့် ရန်ကုန်အတူနေတို့ဖြစ်ကြလေရာ တစ်နေ့မပေါ်တစ်နေ့ပေါ်မည်သာ ဖြစ်တော့၏။ သာစည်အရှေ့ခြမ်းသည်ကား ငါတို့အသိအကျွမ်းများ လက်လှမ်းမှီရာမဟုတ်ပြီ။

ငါတို့နှင့်အတူ အထက်တန်းတွဲပေါ်၌ ပါလာကြသော ခရီးသည်များကား ရေတပ်မှဗိုလ်မှူးတစ်ယောက်၊ ကြည်းတပ်မှဗိုလ်ကြီးတစ်ဦး၊ ဟင်္သာတမှ ဝမ်းတွင်းသို့ ပစ္စည်းများပြန်လာယူသော မိသားစုသုံးဦးတို့သာ ဖြစ်ကြ၏။ ထိုတွင် ထိုမိသားစုတို့ကား မီးရထားအမှုထမ်းများဆို၏။ ဝမ်းတွင်းမှဟင်္သာတသို့ ရုတ်တရက်ပြောင်းသွားကြရသဖြင့် ယခုမှပစ္စည်းများ လာ၍ယူကြရသည်ဆို၏။

ထိုမိသားစုတို့သည် ပဲခူးရှိ ဝေဘူဆရာတော်ဘုရားကြီး၏သြဝါဒခံ ကမ္မဋ္ဌာန်းရိပ်သာဆရာတော်၏ ဆွေမျိုးများဆို၏။ တစ်လမ်းလုံးဝေယျာဝစ္စတာဝန်ယူကြ၏။ မသိဘဲနှင့်သိသော ဆွေမျိုးများ၏ သဒ္ဓါတရားကား သာစုခေါ်ထိုက်လောက်အောင် သန့်ပြန့်လှချေတကား။

သာစည်သို့ ညကြီးမင်းကြီး ရထားဆိုက်၏။ ရထားမှဆင်းပြီးဘယ်သွားရမည်၊ ဘယ်နားရမည်မသိ။ တွေ့ရာမြင်းလှည်းမေးပြီး မြို့လယ်ဘက်ထွက်ခဲ့၏။ တစ်နေရာတွင် မီးရောင်များထိန်နေသော ဘုရားတစ်ဆူတွေ့ရ၏။ ဝမ်းသာအယ်လဲဖြင့် တံခါးပိတ်လျက်ကဘုရားဝင်းထဲဝယ် အိပ်နေသော အစောင့်ကြီးကိုနှိုးရာ အစောင့်ကားမနိုး။ ဘေးအိမ်များကနိုးထလာပြီး လူကြီးတစ်ဦး ဒုတ်ကြီးကိုထမ်းလျက်က ငါတို့ဆီ တန်းမတ်စွာလာချေတော့၏။

"ကိုယ်တော် ဘယ်ကလဲ"

"ဒို့- ရန်ကုန်ကဗျာ၊ အခုရထားနဲ့ပါလာပြီး

မဟာဓမ္မပါလ


တည်းစရာမရှိလို့ အကူတောင်းနေတာရယ်"

"သည်မှာ မတည်းရဘူး"

"နို့ ဘယ်မှာတည်းလျှင် ရမတုန်း"

"ဟို- မြို့ပေါက်အံ့ထွက်မှာ ဘုရားလည်း ရှိတယ်။ ကျောင်းလည်းရှိတယ်။ သိမ်လည်းရှိတယ်။ အဲဒီသွား"

"ဒို့ဒကာကြီး လမ်းညွှန်ပြီးလိုက်ပို့ပါလား ဗျာ"

"လာ-လာ" ခေါ်သွားပြီး ဒုတ်ကြီးထမ်း လျက်ကပင် မိတ္ထီလာသွားရာ ရထားလမ်းဘက်၏ ကုန်းတစ်ကုန်းပေါ်သို့ လက်ညှိုးညွှန် လွှတ်လိုက်တော့၏။

ထိုကုန်းပြင်မြင့်ကြီး၏ တစ်ဘက်ဘေး၌ စေတီငယ်တစ်ဆူတွေ့ရ၏။ သိမ်လည်းဘုရားရှေ့၌ ပင်ရှိ၏။ ကျောင်းကား ဘုရားနှင့်စည်းခြား၏။ ထိုဘုရား၏ထိုသိမ်ထဲ၌ပင် တစ်ညတာနားခိုရ၏။ နောက်မှသိရသည်မှာ သာယာကုန်းရပ်ကွက်၊ အောင်ချမ်းသာဘုရား ဟူ၏။

ထိုဘုရားပွဲ နှစ်စဉ် ကျင်းပလေတိုင်း ရွှေနန်းတင်ဇာတ်သဘင်အဖွဲ့ဖြင့်သာ ကျင်းပရသည် ဆို၏။ ဤတွင် အဘ၏ ပထမဆုံးသော မင်းကွန်း မြစိမ်းတောင်ဘုရား ထီးတင်ပွဲမှာ ယင်းရွှေနန်းတင် အဖွဲ့က ထမင်းသာကျွေး, ကပေးပါမည်ဆိုကာ ကပြပေးသွားသည်ဆိုသောစကား နား၀ယ်ကြား ယောင်လာ၏။

နံနက်လင်းသော် ခရီးထွက်ရန် ပြင်ဆင်ရ၏။ ဘယ်ကို, ဘယ်လိုကား သွားရမည်မသိ။

သက်န်းများသုံးသပ်ပြီး မြို့တွင်းဆွမ်းလည် ခံရန် တောင်တောင်မြောက်မြောက် ကြည့်ရှုမိချေ ရာ သာစည်အရှေ့ဘက်ရှိ တောင်တန်းကြီးများကို ဘွားကနဲတွေ့မိလိုက်၏။ ၀မ်းသာလိုက်လေခြင်း။

ဆွမ်းလည်းရစေ၊ တောင်တန်းကိုလည်း မပျောက်စေနှင့် ရည်ရွယ်ချက်ဖြင့် လှည့်လည်ခဲ့ရာ ဘူတာအနီးရှိ တန်းလျားများ၊ ထိုမှတဆင့် ဘူတာ ထိပ်၏ မြောက်ဘက်အရပ်မှ ထွက်မည်ပြုရာ လမ်းမတွေ့။ သို့ကြောင့် ဘူတာအနောက်ဘက် အတိုင်းမှဘူတာအတွင်း၀ယ် ၄င်းမှအရှေ့ဘက် လှမ်းအကြည့် ကားများ, မြင်းလှည်းများ ဥဒဟို သွားနေသော လမ်းမကြီးကို တွေ့လိုက်ရ၏။

ထိုလမ်းအတိုင်း မြို့မှထွက်ခဲ့ရာ လမ်း၌ လူအများနှင့်တွေ့ရ၏။ "ဒကာကြီး- ဟိုတောင် ဘယ်ကသွားရမလဲ။" ရွှေကျောင်းကုန်းတောင် နောင်မှသိရသည်ကို လက်ညှိုးထိုး၍ မေးမိ၏။

"ရှေ့ရွာထဲကနေ နောက်ကျောဖေါက် ထွက်ပြီး သွားပါဘုရား"

ထိုခရီးသည်ဒကာကြီးလမ်းညွှန်အတိုင်း သွားရာ ရွာမွန်သာဟူသော ရွာကလေးသို့ရောက် လာခဲ့၏။

ထိုရွာ၏ ရွာလယ်လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ ဖေါက်ထွက်လာပြီး ရွာနှင့် ဘုန်းကြီးကျောင်းတို့အကြားမှ ရှေ့သို့ထောင်တက် လိုက်ရာ မကြာမီ သဲချောင်းတစ်ချောင်းကို တွေ့ရ၏။

ထိုသဲချောင်း(စမုံချောင်း)တွင်း၌ပင် ပါလာ သောဆွမ်းလေးများကိုစားရ၏။ ဆွမ်းအလှူရှင် ကား သုံးဦး၊ ထန်းလျက်အလှူရှင်ကား တစ်ဦး၊ မုန့်အလှူရှင်ကား တစ်ဦးဖြစ်၏။ ထိုတွင် ထန်းလျက်က လက်ရည်သောက်ပန်းကန်နှင့်တစ်လုံးဖြစ်ပြီး မုန့်(ဘီးမုန့်)ကား ဘူတာအတွင်း မုန့်ဖိုမှ နှစ်ခု လှူလိုက်၏။

စားသုံးပြီးသော် လက်ယက်တွင်းထဲမှ ရေကို ခပ်သောက်ခဲ့ပြီး ဆက်လက်ထွက်ခွာလာခဲ့ရာ နေ့(၁၂)နာရီတွင် မြိုင်သာဆိုသော ရွာကလေးသို့ ဆိုက်ရောက်လာ၏။ ထိုရွာမရောက်မီ ချောင်းတစ်

မဟာဓမ္မပါလ



ချောင်း(ချွေးသေချောင်းကြီး ရေများတသွင်သွင်စီးလျက်က)အတွင်းရောက်ကတည်းက ထိုရွာမှ ကလေးငယ်တစ်သိုက်တို့နှင့်တွေ့ရပြီး ထိုရွာ၏ ဘုန်းကြီးကျောင်းသို့အထိ လိုက်လံပို့ပေးကြ၏။ ရောက်မဆိုက်ပင်-

"တပည့်တော် သည်ရွာကို ဆွမ်းအမှီပြုပြီး တောရအကျင့် ကျင့်ခွင့်ပြုပါဘုရား"

"အို- သည်မှာရေရှားတယ် ကားလမ်းအတိုင်း မြောက်ကိုလိုက်သွား၊ အင်တိုင်းသာဆိုတာ ရောက်လိမ့်မယ်။ အဲသည်ရွာမြောက်ဘက် ဘုရားတိုက်(ဘုရားအိုဘုရားပျက် အများအပြားရှိသောနေရာ)ထဲသွားရောက်နေလျှင် ရေလဲနီးတယ်။ ဆွမ်းခံရွာလည်းနီးတယ်။ အဲဒီ ကြွ, ကြွ" မိန့်၏။

"တပည့်တော် သွားလမ်းမသိပါဘုရား"

"အို- ကားဘီးရာအတိုင်းသာလိုက်သွား ရွာထဲကို တန်းလို့"

သို့နှင့် ဂါရဝပြုထွက်ခဲ့ရ၏။ အထွက်တွင် ဝါးတောင်ဝှေးလေး ချီးမြှင့်လိုက်သေး၏။ ထိုစဉ်က သန်းတောရွာလေးအနီးရှိတောင်မှထွက်သော ပန်းကန်ကျောက်(ကြွေပန်းကန်၌ ထည့်သုံးရသောကျောက်)တို့ကို ကန်ထရိုက်တို့ ကားဖြင့်သယ်ပြီး လှိုင်းတက်ဘူတာမှတဆင့် ရန်ကုန်သို့ ပို့နေချိန်ပင် ဖြစ်ချေ၏။

အညာဒေသ၏ နေပူခြစ်ခြစ်တောက်ထဝယ် ဖိနပ်ဗလာ၊ ထီးဗလာဖြင့် သွားရရာ ညနေ(၃) နာရီခန့်တွင် ရွာမရောက်မီ သရက်ဥယျာဉ်နှင့် ယာတောတစ်တောသို့ဆိုက်၏။ ရေဆာ, ရေငတ်လှသဖြင့် ဝင်ရောက်၍ အလှူခံသောက်ရ၏။ ထိုယာတောထဲ၌ပင် သရက်ဥယျာဉ်ပိုင်ရှင် ဖိုးသူကြီး ခေါ်သောရှေးခေတ်သူကြီးဟောင်းကြီးဦးအောင်မြင့်နှင့်တွေ့ရ၏။ တရားမေး၏။ ကိစ္စကိုလည်းမေး၏။

"သူ့ရွာမှီနေလိုလျှင် သူ့ရွာဘုန်းကြီးကိုလည်း သွားရောက်ကန်တော့ဦး ကိုယ်တော်"

"အေး- ဟုတ်တာပေါ့ဗျာ သူ့ရွာထဲဝင်ချင် သူ့ရွာဦးနတ် အရင်ဦးတိုက်ရမပေါ့"

စကားဆုံးသည်နှင့်သွား၏။ အင်တိုင်းသာရွာထဲသို့ တောင်မှမြောက် ဖောက်ထွက်သွားပြီး ထိုမြောက်ဖျားထိပ်ရောက်လေမှ ဘုန်းကြီးကျောင်းရှိရာမေးမိလေရာ မြောက်ဘက်ချောင်းထဲမှ သွားရ၏။ ရောက်သော် အကျိုးအကြောင်းလျှောက်ထား၏။ "နေပေါ့"ဆိုကာ လမ်းပြဒကာတစ်ယောက် ထည့်ပေးလိုက်၏။

ထိုလမ်းပြကလည်း ကားလမ်းမကြီးပေါ်မှပင် မန်းကျည်ပင်ခြုံနွယ်များစွာတို့ဖြင့် အလွန်အုပ်ဆိုင်း ပိန်းပိတ်နေသောအရပ်ကို လက်ညှိုးထိုးပြကာ ပြန်သွားချေတော့သတည်း။

နေ့ကား ၁၃၄၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တည်း။

## ဦးဇင်း တပည့်တော်မတို့ သွားတော့မယ်

ထိုအင်တိုင်းသာ ဘုရားတိုက်ကား အစောင့်ကြမ်းလှဆို၏။ နေ့အခါပင်ဖြစ်ပစေ လူသူများမသွားရဲသော နေရာဖြစ်ချေ၏။ ချွေးနက်ကြီး တစ်ကောင်က ထွက်လာပြီး ကိုက်ခဲလွှတ်တတ်ဆို၏။ နွားကျောင်းသားများသည်ပင် ထိုဘုရားမြေတောအုပ်အထဲ နွားများဝင်သွားသော် အဝေးမှပင် ခဲတို့ဖြင့်ပစ်ပေါက်၍ ခြောက်လှန့်ကာ နှင်ထုတ်ယူရသည်ဆို၏။

ငါတို့ကား ဘုမသိဘမသိ ခြောက်မှန်းလည်းမသိ ကြောက်ရမှန်းလည်းမသိသဖြင့် နေခဲ့မိ၏။ ဆွမ်းကိုကား အင်တိုင်းသာရွာသို့ ခံယူပြီး

မဟာဓမ္မပါလ



ရလာသောဆွမ်းတို့ကို ရွာဦးကျောင်းသို့ ဝင်ရောက်လှူခဲ့ကာ မိမိတစ်ပါးစာမျှသာယူခဲ့၍ စားသုံးသောအကျင့်ကို ကျင့်မိ၏။

သုံးရက်,သုံးညမျှ ကြာသော်မှ ထိုခွေးနက်ကြီးကား မကိုက်ခဲခဲ့ချေ။ နောက်တစ်နေ့ဆွမ်းခံအပြန်မှာ ဘုန်းကြီးတစ်ပါးက-

"ကိုယ်တော်- ဘယ်လောက်ကြာကြာ နေမှာလဲ"

"ဘုရားတပည့်တော် တရားအားထုတ်လို့ကောင်းသလောက် နေလိုပါသည်ဘုရား"

"ကိုယ်တော်မို့လို့ သည်နေရာမျိုးနေချင်သဗျာ၊ တပည့်တော်ဆို မနေချင်ပေါင်"

အင်း-ငါ့အပေါ် ကျေနပ်ပုံမပေါ်တော့ပြီကိုး၊ စိတ်တွင်းမှနေ မှတ်ချက်ချမိ၏။

"ကိုယ်တော်မှာ ဥပဇ္ဈာယ်ကော ရှိရဲ့လား"

"ရှိပါတယ်ဘုရား ရန်ကုန်၊သာသနာ့ဗိမာန်ဆရာတော် ဦးဝိမလပါ ဘုရား"

"သည်မှာ ကြာကြာနေလျှင် ဒကာတွေကွဲကုန်လိမ့်မယ်။ အရင်တစ်ခါ တစ်ပါးလာတုန်းကလည်းပဲ ကွဲထားကြတာ"

"သည်လိုဆို ဘုရားတပည့်တော်အား တစ်ပတ်မျှ ခွင့်ပေးပါဘုရား"

ဤသို့လျှောက်ထားကာ ထိုဘုရားဟောင်းများရှိရာသို့ ပြန်လာခဲ့၏။ နောက်ထပ်တစ်ပတ်မျှသာ သည်နေရာ နေခွင့်ရတော့မှာပါတကားအတွေးဝင်အားလျော့မိ၏။

"ဟိုဆရာတော်က တောရနေကိုယ်တော်လေးကို နှင်နေပြီတဲ့"

ထိုသတင်းကား တစ်နယ်လုံးသို့ တောမီးပမာ ပျံ့နှံ့သွားရာ ဦးစွာ သရက်တောဥယျာဉ်နေဖိုးသူကြီးက လာရောက်ပင့်တော့၏။ ဤဒေသဆက်လက်နေလိုကလည်း တာဝန်ယူပါမည်။ အခြားသွားလိုကလည်း ရထားလက်မှတ်၊ ကားလက်မှတ်ငှင်းကပင်တာဝန်ယူပါမည်။ ဤနေရာမှရွှေ့သောနေ့ ၎င်း၏ဥယျာဉ်သို့ကား ကြွဖြစ်အောင်ကြွပါရန်ကတိတောင်း၏။ ပေး၏။

နောက်နှစ်ရက်မြောက်လောက်တွင်ကား ထနောင်းကန်ရွာမှ ဦးဟံခင်ဆိုသူက ဒုတိယမွှ လာရောက်ပင့်ဆောင်ပြန်၏။ ၎င်းတို့ရွာကြီးကား ချောင်ကျလှပါသဖြင့် မည်သည့်ရဟန်းလာလာ ၎င်းတို့ရွာရောက်မလာဘဲ ဤနေရာမှသာ လှည့်ပြန်မြဲဖြစ်ပါသည်။ သို့ကြောင့် တပည့်တော်များရွာ ကြွပါ။ အမြဲနေလိုကလည်း သိမ်ကုန်းဘုရားမှာနေနိုင်ပါသည်။ အခြားကြွမည်ဆိုပါကလည်း နီးရာဟံဇာဘူတာမှ တဆင့် ကြွလိုရာဒေသအထိ ခရီးလက်မှတ် ဆက်ကပ်ပါမည်ဟူ၏။

ထိုညနေ နေဝင်ခါနီး၌ပင် ဘုရားဝင်း၏တောင်ဘက်ဘေးရှိ တစ်ခေါ်သာသာ လှည်းလမ်းမကြီးပေါ်ဝယ် လှည်းသံများ တကျွီကျွီတို့ဖြင့် အတန်းလိုက်ကြီး မြည်သံကြားနေရ၏။ ထိုဆီမှပင်-

"ဦးဇင်း တပည့်တော်မတို့ သွားပြီဘုရား"

ထိုမိန်းမသံ တစ်သံလည်း ခုနှစ်သံချီအသံမျိုးဖြင့် အော်ဟစ်နှုတ်ဆက်သွားလေသည်ကို ကြားလိုက်ရ၏။ ငါတို့ကား အမျှမေတ္တာလှမ်းလင့်ပေးပို့လျက်က ကျန်ရစ်ခဲ့၏။ မည်သူသွားသည်,မည်သည့်ဒေသမှမည်သည့်ဒေသသို့ သွားကြလေပြီကိုကားငါတို့ အလျဉ်းမသိလေ။

ရောက်စမှ(လပြည့်ကျော်(၆)ရက်နေ့မှ) ရေတွက်သော် (၁၂)ရက်နေ့သည် တစ်ပတ်။

ထိုနေ့ ဆွမ်းခံပြန်လာသောအခါ-

"ကိုယ်တော် တစ်ပတ်ပြည့်ပြီလေ ယနေ့ပြန်တော့" ဟူ၍ နှင်ပါလေတော့၏။

မဟာဓမ္မပါလ



"ဘုရားတပည့်တော် လျှောက်သောနေ့က လကွယ်နေ့အထိ တစ်ပတ်ပါဘုရား။ သို့ကြောင့် ထိုလကွယ်နေ့ ဆွမ်းခံ, ဆွမ်းစားအပြီး ပြန်ပါမည် ဘုရား" ထပ်မံလျှောက်ရ၏။

## သရက်ပင်ရင်း ကျောင်းအပြစ်နှလုံးသွင်း၍

သီတင်းကျွတ် လကွယ်နေ့တွင်ကား ရွာသို့ ဝင် ဆွမ်းခံ၏။ ပြီးသော် ကျောင်းသို့ဝင်ကာ လှူမြ လှူ၏။ လှူပြီးသည်နှင့် "ယနေ့ပင်သွားပါတော့မည်" လျှောက်ရာ၊ "ဘယ်ကြွမလဲ" မေးပြန်၏။ "ထနောင်း ကန်မှတဆင့် ကျောက်ဆည်-ဝေဘူအနီးရှိတောင်တန်း များသို့သွားပါမည်၊ ဦးစွာ ဖိုးသူကြီးတဲသို့ဝင်ပြီး နှုတ်ဆက်ပါမည်" လျှောက်ထားမိရာ၊ "ဖိုးသူကြီးတဲ နှင့်ထနောင်းကန် တစ်လမ်းစီပဲ" မိန့်ပြန်ပါ၏။ "ပြန်လျှင် ဝင်ပြီးနှုတ်ဆက်ပါမည် ကတိပေးထားမိ သဖြင့် ဝင်ရပါကြောင်း" ဖြေမှ ပြီးပြေတော့၏။

နေ့လည် (၁)ချက်တီးလောက်တွင်ကား ဘု ရားအာရုံပြုကန်တော့၍ အဓိဌာန်ဥပုသ် အာရုံပြု ဆောက်တည်၍ မြိုင်သာဆရာတော် (ဦးသာသန) ချီးမြှင့်လိုက်သော ဝါးတောင်ဝှေးလေးကိုထောက်ခါ ထောက်ခါ လာလမ်းအတိုင်း အင်တိုင်းသာရွာ မြောက်မှတောင်သို့ ထွက်ခွာခဲ့ရချေတော့၏။ ရွာမှ ဒကာအချို့လည်း ငါတို့သတင်း စနည်းနာရန်ထင်၏။ တစ်ဦးစ,နှစ်ဦးစ နောက်မှလိုက်ပါလာကြ ၏။ သို့နှင့် ဖိုးသူကြီးထံသို့ရောက်ခဲ့ရ၏။ ရောက်မဆိုက်ပင် လျှင်-

"ရဟန်းဆိုတာ အရင်ပင့်သူအရင်လိုက်ရိုး ထုံးစံရှိပါတယ်ဘုရား။ တပည့်တော်က အရင်ပင့် ထားတော့ တပည့်တော်ဆီမှာပဲ သီတင်းသုံးပါဦး ဘုရား"

"ဟောဟိုခေါင်းရင်းက သရက်ပင်ကြီးနှစ်ပင် ကို အရှင်ဘုရားတစ်သက်လုံးနေ- တစ်သက်လုံးပင် လှူပါသည်ဘုရား"

ဖိုးသူကြီးလျှောက်ထားချက်ကား ထိမိလှပါ ချေ၏။ ငါတို့ကလည်း အားကိုးလိုနေချိန်ဖြစ်သဖြင့် လက်ခံပါ၏။ သို့နှင့်ပင် ထိုသရက်ပင်ကြီးတို့အောက် (၅)ရက်အထိ ကွပ်ပြစ်တစ်လုံးဖြင့် သီတင်းသုံးရ ပါ၏။ ထိုရက်များအတောအတွင်း အင်တိုင်းသာ ရှိ အကြည်ညိုပိုသော ဒကာ-ဒကာမများလည်း ထို ဥယျာဉ်သို့သာ လာရောက်ဆွမ်းလောင်းကြ၏။ အုတ်တွင်းရွာ၊ နန်းတော်ကုန်းရွာတို့မှ ဒကာ-ဒကာမ များတို့လည်း ဖိုးသူကြီးဆော်ဩချက်ကြောင့် လာ ရောက်ကြပါကုန်၏။

ဖိုးသူကြီးကား အုတ်တွင်းဇာတိဖြစ်ပြီး အုတ်တွင်းဒိုင်၏ မင်းအဆက်ဆက် မင်းတုန်း, သီပေါခေတ် မိဘတို့၏ မျိုးဆက်ရိုးဆက် အရိုက်ရာ ခံ သူကြီးမင်းလည်းဖြစ်၏။ ရှမ်း,ဗမာ၏ သာစည် နယ်မှာ နယ်ခြားဝန်လည်းဖြစ်ခဲ့ဆို၏။ သို့ကြောင့် ထိုရွာတို့သည် ၎င်း၏ဩဇာမကင်းပြီ။

ငါတို့သည်ကား လူသူကင်းဆိတ် တောရိပ် တောင်ရိပ်ကိုမင်သဖြင့် မူလစိတ်စွဲရာ ရွှေကျောင်း ကုန်းတောင်၌သာ နေလိုကြောင်း ဆန္ဒပြုမိရာ ထိုအုတ်တွင်း၊ နန်းတော်ကုန်း၊ အင်တိုင်းသာ ဒကာ များဖြင့် ဦးစွာတောင်ခြေ၌ နေ့ချင်းပြီး တဲကျောင်း လေးတစ်လုံး တည်ဖန်ကြရ၏။

တန်ဆောင်မုန်းလဆန်း(၆)ရက်နေ့တွင် ထိုတောင်ခြေတဲသို့ သရက်တောဥယျာဉ်ရှိ သရက်ပင် ကြီး၏အောက်မှ ပြောင်းရွှေ့ခဲ့ရ၏။

ထိုသရက်တော၌နေစဉ် အင်တိုင်းသာမှ လာရောက်ဆွမ်းလောင်းလေသူ ဒကာမတစ်ယောက် က ထူးထူးခြားခြားလျှောက်ထား၏။ သူမသည်ကား သီတင်းကျွတ်လပြည့်ကျော်(၄)ရက်နေ့ည (ငါတို့ ရန်ကုန်မှထွက်ခဲ့ပြီး သာစည်မြို့သို့ခိုသောည)က အိပ်မက်မြင်မက်ခဲ့သည်ဆို၏။

အင်တိုင်းသာရွာတွင်းသို့ ရွာလည်လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ တောင်ငှေးထောက်လျက်ကလည်းကောင်း၊ သင်္ကန်းရုံ၊ သပိတ်လွယ်လျက်ကလည်းကောင်း ရဟန်းတော်တစ်ပါး ဖြတ်လျှောက်သွားရာ၊ ၎င်းမှ ငွေတစ်ကျပ်လှူဒါန်းလိုက်ရသော ဟူ၏။

ထိုအိပ်မက်အတိုင်းပင် နောက်နေ့ညနေတွင် အရှင်ဘုရားကိုဖူးတွေ့ရသဖြင့် ထိုနောက်တစ်ရက်မှာ ငွေ(၁)ကျပ်ဖိုးတိတိ ဘီစကွတ်မုန့်ဆွမ်းများဝယ်၍ လောင်းလှူခဲ့ရသည် ဆို၏။

'ဘယ်သူတွေကများ အိပ်မက် လက်ဆော့ပေးပါလိမ့်မတုန်း'

မရောက်သေးသောဒေသမှ စောင့်ကြိုနေနှင့်ပြီးသော ထိုအိပ်မက်ဆန်းကို ကြားသဖြင့် တွေးတောမိတော့၏။

လဆန်း(၆)ရက်နေ့ကား တောင်ခြေ၌ တဲနန်းစံရချေတော့၏။ ဟန်လိုက်သည့်ဖြစ်ချင်း။ တစ,တစနှင့် ပတ်ဝန်းကျင်ရွာများတို့မှ ဆွမ်းခံပင့်ကြလေရာ ပထမအုတ်တွင်း၊ ထို့နောက်နန်းတော်ကုန်း၊ ထို့နောက်မှာမှ သာယာကုန်း၊ ဇဝင်း၊ ရေတွင်းကြီး၊ မြိုင်သာတို့ ဖြစ်ကြလေကုန်၏။ အင်တိုင်းသာကိုကား နောက်နှစ်သီတင်းကျွတ်ပြီးနောက်မှ ဆွမ်းခံကြွဖြစ်တော့၏။

### ငှက်မသိတော့ ဆက်ရက်ဂျိုးထင်

-တစ်ဖက်ရေစီးသန် တစ်ဖက်ကျ သောင်ထွန်းမှာ သေချာသည်။

-အချစ်အိုးစားကွဲ ရှုံးမဲမဲမှာလည်း သေချာသည်။

ဒကာ-ဒကာမတို့ အုတ်အော်သောင်းနင်းဖြစ်လာသည်နှင့်အမျှ ဇကေစာရိတောရမှီသည့်ရဟန်းတို့ ကြုံတွေ့လေ့ရှိသော လောကဓံမုန်တိုင်းကလည်း ထန်ခဲ့ရသည်။

ထိုအတောအတွင်း ဖိုးသူကြီးက ရွှေကျောင်းကုန်းတောင်ထိပ်ပြင်ဝယ် ယခင်စေတီဟောင်းနေရာ(အုတ်တွင်းဆရာတော်ဦးကိတ္တိ လက်ထက်ကတူးဖြိုထားသဖြင့် စေတီမရှိတော့သောနေရာ) မှာပင် (၆)တောင်ခန့်စေတီငယ်တစ်ဆူ တည်လိုကြောင်းပူဆာ၏။ ထိုနေရာ-ထိုတောင်၌ သူ့ဇနီးဟောင်း မလှကြည်ရှိနေကြောင်း အတပ်သိ,သိနေသဖြင့် တည်လိုခြင်းပင်ဖြစ်ချေ၏။

ငါတို့ကား ရဟန်းဖြစ်သဖြင့် ဘုရားတည်ရန်ကိစ္စ၊ ငွေကြေးကိစ္စကား ငါတို့နှင့်မဆိုင်ပြီ။

တည်မှုကိစ္စ၊ တည်ပုံအခြင်းအရာမျှကိုသာ တတ်နိုင်ပါ၏ ပြောရာ-

ထိုအတိုင်းဖြင့်ပင် စေတီတည်ရန်ကိစ္စ ဖြစ်ပေါ်လာ၏။ တာဝန်ယူမိသည်နှင့် ထိုတောင်, ထိုစေတီ၏ ရာဇဝင်များ(အိပ်မက်ပေးသဖြင့်) တသီတတန်းကြီး ပေါ်လာချေတော့၏။

အစကား ပျူခေတ်၏ပျူမင်းများကိုးကွယ်သော ရွှေကျောင်းကြီးဆရာတော်(ကြီးမားသော နှစ်ထပ်ကျောင်းကြီး လက်နှစ်ဖက်ပတ်လည်ကျွန်းတိုင်ကြီးများဖြင့် အားလုံးရွှေပိန်းချကျောင်းတော်ကြီးပိုင်ရှင်ဆရာတော်)ဦးဝိမလ (ယခုငါတို့၏ အဘဝိမလ) တက်ရောက်တရားအားထုတ်ရာတောင်ဖြစ်သဖြင့်ရွှေကျောင်းကုန်းတောင် အမည်တွင်သော ဟူ၏။ ယခုအဘဝိမလနှင့် ငါတို့ကား ထိုဘဝကပင်ဆရာတပည့်တော်ခဲ့ကြဆို၏။ ပျူခေတ်၌ စေတီအမြင့်ကား (၆)တောင်ခန့်မျှတည်း။

တစ်ဖန် ရှမ်းခေတ်တွင်ကား ရှမ်းမိဖုရားစောဥမ္မာ၏ ပစ္စယာနုဂ္ဂဟဖြင့် ယက္ကန်းစင်တောင်ဆရာတော် တက်ရောက်၍ တရားအားထုတ်သွားခဲ့ဆို၏။ ရှမ်းခေတ်၌ စေတီအမြင့်ကား (၈)တောင်ခန့်တည်း။

မဟာဓမ္မပါလ



တစ်ဖန် ပုဂံခေတ်တွင်ကား သေလည်ကြောင် မင်း၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်မထီးဆရာတော် တက်ရောက်၍ တရားအားထုတ်သွားခဲ့ဆို၏။ ထိုခေတ်၌ စေတီအမြင့်ကား (၉)တောင်ခန့်အထိ တက်လာပြီတည်း။

ထိုပုဂံခေတ်၌ ဘုရားတည်ပုံကိုလည်းကောင်း၊ တာဝန်ခံမင်းသား၏ပုံကိုလည်းကောင်း အိပ်မက်ထဲဝယ် အသေးစိတ်ပြခဲ့၏။ ပုဂံရုပ်သွင်များကား အိန္ဒိယနွယ်ဖွားဆန်၏။ အသားမဲရသည့်အထဲ ကြေးနီရောင်ဝတ်စုံများကို ခါးတောင်းကျိုက်၍ ရွှေမှမောင်းကြီးကိုထမ်းလျက်ကထုနှက်၍၊ ထိုမောင်းရှေ့ဝယ် ဝန်ကြီးကိုယ်တိုင်လျှင် ဝန်မင်းအဆောင်အယောင်များ ပြည့်ဝစွာဝတ်ရုံ၍၊ ထိုမောင်းနောက်တွင်ကား ဆိုင်ရာအမှုတော်ထမ်းများ တသီတတန်းကြီးလိုက်ပါခဲ့ကြ၍၊ ထိုဘုရား အများစုကာတည်ခဲ့ကြဆို၏။ ထိုစဉ်က ရှင်မထီးဆရာတော်ကြီးနှင့်တွဲဖက်၍ တာဝန်ယူကြီးကြပ်ပြီး တည်ခဲ့ရသောသူမှာ ဖိုးသူကြီးဖြစ်ခဲ့သည်ဆို၏။

ယခုတစ်ဖန် အသစ်ပြန်လည်တည်ဆောက်ရာ၌လည်း ထိုဖိုးသူကြီးပါမှ အထမြောက်မည်ဆို၏။ ပုံတော်၏ပုံစံကိုလည်းကောင်း၊ ဉာဏ်တော်ကိုလည်းကောင်း၊ ယက္ကန်းစင်တောင်ဆရာတော် အိပ်မက်ဖြင့် ညွှန်ကြားသောအတိုင်း တည်ဆောက်ရပြီး ဘွဲ့တော်ကိုကား 'လောကမုနိ' ဟူ၍ မြောက်ဘက်မှ ကမ္ပည်းတပ်ထားလေသည်ကို မြင်မက်ရရာ ထိုအတိုင်းလျှင် ငါတို့အကောင်ထည်ဖော်ပေးရ၏။

ထိုစေတီ၏ အုဋ်မြစ်ချမင်္ဂလာ၊ ဌာပနာ ပိတ်ပွဲတို့ကိုကား ၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက်နေ့၏ (၁၁)နာရီ(၁၁)မိနစ်အချိန်တွင် သံဃာက(၁၁)ပါး၊ မင်းအာဏာတည်စေသော ပါတီကောင်စီတို့မှ(၁၁)ယောက်၊ ဂေါစရဂါမ်ရှိ ဂေါပကအဖွဲ့မှ(၁၁)ဦး- စုစုပေါင်း(၃၃)ဦးတို့ဖြင့် ကျင်းပ၏။ အုဋ်မြစ်ချပွဲပြီးသဖြင့် ဆက်လက်၍ ဌာပနာတိုက်ပိတ်ကြရာ ပိတ်သောကျောက်ဖျာကြီး ပြိုကျသွားသဖြင့် ထိုနေ့ပျက်တော့၏။ ပြီးခဲ့သော ည(တပို့တွဲလဆန်း(၁၀)ရက်နေ့ ည)ကပင် နေမွန်းတည့်ဆဲ ပိတ်သဖြင့် ပြိုမည့်အကြောင်း အိပ်မက်ပေးခဲ့၏။ ငါတို့ကား ဆုံးဖြတ်ချက်မဖျက်နိုင်ဆိုကာ ဇွတ်မှိတ်လုပ်သောကြောင့်တည်း။

သို့ကြောင့် တပို့တွဲလပြည့်နေ့တွင် ထိုဦးရေအတိုင်းပင်လျှင် နံနက်(၁၁)နာရီ (၁၁)မိနစ်၌ ကျင်းပရာ အောင်မြင်သွားခဲ့၏။ တစ်လကြာ၏။ တစ်ပေါင်းလပြည့်နေ့တွင် ထီးတော်တင်လှူ၏။

*အေး-ညိမ်း-လာ-အောင်-ကျောင်းကုန်းတောင် ဘုန်းခေါင်တည်သည့်နှစ်။*

ဤကား ထိုစေတီတည်နှစ်၏ နံတိုကောက်ခုနှစ်မှတ်တမ်းဖြစ်၏။ ၁-၃-၄-၁ ခုနှစ် ဟူ၏။

ထီးတော်တင်လှူပွဲ၏ နောက်တစ်နေ့ဝယ် မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့ချေပြီ။ ထိုစေတီကား ငါတို့၏ တတိယမြောက် သာသနာတည်း။

## ရွှေကျောင်းကုန်းတောင်ဆရာတော်

ထိုစေတီ ထီးတော်တင်ပွဲပြီးသည်နှင့် 'ရွှေကျောင်းကုန်းတောင်ဆရာတော်ဘွဲ့' ပေးသူမရှိ အခေါ်အဝေါ်များဖြင့်ပင် ထင်ရှားလာ၏။ အစက ဘုရားပြီးက ကိုယ့်အလုပ်ကိုယ် လုပ်ရတော့မည် အတွေးကား ရေးရေးသာ။

တပို့တွဲလ ဆန်း၈,ကပင် တောင်ခြေထဲမှ ပြောင်းရွှေ့ခဲ့ရကာ စေတီတည်သည်၏တောင်ဘက်ရှိ ကျောက်တုံးကြီးနှစ်တုံးတို့အကြား သွားရောက်နေရ၏။ ကြာသော် ဒကာများက ထန်းရွက်လေးများဖြင့် မိုးကာပေးထားကြပြီး နောင်သော် မောင်းမဆည်ရွာမှ ဦးတင်မောင်တို့ မိသားစုက စနစ်တကျ အုဋ်ဂူ

မဟာဓမ္မပါလ



လေးပြုပြင်ပေးကြရာ ယခုတိုင်တည်ရှိ၏။ ၁၃၄၂-ခုနှစ်၊ ကဆုန်လပြည့်နေ့ ရေစက်ချ၏။

ထိုတောင်ပေါ်သို့ တစ်ယောက်ထီးတည်း မျှသာ၏၊ ရောက်စကာလများတို့တွင် စိတ်သည် နောက်ကြောင်းရှိ ဇနီးဟောင်းထံသို့ တစ်ဟုန်ထိုး ဆင်းပြေးတော့၏။

- ခမျာ တစ်ယောက်တည်း မျက်စိသူငယ် နားသူငယ်နှင့် နေရှာလေမှာပဲ။ ကိုယ့်တစ်ဦးတည်းကိုကား မမြင်မိ။

- ခမျာ ငါ့အားကိုးပြီး ရန်ကုန်လိုက်လာတာ ခုတော့ဘယ်လိုနေပါလိမ့်။ ကိုယ် အားကိုးမရှိသည်ကိုကား မရိပ်မိ။

ညတို့၏ စကြ်န်ချိန်ကာလ၌ ဖြစ်တတ်၏။ ထိုအခါ အတွေးတစ်ခုက နောက်မှဝင်လာ၏။

'နင် မိဘအိမ်ကဆင်းပြီး မယားနောက်လိုက်ခဲ့စဉ်တုန်းကတော့ ငါ့အမေလေး ဘယ်လိုနေရှာလိမ့်. အတွေး မဝင်ခဲ့ဖူးဘူး။ အခုမှ ဘာ-တဏှာ တွန်ရသလဲ' ဟူ၍ပင်တည်း။

အလှည့်တွေးက ဖေါက်ခြေဝင်လိုက် အတည့်တွေးကဟောက်ထုတ်လိုက်ဖြင့် တောထွက်စ, ကိုပြေတည်ခဲ့ရပါ၏။ လူ့ဘဝကပင် မကွဲခင်ကခွဲကြည့်ထားပြီး ဖြစ်ခဲ့၏။

ငါသေ ဒင်းဘာလုပ်မလဲလို့။
အဖြေမှာ- အိမ်ထောင်သစ် ထူချင်ထူမည်။ သူ့အမျိုးထံပြန်ကပ်ချင်ကပ်မည်။ ငါနှင့်အတူ မသေမည်ကား အမှန်။

ငါမရှိသော် ဒင်းဆင်းရဲမည်လော။
အဖြေကား- သူ့စေတနာကံ အကျိုးပေးအတိုင်းသာဖြစ်မည် ဟူ၏။

ထိုသို့ပင် စာရင်းရှင်းထားပြီး ဖြစ်လျက်ယခု ဘာကြောင့်နှောက်ယှက်ရဘိသနည်း။

နောင်သော် စိတ်အထိုင်ကျလာ၏။ ကိုယ့်ဒုက္ခကိုယ်ရှု၊ ကိုယ့်အမှုကိုယ်ဖေါ်တတ်လာ၏။ မဟာစည်နှင့် လူဝေးသော်လည်း ဆရာ့မျက်စိအောက်နှင့်တပြေးတည်းရှိစေရန် နံနက်(၃)နာရီမှစ၍-

-ဤအချိန်ကား- စကြ်န်ချိန်တည်း။
-ဤအချိန်ကား- ထိုင်မှတ်။
-ဤအချိန်ကား- အသေးဖွဲမှတ်။
-ဤအချိန်ကား- တရားနာလျက်မှတ်။ ပိုင်း၏။

မိမိ စေတနာအလျှောက်လည်းဖြစ်၊ တောတောင်သို့ထွက်ကျင့်လေသော နိက္ခမအကျင့်လည်းဖြစ်သဖြင့် မူရင်းချိန်လက်ခံအဖြစ်ထား။ ထို့ထက်အချိန်များတိုးမြှင့်ပေးထား၏။

ငါတို့ကို အတုယူအားကျ၍ ထိုတောင်သို့ လူရှင်ရဟန်းများ လာရောက်အားထုတ်ကြ၏။ ဦးစွာ မောင်းမဆည်မှ ဦးတင်ညွှန့်ဦးဆောင်သော ငါးဦးအဖွဲ့က စ၏။ နောက် တစ်စတစ်စနှင့် ဖိုးသူကြီးပါ, ပါလာ၏။ ပထမဝါဆိုလဆန်းတွင်ကား ဒုတိယပင့်ထားသော ထနောင်းကန် သိမ်ကုန်းသို့ (၁၀)ရက်သွားပေးရကာ တရားဟောခြင်း, ပြခြင်းများ၊ ဆွမ်းခံခြင်းများ ပြုလုပ်ပေးရ၏။

ဆရာတော်ဦးမာဃိန္ဒပါ ပါဝင်အားထုတ်၏။ ယင်းမာရိုး၊ ထနောင်းကုန်း၊ ကြာပစ်ကန်၊ ငှက်ကြီးသိုက်၊ မြောင်းဦးအထိ ဆွမ်းခံလှည့်ပေးခဲ့ရ၏။ ထို့နောက် ရွှေကျောင်းကုန်းသို့ပြန်ခဲ့၏။ ဌာနေမှ သပိတ်မှောက်ထားသော အုတ်တွင်းဆရာတော်ကား သူလိုကား ငါမကျင့်နိုင် သူ့အလုပ်ကို ငါဝိုင်းကူအံ့ ဆုံးဖြတ်ကာ ဘုရားအုတ်မြစ်ချပွဲကစတင်ပြီး အစစဝေယျာဝစ္စများ ပတ်မဉသုံ အကုန်အစင် ဆောင်ရွက်ပေး၏။ သူတော်ကောင်းစိတ်ပင်တည်း။

မဟာဗုဒ္ဓဝါဒ



## သည်တစ်ဇာတ် အပြတ်ကယ်ချိန်လို့

ဝါဆိုပြီးကတည်းက (၁၃၄၂-ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော်(၂)ရက်နေ့ကတည်းက)စတင်ပြီး ပိဏ္ဍပါတ်ဓုတင်ကို ချထားလိုက်၏။ ဆွမ်းမခံပြီ။ လူတွေ့လည်းမခံပြီ။

ထိုသို့ ကျင့်ရန် အကြံဖြင့် ဝါမဝင်မီကပင် ဆွမ်းကျန်များကို အခြောက်လှမ်းထားပြီးဖြစ်၏။ သိုမှီးခြင်းသိက္ခာပုဒ် လွတ်ကရော့ဟဲ့ ဆိုပြီး နံနက်တိုင်း လက်ဖက်ရည်ပန်းကန်သုံးလုံးမျှ ရေဖြင့်စိမ်၍ ဘုရားအားဆက်ကပ်၏။ ဗုဒ္ဓဝေယျာဝစ္စအတွက် ပြုလုပ်ထားသော ဆွမ်းခြောက်ဟူ၍ အာရုံရစေရန်။

နံနက်(၆)နာရီမှ စတင်ပြီး ဂူပိတ်လျက်က ထိုင်ရာ နေ့(၁၁)နာရီမှနားသက်၏။ ထိုအခါကျလေမှ ဘုရားထံမှစွန့်ကာ သုံးဆောင်၏။ ပြီး-ပြန်ထိုင်၏။ နေ့အလုံး, ညအလုံးတည်း။

ထိုအခါ တစ်နယ်လုံး ကောလာဟလများ ကြီးစိုးလာတော့၏။

"ယဲ့ယဲ့လေးကျန်တော့သတဲ့"

"စကားတောင်မပြောနိုင်တော့ဘူးတဲ့"

ထိုသတင်းများကြောင့် သီတင်းနေ့တိုင်း လူရှုပ်လာ၏။ ထိုသီတင်းညကား နေသေဇ္ဇိက ဓုတင် ကျသွားချေပြီ။ ထို့နောက် ရမြဲလျှင်ရ၏။ နေ့နှင့်ညသည် အတူတူသာဖြစ်၏။ နေ့ဟူ၍မရှိ၊ ညဟူ၍မရှိ၊ ရွှေ့ရွှေ့မျှသောအချိန်သည်သာ ရှိချေ၏။ နေ့ဟူ၍လည်းမတွေ့ရ ညဟူ၍လည်းမတွေ့ရ။ အအေးခိုးအပူခိုးတို့၏ အပြန်အလှန် တိုက်ခိုက်နေခြင်းများကိုသာ တွေ့ရ၏။

သည် အတူ ရန်သူလည်းမတွေ့ရ၊ မိတ်ဆွေလည်းမတွေ့ရ။ ၄င်းတို့ထံရှိ အအေးခိုး အပူခိုးများ၏ တိုက်ခိုက်မှုအတိုင်းသော လှုပ်ရှားပြောင်းလဲပေးရမှုသာ တွေ့ရတော့၏။ သို့ကြောင့် အပရန်ဟူ၍မရှိကြတော့ပြီ။ ရှိကြသေးသည်မှာ ငါ့အတွင်းရှိ အအေးခိုးအပူခိုးများ၏ တိုက်ခိုက်မှုသာတည်း။

အတွင်းဓာတ်တို့က ရေသောက်လိုပါသည် ပူဆာသော် ငါကား ထတိုက်ပေးလိုက်ရ၏။

အတွင်းဓာတ်တို့က အဟောင်းများ ထုတ်စွန့်ပေးရန် အရေးဆိုသော် ငါကား ထ၍လိုက်လံပို့ပေးရ၏။

ဂူတွင်းတံခါး ထဖွင့်ပေးလိုက်ပြီ။
ဘယ်သူလဲ- ငါပင်တည်း။

ဂူပြင်၌ လှုပ်ရှားသွားလာနေသည်။
ဘယ်သူလဲ-ငါပင်တည်း။

ဂူတွင်း, ဂူပြင်၌ လှုပ်ရှားနေမှုမှန်သမျှ ငါမှတစ်ပါး အခြားမရှိ။

ငါ့သဏ္ဌာန်တွင်းရှိ ငါကဲသဖြင့် အစွဲထားသောအစွဲများက စကားထပြောကြ၏။
ဘယ်သူလဲ- ငါမှငါသည်တည်း။

သို့ကြောင့်-

လောကမှာ-ကြောက်စရာအကောင်းဆုံးနှင့် မုန်းတီးစရာအကောင်းဆုံးရန်သူသည် မိမိအတွက် မိမိသာတည်း။

ချစ်စရာအကောင်းဆုံးနှင့် အားအကိုးရဆုံးလည်း မိမိအတွက် မိမိပင်လျှင်တည်း။

ထိုအကျင့်ကား တော်သလင်းလပြည့်အတွင်းသာရှိ၏။ လပြည့်နေ့ကျရောက်လာသည်နှင့် ရန်ကုန်မှဒကာများ လိုက်လာကြပြီး ကောင်းပေ့ညွန့်ပေ့ သမုတ်ထားသော အစားအစာ, ခဲဘွယ်ဘောဇဉ်များစွာတို့ဖြင့် အရဏ်မှသည် နေ့ဆွမ်းသို့တိုင် (မွန်းတည့်နောက်ကား ငါမစားဟူသော ဝိကာလဘောဇနသိက္ခာပုဒ်က တားပေးထား၍ တော်သေးတော့၏)ဆက်ကပ်ကြချေရာ တဏှာမပြတ် ငါသာလျှင် အကျင့်ပြတ်ခဲ့ရချေပြီ။ ငါသည်သာ

မဟာဓမ္မပါလ



တဏှာသံ့ပန်ဖြစ်ခဲ့ရချေပြီ။ ငါကြိုးစားသဖြင့် အပြီး ထားသော ထိုတဏှာကား အတိုးကြီးစားသော အကြွေးရှင်များ၏ ထုံးစံအတိုင်း အရင်းတစ်ကျပ်ကို အတိုးတစ်ဆယ်နှုန်းတို့ဖြင့် အဆပ်ခိုင်းချေပြီတည်း။

သီတင်းကျွတ်မှ နောက်ပိုင်းတွင်ကား မှန်တန်းအကျင့်မျှသာ ရှိ၏။ တောထွက်သဖြင့်ရလာသော အကျိုးအမြတ်မှာ လူအထင်ကြီးမှုသည်သာ အဖတ်တင်၏။ ဆရာကိုလျှင်ကြောက်ပါမှ၊ သံသရာကိုလျှင်ကြောက်ပါမှ။ ထိုကြောက်နှစ်လုံး တစ်လုံးလုံး မဆောင်နိုင်က ဘယ်မှာနေနေ၊ ဘယ်အခြေဆိုက်ဆိုက် အမိုက်တိုက်ကြားမှ အလင်းအားမထိုးဖောက်နိုင်။

အကယ်တိတိ ထိုကြောက်နှစ်လုံးတို့ထဲမှ တစ်လုံးတစ်လုံးမျှကို ဆောင်ထားနိုင်ပါမူကား မယားနှင့်နေသော်မှ မယားမြေခြေမချမိ၊ အိမ်ကြားနေသော်လည်း အိမ်ခြေများနှင့်ဝေးသည်သာတည်း။

ထိုနှစ်တွင်ပင် သာသနာ့သန့်ရှင်းရေး စကားတို့က ကျယ်လောင်လာ၏။ အထက်စုသံဃာတို့က အောက်ပံ့သံဃာများတို့ကို တိုင်းအလိုက်၊ မြို့အလိုက် ပိုက်စိတ်တိုက် စည်းရုံးပွဲဆင်းလာကြကုန်၏။ ထိုတွင် ငါတို့နယ်လည်း သာသနာတော်သန့်ရှင်းရေး ကြွေးကြော်သံများ နားလျှံလာချေတော့၏။ မည်သူကား ဥက္ကဋ္ဌလုပ်မည်၊ မည်သူကား အတွင်းရေးမှူး၊ မည်သူကား ဝိနိစ္ဆယတာဝန်ခံ ဆိုသောရာထူးများတစ်ပေးလာကြကုန်၏။

ဝိနိစ္ဆယ- တရားဝိနည်းအဆုံးအဖြတ်ပေးရန် တစ်ပေးခံရလေသူ သံဃာများက သံဃာ့အဖွဲ့ကြီး ဖွဲ့စည်းပြီးစီးသည်နှင့် ငါတို့အား ခုံရုံးတင်စစ်အံ့ ဟူသောအသံများကလည်း ငါတို့နားအကြားဖြင့် ဝင်ဆောင့်လာ၏။ ဆရာမကြောက်၊ သံသရာမကြောက်ကြီးကား သံဃာအားကြောက်လှချေပြီ။

ထိုနှစ်တို့အတွင်း ငါ့၌ အမွေခံတတ်တစ်ခုကလည်း ရှိချေသေး၏။ မ-အနောက်တည်း။ ထိုသမီးငယ်ကား အရွယ်အားဖြင့် (၁၇)နှစ်ခန့်မျှ မှန်း၍ရ၏။ ငါတို့ကား(၃၉)နှစ် ရှိနေချေပြီကော။

ထိုမယားပစ် သက်ကြားအိုကြီးကိုလျှင် ငြိတွယ်နေရှာ၏။ တစ်ယောက်ထဲ လူသူကင်းစဲ၊ တောအုပ်ကြားထဲမှ လာရောက်ကြိုဆို၏။ သူ့မိသူ့ဖများကလည်း ကြည့်ဖြူစွာ ခွင့်လွှတ်ထား၏။ ဆွမ်းခံသွားရင်း ငှက်သင့်တော့မည့်အရေး တဖြည်းဖြည်း နီးကပ်လာ၏။

ငါသည်ကား အများသိ ရဟန်းတစ်ပါးဖြစ်၏။ တောမြို့အပါ ဘာသာခြားတို့အထိ ပျံ့နှံ့နေပြီးဖြစ်၏။ ကောင်းသတင်း၏တစ်ကျပ်ဖိုးကျော်ကြားနေလျှင် ဆိုးသတင်းကျလည်း အသွားတစ်တိုင်ရှိ အပြန်တစ်တိုင်ရှိ နှုန်းတည်း။

ငါတို့ကား ထိုသမီးငယ်ထံ၌ သူ့စိတ်နှင့် အတုစိတ် ခွဲခြားသိမြင်နေ၏။ သို့ကြောင့် ထိုသမီးငယ်ကား တရားခံအစစ်မဟုတ်၊ တရားခံအစစ်ကား သူမနောက်ကွယ် မမြင်ကွယ်ရာမှသာ၊ သူမကား တည်ကြက်မျှသာတည်း။

ထိုအခင်းကား ငါတို့သာသိ၊ သူမ-မသိ။ ငါတို့သာမြင်၊ သူမကား မဆင်ခြင်နိုင်ရှာပြီ။ အမှောင်ကြားမှခရီးသွားနှင့် အလင်းကြားမှခရီးသွား ပက်ပင်းကြီးသား ခရီးရင်ဆိုင်တို့အကြားဝယ် တွေ့ရသော် အမှောင်သမားကား မမြင်ရလေသူပီပီ ဝင်တိုက်မှာသေချာ၏။ အလင်းသမားကသာ တားနိုင်လျှင်တား- မတားနိုင်ရှားရှုံသာရှိချေသည်။

ထိုအမွေခံတတ် ခွါသတ်, သတ်ရန်ကလည်း ငါတို့၌အရေးပေါ်လာပြန်၏။ ဤသို့သော သာသနာ့သန့်စင်ရေးကိစ္စနှင့် မ-ကိစ္စတို့ကို ရှောင်တိမ်းရန် ဤရွှေကျောင်းကုန်းတောင်မှ ထွက်ခွာဖို့ တပေါင်းလဆုတ်ရားပွဲပြီးကတည်းက စဉ်းစားလာရ၏။ ဆိုင်ရာကိုလည်း မနောဖြင့် ပန်ကြားမိ၏။

မဟာဇမ္ဗူပါလ



ရွှေဘိုမြို့၏ အရှေ့တောင်အရပ်မှာ အသင်းတိုက်နှင့် ဓမ္မသုခတိုက် နှစ်တိုက်ရှိသည်။ တစ်ဖန် ထိုရွှေဘို၏ အရှေ့မြောက်၌လည်းဝေဠုဝန်တိုက် ရှိသေးသည်။

ထိုသုံးတိုက်တို့တွင်-

- အသင်းတိုက်မှာလည်း မနေနှင့်။ ပရိတ်သတ်ဝိုင်းအုံလိမ့်မည်။

- ဝေဠုဝန်ကိုလည်း မနေလေနှင့်။ ဆရာဆူကြိမ်း ခံရမည်။

- ဓမ္မသုခတိုက်သို့သာ နောက်နှစ်ရက်မြောက်၏လထွက်(၁၁)နာရီ ညအရောက်သွားပါလေ။

ဤအိပ်မက်များရလာ၏။ ဤ၌ရွှေဘိုဟူ၍ အိပ်မက်ရသော်- မွန်တိုင်းဟူ၍လည်းကောင်း၊ မုံရွာဟူ၍အိပ်မက်ရသော်-ရှမ်းတိုင်းဟူ၍လည်းကောင်း ငါတို့သင်္ကေတ ရှေးမဆွကပင် ရိပ်မိပြီးသား။ သို့တစေလည်း ထိုကျောင်းတိုက်များ ဘယ်နေရာ ဘယ်ဒေသရှိလေသည်မသိ။

တစ်ဖန် ထိုဒေသ၌လည်း သာသနာ့သန့်ရှင်းရေးကာလ ရဟန်းစိမ်းကြီးကြွလာသဖြင့် ထ,ရှင်းပစ်မည်ကိုလည်း လန့်ရသေး။ မှတ်ပုံတင်မပေးက ခွေးဖြစ်ရတော့မတတ် ဘေးကလည်း ရင်မအေးရကား တုံ့ဆိုင်းနေမိ၏။

ထိုစဉ် အိပ်မက်တစ်ခုက ရလာပြန်၏။ 'ခြသေ့်ညီနောင်ဆေးပေါ့လိပ်ခုံ သွားပါ' ဟူ၏။ 'မှတ်ပုံတင်ကိစ္စ မင်းကိစ္စမဟုတ်' ဟူ၍လည်း ယက္ကန်းစင်တောင်က မာန်ငေါက်သေး၏။

ဟုတ်ပြီ။ တိဿ-သီဟတို့ တည်ထားသော ဇင်းကျိုက်တောင်ဘုရား။

ထိုဘုရားသို့ တပေါင်းလ၏နောက် တာကူး, ကဆုန်နှစ်လရှိသေးရာတွင် ကဆုန်လပြည့်ကျော်(၁၁)နာရီလထွက်ည အရောက်သွားရမည်ဟူ၏။ နှစ်ရက်မြင်မက်က နှစ်လယူဆသောကြောင့်။

ထိုတွင်-လပြည့်နေ့၌ ည(၆)နာရီ လထွက်ချိန်သတ်မှတ်၍ တစ်ရက်လျှင်(၄၅)မိနစ်နှုန်းဖြင့် လထွက်နောက်ကျရက် ခန့်မှန်းတွက်ချက်သော် ကဆုန်လပြည့်ကျော်(၆)ရက်နေ့ည အရောက်ဟူ၏။

▼

## တစ်ရွာမပြောင်း သူကောင်းမဖြစ်

သင်္ကြန်ပြီးကတည်းကပင် ဖိုးသူကြီးကတိအတိုင်း ရွှေကျောင်းကုန်းတောင်မှ ထွက်ခွါတော့မည် ရန်ကုန်လက်မှတ် ကပ်လှူရန်အကြောင်းကြား၏။ ဖိုးသူကြီးကလည်း သံဃာအား လူတားလို့မရပါဘူး ဆိုကာ စီစဉ်၏။

ထိုစဉ် သာစည်၌ ပွဲသုံးပွဲ ကပြပြီးမှ ထွက်ရမည်ဟူ၍ အိပ်မက်ရလာချေသောအခါ- သာစည်မှာ နံနက်ဆွမ်းခံမည်၊ ပြီးလျှင်ဆွမ်းအနုမောဒနာတရားဟောကြားမည်၊ နေ့လည် (၂)ချက်တီးတွင် ဝိပဿနာတရားဟောကြားပြီး၊ ည(၇)နာရီတိတိတွင်ထပ်မံ၍ တစ်ကြိမ်ဟောကြားမည်၊ တရားပွဲပြီးသော် ရထားသို့တက်၍ခရီးဆက်မည် စဉ်ပေးရတော့၏။

တပေါင်းလပြည့်(၁၃၄၂-ခုနှစ်၏) ဘုရားပွဲနှင့် တိုက်ဆိုင်၍ပင် ငါတို့မယ်တော်ကြီးကလည်း သားအရိပ်ခိုတော့အံ့ ဆုံးဖြတ်၍ နေရပ်ကိုစွန့်ခွာခဲ့ပြီး လိုက်လာချေတော့ရကား မယ်တော်အတားငါ့အသွားကား လမ်းကြားဆုံလေမှကိုး ဟူ၍ နှလုံးသွင်းချေတော့၏။

ငါလည်းပဲသွားသာရန်၊ မယ်တော်လည်းပဲရှားသာရန် ရည်သန်၍ နှစ်လမျှ တရားပြလျက်ကကျေးဇူးဆပ်အံ့ ဆုံးဖြတ်၏။ တပေါင်းလပြည့်မှ ကဆုံလပြည့်အတွင်း ဖြစ်၏။ ငါ့တရားကား မယ်တော့်ထံပါး မကိန်းသွားပြီ။ ရဟန်းဟူသောအမှတ်၊

မဟာဗုဒ္ဓဝါဒ



ဆရာဟူသော အမှတ်ထက် သားစွဲက ကဲနေသော ကြောင့်တည်း။

စစ်မြေပြင်ကြား သွားရမည့်စစ်သား မိမိ မယားမီးဖွားနေသော်မှ ထားပစ်ခဲ့ရချေသေး၏။ ငါ မိခင်အားလည်း ထားပစ်ခဲ့ရုံမှတစ်ပါး အခြားလမ်း မရှိ။ လူချင်းနီးက တရားချင်းဝေးတတ်လှ၏။ လူချင်းဝေးပြီး တရားချင်းနီးမှ အချင်းချင်းနီးစပ်ရာ ကျချေသည် မဟုတ်လော။

ကဆုန်လပြည့်ကာနီးဝယ် ရန်ကုန်မှ ဦးကျော်မြင့်(မိုးမခ) ဦးဆောင်သောဒကာများ လာကြ၏။ ၎င်းတို့လာခြင်းကား ငါတို့ကိုလာကြိုသော ကောင်းသောလာခြင်းသာဖြစ်ချေ၏။ သာစည်မှ ဖိုးသူကြီးဥယျာဉ်သို့ ကားဖြင့်လာရောက်ပင့်ကြို၏။ ထိုကားဖြင့်ပင် နောက်ပါစုံစွာဖြင့် လပြည့်ကျော် (၄)ရက်နေ့ (၁၃၄၃-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၄) ရက်နေ့) ၌ တောင်ကို စွန့်ခွာခဲ့ရချေတော့၏။

သာစည်နှင့်လမ်းခွဲရန် ည-၁၁နာရီခွဲ သာစည်အမြန်ရထားဖြင့်လိုက်ပါမည်။

ဤကား ငါတို့၏ အကြံအစည်တည်း။

သာစည်၏ အားကိုးတစ်ခုဖြစ်ရန် ည(၉) နာရီ မန္တလေးအမြန်ဖြင့်သာ လိုက်ရမည်။

ဤကား အိပ်မက်ရ ယက္ကန်းစင်တောင်၊ ရှင်မထီးတို့၏ မင်းမိန့်များတည်း။

အဘဝိမလသည်ကား ပြီးခဲ့သောနှစ် တပေါင်းလပြည့် ဘုရားထီးတင်ပွဲနှင့်တစ်လမျှ အကွာ တာကူးလပြည့်ကျော်(၁)ရက်နေ့က ခန္ဓာဝန် ချသွားခဲ့ပြီဆို၏။ တော်သလင်းလပြည့် ရန်ကုန် ဒကာများလာမှသိရ၏။ ထိုတာကူးလပြည့်နေ့က ရန်ကုန်မှ ဦးကျော်စိန်၊ ဦးလှဖေ နှင့် ကျိုက်လပ်မှ ဦးသောင်း ဒကာရင်းများလာစဉ်က အဘ အသဲအသန် ဖြစ်နေသည်ဟူ၍သာ သတင်းရသေး၏။ အဘ ခန္ဓာဝန်မချမီ၏သုံးရက်မျှအလို တာကူးလဆန်း (၁၃)ရက်နေ့ညနေ(၅)နာရီ ငါတို့တရားမှတ်နေစဉ် အတွင်း "အရှင်ဘုရား- ကျောင်းပြန်လာသင့် ပါတယ်" ဟူ၍ အဘ၏အသံအတိုင်းသား ကြား ခဲ့ရ၏။ ဘာကို, ဘယ်လို ဟူ၍ တိတိပပမသိရလေ သဖြင့် အရေးမထားမိခဲ့။

ထိုအဘ ခန္ဓာဝန်စွန့်ချသွားလေသော အခါ ၌ အဘမှာကြားထားခဲ့လေသည့်အတိုင်း (၅)ရက် ကျင်းပပေးထားရသည် ဆို၏။ ၎င်းပရိတ်သတ် စုံလင်ရန် စောင့်ဆိုင်းပေးခြင်းတည်း။

မင်္ဂလာဒုံ၊ ဣစ္ဆာသယဘုရားဝင်းထဲ၌ ဂူသွင်းရန်မှာကြားခဲ့သည်ဆို၏။ ထိုအစီအစဉ်ကို ကား မိမိက ပြင်ပရောက်နေတော့သဖြင့် အတွင်းက လက်မခံရကား မအောင်မြင်တော့ပြီ။

ဂူကိုလည်းကောင်း၊ လူအောင်းရာအခေါင်း ကိုလည်းကောင်း၊ ခေါင်းရင်းမှ အပေါက်ဖေါက် ထားခိုင်းခဲ့ ဆို၏။ခန္ဓာအား ဝိပဿနာ၏ ဖြစ်ပျက် မြင်ဖြင့်(ယနအစိုင်အခဲ)ကျေစွာရှု၊ ပရမာအနုမြူခန့် မျှအထိ ရုပ်ကလာပ်စည်းအဖြစ်သို့ ရောက်လေမှ အာကာသကသိုဏ်း ပြောင်းလဲရှုပြီး ပြင်ပထုတ်သာ ထွက်သာရန်တည်း။

ထိုအဘ ယခု တစ်နှစ်ပြည့်မြောက်နေပြီ ဖြစ်သော်လည်း ငါတို့ကိုလာရောက်၍ အမိန့်မပေး သေး၊ အမိန့်မျှော်လင့်၍ ကျင့်နေသည်ကား အလျဉ်းမဟုတ်ခဲ့သဖြင့် အမိန့်မျှော်တရားကိုကား ငါတို့မပွားမိ။ မကင်းရာအကြောင်းတရား၏ မကင်း သောကိစ္စမျှသာ ဟူ၍ ငါတို့သဘောထားမိ၏။

ထိုနေ့ (ကဆုန်လပြည့်ကျော်(၄)ရက်နေ့) နံနက် ဆွမ်းခံအမှီ သာစည်ရောက်၏။ ဆွမ်းခံပြီး သော် သီလတရားဦးစားပေးဟော၏။ မိမိခံယူပြီး သီလ ဖြူစင်စွာဆေးကြောသုတ်သင်ရန်၊ ထိုသီလ သာဖြူစင်တောက်ပ၍ လာချေသော် လူအားလုံးက ယုံ၏။ လူယုံလျှင် လူအပုံခံရတော့သဖြင့် လူလိုမှ နတ်လို၊ နတ်လိုမှဗြဟ်မ၊ ဗြဟ်မမှလိုသမျှ တ-သလို အောင်မည့်အကြောင်း၊ တစ်ဖန် သီလဖြူစင်တော့

မဟာဓမ္မပါလ



စိတ်ဖြူစင်၊ စိတ်ဖြူစင်တော့ အယူပါဖြူစင်ပြီး အတည့်လမ်း တန်းတန်းကြီးရောက်မည့်အကြောင်း၊ ကမ်လုံမှကမ်ကုန်လမ်း တန်းတန်းရောက်ရခြင်း။

နေ့လည်(၂)နာရီကား- ငါးကိုစားရာ၌ လူသည်ဗိုင်းစားမစားရ၊ လူမှန်လျှင် ငါးကို သတ်ဖြတ်ပြီးသာ စားရမည်ဟူ၍- အာရုံငါးပါး ခံစားကြရာ၌ ပညတ်ပယ်သတ်၊ ပရမတ်ဆတ်ဆတ် အတိုင်း ခံစားရပုံကို သတိပေးစကား ပြောကြားမိ၏။

ည(၇)နာရီတွင်ကား- သစ္စာလေးပါးတရားဖြင့် သာစည်အားကျေးဇူးဆပ်ခဲ့ရ၏။

နေ့တရားပွဲ မိုးသည်းနေသဖြင့် နဘဲရွှေထီး ဘုရားဝင်းအတွင်း၌ ဟောခဲ့ရ၏။ တရားပွဲပြီးသော် သာစည်မြို့နယ် ပါတီ-ကောင်စီတို့မှ ဘူတာသို့ လိုက်လံပို့ဆောင်ပေးကြ၏။ ဘူတာ၏ သီးခြား အခန်းတွင်း၌ (ရထားမလာမီ) သီးသန့်သီတင်းသုံး ခွင့်ရ၏။ ရထားလက်မှတ်တို့ကိုကား ထိုပါတီ ကောင်စီတို့ကပင် မန္တလေးသို့သံကြိုးရိုက်၍ သီးသန့် မှာကြားပေးထား၏။ ထိုသာစည်နှင့် ထိုငါတို့ကား ချည်ခင်နှင့်ရစ်ပမာသာတည်း။

ရန်ကုန်ရောက်သည်နှင့် သာသနာ့ဗိမာန် (အဘကျောင်း)သို့သာ တည်းခို၏။ တစ်ညမျှ ပရိတ် သတ်နှင့် တွေ့ခွင့်ရ၏။ နောက်တစ်နေ့(လပြည့် ကျော် (၆)ရက်နေ့) နံနက်(၁၀)နာရီခန့်တွင် (ငါတို့ က မုတ္တမဘက်ဟူ၍ဆိုသဖြင့်)မော်လမြိုင်ရထား ဖြင့်ထွက်ခဲ့ရ၏။ ရထား၏ အထက်တန်းတွဲပေါ်ဝယ် ငါတို့အရင် အသက်(၃၀)ခန့် အိန္ဒိယနွယ်ဖွား ကလေးတစ်ဦးကကြိုနေ၏။ တစ်လမ်းလုံး သူ့စရိတ် ဖြင့်ပင် အချိန်အခါနှင့်အပ်စပ်ရာရာများကို ကပ်လှူ ၏။ ဇင်းကျိုက်ကိုကား အမြန်ရထား မရပ်နားလေ သဖြင့်ပေါင်မြို့အထိလိုက်ပါပြီးမှ နောက်ကြောင်းသို့ ခြေလျင်ပြန်ခဲ့ရ၏။

ည(၇)နာရီခန့်တွင် မေးလျက်က ဇင်းကျိုက် တောင်ခြေ ခြသေ့်ကြီးနှစ်ကောင်ရှေ့ ရောက်ခဲ့ရပြီး (၉)နာရီခန့်တွင်မှသာ စေတီရင်ပြင်ပေါ်သို့ ရောက် ရတော့၏။ မိုးမှောင်လည်းကျ၊ လ, က မရှိ၊ မီးနတ္ထိ စမ်းမိစမ်းရာကို။

နံနက်လင်းသော် တောင်တောင်အီအီ မျှော်လိုက်သောအခါ ဇင်းကျိုက်စေတီ၏ အနီး၌ ကား သက်န်းလှမ်းတောင်စေတီ တွေ့ရ၏။ ဓမ္မသုခ တိုက်ဆိုတာ ဒါပဲထင်မိ၏။ စေတီကြီးနှင့်ဝေးသော မြောက်အရပ်တွင်ကား မင်းတစ်ရာ့တစ်ပါးစေတီ၊ ဝေဠုဝန်တိုက်ဆိုတာက ဒါပင်ဖြစ်ရမည်ဟု ယူဆ ၏။ ထိုဘွဲ့တို့ကား နောက်မှသိရ၏။

အိပ်မက်၌ ဓမ္မသုခမှာနေ၊ ဝေဠုဝန်ခြေမ လှည့်နှင့် ဆိုသော်လည်း ထိုရောက်လေသောအခါ ပြောင်းပြန်ဖြစ်သွားတော့၏။ ဇင်းကျိုက်တောင်၏ အထိန်းအသိမ်း အစောင့်အရှောက်ကား ဘားမဲ့ ဆရာတော်ကြီးဖြစ်ပြီး၊ ထိုဆရာတော်၏ တစ်ကိုယ် လုံးကြီးဝယ် အင်းကွက်နီနီတို့ကချည်းသာ ဖုံးလွှမ်း နေရကား အင်္ဂလိပ်သွေးပေါ်စေတော့၏။ အရပ် အမောင်းကလည်း (၆)ပေကျော် ထောင်ထောင် မောင်းမောင်းသာ ရှိချေတော့၏။ အသိကား သမာဓိ, ပညာတို့ဖြင့် ထုံမွှမ်းထားသော အေးသက် ညင်သာသိဖြစ်၏။ ထိုသင်္ကန်းလှမ်းတောင်မှပင် ဇင်းကျိုက်ကိုလှမ်း၍ အုပ်ချုပ်၏။ ဇင်းကျိုက်၌ကား မနေလေ။

"ဘုရားတပည့်တော် သာမဏေဘဝ ကျော်လွန်၍ ပဉ္စင်းဘဝ ရောက်ရှိနေပါပြီဘုရား"

"အေး ပဉ္စင်းဆိုတာက သာမဏေထက် သည်းခံစိတ်ပိုရမကွဲ။ သည်ဇင်းကျိုက်တောင်မှာက သာမဏေများနှင့်ချည်း တွေ့ရမှာဆိုတော့ သည်းခံ စိတ်ကြီးကြီးသာထားပြီး နေပေရော့"

"မှန်လှပါဘုရား၊ အဆိုးဒဏ်သည်းခံပြီး အ ကောင်းဒဏ်ဆိုက ပယ်လှန်ပါရစေဘုရား"

ဤကား အိပ်မက်ထဲက အချီအချ လျှောက်ထားသံများတည်း။

မဟာဓမ္မပါလ



## ကျော့, စပြစ်သီး၊ စား, ဝအောင်

၁၃၄၃-ခုနှစ်၊(သုံးဝါမြောက်၏)ဝါတွင်းကား ဇင်းကျိုက်တောင်၌ ဝါကပ်ရ၏။ ရောက်ပြီဟော့ဆိုကတည်းက လေ,မိုးဒဏ် အလူးအလှိမ့်ခံရ၏။ ပိဏ္ဍပါတ်စုတင်၊ သပဒါနစာရိကစုတင်များဖြင့် လမ်းစဉ်အိမ်စဉ်များအလိုက် ဇင်းကျိုက်သို့ဆွမ်းခံဆင်းရာ ဆွမ်းချည်းမျှသာရ၏။ တစ်လခန့်မျှ (ဆား, ဆီမျှမပါ)ဆွမ်းသက်သက်မျှ စားသုံးရ၏။ ဒုက္ခသည် ငါနှင့်ရင်းနှီးပြီး မိတ်ဆွေတည်း။

သည်အကြား ငါတို့အရင်ရောက်နှင့်နေသော ဆရာတော်တစ်ပါးက ၄င်းအားမပန်ကြားဘဲ နေရကောင်းလားဆိုကာ မချေမငံဆက်ဆံ၏။ ခံရ၏။ တောင်အောက်(ဇင်းကျိုက်)ရှိ ဂေါပကနှင့် ကောင်စီတို့သို့ သွားတိုင်၏။ တောင်ပေါ်မှာ ပျောက်စရာမရှိ ဆိုကာ ၄င်းတို့ကမကိုင်လေ။

ဝါမဆိုမီပင် ဖျားတော့၏။ အားပင်မရှိ။ တောင်အောက်ရောက်က တောင်ပေါ်မတက်ချင်။ တောင်ပေါ်နေက တောင်အောက်မဆင်းချင်။ ထိုအခါ- နင့်ကိုယ်နင် အငတ်မခံချင် ဆင်း။ နှင်ချရ၏။ တောင်အောက်မှာ နင့်အဖေ,နင့်အမေ မရှိ။ မောင်းတင်ရ၏။

ဝါဆိုသော် အကူပေါ်လာ၏။ ယခင်က စစ်တောင်းကိုရင်ကြီး၊ ယခု အင်းတကော် ရသေ့၊ တပည့်တစ်ဦးနှင့်တက်လာပြီး သိမ်ကြီးအတွင်းဝယ် နေတော့မယောင်, ဝါကပ်တော့မယောင် ဆန်ရိက္ခာများနှင့်တကွ အားလုံးပြင်ဆင်၏။ ဝါကပ်ပြီး ရက်အနည်းငယ်အတွင်း၌ပင် ထိုရိက္ခာများ ဒကာတစ်ဦးကိုစွန့်ထားခဲ့ပြီး ပြန်ဆင်းသွား၏။ ဆင်းခါနီး "သည်နေရာ သူတော်ကောင်းကြီး ကြွလာလိမ့်မယ်။ ပံသုကူသင်္ကန်းလည်း ပစ်ထားခဲ့တယ်။ ထိုင်စရာနေကထိုင်၊ လဲလျောင်းစရာကုတင်လည်း အဆင်သင့်ထားခဲ့တယ်" ဟူ၍ မှာကြားသွားသေး ဆို၏။

ထိုဒကာသည် ၄င်းတစ်ဦးတည်း သိမ်တွင်း၌ နေရပါသည်မှာ အားငယ်ပါသဖြင့် သိမ်ထဲသီတင်းသုံးရန် ပင့်လာသဖြင့် ဘုရားခြေတော်ရင်းတိုက်ခန်းမှ ဆင်းလိုက်ခဲ့ရချေ၏။ ထိုခြေတော်ရင်းတိုက်ခန်း၏ဘုရားခန်းဝယ် တစ်ပါးတည်း သီတင်းသုံးနေစဉ်အတွင်း အိပ်မက်နှစ်ခုရ၏။

တစ်ခုကား သာစည်ရွှေကျောင်းကုန်းတောင်သာသနာကို စပြီးမှ ပစ်ထားခဲ့သဖြင့် ဒဏ်ပေးသောအားဖြင့် စပြစ်သီးကျွေးမည်ဟူ၏။ စပြီးသား ပစ်ခဲ့သဖြင့် တီးတော့မည်ဟူသတတ်။ နောက်ဆို မရမ်းသီးလည်း ကျွေးဦးမည်ဆိုသေး၏။ မရမ်းနှင့် အတီးခံရမည် ဟူသတတ်။

နောက်တစ်ခုကား အဘဝိမလသည် ဂူတွင်းမှအထွက်တွင် ခြေထောက်များသို့ မီးမကူးသဖြင့် ခက်ခဲစွာထွက်ခဲ့ရကြောင်းနှင့် ယခုခြေလက်များ မသန်လေသေးကြောင်းပင် ဖြစ်ချေ၏။

ထိုအိပ်မက်များကား သိမ်တွင်းဝယ် မထင်ရှားသေး။ ထိုသိမ်တွင်း၌ တန်ဆောင်မုန်းလအထိနေရ၏။ ဒကာကား ဥပုသ်နေ့မျှလာပြီး ကျန်ရက်များ ငါတို့တစ်ပါးတည်း အေးချမ်းစွာနေရ၏။ မကြာမီ(သီတင်းကျွတ်အပြီးထင်၏) ဗိုလ်ကလေး(မော်ကျွန်း)ကဆိုသော ရဟန်းငယ်တစ်ပါးကြွလာပြီး ငါတို့သိမ်ထဲ၌ပင် အတင်းအကျပ် ကပ်လာချေ၏။ လက်ခံရ၏။ တန်ဆောင်မုန်းလပြည့်ကျော်အထိတိုင် အတူနေရ၏။

ထိုအတွင်း ရဟန်းမှတ်ပုံတင်ရေးကိစ္စ ပေါ်လာ၏။ ငါတို့နှင့်ထိုရဟန်းလေးကို ထိုအရင်ရောက်နေနှင့်သော ဆရာတော်(ယခုတောင်ပေါ်မှနှင်အချခံရရှာပြီ ကြားသိရ၏။)က မထောက်ခံနိုင်ဆို၏။ ထိုတစ်တောင်လုံးအတွက် သောက်သုံးရေကန်ကား ၄င်း၏အနား၌ရှိ၏။ ရေမခပ်စေလို။ ဝါးဆစ်ပူးဖြင့် တောင်အောက်မှသွားခပ်ပြီးသုံးရန်အကြံပေး၏ လိုက်နာရ၏။

ထိုမှတ်ပုံတင်ကိစ္စ မြို့နယ်ဥက္ကဋ္ဌဆရာတော်

မဟာစမ္မပါလ



(ဦးကောသလ္လ-ရွှေကျောင်းကြီးဆရာတော်)ကြားသိ သွားရာ ငါတို့နှစ်ပါးကိုခေါ်၍ ၄င်းပိုင်(ဇင်းကျိုက် ခလောက်အင်းအနီးရှိ)ရွှေဒင်္ဂါးကျောင်းဝင်သံဃာ အဖြစ်ဖြင့် မှတ်ပုံတင်ပေး၏။ မမျှော်လင့်သော ကယ်တင်ရှင် ပေါ်လာခြင်း။

တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက် လောက် အရောက်တွင်ကား ဇင်းကျိုက်အနီး ရသေ့မ ဂူ၌နေသော ဂန္ဓမာလာရသေ့လေးက ထိုဂူ,ထို ကျောင်းများ အလှူခံပါရန်ပင့်သဖြင့် လိုက်ပါသွားရ ၏။ ထိုဂူသို့ စေတီရင်ပြင်မှတဆင့် သွားရရာ စေတီ မှနေ၍ ရဟန်းတော်(အာဂန္တု)တစ်ပါးက စပြစ်ယို ဘူးတစ်ဗူးနှင့် ဖယောင်းတိုင်ထုပ်များ ဆီး၍လှူ လိုက်၏။ ထိုဂူ၌ နတ္တော်, ပြာသိုမှ နေခွင့်ရ၏။ ပန်းကုန်းရွာသို့ဆင်း၍ ဆွမ်းခံ၏။ ထိုရသေ့လေး ကား မူလအိ မူလအတ်ဆိုသောနေရာ အပြီးသွားပြီ ဆိုပြီးကာမှ သူပုန်ရှိသည်ကြားရ၍ဆိုကာ သူ့ဂူသူ ပြန်တောင်းတော့၏။ ပေးလိုက်ရ၏။

နောက်သို့ကားမပြန်။ ရှေ့သို့သာဆန်မဟော့။ သို့နှင့်မင်းတစ်ရာ့တစ်ပါးတောင်သို့ ထွက်ခဲ့ရတော့ ၏။ ဝေဠုဝန်ဆိုသော ထိုစေတီကား ငါတို့နေခွင့် ရပြီး (သက်န်းလှမ်းတောင်ကိုကား ခွင့်မပြုခဲ့ချေ။ သက်န်းလှမ်းတောင် သွားသော် အတီးခံရမည်ကြိမ်း သဖြင့် မသွားဝံ့ခဲ့)တစ်ပါးတည်း အေးချမ်းလှချေ၏။ ကတွန်သို့ဆင်း၍ဆွမ်းခံ၏။ မျှတ၏။ အိပ်မက်ထဲ ဝယ် ခရမ်းသီးကျွေးဦးမည်ဆိုသေး၏။ သည်တစ်ခါ ရမ်းလျှင်တော့ တီးတော့မည်ဟူသတတ်။

ထို၌ ၁၃၄၄-ခုနစ် ဝါဆို၏။ ဘုရားပြုပြင် ပေးရန်အိပ်မက်ပေး၏။ ငါတို့က တရားအားထုတ် ရန် လာခြင်းသာဖြစ်သဖြင့် ငြင်းပယ်၏။ မရ။ မရသော် ငါ့ကိုယ်စား ငါ့ဩဝါဒခံ တပည့်ဒကာများ ရှိကပြုပြင်ပေးမည်ကတိပြုလိုက်၏။ သူ့တည်းခိုခန်း ဝင်မိသဖြင့် တည်းခိုခ တောင်းခံကြခြင်းတည်း။

## ချိုမယောင်နှင့်ချဉ်သော စပြစ်သီးမှည့်များ

ရသေ့မဂူမှ ၁၃၄၃-ခုနစ်၊ ပြာသိုလလောက် တွင် ထွက်ခွာပေးခဲ့ရပြီး တပို့တွဲလတွင် ဥက္ကောင်း၏ နောက်စေ့ ခေါ် လည်ပင်း အမွှေးစပ်တို့ကြားဝယ် ဆေးရုံအခေါ်အနာပန်းဆုပ်၊ အရပ်ဓလေ့အခေါ် ဆင်ငိုလည်ပြတ်နာ ပေါက်သဖြင့် ထိုတစ်လလုံးလုံး သထုံဆေးရုံကြီးဝယ် တက်ရောက်၍ ကုသရ၏။ ရွှေစာရံအနီးရှိ ဟိတကာရီကျောင်း၏ ဆွမ်းစား ကျောင်းတာဝန်ခံ ဆရာတော်ဦးမာလာ၏ အကူ အညီ အထောက်အပံ့များတို့ဖြင့် လကွယ်နေ့အထိ နေခွင့်ရခဲ့၏။ လကွယ်နေ့ ပန်းကုန်းပြန်ရောက်၏။

ထိုပန်းကုန်းရွာရှိ ဓမ္မစကြာကျောင်းမှာပင် တစ်ညကိန်းပြီး နောက်နေ့(တပေါင်းလဆန်း (၁) ရက်နေ့)တွင် မိမိနေရာ မင်းတစ်ရာ့တစ်ပါးသို့ ပြန်ရောက်ခဲ့ရ၏။ ထို့နောက် အနာများဆက်လက် ပေါ်ပေါက်လာသဖြင့် တစ်နွေလုံးလုံး ဓမ္မစကြာ ကျောင်းသို့ပင် ပြန်လည်ဆင်းသက်ရကား အရပ် ဆရာဖြင့်ကုသရချေတော့၏။ ပန်းကုန်းတစ်ရွာလုံး က ငါ့အနာကုပေး၏။ ငါကလည်း သူတို့အနာကို ကုပေးခဲ့ရ၏။ ငါ့အနာကားရုပ်နာ၊ သူတို့အနာကား စိတ်အနာတည်း။ ငါ့ထံရှိ အနာအားလုံး (၂၇)လုံး တိတိရှိ၏။ တစ်ကိုယ်လုံး ဥက္ကောင်း၊ ကျော၊ ခြေသလုံးတို့အထိရောက်ပြီး၊ အောင်မြင်သော အနာကား(၁၅)လုံး၊ အကင်းထွက်လာခါစ ဆရာ သတ်ပေးသဖြင့် သေသွားသောအနာကင်းကား (၁၂)လုံး- ပေါင်း(၂၇)လုံးတိတိ ရှိ၏။

ဝါမဆိုမီ ဂူသို့ပြန်ရောက်လာပြီး ဝါတွင်း၌ လည်း အနာများကား တစ်လုံးပြီးသော် တစ်လုံးပေါ် နှုန်းဖြင့်မရပ်ချေ။ အခြားဒေသမှာကဲ့သို့ ပြန်ထွက် ခြင်းမရှိ။ ဥက္ကောင်း၊ နောက်စေ့တို့ တစ်လျှောက် ၌ကား ပန်းပွင့်ပန်းဆုပ်ပမာသာရှိပြီး အနာအတွင်း ၌ကား စာကလေးဥလောက်ပမာသာရှိချေ၏။ ကျော၊ ရင်ဘတ်၊ ခြေသလုံးတို့၌ကား အနာတွင်း၌

မဟာဓမ္မပါလ



ကား အုံးသီးဆံပမာသာရှိချေ၏။ ပကတိအသားထဲမှ မှိုသည်မြေကိုခွဲ၍ထွက်သည့်ပမာ အတင်းတိုးထွက်လာရချေကား ခံရလေသူမှာ မချိမဆံ့သာ။

ဝါကျွတ်သော်မှ . အနာကမကျွတ်။ ပြီးခဲ့သောနှစ် တပို့တွဲလမှ ယခုနှစ်တပို့တွဲလအထိ ဖြစ်၏။ အနာပေါက်ရက်ကား ကြာသပတေးနေ့ဖြစ်နေတတ်ခဲ့ပြီး ပျောက်ရက်ကား စနေဖြစ်နေတတ်၏။ လုံးတိုင်းတည်း။ နောက်ဆုံးအလုံးဖြစ်သော ညာဘက်ခြေသလုံး၏နောက်ရှိ အသားပေါ်ဝယ် အနာပေါက်ခဲ့ရာ ဆွမ်းခံပင်မဆင်းနိုင်တော့၍ ဂူတွင်း၌ပင် လဲလျောင်းနေရတော့၏။ အစာကား မစားရ။ ဝေဒနာကား ပြင်းထန်လှ၏။

မင်းသေရန် ရက်ပိုင်းမျှသာ ကျန်ရှိတော့သည်။ တရားနှင့်သေရန် ကြိုးစားပေတော့။

လူ၏အဖြစ်ဖြင့် တရားအားထုတ်ရမှု အသိမ်းခံရတော့မည်။ အခွင့်ရတုန်း လက်မလွှတ်စေနှင့်။

ကိုယ့်ကိုယ်ကို သတိပေးရ၏။ ကြောက်လှဘိခြင်း။ ကြောက်သဖြင့် တရားလက်မလွှတ်ဝံ့။ တရားလက်မလွှတ်သဖြင့် သတိအင်အားကောင်းလာ၏။ အနာကား ရုပ်အဆင့်ဆင့်-နာမ်အဆင့်ဆင့် ကြားကို သတိရှိ၏။ ထိကပါး,ရိကပါးခြင်းကို ကြောင်သူငယ် ကြွက်ကစားနေသည့်ပမာ အကြည်စားခံနေရတော့၏။

တစ်ရက်မှနှစ်ရက်၊ နှစ်ရက်မှသုံးရက်၊ သုံးရက်မှသည် ရှေ့ကျော်လာခဲ့ချေပြီ။

အရိုးကြေကြေ အရေခမ်းခမ်းဆိုသော စကား ငါ့အတွက် ရယ်စရာစကားဆန်းသာ ဖြစ်လာခဲ့၏။

အစာလည်းမစားရ။ အနာလည်းတအားကျ။ အခင်းကြီးငယ်များကိုမျှ ဖင်တွန်းသွားနေရသော ကာလမျိုးတို့တွင် အကူကိုလည်းမျှော်မိ၏။ လူကိုသော်လည်း မျှော်မိ၏။

အခုလိုအခါမျိုး လူတစ်ယောက်ယောက် အစာလာပို့ ကောင်းမှာပဲ။

လေးရက်မြောက်တွင် သင်ပေါင်းချောင်းရွာမှ မွန်ဒကာ-ဒကာမများ ထင်းခုတ်ဝါးဆွဲရင်း ငါတို့ဂူတွင်း ငါတို့ရှိလေမှန်း(လူရှိလေမှန်း)အလျဉ်း မသိဘဲနှင့်ဝင်လာပြီး လက်ဝယ်ပါလာသော ကြက်ဆူရွက်များမီးကင်ခါ အနာပေါ်အုပ်ပေးကြ၏။ ပါလာသောကောက်ညှင်းထုပ်၊ မုန့်ဆွမ်းများ လှူသွားကြ၏။

နောက်ရက်များတွင်ကား ဆွမ်းခံဆင်းရာ ကတွန်ရှိဒကာများက ဆွမ်းခံမဆင်းသည်မှာ တစ်ပတ်ပင်ကျော်သွားပြီအကြောင်းကြား၍ ဆိုကာ ပန်းကုန်းဒကာ-ဒကာမများ တက်လာပြီး ကုသပေးကြ၏။ ဆွမ်းလည်းကျွေး၏။ နံနက်တိုင်းလာ၏။ပြီး-ပြန်သွား၏။ ငါ့ဒုက္ခ တစ်ဝက်မျှခံပေးကြခြင်း။

## သင်္ကန္တ-ပြောင်းရွှေ့ခြင်းကား သင်္ကြန်

၁၃၄၅-ခုနှစ်သို့အကူး သင်္ကြန်တွင် ငါတို့ မင်းတစ်ရာ့တစ်ပါးတောင်၌လည်း စည်ကား၏။ ရန်ကုန်မှပင် လာ၏။ မော်လမြိုင်-သထုံ စုံ၏။ ထိုတွင် တောင်စွန်း-ရွှေဂူချောင်မှဆိုသော ရဟန်းတော်တစ်ပါး ဓမ္မစကြာကျောင်းမှတဆင့်ကြွလာ၏။ သည်တောင်,သည်ဘုရားကို ပြုပြင်ရန်အတွက် အထက်ကလွှတ်လိုက်ကြောင်းမိန့်၏။ ကောင်းပါသည်။ ချမ်းသာသလို ဆောင်ရွက်နိုင်ပါသည် လျှောက်ထားလိုက်၏။ ပြန်ဆင်းသွား၏။ နောက်တစ်ချီ တစ်ပါးတည်း ညအိပ်ကြွလာပြီး အတူတွဲရန်လည်းမိန့်၏။ ၎င်းအား သည်တောင်ပေါ်နေခွင့်ပြုရန်လည်းခွင့်တောင်း၏။ နေခွင့်ကိုကားပေးပါ၏။

မဟာဇမ္ဗူပါလ



အတူတွဲရန်ကား မဖြစ်နိုင်ပါဟူ၍ လျှောက်ထား၏။ မရ။ ဓမ္မစကြာပြန်ဆင်းသွားပြီး ကြိုးစားပြန်၏။

တစ်ဖန် ရန်ကုန်မှပင် ဒုလ္လဘရဟန်းနှစ်ပါးနှင့် (၂၇)ဝါရ ဆရာတော်တစ်ပါး ကြွလာပြန်၏။ တစ်ပတ်မျှနေပြီး ပြန်သွားကြ၏။ မကြာမီ ထိုဆရာတော် သိက္ခာချကာ ကိုရင်ကြီးဘဝဖြင့် ဓမ္မစကြာမှ တဆင့်ပင် သည်တောင်နေလိုကြောင်း ခွင့်တောင်းပြီး ခွင့်ရသော် ဓမ္မစကြာမှ စောင့်နေပြန်၏။

၁၃၄၅-ခုနှစ်၊ကဆုန်လတွင်ကား လူပုဂ္ဂိုလ်ကြီးတစ်ဦး ထူးဆန်းစွာ ရောက်လာ၏။

"အရှင်ဘုရားနှင့် ဇင်းကျိုက်ဘုရားတည် စဉ် ထီးတင်ပွဲတုန်းက သိမ်ထဲမှာ နာရီဝက်မျှတွေ့ခဲ့ကြရပြီး မင်းတစ်ရာ့တစ်ပါးတောင်မှာ ဆုံမည်လို့ အရှင်ဘုရားစကားကြောင့်လာရပါသည်" ဆို၏။

"ဟာ- ဇင်းကျိုက်ထီးတော်တင်ပွဲ ကျုပ်မပါဘူးဗျာ့ မှားနေတာဖြစ်လိမ့်မယ်"

"မဟုတ်ဘူး၊အရှင်ဘုရားမှ အရှင်ဘုရားပဲ ယခုမှ မသိချင်ဟန်ဆောင်နေတာပါ"

အင်း-ဆန်းတော့ဆန်းတယ်။ စကားမပြောဘဲတွေးမိ၏။ အတွေးမခံ။

"အရှင်ဘုရား တပည့်တော်ကို မယုံလို့လား" အော်၏။ တစ်ကြိမ်မျှမက နှစ်ကြိမ်-သုံးကြိမ်အထိပင်။ ထို့နောက် စကားဆို၏။

"အရှင်ဘုရားမှာ သုံးပုံပုံ တစ်ပုံပဲကျန်ပါတော့တယ်"

"အာ- ဒို့မှာ လေးပုံပုံ သုံးပုံ ကျန်နေသေးတယ်"

"ဝိဇ္ဇာသား ဝိဇ္ဇာစကားနားလည်ပါဘုရား" အော်ဟစ်တော့၏။ ငါတို့က အရွဲ့စကား ဖြေကြားလေသောကြောင့်။

"သည်တစ်ပုံကလည်း သည်တောင်က ရသေ့နဲ့ ဖိုးသူတော်ကြောင့် ပြည့်သွားပါလိမ့်မယ်"

"အင်း- ဒို့ဒကာကြီးပြောတိုင်း ပြည့်စေဗျား" ငါတို့ကငေါ့လိုက်သေး၏။ ရယ်၏။

ထို့နောက် ဂူကိုကား ဇေယျသိဒ္ဓိဂူပါ ဟူ၍ အမည်ဖော်ပေးသွား၏။ ရှေးပုဂ္ဂိုလ်ကြီးများ ဘုရားထားရာ, ဥက္ကောင်းပြုရာများကိုလည်း လျှောက်ထားသွားသေး၏။ နေ့ခင်းပြန်သွား၏။

ထို ကဆုန်လတွင်း၌ပင် မုတ္တမကော့စိန်ကျွန်းမှ မောင်နှံခုနှစ်ဖော်(မောင်နှမ(၇)ဦး)တို့ တက်လာကြပြန်၏။ တစ်ညနှစ်ညမျှအိပ်ပြီး ဝေယျာဝစ္စ ပြုလုပ်၍ ပြန်သွားကြပြန်၏။

အိပ်မက်ရ၏။ ဤတောင်သို့ မြောက်မှလာလျှင်ဗမာဘက်၊ တောင်မှလာလျှင်ရှမ်းဘက်၊ ဝမ်းဗိုက်တွင်းကတက်လာလျှင်ကား မွန်ဘက်ဟူ၏။ တောင်စွန်းကား-မြောက်၊ ကော့စိန်ကား-တောင်၊ ပန်းကုန်း,ကတွန်တို့ကား ထိုမင်းတစ်ရာ့တစ်ပါး၏ဝမ်းဗိုက်တည်း။

ထိုနှင့်ဆက်သော အိပ်မက်မှာ ရှမ်း-ဗမာ အတူတွဲ၍ဘုရားပြုပြင်ပြီးမှ ဘုရားမပြီးမီ တစ်ဖက်ဖက်က ဆင်းသွားလိမ့်မည်ဟူ၏။ အတွင်းစကားတည်း။

၁၃၄၅-ခုနှစ် ဝါမဆိုမီ ကျောင်းပြောင်း၊ နေရာပြောင်းပေးရန် ငါတို့နေရာရှာဖွေရတော့၏။ သပ္ပါယမျှသည်ကိုမတွေ့။ တစ်နေ့ သင်ပေါင်းချောင်းမှ မွန်ဒကာဦးကျော်ငြိမ်းနှင့် ဦးရိုင်တို့က ကတွန်ရွာဝမှစောင့်ကြိုပြီး ၎င်းတို့ ကျောင်းဆောက်မည့်အကြောင်း လျှောက်၏။ နွေ-မိုး-ဆောင်း ရေမပြတ်သောနေရာ သင်ပေါင်းချောင်း၊ ပန်းကုန်း ဆွမ်းခံဆင်း၍ အဆင်ပြေမည့်နေရာရှာဖွေပြီး ဆောက်ပါမည် လျှောက်ထားပြီး ပြန်သွားကြ၏။ ဝါဆိုမည့်နေ့ လာရောက်ပင့်ဆောင်မည်ကိုလည်း လျှောက်ထားသွားသေး၏။

မဟာဗုဒ္ဓဝါဒ



ည-အိပ်မက်ပေး၏။
လွှက်ရည်ဆိုင်မဟုတ်။ အိမ်သာဟူ၏။

ထိုဝါမဆိုမီ၏ နယုန်လကတည်းကပင် ဘုရားတည်မည့်ဆရာတော်ကား အမြဲနေရန် ပန်းကန်၊ အိုးခွက်များဖြင့် တက်လာပြီဖြစ်၏။ ငါတို့တာဝန်ကျေရန် သူ့ဆိုင်ရာမေးမိ၏။

ည၏အိပ်မက်ထဲဝယ် အဘဝိမလကြွလာပြီး ဘုရားတည်မှုကိစ္စ မင်းကိုမခိုင်းသေး။ ကိုယ့်ခေါင်းမှဆံပင်ကိုသာ ပြောင်စင်စွာရိတ်ပါ ဟူ၏။ ကိလေသာသည် ဆံပင်မုတ်ဆိတ်နှင့်တူ၏။ လက်သပ်မွေးထားလျှင် တဖြည်းဖြည်း ရှည်ထွက်လာတတ်သည် ဆိုသော ငါတို့၏လက်သုံးစကားကို ရည်၍ မိန့်ခြင်းဖြစ်၏။ ဘုရားပြင်ဆင်မှု ငါ့အမှုမဟုတ်တော့။

နောက်ရက်တွင် မျက်လုံးတစ်ဖက်ကျဉ်း၊ ကျယ်သော ကိုရင်ကြီးတစ်ပါး ကြွလာပြန်ချေ၏။ သူ့နာမည်ဝင်းစိုး၊ ဘွဲ့ရှင်ဝိမလ။ သထုံကေလာသမှ လာသည်ဆို၏။ နှစ်ညမျှအိပ်သွား၏။

ငါတို့နှင့် တွေ့တွေ့ချင်း "တပည့်တော် သပိတ်တွေ စုတ်နေတာသာကြည့်ပါဘုရား။ အဲဒါလူတွေကြောက်တိုင်း တောတိုးရလွန်းလို့ " ဆီးကြိုလျှောက်၏။ ထို့နောက်ရက်ဆွမ်းခံချိန် ငါတို့နှင့် ထိုကိုရင်ကြီး အတူဆွမ်းခံဆင်းရာ-

"ရဟန်းဆိုတာက ဆွမ်းခံရပါသဘုရား။ ဘုရင်ဆိုတာက ဆွမ်းမခံပါဘုရား" လမ်းတွင် လျှောက်ထားပြန်၏။

'အင်း. . ငါ- ဘုရင်မဟုတ်လို့ ဆွမ်းခံစားနေရသည်ကပဲ'

မင်းတစ်ရာ့တစ်ပါးတောင်နှင့် ရဟန်းအမှုထမ်းချင်းမတူညီ။ သို့ကြောင့် ဤတောင်မှ ငါထွက်ပေးသင့်သည်မှာအမှန် ဟူ၍ ဆုံးဖြတ်မိ၏။

၁၃၄၅-ခုနှစ်၊ နယုန်လကွယ်နေ့ ညနေတွင် ထိုဆရာတော်အား မိမိဤတောင်၌ ဝါမဆိုတော့ပါ ကြောင်း လျှောက်ထား၏။ ၎င်းကလည်း လက်ခံ၏။ ညကျသော် အိပ်မက်ပေးလာပြန်၏။

## အို့,နာ,သေ ဤသုံးဝ ပူမီးကြွပြစ်အင် ခန္ဓာခွင် ဉာဏ်သက်ရောက် ထွက်ပေါက်ကိုတဲ့ပြင်ဆင် အစစမာန်ဝင် တဏှာလျှင်မြစ်ဖျား ဇွဲလုံ့လ အမြန်ယှဉ်မှ သံသာပြင် ဖင်မမြုပ် ဆုံးချုပ်တရား

နိုးနိုးချင်း ထိုကဗျာ ထ၍ရေးမှတ်ထားလိုက်၏။ ည(၂)နာရီတိတိ၌ဖြစ်၏။ ဟိုသွားသည်သွား လမ်းသလားနေမည့်အစား မိမိခန္ဓာကြားမှ ခရီးသွားရန်၊ မာန်ဝင်နေသည်မှာ တရားကိုလိုချင်လွန်းအားကြီးနေ၍ ထိုတဏှာပယ်လှန်ရန်၊ ထိုင်ရင်းက မမြုပ်ဘဲ ဇွဲလုံ့လထူထောင်ရန်တို့ ဖြစ်ကြ၏။

ထိုအိပ်မက်ရှင်ကို သာခုအကြိမ်ကြိမ်လည်း ခေါ်မိ၏။ ကျေးဇူးလည်းအဆမဲ့တင်မိ၏။ ငါ့တို့ ဟာကွက်-ပျော့ကွက် လက်ညှိုးထိုးပြသောကြောင့် ဖြစ်၏။ သို့တစေလည်း ဤတောင်မှမပြောင်းရန်ကိုကား ကတိပေးထားပြီးဖြစ်ရကား ပြင်ရန်မသင့်တော့ပြီ။

## တရားရုံးနှင့်ငါကား ဖွားဘက်တော်ပေပဲလား

မိခင်ပြောပြဘူးသဖြင့် သိခဲ့ရပါ၏။ ငါတို့ (၆)လသားကပင် မိခင်နှင့်အတူ အချုပ်ထောင်ထဲမှာ နို့စို့ရင်းထောင်ကျ၊ ထောင်ကျရင်းကနို့စို့ ဖြစ်ခဲ့ရသည့် ဖြစ်ရပ်များ။

တစ်ဖန် အိမ်ထောင်သည် လူ့ဘဝစီးပွားရေးရှာကြံဆဲကာလ၌လည်း ဆိုင်ဖောက်ထွင်းမှု အကြောင်းပြု၍ ရဲများနှင့်တရားရင်ဆိုင်ခဲ့ရသော အမှု၊ ကောင်စီအဆင့်ဆင့်ရွေးပွဲဝယ် တစ်ဖက်နှင့် တစ်ဖက် ယှဉ်ပြိုင်ကြရာမှ အာဃာတတို့ဖြင့် နိုင်သူဘက်က ခြံရှင်များနှင့်ပေါင်း၍ တရားရုံး ပို့သဖြင့် တရားရင်ဆိုင်ခဲ့ရမှု။ ဤသို့လျှင် အမှုများ ပေါ်ပေါက်ခဲ့ရ၏။ မသိတစ်ကြိမ်, သိနှစ်ကြိမ် ခံခဲ့ရ၏။ ယခုတစ်ကြိမ်မှာမူကား ထိုအမှုတို့ကို ကြောက်လန့်လှပါသဖြင့် လွတ်ရာလွတ်ကြောင်း ကျင့်ရာမှ ရလာသော အမှုမျိုးဖြစ်သဖြင့် ရှက်လွန်း လှဘိခြင်း။

၁၃၄၅-ခုနှစ် ဝါဆိုလပြည့်ကျော်(၁) ရက်နေ့ညနေ နေအဝင်မှာ ဖရုံညာစခမ်းဟူ၍ခေါ် သော ဒေသ ဝယ် ဦးကျော်ငြိမ်း၊ ဦးရိုင်မိသားစုတို့က ခနိတဲငယ်လေး တစ်လုံး(၉×၆ပေ)ဆောက်လုပ် လှူဒါန်း၏။ မြေပြင်ဝယ် ကွပ်ပျစ်ငယ်လေးချ လျှက်က နေရ၏။

ထိုတဲလေးကို ငါတို့ဆွမ်းခံသွားနေဆဲ ဘုန်းကြီးတစ်ပါးက တက်ရောက်တိုင်းထွာစေ သည်ဆို၏။ ဝိနည်း-ကုဋီကာရ သိက္ခာပုဒ်ဖြင့် စွပ်စွဲရန်တည်း။

ကံဆိုးချင်လာသဖြင့် ယုန်တောင်ပြေး- ခွေးမြောက်လိုက် ခံလိုက်ရခြင်းဖြစ်၏။

ဇင်းကျိုက်တောင်ခြေ ရေငန်းတောင်ဝယ် ရဟန်းတစ်ပါး တရားအားထုတ်ရာ၌ သပ္ပါယမျှ လောက်သော အဆောက်ဦးမရှိရှာချေရကား ပန်းကုန်းမှ ဒကာ-ဒကာမများ၊ သင်ပေါင်းချောင် ဒကာ-ဒကာမများတို့က သွားရောက်ပြုလုပ်ပေးကြ ရာ ငါတို့ဆီလာရောက်ပြုလုပ်သည် အထင်နှင့် ငါတို့အားအမဲခံရခြင်းဖြစ်ချေ၏။ သံဃာ့ရုံးတော်သို့-

၁။ နိဿယမုစ္စက မလွတ်ကင်းသေးဘဲလျက်က တောထွက်ကျင့်သောရဟန်း။

၂။ သံဃာထံ မပန်ကြားဘဲလျက်က ကျောင်းသစ် ဆောက်သောရဟန်း။

၃။ ဆိုင်ရာသံဃာ့အဖွဲ့၏ ခွင့်ပြုချက်မရဘဲလျက်က နယ်မြေတွင်း တိတ်တဆိတ်ဝင်နေသောရဟန်း။

၄။ ဆိုင်ရာရဟန်းများနှင့် သမာနသံဝါသမှု မပြု လေသောရဟန်း။

အထက်ပါ စွဲချက်လေးမျိုးတို့ဖြင့် ရုံးသို့လာ ရောက်ဖြေရှင်းရန် ဆင့်ခေါ်ခံရ၏။ ငါတို့လည်း ပေးသမျှအပြစ်ဒဏ်ခံမည်။ ဘာကိုမျှ ပြန်လှန်မချေ ပ ဟူ၍ ဆုံးဖြတ်ကာ ရုံးတော်သို့သွားရ၏။

ငါတို့မသွားမီကပင် ထိုသတင်း တောမီး ပမာ ပျံ့နှံ့သွားချေရကား မြို့နယ်ဥက္ကဋ္ဌ၏နားသို့ ပေါက်ကြားသွားသဖြင့် အခြေခံရုံးတာဝန်ခံများကို ခေါ်၍ ဆူကြိမ်းသည်ဆို၏။

က။"ဒါငါ့တပည့်တွေ၊ ငါ့အကြောင်းကြားပြီးနေတာ" ၁-၃ နံပါတ်နှစ်ခုလွတ်သွားတော့၏။

ခ။" ဟ-ငါးဝါမပြည့်မီ သေသွားဘယ်လိုလုပ်မတုန်" ၁-နံပါတ်အတွက်သက်သက်။

ဂ။"တောနေ ဧကစာရီရဟန်း ဘုရားချီးမွမ်းပြီးသား ပဲ" အမှတ်-၄ လွတ်သွားပြန်၏။

ဃ။"၁၂-ထွာ၊၇-ထွာအတွင်း ဘယ်လိုဆောက်ဆောက် မင်းတို့ပြောနေဖို့မလို" အမှတ်-၂ ပျက်၏။

သို့ကြောင့် ငါတို့ရောက်သောကာလ- "ဒကာ-ဒကာမတွေ သဒ္ဓါလို့ဆောက်ပေးလျှင် ရွှေကျောင်းကြီးဖြစ်ပစေ နေနိုင်၏။ ဤဒေသ တစ်သက်လုံး နေလိုလျှင်လည်း ချွင်းချက်မရှိ ခွင့်ပြု၏။ သို့သော် ထုံးစံအတိုင်း တစ်နှစ်တာ နေခွင့်ပြုရန် လျှောက်လွှာတင်သွားပါ" ဟူ၏။

"တပည့်တော်များ ဒေသလာရောက်ကျင့် သောရဟန်းများကို တပည့်တော်များက အားပေး ရမှာပါ" ဟူသော ချေးသိပ်စကားဖြင့် အနားသပ်

ပေးလိုက်၏။ ငါတို့ကို ကယ်တင်သွားသည်မှာကား မြို့နယ်ဥက္ကဋ္ဌထံ စာရင်းရေးသွင်းစဉ်က ပထမကြီး အောင်ပြီး၊ဓမ္မာစရိယတန်းအထိ တက်ရောက် သင်ကြားခဲ့ဖူးပါသည်ဆိုသော ပရိယတ်စကားက ပင်တည်း။

## သည်တရားရုံး ဘက်လိုက်သည် မတရား

ထိုတရားရုံးမှ ပြန်လာအပြီး တစ်လမ်းလုံး စဉ်းစားမိ၏။ ရုံးတော်က ငါတို့ကို အနိုင်ပေးသော် လည်း အမှုကားမပြီးပြတ်။ ပြီးပြတ်မည်ကား တိုင်ကြားသူ ကာယကံရှင်ကျေနပ်မှသာတည်း။

ထိုကာယကံရှင်တို့၏ အဓိကမှာ ငါတို့ဤ ဒေသ မနေစေလိုခြင်း၊ သူ့ဒကာ-ဒကာမများနှင့် မရောယှက်စေလိုခြင်းပင် ဖြစ်ချေ၏။ ထိုကိစ္စက လည်း ငါ့မှသာမဟုတ်၊ သူ့ဒေသ သူ့ဥစ္စာတို့နှင့် လာ ရောက်ရောနှောက ရသေ့ဖြစ်စေ၊ ရဟန်းဖြစ်စေ အရေးယူလေ့ရှိ၏။ သို့ကြောင့် ငါ့အားအရေးယူ သည်ကားမဟုတ်။ နယ်ကျွံလူသူသမားများကို အရေးယူခြင်း သက်သက်သာတည်း။

တစ်ဖန် ငါသည် ထိုဒကာ-ဒကာမတို့ ငါ့ထံ မလာစေလို။ ထိုဘုန်းကြီးများကလည်း ငါ့အတူသာ လျှင် ငါ့ထံမသွားစေလို။ သို့ကြောင့် သဘောထား မကွဲ။

တစ်ဖန် ငါသည် ထိုဒကာ-ဒကာမတို့ ၎င်း တို့ ဘုန်းကြီးများထံ သွားစေလို၏။ ၎င်းတို့ကလည်း ၎င်းတို့ထံသို့သာလာစေလိုကြ၏။ ဤနည်းဖြင့် လည်း တစ်စိတ်ထဲပဲ။

တစ်ဖန်လည်း ငါကသာ ရွှေဘိုကနေ ပန်းကုန်းလာပြီး ကျူးကျော်၏။ ၎င်းတို့ကား ငါ့ထံလာ၍ ကျူးကျော်သည်မဟုတ်။ သို့ကြောင့် မင်းနယ်လု ကျူး ကျော်ရေးသမား။ အကယ်တိတိ ငါ့နယ်အတွင်း သူတို့ ဝင်ရောက်လာလျှင် သူတို့စိတ်ထားမျိုးတုန်းကဆို ငါကားသူတို့ထက် ဆိုးမည် သေချာလေသည်တည်း။

ဤသို့စဉ်းစားပြီး ဤဒေသမနေရန်၊ ဤ ဒေသဆွမ်းမခံရန်၊ ကတွန်အနီး ကျောက်ခမောက် ဂူဝယ်ဒုတိယဝါကပ်ပြီး နောက်ဝါဤ၌မဆိုရန်၊ မုတ္တမစစ်တောင်းအတွင်းမှအပ မည်သည့်ဒေသက ပင့်ပင့် လိုက်ပါရန် ဆုံးဖြတ်လိုက်၏။

ပန်းကုန်းရွာ ဒကာ-ဒကာမတို့၏ လိုချင် သော ငါတို့၏ဓါတ်ပုံများကိုလည်း ရန်ကုန်ဒကာ များထံ တောင်းယူရန် လိပ်စာပေးလိုက်၏။ ရန်ကုန် မှ ဒကာများလိုက်လာလျှင် ပြန်လည်လိုက်ပါသွား ရန် အတွင်းကြံ၊ ကြံ၍ပင်တည်း။

၁၃၄၅-ခုနှစ် ဝါခေါင်လပြည့်နေ့တွင်ကား ဖရုံညှာစခမ်းမှ ကျောက်ခမောက် ပြောင်းလာခဲ့၏။ ထိုဂူကို ကတွန်ဒကာ-ဒကာမများက စုပေါင်းပြုပြင် ပေးကြ၏။ လမ်းဖောက်ပေး၏။ အမှတ်ပြထားရှိ ပေးသေး၏။ အစစ ပရိက္ခရာများလည်း စုံလင်စွာ ထားရှိပေး၏။ ပန်းကုန်းမှ ကျွတ်ပြီလွတ်ပြီ ကိုး။

ထိုကျောက်ခမောက်၌ နေစဉ်၏ တပို့တွဲ လထဲတွင် မော်လမြိုင်တောင်ဝိုင်းမှ ဆိုသော ရသေ့ တစ်ပါးနှင့် ဖိုးသူတော်တစ်ပါး ကတွန်ဒကာများမှ တစ်ဆင့် လာရောက်တည်းခို၏။ ဂူကျဉ်းကျဉ်း ကွတ်ပျစ်တစ်ခုမျှကိုပင် ဧည့်သည်နှစ်ပါးစုံသဖြင့် ရသေ့ကားကွတ်ပျစ် ပေါ်မှာထားပေး၍ ဖိုးသူတော် ကိုကား မြေသလင်းပေါ်ဝယ် အခင်းခင်းပေး၍ နေရာချထားပေးရ၏။ ငါတို့ကား ပက်လက် ကုလား ထိုင်ဖြင့်။ ရသေ့ဘွဲ့ကား ဦးသိဒ္ဓိဆို၏။ ဖိုးသူတော် ကား ဘွဲ့မရှိ။ လူမြင့်ဟူသည်သာ။

ရသေ့နှင့်ငါတို့ကား အတူဆွမ်းခံရပြီး ဖိုးသူတော်အားကျွေးမွေးကြရ၏။ ငါတို့တစ်ပါးစာမျှ ကို နှစ်ပါးခွဲခံရပြီး သုံးပါးခွဲဝေ၍ စားသုံးရနည်း

မဟာဗမ္မပါလ



တည်း။ (၉)ရက်ပြည့် ပြန်သွားကြ၏။ ရောက်စတွင် အမွေးတိုင်(တိုင်လုံးစက္ကူဘူး)တစ်ဘူးလှူ၏။ အိန္ဒိယနွယ်ဖွားများပြုလုပ်ထားသော အမွေးတိုင်ဖြစ်ပြီး ထိုဘူးတံဆိပ်(ဖဲချပ်၏သင်္ကေတ စပိတ်ဝမ်း တံဆိပ်)ကို ကြည့်၍ ဝယ်ယူတော်မူကြပါဟူ၏။

## ကိုယ့်နယ်မဟုတ် ဝင်မရှုပ်နှင့် ထွက်တော့

တပေါင်းလပြည့်တွင် ပန်းကုန်းကတွန် ဒကာများ လာကြ၏။ ကော့စိန် မောင်နှမများလည်း လာကြ၏။ မြန်မာနှင့်ရှမ်းသင်း အချင်းချင်းမတည့် ကြတော့ပြီ။ တရားချ၏။ မရ။ နာကျည်းကုန်ကြ၏။ နောက်ရက်များတွင် ဦးစွာ ကော့စိန်တို့က မင်းတစ်ရာ တစ်ပါးမှ ဆင်းသွားကြသဖြင့် ထိုရဟန်း စားရမဲ့ကာ နောက်မှလိုက်ဆင်းရချေတော့၏။ မင်းတစ်ရာ တစ်ပါးကား အထိန်းမဲ့ဖြစ်သွားတော့၏။ နောင်တွင် မောင်နှမများချည်းလာရောက် အပြီးသတ်ကြ၏။

တပေါင်းလကုန်ပိုင်းလောက်တွင်ကား ရန်ကုန်, သာစည်တို့ ပူးပေါင်းကာ လိုက်ပါလာကြတော့၏။ သာစည်ဒကာက အရင်လျှောက်၏။ "သာသနာပြုတော့မည်ဆိုလျှင် တပည့်တော်တို့ ရွှေကျောင်းကုန်းကိုလည်း ကြွပါဦးဘုရား။ အခုတော့ သည်ဂူကြီးက တရားအားထုတ်ဖို့ ပိုကောင်းပါသည်" ဟူ၏။ တစ်လုံးလွဲသွားတော့၏။

ထို့နောက် ရန်ကုန်ဒကာတို့က လျှောက်၏။ "ဒေါက်တာစိုးမြင့်က အလျှောက်ခိုင်းလိုက်ပါသည်ဘုရား။ ဖူးကြီးမှာရှိသော ၄င်းတို့ဆောက်ထားသောကျောင်း ကြွရောက်အလှူခံတော်မူပါဘုရား" ဟူ၏။ ဟင်း- နံပါတ်တည့်နေပြီ။

သို့တစေလည်း ဘာမျှအဖြေမပေးလိုက်။ ကဆုန်လ နောက်တစ်ဖွဲ့လာသောအခါတွင်မူကား ငါတို့၏မယ်တော်များ၊ အမများကိုပါ ခေါ်ငင်လာသဖြင့် ငါတို့ဂူ၌လည်း လက်ခံထားရန်နေရာမရှိ။ တောင်အောက်သို့ ငါတို့ဆင်းသက်တွေ့ရန်ကလည်း အရညကင်ဓုတင်နှင့်၊ ငါတို့စိတ်နှင့်သွား၏။ ဘာကြောင့်များ သည်မျှအကြပ်အတည်း အခက်အခဲကြား မာတုဂါမများ ညဥ့်အိပ်ညဥ့်နေ ခေါ်ခဲ့ရချေသနည်း။ ငါတို့နေရသောအခြေအနေ ဒင်းတို့မသိလေသလော ဟူ၍ပင်။ ခေါ်ခဲ့သူကား ပန်းကုန်းဒကာ-ဒကာမများ ဆို၏။

သို့ကြောင့် တောင်ခြေ ဆင်းသင့်,မဆင်းသင့် ဓုတင်အပျက်ခံ-မခံ စဉ်းစား၏။ တစ်ဖန်ဓုတင်ပျက်သော် နေရာပြောင်းဖို့ပင် ရှိတော့၏ ဟူ၍လည်း ဆုံး ဖြတ်ထား၏။ နောက်ဆုံးအဖြေမှာ မိခင်ကြီး(ထိုစဉ်က အသက်(၇၂)နှစ်ရှိနေပြီ) လိုက်လာလျက်ကမှ ဆင်းမတွေ့လျှင်မသင့်ဟူ၏။

ကျန်းမာရေး ကောင်းပါလျက်က ရွာသို့ဝင်ကပ်လျှင် တောရအကျင့်ပျက် ဖြစ်ရပြီ။

ထိုဆုံးဖြတ်ချက်အရ ဇင်းကျိုက်မှ ရန်ကုန်ပြောင်းမည့်အကြောင်း ကြေညာလိုက်၏။ ငါတို့ကိုအားကိုးကြလေကုန်သော ပန်းကုန်း,ကတွန်ရှိ ဒကာ-ဒကာမများတို့မှာမူကား မရှင်နိုင်ကြပြီ။ ရန်ကုန်နှင့်အဆက်အသွယ်လုပ်မိလေသော ဦးစံတင်ကား မျက်နှာကောင်းမရရှာပြီ။

၁၃၄၆-ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်နေ့သည် ကျောက်ခမောက်ကို စွန့်သောနေ့။

၁၃၄၆-ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်နေ့သည် ဇင်းကျိုက်နယ်မြေကို အပြီးစွန့်သောနေ့။

ထိုနေ့နံနက်တွင် ရန်ကုန်မှ ဦးကျော်မြင့်(မိုးမခ)၏ကားဖြင့် ရန်ကုန်လိုက်ပါလာခဲ့ပြီး ညနေ(၆)နာရီတွင် ရန်ကုန်သာသနာ့ဗိမာန်သို့ ရောက်၏။ မိခင်ကြီးကျေးဇူးဆပ်ပွဲ၊ သာသနာ့ဗိမာန်ကျေးဇူးဆပ်ပွဲ ဟုဆိုကာ တစ်လတိတိ တရားဟော, တရားပြဆွမ်းခံကိစ္စ ပြုကျင့်၏။

တစ်လပြည့်သော နယုန်လပြည့်နေ့တွင်ကား ငါ့အား သာသနာ့ဘောင်၏ရဟန်းအဖြစ် ချီးမြှင့်ပေးသနားတော်မူကြခဲ့ပါသော ဆရာတော် ဦးသေဋ္ဌိလ(ကမ္ဘာ့ဗုဒ္ဓသာသနာပြု)ကြီးမှူးသော ကာရကသံဃာ ကမ္မဝါစာဆရာ(၁၀)ပါးနှင့် ငါ့အား တရားအမွေချီးမြှင့်ပေးသနားတော်မူခဲ့ကြပါသော ဆရာတော်ဦးပဏ္ဍိတာဘိဝံသ(ရွှေတောင်ကုန်း ထိုစဉ်ကအမေရိကန်ကြွရောက်နေသည်)နှင့် ဆရာတော်ဦးပညာသာမိ(ရွှေရေးဆောင်)ကမ္မဋ္ဌာနာစရိယနှစ်ပါး ပေါင်း(၁၂)ပါးတို့အား ပင့်ဖိတ်၍ ကျွေးမွေးဆပ်ပွဲကျင်းပ၏။

ဆွမ်း၊ သင်္ကန်း၊ ဆေး အားလုံးစုံလင်၏။ မစိုးရိမ်ဆရာတော် ဦးကောသလ္လလည်း ကြွရောက်ချီးမြှင့်၏။ သိမ်ဝင်ကာရက(အမှုဆောင်)သံဃာ (၁၀)ပါးထဲမှ အဘိဓမလနှင့် ဆရာတော်ဦးတေဇနိယတို့နှစ်ပါးသာ လစ်လပ်၏။ ကျန်အားလုံး စုံလင်၏။ နံနက်ဆွမ်းစားအပြီးတွင် ဆရာတော်ဦးသေဋ္ဌိလက ဩဝါဒကထာချီးမြှင့်ပြီး နေ့(၂)နာရီတွင်ကား ဆရာတော်ဦးပညာသာမိ(ရွှေရေးဆောင်မဟာစည်) က တရားချီးမြှင့်၏။

"ဆရာ, တပည့်နှစ်ဦးရှိရာ တပည့်က သစ်ပင်အတက်၊ ဆရာကသစ်တက်ညွှန် ပြုလုပ်၏။ ထိုစဉ် သစ်ပင်တက်တပည့်၏ ကြိုးစားမှုကား သစ်ပင်ခေါင်ဖျားထိပ် နီးနေသည်အထိဖြစ်၏။ ဒါကိုပင် ဆရာဖြစ်သူက အောက်မှနေ၍ နည်းနည်း တိုးလိုက်ပါဦးဟု ဆိုသတတ်" ဤကား ဆရာတော် ဦးသေဋ္ဌိလ၏ ဩဝါဒကထာတည်း။

"အကြင်ယောဂီသည် ဦးစွာအကျင့်၏ တစ်ကျင့်တည်းဖြစ်အောင်ကြိုးစားရာ၏ အကျင့်စင်လျှင် မှတ်စိတ်လည်း တစ်စိတ်တည်းသာဖြစ်လာရကား စိတ်ပါပင်စင်ကြယ်စေတော့၏။ ထို စိတ်စင်ကြယ်နေပြီဖြစ်သောယောဂီ မိမိခန္ဓာရှိ ထိမှု-သိမှုတို့ကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်ခွင့်ရလာ၏။ ထိုနှစ်ခုတို့ တစ်ခုနှင့်တစ်ခု အပေးအယူလုပ်၍ တစ်ခရီးထဲသွားနေသည်ကိုလည်း ဟုတ်တိုင်းမှန်စွာ မြင်ခွင့်ရလာ၏။

ထို အထိနှင့်အသိတို့၏ ခရီးတူသွားရင်းက အာရုံကို ခံစားသွားကြလေရာ ထိုအာရုံနှင့် အာရုံတိုက်ခိုက်ရာ ဌာနတိုင်းတို့ဝယ် တရိပ်ရိပ် ပျောက်, တရိပ်ရိပ်ပျက်, တရိပ်ရိပ်မျှသော အငွေ့ အသက်မျှသာကိုလည်းကောင်း၊ ထိုအငွေ့သော်မှ အသွားသွက်သလောက် တက်မှု-သက်မှု မြန်ဆန်နေသည်ကိုလည်းကောင်း၊ အမြန်လွန်လှသဖြင့် အပျက်ဘက်သို့သာ ကျွံနေသည်ကိုလည်းကောင်း၊ အပျက်ရပ်သော်မှ အဖြစ်ကထပ်လာပြန်သဖြင့် အဖြစ်နှင့်အပျက် အတိုက်ဘက်,အခံဘက်ပမာ အလှန်အပြန် စုန်ဆန်ပြနေသည်ကိုလည်းကောင်း၊ အတိုက်အခံကြားမှခရီးသွားကား ထိုအတိုက်အခံ များနှင့် လားလားမျှ မဆိုင်လေသည်ကိုလည်း ကောင်း ဆက်တိုက် မြင်သိခွင့်ရလာ၏။

ထိုသို့ ကောင်းဆိုးနှစ်စုံ မည်သည့်အတိုက် အခံ အာရုံကိုမျှ မဆိုင်သည့်အလျှောက်မပိုင်၊ မပိုင်သည့်အလျှောက်လည်း မကိုင်လေသောအခါ အစွဲ ဟူ၍ ထိုယောဂီ၌ ဘာဆိုဘာမျှ မရှိတော့ပြီ။ ထိုယောဂီ၌ မစွဲလျှင်မငြိ၊ မငြိသော်လွတ်ပြီ ဟူ၍ မှတ်ရာ၏" ရှင်းလွန်းလှချေ၏။

ဤကား ဆရာတော်ဦးပညာသာမိ၏ အလုပ်ပေးတရားမှ လိုရင်းအချုပ်တည်း။

နယုန်လပြည့်၏ ထိုပွဲအပြီးတွင် ဝမ်းသာ ကြည်နူးရပါ၏။ ဆရာတစ်ပါးက ကြိုးစားရန်တိုက်တွန်း သွားပြီး၊ နောက်တစ်ပါးကား ကြိုးစားလျှင် ဤလိုဖြစ် နိုင်သည်ဟူ၍ ဆက်ပေးသွားသောကြောင့်။

ငါတို့ယခုနှစ်(၁၃၄၆-ခုနစ်)ဝါဆိုရန်ကိုကား ဖူးကြီးသံသုမာတောင်ကို ရွေးချယ်လိုက်၏။ ထိုတောင်သို့ ဝါဆိုခါနီး(လဆန်း(၁၁)ရက်၊ တနင်္ဂနွေ နေ့) မှသာသွားရန် ရက်ချိန်းပေးလိုက်ပြီး ငါတို့ကား ကျိုက်လပ်မြို့နယ်၏ ကျီးချောင်းရွာ ပြည်လုံးချမ်းသာ သို့ (၁၀)ရက်မျှ သွားရောက်ကျွေးမွေးဆပ်ရသေး၏။

 မဟာဗမ္မပါလ



ကျိုးချောင်းမှပြန်ရောက်သော် ဖူးကြီးနယ်၏ သီလဂုဏ်သတင်း ကြီးမြင့်တော်မူသော ရွှေမြရာကုန်းဆရာတော်က ဝါဆိုခါနီးမှာကပ်မလာဘဲ စောစီးစွာလာဖို့ မိန့်သဖြင့် လဆန်း(၄)ရက်နေ့သွားရ၏။ ဖူးကြီးသံသုမာရ(မိချောင်းတစ်ကောင်တွားသွားနေပုံမျိုးနှင့်တူသောတောင်)တောင်သို့ မသွားမီ ဦးစွာရွှေမြရာကုန်းကျောင်း၌ဝင်ရ၏။ ထိုကျောင်း၌ပင် သံသုမာတောင်၏ ဂေါစရဂါမ်ဖြစ်သော ဖူးကြီးချော်ကုန်းအဝင်အပါ နယ်သံဃာ စုံစွာဖြင့် ငါတို့၏ကျောင်းတက်ပွဲ ကျင်းပရ၏။ ကျောင်းဒကာကြီး ဒေါက်တာဦးစိုးမြင့်(ဓါတ်ရောင်ခြည်ဌာနအထူးကုပါရဂူကြီး)တပည့် ဦးသောင်းညွန့် (ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်တာဝန်ခံ)တပည့်မဒေါ်ခင်လှဝင်း(ဆေးရုံကြီးသူနာပြုဆရာမ) တို့ကိုလည်း ထိုမြယာကုန်းမှာမှတွေ့ကြရ၏။ ရောက်သည်နှင့်စစ်ဆေးခံရ၏။ သံဃာတော်များ နှစ်သက်တော်မူကြ၏။ သံသုမာတောင်သိတင်းသုံးရန် ခွင့်ပြုတော်မူကြ၏။

ထိုစဉ်အတားပေါ်လာ၏။ဘုန်းကြီးတစ်ပါးက ထိုတောင်သို့ သူ့တပည့်ရဟန်းတစ်ပါးထားရန် စီစဉ်ပြီးစီးနေပါပြီ။ ယခုသည်ကိုယ်တော်ကြွလာသဖြင့် ရှေ့ဆက်လက် မည်သို့ဆောင်ရွက်ရပါမည်နည်း ဟူ၏။

ထိုအခါ ရွှေမြရာကုန်းဆရာတော်ကြီး ကပင်သာလွန်မင်းကြီး၏ ရွှေဥမင်နှင့်တောင်ဖီလာ လောကီဆရာ-လောကုတ်ဆရာ ဆရာနှစ်ဖြာထားကိုးကွယ်သွားသလို၊ နှစ်ပါးစလုံးပင် ကိုးကွယ်ပါ ဆုံးဖြတ်ပေး၏။ ငါတို့ကား ခြေလှမ်းချမည့်ဆဲဆဲ ရပ်မိန့်ပေးခံလိုက်ရသည့်ပမာ ရှေ့ဆက်၍ မသွားလိုပြီ။

- အတားမှန်သမျှ မကျေနပ်ရာမှ ပေါ်သော အညှောက်တစ်မျိုး။
- မကျေနပ်ခြင်းသည်ကား မနေအပ်ခြင်း၏ သင်္ကေတတည်း။

ငါတို့အဘကား သွားမည့်ခရီး အတားပေါ်လာက မည်မျှအရေးကြီးခရီးဖြစ်ဖြစ် ဇွတ်တိုးမသွားပြီ။ တစ်ဖန် စီးနင်းမည့်ကား သာသနာ့အလံဖောက်ထိုးလွှင့်ထူပေးထားကလည်း ရှေ့တိုးမလာတော့ပြီ။

မှတ်မိသေး၏။တစ်ခါက ငါတို့နှင့်အတူ ကန်တော်ကြီးစောင်းလမ်းလျှောက်ရန် မြေပဒေသာထိပ်မှနေ နတ်မောက်လမ်းအတိုင်း ကြွတော်မူရာ မြေပဒေသာ စည်းမလွန်မီ၌ပင် အိန္ဒိယနွယ်ဖွားအမျိုးသမီးကြီးတစ်ဦး ထွက်လာပြီး ထောပတ်သုတ်ထားသောနံပြား (ကပ်ကျေးဖြင့် အစိပ်စိပ် ညှပ်ပြီးသား)ကို လှူလည်းလှူ၏။ ပါးစပ်မှလည်း ဝွတ္တဲ့လစ်မီးလောင်သွားပြီ၊ မောင်လည်းပဲပါသွားပြီ စီးပွားလည်းပျက်ပြီစသည်ဖြင့် ပြောရာ-"အေး-အေး ငါသိတယ်၊ အေး-ငါသိတယ်၊ တော်-တော်" ထိုသို့ပြောပြီး ရှေ့ဆက်မလျှောက်တော့ပြီ။ ချက်ချင်းကားဆီပြန်ကြွလာပြီး ကျောင်းပြန်ချေတော့၏။ ကျွှာသယသိမ်သမုတ်ပွဲ အတားဝင်တိုင်း ကျောင်းပြန်ကြွသည်ကိုလည်း ရေးပြခဲ့ပြီး ဖြစ်ခဲ့၏။

ငါတို့ကား ဒကာတို့၏ သဒ္ဒါနှင့်စေတနာကိုငဲ့ရသဖြင့် မျက်စိမှိတ်တိုးခဲ့ရ၏။ တောင်သို့ရောက်သော် နှစ်ပါးပြိုင်ကားမပေါ်လာ၊ ငါတို့တစ်ပါးတည်းသာ။

ဆွမ်းခံရွာအဖြစ် ချော်ကုန်းရှမ်းရွာကြီးတစ်ရွာတည်းကိုသာ ဆွမ်းခံရွာသတ်မှတ်၏။ လပြည့်,လကွယ်ဥပုသ်နေ့တိုင်း ချော်ကုန်းကျောင်းသို့သွား၍ ဥပုသ်ပြုရမည်ဟူ၍ ရွှေမြရာကုန်းဆရာတော်အမိန့်ထုတ်သဖြင့် ဥပုသ်နေ့တိုင်းသွားရောက်ကာ ဥပုသ်ပြုရ၏။

ဝါဆိုလကွယ်ဥပုသ်နေ့ ဆွမ်းခံရင်းမှ ဥပုသ်သွားပြုလေသောအခါ ရွှေမြရာကုန်းဆရာတော်က သူ့ကျောင်းသို့လာရန် မိန့်လိုက်ကြောင်း ဆီးကြိုပြောသဖြင့် ဆွမ်းစားအပြီးသွားရ၏။

အဘယ်နည်းဖြင့်ကျင့်သနည်း။ စတင်စစ်

မဟာဓမ္မပါလ



၏။ မဟာစည်ဆိုသော်- အဘယ်ဆရာ့ထံ နည်းခံသနည်း ဆက်၏။ ဆရာတော်ဦးပဏ္ဍိတ ဖြေရ၏။ တစ်ဖန် ဦးကုဏ္ဍလ မရှိလော ဆက်စစ်၏။ ဆရာတော်ဦးကုဏ္ဍလကား သဒ္ဓမ္မရံသီဟူသောအမည်ဖြင့် မဟာစည်တိုက်ခွဲဖွင့်ပြီး နေပါသည်ဘုရား ဖြေရ၏။ တစ်ဖန်အဘယ်ဓုတင်များဆောင်သနည်း ဆက်စစ်သဖြင့် ဆောင်သောဓုတင်သာမက ဆောင်ပုံအစစ်ခံရ၏။ ထိုတွင် ခလုပစ္ဆာဘတ် ယထာသန္တတိက တို့၏ အဓိပ္ပါယ်ကိုမေးပြန်၏။

အတိရိတ္တ ဘောဇနံ ပဋိက္ခိပ္ပါမိ ကိုထောက်၍ ပဝါရိတ်သင့်ပြီးသော် အတိရိတ်ထပ်မတင် အပြီးအစီး ပယ်လိုက်ရသည်ကို ဆိုလိုပါသည်ဘုရား ဟူ၍လည်းကောင်း၊

လောလုပ္ပ ဝိဟာရံ ပဋိက္ခိပ္ပါမိ ကိုထောက်၍ ကျောင်းဆိုး, ကျောင်းကောင်းမရွေး အရင်တွေ့ရာ,ရရာကျောင်းကိုသာ လက်ခံနေထိုင်ခြင်းကို ဆိုလိုပါသည်ဘုရားဟူ၍လည်းကောင်း ဖြေကြားရ၏။

ထို့နောက် ညနေတွင် ပြန်လည်လွှတ်လိုက်၏။ မကြာမကြာလာရောက် တရားအစစ်ခံရန်လည်းမိန့်လိုက်သေး၏။ ဤဒေသ၌ ဝါဆိုစာရင်းသွင်းမထား။ မိမိနေလိုသလောက်ကား နေနိုင်သည်ဟူ၍လည်း မိန့်လိုက်၏။ ဧည့်သည်ခရီးသွားငါတို့နှင့်ကား အံကိုက်တည်း။

## သံထိုးသဖြင့် ဗိုက်နာဗိုက်အောင့်ရောဂါ စွဲကပ်လာခြင်း

ထိုတောင်၌ နှစ်ဝါမျှ(၁၃၄၆-၄၇ ခုနှစ်) ကြာညောင်းသွား၏။ အစက တစ်ဝါတွင်း၏ မိုးခိုရုံလောက်မျှရည်စူး၏။ ဒေါက်တာမိသားစု၏ စိတ်ထားရည်မွန်ခြင်း၊ဝေယျာဝစ္စတာဝန်ယူရလေသူ ဦးသောင်းညွန့် -ခင်လှဝင်းတို့၏ သဒ္ဓါစိတ်က ထက်သန်ခြင်းများကြောင့် စောင့်ဆိုင်းနေရ၏။ ထိုတောအတွင်း သတင်းကောင်း သတင်းလှန့်များကလည်း ထွက်လာပြန်၏။

- ဖူးကြီးနားမှာ ရဟန္တာတစ်ပါး ပေါ်နေသတဲ့ဟူ၍, ဟူ၍။
- ရဟန္တာ ဈာန်ပျံနေတာ ဘယ်သူကမြင်ရသတဲ့ စသည်, စသည်။

စင်စစ် ငါတို့ကား ရဟန္တာမဟုတ်။ ရဟန်းနာမျှသာတည်း။ မည်သည့်ဒေသရောက်ရောက် တောထွက်အကျင့်မျိုးဖြစ်သဖြင့် အထင်ကပ်ခံရခြင်း။ ထိုအထင်ကပ်ကလည်း လောကီအတတ်၊ ဝိဇ္ဇာပညာရပ်၏စွမ်းပကား (အပ်ချလောင်း) အပြည့်ရှိအံ့နိုး ဖြစ်ခြင်းများကြောင့် ဘယ်လက်ကလှူပြီးတိုင်း ညာလက်ဖြင့်အတောင်းခံနေရခြင်း။ ညာလက်ဖြင့်လှူပြီးတိုင်းလည်း ဘယ်လက်ဖြင့်ဆက်ဆက်အတောင်းခံနေရခြင်းတို့ကို အမြဲခံနေရ၏။ စိတ်ငြိမ်သက်မှုကို အတို့အလှုပ်ခံရခြင်း။

တစ်ဖန် အနီးကပ်ရင်းနှီးပြီး ဒကာ-ဒကာမတို့၏ ဈေးသည်က- ရောင်းမကောင်းသဖြင့် အရေးဆိုခြင်း၊ အလုပ်ရှင်ကုန်သည်တို့က- အလုပ်မတွင်သဖြင့် ငြူစူကြခြင်း၊ အမှုထမ်းတို့ကလည်း ရာထူးမတက်နိုင်သဖြင့်လည်းကောင်း၊ ရာထူးအချခံရသဖြင့်လည်းကောင်း အပူကပ်ကြခြင်းမှသည် နိုင်ငံခြားသွားလိုသူ၊ နိုင်ငံခြားရောက်ပြီးဖြစ်သော် အလုပ်မကောင်း, ဝင်ငွေမကောင်းသူ၊ မိမိနေမြေမှာဖြစ်က အမွေကိစ္စ၊ အိမ်ထောင်ရေးကိစ္စ၊ ရည်းစားကိစ္စတို့ပါမကျန် စေတစ်လုံးကိုင် ရင်ဆိုင်ဖြေရှင်းပေးစေလိုခြင်းများကြောင့် ရင်မအေးနိုင်။ စိတ်ချမ်းသာမှုကို ဝိုင်း၍ချိုးဖျက်နေကြခြင်း။

သို့ကြောင့် ငါတို့၏ တောတောင်ထွက်ရဟန်း၏အဖြစ်သည် အသာကားမပြသေး အနာသာ ထွက်ရေးရှိ၏။ ပညာမစီး သဒ္ဓါမျှသာကြီးသဖြင့် သဒ္ဓါမှာ တဏှာအစာကပ်ထားလေသော ဒကာ-

မဟာဝမ္မပါလ



ဒကာမများတို့ပေါ်များရာ ငါတို့ခေတ်၌ကား ဒါန ဟူသည် စွန့်လွှတ်ခြင်းမဟုတ် ရယူခြင်းမျှသာတည်း။

ပရဟိတစေတနာဆိတ်သုဉ်း၊ အတ္တဟိတ စေတနာလုံးလုံးမျှသာတည်း။ သံယာ၏အကျင့်ဂုဏ် သို့ မြင်ထိုက်သောဉာဏ်ပညာ မပွင့်ထွန်းရှာကြတော့ သဖြင့် ပုဂ္ဂိုလ်သို့ သိမ်းပိုက်လာခြင်းမျှသာတည်း။

ရဟန်းနာကြီးဘဝ သည်မျှမကသေး- ဒုတိယမြောက်ဝါ(၁၃၄၇-ခုနှစ်၏) ဝါကျွတ်ပြီးသည် နှင့် နိုင်ငံခြားသံရုံးများကပါ ပါလာပြန်၏။ တောင် ကား လယ်တောတို့ ခြားနေသဖြင့် လယ်များရိပ် သိမ်းပြီးမှသာ ကားလမ်းပေါက်၏။

ကားဝင်၍ ထွက်၍ရသည်ဆိုသည်နှင့် ရန်ကုန်သား၏ ရန်ကုန်ကားများ ဝင်လာကြကုန်၏။

ထိုတွင် နိုင်ငံခြားသံရုံးမှ သံအမတ်ကြီးများ၊ သံအမတ်ကတော်ကြီးများ စသည်လည်းလမ်းပေါက် ၍လာကြကုန်၏။ ၄င်းတို့ ဆာလောင်တမ်းတကြ သောအရာမှာ-

ကမ္ဘာကြီးပူလောင်နေပြီဖြစ်သဖြင့် အရှင် ၏ သီလအားဖြင့် မေတ္တာပွားပေးပါဟူ၍ပင်တည်း။ အမျိုးကိုးကွယ်ရာဘာသာ ဘယ်သို့ခြားခြား အေးလို ခြင်း၌ကား ထပ်တူချည်းပေပဲတကား။

သံအမတ်ကြီးမိသားစု ယနေ့လာပြီး ယနေ့ ပင် ပြန်သွားကြချေပြီ။

နက်ဖြန်တွင်ကား လိုက်ပို့သူ၊ လက်ခွဲသူ အားလုံးတို့ကို သူဆိုင်ရာမှ ခေါ်ယူအစစ်ဆေး ခံကြ ရ၏။ ငါတို့တစ်ပါးသာလျှင် အစစ်ဆေးမှသီသီလေး လွတ်ကင်းခဲ့ရချေ၏။ မေးသောမေးခွန်းများမှာ -

"သံအမတ်ကြီးနှင့် သံအမတ်ကတော်များ ကဆရာတော်ကို ဘာတွေလျှောက်ထားသွားသလဲ"

"ဆရာတော်ကကော ဘာတွေ ဘာတွေ ပြန်လည်မိန့်ကြားလိုက်သလဲ" ဟူ၍ပင်တည်း။

သံထိုးလာရသဖြင့် အနေဆိုးလာပြီ။

ထိုသို့ အနောက်၏သံများ တိုးဝင်လာ သဖြင့် အခြေအနေဆိုးရသည့်အထဲ ငါတို့၏ ဝမ်းဗိုက်ကလည်း မကောင်းကြတော့။ ဇင်းကျိုက်၏ (၃)နှစ်လုံးလုံး လေချုပ်ဝမ်းချုပ်ဝေဒနာ၊ ထိုနှစ်ချုပ် တစ်ပေါက်ထဲညှပ်၍ ပိတ်ထားရာမှ ရန်ကုန်သို့ တစ်လဝင်အနားတွင်ကား သွေးဝမ်းများ သွားစပြု လာကြတော့၏။ ဝမ်းကိုက်ရောဂါကဲ့သို့ သွေးဝမ်း များ တစ်စက်တစ်စက်ကျနေ၏။

ထိုသွေးဝမ်းသွားနေရာမှ ဖူးကြီး၏ (၂)နှစ် လုံးလုံး အစာအိမ်အလုပ်မလုပ်တော့၊ စားသလောက် ၏ စားသည့်အတိုင်း ပြန်ထွက်နေချေပြီကော။

## ယောကျ်ားစိတ်မျိုးမှမတည် ထမီသာဝတ်ထားပေရော့

ထိုသို့ ပရိတ်သတ်ဒဏ်၊ ရောဂါဒဏ် ခံစား နေရသော်လည်း အားထုတ်မှုကား အားရကျေနပ် ဖွယ်ရာသာရှိဘိ၏။ မိုး၊ နွေ ၌ ခံစစ်၊ ဆောင်း၌ကား ထိုးစစ် ဆင်နိုင်ခဲ့၏။

မိုးတွင်းကာလသည် မိုးများဒေသလည်း ဖြစ်၏။ ကျွတ်,မျှော့ စသောသတ္တဝါများ ကျက်စား ရာဒေသလည်းဖြစ်၏။ သို့ကြောင့် နေ့-ညလုံး ကျောင်းပေါ်၌သာနေခွင့်ရ၏။ နွေကာလသည်ကား ပရိတ်သတ် အသွားအလာအကူးအခတ် များပြား လှခြင်း၊ ပူပြင်းလှခြင်း၊ တောမီးများ အကြီးအကျယ် လောင်ကျွမ်းခြင်း များကြောင့် နေ့-ညအလုံး ကျောင်းအောက်သို့ ဆင်း၍မလျှောက်သာပြီ။

ဆောင်းသည်ကား မိုးစဲကာလလည်း ဖြစ် ၏။ အပူစဲကာလလည်းဖြစ်၏။ အိုက်စပ်ခြင်းလည်း မရှိ၊ ရွှံ့လည်းမပေ၊ ခြေလည်းမစွတ်စို။ ထိုဆောင်း သည် ငါတို့နှင့်အကြောင်းအပေါင်းတည့်သော

မဟာဗောဓိပါလ



ဆောင်းတည်း။ ဇင်းကျိုက်ဒဏ် နလံထူရန် ကုစားပေးသော ဆောင်းတည်း။

နေသဇိုကမူတင်သည် မအိပ်မနေလျှင် အဆုံးရှိစေရမည်။ ထိုမူတင်ဖြင့် အိပ်ချင်မှုကို ဖြိုခွဲအံ့ အဓိဋ္ဌာန်၏။ ဆွမ်းကိစ္စအပြီး၏နေ့တွင် တစ်ထိုင်ကို တစ်နာရီခွဲဖြင့် သတ်မှတ်ပေး၏။ ညနေ(၆)နာရီမှ ကား ည(၁၂)နာရီအထိကို အနည်းဆုံးသာပါဟူ၍ အဓိဋ္ဌာန်ပြီး ထို့နောက်တွင်ကား အာရုံမိသလောက် တိုး၍ထိုင်စေ၏။ ထိုအချိန်ကြီးပြီးသော် ညသည် စိတ်၏မိတ်ဆွေဖြစ်၍ ရုပ်၏ရန်သူဖြစ်နေတတ်လှချေ၏ကြောင့် စကြံကမ္မဋ္ဌာန်းကိုသာ ဦးစားပေးစေ၏။ အထိုင်တစ်ခဏ၊ အသွားကားတစ်ညလုံးထုံးတည်း။

အဘယ်ကြောင့်ဆိုသော် အပူရှိန်နေနှင့် ဝေးလေ အေးရှိန်ဝင်လေဖြစ်ပြီး၊ ထိုအအေးရှိန်ပိုလေ မွေးညှင်းပေါက်များပိတ်လေ ဖြစ်ချေရကား ဝမ်းတွင်းရှိ အပူခိုးအပုပ်ခိုးများ ပြင်ပသို့ ထွက်ပေါက်မရပြီ။ အပြင်မထွက်ရသော် အထက်တက်ထိုးဆောင့်လေသဖြင့် အိပ်ချင်ငိုက်မြည်းမှုပေါ် ရချေသည်။ အုတ်ဆက်ကျောမှတက်၍ ငယ်ထိပ်ဘက်အထိုးနှက်ခံနေရသော ထိုအိပ်ချင်စရာ အပူသွေးအပုပ်သွေးများ ကျလာစေသောအခါ ထိုသူခများ မနေသာသောကြောင့်ပင်တည်း။ သို့ကြောင့်ကိုယ်ချမ်းသာရေးနှင့် ကိုယ်ကောင်းစားရေး အလေးပေးသူတိုင်း ညဟူသည်ကား အပူချိန် အပုပ်ချိန် မျှသာတည်း။ စိတ်ချမ်းသာရေး အလေးပေးလေသူတို့ကား ညဟူသည် စိတ်ငြိမ်းချမ်းရာ နိဗ္ဗာန်၏ နမူနာ ပြတည်း။

ည၏တိတ်ဆိတ်ခြင်းသည် စိတ်ငြိမ်ဆိတ်မှုနှင့်တကွ ကိုယ်ငြိမ်ဆိတ်မှုကိုပါ တာဝန်ယူ၏။ နေ့မှာကဲ့သို့ တမင် သမာဓိထူထောင်ရန်မရှိ ရှိသော်မှ လွယ်လွယ်နှင့် စိတ်ကိုမိလာတတ်၏။

အာရုံဆိုသော သူတစ်ပါးတို့တိုက်ခိုက်မှုကြောင့်ပျက်သော ကိုယ်, စိတ်မျိုးလည်းမရှိ။ ပျက်သောသီလမျိုး၊ သမာဓိမျိုးလည်းမရှိ။ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ်ကမှုမကလက်၊ သမာဓိတက်ဖို့ သေချာသည်။ စိတ်အလုပ်ဖြင့် အသက်မွေးလိုသူတို့အဖို့ ညသည် ကုဋ္ဌာသယရွှေအိုးပမာတည်း။

ထို(စိတ်၏ငြိမ်ဆိတ်မှုကို အထွင့်အထိပ်ရောက် ပို့စေတတ်သော)ညကို ငါတို့ကား အစတွင် ကျောင်း၏ပြင်ပလမ်းမတစ်လျှောက် စင်္ကြံလျှောက်လျက်က တစ်မိုးသောက်စေ၏။ တစ်မိုးသောက်သဖြင့် အောင်ပြီများ သွားမကြွားလေလင့် ဆန္ဒအား, ဝီရိယအား ချနားခြင်းမပြုလေလင့်၊ အအိပ်ကား ထိပ်ဆောင့်လျက်က တက်လာတတ်လှချေသည်။ နောက်သော် ထိုင်လျက်ကလည်း ရလာပြီ။

မအိပ်မနေအကျင့်၌ တစ်ရက်သည် လွယ်၏။ နှစ်ရက်သည်အလွန့်အလွန်ခက်၏။ သုံးရက်ကား ခက်ရုံသာရှိ၏။ လေးရက်ကားမခက်၊ ငါးရက်စသည်ကား လွယ်မှလွယ်သို့ ရှင်သွက်စေ၏။

ထိုရောအခါ နေ့(၁၂)နာရီမှသည် ည(၁၂) နာရီအတွင်း ထိုင်ချိန်, စင်္ကြံချိန် နှစ်ဘို့ဖြင့် ပို့ပေးရချေ၏။ ထို့နောက် စင်္ကြံအားပြု၊ နံနက်(၄)နာရီကျလေမှ ထိုင်၍ရှုခြင်းဖြင့် ဆက်စပ်ပေးရပြီး၊ကျင့်သားရလာသော် ည(၁၂)နာရီမှည(၁)ချက်ထိုင်ချိန်ကို ဦးစွာတိုးမြှင့်ပေးရချေသည်။ ၄င်းဖြင့်ကျင့်သားကျသွားလေမှည(၂)ချက်ထိုင်ချိန်ကို ဆက်စပ်ပေးလိုက်လျှင် တရားပတ်လည် ရက်ပတ်လည်တို့ လည်စေတော့၏။ နေ့မရှိ ညမရှိ အချိန်၏ရွှေ့လျားခြင်း မျှသာ ရှိချေတော့၏။

ဤနည်းဖြင့်အားထုတ်၏။ ထိုသို့အားထုတ်သဖြင့် အမှတ်ရှိန် အချိန်ပြည့် လှည့်ပတ်ပေးနေသောအခါ အပူပေးဝီရိယနောက် အအေးစွက်သမာဓိက ထိန်းသိမ်းမပေးသဖြင့် မှတ်ဉာဏ်သည် အသိဉာဏ်သို့ တိုးမြှင့်မပေးနိုင်ပြီ။

ကောင်း,ဆိုး နှစ်ခု ခံစားမှုအပေါ် မထူးဇာတ်ခင်းထားသောစိတ်သည် အသိဉာဏ်ကိုပင်မထူးဇာတ် ဆက်၍ခင်းနေချေတော့ရကား သဒ္ဓါ, ဆန္ဒအား

မဟာဓမ္မပါလ



များကျဆင်းစပြုလာတော့၏။ နေ့-ည၏ ကြည်ကြည်လင်လင်မှ ကြောင်တက်တက်ဆီသို့ ထိုစိတ် လှည့်ထွက်လာ၏။

တစ်ည ခုတင်ပေါ်ဝယ် ည(၁၀)နာရီထိုင်ချိန် တက်ရောက်ထိုင်မိ၏။ မထူးဇာတ်ခင်းနေသောစိတ်၏ မထူးမှုသည် ဘာကိုမျှအထူးမတွေ့တော့ရကား'ကဲဟာ-ငါသည် အားထုတ်နေပါလျက်နှင့်ကမှမထူး, မလုပ်တော့ဘူး' ဆိုကာ ပစ်လှဲအိပ်လိုက်တော့၏။

ည၏ အိပ်ပျော်သွားချိန်၌ကား ကျောင်းပေါ်သို့ ကျောင်းစိမ်းထဘီဝတ်မိန်းမများ အများအပြား ဝင်ရောက်လာ၏။ ငါတို့၏ခုတင်ဘေးသို့ ပတ်ပတ်လည်ဝိုင်းအုံလာကြ၏။ ပြီးသော်အချို့ကား ငါ၏သင်္ကန်းများကို တစ်လွှာချင်း တစ်ထပ်ချင်း ချွတ်ပေးကြ၏။ အချို့ကား ခါးအောက်ပိုင်းသို့ အစိမ်းရောင် အထည်သွတ်၍ ဝတ်ပေးကြ၏။ အချို့ကား ခါးအထက်ပိုင်းဝယ် အတွင်းခံအင်္ကျီဝတ်ပေးသူကဝတ်ပေး၊ အပေါ်အင်္ကျီဝတ်ပေးသူကဝတ်ပေး ကြယ်သီးတပ်ပေးသူကတပ်ပေးနှင့် ငါတို့သည်ကား ဖုန်းကညာတစ်ပါး လုံးရာမှပြားသို့ ပို့ပေးခြင်းကို ခံရလေသတည်း။

## နောက်ဆုတ်,ရှေ့တိုး တစ်မျိုးကောင်းအုံ

တစ်ဖန် ထိုကြောင်တက်တက်စိတ်ကို ကစားအုံသောဌာ ည(၁၂)နာရီသို့တိုင်လျှင် ကိုယ်,စိတ်တို့ကို လွတ်လွတ်ကျွတ်ကျွတ် အနားပေးလိုက်ပြီး၊ နံနက်(၂) နာရီထိုင်ချိန်မှစတင်ကာ ကိုယ်,စိတ်တို့ကို အလုပ်ပေးခိုင်းကြည့်၏။ အခြေအနေကောင်းလာ၏။ ဖြစ်ပျက်မြင် ပိုမိုပီပြင်လာ၏။ တစ်ဦးတည်း၏ ဇကစာရီအကျင့်၌ စိတ်ကိုဖြစ်ပျက်မြင်လမ်းပေါ်သို့ တင်ပေးမထားနိုင်ခဲ့သော်၊ တင်ပါသော်ကောတွန်းပို့မပေးနိုင်ခဲ့သော် ကိလေသာ့မာရ်၏ အဖြတ်အတားကို မုချခံရတတ်ချေသည်။

ထို ကိလေသာ့မာရ်၏ ထိကပါး၊ ရိကပါး ပုတ်ခတ်ကစားခြင်းကို ထိတွေ့ခံစားနေရသောစိတ်သဒ္ဓါနှင့်ပညာကိုလည်းကောင်း၊ သမာဓိနှင့်ဝီရိယကိုလည်းကောင်း စည်းကိုက်ဝါးကိုက် တီးလုံးတိုက်ပေးခြင်းဌာ မစွမ်းနိုင်ရာပြီ။ မှတ်ရင်းက အသတ်ခံနေရခြင်းတည်း။

ဇင်းကျိုက်တောင်၏ သုံးဌာန(ဇင်းကျိုက်၊ မင်းတစ်ရာ့တစ်ပါး၊ ကျောက်ခမောက်) တို့တွင် ကျောက်ခမောက်သည် သမာဓိ အရသာဆုံးဖြစ်ချေ၏။ သမာဓိလာလျှင် တဏှာလည်းလာတော့ရကား-ကာမစ္ဆန္ဒအတွေးများသည် ရပြီးသမာဓိအားကို ဖုံးလွှမ်းထားတတ်လှချေ၏။ သမာဓိအသွားသမားနှင့် ကာမစ္ဆန္ဒအတားသမားတို့ကား ထုပ်ဆည်းတိုးတမ်းကစားလေသည့်ပမာ မီးများမီးနိုင်၊ ရေများရေနိုင်ပင် မဟုတ်လော။

- တားရဲတား သွားပြလိုက်မည်။
- သွားရဲသွား တားပြလိုက်ရဦးမည် ဟူသတတ်။

သမာဓိအားကောင်းလာလေ အတွေးပိုလေ ဖြစ်လာတော့၏။ အစသော် သာသနာပြုရန် ကျောင်း,ကန်,တိုက်တာကြီးများ တည်ဖန်၍ စေတီ, ပုထိုး အမျိုးမျိုးသော သာသနိကအထိမ်းအမှတ်များ စိုက်ထူ၍။

ထို့နောက် အားမရတော့။ ကမ္ဘာ့လက်ရှိလက်နက်ဆန်းအားလုံးတို့ထက် ဆန်းသစ်သောစိတ်လက်နက်ဆန်းကြီးတစ်မျိုး တီထွင်ကြည့်၏။ ထိုလက်နက်ကား တောင်ဝှေးထိပ်ဝယ် မနောဟရ ပတ္တမြားရတနာ တပ်ဆင်ပေးထားခြင်းတည်း။

တစ်ဖန် ကမ္ဘာ့ခေါင်းဆောင်တို့ ဘာကြံစည်နေသည်၊ ဘာပြောနေသည်၊ ဘာလုပ်နေကြသည်တို့ကို ၄င်းတို့တိုင်းပြည်အမည်ပေါက်သော ခလုပ်နှိပ်ကြည့်ရုံမျှဖြင့် ထိုတိုင်းပြည် ထိုခေါင်းဆောင်တို့

မဟာဓမ္မပါလ



၏ (၂၄)နာရီလုံးလုံး အလုပ်လုပ်နေပုံများကို အရှင်းသား၊ အထင်းသား၊ အကွင်းသားမြင်စေနိုင်သော ဓာတ်ခွဲ ဖလ်မြေခန်းတစ်ခန်းလည်း တည်ဆောက်ကြည့်မိ၏။ ထိုဓာတ်စုအဆောက်အအုံကိုကား အချိန်ပြည့် အနီး-အဝေး၊ အသေး-အငယ် တို့ကို ထိုးဖောက်ပြပေးနိုင်သော မနောဟရစိန်ဖြင့် တပ်ဆင်ပေးထားခြင်းတည်း။

ထိုဓာတ်ခွဲခန်းထဲသို့ ကမ္ဘာ့သံတမန်များတို့ကို အားလုံးခေါ်ယူ၏။ ၄င်းတို့တိုင်းပြည်၏ လို့ဝှက်ကိစ္စအားလုံးတို့ကို သည်ကသိနေတယ် ဟူ၍ပြသသောအားဖြင့် သူ့ဆိုင်ရာခလုပ် နှိပ်ပြမည်၊ ပေါ်လာသည်။ လက်နက်အားလုံး တောင်ဝှေးဖြင့်ထိုးပြရုံဖြင့် ကျေလွင့်သွားစေရမည်။ ပြီးသော် အားလုံးကို ငါတို့ အာဏာစက်အောက်သို့ အညွှံခံခိုင်းမည်။ အားလုံးအညွှံခံပလား။ ခံပါပြီ။

လာခဲ့၊ ခေါ်ခဲ့။ ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏သမီးဖြစ်စေ၊ ဘုရင့်သမီးတော်ဖြစ်စေ တိုက်ကြီးလေးတိုက်စလုံးက မိဖုရားလောင်းများ။ ကမ္ဘာ့အလယ်ဝယ် ဓနအားဖြင့်၊ အမျိုးအနွယ်အားဖြင့်၊ ဘာသာအားဖြင့် ညစ်ကျယ်ကျယ်ပြုကျင့်နေကြလေသူများ၏ ဆက်သရမည့်မိဖုရားလောင်းများ။

ငါတို့ကား နတ်ပြည်ပမာ ခြောက်ထပ်တိုက်ကြီးကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် တည်ဖန်၏။ တစ်ထပ်လျှင် အိပ်ခန်းချည်း (၂၄)ခန်းမျှထားရှိ၏။ အထက်ဆုံးထပ်သာ ဟင်းလင်းတည်၏။ ထိုဟင်းလင်းတည် အထက်ဆုံးထပ်ကား ကမ္ဘာ့မိဖုရားစုံတို့ တရားအားထုတ်ရာ၊ ဘုရားဂုဏ်အာရုံယူရာ၊ ဒါနမှု-သီလမှု အားလုံးပေါင်းစုပြုကျင့်ရမည့် နေရာအဖြစ်သတ်မှတ်ထားပြီး၊ ကျန်အားလုံးကား မိဖုရားပြည့်ထားရှိရာ အထပ်ခန်းများချည်းသာတည်း။ ခေတ်သစ်စကြဝတေးမင်းပင်။

ထို ပေါက်ကရအတွေးမျိုးကား ရံတစ်ခါ တစ်ရက်လုံးလုံး။ ရံတစ်ခါ နှစ်ရက်, သုံးရက်တို့မှ တစ်ပတ်အထိ ကြာတတ်၏။ တော်တော့ဆိုလေ တိုးပွားလေသာ ဖြစ်လာတတ်၏။ ရှိစုမဲ့စုသမာဓိ ထိုကာမစ္ဆန္ဒအတား၏ကြား ပြားပြားမှောက်လျက်က ကြက်ပျောက်ငှက်ပျောက် ပျောက်ရှုရ၏။ တစ်ဖန် အားတင်းသော် သမာဓိဘက်က ပြန်လည်ထ, လာ၏။ တစ်ဖန် ထိုအတွေးမျိုးက ထချ၏။ ပျောက်၏။ ဤသို့ဖြင့်ပင် ဇင်းကျိုက်တောင်၌ အသွားနှင့်အတား ထုပ်ဆည်းတိုးပွဲ ကစားခဲ့ပြီးဖြစ်ခဲ့ကြ၏။

ယခု လူတွေ့ခံဖူးကြီး၌ကား အတွေးမှ အတွေ့သို့ ပြောင်းလဲကာ အတားခံနေရပြန်ပြီ။ ရံတခါ သမာဓိအားကောင်းလာသောအခါ ရှုကွက်၏ ဖြစ်ပျက်မြင်နှုန်းကား ကိုင်ကြည့်ရမတတ်ပင်။

ဆွမ်းခံသွားလျက်ကပင် ငါ၏ ဤကျောင်းလှေကားမှသည် ချော်ကုန်းရွာအဝင် သရက်ပင်ကြီး အထိ ငါ့စိတ်မလွတ်စေရ။ မလွတ်။

တစ်ဖန် ဤရွာထိပ်မှသည် ဘုရားရှေ့သို့တိုင် ငါ့စိတ် ပြင်ပသို့မထွက်စေရ။ မထွက်။

စိတ်နှင့်ကိုယ် သွားတူပြန်တူသာတည်း။

ထိုသို့ကောင်းလာသော် ရန်ကုန်ဒကာ-ဒကာမများ လာကြလေသဖြင့် တစ်ရက်တာလက်ခံဧည့်ခံလိုက်ရ၏။ ညကျ ကိုယ်သည် ချုံးချုံးကျ ဖတ်ဖတ်မော။ စိတ်ကား အာရုံနောက်သို့ကသောကမျော။

တစ်ဖန် ထိုသို့အားကောင်းလာချိန် သွေးဝမ်းများဆင်းလာမည်ရှိရာ သွေးဝမ်းမဆင်းမီ ကြိုတင်ရက် ရှေ့တစ်ရက်ကပင် အိပ်ချင်သောရောဂါ ခေါင်းမထောင်လိုသောရောဂါများ တစ်နေ့လုံး တစ်ညလုံး ထူးကဲစွာ ထကြွလာရာ မိပြီးသားသမာဓိ အိဆင်းကျသွားစေတော့၏။

ဤဖူးကြီးဒေသသည် အထက်၌ပြဆိုခဲ့ပြီးသော သံအမတ်ကြီးများ အဝင်အထွက် အသွားအလာကို အကြောင်းပြု၍ နိုင်ငံရေးအရှုပ်အရှင်းဖြစ်နေသည်ကတစ်ကြောင်း၊ ရန်ကုန်နှင့်(နေ့ချင်းပြန်မျှ)နီးသဖြင့် ပရိတ်သတ်ရှုပ်ထွေးသည်က

မဟာဓမ္မပါလ



တစ်ကြောင်း၊ ဆက်မိလေသောသမာဓိ အရှိန်မပျက် တိုးတက်စေရန် ရည်သန်သည်ကတစ်ကြောင်း များကြောင့် နေရာပြောင်းရန် စိတ်ကူးရတော့၏။

တစ်ည အိပ်မက်မက်၏။ စစ်ကိုင်းတောင်သို့ ပြည်ပုပ္ပါးလမ်းမှတစ်ဆင့် ပြောင်းပါဟူ၏။

သို့ကြောင့် ဝါမဆိုမီ (စစ်ကိုင်းတောင်ရိုးကျင့်လေသူများသဖြင့် ငါတို့သတင်း ထိုအကျင့်သန်တို့အကြား မြုပ်ပျောက်သွားရန် ရည်သန်လျက်က) ပြောင်းရန် အစီအစဉ်ချရချေတော့၏။

တပို့တွဲလလောက်ကပင် ဘုရားဒကာ-ဘုရားအမများ ဖြစ်ကြလေသော ဦးသောင်းညွန့်နှင့် ခင်လှဝင်း တို့ကို တရားအားထုတ်လိုသူရှိက နှစ်လအထိ ခွင့်ပြုသည်၊ တရားစခန်းဖွင့်ပေးမည် ပြောမိ၏။ ၎င်းတို့ကသဘောကျ၏။ လက်ခံ၏။

တစ်ဖန် ရွှေမြရာကုန်း ဆရာတော်ကြီးကိုလည်း ခွင့်ပန်သောအားဖြင့် အကြောင်းကြားခိုင်းလိုက်၏။ ဆရာတော်ကြီးကား ယမန်နှစ်ထဲကပင် တရားပြပါ။ မိမိရွာမှဒကာ-ဒကာမ များကိုလည်း လွှတ်ပေးပါမည် တိုက်တွန်းပြီး ခွင့်ပြု ပြီးပင်ဖြစ်ခဲ့၏။

- ငါတို့ကား ရွှေမလို့ တွေ့စေခြင်းမျှသာတည်း။
- အများအထင်ကား နေမလို့ အခြေတည်သည်ဟူ၍ပင်တည်း။

ဘုရားဒကာ-ဒကာမများက တစ်လတိတိ (တာကူးလဆန်း(၁၀)ရက်မှကဆုန်လဆန်း(၁၀)ရက်) သာ ကျင်းပလိုပါကြောင်းလျှောက်ကြ၏။ ငါတို့ကလည်းသဘောတူ၏။ ရန်ကုန်မှလည်း မယ်တော်ကြီးအပါအဝင် ရင်းနှီးသူအားလုံးပင် စာရင်းပေးကြ၏။ ဖူးကြီးနယ်မှလည်း ဖူးကြီး၊ ချော်ကုန်း၊ လက်ပံတန်းစု သုံးရွာတို့က အများဖြစ်ပြီး၊ ကျန်တို့က တစ်ဦးစ၊ နှစ်ဦးစ မျှသာတည်း။

## ဂါမာဝါသီ အရညဝါသီ အကွဲ ပြဲလေနံ့လေ အညှီမပြေ

တပေါင်းလပြည့်သံသုမာတောင်၏ ဘုရားပွဲတွင်ကား သံဃာစုံအကုန်ကြွ၏။ ထိုနယ်၏ ဂိုဏ်းအုပ်ဆရာတော်ကြီးများ(ရေကျော်ကုန်း ဆရာတော်ကြီး(၈၀)ပြည့်နှစ်၊ ကွဲကူးဆရာတော်ကြီး (၈၀)နှစ်၊ ရွှေမြရာကုန်းဆရာတော်ကြီး(၇၆)နှစ်) ဦးဆောင်ကာ ချီးမြှောက်တော်မူကြ၏။ သံဃာအားလုံးတို့၏အကြီးအကဲ ရေကျော်ကုန်းဆရာတော်ကြီးကားဘုရားဒကာ ဦးသောင်းညွန့်၏အဖိုးတည်ကျောင်း၌ တစ်ပါးတည်းကိန်းတော်မူသော သီလဝန္တပုဂ္ဂိုလ်ကြီးပင် ဖြစ်ချေ၏။

ထိုပွဲ၌ပင် အချို့ဘုန်းကြီးကား ငါတို့၏ တရားပြမည်သတင်းအတွက် ရတက်မအေး ဖြစ်နေတော်မူ၏။ စိတ်ဂဏှာမငြိမ်ပြီ။ ဒကာ-ဒကာမတို့ အတွင်း၌လည်း ငါတို့ကြည်ညိုသူနှင့် ကြည်ညိုမြဲ မပစ်ပယ်လိုသူ ကွဲနေကြဆို၏။

"တောရကိုယ်တော်လေးကျတော့ သူ့ကျောင်းဘေး မီးလောင်တာတောင်ထွက်မကြည့်ဘူး။ ဒို့ကိုယ်တော်ကြီးကျတော့ မီးမလာခင် မီးတားခိုင်းလို့ လုပ်လိုက်ကြရတာ အမောပဲ"

"တောရကိုယ်တော်လေးကျတော့ ပစ္စည်းရ ရရချင်း ဘုန်းကြီးကျောင်းတွေ လှူပစ်တာချည်းပဲ ဒို့ကျောင်းကိုယ်တော်ကြီးကတော့ မရလိုက်နှင့် အသိမ်းကောင်းလိုက်တာ လုံလို့ ခြုံလို့"

ထိုအကျင့်သင်းခွဲပွဲကြီးကပင် သံဃာချင်း မသင့်ရာ၏အကြောင်းခံပင်မ ဖြစ်စေ၏။ လူတို့သည် ရဟန်းတို့ကို ချိန်ရာ၌ ချိန်ခွင်၏ ဘောင်ကိုင်မှသာနေ၍ ချိန်ကြည့်ကြလေကုန်၏။ အမှန်မရနိုင်။

ရဟန်းတစ်ပါးကိုချိန်လိုတိုင်း မိမိလည်း တစ်ဖက်ချိန်ခွင်ခွက်ထက်တက်၍ ထိုရဟန်းနှင့်မိမိ မည်သည့်ဘက်က အလေးချိန်စီး၏ ဆိုသည်ကို

မဟာဗုဒ္ဓပါလ



ကျန်တစ်ဖက်လူ ဘောင်ကိုင်ခိုင်းမှ အဖြေမှန်ပေါ်ရာ၏။

ယခုသော် ရဟန်းနှစ်ပါးချည်းကိုသာ ချိန်ကြည့်တတ်ချေရကား သစ်ပင်တစ်ပင်၏ အရိုး, အရွက်, အပွင့်, အသီး၊ တစ်ဖန် သီးကင်း, သီးရင့်, သီးမှည့်အဆင့်အဆင့်၊ အသီးအသီး သူ့နေရာနှင့်သူ တည်ရှိနေရာတွင် အရိုးကို အရွက်မဟုတ်ရကောင်းလား ပြောသည်ပမာလည်းကောင်း၊ အရွက်ကိုကား မပွင့်ရကောင်းလား ဆိုသည့်ပမာလည်းကောင်း၊ အပွင့်ကိုကား မသီးသေးရကောင်းလား ရန်တွေ့သည့်ပမာလည်းကောင်း၊ တစ်ဖန် သီးကင်းကိုကား အရင့်နှေးရန်ကော, အမှည့်နှေးရန်ကော ပြောဆိုသည့် ပမာလည်းကောင်း၊ သဘာဝမတူသေးသော သဘောတူလမ်းသွားနှစ်ခုကို တစ်စုတည်း စုကြည့်နေဘိသို့သာ ရှိချေ၏။

ထိုသဘာဝတူ မဖြစ်ကြသေးသည်ကို ရှုကြည့်, ကြည့်နည်းသည် မိမိ၌ အကုသိုလ် အစွန်းအထင်း ကျန်ရစ်စေတတ်ပြီး ဝန်ထမ်းနှစ်ပါး၌ အငြင်းပွားမှု, ရန်လိုမှုတို့ကို ဖြစ်ပွားစေတတ်၏။

"အရှင်ဘုရားကမွှဌာန်းပြဖို့ ရွှေမြရာကုန်းဆရာတော်က ခွင့်ပြုသလား"

"ခွင့်ပြုပါသည်ဘုရား၊ ခွင့်ပန်စကားများလည်း လျှောက်ထားပြီးစီးပါပြီဘုရား"

"အရှင်ကိုယ်တိုင်သွားသလား၊ အရှင်ဘုရားကို ဆရာတော်ကြီးကိုယ်တိုင်က ခွင့်ပြုသလား"

"တပည့်တော်ကို မနှစ်ကတည်းက ခွင့်ပြုခဲ့ပါသည်။ ယခုကား ဒကာများ သွားရောက်ပန်ကြားခဲ့ပါသည်"

"ရွာတွေမှာ ဂါမာဝါသီ၊ အရညဝါသီ ကွဲကုန်ကြပြီ။ အဲဒါ ဘယ့်နှယ်လုပ်မလဲ"

"ဒကာတွေ နားမလည်ကြ၍ကွဲတာ ကွဲပါစေ အရှင်ဘုရားနှင့်တပည့်တော်တို့မကွဲ ပြီးတာပါပဲဘုရား"

အထက်ပါ စကားတို့ကို ဘုန်းကြီးတစ်ပါးသည် လူအုပ်ကြီး၏(ရန်ကုန် ဒကာ-ဒကာမတွေ၏) ရှေ့တွင်မိန့်ကြားသွား၏။ ကောင်းသောအလုပ်သည် တစ်ဖက်မှ အကောင်းမထင်က အကောင်းဂုဏ်အင် မပေါ်လွင်ချေ။ ဘုရားအာရုံပြု မေတ္တာပွား၊ တရားအားထုတ်မှုကား သဘောမတူရာ-အရက်ဆိုင် ဘိန်းခန်းများတို့၌ တန်ဘိုးမကြီးမား, အားပေးသူပင် ရှားပါးပေလိမ့်မည်။ အရက်သမား၊ ဘိန်းသမားများလောက် ထောက်ခံမှုမရတတ်။

ထိုသို့မိန့်ကြားသော်မှ ငါတို့ကားအပြုံးမပျက်။ အဘယ့်ကြောင့်ဆိုသော် ၄င်းထင်သလို ပရိတ်သတ်စုသည့် တရားစခန်းမဟုတ်၊ ပွဲသိမ်းစခန်းမျှသာ ဖြစ်ခြင်းကြောင့်တည်း။

တရားစခန်းတွင် ပရိတ်သတ်များပြား၏။ တရားစုပေါင်းပွားရာ၏ဓမ္မာရုံကြီးကတစ်လုံး၊ အမျိုးသားဆောင်တစ်ဆောင်၊ အမျိုးသမီးဆောင်တစ်ဆောင် သီးသန့်ထားရှိပေး၏။ တစ်ဆောင်,တစ်ဆောင် လျှင် ဇာတ်ရုံကြီးတမျှကျယ်ဝန်းပြီး အလယ်၌ စင်္ကြံလမ်းမကြီး၊ ဘေးတစ်ဖက်တစ်ချက်တို့၌ နှစ်ယောက်နေခန်းများ ဖွဲ့ပေးထား၏။ စခန်းဖွင့်စ၌ တစ်ခန်းနှစ်ယောက်ကျ၊ တစ်စတစ်စနှင့် တစ်ခန်းသုံးယောက်ကျအထိ ထားရှိပေးရတော့၏။ တောထဲ၌ပင် မထင်မှတ်သော စည်ကားခြင်းဖြစ်၏။ လေမုန်တိုင်း အကြီးအကျယ်ကျ၏။ ရွာတို့ဝယ် အိမ်ပြို၏။ အမိုးလွင့်၏။ ငါတို့ဆီ၌ ဘာမျှမဖြစ်လေ။

ထိုယောဂီတို့အား ဆွမ်း၊ ကွမ်းလှူရာ၌ ဟိန္ဒူဘာသာဝင်လည်းပါ၏။ မွတ်ဆလင်ဘာသာဝင်လည်းလာ၏။ ကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်လှူဒါန်းသွားကြ၏။ ညနေဝယ် အဖျော်လည်းလှူကြသေး၏။

ငါတို့စခန်းဖွင့်ပြီဟေ့ဆိုသဖြင့် ရန်ကုန်မှ အညီနှံ့ခဲ လိုက်နေကြသော ဂိုဏ်းသမားများ အများ

မဟာဓမ္မပါလ



အပြားပါလာ၏။ ထင်သလို မရလှသဖြင့် တစ်ခဏအတွင်း ပြန်ကြလေကုန်၏။ နယ်မှကား တရားဟူသည်ကိုကြားရုံမျှသာကြားဖူးထားကြလေသူများသာဖြစ်သဖြင့် နှာသီးဝသတိထားရှုစေရာ၌ ဝင်မှန်း-ထွက်မှန်း မသိသူလည်းပါ၏။ သမာဓိနိမိတ်ထင်ရုံမျှလည်းပါ၏။ ဉာဏ်စခန်းသို့ကား မတက်တတ်ကြရှာ။

ဝိပဿနာဉာဏ်စခန်းစဉ်သို့ ကျောက်ပန်းတောင်းမှ အမျိုးသားတစ်ဦးနှင့် လက်ပံတန်းရွာမှ အမျိုးသမီးတစ်ဦးသာ တက်ခဲ့နိုင်၏။ တစ်ဦးတည်းအားထုတ်သောမယ်တော်ကြီး တက်ခဲ့နိုင်၏။

လူများပြီး ပွဲမစည်ဆိုသင့်၏။

- တရားရလို၏၊ တဏှာကြီးစိုးနေသဖြင့် ပညာမပွင့်နိုင်။
- တရားရလို၏၊ ဆရာနှင့်ဆိုင် မာန်ချင်းပြိုင်နေသဖြင့် ကိုင်ပေးသလောက် အမိမဖမ်းတတ်။

သို့နှင့် အောင်ဖျာလိပ်တို့အဖွဲ့ လူစုခွဲခဲ့ရချေသတည်း။

စခန်းပွဲသိမ်းသဖြင့် ချော်ကုန်း ဆွမ်းခံမြဲဆွမ်းခံ၏။ လပြည့်နေ့ ဥပုသ်ပြုရန် ကျောင်းသို့သွားရာ-

" အဇ္ဈတသတ်မင်း မြှုပ်ထားခဲ့သောဓါတ်တော်များကိုလည်းကောင်း၊ ဓါတ်တော်တိုက်ဝင်ရာ၏အပေါက်ကိုလည်းကောင်း သီရိဓမ္မာသောကမင်းလက်ထက်ရှိ ရဟန္တာကြီးများ သိသော်မှ လူအထင်ကြီးအံ့ စိုးသဖြင့်မပြော။ သည်ခေတ်ထဲမှာတော့ ကိုယ့်ကိုယ်ကိုထင်ပေါ်အောင် သိသည်ကို သိသလောက်ဖော်ပြောကြလေရဲ့." ဖြင့် ငါတို့အား ဆုံးမပါချေတော့၏။

စခန်းတွင် အားထုတ်သူတို့ စိတ်ငြိမ်သက်မှုရစေရန် ၎င်းတို့အားထုတ်နေစဉ် ဟောပေးသောစကားလုံးတို့က သူ့မှန်သည်၊ ငါ့မှန်သည်၊ သူ့ပြောတာ၊ ငါ့ပြောတာဆိုသော ယောဂီတို့၏ စွဲချက်ကိုရည်၍ ဆုမ္မခြင်းတည်း။

"ဘုရားတပည့်တော် နယုန်လဆန်းလောက် သည်ကပြောင်းပါမည်ဘုရား"

"ဟာ ကောင်းတာပေါ့ ပြောင်းပြောင်း" အားပေးတော်မူ၏။

သို့နှင့် ချော်ကုန်းမှ ဆွမ်းခံဥပုသ်ပြုပြီး ကျောင်းသို့ပြန်လည်အရောက်တွင် ရန်ကုန်မှ ဒကာရင်း-ဒကာမရင်းများ မယ်တော်ကြီးလာခေါ်ရန် ရောက်နေကြပြီဖြစ်သဖြင့်-

နယုန်လဆန်း(၃)ရက်၊ အင်္ဂါနေ့တွင် တစ်နေရာပြောင်းတော့မည့်အကြောင်း ကြေညာ၏။ ဘယ်နေရာကိုလဲ မေးလျှောက်ရာ ရွှေကျောင်း-ကုန်း တောင်လိုသွေ့ခြောက်သော အညာဒေသမျိုးရှာဖွေပေးရန်ပြောလိုက်၏။ ကဆုန်လကွယ်နေ့အကြောင်းပြန် ဟူ၏။

၁၃၄၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက်နေ့တွင် ဦးသန်းရီ၊ ဒေါ်ခင်မူ၊ ဦးသိန်းတို့ လာကြပြီး စစ်ကိုင်းတောင်ရိုး မြန်အောင်ချောင် ဘာဝနာကုန်းမြင့်တွင် ဆရာတော်ဦးတေဇနိယ၏ ကျေးဇူးကြောင့် ရလာပြီဖြစ်ကြောင်း အကြောင်းပြန်၏။ အခြား၏ အကြောင်းကြားမှုကိုလည်း လေးစားသောအားဖြင့် လကွယ်နေ့ကျလေမှ ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောလိုက်၏။

လကွယ်နေ့တွင်ကား ကားမဲ့ ဦးသန်းရီ . မိသားစုက ကားငှားပြီးလာ၏။ ကားပိုင် ဦးမြင့်ဆွေကြီး အုပ်စုကား ဓါတ်ဆီဈေးနှင့်ရထားခ ဇယားချလျက်ကရထားဖြင့်လာကြရာ နေ့လည်မှရောက်လာ၏။ ၎င်းတို့ရောက်ချိန်ကား ဦးသန်းရီမိသားစုက ပင့်ခွင့်ရသွားပြီဖြစ်ကြသဖြင့် ပြန်သွားကြချေပြီ။ ၁၃၄၈-ခုနှစ်၊ နယုန်လဆန်း(၃)ရက်၊အင်္ဂါနေ့ ခရီးထွက်မည် အသင့်ပြင်ဟူ၏။

မဟာဓမ္မပါလ



တစ်ဖန် ကဆုန်လကွယ်နေ့ ချော်ကုန်းကျောင်းသို့ ဆွမ်းခံအပြန်ဝင်ပြီး ဥပုသ်ပြု၍ "ဘုရားတပည့်တော် ယနေ့အရှင်ဘုရားအား နောက်ဆုံးဂါရဝပြုခြင်းပါဘုရား၊ နောင်တွေ့ရတော့မည် မဟုတ်ပါဘုရား" ဟူ၍ အပြီးလျှောက်ထားခဲ့၏။ ဘာသာကိစ္စ ဆောင်ရွက်ရာတိုင်းတို့၌ ဘာသာခြားနှင့်ထိပ်တိုက်မတွေ့မိရ။ လမ်းချင်းမတူသောကြောင့် မာနချင်းပြိုင်စရာမလိုသောကြောင့်တည်း။

## ရွှေပြည်ဝင်ကလပ်ဖျား ဇာတ်ပျက်မ အောက်ကသွား

ထိုစစ်ကိုင်းသွားရာ၏ ခရီးစဉ်ကိုလည်း လမ်းညွှန်အိပ်မက် ပေးသေး၏။

ဦးစွာ ပြည်ဆံတော်သို့ဝင်ရမည်။ ထိုမှ ပုပ္ပါးတောင်ကလပ်သို့ ကျောက်ပန်းတောင်းလမ်းအတိုင်းသွားရမည်ဟူ၏။ လှည်းနောက်မြီးမှပွတ်၍ အိန္ဒိယနွယ်ဖွားမယား၏ အိမ်အောက်မှ ဖြတ်ကျော်ပြီးထွက်ဟူ၏။ ဤကား အညာသားတို့၏ပေးအိပ်မက်တည်း။

နောက်တစ်နေ့ဝယ် ထပ်မက်၏။ ပြည်ထက်ရှေ့မလွန်ပါနှင့်။ တောကြားမတိုးပါနှင့် (တောရ ဇကစာရီ မကျင့်ပါနှင့်ဟူ၏) ၄င်းတို့ကိုခွဲ၊ ပစ်၍မသွားပါလေနှင့်။ ဤကား အောက်သားများ၏ အိပ်မက်ပေးသံတည်း။

သူတို့လည်းပဲ ဟုတ်ပေမှာပ၊ မိမိတို့ဒေသ အေးချမ်းခြင်း၊ သာယာခြင်း၊ အချင်းချင်းအငြင်း မပွားခြင်းတို့ကို မြင်တွေ့၊ ထိတွေ့လိုကြမည်သာ ဖြစ်၏။အစွဲကြီးလေသူတိုင်း၏ ဆန္ဒပင်ဖြစ်ပါချေ၏။

ပုဂံ ဘာပြု၍ ဝင်ခွင့်မရလေသနည်း။

ငါတို့ ပြန်လည် ဝင်ရောက်ပေးရမည့် ရွှေကျောင်းကုန်းနယ်မြေသည် ပုဂံကိုအမုန်းကြီးခြင်းကြောင့်။

ပုဂံပြည်မင်း၏ သားတော်အိမ်ရှေ့သည် ရန်သူခံတပ်အဖြစ်ရည်၍ လှိုင်းတက်မြို့ကို မြို့ရိုးပြုလုပ်၏။ ထိုအခါ ထိုအိမ်ရှေ့ တစ်နှစ်ကျော်သား ဘဝတုန်းက ဖခမည်းတော်ရင်ခွင်ထက်မှနေ၍ မင်းတိုင်ပင်အမတ်ကြီးကို ကွမ်းထုံးဘူးဖြင့် ပစ်ပေါက်ခဲ့ဘူးချေသည်ကို အငြိုးထားလျက်က -

"အရှင်မင်းကြီး၏သား အရှင်မင်းကြီးကို ပုန်ကုန်ခြားနားရန် ခံတပ်မြို့ကြီး သာစည်အရှေ့ဝယ် အခိုင်အခန့် တည်ဆောက်နေပါပြီဘုရား။ မယုံပါက လူလွှတ် လေ့လာတော်မူပါဘုရား"

ဤသို့လျှောက်ကြားလေရာ ရှေးမင်းထုံးစံကား-

"ငါနှင့် ငါ့မိဖုရား ထိပါးမည့်အန္တရာယ်ဆိုက ချက်ချင်းကွပ်မျက် ရှင်းလင်းပစ်"

"ငါ့ဆွေ, ငါ့မျိုး ငါ့အားကိုး ထိပါးမည့် အန္တရာယ်ဖြစ်က သေချာစစ်ဆေးပြီးလျှင် အပြစ်ပေး"

"အကယ်တိတိ ငါနှင့်ဝေးဝေး ငါအုပ်ချုပ်ရာ တိုင်းရေးပြည်ရေးဖြစ်က စစ်သင့်မှစစ် ပြစ်သင့်ပြစ်"

ဤသို့လျှင် သုံးသီးစားမျှ ခွဲခြားထားရှိရာ ယခုအရေးကား သူ့အရေးဖြစ်၍နေသည့်အလျှောက်သားဟူသော ချစ်ခြင်းပင် မထောက်တော့ဘဲ - "ကိုယ်လုံးမြုပ်မြေကျင်းထဲထည့် ဥက္ကောင်းမျှ မြေပေါ်ဖော် မသေမချင်း သံထွန်ခြစ်သွားတပ်သော ကျွဲနွားတို့ဖြင့် အရပ်လေးမျက်နှာအရပ် လှည့်ပတ်ပေးပြီးသတ်စေ" တစ်ချက်လွှတ်အမိန့်တော် သတ်မှတ်ခံရသဖြင့် ထိုအိမ်ရှေ့- ပုဂံကို စိတ်နာသွားတော့ရကား ငါသေသော် ငါ၏နန်း ပုဂံဘက်ကျောပေး၍ဆောက်ရမည် အာဏာထားသွား ဟူ၏။

မဟာဗမ္မာပါဝါ



သို့ကြောင့် ထိုလှိုင်းတက်၏ နယ်အတွင်း နေရသော ငါတို့သည်လည်း လှိုင်းတက်တွင်းဝယ် ပုဂံနှင့် မပျံ့စေလိုသောကြောင့် ဖြစ်တန်ရာ၏။ ရာဇဝင်ဆက်စပ်တွေးကြည့်ခြင်းသာ ဖြစ်ပါ၏။

၁၃၄၈-ခုနှစ်၊ နယုန်လဆန်း(၃)ရက်နေ့ (၆)နာရီတွင် သံသုမာတောင်မှ ခွာခဲ့တော့၏။ ဖူးကြီးသို့ ဝင်၍လည်း ဆွမ်းခံ၏။ ရသမျှကိုလည်း ဘုန်းကြီးကျောင်း ဝင်လှူပြီး ဂါရဝပြုသေး၏။ ထိုဖူးကြီးဘုန်းကြီးကား အဝင်တွင်သာ စစ်ဆေးရေး တာဝန်ယူရပြီး ထိုနှစ်သီတင်းကျွတ်တွင် မြရာကုန်းမှ အပြန်ဝင်၍ ဂါရဝပြုလေသောအခါ ၄င်းကပင် ဝန်ချတောင်းပန်တော် မူခဲ့ရှာပါ၏။ သို့ကြောင့် အထွက်၌ ချောမော၏။ အထွက်၏ စစ်ဆေးရန် တာဝန်ကား ချော်ကုန်းဘုန်းကြီးတည်း။

တစ်ဖန် မြရာကုန်းသို့ဆက်၏။ တရား ဟောပါဟူ၍ ရွှေမြရာကုန်းဆရာတော်က တိုက်တွန်း သဖြင့် ၄င်းရှေ့တော်မှောက်မှာပင် ပရိတ်သတ်အား တရားဟောရ၏။ ပြီးသော် ဆွမ်းကိစ္စဆောင်ရွက် ၏။ ဆွမ်းစားပြီးသည်နှင့် ဦးကျော်မြင့်(မိုးမခ)၏ ကားဖြင့် ပြည်သို့ ထွက်ခဲ့ကြပြီတည်း။

တစ်လမ်းလုံးနေသာ၏။ ရာသီဥတုကောင်း ၏။ ထို သာ-ကောင်း ကြားမှာပင် နတ်တလင်းမ ရောက်မီတွင် မိုးသည်းထန်စွာ ရွာသွန်းတော့၏။ ကားမောင်း၍ပင် မရတော့။ ရပ်နားပေးထားရ၏။ ကားပေါ်ပါအားလုံး ပက်မိုး၊ ယိုမိုးများကြောင့် မိုးမိကြရချေတော့၏။

ပြည်သို့ နေမဝင်မီ ဝင်၏။ ပြည်အဝင်မှာ ပင် ဘုရားပူဇော်ပွဲ၊ ဓမ္မစကြာရွတ်ပွဲကြီးက ကား ပေါင်းမြောက်မြားစွာ စီတန်းလျက်က ကြိုဆိုလေ သည့်ပမာတွေ့ရ၏။ ထိုဘုရားလှည့်လည်ပွဲ အားလုံး တို့၏ ရှေ့ဆုံးမှပင် ငါတို့ကားက သွားလာခွင့်ရခဲ့၏။ ရွှေဆံတော်အဝင်တွင် ငါတို့ကားက လမ်းခွဲကာ ဝင်လာခဲ့တော့၏။ တစ်ညတာ ရပ်နားရန်ကိုတည်း။

ည(၇)နာရီမှစ၍ ဘုရားရင်ပြင်တော်ပေါ် တက်ခဲ့ကြပြီး ဘိုးဘိုးအောင်နေထိုင် အားထုတ်သွား ရာ စခန်းမှစပြီး အားလုံးလေ့လာကြ၏။ ငါတို့ကား ရင်ပြင်တော်ပေါ်ဝယ် တစ်ညလုံးနေခဲ့၏။ ကျန် အားလုံး ဆင်းသွားကြ၏။ နံနက်တွင်မှ ဆင်းခဲ့၏။ တည်းခိုဆောင်သို့ရောက်သော် အရုဏ်သုံးကြပြီး တောက်လျှောက်ပင် ခရီးဆက်ကြရ၏။ အောင်လံ (မြေထဲ)သို့ ချောမောစွာရောက်၏။

တစ်ဖန် ထိုအောင်လံမှပင် နေ့အတွက် အစားအစာများ ယူဆောင်ခဲ့ပြီး ခရီးဆက် ထွက်ခဲ့ ကြလေရာ အောင်လံလွန်သည်နှင့် ကားရှင် ဦးကျော်မြင့်က ခရီးပိုစကားပါးချေတော့၏။ ပုပ္ပါးရောက်မှတော့ ပုဂံနီးနီးလေးပဲ၊ တစ်ဆက် တည်း ပုဂံပို့ပေးပရစေ ဟူ၏။

ငါတို့ကား အင်းလဲမသင့်၊ အဲလည်းမသင့် ပြီ။ ဆိတ်ဆိတ်သာနေရတော့၏။ မယုံလေသူ ပြောက ပုံပြင်သဘောမျှသာ ရှိချေသောကြောင့် တည်း။

## သွားချင်အုံးပုဂံ၊ သွားချင်အုံးအဆန်

သွားနေသော,ကား မသွားတော့ပြီ။ ဆင်းစစ်,အဖြေမတွေ့၊ မောင်းပဟေ့ဆို အကောင်း မတွေ့။ ကားရပ်သွားပြီ။ ဆင်းပြင်-နာရီဝက်၊ တက်မောင်း-ငါးမိနစ်၊ ထိုနှုန်းထားဖြင့် နေဝင်ခါ နီးလေမှ တောင်တွင်းကြီးရောက်ရ၏။

ရောက်မဆိုက် ဝပ်ရှော့ထိုးအပ်၊ စက်ပြင် ဆရာပြင်သည်-အပြစ်မတွေ့။ ဂီယာဘော ညပ်နေ သည်-ထုတ်မရ။ ထိုကားပြင်ဆရာ မတတ်နိုင် တော့ပါ၊ ပြင်ခပေးလိုမှပေးပါဆို၏။ သို့နှင့် ထိန်းပြီး မကွေးအရောက်မောင်းခဲ့ရ၏။ မြသလွန်တွင်

တည်းခိုကြရ၏။ ကားရှင်ဦးကျော်မြင့် ဖျားနေသဖြင့် နှစ်ညအိပ် နေခဲ့ရ၏။ ဌာနေသီလရှင်များက အစစ ကူညီကြ၏။

လဆန်း(၆)ရက်နေ့ နံနက်တွင် မကွေးမှ ကျောက်ပန်းတောင်းကူးရ၏။ တစ်လမ်းလုံး အပျက်များများ, အသွားနှေးနှေးနှုန်းဖြင့် ကုန်း, ရုန်းခဲ့ရ၏။ ကျောက်ပန်းတောင်း ညနေမှရောက်ကြရ၏။ တစ်ဖန် ကျောက်ပန်းတောင်းမှပုပ္ပါးသို့တက်ရာ ပုပ္ပါးအဝင် အတက်တွင်ပင် ညပ်နေသော ဂီယာဘောကား အလိုလို နေရာမှန်ပြန်ဖြစ်သွားတော့၏။ အားလုံးဝမ်းသာ၏။ တောင်ကလပ်ဝယ် တစ်ညတာ နားစက်၏။

လဆန်း(၇)ရက်နေ့ နံနက်လင်းသည်နှင့် ပုဂံဘက်ထွက်ကြ၏။ ကားမှန်နေပြီဖြစ်၏။ နံနက်, နေ့ ပုဂံဘုရားများ၌ရှိ၏။ (၁)ချက်တီးလောက်မှ စတင်ထွက်ခဲ့ရာ ပုဂံမှကျောက်ပန်းတောင်း၊ တစ်ဖန် ကျောက်ပန်းတောင်းမှ မိတ္ထီလာသို့ကူးရာ မုံတိုင်ဆည်အလွန် ကြက်ပင်ဆိုသောရွာအနီး၏ မန်ကျည်းပင်ငယ်လေးအရိပ်တွင် ကားစစ်ဆေးရင်း-နားနေရင်း ရပ်နားနေကြ၏။

ထိုစဉ် ရွာဘက်လောက်ဆီမှ အရွယ်အားဖြင့်(၄၀)ခန့်မျှရှိပြီး အသားဖြူဖြူ မျက်နှာကားဝိုင်းစက် ငယ်ရုပ်ပင်မပျက်သေးသူ ပုဂ္ဂိုလ်တစ်ဦး ငါတို့ဆီ တန်းမတ်စွာလာနေသည်ကိုတွေ့ရ၏။ ဝါးခမောက်နှင့် ပေါက်ပြားနှင့်။

ငါတို့၏အနီးရောက်သည်နှင့် ဂါရဝပြုဦးချပြီး တစ်ဖန် မတ်တတ်ရပ်လိုက်၏။

"အရှင်ဘုရား၊ မြေတို့မည်သည် ရေနှင့် မကင်းရပါဘုရား။ အရှင်ဘုရား၏ ကိုယ်မှာလည်းပဲ မြေဓါတ်(၂၀)တို့ကို အမာခံထားပြီး တည်ဆောက်ထားတာ ဖြစ်လေတော့ ရေကိုများများ သောက်ပေးပါဘုရား။

စ. ဓ. ဗ. ဝ လေးမျိုးတို့တွင်-

စ- ဆိုသည်မှာ စကြဝဠာတစ်တိုက်လုံးကို ပိုင်ကျုံးအစိုးရတော်မူသော မြတ်စွာဘုရားပါ ဘုရား။

ဓ- ဆိုသည်မှာ ဓမ္မစကြာကို တရားဦးအဖြစ် ဟောကြားတော်မူသော မြတ်စွာဘုရားပါ ဘုရား။

ဗ- ဆိုသည်မှာ ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင်တော်မူသော မြတ်စွာဘုရားပါ ဘုရား။

ဝ- ဆိုသည်မှာဝသုန္ဒြေနတ်သမီး၏သက်သေပြုခြင်းကို ခံယူရရှိတော်မူသော မြတ်စွာဘုရားပါ ဘုရား။

သို့ကြောင့် အရှင်ဘုရားသောက်သုံးမည့် ရေအိုး၏ဖင်မှာ ဝ, အက္ခရာ ကွင်းပေးထားပါ ဘုရား။

သို့မှသာ မြေကိုရေထိမ်း၊ ရေကိုနတ်သိမ်း ထားသည့် နတ်ပေးရေ ဖြစ်ပါလိမ့်မည် ဘုရား။

၎င်းရေကို သောက်သုံးလေသောအခါ-

- ပထမတစ်ကျိုက်သောက်- ဗုဒ္ဓဂုဏော အနန္တော စိတ်ကပွား၊ အရဟံဂုဏ်ကို အာရုံထုံထား ပေးပါဘုရား။
- ဒုတိယတစ်ကျိုက်သောက် - ဓမ္မဂုဏော အနန္တော စိတ်ကပွား၊ သွက္ခာတောဂုဏ်ကို အာရုံထုံ ထားပေးပါဘုရား။
- တတိယတစ်ကျိုက်သောက် -သံဃဂုဏော အနန္တော စိတ်ကပွား၊ သုပ္ပဋိပန္နဂုဏ်ကို အာရုံထုံ ထားပေးပါဘုရား။

ရှေ့ဆုံးမှတင်ထားသော ဂုဏ်တော်မှန်သမျှ အထွဋ်ဆုံး,အမြတ်ဆုံးမို့လို့ တင်ထားခြင်း ပါဘုရား။

- စတုတ္ထတစ်ကျိုက်သောက် -မိဘနှစ်ပါး ကွယ်လွန်သွားပြီးသော်မှ ၎င်းတို့မျက်နှာကို မြင်

မဟာဇမ္ဗူပါလ



အောင်ကြည့်ပြီး သောက်ပါဘုရား။

- ပဥ္စမ မှာလည်း မိမိအားအကျိုးများစေသော ဆရာသမားကွယ်လွန်သော်မှ သူ့မျက်နှာမြင်အောင် ကြည့်၍သောက်ပါဘုရား။

တစ်နေ့, တစ်နေ့ ဝင်သလောက်သောက်၊ ဆန့်သလောက်သုံးပါဘုရား။ ရေကိုသောက်သဖြင့် ဒုက္ခမရောက်ပါ။ တပည့်တော် နေ့ဆို ရွက်အိုး နှစ်လုံးကုန်အထိသောက်သုံးနေပါသည်။ တပည့်တော်မျက်နှာကို သေသေချာချာကြည့်ပါ'' ခိုင်းသဖြင့် ကြည့်မိရာ မျက်နှာသည် လန်းဆန်းခြင်း၊ သွေးတို့ဖြင့်အနီသန်းခြင်းများကို တွေ့ရ၏။ ပြီးသော်

"အရှင်ဘုရားလို သာသနာပြု ပုဂ္ဂိုလ်တစ်ဦး လက်, သည်နည်းဆက်သွားလျှင် သည်ရေသောက်နည်းကား ကမ္ဘာအထိ ပျံ့နှံ့သွားနိုင်ပါသည်ဘုရား" ဟူ၍လည်း ရုတ်တရက်တွေ့ ငါတို့ကို သာသနာပြု ပုဂ္ဂိုလ်ကြီးဟူ၍ တပ်အပ်စွဲနေချေသည်ကော။

၄င်းနှင့်ပတ်သက်၍လည်း "တပည့်တော် ယခင်က အရက်သမားပါ။ သည်နယ်မှာ သာသနာပြုရဟန်းတစ်ပါးကြွလာပြီး ဘုရားတည်လာရာမှ တပည့်တော်လည်း ဘုရားတည်ထဲ ပါလာရတာပါဘုရား" ဆို၏။

ထိုစဉ်က ငါတို့သည်လည်း ရဟန်းဘဝ (၁၃၄၁-ခု၊ ဝါတွင်းဝါကို ပယ်နှုတ်ထားသော်) (၆)ဝါမျှသာရသေး၏။ မဟာစည်၏ ရင်ငွေ့တော် မခိုလှုံရမီ ယခင်က သမထဆိုသမထမှ တဇွတ်ထိုး ကျင့်ဆဲမျှသာ။

ထိုသို့လျှောက်ထားပြီး ဆက်လက်၍လည်း ရေအကျိုးညွှန်သေး၏။

"အရှင်ဘုရားက သက်တမ်းတိုကာလ လူလာဖြစ်ရတာ အရှင်ဘုရားရဲ့သက်တမ်းနဲ့- အင်းဝိဇ္ဇာနှစ်သောင်း ကစားသွားတဲ့ အင်းပညာကိုလည်းလိုက်မမီနိုင်ပါ။ ဓါတ်ဝိဇ္ဇာတွေ မြောက်များစွာ ကစားသွားတဲ့ ဓါတ်ပညာတို့ကိုလည်း လိုက်မမီနိုင်ပါ။ ဆေးဝိဇ္ဇာများစီရင်သွားတဲ့ ဆေးအတတ်ကိုလည်း လိုက်မမီနိုင်ပါ။

သည်ရေကို သည်လိုသာအမြဲအစွဲ သောက်သုံးနေပါလျှင် ဆေးမလို-အင်းမလို-ဓါတ်မလို ရှေးပုဂ္ဂိုလ်တို့၏ အရည်အသွေး အလိုလိုပင် ပြည့်မှီလာပါလိမ့်မည်ဘုရား။ သည်နည်းဟာ ဆေးပေါင်းချုပ်၊ အင်းပေါင်းချုပ်ပါဘုရား" လျှောက်ထားသွား၏။

ထို့နောက် ၄င်းလည်း ခမောက်နှင့် ပေါက်တူး(ပေါက်ပြား)ကိုင်၍ (ခမောက်ကား ၄င်းအတွက် လုံခြုံဖို့၊ ပေါက်တူးကား ၄င်းစားဖို့စိုက်ပျိုးရန် မြေကို တူးဆွပေးဖို့) ထွက်သွားတော့၏။ ငါတို့သည်လည်း မိတ္ထီလာသို့ ခရီးဆက်ခဲ့၏။ မန္တလေးသို့ ည(၈) နာရီ ကျော်ကျော်လောက်မှ ရောက်၏။ ကား, ကား စက်မှန်နေပြီ။ မန္တလေးတွင် အနောက်ထီးလင်းတိုက်၊ ရတနာပုံကျောင်း(အဘပိုင်ကျောင်း၊ ဆရာတော် ဦးနန္ဒိယအား လွှဲအပ်လှူဒါန်းထားပြီး)သို့ တစ်ညတာ တည်းခိုကြရချေတော့၏။ နောက်နေ့ (၁၀) နာရီ အထိဖြစ်၏။

၁၃၄၈-ခုနှစ်၊ နယုန်လဆန်း(၈)ရက်၊ တနင်္ဂနွေနေ့၊ နေ့(၃)နာရီခန့်တွင် စစ်ကိုင်းတောင်ရိုး မြန်အောင်ချောင်သို့ ချောမောစွာ ရောက်ရှိကြတော့၏။ ချောင်ပိုင်ဆရာတော်ကား ဦးသုဒဿနဖြစ်ပြီး ငါတို့နှင့် သက်တူဖြစ်ကြ၏။ ထိုစဉ်က ငါတို့အသက် (၄၅)နှစ်ပြည့်ခါနီး၏ တစ်လအလိုမှာ။

မြန်အောင်ချောင်သို့ရောက်သော် နေစရာ ကျောင်းရွေးရာ သိမ်တော်ကိုသာ သဘောကျမိ၏။ သို့ကြောင့် ထိုသိမ်တော်တိုက်ကျောင်းမှာသာ နေရာချထားခဲ့ကြရ၏။ ငါတို့နောက်မှပါ၍ ငါတို့အား လိုက်ပို့ပေးကြလေသူတို့ကား လဆန်း(၁၀) ရက်နေ့ ပြန်လည်ထွက်ခွာသွားကြလေပြီ။

၄င်းတို့အဖွဲ့ကား ဦးသိန်း၊ ဦးကြီးစိန်၊ ဦးကျော်မြင့်၊ ဦးကျော်စိန်၊ ဦးအေး၊ ဒေါ်ခင်မူနှင့်

ဦးထွန်းမြင့်၊ ဇော်ရှင်း၊ မဇော်လင်းတို့ (၉)ဦးဖြစ်ကြ၏။ နောက်ဆုံး နှစ်ဦးကား ဦးကျော်မြင့်၏သားများပင်။

## ရေသည်အေးမြခြင်းကို ဆောင်လျက်က အန္တရာယ်ကို ပယ်ဖျက်၏

ကန်ကရေ နှင့်အနန္တရေကို တွဲဖက်သောက်ခြင်း။

မြန်အောင်ချောင်သည် မြစ်ရေများကို စက်ဖြင့်တင်ကာ ရေကန်ကြီးဖြင့် လှောင်ထားပြီး စစ်ကိုင်းတောင်ရိုးရှိ ချောင်ပေါင်း(၄၀)ကျော်မျှကို ဥဒကဒါန ပြုပေးနေသော သူ့အကျိုးပြု ချောင်တစ်ချောင် ဖြစ်ဘိ၏။

ထိုချောင်အရောက် ထိုကန်ရေ သောက်မိချေသောအခါ (၅)နှစ်မျှစွဲကပ်နေသောရောဂါမှ (၅)ရက်တည်းဖြင့် မှုတ်လွှင့်ပစ်လိုက်သို့ ပျောက်ကင်းသွားတော့၏။ မသိမသာမဟုတ်။ သိသိသာသာပင်။ ရောဂါလက်ကျန်မကြွင်း၊ ကင်းကင်းရှင်းရှင်းပင်။ မထင်စရာကောင်းသော မျက်မြင်တည်း။

- အနန္တတန်ခိုးရှင် ငါးဦးတို့၏ မေတ္တာဓါတ်ရည်ကား ငါ့စိတ်ကို အေးမြစေ၏။
- မြေမှထွက်၍ မြေသို့ပြန်လည် သက်ကျလာသော ပကတိဓါတ်ရည်ကား ငါ့ကိုယ်ကို အေးမြစေ၏။

ရေများများသောက်လျှင် ကျင်ငယ်များများသွားရ၏။ အသွားမပျင်းနှင့်။ ထိုကျင်ငယ်ရည် နောက်သို့ သင့်ခန္ဓာတွင်းရှိ အပူဓါတ်များလည်း လိုက်ပါရကား ခန္ဓာဘုံ အပူကုန်စေလိမ့်မည်။

ရေများများသောက်လျှင် ဝမ်းသွားလာရ၏။ များသလောက် ဝမ်းပျော့ပြောင်းခြင်း၊ အချိန်စောစီးစွာထုတ်ပေးရခြင်းများ ပြုလုပ်ပေးရ၏။ အပူစဲသဖြင့် အအေးဓါတ်ကဲလာခြင်း၏ သင်္ကေတပေကလား။ ထိုအခါ သင့်ကိုယ်ခန္ဓာရှိ သင့်အသား၊ သင့်အရေများကိုကိုင်ကြည့် အချိန်အရွေး အေးမြနေသည်ကို တွေ့ရပေလိမ့်မည်။

ဤကား အတွေ့ရေက အတွေ့မြေကို လက်တွေ့ ကုစားပြခြင်းတည်း။

တစ်ဖန် ဘုရားနှင့်သံဃာ၏ စေတနာသည် ဝေနေယျတို့အပေါ် ထားရှိတင်ပို့ပေးရာ၌ တစ်ဦးတည်းသားအပေါ် ထားရှိသော မိခင်၏ စေတနာနှင့် အတူတူပင်ရှိချေသည်။

သည့်အတူ မိဘနှင့်ဆရာတို့က မိမိတို့၏ သားတပည့်များအပေါ် တင်ပို့ထားရှိသောစေတနာသည်လည်း ဘုရားစေတနာနှင့် အတူတူသာ ရှိချေသည်။

ဘုရားနှင့် သံဃာတို့ လက်သုံးဖြစ်သော ဓမ္မဓာတ်အား၏ အေးမြခြင်း၊ ကြည်လင်ခြင်း၊ သန့်ရှင်းခြင်း ဂုဏ်သတ္တိများကလည်း မိခင်ထံရှိ မေတ္တာဓာတ်နှင့် ဘာမျှမခြား တစ်သားတည်းသာ ရှိချေသည်။

သည့်အတူ မိဘဆရာတို့ထံရှိ မေတ္တာဓာတ်သည်လည်း ၎င်းတို့သားတပည့်များနှင့် ပတ်သက်လာလျှင် ဘုရားစိတ်နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းသာ နားသက်ချေသည်။

၎င်း ငါးမျိုးတို့ ထားရှိ ထွက်ပြုနေကြသော မေတ္တာဓာတ်၊စေတနာဓာတ်များက ပို့လွှတ်အား စကေးမည်မျှဟူ၍လည်းကောင်း၊ မီတာမည်မျှဟူ၍လည်းကောင်း ခန့်မှန်းတိုင်းဆခြင်းငှာ မတတ်သာရကား အနန္တ-အဆုံးမရှိ၊ အပိုင်းမရှိ၊ အခြားမရှိ လိုသလောက်လက်ခွဲ၊ လက်ခွဲသမျှအပြည့်၊ အရှိန်သတ္တိရိပ်သမျှမိ အရှိ။

တစ်ဖန် ထို မေတ္တာ၊ စေတနာအပြည့်

မဟာဓမ္မပါဠ



ကိုယ့်ဘက်ကိုယ် မလှည့်သော စိတ်ထားမျိုးကား ဓမ္မဓာတ်အား ပင်းလျက်က သွင်းထားကြပြီးသော ဘုရားနှင့် သံဃာသည်သာ တစ်လောကလုံးအပေါ် ထားရှိနိုင်စွမ်းရှိ၏။ ထိုတစ်လောက်လုံး၏ သတ္တဝါ အနန္တတို့အပေါ်ဝယ် ဆွေမရှိ-မျိုးမရှိ အရင်းလည်း မထား-အဖျားလည်းမရှိ သူ့ဘာသာ-ငါ့ဘာသာမရှိ သူ့အမျိုး-ငါ့အမျိုးလည်းမသိ ပကတိသော သဘော ထား မျိုးသာ ရှိချေ၏။

မိဘနှင့်ဆရာတို့မှာမူကား သူ့သားနှင့် ကိုယ့်သားဟူသောခွဲခြားမှု၊ သူ့တပည့် ကိုယ့်တပည့် ခွဲခြားမှုမကင်းနိုင်ကြလေသဖြင့် သူ့တစ်ဖက်သားနှင့် ကိုယ့်ဘက်သား အကျိုးတူတစ်ခုမျိုးကို ပေးစားမည့် ကြံသော် ကိုယ့်ဘက်သားသာ သာစေ့ချင်တတ် သဖြင့် ရတနာမထိုက်။

ဆရာသည်လည်း သူ့တပည့်, ကိုယ့်တပည့် အရည်ချင်းပြည့် အပြိုင်ပေါ်သော် ထုံးစံအတိုင်းသာ ဘက်လိုက်တတ်ချေရကား ရတနာမထိုက်ပြီ။ သား တပည့်အတွက် သက်သက်သာတည်း။

ရတနာစစ်(ရွှေ မြ ပတ္တမြား၊ စိန် စသည်) တို့မည်သည် အများလက်၌ရသော(အများအသုံး တည့်သဖြင့်မြတ်နိုးသော)အမျိုးအစားတည်း။ စက္ကူပေါ် မှင်နှိပ်ထားသော ငွေမျိုးကား မဟုတ်ပြီ။

ဤကား ရတနာနှင့်အနန္တတို့၏သတ်မှတ် ချက် ခြားနားချက်သဘာဝသာတည်း။

ထို တိုင်းမရ,ဆ၍မရသော အနန္တ စွမ်းအား ရှင်များ၏ မေတ္တာဓာတ်အား၊ စေတနာဓာတ်အား များကို အယုံတိုးလျက်က အကိုးပိုလေသူ ဝေနေယျ တို့၏စိတ်ဝယ် ထိုဓါတ်အားများ နားသက်စိမ့်ဝင် နေရကား ရှိသမျှစိတ်သည် အေးငြိမ်းနေတတ်လှ ချေ၏။ သို့ကြောင့်အပူမကပ်သာ။ တစ်ဖက်၏ အာရုံအတိုက် မိမိစိတ် မခိုက်တော့သဖြင့် အာရုံ နောက်ကပ် ကိလေသာရန်မီးဓာတ်လည်း မဟပ် သာပြီ။

ထိုသူ့ပြောစကား အမှားလည်းမပါ။ မတရားလည်းမပါ။ အေးဆေးငြိမ်သက်လျက်ပါ။

ထိုသူ့အလုပ် အရှုပ်လည်းကင်း မဟုတ် လည်းကင်း၊ ရှင်းလင်းတိကျလျက်ပါ။

ထိုကံတို့မှ ပေါက်ဖွားသော ကြာပန်းခေါ် အကျိုးပေးကား ရေမှာဝပ်သော်မှ ရေမစွတ် တော့ပြီ။ ထိုအခါ ကြွေးမတင်သော အကျိုးပေး သည် ဘယ်မျှအထိ, ဘယ်ဘဝအထိ ခန့်မှန်းခြင်းငှာ မတတ်သာတော့ပြီ။

ဤကား အငွေ့ရေက အငွေ့မြေကို မျက်မြင် ပြုစုပေးလိုက်ခြင်းတည်း။

ထို ရေသောက်နည်းကို ကြာကြာသောက် လာသော် ရေသောက်ရာ၌ ကုသိုလ်စိတ်သက်သက် ချည်း တည်ချေပြီ။ ငြိမ်သောစိတ်၊ ငြိမ်းသောစိတ် ချည်း နားသက်၍ နေချေပြီ။

မိမိစိတ်ကို ထိုအနန္တတို့၏ ဓါတ်ရိပ်များက လွှမ်းမိုးလျက်က ပံ့ပိုးပေးဝေနေပါသည်ကို ကိုယ်တွေ့ အကျိုးခံစားရလေသူ၏ ယုံစိတ်သည် ထိုအနန္တတို့အပေါ်ဝယ် အထွဋ်အထိပ်သို့ ရောက် လာစေ၏။ အနန္တဓါတ်ရည်၏ အစွမ်းသတ္တိများကို မျက်မြင်ခံစားရလေသူ၏ ယုံစိတ်သည်လည်း မိမိ၏အပေါ်၌ အချင့်ဉာဏ် သန်လာစေတော့၏။ ထိုအနန္တငါးပါး၏ ဓါတ်အားကို နှုတ်ပယ်ထားလိုက် လျှင် ငါဆိုသည်ကား အလကားတည်း။

မိဘနှစ်ပါး၏ ကျွေးမွေးစောင့်ရှောက်မှု၊ ဆရာ၏ပြုပြင်ပေးမှု၊ သံဃာ၏ဟောညွှန်လမ်းပြ ပေးမှု၊ ဘုရားပွင့်သဖြင့် အမှန်တရားသိခွင့်ရခြင်း ဟူသောတရားပေါ်မှု၊ ကျန်ငါးခုတို့၏ စွမ်းအား သတ္တိနှင့် ထိုသတ္တိတို့ကြောင့် အကျိုးပေးမှုတို့ကို နှုပ်ပယ်ထားလိုက်လျှင် ငါဆိုသည်ကား ဖိုးသုည ပါကလားဟူ၍။

မဟာဓမ္မပါလ



## တောမှာက ယုန်သူငယ် မြို့မှာကျ ဇိမ်မယ်

ယုန်မျိုးမှန်သမျှ တောသို့သာလျှင် ကျက်စား၏။

ထိုယုန်သား စားလိုသော တောလိုက်မုဆိုးသည်ကား ခွေးကိုလည်း အနံ့ခံလျှက်ကလိုက်စေ၏။ မိမိသည်လည်း ညာသံပေးကာ ခြောက်လှန့်ထုတ်လျှက်က ဟိုခြုံသည်ခြုံ ပုတ်ပေးနေတော့၏။ ထိုအခါ-

မလုံမလဲသော ယုန်ခမျာ 'အင်း ငါ့ကိုတော့ အနံ့ရလေမှ, မြင်လေမှကိုး' ဟုဆိုကာ ခြုံတွင်းမှ တိုးထွက်လျက်က ခြုံလွတ်ကင်းရာ တောစပ်ဘက် ပြေးလေရာ ထိုယုန်၏ ကြမ္မာသည်ကား. .

တစ်ဖန် မြို့ပေါ်ဝယ် မိမိ၏ရုပ်အဆင်း ဘမ်းပြထားလျက်က ပြည့်တန်ဆာမအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုရရှာချေသူ မိန်းမချောလေးများသည်လည်း ခံနိုင်အားထက် များပြားလာသော မခံနိုင်အားဘက်သို့ ကဲတက်ခံလာရလေသောအခါ ကာလသားလွတ်ရာသို့သာ ပုန်းအောင်းနေရှာကြရပါချေ၏။ ဘဝပျက်နှင့်ဓနဘက်၊ အခြေပျက်ဘက်နှင့်ငွေတစ်ရွက်ဘက် တွက်ခြေမကိုက်ညှိတော့၏။ ထိုအခါ ကာလသားတို့သည် အနံ့ခံ၍လည်း လိုက်ကြလေကုန်၏။ လှုပ်ရှားသွားလာတတ်ရာ၊ ခိုအောင်းတတ်ရာ နေရာဌာနတိုင်းကိုလည်း စနည်းနာကြလေကုန်၏။ တစ်ယောက်တည်းသောပြည့်တန်ဆာ ကာလသားတစ်ရာ၏ မျက်စိအောက်,နားအောက်များမှ ကိုယ်ရောင်ဖျောက်ခြင်းငှာ မစွမ်းသာပြီ။

ခွေးကိုက်ခံရသောယုန်၊ ကာလသားအအုံခံရသောဇိမ်မယ်၊ ငြိမ်တယ်ရယ်လို့ မရှိပြီ။

ငါတို့တောရအကျင့် ဓုတင်စာရီအဆင့်သည်လည်း ထိုနည်းငှင်းသာရှိချေ၏။ နောက်ရံ ပရိတ်သတ်တို့နှင့် ပြေးသလောက်လိုက်သဖြင့် လိုက်သလောက်ပင် ပြေးနေရချေတော့၏။ ပုန်းသလောက် ရှာဖွေနေသဖြင့် ရှာဖွေသလောက်လည်း ပုန်းနေရ ပါချေ၏။ ၄င်းတို့လိုအပ်သည်ကို ပေးနိုင်သူကသံဃာ၊ တောင်းခံနေသည်ကငါ့ကို ဖြစ်နေသဖြင့် သူဋ္ဌေးအိမ်ကအစေခံကို လာကြုံနေသည်နှင့် တူလှချေ၏။

သို့ကြောင့် ဤစစ်ကိုင်းတောင်သို့ ရှောင်ခဲ့ရာ ထိုရှောင်ရာတောင်မှာကိုလျှင် တစ်လပင်မပြည့်သေး၊ ပရိတ်သတ်နှစ်ဖွဲ့(ရန်ကုန်မှ)တို့ လာရောက်တွေ့ကြလေကုန်၏။ သို့ကြောင့် ကိုယ်အကျင့်ကျင့်ရမည်ကို စိတ်ဝါတ်ကျပြီး ထိုပရိတ်သတ်ကို မကျေမနပ်ဖြစ်လာ၏။

၁၃၄၈-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဆရာတော်ဦးသုဒဿန(မြန်အောင်ချောင်ပိုင်)ငါတို့ထံသို့ ငါတို့နှင့်နှစ်ပါးချင်း ဥပုသ်ပြုရန် ကြွလာသောအခါ နေရာပြောင်းဖို့ အကူတောင်းမိတော့၏။၄င်းကလည်း အတန်ငယ်စဉ်းစားပြီး လူလည်းခေါင်၊ ချောင်လည်းကျ၊ မမြင်ကွယ်ခြင်း၊ ဆိတ်ငြိမ်ခြင်းလည်းရစေသော အရှေ့ပရက္ကမသို့ ညွှန်ပေးတော်မူ၏။ ၄င်းကိုယ်တိုင် နောက်ရက်နံနက်တွင် သွားရောက်ပန်ကြားပေးပြီး ၄င်းကိုယ်တိုင်ပင် နေ့ခင်း(၂-ချက်တီးလောက်)တွင် အရှေ့ပရက္ကမသို့ အရောက် လိုက်လံပို့ဆောင်ပေးခဲ့၏။ ကျေးဇူးကြီးလေစွ။ ထို ငါတို့၏ ပရက္ကမသို့ ပြောင်းရွှေ့သတင်း ထိုဆရာတော်မှတစ်ပါး အခြားမသိစေရန်ကိုလည်း ငါတို့ထံ ဝန်ခံလိုက်ချေသေး၏။

## တောထွက်များဈေးကောင်းမရလေသော စစ်ကိုင်းတောင်

ထိုစဉ်က ငါတို့၏အသက်ကား(၄၅)နှစ်၊ ဝါကား(၆)ဝါမျှသာရှိသေး၏။ ငါတို့ငယ်ငယ်က (သာမဏေဘဝ, ရွှေဘိုနေစဉ်က) စာသင်တိုက်သုံး

မဟာဇမ္ဗူပါလ



စကားလုံးများ ရှိကြ၏။

က။ တောထွက်,တောင်ပြန် တစ်မီးလန်၊ တောင်ပြန်, တောထွက် အပြောခက်၏။

တောထွက် ကိုယ်တော်ကြီးများဘက် ပါးစပ်လှည့်လည်ခြင်း။

ခ။ သားသေ, လင်ဆုံး, ကုန်ရှုံး,ကြွေးတင်, လိုလျှင်မရ ဖွားသီလ။ သီလရှင်ဖြစ်ထိုက်သော အင်္ဂါငါးပါး ဟူ၍ သီလရှင်များဘက် နှုတ်ထွက်ဖွင့်လှတ်လိုက်ခြင်း။

ဂ။ ရိပ်သာ-ရာသိပ်၊ ဖျာလိပ်,ဖျာကာ တရားနာ တဏှာဖွဆေးကျွေး။
ပဋိပတ်ဖြင့် ဝေနေယျတို့ကို ချီးမြှင့်နေကြလေသော ဝိပဿနာဓူရဘက် နှုတ်ဆက်စကား လူကြုံပါးလိုက်ခြင်း။

ထိုစကားလုံးများသည် ငါတို့စစ်ကိုင်းတောင်ရောက်လာသည့်၌ အသက်ဝင်တော့ချေ၏။

၁၃၄၈-ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့ ညနေ(၃)နာရီခန့်တွင် အရှေ့ပရက္ကမချောင်ဝယ် ဦးဦးဖျားဖျား ခံစားလိုက်ရချေတော့၏။

"တောထွက်ဆိုတာ သိမ်ကထွက်ကတည်းက ခေါင်းရင်းတက် တင်ပလ္လင်ခွေထိုင်ချင်တာမျိုး" ဟူ၍ တွေ့တွေ့ချင်း နှုတ်ခွန်းဆက်တော့၏။ တစ်ဖန် ငါတို့ကို ဂိုဏ်းအကျင့်,ကျင့်လေသည့် အထင်နှင့်။

"အခုခေတ် ရဟန်းများက ရဟန်းအမည်ခံပြီး ရသေ့အလုပ်မျိုး လုပ်ကြတာချည်းပဲ" ဟူ၍လည်း ဆုံးမပြန်ချေသေး၏။ ငယ်စဉ်က သူတစ်ပါးတို့ ဆိုရွတ်သော ထိုဆောင်ပုဒ်များကို တဟားဟား ပွဲကျမိလေသော ထိုကြွေးကား ပေးဆပ်လှည့်ရောက်လာပါပြီဟူ၍ ဆင်ခြင်မိ၏။

သည့်အတူလျှင် တစ်နေ့ ဝါးချက်ရွာတွင်ဝယ် ဆွမ်းခံလှည့်လည်ပြီးသဖြင့် ပြန်အထွက်၏ရွာလယ်မှာပင် သံဃာတော်(၁၀)ပါးခန့်မျှ ဦးဆောင်လာတော်မူသော တောင်ပေါ်နေ ဆရာတော်ကြီး တစ်ပါးနှင့် ထိပ်တိုက်တွေ့မိကြလေရာ-

"ဟေ့-ဟေ့ ဟိုရှေ့က ကိုယ်တော်က တောထွက်လား၊ ငယ်ဖြူလား" နောက်လှည့်မေးသံ။

"တောထွက်ကြီးပါဘုရား" နောက်ပါသံဃာ၏ဖြေသံ အဝေးမှပင် ကြားနာနေရတော့၏။

"အံမာ တောထွက်ကများ ဣန္ဒြေဆည်လို့" ထိုသို့ မိန့်မြွက်ပြီး ငါတို့နှင့် ဝါးနှစ်ပြန်မျှရောက်လေသောအခါတွင်ကား ငါတို့အား စိမ်းစိမ်းဝါးဝါး ရှုကြည့်တော်မူကာ လက်တွင်းရှိ တောင်ဝှေးကြီးဖြင့် မြေကြီးသို့ တအားဆောင့်ထိုး, ထိုး၍ထိုး၍ လမ်းဖယ်ပေးရန် အရေးဆိုပါချေတော့၏။ ငါတို့သည်လည်း ထိုဆရာတော်ဘုရားကြီးနှင့် ထိုသံဃာတော်များလွတ်ကင်းရာ လမ်းဘေးသို့ ဖယ်ရှောင်ပေးပြီး ထိုဆရာတော်ကြီးနှင့် သံဃာတော်များ မဝေးကွာမချင်း ရပ်လျက်ကသာ အရိုအသေပေးခဲ့၏။ စစ်ကိုင်းတောင်ကား တောထွက်များ ကြွေးမရသော တောင်ပေတကား။

## အစစ်မီလျှင် ညွှတ်ကိုင်းလာတတ်သဖြင့် စစ်ကိုင်း

အရှေ့ပရက္ကမဂူကြီးကား တိတ်ဆိတ်မှုကို အပြည့်ပေးတတ်၏။ ယခင်ကျင့်ပွားသွားတော်မူခဲ့သော အရှေ့ပရက္ကမဆရာတော်(ရဟန္တာအဖြစ် ကျော်ကြားတော်မူသော ဆရာတော်ဦးဝါယမ)၏ အရှိန်သတ္တိတော်များကလည်း ငါတို့ကို လုံခြုံစွာ လွှမ်းခြုံပေးထားသေး၏။ လူတွေ့မခံခြင်း၊ဂူအတွင်းသို့ လူဝင်မခံခြင်းများက ကျေးဇူးပြုပေးနေ၏။ ရောက်စရက်များတွင်ကား ဂူတိတ်ဆိတ်နှင့် ငါ့စိတ် ချိတ်မိ တွဲမိနေသဖြင့် ဝန်းကျင်ဘာဝ ဘာကိုမျှမသိ

မဟာဗေမ္မပါလ



တော့။ ငါသည်တမူကား ဘယ်ရောက်နေသည် ဟူ၍ပင်မရိပ်မိပြီ။ အရတော်သဖြင့် ပျော်ရွှင်နေခြင်းတည်း။

နံနက်(၇)နာရီတိတိအချိန်သည် ဆွမ်းခံထွက်ချိန်၊ ဂူထွက်ချိန်။

ဆွမ်းခံအထွက်,ဂူအထွက်ကား ဝါးချက်(၇) ရက်၊ ရွာထောင်ဘက်လည်း(၇)ရက်။

ဆွမ်းခံပြန်ရောက်သော် မိမိတစ်ပါးစာကို ချန်လှပ်ထား၍ ရသမျှ ထိုချောင်-ထိုသံဃာသို့သာ ဦးတိုက်လှူ၏။ ဝါတွင်းကာလကား ဝါးချက်ရွာ အလှည့်တွင် သပိတ်ပြည့်၊ အိတ်ပြည့်။ ဝါပ,ကာလ၌ကား သပိတ်မစို၊အိတ်မစို။ ရွာထောင်(ဒီဇယ်စက်ပြင်တို့ နေရာတန်းလျား)ကား ဝါတွင်း-ဝါပမရှိ။ အချိန်မရွေး အပြည့်။

ထို ရဆွမ်းနှင့်တကွ ယာဝ၊ယာမ၊ကာလိက အားလုံး လှူထားခဲ့ပြီးမှသာ ဂူသို့ဝင်ခဲ့၏။ နောင်သော် ဝါပကာလ၏ ဝါးချက်အထာမသိသေးသည့် အလျောက် ဤဆွမ်းအုပ်အပြည့်လှူပြီးမှ ကျန်သမျှကို ငါသုံးအံ့ အဓိဋ္ဌာန်လျက်က သာရဏီယ ကျင့်ဝတ်ကို ဆောက်တည်ခဲ့၏။

ထိုသို့သော အကျင့်မျိုးတို့ဖြင့် ဝါတွင်းကာလသည် ကုန်ခမ်းခဲ့ရချေ၏။ စိတ်တို့ကား မကလက်စိတ်(မလှုပ်မယှက်စိတ်)အထိ တိုးတက်လာချေ၏။ ငါတို့နေခွင့်ရရာ၌ ကျောင်းနှင့်ဂူ နှစ်မျိုးရှိရာ ကျောင်းကား မိုးနွေတို့၌အလွန်ပူပြင်းသဖြင့် ဒဏ်မခံနိုင်။ ဂူသည်သာ အေးဆေးခြင်းဖြင့် ဥတုဒဏ်ကို ခုခံပေးချေရကား ငါတို့ကား ဂူတွင်းမှာသာ ကိုယ်ကိုသွင်းထားသဖြင့်လည်း ထိုစိတ်၏ မကလက်ခြင်းသည် တစ်မုဟုတ်ချင်း တိုးတက်လာသည်ဟု ထင်မိချေ၏။

ထိုဝါမကျွတ်မီပင် ဆရာတော်ဦးသီလကား ငါတို့အား ပရက္ကမချောင်ကို အပ်နှံလို၏။ စကားစ၏။ ငါတို့က မဟာမိ။ ဟဖို့ရာကလည်း ရှက်စရာလိလိ။ လိုချင်မှန်းလူအသိ နတ်အသိ။

"တပည့်တော် သည်ချောင်ကို တာဝန်ယူသူရှိ နက်ဖြန်ပင်သပိတ်တစ်လုံးနှင့် ထွက်ချင်ပါသည်"ဆို၏။ စကားကား- လိုချင်လျှင်လက်ညှိုးထောင် နှင့်ထူးမခြားနား။ ထိုစကားနောက်ယောင်ခံ၍ တပည့်တော် တာဝန်ယူပရစေကို ငါတို့မဆိုချင်ပြီ။ လိုချင်သည်ကိုပယ်နေသောရဟန်း ဟူသောစကားနှင့် အသွားအလား မတူသောကြောင့်တည်း။

ဆွမ်းခံရွာ ဝါးချက်သည်လည်းကောင်း၊ ရွာထောင်သည်လည်းကောင်း ငါတို့အကျင့် ချင့်မိချိန်မိ နေကြပြီဖြစ်၏။ ထိုမှတစ်ဆင့်သောသတင်း ဝါးချက်နှင့်မြန်အောင်ရှိ သီလရှင်ချင်းဆက်သွယ်မိရာမှ တစ်ဆင့်သောသတင်းများ ပျံ့နှံ့စပြုလာ၏။ ငါတို့ထံရှိ တောထွက်ကြီးဈေး အလေးကြီးကြီးဖြင့် အချိန်ရော, အတွယ်ပါ ခံရလုနီးလာပြီ။

ဝါဝင်ခါစ၏ ဆွမ်းခံရွာနှစ်ဌာန အခြေအနေမှာမူကား -

ဝါဆိုလပြည့်ကျော်(၈)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၇)ရက်မျှရွာထောင်ဘက်သို့ အလှည့်ကျချေရာ ပထမနေ့တွင် ဆွမ်းခံရပ် တန်းလျားတွင်းမှ (၅)နှစ်မျှအရွယ်၏ အသံရှင်မိန်းကလေးတစ်ဦးက- "မရချင်ပေါင်၊ ရချင်ပေါင် ကိုရင်နှာဘူးကြီး" ထိုတပေါင်ကို ငါတို့ မကွယ်ပမချင်း မရပ်မနားဆိုလျက်ကကြိုဆို၏။ အနီးနားရှိ လူကြီးအားလုံးကပင်တအံ့တသြ ထိုသူမကို ဝိုင်းအံ့ကြည့်ရှုကြရကုန်၏။ ထိုသူမကား မဖြုန်။ ဆိုမြဲသာဆိုနေချေ၏တကား။

တစ်ဖန် ဝါးချက်ဘက်(၇)ရက်သောအလှည့်တွင်ကား အိမ်တစ်အိမ်ရှေ့ (ပတ္တမြားစောင်းတန်းကြီး မြစ်ဆိပ်ဆင်းလာရာ၏အဆုံးဖြစ်သော ခြသေ့်ကြီးနှစ်ကောင်ဘေး ဗိမာန်ဘုံသာနှင့်မျက်နှာချင်းဆိုင် အိမ်တစ်အိမ်၏ရှေ့) ဆွမ်းခံရပ်နားနေစဉ် ခွေးဖြူတစ်ကောင် မျက်နှာချိုသွေးလျက်က အဝေးမှလာ၏။ အနီးသို့ကပ်မိသော်

မဟာဗုဒ္ဓါလ



ဒူးဆစ်အောက်ရှိသက်န်းများကို လှည့်ပတ်နမ်းကြည့်သေး၏။ ပြီးသော် သေးဖြင့်ပန်းတော့လေရာ အနီးရှိ မာတုဂါမများက ခြောက်လှန့်မောင်းထုတ်ပေးကြသဖြင့်သာ သက်သာရာရစေတော့၏။ ဤကား ရောက်ခါစ၏ ဆွမ်းခံရွာများ အခြေအနေတည်း။

ဝါကျွတ်သော် အခြေနေပြောင်းလဲလာ၏။ အကောင်းပြောင်းဟန်ပန်ဖြင့် အဆိုးလမ်းကြောင်း ဆန်တက်လာခြင်းတည်း။

ငါ့စိတ် ဤဂူအထွက်မှသည် ဝါးချက်ရွာ ပေါက် မရောက်မချင်း ပြင်ပသို့မရောက်စေရ။ စိတ်ဖြင့်ပင်ကြံ အဓိဋ္ဌာန်၏။ဖဝါးချက်နှင့်မှတ်ချက်တို့ ဆက်လျက်က၊ ထိသိစိတ်နှင့်မှတ်စိတ်တို့ ချိတ်မိလျက်က စိတ်သည်လည်းကောင်း၊ ကိုယ်သည် လည်းကောင်း ခရီးစဉ်တစ်ခုအတွင်း တစ်ခုနှင့် တစ်ခု ပိုသူမရှိ၊ လိုသူမရှိ ကွက်တိ။

"အဟမ်း-အဟမ်း" ထိုချောင်းဟန့်သံကြောင့် ငါ့ထံရှိ ထိသိအတွဲ လူမိသဖြင့်ကွဲသွားတော့၏။

"အရှင်ဘုရား တပည့်တော်တို့ ရွှေဂူချောင်ကို အလှူခံပါဘုရား" လျှောက်သူက ဦးထွန်းအောင်။

"ဒကာကြီး-ရွှေဂူချောင်က ဘယ်မှာတုန်းဗျာ့"

"ပတ္တမြားစေတီအဆင်းမှာပါဘုရား၊ ယခု သံဃာများ မကြာမီ ဌာနေကြွပါတော့မည်ဘုရား"

"ဒီမှာလည်းပဲ အရှေ့ပရက္ကမမှာ နှစ်ပါးထဲရယ်ဗျာ့"

"အရှင်ဘုရားတို့ချောင်မှာ နှစ်ပါးဆိုတော့ တစ်ပါး တပည့်တော်တို့ဆီ ကြွသင့်ပါတယ်ဘုရား" ထို့နောက် အားလုံးငှင်းကပင် တာဝန်ယူပါမည် လည်းပါ၏။ မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်က ကထိကများ ဦးဆောင်သော သာသနာပြုအဖွဲ့က ကမကထပြုလုပ်ကြောင်းလည်းပါ၏။ ပြန်အကြွတွင် ထိုရွှေဂူချောင်သို့ဝင်ရောက်၍ ကြည့်ဖြစ်အောင် ကြည့်ပါရန်လည်းပါ၏။ ဤကား ဝါးချက်ရွာ ဦးထွန်းအောင်ဆိုသူ၏ ပင့်ချက်တည်း။

ငါတို့ စိတ်ဉက္ကောင်းကြား ပိုးရွှများ လမ်းသလား ကုန်ကြပြီ။

နောက်တစ်နေ့ ဝါးချက်ရွာ ဦးထွန်းအောင်၏ အိမ်ရှေ့မှာပင် ဦးထွန်းအောင်နှင့်ဆုံမိကြရာ သဘောကျလားမေး၏။ သင့်ပါ၏ဖြေလိုက်မိ၏။ လား. . လား- နောက်ရက်စနေနေ့တွင် မန္တလေး စိုက်ပျိုးရေးတက္ကသိုလ်မှ ကထိကဦးဆောင်သော အဖွဲ့ ငါတို့အရှေ့ပရက္ကမသို့ လာရောက်ကြပြီး ဘိုးသီလထံ ငါတို့ကို အတင်းရော့၊ အဓမ္မရောတောင်းခံလာကြကုန်၏။ ထိုနေ့က ဘိုးသီလသည်လည်း ရန်ကုန်ရှိ တပည့်ရင်းဖြစ်လေသူ ချင်းတွင်း အရှင်ဇာဂရထံ(နာဂလိုင်ဂူဘုရားရှိ အသင်းတိုက်ကြီး)သို့ သွားရန်ပြင်ဆင်နေခိုက်ဖြစ်၏။ သို့ကြောင့် ပြီးစလွယ် ပင့်လိုပင့် ခွင့်ပြုလိုက်၏။

ထိုအဖွဲ့ ငါတို့ဂူရှေ့အထိလာ၏။ တံခါးမခေါက်ရန်၊ တွန်းမဖွင့်ရန် မေတ္တာရပ်ခံထားသော ရှေးဆရာတော်ကြီး၏ ဆိုင်ဘုတ်ငယ်လေးက ဆီးကြိုစောင့်နေပြီးဖြစ်သဖြင့် မော့ကြည့်၍ ပြန်သွားကြတော့၏။

"သည်လောက်ခန်းနားတဲ့ ဂူကြီးထဲကနေ ငါတို့ဂူလေးထဲမပင့်သင့်ပါဘူးကွာ" မာတုဂါမကြီး၏ အသံတစ်သံ ကြားမိလိုက်သေး၏။ တပ်ခေါက်သွား၏။ ငါတို့၏ ထိုအချိန်စိတ်ကား ပင့်သွားမည်ကိုလည်းစိုး၏။ ဤဂူ၌ ဆက်နေရမည်ကိုလည်း ကြောက်နေမိ၏။ ညဉ့်မတူသော် ဘဝင်ပူမိ၊ မချိအောင်နာ၊ မခံသာအောင် အောင့်လေ့ရှိသော ငါတို့ စိတ်၊ ထိုဘိုးသီလနှင့် မချိတ်ဝံ့တော့ပြီ။ တစ်ဖန် ရွှေဂူပြောင်း ကျောင်းနေမလို့တဲ့သတင်း ထွက်ပေါ် လာသောအခါ-

မဟာဓမ္မပါလ



"ကျောင်းမလိုချင်လို့ တောထွက်လာပါသည်ဆိုသောစကား လက်တွေ့မျက်မြင်နှင့်ကား တခြားစီ။ လိုချင်လို့များ စကားသန်းရော့လေသလား"

ဤဝေဖန်စကားများက ငါတို့၏နား တော့လျက်ကကြားရချေ၏။ မေတ္တာသုတ်လာ န စ ခုဒ္ဒမာစရေ ကိဉ္စိ, ယေန ဝိညူ ပရေ ဥပဝဒေယျုံ။ ပညာရှင်တို့ ပညာဖြင့်နှိပ်စက်မည့်ကိစ္စမှန်သမျှ တစ်ဆံမြူမျှငါမကျင့် ဟူ၍ဆိုရာသော မေတ္တာခံစကားသည် ဆူးကြားလမ်းသလားရသည်ထက် ခက်နေချေသေး၏။

အတုနေပညာရှိကြောက်သဖြင့် အဝေးအရောက်သွား အဝေးပညာရှိများက ကော်ကြခတ်ကြ၏။ တစ်ဖန် အဝေးဆူမခံလိုသဖြင့် အနီးပညာရှင့်ထံ ကပ်ပြန်သော် ပညာမာန်၏ အပူဒဏ်က ဆတ်ဆတ်လူး ခံရပြန်ချေ၏။

အောင်သူပြီ မအော်နိုင်သေးသမျှ ထုတ်စီးတိုးသမားတို့၏ ထုတ်စီးရိုးအတားကား လှလှကြီးခံစားရဦးတော့မည်သာ။

## တစ်ခုလပ်မ နှင့် မုဆိုးဖို

တစ်ခုလပ်မကား ယခုအချိန် တစ်ခုသောဇိမ်ခံပစ္စည်း လစ်လပ်နေသဖြင့် ဣန္ဒြေဆည်မရ။

မုဆိုးဖိုကား သားကောင်ကိုချောင်းဒူးလေးကို မောင်းတင်၍လိုက်နေသူ။

သီတင်းကျွတ်ပြီးသည်နှင့် ရန်ကုန်မှအနံ့ခံကောင်းသောဒကာများ ခာတ်ပုံကိုကိုင်ဆောင်လျက်က စစ်ကိုင်းတောင်လိုက်လာကြ၏။ မြန်အောင်ချောင်သွားမေး၏။ မရ။ သို့နှင့် ဓာတ်ပုံကိုပြလျက်က လိုက်လံမေးရာ ဓာတ်ပုံရိုက်သမားတစ်ဦးက ငါတို့နှင့် ပရက္ကမ သရက်ပင်အောက်ဝယ် ဆွမ်းထည့်ပေးနေလျက်က တရားစကားနာကြားခဲ့ရဖူးသည်။ ထိုကိုယ်တော်တွေ့လိုလျှင် ထိုအရှေ့ပရက္ကမချောင်သွား လွှတ်လိုက်ရာ ဆိုက်ဆိုက်မြိုက်မြိုက် တိုးမိတော့၏။

သည်ကိုယ်တော်ကြီး၏ သောက်ပြီးရေကိုသောက်ရလျှင် ရောဂါအားလုံး ဒိဌပျောက်၏။ ထိုသို့ကြေညာသွားရာ ထိုဒကာများ ပြန်သွားပြီးနောက် ထိုသရက်ပင်အောက်လာရောက်၍ရေကပ်လေသူများ၊ ဝါးချက်ရွာ၊ ရွာထောင်ရွာများမှ ဆီးကြိုကပ်ကြလေသူများ၊ ရေတံခါးကြီး ပွင့်သွားချေတော့၏။ နောက်ယောင်ခံလျက်က ဖနောင့်လိုက်လံနင်းသွား ကြလေသူများတည်း။

တစ်ဖန် အရှေ့ပရက္ကမ၏ ဓမ္မစကြာစကြုံကျောင်းဒကာ-ကျောင်းအမများ ကထိန်ခင်းရန် လာရောက်ကြရာ ဆွမ်းခံပြန်ချိန်နှင့်ဆုံမိ၏။ ဘိုးသီလကတွေ့ဆုံပေးသဖြင့် အလ္လပ သလ္လပစကား ခေတ္တမျှပြောကြားမိ၏။ ခါးအောက်ပိုင်းအထိုင်အထ မရရုံမျှလည်းကောင်း၊ စကားမပီသရုံမျှလည်းကောင်း လေအဖြတ်ခံထားရရှာသောကျောင်းအမက ရေကပ်, ရေသိမ်းလုပ်ပြန်ချေ၏။ ယုံသဖြင့်သောက်၏။ မိုးကုတ်ရှိမိမိအိမ်သို့ ပြန်လည်ရောက်သော် စကားကောင်းကောင်းပြောနိုင်သောဟူ၏။ ၎င်းတို့ပြန်သွားကြလေသောအခါ ဘိုးသီလက ငါတို့ကို ဆုံးမပါချေတော့၏။

"တပည့်တော်တို့က ကျောင်းဒကာ-ကျောင်းအမဆိုပြီး စကားလက်ခံပြောလေ့မရှိဘူး။ ပြောသော်မှ သူများလို စကားဆန်းမပြောတတ်ဘူး" ဟူ၏။ ဟုတ်ပေသားပဲ ငါကိုက အဆန်းထွင်ပြောမိပေတာကိုး။ ငါကိုက လက်ခံပြောမိပေတာကိုး။ ငါကိုက ဒကာ-ဒကာမတို့အလိုလိုက် အကြိုက်ပေးမိပေတာကိုး။ ရှိစေတော့- ရှိစေတော့။

တစ်ဖန်ဆောင်းတွင်းဝယ် ကျွန်းလှမြို့မှ ဒကာကြီးတစ်ဦး ရောက်လာ၏။ ဘိုးသီလထံ

မဟာဓမ္မပါလ



ရဟန်းခံရန်နှင့် တစ်လမျှတရားအားထုတ်ရန်ဆို၏။ တရားကိုကား မဟာစည်နည်းအတိုင်းသာ အားထုတ်ခဲ့ဖူးသဖြင့် ဤ၌လည်း ထို မဟာစည်နည်းအတိုင်းပင် အားထုတ်လိုပါသည်ဆို၏။ သို့နှင့်ဘိုးသီက ရဟန်းခံပေးခဲ့ပြီး တရားကျင့်ရန်ကိုကား ငါတို့ကို အပ်နှံပြန်၏။ ဆွမ်းခံပြန် သည်သရက်ပင်ကြီး အောက်မှာသာစစ်ဆေးပေးမည်၊ ဟောပေး, ပြပေးမည်ဟုစျေးတည့်သွား၏။ ပြ၏။ ပြီးသော်ပြန်သွား၏။

တစ်နေ့ ဘိုးသီက မိန့်၏။

"တပည့်တော် ကျွန်းလှမဟာစည်ရိပ်သာ သွားတော့ အဲသည်က ယောဂီတွေက တပည့်တော်တို့ ကန္ဒီနည်းပေးပါတောင်းရာ သူ့ဒေသဖြစ်လို့ ကိုယ့်နည်းမပေးခဲ့" ဟူ၏။

ထိုပြန်ပဟေ့။ ငါနှယ်နော်- ဘာကြောင့်များ သူများခိုင်းတိုင်း လုပ်မိပါလိမ့်မတုန်း။ ကြီးသူခိုင်းသော်လည်း လုပ်သင့်မှလုပ်ရာ၏ ဟူသော အဘိဓမ္မာ ငါလေ့ကျက်မိလာ၏။

တစ်ဖန် ထို ကျွန်းလှဒုလ္လဘကြီး တစ်လမျှ ရဟန်းအဖြစ် နေရမည်ဖြစ်ရာ တရားကိုလည်းအားထုတ်ရဦးမည်၊ ရဟန်းကိစ္စဖြစ်သော ဒေသနာကြား ဥပုသ်ပြုများကိုလည်း ကျက်မှတ်ရဦးမည်ဆိုသော် ထိုအသက်(၆၀)ကျော်ကြီးကား ဘာကိုမျှမိမိရရ ရှိမည်မဟုတ်ပြီ။ သို့ကြောင့် တရားအားထုတ်သူကား တရားဆိုတရားမျှ ပွားနေမှသာ တိုးတက်နိုင်ကြောင်းပြောမိ၏။ ဘိုးသီက ဒေသနာကြား အကျက်ခိုင်းထားသည်ကို ငါတို့မသိ။ ထိုရဟန်းကြီးကလည်းမပြော။ ၎င်းဖာသာ ဒေသနာကြားကျက်နေလေဟန်လျှောက်သဖြင့်သာ ငါတို့နှောမိ၏။ နောက်တစ်နေ့ ဘိုးသီမိန့်တော့၏။

"အရှင်ဘုရား ရှေ့ကဦးဆောင်ချင်လျှင် တပည့်တော်နောက်ကလိုက်မည်။ ကြိုက်သလို ဦးဆောင်ပါ။ အဲ-တပည့်တော်ဦးဆောင်နေတာတော့ဝင်မရှုပ်နှင့် နောက်လိုက်ကနောက်လိုက် အတိုင်းနေ"

ဟုတ်လိုက်လေခြင်း။ ဘိုးသီနှင့်နေရသဖြင့် ငါတို့ပညာရ၏။ဘွင်းဘွင်းသမားသည် ၎င်းအတွင်းရှိ ပစ္စည်းများကို ချန်ချွင်းမထားလေသော အရိုးခံသမားပင် မဟုတ်လော။

ညှော်သည်က ညှော်သည်တာဝန်ကျေဖို့ ကျန်သေး၏

နှစ်၏ သင်္ကြန်ရက်ကာလအတွင်း ရန်ကုန်မှ ဒကာမြသွင်(ဒေါက်တာမြသွင်၊ စိုက်ပျိုးရေးသုတေသနဌာန)သည် အရှေ့ပရက္ကမသို့လာပြီး ဒုလ္လဘရဟန်းခံလိုသဖြင့် နီးစပ်ရာ စစ်ကိုင်းရှိ တပည့်နှစ်ဦးကို လွှတ်လိုက်၏။ ငါတို့ထံသွား၍ ထိုကိစ္စ အကြောင်းကြားထားရန် ဟူ၏။

ထိုနှစ်ဦး အရှေ့ပရက္ကမ၏ သရက်ပင် အောက်ရှိ ကုတင်ကြီးပေါ်မှ ငါတို့ကိုစောင့်သည်ဆို၏။ ငါတို့ကား ဆွမ်းခံအပြန် ဂူတွင်းသို့ရောက်နေချေပြီကော။ အရှေ့ပရက္ကမ၏ ဝေယျာဝစ္စ လုပ်နေကြသော မိပဲနှင့် ဒကာကြီးတစ်ဦးတို့က ဆရာတော် ဂူတွင်းဝင်သွားပြီ။ ထိုကိစ္စ ချောင်ပိုင် ဆရာတော်လျှောက်မှသာရမည် ဟုပြောပြသည်ဆို၏။ ၎င်းတို့ကားဘိုးသီကြွလာသော်မှ ဆင်းရှိမခိုး၊ ရဟန်းခံမည့်ကိစ္စလည်း သွားရောက်မလျှောက်ကြားဆို၏။ ဘိုးသီခေါ်မေးမှသာ လျှောက်ကြဆို၏။ ဘိုးသီကလည်းခွင့်ပြုဆို၏။ ထိုအရေး ကျေအေးသွားသော်မှ ပြေခြင်း, အေးခြင်းကား မရှိသေးချေ။

ဒုတိယနှစ်၏ ဝါတွင်းဝယ် ရန်ကုန်မှအဓိဌာန် ဝင်လေ့ရှိသော ဦးခင်ဖေမြင့်သည် ထိုစဉ်က သမဝါယမဝန်ကြီး ဖြစ်လေသူ ဦးသန်းလှိုင်အလှူခိုင်းလိုက်သောလှူဘွယ်ပစ္စည်းများကို လာရောက်လှူ

မဟာဗုဒ္ဓပါဠိ


၏။ အဓိဋ္ဌာန်လည်းဝင်သေး၏။ လျှောက်ထားလို သောကိစ္စ ငါတို့ဂူတွင်းကျအောင်လည်း လာ၍ လျှောက်၏။

တစ်နံနက် အရုဏ်ဆွမ်းစားနေသော ဘိုးသီသည်-

ဧည့်သည်က ဧည့်သည်တာဝန်ကျေလျှင် ကောင်း၏။ အိမ်ရှင်က အိမ်ရှင့်တာဝန် ကျေကျေ ပွန်ပွန် ဆောင်ရွက်ပေးနေပါလျက်က ဧည့်သည်က ကိုယ့်တာဝန်ကိုယ် ကျေအောင်မဆောင်လျှင် မကောင်းဆိုပြန်၏။ ဒကာမြသွင်ရဟန်းခံကိစ္စ ငါတို့က လက်ခံထားသည့် အမှတ်ဖြင့် ပြောဆိုခြင်းဟု ဆို၏။

ဦးခင်ဇေမြင့်သည် ငါတို့ဂူတွင်း ချက်ချင်း လာပြီး ထိုကိစ္စလျှောက်၏။ မြုံလိုသော မြုံခြင်းငှာ မသင့်တော့ပြီ။ ဘွင်းဘွင်း၏ တင်းတင်းနှင့် ပြင်းပြင်းကား နားရင်းအထိ အပူလောင်ခံရခြင်း ကြောင့်။

"တပည့်တော် ဂူတွင်းမှာ တစ်ပါးတည်း နေလျက်ရှိပါသည်။ ဘယ်သူမှလည်း မလာပါ"

"တပည့်တော် ဒကာ-ဒကာမမှန်သမျှ အရှင်ဘုရားနှင့်တွေ့ပြီးမှသာ တပည့်တော်ဆီ ရောက်တတ်ပါသည်"

"အရှင်ဘုရား သဘောမကျပါက အရှင် ဘုရား ကြိုက်သလို နှင်လွှတ်နိုင်ပါသည်"

"တပည့်တော်နှင့်ပတ်သက်သော ဒကာ-ဒကာမအားလုံး အရှင်ဘုရားကို အစကပင် အပ်နှံပြီးဖြစ်ပါသည်။ သို့ပါလျက် ဘာကြောင့် တပည့်တော်ကို ရန်လုပ်ချင်ရပါသလဲ"

ထိုသို့ လျှောက်သောကာလတွင်ကား ဘိုးသီလကား ပြုံးလျက်သာခံတော်မူရှာ၏။ ခွန်းတုန့် မပြန်။ ပြီးခဲ့သော ဘိုးသီ၏ နှုပ်ထွက်စကားတို့ကား စင်စစ် ဘိုးသီစကားများ မဟုတ်ကြပြီ။ ဝသီဘော် ဉာဏ်၏ သွေးထိုးစကားမျှသာတည်း။

ဝါသနာသည် တူသူချင်း၌ မျှသောအားဖြင့် မ,စ တတ်လေ့ချေ၏။

ဝါသနာသည် မတူသူနှင့်တွေ့ရာ၌ကား မမျှသောအားဖြင့် ချတတ်လေ့၏။

ဝါသနာချင်းမတူသူနှစ်ဦး ဆုံတွေ့ကြမိ လေသော် ရေနှင့်မီး ရင်ဆိုင်တိုးမိကြသည့်ပမာ များရာက အဆသာ,အဝါးသာအားဖြင့် လွှမ်းမိုးခြင်း အလွှမ်းမိုးခံရခြင်းများ ဖြစ်ပွားလာတတ်၏။ ဒုစရိုက် သမားချင်းသော်မှ ဖဲသမားနှင့်အရက်သမား အတူ မနေသင့်။ ဘိမ်းသမားနှင့်အရက်သမားလည်း အတူမကျင့်သင့်။ သူခိုးနှင့်ဓါးပြလည်း အတူမပူး ပေါင်း သင့်။ ပေါင်းသော် မကောင်းပါ မကောင်း ထပ်ဆင့်အပိုး ခံရမည်သာ။

ဤသို့ယူဆမိသဖြင့် စစ်ကိုင်းမှထွက်ရန် ကြံစည်ရတော့၏။ တစ်ကြိမ် ဦးကျော်မြင့်နှင့် အဖွဲ့လာကြသဖြင့် ထုတ်ပြောမိ၏။ မရ။ ဦးကျော်မြင့် ကား အဆောက်ဦး ကန်ထရိုက်သမား ဖြစ်သည်က တစ်ကြောင်း၊ မင်းတုန်းမင်းအိမ်ရှေ့စံဘဝက အိမ်တော်ကိုခွာတ်လှူထားသော ကျောင်းစွဲလန်း သည်ကတစ်ကြောင်းတို့ကြောင့် ဤချောင်မှ မပြောင်းရန်တိုက်တွန်း၏။ လက်ခံရ၏။ ထိုသို့ လက်ခံရသော်လည်း ဝမ်းတွင်းကားမခံသာပြီ။ ဂူဒဏ် ၏ဖိအား၊ အဟာရမဲ့၏တိုက်ကွက်၊ ဘိုးသီလ၏ ဝါသနာကြားဝယ် မချိမဆန့်သာ ရှိချေတော့၏။ ဂူသည် သဘာဝကို ဆန့်ကျင်သောအားဖြင့်-

နေ့အခါအေး၏။ ညအခါအလွန်ပူ၏။

ဆောင်းလအခါများ၌ ရေနွေးငွေ့အိုးကြီး ထဲ ဝင်ထိုင်နေရသည့်ပမာ လွန်စွာ ပူလှအိုက်လှ တော့၏။

နွေလအခါများ၌ကား ရေခဲတိုက်ကြီးအတွင်း ဝင်ဆင်းနေရသည့်ပမာ ခိုက်ခိုက်တုန်စွာပင်နေရ၏။

မဟာဓမ္မပါလ



မိုးလအခါများ၌ကား မြေခိုး, ရေခိုးများ အမှုတ်ခံနေရသဖြင့် ပူသောအိုက်သောဒဏ် အလူး အလိမ့်ခံနေရ၏။

ထိုသုံးမျိုးတို့တွင် ဆောင်းလသည် အထိ ခိုက်ဆုံးတည်း။ အသားတို့ကို ပေါင်းအိုးတွင်း ထား လျက်က အတွင်းသားမျှ(အကောင်မပျက်) နူးစေ နပ်စေသည့်သဘောမျိုးကို ဆောင်နေချေ၏။နံနက် ဂူမှထွက်၍ နေရောင်ဘက်သို့မဟုတ် နေရောင် ကျရာဘက် မျက်နှာလှည့်မိသော် မျက်ရိုးများကိုက် နေချေတော့၏။ မျက်ရည်များ တောက်တောက်ကျ ၏။ နှာရည်များလည်း စက်စက်ယို၏။ ဂူတွင်း၌ လည်း နံနက်အိပ်ရာအထ (၃)နာရီလမ်းထလျှောက် က ခန္ဓာသည် ကြာလေလေးလံလာလေသာ ရှိချေ ရကား။ စကြံကမ္ဗဌာန်း ပွားများခြင်းကိစ္စကား လုံးဝပင် ရပ်နားထားရချေပြီ တကား။

တစ်ဖန် အဟာရကား တစ်ဆောင်းတစ်နွေ လုံးလုံး ဝါးချက်အလှည့်တွင် (၁၅)ဦးမှ(၂၀)အတွင်း သာ ကျန်ရှိတော့ရကား သပိတ်တစ်ဝက်ပင် မရှိပြီ။ ထိုအားလုံး မိမိရှေ့ချပေးထားသော ဆွမ်းလှယ်အုပ် တစ်အုပ်ပြည့်သဖြင့် ပိုလျှံလာမှသာ စားမည် အဓိဋ္ဌာန်ကြောင့် (၇)ရက်လုံးလုံး အဆာကင်းပြတ် ခဲ့ရ၏။ ရံတစ်ခါ ဘယာကြော်လေးနှစ်ခု,သုံးခုမျှဖြင့် ရံတစ်ခါ ဘီစကွတ်လေး နှစ်ချပ်,သုံးချပ်မျှဖြင့်၊ အကယ်တိတိ(၁၅)ဦးပင် မပြည့်လာသော် ထို သစ်သီးဆွမ်း၊ မုန့်ဆွမ်းပင် မသုံးဆောင်တော့ပြီ။ ဆွမ်းလှယ်ပြီးစီးပြီး၏ နောက်ပိုင်း သရက်ပင်အောက် စောင့်ဆိုင်းကာ လောင်းသူရှိက စားခွင့်ရလာသေး ၏။ ရံတစ်ခါသာ။

သို့ကြောင့် ငါ၏ဝမ်းဗိုက်တွင်းရှိ အစာအိမ် ဟောင်း,သစ်များ အူကြီး,အူငယ်များ မကောင်းကြ တော့ပြီ။ သောက်သုံးရေကား ထုံးခါတ်ရေ၊ အဟာရေကားနတ္ထိ။ ငါ့ဝမ်း ကုစ္ဆိ နွမ်းရိရိတည်း။

ဘိုးသီလ၏ဝါသနာကြား လမ်းသလားရပုံ ကား ရေးသားပြခဲ့ပြီးပြီ။

ဘိုးသီကိုကား ငါကြည်ညို၏။ ငါတို့ကို လည်း ဘိုးသီလေးစားသည်ကားအမှန်။ ဝါသနာခံ ချင်း မတူညီသည်သာ ဆိုစရာရှိ၏။ ငါတို့ဂူရှေ့ တံမြက်စည်းလှည်းပေး၏။ ငါတို့သောက်သုံးရန် ဂူအထက်ရှိရေကန်သို့ ၎င်းကိုယ်တိုင် စက်ဖြင့် ရေတင်ပေးသေး၏။

"မလုပ်ပါနှင့်ဘုရား၊ တပည့်တော်က ဝါငယ်သူ ဖြစ်ပါသဖြင့် လုပ်ပေးစရာရှိက တပည့် တော်ကသာ လုပ်ပေးရမှာပါ " လျှောက်ထား တားသော်-

"အိုမဟုတ်ဘူး။ အရှင်ဘုရားက ခရီးတို သွား၊ တပည့်တော်က ခရီးရှည်သမားရယ်" မိန့်ကာ လုပ်ပေးမြဲပင် လုပ်ပေးခဲ့ပါ၏။ သို့ကြောင့် ဝါသနာ နှင့် စေတနာ ရေရေရာရာ ခွဲခြားသိနိုင်၏။ ရံတစ်ခါ ဥပုသ်ပြုပြီးသဖြင့် စကားစပ်မိသွားလေသောအခါ "တပည့်တော်ပါးစပ်ကြီး မကောင်းမှန်းလဲ တပည့်တော်သိတာပဲ။ ဒါပေမယ့် ပြင်မရတော့ဘူး ဘုရား။ တစ်ခါတစ်လေ အားငယ်မိသေးတယ်။ နင် သည်ပါးစပ်ကြီးကြောင့် သေအထိ ဘယ်သူမှလဲ နင့်အနားကပ်ချင်မှာလဲ မဟုတ်တော့ပါဘူးလို့ ကိုယ့်ကိုကိုယ်တွေးမိသေးတယ်" ဟူ၍လည်း မိန့်သေး၏။ ရိုးသားခြင်း၊ ပွင့်လင်းခြင်း၊ စွပ်စွဲလိုခြင်း များကို သတိအားဖြင့် ထိန်းမထားနိုင်သည်က ဟာ ကွက်တည်း။

ထိုသို့ ငါတို့၏ ကိုယ်စိတ်များ ဒဏ်သင့်နေ ကြခြင်း၊ သူတစ်ပါးအရိပ် ခိုလှုံလိုသူ၌ ရှိရမည့် အင်္ဂါ ရပ်များချို့တဲ့နေခြင်းများတို့ကြောင့် ငါတို့အတွက် လည်း လွတ်လပ်စွာကျင့်နိုင်စေ၊ ဘိုးသီလည်း အ ထောက်အကူရစေ၊ ဒကာ-ဒကာမများလည်း လွတ် လပ်စွာ ငါတို့ဆီကပ်သာစေရည်ရွယ်၍ သာစည် ရွှေကျောင်းကုန်းတောင်သို့ ဆောင်း,နွေ ရှစ်လ၊ စစ်ကိုင်းပရက္ကမသို့မိုးလေးလ မျှတနေမည်။

မဟာစမ္မပါလ



ရွှေကျောင်းကုန်း တောင်၌ ပရိတ်သတ်လက်ခံသည်။ စစ်ကိုင်း၊ပရက္ကမ၌ လက်မခံဟူ၍ စည်းမျဉ်းများ သတ်မှတ်စေကာ ရန်ကုန်-သာစည် ဒကာများ တန်ဆောင်မုန်း(၁၃၄၉-ခုနှစ်)လဆန်း (၆)ရက်နေ့ လာရမည်။ လဆန်း(၉)ရက်နေ့ စစ်ကိုင်းမှထွက်မည်။ လဆန်း(၁၀)ရက်နေ့ရွှေကျောင်းကုန်းတောင် အရောက်သတ်မှတ်။

ထိုအတိုင်း လာမည့်အကြောင်း တန်ဆောင်မုန်း လဆန်းတွင် ဒေါ်ပညောသီ(အဘ၏ နှမတော် ဒေါ်ပုတဖြစ်လဲ)လာသဖြင့်အပိုင်သိရ၏။သို့ကြောင့် ထို အစီအစဉ်အတိုင်း ဘိုးသီလအား လျှောက်ထားရာ လက်ခံ၏။ သို့သော် လက်လှန်ပြန်၏။

"အရှင်ဘုရား သည်ဂူကထွက်သော် နောက်တစ်ပါးလာလျှောက်က လက်ခံရပါမည်။ သို့ကြောင့် ဤလို ဂူတွင်းနေခွင့်ကိုကား တာဝန်မယူ" ဟူ၍ အကြပ်ကိုင်ပါတော့၏။ ငါတို့ကလည်း ဘိုးသီသဘောထားအတိုင်း ကြည်ဖြူစွာလိုက်လျောပါ၏။ "မှန်ပါသည်ဘုရား၊ ဆရာတော်အမိန့်ရှိသည်မှာ သံဃိက၏ ထုံးတမ်းအစဉ်အလာများနှင့် ကိုက်ညီလှပါပေသည်ဘုရား" လျှောက်ကြား၍ ဒို့စကား ပြန်လည် ရုပ်သိမ်းလိုက်တော့၏။ ဤဂူမှ အပြီးထွက်မည် ဆုံးဖြတ်၏။

ယခင်က သာစည်ကိုလည်းနေမည်။ စစ်ကိုင်းလည်းနေမည်ဟူသော ဆုံးဖြတ်ချက်ကို ပြန်လည်တွေးတောမိရာ ဖွန်းထဲကအတုံးလည်း ငါ့အတုံး၊ ပန်းကန်ထဲကအတုံးလည်းပဲ ငါ့အတုံး ဟူသော လောဘအိုးစကား ပြန်လည် နားကြား-ကြားမိလာသဖြင့် 'နင့်ဟာ လောဘမကြီးဘူးလား' ကိုယ့်ကိုယ်ကို မေးလျက်က ရှက်မိလာတော့၏။ လှေနံနှစ်ဖက်နင်း နခမ်းချင်းကွဲ ကျွမ်းပစ်လဲ ဥပမာတွေး အရေးယူမိ၏။

သို့နှင့် ချိန်းရက်အတိုင်း ရန်ကုန်မှအလျင်လာ၏။ ပိတောက်ချောင်ဂိုဏ်း(ရွှေကျင် သုဓမ္မာတို့ကဲ့သို့သောဂိုဏ်းမဟုတ် ရဟန်းချင်းနီးစပ်ရာ၏ အစုမျှသာ)ဝင် သက်န်းကြီးဝတ် ရဟန်းများအားလုံး မြန်အောင်ချောင် ဆရာတော်ဦးသုဒဿန၊ သလ္လာဝတီချောင်ဆရာတော် ဦးတေဇနိယနှစ်ပါး ငါတို့၏ တစ်ရွာတည်းမှဖြစ်သော အတိသုခချောင်(ပဌမဂန္ဓာရုံဆရာတော် ဦးဥတ္တရ နောက်ဆုံးသီတင်းသုံးသွားသောချောင်) နေ ဦးသုမန၊ ဦးဇဝန နှစ်ပါးတို့ကို လဆန်း(၉)ရက်နေ့ နေ့ဆွမ်းကျွေးလှူရန် စီမံကြ၏။ သာစည်ကား ထို(၉)ရက်နေ့မှလည်း ထွက်ခဲ့မည်။ ပါလာသောဧည့်သည်အားလုံးကိုလည်း ဘုရားဖူးလှည့်ပြဦးမည်။ ညနေ(၅)နာရီမှသာ ချောင်သို့လာပင့်မည်ဆို၏။ရွာမှ အစ်မ, ဆွေမျိုးများလည်း လာကြ၏။

ဘိုးသီလကား ရန်ကုန် ဒကာ-ဒကာမများ အပင့်ရောက်လာပြီဆိုကတည်းက ဂဏာမငြိမ်ရှာပြီ။ ငါတို့ မပြောဝံ့ရှာတော့သဖြင့် အနောက်ပရက္ကမရှိ ဘိုးနံ(ဆရာတော်ဦးနန္ဒဝံသ၊ ရဟန္တာကျော်ကြားသွားသောအနောက်ပရက္ကမဆရာတော် ဦးဝဏ္ဏ၏ မြေး) သို့သွားရောက်အပူကပ်ရှာတော့၏။

လဆန်း(၈)ရက်နေ့ညကား ငါတို့သည် ဒကာရင်းဦးအောင်ခိုင် (စစ်ကိုင်းရှိ)နှင့် ၎င်း၏ နီးစပ်ဒကာ-ဒကာမများ၏ ပင့်လျှောက်ချက်အရ တရားသွားဟောနေရ၏။ အပြန်တွင်ကား ဘိုးနံ၏ လျှောက်ထားချက်အရ ဘိုးသီက ငါတို့အား ကျောင်းအပြီးအပ်ကြောင်း ကြေညာတော့၏။ ဝမ်းသာကြ၏။ အားလုံးပင်ဖြစ်ချေ၏။

ထိုကောင်းသတင်း သရက်ပင်ကြီး အောက်ဝယ် နားထောင်ခဲ့ပြီး ဂူတွင်းဝင်ခဲ့၏။ ရန်ကုန်ဒကာ-ဒကာမများလည်း ထက်ချပ်မကွာ လိုက်ပါလာကြ၏။ ဦးကြီးစိန်၊ ဦးကျော်မြင့်၊ ဦးတင်အောင်၊ ဦးတူး၊ ဦးလွန်းမောင်၊ ဒေါ်ခင်မူ တို့ကို မှတ်မိ၏။ နက်ဖြန် ခရီးစဉ်ကိစ္စလည်းပါ၏။ ရွှေကျောင်းကုန်း နေရန်လည်းပါ၏။ ဤပရက္ကမ ပြန်လာရရန်လည်းပါ၏။ ထိုစဉ်-

မဟာဓမ္မပါလ



"အရှင်ဘုရား သည်ဂူမှာနေရတာ ကျန်းမာပါရဲ့လား" လွန်းမောင်အမေး။

"အေး လူကတော့ကျန်းမာပ၊အစာအိပ်ကတော့ မခံသာတော့ဘူးဗျာ့" ငါတို့အဖြေ။

"အရှင်ဘုရားကျန်းမာရေး မညီညွတ်တဲ့နေရာ ဆက်နေလျှင်သင့်ပါ့မလား" လွန်းမောင်အမေး

ငါတို့မှမဖြေရသေး။ ဦးတင်အောင်ကလည်းဆက်မနေရန် ကြားဝင်လျှောက်ထားတော့၏။ ဦးတူးကလည်း နေရာကောင်းဖို့ထက် ကျန်းမာရေးကောင်းဖို့က အရေးကြီးကြောင်း ဖြည့်စွက်ပြန်၏။ ငါတို့ စကားဆက်ရန် မသင့်တော်တော့။ သို့ကြောင့်-

"ကဲ ဘယ်လိုသဘောရလဲ၊နက်ဖြန် သံဃာတော်များနှင့်တွေ့လျှင် နေ-မနေ ဖြေရတော့မှာ"

ဦးကျော်မြင့်ကား အရှင်ဘုရားသဘော၊ ဦးကြီးစိန်၊ ဒေါ်ခင်မူတို့ကားကြားနေ၊ ကျန်အားလုံးကား မနေတို့သာလျှောက်ထားကြလေရာ ငါတို့ကား များရာဘက်လိုက်ရပေလိမ့်မည်။ မနေဆုံးဖြတ်ချက်ပေးလိုက်၏။ ဌာနေတို့ကား ငိုကြွေးကြ၏။ ဘိုးနံ့သည်ပင် မျက်ရည်ဆည်နိုင်ရဲ့သာသာ။ ဒေသတစ်ခုမှထွက်ခွာနိုး၏ လုပ္ပ-ယက်ပ္ပဲကြီးတည်း။

နောက်နေ့ (တန်ဆောင်မုန်းလဆန်း (၉) ရက်နေ့)နံနက်တွင်လည်း သံဃာအားလုံး ဆွမ်းကိစ္စပြီးစီးသဖြင့် (နံနက်(၈)နာရီလောက်ဆို ပြီးလေ့ရှိကြ၏) သွားရောက်၍ ဂါရဝပြုရာ သည်လာမည့်နှစ်ဝါဆို-မဆိုဖြင့် စတင်နှုတ်ခွန်းတော်ဆက်ကြရာ မဆိုတော့ပါကြောင်းဖြင့် နှုတ်တော်များပိတ်ပေးလိုက်မိ၏။ ထိုအခါ သွားလမ်းသာသလို အပြန်လမ်းလည်း သာစေပြီး လိုရာခရီး ပြီးစီးပါစေဖြင့် ဂါရဝပြုပွဲ နိဂုံးချုပ်ခဲ့၏။

ထိုစဉ်က ပိတောက်ချောင်ဂိုဏ်း၏ အကြီးအကဲများမှာ-

(၁) မြသိန်းတန်ဆရာတော်

(၂) သာယာဝတီချောင်ဆရာတော်

(၃) ဘိုးသီ(ဆရာတော်ဦးသီလာစာရ)နှင့်

(၄) ကမ္ဗောဇချောင်ဆရာတော် ဦးဝါယမ တို့ဖြစ်ကြ၏။

ကမ္ဗောဇကား မြို့နယ်ဥက္ကဋ္ဌ၊ မြသိန်းတန်ကားအခြေခံဥက္ကဋ္ဌများလည်း ဖြစ်ကြသေး၏။ ငါတို့၏ မြန်အောင်ချောင် ဘိုးသု(ဦးသုဒဿန)ကား အခြေခံအတွင်းရေးမှူးဟူသတတ်။

## အရှင်ထွက်သည် အသေထွက်ထက် အလုအယက်များ၏

ထိုနေ့(၁၃၄၉-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉)ရက်နေ့) နေ့လည်တွင် ရန်ကုန်ဒကာများ မန္တလေးသို့ ပို့ဆောင်ပေးမည့်(စစ်ကိုင်းတိုင်း၊ အခွန်ဦးစီးမှူး ဦးသိန်းဦးနှင့်ဒေါ်မြင့်မြင့်သောင်းတို့အစီအစဉ်ဖြင့် ကား,ရောက်လာရာ (၃)နာရီထွက်မည်ဟုချိန်းလိုက်ကြ၏။ သာစည်မှ ညနေ(၅)နာရီလာမည့်အဖွဲ့နှင့် ထိပ်တိုက်တွေ့မည့်ဆုံးဖြတ်ချက်တည်း။

တစ်ဖန် ငါတို့စီးနင်းရန် လာရောက်ကြိုဆိုသော မန္တလေးနေမင်းဆေးလိပ်ခုံမှ ကားငယ်သည် နေ့(၁)ချက်တီးလောက်ရောက်ရှိလာပြီး စောစောပင့်သွားလိုသည်။ မန္တလေးရောက်သော် ၎င်းတို့တိုက်သို့ ခေတ္တဝင်၍သီတင်းသုံးပြီးမှ အနောက်ထီးလင်း ရတနာပုံသို့ကြွရန်ဟူ၍ အရေးဆိုရာလိုက်လျောကြပြန်၏။ သာစည်-စစ်ကိုင်းတို့နှင့် ထိပ်တိုက်တွေ့မည့် ရန်ပွဲပို့ လိုက်လျောချက်တည်း။

မဟာဓမ္မပါလ


သို့နှင့် ညနေ(၃)နာရီတွင် ထွက်ဖြစ်ခဲ့၏။ နေမင်း, စစ်ကိုင်းတို့ဖြင့်သာ။

သာစည်၏ ညနေ(၅)နာရီ အရှေ့ပရက္ကမသို့ ရောက်သွားလေသောအခါ မမှီလိုက်ကြတော့ပြီ။ "ဒါ-ဘုန်းကြီး တိတ်တိတ်ခိုးပင့်သွားကြတာပဲ" သာစည်အဖွဲ့(ဦးကျော်တင့်၊ဦးသန်းမောင်၊ဦးဘဂျမ်းတို့ ခေါင်းဆောင်ကြသည့်အဖွဲ့)မကျေနပ်ကြပြီ။ ရန်ကုန် ဒကာ-ဒကာမများအပေါ် အထင်တလွဲအမြင်ပါလွဲ၍သွားချေပြီ။ သို့ကြောင့် မန္တလေးရတနာပုံကျောင်းသို့ ည, တည်းခိုကြလေသောအခါ အချင်းချင်းမရောနှော။ အချင်းချင်းလည်း စကားမပြောဖြစ်ကြတော့ပြီ။ ရန်ကုန်ဘက်က ပြေသော်မှ သာစည်ဘက်မှ လိုက်လျောခြင်းမရှိတော့ပြီ။

အစ၏ ကတိကဝတ်မှာ ရန်ကုန်ဒကာများ စစ်ကိုင်းမှသာစည်ရွှေကျောင်းကုန်းတောင်အထိ ကားတာဝန်- သာစည်တာဝန်သာဖြစ်သည်။ရန်ကုန်က ညနေ(၅)နာရီအထိ ပရက္ကမမှစောင့်ရမည်။

ယခုသော် ရန်ကုန်ဘက်မှ စတင်ပျက်ခဲ့ပါသဖြင့် သာစည်ဘက်ကလည်းဖျက်လိုက်ပြီ သို့ကြောင့် ရန်ကုန်သားများ မန္တလေးမှသာစည်သို့ ကားငှားရရှာတော့၏။ မန္တလေးနေမင်း-ငါတို့အတွက်တစ်စင်း၊ ရန်ကုန်တစ်စင်း၊ သာစည်တစ်စင်း ပေါင်းသုံးစင်း မန္တလေးမှသာစည်သို့။

တစ်ဖန် တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့၊ နံနက်(၃)နာရီချိန်းထားသော်လည်း နေမင်းကား နံနက်(၄)နာရီမှသာ အနောက်ထီးလင်း၏ ရတနာပုံသို့ ဆိုက်လာသဖြင့် စတင်ထွက်ခဲ့ကြရ၏။

သာသနာ့ကိစ္စတစ်ခု ဦးဆောင်မှုပေးတတ်သူမပါ။ ကျွမ်းကျင်သူမရှိ။ သာမာန်ကိစ္စမျိုးသို့ သာထင်မှတ်ပြီး ပေါ့ပေါ့တွေး,ပေါ့ပေါ့ပြော,ပေါ့ပေါ့ လုပ်တတ်သဖြင့် အရှုပ်,အဖုများ ပိုလာတော့၏။

ရှေ့ကားကား အပြင်းမောင်း၏။ ဟိုင်းလက်ပင်မမှီတော့။

အလယ်ကား,ကား ကျောက်ဆည်အရောက် ခြံထဲဝင်ဆီထည့် ကိုယ်ရောင်ဖျောက်-ပျောက်။

နောက်ဆုံးသာစည်ကားကား မအီမသာ၊ သည်တခါ ဘုန်းကြီးခိုးပွဲကြီး ပေါ်ပါပကော။

ရှေ့ဆုံးကား၏ (နေမင်းဦးသောင်းစိန်၏) ဆန္ဒဇောမှာ ငါတို့ကို အရုဏ်ဆွမ်းအဖြစ် လမ်းခရီး၌ တွေ့ရသော လှုက်ရည်ဆိုင်ကောင်းကောင်း မျက်စောင်းထိုး မောင်းနှင်နေခြင်းမျှသာတည်း။

သာစည်အဖွဲ့၏ အထင်ကား မန္တလေးကားလည်းမမှီ။ ရန်ကုန်ကားကလည်း မျက်ခြေပြတ် ဖြစ်သွားတော့ရာ "ဒါ-ရန်ကုန်နှင့်မန္တလေး တစ်ကြိတ်တည်းခိုးပြေးပွဲ" အထင်လွဲမှားသွားတော့၏။

မိတ္ထီလာ ရောက်သဖြင့် ငါတို့ကား လှုက်ရည်ဆိုင်ရှေ့မှာပင် အချိုပွဲသုံးပြီးနေပြီ။ ကားပေါ်ပါ (ဒေါ်တင်တင် (နေမင်း)၊ ဒေါ်ခင်မူ၊ ဒေါ်ပညေသီ၊ ဦးတင်အောင်)တို့နှင့် ဦးသောင်းစိန်သည်ပင် ပြီးစီးနေကြလေပြီ။ ရန်ကုန်ပါကားလည်းဆိုက်လာပြီ။ သာစည်ကား,ကား ငါတို့ကို မမြင်။ ရှေ့ကျော်မောင်းနှင်သွားချေပြီ။ မြင်လိုက်ကြရလေသော ရန်ကုန်သားတို့က လိုက်အော်ခေါ်လေမှ နောက်လှည့်လာကြချေ၏။

ရောက်ရောက်ချင်း ထိုးကြမည် ကြိတ်ကြမည် ဖြစ်ကြချေတော့၏။ ဘုန်းကြီးပင့်ပွဲနှင့်ကားမတူ၊ မယားခိုးသွားသူနှင့် ကြားဖြတ်လုယက်သူတို့ကြား စကားများဘိသို့သာ ရှိချေတော့၏။

မတိကျခြင်း၊ မစေ့စပ်ခြင်း၊ ရှေ့ကြိုမတွေးမိခြင်း၊ သဘောထားသေးသိမ်ခြင်း၊ အခွင့်အရေးနိုက်လိုခြင်း စသည့် အများနှင့်ပတ်သက်ရာ၌ အံမဝင်သောလုပ်ရပ်များ ဤဘုန်းကြီးပင့်ပွဲက သက်မသေပြနေချေပြီတကား။

မဟာစမ္မပါလ



## သုံးယောက်တွေ့မှ ဝိရောဓိ ဖြစ်၏ တစ်ယောက်က

မိတ္ထီလာမှ နံနက်(၈)နာရီခန့်တွင် ထွက်လာခဲ့ကြရာ (၉)နာရီမထိုးမီ သာစည်သို့ရောက်ကြ၏။ ရောက်မဆိုက် သာစည်မြို့ ၊ ဘုရားကြီးတိုက် မြို့နယ်ဥက္ကဋ္ဌဆရာတော်ထံ အလျင်ဝင်၍ဦးတိုက်ရ၏။ ဘွဲ့တော်ကား ဆရာတော်ဦးသူရိယ ဟူသတည်း။

ရောက်ရောက်ချင်း မှတ်ပုံတင်တောင်းစစ်ဆေး၏။ စစ်ကိုင်းဝင်ရက်,ထွက်ရက်ရေးမှတ်မတွေ့ရ၍မေး၏။ "ထိုတောင်ထုံးစံ, မလိုဆိုသဖြင့် မလုပ်ခဲ့မိရပါဘုရား" လျှောက်မိရာ-

"မလိုတဲ့နေရာသာမလိုတာ၊ လိုတဲ့နေရာမှာ လိုတယ်" ဟူ၍ ငေါက်ပါတော့၏။

"ကိုယ်တော် ရွှေကျောင်းကုန်းတောင်နေမလို့လား" မေးတော်မူပြန်ပါ၏။

"သံဃာတော်များ ဆန္ဒရှိစိဖြစ်လျှင် နေလိုပါသည်ဘုရား" ဖြေမိ၏။

"ဝိနည်းတော်နှင့်အညီ နေနိုင်လျှင် ခွင့်ပြုပါ တယ်" ဖြေကြားတော်မူပါ၏။

ထိုအမေးအဖြေများပြီးသော် ငါတို့၏ မှတ်ပုံတင်ထဲဝယ် မှတ်သင့် ရေးသင့်သည်များကို ဖြည့်စွက်ပေးတော်မူခဲ့ပါ၏။ ပြီးသော်

"ကိုယ်တော်- ဝိနည်းနားလည်ရဲ့လား" ထပ်မံ စစ်ဆေးတော်မူပြန်ပါ၏။

"ဘုရားတပည့်တော်များ ကိုရင်ငါးဝါ၊ ရဟန်းငါးဝါဖြင့် ပရိယတ္တိစာသင်တိုက်ကြီးများမှာ ပညာသင်ကြားခွင့်ရခဲ့ပြီး၊ ပဋ္ဌမကြီးအောင် ဓမ္မာစရိယ တန်းအထိ သင်ခဲ့ဖူးပါသည်ဘုရား"

ထိုအချိန်မှစ၍ ဆရာတော်ဦးသူရိယကား ငါတို့အပေါ်ဝယ် မချေမငံမာန်ငေါက်ခြင်းများ အလျဉ်းမပြုတော့ပြီ။ နောက်မှသိရသည်မှာ ရဟန်းချင်းများက တိုင်ကြားစာပို့ထားသောကြောင့် ဆို၏။ ပရိယတ္တိဂုဏ်ကျေးဇူးကား ယခုအကြိမ်သည် ဒုတိယအကြိမ် ငါ့အား ကယ်တင်ပေးခြင်းတည်း။

ထို့နောက် ဆရာတော်ဦးသူရိယသည် ငါတို့ဖို့ ကူညီတရားများကိုသာ ချီးမြှင့် ပေးသနားတော့ပါချေ၏။ ထိုချီးမြှင့်ပေးသနားသော တရားကသည်ပင် ဆရာသမားစိတ်ထား ပေါ်လွင်ပြီးသားတည်း။

၁။ "အရှင်ဘုရား လူသုံးယောက်ဆုံမိလျှင် တစ်ယောက်ကတော့ ဆန့်ကျင်ဘက်ဖြစ်မှာ ဧကန်ပါပဲ၊ လူငါးယောက်ဆိုလျှင်တော့ ဝိရောဓိသမားဘက်က နှစ်ယောက်ပေါ့လေ။ ကိုယ်က တရားသမားပဲ၊ သည်းခံစိတ်ထား ကိုယ့်လမ်းကိုယ် တွင်တွင်သွားရုံသာရှိရမှာပေါ့။ ဘယ်သူက ဘာစကားပြောပြော နားမကြား, မျက်မမြင်သဘော ဆောင်တတ်ဖို့ အရှင်ဘုရားတာဝန်ပဲ"

ရှင်းလင်းပြတ်သား တစ်သက်ပန် မှတ်သားထားသင့်သော သြဝါဒများပေတကား။ တစ်ဖန်-

၂။ "ပြီးတော့ရှိသေးတယ်ဘုရာ့၊ တောင်ဘက်ခြမ်းက, လူ မြောက်ဘက်ထဲကူးဝင်လာလျှင် ဘာလဲဆိုပြီးအကဲခတ်ကြမှာသေချာတယ်။မြောက်ဘက်ကနေ တောင်ဘက်ခြမ်း ကူးသန်းသွားလျှင်လဲ သည်လိုပဲ အကဲခတ်ကြမှာပဲ။ သည်တော့ ကိုယ်တော်တို့ထင်သလို မဟုတ်ဘူးဆိုတာ အရှင်ဘုရားက အလုပ်ဖြင့် လက်တွေ့ပြလိုက်ပါဘုရား"

ထိုနှစ်ခွန်းသော ဆုံးမစကားဖြင့်ပင် ဆရာတော်ဥက္ကဋ္ဌအား ဆရာအရာထားလိုက်ပြီးပြီ။ ဤစကား သာမာန်မေတ္တာထားဖြင့် မမြွက်ကြားနိုင်ရာ။ သံဃာချင်း, သီတင်းသုံးဖော်ချင်းတို့အကြား ထားရှိသော မေတ္တာအမျိုးအစားသာ ဖြစ်ချေရကား, ဆရာဟူ၍လည်းကောင်း၊သမားဟူ၍လည်းကောင်း ငါတို့ အသိအမှတ်မပြုဘဲ မနေနိုင်ပြီ။

သွားလမ်း၏ အကောင်းအဆိုး အကြောင်းအကျိုးများကို ဝေဖန်၍လမ်းညွှန်ပေးရုံမျှသည်- ဆရာ။

မဟာဓမ္မပါလ



သွားရာလမ်းကြောင်း လမ်းကောင်းရွေးပေးရုံမျှမက ကျလာသောရောဂါကိုလည်း ကုစားပေးသေးလျှင်- သမား။

ဥက္ကဌဟူသောရာထူးသည် မုချကျေးဇူးတင်ထိုက်သော ဂုဏ်ကို မဆောင်တတ်။ ဝိနိစ္ဆယ (ဥပဒေအဆုံးအဖြတ်)အဆုံးအဖြတ်၌ တိကျစွာမသုံးသပ်တတ်သောကြောင့်ဖြစ်စေ၊ အဂတိလေးပါး (မလိုက်စားသင့်သောလိုရာသို့ ဘက်လိုက်ခြင်း-မလိုရာသို့ ဘက်တိုက်ခြင်း တစ်တွဲ။ ကြောက်သဖြင့် ဘက်လိုက်-ဘက်တိုက်ခြင်း, မသိသဖြင့်ဘက်လိုက်-ဘက်တိုက်ခြင်း တစ်တွဲ။ ပေါင်းလေးပါး) မလိုက်စားသင့်ရာလိုက်စားမိသောကြောင့်ဖြစ်၏။ ဂုဏ်တက်ခြင်း-ပျက်ခြင်းများ ဖြစ်ပွားတတ်သေး၏။ မကျေနပ်ရာ အများဘက်က ထကြွလာလျှင် ဥက္ကဌအမည်သည်ပင် ကျသွားတတ်သေး၏။ သို့ကြောင့် ဥက္ကဌ၏ကျေးသည်ထူးသော်လည်းမစူး၊ ကျေးစူးစိုက်ခြင်းအလျဥ်းမပါချေ။

အကောင်းအဆိုးကြား လိုလိုလားလားဖြင့် အဆိုးကြားမှသည်အကောင်းဘက်သို့ ယက်တင်ပေးလိုက်သော ဆရာ့ဂုဏ်,သမားဂုဏ်ကား-တစ်ခါကြုံပင်ဖြစ်ပစေ၊ ဆုံးတိုင်းပင် ထိုကျေးပတ် ဆပ်၍ မကုန်နိုင်လေ။

ထိုနှစ်ခွန်းသောစကားဖြင့်ပင် သာစည်ဒေသရှိ သံဃာတော်တို့၏ ငါတို့အပေါ်ထားရှိသော သဘောထားကို ရိပ်စားမိလိုက်ပြီ။ ငါ့အဖို့ ကြောက်စရာကား တွေ့လာပြီ။ ထိုကြောက်စရာသည်ပင် ငါ၏ မေ့မေ့ဖြင့်ပြုလေ့ရှိသော နှုတ်အစွန်းထွက်, အလုပ်အစွန်းထွက်များကို ပယ်ဖျက်ရန် အရင်းအနှီးဟူ၍ ဆုံးဖြတ်လိုက်၏။ သို့နှင့်ပင် ၁၃၄၉-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့ညနေ(၄)နာရီခန့်တွင် သာစည်နယ်ရှိ မူလတောထွက်ခဲ့ရာ ရွှေကျောင်းကုန်းတောင်တော်သို့ တစ်ပါတ်လှည့်လည် ခဲ့ရချေပြီတကား။

## ရန်ကုန်ပြန် နာမည်ခံ, နာမည်ပေး ရှေးဦးမှသင့်လိမ့်မည်၊

မိမိ၏သာစည်နယ် ရွှေကျောင်းကုန်းတောင်သို့ ပြန်လည်ကပ်ရခြင်း၏ ရည်ညွှန်းချက်ကား-

၁။ တစ်ဘက်က သာသနာ၊ တစ်ဘက်ကငါ့ကိစ္စ စိတ်ချလက်ချ နှစ်ခုတွဲ- နှစ်ပွဲပြီး ဖော်ဆောင်ရန်။

၂။ ငါနှင့်ပတ်သက်ရာဝေနေယျ ငါ တစ်ရက် နောက်ကျက ၎င်းတို့ကား တစ်ဘဝ နစ်နာနိုင်သဖြင့် ကိစ္စပြီးထိ မနေတော့ရန်။

၃။ ငါ့မယ်တော်နှင့်အဘနှမ, ယခုအချိန် ကျေးဇူးဆပ်လှည့် အချိန်ကျပြီဖြစ်၍ ငါ့အနားလက်ခွဲ, ဓမ္မအမွေခံ- ခံယူစေရန်။

ဤသုံးချက်သည် သက်သက်သော အကြောင်းခံ ဖြစ်ချေ၏။ ထိုတွင် ယခင်က တစ်ဦးတည်း နေပါက ငါ့ဥကွောင်းပေါ် အရိပ်မပြုသဖြင့် နေပူမိချေသည်။ အကယ်တိတိ ငါ့ခေါင်းထက် အရိပ်ခွက်၍ ထိုအရိပ်ခွက်အောက် ငါ့ကိုယ်ရောက်နေသော်ကား နေပူ-လေပူ ပွေသူမရှိ ဘေးမထိမျှော်ခဲ့၏။

ယခုသော်ကား ထိုအရိပ်အောက်ဝင်လျှင် ထိုအရိပ်ပင်မှလွတ်ကျလာသော ရွက်ခြောက်ကိုင်းစ, ကိုင်းနများ၏ အထိအပါးကား နားလည်းမခံသာ,ပါးလည်းမခံသာ-သာ ရှိပြန်ခဲ့ချေ၏။ သဘောချင်း,အမြင်ချင်း,အသွင်ချင်း မျဉ်းပြိုင်သဘာဝသည် အဖြူ, အမဲအားဖြင့် ကွဲပြားချေရကား နှစ်ပါးစလုံးပင် နုံးခွေရာ၏။

ငါကား သူတော်ကောင်းမဟုတ်သေး။ သို့တစေလည်း ငါမကောင်းနှင့် အကြောင်းတည့်အပေါင်းတည့်များကား တစ်ဦးအရက်သမားရမ်းကားနေချေသည်ကို သူနှင့်သဘောချင်းတူရာနောက်တစ်ဦးအရက်သမား တွဲမှဆွဲမှ အဆင်ပြေရသည့်ပမာ ငါ့စကားသာနားလည်ရာ၏။ ငါ့အသွား

မဟာဓမ္မပါလ



သာ နှစ်သက်ရာ၏။ ငါ့အစားသာ အတုယူရာ၏။ ငါလုပ်က ဟုတ်ဟုတ်-မဟုတ်ဟုတ် လိုက်လုပ်မည့် သူများသာတည်း။

ငါ့မယ်တော်ကား-မာနကြီး၏။ အဘနှမကား-တဏှာကြီး၏။

မယ်တော်ကား သူတစ်ပါးအပြောမခံတတ်။ ဇတ်ဇတ်ကဲ၊ အာဃာတဘ္ထိခဲမျိုးဖြစ်သဖြင့် အရှေ့-ပရက္ကမလာရောက်နေချေသော်(ငါတို့ခေါ်သဖြင့် ရောက်လာသော်)ဘိုးသီး၏ဝသီဘော်နှင့် မဆီလျော်ရာ။

အဘနှမကား ကိုယ့်ကိုကိုယ် ခင်မင်မှုအားကြီးတတ်၏။ အစားရွေး၏။ အလုပ်ကျ ဝန်လေးနေတတ်လှ၏။ မြို့ကြီးသူ မန္တလေးစိန်ပန်း၊ ဥပုသ်တော်ကုန်းမွေး၍ ကုန်သည်ကြီး၏သမီးအထွေးဆုံးဖြစ်သဖြင့်အရှေ့ပရက္ကမလာရောက်၍ နေချေသော်(ငါတို့ခေါ်သဖြင့်လိုက်လာသော်)ဘိုးသီး၏ ဝသီဘော်နှင့် မဆီလျော်ရာ။

အကယ်တိတိ ငါပြီးငါပိုင် ရွှေကျောင်းကုန်းတောင်ဖြစ်လျှင်ကား ထိုသုံးမျိုးစလုံး အကျိုးဖြစ်ထွန်းရာချေသည်မျှော်ရည်သဖြင့် ပြောင်းရွှေ့ခဲ့ခြင်းတည်း။

ထိုသို့ပြောင်းရာမှ အောက်ပြည်သို့ စုန်ရန်ကိစ္စ(ဒေသစာရီလှည့်လည်ရန်ကိစ္စ)လည်း ပေါ်လာချေတော့၏။ ရန်ကုန်ဝင်လျှင် တရားဟောရမည်။ တရားဟောသော် ဘယ်ကကိုယ်တော်လဲ မေးမှာသေချာသည်။ အရှေ့ပရက္ကမကဆိုသော် ရဟန္တာအဖြစ်ကျော်ကြားနေသော အရှေ့ပရက္ကမ ဆရာတော်ဘုရားကြီးကား ရွာလေးထပ်မှာ သက်တော်အထင်အရှားပင်ရှိချေသေးသဖြင့် မသင့်တော်ရာပြီ။ အမည်တု၍ မလုသင့်ပြီ။

သို့ဆိုသော် ရန်ကုန်မြေပေါ် ရွှေကျောင်းကုန်းတောင်တော်ဖြင့်အမည်ဖော် မကောင်းပေလော။ ဤသို့ ဆင်ခြင်မိသဖြင့် ဤရွှေကျောင်းကုန်းတောင်သို့ ဦးစွာခြေချခြင်းလည်း ဖြစ်ပါချေ၏။ ထိုသို့ အခြေချရန်ကို နောက်ပါဒကာတို့၏ ပြောဆိုမှု မကျွမ်းကျင်ခြင်းကြောင့် သည်ကိုယ်တော် သူ့နာမည် ထင်ပေါ်ရေးအတွက် သည်ဘက်ကို ပြန်လာသည် ဟူသော စွပ်စွဲချက်ကြီးလည်း ပေါ်ထွက်လာချေသေး၏။ ရှိစေတော့။

-အကောင်း မကြည့်လိုသူ၏ရှေ့ ဖြူးစေ့စေ့လုပ်ပြသော် ဖြူးသည်မထင် မုန်းမည်ပင်။

-အကောင်း ကြည့်လိုသူ၏ရှေ့ မဲ့ပြ၍နေချေသော်မှ မဲ့သည်မမြင် ချစ်လျက်ပင်။

သူတော်ကောင်းစိတ်ထားရှိလေသူ၊ သူတော်တည့်မှန်ကန်လာစေရန် ကိုယ်ကအလျှင်ကောင်းပြမှ သင့်ပေလိမ့်မည်။ သူတော်မှသာ ကိုယ်ကောင်းရန်ထက် ကိုယ်ကောင်းသဖြင့် သူတော်လာဖို့ကား အဓိကတည်း။

## ဆယ်ဝါပြည့်မှ ကျောင်းထိုင်ရမည်

စစ်ကိုင်း၏ ပထမဝါကျွတ် ဝါထွက်တွင် စိတ်အစဉ်အလျဉ်မိနေတုန်း ဖြုန်းဆို ကျောင်းကိစ္စပေါ်လာရာ(ရွှေဂူချောင်က အတင်းလာပင့်ရာ) ငါတို့စိတ် ကယောင်ကတန်းဖြစ်သွားစေ၏။ ပရက္ကမနှင့်ရွှေဂူ အဘယ်ဂူဖြင့် လက်ဆက်ရအံ့လေ။ သို့လော၊သို့လောငေးမျှောနေချိန်၊ တစ်နေ့ ဝါးချက်ရွာ ဆွမ်းခံအလှည့်ဖြစ်၍ ဆွမ်းခံအဝင်တွင် ရွာလယ်ခေါင် ချောင်ကျကျနေရာတွင် ရဟန်းအိုကြီးတစ်ပါးနှင့် ပက်ပင်းသားတွေ့ရရာ ခါးကုန်းနေပြီဖြစ်သော ထိုရဟန်းအိုကြီးသည် ငါတို့ကို မော့ကြည့်လျက်က ဘယ်လောက်ဝါရပြီတုန်း မေး၏။ ရှစ်ဝါရသွားပြီ ဖြေမိရာ, ဆယ်ဝါရမှ ကျောင်းထိုင်ရမှာလို့ သတိပေးသွားတော်မူခဲ့ဖူး၏။ ထိုစကား ချောင်နှစ်ချောင်ကိစ္စကြား ငါတို့ဗျာများနေချိန်အဖြစ်နှင့် ချိန်ကိုက်နေ၍ စိတ်၌ကွဲသွားတော့၏။

ထိုအချိန်မှစ၍ ငါတို့ဆုံးဖြတ်ချက်ကား ဆယ်ဝါပြည့်မှသာ ပရိတ်သတ်အတွေ့ခံအံ့(အနီးကပ်, အကပ်ခံအံ့)။ အသက်(၆၀)မပြည့်မီမှီ ဒေသစာရီလှည့်လည်၍ တရားမဟောအံ့ ဟူ၍ပင်တည်း။ ယခုသော် ထိုနှစ်ချက်စလုံး အတုံးအရုံးကျဆုံးသွားစေပြီ။ မျှောလိုက်ကလေး လိုက်ရပေဦးတော့အံ့။

သာစည်၊ရွှေကျောင်းကုန်းတောင်တော်ပေါ်ဝယ်(၁၀)ရက်လုံးလုံး နယ်ဒကာ-ဒကာမတို့၏ အဖူးအတွေ့ကို ခံယူခြင်း၊ တရားစကား ဆုံးမစကား ပြောဟောခြင်း များကို ငါတို့ကပြုကျင့်၏။ ငါတို့၏ နောက်ပါ ဦးကျော်မြင့်(မိုးမခ)ဦးဆောင်သောအဖွဲ့ကား နယ်သူ-နယ်သားများ မစားဖူးသော အစားအစာများဖြင့် ကျွေးမွေးဧည့်ခံအံ့။ မဝရေစာမျှစားသုံးခဲ့ရသည်ကိုလည်း ဝဝလင်လင်စားသုံးစေအံ့ ဆိုသော အကျွေးအမွေးများဖြင့်ပြုစု၏။ အစားကောင်း ရွှေကျောင်း ဝမ်းမခေါင်စေပြီ။ စားသူနှင့် ကျွေးသူ အပေးအယူမျှနေ၍။

သို့တစေလည်း ကျွေးသူ-ကျွေးသူချင်း အပေးနှင့်အပေး အလေးမညီကြပြီ။ ဦးကျော်မြင့်ကား အစားလည်းအားပေး၏, အသားလည်းအားပေး၏။ သို့ကြောင့် တောင်ပေါ်မှာတွင်ပင် ယုန်အရှင်၊ ကြက်အရှင်စသည်များ ဝယ်ယူဖမ်းလှောင်လျက်က ရက်ဆက်ပင် သတ်ဖြတ်ကျွေးမွေးချေတော့၏။

ကျန်လူကြီးအားလုံး ဦးကြီးစိန်၊ ဦးအေး၊ ဒေါ်ခင်မူ စသူတို့ကား အစားဖြင့် ငွေသောင်းချီကုန်စေမည့်အစား အခြား အမြတ်ရှိရာသို့သာ သုံးစွဲစေလို၏။ သာသနာ၏ ဝိပဿနာအမည်ခံ မြေပေါ်ဝယ် သားကောင်များကို ချုပ်နှောင်သတ်ဖြတ်နေခြင်းများကိုလည်း မလိုလား။ မလိုဘဲလားနှင့်လိုလို့လား ရန်စကားများကြလေပြီ။

ငါတို့ရဟန်းခံကိစ္စမှ ဇင်းကျိုက်မှရန်ကုန်သာသနာ့ဗိမာန်အထိကား ဦးမြင့်ဆွေ၏ခေတ်။ ၎င်းအားအကြီးအကဲတင်မိချေရာ လူရှေ့သူရှေ့ ပြုံးတူးပြတဲလုပ်ပြလေသဖြင့် ကိုယ့်သိက္ခာကိုယ်ချ နန်းကျရ၏။

တစ်ဖန် ဖူးကြီးမှ ရန်ကုန်အဝင်အထိကား ဦးကျော်မြင့်၏ခေတ်။ သူ့စနစ်မှသူ့စနစ်တည်း။ ၎င်းကို အကြီးထားမိချေရာ မှားမှားမှန်မှန် သူလုပ်တာမဝေဖန်ရဆိုသဖြင့် အလိုလိုသိက္ခာကျသွားစေတော့၏။ သာသနာ့ကိစ္စ ရွှာစိတ်ကို ချမထားခဲ့ပဲ ဝင်ကိုင်လေသမျှ မယားလှသားလှတို့နှင့် ပေါင်းရဘိသို့အရသာမရှိ အလိုလည်းမပြည့်။ တစ်ယောက်လျှင်တစ်ပေါက်ရှိ ပွစိပွစိ။ ရှာသည်တဏှာစိုး၏။ သာသနာကား သဒ္ဒါစိုးမိုးလေသောကြောင့်။

ထိုရွှေကျောင်းကုန်းတောင်၌ (၁၀)ရက်ပြည့်သော် ရန်ကုန်သို့လိုက်ပါခဲ့ရ၏။ ရန်ကုန်၌လည်း ဝင်ကတည်းက ရန်မကုန်သည့်ပြင် ရန်အစုံနှင့်တိုးရတော့၏။ ယခင် ဇင်းကျိုက်မှဖူးကြီးသို့အပြောင်း သာသနာ့ဗိမာန်ကျောင်း၏ မဖွယ်မရာသောအကုသိုလ်အခင်းကို လက်ငင်းကြီးခံစားခဲ့ရပြီးဖြစ်သဖြင့်-

- ဘုရားတစ်ဆူဆူ၏ ခြေတော်ရင်း၌သာ သီတင်းသုံးနေရာ ဖန်တီးရန်။
- မည်သည့် ဘုန်းကြီးကျောင်းနှင့်မှ အဆက်အစပ်, အရောအနှော မရှိစေရ။

ဤမူနှစ်ချက်ဖြင့် ခွင့်ပြုလိုက်ရာ ဒေါ်ခင်မူကား သာသနာ့ဗိမာန်သို့ ကြိုတင်အကြောင်းကြားထားကာ ၎င်းကားဖြင့်ပင် ထိုသာသနာ့ဗိမာန်ကျောင်းသို့ အတင်းပင့်ပါချေတော့၏။ အဖွဲ့နှင့်ပဋိပက္ခဖြစ်ကြရ၏။

တစ်ဖန် ပင့်ဆောင်ကြိုဆိုရေးအဖွဲ့ဟူ၍ သီးခြား ဖွဲ့စည်းပေးထားပြီးခါမှ ကြိုဆိုရေး (ဘုတာကြီးမှ သီတင်းသုံးရာဌာနသို့)ကားကို ဦးကျော်မြင့်အဖွဲ့က ရွှေကျောင်းကုန်းတောင်ပေါ်မှပင် သူတို့အချင်းချင်းမဲချကြကာ မဲကျရာဒေါ်ခင်မူ၏ကားကပင့်သဖြင့် ပင့်ဆောင်ရေးအဖွဲ့နှင့် ပဋိပက္ခကထပ်ပိုး။

မဟာဝမ္မပါလ



ထို့နောက် အများဆုံးဖြတ်ထားကြရာ ကျိုက္ကစံစေတီတော်၏ မြေရင်းရှိ ရွှေမြင်းမိုရ် ကျောင်းသို့ (၁၀)ရက်သီတင်းသုံးရန် လိုက်ပါရ၏။ (၁၀)ညတိတိ တရားပွဲကျင်းပပေးခဲ့ရ၏။

- ငါတို့နှင့် ပရိတ်သတ် စိတ်ဓါတ်ချင်း ထပ်မိကြသဖြင့် ကျောချင်းလည်းကပ်၊ ရင်ချင်းကပ်။

- သူတို့အဖွဲ့ချင်းကား အချင်းချင်းဖဲ့ကြ ကုတ်ကြသဖြင့် ပဲ့သူကပဲ့၊ ရွဲ့သူကရွဲ့။

ဤသို့လျှင် ရန်ကုန်ကား ရန်မကုန်လေပဲ ရန်ဆုံပွဲသာ ဖြစ်ခဲ့ရချေတော့၏။ ထိုမှနောက် အချင်းချင်းမသင့်မြတ်။ ဤရန်ကုန်သို့ နောက်ထပ်မလာ ဆုံးဖြတ်ထားရာ ယနေ့အထိပင်တည်း။

## လမ်း(၃၀) , တစ်လမ်းလျှင် တစ်ကျောင်းကျ ဆောက်လုပ်ရန်

ထို ရန်ကုန်သို့ရောက်နေစဉ် ငါတို့နှင့် မကင်းရာ ကျိုက်လတ်ကျိုးချောင်းရှိ ဖောင်တော်ဦးစေတီသို့လည်း (၁၀)ရက်သွားပေးခဲ့ရသေး၏။ ရန်ကုန်၏ လမ်း(၃၀)မှပင့်သဖြင့် သွားပေးခဲ့ရသေး၏။ ထိုလမ်း(၃၀)ရှိ ဦးစံအေး-ဒေါ်ခင်ထီးသန့် ဦးဆောင်သော သာသနာပြုအဖွဲ့က ဘာလိုသလဲ မေးရာ -

ငါတို့နောက် လိုက်လိုသူများကကျောင်းလိုသည်ရေလိုသည် အလိုကိုထုတ်ဆိုကြရာ တစ်ကျောင်းလျှင်(၅၀၀)ကျပ်နှုန်းဖြင့် (ထိုခေတ်က သစ်တစ်တန်မှ(၂၅၀၀)ကျပ်သာ) အလုံး(၃၀)ဘိုး လှူလိုက်ကြ၏။ လက်ခံသူများကား ဦးကျော်မြင့်အဖွဲ့။ ငါတို့ သာစည်ပြန်သောအခါ ထိုအဖွဲ့ကား ဖဲ့ကျန်နေရစ်ခဲ့ကြလေပြီ။

သို့ကြောင့် သာစည်သို့ပြန်လာခဲ့ရာတွင် ငါတို့၏ ကပ္ပိယကာရကအဖြစ် ဦးအေးနှင့်ဦးကြီးစိန် နှစ်ဦးတို့သာ ပါလာချေတော့၏။ ထိုတောင်တော်ရောက်သည်နှင့်-

-အများတို့တရားအားထုတ်ရန် ကျောင်း(၃၀) ဆောက်ခြင်း။

-အများတို့တရားနာရန် ဓမ္မာရုံကြီးတစ်လုံး တည်ဆောက်ခြင်း။

- ငါတို့ သပ္ပါယမျှတစွာ နေထိုင်ရန် ကျောင်းတစ်ကျောင်း ဆောက်ခြင်း။

ထိုသုံးမျိုး တစ်ပြိုင်နက်တည်း ကျင်းပကြရ၏။ ကျောင်း(၃၀)ကား- (၅)တောင်ပတ်လည် ပျဉ်ကာ,ပျဉ်ခင်း,သက္ကယ်မိုးနှင့် သတ်မှတ်၏။တွက်ခြေ (၃၀၀)ကျပ်မျှကုန်ကျမည်ဖြစ်၏။ ကန်ထရိုက်ပေး၍ဆောက်လုပ်စေ၏။ ငါတို့ကား ရွှေကျောင်းကုန်းတောင်ရှိ ကပ္ပိယကာရကများဖြင့်သာ ဆောက်လုပ်ရန် လမ်းညွှန်ချက်ပေးထား၏။ ငါတို့စကားရန်ကုန်သား၏နားကြား မတွားသွားသာပြီ။ ငါတို့နောက်လိုက်လာကြသော ထိုရန်ကုန်သားနှစ်ဦးတို့တွင် ဦးအေးကားခေါင်းဆောင်၊ ဦးကြီးစိန်ကား နောက်ပါတည်း။

ငါတို့၏ ရန်ကုန်ရှိပရိတ်သတ်၌ကား နှစ်မျိုးနှစ်စား ကွဲပြားနေချေ၏။

- တစ်မျိုးကား ငါတို့ထံရှိ အကျင့်ဂုဏ်ထိ ဉာဏ်မမိရှာလေသဖြင့် သံယာအထိ စိတ်ညွတ်မရှိ။

- နောက်တစ်မျိုးကား အကျင့်ဂုဏ်ကြား ဉာဏ်သလားနိုင်သဖြင့် ငါတို့ကိုမမြင် ပုဂ္ဂိုလ်စွဲဖြင့် မခင်မင်။

ထိုသို့ နှစ်မျိုးကွဲလေရာတွင် ငါတို့နှင့် အနီးစပ်ဆုံး ဒကာ-ဒကာမများကား လူချင်းနီးသဖြင့် တရားချင်းဝေးကွာနေချေရကား ၎င်းတို့၏ မိတ်ဆွေ ငယ်သူငယ်ချင်းအဆင့်ထက် ငါတို့ကို မပိုလေ။

လူချင်းဝေးသော်မှ တရားချင်းနီးသဖြင့် ရောက်လာကြကုန်သူတို့ကား သံယာ့ဂုဏ်အင် အစုံအလင် မြင်သိခွင့်ရသွားချေရကား ၎င်းတို့ အားကိုးအားထား စေတနာသဒ္ဓါတို့ သိုမှီးရာ သံဃာတစ်ဆူ အဖြစ်၌သာ တည်လေ၏။

သို့ကြောင့် ငါ့နောက်လိုက် အနီးနေတို့ကား ငါတို့စကား နားတွင်းသွား မထားသိုလိုသည်မှာ အဆန်းမဟုတ်ပြီ။

ထို ကျောင်းပေါင်း(၃၀)ဆောက်လုပ်ရ၏။ ကန်ထရိုက်စနစ်ကိုလည်း တစ်ဖန်ထိန်းချုပ်ပေးရပြန်၏။ (၁၀)လုံးပြီးမှ တစ်ကြိမ်ငွေ(၅၀၀၀) ကျပ်ပေး။ ကြိုတင်မပေးရ။ ပေးသော်ပေးသူတာဝန်ဟူ၍ပင်။ သည်တွင်ဒကာဦးအေးက ကြိုတင်ငွေမပေးဘဲဘာနှင့်ဆောက်မလဲ, ပေးမည်ဆိုကာ ဇွတ်ထုတ်ပေးခဲ့၏။

ကန်ထရိုက်(၃)ဦး-

- အမှတ်(၁) မောင်ကျန်သို့ (၅၅၀၀)ကျပ်၊
- အမှတ်(၂) ညွှန့်မောင်သို့(၄၅၀၀)ကျပ်၊
- အမှတ်(၃) ဦးအောင်ဘွင့်သို့ (၃၀၀၀ )ကျပ်။

တာကူးလဆန်း(၅)ရက်မှ ကဆုန်လဆန်း(၆)ရက်နေ့အပြီး ကတိကဝတ်ဖြင့်။

"ငွေယူပြီး ကျောင်းဆောက်မပေး မည်သူက အရေးယူမှာလဲ"

သာစည်မြို့၏ ဦးကံညွှန့်တိုက် အစည်းအဝေးတွင် ရန်ကုန်သားတို့ကမေးရာ သာစည်သားတို့က အများရှေ့မှာပင် သူ့တာဝန်ထား, ငါ့တာဝန်ထား ကတိစကား တင်းတင်းထားရှိကြဆို၏။ ၎င်းတို့မှာ-

၁။ ဦးသန်းအောင် (သာယာကုန်းရွာ)၊ ထိုစဉ်က ပါတီစိတ်အတွင်းရေးမှူး၊ မြို့နယ်တရားသူကြီး။
၂။ ဦးညို(ရေတွင်းကြီး)၊ထိုစဉ်က အခြေခံကောင်စီ ဥက္ကဋ္ဌ။
၃။ ဦးသက်(အင်တိုင်းသာ)၊ ထိုစဉ်ကအခြေခံ ကောင်စီဝင် အခြေခံသမဝါယမဥက္ကဋ္ဌ။
၄။ ဦးညိုမောင်(နန်းတော်ကုန်း)၊ ထိုစဉ်က အခြေခံကောင်စီ တရားရေးဥက္ကဋ္ဌ။
၅။ ဦးအောင်ထိ(ဇဝင်း)၊ ထိုစဉ်က မြောင်းဦး အခြေခံကောင်စီဝင် တို့ဖြစ်ကြ၏။

ပြီးစီးရမည့်ရက် ကုန်ဆုံးကာနီးသော်မှ ကျောင်းတို့ကား ရုပ်လုံးမပေါ်လာပြီ။ မလုပ်၍ကား မဟုတ်။ တစ်လမှတစ်လုံးမျှ မျက်မြင်ပြထားပြီး အခြားအလုပ်များ ဦးစားပေးနေခြင်းပင်ဖြစ်၏။ ငွေတို့ကိုကား မောင်ကျန်ကလှည်းထောင်၏။ ညွှန့်မောင်ကားစက်ဘီးဝယ်စီးဆို၏။ ကြောက်ရမှန်း လန့်ရမှန်း မသိရှာကြ၍။

ရန်ကုန်ကျန်ရစ်သူတို့ကား ကဆုန်လပြည့်နေ့ ကျောင်း(၃၀)ရေစက်ချ၊ ဓမ္မာရုံရေစက်ချ၊ ငါတို့စံကျောင်းရေစက်ချ၊ ရွှေရောင်ဖောင်းကွဲစာလုံးကြီးများဖြင့် ဆိုင်ရာသို့ ဖိတ်စာကမ်းထားပြီး ဖြစ်နေ၏။

လက်တွေ့မှာကား မည်သည့်ကျောင်းမျှ ကျောင်းမှန်းမသိရသေး။ ကြိုတင်ပေး ဦးအေးကြီးကလည်း သူ့အပေါ်ပုံချလေမည်အထင်ဖြင့် ငါတို့နှင့် မျက်နှာချင်းပင်မဆိုင်ပြီ။

"ဒကာများတာဝန်ကျေပါသည် ဒို့ဘက်က မနေနိုင်တော့လို့ပါ။ ဒို့ဖာသာဆောက်ပရစေတော့" ပေးထားငွေအဆုံးခံ တောင်းပန်ရချေသေး၏။ မည်သည့်တာဝန်ခံကမျှလည်း မမေးလာပြီ။

ထို့နောက် ပြောထားခဲ့ပြီးသော ရွှေကျောင်းကုန်းတောင်ဝယ် ကမ္မကထပြုလုပ်နေကျ ကပ္ပိယဒကာများနှင့် လက်ဆက်ရ၏။ အခင်း,အကာ အတွက် လွှဆွဲခြင်း၊ ဆင့်,ထုတ်,လျှောက် လွှဆွဲခြင်းများဖြင့် ၎င်းတို့လည်း ထင်သလောက်ခရီးမတွင် ရကား လှိုင်းတက်သစ်စက်မှ ကားဖြင့်သယ်၍

မဟာဗောဓိပါလ



အပြီးသတ်ရ၏။ ငွေကိုကား ငါတို့ရန်ကုန်နေစဉ်က လှူထားသော နဝကမ္မထဲမှ တစ်သောင်းခွဲ ထုတ်ယူ၍သုံးစေ၏။ ငွေကိုကား အလှူခံ၊ သူ့ကျောင်းသူ မမြင့်မြင့်က ငါတို့လည်း သူခိုးထဲပါတော့မည် ဖြစ်ခြင်းကြောင့်။

ထိုကျောင်း(၃၀)၊ ထိုဓမ္မာရုံ ကဆုန်လပြည့်ကျော် (၈)ရက်နေ့ ရေစက်ချနိုင်လာ၏။ ငါတို့နေရန်ကျောင်းကား (၁၃၅၀)ပြည့်၏ ဝါဆိုလပြည့်နေ့မှာမှ ရေစက်ချရ၏။ အမည်တို့ကား ယောဂီကျောင်း၊ အရိယာဝါသဓမ္မာရုံ အဘယရွှေပြည် မည်သတည်း။

### မြေကိုစမ်း၍ ခရမ်းပျိုး ပိုးထိုးလျှင်လက်မခံ

ငါတို့၏ သာစည်ရွှေကျောင်းကုန်းတောင်ပြန်လည်ကပ်ရခြင်း၏ ရည်ညွှန်းချက်ထဲဝယ် သာသနာ့ ဓမ္မဩဝါဒအမွေခံ သူ့ကိစ္စ-ငါ့ကိစ္စ တစ်ခါတည်း နှစ်ဦးနှစ်ဝ ပြီးစီးခြင်းသည် စရဏနှင့် ဝိဇ္ဇာတွဲမိခြင်း ဟူသော ဝေဘူဆရာတော်ဘုရားကြီး၏ မိန့်မှာချက်ကို ဉာဏ်သက်ဝင်ရာမှ ဖြစ်ပေါ်လာသောဆုံးဖြတ်ချက်ဖြစ်၏။ မိမိ၏မူလဌာန ပြန်လည်ကပ်ခဲ့ရခြင်း၏ အဓိကဦးစားပေး ဖြစ်ခဲ့ရ၏။

ထိုသို့ စရဏနှင့်ဝိဇ္ဇာ တွဲစပ်ပေးရာ၌ အစီအစဉ်ကိုကား ထားရှိ၏။

-ဤကမ္မဋ္ဌာန်းနည်း ပွားများနည်းကို မဟာစည်စည်းကမ်းအတိုင်း စနစ်တကျ ဖြန့်ဖြူးမည်။

-ဤကမ္မဋ္ဌာန်းနည်း ပွားများနည်းကို သုံးနှစ်တိတိ တစ်နှစ်လျှင်နှစ်လစခန်းဖြင့် ဖြန့်ဖြူးပေးမည်။

-ဤကမ္မဋ္ဌာန်းနည်း ပွားများနည်းကို နည်းခံရာမှပေါ်ထွက်လာသောဝေနေယျဖြင့်သာသနာပြုမည်။

ထိုသုံးနှစ်၏ ထိုသုံးချက် မအောင်မြင်သော် ဝေနေယျလက်ခံခြင်း၊ ဟောပြောပြသခြင်း မပြုပြီ။ ငါတို့ကိစ္စ မပြီးစီးသေးသမျှ မည်သူ့ကိုမျှ ငဲ့ညှာခြင်း မပြုတော့ပြီ။

ဤကား ငါတို့၏ အစီအစဉ်တည်း။

ထိုအစီအစဉ်အတိုင်း ဦးစွာနည်းခံရဟန်းများ ကဆုန်လ ယောဂီကျောင်းမပြီးမီကပင် ကြွလာကြ၏။ နှစ်လပြည့်သော်မှ သမာဓိမတည်ချေရကား ဝါဆိုခါနီး စခန်းသိမ်းလိုက်ရ၏။

ဒုတိယဝါတွင်း၌ကား တောင်တော်၌အတူနေကြလေသော ရဟန်းတော်တစ်ပါး(သားသုံးယောက်နှင့်အတူ)၊ ကိုရင်ကြီးဦးချို(ငါတို့ပြန် မလာမီလာရောက်တက်နေလေသူ)၊ မယ်တော်ကြီး ဒေါ်ပညာစာရီ(ဓမ္မာရုံ၊ ကျောင်း ရေစက်ချနှင့်အတူ တောင်တော်ပါလာပြီး သီလရှင်ဝတ်ထားသည်။ ဥပဇ္ဈာယ်ကားမြေစိုဆရာတော်ဦးဇဋိလ)နှင့် ယောဂီနှစ်ဦး (ဦးကဲ၊မောင်စိုးလင်း-မုံတောမှ) တို့ကို ဝါခေါင်လပြည့်ကျော်(၁)ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ (၂)လအစီအစဉ်ဖြင့် ပြသ၏။

ထိုဒုတိယပွဲ၌ ယောဂီအမျိုးသားနှစ်ဦးသာ အစွဲအမြဲအားထုတ်၏။ တရိတသေလိုက်နာ၏။ ငါတို့ အတုယူကာ တစ်ထပ်စာကိုသာ စားသုံးလျက်ကပင်အားထုတ်၏။ အားထုတ်သလောက် ခရီးရောက်ကြ၏။ ကျန်အားလုံးကား အသုံးမဝင်ပြီ။ ရဟန်းတော်သားအဖတို့ကား ဝါမကျွတ်မီ တောင်မှဆင်းသွားကြ၏။ မယ်တော်ကြီးကား မကျင့်နိုင်သည်ကို အတင်းကျင့်ခိုင်းရမလား ငိုသည်အထိ ခရီးရောက်သွား၏။ ကိုရင်ကြီးကား မချေမငံဆက်ဆံပြချေတော့၏။ ဆွမ်းခံကျွေးရ၊ တရားပေးရကျိုးကား မနပ်ခဲ့လေပြီ။

နွေကာလတွင်ကား တပေါင်းလပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ (၂)လသတ်မှတ်ပေး၏။ ထို(၂)လ မတတ်နိုင်လေသူများအဖို့ သင်္ကြန်တွင်း (၁၀)ရက်စခန်းထားရှိပေးသေး၏။

မဟာစည်ထုံးစံအတိုင်း နံနက်(၃)နာရီမှ

မဟာဓမ္မပါလ



ည(၉)နာရီအထိ အချိန်သတ်မှတ်ပေး၏။ ဆိုင်ရာ ကြီးကြပ်ရေးအဆောင်မှူးများ (ကျောင်းတစ်လုံးစီ တန်း၏ လေးတန်း,လေးလိုင်းအလိုက်) ခန့်ထားပေး၏။ ထိုင်ချိန်၊ စင်္ကြံ၊ အထွေထွေ သတ်မှတ်ထားရှိ၏။ ထိုင်ရာတွင် ဂဏန်းစဉ်ထိုးကာ နေရာ သတ်မှတ်ပေးထား၏။

-စကားပြောခွင့်မရ အမိန့် ထုတ်ထား၏။

-မျက်စိကစားခြင်း၊ စိတ်ကစားခြင်း ကင်းရမည် ဟူ၍လည်း အမိန့်ထုတ်ထား၏။

အစသော် နှစ်လစခန်းဝင်(၇၂)၊ (၁၀)ရက်စခန်းဝင်(၃၀)-ပေါင်း(၁၀၂)ဦးတို့ဖြင့် စခန်းဖွင့်ရ၏။ ယောဂီ(၃၀)ကားသကြ်န်ပြီး၍ ပြီးသွား၏။ ကျန်ယောဂီများတို့တွင် ထင်သလိုမနေရ၊ စိတ်အထိုင်မကျခြင်းကြောင့် ထွက်ပြေးသူ,ပြောင်ထွက်သူ (၂၄) ဦး ရှိပြီး၊ (၄၈)ဦးသာခရီးဆုံး၏။

ထို(၄၈)ဦး တို့တွင်လည်း ဝိပဿနာ အထက်ပိုင်းရောက်(၁၀)ဦး၊ အလယ်ပိုင်း(ဘင်္ဂအုပ်စု)(၅)ဦး၊ အောက်ပိုင်းအဆင့်(၉)ဦး၊ ပေါင်း(၂၄)ဦးသာ ပညာစခန်းတက်နိုင်ခဲ့၏။ ကျန်(၂၄)ဦးတို့တွင် လုံးဝသမာဓိမရသူ(၅)ဦး၊ သမာဓိတည်ပါလျက်က ဉာဏ်မတက်တတ်သူ (၁၉)ဦးဖြစ်၏။ အားလုံးခြုံသော် အောင်မြင်သော စခန်းဟူ၍သုံးသပ်မိ၏။ သာသနာ့နောက်ပိုင်းသည် ကောက်သင်းကောက်ခေတ်ဖြစ်သဖြင့် အနှံ့ကြီး မျှော်စရာမရှိ။ အယုတ်ဆုံး မသိကိုသိလျှင်ပင် ကျေနပ်ရမည်သာဖြစ်၏။

၁၃၅၁-ခုနှစ်ကား တောင်တော်သို့သွားရာ လမ်းတော်ကြီးကိုလည်းကောင်း၊ တောင်တော်ပေါ် ၌ရေအခက်အခဲပြီးပြေရန် ဆည်တော်ကြီးကိုလည်းကောင်း၊ အကောင်ရုပ်လုံး အတုံးအရုံးပေါ်လာရန် ကြိုးစားရသောနှစ်ဖြစ်၏။

ထိုနှစ်ကဆုန်လ၏ ပထမစခန်းပြီးသည်နှင့် အားပြတ်ရောဂါကြောင့် နယုံလကွယ်နေ့မှ ဝါဆိုလဆန်း(၁၂)ရက်နေ့အထိ မြေစိုမုံတောကျောင်း ဝယ် ဆေးအကုအသခံခဲ့ရ၏။ ဝါဆိုမီ ပြန်တက်နိုင်ခဲ့၏။ ဝါတွင်း၏ တော်သလင်းလကုန်ခါနီးတွင်ကား ရန်ကုန်မှ ဒကာ(၄)ဦး တောင်ပေါ်ရေရရှိရေး ကြွေးကြော်ကာ ရောက်လာကြ၏။ စိတ်ကူးအားလုံးတို့တွင် ဆည်တော်တည်ဆောက်ရန်ကိုသာ ငါတို့ အားပေး၏။

ထိုစိတ်ကူးအတိုင်းလျှင် တော်သလင်းလပြည့်ကျော်(၁၄)ရက်တွင် နေရာရှင်းလင်း၏။ လကွယ်နေ့တွင် ပန္နက်တင်မင်္ဂလာပြုလုပ်၏။ နံနက်(၁၀)နာရီဝန်းကျင်ရှိ ထူးခြားသော သက်မဲ့, သက်ရှိတို့၏အသံကိုနိမိတ်ယူ၍ ပထမဆုံးတနင်္ဂနွေဒေါင့်မှ စတင်ရိုက်ရန်။

နံနက် (၁၀)နာရီ (၁၀)မိနစ် တို့တွင် ထူးကဲသော ကြေးစည်သံများကြားကြရချေပြီ။အန္တော အဆိုအတိုင်းလက်ျာရစ်၍ တနင်္ဂနွေတွင် တနင်္ဂနွေသားကပန္နက်ကိုင်, စနေသားကပန္နက်ရိုက်။ 'အောင်ပြီ-အောင်ပြီ' တွေကား တောလုံးဆန် တောင်လုံးညံ၍။

ပန္နက်တိုင်ကား-ဇီး၊ ရိုက်ဒုတ်က-တည်။

ထိုနေ့(၁၃၅၁-ခု၊ တော်သလင်းလကွယ်နေ့)နေ့ (၁)ချက်တီးတွင် သက်တန့်ကြီးတစ်ခုက ထိုပန္နက်ကွင်းရှိ ကျောက်တုံးကြီးတစ်တုံးအပေါ် ထိုးဆင်းကျလာနေသည်ကို ထူးဆန်းစွာတွေ့ရ၏။ ညနေ(၃)နာရီခန့်လောက်တွင်ကား ရှမ်းရွာသက္ကယ်ဒိပ်မှ ဒေါ်ဆယ်မိဦးဆောင်သော (၁၈)ယောက်ခန့် ဒကာ-ဒကာမ ကြီး,ငယ်များ ငါတို့ထံ သက်န်းလှူဖို့ လာချေရာ လာမြဲမဟုတ်သော ထိုဆည်တော်ကြီး ပန္နက်တင်ထားရာလမ်းမှပင် တက်လာကြချေ၏။ ၄င်းတို့ကိုယ်တိုင်ပင် အံ့ဩသွားကြချေ၏။

ဆည်တော်ကား စမ်းချောင်းနှစ်ခုတို့မှ စီးဆင်းကျလာသော မိုးကျရေ စမ်းရေများကို ဆီးကြိုခံထားရာ၊ သို့လျှောင်ရာ ထိုတောင်တော်၏

မဟာဗမာပါဠိ



အသက်ကယ်ရေသာ ဖြစ်ချေရကား ဘုရားရှင်၏ ရင်တွင်းကြားမှထွက်ပြူလာသော မေတ္တာစာတ်ရည်များအလား တင်စားထားရှိ၏။ သို့ကြောင့်-

- ဆည်တော်ကြီး၏ အလျားကို ဘုရားရှင် သက်တော်အလား- ပေ(၈၀) ထား၏။
- ဆည်တော်ကြီး၏ အနံကို ဘုရားရှင်၏ ဝါတော်အလား- ပေ(၄၅) ထား၏။
- ဆည်တော်ကြီး၏ အစောက်ကို ဘုရားရှင်၏ အရပ်တော်အလား- ပေ(၁၈) ထား၏။

ဦးစွာပန္နက်တင်ပွဲပြီးစီးသည်နှင့် လုပ်ငန်းခွင် လျာထားရ၏။ ငွေကြေးပမာဏကား မရှိသော ငွေမျှော်လျက်က၊ မပေါ်သောဆွေဖေါ်လျက်က၊ မတော်သေးအဖေကိုလည်းခေါ်လျက်က ပြုကြရသော ပြင်ပသာသနာပြုတို့၏ ထုံးစံအတိုင်း လူဖွေဖွေးလာလျှင် ငွေဖွေးဖွေးပါတန်ကောင်းရဲ့ဖြင့် စောင့်နေရ၏။ သို့ကြောင့် ပန္နက်တင်ခေါ် စေ့စပ်ကြောင်းလမ်းခြင်းဖြင့် နားဖောက်ထားရဆဲ ရပ်တန့်ထားရ၏။

ထိုအတွင်း ဤတောင်တော်သို့ အမြဲနေရန် ရဟန်းတော်နှစ်ပါး ကြွလာ၏။ တစ်ပါးကား ရန်ကုန်မှဖြစ်ပြီး၊ တစ်ပါးကား ကျုံပျော်မှဖြစ်၏။ ထိုဦးကျုံပျော်ကား ငါတို့နှင့် ဇင်းကျိုက်တောင်ဝယ် အတူနေခဲ့ဖူး၏။ ယခု ငါတို့နှင့်တွဲဖက်ပြီး သာသနာပြုရန် ရောက်ရှိလာပါသည် မိန့်၏။

တစ်ပါးနှင့်တစ်ပါး ရှေ့ဆင့်နောက်ဆင့်ပင် တစ်ပတ်မျှသာကွာခြားတော်မူကြ၏။ တန်ဆောင်မုံးလပြည့်မှ ပြာသိုလပြည့်အထိ (၂)လ တရားဝင်စေ၏။ ဆွမ်းခံကျွေးရင်း တရားပေးရင်းသော ထုံးစံအတိုင်းတည်း။

## အမည်မှည့် သီရိတဲ့ ရွှေပြည်

ဆည်တော်ကြီးကား တစ်ဖက်နှင့်တစ်ဖက် အကဲခတ်လျက်က ကြေးမများလား၊ ကြေးများလား ဈေးကစားလျက်သာရှိချေသေး၏။နတ်တော်လပြည့်ကျော် (၁၀)ရက်တွင် ဆည်တော်တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းပေးခဲ့၏။ ရန်ကုန်၊သာစည်မြို့နယ်၊ ဝေါစရဂါမ် သုံးပွင့်ဆိုင်တစ်သင်း လုံး၍ဖွဲ့စည်းပေး၏။ ထိုစည်းဝေးပွဲက နွေကာလတွင် တရားစခန်းလည်းမပျက်စေရ၊ ဆည်တော်လည်းတည်ဆောက်ရမည် ဟူ၍ တညီတညွတ်တည်း ဆုံးဖြတ်ချက်ချခဲ့ကြ၏။ တရားကားအဓိက၊ ရေကား တရားသမားလာမှ ဆို၏။

တပို့တွဲလပြည့်နေ့တွင်ကား ကြေးလည်းမများ၊ ဈေးလည်းမကစားသေး။ ကားလမ်းမကြီးမှ တောင်တော်သို့သွားရာလမ်းကို လုံးပမ်းကြရချေ၏။ နောက်မှမွေးသော မိဦးလမ်းကလေးတည်း။

သူ့အမည်ကား သီရိရွှေပြည်။

ဘုန်းကျက်သရေတည်တောင်တော်သို့ သွားရာဖြစ်သဖြင့်။

သူ့ကိုကား တစ်ရက်တည်းဖြင့်သန္ဓေတည် တစ်ရက်တည်းနှင့်ပင် မအေချီခဲ့ရသတည်း။

ထိုနေ့တွင် ရွာပေါင်းအားဖြင့် အဓိက အကွက်တာဝန်ကျ(၁၄)ရွာ၊ ဧည့်သည်အဖြစ်(၂)ရွာ၊ ပေါင်း (၁၆)ရွာ ပြိုင်တူ သူ့တာဝန်နှင့်သူ အကွက်ချ တာဝန်ယူကြကာ ပိန်းပိန်းအောင်မှောင်နေသော တောပြင်ကြီးမှ တစ်ခဏချင်း လမ်းမတော်ကြီး ပေါ်စေခဲ့၏။ ဝေနေယျ အားများ၊ အားမများ စမ်းခြင်း။

ညနေ (၅)နာရီတွင် သီရိရွှေပြည်လမ်းဖွင့်ပွဲ သံဃာတော်များနှင့် အားလုံးရှေ့ ကျင်းပကြ၏။

ကားလမ်းမကြီးမှတောင်ခြေအထိ (၁၄)ဖာလုံရှိ၏။ ကျေးတိုင်နှင့်မြေစာရင်း၌ာနမှ တိုင်းပေးသွား

မဟာဗောဓိပါလ



၏။ အနံ့ပေ(၅၀)ကျယ်၏။ စနစ်တကျ သံကြိုးဖြင့် တိုင်းတာပြီး ဖောက်လုပ်ထား၏။ ရွာပေါင်း (၁၃)ရွာအပြင် လှိုင်းတက်၊ စည်သွပ်စက်ရုံနှင့် စိုက်ခင်းပူးပေါင်းကာ ပါဝင်သဖြင့် (၁၄)ရွာဖြစ်သွား၏။ ထိုစက်ရုံ၏စက်ရုံမှူးကြီး ဗိုလ်မှူးထွန်းအုပ်သည် အစစအကူပေး၏။ လူရော,ကားပါစုံ၏။ဂေါ်စရဂါမ်ဒကာ-ဒကာမများ နှင့်စေတနာတန်းတူလိုက်လျက်က သာသနာဘက်ဦးစားပေးသော ဗိုလ်မှူးဖြစ်ချေ၏။ စိုက်ခင်းတာဝန်ခံ ဦးလေးမြင့်ကလည်း ရေရောမီးစက်ပါမကျန် အစစတာဝန်ခံ၏။ ထိုအားလုံးတို့၏ အံ့မခန်းသော စေတနာအဟုန်များကြောင့် 'ဘုရာလမ်း' ဟူ၍ ခမ်းခမ်းနားနား ပေါ်လာခဲ့ချေ၏။ နံ့တိုကောက် ခုနစ်အမှတ်အသားကား- လမ်းဖောက်နှစ် မသိလျှင် 'ဦးစံပွင့်အစ်' ဟူ၍ ပင်တည်း။

## အဓိဋ္ဌာန် စိတ်အကြံပျက်ပါပေါ့ နိဗ္ဗာန်ဘက် မဆွဲသာ

ထို တပို့တွဲလပြည့်ကျော် (၁)ရက်နေ့ ညတွင်ပင် တပေါင်း-ကဆုန် တရားစခန်း ဖွင့်-မဖွင့် ကိစ္စ တိုင်ပင်ရန် ဖိတ်ခေါ်၏။ လမ်းဖောက်ရာစခန်း မဏ္ဍာပ်ဝယ် လူစုံ, ရွာစုံရှိသော်လည်း မလာကြပြီ။ တောင်ပေါ်နေ ဦးမြညွန့်၊ ဦးလှသောင်တို့နှစ်ဦးသာ လာကြတော့၏။ ပြီးခဲ့သောနတ္တော်လပြည့်မှ တပို့တွဲလပြည့်အတွင်း စခန်းဝင်လိုသူ စာရင်းဖိတ်ခေါ်ရာ အတည်ဝင်လိုသူ(၁၃)ယောက်၊ အဆင်ပြေမှဝင်လိုသူ(၃)ယောက်၊ ပေါင်း(၁၆)ယောက်သာ စာရင်းပေးတော့၏။ စည်းကမ်းတင်းကျပ်မှု မခံနိုင်ကြ၍ဟူ၏။

စည်းဝေးရခြင်း၏အကြောင်းရင်းမှာ ထို (၁၆)ယောက်အတွက် စားသောက်ရန်၊ ပန်းကန်ခွက်များ၊ အညစ်အကြေးစွန့်ရန် အိမ်သာများ၊ ပျက်စီးချို့ယွင်းကျောင်း ဖာထေးပြုပြင်ရန်ကိစ္စများ အတွက်ဖြစ်၏။ ထို လာသူနှစ်ဦးတို့ကလည်း ၎င်းတို့ ချည်းမပြီး၊ နယ်မှအားလုံး အစည်းအဝေးခေါ်ယူပြီးမှဆိုကာ ပြန်သွားကြတော့၏။ ထို့နောက် နယ်ရှိ တာဝန်ခံများ စုဝေးလာကြ၏။ ဆုံးဖြတ်၏။ သည်နှစ် တရားစခန်းမဖွင့်။

ပြီးဆုံးသွားခဲ့ပြီ။ ငါတို့၏ သုံးနှစ်စခန်းဖွင့် တရားစခန်းကိစ္စ။

မြေစမ်းခရမ်းပျိုးကား ပိုထိုးလောက်ကိုက်ဖြင့် ခရီးလမ်းဆုံးစေပြီ။

ထိုမှနောက် စည်းမဲ့ကမ်းမဲ့မျိုး မပြုသလိုသဖြင့်လည်းကောင်း၊ တကယ်မလိုသဖြင့် အဟုတ်မလုပ်သော အစမ်းကျင့်, အပျော်ကျင့်မျိုး လက်သင့်မခံလိုသဖြင့်လည်းကောင်း တရားစခန်းမဖွင့်တော့ရန် ဆုံးဖြတ်လိုက်တော့၏။ ငါတို့ခေတ်ကား လူစုရုံမျှသာအခြေပေးတော့၏။ သာသနာတည်စေသောသာသနာပြုမျိုးကား အခြေဝေးချေပြီ။

နွေသည် ငွေရှာဖွေ၊ ရေရှာဖွေသာ ဖြစ်ချေ၏။ ဓမ္မရှာနွေကား ဖြစ်မလာပြီ။ ဆည်တော်ကြီးအတွက် အများစုငွေများမှာ ရန်ကုန်မှချည်းသာ ဖြစ်ချေ၏။ တစ်ဦးချင်းထောင်ချီ၊ သောင်းချီလည်းပါကြ။ပြေစာများရိုက်နှိပ်ခါ လိုက်လံကောက်ခံပေးမှုလည်းပါကြ၏။ ပစ္စည်းအား လူအားလည်း ပါဝင်ကြသေး၏။ ငါတို့ဒုက္ခ တစ်ဝက်မျှခံလျက်က ငါတို့သုခလက်ဝေခံလိုသူများ ပေတကား။

ဆည်တော်ကြီးအတွက် ရေအလှူတော်ငွေကား ဆည်တော်တည်ဆောက်ရာ၏ ကုန်ကြမ်းပစ္စည်းများစုဆောင်းနိုင်သည့်အခြေသို့ ဆိုက်ရောက်လာပြီဖြစ်၏။ ဆည်တော်အတွက် လိုအပ်သော မရှိမဖြစ် မပါမဖြစ်သော ထုံးနှင့်ဘိလပ်မြေများကိုပင် အဆင်သင့်ဖြစ်စေရန် ဦးစွာမှာကြားပေးထားပြီးပင်ဖြစ်လာချေ၏။

သို့ကြောင့်-တပို့တွဲလပြည့်ကျော်(၁)ရက်မှ

ဗဟာေဗမူပါ



တပေါင်းလ ပြည့်အတွင်း မည်သူ့ကိုမျှအတွေ့မခံ။ ငါတို့ထံရှိ အစာအိမ်ရောဂါဒဏ် သက်သက်သာသာ ခံနိုင်ရန်ကိုလည်းရည်၏။ မိမိ၏စိတ်အကျင့် တိုးမြင့်ခိုင်ခန့်ရန်ကိုလည်းရည်၏။ ဆည်တော်ကြီးချောမွေ့စွာ ပြီးစီးရန်ကိုလည်းအာရုံပြု၏။ ဆွမ်းပို့ကိုပင် ဦးကျုံပျော်မှတစ်ပါး အခြားမလာရ။ ဦးကျုံပျော်သည်ပင် ဆွမ်းပို့ ခြင်းမှတစ်ပါး ငါတို့ထံပါးမလာရ။ စိတ်ပင်ပန်းမှုဖြစ်ပွားသော် ကိုယ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း၊ ငြိမ်ဆိတ်စွာ ထိန်းကျောင်းခြင်းငှာ မတတ်နိုင်သောကြောင့်။

ထိုအတွင်း ထုံးထားရာဂိုဒေါင်တည်ဆောက်ခြင်း၊ ထုံးသယ်ခြင်းများကို သုံးပွင့်ဆိုင် ဆည်တည်ဆောက်ရေးအဖွဲ့နှင့် ဦးကျုံပျော်၊ ဦးရန်ကုန်တို့ ဦးစီးလုပ်ဆောင်နေကြသည်ကို တွေ့မြင်နေရ၏။ ဆည်၏ဆောက်လုပ်ခြင်း၊ ပြီးစီးခြင်း၊ ခိုင်ခန့်ခြင်းကိစ္စများကို ရန်ကုန်က တာဝန်ယူဦးစီး၏။ ငွေကြေးထိန်းသိမ်းခြင်းကိစ္စ-သာစည်မြို့နယ်က၊ အထွေထွေကိစ္စ-ရွှေကျောင်းကုန်းဂေါစရဂါမ်က။

ထိုတွင်- ရန်ကုန်ဆိုသော်လည်း ဦးသန်းစိုး၊ ဦးချစ်လှိုင်၊ ဦးထွန်းမြင့်၊ ဦးလှဖေတို့ လေးဦးကသာ ကိုယ်ဖိရင်ဖိပါဝင်၏။ ကျန်တို့ကား ငွေထည့်ရေဖြည့်မျှသာဝင်လာ၏။ ထိုလေးဦးသော်မှ ဦးသန်းစိုးက ပြည်ပသို့ ထွက်ခွာသွားပြန်သဖြင့် သုံးယောက်ချည်ဆည်ဖေါ်ဖြင့်သာ စတင်ကြရ၏။

တစ်ဖန် ထိုအခိုက် ရန်ကုန်မှဦးလှကြည် ဆိုက်ရောက်လာပြန်၏။ ရာသီမဟုတ်ဘဲ ခမောက်ဆောင်းမိသဖြင့်။ အစိုးရကခမောက်တွေ လှည့်လည်သိမ်းနေချိန်ဖြစ်သောကြောင့်။

ထို့နောက် ရန်ကုန်မှပင် ဦးဗိုလ်ရောက်လာပြန်၏။ အချိန်မဟုတ်ဘဲ နာရီသံချောင်းခေါက်ရကောင်းလားဆိုကာ ဆိုင်ရာတို့က နာရီတွေလိုက်လံသိမ်းဆည်းနေချိန်ဖြစ်ခြင်းကြောင့်။

ထိုသို့ရောက်လာချေသောအခါ လက်ခွဲ သုံးဦးတို့၏ မျက်စိတစ်ဖက်မှိတ်ကြည့်ခြင်း၊ တစောင်းကြည့်ခြင်းများကြောင့် အတည့်ဖြစ်မလာပြီ။ 'ဒါတစ်ဖက်က သတ်လှျိုပေးလိုက်တာ' ဟူသော တလွဲမြင်များ။

ထိုအခါ ခွေးနှစ်ကောင်တွေ့လေရာ ခွေးတစ်ကောင်ကသွားဖြဲသော် ကျန်တစ်ကောင်ခွေးကလည်း သွားဖြဲပြမည်သာ ဖြစ်ချေ၏ ဟူသော လောကနီတိ စကားလာပါအတိုင်း တစ်ဦးအပေါ် တစ်ဦး အတည့်မဖေါ်သာပြီ။

တစ်ဖန် ရန်ကုန်သားကား ဗဟုသုတ အကုန်စားထားကြသဖြင့် ရှေ့ကသွား၊ သဘောထားကြီး၊ သည်းခံပြေပြစ်သော ဆက်ဆံနှုန်းကိုသုံး၊ ရှေးရှေး အလောင်းတော်တို့ထုံးအတိုင်း ကျင့်နိုင်ကြစေ မှာ၏။

တစ်ဖန် နယ်ခံလူကြီးများကား တရားရေဖောက် သောက်မိထားကြလေသူများပီပီ နောက်မှမှီ အကူညီပေး၊ရှေ့ရေးလည်းတွယ်၊ နယ်အကြောင်းလည်းပြ လမ်းပြတို့ထုံးအတိုင်း ကျင့်နိုင်စေ မှာ၏။

တစ်ကယ်လျှင် ငါတို့မျက်ကွယ်ပြုလိုက်မိသောအခါတွင်မူကား ရန်ကုန်သားလည်း ဗဟုသုတစားထားပြီးသော်မှ သဘောထားကားမကြီး၊ သည်းလည်းမခံ၊ ပြေပြစ်စွာမဆက်ဆံတတ်၊ မစည်းရုံးတတ်ခဲ့ပြီ။ ရန်ကုန်သားအချင်းချင်းပင် ပုလင်းဖင်ဒုတ်ထိုးမိသည့်ပမာ အရုပ်ဆိုးအကျည်းတန်စေခဲ့ပြီ။

သာစည်လူကြီးများလည်း ရုပ်စာစားထားကြသဖြင့် ရုပ်ကြီးထွားနှုန်းပိုသော ရုပ်လူကြီးမျှသာဖြစ်ပြီး တရားရေခမ်း၊ စိတ်လျှင်ကြမ်းတမ်း၊ ကိုယ်သရမ်းကား ဖြစ်စေခဲ့ပြီ။ နယ်သားအချင်းချင်းပင် အသွားမတည့်ကြပြီ။ သို့ကြောင့် ရန်ကုန်သားအားလုံး မျိုးတုံးသွားခဲ့ပြီ၊ သာစည်မှကား လူကြီးနှစ်ဦးမျှသာ ကျန်ရှိတော့၏။

တပေါင်းလပြည့်သဖြင့် ငါတို့နားသက်ရာမှ ထွက်ခဲ့၏။ ငါတို့ယုံသဖြင့်လာချေသူ၊ ငါတို့မြူမှ

မဟာဓမ္မပါလ



ကြည်ဖြူမည်။ ငါတို့မှီလိုသဖြင့်လာချေသူ ငါတို့ချီမှ ကြည်ဖြူမည်။ ဤသို့တွေးမိသဖြင့် ရှေးရှေးသူတော်ကောင်း ရဟန်းတော်များ၏သို့ ဓမ္မာနုဂ္ဂဟကား ငါတို့တာ၊ ပစ္စယာနုဂ္ဂဟကား သင်တို့တာ၊ သူ့တာ ကိုယ့်တာ မခွဲသာတော့ပြီ။ သာသနာ၏ နေတက်-လ,တက်ချိန်မျိုး မဟုတ်တော့သောကြောင့် ပလ္လင်တက်နှင့်နှုတ်ထွက် ရဟန်းဘက်က။ လက်လှုပ်နှင့်ကိုယ်ကျွဲ လူတို့တာဝန်။ ဤသို့လည်း ဝန်စည်းခြားခြင်းငှာမတတ်သာပြီ။ ရဟန်းမမြင် သက်န်းမျှကိုသာ မြင်နိုင်ကြသော အကြည့်များကြောင့်။

- သို့ကြောင့်ငါတို့ကိုယ်တိုင် ကျောက်တုံး သယ်၏။
- သို့ကြောင့် ငါတို့ကိုယ်တိုင် အချိန်ပြည့် ဆင်း၏။
- ဤနည်းဖြင့်ပင် တစ်နေကုန် ဆည်တော်တည်မည့်အကွက် ငါထမ်းရွက်၏။
- ဤနည်းဖြင့်ပင် တရားလည်းမပျက်၊ စကားလည်းမပျက် ငါတစ်ဦးတည်းနှစ်ခုပြီး ထမ်းရွက်၏။
- ဤနည်းဖြင့်ပင် ငါသည် စရဏသမား၊ ငါသည် ဝိဇ္ဇာသမား နှစ်ကိုယ်ခွဲထွက် ထမ်းရွက်၏။

ကိုယ်သာလျှင် ကိုယ်လှမ်းရာကြို၊ ကိုယ်လိုရာမှိုင်း၊ ကိုယ်ခိုင်းရာလုပ်ပေးသူ မဟုတ်လော။

▼

## ဘုရားသည် အရိယာရှေ့ပြည်

ဆည်တော်ကို ဘုရားရှင်အရာထားခြင်းဟူသည်ကို ပြဆိုခဲ့ပြီးဖြစ်၏။

ထိုဘုရားကား နှစ်မျိုးကွဲပြားသေး၏။ အမှန်သိဘုရားနှင့် အကုန်သိဘုရား ဟူ၍။

ထိုနှစ်မျိုးတို့တွင် သစ္စာလေးပါး ထိုးထွင်းသိသည်နှင့် အနာဝရဏဉာဏ်(အဆီးအတားမရှိ မြင်ခွင့်သာသောဉာဏ်) သဗ္ဗညုတဉာဏ်(အကြွင်းမဲ့အသိပေးသောဉာဏ်) တို့သည်လည်း အဆင်သင့်ပါပြီးသော ရှင်တော်ဂေါတမကား ထိုနှစ်မျိုးလုံးတို့၌ အကျုံးဝင်၏။

ပစ္စေကဗုဒ္ဓ၊ အရဟန္တာတို့မှာမူကား အမှန်သိတစ်မျိုးသာ ရခွင့်သာစေခဲ့၏။ သို့ကြောင့် ထိုအမှန်သိသို့ ထိုးဆိုက်ချိန်၏ဉာဏ်ကို ဤ၌ ဗုဒ္ဓဟူ၍ သုံးနှုန်းလို၏။ အရိယာအားလုံးပိုင် ဗုဒ္ဓတည်း။

ထိုအမှန်သိသို့ ထိုးထွင်းမြင်သိ ချိန်၏ ဉာဏ်၌ ရုပ်မရှိ၊ နာမ်မရှိ ချုပ်ပြတ်၏။ ရုပ်ဘေး၊ နာမ်ဘေး(ရုပ်,နာမ် မရှိသဖြင့်)ကင်းဝေး၏။ ဘေးမသန်းသဖြင့် အေးချမ်း၏။

ထိုအမှန်သိသို့ ထိုးထွင်းမြင်သိ ချိန်၏ အခိုက်၌ ရုပ်မပါလာ, နာမ်မပါလာသဖြင့် သေစရာမရှိ။ သို့ကြောင့်လည်း ငြိမ်သက်ခြင်း၊ အေးချမ်းခြင်း အသွင်ကိုဆောင်နေ၏။

ထိုအမှန်သိသို့ ထိုးထွင်းမြင်သိ ချိန်၏ အခိုက်၌ ရုပ်,နာမ်များစဲသွားသဖြင့် ရုပ်သွား၊ နာမ်သွား အလားမရှိချေရကား ရုပ်ရိပ်-နာမ်ရိပ်လည်းမရှိ။ ထိုမရှိကြောင့်လည်း အေး၏။ ငြိမ်း၏။ ထိန်းစရာမရှိတော့၍။

ထိုသို့သော ဗုဒ္ဓသည် ရုပ်မပါ-ရုပ်ရိပ်လည်း မပေါ်လာအားဖြင့်လည်းကောင်း၊ နာမ်မပါ-နာမ်ရိပ်လည်း မကျသာအားဖြင့်လည်းကောင်း အတားမရှိ သွားနိုင်၏။ လာနိုင်၏။ ရှိသောအခါ ငှားထားသော သူ့ခန္ဓာ၊ သူ့နေရာပြန်ပို့သည်နှင့် အငြိမ်းမှငြိမ်းသော အငြိမ်းပိုင်သို့ မုချရောက်စေမည်။ အသေကင်းသော သေခြင်းသို့လည်း မုချရောက်စေမည်။ အရိပ်မသက်ရာ၏အရိပ်မထွက်ဘက်သို့လည်း အအေးဓါတ်၊ အငြိမ်းဓါတ် သက်သက်ဖြင့် ဧကန်သက်စေမည်။ ထိုဗုဒ္ဓတို့၏ မုချသော အငြိမ်းဓါတ်၊ အအေးဓါတ်သို့ အထိ ဤ၌ မျှော်ကြည့်လျက်က ဆည်တည်ပါ၏။

မဟာဇေယျဗိလ



ထိုသို့ အမှန်သိ, ထိုးထွင်းသိ ဗုဒ္ဓတို့၏ မမိသည်ကိုမမိသည့်အတိုင်း၊ မရှိသည်ကိုမရှိသည့်အတိုင်း၊ မသိသည်ကိုလည်းမသိသည့်အတိုင်း မိခြင်း၊ ရှိခြင်း၊ သိခြင်း သုံးမျိုးတို့ဖြင့် အစားထိုးလျက်က ထိုးထွင်းသိ, သိလိုရာတွင်-

၁။ အမှန်တရားကိုသာ ထိုးထွင်းသိ, သိလိုသူတို့ကား လက်ရင်း ပါရမီများကို ဖြည့်ဆည်းပါမှ လက်လှမ်းမှီ၏။

၂။ အမှန်တရားကို တပည့်မခံ၊ ကိုယ်တစ်ယောက်ဆန်ဖြင့်သာ ဇကန်သိလိုသူတို့က ကိုယ်အင်္ဂါပါစွန့်၍ နှစ်စုံတွဲမှ ခံမိ၏။

၃။ အမှန်တရားကို ကိုယ်လည်းသိ, အများလည်းသိစေလိုသူတို့ကား အသက်-အင်္ဂါ-လက်ရင်းပါ သုံးဖြာထည့်မှ မိလာ၏။

ထို နောက်ဆုံးရှင်၏ ပါရမီခွင်ကို ပေါင်းရုံးယှဉ်ပူးထားနိုင်သော် အထက်ရှိ နှစ်ဆယ်သမား၊ တစ်ဆယ်သမားတို့လည်း အတွင်းဝင်ပြီးဖြစ်နေရကား ဤ၌ ဆည်တော်ကြီး၏အမည်ကို ထိုပါရမီတော်၏ အလွန်ဆုံးသော သုံးဆယ်ဖြင့် ကင်ပွန်းတပ်ထားပါ၏။ နေ့တို့၏ မူရင်းသက်ဖြင့် ထိုပါရမီသုံးဆယ်ကို ရေတွက်ကြည့်လေသောအခါ-

အ-ရိ-ယာ-ရွှေ-ပြည် ဟူသောစကားငါးလုံး အထင်အရှား လုံးမိလာချေတော့၏။

ထိုတွင် အ-ကား တနင်္ဂနွေနံနေ့၏ကိုယ်စားဖြစ်သဖြင့် (၁)ဂဏန်းကို ဖော်ပြနေ၏။

ရိ-ယာ-ရွှေ တို့ကား ရာဟုနံနေ့၏ ကိုယ်စားများဖြစ်ကြလေသဖြင့် ရှစ်သုံးလုံး (၂၄)ကို ဖေါ်ကျူးနေချေ၏။

ပြည်-ကား ကြာသပတေးနံနေ့၏ ကိုယ်စားဖြစ်သဖြင့် (၅)ဂဏန်းဖြင့် လက်ကမ်းနေပါချေ၏။

အားလုံးပေါင်းသော်ကား-၁+၂၄+၅- ၃၀ ဖြစ်တော့သည်သာ။

## အရိယာရွှေပြည် ဘုရားဆည် ရေသည်ဘုရားနှုန်း

ထိုအမည်သည် ၁၃၅၂-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့၏ ဇာတာခွင်နှင့်လည်း ကိုက်ညီသည် ဆို၏။ ဆည်တော်ကြီး၏ အုဋ်မြစ်ချနေ့သည် ဖွားနေ့အဖြစ် သတ်မှတ်ခါ ဇာတာဖွဲ့ထား၏။ ဆည်တော်မှတ်တမ်း သီးခြားတင်ထားပြီးဖြစ်သဖြင့် ဤ၌အကျယ်မပြသာပြီ။

ထိုဆည်တော်ကြီး သတ်မှတ်ချက်အလျား-အနံ-စောက် ရရှိရေးတို့အတွက် တစ်နယ်လုံးပါဝင်ခဲ့ကြရ၏။ ကြားရာအရပ် အားလုံးကပင် ဝိုင်းကူလာကြ၏။ ရွာ, လူဦးရေ, အကြိမ်အရေအတွက် ကျား-မ, သေး-ကြီးအထိ စနစ်တကျ စာရင်းပြုစုထားရှိပြီးဖြစ်၏။ သာစည်မြို့ပေါ်မှလည်း ကြက်ခြေနီ၊ ကုန်တင်ကုန်ချ၊ မီးသတ် အသင်းအဖွဲ့များနှင့်တကွ ရပ်ကွက်တို့မှလည်း ပါဝင်၏။ သာစည်နယ်၊ ဝမ်းတွင်းနယ် နှစ်နယ်ဆိုင်အတွင်း စုံ၏။ ကဆုန်လပြည့်အမှီလိုအပ်သော လျာထားချက်ပြည့်မီခဲ့၏။ သို့ကြောင့် ကဆုန်လပြည့်(၁၃၅၂ခုနှစ်၏)နေ့တွင်ဦးစွာ တောင်တော်ရှိ သံဃာတော်ငါးပါးတို့နှင့် ယောဂီများက အုဋ်မြစ်ချ၏။ ထို့နောက်ရန်ကုန်အဖွဲ့၊ သာစည်အဖွဲ့၊ နယ်အဖွဲ့တို့ အုဋ်မြစ်ချကြကာ ဆည်တော်ကြီး စတင်ခဲ့ရချေသည်။

## နှစ်ဆယ့်လေးဦးတို့ဖြင့် လေးဆယ့်ငါးရက်အပြီး

ထိုဆည်တော်ကြီးကို ပန်းရံခေါ်ယူရာ၌ ရန်ကုန်မှခေါ်လျှင် ရန်ကုန်တာဝန်ယူရမည်။ သာစည်မှခေါ်သော် သာစည်တာဝန်၊ နယ်မှခေါ်ယူပါက နယ်သာလျှင်တာဝန်ကျစေရမည်။ ကိုယ့်ပန်းရံ ကိုယ်တာဝန်ခံရမည်။ ကတိမပျက်စေရ။ ဖျက်ခဲ့သော် ဖျက်သူနှင့်တာဝန်ခံ အတူတူခံစေ ကတိထားကြ၏။

မဟာဓမ္မပါလ

ထိုအခါ နယ်ဝေါစရဂါမ်တို့၏ တာဝန်ခံဖြစ်သော ဦးညို(ရေတွင်းကြီး၊ ထိုစဉ်ကဆည်တော်တည်ဆောက်ရေးအဖွဲ့၏ တွဲဘက်အတွင်းရေးမှူးတာဝန် ယူထားသည်)က ၄င်းရွာအတူနေ ဦးကျော်အေးနှင့် ၄င်းတိုက်တာဝန်ခံ တည်ဆောက်သွားခဲ့ဖူးသော ဦးမဲကျော(ထနောင်းကန်)တို့ကို တွဲပေးကာ တာဝန်ယူစေ၏။ ထိုနှစ်ယောက် ငါတို့နှင့် တွေ့ဆုံကြလေသောအခါ-

ပန်းရံ သံလက်ကိုင် အလုပ်ကြမ်းအားလုံး (၂၄)ယောက်တိတိ ပြည့်စေရမည်။

ဆည်တည်ရက် စတင်ကိုင်ချိန်မှအပြီးထိ (၄၅)ရက်တည်းဖြင့် ပြီးစီးစေရမည်။

ထို့ထက်စောစီးစွာပြီးလည်း ထိုအရေအတွက် ထိုရက်တို့အတိုင်း ပေးချေမည်။ ထို့နောက်ကျသွားလည်း ပို၍ပေးတော့မည်မဟုတ်။ သဘောတူလား။ တူပါသည်ဖြင့် ဈေးတည့်သွားတော့၏။

ဆည်တော်တွင်းဝင်သဖြင့် (၁၀)ရက်အပြည့်မှာပင် ဦးကျော်အေး၊ ဦးမဲကျော နေ့တွက်ကြေး အပိုရကြေးများကိုအကြောင်းပြု၍ ကွဲကြပြဲကြကာ ဆင်းသွားလေရာ တန်းလန်းဖြင့်ကျန်ရစ်ခဲ့ရ၏။ တာဝန်ခံကားသာစည်ထုံးစံ။ မဖြစ်မီခံခြင်းမျှသာ။ သာသနာ့ကိစ္စတရားစွဲလို့ကလည်းမသင့်။ အင့်လျက်ကသာ နေရချေတော့၏။ ငါတို့ကို ဆရာတော်ဘုရားကြီးဟူ၍ မြှင့်ပေး,ပင့်ပေးထားသဖြင့်သာ အသာမှိတ်နေရပါ၏။

ထိုအခါ နောက်ထပ်ပန်းရံရှာဖွေရင်း ကြေးကားမြို့ပေးထက်အဆပိုထားသေး၏။ မြို့ပန်းရံများလာကြ၏။ အလုပ်ကိုကားသာမာန်၊ ငွေကိုသာလက်ခွဲလိုကြ၏။ ငွေနှင့်အလုပ် ချိန်ခွင်လျှာလှုပ်ပြရုံသာရှိ၏။ သို့နှင့်ပြန်သွားကြတော့၏။ ငါတို့ အားမရသဖြင့် သူတို့ပြန်သွားကြရရှာခြင်း။

ကဲ ဘယ်သူ့ကို မင်းအားရသတုန်း၊ ကိုယ့်ကိုကိုယ်မေး၏။ ဆွေးနွေးကြည့်မိ၏။

သင့်ကိုပဲ ငါအားရသည်။ ကိုယ့်ကိုယ်ကိုပင်ဖြေ၏။ သေချာ ရေရာရာရှိ၏။

ကဲ- သည်လိုဆို ကိုယ်ပါးစပ်ကိုယ်ဖွင့်, ကိုယ့်လက်ဖြင့်ကိုယ်လုပ်ပေရော့ အလုပ်အပ်၏။ ပုတ်ပြတ်။

ဤသို့ ဆုံးဖြတ်ပြီးစဉ်ပင် ကျောက်-သဲ-ထုံး သယ်အားလုံး။ မုံစော ငရုပ်သီးကောက် အမျိုးသမီးအဖွဲ့တို့က ဆည်တော်ကြီးမပြီးမချင်း အမိဋ္ဌာန်ဖြင့် ဝင်လာကြကုန်၏။ အုတ်သျှစ်ကုန်း၊ မောင်းမဆည်မြေစိုတို့က မကြာမကြာလာ၍ ကူကြကုန်၏။ ငါတို့၏အတွင်းဆွမ်းခံရွာ(၈)ရွာတို့ကား အိပ်၍ကောင်းတုန်းတည်း။ *'ငါးပိသည်ကား အိပ်လို့ဆားသည်ကား ခွေးခြောက်လို့'* ဆိုသောစကား ငါတို့ ဆည်တော်ကြား နားလျက်တည်း။

ဆည်တော်တည်ရက်ကား သုံးနှစ်အဓိဋ္ဌာန်၏။ ဆည်တော်အဆင့်ကလည်း သုံးဆင့်မျှဆင့်ထား၍။

ထိုနှစ် ဝါခေါင်လဆန်း၅ပင် ကြမ်းခင်းနှင့်ပထမအဆင့် အကြမ်းပြီးစီး၏။ မိုးသည်းလာသဖြင့် နားရ၏။ နောက်နှစ်(၁၃၅၂-၅၃၏ နွေ)သည်ကား စမုံအရှေ့ဘက်ခြမ်းကား နှမ်း-စပါး-မြေပဲ-ပဲ အောင်မြင်လေကြသဖြင့် အလှူမင်္ဂလာပွဲ မဲနေကြရာ ရွှေကျောင်းကုန်းတောင် ယောင်၍မျှ မတက်လာချေ။ တစ်ဖန် စမုံ၏အနောက်ဘက်ခြမ်းသားများသည်လည်း ငရုပ်လည်းကောင်း၊ ပြောင်းလည်းကောင်းသဖြင့် အလှူမင်္ဂလာပွဲတို့ချည်း မဲနေကြလေရာ ရွှေကျောင်းကုန်းတောင် ယောင်လို့မှ ခေါင်းထောင် မကြည့်ကြတော့ပြီ။

ငါတို့၏ ကြိုးစားမှုမှန်သမျှ ဖြစ်လည်းဖြစ်၏။ ထစ်လည်းထစ်၏။

ငါတို့၏ အကျိုးပေးကား ဟုန်းဟုန်းလှုပ်လည်းတောက်တတ်၏။ စုန်းစုန်းမြုပ်လည်းပျောက်တတ်၏။

 မဟာဓမ္မပါလ



သို့ကြောင့် ဇာတ်သွေးကပေါက်သော ဇာတ်မွေးဆင်မျိုးမဟုတ် နတ်ပေးဆင်မျိုးမျှသာ။

ရှေးရှေးသော တစ်ခါက လယ်သမားကြီး တစ်ဦးသည်မိမိလယ်တောခွင်ရှိ ထိန်ပင်စောင့်နတ်ကို လယ်ပျိုးတိုင်းလည်းကောင်း၊ လယ်စိုက်တိုင်းလည်းကောင်း၊ လယ်ရိတ်သိမ်းတိုင်းလည်းကောင်း ပသ၏။ သို့တစေလည်း ပသကျိုး မခံစံရ။

မခံစံရသည်နှင့်မပြီးသေး။ တစ်နေ့ သားမြွေခဲ, သမီးရေထဲပါအထိ အတိဒုက္ခရောက်ရရှာ၏။ ကိုးသလောက် အကွယ်မထောက်လာတော့သော ထိုအခါ လယ်သမားကြီးခမျာ အနာကြီးနာလာချေရကား-

"ဟင်း- ကျုပ်ကတော့ ခင်ဗျားကို အားကိုးတကြီးနဲ့ ကိုးကွယ်လာလိုက်ရတာ။ ခင်ဗျားကတော့ ကျုပ်ပေးသမျှစား စီးပွားကျလဲမကယ်၊ သမီး-သားကျလဲ မကူနဲ့ဘဲ"

"ကဲ သည်နေ့တော့ သိစေရမယ်"

ပြောပြောဆိုဆို ပေါက်ဆိန်ကိုကိုင်၍ ထိန်ပင်ကို ခုတ်လှဲရန်ရွယ်တော့ရာ-နတ်ကြီးခမျာ မနေသာရကား။

"နေပါဦးမောင်ရင် အလျင်စလိုမလုပ်ပါနဲ့၊ ကျုပ်မှာလည်း အခါသင့်မှအခွင့်သာတာမျိုး ထဲကပါ"

"ဘာ- ခင်ဗျားကျတော့ အခါရွေး၊ ကျုပ်ကကျတော့အခါမရွေးခဲ့ဘူးဗျာ့"

"ကဲ- သည်လိုဆို ငါဆင်တစ်ကောင် ဖန်ဆင်းပေးလိုက်မယ်၊ တစ်ပတ်အတွင်း မဆစ်ဈေးနဲ့ ရောင်းလိုက်"

"ကဲ- ခင်ဗျားဆင်လက်တွေ့ပြမှ ကျုပ်ပုဆိန်လက်ကချမယ်"

သို့နှင့် ကြီးမားသော ဆင်ကြီးတစ်ကောင် ဖန်ဆင်းပေးလိုက်ရာ လယ်တောရှင်ခမျာ သဘောကျသွားပြီး ထိုဆင်ကိုစီး၍ အိမ်ပြန်လာ၏။ လမ်းတွင် မြို့ကုန်သည်နှင့်တွေ့သဖြင့် ဈေးအမေး (၁၀၀၀ိ)ကြေးဆိုလိုက်၏။ ကုန်သည်ကလည်း အနှိုက်ကောင်းသဖြင့်(၅၀ဝိ)နှင့်ပင် ဈေးတည့်သွား၏။ လွှဲပြောင်းပေးလိုက်၏။

ကုန်သည်ကား နတ်ဆင်-ဇာတ်ဆင်မှတ်သဖြင့် အမြတ်တွက်ကာ မြို့ဘက်သို့စီးလာခဲ့ရာ ခရီးသုံးချိုး,တစ်ချိုးရောက်သောအခါ ငုံ့အကြည့် ဆင်မဟုတ် ကျွဲဖြစ်သွားတော့၏။

"အား- ဆင်လည်းမဟုတ်တော့ပါကလား၊ အေးလေ ကျွဲဆိုလည်း ငါ့(၅၀ဝိ)တော့ တန်ပါသေးရဲ့" ဆက်စီးသွား၏။ ခရီးသုံးချိုး,နှစ်ချိုးသို့ ရောက်လေသောအခါ ကျွဲမှဝက်သို့ပြောင်းလဲသွား ပြန်တော့ရာ-

"ဟား- ကျွဲတောင်မဟုတ်တော့ပါကလား၊ ဝက်ကြီးပဲ၊ အင်း- တစ်ဝက်တော့ရှုံးနေပြီကော"

ပြောရင်းကပင် စီးမဖြစ်တော့သော ဝက်ကြီးကို နားရွက်မှကိုင်လျက်က မြို့ဘက်ဆက်ခဲ့ရတော့၏။ မြို့နားနီးသဖြင့် စည်းရိုးနားကပ်မိသွားလေသောအခါတွင်ကား ထိုဝက်က သွင်တူမျိုးခြားကြွက် ဖြစ်သွားတော့ရာ၊ ခမျာ ဆင်ကြီးလည်းဆုံး၊ ငွေလည်းရှုံးသွားသည်ကတစ်ကြောင်း၊ မြို့သားဖြစ်လျက်က တောသားလှည့်ကွက် အထိနက်သဖြင့် ရှက်လှသည်ကတစ်ကြောင်းတို့ကြောင့် တရားလမ်းကြောင်းရှိအတိုင်း ရုံးတော်ဦးတိုက်တိုင်ကြားရန် သက်သေခံအဖြစ် ထိုကြွက်ကို လိုက်လံဖမ်းရာ ကြွက်ကောင်ကားလွဲ အမြီးကိုသာ ဆွဲမိသောဟူ၏။

ယခု ငါတို့၏ အကျိုးပေး၏ ဖြစ်နေပုံကို သုံးသပ်မိသောအခါ၌လည်း အရှိန်ဖြင့် တရိပ်ရိပ် တက်စေသောယေရာမှအကြီးကား- တစ်ဟုန်တည်း တက်ရာမှလိမ့်ဆင်းလာသော ကြီးရာမှအငယ်သာ ဖြစ်ချေ၏။ ရောက်စနှစ်၌ လူကြီး-လူငယ် နယ်စေ့ ရွာစုံ အကုန်ပါ၏။ ဒုတိယနှစ် လူကြီးမပါတော့ပြီ။

ကာလသား-ကာလသမီးတို့ချည်းသာ၊ အပ်တက်သဖြင့်ချည်ဆက်ပါလာခြင်း၊ ချည်ရုပ်သဖြင့် အပ်လှုပ် ပါသွားခြင်းပမာသာ ကျန်ရှိတော့၏။ အဖြေကား ကလေးများဦးစားပေးရသဖြင့် လူကြီးများ နောက်ဆုတ်နေရခြင်းဟူ၏။ တတိယနှစ်သို့ရောက်လေသောအခါ ချည်ကားမပါ၊ အပ်နဖားပေါက်ချည်းသာ တက်လာကြချေတော့၏။ သည့်အတူ-

ပထမနှစ်အားလုံးသောအရာတိုင်း ခိုင်းသလောက်ကဲ၊ ဆွဲသလောက်ပါ၊ ရာသလောက်ပြည့် အကွက်မိ။

ဒုတိယနှစ် ခိုင်းတိုင်းမဖေါ်၊ ခေါ်တိုင်းမလှုပ်၊ သုတ်တိုင်းမသွက်၊ အေးတိအေးစက် ငေးလျက်။

တတိယနှစ်၌ကား အပြန်သွက်သလောက် အရောက်နောက်ကျ၊ ထမ်းပိုးကျ ခြေစခြေနမသွက်လက်။

သို့ကြောင့် ဆက်လက်ပြီးနေ၍ ဤနေရာ သာသနာပြုသော်လည်းအကြောင်းထူးလာမည် မထင်မိချေ။ သာသနာ့အကျိုး အရှိန်အဦးကို မမြင်သူပြောသဖြင့်လည်း မြင်မည်မထင်။ မကြိုက်သူ ပြောသဖြင့်လည်း လိုက်မည်မထင်။ မနှိုက်လိုသူ အနှိုက်ခိုင်းသော်လည်း နှိုက်တိုင်းပြည့် ပိုက်မိမည် လည်း မထင်မိပြီ။

ထိုသို့ အကျိုးပေးအမြင့်မှအနိမ့်သို့ ဆင်းခြင်း၏ အကြောင်းရင်းကို ငါရှာဖွေ၏။ တွေ့ပြီ။ ငါ့သဏ္ဍာန်ရှိ လှုပ်ရှားမှုတို့သည် အဆန်းသစ်လွန်းသဖြင့် အရိုးအဆစ်ပေါ်လာခြင်းတည်း။

၁။ ငါတို့ရဟန်းတစ်ပါး၏ စောင့်စည်းရမည့် သီလလေးမျိုးတို့တွင် ဣန္ဒြိယ သံဝရသီလဟူသော ကာယိန္ဒြေ, မနိန္ဒြေ မစောင့်စည်းခြင်းသည် ဘုရားမှတ်၍ကိုးကွယ်ရာ ဖွတ်ထွက်လာမှ ငါမှန်းသိသွားသဖြင့် သံဃာ့စာရင်းမှ ပုဂ္ဂိုလ်တွင်းသို့ အသွင်း ခံရခြင်းလည်း တစ်ပါး။

၂။ ငါတို့ရဟန်းတစ်ပါး၏ ကျင့်သုံးရမည့် သိက္ခာဝိစာအစား လောကီကြားလည်းပါ၊ မယားစကားသားစကားတို့၌လည်း အလွတ်မပေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးတို့၌လည်း ဝင်ဆွေးနွေးခြင်းဖြင့် ပေါ့လည်းပေါ့ သွက်လည်းသွက်သော စကားမျိုးကိုလည်း ဆိုလေ့ရှိခြင်း၊ ပြီးပြီ, တော်ကြစို့ ပြောပြီးသော်မှ တစ်ကျော့ပြန် နှစ်ကျော့ပြန် လေထန်,လေသန် စကားမျိုးကိုလည်း ဆိုလေ့ရှိခြင်းလည်း တစ်ပါး။

၃။ အတင်းအဖျင်းစကား၊ ရယ်ရွှန်းပတ်ရွှန်း စကား၊ အကြည်စားသန်, အနောက်သန်, အစသန်စကား စသည်များတို့ကို လူပျက် သက်န်းပတ်ပေးထားသည့်အလား ပြောကြားနေခြင်းလည်း တစ်ပါး။

ထိုသုံးချက်သော လှုပ်ရှားမှုများသည် ငါတို့၏ ကျင့်အားကို ဖုံးလွှမ်းသွားချေရာ အဝေးကြည့်မှ သံဃာမြင်၍ဝင်လာသူ အနီးရောက်လျှင် ပုဂ္ဂိုလ်သို့ သာမေးတင်သွားတော့၏။ အထင်ကြီးခဲ့ရာမှ သေးသွားခြင်းသို့ တရိပ်ရိပ်ချင်း ဆင်းလျှောသွားချေတော့၏။

အသံနှင့်သဏ္ဍာန် ကြားသလောက် မမှန်လေသဖြင့် ပုဇင်းရင်ကွဲသံနားထောင်ပြီး ပုဇင်းရင်ကွဲကောင် ရှာခဲ့ရာ၊ တွေ့သောအခါ အသံကြီးသလောက် ခန္ဓာသေးကို တွေ့လိုက်ရသောသူပမာ သာ ရှိချေတော့၏။ အသံထွက်ပေါ်စေခြင်းကား ငါမဟုတ်။ ငါ့ထံရှိ အကျင့်သီလကြောင့်သာ။ သို့ကြောင့် သံဃာအရာစာရင်းဝင်၏။ အသံတိတ်စေခြင်းကား ငါမှငါသာတည်း။

မဟာဗုဒ္ဓဝါဒ



## မထားရှေအိန်, မင်္ဂြမ်ဝါဇ, ဟာသန္ဒော စွက် ဤသုံးချက်ကား ဘုန်းပျက်ကံမှိန် အကြောင်းတည်း

တစ်ဖန် ငါ့၌ ညဉ်တစ်ကွက်ရှိသေး၏။ မရင်းနှီးသော အဝေးကပ်တို့၌ အပြစ်ပေါ်သော်မှ ခွင့်လွှတ်တတ်မြဲဖြစ်ခဲ့၏။ ရင်းနှီးပြီးသော အတွင်းနေ အနီးကပ်တို့ကိုကား ငါ့ဣန္ဒြေဖြစပ်စပ်ကြားမှပင် ရုတ်တရက် အရေးထ၍ယူတတ်၏။ ကြီးမားကိစ္စ အောင်ပွဲရအတူနေသော်မှ အသေးအဖွဲလေးတွေ့ ရသည်ကိုပင်သည်းမခံချင်တတ်၊ စည်းကမ်းထိန်းသိမ်းပေးရာ၌လည်း လျှော့မိလျှင် အောက်စလွတ်အထိ၊ တင်းမိပြန်လျှင်လည်းနခမ်းပြအထိ လျှော့မိ-တင်းမိတတ်သောညဉ် ငါ့မှာရှိနေ၏။ စေတနာအထားအားကြီးလှသဖြင့် အနေတော်ဘို့ကျ ထိန်းမရခြင်း။ သို့ကြောင့်အသေးကအကြီးဖြစ်၊ အကြီးကအသေးဖြစ်၊ တစ်ဘက်၏အပြစ် စီစစ်ခြင်းငှာ မတတ်နိုင်ရှိ၏။

- ဟုတ်ဟုတ်-မဟုတ်၊ ငါခိုင်းလျှင်လုပ်မှ ကြိုက်၏။
- ဟုတ်ဟုတ်-မဟုတ်၊ ငါပြောလျှင် ခုခံမပြောမှ သဘောကျ၏။
- ဟုတ်ဟုတ်-မဟုတ်၊ ငါ့ကို ပြန်လှန်မဝေဖန်မှ ကြိုက်၏။

ငါကား တဇွတ်ထိုးသမားသက်သက်တည်း။ ထိုတဇွတ်ထိုးသမားသည် ယနေ့အချိန်၌ ငါ့ကိုယ်ငါကြည့်သည်ကများ၏။ ငါ့ကိစ္စငါဆောင်နေသည်ကများ၏။ ငါ့၌ တဏှာကပ်လာလျှင်လည်းကောင်း၊ ဒေါသကပ်လာလျှင်လည်းကောင်း ၎င်းတို့ ငါ့ထံမှ သွားစေလိုသောအခါ ငါသည်အနီး၏ တစ်ဘက်သို့ အော်ခြင်း၊ ငေါက်ခြင်း၊ မောင်းမဲခြင်းဖြင့် နှင်ထုတ်လွှတ်လေ့ရှိ၏။ သိမ်းမထားလို၍။

ထိုလွှတ်ထုတ်သည်ကို စုပ်ယူသည်အထင်ဖြင့် တစ်ဖက်ကာယကံရှင်က ပြန်လှန်ပြောလိုက်မိသော် ထိုရာဂ,ဒေါသကား မသွားသည့်အပြင် ပွား၍ပင် အမျှင်တွဲလာတတ်လှချေ၏။ ငါ့ အကြောင်းမသိ အပေါင်းခက်သေး၏။ ထိုညဉ့်,ဝေလှေ့များကလည်း ငါနှင့်ဖဝါးထက်ကြပ် ခွ၍ပင်လိုက်ပါနေကြ၏။

သို့ကြောင့် ပရိတ်သတ်မမြဲ၊ ဆိုခဲ့ပြီးအားလုံးတို့သည် ဓမ္မဓါတ်နှင့်ကာမဓါတ် အသွားတစ်စပ်,အပတ်တစ်တား၊သွားနေခြင်း,တားနေခြင်းများကြောင့်ဖြစ်ချေ၏။ သို့မဟုတ် ဘုရားသားနှင့် အမေ့သား အမွေခွဲစား နေကြသေး၍တည်း။

ငါသည်ရဟန်း။ ရဟန်းဟူသည် ဘုရားအကျင့်တိုင်းလျှင်ကျင့်၊ ဘုရားသိသောအတိုင်းပင်သိ,သိနေပြီး၊ ဘုရားကိုယ်စား စဉ်းစားပေးရမည်။ မြွက်ကြားပေးရမည်။ လှုပ်ရှားပေးရမည်ကို ငါကား မေ့မေ့သွားခဲ့၏။

ငါသည်ရဟန်း။ ရဟန်းဟူသည် ဘုရားမကြိုက်သော ရာဂကိုပယ်ပြ၊ ဒေါသ,မောဟတို့ကိုပယ်ပြပြီးမှသာ ဝေနေယျတို့အား ရာဂမကောင်းကြောင်း၊ ဒေါသမကောင်းကြောင်း၊ မောဟမကောင်းပုံများကို ဟောကြားရမည်ဖြစ်ပါလျက် ငါကိုယ်တိုင်ကပင် ၎င်းတို့အား သခင်အရာ ထားမြဲထားဆဲရှိချေသေး၏။ ပြောပြန်တော့ လောစ်မကောင်း, မကောင်းနှင့် တွေ့ကြည့်တော့ အေးမိမကောင်းချည်းပါတကား။

## ပရိတ်သတ်နှင့် မတန်သောငါ

အထက်ပါ ညဉ်စရိုက်များနှင့် အကျိုးပေးများကို ကိုက်ညှိကြည့်လျှင် အကျိုးထက် အပြစ်ကများနေမည်သာဖြစ်၏။ သာသနာပြုခြင်းထက်ဖျက်ခြင်းကသာ များနေရာ၏။ စစ်တိုက်ရာ၌ လူ၊ လက်နက်၊ ရိက္ခာ ထိုသုံးလွှာပြည့်ဝမှသာ တိုက်ကွက်ပီပြင်ရာဘိသို့ ဤသာသနာ ပြုလုပ်ရာ၌လည်း-

- အမိန့်နားပန် အာဏာမဖီဆန်လေသော သူတော်ကောင်းပရိတ်သတ် အနီးကပ်နောက်ပါ

မဟာဗောဓိ



ရှိရမည်။

- ထိုပရိတ်သတ်၌ ချိုတတ်သောထန်းလျက်စားက ချိုမည်။ စပ်တတ်သောငရုပ်စားက စပ်မည်ကို သိတတ်သောဉာဏ်လည်း ပါရမည်။
- ထိုပရိတ်သတ်၏ ခေတ္တ-အမြဲတို့ သုံးစွဲနိုင်လောက် ကောင်းသော ပစ္စည်းလေးပါးလည်း လောက်လားရမည်။

ထိုသုံးချက်ပြည့်စုံမှသာ တိုက်ကွက်အောင်နိုင်ချေသည်။ မဟာစည်သာသနာပြုထုံး လေ့လာပါက မဟာစည်ဘာကြောင့်တိုးတက်အောင်မြင်ရသနည်း။ မေးဖွယ်ပင်မလိုချေပြီ။ ဆိုခဲ့ပြီး သုံးထွေသည် ထိုမဟာစည်၌ ထုနှင့်ထည်နှင့် ပြည့်ဝနေခြင်းကြောင့်တည်း။

ငါတို့မှာမူကား လူကိုသော်လည်းမမွေးတတ်၊ လက်နက်ကိုသော်လည်းမပေးတတ်၊ ရိက္ခာကိုသော်လည်း ရှာဖွေမကျွေးတတ်ရကား ပရိတ်သတ်နှင့် မထိုက်တန်ပြီ။

သူတစ်ပါး သာသနာမပြုနိုင်သေးခင် ကိုယ့်ကိုယ်ကို အလျင်သာသနာပြုသင့်ပြီ။

သူတစ်ပါးတည့်အောင်မပေါင်းနိုင် ကိုယ့်ကိုယ်ကိုကား သင့်အောင်ပေါင်းနိုင်သင့်ပြီ။

ဤသို့ဆုံးဖြတ်လျက်က ၁၃၅၂-ခုနှစ်၊ (သုံးနှစ်မြောက်)ဝါဆိုမည့်နေ့ကပင် ဂေါစရဂါမ် ပရိတ်သတ်တို့ရှေ့ နောက်နှစ်(၁၃၅၃-ခုနှစ်) ဤရွှေကျောင်းကုန်း၌ ဝါမဆိုတော့ကြောင်း ကြေညာချက်ပေးထားလိုက်တော့၏။

ရန်ကုန်၏ ဒကာရင်းများကိုကား ပြီးခဲ့သော နွေဦးကပင် နေရာသစ်ရှာ ဖွေထားကြရန် အမိန့်ပေးပြီးသားဖြစ်ခဲ့၏။ တစ်ပါး တည်းအားထုတ်ရန်သင့်သောနေရာ၊ အကြောင်းရှိက အထက်၊ အောက် ဒကာ-ဒကာမများ အလွယ်တကူ လာသာသောနေရာ၊ တောင်တက်တောင်ဆင်း အလျဉ်းကင်းရှင်းသောနေရာကို ဟူ၍သတ်မှတ် ပေးထားခဲ့၏။

ထိုသို့ကြေညာလိုက်သဖြင့် တန်ဆောင်မုန်းတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာတော့၏။ ရန်ကုန်ဒကာများ တောင်ငူတွင်ကျောင်းနေရာရှာပြီးထားပြီဖြစ်သောကြောင့် ၎င်းတို့ကို တပို့တွဲလပြည့်နေ့လာကြ။ ဆုံးဖြတ်ပေးမည် ချိန်းဆိုလိုက်၏။

ထိုအတောအတွင်း တောင်ငူ၏ မူရင်းနေရာမှရွှေ့၍ကောင်းနိုးနိုးဖြင့် ရွှေ့တိုးလိုက်နေကြရာ တဖြည်းဖြည်း ကျားပါးစပ်ကြား ရောက်သွားလုနီးနီးဖြစ်သွားကြကာ ဖွင့်နွဲ့သွားကြတော့၏။ တပို့တွဲ၌ပေါ်မလာပြီ။

တစ်ဖန် ဌာနေမှဒကာရင်းဦးတင်ညွန့်အား စုံစမ်းခိုင်းလိုက်ရာ ဝမ်းတွင်းအနီးရှိ မြဒေါင်သူ (မြတောင်သူဖြစ်ဟန်ရှိ၏)တောင်၏ သာသနာပြုစခန်းကိုတွေ့လာခဲ့၏။ စခန်းပိုင်ဆရာတော်ကိုယ်တိုင်ပင် ကြွရောက်လာပြီး အားလုံးအပ်နှင်းတော့၏။ ခြွင်းချက်မှာ တစ်ပါးတည်း အားထုတ်ခွင့်မရ ဟူ၏။

တစ်ဖန် ပျဉ်းမနား၌ရှိသားသမီးများထံ အဆက်အသွယ်အပြုခိုင်းပြီး သာစည်မှ သမီးမြင့်မြင့်ကြည်ကိုလွှတ်လိုက်၏။ သို့တစေလည်း တစ်ပါးတည်းနေရန်ကား မဟုတ်။

ထိုသို့ လိပ်ခဲတည်းလည်းရှိနေစဉ် ရန်ကုန်မှ အရင်းအချာများဖြစ်ကြလေသော ဒေါ်ခင်မူ၊ ဦးအေး၊ ဦးချစ်လှိုင်တို့ ပျဉ်းမနားဆင်းရှာရာ လက်လုပ်တောင်ကို တွေ့လာခဲ့ကြ၏။ ဝမ်းတွင်းနှင့် ပျဉ်းမနား အတွင်းအတွင်းချင်း အခင်းပွားကြလေပြီ။

မဟာဓမ္မပါလ



## လက်လုပ်တစ်တောင် မြတစ်တောင် ဘယ်တောင်သာလို့ ကောင်းသနည်း

ထိုသို့ နေရာနှစ်ဆိုင် ထိပ်တိုက်ပြိုင်နေချိန် နှစ်ဘက်ကပင် အိပ်မက်ပေးလာကြ၏။

ဝမ်းတွင်းဌာနကား အတွင်းကလည်း အားကောင်း၏။ ယခင်သီတင်းသုံးသွားသော ဆရာတော်ကြီးကပင် လိုလားစွာပင့်ဖိတ်၏။ ထိုဆရာတော်ကြီးကား ဓမ္မာရုံကြီးအတွင်း ရှိလျက်ပင်ဆို၏။ သာသနာပြုမည်ဆိုက အထူးစည်ကားမည်ဆို၏။ ဝမ်းတွင်းတစ်မြို့လုံး၏ ကိုးကွယ်မှုကို ခံယူရမည်ဆို၏။ လောလောဆယ်လာမည်ဟူ၍ ကတိပြုသည်နှင့် ငါတို့ရောက်သော် အဆင်သင့်နေရန် တိုက်နှစ်လုံး ဒကာပေါ်နေပြီဖြစ်၏။ ရဟန်းလောင်း(၁၀)ပါးနှင့် ရဟန်းဒကာကလည်းအဆင်သင့်စသည် ကောင်းသတင်းချည်းတည်း။

တစ်ဖန် ပျဉ်းမနားလက်လုပ်တောင်ဌာနကား အတွင်းအားကောင်းသော်လည်း အစောင်းမခံဆို၏။ နေသဖြင့်တရားဟောသော် ဌာနေသံဃာများ၏ အတိုက်အခိုက်ခံရမည်ဆို၏။ မမှန်၍လောမေးသော် မှန်ကားမှန်၏။ ကုလမစ္ဆရိယ, လာဘမစ္ဆရိယ (ဒကာ-ဒကာမနှင့်လာဘ် သဝန်တိုသောကြောင့်)တို့ကြောင့်ဆို၏။ ဘယ်လိုတိုက်မည်နည်း ထပ်ဆင့်မေးသော် ဘုရားဟောပါဋ္ဌိမပါဘဲ ဟောမှုဖြင့်ဆို၏။

နောက်တစ်ချက်ကား ပျဉ်းမနားရောက်လျှင် သေမည်ဟူ၍လည်း အိပ်မက်ပေးသေး၏။ ယခင် ကျောင်းဆောက်ရန် ကတိခံထားပြီးသော ကျောင်းဒကာကပင် နောက်ဆုတ်မည်ဟူ၍လည်း အိပ်မက်ပေးသေး၏။ မကောင်းသတင်းချည်းတည်း။

ထိုနှစ်ဌာနတို့၏ နှစ်မျိုးတို့တွင် အကယ်တိတိ အကောင်းဘက်လိုက်ရွေးပါက အကြိုက်ပယ်သည်ဆိုသောတောထွက်စကား မှားကွက်နင်းရာ၏ အဆိုးဘက်ရှောင်လိုက်ပြီဆိုပါကလည်း ကြောက်စိတ်မွေးဆဲဟူသောအပြစ်တင်စကား မလွတ်ကင်းရာ။

သို့ကြောင့် ၁၃၅၂-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ပျဉ်းမနား၊ လက်လုပ်တောင်ရွေးပေးလိုက်၏။ ကတိခံ ဒကာတူးတို့မောင်နှမတစ်စုက နောက်ဆုတ်သွားပြီး ဒေါ်ခင်မူ၊ ဦးအေး၊ အဘိုးပုတို့ သုံးဦးက ကြားဝင်လာကာ ကျောင်းစီမံ၏။ ကဆုန်လပြည့်အတွင်း ပင့်ရမည်။ ရက်ချိန်းပေးထား၏။ ထိုပျဉ်းမနား၊လက်လုပ်တောင်၏ ဂေါပက ဒကာတို့ကိုကား ထိုတောင်မှာနေဆဲ-

- တရားဟောလိမ့်မည်မဟုတ်။
- ပြသလိမ့်မည်လည်းမဟုတ်။
- အဖူးတွေ့ပင်ခံလိမ့်မည်မဟုတ်။

ထိုတောင်လာသဖြင့်ရနိုင်သော အခွင့်ရေးမှာ ဆွမ်းလောင်းရုံတစ်ခုမျှသာဟူ၍ လာရောက်လျှောက်ကြားစဉ်ကပင် စကားပလ္လင်ခံပေးထားလိုက်၏။ ထိုတောင်သည်ကား အကြောက်ရှိသဖြင့် မိမိအတွက် ရာဂ-မာန-ပပဉ္စ မထသာသော နေရာကောင်းဟူ၍ သုံးသပ်၍ ဆုံးဖြတ်ခြင်းတည်း။

ထိုဆုံးဖြတ်ချက်ကြောင့် ငါတို့တကယ်သွားတော့မည်ကို အဟုတ်သိလာကြသောအခါ လှုပ်ရှားလာကြတော့၏။ ဆည်တော်ကြီးမပြီးမချင်းဆိုသော (ငါတို့နှင့်တွဲလုပ်မည့်)ဒကာ(၁၀)ဦးပေါ်လာ၏။ တစ်ဦး နှင့်တစ်ဦး ကတိကဝတ်များထား၍ ထိုနေ့၌ တက်ညီလက်ညီလုပ်ကြ၏။ အတွင်းဂေါစရဂါမ်မှကား (၃)ဦးသာပါ၏။ ကျန်(၇)ဦးတို့ကား အဝေးရှိ အပြင်ဂေါစရဂါမ်များမှဖြစ်ကြ၏။

ကျောက်-ထုံး-သဲစသည့်အာလုံးတို့ကား ယခင်အတိုင်း မုံတောအမျိုးသမီးများအားကိုးသာ အတိအကျရှိ၏။ သို့နှင့်ပင် ဆည်တော်ကြီး ပုံကြမ်းရိုက်ခဲ့ရပါ၏။ မိုးကောင်းသဖြင့် ရွှေကျောင်းခေါင်သော နွေဖြစ်၍ ဘာမျှမကိုင်ခဲ့ရပြီ။

၁၃၅၃-ခုနှစ်၊ ကဆုန်လဆန်း(၆)ရက်နေ့

မဟာဗုဒ္ဓဝါဒ



တွင် ရွှေကျောင်းကုန်းတောင်မှ ဆင်းခဲ့တော့၏။ လှိုင်းတက်၌ တစ်နေ့နှင့်တစ်ည တရားဟောပြီး သာစည်သို့ သုံးရက်သုံးည ဟောပြောပေးရ၏။ မြို့လုံးကျွတ် တစ်ရက်လျှင် တစ်ပိုင်း၊ နှစ်ပိုင်း ပိုင်းဝေလျက်က ဆွမ်းခံထွက်ပေးခဲ့ရသေး၏။ ဆည်တော်ကြီးမပြီးမီ တောင်၌သီတင်းသုံးနေရစ်ရသည့် ဦးရန်ကုန် နိဿယမုစ္စကမလွတ်မီ နှစ်စဉ် တပေါင်းလဆန်း(၁၀)ရက်နေ့ (တပေါင်းလပြည့်နေ့အမီ လာရောက်ပင့်ရန်ဖြင့်)စရံသတ်ပေးထားခဲ့ကာ ၁၃၅၃-ခုနှစ်၊ကဆုန်လဆန်း(၁၀)ရက်နေ့တွင် ပျဉ်းမနား ရာဟုဒေါင့်အရပ်(နှစ်မိုင်ခန့်ရှိ) လက်လုပ်တောင်သို့ ရောက်ရချေတော့၏။ တစ်ရွာပြောင်း သူကောင်းဖြစ်နိုးနိုးတည်း။

## ဘာသေမှာလဲ
## သေရွာ ဒေသရာထား၍ လိုက်မည်

ပျဉ်းမနားရောက်လျှင် မင်းသေမှာပဲ။

ထိုအိပ်မက်စကား နား၌စွဲကျန်နေရစ်ခဲ့၏။ ငါ့၌ သေစရာကား သုံးမျိုးသုံးစားတွေ့နေချေ၏။

၁။ ငါ့ခန္ဓာရှိ အသက်ကုန်ဆုံးသွားခြင်းတည်းဟူသော- ဇီဝမရဏ က တစ်မျိုး။

၂။ ငါ့ခန္ဓာမှ ကိလေသာဆုံးသွားခြင်းတည်းဟူသော ကိလေသာမရဏ က တစ်မျိုး။

၃။ ငါ့စိတ်ရှိ အကျင့်ယုတ်ဆုံးသွားခြင်းတည်းဟူသော စရဏမရဏ က တစ်မျိုး။

ထိုသုံးထွေ မည်သည့်သေခြင်းမျိုးတို့ဖြင့် သေ, သေ ငါရှာဖွေထားရှိခဲ့သမျှသော တရားအမွေကိုကား ငါ့ဝေနေယျတို့အား ပေးဖြစ်အောင်ပေးသွားမည်။ ရေးဖြစ်အောင်ရေးသွားမည်။ ယတိပြတ်ဆုံးဖြတ်၏။

လာခဲ့ပစေ မွေ့ချင်ရာကမွေ့၊ သေချင်ရာက သေ ငါကား အနေသာကြီးတည်း။

ဤသို့ကြုံးဝါး၍ ဝါဆိုလပြည့်နေ့မှစကာ ဝိပဿနာနှင့် စပ်ဆိုင်ရာဘာသာစကားတို့ကို လုံးကပ်မထား၊ ဘွားဘွားကြီး ရေးသားတော့၏။ ဤစာစကားကို ဖတ်ကြားခြင်းဖြင့်-

မိမိခန္ဓာမှပြသော သူ့သဘာဝ၊ သူ့အလေ့ကျသဘောများကို တစ်ခဏချင်း ထိုးထွင်းရိပ်မိလာစေရမည်။

စကားနှင့်တစ်ခြား အသားထဲမှအသားမျှသာကို မိမိခန္ဓာကြားမှပင် ဘွားကနဲပေါ်လွင်အောင် သိတတ်လာစေရမည်။

မလိုချင်မှုရ၊ မကြည့်တော့မှပြ အမှတ်ရနေရုံလေးဖြင့် သူ့အရေးသူဖေါ်လာအောင် ကြည့်တတ်လာစေရမည်။

၄င်းတို့ကိုရည်၍-

အစတွင် 'ပဋိဘာန ပဋိသမ္ဘိဒါပတ္တကထာ' ဟူ၍နဖူးစီးတပ်၏။ ပဋိသမ္ဘိဒါလေးမျိုးတို့တွင် ခဏချက်ချင်း ထိုးထွင်းသိနိုင်စွမ်းသော ပဋိဘာန ပဋိသမ္ဘိဒါပတ္တ ကိုရည်၏။ ကြီးကျယ်လွန်းလှသည်ထင်၏။ နောင် ထိုနဖူးစီးကိုဖြုတ်ခါ 'ပဋိဘာန ဉာဏဒဿနကထာ' ဟူ၍သာ ကင်ပွန်းတပ်ပါတော့၏။

ဤစာစဉ်ကို လေ့လာပါက ဉာဏ်ပဋိဘာန်ရင့်သန်စေခြင်းဟူသည့် ခန္ဓာအရှိကို တင်းတင်းနှင့် ပြင်းပြင်းကြည့်ရာမှ ပေါ်ထွက်လာသော ပြချက်များကို ချက်ချင်းသော ရိပ်မိဉာဏ် အမြင်သန်စေခြင်းကို အားပေးစေမည်။ ကိုယ်တွေ့ဖြင့်ရင်းပြီးသော် တင်းတင်းတွေး၍ တင်းတင်းပင် ခဏချက်ချင်း ပြောတတ်၊ တွေးတတ်၊အဖြေပေးတတ်စေမည်။ အာဝဇ္ဇန်းဉာဏ် တခ်ဏုပ္ပတ္တိဉာဏ်ခေါ် ဆင်ခြင်မှုမြန်ဆန်ခြင်း၊ တခဏအတွင်းအဖြေမှန်ပေါ်စေခြင်းများ ကြီးထွား

မဟာဓမ္မပါလ



စေမည်တို့ကိုရည်၍။ တော်သလင်းလပြည့် နေ့တွင် ပြီး၏။ နှစ်လတိတိရေးရပြီး စာမျက်နှာ(၅၀၀) နီးပါး ရှိ၏။နောင်အခါ ချောကူးပြီး တိပိဋကဓမ္မရက္ခိတအသင်းသို့ သာသနာပြုအတွက်ရည်၍ လှူလိုက်သည်။

ထိုနှစ် ၁၃၅၃-ခုနှစ် မှစ၍ ငါတို့ကား တရားကျင့်အစား အရေးအသားဘက် အားစိုက်သွားတော့၏။ သည်လောက်ဆိုတော်ပြီဖြင့်ကား ထိုလောက်ကား အတွင်းသားထိုးစား၍ပင် မကုန်တော့ပြီ။

ထို့နောက် ငါ့ဝေနေယျတို့အတွက် ဒေါင့်စေ့ရန်ဆိုကာ သမထ-ဝိပဿနာရောသော စရိယာဒါသကထာ စသည်မှ ဒါနအကြောင်း၊ သီလအကြောင်း၊ ဩကာသအကြောင်းပင် မကျန်ကြွင်းပြီ။

နွေတပေါင်းရောက်သော် ရွှေကျောင်းကုန်းတောင်ကြွ။ သုံးလ။

မိုးလ နယုန်ရောက်သော် လက်လုပ်တောင်ပြန်ကြွ။ ကိုးလ။

ဤသို့ဖြင့်၁၃၅၄-၅၅ ခု နွေသို့ရောက်ခဲ့၏။ ဆည်တော်ကြီးလည်း အဆင့်သုံးဆင့်၊ မဟာရာမ်တံတိုင်းမှသည် ရေစစ်ကန် ရေလွှတ်မြောင်းတို့အထိ အပြီးသတ်နိုင်ခဲ့၏။

၁၃၅၅-ခုနှစ် ကဆုန်လဆန်း(၁၄)ရက်နေ့ အားလုံးအပြီးအစီးနေ့။

သို့တစေလည်း ပရိတ်သတ်ရှင်းသော ကဆုန်လပြည့်ကျော်(၈)ရက်နေ့တွင် ဆည်တော်အပ်ပွဲ၊ ရေစက်ချပွဲ၊ ဆုပေးပွဲများ ကျင်းပပေးပြီး နယုန်လဆန်း(၆)ရက်နေ့ ထိုတောင်မှ စခန်းသိမ်းခဲ့ချေပြီတကား။

## စျာန်ပြန် ရဟန်းနာကြီးငါ

ငါတို့၌ အစာအိမ်ရောဂါသည် စစ်ကိုင်းပရက္ကမမှ မွေးမြူခဲ့ကြောင်း ရေးပြီးဖြစ်ခဲ့၏။

ထိုအစာအိမ်သည် စကားပြောရသောအောက်လေ၏ အပင့်အရှိက်ကြောင့် မချိမဆံ့ခံရ၏။ အစာမတည့်ခြင်း စိတ်ဆင်းရဲခံရမှု စသော စိတ်လှုပ်ရှားခြင်းများကြောင့်လည်း အလူးအလဲခံရ၏။

နေ့ပရိတ်သတ်ဒဏ်၊ အလုပ်ဒဏ်ပိကညကျသော် ဝမ်းလျှားမှောက်နေရ၏။ ငါတို့၏ဖြစ်ပျက်မြင်အကျင့်ကား ဆည်တော်ပိတ် ကြိတ်ဝါးသွားသဖြင့် အိကျ၊ ပျော်ကျသွားခဲ့ပြီ။

ထိုည၌ ခံရသောဒဏ်ကား ဝမ်းတွင်းအစာအိတ်မျှသာမက နောက်ကျောပြင်တစ်ခုလုံးသို့ပါ တဖျန်းဖျန်းထတောက်ခဲ့၏။ ပေါင်းတင်အသားသို့ ခန္ဓာကား နူးအိနေချေသည်။

ထိုအတွင်း နေခြစ်ခြစ်တောက်ပူလှသော ဆည်တော်ကြီးဘေးဝယ် ဖိနပ်မပါ၊ ထီးမပါတို့ဖြင့် အချိန်ဖြုန်းနေခြင်း၊ ပူပြင်းလှသော ကျောက်တုံးကျောက်သားများအပေါ် အခုအခံမရှိ ထိုင်မိရခြင်း၊ ကလေး- ကလေးဘာဝ ရယ်ဖွယ်ရာဟာသများဖြင့် ရောနှောဆက်ဆံရခြင်း၊ ငါတို့ဝသီဘော်ကိုက ရာဂအငွေ့ မွေ့လိုနေသေးခြင်းများကြောင့်။

၁၃၅၂-ခနစ်၊ နယုန်လပြည့်ကျော်(၇)ရက်နေ့မှစတင်ကာ ဆီးပူညောင်းကျရောဂါ စွဲကပ်လာ၏။ သုတ်သွေးများမိမိ၏ ကာယပယောဂမပါဘဲ အလိုလိုစီးဆင်းကျနေပါ၏။ ရောဂါ၏ အတွင်းဒဏ် အပူလွှန်ကဲရာမှ အလိုလိုကျခြင်းမျှဖြစ်၍ ဖာသိဖာသာ သာရှိချေ၏။

ထိုရောဂါ အလွှန်ပူလောင်အိုက်စပ်လှသော ပျဉ်းမနားသို့ ရောက်သော်ကား အညှောင့်မှ အငေါက်ထိတက်လာချေတော့၏။ အစာအိမ်

မဟာဓမ္မပါလ


အတွင်း ပူပြင်းအားကြီးမားလာသော် စိတ်ထိန်း၍ ကား မရပြီ။ ရှေ့၏ရုပ်ဖောက်ပြန်မှုနောက် ကောက်ကောက်ပါ လိုက်သွားချေတော့-ပျဉ်းမနားရောက်သေမည်ဆိုတာ ဒါများလေလား။

ထိုကာမဝိတက်ကို စာရေးခြင်းဖြင့် ပယ်ဖျောက်အံ့။

ကဗျာဖြင့် မှတ်တမ်းတင်သင့်ရာ ကဗျာဖြင့်ပင်မှတ်တမ်းတင်ထားမည်။ စိတ်ချည်းပဲ လွှတ်မထား။

ဂါထာဖြင့် မှတ်သားသင့်သောအရေးပေါ်က ဂါထာဖြင့်သာ မှတ်သားထားစေသည်။ အခြားအတွေး မဝင်တော့ပြီ။

နီတိစာညွှန့်တို့ဖြင့် အသိပေးသင့်ရာ ထိုအတိုင်းသာ ရေးသားစေသည် တရားနှင့်ပျော်တော်ပြီ။

အထက်ပါတို့ကို မှတ်စုစာအုပ်အလားစားပွဲပေါ်ဝယ် ဘောပင်ဖြင့် အပ်လျက်က တင်ထားကာ ညတွေးမိ,ညပင်ထရေး၏။ သွေးဆူအနူစွဲရာသို့ စိတ်အစွဲ ပါမသွားရလေအောင် လေ့ကျင့်ပေး၏။ နိုင်လှည့်လည်းရှိ၏။ ရှုံးလှည့်လည်းပေါ်၏။ ဆောင်းကာလမျိုး၌သာ ငါ့စိတ်ငါ ကြီးစိုးခွင့်ရ၏။ သဘာဝဒဏ်၏ ဖြစ်ပျက်ကိုကား ငါမမှု။ ဥတုကြောင့်, ခန္ဓာဓါတ်ပျက်ကြောင့် ဒဏ်ချက်ကိုကား အဖတ်မဆယ်နိုင်ခဲ့။

သို့ဖြင့်ပင် ၁၃၅၄-ခုနှစ်(ဒုတိယနှစ် ဒုတိယမြောက်ဝါ)၏တန်ဆောင်မုန်းတွင် ရှန်းရင်းဆန်ခတ်မှုကြီး ပေါ်လာစေတော့၏။

"လက်လုပ်တောင်ဆရာတော် ဈာန်ပျံတာ- လူနှစ်ရာကျော် ဖူးတွေ့လိုက်ရသတဲ့"

"ဟုတ်မှဟုတ် သင်္ကန်းရောင်ကလည်း ဒါပဲ၊ နှာခေါင်းပုံကလည်း သည်အတိုင်း၊ အရပ်အမောင်းကလည်း ချွတ်စွတ်ပဲ"

"ဆွမ်းခံကြွတာ မြေကြီးပေါ်ခြေမထိအားလုံး မျက်စိအတွေ့."

ရှုပ်ကုန်ပြီ။

ထိုသတင်း စတင်ထွက်သော ၁၃၅၄-ခု၊ တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့သည် ငါတို့ကား လက်လုပ်တောင်၏ ဗောဓိမဏ္ဍိုင်ကျောင်းပေါ်ဝယ် ဝိနယသင်္ခေပကထာ ကို အပြီးသတ်နေချိန်သာ ဖြစ်တော့၏။ ဈာန်ဖန်, ဈာန်ပြန်ဖို့ နေနေသာသာ ကိုယ့်စာကိုယ်ရေးရတုန်း၊ ကိုယ့်ဟာကို ဖေးရတုန်းသာ ရှိချေ၏။

ရင်းနှီးသောဒကာများက ထိုသတင်းအတိုင်း ဆီးကြိုလျှောက်ကြ၏။ ငါတို့နှင့်မဆိုင်။ ငါတို့လည်း မသိ။ ငါတို့၏ကိစ္စမဟုတ်ဟူ၍ အတိအလင်း ငြင်း၏။ ငြင်းလေရှုပ်လေ- လှုပ်လေမြုပ်လေသာ။ တန်ဆောင်မုန်းလပြည့်နေ့မှသည် တပို့တွဲလပြည့်နေ့အထိ တစ်နေ့ လူသုံးထောင်မှငါးထောင်ကျော်မျှအထိများပြားခဲ့၏။ ကားများလည်း အကြီး, အသေး၊ အဝေး,အနီးစုံ၏။ ဒေသခံတို့ စီးပွားဖြစ်သော လတည်း။

## ရဟန်းနာကြီး အစမ်းခံနေရခြင်း

သတင်းအပေါက်ကြမ်း ထောက်လှမ်းရေးဝင်ပြီ။ သတင်းအထွက်ဆန်း စမ်းလိုသူလည်း ပေါ်လာပြီ။

ပျဉ်းမနား၊ ထောက်လှမ်းရေးတာဝန်ခံများငယ်သားမှအကြီးစားအထိ တစ်ဆင့်ပြီးတစ်ဆင့် ဝင်လာ၏။ ကိုယ်အမှုအရာကို စမ်းခြင်း၊ ခြေလှမ်းအကဲခတ်ခြင်းများမှသည် ငါတို့မရှိမီ (ဆွမ်းခံသွားနေချိန်)အတွင်း ကျောင်းတွင်း အိတ်သွန်ဖာမှောက်မွှေနှောက်ကြည့်ခြင်း၊ အချို့ကား ဆွမ်းခံရွာအထိ

မဟာဓမ္မပါလ



နောက်မှလိုက်ကြည့်ခြင်း၊ အချို့ကား ဆေးပေါ့လိပ်တို့ကို အကျီဖြင့်အုပ်၍ ငါတို့အားနင်းစေခြင်း အမျိုးမျိုးစမ်းကြ၏။ နောက်ဆုံး ငါတို့နှင့် ညပိုင်းဝင်တွေ့ကာ စကားပြောကြည့်၏။ အသံဖမ်းနားထောင်ကြည့်၏။

ကြည်ညိုချင်လို့ ဆိုလျှင်ကော မကြမ်းလွန်းဘူးလား။

မသက်ဝင်လို့ဆိုလျှင်ကော သူတစ်ဖက်ပြောင်ဝင်စွက်ရာ မကျလွန်းဘူးလား။

ဤထောက်လှမ်းရေးများနည်းတူ အခြားထောက်လှမ်းရေးသမားများလည်း ခြေခြင်းလိမ်နေ၏။ တာဝန်ကြောင့် ထောက်လှမ်းခြင်း၊ ဝါသနာကြောင့်ထောက်လှမ်းခြင်းအမျိုးစုံ၏။ ကျောင်းသား၊ အရပ်သား၊ ဘာသာရေးသမားများအထိပါ၏။ သဒ္ဓါသက်သက်၊ ပညာမဖက်သူတို့အကြား လမ်းသွားခြင်းငှာ မသင့်တော်ပြီ။

စိတ်အလုပ်သမားကား စိတ်ရှုပ်အလုပ်ပျက်၏။ စိတ်ချမ်းသာမှသာ စိတ်တည်ငြိမ်မှုကို ရစေတတ်၏။ စိတ်ချမ်းသာမှုကို ရယူလိုလျှင် စိတ်စင်ကြယ်မှသာ တတ်နိုင်ရာ၏။

စိတ်စင်ကြယ်လိုလျှင်ကား တရားအာရုံမှ တစ်ပါး တစ်ခြားအာရုံအတိုက်ကြား စိတ်မထားမိမှသာ ရနိုင်ရာ၏။ တစ်ခြားအာရုံနှင့်ပတ်သက်လာလျှင်ကား စကားအရာမျှပင် မကြားလိုပြီ။

သို့ကြောင့် တကယ်အဟုတ်အဟတ် ကျင့်ဝတ်ပဋိပတ်ဖြင့် အားထုတ်နေကြပါကုန်သော သူတော်ကောင်းအစားစားတို့၏ထံပါး မိမိ၏ အမူအရာများလော်မာခြင်း၊ တရားမှတစ်ခြား တစ်ခြားသော အမြင်အကြား စကားရုပ်သွင် အာရုံမျှင်များဖြင့် စမ်းသပ်ခြင်း၊ ဖမ်းကပ်ခြင်းမျိုးတို့သည် ဓမ္မန္တရာယ်ဖြစ်စေတတ်လှ၏။ သူတော်ကောင်း တို့ရှိ ဓမ္မဓာတ်တစ်ချက်အလှုပ် မိမိ၌ ဆုတ်ယုတ်မှုတစ်ခု ပွားစေသည်ကို စမ်းရေပြင်ကျ မိုးခဲပမာဏဖြင့် နှိုင်းစာကြည့်တတ်ကြရာ၏။

ထိုမှနောက် တပေါင်းလ ရွှေကျောင်းကုန်း ကြွနေကျ ကြွသည်ကိုပင် ဘာကြောင့်ကြွသနည်း။ ဘာကိစ္စနည်း။ မည်မျှကြာမည်နည်း။ အမေးစုံလှချေတော့၏။ ငါတို့ခေတ် သူတော်ကောင်း လုပ်စားရတာကလည်း ဘေးကြပ်နံကြပ် ကြပ်လှချေကလား။

ထုံးစံအတိုင်း သာစည်မှပျဉ်းမနားပြန်လာပြီး ၁၃၅၅-ခုနစ်ဝါ(တတိယမြောက်ဝါ)ကို ဆိုရ၏။ ထိုဝါမဆိုမီ ငါတစ်ကိုယ်တည်းနေ၍ကား မရတော့ပြီ။ ပညာမဲ့ပရိတ်သတ်များ၏ သဒ္ဓါဘေးဆိုးကြီးကား ငါ့ကို ခြိမ်းခြောက်လျက် ရှိနေသောကြောင့်။

မကြိုက်၍ဖျက်သော မသဒ္ဓါဖျက်ကား တစ်ကြိမ်သာဖျက် နောက်မစွက်တော့ပြီ။

ကြိုက်၍ဖျက်သော သဒ္ဓါဖျက်ကား နှစ်သက်တိုင်းချ အားမရ, တစ်ဘဝနှင့်မျှပင် မပြီးတတ်။

လာသောပရိတ်သတ်မှန်သမျှ ကြည်ညိုသဖြင့် လာသည်ကားမှန်၏။ သို့တစေလည်း ထိုကြည်ညိုမှုကပင် တစ်ဖက်ကိစ္စကိုကား မကြည့်မိ။ ကိုယ့်အလိုကျမျှကိုသာသိမိပြီး အချိန်အခါ ကာလဒေသ မသုံးသပ်မှုပဲ အတင်းဝင်,အတင်းထွက် အတင်းဖက်လေသောအခါ အနှောင့်အယှက် အဖြစ်သို့ ဝင်သွားတတ်ချေ၏။ ပျက်စီးသော ကျင့်ဆဲမှန်သမျှ သဒ္ဓါခံတို့ တဏှာလှန်ပေးကြသောကြောင့် ချည်းတည်း။

ထို တဏှာပွဆေး, ထဆေး ကျွေးမည့်အရေးကြိုတင်တွေးမြင်ပြီး လက်လုပ်တောင်ဂေါပကဖွဲ့စည်းပေးရ၏။ ငါတို့နှင့် ရွှေကျောင်းကုန်းတောင်ဝယ် နှစ်လမျှ တရားစခန်းဝင်သွားသော ပျဉ်းမနားမြို့ပေါ်နေဒကာနှင့် အပေါင်းပါဦး၊ လက်လုပ်တောင်ဂေါစရဂါမ်များမှ တစ်ရွာလျှင် တစ်ဦးကျကို

မဟာဓမ္မပါလ



အမှုဆောင်ထားပြီး ဖွဲ့စည်းပေးလိုက်ရာ မြို့ပေါ်မှ ချည်းကပင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တင်းပြည့် ကျပ်ပြည့် အာဏာပြည့်မရ၊ ရကောင်းလား ဆိုကာ ဝါဆိုကတည်းကကွဲတော့၏။ ဂေါစရဂါမ်တို့က လည်း သူတို့တာဝန်၊ ငါတို့အနေသာကြီးဆိုကာ အလုပ်၌ကားမဝင်။ ရစရာ၌ကား လက်လျှင်ကြ ချေတော့၏။ အဝေးမနိုင်၍ အနီးချိုင်ရာ အနီးက ပို၍ပင် ဈေးကိုင်လေချေပြီကော။

ထိုအဖွဲ့အား ပန်ကြားပါ၏။

- ငါတို့ကား ဘယ်သွားသွား ပရိတ်သတ်၏ ကစား ကွက်ကြားမှာသာရှိပါသည်။ သို့ပါ၍ ဘယ်မှ မသွားလိုပါ။
- ဤလက်လုပ်တောင်၌ နောက်ထပ်သုံးနှစ်တိတိ ကိုယ့်အတွက်ကိစ္စ စိတ်ချရသည်အထိ အားထုတ် ပါရစေ။
- ငါတို့ ပြီးခဲ့သောအချိန်၏ ထုံးစံအတိုင်း ပရိတ် သတ် ထိန်းသိမ်းပေးဖို့ ပန်ကြားပါ၏။
- ငါတို့ ဝါတွင်း၏ နှစ်စဉ်ဓူတင်အတိုင်း သပဒါန- စာရိက အပြည့်ဝပြုကျင့်ပါရစေ။ ပန်ကြားပါ၏။

ပန်ကြားတိုင်းလျှင် တစ်သွေမတိမ်းဟူ၍ ကတိပြုကြပါ၏။

သို့တစေလည်း ထို(၁၃၅၅-ခုနှစ်) ဝါတွင်း ကား ထိန်းသိမ်းမှုခဲ့ပြီ။ ငွေလှူခြင်းကိုလည်းခံနေ ရပြီ။ ဓူတင်မှဆန့်ကျင်သော ဆွမ်းလောင်းခြင်းများ ကလည်း အတင်းရော၊ အဓမ္မပါ ဖြစ်ပွားလာချေပြီ။ ဌာနေဖြစ်သောရွာမှ လောင်းခွင့်မပြုသဖြင့် စိတ်ဆိုး ပြန်သွားလေသူများ၊ ထိုရွာထဲ၌ပင်သတ်မည်၊ ပုတ်မည်အထိ ရန်ပွဲများ ဖြစ်ပွားလာချေပြီ တကား။

သို့ကြောင့် ထိုဝါတွင်း(၁၃၅၅-ခုနှစ်၏ ဝါ တွင်း) ဝါခေါင်လပြည့်ကျော်(၈)ရက်နေ့မှာပင် ဆောင်ထားရာ ဆွမ်းဓူတင်များ ပယ်ဖျက်ပေးလိုက် တော့၏။ စိတ်ချမ်းသာမည်ထင်- ထင်သလိုသာ လုပ်ကြ။ ပျဉ်းမနားလက်လုပ်တောင်မှ ဝါကျွတ်လျှင် ထွက်တော့မည်။ ဤသို့ ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်တော့၏။

ထိုအတောအတွင်း တော်သလင်းလဆန်း (၁၁)ရက်နေ့ ရန်ကုန်တိပိဋကဓမ္မရက္ခိတအသင်းမှ နာယကဆရာတော်ဦးကောဏ္ဍည၊ ဥက္ကဋ္ဌ မဏိဇောတဓရဘွဲ့ခံ ဦးညိုခေါင်းဆောင်သောအဖွဲ့ က ထွက်မည့်ဆဲဆဲ လာရောက်ပင့်ကြပြန်၏။ တောင်းပန်ရပါ၏။ တစ်ဖန်ဂေါစရဂါမ်မှ သပြေတန်း ဆရာတော်ကလည်း တော်သလင်းလပြည့်နေ့ ညနေတွင် မရရသောနည်းဖြင့်ပင့်ပြမည်။ ကြုံးဝါး တော်မူကာ ပျဉ်းမနားမှဗဟိုဝန်ဆောင်ဆရာတော်၊ မြို့နယ်အတွင်းရေးမှူးဆရာတော်များ အပါခေါ် လျက်က ယနေ့ည သိမ်သမုတ်ပွဲကြွရန် အမိန့်ဖြင့် ဆင့်တော်မူကြပြန်ပါ၏။ ဆရာတော်ကြီးများကို အကျိုးအကြောင်းပြ တောင်းပန်စကားလျှောက် ထားလိုက်ရာ ထိုဆရာတော်ကြီးများ သနားညှာတာ တော်မူသဖြင့် ကျေအေးသွားပြန်ပါ၏။

တစ်ဖန် ထိုတော်သလင်းလပြည့်ကျော် (၁)ရက်နေ့ နံနက်မှာပင် ရွှေကျောင်းကုန်းတောင်၌ သီတင်းသုံးလျက်ရှိသော ဦးရန်ကုန်(ဦးဥတ္တမ- အလုံရပ်ဇာတိ)က သီတင်းကျွတ်လျှင် လူထွက် တော့မည့်အကြောင်း သတင်းကောင်းအပို့ခိုင်းလေ သူ ဒကာ-ဒကာမများရောက်လာကြပြန်၏။ ထွက်ခါနီး ထွက်မီးပြကား တဖွားဖွားပေတကား။

## နေမင်းဒကာ ပလ္လင်အခင်း လာရှင်းဦး

သီတင်းကျွတ်ပြီဆိုသည်နှင့် ဈာန်ပြန်ကိုယ် တော်ကြီးထံမှ အမွေရရန် ရန်ကုန်ဒကာ-ဒကာမ များ ကားကြီးကြီး တနင့်ကြီးစီး၍ လာကြချေ၏။ စကားဖြင့်လည်း ရာထူးတက်ရန်ကိစ္စ၊ ရောဂါ ပျောက်ကင်းရေး စသည် စုံ၏။ အားမရ။ အပူးတို့

အကပ်တို့ဖြင့် ထ,တောင်းပြန်၏။

- သံဃာ၏ပေးသော လက်နှစ်ဖက်ကား သီလနှင့် မေတ္တာ ဘယ်နှင့်ညာ။

- ဒကာ-ဒကာမများ၏ ယူသောလက် နှစ်ဖက်မှာ သဒ္ဓါနှင့်စေတနာ ဘယ်နှင့်ညာ။

ထိုစကား နားကွဲမတတ်ပြောပြီး။ တစ်ဖန် ရတနာသုံးပါး၏ အပို့အကြိုကား သကြားလုံးငုံထား ရသည့်ပမာ အချိုဓါတ်, အချဉ်ဓါတ်မျှသာ။

သကြားလုံးမျိုးပြီ ဆိုသော်လည်း ကိုယ့် တံတွေး ကိုယ်မျိုရသည်သာ။ ဤသို့လည်းတွေ့တိုင်း ဆုံတိုင်းပြောဖူးပြီ။ သို့တစေလည်း ယခုအခြေ အနေကား ဈာန်ပြန် ရဟန်းနာကြီး အပုပ်နံ့ကြောင့် မဟုတ်မဟန့် အနံ့ခံလျက်က အလိုက်ခံရချေပြီ။

*'သည်တစ်ခါ နောက်ဆုံးဖြစ်ပါစေ။ နောင် မလာနှင့်တော့'*

ငါတို့ပေးနိုင်စွမ်းသော သိဒ္ဓိ၊ မဟိဒ္ဓိကား သည်မျှသာတည်း။ ၎င်းတို့လည်း ပြန်သွားကြချေပြီ။

၁၃၅၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက် ပျဉ်းမနားအတွင်း,အပြင်ရှိ ကျောင်းအား လုံးသို့ သက်န်းများနှင့်တကွ ရှိသမျှ ဝေပုံချလျက်က လှူဒါန်းသောနေ့။

၁၃၅၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက်-အဖွဲ့အား သုံးနှစ်အာဏာအပ်သောနေ့။

နေမင်းကား လက်လုပ်တောင်ရှိ ဝိဇ္ဇောဒယ ဓမ္မာရုံကြီးအတွင်း ကိန်းဝပ်မည့်ဘုရားနှင့် တံကဲ ပလ္လင်တော်များကို မန္တလေး၌ အာမခံအပ်နှံပေး သူတည်း။

"(၃)ပေဘုရားနှင့်ပလ္လင် ဘယ်ဈေးလဲ"

"နှစ်သိန်းလေးသောင်းပဲ"

"ဘုရားကား(၃)ပေ၊ ပလ္လင်(၆)လက်မ ခြံ့,လျှင်ကော"

"ငါးထောင်လျှော့ပါ၏"

ဤသို့ဖြင့် အပ်နှံခဲ့ရာမှ ဘုရားဥက္ကောင်း တော်နှင့် နောက်ခံရောင်ခြည်တော်စက်ဝိုင်းပုံတို့ မတည့်လေသဖြင့် ငါတို့က စနစ်မကျဆိုမိရာ နဂို အတိုင်း သုံးပေတင်ထုံးစံအတိုင်းသာ လုပ်ပေးဖို့ သွားရောက်ပြောကြားသောအခါ ငါးသောင်းထပ် ပေးရမည်။(နှစ်သိန်းရှစ်သောင်းငါးထောင်အထိ တိုး ပေးရမည်ဟူ၍)အကြပ်ကိုင်တော့၏။ နောက်ဆုတ် ရန်ကလည်း စရံကားစတိမဟုတ်။ ငါးသောင်းတိတိ ယူပြီးသား။

ထိုကိစ္စကား ငါတို့အတွက်အကွက်ကောင်း တည်း။ နေရာပြောင်းတော့မလို့ ကံအားယူခဲ့ပါဆိုက တစ်မြို့လုံးကြီး ထကြွကြပေတော့မည်။

နီးရာကားကို ခေါ်သွားပါကလည်း ရောက် မဆိုက် ထောက်လိုက်တို့က ခေါ်စစ်တော့မည်။

ဦးသောင်းစိန် ပလ္လင်တော်ကိစ္စ ဆရာတော် က လာ၍လျှောက်ပါဦးတဲ့။ မည်သူမျှမငြင်းပြီ တည်း။ ထိုဦးသောင်းစိန်ကား ဘုမသိဘမသိဖြင့် ငါ့အလှည့် ဝင်ဖြည့်ပေးရချေပြီတကား။

## ဖယ်ခုံအစား တံခွန်တိုင်ကြွပါဘုရား

နေမင်းဒကာကြီး လပြည့်ကျော်(၈)ရက် မဟာသံဃဒါနနေ့ကတည်းကပင် ရောက်ရှိလာ၏။ ဆည်တော်ကြီး၏ စာရင်းအင်းများ ၊ဂုဏ်ပြုလွှာများ၊ ဂုဏ်ပြုသင့်သောပုဂ္ဂိုလ်များပြုစုရန် သာစည် စာရင်းရုံးမှ သမီးမြင့်မြင့်ကြည်နှင့်အဖွဲ့၊ ဟိုပုံး မြို့နယ်စာရင်းရုံးမှ ဦးစိုးမျိုးခေါ်ခင်တင့်တို့လည်း ရောက်ရှိလာကြ၏။ အားလုံးစုံဆုံစေပြီးခဲ့ထားခဲ့ ရမည့်အချိန်ဖြစ်သဖြင့် စုံလင်လှ၏။

မဟာဗုဒ္ဓဝါဒ



ထိုပရိတ်သတ်တို့ ရှေ့မှာပင် ပလ္လင်တော်ကိစ္စမေးစစ်ရ၏။ တစ်ပေါင်းလပြည့်လောက်မှ ပြီးစီးမည်ဆို၏။နဂိုအောက်(၆)လက်မလျှော့စဉ်တုန်းကငါးထောင်သာလျှော့ပေးခဲ့ပြီး ယခုနဂိုအတိုင်း (၆)လက်မပြည့်ပြုလုပ်ရန် ပြန်လည်ပြင်ဆင်ရာ၌ ဘာ့ကြောင့် ပုံမှန်နှုန်းထားထက် ငါးသောင်းအထိမျှ ပိုတောင်းရသနည်း မေးကြည့်၏။

ရွှေဘိုး,လက်ခ(၆)လက်မတိုးသွားသောကြောင့်ဆို၏။

ငါတို့ မေးလို သိလိုသောအဖြေကား ပေါ်မလာပြီ။ ထိုအဖြေသည် ဘုရားကလည်း (၃)ပေမှနောက်ထပ်(၆)လက်မတိုး၊ ပလ္လင်တော်ကလည်း (၃)ပေတင်ပလ္လင်ထုံးစံမှ နောက်ထပ်သုံးပေနှင့် (၆)လက်မတင်ပလ္လင်မျိုး ဖြစ်ပါမှသာ ဖြေသင့်သောစကားတည်း။

ဤ၌ နိဗ္ဗာန်ကုန်နှင့် နိဗ္ဗာန်ကုန်သည်စကားစဉ်းစားမိ၏။ ထိုစကား ရောင်းသူအတွက်ပေလော။ သို့တည်းမဟုတ်။ ဝယ်သူ-ပူဇော်သူအတွက်ပေလောဟူ၏။ ထိုပစ္စည်းကိုအမှီပြု၍ နိဗ္ဗာန်ရောက်စေသည့် အကျင့်မျိုးမှာမှ နိဗ္ဗာန်ကုန်ဖြင့် နိဗ္ဗာန်ကုန်ကူးခြင်း အမည်ခံသင့်ချေသည်။ နိဗ္ဗာန်နှင့်ဝေးစေမည့်အရာကား ထိုအမည်နာမ မခံစားထိုက်။

ထိုကုန်သည်၏ ထိုဘုရား၊ ထိုပလ္လင်၊ ထိုတံကဲတို့ကို အလှူရှင်တို့က ရေစက်သွန်းချလှူဒါန်းကြရာ၌ လက်ခပေးငွေနှုတ်၍ ရေစက်ချသည်မရှိ။ ထိုလက်ခ၊ထိုစရိတ်၊ထိုပလ္လင် ဘုရားနှင့်စပ်၍ အရပ်ရပ်ကုန်ကျသမျှ ရေစက်ချခွက်ထဲအားလုံးပါဝင်ကြလေရာ မိမိ(ထိုကုန်သည်)အဖို့ကား ထိုရေစက်ခွက်ယမ်ငွေကို နှိုက်ယူလျက်ကသာသားမယားများတို့နှင့် ပျော်ပါးစားသောက်ရချေသည်ဖြစ်သဖြင့် တွေးမိသလောက် ကြောက်စရာကောင်းလှချေတော့၏။

သည့်အတူ သာသနိကအဆောက်အအုံများကို လက်ခစားဖြင့်ဖြစ်စေ၊ ကန်ထရိုက်ယူလျက်ကဖြစ်စေ အသက်မွေးဝမ်းကျောင်းမှုပြုကြရလေသူတိုင်း အလှူရှင်တို့ စေတနာကြီးသလောက်လည်း မိမိ၌ ဝန်ပုံကျလာတတ်၏။ စေတနာသန့်ပြန့် စင်ကြယ်သလောက်လည်း မိမိ၌ ဝန်ထုပ်ဝန်ပိုးကြီး ပို၍ဖိစီးလာစေတတ်၏။ အကယ်တိတိထိုလက်ခ၊ ထိုငွေကြေးသုံးလိုလျှင် မိမိပြုလုပ်ပေးခဲ့ရသောတာဝန်ကို ဝေယျာဝစ္စအရာထား ဆင်ခြင်စိတ် ပွားပြီးမှသာ သုံးစွဲကြပါလေကုန်။

နေမင်းဒကာကြီးနှင့် ပလ္လင်ကိစ္စကားသည်မျှသာ ပြောမိပါ၏။ သည်ကိစ္စကြောင့် ခေါ်သည်ဟူသောစကား၏ သက်သေခံမျှသာတည်း။ ထိုအားလုံးပြီးစီးလေမှ "နေအုံး၊ (၁၀)ရက်နေ့မှပြန်" တားထား၏။

(၉)ရက်နေ့ ညနေ(၃)နာရီရောက်ခါမှ နက်ဖြန်နံနက်(၃)နာရီမှာ ငါတို့ကို အောင်ပန်းလိုက်ပို့။ အသိပေး၏။ တောင်၏တာဝန်ခံတို့ကိုကား ထို (၉)ရက်နေ့ ည(၁၀)နာရီကျခါမှထုတ်ဖော်ပြော၏။ အိမ်မပြန်သာချိန်၊ အကြောင်းမကြားသာချိန်တည်း။

နောက်နေ့ နံနက်(၃)နာရီ တိတိကားပျဉ်းမနား၊ လက်လုပ်တောင်မှ ထွက်ခွာချိန်တည်း။

ဤသို့ ထွက်ခွာရန်ကိစ္စ-ဝါတွင်း၏ ဝါခေါင်လပြည့်ကျော်(၈)ရက်နေ့၏ အဖြစ်အပျက်ကစ၍ဆုံးဖြတ်ချက် ချပြီးသော်လည်း ဘယ်ကို,ဘယ်လိုကား တော်သလင်းလကုန်အထိ မရေရာ။

ပထမနွေဦးက ရွှေကျောင်းကုန်းတောင်မှာရှိစဉ် လာရောက်ပင့်ထားလေသော ဒကာကြီးဦးချစ်မောင်(မြို့နယ်ပညာရေးမှူး)ရှိရာ မဘိန်းသို့ထွက်ရန် ကြံ၏။ သတင်းမေးကြည့်မိ၏။ မရေရာ။

ဒုတိယ ရှမ်းနှင့်ကယားနယ်စပ်ရှိ ဖယ်ခုံအနီး တောပုန်းရန်ကြံ၏။ ခဏနှင့်ချက်ချင်းပြန်လာခဲ့ရမည်ဟူ၍ အိပ်မက်ပေးသဖြင့် ဆက်မတွေးဝံ့။ ဘယ်ကို ကြည့်၍ ဘယ်ကိုလှည့်ရလေမည်နည်း။

မဟာဗမ္မပါလ



တစ်နေ့ အိပ်မက်ပေး၏။ သီတင်းကျွတ်လဆန်း(၆)ရက်နေ့၏ ညတည်း။

"အရှင်ဘုရား တပည့်တော်တို့ဆီကိုလည်း ပဲ တစ်လှည့် သာသနာပြုပါဦးဘုရား။ တပည့်တော်တို့ နေရာက ရှမ်းပြည်နယ်၊ တံခွန်တိုင်ပါဘုရား" ဟူ၏။

ထိုနှင့်တစ်ဆက်တည်း ပျဉ်းမနားနေမန္တလေးဘက်ထွက်ရာလမ်း၏ မြို့ပေါက်ဝကိုလည်းကောင်း၊ ထိုမှတဆင့် ပျော်ဘွယ်မရောက်မီ၏ ရှမ်းပြည်လမ်းခွဲ အနေအထားကိုလည်းကောင်း၊ ထိုမှ အလယ်ဖျောက်ခဲ့၍ တောင်ကြီးအထွက် ဟိုပုန်း၊ လွယ်လင်အထိသော လမ်းပုံစံကိုလည်းကောင်း တိတိပပ ပြသချေတော့၏။

တံခွန်တိုင်တောင်-တောင်ကြီး,ကျိုင်းတုံ အကြားရှိတောင်ဖြစ်ရမည်။ ဟုတ်ကဲ့လား။

တံခွန်တိုင်ဘုရား၊ အလောင်းတော် ပါရမီ အပြည့်ဖြည့်ခဲ့ရာတောင်ဖြစ်ရမည်။ ဟုတ်ကဲ့လား။

မှန်ပါသည်ဘုရား။

ဆက်လက်အိပ်မက်ပေးရာ စိတ်တွင်းဝယ် တေးထားလိုက်မိ၏။

လွန်ခဲ့သည့်(၁၀)နှစ်ကျော်ကာလ၊ ဇင်းကျိုက်၏ မင်းတစ်ရာတစ်ပါးတောင် နေစဉ်က ဖိုးသူတော်တစ်ပါး ကြွလာပြီး-

"ဆိတ်ဆိတ် အားထုတ်လိုပါလျှင် တောင်ကြီးမှကျိုင်းတုံသွား ကားလမ်းဘေးမှာ သုဝဏ္ဏသျှံတောင်ရှိသည်။ ထိုတောင်နေလိုလျှင် ညနေ(၃)နာရီမထိုးမီ တောင်အောက်က တောင်ပေါ် သို့အရောက် တက်ပါလေ။ နံနက်(၃)နာရီမထိုးမီအတွင်းလည်း တောင်ပေါ်ကနေ တောင်အောက်သို့ မဆင်းပါလေနှင့်။ ကျားပတ်လျက်ကစောင့်ရှောက်နေသည်ဟု တပည့်တော်အား အိန္ဒိယနွယ်ဖွားဘိုးတော်တစ်ပါးကပြောသွားခဲ့ပါသည်ဘုရား" ဟူသောစကားနှင့် တိုက်ဆိုင်နေ၏။ တောင်ကြီး၊ ကျိုင်းတုံ၊ တံခွန်တိုင်ဘုရား။

ထိုအိပ်မက်များအတိုင်းကို နေမင်းဆေးလိပ်ခုံပိုင်ရှင်ဒကာကြီးအား အသိပေးသည့် (၉)ရက်နေ့ ညနေ(၃)နာရီအထိ မဆုံးဖြတ်သေး။ ထိုဒကာကြီးကိုပင် ပင့်လိုရာရှိ ပင့်ခွင့်ပေးသေး၏။ သို့တည်းမဟုတ် ဒကာကြီးအိမ် တစ်ညကိန်းပြီးမှ ဒို့သွားလိုရာသွားမည်ကော။ မန္တလေးမှမဘိန်းသို့ ချိန်ရွယ်လျက်ကလည်းပြောသေး၏။ ဒကာကြီးကားခေါင်းခါ၏။ "အရှင်ဘုရားကြွလိုရာသာ တစ်ခါတည်းကြွပါဘုရား" ဖြင့်သာ နှုတ်ပိတ်ခဲ့ရာ တံခွန်တိုင်ကား မယိုင်မနဲ့ပြီ။

## သည်ကသွားလျှင် အနီးကလေး ဟောသည့်အတိုင်းလေး

၁၃၅၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်နေ့ နံနက်(၃)နာရီအချိန်တွင် လက်လုပ်တောင်သာသနာ့ကုန်းမြေမှ စတင်ထွက်ခဲ့ကြ၏။ မြို့ထဲဝင်မိသည်နှင့် ငါးလိုက်ချောင်း တံတားဘက်ဆီမှငါတို့သွားရာလမ်းအတိုင်း ကားငယ်တစ်စီးအပြေးလိုက်လာ၏။ ရေဆင်းအလွန်တွင်မှီ၏။ မှီသဖြင့် ပစ်မသွား။ ငါတို့ရှေ့မှ မနီးမဝေးနှုန်းဖြင့်ရှေ့ရှိကားကြီးများကို လမ်းရှင်းပေး၏။ မလွတ်သေးနေဦးအချက်ပြပေး၏။ လွတ်ကင်းသော် မောင်းနိုင်ပြီအချက်ပြပေး၏။ တပ်ကုန်းမြို့ အဝင်ဝရောက်သော်ကား ငါတို့ကားကျော်တက်ရန် အချက်ပြပေးပြီး ဘေးဖယ်ရပ်ပေးထား ချေတော့၏။

တပ်ကုန်း၊ရမည်းသင်းကျော်ခဲ့၍ ပျော်ဘွယ်အနီးရောက်လေသောအခါ ပျော်ဘွယ်မြို့တွင်းမှ လမ်းလျှောက်ထွက်လာဟန်ရှိသော လူဆန်းတစ်ယောက်ကို လမ်းခွဲထိပ်တွေ့ကြရ၏။ အားကစားဝတ်စုံ ဘောင်းဘီအရှည်အနီ(ပန်းရောင်)၊ အင်္ကျီလက်ရှည်ကလည်းအနီ(ပန်းရောင်) ဆင်တူဝတ်

ထား၏။ လက်တွင်းမှ ဒုတ်ကောက်ကိုကား ဇော်ရုပ်များကသည့်ပမာ လက်နှစ်ဖက်တို့ဖြင့် ကိုင်မြှောက်ထားလျှက်က လမ်းခွဲ၏ဆိုင်းဘုတ် တည့်တည့်ရပ်တန့်နေချေတော့၏။

နေမင်းဒကာကြီးက "သည်လမ်းခွဲက အောင်ပန်း သွားလို့ရသလား။" မေးမိရာ-

"သည်လမ်းသည် မိတ္ထီလာဘက်မှနေ သွားရသည်ထက် မိုင်ပေါင်း(၄၀)မျှ သက်သာစေပါ၏။ အဝင်သာကြမ်း အလယ်ပိုင်း၊အထွက်ပိုင်းများ၌ကား ချောမွေ့ညင်သာလှပါသည်" ချိုးမွှမ်းခန်းဖွင့်ပြီး -

"ဟောဒီက ဟောဒီလိုလေးကွေ့- ဟောဒီလိုလေး ပတ်၍မောင်းသွား" ခြေဟန်လက်ဟန် ဟန်ပါပါလက်ညှိုးညွှန် လက်ဝိုက်လျက်က လမ်းခွဲ၏ အဝိုင်းလိုက်လမ်းပြလိုက်ပါ၏။ ထိုလမ်းဆုံးသည်နှင့် သာစည်မှလာသော လမ်းဆုံနှင့်ပေါင်းမိ၏။ နံနက်ကား လင်းစပင်ပြုနေပါ၏။ သာစည်နယ်တစ်ဝိုက်ကား အိပ်လျက်ပင် ရှိသေးသည်တကား။

အောင်ပန်းသို့ ခရီးစဉ်အတိုင်းဖြင့် ရောက်လာ၏။ မဆင်းချင်တော့။ စိတ်၌တစ်မျိုးကြီးဖြစ်၏။ အစကရည်ရွယ်ချက်မှာ ကားနှင့် နေမင်းဒကာကြီးကို အောင်ပန်းမှပြန်လွှတ်လိုက်ပြီး၊ ငါတို့တစ်ပါးတည်း ခြေစဖျောက်ရန်ဖြစ်၏။ အောင်ပန်းသည် ပင်လောင်းကိုလဲ ခြေစပြ၏။ အင်းလေး၊ ပင်းတယစသည်များဘက်သို့လည်းခြေစပြ၏။ တောင်ကြီးကိုလည်း ခြေစရ၏။ ခြေစ သုံးခွတည်း။

ပင်းတယရွှေဥမင်သွားတာလဲ ဖြစ်နိုင်တယ်။ ပင်လောင်းတောရိပ်ကြားလဲ သွားနိုင်တယ်။

ဤသို့ အထင်ကပ်သဖြင့် အမြင်မထပ်မိစေရန်ရည်ရွယ်၏။ ထိုရည်ရွယ်ချက် အောင်ပန်းရောက်သည်နှင့်ပျက်ပြယ်ပြီ။ ဒကာကြီးဝေယျာဝစ္စဖြင့် အချိုပွဲသုံးသေး၏။ ပြီးသော် တောင်ကြီးသို့ ဆက်၏။

တောင်ကြီးသို့ (၁၀)ရက်နေ့ နံနက်(၁၀)နာရီရောက်ကြ၏။ မြို့ကိုပတ်၍ နားခိုရာရှာဖွေနေရသဖြင့် နံနက်(၁၁)နာရီတိတိမှာမှ မဟာမြတ်မုနိဘုရားရှေ့သို့ရောက်ကြတော့၏။ ရောက်မဆိုက်ထိုဘုရားတွင်း တွေ့ရသော ဆရာတော်တစ်ပါးအား ဂါရဝပြုကာ ခေတ္တနားမိ၏။ ကားဒကာကြီးများလည်း ၎င်းတို့တာဝန်ကျေပြီဖြစ်သဖြင့် ဂါရဝပြု၍ ပြန်သွားကြချေပြီ။

## စိတ်ချချသာသွား မှားစရာမရှိ

ပို့သောကားနှင့် လမ်းညွှန်သမား နာရီဝက်သာခြား၏။ ငါတို့အနားယူခဲ့၏။ နာရီဝက်အတွင်းမှာပင် အိန္ဒိယနွယ်ဖွားဆန်ဆန်ဒကာနှစ်ဦး ထီးကိုယ်စီနှင့် ငါတို့ရှေ့ရောက်လာ၏။ ဦးစွာ ဘုရားအာရုံပြု၏။ ထို့ နောက် ငါတို့ကိုစ္စမေး၏။

"ဒကာကြီးတို့ဆီက သုဝဏ္ဏာသျှံဆိုတာ သွားချင်လို့ဗျာ့ ဘယ်လိုသွားရမှာမှန်းလဲ ဒို့မသိဘူးရယ်"

"အံမယ်မင်း လွယ်လွယ်လေးဗျာ့၊ တပည့်တော်ကားသမား တပည့်တော်သာမေး၊ သည်ကနေကျိုင်းတုံထွက်တဲ့ကားနှင့် လိုက်သွားဘုရား။

ကွန်ဟိန်းအလွန် တာကော်ရောက်လျှင် ရှေ့ ခုနှစ်မိုင်ဆိုတဲ့ရွာရှိတယ်။ ဘုန်းကြီးကျောင်းလည်းရှိတယ်။ အဲဒီခုနှစ်မိုင်ရွာကနေ တက်သွား။ မှားစရာမရှိတော့ပါဘူးဘုရား"

ဤသို့ ဝမ်းသာအားရ လိုက်လှဲကြွားကြွားလျှောက်ထားခဲ့ပြီး ပြန်ဆင်းသွားချေတော့၏။ ငါတို့ကား ညနေမှပင် ထိုမဟာမြတ်မုနိ စာသင်တိုက်၏ ပဓါနဆရာတော် ဦးသဒ္ဓမ္မ၏ အကူဖြင့် ကျိုင်းတုံသွားကားနှင့် ကားခများကို သွားရောက်စုံစမ်းကြည့်ရာ နက်ဖြန်(၁၀)နာရီမှာလာ ဆိုသဖြင့် တစ်ညခိုနေရ၏။

မဟာဗောဓိ



နောက်နေ့ လပြည့်ကျော် (၁၁)ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် ချိန်းသောအတိုင်း ထို ကားဂိတ်(သံလွင်ပို့ဆောင်ရေး)သို့သွားရာ တာဝန်ခံ ဒကာက ငါတို့ကို လက်မခံပြီ။

"အရှင်ဘုရား တပည့်တော်တို့ကား မစီးပါနှင့်ဘုရား။ တပည့်တော်တို့ကားက အမိုးလဲမပါ၊ မာတုဂါမတွေနဲ့လည်း ရောထွေးစီးရမှာ"

"အေး- ဒို့မှာလဲ အခြားမှန်လုံကားကြီးများ စီးဖို့အထိ စရိတ်မပါကြဘူးရယ်ဗျာ့။ ဒို့ ဒကာကြီး ကားနဲ့ပဲ ဒို့ရောက်လိုတဲ့ တာကော်ခုနှစ်မိုင်၊သုဝဏ္ဏသုံ့ အထိပို့ပေးနိုင်လျှင် ဒို့ကျေနပ်ပါတယ်"

ထိုဒကာကား ရှေ့ဆက်မပြောတော့ပြီ။ "အဲဒီအထိကားခ သည်လက်မှတ်ဖြင့်ပင် တပည့်တော် လှူပါရစေဘုရား။ နက်ဖြန်နံနက် (၅)နာရီခွဲ အရောက်ကြွပါဘုရား" လျှောက်ထားလိုက်၏။

ဝမ်းသာလိုက်သည့်ဖြစ်ချင်း။ ငါရောက်လိုသော သုဝဏ္ဏသုံ့တောင် နက်ဖြန် ခရီးဆက်ရတော့မည် ဖြစ်သဖြင့်။

ထိုနေ့ ညရောက်လျှင်ကား ထိုမဟာမြတ်မုနိမှ သံဃာတော်တစ်ပါး(နောက်မှသိရသည်မှာ ဟဲဟိုး၊ ဦးဉာဏဆို၏)သည် နက်ဖြန် ၄င်း၏ ရဟန်းအမတိုက် အရဏ်ဆွမ်းသုံးပြီးမှ ကားဂိတ်ကြွရန် ပန်ကြားလာသဖြင့် ကြည်ဖြူစွာ လက်ခံထား၏။

နံနက် (၄)နာရီခန့်တွင် ကားဖြင့်လာပင့်၏။ သစ်တောရပ်ကွက်ဆို၏။ ရောက်မဆိုက် အရဏ်ဆွမ်း ကပ်လှူကြ၏။ ပြီးသော် လှူဘွယ်ဝတ္ထုမျိုးစုံတို့ဖြင့် ကန်တော့ကြ၏။ ပရိတ်(မေတ္တာသုတ်)ချီးမြှင့်ပေး ခဲ့ရ၏။

ထိုဝတ္ထုအားလုံးတို့ကို ထိုသံဃာတော်အားသာ လှူဒါန်းခဲ့၏။ ခရီးသွားလျက်က သုံးရန် နှာရည်သုတ်လက်ကိုင်ပုဝါနှင့် သိုးမွှေးအနွေးထည် တစ်ထည် အလှူခံပြီး ကားဖြင့်ပင် သံလွင်ကားဂိတ်သို့ လိုက်လံပို့ပေး၏။ အိမ်ဦးစီး ဒကာမကြီးကား ဒေါ်တင်အေး ဟူသတည်း။

သံလွင်ကားဂိတ်ရောက်သော် ယမန်နေ့က ကားလက်မှတ်လှူလိုက်သော တာဝန်ခံဒကာအပြင် ၄င်း၏ မိဘနှစ်ပါး၊ ၄င်း၏အစ်ကိုကြီးများကပါ ငါတို့ကို ကြိုဆိုနေကြချေ၏။

နောက်မှသိရသည်မှာ ၄င်း တာဝန်ခံကား ထွန်းထွန်းဟူ၏။ ဆွမ်းကိစ္စကား ပြီးစီးသည် ဆိုသဖြင့် မကပ်ကြပြီ။ အချိုပွဲမျှဖြင့်သာ ပြီးပြေပြီး တစ်ဖန် သိုးမွှေးအနွေးထည်တစ်ထည် ကပ်လှူကြပြန်၏။ လက်ခံရ၏။

လက်၌ပါသော အနွေးထည်ကိုကား ထိုသံဃာအားပင် "အရှင်ဘုရားသာသနာ လိုရာ သုံးရန်" လျှောက်ကြား၍ ပြန်ကပ်လိုက်ရတော့၏။

ကား, ကား(၆)နာရီထွက်၏။ မြို့အထွက် လေမရှိသဖြင့် လေဖြည့်ရသေး၏။ တောင်ကြီးမှ ဟိုပုံး ချောမွေ့၏။ ဟိုပုံးမှမိုင်းပွန်အထိ တွန်းပါဟ ကြိတ်ပါဟဖြင့် ကိစ္စပြီးရ၏။ ထိုမှနောက် မိုင်းပွန် အရောက် အသေအချာပြောင်းလဲ တပ်ဆင်ပြီး ကတည်းက ကွန်ဟိန်းအထိ ချောမွေ့ပြီ။

မဟာဗောဓိပါလ



## သူလည်းဝါမကျွတ်ခင်က ငါလည်းပဲ ဝါမကျွတ်ခင်က ဘယ်သူ ဘယ်သူက

ကွန်ဟိန်းဝင်သောကာလ မိုးချုပ်သွားပြီ။ (၇)နာရီပင်ကျော်သွားချေပြီ။ သို့နှင့် ရှေ့ဆက်-မောင်းရန်မသင့်၊ သည်မှာပဲအိပ်ကြမည်၊ တည်းခိုခန်းကျယ်လွန်းသည်၊ ကားဆရာကကြေညာပြီး ခြံတစ်ခြံအတွင်း မောင်းနှင်ဝင်သွား၏။ ကား, ကား ငါတို့ပါအတူခေါ်လျက်က ခြံနောက်ဖေး ကားသိပ်ရာဂိုဒေါင်ထဲ ခေါ်သွားချေပြီ။ ကားအနားယူလေမှ ငါတို့လည်း ဆင်းပေးရချေတော့၏။

တည်းခိုခန်းပေါ်ရောက်ကြသည်နှင့် ငါတို့အတွက် သီးခြားကျနစွာ တည်းခိုခန်းပိုင်ရှင်၏သမီးက ခင်းပေးထား၏။ နောက်မှသိရသည်ကား သူ့နာမည် ချောကြီးတည်း။

ငါတို့ကား-ကားပေါ်အတူပါ ဂေါ်ရခါးမိသားစုနှင့် စကားလက်ဆုံကျနေကြ၏။ သာသနာ-တော်၏ ရဟန်းဆက်ခဲ့သည့်အကြောင်း မိုးကုတ်ကျောက်ထုလျက်က ထူးခြားစွာ ပတ္တမြားကျောက်၊ ဘုရားရုပ်ပွားတော်တစ်ဆူ ရသည့်အကြောင်း စိတ်ဝင်စားစရာကောင်း၏။

"သည်ကိုယ်တော်က ဘယ်ကကိုယ်တော်လဲ"

"ဒို့- ပျဉ်းမနားက၊ သုဝဏ္ဏသျှံတောင် သွားမလို့"

အမေး-တုံးတိလှသဖြင့် ငါတို့အဖြေကလည်း ငုတ်တိုပင်။ စိတ်ကလည်း တိုဝင်သွားသကိုး။

"အရှင်ဘုရား သည်မှာမအိပ်နှင့်။ တပည့်တော်တို့အိမ်ပေါ် ကြွ"

ပြောပြောဆိုဆို ငါတို့သပိတ် အတင်းမ-ထွက်သွားရာ ငါတို့လည်းပဲ ဂေါ်ရခါးဒကာနှုတ်ဆက်ပြီး လိုက်ပါခဲ့ရ၏။

လူပုံကအိန္ဒိယနွယ်သား၊ မေးပုံက ဂွလား၊ လုပ်ပုံက မဟာဒယား။

၎င်းတို့ပိုင် အိမ်ပေါ်သို့ ရောက်သောအခါ "တပည့်တော်ကိုလည်း တရားဟောဦးမှပေါ့"က စတင်ပြီး တစ်ညလုံးမဆုံးတော့ပြီ။

ငါတို့ကိုလည်း ထိုသံလွင်ကားဖြင့် ဆက်လိုက်ခွင့်မပြောပြီ။ ၎င်းတို့အိမ် သုံးည, လေးည သီတင်းသုံးပြီးမှ သုဝဏ္ဏသျှံတောင် ၎င်းတို့ပိုင်ကားဖြင့် ၎င်းတို့ကိုယ်တိုင် လိုက်ပို့မည်ဟူ၏။ ၎င်းအိပ်မက်ထဲကနှင့် ငါတို့ကား တစ်ထေရာတည်းဟူသတတ်။

ထိုကွန်ဟိန်းအိမ်၌ သီတင်းကျွတ်လပြည့်ကျော် (၁၂)ရက်နေ့ ညမှ တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့နံနက်တိုင်အောင် နေရ၏။ ကြာသော်ဆွေမျိုးဖြစ်လာကြ၏။ အမည်ကားဦးပေါလှိုင်ဇာတိကားပျဉ်းမနား(လယ်ဝေး)နယ်၊ သဲကောကြီးရွာမှတည်း။ ၎င်းဇနီးသည်အမည်ကားဒေါ်ငွေငွေရီဇာတိကား သာစည်အရှေ့ခြမ်း၊ မရွေးရွာမှတည်း။ အိပ်မက်ကလည်း ပေးပေးတတ်လွန်း။

ကောင်းကြရော။ ပျဉ်းမနား၊ သာစည် လွတ်အောင်ပြောင်းပါမှ။

၁၃၅၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့ နံနက်(၁၁)နာရီခွဲတွင် ခုနစ်မိုင်ရွာသို့ ရောက်ကြ၏။ လုံးပန်(ကချင်-တရုတ်ကပြား) ဆိုသော စစ်ထွက်အဘိုးအိမ် ခေတ္တတည်းရ၏။ နေ့(၁)နာရီတိတိတွင်ကား ဗမာစကားတတ်လမ်းပြ အကူ-အညီဖြင့် သုဝဏ္ဏသျှံတောင်တက်ခဲ့ရာ ညနေ(၅)နာရီတိတိမှာပင် ချောမောစွာရောက်ရှိ တော့၏။ ငါတစ်ပါးတည်းပါတကား။

တောင်တော်ကား အများထက်မြင့်၏။ အများထက်လည်းထူးကဲ၏။ ကျောက်သားအတိပြီး၏။ ခုနစ်မိုင်အတက်ဘက်မှ လှမ်းမျှော်ကြည့်က

မဟာဗောဓိ



ဘုရားပလ္လင်ခုံပမာရှိ၏။ သံလွင်မြစ်ဘက်မှနေ ကြည့်ပါလျှင်ကား စေတီဟောင်းများ အစီအရီ ထားရှိသည်နှင့်တူ၏။ အဝေးမှလှမ်းကြည့်လျှင်ပင် အများတကာထက် ထူးကဲမြင့်၊ ထူးကဲသာ အချက်များကို အလွယ်တကူတွေ့ရ၏။

ဒါမှ တံခွန်တိုင်မဟုတ် ဘယ်အရာကို တံခွန်တိုင်ခေါ်မည်နည်း။

တောင်ကိုမော့ကြည့် ပီတိဖြစ်၏။

တောင်တန်ဒိုးရှိအေးဆေးဘိ၏။ တောင်၏ အေးခြင်း၊ ရှမ်းဒေသ၏အေးခြင်း၊ ဆောင်း၏ အေးခြင်း၊ ဆောင်းလေ၏အေးခြင်း၊ အေးခြင်းလေးမျိုးတို့ ပြိုင်တူတိုးဝှေ့လာကြရာ ငါတို့ကား တရားရှာရန်ထက် အအေးသက်သာရန်ကိုသာ စိုက်အားထုတ်ရချေတော့၏။ လဆန်း(၄)ရက်နေ့တွင် ခုနစ်မိုင်မှ ရဟန်းတော်နှင့် ဒါယကာ-ဒါယိကာမများ သုံးညအိပ်မျှ လာရောက်ပြုစုကြလေရာ သက်သာခွင့်အားလုံး ရသွားစေသည် တကား။

## အိပ်မက်များက အဆန်းတပြား

ရောက်နေ့ညကား ဤတောင်သည် ငါ၏ (လက်ဦး)ပညာရှာမှီးခဲ့ရာ လက်ဦးတောင်ဟူ၍လည်းကောင်း၊ ငါ၏ဆရာ သည်မှာဟူ၍လည်းကောင်း အိပ်မက်ပေး၏။ တန်ဆောင်မုန်းလပြည့်ကျော်သောကာလ ငါတို့ကို မည်သူကမျှအထင်မကြီးကြသေး-အထင်သေးနေကြစဉ် ဂိုဏ်းကိစ္စ ဂိုဏ်းစကားမပြောကြားဘဲ ရှောင်ရှားရန်ဟူ၍ အတိအကျ အိပ်မက်ပေးခဲ့၏။

နတ္တော်လပြည့်ကျော်၌ကား ငါတို့ကို ဦးစွာ ပညာသင်ပေးပါသော ဆရာနှစ်ပါးနှင့်တွေ့ရာ ရန်ကုန်သွားလိုလျှင် ရဟန်းနှစ်ပါးခေါ်သွားသော် စရိတ်နှစ်သောင်းကုန်ကျမည်ဟူ၏။ တစ်သောင်းကားခရီးစရိတ်။ ကျန်တစ်သောင်းကား လည်ပတ်စရိတ် ခွဲပေး၏။ စကားဝှက်တည်း။

ထိုဆက်တိုက်သော အိပ်မက်တို့ကို ရှိသေလျက်က အားထုတ်၏။ ဥတုဒဏ်က ဆိုးဝါး၏။ အာဟာရဒဏ်ကလည်း လီရှောရွာ နှစ်ရွာစလုံး လီရှောထုံးစံအတိုင်း ဟင်းရွက်ပြုတ်ချည်း လောင်းလှူကြရာ မမျှတ။ ခုနစ်မိုင်ဆင်းရ၏။

ခြေကျွံသွားပြီ၊ အဖုံးပွင့်တော့မည် သတိပေး၏။

ထိုသတိပေးအတိုင်းပင် ပျဉ်းမနားဒကာများ၊ မိတ္ထီလာဒကာများနှင့် ပက်ပင်းတိုးမိ၏။

ခုနစ်မိုင်၌ဆုံလျှင် ရွာလည်းစုံ၊ လူမျိုးလည်းစုံ၏။ ပလောင်၊ ရှမ်း၊ ဗမာ အစုံလာ၏။ တရားနာ၏။ ဗမာစကားနားမလည်တို့ကို နားလည်သူက ဘာသာပြန်ပေးသောအားဖြင့် ဟောကြားရ၏။

- သဒ္ဓါ ကောင်း၏ ပညာမပါရှာကြ။
- ရိုးသားသဖြင့် လှေနံဒါးထစ်ရှိလှ၏။
- မာန်ပြင်းသဖြင့် ခိုင်းတိုင်းလျှင်မပြုကျင့်တတ်။

ဓလေ့စရိုက်ချင်း၊ ဘာသာချင်း တူသော်မှ လူမျိုးချင်း ကွဲပြားကြရကား ခြားနားလှချေတော့၏။

နတ္တော်လပြည့်ကျော်(၂)ရက်နေ့မှ လကုန်အထိ လာရောက်၍တရားအားထုတ်ကြသေး၏။ ဘာသာစကားဖလှယ်ရာတွင် အသစ်အဆန်းဖြစ်နေသည်ကတစ်ကြောင်း၊ တရားစကား နာကြားရမှုမရှိသည်ကတစ်ကြောင်းတို့ကြောင့် တောင်းသလောက်ပေး၍မရခဲ့။ လကုန်သော် ပြန်ဆင်းသွားကြတော့၏။

သုဝဏ္ဏသျှံတောင်ကား စစ်ရေးအချက်အချာကျသဖြင့် လွယ်မော်အဖွဲ့၊ လားဟူဝအဖွဲ့၊ တပ်မတော်အဖွဲ့ နေရာလုကြ၏။ ငါတို့တရားသွား

မဟာဗောဓိပါလ



နှင့် လူသတ်လက်နက်ကား အသွင်တခြား, အမြင်တခြား ဖြစ်နေရာ ထိုတောင်နေရန် ဆန္ဒနည်းပါးလာ၏။ တစ်ဖန် ကဆုန်လပြည့် ပွဲတော်ကျင်းပသော် လူရှုပ်မည်ကိုလည်း ရင်မအေး။ သို့ကြောင့်-

ခုနစ်မိုင်မှ ဒကာများကို လူအရောက်အပေါက်နည်းသော တောတစ်တော၊ သုဝဏ္ဏသျှံတောင်ကိုလည်း လှမ်းမြင်ရ နေရာမျိုး တဲငယ်လေးတစ်လုံးရလိုကြောင်း ဆန္ဒပြုမိ၏။

တပို့တွဲလပြည့်နေ့တွင် ခုနစ်မိုင်- နားကုန် (ရှမ်းရွာနှစ်ရွာ)၊ ကီပန်ဖွီး-ဝိုင်နိုင်း(လားဟူနှစ်ရွာ) လေးရွာပေါင်းလျက်က ကျောင်းတစ်လုံး၊ ဓမ္မာရုံတစ်ခု သုံးရက်ဖြင့်အပြီးတည်၏။ လပြည့်ကျော် (၇)ရက်နေ့တွင်ရေစက်ချ၏။ ဟွေဟီး-လားဟူရွာပါ ပါလာတော့၏။ တောတွင်းဖြစ်သော်လည်း အထူးစည်၏။ နာမည်ကိုကား ဘုန်းတော်ပြည့်ဟူ၍ ကမ္ပည်းသား၏။

၁၃၅၅-ခု၏ တပေါင်းလဆန်း(၉)ရက်နေ့တွင်ကား သာစည်မှ ဦးရန်လင်း၊ ဦးမြင့်ထွန်းတို့ ဗွေဆော်ရောက်လာ၏။ ဗထူးရှိ စိုက်ပျိုးရေးစခန်းရဲဘော်များ၏ဒုလ္လဘရဟန်းခံပွဲ၊ ဘုရားအနေကဇာတင်ပွဲအတွက် တရားချီးမြှင့်ရန်ဟူ၏။ ကန်တော့ပါသေးဖြင့် အဖြေပေးခဲ့၏။

ထို့နောက် လိုအပ်သောပစ္စည်းများ ပို့ရင်းဆိုကာ တပေါင်းလပြည့်ကျော်(၁၃)ရက်နေ့တွင်ကား ရန်ကုန်၊ သာစည်၊ ဟိုပုံး ပေါင်းလျက်က (၇)ဦးအဖွဲ့ရောက်လာ၏။ ကျောင်းဆောက်ရန် စိုင်းပြင်းကြ၏။ ကဆုန်လပြည့်နေ့ ရေစက်ချအမှီဖြစ်၏။ ကျောင်းအမည် မြတ်မွန်ရတနာကျောင်းဟူ၏။ တောတောင်ကြီးက ပေါက်ဖွားလာရသောကျောင်းဖြစ်သဖြင့် မခမ်းနားသော်လည်း ကြီးကျယ်၏။ ငယ်ပါသော်လည်းထည်ဝါ၏။ စေတနာ၏ မွန်မြတ်ခြင်းကား မျက်မြင်ထက်, ထက်လွန်းလှ၍တည်း။

## လားဟူဘုရားပွဲ့နေပြီ သွားဆုတောင်းကြ

ထိုကောလာဟလကား ဘယ်ကဘယ်ပြန့်ကားသည်မသိ ပျံ့ကားသွားချေပြီ။

ထိုဘုန်းတော်ပြည့်ရောက်ကတည်းက တစ်ရွာလုံးကိုယ်စားအဖွဲ့၊ တစ်ဦးချင်း၊ ရွာစုံ၊ လူစုံလာကြ၏။ တောင်ပေါ်၏ လားဟူရွာမှန်သမျှ ရောက်ဖူးကြသည်ချည်းဖြစ်၏။

၁၃၅၅-ခုမှ ၁၃၅၆-ခု အကူးဖြစ်သော တာကူးလဆန်း(၈)ရက်နေ့တွင် စတုဒိသာပွဲ (နှစ်ကူးပွဲ အမည်တပ်၍) ကျင်းပပေးခဲ့၏။ လားဟူ၊ ရှမ်း၊ လီရှော စုံ၏။ ဆုတောင်းပွဲ အကအခုံလည်းစုံ၏။ ပြည်ထောင်စုပွဲကို အမှတ်ရစေ၏။ လားဟူတို့သည် ရိုးသားကြ၏။ ဗမာနှင့်စကားအားဖြင့်လည်းကောင်း၊ ကိုးကွယ်မှုအားဖြင့်လည်းကောင်း၊ မတိမ်းမယိမ်းသာရှိ၏။ အပူအပင်လည်းမရှိတတ်။

တောင်းသောဆုမှာ နွားနေကောင်းဖို့၊ ယာကောင်းဖို့ တစ်နှစ်စာမျှသာ တောင်းတတ်ရှာကြ၏။ ထို့ထက် ထွေလီကာလီမတောင်းတတ်။ တရားဟောလေတိုင်း အဆန်းတကြယ်လုပ် နာယူတတ်၏။ ငါတို့ဗုဒ္ဓဘာသာရှိ ဂိုဏ်းဆရာအဆင့်မျှကိုသာ ဆရာတင်အားကိုးရသော ဓလေ့တည်း။ ၎င်းတို့ဘာသာအားဖြင့်ကား နတ်ဆရာဆို၏။

ဤနှစ်၏ ဝါမဝင်မချင်း လားဟူများ အများဆုံးလာကြ၏။ ဝါဝင်မှနားတော့၏။ မလာရတားထားသော် အထူးရိုသေ၏။ ဟိုနဲ့သည်နဲ့ မရှိလေ။

တစ်ဝါတွင်းလုံးကား နေသဇ္ဈိစ္ဆူတင် တင်းတင်းထား၊ နေ့ညမနားအားထုတ်၏။ လာရခြင်း၏ အရင်းစား ရလိုရညားတည်း။

တော်သလင်းလဆန်းတွင် ငှက်ဖျားဝင်လေရာ မထနိုင်ပြီ။ ၇-မိုင် ဒကာ-ဒကာမများ မလာရမှ လာရသည်သို့ လမ်းကြောင်းပြောင်းပေးရတော့၏။ ၎င်းတို့ကုသပေးခြင်း၊ ကျွေးမွေးခြင်းဖြင့် နလံထရပြီ။

မဟာဓမ္မပါလ



ဆွမ်းခံဆက်သွားရာ ထိုနလံထ မိုးခခံရသဖြင့် တစ်ဖန်ပြန်လဲရပြန်ချေသည်။ ဒုတိယမ္ပိ မလာရ ဆိုင်းဘုတ် ဖြုတ်ပေးရပြန်တော့၏။ တန်ဆောင်မုန်းလပြည့်နောက်ပိုင်းကား-

-ဆရာတော်လဲကျလို့တဲ့။

-အားယဲ့ယဲ့သာကျန်တော့သတဲ့။

-တိုင်မှီ ထရ, ထိုင်ရသတဲ့။

တစ်စိပ်မှတစ်အိတ်သတင်း ရုတ်ချည်း ထွက်ချေရာ ရန်ကုန်ကား သူမနေသာ, ငါမနေသာ ဖြစ်ရရှာတော့၏။

တစ်ဖွဲ့ကား ဆရာဝန်, ဆေးအပြည့်အစုံ၊ မလုံလောက် ပင့်သွားရန် ကားပါအဆင်သင့်။

နောက်တစ်ဖွဲ့ကား ရိက္ခာအစုံ, ဖိတ်စာစုံ၊ မလုံလောက် ပင့်သွားရန် စကားပါအဆင်သင့်။

ဒကာတူး မိသားစုကား နတ္တော်လဆန်းတွင် ရောက်လာပြီး လမပြည့်မီပြန်သွားကြ၏။ အဆင်မသင့် ပင့်ရန် ကားသစ်ပါဝယ်လာဆို၏။ ဆရာဝန်တင်တင်အေးလည်း ဆေးနှင့်အတူ ခေါ်ခဲ့သေး၏။

ဦးကျော်ဝင်းနှင့် ဗိုလ်ကြီးမျိုးတင့်ကြည် မိသားစုအဖွဲ့ကား နတ္တော်လကုန်တွင် ရောက်လာကြ၏။ ဆရာတော် ရန်ကုန်သို့ လားဟူ-လီရှော-ရှမ်း-ပလောင် ဆွေမျိုးစုံနှင့်ကြွပါက ပင့်စာများပါ ပါလာ၏။ ဆွေမျိုးသာပို့ချင်၏။ ငါတို့ကား ရန်ကုန်ဝင်ရမှာ ကြောက်၏။

ငါတို့ကား သုဝဏ္ဏသျှံတောင်တော်ပေါ် ဝယ် ၁၃၅၆-ခု၊ နတ္တော်လပြည့်နေ့မှစတင်ပြီး တပို့တွဲလပြည့်အထိ တရားစခန်း နှစ်လပြသရန် ရောက်ရှိနေပါ၏။

ထိုအတွင်း ၇-မိုင်-ဦးကုမာရ မောင်နှမ တစ်စု ကောင်းမှု ဝပ်ဖရာ့သန္တိနိကာယ (ငြိမ်သက်အေးချမ်းရာတို့ ပေါင်းစုထားသော ဘုရားကျောင်း) ကျောင်းတစ်ဆောင်ပြီးစီး၏။ တပို့တွဲလပြည့်နေ့ ရေစက်ချ၏။

တစ်ဖန် ထိုတပို့တွဲလပြည့်နေ့ နံက်(၁၀) နာရီ မှာပင် ပန္နက်တင်မင်္ဂလာ လူမျိုးစုံတို့ဖြင့်(ဗမာ-ရှမ်း-လားဟူ-ဝ-ခနု-မွန်-ကရင်-ပလောင်၊ ပအိုဝ်) ပြုလုပ်သော ကာလိရွာဦးရွှေ ကမ္ဘကထပြု ကျောင်း တစ်လုံး(အထက်ထပ်,အောက်ထပ် ၂၄×၁၀ လက္ခ) ဆောက်ဆဲဖြစ်၏။ အားလုံး ဗုဒ္ဓသန္တကအဖြစ် ရေစက် ချပေး၏။ တောင်တော်လာအားလုံး ချမ်းသာစွာ ကျင့်ကြံနေထိုင်နိုင်ရန်တည်း။

ဤကား ငါတို့ဘဝ တတိယပိုင်းတည်း။

မဟာဓမ္မပါလ

## ပြန်လည်သုံးသပ်ရမည့် ထို့နှစ်ပိုင်း

ငါတို့၏ ဘဝဖြစ်စဉ်ကိုစရိုက်၊အသွင်အပြင်၊ အမူအကျင့်၊ လက္ခဏာ၊ လှည့်လည်ခြင်းဤငါးမျိုးတို့ဖြင့် အရွယ်အပိုင်းအခြားလိုက် ခွဲခြားပြသပါမည်ဆိုသော နိဒါန်းရှိ ပလ္လင်ခံစကားပါအတိုင်း ပြသခဲ့ပြီးဖြစ်ပါ၏။

ထိုတွင် အဆစ်အပိုင်း အချိုးအကွေ့အားဖြင့် သုံးပိုင်းပိုင်း ပြသထားရာ -

ပထမပိုင်းကား မွေးသည်မှ ရဟန်း(၅)ဝါရ၏ အသက်(၂၅)နှစ်အထိ တိုင်အောင်တည်း။

ဒုတိယကား ထိုနှစ်မှအသက်(၃၈)သို့တိုင်အောင်သော အိမ်ထောင်သည်ဘဝအချိုး အကွေ့တည်း။

တတိယကား ထိုနှစ်မှ ယနေ့တိုင်အောင်သော ရဟန်း၏တောထွက်ကာလ အချိုးအကွေ့တည်း။

ဤသို့လျှင်ဘဝ၏ဖြစ်စဉ် အမျှင်တန်းကြီးကို သုံးပိုင်း,ပိုင်းဝေလျက်က ပြသရခြင်းသည် လေ၏ မှုတ်လွှင့်အား, ပင့်အားများ၏ အရပ်ပြောင်းလဲ၍ တိုက်ခတ်လေသောအခါ တိမ်တိုက်အစုသည်လည်း အရပ်မျက်နှာအားဖြင့်လည်းကောင်း၊ ထိုထုတည်၏ ရွေ့လျားပုံအခြင်းအရာအားဖြင့်လည်းကောင်း၊ ရွေ့လျားသောအရာဝတ္ထု၏ ထုထည်ပမာဏအားဖြင့်လည်းကောင်း၊ ထိုထုထည်၏ ဖြစ်ပွားနေပုံ အတွင်းသားအလိုက်သော သဏ္ဌာန်ဒြပ်အားဖြင့်လည်းကောင်း၊ ပြောင်းလဲလှုပ်ရှားပေးခဲ့ရဘိသို့ ငါတို့၏စရိုက်၊ ဉာဉ်၊ အမူအကျင့်၊ လုပ်ဆောင်ချက်အားကြီး-အားသေးတို့အတိုင်းလျှင် ငါတို့ဘဝ၏ ကျင်လည်ရမှုသည် သူတကာအမြင်အားဖြင့် သုံးမျိုးသုံးစား ဖြစ်ခဲ့ရသောကြောင့်တည်း။

ထိုသို့ သုံးပိုင်း,ပိုင်းပြသရာ၌ ထိုသုံးပိုင်းစလုံးတို့၌ပင်-

(က)။ ဖြစ်စဉ်ကိစ္စတစ်ခုကို အကျဉ်းကိုအကျဉ်းတိုင်း ကျဉ်းချုံ့သောအားဖြင့် တင်ပြနည်း။

(ခ)။ ဖြစ်စဉ်ကိစ္စတစ်ခုကို အကျဉ်းကိုအကျယ်ချဲ့လျက်က ထင်းထင်းသောအားဖြင့် တင်ပြနည်း။

(ဂ)။ ဖြစ်စဉ်ကိစ္စတစ်ခုကို အကျယ်ကိုအကျယ်အတိုင်း ဖွင့်လှတ်သောအားဖြင့် တင်ပြနည်း။

ဤသို့လျှင် နည်းသုံးနည်းတို့ဖြင့် သုံးသပ်ထားရှိချေ၏။

ထိုတွင် နောက်နှောင်းသူတို့ မကောင်းမှုကို မကောင်းပုံအတိုင်းလည်း မြင်စေလိုသည်။ ထိုမကောင်းပုံ၌ စေတနာမပါသော်လည်း ဝါသနာ(ဉာဉ်)မစွန့်လွှတ်နိုင်သေးသဖြင့် လိုက်နာပြုကျင့်ပေးနေရသော ငါတို့၏ဘဝဖြစ်စဉ်ကို သုံးသပ်လျက်က အကုသိုလ်အစား ထပ်မံမပွားလိုရာကိစ္စရပ်များကိုအကျဉ်းလျှင်အကျဉ်းအတိုင်းသာ ကျဉ်းလျက်ချုံ့လျက်က ပြသထားရှိ၏။ ပမာ ပထမပိုင်းအစမှ ပါလာသောတဏှာစိတ်၊ ပထမ၏အလယ်ပိုင်း လောက်မှာမှ လိုက်လံအကောင်အထည်ဖော်ပေးနိုင်ခဲ့သော တဏှာရုပ်အကြောင်း စသည်များ။

တစ်ဖန် ပထမ၏အလယ်ပိုင်း(၁၈)နှစ်သားခန့်မှ စတင်ပေါက်ဖွားလာသော မာနအကြောင်း စသည်များတို့ကို သိသာရုံမျှ တဏှာ၊ မာန ကြီးစိုးရာ ခေတ်အားဖြင့် သုံးသပ်ပြခဲ့ပါ၏။ အကျယ်ပြသခရေစေ့တွင်းချဆိုက လေ့လာသူတို့ အကုသိုလ်ပွားမည်ကို သိမ်းဆည်းပေးလိုခြင်းကြောင့်တည်း။

တစ်ဖန် ဒုတိယ၏နောက်ပိုင်း အိမ်ထောင်သည်ဘဝမှ အကျင့်သို့ခြေချမိလေသော အဓိဋ္ဌာန်ဝင်ဘဝ, တောထွက်ဘဝ စသည်တို့ကိုကား အကျဉ်းကိုအကျယ်ချဲ့ပြနည်းဖြင့် ပြသခဲ့ချေ၏။ အကျဉ်း

မဟာဓမ္မပါလ



အတိုင်းဆိုက အတုယူအားကျလိုသူကို နိသျည်းအရှိ လက်ရမိမည်စိုးသောကြောင့်တည်း။

ကျန် ဘဝဖြစ်စဉ်များနှင့် တတိယပိုင်းတို့ကိုကား ပကတိသောအခြင်းအရာ အတိုင်းသာလျှင် အကျဉ်းအကျဉ်းအတိုင်း၊ အကျယ်အကျယ်အတိုင်း ဖွင့်ပြနည်းကို သုံးစွဲထားပါချေ၏။ ငါတို့ရေးသားခဲ့ပြီးများကို သုံးသပ်ကြည့်ပါက ငါတို့ဝန်ခံသည့် ဤတင်ပြနည်း ကိစ္စရပ် ဟပ်မိရာ၏။

ထိုသုံးပိုင်း (သုံးနည်းပြအတိုင်းသော အပိုင်း) တို့၏ဘဝဖြစ်စဉ်အားလုံးတို့တွင် ပထမပိုင်း(မွေးစမှ (၂၅)နှစ်တိုင်အောင်)သည် ဓလေ့ဓမ္မတာအတိုင်းသော ဝသီဘော်ခေတ်သာရှိချေသေး၏။ ဝါသနာ အရာသာဖြစ်ပြီး စေတနာအရာမပြောက်သေးသောခေတ်တည်း။ ဗီဇနှင့်ပတ်ဝန်းကျင်တို့၏ လှုံ့ဆော်မှုအတိုင်းသော အလေ့ကျပေါက်အပင်မှ ထ၍ ပွင့်သီးခေတ်တည်း။ သို့ကြောင့် ပြန်လည်၍ အထူးသုံးသပ်ပြစရာ မရှိလေ။

ကျန်ရှိသောနှစ်ပိုင်းတို့ကား ဝါသနာပေါ် စေတနာဆောင်းသော တဏှာ- မာန- ဒိဋ္ဌိ သွန်းလောင်းခေတ်နှင့် ပယ်မြစ်သောခေတ်တို့ ဖြစ်ကြရာ ပြန်လည်ကာ သုံးသပ်ပြသင့်သည် ထင်၏။

## ခွသမား ခွကြားထိုင်လျက်က ခွကြားဟာ ကိုင်လို့ခြင်း

ငါဟူသည်ကား-ဂွသမား။ မွေးဖွားသည်ပင် ဂွလယ်တွင်၊ ကျားလျှင် ခြသေ့ကြား။

၁၃၀၃-ခုနှစ်၏ ဝါဆိုလပြည့်သည် ကျော်ဇော၏တနင်္လာနေ့ပင်ဖြစ်ရာ ညသည်ကား အင်္ဂါနှင့်စပ်တူလား၏။ သန်းခေါင်သည် နယ်ခြားစည်းရိုးဖြစ်၏။ သို့ကြောင့် ညဥ့်ဦးကို တနင်္လာ အုပ်စိုးပြီး၊ ညဥ့်နှောင်းကိုကား အင်္ဂါကကြီးစိုး ခေတ်ဖြစ်ရာ ငါတို့ကားသန်းခေါင်ကျော်ကာလ လူ့ဘဝသို့ ရောက်ခဲ့ချေရကား တနင်္လာ-အင်္ဂါတို့ ဂွကြားက ဖွားသော ကျား-ခြသေ့မျိုး တည်း။

-ငါ ဘာလုပ်လုပ် ဂွလယ်မှသာ အားထုတ်ခဲ့၏။

-ငါသွားရာလမ်းကြား ဂွကြားကသာ လမ်းထားပြခဲ့၏။

သို့ကြောင့် ဒုတိယပိုင်း၏အိမ်ထောင်သည် ဘဝတွင်-

- ရီးစားကိစ္စ၌ ရန်ကုန်နှင့်အညာဒေသ ခွ။
- စီးပွားရေးနှင့်နိုင်ငံရေးမှာလည်း ခွ။
- လူမှုရေးနှင့်အိမ်ထောင်ရေးမှာလည်း ခွ။
- အမှုသည်ဘဝနှင့် ဘာသာရေး ကာလမှာလည်း ခွ။
- သမထနှင့်ဝိပဿနာအားဖြင့် ခွ။

ခွသဖြင့်ဂွပေါ်၊ ဂွပေါ်ရာအခွဖော်ခြင်းတည်း။

ဂွကျခြင်းနှင့် ခွချခြင်း၏ ငါတို့၏ဒုတိယပိုင်း ကာလ ဟူ၍မှတ်ပါလေ။

တစ်ဖန် တတိယခေတ်ပိုင်း၌လည်း သိမ်မှ အထွက် တောတက်ပြီဟော့ ဆိုကတည်းက ငါသွားရာ(အာရုံယူရာ)လမ်းကား ဝိပဿနာစစ်စစ်သာ ဖြစ်ချေ၏။ အဘဆရာတော်က မြေအဆွ၊

မဟာဓမ္မပါလ


မဟာစည်က မျိုးစေ့ချပေးလိုက်ပြီးကတည်းက တစ်သီးစား (ဝိပဿနာအစားအစာ)ကို သာ အားထား၏။ တစ်ဇွတ်ထိုးသမား၏ မူရင်းညဉ့် အတိုင်းပင်လျှင် စွတ်မိရာ ထိုးနေတတ်သော ကြောင့်တည်း။

သို့တစေလည်း လမ်းသွားကား ဝိပဿနာ လမ်းထားကား သမထ။

ထို နှစ်ခုနှစ်ခုသောခွသည် ရောက်ရာတိုင်း၌လျှင်ကြုံခဲ့ရချေသည်။ နောက်ကြောင်းလှန်ကြည့်သိနိုင်၏။ သည့်အတူ ငါတို့စိတ်ကသည်ပင် ခွနေသဖြင့် ဂွကျလာခြင်းများကလည်း များပြားလှဘိခြင်း။

(က) လက်ရှိကာလသို့ ရောက်ရှိနေသော ပါရမီစိတ်က ဝိပဿနာအထွဋ်အထိပ်သို့ တက်စေလို၏။

(ခ) နောက်ကြောင်းဆန် ဆုပန်စိတ်က သမထ အရိပ် ခိုလှုံစေလို၏။

အခွကြောင့်ဖြစ်သောဂွတည်း။

ရုံတစ်ခါ ငါထံရှိတဏှာကို သုံးသပ်မိ၏။ အလုံးအဖတ်မတွေ့၊ အငွေ့အရှိန်၏ငွေ့ငွေ့လေးမျှသာတည်း။

ဖြတ်ထုတ်လိုက်သော်- ပြတ်လော၊ မပြတ်လော စောကြောကြည့်၏။ ချက်ကောင်းထိ တိကနဲပြတ်နိုင်သည်။

ဖြတ်ထုတ်လိုက်ပါတော့လား။

ငါ့စိတ် မရှိသောနေရာသို့ သွားနေရမည် ဆိုသောအခါ ဟာနေချေတော့၏။ အခင်၌ မင်နေချေသေး၏။

ဝတ္ထုတဏှာကိုလည်း ငါမကြောက်။ ငါမထောက်ပံ့ သူ့ဘက်က လန့်နေပြီ။

ကိလေသာတဏှာကိုလည်း ငါမကြောက်။ ငါ့မှတ်ချက်အောက် ပြားပြားမှောက်နေပြီ။

ကြောက်ရသည်မှာ ငါ့ထံရှိ အစွဲနာနေ သော ဝါသနာ ခေါ် ညဉ့်သာတည်း။ ဝေါက်မရသည်မှာလည်း ဘဝအဆက်ဆက် ငါလက်သတ်မွေးမိခဲ့သော ထို ညဉ့်ပင်လျှင်တည်း။

သို့ကြောင့် ဇင်းကျိုက်၏ ကျောက်ခမောက်၊ ဖူးကြီး၏သံသုမာ၊ စစ်ကိုင်း၏ပရက္ကမ တို့၌ဖြစ်ပွားခဲ့သော ကာမနှင့်မမွတိုက်ပွဲ သို့မဟုတ် ကမစ္ဆန္ဒ အတားနှင့် သမာဓိအသွားတို့ အားစမ်းပွဲတိုင်းတွင် ညဉ့်ကြောင့်ဖြစ်သော မိမိ၏အတွေးစိတ်က မိမိအား အရေးယူခံရခြင်းသည် ထင်ရှားစေခဲ့ပြီ။

ညဉ့်သည် အစွဲသိကို လှုပ်နှိုးလျက်က အတွေးဖြင့် ပုံဖေါ်ခံစားစေ၏။ အတွေ့ထက် အတွေ့ကောင်းပြီး ကိုယ်တောင်းသလို ရတတ်၏။ သို့ကြောင့် အတွေ့ထက် အခွါရခက်လှ၏။ လူမသိစေချင်သောအရာမျိုး၌ သူမသိစေသောအားဖြင့် ပိပိပြားပြား ဖုံးထားပေးတတ်ချေသေး၏။ တစ်ဖက်ရှိ ကာမအရသာကို ကိုယ့်စေတနာအတိုင်း (အတွေးဖြင့်ပင်)ပြုကျင့်ခွင့်လည်း ပေးတတ်သေး၏။ ငွေကြေးလည်းမလျော့်စေရ။ အမှုလည်း မပေါ်စေရ။ သည်လောက်ကောင်းသော ကာမ အတွေ့များ နတ်စားကာမ၏ လောက၌သာ ရှိချေတော့၏။

တစ်ကြိမ်မျှဖြင့် ပြတ်မကျခြင်းသည် ညဉ့်ကာမ၏ သဘာဝက ထက်မြက်လွန်းသော ကြောင့်။

ထို ညဉ့်သည် တစ်ဖြောင့်တည်းသော တစ်လမ်းသွားတို့ဆိုက တော်သေး၏။ ငါတို့ကဲ့သို့ လူ့ဘဝ, ရဟန်းဘဝ ဂွကြားထိုင်သမားတို့၌ကား ကာမခံစားဖေါ် မိန်းမများနှင့် လင်တော်မယားတော် တော်ရာမှစပ်၊ စပ်ရာမှမှီးခွင့်သာသဖြင့် သွေးချောင်းစီးပွဲ တွဲလာသောအကြိမ်, အချိန်၏ အရေးအတွက်

မဟာဓမ္မပါလ



များပြားလာသည့်အလျောက် ထိုသွေးယိုပေါက်ကား အတွေးပိုသလောက် ပေါက်ပွားလာတတ်လှချေ၏။ ဘုရားရှင်၏ ဓမ္မကထိက သမုတိရ အင်္ဂါ (၈)ချက်တို့တွင် (နလ္လာပနေ္တာ)ဟူ၍ အင်္ဂါတစ်ချက် သတ်မှတ်ထားခြင်းသည် (ဓမ္မကထိကလုပ်လိုသူ ရှာ၌ သားမယားများနှင့် ကာမရမ္မက်စပ်ယှက်ခဲ့ဖူးသူ ဖြစ်လျှင် သို့တည်းမဟုတ် သာသနာ့ဝန်ထမ်းချင်းများဖြစ်ကြလေသော ဘိက္ခုနီ သီလရှင် ယောဂီမများ အပေါ် ဖက်ရမ်းနမ်းရှုပ်ခြင်း၊ တို့ထိပျော်ပါး ကစားခြင်းများ ကျူးလွန်ထားခြင်း ရှိလျှင် သမ္မုတိမပေးထိုက်ဟူ၏) ဘာ့ကြောင့်နည်း ဟူ၍ ငါတို့ကိုယ်တွေသမား အမေးထားစရာပင် မရှိပြီ။

ရံတစ်ခါ လောကကြီးကို တိတိပပသိရန် လေ့လာချင်သေး၏။ နေဝင်ခါနီး၏ နေလုံးကြီး ကြည့်လျက်ကလည်း နောက်ယောင်ခံ လိုက်ကြည့်လိုစိတ် ပေါ်၏။ နေထွက်လာချိန်၌လည်း သည့်အတူသာ ရှိချေ၏။

ရံတစ်ခါ နက်ဖြန်မဆိုထားဘိ ယနေ့ဆိုသော အသံကိုပင် မကြားလိုပြီ။ ပရိတ်သတ်မဆိုထားဘိ ကိုယ့်ကိုယ်ကိုပင် အတွေ့မခံလိုပြီ။

ရံတစ်ခါတွင်မူကား သူတို့လေးတွေ ဒါမျိုးသိသွားလျှင်လည်းကောင်း၊ သိထားလျှင်လည်းကောင်း၊ ရှိထားလျှင်လည်းကောင်း ကောင်းမှာပဲ အတွေးဝင်ပြန်၏။ ငါပျက်ချင်ပျက်ပစေ သူတို့တိုးတက် ငါပျော်ပြီ ဖြစ်လာပြန်၏။

ရံတစ်ခါတွင်ကား ကိုယ့်စကား ကိုယ်မှနားမထောင်သေးဘဲလျက်က ကိုယ့်စကား သူတစ်ပါးနားထောင်ဖို့ ကျိုးစားရသလောက် ခက်သောအခက် လောကမှာမရှိဟူ၍ တွေးမိလာပြန်တော့၏။

လှမ်းလိုသောခြေကို ရုပ်ပေးနေသောစိတ်နှင့် ရုပ်ပေးနေသောခြေကို ဆန့်ထုတ်ပေးသောစိတ်တို့၏ ယှဉ်ပြိုင်နေခြင်းသည် အထက်ပါ အကြောင်းခြင်းတ များက ထင်ရှားစေခဲ့ပြီ။

## ပုဂ္ဂကွ ပိန်ရှည်ရှည် မဖြစ်ပါစေလို

ငါတို့နှင့်ပတ်သက်သမျှ အကြောင်းခြင်းတ များ စုံလောက်ပြီထင်၏။ ငါတို့ (၂)နှစ်သားမှအစ မြင်သမျှပြရသော် ဆုံးအံ့လည်းမထင်။ အဆီငေါ် လည်း တည့်မည်မဟုတ်။ အကျဉ်းကိုချုပ်စေသော တဏှာခေတ်၊ မာနခေတ်၊ ဒိဋ္ဌိခေတ် ခေတ်သုံးခေတ်ဖြင့် လုံလောက်တန်ရာ၏။

တစ်ဖန် ထိုခေတ်တို့ကို ပြန်လည်တော်လှန်ရာအပိုင်းများဖြစ်ကြသော ဒုတိယပိုင်း၏ နောက်ဆုံးခေတ်။ တတိယပိုင်းရှိ တစ်ခေတ်လုံးကိုလည်း သမထ-ဝိပဿနာခေတ်၊ ဝိပဿနာ-သမထခေတ် နှစ်ခေတ်ဖြင့် စီစစ်သုံးသပ်လျှင် ပြည့်စုံလောက်တန်ရာ၏။ သို့ကြောင့်-

ငါတို့ကိုယ်တိုင် ဝန်ခံထားသော ဤ 'ဘဝကန္တာရ သင်္ကေတ ကထာ' သည် အပိုမရှိ အလိုမရှိ ကွက်တိဟူ၍ပင် မှတ်ယူစေလိုပါ၏။ ငါ့ဝန်းကျင်တို့ မြင်သောအမြင်၊ ဤစာစဉ်ဝယ် အသားပေး ဖေါ်ပြထားချက် မတွေ့သဖြင့် ဝှက်ဖဲ ဟူ၍ မမှတ်ယူပဲ အကျဉ်း၏အကျဉ်းခေတ်သို့ စာရင်းသွင်း ခံထားရခြင်းဟူ၍သာ မှတ်ယူပါလေ။ မေ့နေခြင်း၊ တမင်ချန်ထားခြင်းကား အလျဉ်းမရှိပြီ။

ဤသို့ အတိအကျ မှတ်တမ်းတင်ထားရှိခြင်း၏ ရည်ညွှန်းချက်မှာ-

ငါတို့အပေါ် အထင်ကြီးလွန်းသဖြင့် မရှိသည်ထက် ပိုမိုရေးသားမည့် အန္တရာယ်ကို ဖယ်ရှားလိုခြင်း။

ငါတို့အပေါ် အထင်သေးလွန်းလှသဖြင့် အရှိအောက် နောက်ချလျက်က ရေးသားမည့် အန္တရာယ်ကို ကာကွယ်လိုခြင်း။

ဤနှစ်ချက်သာလျှင် အဓိကဖြစ်ချေသည်။

အထင်ကြီးလွန်းသူသည် မကောင်းကိုဖုံး အကောင်းလုံးလုံးချည်း ဖေါ်ပြတတ်လှချေ၏။

အထင်သေးလွန်းသူကား အကောင်း မမြင်ယောင်ဆောင်၊ မကောင်းပေါင်ကိုသာ ဖေါ်ပြတတ်လှချေ၏။

ထိုသို့ အကောင်းနှင့်အဆိုး နှစ်မျိုးတွဲရှိလေရာ အထင်ကြီးသူသည် အဆိုးလှပ်၍ အကောင်းဘက်ချည်းဟပ်ပြလေရာ ပင့်တင်ခြင်း၊ မြှင့်တင်ခြင်းသာ ရှိသဖြင့် နဂိုနှင့်နဂိုင်းပုံတိုင်း အချိုးမကျဖြစ်သွားတတ်၏။ ထိုပုံကား ပိန်ရှည်ရှည်တည်း။

ထိုအခါ ငါတို့ဘဝ သရုပ်သကန်၏ သဏ္ဌာန်သည် ပုံမှန် မပေါ်ထွက်နိုင်ရာပြီ။

တစ်ဖန် အထင်သေး လေသူသည် အကောင်းနှဲ့၍ အဆိုးဘက်ချည့် ချဲ့ချဲ့ပြသထားချေရကား နှိမ့်ချခြင်း၊ ဖိချခြင်းသာ တင်းတင်းရှိသဖြင့် အလုံးနှင့်အရပ် မဟပ်မိဘဲ ရှိတတ်ချေ၏။ ထိုအခါ ငါတို့ဘဝ သရုပ်သကန်၏ သဏ္ဌာန်ကား ပုကွကွ အရွယ်အစားမျိုးကြောင့် ပုံမှန် မပေါ်ထွက်နိုင်ရာပြီ။

ထို အပင့်-အနှိပ် နှစ်ပါး ရှောင်ရှား၍ အလားအလားအတိုင်း ဖေါ်ပြခြင်းသည်သာ အလုံးနှင့်အရပ်လည်း ညီမျှရာ၏။ နဂိုနှင့်နဂိုင်းလည်း ပုံတိုင်းကျရာ၏။

ဤကား ငါတို့သိစေလိုသော ရည်ညွှန်းချက်များတည်း။

## ဆောင်လိုရာ ဆောင်၍ ရှောင်လိုရာ ရှောင်ရှားခဲ့ပါ

ဤစာစဉ်ကိုကား 'ဘဝကန္တာရ သင်္ကေတကထာ' ဟူ၍ ကင်ပွန်းတပ်၏။

ဘဝဟူသည်- ရုပ်ဓာတ်နာမ်ဓာတ်များ၏ ဖြစ်စဉ်တည်း။

ကန္တာရကား- ထိုဖြစ်စဉ်များကား ကိလေသာတို့ အကြားမှသာ တိုးဝင်ထွက်သွားခြင်းများပြုကျင့်ခွင့်ရချေရာ ခဲခက်သောခရီး လမ်းကြမ်းနှင့် တူလှသဖြင့် တင်စားထားသော ခရီးခဲလမ်းတည်း။

သင်္ကေတကထာကား- အချို့ကား သညာအမှတ်ဖြင့်၊ အချို့ကို သတိအမှတ်ဖြင့် စွဲကပ်ထားမိသော အခြေနေများကို စာထက် အက္ခရာအားဖြင့် မှတ်တမ်းတင်စကား ရေးသားထားရှိခြင်းတည်း။

အားလုံးပေါင်းသော် ခက်ခဲကြမ်းတမ်းလှသော ဘဝဖြစ်စဉ်၏ မှတ်တမ်းတင်စကား။

၄င်းတို့ကို လေ့လာရာ၌ အရွယ်ပိုင်းအလိုက် ဖြစ်ပွားခဲ့သော ကောင်းညဉ်ဆိုးညဉ်များ။ ထိုညဉ်သွားအလိုက် လိုက်လံကျင့်ကြံခြင်း စရိုက်။ ထိုညဉ်စရိုက်အလိုက် သိမ်းပိုက်ထားရာ ဝါသနာတို့ကို စာပေါ်ရှိကို မျက်စိဖြင့်ကြည့်သောအစား ထိုစာ၏နောက်ကွယ်ရှိ မြုပ်ကွက် သဘာဝတရားများကိုသာ ဉာဏ်မျက်စိ အလွှာသားဖြင့် ဉာဏ်ကစားစေလို၏။ သို့မှသာ-

ဤကားအကောင်း ဆောင်သင့်၏။ ဆောင်မည်။ အောင်ပြီ။

တစ်ဖန် ဤကားအဆိုး ရှောင်သင့်၏။ ရှောင်မည်။ အောင်ပြီ။

ထိုနှစ်ခု ခွဲခြားလျက်က စုခြင်းနှင့် ထုခြင်း

များကို ကြိုးစားနိုင်ရာ၏။

ထိုသို့ ကြိုးစားမှသာ ဤစာစဉ်၏ ဘာဝ စေလိုရာ ညွှန်းခွင့်ရချေမည်။

ထိုသို့ညွှန်းခွင့်ရမှသာ ငါတို့ ကြိုးစားရခြင်း၏ဘာဝ ပင်ပန်းကြိုးနပ်ရချေမည်။

ဂုဏ်တစ်ခုကို ဖေါ်ညွှန်းရာ၌ ထိုဂုဏ်ပုဒ်စကားကို ကြားသိလေသူ(ဖတ်သိလေသူ)တို့အတွက် တိုးတက်စေလိုခြင်း၊ တုယူအားကျစေလိုခြင်းများသည် သူတော်ကောင်းတိုင်း၏ ထားရှိသော စေတနာပင်တည်း။ တစ်ဖန် ဂုဏ်ပျက်တစ်ချက်ကို ဆက်လက်ညွှန်းရာ၌လည်း ထိုဂုဏ်ပျက်အလားကို ကြားသိလေသူ(ဖတ်မိလေသူ)တို့အတွက် ပယ်ဖျက်ခဲ့စေလိုခြင်း၊ သံဝေဂဖက်စေလိုခြင်း များသည်လည်း သူတော်ကောင်းတိုင်း ကြက်ခြေခတ်ထားများပြထားခဲ့သော စေတနာလက်ရင်းပင်တည်း။ မည်သည့်သူတော်ကောင်းမျှ မိမိဂုဏ်ထင်ပေါ်လိုခြင်း၊ မိမိကိုယ်မိမိ အပုပ်ချများ ရှိမည်မဟုတ်ချေပြီ။

အရက်သမားသည် အရက်ကိုကြိုက်၍ သောက်၏။ ထိုအကြိုက်ကား အမူး၏နောက်ကွယ်ရှိ မြင်ကွင်းကို ထိုးထွင်းလျက်က လင်းစေခြင်းငှာ မတတ်နိုင်ပြီ။ အဘယ်ကြောင့်ဆိုသော် ကိုယ်ပိုင်စိတ်မဟုတ်သဖြင့် အတွင်းသိ, သိခွင့်မရခြင်း၊ အပေါ်ယံကိုမျှမြင်သိခြင်း ကြောင့်ပင်တည်း။

သို့ကြောင့် ထိုအရက်သမားသည် အရက်ဘက်၏ ကောင်းမကောင်းကား သူမသိ။ မိမိအကြိုက်မိသဖြင့် ကြိုက်ကောင်း၍သာ အစွဲငြိစေပြီး အကောင်းထင်အမှတ်ဖြင့်သာသုံးနေ၏။ မကောင်းဟုဆိုကာသုံးသော အသုံးမျိုးကားမရှိ။ အရက်သမားမှမဟုတ် အားလုံးတို့သည်ပင် အကောင်းထင်ဖြင့် သူ့ရှိဘက် မှင်သက်နေကြခြင်းတည်း။ ထိုအရက်သမား၏ အကောင်းထင် မသိကြိုက်ကို အတွင်းရှိအတိုင်း နှိုက်ပြလိုသောအခါ အရက်သောက်ပြီးသူ၏ အရက်ခရီးလမ်း အတွေ့အကြုံစေ့စေ့စုံစုံ(မျက်မြင်အကျိုးပေါ်၏ နောက်ကွယ်ရှိ အတွင်းခံအကြောင်းတရားများ၊ ခေတ္တ အကျိုး ပေါ်၏ရှေ့နောက်ရှိ ရာသက်ပန်နလံမထူနိုင်သော အကြောင်းခံတရားများ)ကို အကုန်ပေါင်း၍ ကိုယ်တွေ့ဖြင့် ဇာတ်ကြောင်းလှန်ပြနိုင်က ထိုလက်တွေ့ကျသောတရား၊ အမှား၏အမှားတရား အတိုင်းသာလျှင်လက်ခံခြင်း၊ အသိဉာဏ်ပေါ်ထွန်းခြင်း၊ နောင်ရှောင်ရန်ကြိုးစားလိုခြင်းများ ဖြစ်ပွားစေနိုင်သည်။

အရက်သောက်ပြီးသူ၏ အရက်ဇစ်မြစ်ဖေါ်လှန်ပြခြင်းသည်-

- အရက်တရား ဗဟုသုတ အကြားရှိသူထက်ပို၍ ဂယနဏ ပြနိုင်သည်။
- အရက်တရား နာကြားသူတို့နား မြိန်ရည်ယှက်ရည်ဖြင့် နာကြားခွင့် ရစေနိုင်သည်။

သည့်အတူ သာလျှင် လောကီဇာတ်စုံ အနိဋ္ဌာရုံအခင်းတို့ကို အတွင်းကျကျ ခံစားခွင့်ရလေသူတို့၏ ကိုယ်တွေ့ဘဝမှရသော ဖြစ်ပျက်လုပ်ဇာတ်အတ္ထုပ္ပတ်များသည်လည်း အမှား-အမှန်ထင်လျက်က တွင်တွင်ကြီး အလိုက်မှားမိရာမှ ပေါ်လာသော မှုခင်းများသာ ဖြစ်ချေရကား သည်လိုလုပ်က သည်လိုဖြစ်သကိုး ဟူသော ကောင်းကျိုးဆိုးပြစ်များ လေ့လာသူတို့နား အသားကျ, ကျစေနိုင်၏။ ထိုသို့ အသားကျကျ၊ နား၀စွဲနစ်စေလိုခြင်းသည် ဤစာစဉ်၏ စကားသာ ဖြစ်ပါချေ၏။

သု၀ဏ္ဏသျှံသည် ငါတို့၏ ဦးစွာပထမ ပညာသင်ဌာနဖြစ်ခဲ့ဖူးသည်ဆို၏။ ထိုသု၀ဏ္ဏသျှံ၏(၀ပ်ဖရာ့သန္တိနိကာယ) မှာပင် ဤကျမ်းကို အဆုံးစီရင်ခဲ့သတည်း။

ဗဟာဓမ္မပါလ

## စကားပလ္လင်ဖုံး

၁။ ဥဋ္ဌေယျဓမ္မသာမီတိ နာမကံ၊
၂။ ထေရပါဒါန သင်္ကေတံ၊
၃။ သုတေသီနံ အပစ္စက္ခ၊
၄။ ဟိတာယ သုခ၀ါဟိနီ၊
၅။ ၀ေရမဏီ နာနုဂတာ၊
၆။ သမ္မာအသေသ သုရစိ၊
၇။ ဓမ္မကံ ဟာရံ ဟာရေန္တ၊
၈။ ဓါရံ ဓါရေန္တ လာမကံတိ ။

ဥဋ္ဌေယျဓမ္မသာမီတိနာမကံ-တောရဆောက်တည် မြန်ပြည်အရပ်ရပ် လှည့်ပတ်လျက်နေပါသောကြောင့် ၀နဝါသီဥဋ္ဌေယျဓမ္မသာမိ အမည်လျှင်ရှိပါသော၊ ထေရပါဒါနသင်္ကေတံ- သိက္ခာနွယ်ဝင်ထေရ်အရှင်၏ မှတ်တမ်းစာစဉ်ကို၊ အပစ္စက္ခသုတေသီနံ-နောက်နှောင်းနွယ်၏ သိက္ခာရှင်မည် သုတေသီတို့အား၊ သုခဝါဟိနီ-ကောင်းဆိုးနှစ်ခွင် သုတအမြင်ကိုဆောင်ချဉ်းပေးသဖြင့်၊ ဟိတာယ- အကျိုးတရား တိုးပွားစေခြင်းငှာလည်းကောင်း၊ ဝေရမဏီနာနုဂတာ- ရှောင်သင့်ရာရှောင်၊ ဆောင်သင့်ရာရာဆောင်သဖြင့်၊ ဟိတာယစ- အကျိုးတရား တိုးပွားစေခြင်းငှာလည်းကောင်း-

သမ္မာ- မကွယ်မထောင့် ဖြောင့်စွာ၊
အသေသံ- အကြွင်းမရှိ အစင်းသိ၊
သုရစိ- ကောင်းစွာ ပြုပြင်စီရင်အပ်ခဲ့ပါပြီ။

တံ-ထိုဘ၀ဖြစ်စဉ် ဇာတ်လမ်းခွင်ကို၊ တုမှေ- ဗဟုသုတ မိရစုံစေ့ လေ့လာလေ့ရှိကြပါကုန်သော နောက်နှောင်းနွယ်ဖွား သင်-သိက္ခာရှင်များတို့သည်-

ဟာရံ- ဆောင်သင့်ရာရာကို ၊ ဓမ္မကံ- တရားနှင့်လျော်စွာ၊ ဟာရေန္တ-စိတ်မှာလည်းဆောင် နှုတ်လည်းဆောင်လျက် လုပ်ဆောင်ကိုယ်တွေ့ ရလာဒ်စုံ အကုန်တွေ့သဖြင့် မွေ့ရစ်နိုင်ကြပါစေ။

ဝါရံပိ- ရှောင်သင့်ရာရာကိုလည်း၊ လာမကံ- ယုတ်မာအစု ညစ်ပတ်မှုဖြစ်သည် အားလျော်စွာ၊ ဓာရေန္တ- စိတ်မှလည်းရှောင် နှုတ်လည်းရှောင်လျက် ကိုယ်ရှောင်ဓလေ့ ပ,လပ်စုံ အကုန်ဝေ့သဖြင့် မေ့ပစ်နိုင်ကြပါစေ။

ဣတိ-ဤသည်လျှင်
ဘ၀ကန္တာရ သင်္ကေတ ကထာ၏
ပလ္လင်ဖုံးတည်း။

၁၃၅၆-ခုနှစ်၊
တပို့တွဲလပြည့်ကျော်(၁၄)ရက်၊ အင်္ဂါနေ့
သုဝဏ္ဏသျှံ ဝပ်ဖရာသန္တိ နိကာယ
မိုင်းပျဉ်း၊ တာကော်၊ ရှမ်းတောင်ပိုင်း

# မဟာဗောဓိမြိုင်ဆရာတော်သီတင်းသုံးတော်မူခဲ့သည့် ဂူဘုရားနှင့်ကျောင်းတော်များ



ဆရာတော် (၁၃)နှစ်သားတွင်
တရားအားထုတ်ခဲ့ရာဘုရားဂူ (မင်းကုန်း)



ဆရာတော်ကြီး ပရိယတ္တိစာပေသင်ယူခဲ့ရာ ရွှေဘိုမြို့ ဝေဠုဝန်ကျောင်း
(၁-၄-၁၉၉၇)

ဝေဠုဝန်ပါဠိတက္ကသိုလ်ကျောင်းတော်




ဆရာတော်သီတင်းသုံးခဲ့သော သင်္ဃန်းကျွန်းသာသနာ့ဗိမာန်ကျောင်းတော်
(ဘောက်ထော်)



# မဟာဗောဓိမြိုင်ဆရာတော် သီတင်းသုံးခဲ့ရာ စံကျောင်းတော်များ



သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင်ပေါ်မှ ဆရာတော်ဘုရားကြီးတရားကျင့်ရာဂူ



ရွှေကျောင်းကုန်းတောင် ဂူဝရှေ့တွင် သတိသမ္ပဇဉ်ဖြင့်



သာစည်- ရွှေကျောင်းကုန်းတောင်

## မဟာဗောဓိမြိုင်ဆရာတော် သီတင်းသုံးခဲ့ရာ စံကျောင်းတော်များ



ဇင်းကျိုက်ဂူပေါက်ရှေ့ ဖူးတွေ့ရစဉ်



ဇင်းကျိုက်- မင်းတစ်ရာ့တစ်ပါးဂူ



ဇင်းကျိုက်- မင်းတစ်ရာ့တစ်ပါးတောင် ဂူကျောင်း

မဟာဓမ္မပါလ

# မဟာဗောဓိမြိုင်ဆရာတော် သီတင်းသုံးခဲ့ရာ စံကျောင်းတော်များ



မှော်ဘီဖူးကြီး-သံသုမာရတောင်
ဥဩယျမလ္လာတိုင်နန်းမြို့ပိုင် တံခွန်တိုင်



စစ်ကိုင်းအရှေ့ပရက္ကမဂူပေါက်ဝရှေ့
ဆွမ်းခံကြွစဉ် အပူးမြော်ခံဝင်

# ပျဉ်းမနားလက်လုပ်တောင်

ပျဉ်းမနား လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်မြတ်ကြီး (၁၃၅၃-ခုနှစ်)







တောဓိပင်များနှင့်တောဓိမဏ္ဍိုင်ကျောင်းအဝေးမြင်ကွင်း



ဆရာတော်ဘုရားကြီး၏တောဓိမဏ္ဍိုင်ကျောင်းတော်အနီးမြင်ကွင်း



ဓမ္မမဏ္ဍိုင်ကျောင်းတော်

မဟာဓမ္မပါလ

# ဘုန်းတော်ပြည့်တောင်ပေါ်ရှိ စံကျောင်းတော်များ



ဘုန်းတော်ပြည့်ဓမ္မာရုံ (ဘုန်းတော်ပြည့်တောင်တော်)



ရှမ်းပြည်အရှေ့ပိုင်း၊ သုဝဏ္ဏသျှမ်တောင်ရှိ
ဆရာတော်သီတင်းသုံးရာ မူလ သန္တိသုခစံကျောင်း



ပြုပြင်ပြီး-သန္တိသုခစံကျောင်း (ဘုန်းတော်ပြည့်တောင်တော်)



မြတ်မွန်ရတနာ စံကျောင်းတော်

ဝပ်ဖရာ့သင်္ကိနိကာယ ကျောင်းတော် (မဟာဇေတမိမြိုင်စံကျောင်း)



မိုင်းပြင်းမြို့နယ် သုဝဏ္ဏာသျှမ်တောင် အနီးမြင်ကွင်း



ပင်လယ်ရေမျက်နှာပြင်(၆၀၂၂)ပေရှိ သုဝဏ္ဏာသျှမ်တောင်ထိပ်မြင်ကွင်း



# တောရတည်ရာ တောင်နေရာနှင့် စံကျောင်းတော်များ





ကျေးဇူးတော်ရှင် မဟာစောစိမြိုင် ဆရာတော်ဘုရားကြီး (၂၀)ဝါမြောက် ဝါဆိုရာ
မြင်နီးလှင်မြို့နယ်၊ ဒီးဒုတ်ဂအနီးရှိ ဝေဒလကျောင်းတော်

နတ်တလူရောက်စ စံကျောင်းတော်

ဝါ(၂၀)မြောက် ဝါဆိုသီတင်းသုံးရာ ဒီးဒုတ်ဂူအနီးရှိ ဝေဒလ္လကျောင်းတော်



ကျေးဇူးတော်ရှင် မဟာစောစိမြိုင် ဆရာတော်ဘုရားကြီး ဒီးဒုတ်ဂူအနီးရှိ
ဝေဒလ္လကျောင်းတော် ဆောက်လုပ်ပြီးစင် ဝေဠုသီတင်းသုံးရာ
ယာယီတဲဆောင်



ဒီးဒုတ်တောရ ယာယီသီတင်းသုံးရာကျောင်း



ကျောက်ထီးတောင်(စဥ့်ကိုင်မြို့)

မဟာဓမ္မပါလ

## သီတင်းသုံးခဲ့ရာကျောင်းတော်နှင့်ကျောက်ဂူများ





(၇၂)ရက် သီတင်းသုံးရာ ပုလဲမြို့နယ်ကန်ဒေါင့်ရွာအနောက် ဝါးသုံးရုံသစ်တောစခန်းရှိ နေ့ချင်းပြီးကျောင်း



မဇ္ဈိမဓမ္မမဟာနိဂူ (လယ်ဓမ္မရွာ)



မဇ္ဈိမဓမ္မမဟာနိ ဂူတွင်းမြင်ကွင်း (လယ်ဓမ္မရွာ)



(၂၁)ဝါမြောက် ဝါဆိုသီတင်းသုံးရာ မဇ္ဈိမဓမ္မမဟာနိဂူရှိ ကျောင်းတော်

## စကားရွာ မောနေယျတောတွင်းရှိ စံကျောင်းတော်များ






ခေတ္တသီတင်းသုံးရာ ပုံတောင်ပုံညာချောင်းဘေးမှ ဆရာတော်စံကျောင်း



ပုံတောင်ပုံညာတောထဲက အဝေးမြင်ကွင်းကျောင်းကလေး



ပုံတောင်ပုံညာတောထဲက အနီးမြင်ကွင်းကျောင်းကလေး





ပုံတောင်ပုံညာတောကြီးထဲက ဆရာတော်ဘုရားကြီး၏ စံကျောင်းတော်

(၂၄)ဝါမြောက်ဝါဆိုသီတင်းသုံးရာ ပုလဲမြို့နယ်၊ ကျော်တောရွာအနီးရှိ စံရိပ်ငြိမ် ကျောင်းတော်


ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး (၂၄)ဝါမြောက် ဝါဆိုရာ


ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး (၂၄)ဝါမြောက် ဝါဆိုရာ
ပုလဲမြို့နယ်၊ ကျော်တောရွာအနီးရှိ စံရိပ်ငြိမ် ကျောင်းတော်

ပုံတောင်ပုံညာတောကြီးထဲက ဆရာတော်ဘုရားကြီး၏ စံကျောင်းတော်






ပုံတောင်ပုံညာတောကြီးထဲက ဆရာတော်ဘုရားကြီးအား ဖူးမြော်ရန် လာရောက်ကြသူများ





တန်းစီညီညာ ဆရာတော်ဘုရားထံ

## မဟာမြိုင်တောကြီးအတွင်းမှ စံကျောင်းတော်များ





မူလခေါင်နန်းပလ္လင်ကျောင်းတော်နှင့် အသစ်ပြန်လည်ဆောက်လုပ်ပြီးကျောင်းတော်





မဟာဗောဓိမြိုင်ဆရာတော်သီတင်းသုံးတော်မူသော
အကျွတ်အလွတ်ကျောင်းတော် အနီးအဝေးမြင်ကွင်း

# ရုပ်တော်အသွင်ပြောင်း ပုံတော်အပေါင်း



ရွှေကျောင်းကုန်းတောင် ဂူပေါက်ရှေ့တွင် အပူဇော်ခံစဉ် (၁၃၄၂-ခုနှစ်)



ရွှေကျောင်းကုန်းတောင်တွင်
သံဃာတော်များအား ဂါရဝပြုနေစဉ် (၁၃၅၄-ခုနှစ်)



ကျောက်ခမောက်ဂူရှေ့တွင် သီတင်းသုံးစဉ်



ဇင်းကျိုက်တောင်တွင် သီတင်းသုံးစဉ်

# လက်လုပ်တောင်မှ ပုံတော်များ



လက်လုပ်တောင်ကျောင်းတော်တွင်

လက်လုပ်တောင်ဆီသို့ ဆွမ်းခံကြွအပြန်





ပျဉ်းမနားတွင် ဆွမ်းခံကြွစဉ်



ပျဉ်းမနားတွင်
ဆွမ်းလောင်းလှူကြစဉ်

# ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော် မိုင်းပြင်းမြို့နယ် သုဝဏ္ဏသျှမ်တောင်တွင်သီတင်းသုံးစဉ် ပုံရိပ်များ



ဘုန်းတော်ပြည့်တောင်တွင် မှတ်တမ်းတင်



သုဝဏ္ဏသျှမ် သတိကာရံလျက်



မဟာဗောဓိမြိုင်ကျောင်းဝင်းအတွင်း




သန္တိသုခကျောင်းတော်ရှေ့



မဟာဗောဓိမြိုင်ကျောင်းဝင်းအတွင်း





မဟာဗောဓိမြိုင်ကျောင်းဝင်း

## အနုမောဒနာတရား မြွက်ကြားစဉ်



မင်းဘိသိက်ခံ
ဓမ္မာရုံတွင်





ဒီးဒုတ်တောရ ယာယီစံကျောင်းအတွင်း အဖူးမြော်ခံစဉ်



ဝေဠုဝန်စခန်းမှကျောက်ထီးသို့ကြွစဉ်မှတ်တမ်းတင်ပုံ(ဖားအန်း-ကော့ကရိတ်နယ်)(၁)





ဝေဠုဝန်စခန်းမှ ကျောက်ထီးသို့ ကြွစဉ်

မဟာဓမ္မပါလ

# မှတ်တမ်းတော်တင် ပုံရိပ်သွင်



မောနေယျတောမှ ဆွမ်းခံကြွအပြန်



စကားရှာတွင် တရားချီးမြှင့်စဉ်




မဇ္ဈိမဓမ္မမောနီဂူတွင် တရားချီးမြှင့်စဉ်



ပဋိပတ်ကျောင်းအနီး အပူဇော်ခံပုံ



ပဋိပတ်ကျောင်းအနီး

# ပုံတောင်ပုံညာဒေသ အမှတ်တရပုံရိပ်များ



စံရိပ်ငြိမ်မှ ဆွမ်းလောင်းရုံသို့



သံကင်းတံတားထက် လျှပ်တပြက်



၁၃၆၄-ခု၊ တာကူးလ၏အကြိုနေ့
သန္တိနိကေတံမမှာရုံ ရေစက်ချပွဲ



ပဋိပတ်ကျောင်းအထက်ပိုင်း...ချောင်းဘေးတွင်အပူဇော်ခံစဉ်



ကျော်တောရွာ စံရိပ်ငြိမ်ကျောင်းပေါ်တွင် ကျမ်းစာပြုစုစဉ်

ပုံတောင်ပုံညာတောကြီးအတွင်းဝယ်



အခြေရှုပ်ခတ် နွယ်ရစ်ပတ် ဘ၀ (စံရိပ်ငြိမ်ကျောင်းအနီး)



စံရိပ်ငြိမ်ကျောင်းဘေး စကြံန်ကြွနေစဉ်





အရှုပ်တွေကြားက ဒို့ဘ၀

မဟာဓမ္မပါလ

## ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ အမှတ်တရ ပုံရိပ်များ





မဟာမြိုင်ကျောင်းဝင်းအတွင်း



မဟာမြိုင် အကျွတ်အလွတ်ကျောင်းပေါ်တွင်



မဟာမြိုင်တည်ဆောက်ရေးကြီးကြပ်ပြီး နားနေစဉ်



မဟာမြိုင် အကျွတ်အလွတ်ကျောင်းပေါ်တွင် အမှုးမြော်ခံစဉ်

# ပြတ်ကျန်နေခဲ့သော အပိုင်းအစများ

## ထေရုပ္ပတ္တိကထာ၏ နောက်ဆက်တွဲ

မဟာဗုဒ္ဓဝါဒ



## မဟာဗောဓိမြိုင်

ငါတို့ဘဝဖြစ်စဉ်ကို မှတ်တမ်းတင်ခဲ့ရာ၌-မွေးသည့် ၁၃၀၃-ခုနှစ် မှနေ ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်နေ့တိုင်အောင်သာ မှတ်တမ်းတင်နိုင်ခဲ့သေး၏။ ထိုနေ့မှာပင် သုဝဏ္ဏသျှံတောင်ပေါ်ကနေ ဟေ့ဟောင်နှင့်နီးစပ်ပြီး အများသွားလာရန် လွယ်ကူစေသည့် ဘုန်းတော်ပြည့်စခန်းသို့ ဆင်းခဲ့ရ၏။

ဘုန်းတော်ပြည့်တွင်ကား တာကူးလပြည့်အထိ (၂)လနေပေးပြီး အဝေးအနီးတို့မှ လာသမျှတို့အားအဖူးတွေ့ခဲ့၏။ အထူးသဖြင့် ရန်ကုန်-သာစည်-ပျဉ်းမနားမှ ပရိတ်သတ်များ လာရောက်ကြ၏။ ယင်းတို့ကား ငါတို့နေခဲ့ရာဒေသများပင်။ တစ်ဖန်- တောင်ကြီးမှ ကျိုင်းတုံ အတွင်းနေများလည်းလာကြ ၏။ ယင်းတို့ကား ယခုနေထိုင်ရာ၏ အဝန်းအဝိုင်းပင်။ ဤ အဝန်းအဝိုင်းမှ ပရိတ်သတ်များတွင်-

ဗုဒ္ဓဘာသာဖြစ်ပြီးသော ရှမ်း,ပလောင်များလည်းပါ၏။

ဗုဒ္ဓဘာသာမဖြစ်သေးသော လားဟူ, လီရှောများလည်းပါ၏။

သူတို့သည် ဗုဒ္ဓဘာသာ မဖြစ်သေးသော်လည်း ဗုဒ္ဓဘာသာနှင့် နီးစပ်၏။ မူရင်းကပင် ဗုဒ္ဓဘာသာမှ ဆင်းသက်လာသူများ ဖြစ်ကြ၏။ သည်အထဲ-

လားဟူဘုရားပွင့်တော့မည်။

ဝိညာဉ်ချည်နှင့် မီးပူဇော်ရန် ပျားဖယောင်းများ အဆင်သင့်ထားကြပါ။

## နမော တေ ဗုဒ္ဓ ဝီရတ္ထု

ကာလဝယာနုသာရေန၊ ဘဝေါဃဝတိ အမှေသု။

တသ္မာယမှာ ဇက်ခဏ္ဍံ၊ တမှာဝါ ဘဝေကဒေသံ။

တေသံ ခေါ သမောဒါနန္တော၊ ဘဝုပ္ပါဒေါ ပူရိသတိ။

အမှေသု- ငါတို့၌-

ကာလဝယာနုသာရေန- အချိန်နှင့် အရွယ်ပိုင်း လိုက်လျက်က၊ ဘဝေါ- ဖြစ်စဉ်ကြီးကား၊ ဝဝတိ- ရွေ့လျားနေ၏။

တသ္မာ- သည်သို့ အရွယ်ကာလ နှစ်ဌာနသို့လိုက်၍ ရွေ့လျားနေပါသောကြောင့်၊

ယမှာ- ယင်းနေရာမှာ၊ ဇက်ခဏ္ဍံ- ဘဝတစ်မျိုး, အပြတစ်မျိုး၊

တမှာဝါ- ထိုနေရာကျလျှင်ကား၊ ဘဝဒေသံ- ဘဝအရိပ်ပုံတစ်စိတ်၊ ခေါ- စင်စစ်၊ တေသံ- ထိုအချိုးအစိပ်အားလုံးတို့ကို

သမောဒါနန္တော- စုပေါင်းပေးနိုင်သော်ကား ၊ အမှာကံ-ငါတို့၏၊ ဘဝုပ္ပါဒေါ- ဘဝဖြစ်စဉ်သည်၊ ပူရိသတိ- ပြည့်စုံပေလိမ့်တကား။

မဟာဓမ္မပါလ



ဤ တပေါင်က ငါတို့မလာမီ ၁၃၅၅-ခုနစ် ဝါတွင်းဆီကပင် လားဟူကလေးငယ်လေး ပါးစပ်ဖျားကတစ်ဆင့် လွင့်နေနှင့်ရာ ငါတို့လာချိန်တွင်ကား- လားဟူရော လီရှောပါ ဝိုင်းစုလာကြပြီ။

သူတို့သည် လာရောက်ဆုတောင်းကြ၏။ ဆုမှာ လိုရင်းတိုရှင်းလှ၏။

ငါတို့ကျန်းမာချင်တယ်၊ ငါတို့နွားတွေကျန်းမာစေချင်တယ် မျှသာ။

အားလုံးထပ်တူ။ အချို့ကဆို ငါလည်း ရှေ့ကလူတွေအတိုင်းပဲ ဟူ၏။

သူတို့သည် လာရောက်လှူကြ၏။ အလှူမှာ သူတို့စိုက်ပျိုးထားရာမှထွက်သော ပိန်းဥ၊ ယာဆန်နှင့် ပျားဖယောင်းများသာ အားလုံးထပ်တူ။

တာကူးလပြည့်သော် သုဝဏ္ဏသျှံတောင်ပေါ်သို့ တက်လာခဲ့ပြီး ထိုသုဝဏ္ဏသျှံတောင်ရှိ လွိုင်ပန့်သံတောင်၏ဘေး ချောင်ကျရာလေးဝယ် အလျား ၁၂ပေ၊ အနံ ၇ပေမျှသာ ကျယ်သောတဲလေးဖြင့် ဝါဆို၏။ အမည်ကို 'ဗောဓိမြိုင်' ပေးရာမှ 'မဟာဗောဓိမြိုင်' ဖြစ်လာ၏။

တိုနေရာသည် လီရှောသင်္ချိုင်းနေရာ လီရှောရွာဟောင်းအနီးဖြစ်နေ၍ သင်္ချိုင်းအားနန့်နှိမ်သောအားဖြင့် ဗောဓိမြိုင် အမည်ပေးထားခြင်းဖြစ်၏။

ထိုမှနေ၍ ဝါမဆိုမီ တောတွင်း တောင်ခြေရှမ်းနှင့်လားဟူ,လီရှောရွာများဆင်း ဆွမ်းခံပြီး၊ ဝါဆိုပြီးသည်နှင့် ကားလမ်းပေါ်ရှိ ဟွေဟင်ရှမ်းရွာအထိ ဆွမ်းခံရရာ-

မြေများက အအေးဓာတ်လွန်ကဲခြင်း၊ ရွာသောမိုးရေများကလည်း အအေးဓာတ်လွန်ကဲ၊ သည်အထဲဆွမ်းခံသွားရာတွင် ငါတို့က ထီး, ဖိနပ် မဆောင်သဖြင့် ဝါမဆိုမီကပင်စတင်ကာ ခြေလက်များယောင်ဖေါလာတော့သည်။ နောက် သွေးကြောပိတ် ရောဂါပါ ဖြစ်ပွားလာတော့သည်။ သို့ကြောင့် ဆွမ်းခံမဆင်းနိုင်တော့ရာ ဟွေဟင်ရွာက တက်လှူကြ၏။ ဆေးကုသပေးကြ၏။ နောက်သော် ကာလိ၊ ကွန်ဟိန်း တို့က လာရောက်ကုသပေးကြ၏။

ဝါကျွတ်သောအခါ ရန်ကုန်မှလည်း လာရောက်ပြုစု ကုသကြ၏။ သာစည်နှင့်မိတ္ထီလာ စစ်ဆေးရုံကြီးမှလည်း လာရောက်ပြုစုကုသကြ၏။ သို့သော် သက်သာရုံမျှသာရှိ၏။ ဒဏ်ပြင်းလှ၍ ရှင်းရှင်းမပျောက်။ သည်အထဲသီတင်းကျွတ် လောက်တွင် လားဟူ(၂၆)ရွာမှ ရွာလုံးကျွတ် လူအများ တောတွင်းတစ်နေရာတွင် စုဝေးကာ လားဟူဗုဒ္ဓဘာသာအမည်ခံပွဲကြီး သုံးရက်တိုင်တိုင် ကျင်းပကြကြောင်း သတင်းကောင်း ကြားသိရ၏။

ယင်းသတင်း ရန်ကုန်ကလည်းကြားသိသွားရာ ကြားသိသူထိုဒကာက လားဟူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုလိုကြောင်း ငါတို့အားလာရောက်လျှောက်ထားရာ နှုတ်လွယ်လွန်းလှသောငါတို့က "ကောင်းသားပဲ" ပြောမိရာ တပေါင်းလပြည့်၌ လားဟူလီရှော ဗုဒ္ဓဘာသာခံယူပွဲကြီး ကျင်းပရန် ငါတို့ကိုယ်တိုင်ပြင်ဆင်ရတော့သည်။

ထိုပွဲ ပြင်ဆင်ရန်အတွက် ရန်ကုန်၊ ပျဉ်းမနား၊ သာစည်တို့မှ တစ်လကြိုတင်လာကြရာ

၁။ ရန်ကုန်မှ (၅)ဦး (ဦးပု ဦးဆောင်၍)

၂။ ပျဉ်းမနားမှ (၁၀)ဦး (ဦးလှဒင် ဦးဆောင်)

၃။ သာစည်မှ (၁၀)ဦး (ဦးငွေ ဦးဆောင်)

ပေါင်း (၂၅) ဦး။

ယင်းတို့ရောက်သည်နှင့် ငါတို့လည်း တောင်ပေါ်မှဆင်းခဲ့ရ၏။ ဆင်းပြီးသော် ပွဲအတွက် မဏ္ဍပ်စသည်များ ကြီးကြပ်လုပ်ကိုင်ကြရန် ၄င်းတို့အားတာဝန်ပေး။ မည်သူမျှမယူကြ။ သို့ကြောင့် ငါတို့ပင် ဝင်ပေးရ၏။ တပို့တွဲလပြည့်မှ တပေါင်းလပြည့်အထိ တစ်လတိုင်တိုင်-

မဟာစမူပါလ



နံနက်လင်းသည်နှင့် နေရာမှ တောင်ဝှေး ထောက် ဆင်းခဲ့ရ၏။

ညနေမိုးချုပ်လေမှ မိမိကျောင်း ပြန်တက် ခဲ့ရ ၏။ ထိုတစ်လအတွင်း-

၁၁×၁၂ ပင် (ပေ၁၀၀-ပတ်လည်) မဏ္ဍပ် ကြီး ဦးစီးဆောက်ပေးရ၏။ သည့်နောက် ထမင်း ကျွေးရုံ၊ အချိုပွဲကျွေးရုံ၊ ပြန်ကြားရေးမဏ္ဍပ်၊ ဆေးခန်းနှင့်စာအုပ်ဆိုင်၊ သောက်ရေအိုးစင် မှနေ အိမ်သာများအထိ ပါဝင်ကြီးကြပ်ပေးရ၏။

၁၃၅၇-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ကျင်းပသည့် လားဟူ့,လီရှော ဗုဒ္ဓဘာသာခံယူပွဲကြီး ကား ကြီးကျယ်ခမ်းနားလှပါ၏။ ထိုနှင့်အတူ အခက် အခဲ အတားအဆီးများစွာနှင့်လည်း ရင်ဆိုင်ရ၏။

အစက လူသုံးထောင်ကျော်ဆန္ဒပြုထား သော်လည်း တကယ်ကျ နှစ်ထောင်ကျော်မျှသာ လာရဲကြတော့၏။ အစက လားဟူရွာပေါင်း(၂၆) အထိ၊ ယခုလာသောအခါ လားဟူ(၂၂)သာ၊ လီရှော(၄)ရွာနှင့်ပေါင်းမှ(၂၆)ရွာ။

အချို့ရွာ ပြည်သူ့စစ်များက ရုံးထိုင်၊ အချို့ရွာ ပြည်သူ့စစ်များက လူဆင့်ခေါ်ထား၍။ တစ်ဖန် ပြည်သူ့စစ်အဖွဲ့ထဲမှ ဗုဒ္ဓဘာသာခံယူသူများလည်း အထုတ်ခံကြရ၏။

သည်မျှအခက်အခဲပြီးနောက် အားတက်စရာ များလည်းနောက်ကလိုက်လာ၏။ ယင်းမှာ-

၁။ နိုင်ငံတော်ကိုယ်စား ဓမ္မာစရိယဦးဌေးလှိုင် လာရောက်အားပေး၏။ ယင်းနှင့်အတူ မြဝတီ ရုပ်သံမှ ဗိုလ်မှူးမြသန်းစံနှင့် အဖွဲ့ဝင်(၄)ဦး ပါလာကြ၏။(၂)ဦးက ကင်မရာမင်း၊ (၂)ဦးက ဇာတ်လမ်းတာဝန်ခံ၊ ထုတ်လုပ်ရေးတာဝန်ခံများ။

၂။ တောင်ကြီးမှ ဒု-တိုင်းမှူး ဗိုလ်မှူးကြီးမြင့်သိန်း နှင့်အဖွဲ့ လာရောက်အားပေး၏။

၃။ ကျိုင်းတုံမှ အတွင်းရေးမှူး ဒု-ဗိုလ်မှူးကြီး ဝင်းဟန်နှင့်အဖွဲ့ လာရောက်အားပေး၏။

ရန်ကုန်၊ ပျဉ်းမနား၊ သာစည်တို့မှ လူစုံ တက်စုံ အကုန်လာရောက် အားပေးကြ၏။ နီးရာမှ ရှမ်း,ပလောင်,အခါ စသည့်တိုင်းရင်းသားများလည်း လာရောက်အားပေးကြ၏။

အားလုံးလူပေါင်း နှစ်သောင်းကျော်ကျော်ခန့် မှန်းကြ၏။

အကျွေးအမွေးများလည်းစုံလှ၏။ ထမင်းနှင့် ဟင်း(၅)မျိုးကနေ မုန့်မျိုးစုံအထိ။

နှစ်ထောင်ကျော်ကျော် ဗုဒ္ဓဘာသာဝင် လားဟူလီရှော မိသားစုများ အတွက်-

ကျိုင်းတုံတာဝန်ခံများမှ အဝတ်အထည်မျိုးစုံ ဝေငှ၏။

တောင်ကြီးတာဝန်ခံများမှ ဆန်များအလုံ အလောက် ဝေငှ၏။

ရန်ကုန်မှ ငါးခြောက်၊ ပုဇွန်ခြောက်များ လားဟူအထိမ်းအမှတ်ရင်ထိုး အစေ့အငှ၊ လီရှော အထိမ်းအမှတ်ရင်ထိုးအစေ့အငှ။ ငါတို့ပုံတော်များ ငါတို့ရေးသားပေးသော လားဟူ-လီရှော ဗုဒ္ဓဘာသာ သင်ခန်းစာ နှစ်အုပ်ကို အားလုံးတို့ကို အစေ့အငှ ဝေငှကြ၏။

ဘာသာခံယူပွဲကြီးကား အောင်မြင်စွာပြီးဆုံး သွားပြီ။ ယင်းသည် ရှေးခေတ်တောင်ငူမှ ခရစ်ယာန် ကနေ ဗုဒ္ဓဘာသာကူးပြောင်းကြသူ ခုနှစ်ထောင် အပြီး ယခုဤခေတ်မှာ ဤပွဲကြီးက အကြီးကျယ်ဆုံး ဆို၏။ သည်ခေတ်တွင် သည်လောက် ကြီးကျယ် ခမ်းနားသော ဘာသာခံယူပွဲမရှိသေးဆို၏။ ပီတိ ဖြစ်မိ၏။

မဟာဗောဓိပါလ



## သူတို့မှာတော့အသာ ငါ့မှာတော့အနာ

ပွဲပြီးသည်နှင့် အားလုံးပြန်သွားကြလေပြီ။ ငါတို့မှာကား အနားယူစရာ အားကိုးမရှိ။ ဆွမ်းခွက် ကပ်မည့်သူမရှိ။ သို့ကြောင့် ဆွမ်းခံထွက်ရ၏။ ထွက် တိုင်း ညာဘက်ခြေမက ပေါက်လာ၏။ ကြာသော် ခြေမအလယ်တည့်တည့် အခေါင်းဖြစ်လာ၏။ ဆေးသိပ်, ပြန်ထွက် ပေါက်မြဲ။

သို့ဖြင့်ပင် တာကူးလပြည့်နေ့ရောက်သော အခါ တောင်ပေါ်သို့ပြန်တက်ခဲ့ရာ ပေါက်နေသော ထိုခြေမ တောင်တက်ဝယ် ကျောက်များနှင့်မပွတ် တိုက်မိစေရန်ဆိုကာ ပလာစတာဖြင့်ပတ်၍ တက်ခဲ့ ၏။

တောင်ပေါ် မဟာဗောဓိမြိုင်ရောက်၍ ဖြေသောအခါ သွေးအဆိပ်ဖြစ်နေပြီး သွေးများ သည် မဲတူးရောင်ပြနေ၏။ ပျစ်ခဲခဲဖြစ်နေ၏။

ညပိုင်းရောက်သောအခါ စပ်ဖျဉ်းဖျဉ်း နာလာ၏။ နောက်တစ်ရက်တွင်ကား ထိုခြေမကြီး အခြေအနေပျက်သွားပြီ။ အမဲရောင်လည်း လက်လက်တောက်နေပြီ။

ထိုသတင်း ကာလိတိုက်နယ်ဆေးရုံကြီးမှ ဒေါက်တာတင်ဌေးကြားသိသွားရာ နောက်ပါတပည့် တစ်ဦးနှင့်အတူ ချက်ချင်းတက်လာပြီး ၂၄-နာရီလုံး လုံး တစ်နာရီတစ်ကြိမ်နှုန်း ဆေးထိုး၏။ တစ်ကြိမ် လျှင်တစ်ဘက်ကျခြေနှစ်ဘက်၊ လက်နှစ်ဘက်တို့ကို နေရာပြောင်း၍ဆေးထိုး၏။ ရေးနွေးအိတ်တင်ပေး ၏။ ဒေါက်တာက လာလာချင်း တဲပေါက်ဝမှ ရပ်၍ ဒုတ်ထိုးအိုးပေါက်သမားပီပီ-

"အရှင်ဘုရား အနာက တစ်ပတ်အတွင်း သေမယ့်အနာဘုရာ့" လျှောက်၏။

ငါတို့ကလည်း "တစ်ပတ်အတွင်းထိ ဒုက္ခခံ နေရဦးမှာလား" ပြန်မေးလိုက်၏။

နှစ်ရက်သုံးရက်မျှ ဆေးဖိပြီးမှ တဖြည်းဖြည်း နာရီခြားပေး၏။ တစ်ပတ်မျှကြာ၏။ ထိုအတွင်း မိတ္ထီလာစစ်ဆေးရုံအုပ်ကြီး ဒုတိယဗိုလ်မှူးကြီး လွင်ကိုလည်း ရောက်လာ၏။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးက အလုပ် သမားအရာရှိ ဦးသောင်းညွှန့်လည်း ဓာတ်ရောင် ခြည်ဌာနမှ ပါရဂူကြီးဒေါက်တာစိုးမြင့်လှူလိုက် သော ဆေးများနှင့်အတူရောက်လာ၏။

တစ်ဖန် ဒေါက်တာတင်ဌေးနှင့် တပည့် က လည်း ဖြတ်တောက်ကရိယာများနှင့်ရောက်လာ၏။

ထိုစဉ် 'လားဟူဘုရားပင့်သွားတော့မလို့တဲ့' ထိုသတင်း တစ်တောင်လုံးပျံ့သွာချေပြီ။

ဘယ်ကနေ,ဘယ်သူက လွှင့်လိုက်သည် မသိ။ တောင်ပေါ်နေ လားဟူများ (တောင်အောက် သို့ ခြေလျင်ဆင်းလာသော ငါတို့နှင့် မရွေးမနှောင်း မှာပင်) ကလေးရောလူကြီးရော အဖိုးအဖွားများပါ မကျန် အကုန်ဆင်းလာကြပြီး ငါတို့ရောက်ရှိနေ သော ဘုန်းတော်ပြည့်တဝိုက် ဝိုင်းထားပြီးသားဖြစ် သွားပြီ။ ထိုအချိန်တွင်-

- ဦးသောင်းညွှန့်ကလည်း တောင်ကြီးပင့်ရန် ကားအဆင်သင့်နှင့်။
- မိတ္ထီလာစစ်ဆေးရုံအုပ်ကြီးကလည်း တောင်ကြီး ပင့်ရန် ကားအဆင်သင့်နှင့်။
- ဒေါက်တာတင်ဌေးဆရာတပည့်ကလည်း ခြေမ ဖြတ်တောက်ရန် အဆင်သင့်နှင့်။

အဆင်သုံးသင့် ဆင့်လျက်နေချိန်ဖြစ်ရာ လားဟူထုကြီးကား မျက်တောင်မခတ်ကြ။

-တောင်ကြီးပင့်ဆောင်ရေးများက အတင်း လျှောက်နေကြဆဲ။

-ဒေါက်တာတင်ဌေးကား ခြေမက ပုံမှန်သွေး ထွက်နေသည်ကိုကြည့်၍ မဖြတ်တော့။

ဗဟာစမ္မပါလ



-ငါတို့ကား တောင်ကြီးရောက် ပိုရှုပ်မည် ဖြစ်၍ ငြင်းပယ်။

ထို ငါတို့ငြင်းပယ်နေသော စကားဖြင့်ပင် ဒေါက်တာတင်ငွေက လားဟူလူထုကြီးကို-

"ဆရာတော်မကြွပါ။ စိတ်ချချပြန်ကြပါ" နှစ်သိမ့်၏။

ဒေါက်တာတင်ငွေ၏စကားကြောင့် ပြန်သူလည်း ပြန်သွားကြ၏။ မပြန်သူလည်းအများအပြားရှိ၏။ ယင်းတို့ကား အပြန်ပြ၍ ကွယ်ရာချုံများမှာ နေကြ၏။

ထိုဘုန်းတော်ပြည့်မှာလည်း ဒေါက်တာတင်ငွေနှင့်တပည့်က အချိန်ပြည့်တာဝန်ယူ ကုသ၏။ မိတ္ထီလာစစ်ဆေးရုံကြီးမှ ဆေးမှူးလည်း အချိန်ပြည့် တာဝန်ယူကုသပေး၏။ စစ်ဆေးရုံအုပ်ကြီး ဒု-ဗိုလ်မှူးကြီးလွင်ကိုက မကြာမကြာ ပြေးလာကြည့်၏။ သို့ဖြင့် သက်သာပျောက်ကင်းသွားရာ ဝါမဆိုမီ မဟာဗောဓိမြိုင် တက်ခဲ့၏။

ဝါဆိုအပြီးတွင် ပျဉ်းမနားမှ အလယ်တန်း လက်ထောက်ကျောင်းအုပ်ကြီးဦးသန်းဝေ လာရောက်ပြုစုပေးနေ၍ ဆွမ်းခံမထွက်ရတော့။ ထိုအချိန် ငါတို့ အခိဋ္ဌာန်၏။

သည်ဝါတွင်း ရောဂါကင်းကင်းနှင့်တရားအားထုတ်ရက ဤဒေသ၌ဆက်နေမည်။ ရောဂါတစ်ခုခု အပြင်းအထန်ပေါ်က နောက်ဝါ သည်မှာ ဆက်မနေ။

မကြာပါ ဝါလယ်လောက်တွင် အရောင်အဖေါ်ရောဂါ ဖြစ်ပွားလာချေပြီ။

အခိဋ္ဌာန်အောင်ပြီ။

သို့ကြောင့် ဤသုဝဏ္ဏသျှံဒေသမှ နောက်နှစ် ဝါမဆိုမီ ပြောင်းရန် ဆုံးဖြတ်လိုက်သည်။

## ဘုရားမဲ့ သူတို့လေးတွေ အားနွဲ့နေမလားပဲ

သီတင်းကျွတ်ပြီးနောက်တွင်ကား-

ငါတို့အားကိုးဖြင့် ဗုဒ္ဓဘာသာခံယူထားကြသော လားဟူ့လီရှောလေးများကို သည်အတိုင်းပစ်ထားခဲ့၍ မသင့်ဆိုသောအတွေး ဝင်လာ၏။ ထိုနှင့်အတူ-

-လောကီမျက်လုံး၊ လောကုတ္တရာမျက်လုံး နှစ်လုံး။

-စီးပွားရေးနား ဘာသာရေးနား နှစ်ဖက်။

သည်သို့ နား-မျက်လုံးများ တပ်ဆင်ပေးရကောင်းမလား အတွေးများပါဝင်လာနေရာ ဒေသန္တရပဗဟုသုတလည်းရစေ၊ ဘာသာရေး စိတ်ဓာတ်လည်းခိုင်မာစေ ဆိုကာ-

ဒေသစာရီ လှည့်လည်ပွဲကျင်းပရန် ဆုံးဖြတ်လိုက်တော့၏။ သို့ဖြင့်-

၁၃၅၈-ခု၊ တပေါင်းလဆန်း(၃)ရက်နေ့မှ စတင်ကာ တာကူးလဆန်း(၈)ရက်နေ့အထိ-

၁။ သုဝဏ္ဏသျှံမှနေသာစည်၊ ထိုမှပျဉ်းမနားအထိ လှည့်လည်ပြသ၏။ တစ်ဖန်-

၂။ ပျဉ်းမနားမှနေ မန္တလေး၊ ထိုမှနေ ငါတို့ဇာတိ မင်းကုန်း(ရွှေဘိုမြောက် အင်္ကျီလက်နှင့် တွဲလျက်)

၃။ မင်းကုန်းမှနေရန်ကုန်၊ ထိုမှအပြန် ရွှေကျောင်းကုန်းတောင်(သာစည်-လှိုင်းတက်)

လိုက်ပါလာကြသည့် လူဦးရေကား-

က။ လားဟူလူမျိုး ကျား-မပေါင်း ၆၅ ယောက်

ခ။ လီရှောလူမျိုး ကျား-မပေါင်း ၂၅ ယောက်

ဂ။ ရှမ်းလူမျိုး ကျား-မ ပေါင်း ၁၀ ယောက်

ဃ။ အုပ်ချုပ်ရေးတာဝန်ယူ လိုက်ပါသူပေါင်း ၁၀ ယောက်

စုစုပေါင်း ၁၁၀ ယောက်တိတိ။

မဟာဓမ္မပါလ



ယင်းတို့ကို ရောက်လေရာမှ တခမ်းတနား ကြိုဆိုကြ၏။ ကြိုဆိုကြရာ၌ ရိုးရာအကမျိုးစုံ၊ အတီး အမှုတ်မျိုးစုံပါဝင်၏။ပို့သင့်ရာစေတီပုထိုးများ၊စက်ရုံ အလုပ်ရုံများ၊ ရှင်ပြုပွဲ၊ ယာထွန်ပွဲ စသည်များလည်း ပါ၏။ အားလုံးပျော်စေပါးစေ စိတ်ဝင်စားစေ၏။

ထိုသို့လေ့လာစေရာတွင် နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများဆိုက သက်ဆိုင်ရာတာဝန်ခံများ၏ ညွှန်ကြားချက်ဖြင့် ဝင်ရောက်လေ့လာခွင့်ရကြ၏။ ဆိုင်ရာများက သည်သို့အကူအညီပေးကြ၏။

မထွက်ခင်ကပင် ကျိုင်းတုံ-ပ-ဝ-တမှနေ ဆိုင်ရာများသို့ ကြိုတင်အကြောင်းကြားပေးထား၏။ ရန်ကုန်သို့ရောက်လေရာတွင်ကား-

ချော်တွင်းကုန်းရှိ တိုက်စည်းသင်တန်း ကျောင်း ၌ တည်းခိုရ၏။ ထိုကျောင်း၏ကျောင်းအုပ် ကား ဗိုလ်မှူးမြသန်းစံ ဖြစ်ရာ- ဗိုလ်မှူးသည် ရန်ကုန် ဘူတာကြီးမှနေ ကိုယ်တိုင်လာကြို၍ ထိုနေရာသို့ ခေါ်ဆောင်သွား၏။ အိမ်ရှင်အဖြစ်တာဝန်ယူဧည့်ခံ သူကား ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးပင်။ ယင်းသည် အတွင်းရေးမှူး(၂) အဖြစ်လည်း တာဝန်ယူရ၏။ စစ် ရေးချုပ်အဖြစ်လည်းတာဝန်ယူရ၏။ သူ၏ညွှန်ကြား ခွင့်ပြုချက်ကြောင့်-

ရေတပ်ဌာနချုပ်သို့လည်း သွားရောက် လေ့လာခွင့်ရကြ၏။ ရေတပ်သင်္ဘောကြီးဖြင့်ပင် ရန်ကုန်မြစ်အတွင်း လှည့်လည် လေ့လာခွင့် ရကြ ၏။

လေတပ်ဌာနချုပ်သို့လည်း သွားရောက် လေ့လာခွင့်ရကြ၏။ စစ်လေယာဉ်ကြီးများပေါ်သို့ အထိ တက်ရောက် လေ့လာခွင့်ရကြ၏။

အကျွေးအမွေး စုံတကာစေ့များဖြင့်လည်း ဧည့်ခံကျွေးမွေးကြ၏။ သည့်နောက် စေတီပုထိုးစုံ စက်ရုံစုံ၊ အပမ်းဖြေနေရာစုံ အကုန်လေ့လာခွင့် ရကြ၏။ မြဝတီ၊ မြန်မာ့ရုပ်သံများလည်း မလွတ်စေ ရ။ ပြန်ခါနီးတွင် နိုင်ငံတော်မှ စရိတ်ငွေ တစ်ထောင် ကျပ်စီနှင့် လက်ဆောင်စုံ ပေးလိုက် ကြ၏။

ထိုမှနေ သာစည်သို့ပြန်လာခဲ့ကြပြီး ရွှေကျောင်းကုန်းတောင်၌ နား။

နောက်တစ်ရက် ယင်းရွှေကျောင်းကုန်း တောင်မှနေ သုဝဏ္ဏသျှံတောင်သို့ မျက်နှာမူဦးတည် ထွက်ခဲ့ကြလေပြီ။ တကူးလဆန်း(၈)ရက်နေ့ ပြန် ရောက်။

ငါတို့အတွက်ကား ဇာတိရွာရောက်စဉ်က ပင် နတ်တလူသို့နေရာရွှေးပေးခဲ့ပြီးပြီ။ သုဝဏ္ဏသျှံ ၏ ဘုန်းတော်ပြည့်စခန်း၌ တကူးလပြည့်နေ့တွင် လားဟူထုံးစံအရ နှစ်သစ်ကူးပွဲ ကျင်းပပေး၏။ ကဆုံလဆန်း(၁၀)ရက်နေ့တွင် ဇာတိသို့ပြန်လာခဲ့ တော့သည်။

## ဇာတိသည်ဇစ်မြစ်

ဇာတိမြေ နတ်တလူပြန်ရောက်သည်နှင့် နေ့တိုင်းဧည့်ခံပေးနေရ၏။ ကြားရာအရပ်များမှ လာ ရောက်ဖူးတွေ့နေကြသောကြောင့်။ ပြီးသော်

ဝါဆိုလပြည့်နေ့မှ တော်သလင်းလပြည့် နေ့အထိ (၂)လတိုင်တိုင် တရားဟောပြောပေး၊ ပြသပေး၏။ ရန်ကုန်၊ ပျဉ်းမနား၊ သာစည်၊ ရွှေဘို စသည့် ငါတို့နှင့်မကင်းသော ဒေသများမှ အားလုံး ပါ၏။

တော်သလင်းလပြည့်နေ့မှ သီတင်းကျွတ် လပြည့်နေ့အထိ(၁)လ တိုင်တိုင်ကား ငါတို့နှင့်အတူ သာသနာ့ဝေယျာဝစ္စပြုလုပ်ကြမည့်သူများချည်းသက် သက်။

မယ်တော်ကြီးကား ဝါဆိုလပြည့်ကျော် (၁၀)ရက်နေ့တွင်ကံကုန်ရှာ၏။ သို့ကြောင့် နတ်တလူ ၏ စည်ကားခြင်းဓမ္မဥယျာဉ်ကို ကြည့်သွားခွင့်

မဟာဇမ္ဗူပါလ



မရရှာ။ ထိုဝါတွင်းဝယ် ဥပုသ်နေ့ အပြင်ပရိတ်သတ် ဧည့်ခံ၊ ကျန်နေ့များ ယောဂီ ကျား-မ အချိန်ခွဲခြား၍ တရားစစ်-ဟော-ပြ ပြုပေးချိန်။

သည်သို့နှီးဆော်ဆိုင်းဘုတ်ကြီးများ ထောင်ပြထားသော်မှ 'ကြုံတုန်းဝင်ဖူးလိုက်ရဦး' ဆိုသောကြားတိုးပရိတ်သတ်များ၏ နှောင့်အယှက်ခံရရာ အစာအိမ်လည်းရောဂါဆိုး အမောကပါ ပိုတိုးလာတော့၏။ ကြားဝင်တားမြစ်ပေးသူမရှိ။ ဂေါပကအဖွဲ့က ဆီးကြိုမေတ္တာရပ်ခံသော်လည်း သုဝဏ္ဏသျှံဘက်ရှိ မိုင်းပျင်းမှနေ မြစ်ကြီးနားသွားပြီး အပြန်ဝင်လာကြသော စစ်အရာရှိများအဖွဲ့ကမူ လက်မခံသည့်အပြင် လက်သီးဖြင့်ပင် ထိုးရန်ဟန်ပြင်သဖြင့် နောက်ဆုတ်ပေးလိုက်ကြရ၏။

ထို စစ်အရာရှိအဖွဲ့သည် ညနေချိန် (၃)နာရီမှ(၆)နာရီအတွင်း အမျိုးသမီးများ တရားစစ်မေးပေးနေစဉ် ဝင်ရောက်ထိုင်ကြ၏။ ငါတို့က ခဏမျှတစ်နေရာကနေ စောင့်ရန် မေတ္တာရပ်ခံ၏။ များများမဟုတ် (၁၅)မိနစ်လောက်ဆို ပြီးမည်ဖြစ်ကြောင်း ပြော၏။ မရ။

နောက်တစ်ကြိမ်, နောက်တစ်ကြိမ် သုံးကြိမ်မြောက်တွင်ကား ဝေါက်ထုတ်လိုက်တော့သည်။ ယင်းကို ရွှေဘို ခ-ဝ-တ ဥက္ကဋ္ဌထံ ဝင်ရောက်တိုင်ကြားသွားသောဟူ၏။

"နတ်တလူက ဘုန်းကြီးဖူးခွင့်မပေး" ဟူ၍။ သည်သို့ လမ်းနီးလမ်းဝင်တို့၏ဒဏ် မခံနိုင်တော့သောကြောင့်-

နွေသုံးလ တရားစခန်းဖွင့်ချိန်၌ နတ်တလူ။ ကျန်ကိုးလဝေဒလ္လစခန်း (ဒီးဒုတ်တောင်၊ မေမြို့အပိုင်၊ ဒုဋ္ဌဝတီမြစ်ကမ်း)။

သည်သို့ စိတ်ကူး၍ မန္တလေးနေ ရန်ကုန်မောင်မောင်ကြီး-နီလာမတို့အကူဖြင့် ကျောင်းဆောက်စေ၏။ ကျောင်းဒကာက ဦးနေဝင်း-ဒေါ်ခင်နွယ် (တိုင်းချစ်ဆွေပွဲရုံ၊ ဘုရင့်နောင်၊ ရန်ကုန်) ဖြစ်၏။

ထိုသို့ ဆောက်စေရာ၌ သက်ဆိုင်ရာသံဃာ အားပန်ကြား၏။ သို့သော်-

ထိုဒေသနေသံဃာများ နှစ်ပိုင်းကွဲနေကြရာ တန်ဆောင်မုန်းလ(၁၃၅၉-ခုနှစ်)ပြောင်းသောအခါ မကျေနပ်သံများကြားရတော့၏။

ထိုစဉ် ဒီးဒုတ်တောင်ပေါ်နေ သံဃာတော်က သံဃာ့ဒါနဆွမ်းပင့်ကျွေးရန် အကြံပေး၍ သံဃာကုန်ပင့်ဖိတ်ကျွေး၏။ ကြွလာသောသံဃာတော်များကို အထက်ကဆိုခဲ့ပြီး လ, အပိုင်းအခြားအတိုင်း ခွင့်ပန်လျှောက်ထားရာ ဥက္ကဋ္ဌက မှတ်တမ်းရေး၍ လက်မှတ်ထိုးပေးရန်မိန့်၏။ အတွင်းရေးမှူးဆရာတော်က မှတ်တမ်းရေးကာ လက်မှတ်အထိုးခိုင်း၍ ထိုးပေးရ၏။

ဤကား ဒုတိယမ္ပိ ခံဝန်ချက်လက်မှတ်ထိုး၍ နေခွင့်ရ ဌာနတည်း။

ပထမကား ဇင်းကျိုက်တောင်မှာ။

ထိုသို့နေလျက်က တစ်ပါးတည်း ကျောင်းတွင်းအောင်းလေ ဝမ်းခေါင်းနေအတွေးများကမွေလေဖြစ်လာတော့၏။

ယင်းမှာ နတ်တလူ ရောက်ခါစ ၁၃၅၉-ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်၏ အစပိုင်း ကဆုန်လပြည့်နေ့က၊ ခင်ဦးစိုက်ပျိုးရေး ဌာနဝယ်အမှုထမ်းနေသည့် ငါတို့၏ တူတော်မောင် မောင်အောင်သိန်းက နတ်တလူတွင် ဘုရားတည်လိုကြောင်း လာရောက်လျှောက်ထားခြင်းကိစ္စ။

နေ့က-ကဆုန်လပြည့်နေ့, ဗုဒ္ဓဟူးနေ့ ဖြစ်နေ၊ လျှောက်သူက အောင်သိန်း။

သို့ကြောင့် "အင်း. . ကောင်းသားပဲ" ဖြင့် အင်းကစားထားမိခဲ့ရာ ယင်းအသံက ဝေဒလ္လရောက်မှ ပိုကျယ်လာတော့၏။ သို့ဖြင့် နတ်တလူတွင် ဘုရားတစ်ဆူတည်ပေးရန် ဆုံးဖြတ်လိုက်ရသည်။

မဟာဗောဓိပါလ



သည်တွင် အောင်သိန်း ဗိန်းမောင်းတီးကို ချည်း ရိုးမယ်ဖွဲ့၍မရ။ ငါတို့၌လည်း လူ့ဘဝ သမထ အားထုတ်စကပင် ဗိန်းမောင်းအတီးခံထားရသည် ကလည်း ကျန်ရှိနေသေး၏။ ယင်းမှာ-

ငါတို့၏ ဥပဇ္ဈာယ်(အဘဝိမလ)သည် အောင်မင်းခေါင်ကြီး ထွက်ခါနီးကတိပေးထားခဲ့ မိ၍ ဘုရားများဆက်လက်တည်ပေးနေရကြောင်း သတင်းကြောင့်-

ငါတို့များ သည်သို့ ပုခုံးလွှဲပေးထားခဲ့မှဖြင့် က ခြောက်လှန့်နေ၏။ ထိုစဉ်အိပ်မက်ပေးလာ၏။ သေးသေးကြီးကြီး သုံးဆူဆို တာဝန်ကျေ၏ ဟူ၍။ သို့ကြောင့် ကေလာသတောင်ကနေ ရသေ့ဘဝဖြင့် ဆင်းအလာ ရန်ကုန်၌တစ်ဝါဆိုပြီးချိန် ကျိုက်လပ်မှ မည်သူမျှတည်ဖို့လက်မခံသော ဘုရားဟောင်း တစ်ဆူ လာအပ်၏။ ယင်းကို ဥပဇ္ဈာယ်၏အရိပ် အောက်မှနေ သွားရောက်တည်ပေးရ၏။ တစ်ဆူ။

နှစ်ကား ၁၃၃၉-ခုနှစ်၊ ဘွဲ့တော်ကား ပြည်လုံးချမ်းသာဖောင်တော်ဦးဘုရား။

တစ်ဖန် ရဟန်းဖြစ်စနှစ် သာစည် ရွှေကျောင်းကုန်းတောင် တောထွက်လာခဲ့ရာမှ တောင်ခြေဉယျာဉ်နေ ဖိုးသူကြီး(သူကြီးဟောင်း) ဦးအောင်မြင့်လျှောက်ထား၍ ဘုရားဟောင်းနေရာ ထပ်မံတည်ပေးရပြန်၏။ နှစ်ဆူမြောက်။

နှစ်ကား ၁၃၄၁-ခု၊

ဘွဲ့တော်ကား လောကမုနိဘုရား။

သုံးဆူမြောက်ကား ကြွေးကျန်နေသေး။ သို့ သော် ဘယ်မှာမှမတည်ဖြစ်သေး။

ဤဗိန်းမောင်းကပါ ငါတို့အား တီးနေချေ ရာ ဘုရားတည်ဖို့ ပြင်ဆင်ရ၏။ ငါတို့နောက်က လိုက်ပါထောက်ပံ့နေသူများ အလုပ်များကြရပြီ။ ဤ ယခုနှစ်ဝါကျွတ်ပြီးနောက်ပိုင်း ကျောက်ဆည်ဘက် ကျောက်ထီးတောင်၌ ဆောင်းခိုခဲ့ရသေး၏။

## ဘုရားဂုဏ်ပြပုံ ချုံ့မပုံးရန်ဆိုတော့ကာ

သည်မှာတွင် ဘုရားဘွဲ့တော်ကိုပါ စဉ်းစား ရပြန်၏။ ဘယ်သို့သော တောကြားပွင့်ဘုရားများ သည် ကြာသော် ချုံဖုံးသွားတတ်လှ၍ ချုံးမဖုံးစေရန် အတွက်-

၁။ အဓိဋ္ဌာန်ဝင်လိုသူများ၏ မနောဓာတ် ရိုက်ခတ် စေသော ဘွဲ့တော်။

၂။ ယတြာချေ, ကံမြှင့်, ကံဆင့်လိုသူများ၏ မနော ဓာတ် ဟပ်မိစေသော ဘွဲ့တော်။

၃။ သာမန်များလည်း ဘွဲ့တော်ကြားရုံမျှဖြင့် ကြည်- ညိုသဒ္ဓါ ပွားစေသော ဘွဲ့တော်။

ဤအချင်းအရာများဖြင့် နာမပညတ်တော် ဖွဲ့စည်းရန်ကြံစည်ရ၏။

ထိုဘွဲ့တော်က တည်မည့်ဉာဏ်တော်နှင့် လည်း အကိုက်ဖြစ်စေရန် “မင်းဘိသိက်ခံ” ဟူ၍ သတ်မှတ်လိုက်၏။

ယင်း နံတိုကောက်ဂဏန်းများကို ပေါင်း သော်(၁၈)။ ဉာဏ်တော်ကလည်း(၁၈)ပင်။

တပေါင်းလဆန်းသောအခါ ကျောက် ခေါင်းမောင်းမှ ထွက်လာခဲ့ရပြီး နတ်တလူသို့ပြန် အရောက် ဘုရားကုန်းမြေသတ်မှတ်ပေးရ၏။ မြေ ညှိကြရ၏။

တပေါင်းလပြည့်၏ အဖိတ်နေ့ညတွင် သံဃာတော်များက မြေသန့်ကမ္မဝါ ဖတ်ကြားပေး တော်မူကြ၏။ အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်းမှ ဆရာတော် ဦးခေမိန္ဒဦးစီး၏။

က။ ၁၃၆၀-ပြည့်နှစ်၊ တာကူးလပြည့်နေ့တွင် အုတ်မြစ်ချမင်္ဂလာ ကျင်းပ။

ခ။ ၁၃၆၀-ပြည့်နှစ်၊ ကဆုံလပြည့်နေ့တွင် အတွင်းဌာပနာပိတ်ပွဲ ကျင်းပ။

မဟာဗုဒ္ဓပါလ



ဂ။ ၁၃၆၀-ပြည့်နှစ်၊ တပေါင်းလဆန်း(၁၄)ရက်၊ တနင်္ဂနွေနေ့တွင် ထီးတော်တင်ပွဲ ကျင်းပ။

သို့ဖြင့် ကတိကြွေး၏ သုံးဆူမြောက်ကား အောင်ပွဲဘိသိက် ခံခွင့်ရခဲ့ပြီ။

ဤနှစ်-၁၃၆၀-ပြည့်နှစ်၏ ကဆုံလပြည့်နေ့သည်-

မင်းဘိသိက်ခံဘုရား အတွင်းဌာပနာပိတ်ပွဲနေ့လည်းဖြစ်၏။ ဌာပနာတိုက်အတွင်းဝယ် သံဝေဇနိယလေးဌာနကအောင်မြေ၊ ဦးအောင်ဇေယျ၏လယ်တောမှအောင်မြေများ ထည့်သွင်းထား၏။ ဗုဒ္ဓဟိတ်, ရာဇဟိတ် ဘက်စုံဘိသိက်ခံဖြစ်ရန်ရည်သန်၏။

ယောဂီများ၏ (၂)လတာ တရားပတ်စခန်း၏နောက်ဆုံးနေ့လည်းဖြစ်နေ၏။ သို့ကြောင့် ထိုနေ့ကပင် တစ်နှစ်ကြိုတင်ကာ နောင်နှစ် ၁၃၆၁-ခုနှစ် ကဆုံလပြည့်နေ့သည်-

- တရားဟော၊ တရားပြကိစ္စများ၏ နောက်ဆုံးနေ့ဟူ၍ ကြေညာလိုက်၏။
- ဘုရားတည်ကျောင်းဆောက်ကိစ္စများ၏ နောက်ဆုံးနေ့ ဟူ၍ကြေညာလိုက်၏။

မသိမရှိ၊ ကြိုတင်မသိထားလို့ပါ လျှောက်ထားစရာမရှိရန် ကြိုတင်ပေးထား၏ သို့ကြောင့် ၁၃၆၀-ပြည့်နှစ်၊ တပေါင်းလပြည့်နေ့ မင်းဘိသိက်ခံ ထီးတော်တင်လှူပွဲနှင့်တဆက်တည်းသော (၂)လ တရားပတ်စခန်းကား ယောဂီအများဆုံးဖြစ်တော့သည်။

ထီးတော်တင်ပွဲကြီးကလည်း စည်ကားလွန်းလှ၏။ လူပေါင်းနှစ်သိန်းကျော်၏။ ပွဲကျင်းပရာတွင်လည်း တစ်သိန်းကျော်၊ အကျွေးအမွေးရုံများ၌လည်း တစ်သိန်းကျော်ဆို၏။

ပေ-၂၀ ရှိသော ချောင်းကူးတံတားလမ်းနာရီဝက်ခန့်လျှောက်မှ တစ်ဖက်ရောက်သောဟူ၏။ ထိုစဉ်-

က။ လာသမျှ အဝေးပရိတ်သတ်များအတွက် ရွှေဘိုအောင်သိဂ်ီဆန်စက်ပိုင်ရှင်များက တာဝန်ယူကျွေးမွေး၏။ တစ်နပ်လျှင် ဆန်တင်းပေါင်း(၂၀)ခန့် ကုန်သည်ဆို၏၊ ခန့်မှန်း။

ခ။ နယ်ပရိတ်သတ်များအတွက် နတ်တလူဂေါ်စရဂါမ်(၅)ရွာက တာဝန်ယူကျွေးမွေး၏။ ဆန်တင်းပေါင်း (၇၅)တင်းဆို၏။

ဂ။ ပင့်သံဃာတော် (၆၄)ပါးနှင့်သုဝဏ္ဏသျှံမှကြွလာသော လားဟူ-ရှင်နှင့်ရဟန်း(၂၀)ခန့်၊ ယင်းတို့ကို ရန်ကုန်နေ ဦးမြင့်နွယ်-ဒေါ်ကျင်သန်းဝင်းတို့က တာဝန်ယူ၏။

ဧည့်ခံဖျော်ဖြေရေးပွဲများကား, ပွဲများကား အဖိတ်နေ့ည-

၁။ ရွှေဘို စည်တော်ကြီးအဖွဲ့။

၂။ ကျော်ဆည် ဇာရာမင်းဆင်က အဖွဲ့။

၃။ ရွှေဘိုမှ ပန်တျာကျော်ဝင်းတည်ထောင်သော အငြိမ့်အဖွဲ့။ ပေါင်းသုံးဖွဲ့။

လပြည့်နေ့ညတွင်ကား ရန်ကုန်မှ အဆိုတော်သျှီနှင့် သာစည်မှ ဦးညို၏တီးဝိုင်းအဖွဲ့များ ပါဝင်ဖျော်ဖြေကြ၏။

ထီးတင်ပွဲကျင်းပချိန် ဘိသိက်ခံပစ္စည်းကဲ့ပွဲကား-

| | | |
|---|---|---|
| ၁။ | မင်းဘိသိက်ခံ အထိမ်းအမှတ် ဆွဲပြား ဇင့်ဖြင့် | ၅၅၀ |
| ၂။ | မင်းဘိသိက်ခံ အထိမ်းအမှတ် သော့တွဲ ဇင့်ဖြင့် (ကြားဝင်သော့တွဲများပါသေး၏) | ၅၅၀ |
| ၃။ | မင်းဘိသိက်ခံ တံဆိပ်ပါ မျက်နှာသုတ်ပုဝါက | ၅၅၀ |
| ၄။ | မင်းဘိသိက်ခံ တံဆိပ်ပါ ချွေးသုတ်ပုဝါက | ၅၅၀ |

မဟာဗောဓိပါလ



၅။ မင်းဘိသိက်ခံ တံဆိပ်ပါ
လက်ကိုင်ပုဝါက ၅၅၀
ပေါင်း ငါးမျိုး။

- ဘုရားရှင်၏ ဖြစ်တော်ပေါင်း အနု ၅၀၀ ရည်၍
- ဘုရားရှင်၏ ပြုကျင့်မြဲ စွန့်ခြင်းကြီးငါးပါးကို ရည်၍။

ယင်းတို့ကို ဘုရားထီးငြမ်းပေါ်မှနေ အလှူရှင်များကိုယ်တိုင် ထီးတင်အပြီး တက်ရောက်ကဲ့ကြရာ ဘုရားပွဲဝင်းကြီးတစ်ခုလုံး ဆူညံသွားတော့သည်။ သည်အထဲ-

အင်းလေးဒေသက မင်းဘိသိက်ခံ အမည်ပါ မီးပုံးပျံလွှတ်ပွဲ ။ သည့်အပြင်-

ဓမ္မစကြာဝတ်အဖွဲ့၊ အမျိုးသမီးဆိုင်းအဖွဲ့များက ဝင်ပါလိုက်ကြသေး။ မီးပုံးပျံကြီးများ၏ နောက်တွင်ကား ငါးရာတန်၊ တစ်ထောင်တန်စသည့် ငွေတန်းကြီးများ ဟီးလေးခို လိုက်ပါသွားကြလေသတည်း။

အဝေးမှလာသောပရိတ်သတ်များမှာ-

၁။ သုဝဏ္ဏသျှံတောင်ခြေရွာများမှ ရှမ်း-လားဟူ-လီရှော့များနှင့် ကွန်ဟိန်း-တောင်ကြီးတို့မှ ပရိတ်သတ်များ၊

၂။ ရန်ကုန်-ပျဉ်းမနား-သာစည်နှင့် မိတ္ထီလာ-စစ်ကိုင်း-မန္တလေးတို့မှပရိတ်သတ်များ၊

၃။ ဒီးဒုတ်တောင်-ကျောက်ထီးတောင်များ၏အနီးမှ ပရိတ်သတ်များ၊

၄။ ရွှေဘို-မုံရွာ-ခင်ဦး-ဇီးကုန်း-ကန့်ဘလူ စသည် တို့မှ ပရိတ်သတ်များဖြစ်ကြ၏။

အနီးမှကား ဂေါစရဂါမ်ရွာများတွင်သာမက ရွှေဘိုမှ ကန့်ဘလူအတွင်း သံလမ်းအရှေ့ဘက် အနောက်ဘက်တို့ရှိ ဒေသများကပါ လာကြ၏။

စတုဒိသာကျွေးမွေးရေးတွင်ကား-

၁။ ရန်ကုန်ဝေဖာစိမ်းကုမ္ပဏီမှ ဝေဖာမုန့်များဖြင့် လည်းကောင်း၊

၂။ ပျဉ်းမနား-သာစည်မှ စုပေါင်းကောက်ညှင်း ပေါင်းများဖြင့်လည်းကောင်း၊

၃။ ဟွေဟင်(သုဝဏ္ဏသျှံ)နှင့် နတ်တလူအသင်း၏ စုပေါင်း ယာဂု(ရွှေချည်မုန့်)ဖြင့်လည်းကောင်း၊

၄။ မန္တလေးလွှယ်ဟိန်းကုမ္ပဏီမှ အချိုရည် အအေးဘူးတို့ဖြင့်လည်းကောင်း စုပေါင်းဧည့်ခံကြ၏။

ထို့အပြင် ဇီးကုန်းတောင်တန်းဆေးလိပ်ခုံမှ လက်ဖက်သုတ်စတုဒိသာလည်း ပါသေး၏။

လပြည့်နေ့၏ နေ့(၁)နာရီတွင် ရေစက်ချပွဲကျင်းပ။ ပြီးသော် သံဃာတော်များအတွက် မဲအဖြစ်ဖြင့် လှူဒါန်းရာတွင်-

| | | |
|---|---|---|
| ၁။ | ၁၀ပေ ပတ်လည်လေးက်ရှိသော ကော်ဇောကြီး | ၁၀-ချပ်၊ |
| ၂။ | တိုင်ကပ်နာရီကြီး (ခေါင်းခဲသုံး) | ၁၀-လုံး |
| ၃။ | စားပွဲတင်နာရီ (ခေါင်းခဲသုံး) | ၁၀-လုံး |
| ၄။ | သားရေလက်ဆွဲအိတ် | ၁၀လုံး |
| ၅။ | ဇာ ခန်းဆီးလိုက်ကာ | ၁၀-ခု |

ပေါင်း ငါးမျိုး။

ယင်းတို့မှာ ဘုရားရှင်၏ ရင့်မာကစ်ကျိပ်ရည်စူး၍၊ စွန့်ခြင်းကြီးငါးပါး ရည်စူး၍ (၁၀) ငါးမျိုးစီမံထားပြီး အခြားမဲ (၁၄)၊ ပေါင်း (၆၄) မျိုး ။

ယင်း (၆၄)က ကမ္ဘာကြီး၏ အန္တရကပ် (၆၄)ကပ်ကို ရည်စူး၏။ ထိုကပ်များအတွင်း ကြားတိုးကပ် သုံးပါးတို့မှ ထိုအလှူရှင်များ လွတ်ကင်းကြရန်ပင်။

သို့ဖြင့် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်း

လှူပွဲကြီး ကျင်းပလေရာ-

ပေ (၄၀၀)ခန့်ရှိ မင်းဘိသိက်ခံ ဓမ္မာရုံနှင့် ဒြေရင်းမဏ္ဍပ်ကြီးများ၏ ပြင်ပ ပတ်ပတ်လည်မှနေ အလှူရှင်များစွာ နယ်စုံတကာတို့မှ စုပေါင်းလောင်း လှူကြရာ-

၁။ တစ်ပတ်နှင့်လည်းမပြီးသေး နောက်တစ်ပတ် အတွက် ပရိတ်သတ်အစားဝင်နေ၊

၂။ နှစ်ပတ်နှင့်လည်းမဆုံးသေး နောက်တစ်ပတ် အတွက် အစားဝင်နေ၊

၃။ သုံးပတ်နှင့်လည်းမကုန်သေး နောက်တစ်ပတ် အတွက် အစားသိုးပြီးသားဖြစ်နေ၊

၄။ လေးပါတ်မြောက်သည်အထိ ကြွရောက်အလှူ ခံပေးတော်မူကြရရာ-

အချို့သက်တော်ရှည်ဆရာတော်ကြီးများ သည် တစ်ပတ်ပြည့်တိုင်း,ပြည့်တိုင်း "ဟာ မပြီးသေး ဘူလား " ငြီးတွားယူရသောဟူ၏။

## တံခွန်စိုက်ပြီးလျှင် ပွဲသိမ်းမြဲ

ငါတို့သည် ကျောက်ထီးမှ နတ်တလူသို့ ပြာသိုလပြည့် မတိုင်မီကပင် ကြိုတင်ကြွလာ၏။ ပြာသိုလပြည့်မှ တပို့တွဲလပြည့်အထိ ထီးတင်ပွဲကြီး အတွက် အမိဌာန်ဝင်ရန်။

တပို့တွဲလပြည့်နေ့တွင်ကား ငါတို့၏ မြို့ဟောင်းဖြစ်သော ရွာစားရွာ(ရွာစားမင်း, ထီးဖြူ တော်ဦးမှတ်နေထိုင်ရာရွာ) မှစတင်ကာ (၇)ရက်စီ လှည့်လည်ဆွမ်းခံ၏။ ပရိတ်သတ်အဖူးတွေ့ခံ၏။ သာသနာရေးရာများ စီမံ၏။ ထိုစဉ်-

ငါတို့ချက်မြှုပ်ရာ အိမ်ဝင်းအတွင်း(ဥဒေ ယျမိမ် ရွှေချက်သို တံခွန်တိုင်ဘုရား) တည်ထားရန် စီမံမှု လည်းပါဝင်နေချေရာ ငါတို့နေခဲ့ရာအိမ်က အတွင်း ဝင်နေ၊ တစ်ဖက်အိမ်က လမ်းဘေးမှာ၊ သို့ဆိုသော် တံခွန်တိုင်လည်း အိမ်ကွယ်နေတော့မည်။

တံခွန်တိုင် ဝင်ရောက်ဖူးမြော် အမိဌာန်သူ များလည်း အိမ်ကျော်ပြီး ဝင်လာရတော့မည်။ ယင်းကိစ္စ ပြေလည်သွားရန် အစသော် နေရာချင်း ပေအတိုင်း လဲရန် စီမံရ၏။ နောက်သော် ဦးဣန္ဒက (ခွေးဆိုးကြီး) ကြားဝင်စီမံပေး၏။ ယင်းအစီအမံ ကား တူမဖြစ်သူကို သူ၏သမီး အိမ်ဝင်းအတွင်း အိမ်ရွှေ့ပြီးနေရန် တိုက်တွန်း၏။ သို့ကြောင့် ထိုတူမ (မိသိန်းကြည်)ကလည်း သူ၏သမီး (ခွေးဆိုးကြီး၏ သမီး) မဝင်းကြည်၏ ခြံဝင်းထဲသို့ အိမ်ကြီးအတိုင်း ရွာလူအားများဖြင့် ရွှေ့ပြောင်းပေးလိုက်၏။တစ်ဖန်-

လမ်းဘေးရှိ တစ်ဖက်နေ ဦးဘသိန်း- ဒေါ်အုန်းစိန်တို့၏အိမ်ကိုလည်း ရွာနေ လူအားများ ဖြင့်ပင် အိမ်ကြီးအတိုင်း မိသိန်းကြည်၏ အိမ်ဝင်း ထဲ ပြောင်းရွှေ့စေလိုက်ခြင်းပင်။

ထိုအခါ ငါတို့ဝင်း, သူတို့ဝင်း နှစ်ဝင်း ပေါင်းမိသွားတော့၍ နေရာကျယ်ဝန်းလာပြီ။ တံခွန်တိုင်က လမ်းဘေးနှင့် နီးလာ၍ အမြင်လည်း မခက်, အဝင်လည်းမခက်တော့ပါ။

ယင်းနေရာတွင်-

- မတည်အလှူရှင်ကား ရန်ကုန်မှ ဦးနန္ဒအောင်- ဒေါ်ဘေဘီ မိသားစုဖြစ်ပြီး၊

- မွမ်းမံအလှူရှင်ကား ရန်ကုန်မှ ဒေါ်တင်လှိုင် နှင့် မြတ်မွန်မိတ္တူစက် မိသားစုဖြစ်၏။

- အင်ဂျင်နီယာကား ရန်ကုန်မှ ဦးမင်းသူက တာဝန်ယူပြီး၊

- ပန်းရံတာဝန်ခံကား ပျဉ်းမနားမှဦးမူက တာဝန် ယူ၏။ ယင်းကို-

တပေါင်းလဆန်းကပင် အုတ်မြစ်စီမင်္ဂလာ ကျင်းပရာ-

မဟာဗောဓိပါလ



သုဝဏ္ဏသဲ့မှ တပေါင်းပွဲတော်အတွက် ကြိုတင်ရောက်ရှိနေနှင့်ကြသော လားဟူ့လီရှော များလည်း ပါဝင်၏။

ရန်ကုန်-ပျဉ်းမနား-သာစည်မှ ကြိုတင်ရေး သမား များလည်းပါဝင်၏။ စည်ကား၏။

ထိုမှစ၍ကဆုန်လပြည့် အနေကဇာတင် အမှီ ခမျာများ ကြိုးစားကြရတော့သည်။

ယခင်နှစ်ကဆုန်လပြည့်က မင်းဘိသိက်ခံ ဥာပနာပိတ်ပွဲနှင့် ယောဂီများစခန်းသိမ်းပွဲ။

ယခုနှစ်ကဆုံလပြည့်ကျ ယောဂီများစခန်း သိမ်းပွဲနှင့် တံခွန်တိုင် အနေကဇာတင်ပွဲ။

သို့ဖြင့် ၁၃၆၁-ခုနှစ်၊ ကဆုံလပြည့်နေ့ နံနက်(၄)နာရီတိတိအချိန်တွင် သံဃာတော် အပါး (၂၀)(တံခွန်တိုင်ရင်ပြင်၏တစ်မျက်နှာလျှင်(၅)ပါးစီ နေရာယူ၍)တို့ဖြင့် အနေကဇာတင်ပွဲကြီးကျင်းပ၏။

ဤ၌ ထူးခြားသည်မှာ ငါတို့သုံးသော အသံ ချဲ့စက်တစ်လုံးမှလွဲ၍ အခြားသုံးမျက်နှာတို့ရှိ အသံ ချဲ့စက်များ အသံထွက်မလာကြခြင်းပင်။

စက်များကလည်း အသေချာဆုံး စိတ်အချ ရဆုံးတွေချည်း။ စက်ကိုင်များကလည်း ဝါအရင့်ဆုံး အကျွမ်းကျင်ဆုံးတွေချည်း။

ဥ ယျာဥ်မြေချက်သိုတံခွန်တိုင်ဘုရား အနေကဇာတင်ပွဲ၏ ဤထူးခြားချက်ကား အားလုံး အတွက် ပြောစရာစကား ဖြစ်သွားတော့သည်။

သို့ဖြင့် ထိုနံနက်က အနေကဇာတင်ပွဲ ရေစက်ချပွဲ အောင်မြင်ခဲ့ချေပြီ။

ထိုည(၇)နာရီတွင်ကား တရားစခန်းသိမ်းပွဲ လည်း အောင်မြင်ခဲ့ချေပြီ။

တံခွန်စိုက်ကား အောင်ပွဲအားလုံး၏အထိမ်းအမှတ်။

## နယ်ကျော် အဆောက်ခံရမည် သတိထား

ပြင်ပသာသနာပြုကိစ္စ ရုပ်သိမ်းပြီးလျှင် မိမိ အတွက် အတွင်းသာသနာပြုလုပ်ငန်းများ စတင်ရန် စီမံရတော့သည်။ ယင်းမှာ-

တစ်နေရာရာတွင် လူတွေ့မခံပဲ အားထုတ်ရန် ပင်။ သို့ကြောင့် နေရာရှာရန် သာစည်မှတာဝန်ခံ ဒကာကြီးနှင့် ပျဉ်းမနားကတာဝန်ခံဒကာကြီး (၂)ဦးအား တာဝန်လွှဲလိုက်သည်။

နောက်ဆုံး ရသောနေရာကား နယ်ကူး တောင် ဟူ၏။

ထိုတောင်သည် နတ်မောက်နယ်အတွင်း၌ ဖြစ်ပြီး ရှေးက သာသနာပြုများ နေထိုင်သွားသည့် နေရာထူးတစ်ခု ဆို၏။

ငါတို့ကား နယ်ကူးဆိုသောစကားကို နှစ် သက်မိ၏။ မိမိအတွက် နယ်ကူးရန်ရည်စူး၍။ သမထနယ်မှ ဝိပဿနာနယ်ထဲသို့ကို။

သို့ဖြင့် ထိုနေရာ ကျောင်းကိစ္စအတွက်တာ ဝန်ပေးလိုက်ပြီး ဤကဆုံလပြည့်နေ့မှာပင် လာ လျှောက်ရန် တပေါင်းပွဲတော်မှပြန်ကာနီးတွင် ထိုတာဝန်ခံဒကာကြီးအား ကြိုတင်ပြောကြား ထား၏။

ငါတို့အဓိဋ္ဌာန်ကား နတ်တလမှကဆုံလ ပြည့်ကျော်(၉)ရက်နေ့ထွက်ခွာရန်။ ကျောင်းကား သစ်သားကျောင်းငယ်လေးမျှသာ။ အချိန်ကား (၂)လတိတိပေးထားခဲ့၏။ ထိုနယ်ကူးတောင်သို့ ကျောင်းဆောက်ရန်ရောက်ပြီ ဆိုကတည်းကပင်-

ထိုဒေသများ၌လည်း ကောလာဟလ တို့ဖြင့် ကြိုတင်သတင်းကြီးနေပြီ။ ငါတို့၌လည်း အိပ်မက်အမျိုးမျိုး တိုးဝင်လာနေပြီ။

-လိုရင်းမှာ ပျဉ်းမနား လက်လုပ်တောင်ထက် ပင် လူရှုပ်မည်။

မဟာဗမ္မာပါလ



-နိုင်ငံရေးအရှုပ်အထွေးများအကြား ညပ်ပါသွားလိမ့်မည်။ ဤနှစ်ချက်။

နယ်ကူးက သမ မှ ဝိ မဟုတ်ဘဲ၊ တစ်ခြားနယ်ထဲ ကူးရမှာမျိုး။

ဤတွင် ယခင်ကလည်း ပညတ်ရွေးနှင့် ပတ်သက်၍ နည်းတူဖြစ်ခဲ့ဖူးသေး၏။ သာစည်ရွှေကျောင်းကုန်းတောင်မှ ဇင်းကျိုက်တောင်သို့ အကူး။

ထိုသို့ကူးရာတွင်- ရန်ကုန်သို့ ညရထားစီး၍ကူးရမည်ဖြစ်ရာ ငါတို့က ကိုးပယ်၍ဆယ့်တစ်ပြောင်းရန် ညဆယ့်တစ်နာရီထွက်မည့် သာစည်-ရန်ကုန် အမြန်ရထားကို ရွေးလိုက်သည်။ သူတို့က လက်မခံ။

အိပ်မက်ဖြင့်-သူတို့ဖြစ်စေချင်သည်မှာ ည (၉) နာရီ မန္တလေးမှလာသော ရထား။ ထိုရထားမစီးမိ ပွဲသုံးပွဲပင် ကပြထားခဲ့ရမည်က ပါလိုက်သေး။

သို့ဖြင့် သာစည်သို့ နံနက်ဆွမ်းခံမှီ အရောက်လာပြီးဆွမ်းခံ၊ ပြီးသည်နှင့်တရားတစ်ပွဲ။ နေ့လည်တစ်ပွဲ။ ည-၇နာရီတစ်ပွဲ။ ပေါင်း သုံးပွဲ။

သည်သို့ ပွဲပေးပြီးမှ ထွက်ခွင့်ရခဲ့၏။ ဆိုလိုသည်မှာက ကိုးပယ်၍ ဆယ့်တစ်အပြောင်းကို အပြောင်းမခံခြင်းပင်။

ဤမှာလည်း (၉)ကနေ (၁၁)ပြောင်း အတိုင်း သမမှနေဝိသို့ အပြောင်းမခံခြင်းပင်။

ယင်းကား ငါတို့၏အတွင်းရေးများပင်ဖြစ်တော့သည်။ သည်ကြားထဲ တာဝန်ခံဒကာကြီးက လာလျှောက်ရမည့် ကဆုံလပြည့်၌ လာမလျှောက်ဘဲ တာဝန်ပျက်ကွက်ခဲ့ရာ တစ်နေရာရာ စဉ်းစားရတော့သည်။

ဤအတောအတွင်း လာပင့်မည့် ကားနောက်လိုက်မည်။ သည်သို့ အဓိဋ္ဌာန်သစ် နယ်ကူးလိုက်ပြန်ရာ လား,လား- သုဝဏ္ဏသျှံနယ်မှကား, ကဆုန်လပြည့် ကျော်(၁၃)ရက်နေ့ ရောက်လာ၏။ ကန်တော့ဆွမ်း လုပ်လိုက်ရ၏။

တစ်ဖန်(၁၄)ရက်နေ့တွင် နတ်တလူဥက္ကဋ္ဌက လာလျှောက်ပြန်၏။ သည်နှစ် ဝါကြီးထပ်နှစ်ဖြစ်၍ဒုတိယဝါဆိုလဆန်းကျမှ နယ်ကူးသို့ကြွရန်၊ နတ်တလူ၌ ဝါမဆိုမီအထိ ဆက်လက်သီတင်းသုံးရန် စကား။

"တော်- ခင်ဗျားတို့ နယ်ကူးတာဝန်ခံနှင့် ပေါင်းကြံကြတာပဲ။ တာဝန်ခံကလည်း ခေါင်းလျှိုပေး ခင်ဗျားတို့ကလည်း ခေါင်းလှုပ်ပြ မဟုတ်လား" သည်သို့ စိတ်အချိုရည်များ ခတ်ပျက်ပျက်ဖြင့် ပက်လိုက်ရာ-

မကြာပါ နယုန်လဆန်း(၁)ရက်နေ့ ညထိုဥက္ကဋ္ဌ ကားအဆင်သင့်ဖြင့် ရောက်လာ၏။ နတ်မောက်နယ်ကူးသို့ လိုက်ပို့ရန်။ ယင်းနှင့်အတူ ဒေါက်တာ(၂)ဦးပါ၏။

သည်လိုတော့လည်း ကာယကံရှင်ကမှ မပင့်ဘဲနှင့် မဖြစ်။

ဖြစ်နိုင်သည်က မုံရွာတစ်ဖက်ကမ်းကိုပဲဖြစ်ဖြစ်၊ မဟာမြိုင်တောကိုပဲဖြစ်ဖြစ်ပေါ့။

သည်တွင် "နက်ဖြန်နံနက် အဆင်သင့်ဖြစ်ပါစေ့မည်ဘုရား" လျှောက်ထား၍ ချက်ချင်းမုံရွာ၊ သစ်ထုတ်ရေးရှိ ဒကာကြီးဦးအောင်ထူးဆီသွားကြလေပြီ။

နံနက်(၈)နာရီခွဲလောက်တွင်ရောက်လာကြပြီး "မုံရွာတစ်ဖက်ကမ်း ဝါးသုံးရုံသစ်တောစခန်း၌ ချက်ချင်းပြီးကျောင်းဆောက်ရန်သွားကြပြီ။ ယခုကြွနိုင်ပြီ" လျှောက်ကြရာ-

နံနက် (၁၁)နာရီ ရှေ့ပြေးကားက ထွက်နှင့်

နံနက် (၁၁း၃၀)နာရီ ငါတို့စီးမည့်ကားက လိုက်ခဲ့မည်။ သို့ဖြင့်-

မဟာဗမ္မပါလ



ထိုညနေတွင် မိုးညှင်းသမ္ဗုဒ္ဓေ၌ တစ်ညနား။ နောက်နံနက် မုံရွာသစ်ထုတ်လုပ်ရေးဌာနရှိ ဒကာကြီး ဦးအောင်ထူး-ဒေါ်နုတို့အိမ်တွင် အရုဏ်ဆွမ်းသုံး၍ ဝါးသုံးရုံရာက်ထွက်ခဲ့၏။ သစ်ထုတ်လုပ်ရေး၌ သာစည်အထောက်တော်၊ ပျဉ်းမနားအထောက်တော်၊ ရန်ကုန်အထောက်တော်များ ဒင်းကြမ်းရှိနေချေရာ ချက်ချင်းပင် သာစည်-ပျဉ်းမနား-ရန်ကုန်တို့၌ သတင်းပျံ့နှံ့သွားတော့သည်။

ထိုဒေသများ၌ တာဝန်ခံအဖြစ်နေခဲ့ဖူးသော သစ်တောအရာရှိ (အခြားလည်းနည်းတူ) မှန်သမျှ သစ်ကုန်သည်ကြီးများ၏ ထမင်းလုပ်နှင့် မကင်းကြရာ ယင်းအရာရှိကြီးများသည်ကား အထောက်တော်ကြီးများပင်။

မကြာပါ နယ်ကူးတာဝန်ခံများ ငိုဟယ် ရယ်ဟယ်ဖြင့် လာလျှောက်ကြ, ပင့်ကြ၏။ သည်နေရာရောက်ပြီးဖြစ်နေ၍ မလိုက်တော့ငြင်းလိုက်ရ၏။ အားမလျှော့ကြသေး။

သာစည်နှင့်ပျဉ်းမနားတို့ ခြေရှုပ်လာကြ၏။ မကြာမကြာလာကြ၏။ တစ်မျိုးမဟုတ်တစ်မျိုး အမျိုးမျိုးလာလျှောက်နေကြ၏။ တစ်ခါတွင်-

ဝါဆိုလပြည့် ငါတို့မွေးနေ့မှာ ပျဉ်းမနား-သာစည် နှစ်ဌာနပေါင်း၍ မွေးနေ့ပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်ပွဲ ကျင်းပလိုပါကြောင်း ပျဉ်းမနားဒကာကြီးက လာလျှောက်။

အင်း- ဒါတွေ တယ်ဉာဏ်များ၊ တယ်ခြေရှုပ်။ "ကဲ- သည်လိုလုပ်ကြဗျာ- အားလုံး လာချင်သူလည်း လာခွင့်ရအောင်၊ ဧည့်ခံရမည့် မင်းတိုင်ပင်ကျောင်းဒကာ-ကျောင်းအမ(အမည် ဦးညွန့်တင်-ဒေါ်ခင်လှိုင် ထင်၏။) များလည်း တာဝန်မလေးရအောင် -

တစ်ဖွဲ့-မင်းတိုင်ပင်တစ်ညနား, ပြီး နံနက်ခင်းမှာသည်ကိုလာ ပြန်တော့။

နောက်တစ်ဖွဲ့- မင်းတိုင်ပင်တစ်ညနား ပြီး နံနက်ခင်းမှာသည်ကိုလာ ပြန်တော့။

သည်အစီအစဉ် ဝါဆိုလဆန်း(၁၃)ရက်မှ (၁၅)ရက်နေ့အထိ သုံးရက်ခွဲတမ်း။

အနီးရှိဌာနေတို့က ဝါဆိုလဆန်း(၈)ရက်မှ (၁၂)ရက်နေ့အထိ ငါးရက်ခွဲတမ်း။

သည်သို့ ပြောလည်းပြီး သည်ဝါးသုံးရုံက ရွှေ့ရန်လည်း နေရာရှာရပြီ။

တွေ့ပြီ-သဘောကျနေရာ။ လယ်ဓမ္မအပိုင်၊ ဂန့်ဂေါနယ်ထဲမှာ။ ယင်းတွင် သဘာဝ လှိုဏ်ဂူကြီးရှိ၏။ လူများစွာဆန့်၏။ တစ်ဖက်ရပ်မဏ္ဍပ်နှင့်တူ၏။ အနီးတွင် ငါးတောင်ပတ်လည် သစ်သားကျောင်းလေးတစ်လုံး ဆောက်ပေးကြ၏။

ထိုနေရာကို ငါတို့နေရာဝါးသုံးရုံမှ-သစ်တောအုပ်ကြီးဦးတင်ဝင်းနှင့် (၅၅)မိုင်မှ သစ်တောအုပ်ကြီးဦးဂျုံးဆယ်(ကချင်-ဗုဒ္ဓဘာသာဒကာကြီး) နှစ်ဦးတို့က ပုံတောင်ထိပ်(နတ်ထိပ်)နေနန်းစောင့်မိသားစု ဦးသောင်းခန့်-ဒေါ်စိန်ဆန်း (ယင်းဒေါ်စိန်ဆန်းသည် လယ်ဓမ္မရွာသူဖြစ်၏) တို့ဆီ လိုက်ပါအကူအညီတောင်း ပေးကြရာမှ ပေါ်ထွန်းလာသည့် နေရာသစ်ဖြစ်၏။ အမည်ကိုကား မဇ္ဈိမဓမ္မမောနိဂူ ဟူ၍ပေးလိုက်သည်။

နေရာသစ်လည်း အဆင်သင့်ဖြစ်နေပြီ။

ပွဲတော်ရက်များလည်း ကျင်းပကြပါပြီ။

ဝါဆိုလဆန်း(၈)ရက်နေ့မှစတင်သော ဒါတုံ-သောတုံ-ပဿိတုံ ပွဲကြီး(လှူချင်လာ- တရားနာချင်လာ-ဖူးချင်လာပွဲကြီး)ကား တစ်နေ့ထက်တစ်နေ့ စည်ကား၏။ နောက်ဆုံးနေ့ လဆန်း(၁၂)ရက်ကား အစည်ကားဆုံးဖြစ်ခဲ့ပြီ။ အနီးပြီးသော်-

လဆန်း(၁၃)ရက်နေ့မှစတင်၍ အဝေးနှင့်ရင်ဆိုင်ရပါတော့မည်။ ပျဉ်းမနား-သာစည်-မိတ္ထီလာ-သုဝဏ္ဏသျှံတို့မှလာ၏။ စ,စချင်း(၁၃)ရက်နေ့တွင် နယ်ကူးကျောင်းတာဝန်ခံ သာစည်ဒကာကြီးက

မဟာဓမ္မပါလ



နယ်ကူးတောင်ခြေ ဂေါစရဂါမ်မှ ဒကာကြီးတစ်ဦး ခေါ်လာပြီးပင့်စေပြန်၏။ ယင်းအား ငြင်းရုံမက ပယ်လိုက်ရပြန်၏။

ထိုနေ့မှစ တစ်ဖွဲ့ပြီးတစ်ဖွဲ့, တစ်ညအိပ် တစ်နံနက်ခင်းလာဖူးဖြင့် စည်းကမ်းစီးဆင်းမှု မှန်နေသေး၏။

(၁၄, ၁၅)ရက်တို့မှာကား မမှန်တော့ပြီ။ တစ်ဖွဲ့က သာစည်-သုဝဏ္ဏသျှံ-လွယ်ကော်တို့ပေါင်းထားသောအဖွဲ့။ ထိုအဖွဲ့က နံနက်ခင်းအများလာရောက်ဖူးချိန်တွင် လွယ်ကော်ရောက်ပြည်နယ်သစ်တောဦးစီးမှူးကြီးဦးဇော်ဝင်း-ဒေါ်ခင်မျိုးမြင့်တို့သာ လာကြပြီး သူတို့က နေ့ခင်းတစ်ခေါက် လာခွင့်ပြုရန် လျှောက်၏။ ငါတို့ကလည်း သူတို့၏ လူကြီးသိက္ခာငဲ့၍ သူတို့ချည်းထင်ကာ ခွင့်ပြုလိုက်ရာ နေ့ခင်းတွင်ကား ကလဖန်ထိုးများ တစ်အုပ်ကြီးပါလာချေပြီ။ တစ်နေ့လုံးလုံး အားရပါးရတွေ့ကြ, ဆိုကြ စကားပြောကြ၏။ အချိန်ကုန်အထိ အခွင့်ရေးယူကြ၏။ ငါတို့ကလည်း ပြန်တော့, နှင်ရိုးထုံးစံမရှိ၊ အလိုက်မသိသော အခွင့်ရေး ကြောင်တောင်နှိုက်သမားများလည်း ပြန်ရိုးမရှိ။ ရဟန်းအား ဤသို့မလုပ်သင့်။

(၁၅)ရက်နေ့၊ နောက်ဆုံးနေ့၌လည်း အကြံအဖန်တစ်ဖွဲ့ ထိုးဝင်လာပြန်၏။ သာစည်က ပင်။ သည်အဖွဲ့က နေ့ခင်း(၁)ချက်တီးလောက်မှ ကားနှင့်ဝင်လာကြ၏။

ဤအချိန်မှာ ရှိသမျှပစ္စည်းများ နယ်ရှိသံဃာများအားလှူဒါန်းရန် ဒကာများနှင့်အတူ ပြင်ဆင်နေဆဲအချိန်ဖြစ်နေ၍ ငါတို့နှင့် စကား, အားရပါးရပြောခွင့်မရကြ။

ထိုအခါ ထိုမိသားစု ခဏမျှစကားပြောပြီး ပြန်ထွက်သွားကြပြီး၊ တောင်ကုန်းပေါ်ကနေဆင်း၊ ကတ္တရာကားလမ်းသို့ ကားဦးဆိုက်မိသောအခါ ဤတောင်ကုန်းလေး၏ အတက်,အဆင်းလမ်းဝကို ကန့်လန့်ပိတ်၍ ကားရပ်ထားလိုက်သည်။ မိသားစုများကား ကားလမ်းနှင့် တောင်ကုန်းတက်လမ်းဆုံရှိ ကွမ်းယာဆိုင်ထဲ၌ ဝင်နေလိုက်ကြသည်။

ရှိုးရှိုးလား,ဆန်းဆန်းလား၊ ပန်းလား,ခေါင်းလား မေးရတော့မည့်အဆင့်။ နေ့(၂)နာရီလောက်တွင် အလှူကိစ္စပြီးစီးသွား၍ အလှူတာဝန်ခံများလည်း မိမိတို့အလှူတာဝန်ကျရာကျောင်း အသီးသီးသို့ ထွက်သွားကြလေပြီ။ သို့သော်-ထိုကားပြန်တက်မလာ။ (၃)နာရီ, (၄)နာရီလည်း ပြန်တက်မလာတော့ပါ။

ငါတို့သည်ကထွက်ရန် ပေးထားချိန်ကား (၄)နာရီ ယခုကျော်သွားပြီ၊ (၅)နာရီနားထဲ အချိန်များက လှမ်းဝင်နေကြပြီ။ ထိုစဉ်-

တောအုပ်ကြီးဦးတင်ဝင်းနှင့် ဦးဂျိုးဆယ်တို့ တိတ်တိတ်ဝင်လာကြပြီး မလွယ်ပေါက် ခေါ်ကားလမ်းမဲ့ တောကြားမှ ပစ္စည်းများသယ်ထုတ်ပြီး ပစ္စည်းရော ငါတို့ပါကြွရန် လာရောက်လျှောက်ထားရာ-သည်ကလက်မခံ၊ လွယ်ပေါက်ကသာထွက်မည်။ သို့ကြောင့် ထိုကား, ထိုမိသားစု ရှင်းသွားမှ ငါတို့အားပင့်ဆောင်ရန်။ တစ်ခြားချုံများအကြား ပုန်း, စောင့်စားနေရသော နတ်တလူဥက္ကဋ္ဌနှင့်ကား, လမ်းတက်ခွင့်ရတော့သည်။

ထွက်မည်ဆိုကတည်းကပင် နိမိတ်က တယ်မကောင်းလှ။ သည်ကားကျောင်းရှေ့ရောက်သည်နှင့် ပစ္စည်းများရော, ငါတို့ပါ တက်ပြီးထွက်ခဲ့ရာ အချိန်မှာ(၅း၁၅)နာရီရှိနေပြီ။ ၁နာရီ၁၅မိနစ်နောက်ကျသွားချေပြီ။

ဘုရားအဆုံးအမ တကယ်အားထုတ်ပြမည် ဆိုကာမှ အနှောက်အယှက်က တယ်ကြီး။

သူများ ပေး၍မရသောဓမ္မ ကိုယ်တိုင်စားပြမည်ဆိုကာမှ အန္တရာယ်ကတယ်ကြီး။

မဟာဓမ္မပါလ

## ပုံညာတောင် အဆောင်ကြားမှာ

လယ်ဓမ္မနှင့် မဏ္ဍိမဓမ္မမောနိဂူ တို့သည် ပုံတောင်ပုံညာတို့၏ အကြား၌တည်ရှိပြီး ပုံတောင်နှင့်ပို၍ နီး၏။ ပုလဲ,ဂန့်ဂေါသွား ကားလမ်းဘေးမှနေ လာသမျှလူနှင့်ကား ရပ်၍ရှုစားသောနေရာ။

ထိုနေရာဆီသို့ ဦးတည်တက်လာသော ငါတို့ကားလေး (၆း၁၅)နာရီတွင် ပုံတောင်ထိပ်(နတ်ထိပ်)သို့ ရောက်လာပြီ။ ထိုမှနေ (၁၀)မိနစ်လောက်ထိ ကားစီးရပြီး နာရီဝက်ခန့် ခြေလျင်လျှောက်ကြရရာ (၇)နာရီလောက်တွင် မဏ္ဍိမသို့ ဝင်နိုင်ခဲ့ချေပြီ။

လယ်ဓမ္မ တစ်ရွာလုံးပရိတ်သတ် ဂူကြီးတစ်ခုလုံး အပြည့်အကျပ်။

ထိုပရိတ်သတ်အား လယ်ဓမ္မခေါ်ရခြင်းအကြောင်း မေးရာ- လယ်ကို ဓားမဖြင့်တူးဆွပြီးလုပ်ကိုင်စားသောက်ရ၍ လယ်ဓမ္မမည်ကြောင်း ဖြေကြ၏။

ထိုစဉ် ငါတို့ကား နှုတ်ခွန်းဆက်တရားဟောကြားလိုက်သည်။ ယင်းကား- တရားဓမ္မအားထုတ်ကြရာ၌ ဓမ္မမျက်စိမလည်ကြစေနှင့် လည်ခဲ့သော်-

-သံသရာဝယ် ဟိုလည်သည်လည် ဖြစ်တတ်လှချေ၏။

-ဓမ္မစခန်း၌လည်း ဟိုလည်,သည်လည် ဖြစ်တတ်လှချေ၏။ ဟူ၍။

နောက်နေ့နံနက်(လပြည့်ကျော်(၁)ရက်နေ့ နံက်)တွင် ဆွမ်းခံထွက်ရ၏။

-ဆွမ်းခံရာဌာနကား ကားလမ်းမှနေ လူမမြင်ရသော တောတွင်းမှာ။

-ဆွမ်းလောင်းများကား လယ်ဓမ္မရွာမှ တစ်နေ့လျှင် ခုနစ်အိမ်ကျ။

သို့ဖြင့် မဏ္ဍိမမှာ တစ်ဝါဆိုခဲ့ရပါ၏။ ထိုအတောအတွင်း သည်လယ်ဓမ္မအုပ်စု၏ သံဃနာယကအဖွဲ့ဥက္ကဋ္ဌသည် ဖုံးစိုးကျယ်ရွာမှ ဆရာတော်ဦးဩဘာသ ဖြစ်၏။ ထိုအရှင်မြတ်သည်လည်း မဟာစည်ဆရာတော်ဘုရားကြီး၏ထံတွင် ဝိပဿနာတရားများ အားထုတ်ခဲ့ဖူးသော ယောဂီဟောင်းဖြစ်ရာ- ဝါသနာတူ, ဆရာတူ သီတင်းသုံးဖော်ဖြစ်နေ၏။တွေ့တွေ့ချင်း ရင်းနှီးခွင့်ရ၏။ ထိုဆရာတော်ကပင် ငါတို့အကူညီတောင်းသော တားမြစ်မိန့်ကို ထုတ်ပြန်ပေး၏။

၁၃၆၁-ခုနှစ်၊ ဝါဆိုလပြည့်နေ့မှ ၁၃၆၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့အထိ ဤအတောအတွင်း မည်သူမျှမလာရ။ လာခဲ့သော် တစ်ယောက်တည်း လာလည်း အားလုံးရော,လာသူပါ ဖူးခွင့်တစ်ဝါ နောက်အဆုတ်ခံကြရမည်။ တစ်ဖန် တစ်ယောက်လာလာ၊ အဖွဲ့လိုက်လာလာ တစ်ခါလာ တစ်နေရာ ပြောင်းရွှေ့မည်၊ အမိန့်။

ဤအမိန့်ကို ကျနစ္စာ ရိုက်နှိပ်၍ရပ်ကျေးသံဃနာယကတံဆိပ် ရိုက်နှိပ်၏။ပြီးသော် ဆရာတော်၏ ကိုယ်ပိုင်လက်မှတ် ရေးထိုးပေးတော်မူ၏။

ထိုအမိန့်ကို မုံရွာသစ်ထုတ်လုပ်ရေးဌာနရှိ ဒကာကြီးဦးအောင်ထူးထံသို့ပို့ပေး၏။ ဦးအောင်ထူးကပင် တစ်ပြည်လုံးရှိ ငါတို့နှင့်သက်ဆိုင်ရာ ဒကာ-ဒကာမများထံ ဖြန့်ပို့၏။ ရန်ကုန်-ပျဉ်းမနား-သာစည် စသည်များသို့။ သို့ဖြင့်-

တစ်ဝါတွင်းလုံးငြိမ်ဆိတ်၏။ အနီးရှိများကား နွားကျောင်းသားပင် လာမကျောင်းကြပါ။

ထိုတောင်နှစ်တောင်သည် အရှေ့ဘက်အနောက်ဘက် ပြိုင်လျက်က ယှဉ်အိပ်စက်နေသည့်ပုံဆောင်ထား၏။ အရှေ့ကားပုံတောင်၊ အနောက်ကားပုံညာ။ ထိုတွင်-

ပုန်းခိုဟန် ပုံဆောင်ပြီး ညာထားသောတောင်က ပုံညာ အမည်တွင်လာ၏။

မဟာဝမ္မပါလ



တကယ်ပုန်းခိုနေသောတောင်ကား ပုံတောင် (သို့) ပုန်းတောင်ဖြစ်လာ၏။

ထိုနှစ်ခုတို့၏အကြားတွင် ယောသူ- ယောသား(ယောနကတိုင်းသူတိုင်းသား)များ မှီတင်းနေထိုင်ကြ၏။ ရိုးသားကြ, အေးဆေးကြ၏။ အမိန့်ရိုသေလေးစားကြ၏။ သို့ကြောင့် တစ်ဝါတွင်းလုံးလုံး အေးချမ်း၍ ငြိမ်သက်သောစိတ်ဖြင့် အားထုတ်ခွင့်ရခဲ့၏။ တောတွင်းအောင်း ဆွမ်းလောင်းဓမ္မရုံတွင်ကား-

ထိုဝါတွင်း၏ တွင်းစသာ လယ်ဓမ္မတို့ အချိန်မှန်, ရက်မှန် လောင်းခွင့်ရကြပြီး တွင်းလယ်အရောက်တွင် အနောက်ပုံညာအနီးနေ ကျော-ငွေပင်-ရွာငယ်-ပဲမစား-ညောင်ကိုင်း စသည့်ရွာများမှလည်းကောင်း၊ တစ်ဖန် ကြက်ရိုး-ဈာန်မွေး-ဖုံးစိုးကျယ်စသည့် ပုံတောင်အနီးနေ ရွာများမှလည်းကောင်း ဝင်ရောက် လောင်းလှူလာကြတော့ရာ ခုနစ်ဦးမျှသာကို ရိုသေသောအားဖြင့်-

-တစ်ယောက်ဝင်တိုးက တစ်ဦးထွက်ပေးရ၏။ (ရွာကတည်းက စီစဉ်လာခဲ့ခြင်းပင်)

-ခုနစ်ဦးစလုံးဝင်တိုး သည်ကလည်း ခုနစ်ဦးစလုံးပင် နောက်ဆုတ်ပေးကြ၏။

သို့ကြောင့် ဤဆွမ်းလောင်းဓမ္မရုံကြီးက လူသိများလာ၏။ လူပြောကပင် များလာတော့၍။

တွင်းအဆုံးတွင်ကား- ကွင်းအဆုံးရှည်းလုံးပြိုဖြစ်သွားတော့သည်။ ပုံတောင်ပုံညာ အတွင်းနေရွာအားလုံးက လာရောက်လောင်းလှူကြတော့၍ တစ်နေ့ ခုနစ်ဦး စည်းရိုး ကျိုးကျသွားတော့ခြင်းပင်။

တစ်ဝါတွင်းရှိ တွင်းကား ဆုံးပြီ။ (သီတင်းကျွတ်ပြီ)ဆွမ်းလောင်းရန်၊ ဖူးမြော်ရန်၊အခြားပစ္စည်းများလှူကြရန် တန်းစီစောင့်ဆိုင်းနေကြသော ပရိတ်သတ်ကြီးကား တသီတတန်းကြီးပင်။

ဤသီတန်းကြီးထဲ၌ ဘုန်းကြီးလည်းပါ၏။ ဖွားသီလလည်းပါ၏။ ကျားစုံ, မစုံလည်းပါကြ၏။ တစ်ဖန်-

ပုံညာတောင် နှစ်ဆောင်ကြားမှလည်းပါ၏။ ရန်ကုန်-သာစည် စသည်များလည်းပါကြ၏။

- သုံးနှစ်အတွင်းမလာရ သံဃာ့အမိန့်လည်း လိမ့်ကျသွားချေပြီ။

- ငါတို့ရှိ ကျင့်ဆဲအကျင့်များမှာလည်း လွင့်စင်သွားချေပြီ။

ဒကာရင်း အတွင်းလူဆိုကာ လာကြသော ထိုရန်ကုန်-ဤသာစည်တို့ကို ဌာနေတာဝန်ခံများက ဆွမ်းလောင်းရုံအထိ ဝင်ခွင့်ပြုကြ၏။ ငါတို့နေရာဂူအထိ လိုက်ကြရန် ကြိုးစားသည်များကိုကား အတင်းကြား, အဓမ္မတံခါးဖြင့် ပိတ်တား-တားပေးကြ၍ ငါတို့နေရာအထိ လိုက်ခွင့်မရကြ။ သို့တစေလည်း-မလာရစည်းကမ်း ငြမ်းလုပ်တက်မှုဖြင့် စွဲချက်တင်ကာ -

ထိုနေ့ညနေ-သီတင်းကျွတ်လပြည့်နေ့ညနေ (၃)နာရီတွင် မဇ္ဈိမဓမ္မမောနိဂူကို စွန့်ခွာ၍ ထိုတောင်နှစ်တောင်၏အကြားနေ တောမြိုင်(မဟာမြိုင်)ကြီးဆီသို့ မျက်နှာမူကာ ထွက်ခဲ့ရချေပြီ။ ထွက်သာထွက်ခဲ့ရ ဘယ်ကနေသွားရမည်က မသိ။

ကြားဖူးထားသည်က ပုံညာတောင်နှစ်ဆောင်ကြား ရွာများတွင် ကန့်သက်ရွာက မဟာမြိုင်အစပ်မှာတည်ပြီး သူ့အောက် နုံးရွာ-ကျဲရွာ-စကားရွာ သုံးရွာသာရှိ၏။ ယင်းကို ရွာငယ် နောက်ကျောရှိ ပဲမစားရွာမှနေ သွားရမည်ဟူ၍သာ။

ထိုစကား နားရင်းမှာထား၍-

ကျောခေါင်းရင်းရှိ ရွာငယ်နှင့်မကင်းသော ရွာငယ်-ကျော်တောလမ်းမှပင် ခရီးသွားနေရ၏။ ထို သွားရင်းကပင်-

- အိမ်ပြန် နွားအုပ်ကြီးများ အသံကြားတိုင်းလည်း အကွယ်မှရပ်ပေးနေရ၏။

- အိမ်ပြန် စွပ်ဖားဆွဲသမားတို့၏ အော်ဟစ်သံကြားတိုင်းလည်း ရပ်ပေးနေရ၏။

ထိုအသံများ စဲသွားသောအခါ နေကလည်း ဝင်သွားတော့ချေပြီ။

တောင်နှစ်တောင်အကြား လပြည့်နေ့၏ အလင်းအားကြီးက ဖြာကျလာနေပြီ။ သို့သော် လမ်းမသိဘဲ သွားနေရသည်။ နေ့ခင်းသို့ မှန်း၍မရ တတ်, ရှိချေရာ စမ်းချောင်းကြီးနှစ်ချောင်းတို့၏ အလယ်၊ ကြီးမားသော, လမ်းဘေးနေ နွားခို ကျောက်တုံးကြီးတစ်တုံးမှာပင် တစ်ညတာ နားခို လိုက်ရသည်။ ထိုညတွင်-

ပုံတောင်ထိပ်မှ မိပုန်း, ငါတို့ချစ်စနိုးခေါ် သောအမည်ဖြစ်၏။ ပုံတောင်ပုံညာ အမည်သည် သူမပုန်းခိုရာမှ တွင်လာသောအမည်ဆို၏။ သူမ သည် စိတ်တံခိုးရှင်မိန်းကလေးဖြစ်ပြီး စိတ်တံခိုး သတ္တိကြီးမားကြောင်း ပုဂံဘုရင် သတင်းကြားသွား သောကြောင့် တိမ်းရှောင်နေရသော ယောသူ မိန်းကလေးတစ်ဦးဆိုသည်။

ထိုမိပုန်းပုံတောင်ထိပ်မှနေ တစ်လှမ်းချင်း ဆင်းလာနေသည်ကို အထင်းသား မြင်နေရ၏။ အနီးသို့ရောက်သောအခါ အနီးမြင်တို့ထုံးစံအတိုင်း ပို၍ပင်ပီပြင်လာ၏။

အသက်အရွယ်က (၄၀)ကျော်ဝန်းကျင် လောက်။ ရုပ်ပုံက ယောတို့၏ အသွေးအရောင် အတိုင်း ညိုပြာညက်နှင့် ကိုယ်လုံးကိုယ်ထည် က မပိန်လွန်း, မဝလွန်းရှိ၏။ အဝတ်အစားက အဝါ-ဝါညိုအလုံးကလေးများရိုက်ထားသည့် လုံချည်, အင်္ကျီဆင်များ။

ထိုမိပုန်း ဣန္ဒြေကြီး၏ အသွားအလာ လှုပ် ရှားပုံကအစ ကလက်ခြင်းမရှိ။ ငါတို့ရှေ့ရောက်လာ သောအခါ ရပ်၍ လက်အုပ်ချီလျက်က-

"အရှင်ဘုရား ရည်မှန်းထားတဲ့တောကြီးတွင်း ကြွပါ။ တောဝင်စ စစ်သားများ အကျိုးအကြောင်း ပြောဝင်သွားပါ။ ဘာအန္တရာယ်မှမရှိပါ" သည်သို့ ပြောအပြီး ရုတ်တရက် ပျောက်ကွယ်သွားတော့ သည်။

'အင်း- ငါလှမ်းမည့်လမ်းက တန်းမိနေပါ ပေါ့ကလား' ဖြင့် ဝမ်းသာမိ၏။

နံနက်လင်းချိန်တွင် စမ်းချောင်းတွင်းဆင်း မျက်နှာသစ်လိုက်၏။ ပြီးသော် ပါလာသမျှ အကုန် လွယ်ကာ လမ်းတွေ့သမျှ အကုန်လိုက်တော့သည်။ လမ်းများကလည်း ယာစပါးများလုပ်ကိုင်ရာ သွား လမ်းများချည်း ဖြစ်နေကြ၍ များလှ၏။

-တစ်လမ်းလိုက်၊ အထက်ထောင်တက်သွား၊ မဟုတ်တန်ရာဖြင့် နောက်ပြန်ဆုတ်။

-တစ်လမ်းလိုက် ယာစပါးခင်းလမ်းဆုံး၊ရှေ့ ဆက်သွားစရာမရှိ၍ နောက်ပြန်ဆုတ်။

နောက်ဆုံး အောက်စုန်လမ်း တစ်လမ်းအ တိုင်းလိုက်ခဲ့ရာ လမ်းတွင် အတက်စွပ်ဖားနှင့်တက် လာသူများတွေ့၍မေးရာ သည်လမ်းက ရွာငယ် ဆင်းလမ်းဟုသိရ၏။

သို့နှင့် ကားလမ်းနှင့်နီးကပ်ခါနီးတွင် လမ်းဖွဲ့ကာ ပဲမစားဘက်ထွက်ခဲ့ရ၏။ ထွက်ခဲ့ရသော်လည်း လမ်းမတွေ့သေး၊ နေ့ခင်းရောက်လေမှတွေ့ရ၏။ ထိုနေ့က မိုးရွာ၏။ မိုးအောက်ကပင် ခရီးစမ်းတဝါး သွားနေရရာ နေဝင်ခါနီးလေမှ ပဲမစားသို့ဆိုက် တော့သည်။ ထိုရောက်မှ ပုံတောင်ညာဆန်တက် လမ်း- စကား ဘယ်ကသွားရသလဲ လှမ်းမေးရ၏။

အမေးခံရသော ထိုလမ်းဘေးအိမ်တွင် လယ်ဓမ္မသို့ကျောင်းတက်နေသော ရွာငယ်နေ လယ်ဓမ္မကျောင်းဆရာ၏မရီးလည်း ရှိနေချေရာ ငါ တို့မှန်းသိ၍ ထိုမရီးလင်မယားနှစ်ဦးစလုံး ထိုအိမ်မှ ဆင်းလိုက်လာကြ၏။ ပစ္စည်းများကူသယ်ခွင့်ပြုရန် တောင်းခံသဖြင့် ယောကျ်ားဖြစ်သူအား ပေးလိုက် ရာ ယောကျ်ားကား ငါတို့နောက်ကလိုက်ပါလာ၏။ မိန်းမကား ရပ်နေခဲ့ပြီး၊ ရွာငယ်နေ သူ့မတ်

မဟာဓမ္မပါလ



ကျောင်းဆရာရှိရာ ပြန်သွားကာ အကြောင်းကြား၏။ တစ်ဖန်-

ထိုပဲမစားရွာတွင်းကနေ စကား-ကျဲ-နုံး-ကန့်သက်သို့ တက်ရာလမ်း လှမ်းလာကြစဉ် တောင်ကျရေများ ထိုးဆင်းလာသောကြောင့် ရွာပတ်စီးချောင်းကြီး ရေများလျှံလာတော့ရာ ပဲမစားမှ စကားသို့သွားရာလမ်းကို ထိုချောင်းက ကာဆီးထားလိုက်ပြီ။

ကံရှေ့နေကား အတက်ဆို ချောင်းတက် ရွာတက်ကိုပင် ကန့်ကွက်စကား ပြောကြားနေချေပြီ။ နာရီဝက်ခန့်စောင့်ရ၏။ ချောင်းဘေးဝယ် နာရီဝက်ခန့် နားပေးနေရ၏။ ထိုစဉ်-

နံနက်က ကားတစ်စီး လူအပြည့်ဖြင့် မဇ္ဈိမဆွမ်းလောင်းရုံသို့သွားကြရာမှ မဖူးခဲ့ရ၍ပြန်လာကြရသော ပဲမစားရွာနေများ တဝတကော်ကြီး ဖူးခွင့်ရသွားကြလေပြီ။

ရေကျချိန် လိုက်ပို့သူများ၏ အကူအညီဖြင့် ပထမ ဆင်ဝိုင်းတွင် ည နားရန်စီစဉ်ကြ၏။ နောက် ဆင်ဝိုင်း(သစ်တောဌာနမှဆင်များထားရာ)ထက် ဆိတ်ငြိမ်သော ဦးတောကျော်ဆိုသူ၏ တဲအိမ်တွင် ည,နားသက်ရ၏။ လိုက်ပို့သူများနှင့် ခဏ, စကားပြောပြီး တစ်နေကုန်ပမ်းသမျှ ခန္ဓာအနားပေးလိုက်ရတော့၏။ နံနက်သော်-

ရွာငယ်နေ လယ်ဓမ္မကျောင်းဆရာခေါင်းဆောင်ပြီး ရွှေပင်-ပဲမစားမှ ဒကာများပါနောက်ပါဖြင့် စကား-ကျဲ-နုံး-ကန့်သက်ဆီသို့ ပုံညာတောင်အဆန်တက်ခရီးထွက်ခဲ့ကြလေပြီ။

လမ်းကား ဗွက်ကြီးလှ၏။ ဆင်ခြေရာနင်းမိက ပေါင်ရင်းအထိဗွက်မိ၏။ သို့ကြောင့် ငါတို့အား လယ်တဲရှင်ဦးတောကျော်၏သားက တာဝန်ယူ တွဲခေါ်လာရ၏။

စကားရောက်ရန် နာရီဝက်ခန့်လိုနေသေးသောအခါ ကျောင်းဆရာသည် စကားသို့ပြန်သည့် စကားဒကာနှင့် နောက်တစ်ယောက်တို့အား တိုးတိုးစကားမှာကြား၍ ရှေ့မှအပြေးသွားနှင့်စေပြီး သူရောငါတို့ရော အားလုံးကား ခြေမှန်ထားသွားစေခဲ့၏။

စကားရွာရောက်သောအခါ မြောက်ဘက်ရှိ လူလွတ်တောကျောင်းတွင် နေရာပေး၏။ ရွာခေါင်းဆောင်(တစ်ခါကဥက္ကဋ္ဌ)၏ နှိုးဆော်ချက်အရ တစ်ရွာလုံးလာကြ၏။ ဆွမ်းလှူကြ၏။ ယခု လယ်ဓမ္မကျောင်းဆရာသည် ယခင်က စကားကျောင်းဆရာဆို၏။ ဥက္ကဋ္ဌအပေါ်ဩဇာညောင်းလှဆို၏။

ဆွမ်းပို့ ,ဘုန်းကြီးဖူးများပြန်ချိန်တွင် ထိုရွာခေါင်းဆောင်က စကား၌သီတင်းသုံးရန်ပင့်တော့သည်။ တိုးတိုးကြားဖြင့် ရှေ့ကပြေးသွားသည်ကား ဒါကြောင့်များလားမသိ။ ငါတို့ကားလက်မခံ။ ယခင်ထားသည့်စိတ်ထားအတိုင်း ကန့်သက်အထက်က မဟာမြိုင်သို့သာ။

ကံဆိုးသည်ကား ထိုစဉ် မိုးသည်းထန်စွာရွာနေ၏။ တစ်ရက်နှင့်မရပ်၊ နှစ်ရက်လည်းမရပ် သုံးလေးရက်မြောက်ရောက်လာသောအခါ ရှေ့ဆက်ရမည့်ခရီး စိတ်ကုန်လာတော့သည်။

ဗွက်ဆိုးနှင့်ခြေကျိုး ဘယ်လိုများပွဲတိုးရမှာပါလိမ့်ဖြင့်။

ငါးရက်မြောက်လောက်တွင် သုံးဝါလောက်နေပေးပြီးမှခရီးဆက်အံ့ဖြင့် စကားလက်ခံလိုက်၏။ မိုးကလည်း တစ်ပါတ်လောက်(ခုနစ်ရက်လောက်)ကြာသောအခါ တိတ်ပေးလိုက်၏။ ကောင်းပါ့။

မဇ္ဈိမမှ မဟာမြိုင်အကြား စကားဖြစ်သွားပြီ။ မဟာမြိုင် ထိုင်စောင့်။

မဟာဗုဒ္ဓပါလ


## ရွှေဘုံထီးနှင့် အပုံကြီးကျပြီ

ကျောင်းကို ကျွဲကူးချောင်းဘေး ပုံတောင်ခြေ၌တည်ဆောက်ပေးကြ၏။ထိုကျောင်းကိုမောရ၍ နေရသော တောကျောင်းဖြစ်၍ မောနေရတော အမည်တွင်ချေ၏။ ယင်းကို စာသံပေသံဖြင့်- မောနေယျတော ခေါ်ကြလေပြီ။

ရွာအိမ်ခြေက နှစ်ရာကျော် စေတနာကသန်၊ လူကလည်းညီကြပြန်သဖြင့် ထိုကျောင်းရက်ပိုင်းအတွင်းပြီးစီး၏။ တန်ဆောင်မုန်းလဆန်းတွင် ရွှေ့ပြောင်းနေရ၏။ မိပုန်းလမ်းပြ တိုက်တွန်းပေးလိုက်သော မဟာမြိုင်နှင့်ကား ဝေးပြီ။

ထိုမဟာမြိုင်သည် တိုင်အားဖြင့် ပတ်ပတ်လည်(၂၈)တိုင် ကျယ်ဝန်းဆို၏။ အစိုးရက ဘေးမဲ့တော သတ်မှတ်ပြီး ပြည်သူ့ဥယျာဉ် အမည်ပေးထားဆို၏။

မဟာမြိုင်တောသို့တက်ရန် ထို မောနေယျနေစဉ် အိမ်မက်ထပ်ပေးသေး၏။ အိမ်မက်ထဲ၌-

ယခုနေသော ပုံတောင်ပုံညာဒေသက မှတ်ပုံတင်ဓါတ်ပုံရိုက်ခဲ့သောနေရာ။ ထိုမဟာမြိုင်တောကမှ တကယ် ဆေးဝါးအကုသခံရမည့် နေရာဆို၏။

သို့သော် ထိုတောအမည်က ယမင်းတောဆိုသဖြင့် စိတ်ကျဲသွားတော့သည်။ သို့ကြောင့် ယမင်းတော ဂွင်းလျှောထောင် ဆိုသော နိတိပင်ရေးထားလိုက်၏။

ရွာခေါင်းဆောင်(ဥက္ကဋ္ဌဟောင်း)၏ အာဏာကလည်း ထက်မြက်လှပါ၏။ ယခုလက်ရှိ ဥက္ကဋ္ဌနှင့်အားလုံးကပင်လိုက်နာကြရ၏။ ရာဇဝင်ရှိ သူဆို၏။ ခေတ်ပေါ် ဥက္ကဋ္ဌလည်းမဟုတ်။ အလံနီ သခင်စိုးတို့လက်ထက်ကတည်းက ဥက္ကဋ္ဌဆို၏။

ထိုဥက္ကဋ္ဌဟောင်းက နေရာတိုင်း အစောင့်များ စောင့်စေ၏။ ဘယ်ကနေ ဘယ်သူလာလာ ဝင်မနှောက်ယှက်နိုင်ရန် အဝေး-အနီးအစောင့်စုံလှ၏၊ စောင့်ရှောက်ရေးအဖွဲ့ကိုလည်း သူဦးစီး၍ ဖွဲ့စည်းထား၏။

က။ အဖွဲ့စည်းမျဉ်းက တစ်ဦးဦးကြောင့် ဆရာတော် ထွက်ကြွလျှင် ထိုတစ်ဦးရွာမနေရ။

ခ။ စကားသူ-စကားသားပင်ဖြစ်ပစေ တစ်ခြားတစ်ရွာမှာနေက တောတွင်းကဆွမ်းလောင်း ဓမ္မာရုံသို့ လာခွင့်မပေးရ။

စည်းကမ်းကြီးလှ၏။ အားလုံးကလည်း တိတိကျကျ လိုက်နာကြ၏။

ဆွမ်းလောင်းအသင်းက နှစ်ရာကျော်အိမ်ခြေရှိသောရွာဖြစ်နေ၍ တစ်နေ့လျှင်(၁၀)ဦးကျဖွဲ့စည်းပေးထား၏။တစ်အိမ်လျှင် သုံးပတ်(၂၁-ရက်) တစ်ကြိမ်သာ လောင်းခွင့်ရကြ၏။

ထိုနေရာ ငြိမ်ဆိတ်စွာအားထုတ်ခွင့်ရ၏။ တစ်ဝါပင်ခိုခဲ့ပြီးချေပြီ။

ဝါကျွတ်၏ နှစ်ရက်မြောက်နေ့တွင်ရွာကျောင်း၌ နှစ်ပတ်လည်ပွဲပင် ကျင်းပကြသေးဆို၏။ ထိုစဉ်-

တန်ဆောင်မုန်းလပြည့်ကျော်(၇)ရက်နေ့အရောက်၊ တိမ်တောက်လာချေပြီ။ ယင်းမှာ ရန်ကုန်မှဒကာတစ်ဦး ဖိလစ်ပိုင်နေဇနီးမောင်နှံ(ယင်းအစ်မနှင့်ယောက္ခ)တို့ကို ခေါ်ဆောင်၍ မင်းတိုင်ပင်ကျောင်းဒကာဦးညွှန့်တင်-ကျောင်းအမဒေါ်ခင်လှိုင်တို့အိမ်ဝင်ကာ ငါတို့ဆီ ဝင်ရာလမ်းကြောင်း အကူညီ တောင်းဆို၏။ ထိုကျောင်းအမက-

-ကျောဥက္ကဋ္ဌ ဦးခင်မောင်ရင်ထံသွား။ မရလျှင်

-ကျောသူဌေး ဦးသန်းဝင်းထံဝင်။ ဒါမှမရလျှင် တော့-

-ရွာငယ်နေ လယ်ဓမ္မကျောင်းဆရာထံ သွားပေရော့ ဟူ၏။ သို့ဖြင့်-

မဟာဓမ္မပါလ



မင်းတိုင်ပင်ကျောင်းအမ၏ ဤသိုက်စာ အညွှန်းယူ၍ ထိုရန်ကုန်ဒကာများ ကျောသို့တက်လာခဲ့ပြီ။

ကျောသို့ရောက်သော် ဦးခင်မောင်ရင်ထံ သွားရာ- ကျောဥက္ကဋ္ဌက စကားပင်မပြော၊ ခေါင်းသာ ရမ်းပြလိုက်သောဟူ၏။ တစ်ဖန် ကျောသူဌေး ဦးသန်းဝင်းတိုက်ဝင်၍လိုက်ပို့ရန်ပြောရာ-

ခင်ဗျားတို့တခြားကိစ္စဆိုက ကျနော့်တိုက် လိုသလိုနေနိုင်ကြပါတယ်။ ဆရာတော့်ကိစ္စဆို ခုထွက်သွားပါ။ နှင်လွှတ်လိုက်သောဟူ၏။ ထိုအခါ ကားကို ဆောင့်နင်းနင်း၍ ဆောင့်ထွက်ထွက်ပြကာ ရွာငယ်နေ လယ်ဓမ္မကျောင်းဆရာ (ငါတို့ထံ ဒေါက်တာများ၏အလှူပစ္စည်းပို့ တာဝန်ခံဆရာ) ထံ သွားကြလေပြီ။

ရောက်သောအခါ စကားနောက်မှပြောပြီး ခြသေ့်ကြီးများကိုအုပ်လိုက်ထုတ်၍ ရှေ့၌ပုံပြထားသည်ဆို၏။ ထိုဆရာ့ထံ၌ ငါတို့ထံမဝင်ရ တားမြစ်မိန့်များ များစွာရှိ၏။ ယင်းမှာ-

-ကျော သံဃာ့နာယကအဖွဲ့အတွင်းရေးမှူးထံမှ အမိန့်စာ။

-ရွာငယ်ဆရာတော်၏ထံမှအမိန့်စာ။

-ဖုံးစိုးကျယ်ဆရာတော်(လယ်ဓမ္မအုပ်စုဥက္ကဋ္ဌ)၏အမိန့်စာ။

-တစ်ဖန် ငါတို့ မရှိမဲ့အသံသွင်းထားခဲ့သော ကက်ဆက်ခွေ။

သို့သော်ထိုဆရာ ရှေ့နေခြသေ့် အဟောက် ခံလိုက်ရသောအခါ ထိုအားလုံး ဘာမှတရားမဝင် ဖြစ်သွားပြီ။

နောက်နေ့နံနက်စောစောတွင်ကား -

ထိုဆရာ၏ညီက အကိုဆရာ၏ တာဝန်ခံ ဥက္ကဋ္ဌဟောင်းထံပေးစာနှင့်အတူ ရန်ကုန်ဒကာအား စကားသို့ လိုက်ပါပို့ဆောင်ပေးသည်ဆို၏။

တာဝန်ခံဥက္ကဋ္ဌဟောင်းအိမ် ရောက်သော အခါ-

ကျောင်းဆရာ၏ညီက စာထုတ်အပြ၊ ရန်ကုန်ဒကာက ခြသေ့်အုပ်ထုတ်ပြ။ သို့နှင့်-ငါတို့ ဆွမ်းခံကြွရာဆွမ်းလောင်းဓမ္မာရုံအထိ ဝင်ခွင့်ရ တော့သည်။

ထိုစဉ် ဥက္ကဋ္ဌဟောင်း၏သားမက်က "ဖြစ်ပါ့မလားယောက္ခမ" ဟုသတိပေးရာ "အိုး- ငါလုပ်ရင် အကုန်လုံးဖြစ်တယ်" ပြောသည်ဆို၏။

ငါတို့ကား ထိုဓမ္မာရုံသို့ နံနက်(၉)နာရီ အရောက်ဆင်းခဲ့လေ့ရှိ၏။ ထိုဒကာ(ယောက်ဖ၊ အမတို့ရွာငယ်မှာကျန်ခဲ့) နှင့် ရွာခေါင်းဆောင်တို့ သည် (၈)နာရီကျော်ကျော်ကပင် ဆွမ်းလာင်းဓမ္မာရုံ ရှိရာသို့ ကြိုတင်ရောက်နေနှင့်ကြပြီး-

- ဒကာက ငါတို့လာချိန် ဓာတ်ပုံခိုးရိုက်ရန် ချုံဘေးမှကြိုစောင့်၍။
- ရွာခေါင်းဆောင်က ငါတို့လာလမ်းအတိုင်း ငါတို့ ဆင်းလာပုံ သရုပ်ပြ၍။

(၉)နာရီတွင် ငါတို့ ဆွမ်းလောင်းဓမ္မာရုံ အနီး ချဉ်းကပ်မိနေပြီ။ ထိုစဉ်-

ကွင်းစပ်ချုံဘေးမှ ဖျပ်ဖျပ်သံများ အတိုင်း သား ကြားနေ၏။ ရုံဘေး သူခိုးကပ်နေပြီ။

ငါတို့ ဓမ္မာရုံကပြန်အထွက် ရွာခေါင်း ဆောင်က ထိုဒကာ့ပစ္စည်းများ သပိတ်ဖုံးပေါ် တင် လှူ၏။

-သင်္ကန်းများ သပိတ်ဖုံးပေါ်အတင် ငါတို့က လက်ခံပြီးလက်နှင့်အဖိ အတင်းပြန်ဆွဲယူ။

-သပိတ်များ သပိတ်ဖုံးပေါ်အတင် ငါတို့က လက်ခံပြီးလက်နှင့်အဖိ အတင်းပြန်ဆွဲယူ။

အင်း- သည်နေ့ သည်ရွာခေါင်းဆောင်၏ အမူအရာများ တယ်ထူးခြားနေပါပေါ့လား။

မဟာဓမ္မပါလ



သည်လောက် ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံပုံမျိုး တစ်ခါမှမတွေ့ခဲ့ရဘူးချေ။

ငါတို့ကား ပြီးပြီးချင်း ဆွမ်းလောင်းမမွာရုံမှ ပြန်ထွက်လာခဲ့တော့၏။ အလှူပစ္စည်းထဲမှ စတီးသပိတ်ကြီး မြင်လိုက်သည်နှင့် ရောက်နေသူ ဘယ်သူလဲ မေးစရာမလိုလောက်အောင် သေချာသွား၏။ တယ်လဲ အတင့်ရဲလွန်းလှပေသကိုး။

ကျောင်းရောက်၍ ဘုရားဆွမ်းကပ်ပြီး၍ ထိုင်နေစဉ်မှာပင်-ထိုရွာခေါင်းဆောင် အလှူပစ္စည်းများ ကိုယ်တိုင်ပခုံးထမ်းဖြင့် ကျောင်းပေါ်သို့ရောက်လာနေချေပြီ။ ခြသေ့အစွမ်း ရဟန်းပက်လက်လန်ကိန်းပင်။ အကြောင်းမှာ-

"ပစ္စည်းလှူလိုလျှင် သပိတ်ဖုံးပေါ်တင်လှူလိုက်လူမလိုက်ခဲ့ရ" ဤ ငါတို့၏အမိန့် ခြသေ့လှိမ့်အကိုက်ခံရသောကြောင့်။

ထိုရွာခေါင်းဆောင် ပြောင်ကျကျပင် ထိုပစ္စည်းများ ဘုရားရှေ့တွင်ချခဲ့ပြီး ပြန်သွားတော့သည်။ သရုပ်ဆောင်ပုံကလည်း ပီပြင်လွန်းလှချေ၏။

ငါတို့ကား ခေါင်းတညိတ်ညိတ် ကျန်ရစ်ခဲ့၏။

- မနှစ်က သီတင်းကျွတ်လိုက်ခဲ့ကြ၍ နေရာရွှေ့-နှစ်တိုးလည်း ထိုရန်ကုန်ဒကာ အသိ။
- မနှစ်က လိုက်ခဲ့ကြ၍ လယ်ဓမ္မက ရွှေ့လာခဲ့သည်ကိုလည်း ရွာခေါင်းဆောင်အသိ။

သို့စဉ်လျက် လိုက်ရဲသည်, လက်ခံရဲသည်ကား အံ့တစ်ပါးဖြစ်လာ၍။ သို့သော် ပြောင်းလိုစိတ်မရှိ။ ဒါပေသိ တစ်ယောက်လာလာ၊ တစ်ဖွဲ့လာလာ တစ်နေရာပြောင်းမည်စကားကလည်း အရှိ။

တစ်နေ့လုံးစဉ်းစား၏။ ထွေးလုံးပတ်လည် ဖြစ်နေ၏။

နေ့ (၂)ချက်တီးလောက်ရောက်မှသာ ပြောင်းမှဖြစ်မည်အတွေး ပြေးဝင်လာနိုင်တော့၏။ ထိုမှစကာ ပစ္စည်းများ ယူသွားရန်နှင့် ထားခဲ့ရန်တို့ကို စီမံရ၏။ များများမဟုတ်၍ ခဏနှင့်ပြီး၏။

သို့ပြီးစီးသော် 'ဘယ်သွားမှာလဲ' အမေးခံရပြန်၏။

'အထက်ကန့်သက်' လို့ ဖြေလိုက်မိ၏။ ထိုစဉ် 'ညကြီး ကျဲ-နုံး ဖြတ်ရမှာ ခွေးတစီစီနဲ့.'

သို့ကြောင့် ထိုအဖြေတွေး ငေးကျသွားပြန်တော့၏။ သည့်နောက်တွင်ကား-

-'ကန့်သက်ဘက်ဆက်တက်မယ်'။ 'အလောင်းတော်ဘက် ထွက်မှာပါဆို'။

-'အလောင်းတော်ဘက်ပြောင်းထွက်မယ်'။ 'ကန့်သက်ဘက်ကပြောပြီးသား'။

အတွေးကမြင်း သူတို့ချင်းငြင်းနေကြတော့ရာ တစ်နေကုန်အထိပင်။ သည့်နောက်-

ည(၇)နာရီလောက်တွင် ယမင်းတောရိ ဂွင်းလျှောမိ သတိရလာကာ အလောင်းတော်ဘက် ပြောင်းထွက်ဖို့ ဆုံးဖြတ်ချက်ကျသွားတော့၏။ သည့်နောက်-

-ဘုရားဝတ်ပြုရင်းကလည်း မေတ္တာပွားပို့၏။

-တစ်ညလုံးလုံးလည်း မေတ္တာပွားပို့၏။

ငါ့နောက် ကျန်ရစ်မည့်သူများ၊ ငါ့ရှေ့က၊ ဝဲ,ယာက၊ အထက်,အောက်က ရှိနေနှင့်ကြသူများ စသည် မေတ္တာသုတ်တော်လာ ပွားပို့နည်းများအတိုင်း အကုန်ဖြန့်ပို့၏။ သည့်နောက် -

(၁)နာရီ(၂၈)မိနစ် တန်ဆောင်မုန်းလဆုတ်(၈)ရက်ဘက်သို့အရောက်-မောနေယျကုန်းဘေးရှိ ကျွဲကူးချောင်းကို ဆင်ကူးကူး၍ လူသူတို့ဆူညံဆူညံနှင့် သွားလာနေကျလမ်း မှန်းကာ ထွက်ခွာခဲ့ချေပြီ။ မကြာမီတွေ့ရ၏။

ထိုလမ်းအတိုင်း ၅-မိနစ်ခန့် လျှောက်မိ

မဟာဗိမ္မာပါလ



သွားသောအခါ လမ်းကား နှစ်ခွဖြစ်လာပြီ။

-တစ်လမ်းကား ကုန်းဇောင်းအတိုင်းပြထားပြီး ထင်ရှား၏။

-တစ်လမ်းကား ကုန်းတွင်းဆင်းဇောက်ဖြစ်နေ တော့၍ မထင်ရှား။ ထိုစဉ်-

ထင်ရှားလမ်းအတိုင်း ဆက်လိုက်ရာ ရှေ့ ရောက်လေ တောရှုပ်လေဖြစ်လာနေပြီ။ သို့ကြောင့် ပြန်ဆုတ်ခဲ့၏။ တစ်ဖန်- ဒါပဲဖြစ်နိုင်သည်ဖြင့် ပြန် တက်ပြန်၏။ ပြီး- ပြန်ဆုတ်။

သို့မှ နှစ်ခေါက်,သုံးခေါက် အသွားအပြန် လျှောက်ပြီးချိန်တွင် ကဲ- မထူးစိတ်ဖြင့် မထင်ရှား ဇောက်အောက်သို့ ခုန်ဆင်းလိုက်ပြီး ချောင်းလယ် ရှိကျောက်ခုံကြီးပေါ်တွင်ထိုင်နားလိုက်ရတော့သည်။ အမောဖြေရင်း, လမ်းစဉ်းစားရင်း။

ချောင်းအမည်က-နွားကူးချောင်း။

အမောပြေသွားသောအခါ- နောက်ပါ ကျောပိုးလွယ်၊ ရင်ပိုက်လွယ်၊ ပုခုံးလွယ်များကို ကျောက်ခုံကြီး ပေါ်မှာပင်ထားခဲ့၍ လရောင်မှုန်, ဓာတ်ခဲသေးနှစ်လုံးစုံ ထိုးထားသည့် လက်နှိပ် ဓာတ်မီးအားကိုးတို့ဖြင့် ချောင်းကိုဖြတ်၍ လမ်းစပ် ရှာသောအခါ ချောင်းတစ်ဖက် တက်ရာလမ်း တန်းတွေ့လိုက်ရ၏။

သို့နှင့်တစ်ဖန်ပြန်လာကာ လွယ်မြဲကိုလွယ် ၍ နွားကူးချောင်း, ကျားကူးကူးလျက် ဟိုတစ်ဖက် ခရီးထွက်ခဲ့သည်။ မကြာပါ မိနစ်(၂၀)ခန့်တွင်တွေ့ရ ပြန်၏-ချောင်း။ ချောင်းအမည်က ဘဲဒုန်းဆို၏။

ထိုချောင်းအရောက်တွင်ကား ဖဝါးထားဆဲ လမ်းအတိုင်းဆက်လျှောက်တိုင်း တောကြားသို့ချည်း ချဉ်းပေးနေ၏။ သည်လမ်း-အများသွားလမ်း မဖြစ်နိုင်၊ ဟိုဘက်-သည်ဘက် တောင်ကျော်လမ်း မဖြစ်နိုင်။ သို့ပေသိ ထိုမှတစ်ပါး လမ်းမတွေ့မိ။

တစ်ဖန် ချောင်းဘေး တောရိပ်ညို အကြား ဝယ်-လမှုန်လည်းဝင်ခွင့်မရ၊ ဓာတ်ခဲသေးနှစ်လုံးစုံ ကလည်းအမှုန်ပြ မြေအရောင်ကလည်းမဲတူလှ သဖြင့် အခြားလမ်း စမ်းမမိဖြစ်နေတော့ရာ ထိုမှာ ပင် အနားယူလိုက်ရတော့သည်။

နံနက်လင်းအားကြီးတွင် ထကြည့်လိုက် သောအခါ-

-လမ်းက ချောင်းဘေးမျှောင် ခေးလွယ်ခုတ် ရောင်ရောင်အဆင်းပြထား၏။

-ထိုလမ်းက မြေမဲထဲ လူးလဲနေသောလမ်းဖြစ် နေ၍ လင်းအားကြီးမှာပင် မထင်မရှား။

-တစ်ဖန် ဟိုတစ်ဖက် မျှော်ကြည့်လိုက်သောအ ခါ အတက်လမ်းကြီးက ထင်းထင်းကြီး။

'ဟုတ်ပြီ ဒါပဲဖြစ်ရမယ်' ဖြတ်ထုံးဖြင့် ကုန်းထ-ချောင်းအဆင်းဆင်းလိုက်၏။ ချောင်းလယ် ရောက်သောအခါ မျက်နှာသစ်ပေးရ၊ ရေတိုက်ပေး ရသေး၏။ ပြီးသော် သဲချောင်းတစ်ဖက်ကမ်း မျှောက်ခုန်,ခုန်လျက် တက်လှမ်းလာခဲ့ပြီ။ လမ်းကား ရှေ့ဆက်လေ ကောင်းလေ။

သို့ဖြင့် တစ်ပါးတည်း စကားထည်လဲပြော ရင်း ဆက်ခဲ့ရာ နံနက် (၉)နာရီတိတိမှာပင် ပုံတောင် ထိပ်သို့ရောက်ချေပြီ။ ထိုထိပ်မှနေ လာရာလမ်း လှမ်းမျှော်အကြည့်- စကားရွာကြီးကိုလည်း တွေ့နေ ရ၏။ မင်္ဂလာဆောင်က အသံချဲ့စက်သံလည်း ကြားနေရ၏။ နေ့စဉ်ဆွမ်းခံချိန်ကလည်း ရောက်နေ ၏။ အင်း-သည်နေ့ ဆွမ်းအလှူရှင်လေးများ-

ထိုထိပ်မှနေ နောက်ပြန်အနေဖြင့် မေတ္တာ ပွား၏။

-ယနေ့အလှည့်ကျသည့် ဆွမ်းအလှူ့ရှင်များ။

-သည့်နောက်(၁၃)လကျော်ကျော် လှူဒါန်းခဲ့ ကြသည့် ဆွမ်းအလှူ့ရှင်များ။

-သည့်နောက်ကျောင်း, ဆေး, အသုံးအဆောင် များ လှူဒါန်းခဲ့ကြသည့် ပစ္စည်းအလှူရှင်များ။

မဟာဗောဓိပါလ

-သည့်နောက် ငါတို့အား အစောင့်အရှောက် ပေးခဲ့ကြသည့် ပုညရက္ခိတ စေတနာရှင်များ။

-သည့်နောက် စကားရွာနှင့်စပ်သမျှ ရဟန်း-ရှင်-လူ သူတော်စင်အားလုံး အထိ။

ပြီးသော် နောက်ကျန်အဖြစ် ကျောပေး လိုက်ရင်း ရှေ့သို့ဆန်ဆင်းလာခဲ့ပြီ။

ထိုနေ့က ထိုလမ်းဝယ် အရှေ့အနောက် အကူးအခတ် ဘယ်ဘက်ကမှမရှိချေ။ ထိုစဉ်-ဘယ်တုန်းကမှ မရခဲ့ဘူးသော ချမ်းသာတစ်မျိုး ယခုပွဲတိုးခွင့်ရနေပြီ။ ယင်းကား-

ဘယ်မှာ ဘယ်နေရာဟူ၍လုံးဝမရှိသော ခရီးသွားဖြစ်ခွင့်ရနေခြင်းပင်။

သည်ခရီးကား-

- နောက်၌ကျန်ရစ်ခဲ့သော စကား-မောနေယျ တို့ကလည်း အလွတ်ဖြစ်သွားပြီ။
- ရှေ့၌ ဘယ်မှာ,ဘယ်နေရာ အစွဲမရှိလာသေး၍ အလွတ်ဖြစ်နေပြီ။

ဤအလွတ်နှစ်ပါးတို့၏ ခုလပ်ကြား ခရီး သွားနေရရာ-

- နောက်မျှော်၍ ပေါ်လာသော သောကမရှိ။
- ရှေ့အတွေးကြောင့်မေးတင်လာသော-သောက လည်းမရှိ။
- ခရီးသွားချင်း-စိတ်ချင်းဖိမိကြသဖြင့် အိကျလာ သော-သောကလည်းမရှိချေ။

သို့ကြောင့် အလပ်တွင်ဖြစ်သော အလွတ်မှ ခံစားခွင့်ရသည့် ဤပီတိသုခမျိုး ငါတို့ ပွဲတိုးဖူး သမျှထဲ ဘယ်ထဲမှာမှ နွှဲခွင့်မရခဲ့စဘူးချေ။

ယခုလှမ်းနေသည့် ခရီးခြေလှမ်းကား ဘယ်မှာရပ်နားမည် အကန့်အသတ်မရှိ။ ဘယ်သူ များနှင့်တွေ့၍, ဘယ်လိုကိစ္စမျိုး ဆောင်ရွက်ရမည့် အချိန်းအချက်လည်းမရှိ။

သို့ဖြင့် ပျော်ပျော်ပြုံး ငုံ့ဆင်း,ဆင်းခဲ့ရာ နေ့လည် (၂)နာရီခန့်လောက်တွင် ကျွဲခလောက်သံ လည်းကြား၊ ကျွဲကျောင်းမိန်းကလေး သီချင်းသံ လည်း နားထဲအဝင်။

'အို-ရွာနားနီးနေပြီထင်ရဲ့၊ ဘာရွာများလေ လဲ'

သည်အတွေးများပါ ဝင်လာကြရာ ပထမ ဘုရားလမ်း ရောက်ချင်ဇောများ စောလာ၏

ထို့နောက် ကျွဲခလောက်သံ နားထောင်၍ လမ်းဖဝါးနင်း ပြင်းပြင်းသွင်း၍ သွားပေးရ၏။

-ကျွဲခလောက်သံကား တစ,တစ ဝေး၍,ဝေး၍ သွားချေပြီ။

-ဖဝါးအောက်က လမ်းကား ကြာလေရှည်လေ ဖြစ်လာနေချေပြီ။

သည်အထဲ သဲချောင်းဆိုသောချောင်းကြီး က ကာဆီးထားသေး၏။ တစ်ဖက်ကမ်း လှမ်းကြည့် သော် မြင့်စောက်နေ၏။ ချောင်းတက်နေရာတွင် ဝါးထိုးတံခါးက ပိတ်ထားလိုက်သေး။

သည်အခါ ခြေကုန်အားယုတ်နေသော-ထိုသည့်ငါ နေရာမှာပင်ထိုးရပ်လိုက်ရပြီ။ လူသွား လမ်းမှဖယ်၍ ချောင်ကျသောနေရာဝယ် ပစ်လှဲ အိပ်ကာ အနားယူလိုက်ခြင်းပင်။

သည်နေရာ တစ်နာရီလောက် ကြာသွား ထင်၏။ (၃)နာရီခန့်လောက်တွင် အမောပြေ ရေသောက်ရင်း, တစ်ဖက်ကမ်း ဖြေးဖြေးလှမ်းတက် ရင်း ဆိုကာ နေရာမှထ၍ ချောင်းတွင်းဆင်းလိုက် ၏။ နောက်ပိုးလွယ်၊ ဘေးလွယ်၊ ရင်ဆွဲလွယ်များ ကျောက်တုံးကြီးပေါ် တင်ထားလိုက်၏။ ပြီးသော် ရေသောက်၍ ခေတ္တနားနေရာ-

အနောက်ဖက်မှ အရှေ့ဖက်ဆင်းလာသည့် ကျွဲကုန်သည်အဖွဲ့များနှင့် တိုးမိသွားပြီ။ သူတို့ကား ကန့်သက်မှကျွဲများဝယ်လာပြီး နွယ်အင်းသို့ သယ်မည့်

မဟာဗမ္မပါလ



သူများပင်ဖြစ်ရာ နွယ်အင်းရွာနှင့်မဝေးလှသော ဝါးသုံးရုံနေခဲ့ဖူးသည့် ငါတို့ကို ချက်ချင်းမှတ်မိသွားကြ၏။

ငါတို့နောက်ပါလာသည့် (၁၅)ပိဿာခန့်ရှိ သင်းပိုင်ဖြင့်ထုပ်လာသော နောက်ပိုးထုပ်ကြီးကို ကန့်သက်ရွာမှ ကျွဲသမားများ အဖေါ်ခေါ်လာသည့် မင်းအောင် ဆိုသူလေးက ကူသယ်ပေး၏။

သို့ဖြင့် အလောင်းတော်သို့ သွားလာရာ ဘုရားလမ်းပေါ်မှ ကျော်တောရွာအနီးရှိ တောင်ခြေသို့ ညနေ နေဝင်ပြီးချိန်ရောက်ရှိသွားကြ၏။

နီးပြီခရီးကား နေ့လည်(၂)နာရီကနေ ညနေ (၆)နာရီကျော်မှ မရောက်တရောက်ရှိသေး။ တောင်ခြေသို့အရောက် ငါတို့ကား လမ်းဖွဲ့သွားရန် ရည်စူးထား၏။ သို့သော်-

ကျွဲကုန်သည် ဒကာကြီးများက တောင်ခြေရှိ လယ်တဲတစ်တဲတွင် သူတို့နှင့် လိုက်ပါတည်းရန်၊ နောက်နံနက်တွင် ဘုရားလမ်းအတိုင်း အထက်ဆန်လိုက ဆန်ကြွရန်၊ ကျော်တောနေ ဒကာများအား သူတို့ အကူတောင်းပေးမည်အကြောင်းလျှောက်သဖြင့်သဘောတူကာ ၎င်းတို့နှင့် အတူကျော်တောပိုင် လယ်တဲတစ်တဲတွင် ဝင်လိုက်ကြ၏။

ယင်းလယ်တဲပိုင်ရှင်ကား ဦးသိန်းဟံ-ဒေါ်မြအေးဆို၏။ တိုက်ဆိုင်မှုကား နေ့ခင်းက သီချင်းဆို ကျွဲကျောင်းပြီး ပြန်သွားသူလေးကား သူတို့သမီး ဖြစ်နေပြီး ထိုတဲမှာပင် ပက်ပင်းတွေ့ရခြင်းတည်း။ ထိုအချိန်က ဒေါ်မြအေးသာရှိ၏။ ဦးသိန်းဟံမရှိ။ ရွာထဲမှာဆို၏။

မကြာမီ ဒေါ်မြအေးသားအမိ ကျွဲသမားများ အတွက် ထမင်း၊ ဟင်းများချက်ပေးပြီး ရွာပြန်သွားကြ၏။ ကျွဲသမားများလည်း -ရဲ့စနည်းနာရင်း ဟင်းဝယ်ရင်းဆိုကာ ရွာဘက်ထွက်သွားကြရာ ထိုသူများ လမ်းအရောက်မှာပင် ရွာထဲမှလူများ ငါတို့ရောက်လာကြောင်း သတင်းကြားရ၍ဆိုကာ တဲသို့ရောက်လာကြချေပြီ။

နောက်နံနက်တွင်ကား အနီးမှရွာများကပါ သတင်းကြားဖြင့် လာကြရာ နံနက်မလင်းမီကပင် တဲဝင်းမဆန့် ဖြစ်လာနေချေပြီ။(ကျွဲသမားများကား ခရီးဆက်သွားကြပြီ။)

" ကံဆိုးကြီးကပ်ရာ မီးဟပ်၍ပါ " စာစီရ မလားလည်းမသိ။

နေထွက်စတွင်ကား ပုံတောင်အရှေ့ဘက်နေ ဆရာတော်တစ်ပါး တပည့်မ နောက်ပါသီလရှင်များနှင့်အတူ တောင်အနောက်ဘက်ရှိ စကားရွာ သီလရှင်ကျောင်းသို့ ခေတ္တသွား သတင်းသုံးရန် ငါတို့နောက်ကျောမှနေ ကြွချီရင်း-"ဟေ့. . ဟိုတဲထဲက ဘယ်ကကိုရင်ကြီးလဲဟေ့" ဖြင့် ကျီစယ်လိုက်ရာ- ထိုဆရာတော့်ရှွာ (သက်ကြီးတိုင်းဆိုလားပဲ)မှ ဒကာတစ်ဦးက ပျာပျာသလဲပြေးသွားကာ ငါတို့ဖြစ်ကြောင်း လျှောက်ထားရာဆရာတော်မှတစ်ဆင့် စကားရွာသို့ သတင်းလူကြုံပါး ဖြစ်သွားစေ၏။

ထိုဆရာတော်က ကျော်တောကျောင်း ဘုန်းကြီးထင်၍ ကျီစယ်ဟန်တူ၏။

စကားရွာကြီးကား ယမန်နေ့ နေ့ခင်းကပင် မင်္ဂလာဆောင်မှ အ-မင်္ဂလာဆောင် သို့ပြောင်းသွားချေပြီ။

မင်္ဂလာဆောင်ကား- စကားရွာရောက် ရ. လ. က စာရေးနှင့် စကားရွာသူလေး။သို့ကြောင့် လူစုံ-ရွာစုံလာ မင်္ဂလာပွဲဖြစ်နေ၏။ ထိုစဉ်-နံနက် (၉)နာရီ ငါတို့ကြွမလာသောအခါ ဆွမ်းလောင်းမည့် (၁၀)ဦးတို့ ဆွမ်းအုပ်ကိုယ်စီဖြင့် မောနေယျကုန်းသို့ တက်ရောက်ကြသည်ဆို၏။ ထိုအထဲ ရွာခေါင်းဆောင် ငွေယူလာဘ်စားလည်း ပါသည်ဆို၏။ မရှိတော့မှန်း သိကြလေသောအခါ သောကစိတ်၊ ယူကျုံးမရစိတ်၊ မကျေချမ်းစိတ် ကိုယ်စီတို့ဖြင့် ရွာထဲဝင်လာကြပြီး ထိုသတင်းပြောကြရာ နယ်စုံလာ မင်္ဂလာမှ အ-မင်္ဂလာ ဖြစ်သွားရရှာပြီ။

မဟာဓမ္မပါလ



အားလုံးက ရွာခေါင်းဆောင်၏ မနေ့က ဧည့်လက်ခံ လာဘ်ယူလုပ်ထားပြီးကို သိကြလေသဖြင့် ရွာခေါင်းဆောင်မှာ တာဝန်ရှိကြောင်တိုးတိုး ပြောကြသည်ဆို၏။ ထိုအခါ-လုံလည်းမလုံ၊ လဲ၍လည်းမရတော့သော ထိုရွာခေါင်းဆောင်သည်-

"မင်းတို့ဘာပြောကြသလဲ ငါ့အကြောင်း မသိဘူးလား" မေးကာ ဓါးဆွဲထွက်လာသည်ဆို၏။

အားလုံးကား ငြိမ်ပေးလိုက်ကြ၏။ ရွာကိစ္စနယ်သို့ ချမပြလိုကြ၍။

ညသို့ရောက်သောအခါတွင်ကား အိမ်ခြေနှစ်ရာကျော်ကျော်ကျောက်ခဲများ ထိုရွာခေါင်းဆောင်ခေါင်းပေါ်(အိမ်ပေါ်)သို့တက်လာကြချေပြီ။ (၄)ည ငြိမ်ခံနေရ၏။ နောက်တစ်ည ထွက်ပြေးရပြီ။

ကျောက်ခဲများက (၃)ညအထိမရပ်ကြသေး။ ထိုစဉ်-တောင်အရှေ့ဘက်မှ ကြွရောက်လာသော ဆရာတော်က ဝင်ရောက်မေတ္တာရပ်ခံသဖြင့်၊ ရွာငယ်တောကျောင်းမှ တရားလာပြနေသော ဆရာတော်ကလည်း မေတ္တာရပ်ခံသဖြင့် ရပ်နားပေးလိုက်ကြ၏။ အခဲကားမည်သူမျှ မကျေကြသေး။

ငါတို့မှာလည်း အလေါင်းတော်ဘက်ဆက်ရန်ကား အလှမ်းဝေးသွားချေပြီ။

မည်သည့်နေရာရောက်ရောက်၊ မည်သည့်ဒကာနှင့်တွေ့တွေ့ ထိုရောက်သောနေရာသည်သာ အကောင်းဆုံး လျှောက်ထားမြဲဖြစ်ရာ ယခုလည်း ကျော်တောအကောင်းဆုံး ဖြစ်နေသဖြင့် ထိုမှာပင် သောင်တင်ပေးလိုက်ရပြီ။ ချက်ချင်းပြီးကျောင်းနေရာရွေး ဆောက်လုပ်နေကြပြီ။

စကားမှလည်း ရွာကုန်၊ လူကုန် တစ်နေ့တစ်ဖွဲ့ကျွန်းဖြင့် လာပင့်နေချေပြီ။

ညှော်နံ့သာရ မကြော်လိုက်ရသော ကန့်သက်ကလည်း လူကြီးများကိုယ်တိုင် လာပင့်နေချေပြီ။

ပုံတောင်, ဗန့်ကျီတောင် ကြားရွာများမှလည်း ဖူးလာမစဲ တသဲသဲနှင့်။

"ကံဆိုးကြီးကပ်ရာ မီးဟပ်လို့ပါ" စာဆိုကား မပို့မလို ဒု့ဗျက်မရှိ ကွက်တိပင်။

ကျောင်းပြီးသွားပြီ။ ငါးတောင်ပတ်လည်လောက် ကျောင်းကလေး။ ယင်းကျောင်းအမည် ပုလဲနယ်ကနေ ပုံတောင်ကျော်ကူးသွားရာမှ ယခုတဖန် ပုံတောင်ကျော်ကူးပြီးပုလဲနယ်ထဲ ပြန်ရောက်လာသည်ကို အစွဲပြု၍-

'ပဋိပတ္တိတောစခန်း' အမည်ပေးလိုက်သည်။

ပဋိ- တစ်ဖန်၊

ပတ္တိ- ရောက်ရှိလာခြင်း၊

ပဋိပတ္တိ- တစ်ဖန် ပြန်ရောက်လာပြီး နေပေးရသော တောကျောင်း။

ယင်းကျောင်းကို ရေစက်ချပေးပြီး နတ်တော်လပြည့်၊ အဖိတ်နေ့အထိ လမ်းတွင်လဲကျလာရာမှဖြစ်သောဒဏ်ရာ၊ ကျောက်နင်းရာမှဖြစ်သော ဒဏ်များကြောင့် အနားယူလိုက်၏။

ထိုအတွင်း ကျော်တောဥက္ကဌဟောင်း အဘိုးသောင်းဝေက ဆွမ်းပို့ပေး၏။

သည့်နောက် နတ်တော်လပြည့်နေ့မှ လစေ့နေ့အထိ တစ်နယ်လုံး ဒါတုံ-သောတုံ-ပဿိတုံ ခွင့်ပြုကာ ကျော်တောဆင်း ဆွမ်းခံ၏။ တစ်နယ်လုံးရော၊ နောက်ဖက်ရွာများ ကပါ ဆွမ်းလာလောင်းကြ၏။ တရားနာကြ၏။ ဖူးကြ၏။ နတ်တော်လစေ့နေ့ (၁၅)ရက်စာ ရေစက်ချ, တရားဟော ပြီးသော်-

"ဘယ်သူမှမလာရ" အမိန့်ဖြင့် တံခါးပိတ်လိုက်တော့သည်။

မဟာဓမ္မပါလ



## ရဲ ဆရာတော် ဂူလာ တရားဟောပေးရခြင်း

စကားအဓိကရုဏ်းကား ဆရာတော်များ ကြားဝင်မေတ္တာရပ်ခံပေးခြင်းကြောင့်လည်းကောင်း၊ ရွာခေါင်းဆောင် ရွာမှထွက်ပြေးပြီး ပဲမစားရှိ နှမအိမ်သို့ သွားရောက်နေခြင်းကြောင့်လည်းကောင်း ငြိမ်နေ၏။ သို့သော် အမှုကားမပြီးပြတ်သေး။ ယင်းအမှုကား-

ရွာခေါင်းဆောင်ကိုယ်တိုင် စည်းဖောက်သူ ရွာမှထွက်ပေးရမည် ချမှတ်ထားသော ဤစည်းကမ်းအရ ထိုရွာခေါင်းဆောင် စကားမှာပြန်မနေစေရေး၊ လက်မခံရေး အမှု ။

သို့သော် ထိုရွာခေါင်းဆောင်က ကျောရဲစခန်းသို့ သွားရောက်အကူအညီတောင်းရာ ကျောရဲစခန်းမှ စခန်းမှူးကိုယ်တိုင် ရဲတပ်ဖွဲ့ဦးစီးကာ စကားသို့ ဝင်လာ၏။ ရောက်သည်နှင့်ရွာရှိ လူကုန်စုဝေးစေကာ တရားဟောသည်ဆို၏။ ယင်းမှာ-သာသနာ့လုပ်ငန်းတွင် ဘာသာရေး၊ သာသနာရေးဟူ၍ နှစ်ဘက်ရှိ၏။ ထိုစဉ်-

-ဘာသာရေးက ဘာသာရေးအတိုင်းရှိရ၏။ သာသနာရေး၌ ဝင်ရောခွင့်မရ။

-သာသနာရေးက သာသနာရေးအတိုင်းရှိရ၏။ ဘာသာရေး၌ ဝင်စွက်ခွင့်မရ။

ယခုဖြစ်ပွားနေသော အမှု သာသနာရေးကိစ္စဖြစ်၏။ သို့ကြောင့် ထိုအမှုကို သာသနာ့ကိစ္စတာဝန်ခံ သံဃာကသာ ဆုံးဖြတ်ခွင့်ရှိ၏။ လူများဝင်ရောက်စွက်ဖက်ခွင့်မရှိဟု တရားဟောသည်ဆို၏။ ရွာခေါင်းဆောင်ကား ပိုင်လှ၏။ ဆိုလိုသည်မှာ သည်ကိစ္စ ခင်ဗျားတို့မဝင်ချင်ကြနှင့် ဝင်က ဥပဒေအရ အရေးယူရမည်ဟူ၍။

သို့ကြောင့် ထိုရွာခေါင်းဆောင်ရေးဆွဲထားသော စည်းဖောက်သူ ရွာမှထွက်ပေးရမည် ဆိုသောဥပဒေအရ ရွာနေလူကြီးများ အရေးယူခွင့်မရတော့ဘဲ လက်ရှောင်ပေးလိုက်ရပြီ။

မကြာမီ ထိုရွာခေါင်းဆောင် အိမ်ပြန်ကပ်လာတော့သည်။ ပြီး, ရွာတွင်းဝင်ဆုံကြည့်၏။ သို့သော် ညီအစ်ကို မောင်နှမများကပင် အခေါ်အပြော မလုပ်ကြဆို၏။ ထိုအခါ- အလိုလိုတစ်ယောက်တည်းဖြစ်လာပြီး အားငယ်လာ၏။ ရှက်တတ်လာ၏။ သို့ကြောင့် တစ်ရွာနေအိမ်ထောင်သည်သမီးထံသို့ သွားရောက်ကာ ခိုလှုံရတော့သည်။ ထိုမှာပင်-

ထိုသမီးက သေမလောက်အသည်းအသန်နာဖျားလာချေရာ ငွေနှင့်အသက်လုကြရဆို၏။ ထိုအခါ ထိုရွာခေါင်းဆောင်အိတ်ထဲက ခြင်္သေ့ကြီးများ ထွက်ပြလာကြပြီ။

- သုံးရာလောက်ကုန်စရာဆိုလျှင်-ရော့ငါးရာဆိုကာ အုပ်မှဆွဲဖြပေးနေခြင်းဖြင့်။

- ခြောက်ရာလောက်ဆိုလျှင် ရော့နှစ်ရှက်ဆိုကာ အုပ်မှဆွဲဖြပေးနေခြင်းဖြင့်။

ထိုစဉ် စကား၌ဖြစ်ပွားနေသော သတင်းကြောင့် အကဲခတ်ကြည့်နေကြသော ထိုရွာမှလူကြီးများသည် မှန်နေပြီ ဆုံးဖြတ်ကြကာ စကားသို့ ထိုအကြောင်း စာဖြင့်ပြန်ကြားစေသည် ဆို၏။

ထိုအခါ ယခင်ကသူ့ဘက်နေ သီလရှင်များက သူ့အား ဘကြီးခေါ်ကြရာ-

"ဘကြီးမြမောင်ဘက်ကအမှန်၊ ဆရာတော့်ဘက်က အထင်မှားသွားတာ" သတင်းဖြန့်ကြဆို၏။

ယခုသော်ကား ထိုသီလရှင်များလည်း ပါးစပ်ပိတ်သွားကြလေပြီ။ သီလရှင်စကား တစ်ဆင့်ယူဖြန့်ပေးနေကြသော လူနှင့် ဘုန်းကြီးများလည်း နှုတ်ပိတ်ပင်။

တရားသည် တရားဘက်ကသာ နေပေး၏။ မတရားဘက်မှကား မည်သည့်ကာလမျှ မနေ။

မဟာစမ္မပါလ



တစ်ဖန်-

မတရားသမားသည် တစ်ဖျန်မျှသာ ပန်းသာလေ့ရှိ၏။ ရေရှည်ကျလျှင်ကား တရားသမားကသာ လွန်တက်သွားမြဲတည်း။

တရားကျင့်နေသူနှင့် ဖက်ပြိုင်ခြင်းမှာကား စကတည်းကပင် ရှုံးနိမ့်ပြီးသား။

## အလောင်းတော် ခေါင်းတော်၍

ပဋိပတ်တောစခန်းတွင် ၁၃၆၂-ခုနှစ်ဆောင်းခိုရ၏။ ထိုသို့ဆောင်းခိုရင်း ညနေပိုင်းများတွင် ခြေညောင်းလက်ဆန့်ဆိုကာ ပုံတောင်ချောင်းစီးဆင်းရာဘက်သို့ ဆင်းသက်၍ လမ်းလျှောက်၏။

ပုံတောင်ချောင်းဘေးတွင်ကား ချိုင့်ဝှမ်းလွင်ပြင်ငယ်တစ်ခုတွေ့ရ၏။ ယာကွက်ပိုင်ရှင်မှာ စောကျောက်ကွေ့(ကရင်အမျိုးသား၊ ဦးသောင်းဝေ၏ယောက္ခ) ဖြစ်နေပြီး ဒေသအခေါ် အိုက်ဆို၏။ ယခင်က ထန်းပင်ရှိ၍ ထန်းပင်အိုက်။

ထိုနေရာလေးကြည့်၍ ထိုနေရာနေချင်စိတ် ပေါ်လာ၏။ ထိုနေရာက ကျောင်း၊ ဓမ္မာရုံများကျယ်ပြန့်စွာဆောက်နိုင်၏။ လမ်းလျှောက်စရာနေရာများစွာရှိ၏။ တခြားသွားရောက်နေစရာလည်းများလှ၏။ တောင်ပတ်လည်ဝိုင်း ချိုင့်ဝှမ်းဖြစ်နေ၍ ဘာသံမှမကြားရ။

ထိုနေရာလေးမှအပြန် ညတွင် အိပ်မက်ဆန်းမက်တော့၏။ ယင်းမှာ-

ပုလဲ ဂန့်ဂေါသွား ကားလမ်း၏ (၅၅)မိုင်မှနေ ဘုရားလမ်းအတိုင်း မောင်းဝင်လာသော ခရီးသည်တင် ဟီးနိုးမှန်လုံကားကြီးတစ်စင်း ငါတို့ရှေ့ ထိုးရပ်အလာ ငါတို့သည် အလောင်းတော်ကဿပသို့သွားရန် တက်စီးလိုက်၏။

ဟီးနိုးကားကြီးကား လမ်းအတိုင်းမောင်းရင်းက မှတ်တိုင်တိုင်းရပ်ပေး၏။ ကားပေါ်က ခရီးသည်များဆင်းကြ၏။ တက်သူကားမတွေ့ရ။

ငါတို့ကားလက်ရှိခုံနေရာက ထိုင်မကောင်း၍ဆိုကာခရီးသည်ဆင်းသွားသည့် ရှေ့တန်းကခုံနေရာ ရွှေ့ထိုင်လိုက်ရာ စပယ်ယာက-

"ဂိတ်ဆုံးနေပြီ ခရီးသည်တက်လာစရာလဲ မရှိတော့ပါဘူး နေရာဦးမနေပါနဲ့တော့" ကားခေါင်းဦးမှနေ လှမ်းအော်ပြောလိုက်၏။ သည့်နောက်- ဟီးနိုးမှန်လုံကားကြီး ဘုရားလမ်းအဆုံး အလောင်း-တော်ကဿပရှေ့ ဖြတ်မောင်းသောအခါ ပွဲဈေးတော်ဆိုင်ခန်းကြီးများက တတန်းတစီကြီး တွေ့ရ၏။ ထိုဆိုင်ခန်းများက နံရံကျောပေးပြီး လူမြင်ကွင်းဘက် မျက်နှာလှည့်ထား၏။ နံရံကြီး တစ်လျှောက်လုံး ကျောပေးထားသည့် ခန်းချင်းဆက်များဖြစ်နေကြ၏။

ထို ဆိုင်ခန်းများ၏ ဈေးရောင်းသူများကား မိန်းကလေးများချည်းသာ ဤမိန်းကလေးများကလည်း အအို, အငယ်ပယ် အရွယ်တော်လေးများချည်းသာ ငါတို့စီးလာသော ဟီးနိုးကားကြီးကား ထိုဆိုင်ခန်းတန်းများကိုကျော်၍ တောင်ပေါ်ရှိ စေတီတော်တစ်ဆူရှေ့တွင် ထိုးဆိုက်ကာ ခရီးဆုံးသွားပြီ။

စေတီရှေ့ ကွပ်ပျစ်ဝယ် ထိုင်နေသူကား လူသူတော်ဦးမြင့်ဆွေဆိုသူပင်။ အိပ်မက်က သည်မှာတွင်နိုးသွား၏။ ဘာပြောတာလဲ စဉ်းစားရ၏။

-ငါတို့ကလည်း ပဋိပတ်ကျဉ်းကြပ်၍ဆိုကာ နေရာပြောင်းဖို့ စိတ်ကူး၏။

-အိပ်မက်ကလည်း ဂိတ်ဆုံးနေပြီ နေရာမဦးချင်နဲ့တော့ ပြော။

-နေရာရွှေ့ခြင်းကို သဘောမတူကြောင်း ပြောလိုခြင်းပေပဲလား။

မဟာဗမ္မပါလ



အိပ်မက်က အလောင်းတော်မြတ်နှင့် ဆက်စပ်နေ၍ ငါတို့စိတ်ဝင်စားလာ၏။

သို့ကြောင့် - နောက်ရက်ညများတွင် အလောင်းတော် ရှိရာသို့ စိတ်ညွှတ်၍ဂါရဝပြု၏။ ပြုပြီးသော် ထိုက အစောင့် အရှောက်များကို မေတ္တာဂုဏ်ဖြင့် လှုပ်နှိုး၍-

-ငါတို့ရှိ တစ်ဒေသတွင်းကုသိုလ် ထုပ်၍, ထုတ်၍ အမျှဝေ၏။

-ငါတို့ တစ်သက်တာအတွင်း ဖြည့်တင်းခဲ့သမျှကို ထုတ် အမျှဝေ။

-ငါတို့ ဘဝအဆက်ဆက် ဖြည့်ကျက်ခဲ့သမျှများကို ထုတ် အမျှဝေ။ ပြီးသော်-

-အရှင်မြတ်၏ ဂူတွင်းအနေ အထားသိလိုကြောင်း ဆန္ဒပြုလိုက်သည်။

-အရှင်မြတ်၏ သီတင်းသုံးပုံအနေအထား သိလိုကြောင်း ဆန္ဒပြုလိုက်သည်။

သည်မှနောက် ည, အိပ်စက်လေသော အခါ-ဂူတွင်းအခြေအနေအားလုံးလည်း သိခွင့်ရခဲ့၏။ အရှင်မြတ်သာမက အလောင်းတော်အားလုံးကိုလည်း ဖူးခွင့်ပေးကြ၏။

အသေးစိတ်ကား 'မဟာသုပိနဗျာဒကထာ' အိပ်မက်ကပြောသော အလောင်းတော် ကဿပ အမည်ဖြင့် စာတမ်းတစ်စောင်ပြုစုပြီးသား ရှိနေပြီဖြစ်၍ ဤ၌မပြသာပြီ။ အချို့ သံဝေဂလမ်း ၌ပါပြီး။

သည်မှနောက် ၁၃၆၃-ခုနှစ်ဝါကို ပဋိပတ်၌ပင် ဝါဆို၏။ ရွာနေတို့ကို တစ်နှစ်လျှင်သုံးပွဲ-နှစ်သစ်ကူးချိန်တစ်ချီ၊ ဝါဆိုတစ်ချီ၊ သီတင်းကျွတ်တစ်ချီ တရားနာကြားခွင့် ပွဲသုံးပွဲခွင့်ပြုထား၏။

ယင်းမှာ တောတွင်းရှိ ဆွမ်းလောင်းဓမ္မာရုံ၌ပင် တစ်ရွာလုံးနေများ လာခွင့်ပြုထားပြီး ဒါတုံ-သောတုံ-ပဿိတုံ တုံသုံးတုံတို့ဖြင့် ဆုံကြခြင်းပင်။

၁။ ဒါတုံ -လှူလိုချင်ကလည်း လာခဲ့။

၂။ သောတုံ -တရားနာချင်ကလည်းလာခဲ့။

၃။ ပဿိတုံ -ဖူးရှုံမျှဆိုလည်း လာခဲ့။

၁၃၆၃-ခုနှစ်၏ သီတင်းကျွတ်လပြည့်နေ့ပွဲမှအပြန်တွင် ဦးသောင်းဝေ၊ ဦးကျော်ငြိမ်း စသည့် လူကြီးများ ပဋိပတ်လိုက်ပါလာကြ၏။ နေ့လည်စာစားသုံးကြ၏။ ပြီးသည်နှင့် ထိုနေရာ ဆင်းကြည့်ကြ၏။ စောကျောက်ကွေ့ကလည်း မိုးကတည်းကပင် လျှုပြီးသားဖြစ်နေ၏။

အားလုံးသဘောကျကြပြီး အားလုံးကျောင်းဆောက်ရန် စိတ်ကူးထည့်ကြပြီ။ ထိုနှစ် ပြာသိုလတွင်ကား ဆောင်းမိုးကြီးတစ်ကြိမ် သည်းထန်စွာရွာသွန်း၏။ ဆွမ်းခံပြန် မိုးမိခံရ၏။ ဆောင်းမြေ မိုးစိုများနင်းပြီး သွားရ, ပြန်ရ၏။ သို့ကြောင့်သွေးအဆိပ်သင့်နေသော ညာဘက်ခြေက အခြေမလှပြီ။ ထိုစဉ်-

-အဆိပ်သင့်ခြေမနှင့်ကပ်လျက် ခြေညိုးက မဲတူတူအခြေပြနေပြီ။

-ခြေဖမိုး တပြင်တလွင်လုံးက အရောင်အဖေါဖြင့် အခြေမလှဖြစ်နေပြီ။

ယင်းကိုအကြောင်းပြုကာ ကျောင်းအုပ်ကြီး ဦးကြည်စိုးကို မုံရွာသို့လွှတ်၏။ မုံရွာမှနေ ရွှေဘိုရှိ ဒေါက်တာအိုကေထံ ဖုံးဆက်စေ၏။ ဒေါက်တာအိုကေကပင် ဇီးကုန်းရှိ ဒေါက်တာလှထွန်းဝင်းနှင့် နတ်တလူဥက္ကဋ္ဌဦးခင်မောင်သန်း ခေါ်ယူ၍ မုံရွာသို့လာကြရန် အကြောင်းကြားစေ၏။ အားလုံးလည်း ချက်ချင်းလိုက်ပါလာကြ၏။

ဒေါက်တာကြီးများရောက်သောအခါ စစ်ဆေးကြည့်ကြ၏။

အဟုတ်။ ခြေညိုးက အဆိပ်ဖြစ်ရန် တဲတဲအလို ဖြစ်နေပြီဆို၏။

ခြေဖမိုးတစ်ခုလုံးကလည်း သွေးကြောပိတ်ရောဂါဖြစ်စပြုနေပြီဆို၏။ သို့ကြောင့် ဆေးထိုးကု

မဟာဗမ္မပါလ

သပေးကြ၏။

ဒေါက်တာများရှိစဉ်အတောအတွင်း ကျောင်းကိစ္စစီမံရ၏။ယင်းမှာ ကျောင်းနှင့်ပတ်သက်သော ငွေကုန်ကျစရာများ ဒေါက်တာများအဖွဲ့မှ တာဝန်ယူ။

လူအားဖြင့်လုပ်ရမည့်ကိစ္စ ရပ်ရွာက တာဝန်ယူ ဟူ၍။ သို့ဖြင့် ပြာသိုလပြည့်နေ့တွင် သန္တိနိကဲဓမ္မာရုံကြီး ပန္နက်တင်မင်္ဂလာ ကျင်းပ၏။ သည့်နောက် ဒေါက်တာအဖွဲ့အပြန်တွင် လက်သမားသုံး သံစသည်များ လက်ခံရယူရန် ရွာအဖွဲ့မှ ဦးသန်းရင်လိုက်ပါသွားပြီး ဒေါက်တာများ ဝယ်ပေးသမျှ လက်ခံယူခဲ့ရ၏။ ယင်းကား-

-လက်သမားသုံး သံ-ကျင်တွယ်-ခေါက်ပေတံ စသည်များ။

-လက်သမားရိက္ခာ ငါးပိ-ငါးခြောက်-လှော်ခြောက် စသည်များ။

စုစုပေါင်းကုန်ကျငွေ ခြောက်သောင်းကျော်သည်ဆို၏။ တစ်ဖန်-

မပြန်ခင် အစီးအဝေးတွင် ဒေါက်တာများ ရေစက်ချပွဲမလာခင် ရိက္ခာနှင့် လက်သမားသုံးများ ပြတ်လပ်သွားက ဝယ်ယူရန်ငွေများ အပ်ထားခဲ့ရန် ငါတို့ကမေတ္တာရပ်ခံရာ ဒေါက်တာအဖွဲ့တစ်သောင်း အပ်၏။

ယင်းကို အတွင်းရေးမှူး(၁)က လက်ခံသိမ်းဆည်း၏။ တစ်ဖန် ဒေါက်တာအဖွဲ့က စက္ကူပေါ်ပုံနှိပ်ထားသည့် ငါတို့၏ပုံ(၁၀၀)လှူဒါန်းကြရာ ယင်းကိုလည်း ငါတို့ကပင် ထိုအတွင်းရေးမှူးအား ထိန်းသိမ်းခိုင်းထားလိုက်၏။

သည့်နောက် ကျောင်းဆောက်ရန် စီစဉ်ကြသောအခါ-

- ကျောင်းကို အလောင်းတော်သို့ ဦးတိုက်စေသော မြောက်ဦးလှည့်ထားစေ၏။

- ကျောင်းအမည်ကိုလည်း 'စံရိပ်ငြိမ်' အမည်တွင်စေ၏။ ယင်းမှာ-

ငါတို့ သည်နေရာ ဥက္ကောင်းချရန် စီမံထားခြင်းပင်။

အလောင်းတော်စံရာ ရိပ်ငြိမ်သို့ မနောအိမ်ချိန်လွှတ်ထားခြင်းပင်။

သန္တိနိကဲ-ငြိမ်းချမ်းခြင်းရှိရာ ဓမ္မာရုံနှင့် စံရိပ်ငြိမ်တို့ကို တာဝန်ခံဆောက်လုပ်သူများမှာ လက်သမားဟောင်းကြီး အဘိုးကံဦးနှင့် ကျော်တောမှ ဒကာရင်းဦးသောင်းဝေ၊ သား,ကိုမှတ်စိန်တို့ သားအဖ- ပေါင်းသုံးယောက်ဖြစ်ပြီး ကျန်များကား အိမ်အလုပ်အားက ဝင်ကူကြ၏။ အိမ်အလုပ်ရှိနေစဉ် မဝင်နိုင်ကြ။

ငါတို့ကား တစ်ပါတ်တစ်ကြိမ် ဥပုသ်နေ့များတွင်ဆင်း၍ အားပေး၏။ ကျန်အချိန်များကား မဆင်းတတ်။ ထိုစဉ်-တပို့တွဲလပြည့်နေ့ -

ညနေပိုင်းဆင်းကြည့်၏။ ရွာဥက္ကဋ္ဌရော လူစုံတက်စုံတွေ့ကြရ၏။ ထိုစဉ် ငါတို့က ရိက္ခာများ ရှိ-မရှိမေးရာ ရိက္ခာဆို၍ မျှင်ငါးပိသာ ကျန်တော့ကြောင်း တစ်ယောက်ကလျှောက်ရာ-

"အဖိုးပန်လက်ထဲ အပ်ထားတဲ့ငွေ တစ်သောင်းရှိသေးလား" ငါတို့ကမေး၏။

အဖိုးပန်(အမည်ရင်းဦးဂျပန်။ ငါတို့ကအဖိုးပန်ခေါ်၏) ကလည်းရှိကြောင်း ဖြေ၏။

"ရှိလျှင် ခုနစ်ထောင်ဘိုး ရိက္ခာဝယ်ဗျာ၊ သုံးထောင်တော့ တပေါင်းလပြည့်ကျော်(၈)ရက်နေ့အထိ လက်ထဲကပ်ထားဦး အဲသည်နေ့အထိ သုံးစရာကိစ္စမရှိလျှင်တော့ လကုန်ငွေကုန်ဖြစ်အောင်သုံး၊ ချန်မထားနဲ့" သည်သို့ ငါတို့က အများရှေ့ ပြောသောအခါ "တင်ပါ့" မလိုက်တော့ပါ။ ထွက်လာသောစကားစားများမှာ-

"တပည့်တော်က ကျွေးပါတယ်။ သူတို့က

မဟာစမ္မပါလ



မစားဘူး နေပစေဆိုလို့ပါ" သာ။

နောက်တစ်ခေါက် ဆင်းသွားသောအခါ စဉ့်အိုးကြီးများဝယ်မည့်အကြောင်း လျှောက်ထားပြန်၏။

ငါတို့ကလည်း ရိက္ခာဘိုးလှူသွားတာကို တခြားမသုံးကောင်းဖြေ၏။

ငွေတစ်သောင်းကြားခံထား အတွင်းရေးမှူး နှင့်ဒို့အကြား သဘောထားကွဲသွားကြပြီ။

သည့်နောက် တစ်ပါတ်လောက်အကြာတွင်အသားဟင်းသုံးထောင်ဘိုးဝယ်၍ ဆင်းသွားကြသောလှူသမားများပါ လှမ်းခေါ်ပြီးကျွေးသည် ဆို၏။ ဤသို့-

စကားမှာတုန်းက ရွာခေါင်းဆောင်၏ လုပ်ကွက်လေးတစ်ခု သွားသတိရမိ၏။ ယင်းမှာ- ၁၃၆၁-ခုနှစ်၊ တပေါင်းလပြည့်နေ့ သန့်ရှင်းရေးလုပ်လိုကြပါသည် ဆိုသဖြင့် တစ်ရွာလုံးလာခွင့်ပေးလိုက်ရာ အားလုံးလာကြ၏။ လူစုရာများစွာပါလာကြ၏။

ငါတို့ဟော၍, ပြော၍ပြီးစီးသွားသောအခါ ဖယောင်းတိုင်၊ အမွှေးတိုင် ထိုနှစ်မျိုးတို့မှလွဲ၍ အားလုံးအသယ်ခိုင်းပြီး သူ့အိမ်ပို့စေသည်ဆို၏။

အဖိုးတန်က ကော်ဇော်များ အိပ်ရာခင်းများ၊ သည့်နောက် ဆန်များ၊ မုန့်ထုပ်များ၊ အချိုရည်ဘူးများ အိမ်ခြေနှစ်ရာကျော်မှ အလှူပစ္စည်းများပင်။

ထိုမှနောက် သုံးပါတ်လောက်ကြာသွားသောအခါ ဆွမ်းလောင်းဓမ္မာရုံက စောင့်၍တစ်နေ့အချိုရည်တစ်ဘူးကျဖြင့် သုံးရက်ဆက်လာပြီးနောက် အားလုံးပျောက်သွားတော့သည်။ထိုသုံးဘူးကား လူရှေ့သူရှေ့ အထွက်စာရင်း ပြလိုက်ခြင်းပင်။

ယခုလည်း သုံးထောင်ဘိုး အထွက်စာရင်းပြပြီး ငြိမ်သွားတော့သည်။ ဒို့လည်းမမေးတော့။

သည့်နောက်- သမီး,ပခုက္ကူအသွား ငါးခြောက်(၆၅၀၀)ဘိုး မှာလိုက်ပြီ အသံလွှင့်လိုက်။ သို့သော်ဘာမှဖြစ်မလာ။ အားလုံးကလည်း သဘောပေါက်လာနေကြပြီ။ စခန်းမှာကား လက်ဖက်ခြောက်ပင်မရှိတော့ဘဲ အချိုခြောက်များဖြင့် သောက်နေရဆို၏။

သို့ကြောင့် ငါတို့မနေသာ ထပ်မံနှိုးဆော်ပေးရပြန်၏။ ဘာမှမထူး။ ထူးသည်ကား- ငါတို့အား စောင်းမြောင်းပုတ်ခတ်လာခြင်းသာ။

တစ်နေ့(တပေါင်းလဆန်း (၁)ရက်နေ့ ထင်၏) ငါတို့ ယာယီ သီတင်းသုံးရန် စံရိပ်ငြိမ်နှင့် မလှမ်းမကမ်း ခေါင်းကန်ထူး(ယင်းမှာ ပုံတောင်ချောင်းရေကျအတွင်း လူများမြုပ်သွင်းရန် မသာအခေါင်းကြီးလို ဒေါင့်ကျ, အလျားအနံကျ ကန်ကြီး၏အမည်) အနီး သရက်ပင်ကြီးအောက်ဝယ် နေ့ချင်းပြီး တဲငယ်လေး ဆောက်လုပ်နေကြရာသို့ ငါတို့ရောက်သွားစဉ် နှီးဖျာနေသူလူများ တစ်ဝိုင်းကြီးရှိနေကြ၏။ ယင်းအတွင်းရေးမှူးလည်းပါ၏။

ငါတို့ရောက်သည်နှင့် ထိုအတွင်းရေးမှူး အဖိုးပန် စကား စ,ချေပြီ။ ယင်းမှာ-

"တောထွက်ဆိုတာ လူ့ဘဝက အရက်ကွဲလို့ ရဟန်းဘောင်တက်လာတာလည်းရှိတယ်ကွ။ အခု ကသောင်းရွာမှာ ကျောင်းထိုင်နေတဲ့ ငါတို့ ဝက်ကျသားဘုန်းကြီးကြည့်၊ ငါတို့ရွာသားက ခရုကမိန်းကလေးနဲ့ အိမ်ထောင်ကျပြီး ခရုမှာသွားနေရတယ်။ အဲ-မိုးကျလို့ လယ်ထွန်မယ်ဆိုတော့ လယ်ကွင်းထဲမှာထားတဲ့ထွန်ကို သွားပြီးပြင်ရ, ဆင်ရတာပေါ့ကွာ၊ ထွန်သွားတွေ,ဘာတွေ ညာတွေပေါ့။

သူလဲပြင်ဆင်ပြီးလို့ အိမ်ပြန်သွားရောလူနောက်တွေက ထွန်သွားတွေကို ပြောင်းပြန်တပ်ပစ်ခဲ့ကြရော။ နောက်နံနက် လယ်ထွန်မလို့ယောက္ခမက ရှေ့ကနေ နွားတစ်ရှဉ်းဆွဲအသွား သူကနောက်က ထွန်တုံးကြီးထမ်းပြီးလိုက်၊ ရောက်တော့ ထွန်သွားပြောင်းပြန်တွေကိုလည်း ယောက္ခမက မြင်လဲမြင်ရော-

မဟာဇမ္ဗူပါလ


"မင်းကွာ- သူများသမီးတော့ ယူထားပြီး ထွန်သွားလောက်မှ အပေါက်မှန်အောင်မတပ်တတ်ဘူးလား" ဆူပေါ့ကွာ။

သည်မှာတင် ရှက်သွားပြီး ထွန်ပြီးလို့ အိမ်လည်းရောက်ရော ထမင်းစားပြီးတာနဲ့ တိတ်တိတ်ရှာပြန်လာပြီးရဟန်းဝတ်တော့တာ အခု ကသောင်းဘုန်းကြီး ဖြစ်သွားသည်အထိပဲ"

လူဝိုင်းကြီးကား- အင်းလဲမလိုက်, အဲလည်းမလိုက် ပြုံးပင်မပြုံးကြ ငြိမ်နားထောင်နေကြ၏။ ငါတို့လည်း ဝိုင်းဘေး တောင်ဝှေးထောက်ရပ်လျက်က။

နောက်ဇာတ်ထုပ်တစ်ခု ဆက်ပြန်၏။

"ဂျပ်ဘုန်းကြီးကျောင်း ငါရောက်သွားတယ်၊ ကြည့်လိုက်တော့ သူ့ကျောင်းမှာ ဝေယျာဝစ္စလုပ်နေတာတွေက မိန်းကလေးတွေချည့်ပဲ။ ဒါပေမဲ့ တစ်ချက်မှ မျက်နှာသာမပေးဘူးကွ။ သည်မှာ ငါဝင်လျှောက်မိခဲ့တယ်။

ကိုယ်တော် မာတုဂါမများနဲ့ ဆက်ဆံပုံတော့ တပည့်တော်သဘောကျတယ်။ ကျောင်း- မာတုဂါမထားတာတော့ သဘောမကျဘူးလို့"

သည်မှာလဲ လူဝိုင်းကြီးကား မလှုပ်ကြ။ ဝင်ပြောဆို ထောက်ခံခြင်းလည်းမပြုကြ။ အတွင်းရေးမှူး အဖိုးပန် တစ်ယောက်ထဲကသာ ဇာတ်စုံခင်းပြနေ၏။

နောက်တစ်ခုကား ဇာတ်ထုပ်မဟုတ်။ ထိုအတွင်းရေးမှူး မှတ်ချက်။

"ဘာပဲပြောပြောကွာ ကိုယ့်ချောင်ပေါက် သံဃာကိုပဲယုံတယ်။ ကိုးကွယ်စရာရှိ ကိုယ့်ချောင်ပေါက် သံဃာပဲ ကိုးကွယ်တော့မယ်"

သည်စကားဆုံးသည်နှင့် ငါတို့မျက်နှာကို မော့ကြည့်လိုက်သည်။ ငါတို့ကလည်း ပြုံးပြလိုက်၏။ ပြောပါစေသူ့ဆန္ဒအတိုင်းသဘောထားဖြင့်။

တစ်ဖန် တပေါင်းလဆန်း(၈)ရက်နေ့ ညနေလောက်တွင် ခေါင်းကန်ထူးအနီး တဲကျောင်းလေးမှ(မကြာမီကမှ ပဋိပတ်မှကူးလာခဲ့သောတဲလေးမှ) လက်သမားများ ညအိပ်ရာကျောင်းကုန်းသို့ တက်လာပြီး စကားပြောကြ၏။ ထိုသို့ စကားပြောနေကြစဉ်-

"အရှင်ဘုရား သင်္ကြန်ကျလျှင် တရားစခန်းဖွင့်မှာလား" သည်စကားကိုလက်သမားခေါင်းဆောင်ဒကာကြီး အဘိုးကံဦးက လျှောက်ရာ-

"မဖွင့်ပါဘူး အဘိုးကံရ။ ဒီ့တစ်ပါးတည်းအားထုတ်ချင်လို့ အဘိုးကံဦးတို့ဆီလာတာပါ" ဖြေမိ၏။

ပြီးနောက် ဒီ့ဘက်က စကားတစ်ခွန်းကျွံသွား၏။

"တရားစခန်းဖွင့်ပြန်တော့လည်း ယောဂီချင်း ရန်ဖြစ်တာ ဖျင်ပေးနေရတာနဲ့ တရားဘက်အားနည်းနေတာကများတယ်။ နတ်တလူမှာတုန်းက ယောဂီအမျိုးသမီးနှစ်ဦး တွဲသတ်ကြမယ်အထိ ရန်ဖြစ်ကြလို့ အဆောင်မှူးများက ကြားဝင်ပေးလိုက်ကြရတယ်ဗျာ့"

သည်သို့ပြောမိ၍ သည်စကားဆုံး,ဆုံးချင်းတွင်-

"အဲဒါ ဘုန်းကြီးလုတာကော မဖြစ်နိုင်ဘူးလား"

အတွင်းရေးမှူးအဖိုးပန်ကား ချက်ကောင်းကိုင် အနိုင်ထိုးချလိုက်တော့သည်။

သည်မှာတော့ ငါတို့စိတ်ထဲဝယ် သည်အဖိုးငါတို့ကို ရန်လုပ်နေပါပကောလား အတွေးဝင်လာတော့ရာ ငါတို့ ရုတ်တရက်ထလိုက်၏။ ပြီးသော်-

"အဖိုးပန်- ဒီ့က အမျိုးမစစ်ဘူးဗျ။ အဖေက မဇ္ဈိမပူရကလာတဲ့ လူမျိုးခြားနဲ့ ဗမာမက စပ်ကျထားတာ။

မဟာဗဟုဗိုလ



အမေက ရှမ်းတောင်ကဆင်းလာတဲ့ ရှမ်းမနဲ့ ဗမာက စပ်ကျထားတာ။

-မျိုးမစစ်တော့ ဒို့စိတ်က ထန်တယ်။

-အင်္ဂါသားဖြစ်လို့ ဒို့စိတ်က ကြီးတယ်။

-ဝါဆိုလပြည့်ည လေထဲမိုးထဲမွေးထားလို့ စိတ်မြန်တယ်ဗျ သတိသာထားပေရော့"

ထိုသို့ပြောဆိုပြီး တဲကျောင်းသို့ ပြန်ခဲ့တော့သည်။ သည့်နောက် ဘယ်တော့မှ ထိုကျောင်းမသွားတော့ရာ ပြန်လာခဲ့သည်အထိပင်။

ထိုဓမ္မာရုံ ထိုကျောင်းများကား တပေါင်းလပြည့်ကျော်တွင်ပြီး၏။ တာကူးလဆန်းတွင် ရေစက်ချပွဲ ကျင်းပ၏။

ထိုပွဲတွင် ဆွမ်း, ဆွမ်းဟင်း အစုံ အလင်လိုသလောက်စားကြရန် စီမံပေးကြ၏။ အချိုပွဲအဖြစ်- မုံ့လုံးရေပေါ်နှင့် လက်ဖက်ရည်အချိုလိုသလောက်။ လက်ဖက်သုတ်စုံနှင့်မလှခင်ဆေးပေါ့လိပ် လိုသလောက်။

ပွဲလာမျှသာမဟုတ်-ရွာကျောင်း၌ စောင့်ကျန်နေရစ်ခဲ့ကြသော ကိုရင်, ကျောင်းသားများသို့ ပို့စေ၏။ ရွာ၌စောင့်ကျန်နေရစ်ခဲ့ကြသော အစောင့်များသို့လည်း ပို့စေ၏။ ရွာ၌ နာမကျန်းဖြစ်ကျန်ရစ်ခဲ့သော လူနာများသို့လည်း ပို့စေ၏။ ပွဲကား-

- နံက်ခင်း သီလပေး သီလတရား တစ်ကြိမ်ကျင်းပပေး၏။

- နေ့ခင်း ကျောင်း အနုမောဒနာတရား ရေစက်ချ တစ်ကြိမ် ကျင်းပပေး၏။

ပွဲပြီးစီးသွား၍ ကျော်တောရွာကျောင်းဆရာတော် ငါတို့ဆီ နှုတ်ဆက်ကြွလာသောအခါ- "ဘုရားတပည့်တော် အရှင်ဘုရားနဲ့ ရပ်ရွာကကျေးဇူးများကို သည်တစ်ဝါတွင်းနဲ့ အကျေဆပ်ခဲ့ပါသည်ဘုရား" သို့လျှောက်ထားရာ ဆရာတော်သည် ငါတို့ဆိုလိုသောစကား သဘောပေါက်သွားလေ၏။

## မြေပုံရှာ ကင်းဝင်မှောင့်သောအခါ

ကျောင်း၊ ဓမ္မာရုံ ရေစက်ချပွဲကြီးကား ပြီးစီးသွားပြီ။ မိုးလည်းကျစပြုလာနေပြီ။ သစ်ထုတ်ရေးကားများပင် မဝင်လာကြတော့ပါ။

ထိုအချိန်မှာပင် ရန်ကုန်မှ သူတို့သဘောနှင့်သူ (ငါတို့ဖုက်ထားသည့်အကြားမှ) ဖွဲ့စည်းထားသည့် အဖွဲ့ကဥက္ကဋ္ဌနှင့် နောက်ပါများ ကားဖြင့်ဝင်လာကြရာ လမ်းဝရွာ ကားထားခဲ့ရပြီး လှည်းငှား၍ ကျော်တောအရောက် ဝင်လာကြသည်ဆို၏။ ထုံးစံကျ ကျော်တောဥက္ကဋ္ဌအိမ် ဝင်တည်းကြ၏။

ပြီးသော် တစ်ရွာလုံးလှည့်၍ အိမ်တိုင်းစေ့တက်ကာ ရန်ကုန်မှာ သူတို့ဖွာသာ ဖွဲ့စည်းထားသည့်အဖွဲ့ဝင်ဦးရေပြ လက်ကမ်းစာစောင်များ လိုက်လံဝေငှကြဆို၏။ နှုတ်မှလည်း သူတို့သာဆရာတော်၏ ဒကာရင်းဖြစ်ကြောင်းကိုလည်း ပြောကြဆို၏။ သတင်းစာထဲတွေ့နေကျ 'ကျမသာ မယားကြီးပါ' ကို သွားသတိရမိ၏။

တစ်ဖန်-

တစ်ရွာလုံး ဥက္ကဋ္ဌအိမ်သို့ ဖိတ်ကြား၍ ထမင်းများကျွေးမွေးကြဆို၏။

ရွာတာဝန်ခံလူကြီးများကိုကား ညနေတိုင်းကျွေးမွေးကြသည်ဆို၏။

ပြီးသော် ငါတို့ထံ လိုက်လံပို့ဆောင်ပေးရန် အကူအညီတောင်းတော့သည်။ မည်သူကမျှ အကူအညီမပေးကြ။လူကြီးမရ၊ ကလေးဘက်လှည့်ကြပြန်၏။ ရွာနေကလေးများအား သကြားလုံး-မုန့်များပေး၍ အကူအညီတောင်းကြပြန်၏။ မည်သည့်

မဟာဓမ္မပါလ

ကလေးကမျှနှုတ်မဟကြ။ လူမရ ဘုန်းကြီးတက်ကိုင်ကြပြန်၏။

သည့်နောက် နယ်သံဃာများအား ဆွမ်းကျွေးလို၍ ဆိုကာ အပင့်ခိုင်းပြန်၏။ သံဃာများကြွလာရာ ဆွမ်းကပ်ကြ၏။ ပြီးသော်-

"တပည့်တော်များ ရန်ကုန်ကတောင် လာကြရပါတယ် သို့ကြောင့် ဆရာတော်များမှ ဒကာများကို ပို့ပေးလိုက်ရန် အမိန့်ပေးစေလိုပါကြောင်း" လျှောက်၏။

ဆရာတော်များကလည်း-

"အရပ်တို့တောင် သွားရောက်ကြည်ညိုချင်တာ မည်သူမှမလာရ အမိန့်ရှိသေပြီး မသွားပဲနေကြရတာ။ ဒကာကြီးများကိုလည်း အမိန့်မပေးလိုကြောင်း" မိန့်၏။

ထိုရန်ကုန် သာဟိကာသားများ နောက်ဆုံးကြံရာမရကြသောအခါ- သူတို့ကိုယ်တိုင် တောနင်းရှာဖွေရန် ကြိုးစားကြမည်အပြု တစ်ရွာလုံးကဒုတ်ကြိမ်းဓားကြိမ်း ကြိမ်းကြတော့သည်ဆို၏။

သို့နှင့်ပင် ထိုဥက္ကဋ္ဌအဖွဲ့ လက်လျှော့ပြန်သွားကြရလေပြီ။

မြွေပူနေချိန်ကာလ ကင်းကပ်ရောမှောင့်သည့်ပမာ- ငါတို့မှာကား တောကြားမှာပင်ဆွမ်းခံ၊ တောကြားမှာပင် စိုးစံနေရ၏။ ဝါမဆိုမီအထိ ဆွမ်းခံထွက်၏။ ဝါဆိုပြီးသောအခါ တစ်ဝါတွင်းလုံးလုံး အလှည့်ကျ ထိုခုနစ်အိမ်စီသော ဆွမ်းအလှူရှင်များထံသို့ အဖိုးသောင်းဝေက တာဝန်ယူကာသွားရောက်ခံယူပေး၏။ ပြီးသော် ငါတို့ဆီသယ်လာပြီး ကျောင်းဝစားပွဲပေါ် သပိတ်ထဲလောင်းလှူပြီးပြန်ရ၏။

ငါတို့မှာကား ကျောင်းထဲမှ အလုပ်မပျက်။ အာရုံပြုပေးလျက်။

၁၃၆၄-ခုနှစ်၏ ထိုဝါတွင်းဝယ် ညကုန်မအိပ်မနေ အားထုတ်၏။ ထိုသို့အားထုတ်ရာတွင် ပထမညသည် ကောင်းစွာချောမောလေ့ရှိတတ်၏။ ဒုတိယညတွင်ကား အသေအလဲ(ထိနမိဒ္ဓ)ကို ခုခံရတတ်၏။ ဒုတိယည အောင်ပွဲရသွားသော်- တတိယညမှစ တစစ ထွန်းထွန်းပပ အောင်ပွဲရလေ့ရှိတတ်၏။ တစ်ဖန် နံနက်ခင်းတိုင်းတွင်လည်း-

ပထမညအပြီးရှိ နံနက်ခင်းမှ စ,ကာ နေတက်လာသည်နှင့် အငိုက်ပြလေ့ရှိတတ်၏။ ဆွမ်းခံထွက် နေသော်မသိသာလှ။ ထိုင်နေကဆိုးဆိုးဝါးဝါး ဖြစ်တတ်လှ၏။

သည်သို့သော နေသဇ္ဇဓူတင်၏ အဖျက်သဘောကို ငါတို့ သုတရှိထားပြီးဖြစ်ရာ ညရောနေ့ပါ သဒ္ဓါ-ဆန္ဒ-ဝီရိယ သုံးပါး အစောင့်ချထားလိုက်တော့သည်။

ညကား ကြည်ကြည်လင်လင်ချည်းရှိ၏။

နံနက်တွင်ကား တိုင်မှီကျောစက် မခေါ်တစ်ရက်၊ ခေါ်တစ်ရက်ဖြင့်သာ။ ထိုသို့အားထုတ်ရာတွင်-

-နံနက်ဆွမ်းကပ်စဉ်တစ်ကြိမ် ကျော်တောမှနေအားလုံးသို့ မေတ္တာပို့အမျှဝေ၏။

-ညနေ (၅)နာရီ သောက်တော်ရေ ကပ်ပြီးတစ်ကြိမ် မေတ္တာပို့၍ အမျှဝေ၏။

-ည (၇)နာရီ ဘုရားဝတ်ပြုပြီးတစ်ကြိမ် မေတ္တာပို့၍ အမျှဝေ၏။

ပစ္စည်းထောက်ပံ့သူတို့၏ သဒ္ဓါဂုဏ်ကိုအာရုံပြု၏။

ငါတို့နောက် လိုက်လံကာ ငါတို့ပြုသမျှသာသနာ့ကိစ္စအဝဝတို့၌ ဝင်၍ကူထောက်မှုဆန္ဒကိုအာရုံပြု၏။

ငါတို့ကိစ္စမှန်သမျှ မငြီးမငြူ ဆောင်ရွက်ပေးနေကျ ဝီရိယဂုဏ်ကိုလည်း အာရုံပြု၏။

မဟာဗမ္မပါလ



လူချင်းပေးမဟုတ်။ တစ်ဖက်ကသဒ္ဓါ၊ တစ်ဖက်ကသိက္ခာ သူတို့ချင်း(မနောစေတ်ချင်း)ဆုံ၍ ပေးကြ, ယူကြသောကြောင့် မဝင်မရှိ-ဝင်၏။ မရောက်မရှိ-ရောက်၏။

လူချင်းထော့သို့ အတွေ့မဟုတ်၍ အားမရခြင်းမျှသာ။

ဝါကျွတ်ပြီးသော်အခါတွင်ကား-

ယခင်အတိုင်း ဆွမ်းခံထွက်မြဲ ထွက်ပေး၏။ အကျင့် နေသဋ္ဌိကား ပုံစံမပြောင်း။

သို့နှင့် ပြာသိုလထဲသို့ ဝင်လာသောအခါ-

ယခင်ကပင် ကြိုတင်ပြောထားပြီး ဖြစ်သော (ကျောင်းရေစက်ချပွဲကတည်းကပြောထားပြီး) မဟာမြိုင်တောသို့ ပြောင်းရွှေ့ရန် စီမံစိုင်းပြင်းရတော့သည်။ ယင်းမှာ-

အဖိုးသောင်းဝေနှင့် ဦးကြည်စိုး(ကျောင်းအုပ်ကြီး) တို့နှစ်ဦးကို ဒေါက်တာများဆီလွှတ်၏။ ထိုသို့ လွှတ်ရာ၌-

-နောင်တွင် ပုံတောင်ပုံညာနှင့် နတ်တလူအကြားအဆက်အသွယ်များ ရသွားစေရန်။

-မဟာမြိုင်တောသို့ တာကူးလ သကြ်န်မကျမီ ပြောင်းရွှေ့ရန်။

-တပို့တွဲ တပေါင်း နှစ်လအတွင်း ကျောင်းများပြီးစီးနေစေရန်။

ဤအစီအမံများ ငါတို့အကြံ၌ ပါဝင်နေ၏။ ထိုအကြံရိပ်မိသော ဒေါက်တာများအဖိုးသောင်းဝေနှင့် ဦးကြည်စိုးတို့ အပြန်တွင် ပါလာခဲ့ကြပြီ။

ပြာသိုလပြည့်နေ့- ထိုညနေက ဒေါက်တာကြီးများ(ဦးအိုကေ၊ဦးခင်မောင်သန်း၊ ဦးလှထွန်းဝင်း) နှင့် ငါတို့သည် တံခါးပိတ်အစည်းဝေးပွဲ ထိုင်ကြ၏။ ထိုပွဲမှပင်-

၁၃၆၅-ခုနှစ်၊ တာကူးလဆန်း(၇)ရက်အင်္ဂါနေ့တွင် စံရိပ်ငြိမ်မှထွက်ရန် အတည်ပြုလိုက်ကြတော့သည်။ ထိုစဉ်-

-လမ်းသွားရင်း ပန်းစီးဝေရင်းလည်းပါ၏။

-လမ်းသွားရင်း အရှုပ်ရှင်းရင်းလည်းပါ၏။

ယင်းမှာ-

ငါတို့စာပေများ ဖတ်ကြား၍ငါတို့ကိုအားထားနေကြသော ယင်းမာပင်အနီးရှိ ကြေးသိုက်သို့ဝင်ကာ အဖူးတွေ့ခံ တရားဟောပြောခြင်းများ။

တစ်ဖန်-ငါတို့နောက် တကောက်ကောက်နောက်ယောင်ခံလိုက်နေသော ထောက်လှမ်းရေးကျောင်းအုပ်ကြီးအား ကြည့်ချင်သလိုကြည့်ခွင့်ပြုရန်များပင်။ ထိုထောက်လှမ်းရေး ကျောင်းအုပ်ကြီးနှင့်အတူ ရန်ကုန်မှ ဦးကြည်ရှိန်၊ ဗိုလ်မှူးမြသန်းစံ၊ မောင်သွေးချွန်တို့ပါ မုံရွာမှ စောင့်နေနှင့်ကြပြီး ထို(၇)ရက်နေ့ ည,တစ်ညလုံး စကားပြောကြရန် မှာထား၏။

ဒေါက်တာများအဖွဲ့က တာကူးလဆန်း(၆)ရက်နေ့ စံရိပ်ငြိမ်အရောက်။

ထိုသို့တိုင်ပင်ဆုံးဖြတ်ပြီးနောက် ဒေါက်တာများ ပြန်သွားကြလေပြီ။

ငါတို့လည်း ပုံမပျက်ပမ်းမပျက်ဖြင့် စံရိပ်ငြိမ်ဝယ် ကျင့်လျက်။

၁၃၆၅-ခု၊ တာကူးလဆန်း(၅)ရက်နေ့ည ဒေါက်တာများ ရောက်လာကြပြီး (၆)ရက်နေ့နံက်ဆွမ်းလောင်းချိန်တွင်မှ နက်ဖြန် ငါတို့ပြောင်းတော့မည့်အကြောင်းပြောရာ ဆွမ်းအလှူရှင်များ တစ်လမ်းလုံး ငိုပြန်သွားကြသောဟူ၏။

မကြာမီ တစ်ရွာလုံးပြေးလာကြ၏။ အားလုံးကို ဖြေသိမ့်လွှတ်နေရ၏။ ညနေတွင် ရွာဆရာတော်နှင့်လူကြီးများ လာကြပြန်၏။ ဖြေသိမ့်ခွင့်ပန်လွှတ်ရ၏။

မဟာဓမ္မပါလ



(၇)ရက်နေ့ နံနက်(၇)နာရီတွင် စံရိပ်ငြိမ်မှ ဆင်းခဲ့ပြီ။

ကျော်တောရွာနောက်အရောက် အဖိုးပေါက်တူးတဲမှ အားလုံး စောင့်ကြိုနေနှင့်ကြပြန်ရာ ငါးပါးသီလပေး နာရီဝက်မျှ ဩဝါဒစကားပြော၍ ထွက်ခဲ့ရ၏။

ဝက်ကျအရောက်တွင်ကား ဝက်ကျဆရာတော်ကြီးကပါ စောင့်ကြိုနေချေရာ ဆရာတော်ကြီးအား ဂါရဝပြု၍ အားလုံးအား နာရီဝက်မျှ ဩဝါဒပေးခဲ့ရ၏။ သို့ကြောင့်-

ကြေးသိုက်(၁၁)နာရီခွဲအရောက် အချိန်းအချက်များ လွဲသွားခဲ့ရချေပြီ။ ထိုမှသို့ (၁၂)နာရီကျော်ကျော်မှရောက်၏။ ထိုနေ့က ဆွမ်းငတ်ကြရ၏။

ရောက်ရောက်ချင်း အဖူးခံရ၏။ ရန်ကုန်ကပါ ဖူးကြရ, နာကြရ၏။

နေ့ (၁)ချက် တရားပွဲကျင်းပ၏။ ရန်ကုန်ထောက်လှမ်းရေးကြီးပါ နာကြားခွင့်ရ၏။

သည့်နောက် ကြေးသိုက်ဝင်းထဲ လှည့်လည်ကြည့်ရင်း မေတ္တာပွားပေးရ၏။ ပြီးသော် မုံရွာသို့ခရီးဆက်ရာ မုံရွာဆိပ်ကမ်းမှနေ တိုင်းသစ်တောမှူးကြီး ဦးသန်းထွန်းနှင့်ဒကာကြီးဦးအောင်ထူးတို့က ခရီးကြိုဆိုကြကာ-

ငါတို့နှင့်နောက်ပါတို့ကို သစ်တောပိုင်သင်္ဘောဖြင့် တစ်ဖက်ကမ်း ပို့ပေးလိုက်ကြသည်။

ငါတို့နောက်ပါတို့ စီးသော ကားများကိုပါ သစ်တောပိုင်ဇက်ဖြင့်ပို့ပေးလိုက်ကြသည်။

အရှေ့ကမ်းမှ အနောက်ကမ်းဘက် ထွက်ခဲ့ မိသောငါ။ အနောက်ကမ်းမှ အရှေ့ကမ်းသို့ တစ်ဖန် ပြန်ပို့ခဲ့လိုက်ရလေပြီ။

## မိုက်စတပ် ဝိုက်ပတ် ပတ်လိုက်သည်

ထိုညက ဝက်ကျ သစ်ထုတ်လုပ်ရေး တာဝန်ခံ ဦးတင်စိုးတို့ မောင်နှမတိုက်တွင် အနားယူကြရ၏။ အနားယူသည်ဆိုသော်လည်း မနားရပါ။

ရုတ်တရက်ဝင် ကြိုတင်သတင်းကြား များလှသောကြောင့်။ တစ်ညနေလုံး ညဦးတစ်ပိုင်းလုံး မနားရ။ အစာအိတ်တွင် အစာပြွတ်လျက်ကြေးသိုက်တစ်နေ့လုံး၊ မုံရွာတစ်ညလုံးစကားပြောရရာ ဇောချွေးများ ကျရောက်လာချေပြီ။

နံနက်တွင်ကား စောစောထ ရေချိုးပေးလိုက်ရ၏။ သည့်နောက် အရုဏ်ဆွမ်း သုံးဆောင်ကြရ၏။ ထိုစဉ်-

ဝါးသုံးရုံမှထွက်ခါနီး လမ်းဝ ကားပိတ်ရပ်ထားသူသည် မန္တလေးမှနေ(မည်သို့သတင်းရသည်မသိ) နံနက်အရုဏ်မီရောက်လာရာ ဆူရ, ကြိမ်းပေးရပြီ။ သည်အထဲ ထွက်ခါနီး နောက်လိုက်ဒေါက်တာကြီးက-

"တပည့်တော်တို့ ကပ္ပိယများ ထမင်းစားပြီးကြပါပြီဘုရား" သည်သို့ ဝင်ရောက်လျှောက်ထားရာ ပါးစပ်ပေါက် အငေါက်တပ်ရပြန်ပါပြီ။

"သွားရန် အဆင်သင့်ဖြစ်ပါပြီ" အစားစကားလွဲဖြင့် ပင့်သောကြောင့်။

သည်ကတည်းက မဟာမြိုင် အစွမ်းအစ ဇ, ပြနေပြီလား။ ဘာ့ကြောင့်-

-ထိုဒေါက်တာကြီးကလည်း သည်ပုံမျိုး ဘယ်တုန်း ကမှ မချိုးခဲ့ဘူး၍။

-သည်ငါတို့ကလည်း သည်အငေါက်မျိုး ဘယ်တုန်းကမှ မထိုးခဲ့ဘူး၍။

သည့်နောက် မဟာမြိုင်သို့ ဦးတည်ကာ ခရီးထွက်ခဲ့၏။ ခရီးကား ဝိုက်ပတ်။

 မဟာဇမ္ဗူပါလ



ငါတို့နေရာ စံရိပ်ငြိမ်နှင့်မဟာမြိုင်က တောင်မြောက်တည့် ထမ်းပိုးထမ်း။

ယင်းကို အရှေ့မုံရွာသို့ပြန်၍ မုံရွာမှအရှေ့မြောက်တန့်ဆည်သို့၊ တန့်ဆည်မှ အနောက်မဟာမြိုင်သို့ ပြန်ကွေ့သွားပေးနေရ၏။ မကြာပါ မုံရွာမြို့ပေါက်ဝ အရောက်မှာပင် ကားစက်ဖုံးကြီး လန်လာ၍ ဆင်းပိတ်ရ၏။

စက်ဖုံးပိတ်ပြီး၍ မောင်းထွက်ကာစ ရှိသေးဘီး-သံချွန်အစူးခံရ၏။ သံချွန်ငုတ်တန်းလန်းကြီးနှင့်ပင်ရေဦးအထိ ထိန်းမောင်းလာပြီး ရေဦးအဝင်ဝတွင် နောက်ပါကားနှင့်လဲစီးပြီး ထွက်ခဲ့ရ၏။ မကြာလှပါ-ကံထူးမရဲစခန်းရှေ့အရောက် ထိုကားလည်း ဘီးပေါက်တော့၏။ ဘီးပေါက်ဖာရန် ဆိုင်ဝင်၏။ သည်ဘီးမျိုး ဖာပေးစရာမရှိ။

သို့ကြောင့်-ကျန်ဘီးများပါ လေလျှော့ပြီး လေမဲ့ဘီးများဖြင့် တောဂျင်အထိစီးရ၏။ တောဂျင်တွင် ဘီးဖာကျန်ခဲ့သောနောက်ကားမှီလာ၏။ ထိုမှာတွင် နားကြ, စားကြ၏။

နားပြီး, စားပြီးက ခရီးဆက်ထွက်ကြရာ၊ ဘီးဖာကားပြောင်းစီး၍ထွက်ခဲ့ရာ ပျဉ်ကိုင်းမှ အလွန် သက္ကယ်ကျင်းလည်းမရောက်သေးတွင် စက်ခန်းရှိရေများဆူလာပြီး စက်ခန်းကြီး တစ်ခုလုံးလည်း ပူလာတော့သည်။ ကား, အနားပေးကြရ၏။ ယပ်ခပ်ပေးကြရ၏။ ရေအေးများလည်း လောင်းပေးကြရ၏။

"ခါတိုင်း တစ်ခါမှမဖြစ်ဖူးဘူး၊ ခါတိုင်းသည်လာနေကျ ဘာမှမဖြစ်ခဲ့ဘူး။ တောင်တက်တာတောင် ဘာမှမဖြစ်ခဲ့ဘူး သည်တစ်ခါကျမှ"

ကားမောင်းသူ သစ်တောဒကာကြီး၏ ပါးစပ်မှ တွတ်တွတ်သံများဖြစ်ကြ၏။ သည်ကိုယ်တော်ကြီးပါလို့ ငါ့ကား သည်လိုဖြစ်တာ, ထိုစကား ပါးစပ်မှ ထွက်မကျရုံတမည်သာ လိုတော့၏။

မိပန် အကဲစမ်းက ကြမ်းလှချေကလားသည်သို့ ဒို့စိတ်ထဲက တွေးမိခဲ့၏။

သည့်နောက်တွင်ကား အားလုံးကောင်းပါသည် ဖြစ်သွားခဲ့ချေပြီ။

ထိုမှနေ သက္ကယ်ကျင်း သစ်တောရုံးတွင် ခေတ္တဝင်ပေးရ၏။ ပြီးသော် ငါတို့အတွက် ဆောက်လုပ်ထားသည့် ခေါင်နန်းပလ္လင်ဆီသို့ ဦးတည်ထွက်ခဲ့ရာ -

မိပန်(ပန်ထွာမ) ကား သူ့နန်းမှနေ ပွဲဖြင့်ကြိုဆိုနေချေပြီ။

ငါတို့သူ့နန်းရှေ့ရောက်ချိန် သစ်ကုမ္ပဏီက ကန္နားပေးနေချိန်နှင့် တိုက်ဆိုင်၍။

ဤ၌ ခေါင်နန်းပလ္လင် အမည်ပေးရခြင်းက ယခင်မိပန် တပ်ချထားသောနေရာကိုယူ၍ပေးထားခြင်းသာ။ ယင်းမှာ-

ထိပ်အကျဆုံးလည်းဖြစ်၊ ပလ္လင်သို့ပြန့်ပြူးမြေနေရာလည်းဖြစ်သည်ဆို၏။ ကမ္ဘာ့ညောင်ပင်ကြီးများရှိပြီး တစ်ပင်လျှင် ပျားအုံပေါင်း သုံးရာနီးနီးစုအုံနေသော အုံ့ဖွယ်နေရာဆို၏။ ယင်းကို အထက်ပလ္လင်တောင်ခေါ်ကြ၏။

ထိုမှနေကြည့်သော် အရှေ့,အနောက်, တောင်,မြောက် အားလုံး စီးမိုးမြင်ရသည်ဆို၏။ ထို၌ပင် မိပန်က နောက်လိုက်နှင့် တပ်မကြီးချထားလိုက်ခဲ့ပြီ။

သူမကိုယ်တိုင်ကား လူယုံ ကိုယ်ရံတော်အထိန်းတော်များဖြင့်ပင် ယခုနန်းတည်ထားရာ(မဟာဗျူဟာလမ်းမကြီး)အနီးရှိ ချက်မကြီးရေထွက်တွင် လာရောက်ပုန်းခိုသည်ဆို၏။ သေကာနီးသည်စွဲ၍ သည်မှာပင်မြဲနေခြင်းပင်။

မိပန် ပြသော ထိုပွဲကိုကြည့်ရင်းက ဆက်ထွက်ခဲ့ရာညနေ(တာကူးလဆန်း( ၈)ရက်နေ့ ညနေ)

မဟာဗောဓိမြိုင်

(၄း၁၀)နာရီတွင် ငါတို့အတွက် ဆောက်ထားသော ဤခေါင်နန်းပလ္လင်ကျောင်းသို့ ချောမောစွာ ရောက်ခဲ့ရချေပြီ။ ရောက်ခါစတွင်-သစ်ကုမ္ပဏီက သစ်ထုတ်လုပ်နေဆဲကာလဖြစ်နေ၍ စည်ကားနေသေး၏။ ဒေသခံများ ပျားဖွပ်ကာလ ဖြစ်နေသေး၍လည်း စည်ကားနေပြန်၏။

ကဆုန်လဆန်းတွင်ကား မိုးများအဆက်မပြတ် ရွာသွန်းနေခြင်းကြောင့် သစ်ကားများလည်း မလာကြတော့ပါ။ ပျားဖွပ်သမားများလည်း မလာကြတော့ပါ။

ထိုဒေသ၌ ကျန်ခဲ့သည်မှာ ငါတို့နှင့် ကပ္ပိယနှစ်ဦးမျှသာ။

ထိုမှာတွင် တောဆင်ရိုင်းများကလည်း သောင်းကျန်းလာကြတော့သည်။

သစ်ကုမ္ပဏီသုံး ဆင်များမှ ဆင်ပေါက်ကလည်း သောင်းကျန်းလာတော့သည်။

တောဆင်ရိုင်းများက မိုးတွင်းကာလ သူတို့နားနေကျဖြစ်၍ တဲ့။

သစ်ဆွဲဆင်ပေါက်က သူ့သဘာဝ ဇ, ပြပြီ အတိုင်းတဲ့။

တစ်မိုးတွင်း တစ်ဝါတွင်းလုံး ခံကြရ၏။ မေတ္တာပွားပေးကြရ၏။ မိုးအကုန် ရပ်သွားကြတော့၏။ လာမနှောက်ယှက်ကြတော့။ သည့်နောက်-

တစ်ဝါတွင်းနေ အဆင်ပြေသည်ကို သိကြရလေသဖြင့် အမြဲနေ ခိုင်ခန့်သောကျောင်းများ ဆောက်လုပ်ရန် ရွှေဘို၊ဒေါက်တာကြီးဦးအိုကေအား နှိုးဆော်ရာ ၄င်းမှပင် တာဝန်ယူ၏။

သို့ဖြင့် ရွှေဘိုနှင့် မဟာမြိုင် တွဲစပ်ပေးရန်ဆိုကာ- ပထမ ပြည်ရွှေဘို, ရန်ကြီးအောင် အမည်များဖြင့်စိတ်ကူး၏။ သည့်နောက် သည်တွင်ရှိသူတော်ကောင်းကြီးများ နှစ်သက်မည်, မနှစ်သက်မည် မသိရ၍ မဟာမြိုင်၊ အကျွတ်အလွတ် အမည်များဖြင့် အတည်ပြုလိုက်သည်။ ထိုကျောင်းများအတွက် ၁၃၆၅-ခုနှစ်၊ တပို့တွဲလပြည့်နေ့-မဟာမြိုင်ကျောင်းနေရာ၌ နံနက်(၈)နာရီ တိတိ ပန္နက်တင်မင်္ဂလာ ကျင်းပ၏။

အကျွတ်အလွတ်ကျောင်းနေရာ၌ နံနက်(၉)နာရီတိတိ ပန္နက်တင်မင်္ဂလာကျင်းပ၏။

ပြီးသော် ရန်ကုန်မှတာဝန်ခံ အင်ဂျင်နီယာဖြင့် ဆောက်လုပ်ခဲ့ရာ -

၁၃၆၆-ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့တွင် ဘုရားသို့ ကျောင်းလှူပွဲ ကျင်းပ၏။

၁၃၆၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျောင်းရေစက်ချပွဲ ကျင်းပ၏။ ထိုရေစက်ချပွဲက-

- ရွှေဘိုနေ ဒေါက်တာသန်းထွေးအောင်က ရွှေဘိုနှင့်အသိုင်းအဝိုင်းများကိုယ်စားပြု။
- နတ်တလူဥက္ကဌ ဦးခင်မောင်သန်းက ရန်ကုန်နှင့် အသိုင်းအဝိုင်းမျာကိုယ်စားပြု။
- ဒေါက်တာလှထွန်းဝင်းက လုပ်အားဒါနရှင်အားလုံးတို့ကို ကိုယ်စားပြု။

ရေသုံးခွက်၊ လူသုံးယောက်ဖြင့် ကျင်းပသော ရေစက်ချပွဲပင်။

ထိုနေ့မှစတင်ကာ ဒို့များ အကျွတ်အလွတ်အပြီးအစီးပြောင်းရွှေ့လာခဲ့၏။ သို့သော် လက်စသိမ်းများ ကျန်နေသေး၍ တရားမွေ့ကား မပြောင်းရွှေ့ဖြစ်သေး။

ဝါဆိုလပြည့်ကျော်(၂)ရက်နေ့တွင် ဒေါက်တာများ ပြန်သွားကြလေပြီ။

အတူနေ မောင်ကျော်စိန်ကိုကား တာကူးကပင်ရိပ်သာဝင်ရန်ပြန်လွှတ်လိုက်ပြီး။ သို့ကြောင့် ငတစ်ပါးမင်းအဖြစ် တစ်ပါးတည်းနေလျက်က အကျွတ်အလွတ်ကျောင်း ပတ်ပတ်လည် မြေထိန်းတုတ်များ စိမ်ရ၏။

မဟာဝမ္မပါလ



အကျွတ်အလွတ်ကျောင်း ပတ်ပတ်လည် မြေဥပစာများထားပေးရ၏။

အချိန်ကား ၁၃၆၆-ခုနှစ်၊ တော်သလင်းလ ပြည့်၏အဖိတ်နေ့အထိ လက်စသတ်နေရ၏။

## အဓိဋ္ဌာန်က ပိတ်မရလိုက်လေသလား

၁၃၆၆-ခုနှစ်၊ တော်သလင်းလပြည့်နေ့ တွင်ကား အဓိဋ္ဌာန်တင်လိုက်ပြီ။ ယင်းမှာ ငါသည်-

- ဤအကျွတ်အလွတ်မှနေ၍သာသနာအတွက် ဓမ္မမေတ္တာများ ကြီးစားတော့ပါအံ့။
- ဤအကျွတ်အလွတ်မှနေ၍အများအတွက် ဓမ္မမေတ္တာများ ဖြန့်ဝေတော့ပါအံ့။
- ဤအကျွတ်အလွတ်မှနေ၍ငါ့အတွက် ဓမ္မ မေတ္တာများ တိုးစေ ပွားစေပါအံ့။

ယင်းအဓိဋ္ဌာန်ကို ည (၇)နာရီတိတိတွင် တင်လိုက်၏။

အားလုံးကြားပါစေ-သိပါစေ-သက်သေအ ရာဒ္ဌတည်ပါစေ တိုင်တည်လိုက်၏။

ထိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကာ နီးအထိအန္တရယ်မရှိ၊ နေ့ ည အားထုတ်ခွင့်ရနေ၏။

၂၄-နာရီလုံးလုံး တစ်နာရီကအထိုင် တစ်နာရီက စင်္ကြံဖြင့်။

သီတင်းကျွတ်လပြည့်ကာနီး (၃)ရက်,ဆီမီး ပူဇော်ရန် မီးတိုင်များဖန်ဆင်းရာမှ လဆန်း(၁၃) ရက်နေ့မှစတင်ကာအဖျားဝင်တော့သည်။ တရားချိန် မမှန်တော့ပါ။

တန်ဆောင်မုန်းလပြည့် ကျော်လာလျှင် ကား-

- ကျောင်းကလည်း နေပူမမိသေး၍အေးဆဲ ကြောင့် ကျောင်းအေးဒဏ်ကလည်း ခိုက်။
- ဆောင်းကလည်းမြိုင်နှင့် တွဲဝင်လာသော ကြောင့် ဆောင်းအေးဒဏ်ကလည်း ခိုက်။
- ဆောင်းလေကလည်း ကျောက်အေး ကြပ်အေး များ ကိုင်ဝင်လာသောကြောင့် လေဒဏ်က လည်း ခိုက်။

သို့ကြောင့် နံနက်ပိုင်း နေ့ပိုင်းများပါ ခိုက်ခိုက်အေးဖြစ်လာတော့ရာ-

-နေထွက်စ၏ နံနက်(၆)နာရီ ထိုင်ချိန်ကျ ပျက်ကွက် သွားတတ်၏။

-နေတက်စ၏ နံနက်(၈)နာရီ ထိုင်ချိန်ကျ ပျက်ကွက် သွားတတ်၏။

ထိုအခါ-

တာဝန်ယူစောင့်ရှောက်ပေးနေကြရသူ များ၏ နှိုးဆော်ခြင်းက ဝင်လာချေပြီ။

တစ်ခါက ငါတို့၏ ဥပဇ္ဈာယ်ရုပ်ဖြင့် ဆွဲထူ ကျောက်ကန်ခံရ၏။

တစ်ခါက သည်မှာနေ တာဝန်ခံရုပ်ဖြင့်ပင် ခြေမခြင်းဖိညှပ်၍အနှိုးခံရ၏။ နောက်ဆုံးတွင်ကား-

ပုတီးကုန်းကြီး- သုံးကုံး ။
ယင်းမှာ ထိုင်ချိန်(၃)ချိန်ကိုညွှန်း၏။

ပုတီးကုန်းလေး- သုံးကုံး။
ယင်းက စင်္ကြံ (၃)ချိန်ကို ညွှန်း၏။

သည်နှစ်မျိုးတို့ကိုသာ အဓိဋ္ဌာန်မပျက် အမြဲဝင်ပေးပါ။ ကျန်များကိုကား အချိန်အခါ ကျန်းမာရေးအရ နားလိုကနားပါ။ အိပ်မက်ပေး၍ နှိုးဆော်လာတော့၏။ ကျေးဇူးကြီးမားလေစွ။

မဟာဗောဓိပါလ



သည့်နောက် မိပန်နှင့်ပတ်သက်၍ လေးချီ အိပ်မက် မက်၏။ (မိပန်က- ပန်ထွာဘုရင်မ)

တစ်ချီက ငှက်ပျောညွန့်ရောင်ကားလေး၏ ဦးခေါင်းခန်းမှ စီးလာသောဓာတ်ပုံ။ ယင်းမှာ ရောက် ခါစကဖြစ်၏။ အရွယ်အစားက ၄×၆ ။

ထိုဓာတ်ပုံကို ငါတို့ကြည့်နေဆဲ အထက် ကိုယ်တစ်ပိုင်း ဘေးရှိကားမှန်မှ ထွက်ပြလိုက်သည့်ဟန်။

တစ်ချီက ယင်းဓာတ်ပုံကိုကိုင်ပြီး "သူက စုန်းမကြီးလားအဘ"(စုန်းမဟူသည် ပြုစားတတ်သည်ဖြစ်ရာ သူကစုန်းမကြီးလားအဘဟု မေးခြင်းမှာ သူက ပြုစားတတ်သလား မေးခြင်းပင်)ဟု ငါတို့က ငါတို့ ဥပဇ္ဈာယ်ဆရာအား ဓာတ်ပုံပြမေးရာ ဥပဇ္ဈာယ်က ခေါင်းယမ်းပြသည့်ဟန်။

တစ်ချီက မိပန် ဗိသနိုးစိုးစံစဉ်ကပုံစံအတိုင်း ဖန်ဆင်းထားသည့် ကရဝိက်စက်တပ်ဖောင်ယာဉ်ကြီး ငါတို့ဆီ ထိုးဆိုက်လာပြီး-

"အရှင်ဘုရား ကြည်ညို၍ တပည့်တော်တို့ လာကြတာပါ။ အရှင်ဘုရားကို အားလုံးက ဝိုင်းကြည်ညို နေကြတာပါ။ အရှင်ဘုရားရဲ့ ဝန်းကျင်တစ်ခွင်လုံး ထိုင်ကြည်ညိုနေကြတာပါ။ နေရာပြည့်ပါပဲ" ဤသို့ လာလျှောက်ထားသော အိပ်မက်။ ယင်းမှာ ငါတို့က -

"မိပန်ရယ်- နင် ဗိသနိုးဘုရင်မအဖြစ်နဲ့ ပုံ ငါမြင်ချင်တယ်" ဆန္ဒပြုမိ၍ပင်။

တစ်ချီက မိပန် လက်ရှိပုံအတိုင်း လက်ရှိနေရာကနေ(ချက်မကြီးကနေ) လာရောက်ပင့်ဆောင်၍ ငါတို့လိုက်ပါသွားရသော အိပ်မက်။ လေးချီတိတိ။ ဗိသနိုးအပြက အဝေးပြဖြစ်၍ အသံကိုသာ အဓိကကြားရ၏။ ချက်မကြီးပြက အနီးပြ ကျကျနနတွေ့ရ၏။

လက်ရှိနေရာတွင် လေးဘက်ချ ဇရာမ ကျောင်းတော်ကြီးပုံကိုလည်းပြ၏။

သည်မျှမကထူးဆန်းအိပ်မက်က များလှ၏။ ယင်းကို မှတ်စုစာအုပ်၌ နေ့အလိုက်မှတ်တမ်းတင်ထားပြီးသားရှိ၏။ ၁၃၆၆-ခုနှစ် တစ်နှစ်လုံးကောင်း၏။

တပေါင်းလပြည့်ခါနီးတွင် ဝေပုံက (၃၃)ဦး ဝေယျာဝစ္စလာလုပ်ရာ၊တပေါင်းလပြည့်နေ့တွင်ကား သစ်ကုမ္ပဏီဒု-ဉက္ကဌ သစ်တောအရာရှိများနှင့် လာရောက်ဖူးတွေ့ရာ ရှုပ်လာတော့သည်။ ဝေပုံက ငါတို့အလိုလိုက်မှန်းသိ၍ အတင်းဝင်ကြတော့ခြင်း။ သစ်ကုမ္ပဏီက ကျောင်းအလှူအကြောင်း ပြ၍ အတင်းဝင်ကြတော့ခြင်း။

သည့်နောက် လူအစောင့်အရှောက်ကင်းမဲ့နေသည်ကို အခွင့်ကောင်းယူကြကာ သာစည်ရွှေကျောင်းကုန်းတောင်မှ ကျောင်းအမွေတောင်းရန် ကြွလာသူ ရဟန်းတော်နှစ်ပါးမှ စတင်သော ပရိတ်သတ်များ မစဲတော့ပါ။

တစ်ဦးချင်း တစ်ဦးချင်းများလည်း ဂိတ်ဝ၌ ချောင်းနေသည်ကိုတွေ့ရ၏။ အုပ်လိုက်အဖွဲ့လိုက် ဂိတ်ဝမှနေ ချောင်းနေသည်ကိုလည်း တွေ့ရ၏။ အားမရကြသူများက စည်းကျော်ချိုးကာ ကျူးကျော်ဝင်ရောက်လာကြပြီး ကျောင်းတံခါးပေါက်ဝမှနေ အော်လျှောက်ကြတော့၏။ ဖွင့်ပေးလိုက်ရ၏။

သစ်ကုမ္ပဏီကဒါရိုက်တာများ အကြောင်းသိနေ၍အမြဲဝင်လာနေကြ၏။

ဝေပုံမှအတွင်းသိများကလည်း ခြံကျော်လျှောက်ထားရမှန်းသိ၍ အမြဲဝင်လာနေကြ၏။

ရေနံရှာဖွေရေးအဖွဲ့များကပါ ထိုနည်းသုံး၍ ဝင်လာနေကြ၏။

၁၃၆၉-ခုအရောက်တွင်ကား မဟာမြိုင်၌ လူအစောင့်များ ချထားလိုက်ရပြီ။

ငါတို့၌ ၁၃၆၈-ခုနှစ်၊ ဆောင်းကတည်းက

မဟာဗုဒ္ဓါလ



အတွင်းနေ အခြေမလှဖြစ်လာနေပြီ။ ကျောင်းဒကာ ကျောင်းအမများ၌လည်း အချို့ဒေသသတင်း ကြားစပြုလာနေ၏။ ထိုစဉ်-

သူတို့၌လည်းကျောင်းရေစက်မချရဘဲ သေပါက အထင့်အနင့်လေးများ ပါသွားနိုင်ကြ၏။

ငါတို့၌လည်း ကျောင်းရေစက်ချမပေးဘဲ သေက အထင့်အနင့်လေးများ ပါလာနိုင်သေး၏။

သို့ကြောင့် ငါတို့အဓိဋ္ဌာန်ပြီးမှအထိ ရေစက်ချ စောင့်မနေသင့် တွေးမိကာ-

၁၃၆၉-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင်-

က။ မဟာမြိုင် ကျောင်း-ကန်-မီးတင်းကုတ်-ကုဋီများ စုပေါင်းရေစက်ချပွဲ ကျင်းပကြ၏။

ခ။ အကျွတ်အလွတ် ကျောင်း-ကန်-မီးတင်းကုတ်-ကုဋီများ စုပေါင်းရေစက်ချပွဲ ကျင်းပကြ၏။

ထိုရေစက်ချပွဲအပြီးမှစတင်ကာ နတ်တလူမှ ဦးကျော်ဌေးက အစောင့်တာဝန်ယူကာ မဟာမြိုင်ဝယ် ဝါဆိုတော့၏။ သည့်နောက် နတ်တလူမှ ဦးသန်းထွေ၊ ရွှေဘိုမှဒေါက်တာသန်းထွေးအောင်တို့နှစ်ဦး တရားစခန်းဝင်ရောက်လာကြ၏။ နတ်တလူ ဥက္ကဌလည်း အနားယူရန် ရောက်နေနှင့်ခဲ့၏။ သို့ကြောင့် မဟာမြိုင်တွင် အစောင့်ထူထပ်လာချေပြီ။

ငါတို့လည်း ပရိတ်သတ်ရန်ဘေးမှ အေးခွင့်ရသွားတော့၏။ မဟာမြိုင်မှ ဆွမ်းပို့လာနေ၍။

▼

## ငွေလှူချိန် ငြိမ်ခံမိလိုက်၍

၁၃၆၉-ခု၊ ကဆုံလပြည့်နေ့ မဟာမြိုင်-အကျွတ်အလွတ်ကျောင်းရေစက်ချပွဲသို့ ရန်ကုန်မှ ကျောင်းဒကာ, ကျောင်းအမများလည်း အားတက်သ ရောလာကြရာ လပြည့်၏အဖိတ်နေ့ညနေတွင် အကျွတ်အလွတ်သို့ လာရောက်ဖူးတွေ့ကြ၏။

ထိုဖူးတွေ့ပွဲတွင် လှူစရာပစ္စည်းစုံ အကုန်ပါသည့်အပြင် သူတို့သည်းခြေကြိုက် သူတို့အမြတ်နိုးဆုံး ငွေများလည်းပါကြ၏။ အချို့တစ်သိန်း၊ အချို့ဆယ်သိန်းအထိ စုစုပေါင်းသိန်းငါးဆယ်ဆို၏။

ဤငွေလှူကို ငြိမ်ခံမိခြင်းကြောင့်-

စိတ်၌အစင်းအပျောက်များ ရောက်လာကြတော့၏။ သည်ငွေထုပ် ဘာလုပ်လျှင်ကောင်းမလဲအတွေးဝင်နှောက်နေတော့၍။ရေစက်ကမချရသေး။

နောက်ဆုံးအဖြေပေါ်သည်မှာ

ထိုအလှူ့ရှင်များ လာသောအခါ တည်းခိုစရာကျောင်းအဖြစ် ဟူ၍။

ထိုစဉ်က ငါတို့၌လိုအပ်နေသည်မှာ ဧည့်တည်းခိုကျောင်းပင်။

တင်ဝင်းထွန်းသစ်ကုမ္ပဏီ လှူဒါန်းထားသောကျောင်းသည်-

-မဟာမြိုင်အတွင်း တာဝန်ဖြင့်လာကြရသော အရာရှိနှင့်အမှုထမ်းအားလုံးအတွက်။

-ငါတို့ထံ ဖူးမျှော်ရန်လာကြရသောရပ်ဝေးနေ အားလုံးအတွက်။

တစ်ဖန် သစ်တောအရာရှိ ဦးကူးပါးလှူသောကျောင်းက- ဤဒေသတွင်းက မည်သူမဆို မဟာမြိုင်ရောက်က တည်းခိုနိုင်ကြဖို့အတွက် တံခါးပင် တပ်မထားဘဲ ဆောက်လုပ်ပေးထား၏။ သို့ပေသိ -

တကယ့်တကယ်တွင်ကား တင်ဝင်းထွန်းကုမ္ပဏီ သစ်ထုတ်လုပ်ရာတွင် အသုံးပြုသောအဆောက်အဦးများ ဖြစ်သွားတော့၏။

မဟာဗောဓိ

ကုမ္ပဏီပိုင်အဆောက်အဦးက ဒါရိုက်တာမန်နေဂျာများအတွက်။

ဦးကူးပါးအဆောက်အဦးက ကားသမား၊ အလုပ်သမားအားလုံးအတွက်။

ရေနံရှာဖွေရေး အဖွဲ့များကစ မည်သူမျှ ဝင်ရောက်တည်းခိုခွင့်မရကြတော့ပါ။ အနီးနေ တောသွား, တောလာများလည်း မည်သူမျှ ဝင်မကပ်နိုင်ကြတော့ပါ။

ဦးကူးပါးကျောင်းက ကုမ္ပဏီအလုပ်သိမ်းချိန် ရသေး၏။ ကုမ္ပဏီပိုင်ကျောင်းကား လူငှား၍ အစောင့်ချထားလိုက်တော့သည်။

ဤ ၁၃၆၉-ခု၊ ကဆုန်လပြည့်တဝိုက်တွင်ကား သစ်တောဝန်ကြီးလာမည်ဆိုကာ အခင်းအကျင်းများဖြင့်စီမံထားရာ -

ထိုကျောင်းတွင် နေရာချထားရန် စီစဉ်ထားသည့် ရန်ကုန်နေ ဒကာ-ဒကာမများအားလုံး၊ ရဟန်းများ၊ သီတင်းသုံးစရာ မဟာမြိုင်အထက်ထပ်နှင့် လူယောဂီများ ဝေယျာဝစ္စပြုစရာ အောက်ထပ်များသို့ နေရာချထားပေးလိုက်ရ၏။ သို့ကြောင့်

ငါတို့ထံလာကြမည့် တပည့်တော်များအတွက် တပည့်တော်များလှူသည့် ဤငွေများဖြင့် တည်းခိုကျောင်းဆောက်လုပ်ပေးတော်မူပါဘုရား။ ငါ့အကြံက ငါ့ထံ ဝင်တောင်းပန်လိုက်ခြင်း။

သို့ဖြင့် နောက်နေ့ ဒကာကြီးဦးလှသိန်း (ရွှေဘို)ပြန်ကာနီး "ကျောင်းဆောက်မည်" နှုတ်ဟလိုက်ရ၏။ သုံးခန်းပတ်လည် နှစ်ထပ်။ သည့်နောက်

နယုန်လတွင် ကျောင်းစတင်၏။ ချိန်းစောက မမိ။

နယုန်လမှာပင် နတ်တလူရှိ သစ်စက်ယူ၍ စတင်ကြည့်၏။ ဤသစ်စက်လည်းမမိ။ သို့ကြောင့် ထိုငွေများ ရွှေဘိုဘဏ် အပ်နှံထားလိုက်ရ၏။

၁၃၆၉-ခု၊ တပို့တွဲလ ရောက်သောအခါ-ငွေများလည်း အတိုးရော နောက်ဖြည့်ပါ သိန်း (၇၀) ကျော်ဖြစ်လာနေပြီ။

တာဝန်ခံများလည်း ကျောင်းဆောက်ပေးရန် အဆင်သင့်ရောက်လာနေကြပြီ။

ရွှေဘိုမှ ဦးလှသိန်း(ဥက္ကဋ္ဌ)၊ ဦးသံဒိုင်၊ ဒေါက်တာသန်းထွေးအောင်- (၃) ဦး။

ဇီးကုန်းမှ ဒေါက်တာလှထွန်းဝင်း(အတွင်းရေးမှူး)၊ ဦးငွေ(အဖွဲ့ဝင်)- (၂) ဦး။

ထို ၅ ဦးတို့ကို ဘုတ်ဖွဲ့၍ တည်းခိုဆောင်စီစဉ်ကြရပြီ။

ထိုမှတစ်ဆက်တည်း သက္ကယ်ကျင်းမှ သစ်လှဲ သစ်ဆွဲဖြင့် အလုပ်စ၏။

ယင်းတို့က အလုံး(၃၀)၊ အလှဲ(၄၅), ကျွဲဆွဲတွင်ရပ်တန့်သွားကြပြီ။ သည့်နောက်-

-နတ်တလူမှ ဦးသန်းထွေ၊ ဦးဗိုလ်ဟိန်းတို့က လွှဆွဲ။

-ဝေပုံမှ ဦးသန်းညွန့်က ကျွဲဆွဲဖြင့် ဆက်လက်ရ၏။

သစ်စက်နှင့်ဝိုင်းအဖွဲ့ကား တပေါင်းလဆန်းတွင် နတ်တလူမှလာကြပြီ။သစ်ဆွဲလည်း ကုမ္ပဏီကဆင်များဖြင့် ဝင်ကူဆွဲပေးလာကြ၏။ သို့ဖြင့် -တာကူးလဆန်း(၇)ရက်(သင်္ကြန်အကြို နေ့) ပန္နက်တင်မင်္ဂလာ စခွင့်ရတော့၏။

၁။ တည်းခိုဆောင်၏ အမည်ကား မေတ္တာမြိုင်တွင်ပေးလိုက်ပြီ။
ထိုမေတ္တာမြိုင် ကဆုံလပြည့်ကျော်တွင်ရပ်နားလိုက်ကြ၏။ မိုးများလာ၍။

မျက်နှာကျက်၊ အောက်ထပ်ခန်းဆီးဖွဲ့မျှ လောက် သာကျန်တော့၏။

မဟာဓမ္မပါလ



ဤမေတ္တာမြိုင်နှင့်အတူ-

၂။ မေတ္တာပိုင် မီးတင်းကုတ်( ၂၈န်း×၄၈န်းလည်း) ပူးတွဲပါဝင်၏။
ယင်းကို နတ်တလူ ဘူးကုန်းရွာလက်သမားအဖွဲ့က ကုသိုလ်ဖြစ်ဆောက်လုပ်ပေးကြ၏။
အကြမ်းထည် အနုထည် ဝေယျာဝစ္စအားလုံးလည်း ယင်းဘူးကုန်းမှပင်။
သစ်စက်အလုပ်ကြမ်းသမား၊ ညောင်ဝိုင်းဆရာများလည်း ယင်းဘူးကုန်းမှပင်။

၃။ သံဃာတော်များအတွက် ချိုးကန်နှင့်ကုဋီများလည်းပါ၏။

၄။ လူများအတွက် အရေးပေါ်သုံး အိမ်သာများလည်း ပါဝင်၏။

မေတ္တာမြိုင်အတွက် စခန်းသိမ်း၍ပြန်ကြလေသောအခါ-အမြဲနေမည်ဆိုသော ဦးပိုလ်ဟိန်းကပါ ပြန်လိုက်သွားတော့ရာ မဟာမြိုင်တွင် ဦးကျော်ငွေတစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်။

ယင်းဦးကျော်ငွေကလည်း ဝါဆိုတွင် ပြန်လိုပြန်သောအခါ ဝါတွင်း၌ကား ဒေါက်တာသန်းထွေးအောင်(ဝါဆိုလာပရိတ်သတ်နှင့်အတူပါလာသူ) တစ်ဦးသာ ကျန်ခဲ့တော့သည်။ ဝါတွင်းကား-

-ဒေါက်တာသန်းထွေးအောင်က ဦးသုမနဘွဲ့ခံဖြင့် မဟာမြိုင်မှာကျောင်းထိုင်။

-ငါတို့သည်ကား တောထွက်ကြီးဦးနိက္ခမဘွဲ့ခံဖြင့် အကျွတ်အလွတ်မှာ ကျောင်းစောင့်။

ထိုနှစ်ပါးမျှသာ ကျန်ခဲ့တော့ရာ သည်နှစ်ဝါ(၇၀-ပြည့်နှစ်ဝါ) ရာသီဥတု သာယာသည်။

သည်နေရာသည် နာမည်တစ်လုံးနှင့်နေသောနေရာ။ သို့ကြောင့်

သည်နေရာ နေလိုသူများ သီလလည်း အထူးစင်ကြယ်မှု(စိတ်တွေးမဝင်စေမှုသာ သီလက ဝိသုဒ္ဓိအမည်ရ၏) တောပျော်, တရားပျော်လည်းဖြစ်မှု။ စိတ်ခာတ်၊သတ္တိ၊အရည်အချင်း ပြည့်လည်းရှိမှသာ ပျော်စရာကောင်းသောနေရာ မြင်ခွင့်သာစေလိမ့်မည်။ ထိုသို့မဟုတ်ပါမူကား ပျင်းတိုင်းခြောက်-ခြောက်တိုင်းပျင်း ချည်းသာ။

## နိက္ခမ ခတ်ထားသည့် နေက္ခမ္မ

ရွှေတွင် နိက္ခရွှေစင်ဟူသည်ရှိ၏။

ထိုရွှေဖြင့်ခတ်ထားသော ရွှေတံဆိပ်ကိုကား နိက္ခရွှေတံဆိပ် ခေါ်ရမည်သာပမာ-

ငါတို့၌လည်း-

ငါတို့သည်ကား နိက္ခမ စာရင်းဝင်ရဟန်းဖြစ်နေ၏။ သို့ကြောင့်

သည်ငါတို့ တစ်တောဝင်,တစ်တောင်ထွက်လျက်က မိမိစိတ် ကိလေသာအနှောင်အဖွဲ့အားလုံးတို့မှထွက်ရန် ဤကြိုးစားချက်မှန်သမျှလည်း-နိက္ခမခတ်ထားသည့် နေက္ခမ္မဆိုရပါတော့မည်။

ထို သို့ ခတ်ရာတွင်- အစစ္စာဝင်သော စိတ်အစဉ်ကား-

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ချီးမြှင့်လိုက်သော ရွှေစင်တစ်မတ်က ရွာတွင်းရောက်သောအခါ ဟိုက-သည်က၊ အတွင်းက-အပြင်က ခါးပိုက်နှိုက်ရန် ဟန်ပြင်လာကြ၏။ ရံခါအနှိုက်ခံလိုက်ရ၏။ ထိုအခါ-

သည်လိုဆို မဟာစည်ဆရာတော်ဘုရားကြီး ချီးမြှင့်လိုက်သော ရွှေစင်တစ်မတ်သား အပွားအတိုးမလုပ် အရင်းပင်အနှုတ်ခံရတော့ပါအံ့။ ဤစိတ်အစဉ်များပင်။

မဟာဓမ္မပါလ



တစ်ဖန်-

ငါတို့ရှိရင်းစွဲစိတ်ကပင် တောဝင်စင်ဖျောက် တစ်ပါးတည်း လမ်းလျှောက်လိုခြင်းပင် ဖြစ်နေချေရာ-

-မဟာစည်ရိပ်သာ မဝင်ခင်ကလည်း တောထွက်ခဲ့ဖူး၏။

-မဟာစည်မှ ပြန်ထွက်အလာတွင်လည်း တောထွက်ရန်သာ စိတ်သန်၏။

သို့ဖြင့်ပင်-

ရဟန်းဘဝခံယူ၍ တစ်ဝါတွင်းမျှ ဥပဇ္ဈာယ် အရိပ်ခိုလှုံပြီး ဝါကျွတ်သည်နှင့် နေက္ခမ ပဋိသန္ဓေ အစ သာစည်ရွှေကျောင်းကုန်းက အဖြစ် သာစည်နယ်၊ ရွှေကျောင်းကုန်းတောင်မှ စတင်ကာ နေက္ခမမှု ဇ-ပြခဲ့ရာ ယင်းကို-

-ရောက်လေသမျှ လူပရိတ်သတ်များ အအုံခံနေရခြင်းက အုပ်ထားလိုက်ကြပြီ။

-ရောက်လေသမျှ ရဟန်းပရိတ်သတ်များ အငြိုငြင်ခံရခြင်းက အုပ်ထားလိုက်ကြပြီ။

ထွက်ပေါက်ပင် မမြင်ရ။ ထွက်ခြေပြဖို့ကား ဝေလာဝေးခဲ့ပြီ။

တစ်ဖန်-

-ဘုရားတည်,ကျောင်းဆောက် ပြင်ပသာသနာများကပါ အုပ်မှောက်ထားလိုက်ကြပြီ။

-တရားဟော,တရားပြ ပြင်ပသာသနာများကပါ မှောက်ချထားလိုက်ကြပြီ။

သို့ကြောင့်-

ထွက်ရန်ပင် စိတ်ကူးဝင်မရ။ ထွက်ဟန်ပြင်ဖို့ကား ဝေလာဝေးခဲ့ရပြီ။ သည်ကြားထဲ တောတိုးများသဖြင့် အစားခံရသည်များလည်းပါ၏။ တောလိုက်မုဆိုးကို ဘုရားဒကာထင်မိမှားသဖြင့် အစားခံရသည်များလည်းပါ၏။

ဤနှစ် (၇၀)ပြည့်နှစ် အရောက်တွင်-

ငါတို့၏တောထွက်သက်တမ်းကား (၂၉)နှစ်တိုင်ခဲ့ပြီ။

ထိုအတောအတွင်း မျှော်တရားအပေါ် အလျော်အစား လောကဓံများကြောင့်-

-အမှတ်ဘက်က စပ်ခြင်း-စိုက်ခြင်းများ ရှောင်ကွင်းသွားသလောက်၊

-ကိလေသာအာရုံတို့ဘက်က ညှပ်သတ်-လိုက်သတ်များ သွင်းလာကြတော့ရာ

ရှုသိတရားကလည်း သွေးအားကိုလိုက်၍ တဖြည်းတဖြည်း နောက်ဆုတ်သွားသည်ကို တွေ့ရ၏။

အသက်နှင့်အရွယ်ကလည်း သွေးကိုလိုက်၍ တဖြည်းတဖြည်း နောက်ဆုတ်သွားသည်ကို တွေ့ရ၏။

'ရွှေဘုံထီးနှင့် အပုံကြီးကွာပြီ-' အော်ဟစ်ဆိုလိုက်ရမလားမသိ။

သို့ပေသိ ဝိပဿနာတရားက စိတ်အလုပ်-ဉာဏ်အလုပ်ပင်ဖြစ်ရာ-

သွေးဆုတ်သော်မှ ငါကား နောက်ဆုတ်လိမ့်မည်မဟုတ်။ ငါထားမြဲအတိုင်းဆိုသော်- ငါ့နှာဝ၌ ထွက်လေ-ဝင်လေရှိနေသမျှ စိတ်ခါးတောင်းကျိုက် ငါဖြုတ်မချ ဖြင့် ရှေ့ဆက်တက်နေမည်သာ။ နိက္ခမဖြင့် နေက္ခမ္မခတ် ခတ်ပေးနေမည်သာ။

သို့ကြောင့်-

ငါတို့၏ အတ္တုပ္ပတ္တိ ဘဝအကြောင်းအရာကို 'သည်တွင်ပြီးပါပြီ' ဆိုင်းဘုတ်ချိတ်မပြသာသေးပါ။ ထိုဆိုင်းဘုတ်အစား -

"ဤတွင်ခဏနားဦးမည်" ဆိုင်းဘုတ်ကိုသာ-။

မဟာဗုဒ္ဓဝါဒ



ကာလဝယာနုသာရေန၊ ဘဝေါ စဝတိ အမှေသု။
တသ္မာ ယမှာ ကော်ခဏ္ဍ၊ တမှာဝါ ဘဝေကဒေသံ။
တေသံ ခေါ သမောဒါနန္တော၊ ဘဝုပ္ပါဒေါ ပူရေယာတိ။

အမှေသု- ငါတို့၌
ကာလဝယာနုသာရေန- အချိန်နှင့်အရွယ်ပိုင်း လိုက်လျက်က၊
ဘဝေါ- ဖြစ်စဉ်များကား၊
စဝတိ-ရွေ့လျားနေပါချေ၏။
တသ္မာ- သို့ကြောင့်၊ ယမှာ- ယင်းနေရာမှာ၊ ဇော်ခဏ္ဍ- ဘဝဆစ်ချိုး အပြကတစ်မျိုး ၊
တမှာဝါ-ထိုနေရာကျလျှင်ကား၊ ဘဝေကဒေသံ- ဘဝတစ်စိပ်၊ အပြကလည်း တစ်စိပ်၊
ခေါ- စင်စစ်၊ တေသံ- ထို အချိုးအစိပ်တို့ကို၊
သမောဒါနန္တော- စုစည်းပေးနိုင်ပါသော်ကား ဝါ ပေးနိုင်မှသာ၊
အမှာက်-ငါတို့၏၊ ဘဝုပ္ပါဒေါ-ဘဝ အတ္ထုပ္ပတ္တိ ကား၊ ပူရေယာတိ- ပြည့်စုံပါတော့အံ့။

ဤတွင် မဟာမြိုင်အကြား ခဏနားထားလိုက်သည်။

၁၃၇၀-ပြည့်နှစ်
ဝါခေါင်လဆန်း (၆)ရက်၊ သောကြာနေ့
အကျွတ်အလွတ်ဝိဟာရ၊ မဟာမြိုင်။

မဟာဇမ္ဗူပါလ



## မဟာမြိုင်အတွင်းက ပုံစံပိုင်း အကျအနတစ်ခု

ငါတို့၏ တောပျော်ဘဝ နောက်ပိုင်းကို ပြန်လှန်ကြည့်သော်-

သာစည်၊ ရွှေကျောင်းကုန်း ၁၃၄၁-ခု မှသည် နတ်တလူတောရ ၁၃၆၀-ပြည့်တိုင်အောင် (၁၉)နှစ် ကာလစုမှ အပိုင်းအစများသည် -

အများတကာတို့ဘက် မျက်နှာလှည့်ပေးထားရကာ-

-ဟောပြောမှုများဖြင့် စင်တော်ဖွင့်ခဲ့ရ၏။

-ဟောပြောမှုအားမရကြ၍ ပြသမှုအထိတက်ခဲ့ရ၏။

-ဘာသာသွေးများ ပြောင်းလဲပေးရကာ အရောင်တင်ပေးခဲ့ရ၏။

-ရှေ့ကြို့နောက်လိုက်တို့၏ ခါးပိုက်နှိုက်ခြင်းကိုလည်း ခံခဲ့ရ၏။ သို့ကြောင့်-

လောက, ဉာတဖြင့်ပင် ခဝါကျ၊ ဗောဓိဘာဂကား ပါးလျလျမ္မသာ။ ယင်းကို သက္ကရာဇ်ဖြိုသောအားဖြင့် ၁၃၆၀-ပြည့်နှစ်၊ ကဆုန်လပြည့်နေ့ မင်းဘိသိက်ခံဘုရား ဌာပနာပိတ်ပွဲလည်း ကျင်းပ၊ ယောဂီများ၏ (၂)လစခန်းပိတ်ပွဲလည်းကျင်းပ။

ထိုအချိန်၌ပင် လာမည့်၁၃၆၁ခု၊ ကဆုန်လပြည့်နေ့သည်-

- ဟောပြောမှု ပြသမှုများအတွက်လည်း နောက်ဆုံးဖြစ်စေမည်။

-ပြင်ပ သာသနာ့အဆောက်အအုံ တည်ဖန်မှုများအတွက်လည်း နောက်ဆုံးဖြစ်စေမည်။

-ပရိက္ခ အဝဝများအတွက်လည်း နောက်ဆုံးပင်ဖြစ်စေမည်။ ကြေညာလိုက်ရတော့သည်။

ဤကြေညာချက်၏ တန်ပြန်ကား-

၁၃၆၀-ပြည့်၊ တပေါင်းလဆန်း(၁၄)ရက်၊ တနင်္ဂနွေနေ့ မင်းဘိသိက်ခံဘုရားထီးတော်တင်၊ လပြည့်နေ့နံနက်(၄)နာရီတိတိအချိန် ကြွရောက်လာကြသောသံဃာတော်(၆၄)ပါးတို့က အနေကဇာတင် ပြီးသော်-

ကျင်းပမြဲ နတ်တလူ၊တပေါင်းပွဲကျင်းပ၊ သည်နှင့်တပြိုင်နက် နောက်ဆုံးအတွက် နောက်ဆုံးအဖြစ် လာရောက်ကြသောယောဂီများ များပြားလာခြင်းပင်။

-ရန်ကုန်မှယောဂီများလည်း နောက်ဆုံးတဲ့ကြောင့် နောက်ဆုံးပွဲ, ပွဲလာကြ၏။

-ပျဉ်းမနားမှ သာစည်တို့မှလည်း အံချို့, မိသားစုအလိုက်၊ အချို့,အဖွဲ့လိုက်။

-ရှမ်းတောင်မှ၊ မိတ္ထီလာမှ၊ မြင်းခြံတို့မှလည်း ဝင်ရောက်လာကြ၏။

-နတ်လူနယ် ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး နယ်တို့မှလည်း ဝင်ရောက်လာကြ၏။

အားလုံးပေါင်းသော ယောဂီအရေအတွက်ကား နှစ်ရာကျော်သွားလေပြီ။ သည်အထဲ ဒုလ္လဘရဟန်း သာမဏေများကလည်း အနယ်နယ်အရပ်ရပ် တို့မှပင် အဆစ်ပါချေသေး၏။ သို့ကြောင့် ဤယခုနှစ်-

နေရာများ ကြပ်တည်းလှစွာ၏။ ယောဂီများ စီးပိုးထားခြင်းခံနေကြရ၍ စည်းကမ်းများ လျော့ရဲလှစွာ၏။ ယောဂီထိမ်းများ အားနည်းလွန်းလှ၍။

ငါတို့လည်း ဆေးသွင်း,ပုလင်းချိတ်နေရ၏။ ကျန်းမာရေးများ ချို့တဲ့လာနေတော့၍။ သို့ဖြင့်ပင် ၁၃၆၁-ခုနှစ်၊ ကဆုန်လပြည့်နေ့သို့ ရောက်ခဲ့ပြီ။ ထိုစဉ် နံနက်(၄)နာရီထိုးသည်နှင့် ရွှေချက်သို တံခွန်တိုင် အနေကဇာတင်ပေး။

ည-(၇)နာရီထိုးသည်နှင့် ယောဂီများ စခန်းသိမ်းပွဲ ကျင်းပပေး။

လပြည့်ကျော်(၁)ရက်နေ့ နံနက်(၉)နာရီ မယ်တော်ဆောင် ရေစက်ချပွဲ ကျင်းပပေး။

၁၃၆၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂) ရက်နေ့သည် ပရကိစ္စတို့မှ ကျွတ်ပြီ-လွတ်ပြီ။

၁၃၆၁-ခုနှစ်၊ နယုံလဆန်း (၂)ရက်နေ့ သည် သကိစ္စအတွက် ခရီးထွက်ခဲ့ပြီ။

## ဤမှ ထိုအတွင်း မည်သူမျှ မလာရ

၁၃၆၁-ခုနှစ်၊ ဝါဆိုလပြည့်နေ့ ရောက်သော အခါ -

*'၁၃၆၁-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှ ၁၃၆၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့အထိ ဤတောအတွင်း မည်သူမျှမလာကြပါနှင့် မည်သူမျှ အတွေ့မခံပါ'*

ဤတားမြစ်စာ မေတ္တာရပ်ခံစာကို -

ပုံတောင်ပုံညာဒေသ လယ်ဓမ္မအုပ်စု၏ ဥက္ကဋ္ဌ ဖြစ်တော်မူသော ဖုံးစိုးကျယ်ဆရာတော်မှ အမိန့်ထုတ်ပြန်ပေးတော်မူ၏။

မုံရွာသစ်ထုတ်လုပ်ရေးမှ လက်ထောက်မန်နေဂျာ ဒကာကြီးဦးအောင်ထူးက ဖြန့်ပို့ပေး၏။ ထို အမိန့်စာ၌ မှတ်ချက်လည်းပါသေး၏။ ယင်းမှာ-

ဤအဓိဋ္ဌာန်အတောအတွင်း လာရောက်နှောက်ယှက်ကြပါက-

-တစ်ဝါအရဖြစ်ခဲ့လျှင် နောက်ထပ်တစ်ဝါ အတိုးခံကြရမည်။

-နှစ်ဝါသုံးဝါအတွင်းဖြစ်ခဲ့လျှင်လည်း နောက်ထပ် နှစ်ဝါ-သုံးဝါ အတိုးခံကြရမည်။

-အဖွဲ့နှင့်လာမှမဟုတ်။ တစ်ယောက်တည်းလာလည်း တိုးမည်။

-ဝါတိုးရုံမျှမဟုတ် နေရာပါ ရွှေ့ပြောင်းဦးမည်။

ဤအမိန့် မနာခံသူတို့ဘက်မှာကအငြိမ့်၊ နာခံသူများအတွက်လို့မ့်၊ အမိန့်ထုတ်သူ ငါတို့မှာကား အလိမ့်။ သို့နှင့်ပင်-

သုံးဝါအဓိဋ္ဌာန်ကနေ ယနေ့ ဆယ်ဝါတိုင်ခဲ့ရချေပြီ။ ပုံတောင်-ပုံညာ လယ်ဓမ္မကနေ ယနေ့ မဟာမြိုင်သို့ထိုင်ခဲ့ရချေပြီ။

ယခု-၁၃၇၀-ပြည့်၊ တန်ဆောင်မုံးလပြည့်နေ့ကား-အဓိဋ္ဌာန်ကုန်ဆုံးပြီ။

သို့တစေလည်း အဓိဋ္ဌာန်ထွက်သည်နှင့် ပထမဦးဆုံးအတွေ့ခံလိုသည်မှာ ရဟန်းပရိတ်သတ်သာ ဖြစ်သင့်ချေရာ ထိုရဟန်းပရိတ်သတ်ကလည်း ဌာနေသီတင်းသုံးဖေါ်များသာ ပထမဖြစ်သင့် ချေရာ-

ဤ သီတင်းသုံးဖေါ်ချင်း တွေ့ဆုံပွဲ၊ သံဃာ့ပူဇော်ပွဲ၊ ဂါရဝပြုပွဲ၊ ဩဝါဒခံယူပွဲ မပြုလုပ်ရမချင်း မည်သူမျှ အတွေ့မခံ ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်အရ-

-အဝေးမှလာသမျှ ရဟန်းပရိတ်သတ်ကိုလည်း ဆန်ပြုတ်တိုက်လွှတ်လိုက်ရ၏။

-အနီးအဝေးမှ လာသမျှလူပရိတ်သတ်ကိုလည်း ဆန်ပြုတ်တိုက်လွှတ်လိုက်ရ၏။

-တိုင်းမှူးနှင့်အဖွဲ့ လာရောက်ဖူးတွေ့လိုသည်ကိုပင် ဆန်ပြုတ်ဖြင့် ထေလွှတ်လိုက်ရ၏။

-ယနေ့ကား- ၁၃၇၁-ခု သို့ဝင်ရန် အားယူနေသော တန်ခူးလဆန်း(၁၃)ရက် အင်္ဂါနေ့။

-ယနေ့ကား- မေတ္တာမြိုင် ဇည့်ခံကျောင်းကြီး အစစ လက်စသပ်ပြီးစီးသောနေ့။

-ယနေ့ကား- မဟာမြိုင်တောကြီးနှင့် လိုက်ဖက်

မဟာဓမ္မပါလ



သော ရာသီဥတု သာယာလှပသောနေ့။
-ယနေ့ကား- နယ်ပရိတ်သတ်-သံဃာ့ပရိတ်သတ် တို့ အားလပ်ကာလထဲကနေ့။

ထို ယနေ့ကား များကို ပေါင်းစု၍ မဟာမြိုင် သံဃာ့ပူဇနိယပွဲတော်ကြီး ကျင်းပခဲ့ပြီ။

▼

## ဆင်ခွေကို ခြင်ရေပြင်ထုံး၍ တုံးလုံးလှဲပေးလိုက်သော အခါ

ကျင်းပရသည်က တောကြီးမြိုင်ကြီးထဲ။

နေစရာကျောင်းကန်က လာချင်သလောက် လာ မအောင်ရဲသော အနေအထား။

ကွေ့ချောင်းဝိုက်ချောင်း နောက်လိုက်အပေါင်း တောင်းချင်ရာတောင်း လမ်းကြောင်းမပေးရဲသော အင်အား။

ဤ အကြောင်းကြောင်းသော အကြောင်း ကြောင်းများကြောင့်-

-အဝေးချောင်း နောက်လိုက်များ မသိအောင် တိတ်တိတ်ပုန်း၍။

-အနီးစောင့် သူလူကိုယ့်ဘက်သားတို့ မသိအောင် တိတ်တိတ်ပုန်း၍။

-အနီးရှိ မဟာမြိုင်ဘက်တော်သားတို့ မရိတ်မိ အောင် တိတ်တိတ်ပုန်း၍။

ထို ပုန်းသုံးပုန်းတို့ဖြင့် ပထမ နယ်တာဝန်ခံ ဆရာတော် အောင်ချမ်းသာရွာကျောင်းဆရာတော့် ထံသို့ ၁၃၇၁-ခု၊ တန်ခူးလဆန်း(၃)ရက်နေ့တွင် ဒကာကြီးဦးလှသိန်းနှင့် ဒေါက်တာသန်းထွေးအောင် တို့ သွားရောက်၍ လျှောက်ထားအကူညီတောင်းခဲ့ စေ၏။

ထိုဆရာတော်သတ်မှတ်ပေးသော လဆန်း (၁၃)ရက်၊ အင်္ဂါနေ့ကို အတည်ပြု၍ ထိုဆရာတော် မှတဆင့် ကလေးဝမြို့တွင် သီတင်းသုံးတော်မူကြ သော-

၁။ တစ်မြို့နယ်လုံး၏ ထေရ်ကြီးဝါကြီး ဆရာတော် ၁-ပါး
၂။ ထိုမြို့မှ ပရိယတ်ဝန်ဆောင် ဆရာတော် ၁-ပါး
၃။ ထိုမြို့မှ ပဋိပတ်ဝန်ဆောင် ဆရာတော် ၁-ပါး
၄။ ထိုမြို့မှ မြို့နယ်သံဃာ့နာယက ဆရာတော် ၁-ပါး
၅။ ထိုမြို့မှ မြို့နယ်သံဃာ့နာယက ဥက္ကဋ္ဌဆရာတော် ၁-ပါး

ဤ ငါး၃ါန သံဃာတော်များကို ပင့်ဖိတ် စေရသည်။ နယ်တွင်းနေ သက္ကယ်ကျင်း၊ ဝေပုံ ကျောင်းကြီး၊ ချင်းချောင်း သံဃာများကိုကား နီးလေ မှ ကပ်ပင့်၊ ပင့်အဖြစ်ဖြင့် လဆန်း (၉,၁၀)ရက် ရောက်မှ ဒေါက်တာသန်းထွေးအောင်နှင့် မော်တော် ဆိုင်ကယ်ဒရိုင်ဘာကိုနိုင်ဦးတို့ သွားရောက်ပင့်စေရ သည်။ ပြီးသော်-

လဆန်း (၅)ရက်နေ့တွင် ပွဲတော်ဆိုင်းဘုတ် ကြီးများ ရေးဆွဲစိုက်ထောင်ရန်ဆိုကာ ဇီးကုန်းမှ ပန်းချီဆရာခင်မောင်ရှင်ကို ကားတင်စေ၍ ဒေါက်တာလှထွန်းဝင်းက လာပို့ရန် ဆင့်ခေါ်လိုက် သောအခါ လာပို့၏။ (၇)ရက်နေ့ ပြန်သွားကြ၏။

မကြာပါ တိုင်းမှူးကြီး ထိုသတင်း ဇီးကုန်း မှ ရသွားသောဟူ၏။

မကြာပါ အဝေးနေ ရန်ကုန် စသည့်ပရိတ် သတ်များလည်း ကြားဖြတ် ရသွားသောဟူ၏။

ချက်ချင်းကား ကလေးဝမှနေ တစ်နယ်လုံး ပုံးကြီးတစ်လုံး ကွဲသွားသောပမာဟူ၏။

သည်သို့ သတင်းများရသည့်တိုင် အဝေးနေ တို့ကား ရှိသေသောအားဖြင့် မလာကြပါ။ တိုင်းမှူး

မဟာဓမ္မပါလ



ကြီးလည်းမလာပါ။ လာသည်မှာ လာလိုသူနှင့် နယ်တွင်းပရိတ်သတ်။

-တန်ခူးလဆန်း (၁၀)ရက်နေ့တွင် နတ်တလူ-ဇီးကုန်းတို့မှ (၈)ဦးခန့်။

-တန်ခူးလဆန်း (၁၁)ရက်နေ့တွင် ရွှေဘိုနေ အလှူရှင်များ (၇၀)ခန့်။

-တန်ခူးလဆန်း (၁၂)ရက်နေ့တွင် အနီးနေ ရွာများမှ ရေဆိပ် ကျောင်းများမဆံ့။

-တန်ခူးလဆန်း (၁၃)ရက်နေ့တွင်ကား မဟာမြိုင်အတွင်းက အဝေးနေများလည်း စောစောကပင် ရောက်လာကြ၏။

ကလေးဝက ဖူးလိုသူများလည်း အလျှိုလျှို။ တန့်ဆည်လမ်းဆုံက ပရိတ်သတ်များပင် ကြားဝင်ပါလိုက်သေး။

သံဃာများကလည်း ပင့်(၁၀)၊ မပင့်(၆)ပါး ပေါင်း(၁၆)ပါးထိ။ သို့ဖြင့်-

အရှေ့ပေါ် နေမင်းကြီးက ည,ကန့်လန့်ကာကြီး ဖွင့်မ, ပေးလိုက်သည်နှင့် ပွဲစ,ရာ အင်အားချိနဲ့သော ချက်ပြုတ်သူများကို စားပရိတ်သတ်တို့က အပြတ်ဖြတ်နေပြီ။

ထမင်းပေါင်း, ထမင်းချက်, ဟင်းချက်တို့ အိုးငယ်ခွက်များနှင့်အတူ မျက်နှာငယ်ကြရပြီ။

အင်အားချိနဲ့သော ကျွေးမွေးသူများကိုလည်း စားပရိတ်သတ်က အပြတ်ဖြတ်နေပြီ။

တစ်ယောက်ထွက်လျှင်-တစ်ယောက်ဝင်၊ တပွဲပြင်-တစ်လက်ဆက်၊ အကွက်မလည်ဖြစ်ကြရလေပြီ။

စားသောက်ရန်စောင့်ဆိုင်းနေကြသော ကျန်ပရိတ်သတ်ထုကြီးကား မေတ္တာမြိုင်အပေါက်ဝဝယ် အုံနှင့်ကျင်းနှင့် တိုးဆဲဝှေ့ဆဲ ကြိတ်ကြိတ်သဲ။

စားရမှာပါ-စိတ်ချပါ-ခဏဆိုင်းပါဦးဆို ရှေ့ပိုတိုးလာနေကြ၏။

နေရာကျဉ်း၍ ဖြည်းဖြည်းချင်းဇည့်ခံရသည်ကို သီးခံပြီးစောင့်ပါဆို ပိုတိုးလာနေကြ၏။

မဟာမြိုင်တော အထင်သေးသော တာဝန်ခံများ ရင်မောရသောအချိန်တည်း။

မဟာမြိုင်အရှင်မ မိပန်၏အစွမ်း မခန့်မှန်းသော တာဝန်ခံများ ကျောချမ်းကြရချိန်တည်း။

▼

## သံဃာဝင် မိပန်က ယဉ်ယဉ်ကျေးကျေး

နံနက် (၈)နာရီနားနီးချိန်တွင် အောင်ချမ်းသာ ဆရာတော်ဦးဆောင်သော ကလေးဝ၊ သက္ကယ်ကျင်း ကျောင်းကြီးတို့မှ ပေါင်းသံဃာ(၈)ပါးတို့ကို တင်ဝင်းထွန်းကုမ္ပဏီမှ မန်နေဂျာ ဒကာကြီးဦးလှရွှေ၏ အစီအစဉ်အရ ကားဖြင့်ပင့်ဆောင်လာကြပါသည်ကို ငါတို့ကျောင်းတွင်းမှနေ ကြားရရာ-

(၈)နာရီ မထိုးမီ (၁၅)မိနစ်ခန့်တွင် အကျွတ်အလွတ်မှနေ မဟာမြိုင်ကျောင်းဆီသို့ ဆင်းခဲ့၏။ သံဃာများအား ဂါရဝပြုရန်, ဩဝါဒခံယူရန် အတွက်။

ထိုစဉ် တောင်ဆင်းစောင်းတန်းထိပ် ငါတို့ရောက်သည်ဆိုလျှင်ပင် အားလုံးအဝေးမှ မြင်ကြရရာ-

"မဟာဗောဓိမြိုင်ဆရာတော်ကြီး ကြွလာနေပြီ" ဤသတင်းစကားကြောင့် -

စားဝိုင်းတိုးဝှေ့နေသောလူအုပ်ကြီး ငါတို့ဆီသို့ တိုးဝှေ့လာကြပြီ။

စားဆဲပရိတ်သတ်များလည်း လက်စသတ်၍ ငါတို့ဆီ ချဉ်းကပ်လာကြပြီ။

ထိုစဉ်

ချက်ပြုတ်ကျွေးမွေးရေးသမားတို့ကား-"ဟူး. . ယခုမှ အသက်ရှူချောင်" ပြောကြ၏။

မဟာဓမ္မပါလ



ငါတို့ကား 'ဟင်း- ယခု ငါ့အတွက် အသက်ရှူ ကြပ်ချိန်ပေပဲ' တွေးမိခဲ့၏။

တောင်၏လှေကားအစမှ မဟာမြိုင်ကျောင်း လှေကားအထိ ပုဝါ, တဘက်များဖြန့်ခင်းပြီးသား ဖြစ်သွား၏။ ပရိတ်သတ်လည်း နှစ်ဘက်ညှပ်၍ ချဉ်းကပ်ရန် ကြိုဆိုပြီးသားရှိနေကြ၏။ ငါတို့လည်း မေတ္တာဒုတ်သိုင်း ရမ်းဝှေ့လျက် ဆင်းသက်လာနေ၏။

စ, စချင်း ပျဉ်းမနားလက်လုပ်တောင်တွင် ဖူးခွင့်ရခဲ့သူ ဒကာမတစ်ဦးက ငါတို့အား နှုတ်ခွန်းလှမ်းဆက်ချေရာ-

'ဟ- သွားပြီ။ ပျဉ်းမနားရုပ်ဖျက်ထားသော ငါ အညာပေါ်သွားပေါ့' တွေးမိ၏။ သည့်နောက် အားလုံးပင် အလုအယက်တိုးဝှေ့ လျှုဒါန်းကြ၏။

အလုအယက် ထိုင်ချလျက်လည်း ဂါရဝပြုကြ၏။

အလုအယက်မော့လျက်ကလည်း ဖူးမျှော်ကြ၏။

စတုဒိသာအကျွေးအမွေး အလကားပေးသည်ကြားရတိုင်း သူ့ထက်ငါ အလကားခန, အလကားရလိုမှုဖြင့် တိုးဝှေ့လုယက်ကြသူများပိပိ-

-ကိုယ်တိုင်ကျင့်လျှင်လည်း ရလျက်သားနှင့်။

-ကိုယ်တိုင်ပွားလျှင်လည်း များလျက်သားနှင့်။

အလကားအချောင်ဖဲ့ဝိုင်းကြီးအကြား လက်သာရာမှ ကြားဝင်တိုးသော ထိုးသားများပမာ အကျင့်နှင့်အပွင့် အသင့်လိုချင်ကြသူများ အလကားဝင်တိုးနေကြသည်။ အလကားဝင်လှူနေကြသည်။ အလကားဝင်ပူးနေကြသည်။

ဤ အလကားများကား သဒ္ဓါ-ပညာ မစီးသော အလကားများတည်း။

သို့နှင့်ပင် မဟာမြိုင်ကျောင်းတော်၏ အပေါ်ထပ်သို့ ရောက်ခဲ့ရပေပြီ။

အစတွင် ထေရ်ဂုဏ်အကြီးဆုံး အောင်ချမ်းသာဆရာတော်အား ဂါရဝပြု၏။ ထိုဆရာတော်ကား (၃၃)ဝါ၊ ငါတို့ကား (၃၀)ဝါ။ သည့်နောက် ကျန်သံဃာတော်(၈)ပါးတို့ကို ဂါရဝပြု၏။ ထိုင်ခွင့်တောင်းခံ၏။ အောင်ချမ်းသာဆရာတော်ပေးသောနေရာ၌ ဝင်ထိုင်၏။ အလာပသလာပ ပြောကြားကြ၏။ သံဃာ့သာမဂ္ဂီဖြစ်စေ၏။ တစ်ပါးနှင့်တစ်ပါး ဝမ်းမြောက်ဝမ်းသာ ဖြစ်စေကြ၏။

*မှတ်ချက်။ ။ ကလေးဝမှမြို့နယ်ဥက္ကဋ္ဌဆရာတော် မုဋ္ဌောကျောင်းမှဆရာတော်တစ်ပါးသာ ကိုယ်တော်တိုင်ကြွရောက်ချီးမြှောက်ပြီး ကျန် (၄)ပါးတို့ကား ကိုယ်စားလှယ်သံဃာများ လွှတ်တော်မူကြ၏။ ဝေပုံချင်းချောင်းကား အရောက်နောက်ကျ၏။*

သံဃာအချင်းချင်း ရင်းနှီးစွာ စိတ္တသာမဂ္ဂီဖြစ်ပြီးကြသည်နှင့်သံဃာငယ်များသည် ဦးစွာတောနှင့်ဝင်းတို့၌ လေ့လာရေးထွက်ကြွတော်မူကြ၏။ သည့်နောက် အောင်ချမ်းသာဆရာတော်နှင့် ဆရာတော်ကြီးများပါ လေ့လာရေးဆင်းကြ၏။

ဧည့်ပရိတ်သတ်ထုကြီးကား ငါတို့အဆင်းစောင့်မျှော်နေကြဆဲ။ ထိုစဉ် အောင်ချမ်းသာဆရာတော် ဦးစွာပြန်လည်ကြွရောက်တော်မူလာရာ မရှေးမနှောင်းမှာပင် ပရိတ်သတ်ကိုယ်စား ပွဲကျင်းပရေးတာဝန်ခံ ဦးသန်းထွန်း(ရွှေဘို)ပါရောက်ရှိလာပြီး မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး သံဃာ့ဒါနပွဲသို့ ကြွရောက်အလှူခံမှာလား၊ မခံဘူးလား မေး လျှောက်ထားတော့၏။ ငါတို့ကပင် ပင့်သံဃာ(၁၀)ပါးမှတစ်ပါး အခြားသံဃာများ ဝင်ရောက်အလှူမခံ။ အာဂန္တုများငါတို့ကပင် လှူဒါန်းပူဇော်ပါအံ့။ ငါတို့လည်း အကွတ်အလွတ်သို့ ပြန်လည်ကြွပါတော့အံ့။

ထိုအခါ ငါတို့အပြန်လှူဒါန်းရန် ပရိတ်သတ်ထုကြီးက ပြင်ဆင်ကြတော့ရာ ရှုတ်ရှက်သဲသဲမဖြစ်စေလိုသဖြင့်-

မဟာဗမ္မပါလ



-တရားမဏ္ဍပ်ကြီးအတွင်း အားလုံးနေရာယူကြပါ။

-မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး အဖူးခံလျက် ဩဝါဒကထားမြွက်ကြားပါမည်။

-လှူလိုသူများလည်း ဩဝါဒခံယူပြီးသည်နှင့် စနစ်တကျ လှူနိုင်ကြပါသည်။

သည်သို့ ပွဲတာဝန်ခံက ကျေညာလိုက်ရာ အားလုံး အချို့မဏ္ဍပ်ဝ၊ အချို့ကလေ့ကားရင်း၊ အချို့က ကျောင်းမှနေ မဏ္ဍပ်သို့သွားရာလမ်းတလျှောက်၊ အချို့ကမဏ္ဍပ်တွင်းဝယ် နေရာတကျ အရယူ။

နေသာခဲ့ပြီးသမျှ ငါတို့သည် မနေသာထဲသို့ ပြန်လည်ဝင်ရတော့ကာ ဦးစွာ အောင်ချမ်းသာဆရာတော်အား ဂါရဝပြု ခွင့်ပန်ပြီး ဆင်းခဲ့ရချေပြီ။

ပလ္လင်ပေါ်ရောက်သည်နှင့် (၈)ပါးသီလနှင့် ဩဝါဒကထာ ပေးဝေခဲ့ရပြီ။ ဩဝါဒကထာကား-

-ကံအလှူဖြင့် (ဒါန,သီလရိုးရိုးဖြင့်)လယ်သမားမလုပ်ချင်ကြနှင့်။

-ဉာဏ်အလှူဖြင့် ဝိသုဒ္ဓိသီလမှ မဂ်သီလသို့ကူးပြီး ယာသမားဖြစ်အောင်လုပ်ကြ ဟူ၏။

သည့်နောက် ပလ္လင်ထက်မှအထိုင်မပျက် လှူသမျှအလှူခံ၏။ ထိုစဉ်-

အလကားကို သူ့ထံမှအရလု၍ကိုယ့်ဘက် ယက်သော လုယက်မှုကြီးဖြစ်ပေါ်လာရာ အထိမ်းများမည်မျှထိမ်းထိမ်း အထိမ်းများသာတိမ်း သူတို့ကား-မတိမ်း။ သို့ကြောင့် ထိုင်ခံအခြေမလှတော့၍ ထခံအဖြစ် ပြောင်းပေးလိုက်ရသည်။

ထခံတွင်လည်း သွားရင်းခံ- ခံရင်းသွားကား ပရိတ်သတ်ထုကြီးလူများ မခံနိုင်တော့ရာ တစ်နေရာပြီး တစ်နေရာ ရပ်ခံ, ခံပေးနေရတော့သည်။

-ရပ်ခံ,ခံလည်း ရှေ့ခံနောက်ကရုံ၍ လုကြပြန်လေ၏။

-တည့်တည့်ခံ- ကြိုလှူ, ဆောင်းလှူများက လုယူကြပြန်လေ၏။

လုပ်နှင့်ကြပေါ့ မိပန်သားသမီးတွေ သူတို့ပျားကြီးမဘဝ ရောက်သောကာလ မဟာမြိုင်တောတွင်းသားများ၏ ခိုးဖွပ်၊ လုဖွပ် အတုန့်ပြန်ခံကြရပါစေ။ ငါတို့ကား သည့်နှယ်ပင် ကျီစယ်ဆုတောင်းစောင်း ကောင်းကောင်းကြီးတောင်းပေးခဲ့ပြီးပြီ။

ငါတို့နေရာ အကျွတ်အလွတ်သို့ကား -(၁၀း၄၅)နာရီမှရောက်တော့သည်။ သံဃာ့ပူဇော်ပွဲကား သံဃာ့ဆန္ဒအရ (၁၂)နာရီတိတိတွင်ကျင်းပ၏။

-သီလအနုမောဒနာ ရေစက်ချ တရားများ အောင်ချမ်းသာဆရာတော်က ချီးမြှင့်၏။

- ပရိတ်တရားတော်များ သံဃာ(၁၀)ပါးစလုံးက ချီးမြှင့်ကြ၏။ (၁း၂၀) နာရီတွင်ပြီး၏။

အစတွင် နမောတဿဖြင့် အားလုံးက ခမ်းဖွင့်၏။

အဆုံးတွင် ဇိနသာသန်ဖြင့် အားလုံးက ပိတ်ပေးကြ၏။

သည့်နောက် သံဃာ့ဒါနပွဲကြီး ခင်းကျင်းပူဇော်ကြလေရာ ငါတို့မှတစ်ဆင့် တစ်ပြည်လုံးက လှူဒါန်းသည်များမှာ-

- တိစီဝရိတ်သင်္ကန်း သံဃာတိုင်းလှူခွင့်ရကြ၏။ သည့်နောက်

- မျက်နှာသုတ်ပုဝါ ကြီး, လတ်, သေး သုံးမျိုး လှူခွင့်ရကြ၏။

-သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ မျိုးစုံလည်းပါ၏။

-အားဆေး၊ တိုင်းရင်းဆေး မျိုးစုံလည်းပါ၏။

-ဝိနယသင်္ဂဟ၊ နိဒါန်းသတိပဋ္ဌာန်ကျမ်းများလည်းပါ၏။

မဟာဗမ္မပါလ



-ဗလာစာအုပ်မျိုးစုံ ဘောပင်မျိုးစုံ မှတ်စုစာအုပ်များ ပါ, ပါ၏။

-ချွေးသုတ်ပုဝါမျိုးစုံမှနေ လက်သည်းညှပ်အထိ လည်းပါ၏။

-လက်နှိပ်ဓာတ်မီး၊ လက်ဆွဲဓာတ်မီးများလည်းပါ၏။

အားလုံးပေါင်း မျိုးပေါင်း(၂၀)ကျော်၏။ ယင်းကို ရွှေဘိုမှနေ အထူးဖိတ်ကြားခေါ်လာခဲ့သော သမီးငယ်လေးများက တာဝန်ယူ လောင်းလှူကြ၏။

အမျိုးသောင်းပြောင်း သဗ္ဗဒါနံအပေါင်းကို ကား-မဲအဖြစ်ပြုလုပ်၍ လုပ်အားဝေယျာဝစ္စ တာဝန်ခံ ဘူးကုန်းမှ ဦးမော်ရင်၊ခင်မောင်ဝင်း၊ဦးငွေ(ဖိုးကုန်း) စသူတို့က တာဝန်ခံ မဲဖောက်လောင်းလှူကြ၏။

သည်မျှမကသေး-

ငါတို့ တစ်နံနက်လုံးလုံး အလှူခံခဲ့သမျှ မဟာမြိုင်တောတွင်း ပရိတ်သတ်ထုကြီး၏ အလှူ ပစ္စည်းအားလုံးတို့ကိုလည်း အညီအမျှခွဲဝေကာ ထို သံဃာတော်(၁၀)ပါးတို့အား လှူဒါန်းသေး၏။

သည်မျှနှင့်မရပ်သေး-

- နန်းတော်ကျောင်းစာသင်သားများအတွက် - သက်န်းဒွိစုံ ၁၅-စုံ။

-မုဋ္ဌောကျောင်း စာသင်သားများအတွက်- သက်န်းဒွိစုံ ၁၅-စုံ။

-အာဂန္တု (၆)ပါးတို့အား သက်န်းအစ ပစ္စယမျိုးစုံ တို့ကိုလည်း လှူဒါန်း၏။

ပွဲကြီးကား တောကြီးမျက်မဲထဲဝယ် တောနှင့် စာသော် ကြီးကျယ်၏။ ခမ်းနား၏။ ပရိတ်သတ် ထုကြီး အထူးများပြား၏။ အတွင်းနေ အရှင်များ နှင့် မိပန်တို့၏ ပံ့ပိုးမှုများကြောင့်ဖြစ်၏။

ထိုပွဲ- ညနေ (၁း၅၀) နာရီတွင်ပြီးသွား၏။ ကြေးစည်နာရီမောင်းများ ရုတ်တရက်ရပ်သွား၏။

ထိုနှင့်အတူ ပီတိလှိုင်းများ ရုတ်တရက် ငါတို့ထံမှောက် ဝင်ရောက်လာ၏။

-ကျောင်းတွင်းကနေ ပွဲခင်းမမြင်ရခြင်းကြောင့် ပွဲခင်းများမှ မဟုတ်။

-အလှူရှင်များ မည်သို့လှူမှန်း မသိရသဖြင့် အလှူပစ္စည်းများမှလည်း မဟုတ်။

-အလှူခံများ မည်မျှရသွားကြသည် မသိရ၍လည်း အလှူပစ္စည်းများမှလည်း မဟုတ်။

ဟုတ်နိုင်သည်မှာ အားလုံးတို့၏ အာရုံနှင့် သဏ္ဌာန်ကြားတို့မှ စိမ့်ထွက်လာကြသော ပီတိလှိုင်း များပင်။

၁၃၇၁-ခုနှစ်

တန်ခူးလဆန်း (၁၃)ရက်၊ အင်္ဂါနေ့ ည

အကျွတ်အလွတ် ဗုဒ္ဓဝိဟာရ၊ မဟာမြိုင်။

# သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင် သာသနာပြုပုံရိပ်များ



သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင်ပေါ်မှ ကလျာဏီသိမ်တော်



ရွှေကျောင်းကုန်းတောင်ပေါ် ဂဲဆုံကန်အမည်ရှိ သောက်ရေကန်



ရွှေကျောင်းကုန်းတောင်ပေါ်ရှိ အရိယာဝါသ ဓမ္မာရုံ



ရွှေကျောင်းကုန်းတောင်ပေါ်ရှိ ဗေဒ္ဓာရွှေပြည်ယောဂီဆောင်





ရွှေကျောင်းကုန်းတောင်ပေါ်ရှိ ကမ္မဋ္ဌာန်းကျောင်းများ

မဟာဓမ္မပါလ

## ရွှေကျောင်းကုန်းတောင်ပေါ်တွင် ဆည်တော်ကြီးတည်ဆောက်စဉ်မှတ်တမ်း



ရွှေကျောင်းကုန်းတောင်ပေါ်ရှိ အရိယာရွှေပြည်ဆည်တော်ကြီး





ရွှေကျောင်းကုန်းတောင်ပေါ် ဆည်တော်ကြီးတည်ဆောက်ရေးတွင်ကြီးကြပ်ညွှန်ကြားစဉ်



ရွှေကျောင်းကုန်းတောင်ပေါ်ရှိ အရိယာရွှေပြည်ဆည်တော်ကြီး ပြီးစီးလုနီးနီး

# သာစည်မြို့ပေါ် သာသနာပြုပုံရိပ်များ



သာစည် ဘုရားကြီးကျောင်းတိုက်တွင် ဆုံးမသြဝါဒ မြွက်ကြားစဉ်



တရားရေအေး အမြိုက်ဆေး တိုက်ကျွေးဟောကြားစဉ်



သာစည်မြို့တွင် ဆွမ်းခံကြွစဉ်



သာစည် မြေစိုမုန်တောကျေးရွာသို့ ကြွရောက်တော်မူစဉ်



မြေစိုကျေးရွာတွင် တရားချီးမြှင့်စဉ်



ဆရာတော်ကြီး၏ တရားစာပေများထိမ်းသိမ်းရာ
သာစည်မြို့ ဥဒေယျဓမ်ပိဋကတ်တိုက်တော်

မဟာစမ္မပါလ

# သာသနာပြုပုံရိပ်များ



ပြည်လုံးချမ်းသာစေတီတော်
ထီးတော်တင်လှူပွဲတွင်
ကျိုက်လတ်မြို့
မစိုးရိမ်ဆရာတော်ဘုရားနှင့်အတူ



တောမိညောင်ပင် စိုက်ပျိုးစဉ်



တောမိညောင်ပင် စိုက်ပျိုးစဉ်

# သာသနာရောင်စွေ တောင်ပေါ်မြေ



ဆရာတော်ဘုရား လားဟူ-လီရှောရွာများသို့ ဆွမ်းခံကြွတော်မူစဉ်



လားဟူရွာသို့ဆွမ်းခံကြွစဉ် ဘာသာရေးခေါင်းဆောင်များ ပူဇော်နေကြပုံ



သုဝဏ္ဏသျှမ်မှဘုန်းတော်ပြည်သို့ ဆွမ်းခံကြွတော်မူစဉ်



သံဃာ့ပူဇော်ပွဲ-ဘုန်းတော်ပြည့်တောင်တော်
(၁၃၅၆-ခု တာကူးလဆန်း-၈-ရက်)



၁၃၅၆-ခု တာကူးလနှစ်ဆန်း ၂-ရက်နေ့ နှစ်သစ်ဦးပွဲတော်

မဟာဓမ္မပါလ

# သာသနာပွင့်ဖြာ သုဝဏ္ဏာသျှမ်မှာ









မဟာဓမ္မပါလ

# မဟာစေတီမြိုင် သီတင်းကျွတ်ပွဲတော်



၁၃၅၇ ခု သီတင်းကျွတ်တွင် လီရှောများ လာရောက်ကန်တော့ပုံ



လားဟူလီရှော ကလေးငယ်များ စုပေါင်းအမှတ်တရပုံ



လားဟူ-လီရှောတိုင်းရင်းသူလေးများ ရိုးရာဝတ်စုံနှင့်အတူ

## ဘုန်းတော်ပြည့်တောင် ဗုဒ္ဓဘာသာခံယူပွဲ ပုံရိပ်များ



အောင်မင်္ဂလာမဏ္ဍပ်သို့ ဆရာတော်ကြွလာစဉ်




ဗုဒ္ဓဘာသာခံယူပွဲတွင် တရားချီးမြှင့်စဉ်



ဗုဒ္ဓဘာသာခံယူပွဲကျင်းပရာ အောင်မင်္ဂလာမဏ္ဍပ်



အောင်မင်္ဂလာမဏ္ဍပ်တွင်းမှ တိုင်းရင်းသားမောင်နှမများ

## ဘုန်းတော်ပြည့်တောင် ဗုဒ္ဓဘာသာခံယူပွဲ ပုံရိပ်များ



သစ္စာရေစင် အေးကြည်လင်



ညှော်ခံကျွေးမွေးရေးမဏ္ဍပ်



အောင်မင်္ဂလာမဏ္ဍပ်အဝေးမြင်ကွင်း

# ဘုန်းတော်ပြည့်တောင် ဗုဒ္ဓဘာသာခံယူပွဲ ပုံရိပ်များ



ဗုဒ္ဓဘာသာခံယူပွဲ အထိမ်းအမှတ်ထီးတော်ကြီး






ထီးတော်အရိပ်တွင် ပူဇော်ကန်တော့စဉ်



ကန်တော့ပန်းဆင် ဦးညွှတ်သွင်



လားဟူ-လီရှောတိုင်းရင်းသားများ ပျော်ပြေစဉ်

# ပီတိဝေဖြာ ဒေသစာရီခရီးမှာ





ဟောကြားမိန့်မှာ တရားမြတ်ဒေသနာ





လားဟူ-လီရှောများ ရိုးရာတူရိယာဖြင့်တီးမှုတ်ပျော်ပြေပြဟန်






ဂုဏ်ပြုဆုများ ရယူအပြီး ဓမ္မဝိဟာရရှေ့တွင် အမှတ်တရ

# ဒေသစာရီ ကြွချီစဉ်



ပြည်တော်ဝင်ခရီး
အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဦးခေမိန္ဒအား
ဂါရဝပြု ပူဇော်စဉ်





ဒေသစာရီခရီး မင်းကုန်းကျောင်းတော်ကြီးအတွင်း ကြွရောက်စဉ်

ဒေသစာရီ ခရီးစဉ်



ဒေသစာရီခရီး မင်းကုန်းကျေးရွာတွင် တိုင်းရင်းသားသွေးချင်းညီနောင်များ
ပင့်သံဃာတော်(၄၅)ပါး ပဒေသာပင်လှူဒါန်းပွဲ၌ တရားနာယူစဉ်



## မွေးရပ်မြေမှာတည်ထား တံခွန်တိုင်နှင့်မင်းဘိသိက်ခံမြတ်စွာဘုရား



မင်းဘိသိက်ခံမြတ်စွာဘုရား



မင်းဘိသိက်ခံ မြတ်စွာဘုရား



ရွှေချက်သိုတံခွန်တိုင်အား
ဆရာတော်ဘုရားဖူးမြော်စဉ်



မဟာဓမ္မပါလ

# ဦးဆောင်တည်ထား မင်းဘိသိက်ခံဘုရား





အုတ်မြစ်ချမင်္ဂလာသို့ ဆရာတော်ဘုရားကြွချီတော်မူလာစဉ်



အုတ်မြစ်ချမင်္ဂလာသို့ ဆရာတော်ဘုရားများ ကြွချီတော်မူလာစဉ်




ပညတ်တော်ထား မင်းဘိသိက်ခံဘုရား တည်ဆောက်စဉ်

## ဦးဆောင်တည်ထား မင်းဘိသိက်ခံဘုရား



အုတ်မြစ်ချမင်္ဂလာ ရှုစားစဉ်



ရွတ်ဖတ်ကြားနာ မြတ်ဒေသနာ



အုတ်မြစ်ချမင်္ဂလာမဏ္ဍပ်တွင်းမှ သံဃာတော်များနှင့်အတူ

မင်းဘီသိက်ခံမြတ်စွာဘုရားအား ဌာပနာပိတ်ပွဲမင်္ဂလာသဘင် ဆင်ယင်နေပုံအဆင့်ဆင့်မြင်ကွင်းများ













# ထီးတင်မင်္ဂလာပွဲတော်မှာ ကြက်ပျံမကျစည်ကားလှ



တပေါင်းပွဲတော်နှင့်ထီးတင်မင်္ဂလာ



မင်းဘိသိက်ခံ ဘုရားမြတ်စွာ ထီးတော်တင်မင်္ဂလာ ခမ်းနားစွာ





# သံဃာ့ပူဇော်ပွဲသဘင် နွှဲဆင်ယင်



မဟာမြိုင်သံဃာ့ပူဇော်ပွဲတွင် တရားဟောကြားစဉ်



မဟာမြိုင်သံဃာ့ပူဇော်ပွဲနေရာ လျှပွယ်အခင်းအကျင်း



မဟာမြိုင်သံဃာ့ပူဇော်ပွဲတွင် တရားဟောကြားစဉ်

မဟာဓမ္မပါလ

## သူတော်ချင်းချင်း သတင်းလွှလွှ ပေါင်းဖက်တွေ့



မဟာမြိုင်သံဃာ့ပူဇော်ပွဲတွင် အောင်ချမ်းသာဆရာတော်နှင့် ပင့်သံဃာများအား ဖူးတွေ့စဉ်



(၂၈-၄-၂၀၁၀) မဟာဗောဓိမြိုင်ဆရာတော်ကြီးနှင့် သူငယ်တော်ဆရာတော်ကြီးတို့တွေ့ဆုံစဉ်



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးထံမှ ဦးဗောဓိ ဩဝါဒခံယူနေစဉ်

မဟာဓမ္မပါလ

# မဟာမြိုင်စခန်းမှ သာသနာ့အဆောက်အအုံများ





ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ပြီး မဟာမြိုင်ကျောင်းတော်



မဟာပုညသိ ဆွမ်းလောင်းဓမ္မာရုံကြီး



မေတ္တာမြိုင်ကျောင်းဆောင်နှင့် မီးတင်းကုတ်

မဟာဓမ္မပါလ

# မဟာမြိုင်အဝင် ခေါင်နန်းပလ္လင်မှ လှမ်းလင့်ကြို




ခေါင်နန်းပလ္လင်ဆိုင်းဘုတ်





ခေါင်နန်းပလ္လင်ဝင်ရာလမ်းနှင့် မုခ်ပေါက်

## သာသနာ့နယ်မြေအတွင်း ချဉ်းနင်းဝင်ရောက်လာသူတိုင်း လိုက်နာရမည့် စည်းကမ်းများ















မဟာဓမ္မပါလ

ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်သီတင်းသုံးရာ မဟာမြိုင်ခရီးလမ်းပေါ်ရှိ
ဗိဿနိုးမယ်တော်ကြီး၏ အပြင်နန်း-အတွင်းနန်းနှင့် လမ်းခရီးညွှန် မိုင်တိုင်ဆိုင်းဘုတ်





ဗိဿနိုးမယ်တော်ကြီး၏ အပြင်နန်းတော်





ဗိဿနိုးမယ်တော်ကြီး၏ အတွင်းနန်းတော်



# ဥယျာဉ်မစာပေ
## ထာဝရငွေပဒေသာပင်အလှူရှင်

| | |
|---|---|
| ၁။ ကွယ်လွန်သူကျေးဇူးရှင်များအား ရည်စူး၍ ဒေါ်ကြင်လန်း၊ သား,ကိုကျော်လွင်၊ သမီး,မသက်သက် မိသားတစ်စု။ | ၁၀၀,၀၀၀ |
| ၂။ မိခင်ကြီးဒေါ်ကောက်ပို့အားရည်စူး၍ မောင်,ကိုစိုးဦး၊ ညီမ,ဒေါ်ခင်ဝင်း၊ ဒေါ်အေးမြ သား,သမီး,တူ,တူမ,မြေးများ၊ ရန်ကုန်မြို့။ | ၁,၃၀၀,၀၀၀ |
| ၃။ ဦးဝင်းနိုင်၊ ငွေဇင်ယော် ဘိတ်စက်လေ့အဖွဲ့၊ ရန်ကုန်မြို့။ | ၁၅၀,၀၀၀ |
| ၄။ ကိုနိုင်လင်း-မခင်ဝင်းမြင့်၊ သား,ခရစ်စတိုဖာ မိသားစု။ | ၁၂၀,၀၀၀ |
| ၅။ ဦးကြိုင်စန်းရွှေ-ဗိုလ်မှူးကြီးဒေါ်ခင်ဝင်းစိန်၊သား-မောင်သီဟရွှေ၊သမီး-မအေးသီတာရွှေ မိသားစု၊ ရန်ကုန်မြို့။(ပထမအကြိမ်) | ၁၀၀,၀၀၀ |
| ၆။ ကွယ်လွန်သူကျေးဇူးရှင်များအား ရည်စူး၍ ဒေါ်လှလှသိန်း၊ ဒေါ်ညွန့်ညွန့်အေး၊ ဒေါ်ခင်စန်းညွန့်၊ဒေါ်တင်တင်ချို မိသားစု။ | ၁၀၀,၀၀၀ |
| ၇။ ဦးခင်စိန်-ဒေါ်မြင့်မြင့်မေ မိသားစု၊ မိတ္ထီလာမြို့။ | ၁၀၀,၀၀၀ |
| ၈။ ဒေါ်နန်းမြအုန်းနှင့်မောင်နှမတစ်စု၊ လားရှိုးမြို့။ | ၅၀,၀၀၀ |
| ၉။ ဒေါ်ကြင်ဥ မိသားစု၊ လမ်းမတော်၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| ၁၀။ ကိုမောင်မောင်ကြီး-မနီလာ၊သမီး,မလမင်းသစ်၊မသီရိအောင်မိသားစု၊လမ်းမတော်၊ ရန်ကုန်မြို့။ (ပထမအကြိမ်) | ၃၀,၀၀၀ |
| ၁၁။ ကိုမြတ်သူ-မအေးမြတ်မွန် မိသားစု၊ ရန်ကုန်မြို့။ | ၂၀,၀၀၀ |
| ၁၂။ ဦးတင်ထွန်း-ဒေါ်သန်းလှိုင်၊ သား, ကိုနိုင်နိုင်ထွန်း၊ ကိုဇော်ဇော်ထွန်း၊ သမီး,မမျိုးမျိုးလှိုင် မိသားစု၊ ရန်ကုန်မြို့။ | ဒေါ်လာ၈၀၀ |
| ၁၃။ ရွှေကျောင်းကုန်းတောင်၊ ဝေနေယျအများကောင်းမှု၊ သာစည်မြို့။ | ၅၀,၀၀၀ |
| ၁၄။ ဦးဝဏ္ဏိသရ၊ မြို့ရှေ့ကျောင်းဆရာတော်၊ သာဂရရွာ၊ သာစည်မြို့နယ်။ | ၅၀,၀၀၀ |
| ၁၅။ ဦးကြည်စိုး-ဒေါ်တင်တင်အောင်(ပညာရေးဘော်ဒါ)မိသားစု၊ လှည်းတန်း,ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| ၁၆။ ဦးလှမျိုး-ဒေါ်ချိုချိုခိုင် လှည်းတန်း,ရန်ကုန်မြို့။ | ၃၀,၀၀၀ |
| ၁၇။ သမီးကြယ်စင်ဝင်းလဲ့အားရည်စူး၍ မိဘများဖြစ်ကြသော ဦးအုပ်စိုးခန့်- ဒေါ်သင်းနန္ဒာ၊ ရန်ကုန်မြို့။ (ပထမအကြိမ်) | ၂၀,၀၀၀ |
| ၁၈။ ဗိုလ်ကြီးအောင်ဇော်မိုး-ဒေါ်လှလှသီ၊သမီး,မဆုမြတ်သဇင်သော်၊ အလုံ, ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| ၁၉။ ဦးသိန်းထွန်း-ဒေါ်မို့မို့ မိသားစု၊ အလုံ, ရန်ကုန်မြို့။ | ၁၁၀,၀၀၀ |

မဟာစမ္မပါလ

| | |
|---|---|
| ၂၀။ ကိုမောင်မောင်ကြီး-မနီလာ၊ သမီး‚မလမင်းသစ်၊ မသီရိအောင် မိသားစု၊ လမ်းမတော်၊ ရန်ကုန်မြို့။ (ဒုတိယအကြိမ်) | ၁၀၀,၀၀၀ |
| ၂၁။ မိဘနှစ်ပါးအမှူးထား၍ ဒေါ်ခင်မာကြည်၊ ချမ်းမြေ့ဝင်းအထည်ဆိုင်၊ FMI Center , ရန်ကုန်မြို့။ (ပထမအကြိမ်) | ၁၀၀,၀၀၀ |
| ၂၂။ ဗောဓိရိပ်ငြိမ်တောရဆရာတော် အရှင်ဣန္ဒာစရိယ၊ မော်ဘီမြို့။ | ၂၀၀,၀၀၀ |
| ၂၃။ အရှင်ပြညာသ၊ အရှင်ဝိစိတ္တ၊ ရွှေကျောင်းကုန်းတောင်၊ သာစည်မြို့။ | ၅၀,၀၀၀ |
| ၂၄။ ဦးမောင်မောင်အားရည်စူး၍ ဒေါ်နွဲ့မိသားစု၊ မျိုးမျိုးအထည်ဆိုင်၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့။(ပထမအကြိမ်) | ၃၀,၀၀၀ |
| ၂၅။ သမီးကြယ်စင်ဝင်းလဲ့အားရည်စူး၍ မိဘများဖြစ်ကြသော ဦးအုပ်စိုးခန့်-ဒေါ်သင်းနန္ဒာ၊ ရန်ကုန်မြို့။ (ဒုတိယအကြိမ်) | ၂၀,၀၀၀ |
| ၂၆။ မိခင်ကြီးဒေါ်ကြင်မြိုင်အားရည်စူး၍ ဒေါ်ခင်မြသိန်း၊ သာစည်မြို့။ | ၅၀,၀၀၀ |
| ၂၇။ ဦးမြင့်ထွန်း-ဒေါ်မြင့်မြင့်ကြည်မိသားစု၊ သာစည်မြို့။ | ၅၀,၀၀၀ |
| ၂၈။ ကိုငြိမ်းချမ်းလင်း-မကြည်ဖြူထွန်း၊ သားနီ မိသားစု၊ မန္တလေးမြို့။ | ၅၀,၀၀၀ |
| ၂၉။ မိဘနှစ်ပါးဦးထိပ်ထား၍ ကိုကျော်ထက်ထွန်း၊ ရန်ကုန်မြို့။ | ၃၀,၀၀၀ |
| ၃၀။ နှစ်ဖက်မိဘများအားရည်စူး၍ ဦးဝင်းကြည်-ဒေါ်ပိုပို၊ လောကနတ်သနပ်ခါး သား‚သမီး‚မြေးတစ်စု၊ မန္တလေးမြို့။ | ၁၀၀,၀၀၀ |
| ၃၁။ ကိုသန်းဦး-မဝင်းသန္တာ မိသားစု၊ မန္တလေးမြို့။ | ၅၀,၀၀၀ |
| ၃၂။ မိဘနှစ်ပါးအမှူးထား၍ ကိုနိုင်အောင်၊ လမင်းအိမ်စာပေ၊ မူဆယ်မြို့။ | ၁၀၀,၀၀၀ |
| ၃၃။ ဦးလှရင်အားရည်စူး၍ ဒေါ်လှမြင့်နှင့် သား‚ရဲအုပ်ဝင်းဗိုလ်၊ မတ္တရာမြို့။ | ၁၀၀,၀၀၀ |
| ၃၄။ ကျေးဇူးရှင်အမိ-အဖ များအားအမှူးထား၍ ကိုသန်းထူး-မခင်နှင်းဝေ၊ သား‚မောင်လွှမ်းပိုင် မိသားစု၊ ရန်ကုန်မြို့။ | ၅၀၀,၀၀၀ |
| ၃၅။ ဦးရွှေလှ-ဒေါ်စန်းစန်းဝင်း၊ သား-မြတ်တိုးစံ၊ သမီး-မြတ်နိုးစံ မိသားစု၊ ပုသိမ်မြို့။ | ၃၀,၀၀၀ |
| ၃၆။ အနန္တောအနန္တငါးပါးဦးထိပ်ထားလျက် ဦးထွန်းအောင်-Drဒေါ်သင်းသင်းဝေ၊ သား‚မောင်လင်းသူရိန်၊ မောင်ဝေယံမင်းခန့် မိသားစု၊ ရန်ကုန်မြို့။ | ၃၀၀,၀၀၀ |
| ၃၇။ မိဘနှစ်ပါးအမှူးထား၍ ဒေါ်ခင်မာကြည်၊ ချမ်းမြေ့ဝင်းအထည်ဆိုင်၊ ယောမင်းကြီးလမ်းနှင့်ဗိုလ်ရာညွန့်လမ်းထောင့်၊ ရန်ကုန်မြို့။ (ဒုတိယအကြိမ်) | ၁၀၀,၀၀၀ |
| ၃၈။ ကျေးဇူးရှင်မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ခင်မာကြူ နှင့် မောင်‚နှမတစ်စု၊ပျဉ်းမနားမြို့။ | ၁၀၀,၀၀၀ |
| ၃၉။ ဦးနေဝင်း-ဒေါ်ခင်ခင်နွယ်၊ သမီး‚ မဖြူဖြူနေဝင်း မိသားစု၊ တိုင်းချစ်ဆွေပွဲရုံ၊ ဘုရင့်နောင်၊ ရန်ကုန်မြို့။ | ၅၀၀,၀၀၀ |
| ၄၀။ ဖခင်ကြီးဦးညဏ်အားအမှူးထား၍ ဦးဝင်းဦး-ဒေါ်နွဲ့အေးခိုင်၊ သမီး‚မချိုမာဝင်း၊ သား‚မောင်ပြည့်ဖြိုးသမီး‚မစံပယ်ဝင်းအေး မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀,၀၀၀ |
| ၄၁။ ဦးကြိုင်စန်းရွှေ-ဗိုလ်မှူးကြီးဒေါ်ခင်ဝင်းစိန်၊သား‚မောင်သီဟရွှေ၊ သမီး‚မအေးသီတာရွှေ မိသားစု၊ ရန်ကုန်မြို့။ (ဒုတိယအကြိမ်) | ၁၀၀,၀၀၀ |

မဟာဗမ္ဗူပါလ

| | |
|---|---|
| ၄၂။ အရှင်ခေမာ နှင့် လက်လုပ်တောင်ဝေနေယျအများ ကောင်းမှု၊ နေပြည်တော်။ | ၂၅၀,၀၀၀ |
| ၄၃။ ကိုမောင်မောင်ကြီး-မနီလာ၊ သမီး,မလမင်းသစ်၊ မသီရိအောင် မိသားစု၊ လမ်းမတော်၊ ရန်ကုန်မြို့။ (တတိယအကြိမ်) | ၇၀၀,၀၀၀ |
| ၄၄။ ဦးသန်းဝင်း-ဒေါ်မေမေခင် မိသားစု၊ တိုက်-၆/၁၂, ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်၊ရန်ကုန်မြို့။ | ၁၀,၀၀၀ |
| ၄၅။ မိခင်ကြီး ဒေါ်တင်လှိုင်အမှူးပြု၍ ဦးမောင်ပု-ဒေါ်မြင့်မြင့်သန်းမိသားစု၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| ၄၆။ မိခင်ကြီး ဒေါ်တင်လှိုင်အမှူးပြု၍ ဦးယုအောင်-ဒေါ်မြတ်မွန်၊ သမီး,ဆွေလင်းနန္ဒာမိသားစု၊ ရန်ကုန်မြို့။ | ၁၅၀,၀၀၀ |
| ၄၇။ မိခင်ကြီး ဒေါ်တင်လှိုင်အမှူးပြု၍ ဦးခေတ်ကို မိသားစု၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| ၄၈။ မိခင်ကြီး ဒေါ်တင်လှိုင်အမှူးပြု၍ ဦးမြင့်ကို မိသားစု၊ ရန်ကုန်မြို့။ | ၅၀,၀၀၀ |
| ၄၉။ ဦးမောင်မောင်အားရည်စူး၍ ဒေါ်နွဲ့ မိသားစု၊ မျိုးမျိုးအထည်ဆိုင်၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့။ (ဒုတိယအကြိမ်) | ၅၀,၀၀၀ |
| ၅၀။ ဦးပေါလှိုင်-ဒေါ်ငွေးငွေးရီ မိသားစု၊ ကွန်ဟိန်းမြို့။ | ၅၀,၀၀၀ |
| ၅၁။ ဦးဝေလင်း-ဒေါ်ကြူကြူဝင်း မိသားစု၊ ကွန်ဟိန်းမြို့။ | ၅၀,၀၀၀ |
| ၅၂။ မောင်ယဉ်ငွေး-နန်းနုအေး မိသားစု၊ ကွန်ဟိန်းမြို့။ | ၃၀,၀၀၀ |
| ၅၃။ ရဲအုပ်အောင်ဇော်မြင့်-မရီရီမြ(ခ)ချောယယ် မိသားစု၊ ကွန်ဟိန်းမြို့။ | ၃၀,၀၀၀ |
| ၅၄။ (ဦးပွင့်)+ဒေါ်ခင်မေ၊သား,ကိုအောင်မြင့်၊သမီး,မမြင့်ရီမိသားစု၊သာယာကုန်းရွာ၊သာစည်မြို့နယ်။ | ၁၀၀,၀၀၀ |
| ၅၅။ဦးစိုးမြင့်+ဒေါ်ရီရီခိုင်၊မဇင်မာလာခိုင်၊မောင်အောင်ဇာခိုင်(U.S.A) မိသားစုကောင်းမှု။ | ၅၀,၀၀၀ |
| ၅၆။ဦးဝင်းလွင်+ဒေါ်ထင်မီသန်း၊ သားများ-ဒေါက်တာမောင်မင်းအောင်ခန့်၊မောင်ဝေဖြိုးလင်း၊မောင်မျိုးမင်းသန့် | ၁၀၀,၀၀၀ |
| ၅၇။ဦးအောင်မျိုးထွန်း+ဒေါ်သီတာအောင် မိသားစု၊ မန္တလေးမြို့။ | ၅၀,၀၀၀ |
| ၅၈။ဦးဘအေး+ဒေါ်သန်းတင့်နှင့်သား,သမီး,မြေး,မြစ်များကောင်းမှု။ | ၅၀,၀၀၀ |
| ၅၉။ဦးစိုးမြင့်+ဒေါ်ရီရီခိုင်၊ မဇင်မာလာခိုင်၊မောင်အောင်ဇာခိုင် (USA)မိသားစု။ (ဒုတိယအကြိမ်) | ၅၀,၀၀၀ |
| ၆၀။ဒေါ်သန်းသန်းနု၊ ရွှေနဂါးလက်ဖက်၊မန္တလေးမြို့။ | ၃၀၀,၀၀၀ |
| ၆၁။ကိုခိုင်လင်း+မမြင့်မြင့် (USA)။ | ၁၀၀,၀၀၀ |
| ၆၂။ဦးသိန်းဇော်+ဒေါ်ခင်မြင့်ခိုင်၊ မမီမီစိုးခိုင်၊မောင်ဘုန်းမြင့်ခိုင်၊မသူဇာစိုးခိုင် (USA)။ | ၁၀၀,၀၀၀ |
| ၆၃။ဦးမြင့်အောင်+ဒေါ်မြင့်မြင့်ရီ၊သာစည်ပွဲရုံနှင့်အောင်မြင့်မိုရ်ဟိုတယ်၊မန္တလေးမြို့။ | ၅၀၀,၀၀၀ |
| ၆၄။ဒေါက်တာစိုးရွှေ+ဒေါ်အေးမြသူ၊သမီးကြီး-မမြတ်အိန္ဒြေ၊သမီးငယ်-မမွန်ဘူရီ၊ လှည်းတန်း။ | ယန်း-၃၀၀၀ |
| ၆၅။ဦးမောင်မောင်+ဒေါ်အေးအေးမော်တို့အား အမှူးထား၍ ကိုကျော်ကျော်လင်း+မဝတ်ရည်ထွန်း(ကေကေစာတ်ပုံတိုက်)၊သုဝဏ္ဏ၊ရန်ကုန်။ | ၃၀,၀၀၀ |

မဟာဓမ္မပါလ

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သောကျမ်းစာမူများ

၁။ ဓမ္မောဝါဒကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၂။ ပဋိဘာနဉာဏဒေသနကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၃။ ဝိနယသင်္ခေပကထာ [ဝိနယဗေဒ] (သာစည်စာပေကော်မတီမှထုတ်ပြီး)
၄။ မင်္ဂလာဓါရဏကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၅။ စရိယာဒါသကထာ [ကျင့်စဉ်ကြေးမုံကျမ်း] (သာစည်စာပေကော်မတီမှထုတ်ပြီး)
၆။ မဂ္ဂပဋိသံယုတ္တကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၇။ ဓာတုယာနဝိပဿနာကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၈။ ထေရပ္ပဝတ္တိကထာ (ရန်ကုန်သာဟိကာထံတွင်သိမ်းထား)
၉။ အနုပုဗ္ဗိကကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၁၀။ ပဋိပက္ခဥဒ္ဒေသကကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
(ခ) ဗလုဒ္ဒါရကထာ
(ဂ) ဓမ္မုဒ္ဒါရကထာ
၁၁။ နယသင်္ခေပကထာ (ပျဉ်းမနားသာဟိကာမှထုတ်ပြီး)
၁၂။ ကမ္မဋ္ဌာနပဋိသံယုတ္တကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၁၃။ မဂ္ဂင်္ဂပဗ္ဗေါဓိငွေသိကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၁၄။ ပါရမီပရိစယကထာ (ပျဉ်းမနားသာဟိကာမှထုတ်ပြီး)
၁၅။ ပဋိစ္စသမုပ္ပါဒကထာ [ဝဋ္ဋဓမ္မဒ] (ပျဉ်းမနားသာဟိကာမှထုတ်ပြီး)
၁၆။ ဘဝကန္တာရသင်္ကေတကထာ (သာစည်မှစာပေကော်မတီမှပုံနှိပ်ရန်စီစဉ်နေဆဲ)
၁၇။ ပကိဏ္ဏကလေခက္ခန္ဓကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၁၈။ ပကိဏ္ဏကလေခရာသိကထာ (သာစည်စာပေကော်မတီမှထုတ်ရန်ကျန်)
၁၉။ သမ္ပဇညာကာရကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၂၀။ ပမာဒါပမာဒဒွေဘာဂီယကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၂၁။ မဂ္ဂုဒ္ဒေသကကထာ
(ရန်ကုန်ဗုဒ္ဓဘာသာကာကွယ်စောင့်ရှောက်ရေးအသင်းမှထုတ်ပြီး)
၂၂။ ဟတ္ထမုဋ္ဌိကကထာ
(ရန်ကုန်ဗုဒ္ဓဘာသာကာကွယ်စောင့်ရှောက်ရေးအသင်းမှထုတ်ပြီး)
၂၃။ သမ္မာသမ္ဗုဒ္ဓဝိဘင်္ဂကထာ (သာစည်စာပေကော်မတီမှထုတ်ပြီး)
၂၄။ သ-လာဘိကနာနုဂ္ဂဟကထာ(သော့) (သာစည်စာပေကော်မတီမှထုတ်ပြီး)
၂၅။ ကဝိဗန္ဓနကထာ (အတွဲ-၁၊၂၃၄) (ရန်ကုန်သာဟိကာမှထုတ်ပြီး]

မဟာဓမ္မပါလ

၂၆။ သာရတ္ထိယကထာ (အတွဲ-၁၊၂၊၃၊၄) (ရန်ကုန်သာဟိကာမှထုတ်ပြီး)

၂၇။ ဉာဏဒဿနကထာ (ရန်ကုန်သာဟိကာမှထုတ်ပြီး)

၂၈။ ဓမ္မဝိလာသကထာ (အတွဲ-၁၊၂၊၃၊၄) (သာစည်စာပေကော်မတီမှထုတ်ရန်ကျန်)

၂၉။ သမဇီဝိက ကထာ (သာစည်စာပေကော်မတီတွင်သိမ်းထားသည်)

၃၀။ မဟာသုပိနကထာ (ဆရာတော်ဘုရားကြီးထံတွင်သိမ်းထားသည်)

၃၁။ သစ္စာဗန္ဓကထာ [နယူပဒေသ] (သာစည်စာပေကော်မတီတွင်သိမ်းထားသည်)

၃၂။ လားဟူ-လီရှော ဩဝါဒကထာ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၃၃။ သမ္မောဒနီယကထာ

၃၄။ ကိုယ်ချင်းစာမေတ္တာထား (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[လားဟူ၊လီရှော တိုင်းရင်းသားများဗုဒ္ဓဘာသာခံယူပွဲ ဩဝါဒကထာ]

၃၅။ အပ္ပမာဒ၏သဘောထား (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၃၆။ ကဗျာ့ဘဏ်တိုက် (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[အမျိုးဘာသာနှင့်သာသနာတော်ကိုကာကွယ်စောင့်ရှောက်တတ်စေဖို့]

၃၇။ ဝိနယသင်္ဂဟကထာ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[ဘုရားရှင်နှင့်မခြား တစ်သားထဲကျလိုသော ရဟန်းတော်များအတွက်]

၃၈။ သုညသင်္ခါရကထာ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[သုညမှစလာခဲ့ရသော ဘဝသင်္ခါရတို့အကြောင်း]

၃၉။ ခန္ဓပါဒါနကထာ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[အစိတ်အပိုင်းများစွာဖြင့်ဖွဲ့စည်းထားသော ကားတစ်စီးအကြောင်း]

၄၀။ ဓမ္မနီတိကထာ [သာရတ္ထိယကထာ] (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၄၁။ လူ့ဘုံခန်းဝါဓမ္မတာ [လေခကန္ဒကထာ] (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၄၂။ နီတိဖြင့်စကားပြောဆိုခြင်း (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၄၃။ ဉာဏ်စဉ်တို့ကိုအုပ်စုဖွဲ့၍ဝေဖန်ခြင်း (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[ဉာဏဝိဘင်္ဂကထာ)

၄၄။ ဓမ္မကွန်ရက်ဖြန့်ကျက်ခြင်း[လေခကန္ဒကထာ](နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၄၅။ သတ္တာဝါတို့သွားမြဲ ချမ်းသာဆင်းရဲတို့၏
ညွှန်းဆိုရာများ [လေခကန္ဒကထာ] (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၄၆။ ချစ်သမီးဝိသာခါသို့ (ကဗျာရှည်) (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၄၇။ ပီတိ၊ဂါရဝ၊မြတ်သီလနှင့်ဘဝသချာ် (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[လေခကန္ဒကထာ]

၄၈။ ကဗျာ့နန်းတော် (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၄၉။ အမေ့ရင်ခွင်ကြားက အမေ့သား၊ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
အမေ့သမီးများသို့ [ပမာဒဂမနီယကထာ]

၅၀။ သံဝေဂလမ်း (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[သံဝေဂ ပဋိသံယုတ္တကထာ]

၅၁။ သိက္ခာပျက်တဲ့ မိစ္ဆာစက် (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[ဝိပတ္တိကာလကထာ]

၅၂။ ပညတ်မှပရမတ်သို့ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[ပညတ္တိ ပဋိက္ခေပကထာ]

၅၃။ နိဒါန်းသတိပဋ္ဌာန် (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၅၄။ ဝေါဟာရနှင့်ဓမ္မအမြင် (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၅၅။ အမှတ်တရလက်ဆောင်ပေးခြင်း (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[သတိဒိန္နကထာ]

၅၆။ စဉ်းစားစရာလေးများ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)
[စိန္တိကထာ]

၅၇။ ဗုဒ္ဓဘာသာ့ကထာ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၅၈။ ဒါနပတ္တိကထာ (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

၅၉။ ဥပေက္ခာမေ့သုတ္တန် (နတ်တလူသာသနာပြုအသင်းမှထုတ်ပြီး)

မဟာဓမ္မပါလ



# မေတ္တာမြိုင်
(ပါဠိနှင့်အနက်အဓိပ္ပါယ်)



(က) ဘေရီ သဒ္ဒေါ တိ ဂါဝုကော၊
မေဃ သဒ္ဒေါ တိ ယောဇနာ။
ဒါနဒါ သ ကာမာ အဋ္ဌော၊
သီလ အဋ္ဌော အကနိဋ္ဌာ။
(ခ) မေတ္တာစ အနန္တံလောကံ၊
သဗ္ဗိဒ္ဓိံမေ ပရိမာနံ။
သက္ခိဋ္ဌာနံ ကတွာ ဘာဇေ၊
လဘန္တု သုဒ္ဓသီတလေ။



မဟာဓမ္မပါလ



ဘေရီသဒ္ဒေါ- စည်ကြီးတီးသံ ဟီးဟီးညံသည်ကား၊ တိဂါဝုကော- သုံးဂါဝုတ် အပိုင်ပြ မိုင်အားဖြင့် ငါးမိုင်မျှသာ ကြားသိခွင့်ရရှိစေပါသည်ဘုရား။ မေဃသဒ္ဒေါ- မုတ်သုံလေထန်၊ မိုယ်းမာန်ပေးချုန်းရာမှဖြစ်သော ရေခိုး,လေခိုးလေးများ၏ ပြေးသံ,ပုန်းသံများသည်ကား၊ တိယောဇနာ- သုံးယူနစ်အပိုင်ပြ မိုင်အားဖြင့် နှစ်ဆယ့်လေးမိုင်မျှသာ ကြားသိခွင့် ရရှိကြပါသည်ဘုရား။ ဒါနဒါ- သူကောင်းလမ်းဖောက် သဒ္ဓါစမ်းပေါက်ရာမှ ထိုးဖောက်သွားသော ဝမ်းမြောက်သံသည်ကား၊ ဆ ကာမာ အန္တော- ဓာတ်ရည်တောက်ပမာဏ နတ်ပြည်ခြောက်ထပ်မျှသာပါဘုရား၊ သီလအန္တော- သူသည် ကိုယ့်ကြောင့် စိုးမနှောင့်စေ, မမှောင့်စေသော သီလစောင့်ထိန်းခြင်းမှဖြစ်သော ရာဂဒေါသလွှမ်းမိုးခြင်းမှ တိုးထွက်သွားသည့် ပဲ့တင်သံသည်ကား၊ အကနိဋ္ဌာ- ရုပ်နာမ်နှစ်ဝ စုံပါကြသည့် ဗြဟ္မာ့ထိပ်ခေါင် အကနိဋ္ဌဘုံတိုင်အောင်သာပါဘုရား။

မေတ္တာစ- ရာဂဒေါသရိုး မေတ္တာလွှမ်းမိုးဖြန့်ကျက်ရာမှ ပျံ့ထွက်သွားသော မေတ္တာဓာတ်လှိုင်းသံကြီးသည်ကား၊

အနန္တံ- အရှေ့မှ အနောက် မရောက်နေရာ မရှိပါ၊ အနန္တစကြဝဠာ။

တောင်မှနေမြောက် မရောက်နေရာ မရှိပါ၊ အနန္တစကြဝဠာ။

အထက်မှအောက် မရောက်နေရာ မရှိပါ၊ အနန္တစကြဝဠာ။

နယ်ကျဉ်းကွယ်ပျောက် ဟင်းလင်းပေါက်အထိ မရောက်နေရာ မရှိပါ၊ အနန္တစကြဝဠာ။

ကိုယ်ခင်းရန်ပျောက် နိဗ္ဗာန်ပေါက်အထိ မရောက်နေရာ မရှိပါ၊ ခနန္တစကြဝဠာ။

ဣဒံ- ဤမျှခန်းနားလှပါသော ဤမေတ္တာဓာတ်အား စွမ်းပကားဂုဏ်ကို၊ မေ-မယာ- အကျွန်ုပ်သည်၊ အနန္တံ- အနန္တမေတ္တာရှင် ဘုရားသခင်ကို၊ သက္ခိဌာနံ ၊တွာ- သက်သေတည်၍၊ အနန္တံ- အဆုံးမထား ချစ်စည်း,မုန်းစည်းမသားဘဲ၊ အပရိမ- အပိုင်းအခြားလည်းမထား, အကန့်အသတ်ဖြင့်မကစားဘဲ၊ သဗ္ဗလောကံ- အနန္တစကြဝဠာ အနန္တသတ္တဝါများသို့၊ ဘာဇေဘာဇေယျာမိ- ဒေါသမတိုး ရာဂမိုးမစွက် မေ့မခိုး ဖြိုးဖြိုးဘ်တို့ဖြင့် ပို့လွှတ်လိုက်ရပါတော့သည်ဘုရား။

မေ- အကျွန်ုပ်၏၊ သုဒ္ဓသီတလေ- အညစ်မပြူ အပူမစွက် ဇွာရည်အဖြူသက်သက်ကို၊ သုဒ္ဓသီတလေ- မေတ္တာရည်တူ အဖြူလိုလား၊ ကြိုဆိုစေားလျှက် ရှိကြပါကုန်သော၊ တေ- အနန္တလောကသား ထိုထို ထိုထိုသတ္တဝါအများအပြားတို့သည်၊ လဘန္တု- မေတ္တာတော်ဝေပုံကျ အကုန်အငှရကြပါစေကုန်သတည်း။ လဘန္တု ကြားသမျှအကုန်ထည့် သိသမျှအရချ၊ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်။







## အထူးမေတ္တာပို့

နိဋ္ဌဂတံ ပုညံတဿ ဆန္ဒဗလေန တေဇသာ
သဗ္ဗေခမာ ဝေရာပဟောန္တု ဘဝန္တု သုခိတာသဒါ
ပညာယ ပဋိဝိဇ္ဈန္တု ဝိမုစ္စန္တု ဒုဘိန္နရာ
ဟိံကာလေ ဖုဿ ဓမ္မတာ အဓမ္မကာမ ဝါဒါပိ
ဒါနာဒိ ကမ္မဗီဇကာ ကုသလာ သုဂတာ သေဋ္ဌာ
နိဒါပေန္တု အပစ္စက္ခာ ဘုဉ္စာယ ကြမပစ္စက္ခာ
နရာဘဝေ နရံစိတ္တံ ဟိပေါသေန္တု ကမ္မကတာ။

မဟာဗောဓိမြိုင်ဆရာတော်






